| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | အမှာစာ | ၅ |
| ၂ | စူရပ်အလ်ဘကရပ် | ၁ |
| ၃ | **အာယသ် ၁၄၂** ..... | ၃ |
| ၄ | ကိဗ်လဟ်ဘက်သို့ ဦးတည်ခြင်း | ၃ |
| ၅ | **အာယသ် ၁၄၃ (ပထမပိုင်း)** ..... | ၁၁ |
| ၆ | လူတို့တွင် အလွန်မျှတသောသူများ | ၁၂ |
| ၇ | စကြဝဠာလုံးဆိုင်ရာလူသား | ၁၃ |
| ၈ | စကြဝဠာလုံးဆိုင်ရာ လူ့အဖွဲ့အစည်း | ၁၄ |
| ၉ | အလယ်အလတ်ကျခြင်း - နှိုင်းယှဉ်သုံးသပ်ချက်တစ်ရပ် | ၁၆ |
| ၁၀ | အမိန့်ပညတ်ချက်များနှင့်ဆက်နွယ်သည့် သိမှတ်ဖွယ်ရာများ | ၁၉ |
| ၁၁ | **အာယသ် ၁၄၃ (ဒုတိယပိုင်း)** ..... | ၂၀ |
| ၁၂ | ကိဗ်လဟ်သမိုင်း | ၂၁ |
| ၁၃ | အမိန့်ပညတ်ချက်များနှင့်ဆက်နွယ်သည့် သိမှတ်ဖွယ်ရာများ | ၂၃ |
| ၁၄ | **အာယသ် ၁၄၄** ..... | ၂၈ |
| ၁၅ | ကိဗ်လဟ်ဘက်သို့ မျက်နှာမူခြင်း | ၂၉ |
| ၁၆ | အမိန့်ပညတ်တော်များနှင့် ဆက်နွယ်သုံးသပ်ချက်များ | ၃၀ |
| ၁၇ | **အာယသ် ၁၄၅** ..... | ၃၆ |
| ၁၈ | **အာယသ် ၁၄၆-၁၄၇** ..... | ၃၈ |
| ၁၉ | **အာယသ် ၁၄၈-၁၅၀** ..... | ၄၀ |
| ၂၀ | ကိဗ်လဟ်ပြောင်းလဲခြင်း | ၄၁ |
| ၂၁ | အမိန့်ပညတ်ချက်များနှင့်နှိုးနွယ်သည့် တွေးတောဆင်ခြင်ဖွယ်ရာများ | ၄၄ |
| ၂၂ | **အာယသ် ၁၅၁-၁၅၂** ..... | ၄၇ |
| ၂၃ | ဇီကိရ် အလ္လာဟ်အရှင်မြတ်အား တသ သတိရခြင်း၏ အကျိုးကျေးဇူးများ | ၄၉ |
| ၂၄ | **အာယသ် ၁၅၃** ..... | ၅၁ |
| ၂၅ | သည်းခံခြင်းနှင့် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း | ၅၁ |
| ၂၆ | ပြဿနာများအားလုံးအတွက်ဆေး | ၅၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၇ | **အာယသ် ၁၅၄-၁၅၇** ..... | ၅၅ |
| ၂၈ | အမိန့်ပညတ်ချက်များနှင့်ဆက်နွယ်သော သိမှတ်ဖွယ်ရာများ | ၅၆ |
| ၂၉ | ရှဟီးဒ်(သာသနာ့အာဇာနည်)များသည် မသေဆုံးချေ | ၅၇ |
| ၃၀ | ဘေးဒုက္ခရောက်စဉ် သည်းခံခြင်းနှင့် လွယ်ကူစေမည့်နည်းလမ်း | ၅၈ |
| ၃၁ | ဘေးဒုက္ခဖြစ်စဉ် အေးချမ်းသာယာမှုရရန်အတွက် နည်းလမ်းတစ်ရပ် | ၅၉ |
| ၃၂ | **အာယသ် ၁၅၈** ..... | ၆၀ |
| ၃၃ | အချို့သောဝေါဟာရများနှင့် အနက်အဓိပ္ပာယ်များ | ၆၁ |
| ၃၄ | ဆွဖာနှင့် မရ်ဝဟ်အကြား စအီပြုခြင်းသည် မလုပ်မနေရတာဝန်ဖြစ်သည် | ၆၂ |
| ၃၅ | **အာယသ် ၁၅၉-၁၆၂** ..... | ၆၃ |
| ၃၆ | အစွမ်းအသိပညာဖြန့်ချိရေးတာဝန် | ၆၅ |
| ၃၇ | တွေးတောကြံဆမှုတွင် ဟဒီးဆ်တော်သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့်တူညီသည် | ၆၇ |
| ၃၈ | အချို့သော ပြစ်မှုဂုနာဟ်များ၏ဆိုးကျိုးများ | ၆၇ |
| ၃၉ | တစ်စုံတစ်ယောက်ကို ကျိန်ဆဲခြင်းခွင့်မပြုချေ | ၆၈ |
| ၄၀ | **အာယသ် ၁၆၃-၁၆၄** ..... | ၆၉ |
| ၄၁ | အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းတည်ရှိကြောင်း ‘သောင်ဟီးဒ်’ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ခြင်း | ၇၀ |
| ၄၂ | **အာယသ် ၁၆၅** ..... | ၇၃ |
| ၄၃ | **အာယသ် ၁၆၆-၁၆၇** ..... | ၇၄ |
| ၄၄ | **အာယသ် ၁၆၈-၁၆၉** ..... | ၇၆ |
| ၄၅ | စကားလုံးများ၏အဓိပ္ပာယ် | ၇၆ |
| ၄၆ | အမိန့်ပညတ်များနှင့် ဥပဒေများ | ၇၇ |
| ၄၇ | **အာယသ် ၁၇၀-၁၇၁** ..... | ၇၉ |
| ၄၈ | တက္ကလီဒ်၏ သဘောသဘာဝကို သုံးသပ်ချက် | ၈၀ |
| ၄၉ | **အာယသ် ၁၇၂-၁၇၃** ..... | ၈၃ |
| ၅၀ | ခွင့်ပြုထားသည့် ဟလာလ်နှင့် ပိတ်ပင်ထားသည့် ဟရာမ်စားသုံးခြင်း၏ အကျိုးသက်ရောက်မှု | ၈၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၁ | တိရိစ္ဆာန်အသေကောင်နှင့်ပတ်သက်သည့် အမိန့်ပညတ်တော်များ | ၈၆ |
| ၅၂ | အမိန့်ပညတ်ချက်နှင့် ဥပဒေများ | ၈၇ |
| ၅၃ | သွေး | ၈၉ |
| ၅၄ | သွေးသွင်းခြင်း | ၉၀ |
| ၅၅ | ဝက်သည် တားမြစ်ပိတ်ပင်ထားသောအရာဖြစ်သည် | ၉၂ |
| ၅၆ | ပူဇော်ပသထားသော သတ္တဝါများ | ၉၂ |
| ၅၇ | နဇရ်လိဂိုင်ရိလ္လာဟ် - အလ္လာလ်အရှင်မြတ်မှအပ အခြားသူတစ်ဦးအတွက် 'ကိုး'ခြင်း၊ ပူဇော်ပသခြင်း | ၉၆ |
| ၅၈ | အကြပ်အတည်းနှင့် တွေ့ကြုံရသော အခြေအနေများတွင်ရှိ ပညတ်ချက်များ | ၉၇ |
| ၅၉ | အထူးမှတ်ချက် | ၉၇ |
| ၆၀ | လိုအပ်သည့်အချိန်တွင် တားမြစ်ထားသည့်အရာကို ကုသမှုတစ်ရပ်အနေဖြင့် သုံးစွဲခြင်း | ၉၈ |
| ၆၁ | မလိုအပ်ဘဲ တားမြစ်သည့်အရာများကို ဆေးဝါးအဖြစ်သုံးစွဲခြင်း | ၉၉ |
| ၆၂ | နိဂုံး | ၁၀၀ |
| ၆၃ | **အာယသ် ၁၇၄-၁၇၆ .....** | ၁၀၁ |
| ၆၄ | ယုံကြည်မှုသစ္စာတရားကိုဆန့်ကျင်၍ စီးပွားရှာခြင်း | ၁၀၂ |
| ၆၅ | **အာယသ် ၁၇၇ .....** | ၁၀၄ |
| ၆၆ | ဗီရ်ကဏ္ဍ (ကောင်းမြတ်သောအကျင့်သီလများ) | ၁၀၆ |
| ၆၇ | အကျယ်ဖွင့်ဆိုခြင်း | ၁၀၆ |
| ၆၈ | အထူးမှတ်သားဖွယ် | ၁၀၉ |
| ၆၉ | **အာယသ် ၁၇၈-၁၇၉ .....** | ၁၁၁ |
| ၇၀ | 'ကိဆွာစ်'တွင် အသက်ချမ်းသာရမှုရှိပါသည် | ၁၁၂ |
| ၇၁ | စည်းမျဉ်းဥပဒေများ | ၁၁၃ |
| ၇၂ | **အာယသ် ၁၈၀-၁၈၂ .....** | ၁၁၆ |
| ၇၃ | သေတမ်းစာပြုလုပ်ခြင်းအပေါ် ကုရ်အာန်ကျမ်းတော်မြတ်၏ ရှုမြင်ချက် | ၁၁၇ |
| ၇၄ | ဥပဒေသ | ၁၂၀ |
| ၇၅ | **အာယသ် ၁၈၃-၁၈၄ .....** | ၁၂၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၆ | အကျယ်ဖွင့်ဆိုခြင်း | ၁၂၂ |
| ၇၇ | လွန်လေပြီးသော လူ့အသိုင်းအဝိုင်းနှင့် ဥပုသ်သီလဆောက်တည်ရန် အမိန့်ပညတ်ချက် | ၁၂၂ |
| ၇၈ | မကျန်းသောအချိန်အခါတွင် ဥပုသ်သီလဆောက်တည်ခြင်း | ၁၂၃ |
| ၇၉ | ခရီးသွားနေစဉ် ဥပုသ်သီလဆောက်တည်ခြင်း | ၁၂၄ |
| ၈၀ | ဥပဒေသ | ၁၂၄ |
| ၈၁ | မဆောက်တည်ခဲ့ရသော ဥပုသ်သီလကို ကဇွာဖြည့်ဆည်းခြင်း | ၁၂၄ |
| ၈၂ | လွတ်သွားခဲ့သော ဥပုသ်သီလအတွက် ဖိဒ်ယဟ် (သို့) ငွေပေးဆောင်လျှာဒါန်းခြင်း | ၁၂၅ |
| ၈၃ | ဖိဒ်ယဟ် အလျှာဒါနကြေးပမာဏနှင့် အခြားဥပဒေများ | ၁၂၇ |
| ၈၄ | ဥပဒေသ - ၁ | ၁၂၇ |
| ၈၅ | ဥပဒေသ - ၂ | ၁၂၇ |
| ၈၆ | **အာယသ် ၁၈၅** ..... | ၁၂၈ |
| ၈၇ | ရမသွာန်လမြတ်၏ ထွတ်မြတ်မှုများ | ၁၂၉ |
| ၈၈ | ဥပဒေများ | ၁၃၁ |
| ၈၉ | မှတ်စု | ၁၃၂ |
| ၉၀ | **အာယသ် ၁၈၆** ..... | ၁၃၃ |
| ၉၁ | အလွာဟ်အရှင်မြတ်သည် အရှင်မြတ်၏ကျေးကျွန်များအနီးဝယ်ရှိသည် | ၁၃၃ |
| ၉၂ | ဥပဒေသ | ၁၃၄ |
| ၉၃ | **အာယသ် ၁၈၇** ..... | ၁၃၅ |
| ၉၄ | အကျယ်ဖွင့်ဆိုခြင်း | ၁၃၆ |
| ၉၅ | စဲဟ်ရီစားသုံးခြင်း | ၁၃၇ |
| ၉၆ | ဥပဒေသ | ၁၃၉ |
| ၉၆ | အိအ်သိကားဖ်အကြောင်း | ၁၄၀ |
| ၉၇ | ဥပဒေသ | ၁၄၀ |
| ၉၈ | အလွာဟ်အရှင်မြတ်၏ သတ်မှတ်ထားသော နယ်နမိတ်ကို ဂရုပြုခြင်း | ၁၄၁ |
| ၉၉ | **အာယသ် ၁၈၈** ..... | ၁၄၂ |
| ၁၀၀ | အကျယ်ဖွင့်ဆိုချက် | ၁၄၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၁ | အသက်မွေးဝမ်းကျောင်းပြုရာတွင် တရားဝင်ကောင်းမွန်ခြင်းနှင့် တရားမဝင်ဆိုးဝါးခြင်းတို့ကို ဆုံးဖြတ်ရန်မူ | ၁၄၃ |
| ၁၀၂ | အစ္စလာမ့်စီးပွားရေးဆိုင်ရာစနစ်၏ကောင်းမြတ်ခြင်း | ၁၄၄ |
| ၁၀၃ | ဝဟီကျရောက်ခြင်း၏အကြောင်းရင်း | ၁၄၆ |
| ၁၀၄ | ဟလာလ်သည် ကောင်းချီးမင်္ဂလာကို သယ်ဆောင်လာပြီး ဟရာမ်သည် မကောင်းမှုကိုဖြစ်စေပါသည် | ၁၄၉ |
| ၁၀၅ | ပြန်လည်ရှင်ပြန်ထမည့်နေ့၌ လူသားတို့ဖြေကြားရမည့်မေးခွန်းများ | ၁၅၁ |
| ၁၀၆ | **အာယသ် ၁၈၉-၁၉၁** ..... | ၁၅၃ |
| ၁၀၇ | အကျယ်ဖွင့်ဆိုချက် | ၁၅၅ |
| ၁၀၈ | 'လ'ကိုမူတည်တွက်ချက်သော ပြက္ခဒိန်သည် အစ္စလာမ့်လွှမ်းချယ်မှုဖြစ်သည် | ၁၅၆ |
| ၁၀၉ | ဥပဒေသ | ၁၅၈ |
| ၁၁၀ | ဂျိဟားဒ် အလွှာဟ်အရှင်မြတ်လမ်းတော်တွင် စစ်ထိုးခြင်း | ၁၅၉ |
| ၁၁၁ | ဥပဒေများ | ၁၆၂ |
| ၁၁၂ | **အာယသ် ၁၉၂-၁၉၅** ..... | ၁၆၃ |
| ၁၁၃ | အကျယ်ဖွင့်ဆိုခြင်း | ၁၆၄ |
| ၁၁၄ | ဥပဒေ | ၁၆၅ |
| ၁၁၅ | ဂျိဟားဒ်အတွက် သုံးစွဲခြင်း | ၁၆၅ |
| ၁၁၆ | **အာယသ် ၁၉၆-၂၀၃** ..... | ၁၆၈ |
| ၁၁၇ | ဟဂ်ျ၊ အုမ်ရာဟ်တို့နှင့်သက်ဆိုင်သော အမိန့်ပညတ်များ | ၁၇၂ |
| ၁၁၈ | အုမ်ရာဟ်နှင့်ဆိုင်သော အမိန့်ပညတ်ချက် | ၁၇၃ |
| ၁၁၉ | အိဟ်ရာမ်နှင့်သက်ဆိုင်သော ဥပဒေများ | ၁၇၄ |
| ၁၂၀ | အိဟ်ရာမ်ဝတ်ဆင်ထားစဉ် အမွှေးအမျှင်ရိတ်နိုင်သလား | ၁၇၅ |
| ၁၂၁ | ဟဂ်ျပြုလုပ်ရမည့်လများအတွင်း ဟဂ်ျနှင့်အုမ်ရာဟ်ကို ပူးတွဲပြုလုပ်ခြင်း | ၁၇၅ |
| ၁၂၂ | ဟဂ်ျနှစ်မျိုးနှစ်စား၊ အလ်တမတ္တုအ်နှင့် အလ်ကီရာန် | ၁၇၆ |
| ၁၂၃ | ဥပဒေများချိုးဖောက်ခြင်းအတွက် သတိပေးချက် | ၁၇၇ |
| ၁၂၄ | ဟဂ်ျကာလ 'လ'များအတွက် တားမြစ်ချက်များ | ၁၇၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၅ | ကုရ်အာန်ကျမ်းတော်မြတ်၏လေးနက်သော အဓိပ္ပာယ်ကြွယ်ဝမှု | ၁၈၁ |
| ၁၂၆ | ဟဂျ်ပြုလုပ်စဉ်အတွင်း ရောင်းဝယ်ဖောက်ကားခြင်းနှင့် စီးပွားရှာခြင်း | ၁၈၂ |
| ၁၂၇ | မုဇ်ဒလိဖဟ်နှင့် အရဖာသ်တွင် စောင့်ဆိုင်းနေထိုင်ခြင်း | ၁၈၄ |
| ၁၂၈ | လက်တွေ့တွင် လူသားအားလုံးတန်းတူဖြစ်ခြင်း | ၁၈၇ |
| ၁၂၉ | မိနာတွင် အမှောင်ခေတ်ဓလေ့ထုံးစံများကို တားမြစ်ပိတ်ပင်ခြင်း | ၁၈၇ |
| ၁၃၀ | ဘာသာရေးနှင့် လောကီရေးဆိုင်ရာ အလုပ်တို့တွင် သင့်တင့်မျှတစေခြင်း | ၁၈၉ |
| ၁၃၁ | မိနာတွင်ရှိစဉ် အလ္လာဟ်အရှင်မြတ်အား တသခြင်းအပေါ် အလေးအနက်ထားခြင်း | ၁၉၂ |
| ၁၃၂ | **အာယသ် ၂၀၄-၂၀၇** ..... | ၁၉၆ |
| ၁၃၃ | အကျယ်ဖွင့်ဆိုခြင်း | ၁၉၇ |
| ၁၃၄ | **အာယသ် ၂၀၈-၂၁၀** ..... | ၁၉၉ |
| ၁၃၅ | အကျယ်ဖွင့်ဆိုခြင်း | ၂၀၁ |
| ၁၃၆ | အထူးမှတ်စု | ၂၀၂ |
| ၁၃၇ | **အာယသ် ၂၁၁-၂၁၂** ..... | ၂၀၃ |
| ၁၃၈ | **အာယသ် ၂၁၃** ..... | ၂၀၆ |
| ၁၃၉ | အကျယ်ဖွင့်ဆိုခြင်း | ၂၀၇ |
| ၁၄၀ | အဓိန့်ပညတ်ချက်များနှင့်ဆက်နွယ်သည့် သိမှတ်စရာများ | ၂၁၂ |
| ၁၄၁ | **အာယသ် ၂၁၄** ..... | ၂၁၅ |
| ၁၄၂ | အကျယ်ဖွင့်ဆိုခြင်း | ၂၁၆ |
| ၁၄၃ | **အာယသ် ၂၁၅** ..... | ၂၁၇ |
| ၁၄၄ | အကျယ်ဖွင့်ဆိုခြင်း | ၂၁၇ |
| ၁၄၅ | ဥပဒေသ | ၂၂၀ |
| ၁၄၆ | **အာယသ် ၂၁၆-၂၁၈** ..... | ၂၂၂ |
| ၁၄၇ | အတိုချုပ် ရှင်းလင်းချက် | ၂၂၄ |
| ၁၄၈ | အဓိန့်ပညတ်ချက်များနှင့်ဆက်နွယ်သည့် သိမှတ်ဖွယ်ရာများ | ၂၂၅ |
| ၁၄၉ | မြင့်မြတ်သောလများတွင် စစ်ခင်းခြင်းနှင့်ပတ်သက်သော အဓိန့်ပညတ်ချက် | ၂၂၇ |
| ၁၅၀ | အယူဝါဒစွန့်ပယ်သွားခြင်း၏ မကောင်းသောအကျိုးဆက်များ | ၂၃၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၁ | **အာယသ် ၂၁၉** ..... | **၂၃၂** |
| ၁၅၂ | အကျယ်ဖွင့်ဆိုချက် | ၂၃၂ |
| ၁၅၃ | အရက်သေစာသောက်စားခြင်းတားမြစ်ချက်နှင့် ဆက်နွယ်သော အမိန့်ညွှန်ကြားချက်များ | ၂၃၂ |
| ၁၅၄ | ဝိုင်အရက်သောက်ခြင်းအား တဖြည်းဖြည်းတားမြစ်ပိတ်ပင်ခြင်း | ၂၃၅ |
| ၁၅၅ | ဆွဟာဗဟ်ကြီးများ၏ မယှဉ်သာသောနာခံမှု | ၂၃၇ |
| ၁၅၆ | လူမှုရေးဆိုင်ရာပြောင်းလဲမှုတစ်ရပ်အတွက် အစွမ်းလာမ့်နည်းဗျူဟာ | ၂၃၈ |
| ၁၅၇ | ဝိုင်အရက်၏ကောင်းကျိုးနှင့်ဆိုးကျိုး | ၂၃၉ |
| ၁၅၈ | ဝိုင်အရက်အားတားမြစ်ချက်အပြည့်အစုံရှုမြင်ချက် | ၂၄၀ |
| ၁၅၉ | လောင်းကစားမှုကို တားမြစ်ခြင်း | ၂၄၂ |
| ၁၆၀ | လောင်းကစားခြင်း၏ လူမှုဆိုင်ရာဆိုးကျိုး | ၂၄၅ |
| ၁၆၁ | အချို့သောဓမ္မသတ်ဆိုင်ရာဥပဒေများနှင့် ဆက်စပ်သည့်မှတ်စုများ | ၂၄၈ |
| ၁၆၂ | **အာယသ် ၂၁၉ (ဒုတိယပိုင်း) - ၂၂၁** ..... | **၂၄၉** |
| ၁၆၃ | မုစ်လင်မ်နှင့် ကာဖိရ်များအကြား လက်ထပ်ထိမ်းမြားခြင်းအား တားမြစ်သည် | ၂၅၂ |
| ၁၆၄ | မော်လာနာအရှ်ရဖ်အလီထာနဝီ၏ ဘယာနုလ်ကုရ်အာန်ကျမ်းမှ အထူးမှတ်စုများ | ၂၅၆ |
| ၁၆၅ | **အာယသ် ၂၂၂-၂၂၃** ..... | **၂၅၃** |
| ၁၆၆ | ရာသီပန်းပွင့်ချိန် သံဝါသမှုမပြုရ | ၂၅၈ |
| ၁၆၇ | **အာယသ် ၂၂၄** ..... | **၂၅၉** |
| ၁၆၈ | **အာယသ် ၂၂၅** ..... | **၂၆၀** |
| ၁၆၉ | **အာယသ် ၂၂၆-၂၂၇** ..... | **၂၆၂** |
| ၁၇၀ | မှတ်စု | ၂၆၂ |
| ၁၇၁ | **အာယသ် ၂၂၈** ..... | **၂၆၄** |
| ၁၇၂ | အမျိုးသားနှင့် အမျိုးသမီး၏ဂုဏ်ဒြပ်ကိုဖော်ပြသော ကြီးကျယ်သည့်အာယသ်တော်တစ်ရပ် | ၂၆၅ |
| ၁၇၃ | အစွမ်းသတ္တိသနာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍဖော်ပြချက် | ၂၆၅ |
| ၁၇၄ | အစွမ်းမပေါ်ထွန်းမီ လူမှုအသိုင်းအဝိုင်းတွင် အမျိုးသမီးများ၏ဂုဏ်ဒြပ် | ၂၆၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၅ | အမျိုးသား၏အုပ်ထိန်းမှုသည် ငြိမ်းချမ်းခြင်းနှင့် တည်ငြိမ်ခြင်းအတွက် အရေးကြီးလိုအပ်သည် | ၂၆၈ |
| ၁၇၆ | ကွဲလွဲမှုတစ်ရပ်နှင့် ယင်း၏ဖြေရှင်းမှု | ၂၆၉ |
| ၁၇၇ | အမျိုးသမီးများအပေါ် အမျိုးသားများ၏ မြင့်မားသောအဆင့်အတန်းဟူသည်ကား စည်းကမ်းထိန်းသိမ်းရေးအတွက်သာလျှင်ဖြစ်သည် | ၂၇၀ |
| ၁၇၈ | **အာယသ် ၂၂၉-၂၃၀** ..... | **၂၇၅** |
| ၁၇၉ | အကျယ်ဖွင့်ဆိုခြင်း | ၂၇၆ |
| ၁၈၀ | ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်းနှင့် ယင်းတို့ကို ချုပ်ကိုင်ထားသော စည်းမျဉ်း ဥပဒေများ | ၂၇၇ |
| ၁၈၁ | တစ်ကြိမ်တည်းဖြင့် တွလာက်ကွာရှင်းပြတ်စဲခြင်း၊ တွလာက်သုံးကြိမ်ပေးသည်နှင့် သက်ဆိုင်သော အသေးစိတ်အမိန့်ပညတ်ချက်များ | ၂၈၂ |
| ၁၈၂ | သုံးတွလာက်ကို တရားမဝင်ပေးခဲ့ခြင်းသည်လည်း အကျိုးသက်ရောက်သည် | ၂၈၇ |
| ၁၈၃ | စိုက်ယိဒနာဖာရူက် အလ်အအ်ဇာမ်၏လုပ်ဆောင်ချက် | ၂၉၀ |
| ၁၈၄ | **အာယသ်တော် ၂၃၁-၂၃၂** ..... | **၂၉၃** |
| ၁၈၅ | အကျယ်ဖွင့်ဆိုခြင်း | ၂၉၉ |
| ၁၈၆ | ကွာရှင်းပြတ်စဲမှုကိုပြန်လည်ရုပ်သိမ်းခြင်း (သို့) လက်ထပ်ထိမ်းမြားမှု ပျက်ပြယ်စေခြင်းတို့အတွက် အထူးညွှန်ကြားချက်များ | ၂၉၉ |
| ၁၈၇ | ထိမ်းမြားလက်ထပ်ခြင်းနှင့် ကွာရှင်းပြတ်စဲမှုကို ကစားစရာမပြုလုပ်ကြနှင့် | ၃၀၂ |
| ၁၈၈ | ကွာရှင်းပြတ်စဲခြင်း၏ အခြေခံစည်းမျဉ်းများ | ၃၀၄ |
| ၁၈၉ | ကွာရှင်းပြတ်စဲပြီးသော အမျိုးသမီးများ ပြန်လည်ထိမ်းမြားခြင်းနှင့် ပတ်သက်သော စည်းကမ်းများ | ၃၀၅ |
| ၁၉၀ | ဥပဒေတစ်ရပ်ပြဋ္ဌာန်းခြင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏နည်းဗျူဟာ | ၃၀၉ |
| ၁၉၁ | **အာယသ်တော် ၂၃၃** ..... | **၃၁၁** |
| ၁၉၂ | မိခင်များမှ ရင်သွေးများကိုနို့တိုက်ကျွေးခြင်းနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များ | ၃၁၂ |
| ၁၉၃ | နို့တိုက်ကျွေးခြင်း၏ အချိန်ကာလ | ၃၁၃ |
| ၁၉၄ | မိခင်နှင့် ဖခင်တို့၏တာဝန်များ | ၃၁၄ |
| ၁၉၅ | ဇနီး၏ တာဝန်အဆင့်အတန်း | ၃၁၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၉၆ | မိခင်တစ်ဦးနို့တိုက်ရန်အတွက် အတင်းအကြပ်လုပ်စေခြင်း၊ မလုပ်စေခြင်း | ၃၁၅ |
| ၁၉၇ | ကွာရှင်းပြတ်စဲပြီးသောအမျိုးသမီးတစ်ဦးအတွက် နို့တိုက်ကျွေးခ | ၃၁၅ |
| ၁၉၈ | မိဘမဲ့ကလေးတစ်ဦးအား နို့တိုက်ကျွေးခြင်းတာဝန် | ၃၁၆ |
| ၁၉၉ | နို့ဖြတ်ခြင်းနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များ | ၃၁၆ |
| ၂၀၀ | နို့ထိမ်းသည်မှ နို့တိုက်ကျွေးခြင်းနှင့်ပတ်သက်သည့် အမိန့်ပညတ်ချက်များ | ၃၁၇ |
| ၂၀၁ | **အာယသ်တော် ၂၃၄-၂၃၅** ..... | **၃၁၉** |
| ၂၀၂ | အစ်ဒ်ဒတ်စောင့်ဆိုင်းကာလနှင့်ပတ်သက်သောအမိန့်ပညတ်ချက်အချို့ | ၃၂၀ |
| ၂၀၃ | **အာယသ်တော် ၂၃၆-၂၃၇** ..... | **၃၂၂** |
| ၂၀၄ | အကျယ်ဖွင့်ဆိုချက် | ၃၂၃ |
| ၂၀၅ | **အာယသ်တော် ၂၃၈-၂၃၉** ..... | **၃၂၆** |
| ၂၀၆ | အကျယ်ဖွင့်ဆိုခြင်း | ၃၂၆ |
| ၂၀၇ | **အာယသ်တော် ၂၄၀-၂၄၂** ..... | **၃၂၈** |
| ၂၀၈ | အာယသ်တော် ၂၄၁ ။ ကွာရှင်းပြတ်စဲခြင်းခံရသော အမျိုးသမီးများ အကျိုးခံစားခွင့်ရထိုက်သည် | ၃၃၀ |
| ၂၀၉ | **အာယသ်တော် ၂၄၃-၂၄၄** ..... | **၃၃၁** |
| ၂၁၀ | အကျယ်ဖွင့်ဆိုချက် | ၃၃၁ |
| ၂၁၁ | ဆက်စပ်သော နှိုးနွယ်သောအမိန့်ပညတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများ | ၃၃၅ |
| ၂၁၂ | အလွှာဟ်အရှင်မြတ်၏ ကြိုတင်စီမံတော်မူချက်သည် လူသား၏ အစီအမံကို လွှမ်းမိုးသည် | ၃၃၅ |
| ၂၁၂ | ကပ်ရောဂါဖြစ်ပွားရာနေရာဒေသနှင့်ဆိုင်သော စည်းကမ်းဥပဒေများ | ၃၃၅ |
| ၂၁၃ | အချို့ခွင်းချက်များ | ၃၃၉ |
| ၂၁၄ | **အာယသ် ၂၄၅** ..... | **၃၄၁** |
| ၂၁၅ | အကျယ်ဖွင့်ဆိုခြင်း | ၃၄၁ |
| ၂၁၆ | **အာယသ် ၂၄၆-၂၅၁** ..... | **၃၄၄** |
| ၂၁၇ | အကျယ်ဖွင့်ဆိုခြင်း | ၃၄၈ |
| ၂၁၈ | အာယသ် ၂၄၈ ။ တွာလူတ်နှင့် ဂျာလူတ်၏ အဖြစ်အပျက် | ၃၄၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၁၉ | **အာယသ် ၂၅၂** ..... | **၃၅၁** |
| ၂၂၀ | **အာယသ် ၂၅၃** ..... | **၃၅၂** |
| ၂၂၁ | အကျယ်ဖွင့်ဆိုခြင်း | ၃၅၃ |
| ၂၂၂ | **အာယသ် ၂၅၄** ..... | **၃၅၅** |
| ၂၂၃ | အကျယ်ဖွင့်ဆိုခြင်း | ၃၅၅ |
| ၂၂၄ | **အာယသ် ၂၅၅** ..... | **၃၅၃** |
| ၂၂၅ | အာယသုလ် ကုရ်စီ၏ထူးမြတ်ခြင်း | ၃၅၈ |
| ၂၂၆ | **အာယသ် ၂၅၆** ..... | **၃၆၄** |
| ၂၂၇ | အကျယ်ဖွင့်ဆိုခြင်း | ၃၆၄ |
| ၂၂၈ | **အာယသ် ၂၅၇** ..... | **၃၆၇** |
| ၂၂၉ | အကျယ်ဖွင့်ဆိုခြင်း | ၃၆၇ |
| ၂၃၀ | **အာယသ် ၂၅၈** ..... | **၃၆၈** |
| ၂၃၁ | အမိန့်ပညတ်နှင့်ဆက်နွယ်သည့် သိမှတ်ဖွယ်ရာများ | ၃၇၀ |
| ၂၃၂ | **အာယသ် ၂၅၉** ..... | **၃၇၁** |
| ၂၃၃ | **အာယသ် ၂၆၀** ..... | **၃၇၃** |
| ၂၃၄ | အကျယ်ဖွင့်ဆိုခြင်း | ၃၇၄ |
| ၂၃၅ | အချို့သောဆက်နွယ်သည့်မေးခွန်းများနှင့်အဖြေများ | ၃၇၆ |
| ၂၃၆ | **အာယသ် ၂၆၁-၂၆၆** ..... | **၃၈၁** |
| ၂၃၇ | အကျယ်ဖွင့်ဆိုခြင်း | ၃၇၀ |
| ၂၃၈ | အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် သုံးစွဲခြင်း၏ နှိုင်းယှဉ်ချက်တစ်ရပ် | ၃၈၅ |
| ၂၃၉ | ပေးကမ်းလှူဒါန်းခြင်းသည် ခဝတ်ကိုးကွယ်မှုတစ်ရပ်ဖြစ်စေမည့် အခြေအနေများ | ၃၈၅ |
| ၂၄၀ | ပေးကမ်းလှူဒါန်းခြင်းများ အချည်းအနှီးဖြစ်စေသည့်အခြေအနေများ | ၃၈၆ |
| ၂၄၁ | **အာယသ် ၂၆၇-၂၇၄** ..... | **၃၉၂** |
| ၂၄၂ | အကျယ်ဖွင့်ဆိုချက် | ၃၉၅ |
| ၂၄၃ | လယ်ယာ၏ အုပ်ရှင်နှင့်သက်ဆိုင်သော အမိန့်ပညတ်ချက်များ | ၃၉၆ |
| ၂၄၄ | အလ်ဟစ်က်မသ်၏အဓိပ္ပာယ်နှင့် ရှင်းလင်းချက် | ၃၉၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၄၅ | **အာယသ် ၂၇၅-၂၈၁** ..... | ၄၀၄ |
| ၂၄၆ | အတိုးအားတားမြစ်ပိတ်ပင်ခြင်း | ၄၀၆ |
| ၂၄၇ | အတိုးရိဗာနှင့် ပတ်သက်သော နောက်ဆက်တွဲအသေးစိတ်ရှင်းလင်းချက်အချို့ | ၄၂၆ |
| ၂၄၈ | ဆွေးနွေးမှု၏အချုပ် | ၄၃၃ |
| ၂၄၉ | ရိဗာအတိုးတားမြစ်ခြင်းနောက်ကွယ်ရှိ ဟစ်က်မသ်အသိဉာဏ် | ၄၃၄ |
| ၂၅၀ | ရိဗာ (သို့) အတိုး၏ စီးပွားရေးဆိုင်ရာအကျိုးဆုတ်ယုတ်မှုများ | ၄၃၈ |
| ၂၅၁ | လိမ်လည်လှည့်ဖြားမှုအတွက် ပုံစံချခြင်း | ၄၄၁ |
| ၂၅၂ | သံသယတစ်ခုနှင့် ၎င်းအတွက်အဖြေ | ၄၄၃ |
| ၂၅၃ | ဇကားသ်ဒါနကြေးပေးဆောင်ခြင်းတာဝန်သည် စီးပွားတိုးတက်မှုကိုသေချာစေသည် | ၄၄၄ |
| ၂၅၄ | အတိုး၏ နာမ်ပိုင်းဆိုင်ရာဆိုးကျိုးများ | ၄၄၅ |
| ၂၅၅ | အတိုးငွေကြေး မပါဝင်ဘဲနှင့် စီးပွားရေးလုပ်ငန်းလုပ်နိုင်ပါမည်လား | ၄၄၅ |
| ၂၅၆ | တမန်တော်မြတ်(ﷺ)သခင်၏ ရိဗာအတိုးနှင့် ပတ်သက်သောမိန့်ကြားချက်များ | ၄၄၉ |
| ၂၅၇ | **အာယသ် ၂၈၂-၂၈၃** ..... | ၄၅၂ |
| ၂၅၈ | ငွေချေးငှားမှုပေါ် ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်များ | ၄၅၅ |
| ၂၅၉ | သက်သေခံခြင်းဆိုင်ရာဥပဒေ | ၄၅၇ |
| ၂၆၀ | သက်သေများ၏အရေအတွက် | ၄၅၇ |
| ၂၆၁ | သက်သေများ၏ အရည်အချင်းများ | ၄၅၈ |
| ၂၆၂ | သက်သေခံခြင်းအလုပ်ကိုလုပ်ရန် ငြင်းဆိုခြင်းသည် ဂုနာဟ်အပြစ်ဖြစ်သည် | ၄၅၈ |
| ၂၆၃ | သက်သေများ ထိခိုက်ဆုံးရှုံးမှု မရှိစေနှင့် | ၄၅၈ |
| ၂၆၄ | **အာယသ် ၂၈၄** ..... | ၄၆၁ |
| ၂၆၅ | အကျယ်ဖွင့်ဆိုခြင်း | ၄၆၁ |
| ၂၆၆ | **အာယသ် ၂၈၅-၂၈၆** ..... | ၄၅၆ |
| ၂၆၇ | အကျယ်ဖွင့်ဆိုခြင်း | ၄၆၈ |
| ၂၆၈ | အညွှန်း ..... | ၄၇၈ |

# အထူးကျေးဇူးတင်လွှာ

ဤမအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်ကို ကြီးလေးသော သာသနာ့တာဝန်များနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များကြားမှ၊ အထူးအချိန်ပေး၍ ဖတ်ရှုစိစစ်ပေးကာ လိုအပ်သည်များကို ပြင်ဆင်ဖြည့်စွက်၍ အကြံဉာဏ်ကောင်းများပေးခဲ့ကြသော

(၁) အလ်ဟာဂ်ျ မော်လာနာ မုဖ်သီ ကာရီ မုဟမ္မဒ် ယူစွတ်ဖ် (အဆ်အဒီ)

(၂) အလ်ဟာဂ်ျ မော်လာနာ မုဖ်သီ နူးရ်မုဟမ္မဒ် (ဦးကိုလေး)

(၃) မော်လာနာ ဟာရူးန်လူလာသ်

စသော ပညာရှင်တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျွန်ုပ်တို့ မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်တွင် အမှားအယွင်းနှင့် ချို့ယွင်းချက်များပါရှိခဲ့ပါက၊ မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်ဆိုရေးအဖွဲ့၏ တာဝန်သာဖြစ်သည်။ အကယ်၍ ချို့ယွင်းချက်များကို အကြံပြုထောက်ပြခဲ့ပါလျှင် ပညာရှင်များနှင့် တိုင်ပင်၍ ပြင်ဆင်ရန်လိုအပ်လျှင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ အလ္လာဟ်အရှင်မြတ် လက်ခံတော်မူပါစေသော်။ (အာမီးန်)

**မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့**
၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ။

بسم الله الرحمن الرحيم

الحمدلله و كفى، و سلام على عباده الذين اصطفى

**မအာရိဖုလ်ကုရ်အာန်ကျမ်း – မြန်မာဘာသာပြန်အဖွဲ့**

**၏**

# အမှာစာ

မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန် (အတွဲ-၁)ကို ထုတ်ဝေခဲ့စဉ်က ကျမ်ဦးစကားနှင့် စကားချီးတို့တွင် မအာရိဖုလ်ကုရ်အာန်ကျမ်း ဘာသာပြန်လုပ်ငန်းနှင့် ပတ်သက်၍ နောက်ခံသမိုင်းကို ပြည့်စုံစွာ ဖော်ပြထားခဲ့ပြီးဖြစ်သဖြင့်၊ ယင်းအကြောင်းအရာများကို ထပ်မံရေးသားဖော်ပြရန် မလိုအပ်တော့ပါ။

မအာရိဖုလ်ကုရ်အာန်ကျမ်း (အတွဲ-၁) သည် အလ္လာဟ်အရှင်မြတ်အလိုတော်နှင့် မြန်မာမုစ်လင်မ်စာဖတ်သူများက ကြိုဆိုလက်ခံကြောင်း သိရ၍ ဝမ်းသာပီတိဖြစ်ရပါသည်။ ယခုကဲ့သို့ မြန်မာစာဖတ်ပရိသတ်က ကုရ်အာန်ကျမ်းတော်မြတ်အား ရိုးရှင်းလွယ်စွာ အကျယ်ဖွင့်ဆိုထားသော ကျမ်းစာအုပ်များကို လိုလိုလားလား ဖတ်ရှုကြသည့်အတွက် အထူးပင် နှစ်ထောင်းအားရဖြစ်ရပါသည်။ ကျွန်ုပ်တို့ အင်္ဂလိပ်မူမှ ပြန်ဆိုခဲ့သော မအာရိဖုလ်ကုရ်အာန်ကျမ်း(အတွဲ-၁)တွင် တွေ့ရှိသော ချို့ယွင်းမှုကို အကြံပြု၊ ပြုပြင်ပေးသော အာလင်မ်သာသနာ့ ပညာရှင်များကို အထူးကျေးဇူးတင်ရှိပါသည်။ ယင်းတို့ကို အထူးဂရုစိုက် အလေးထားပြီး ဤ(အတွဲ-၂) ကို အကြိမ်ကြိမ် ပြန်လည်ဖတ်ရှုတည်းဖြတ်မှုများ၊ စိစစ်မှုများ ပြုလုပ်ခဲ့ကြပါသည်။ ဘာသာပြန်ဆိုသူများသည် ကိုယ်ရေးကိုယ်တာကိစ္စရပ်များမှ အချိန်ပေး၍လုပ်ဆောင်ရခြင်း၊ လူအင်အားနည်းပါးခြင်းတို့ကြောင့် တစ်တွဲနှင့်တစ်တွဲအကြား ထွက်ရှိနိုင်ရန် အချိန်ကြာခဲ့ရပါသည်။ သို့သော်လည်း ယခုအချိန်ထိ ကျွန်တော်တို့သည် အလ္လာဟ်အရှင်မြတ်၏ အသနားတော်နှင့် ကူညီစောင်မမှုကို မျှော်ကိုးလျက် မလျှော့သောဇွဲနှင့် ကြိုးပမ်းခဲ့ရာ ယခု (အတွဲ-၂)ကို ၂၀၀၆-ဇန္နဝါရီလတွင် ပြန်ဆိုပြီးခဲ့သည်။ အာလင်မ်သာသနာ့ပညာရှင်များကို ဖတ်ရှုစစ်ဆေးစေခြင်း၊ လိုအပ်သည်များကို ထပ်မံပြင်ဆင် တည်းဖြတ်ရခြင်းများကြောင့် စာဖတ်သူရှေ့မှောက် ဤစာအုပ်ယခုမှ ရောက်ရှိလာရပါသည်။

ဘာသာပြန်အဖွဲ့သည် (အတွဲ-၃)ကိုလည်း ထက်ဝက်နီးပါး ကြိုးစားပြန်ဆိုလုပ်ဆောင်ထားပြီး ဖြစ်ပါသည်။ မူရင်း အင်္ဂလိပ်စာအုပ်ဒုတိယတွဲသည် စူရတ်အလ်အင်မ်ရာန်နှင့် စူရတ်အလ်နိစာ နှစ်ပုဒ်ပါဝင်သည်။ လွယ်ကူအဆင်ပြေစေရန် စူရတ်အလ်အင်မ်ရာန်ကို (အတွဲ-၃)အဖြစ်လည်းကောင်း၊ စူရတ်အလ်နိစာကို (အတွဲ-၄) အဖြစ်လည်းကောင်းထုတ်ဝေရန် ရည်စူးထားပါသည်။ စာအုပ်များဘာသာပြန်ဆိုထုတ်ဝေရာတွင် ကူညီထောက်ပံ့အားပေးကြသော ဟာဂျီမုဟမ္မဒ်ရှဖီး(ခ) ဟာဂျီဦးမြင့်နိုင် (B.E. Chemical) မော်လမြိုင်မြို့၊ ဟာဂျီမုဟမ္မဒ်နူးရ်ဒီးန်(ခ) ဟာဂျီဦးမျိုးဝင်း (ရွှေအင်းဝ၊ တွင်စက်ကိရိယာ) မန္တလေးမြို့၊ ဟာဂျီဦးအောင်မြင့် L.LB (တရားရုံးချုပ်ရှေ့နေ) မန္တလေးမြို့နှင့် အခြားမိတ်ဆွေများအားလုံးတို့အား အလ္လာဟ်အရှင်မြတ်သည် အကောင်းဆုံးဆုလာဘ်များကို ဤကမ္ဘာလောကနှင့် နောင်တမလွန်ဘဝတွင်ပါ နှစ်ဘဝနှစ်ဌာနစလုံးတို့၌ ပေးသနားတော်မူပါစေ။

ဤဘာသာပြန် (အတွဲ-၂) စာအုပ်ကို စာရှုသူများ ကျေနပ်နှစ်သက်လိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ အလွှာဟ်အရှင်မြတ် လက်ခံမှုဖြင့် လုပ်ငန်းစဉ်အပေါ် ကောင်းချီးမင်္ဂလာကျရောက်ပါစေ၊ အုမ္မသ်ထုသည်လည်း ဤစာအုပ်မှ အကျိုးအမြတ်များ ဖြစ်ထွန်းရယူနိုင်ပါစေ။

**မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့**
၂၀၀၆ ခုနှစ်၊ အောက်တိုဘာလ။

# မဒါရိဗုလ်ကုရ်အာန်

## (မော်လာနာ မုဗ်သီ မုဟမ္မဒ် ရှမီး)

### အင်္ဂလိပ်ဘာသာပြန်

ပါမောက္ခ မုဟမ္မဒ် ဟစန် အက်စ်ခရီ

ပါမောက္ခ မုဟမ္မဒ် ရှမီးမ်

### တည်းဖြတ်သူ

ပါကစ္စတန်နိုင်ငံတရားသူကြီး မုဗ်သီ မုဟမ္မဒ် သကီး အုဆ်မာနီ

### အတွဲ (၁)

### ဈူရဟ် အလ်ဖာသိဟဟ်၊ အလ်ဘကရဟ်

မအာရိဗုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အပွဲ့က ဘာသာပြန်သည်။

بسم الله الرحمن الرحيم

"မပြတ်မစဲ သနားကြင်နာညှာတာတော်မူထသော အနန္တကရုဏာတော်ရှင်
ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။"

အာယသ် (၂း၁၄၂)

سَيَقُولُ السُّفَهَآءُ مِنَ النَّاسِ مَا وَلَّىٰهُمْ عَن قِبْلَتِهِمُ
الَّتِي كَانُوا عَلَيْهَا ۚ قُل لِّلَّهِ الْمَشْرِقُ وَالْمَغْرِبُ ۚ يَهْدِي مَن يَشَاءُ
إِلَىٰ صِرَاطٍ مُّسْتَقِيمٍ ﴿١٤٢﴾

"မကြာမီကာလအတွင်း လူတို့အနက်မှ ('ကိဗ်လဟ်'ပြောင်းလွဲခြင်း၏ သဘော
တရားကို နားမလည်ကြသော) လူဗာလတို့က အဘယ်အရာသည် ယင်း
'မုစ်လင်မ်များ'ကို မိမိတို့၏ နဂိုမူလမျက်နှာမူရာအရပ်ဒိသာဘက်မှ ပြောင်းလွဲ
အောင် ပြုဘိသနည်းဟု မုချ (ကဲ့ရဲ့ပြစ်တင်) ပြောဆိုကြကုန်အံ့။ (အို-'နဗီ'
တမန်တော်) အသင်သည် အရှေ့နေထွက်ရာအရပ် ကိုလည်းကောင်း၊ အနောက်
နေဝင်ရာ အရပ်ကိုလည်းကောင်း (အရပ်ရှစ်မျက်နှာလုံးကို) 'အလ္လာဟ်'အရှင်
မြတ်သည် သာလျှင် ပိုင်ဆိုင်တော်မူသည်။ ထိုအရှင်မြတ်သည် မိမိနှစ်လိုတော်
မူသောသူကိုသာလျှင် ဖြောင့်မတ်မှန်ကန်သောတရားလမ်းသို့ ညွှန်ကြားပြသ
ပို့ဆောင်တော်မူသည်ဟု (ထိုသူတို့အား) တုန့်ပြန် ဖြေကြားပါလေ။" (၂း၁၄၂)

## ကိဗ်လဟ်ဘက်သို့ ဦးတည်ခြင်း

'ကိဗ်လဟ်'ဆိုသည်မှာ တစ်ဦးတစ်ယောက်၏မျက်နှာမူရာအရပ်ကို ဆိုလိုသည်။ စစ်မှန်သော မုစ်လင်မ်
တစ်ဦးက ပြုလုပ်သမျှသော ခဝတ်ကိုးကွယ်မှုအလုံးစုံတွင် အလ္လာဟ်အရှင်တစ်ပါးတည်းဘက်သို့သာ လှည့်ထား
ကြောင်း ပြောစရာပင်မလိုချေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် မည်သည့်သီးခြားအရပ်တွင်သာ တည်ရှိသည်
ဟု သတ်မှတ်မထားဘဲ အရပ်မျက်နှာအားလုံးတွင် တည်ရှိနေသည်။ ဤအချက်၏ ယုတ္တိဗေဒအရဆိုလျှင် အလ္လာဟ်
အရှင်မြတ်ကို ခဝတ်ကိုးကွယ်ရာ၌ လူတိုင်းသည် ၎င်းကြိုက်နှစ်သက်သလို ရွေးချယ်၍မျက်နှာမူကာ ခဝတ်ကိုးကွယ်
နိုင်သည်။ ထို့ပြင် ၎င်းအဆင်ပြေသလို မျက်နှာမူရာအရပ်ကိုလည်း ပြောင်းလဲနိုင်ခွင့်ရှိသင့်သည်။ သို့သော်
လည်း အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်အရ ခဝတ်ကိုးကွယ်မှု ပြုလုပ်သူများအားလုံးသည်
တူညီသော မျက်နှာမူရာအရပ်ရှိခြင်းနှင့် မျက်နှာမူရာအရပ်တစ်ခုသတ်မှတ်ထားရှိခြင်းက ပိုမိုသင့်လျော်သည်။
အဘယ့်ကြောင့်ဆိုသော် ခဝတ်ကိုးကွယ်မှုသည် ပုံသဏ္ဌာန်အမျိုးမျိုးရှိသည့်အလျောက် အချို့သော ပုံသဏ္ဌာန်များမှာ

အများစုပေါင်း လုပ်ဆောင်ခြင်းနှင့်သက်ဆိုင်သည်။ တစ်ဦးချင်းလုပ်ဆောင်ရသည့် ခဝတ်ကိုးကွယ်မှုများတွင် (ဇကိရ်)စသည်တို့ ပါဝင်ပြီး ယင်းကိစ္စရပ်များကို မမြင်ကွယ်ရာ၌ တစ်ခုချင်းသီးသန့်လုပ်ဆောင်နိုင်ပါသည်။ အစုအဝေးနှင့် လူအများမြင်သာထင်သာအောင်ပြုမူရသောကိစ္စရပ်များတွင် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းနှင့် ဟဂ်ျပြုမူဆောင်ရွက်ခြင်းများ ပါဝင်သည်။ လူစုလူဝေးနှင့်လုပ်ဆောင်ခြင်းသည် ခဝတ်ကိုးကွယ်မှုပုံသဏ္ဌာန်ဖြစ်ရုံမျှမက နောက်ဆက်တွဲ လုပ်ငန်းစဉ်အဖြစ် မုစ်လင်မ်များကို လူမှုရေးနှင့် စုပေါင်းလုပ်ဆောင်မှုဆိုင်ရာ နည်းစနစ်တစ်ရပ် ပေးအပ်ပါ သည်။ လူမှုရေးဆိုင်ရာ အဖွဲ့အစည်း၏ အခြေခံစည်းမျဉ်းသည် တစ်ဦးချင်းစီ၏ ပေါင်းစည်းခြင်းနှင့် စည်းလုံး ညီညွတ်ခြင်းဖြစ်ပါသည်။ လူမှုရေးဆိုင်ရာအဖွဲ့အစည်း၏အင်အားသည် ခိုင်မြဲမှုနှင့် ကျစ်လစ်မှုပေါ်တွင် တည်မှီ နေသည်။ လူပုဂ္ဂိုလ်တစ်ဦးချင်းအပေါ် မလျော်ကန်သည့် အလေးပေးမှုသည် ပျက်စီးရာပျက်စီးကြောင်းနှင့် ဂိုဏ်း ကွဲခြင်းများကိုဖြစ်စေနိုင်ပါသည်။

စည်းလုံးညီညွတ်ခြင်းနှင့် ပေါင်းစည်းခြင်း၏မူသည် ဘာဖြစ်သင့်သလဲဟူသောကိစ္စနှင့်ပတ်သက်၍ ကွဲပြားသော လူများသည် အချိန်အခါအမျိုးမျိုး၌ နည်းလမ်းအမျိုးမျိုးကို ရွေးချယ်ကြပါသည်။ ပမာဆိုသော် အချို့သော သူများသည် လူသားမျိုးနွယ် (သို့) အသားအရောင်ကို စည်းလုံးညီညွတ်ခြင်းမူအဖြစ် လက်ကိုင်ထားသကဲ့သို့၊ တချို့က ဇာတိမြေ (သို့) ပထဝီဝင်နယ်မြေအပိုင်းအခြားကို လက်ကိုင်ပြုကြပါသည်။ အချို့ကမူ ဘာသာစကားကို စည်းလုံးညီညွတ်ခြင်းမူအဖြစ် လက်ကိုင်ထားကြပါသည်။ သို့သော်လည်း ဤတွေးဆချက်များအားလုံးသည် အမှတ်တမဲ့ တိုက်ဆိုင်မှုအဖြစ်နှင့် စိတ်ကူးယဉ်သက်သက်သာဖြစ်သည်။ ထိုမူများသည် လူအများကို စည်းလုံးညီညွတ်ရမည့်အစား ကွဲပြားစေကာ နေ့စဉ်သတင်းစာများတွင် ကျွန်ုပ်တို့တွေ့မြင်နေရသကဲ့သို့ ကမ္ဘာနှင့်အဝန်းပြင်းထန်သည့်ထိခိုက်လှုပ်ရှားမှုများဖြစ်ပေါ်စေသည်။ ထို့ကြောင့် ကျမ်းရသာသနာများနှင့် တမန်တော် (ﷺ)များ၏ ရှရီအသ်တရားတော်များဖြစ်သော အစ္စလာမ်သာသနာက မလိုလားအပ်သော အထက်ပါ စိတ်ကူးယဉ်မှုနှင့် အမှတ်တမဲ့ အကြောင်းအားလျော်စွာ တိုက်ဆိုင်မှုအဖြစ်အပျက်များ မပါဝင်ခဲ့ပါ။ သို့သော်လည်း လူအများ၏ စည်းလုံးညီညွတ်မှုဆိုင်ရာမူကို သတ်မှတ်ပြဋ္ဌာန်းရာတွင် အယူဝါဒဆိုင်ရာ စည်းလုံးမှုမှ ဖြစ်ပေါ်လာသော စိတ်ပိုင်းဆိုင်ရာ စည်းလုံးညီညွတ်မှုပေါ်တွင် အခြေခံမှသာလျှင် အခိုင်အမာဆုံးဖြစ်နိုင်သည် ဟူသောမူကို သတ်မှတ်ခဲ့သည်။

တစ်နည်းဆိုလျှင် အစ္စလာမ်သာသနာသည်များစွာသော ဘုရားအတုအယောင်များအား ခဝတ်ကိုးကွယ်မှုကြောင့် အကွဲကွဲအပြားပြားမဖြစ်စေရန်နှင့် စစ်မှန်၍ တစ်ဆူတည်းသော အနှိုင်းမဲ့ ဘုရားတစ်ဆူတည်းကို ခဝတ်ကိုးကွယ်ခြင်းဖြင့် လူအများအား တစ်စုတစ်စည်းတည်းဖြစ်စေရန် ဖိတ်ခေါ်ပါသည်။ ထိုသို့ ခဝတ်ကိုးကွယ်ခြင်းသည် အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလများက ကမ္ဘာအရပ် လေးမျက်နှာရှိလူအများကို စုစည်းစေနိုင်ကာ အားလုံးသည် သက်ဝင်ယုံကြည်သူများအဖြစ် တစ်ပေါင်းတစ်စည်းတည်း ဖြစ်သွားစေပါသည်။ ထို့နောက် ဤအတွင်းပိုင်းဆိုင်ရာ စုစည်းမှုကို မြင်သာသောပုံသဏ္ဌာန်တစ်ခုအဖြစ်လည်းကောင်း၊ အင်အားဖြည့်ဆည်းနိုင်ရန် အတွက်လည်းကောင်း၊ စုစည်းညီညွတ်ခြင်း၏ အပြင်ပိုင်းဆိုင်ရာ ဖော်ပြချက်အချို့ကို ပြဋ္ဌာန်းခဲ့ပါသည်။ သို့သော်လည်း အထက်ဖော်ပြပါ အတွင်းအပြင်နှစ်ရပ်စလုံးအတွက် အခြေခံမူသည် အခြေအနေပေါ်မူတည်၍ ညီညွတ်ခြင်းကို အကြောင်းပြုခြင်းမဖြစ်သင့်ပေ။ စိတ်ဆန္ဒနှင့်မှန်ကန်သော ရွေးချယ်မှုအပြုအမူတစ်ရပ်မှသာလျှင် ဖြစ်ပေါ်ရပါမည်။ သို့မှသာလျှင် နာမ်ပိုင်းဆိုင်ရာ ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ထားရှိမှုတစ်ရပ် ဖြစ်ပေါ်စေသည်။

အမှတ်တမဲ့ အကြောင်းအားလျော်စွာ တိုက်ဆိုင်မှုများကဲ့သို့သော လူမျိုးစု (သို့) အသားအရောင် (သို့) ဇာတိမြေစသည်တို့အတွက် အစွလာမ်သာသနာက လူသား၏ လူမှုဆိုင်ရာ ဘဝတွင် ထိုက်တန်သည့်နေရာပေးအပ်ထားပါသည်။ သို့ရာတွင် ယင်းတို့အား အဓိကကျသောနေရာတွင် အသုံးပြု ခြင်းကိုမူ ခွင့်မပြုချေ။ လူသားများ၏ အတွင်းပိုင်းဆိုင်ရာတွင်လည်းကောင်း၊ အပြင်ပိုင်းဆိုင်ရာတွင်လည်းကောင်း ညီညွတ်မှုတည်ဆောက်နိုင်ရန်အတွက် အစွလာမ်သာသနာက ကြိုးပမ်းထားပြီးဖြစ်သည်။ ဘောင်အတွင်း၌သာလျှင် လူသားသည် ၎င်း၏ ရွေးချယ်ပိုင်ခွင့်ကို အသုံးချနိုင်ပါသည်။ သို့သာမက ထင်ရှားသော အမိန့်ပညတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများတွင် ပါဝင်သောညီညွတ်ခြင်းအတွက် တွေးတောကြံဆဖွယ်ရာများသည် မည်သူမဆို လွတ်လပ်စွာရွေးချယ် ကျင့်သုံးနိုင်သည့် သဘောသဘာဝဖြစ်ရမည်။ မည်သူမဆိုဟုဆိုရာ၌ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ စာတတ်သူဖြစ်စေ၊ စာမတတ်သူဖြစ်စေ၊ မြို့သားဖြစ်စေ၊ တောသားဖြစ်စေ အားလုံးကိုဆိုလိုသည်။

ထို့ကြောင့် အစွလာမ့်ရှရီအသ်တရားတော်သည် ဝတ်စားဆင်ယင်မှုနှင့်ပတ်သက်၍လည်းကောင်း၊ စားသောက်နေထိုင်မှုနှင့် ပတ်သက်၍လည်းကောင်း ကမ္ဘာပေါ်ရှိ လူအားလုံးကို တစ်မျိုးတည်းနှင့် တင်းကြပ်သည့် ပုံစံ သတ်မှတ်မထားပါ။ အဘယ့်ကြောင့်ဆိုသော် ရာသီဥတုအခြေအနေများနှင့် လူသား၏လိုအပ်ချက်များ၊ ထို့ပြင် လူသား၏ နှစ်သက်မှုများသည် နေရာဒေသကွဲပြားမှုတွင် ကွဲပြားခြားနားကြပါသည်။ ထိုကဲ့သို့ တညီတညွတ်တည်းဖြစ်စေရန် လုပ်ဆောင်ခဲ့ပါလျှင် ထိုသူများ၏ဘဝကို အခက်အခဲဖြစ်စေပါလိမ့်မည်။ မပြုမနေရ ဝတ်စားဆင်ယင်မှုအချို့ကို အနည်းဆုံးအဆင့် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်ဆိုကြပါစို့။ ထိုကဲ့သို့သော စည်းမျဉ်းစည်းကမ်းသည် အချို့သူများအတွက် အဆင်မပြေ ဖြစ်စေရုံမျှမက သမ,မျှတခြင်းမူနှင့်ပင် ဆန့်ကျင်သွားပေလိမ့်မည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ ပေးကမ်းချီးမြှင့်မှု များကို ငြင်းပယ်ရာသို့ပင်လျှင် ရောက်စေနိုင်သည်။ တစ်ဖက်တွင်မူ အကယ်၍ ထည်ဝါခန်းနားသည့် အဝတ်အစားကို မဝတ်မနေရအဖြစ်သတ်မှတ်ခဲ့ပါလျှင် ဆင်းရဲသားများအတွက် ယင်းအခြေအနေကို ဖြည့်ဆည်းရန်ဖြစ်နိုင် လိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် မုစ်လင်မ်များအားလုံးအတွက် တစ်ပြေးညီပုံစံဝတ်စုံကို ပြဋ္ဌာန်းမည့်အစား ရှရီအသ် တရားတော်က ကွဲပြားခြားနားသောလူများ (သို့) ကွဲပြားခြားနားသောဒေသများအတွက် ခေတ်နှင့်အညီ ဝတ်စုံပုံစံ မျိုးစုံကို ခွင့်ပြုထားခဲ့ပါသည်။ သို့သော်လည်း လိုအပ်သောကန့်သတ်ချက်အချို့ကိုသာ ပြဋ္ဌာန်းထားခဲ့ပါသည်။ ဥပမာအားဖြင့် အဝတ်အစားသည် ခန္ဓာကိုယ်၏ အချို့သောနေရာ များကို ဖုံးကွယ်စေသင့်သည့်နေရာများကို ယောကျ်ားနှင့် မိန်းမများအတွက် ခွဲခြား၍ သီးခြားစီပြဋ္ဌာန်းခဲ့ပါသည်။ ဝတ်စားဆင်ယင်မှုပုံစံကို ရွေးချယ်ရာတွင် ဖြုန်းတီးခြင်းနှင့် ပလွားခြင်းကို ရှောင်ရှားသင့်သည်။ မုစ်လင်မ်မဟုတ်သူများကို တုပခြင်းအတွက် ဝတ်စား ဆင်ယင်မှုတစ်ခုကို မရွေးချယ်သင့်ပါ။

အတိုချုပ်အားဖြင့် အစွလာမ်သာသနာက လွတ်လပ်စွာရွေးချယ်နိုင်သည့်အရာများကိုသာ မုစ်လင်မ်များ၏ စည်းလုံးညီညွတ်မှုအတွက် အချက်အလက်များအဖြစ် အခိုင်အခန့်အခြေပြုထားပြီးဖြစ်ပါသည်။ ယင်းတို့သည် ကျင့်သုံးရန်လွယ်ကူ၍ မလိုလားအပ်သောခက်ခဲမှုများဖြစ်စေ၊ ငွေကြေးကုန်ကျမှုများဖြစ်စေ မပါဝင်ချေ။ ပမာဆိုသော် လူစုလူဝေးနှင့်ဆွေလာသ်ဝတ်ပြုရာတွင် အတန်းများအားဖြောင့်တန်းစွာ စီခြင်း၊ ရှေ့ဆောင် အိမာမ်၏ ရှေ့ဆောင်မှုများကို တိကျစွာလိုက်နာဆောင်ရွက်ခြင်းနှင့် ဟဂ်ျပြုလုပ်ရာတွင် တစ်ပုံစံတည်းဝတ်စားဆင်ယင်၍ ကျင့်သုံးဆောက်တည်ခြင်း စသည်တို့ဖြစ်ကြပါသည်။

အထက်ဖော်ပြပါအရာများထဲမှ အရေးကြီးဆုံးသောအချက်တစ်ခုမှာ ကိဗ်လဟ် (သို့) ဆွလာသ်ဝတ်ပြုဆောက်တည်ရာတွင် မျက်နှာမူခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့တင်ပြခဲ့သည့်အတိုင်း အလ္လာဟ်အရှင်မြတ်သည် အရပ်ရှစ်မျက်နှာလုံးတွင် ရှိနေငြားသော်လည်း တစ်ခုတည်းနှင့် တိကျသော ကိဗ်လဟ်ကို အခိုင်အမာအခြေပြုထားခြင်းသည် လူသားများအတွက် တိကျခိုင်လုံ၍ လွယ်ကူသော စည်းလုံးညီညွတ်မှုမူကို ပေးအပ်သည်။ အကယ်၍ ကိဗ်လဟ်ရွေးချယ်မှုကိစ္စရပ်ကို လူသားများက ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်စေခဲ့လျှင် အချင်းချင်းသဘောကွဲမှုများဖြစ်ပေါ်လာပါလိမ့်မည်။ ထို့ကြောင့် ယင်းကဲ့သို့ သော အရေးကြီးသည့်ကိစ္စရပ်ကို အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် ဆုံးဖြတ်ရန်လိုအပ်ပါသည်။ စင်စစ် အာဒမ်(ﷺ) သခင်အား ကမ္ဘာမြေပြင်သို့ မပို့မီအလျင်ကပင်လျှင် အလ္လာဟ်အရှင်မြတ်၏ အိမ်တော် 'ကအ်ဗဟ်'ကျောင်းတော်၏ အုတ်မြစ်ကို ကောင်းကင်တမန်များက ချပြီးဖြစ်ခဲ့ပါသည်။ ဤသည်မှာ လူသားများ၏ ပထမဆုံးသော ကိဗ်လဟ် ဖြစ်ခဲ့ပါသည်။

اِنَّ اَوَّلَ بَيْتٍ وُّضِعَ لِلنَّاسِ لَلَّذِىْ بِبَكَّةَ
مُبٰرَكًا وَّهُدًى لِّلْعٰلَمِيْنَ ○

**"ဧကန်စင်စစ် (အလ္လာဟ်အရှင်မြတ်အား ခဝတ်ကိုးကွယ်ရန်အလို့ငှာ) လူသားတို့အဖို့ ဦးစွာပထမတည်ဆောက်ထားသောအိမ်တော်သည်ကား မက္ကာဟ်မြို့တော်၌တည်ရှိသော အိမ်တော်ပင်တည်း။ ထိုအိမ်တော်သည် ကောင်းချီးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံလျက်ရှိသည့်ပြင် စကြဝဠာ ခပ်သိမ်းတို့ကို တရားလမ်းမှန်သို့လည်း ညွှန်ကြားလျက်လည်းရှိ၏။" (၃း၉၆)**

အထက် အာယသ်တော် (၁၂၅)တွင် ကျွန်ုပ်တို့အကျယ်ဖွင့်ထားသလိုပင် နူးဟ်(ﷺ)သခင် လက်ထက်ရေလွှမ်းမိုးမှုဖြင့် ကအ်ဗဟ်ကို မဖျက်ဆီးမီအထိ ကိဗ်လဟ်အဖြစ်တည်ရှိခဲ့သည်။ ထိုကအ်ဗဟ်ကျောင်းတော်ကား အလ္လာဟ်အရှင်မြတ်၏ အမိန့်အရ စိုက်ယိဒိနာအိဗ်ရာဟီမ်နှင့် စိုက်ယိဒိနာအိစ်မာအီလ်(ﷺ)သခင်တို့က ပြန်လည်တည်ဆောက်ခဲ့ကာ ၎င်းတို့၏ ကိဗ်လဟ်ဖြစ်လာခဲ့ပါသည်။

ထို့နောက်ပိုင်း ယဟူဒီတမန်တော်များနှင့် ၎င်းတို့၏နောက်လိုက်များအတွက် ကိဗ်လဟ်အဖြစ် ဂျေရုစလင်ရှိ ဗိုင်သုလ်မုကတ်စ်ဒစ်ကို အတည်ပြုခဲ့ပါသည်။ သို့သော်ငြားလည်း အဗူအလ်အာလီယာဟ်၏အဆိုအရ ဤတမန်တော်များသည် ဆွလာသ်ဝတ်ပြုဆောက်တည်ရာတွင် ကျောက်တုံး(စတ်က်ရဟ်)တစ်ခုတည်းသာမက ကအ်ဗဟ် ကိုလည်း မျက်နှာမူသည့်အနေအထားနှင့် ဆောက်တည်လေ့ရှိကြပါသည်။ (ကုရ်တုဗီ)

တမန်တော်မြတ်(ﷺ)သခင်အတွက် ဆွလာသ်ဝတ်ပြုဆောက်တည်မှုသည် မပြုမနေရတာဝန်အဖြစ် သတ်မှတ်ပြီးသောအခါတွင် တမန်တော်မြတ်(ﷺ)သခင်၏ ဘိုးဘေးများဖြစ်သော အီဗ်ရာဟီမ်(ﷺ)သခင်အတွက် ကိဗ်လဟ်အဖြစ်သတ်မှတ်ထားခဲ့ပြီးသော ကိဗ်လဟ်ကိုပင် တမန်တော်မြတ်(ﷺ)သခင်အတွက် ကိဗ်လဟ်အဖြစ်သတ်မှတ်ပေးခဲ့ပါသည်ဟု အချို့သောပညာရှင်များက အဆိုရှိသည်။ အချို့သော ပညာရှင်များ၏ အဆိုအရ တမန်တော်မြတ်(ﷺ) မက္ကာဟ်မှ မဒီနာဟ်သို့ ဟိဂျ်ရသ်ပြောင်းရွှေ့ပြီးနောက် (သို့) ဟိဂျ်ရသ်မပြုမီအလျင်တွင် ဗိုင်သုလ်မုကတ်စ်ဒစ်ဘက်သို့ မျက်နှာမူရန် အလ္လာဟ်အရှင်မြတ်ထံတော်မှ အမိန့်တော်ကျရောက်ခဲ့သည်။ (ဤသီးခြားအမိန့်တော်သည် ကုရ်အာန်ကျမ်းတော်မြတ်၌ ဆင့်ပြန်ထားခဲ့ခြင်းမရှိပါ။ ဤအချက်တစ်ချက်သည်

ကုရ်အာန်ကျမ်းတော်မြတ်ကို ဟဒီးဆ်တော်၏ အကူအညီမပါဘဲ ပြည့်ပြည့်စုံစုံ နားလည်နိုင်သည်ဟု အခိုင်အမာ ပြောဆိုခြင်းမှာ အဓိပ္ပာယ်မရှိကြောင်း ပြသပါသည်။) ဗုခါရီကျမ်းတွင် ဆင့်ပြန်ထားသော ဟဒီးဆ်တော် တစ်ပုဒ်အရ တမန်တော်မြတ်(ﷺ)သခင်သည် ဗိုင်သုလ်မုကတ်စ်ဒစ်ကို ကိဗ်လဟ်အဖြစ် ထား၍ ၁၆-လ(သို့)၁၇-လခန့် ဆွလာသ်ဝတ်ပြုဆောက်တည်ခဲ့သည်ဆိုသည်။ ဤနည်းအတိုင်း တမန်တော်မြတ်(ﷺ)သခင် ဆွလာသ်ဝတ်ပြုခဲ့သည့်နေရာကို မဒီနဟ်မြို့ရှိ ဗလီဝတ်ကျောင်းတော်တွင် ယနေ့တိုင် မှတ်သားထားခဲ့ပါသည်။ (ကုရ်တုဗီ)

တမန်တော်မြတ်(ﷺ)သခင်သည် အမိန့်နာခံခြင်းကို အကောင်းဆုံးသရုပ်ဖော်ဆောင်နေသူတစ်ဦးဖြစ်သည့်အလျောက် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်မြတ်အတိုင်း ကိုယ်တော်မြတ်(ﷺ)သခင်၏ ဆွလာသ်ဝတ်ပြုဆောက်တည်မှုများကိုဗိုင်သုလ်မုကတ်စ်ဒစ်ဘက်သို့ ကိဗ်လဟ်အဖြစ် မျက်နှာပြုကာ ဆက်လက် ဆောက်တည်ခဲ့ပါသည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် အာဒမ်(عليه السلام)သခင်နှင့် အိဗ်ရာဟီမ်(عليه السلام)သခင်တို့၏ 'ကိဗ်လဟ်'ဖြစ်သော ကာအ်ဗဟ်ကျောင်းတော်ဘက်သို့လည်း မျက်နှာမူ၍ ဝတ်ပြုဆောက်တည်လိုစိတ်ရှိခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ် ၏ ဓလေ့တော်မှာ အလ္လာဟ်အရှင်မြတ်၏ အသနားတော်ဖြင့် အရှင်မြတ် အရေးပေးခံရသော ကျေးကျွန်၏ဆန္ဒကို မကြာခဏ ဖြည့်ဆည်းပေးလေ့ရှိပါသည်။ တမန်တော်မြတ်(ﷺ)သခင်ကလည်း အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်၏ဆန္ဒကို ဖြည့်ဆည်းပေးလိမ့်မည်ဟု မျှော်လင့်ခဲ့ပါသည်။

ဤအချင်းအရာနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်က အောက်ပါအတိုင်း မိန့်ကြားထားပါသည်။

قَدْ نَرٰى تَقَلُّبَ وَجْهِكَ فِي السَّمَآءِ ۚ فَلَنُوَلِّيَنَّكَ قِبْلَةً تَرْضٰهَا فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ ۔

**"အသင်သည် (မိမိစိတ်တွင်းဝယ် ဆွလာသ်ဝတ်ပြုရာ၌ မျက်နှာမူရန် ကာအ်ဗဟ်ကျောင်းတော်ကို ကိဗ်လဟ်ဖြစ်စေလို၍ အလ္လာဟ်အရှင်မြတ်ထံတော်၌ အမိန့်တော်ကို မျှော်လင့်လျက်) မိုးကောင်းကင်သို့ အကြိမ်ကြိမ်မျက်နှာမော်၍ ကြည့်နေသည်ကို ငါအရှင်မြတ်သည် မုချမြင်တော်မူသည်ဖြစ်လေရာ အသင်နှစ်သက်လေသော 'ကိဗ်လဟ်'ဘက်သို့ အသင့်အား ငါအရှင်မြတ်သည် မုချဧကန်လှည့်၍ ပေးတော် မူအံ့။ သို့ဖြစ်ရာ (အို - နဗီတမန်တော်) အသင်သည် မိမိမျက်နှာကို (ယခုအချိန်မှစ၍ ဆွလာသ်ဝတ်ပြုရာတွင်) မတ်စ်ဂျိဒ်ဟရာမ် ကျောင်းတော်ဘက်သို့ လှည့်ပါလေ။" (၂း၁၄၄)**

ကျွန်ုပ်တို့ညွှန်းဆိုခဲ့သော အာယသ်တော်ထဲတွင် ကာအ်ဗဟ် (သို့) ဗိုင်သုလ်လာဟ်ဟူသော ဝေါဟာရ သုံးနှုံးမထားဘဲ 'အလ်မတ်စ်ဂျိဒ်အလ်ဟရာမ်' (မြင့်မြတ်သောဝတ်ကျောင်းတော်)ဟူ၍ သုံးနှုံးထားသည်ကို သတိပြုသင့်ပါသည်။ ထိုအချက်က ဖော်ညွှန်းသည်မှာ ကာအ်ဗဟ်ကျောင်းတော်နှင့်ဝေးလံသောအရပ်တွင် နေထိုင်သော သူများ ဆွလာသ်ဝတ်ပြုဆောက်တည်ရာတွင် ကာအ်ဗဟ်ကျောင်းတော်သည် ၎င်းတို့ရှေ့တည့်တည့်တွင် ရှိနေရန် မလိုကြောင်းနှင့် အလ္လာဟ်အရှင်မြတ်၏အိမ်တော်ရှိရာအရပ်သို့ မျက်နှာမူလိုက်ရုံမျှဖြင့် လုံးဝလုံလောက်ကြောင်း ဖော်ညွှန်းပါသည်။ တစ်ဖက်တွင်မူ မြင့်မြတ်တော်မူသော ဝတ်ကျောင်းတော်တွင်ရှိနေသူများနှင့် (သို့) ခပ်လှမ်းလှမ်းမှပင် ကာအ်ဗဟ်ကို မြင်တွေ့နိုင်သောနေရာတွင်ရှိနေသူများသည် ကာအ်ဗဟ်ကျောင်းတော် (သို့) ကာအ်ဗဟ်၏

တစ်စိတ်တစ်ဒေသသည်ပင်လျှင် ဆွေလာသ်ဝတ်ပြုဆောက်တည်သူ၏ ရှေ့တွင်ရှိရန်လိုအပ်သည်။ ထိုကဲ့သို့ မပြုလုပ်ပါက ၎င်းတို့၏ ဆွေလာသ်ဝတ်ပြုမှုသည် တရားဝင်မည်မဟုတ်။

ဟိဂျ်ရသ်ပြုတော်မူပြီး ၁၆-လ (သို့) ၁၇-လ ကြာခဲ့ပြီးနောက် ကအ်ဗဟ်ကျောင်းတော်ကို ကိဗ်လဟ် အဖြစ် အတည်ပြုခဲ့ပြီးသောအချိန်တွင် အချို့ယဟူဒီများ၊ တုဖက်ယှဉ်တွဲကိုးကွယ်သူများနှင့် အရေခြုံများတို့သည် တမန်တော်မြတ်(ﷺ)သခင်နှင့် ဆွေဟာဗဟ်သာဝကကြီးများအား ကိဗ်လဟ်ကိစ္စနှင့်ပတ်သက်၍ စိတ်ကူးပေါက်ရာ လုပ်သည်ဟု လှောင်ပြောင်သရော်ခဲ့ကြသည်။ ဤစောဒကတက်မှုနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားသည်မှာ ယင်းကဲ့သို့ စောဒကတက်ခြင်းသည် မိုက်မဲသောသူများကသာ ပြုလုပ်နိုင်ကြသည်ဟု မိန့်ကြားသည်။ ထိုသူများ၏ လုပ်ဆောင်မှုသည် ဤစူရတ်၏ အစောပိုင်းဖော်ပြခဲ့သော အိဗ်ရာဟီမ်(عليه السلام) သခင်၏ သာသနာမှ ဖယ်ခွာသွားသူများအား လောဘမောဟဖုံးလွှမ်းနေသူများအဖြစ် ဖော်ပြသကဲ့သို့ မိန့်ကြားထားခြင်းဖြစ်သည်။ ဤစောဒကကို ပြန်ကြားရာ၌ ၎င်းတို့၏မိုက်မဲမှုမှာ အရှေ့အနောက် အရပ်နှစ်ခုစလုံးသည် အလ္လာဟ် အရှင်မြတ်သာလျှင် ပိုင်စိုးတော်မူကြောင်း မသိ၍မဟုတ်ချေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်သည် နှစ်သက်တော်မူသောသူကိုသာလျှင် ဖြောင့်မတ်သောလမ်းကို ညွှန်ပြတော်မူသည်ကိုလည်း မသိ၍မဟုတ်ချေ။ ထို့ကြောင့် အာယသ်တော်က မျက်နှာမူရာအရပ်ကို ရွေးချယ်ခြင်း၏အဓိပ္ပာယ်ကို ရှင်းပြပါသည်။ ဆိုလိုသည်မှာ ကအ်ဗဟ် ကျောင်းတော်ဖြစ်စေ၊ ဗိုင်သုလ်မုကတ်စ်ဒစ်ဖြစ်စေ ယင်းတို့ကိုယ်၌က ဘာမျှမြင့်မြတ်သည်မဟုတ်ချေ။ အလ္လာဟ် အရှင်မြတ် အမိန့်တော်အရ ကိဗ်လဟ်ဖြစ်ခြင်းကြောင့်သာလျှင် ယင်းတို့ ထူးခြားရပါသည်။ ကိဗ်လဟ်နှင့် ပတ်သက်လျှင် အခြားနေရာကိုလည်း အလွယ်တကူရွေးချယ်ရနိုင်ပါသည်။ သီးခြားကိဗ်လဟ်တစ်ခုအဖြစ် ရွေးချယ်ခြင်း၏ အကျိုးကျေးဇူးမှာ တစ်စုံတစ်ဦး၏ အလ္လာဟ်အရှင်မြတ် အမိန့်တော်ကို နာခံခြင်းနှင့် အလ္လာဟ် ဆန္ဒတော်ကို မိမိကိုယ်မိမိလုံးဝဥဿုံ အပ်နှင်းနာခံခြင်းဖြစ်ပါသည်။ ထိုအခြေခံမူသည် ကအ်ဗဟ်ကျောင်းတော် တည်ဆောက်ခဲ့သော စိုက်ယိဒိနာ အိဗ်ရာဟီမ်(عليه السلام)သခင် သာသနာ၏မူဖြစ်ပါသည်။ စင်စစ် ကုရ်အာန် ကျမ်းတော်မြတ်က ဤမှန်ကန်ချက်ကို ရှင်းလင်းပြတ်သားစွာဖော်ပြထားသည်မှာ -

لَيْسَ الْبِرَّ اَنْ تُوَلُّوْا وُجُوْهَكُمْ قِبَلَ الْمَشْرِقِ وَالْمَغْرِبِ

وَلٰكِنَّ الْبِرَّ مَنْ اٰمَنَ بِاللّٰهِ

**“အရှေ့အရပ်သို့လည်းကောင်း၊ အနောက်အရပ်သို့လည်းကောင်း မျက်နှာမူခြင်းသည် (သာလျှင်) အသင်တို့အဖို့ ကောင်းမြတ်သောအကျင့်သီလ မဟုတ်သေးပေ။ ကောင်းမြတ်သော သီလရှိသူတို့ဟူသည်ကား အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း ယုံကြည်မြတ်နိုးကြသူများတည်း။”** (၂း၁၇၇)

သို့မဟုတ် အစောပိုင်းအာယသ်တော်တစ်ခုတွင် -

اَيْنَمَا تُوَلُّوْا فَثَمَّ وَجْهُ اللّٰهِ

**“သို့ဖြစ်လေရာ အသင်တို့သည် (ထိုအရှင်မြတ်ကို ခဝတ်ကိုးကွယ်ရာ၌) မည်သည့်ဘက်သို့မဆို မျက်နှာမူကြပါမူ ထို(မျက်နှာပြုရာ)ဘက်၌ပင်**

**အလ္လာဟ် အရှင်မြတ်၏ မျက်နှာတော်သည် (အသင်တို့ရှေ့တွင်)ရှိနေတော်မူသည်။”** (၂း၁၁၅)

မျက်နှာမူရာအရပ်ရွေးချယ်ခြင်း၏ ထူးခြားမှုနှင့် အဓိပ္ပာယ်ကို ဤအာယသ်တော်များက ရှင်းလင်းစွာဖော်ပြထားသည်။ ဆိုလိုသည်မှာ ကိဗ်လဟ်အဖြစ် အသုံးပြုရန် ရွေးချယ်ထားသည့်ဌာနသည် ပင်ကိုယ် ထိုက်တန်သော ဂုဏ်မရှိချေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်က ရွေးချယ်သတ်မှတ်၍သာလျှင် ထူးခြားထိုက်တန်သည့် ဂုဏ်ရရှိခြင်းဖြစ်သည်။ ထိုနည်းတူစွာ ထိုအရပ်ဘက်သို့ မျက်နှာမူ၍ ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းသည် အလ္လာဟ် အရှင်မြတ် အမိန့်တော်ကို နာခံရန်အသင့်ဖြစ်နေကြောင်း ပြသခြင်းကြောင့် ကောင်းမှုကုသိုလ်ရရှိသော အပြုအမူဖြစ်သွားသည်။ တမန်တော်မြတ်(ﷺ)သခင်အတွက် ကိဗ်လဟ်ပြောင်းခြင်း၏ အကျိုးကြောင်းဆီလျော် ညီညွတ်ခြင်းက ကိဗ်လဟ်သည် ရုပ်ထုသဖွယ် ကိုးကွယ်ရန်မဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်အမိန့်တော်၏ ခိုင်လုံသော ဖော်ပြချက်တစ်ရပ်ကို လူအများမြင်သာအောင် ပြသရန်သာဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ် ကြိုက်နှစ်သက်သောအချိန်တွင် ကြိုက်နှစ်သက်သလို ပြောင်းလဲနိုင်ပါသည်။ စင်စစ်နောက်လာမည့် အာယသ်တော်(၂း၁၄၃)သည် ဗိုင်သုလ်မုကတ်စ်ဒစ်ကို ကိဗ်လဟ်အဖြစ် အစောပိုင်းက သတ်မှတ်ထားခြင်းသည် တမန်တော်မြတ်(ﷺ)သခင်ကို မည်သူနာခံမည် မနာခံမည်ဆိုသည်ကို ပြသရန်အတွက်ရည်စူးကာ သတ်မှတ်ထားခဲ့ကြောင်း ရှင်းလင်းစွာဖော်ပြထားပါသည်။

ထို့ကြောင့် အာယသ်တော် ၁၄၂ သည် အစ္စလာမ်သာသနာအား ဆန့်ကျင်သူများကို ပြည့်စုံစွာနှင့် မဟုတ်မမှန်ကြောင် ငြင်းဆိုပြီး အလ္လာဟ်အရှင်မြတ် နှစ်သက်သူ မည်သူမဆို ဖြောင့်မတ်မှန်ကန်သောလမ်းကို ညွှန်ပြကြောင်းထောက်ပြပါသည်။ ဖြောင့်မတ်မှန်ကန်သောလမ်းဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို ညည်းညူမှုမရှိဘဲ နာခံရန်အဆင်သင့်ဖြစ်နေခြင်းကိုခေါ်ဆိုသည်။

ထို့ပြင် ဤဖြောင့်မတ်မှန်ကန်သောလမ်းကို အလ္လာဟ်အရှင်မြတ် ကျေးဇူးတော်ဖြင့် မုစ်လင်မ်များအား ပေးအပ်ချီးမြှင့်ခြင်းခံရပါသည်။ ရှရီအသ်တော်များ၏ အမိန့်ပညတ်ချက်များ ဖြောင့်မတ်မှန်ကန်ခြင်းနှင့် ပတ်သက်လျှင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်တစ်ခုစီ အပေါ်၌ စောဒကတက်ခြင်းနှင့် စူးစမ်းလိုစိတ်မရှိဘဲ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်တိုင်းကို နာခံခြင်းအပေါ်တွင် မူတည်သည်ဟု အကြံပြုကြပါသည်။ အဘယ့်ကြောင့်ဆိုသော် အမိန့်ပညတ်တော်တစ်ခုစီ၏ အကြောင်းရင်းကို ရှာဖွေလိုသောသူများသည် ရှရီအသ်တရားတော်များကို မနာခံလို၍သော်လည်းကောင်း၊ အသရေဖျက်လို၍သော်လည်းကောင်း၊ ငြင်းပယ်လို၍သော်လည်းကောင်း ဖြစ်သောကြောင့် ထိုသို့ပြုမူခြင်းဖြစ်သည်။

အိမာမ် အဟ်မဒ် ပြုစုခဲ့သော မုစ်နာဒ်ကျမ်းတွင် အာအိရှာ်(**رضى الله عنها**) သခင်မကြီးက ဆင့်ပြန်ခဲ့သော ဟဒီးဆ် တော်တစ်ပုဒ်အရ ကျမ်းရပုဂ္ဂိုလ်များသည် အောက်ပါ အချက်(၃)ချက်ရ မုစ်လင်မ်များကို မနာလိုဝန်တိုကြပါသည်။

(၁) ရက်သတ္တတစ်ပတ်တွင် နေ့တစ်ရက်ကို ရွေးချယ်၍ ခဝတ်ကိုးကွယ်မှုပြုရန်အတွက် အုမွသ်တိုင်းကို အလ္လာဟ် အရှင်မြတ်က အမိန့်ပေးခဲ့ပါသည်။ ထိုအမိန့်ကို ပြန်ကြားရာ၌ ယဟူဒီများက စနေနေ့ကိုလည်းကောင်း၊ နဆ္ဆာရာနီ

များက တနင်္ဂနွေနေ့ကိုလည်းကောင်း ရွေးချယ်ကြသည်။ မုစ်လင်မ်များကမူ သောကြာနေ့ကို ရွေးချယ်ခဲ့ရာ ထိုသောကြာနေ့သည် အလ္လာဟ်အရှင်မြတ် အနှစ်သက်ဆုံးနေ့ဖြစ်သည်။

(၂) ကိဗ်လဟ်အဖြစ် အသုံးပြုရန် ကအ်ဗဟ်ကျောင်းတော်ကို မုစ်လင်မ်များအတွက်သာ သတ်မှတ်ခဲ့၍ အခြားမည်သူ့အတွက်မှ မသတ်မှတ်ခဲ့ပါ။

(၃) ရှေ့ဆောင်အိမာမ်၏နောက်၌ ဆွလာသ်ဝတ်ပြုဆောက်တည်နေစဉ်အတွင်း အာမီးန်ဆိုခွင့်ကို မုစ်လင်မ်များကိုသာ ပေးအပ်ခဲ့၍ဖြစ်သည်။

w w w w w w w

အာယသ် (၂း ၁၄၃) .....

وَكَذَٰلِكَ جَعَلْنَٰكُمْ أُمَّةً وَسَطًا لِّتَكُونُوا۟ شُهَدَآءَ عَلَى ٱلنَّاسِ وَيَكُونَ ٱلرَّسُولُ عَلَيْكُمْ شَهِيدًا

**"ထို့ပြင် ဤနည်းနှင်နှင် ငါအရှင်မြတ်သည် အသင်တို့ကိုလည်း အလယ်အလတ် သာသနာဝင်များအဖြစ် ပြုတော်မူခဲ့လေပြီ။ (ယင်းကဲ့သို့ပြုတော်မူခြင်းမှာ) အသင်တို့သည် လူခပ်သိမ်းတို့အဖို့ အသိသက်သေများဖြစ်စေအံ့သောငှာလည်းကောင်း၊ ထို့ပြင် ရစူလ်တမန်တော် (မုဟမ္မဒ်)သည်လည်း အသင်တို့အဖို့ အသိသက်သေဖြစ်စိမ့် သောငှာလည်းကောင်း (ပြုတော်မူခြင်းပင်) ဖြစ်လေသည်။ "** (၂း၁၄၃)

ဤအာယသ်တော်သည် အစ္စလာမ့်အုမ္မသ် (အစ္စလာမ့်လူ့အဖွဲ့အစည်း)အား (ဝစတ္တိ)ဟူသော စကားလုံးဖြင့် အထူးပြုထားပါသည်။ ထိုစကားလုံးအဓိပ္ပာယ်မှာ 'မျှတခြင်း၊ အလယ်အလတ် (သို့မဟုတ်) ဗဟို'ဟူ၍ဖြစ်သည်။ ထိုစကားလုံးကို ၎င်း၏အမျိုးအစားထဲတွင် အကောင်းဆုံးဟု ယူဆရသောအရာနှင့်ပတ်သက်၍ သုံးနှုန်းသည်။ အလ်သိစ်ရ်မိဇီကျမ်းတွင် ဆွဟာဗဟ်ကြီး အဗူစအီးဒ် အလ်ခုဒ်ရီ(ﷺ)မှ ဆင့်ပြန်ထားသည့် ဟဒီးဆ်တစ်ပုဒ်အရ 'ဝစတ္တိ'ဟူသော စကားလုံးသည် 'အကောင်းဆုံး'ဟူသော သဘောသက်ရောက်စေရန်အတွက် 'မျှတခြင်း'ဟု အဓိပ္ပာယ်ပြန်ဆိုရပါမည်။(ကုရ်သုဗီ) အားလုံးသောမျက်နှာမူရာအရပ်များထက်သာလွန်ကောင်းမွန်သော ကိဗ်လတ်ကို မုစ်လင်မ်များအား အလ္လာဟ်အရှင်မြတ်ပေးအပ်သကဲ့သို့ အစ္စလာမ့်အုမ္မသ် အစ္စလာမ့်လူ့အဖွဲ့အစည်းအား မျှတခြင်း၊ သမာသမတ်ရှိခြင်းဟူသော အနှိုင်းမဲ့သည့် ထူးခြားချက်များကိုလည်း ပေးသနားထားတော်မူသည်။ အချုပ်အားဖြင့် အားလုံးသော အုမ္မသ်များနှင့် ရှေးရိုးအစဉ်အလာ လူ့အဖွဲ့အစည်းများကြားတွင် အစ္စလာမ့်အုမ္မသ်က အလယ်ဗဟိုအဆင့်အတန်းတွင် နေရာယူနိုင်သည့်ဂုဏ်ပင်ဖြစ်သည်။

ဤထူးခြားမှုက တရားစီရင်မည့်နေ့တွင် ပြည့်ပြည့်ဝဝ ထွန်းလင်းတောက်ပသည့်အနေနှင့် ထင်ရှားပေါ်လွင်နေလိမ့်မည်။ ၎င်းတို့၏ တမန်တော်များကို ငြင်းဆန်ခဲ့ကြသော ရှေးလွန်လေပြီးသော အုမ္မသ်တို့က ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ထံမှ ကျမ်းတစ်စောင် မည်သည့်အခါကမျှ မရခဲ့သယောင်နှင့် မည်သည့်တမန်တော်ကမျှ မည်သည့်လမ်းညွှန်မှုကို မပေးအပ်ခဲ့သယောင် ပြောကြားခဲ့သည်။ ထို့နောက် အစ္စလာမ့်အုမ္မသ်ထုအား သက်သေခံရန် ဆင့်ခေါ်ခဲ့သောအခါ ၎င်းတို့က အလ္လာဟ်အရှင်မြတ်သည် ခေတ်အဆက်ဆက်တွင် တမန်တော်များ စေလွှတ်ခဲ့ကြောင်းနှင့် လူတိုင်းအတွက် လမ်းညွှန်မှုပေးခဲ့ကြောင်း သက်သေခံကြမည်ဖြစ်သည်။ အစ္စလာမ့်အုမ္မသ်သည် ၎င်းတို့ခေတ်ကာလက မရှိခဲ့သေးသောကြောင့် ထိုအချိန်က အဖြစ်အပျက်များကို မသိရှိနိုင်ကြောင်းနှင့် ထိုအချိန်က အဖြစ်အပျက်ကို သက်သေခံခြင်းမှာ မခိုင်လုံကြောင်း စောဒကတက်ကြပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ အစ္စလာမ့်အုမ္မသ်ထုက ပြန်လည်ဖြေကြားရာတွင် ၎င်းတို့သည် အဖြစ်အပျက်နှင့်ပတ်သက်၍ မျက်မြင်ကိုယ်တွေ့မဟုတ်လင့်ကစား ခိုင်လုံသော ဆင့်ပြန်ချက်များနှင့် ယုံကြည်စိတ်ချရသော အကြောင်းအချက်များကို နောက်ဆုံးတမန်တော်

(ﷺ)သခင်နှင့် အလ္လာဟ်အရှင်မြတ်၏ နောက်ဆုံးကျမ်းစာမှတစ်ဆင့် အချက်အလက်များရရှိခဲ့ကြောင်း အခိုင်အမာပြောဆိုကြပါသည်။ တမန်တော်မြတ်(ﷺ)သခင်ကိုယ်တိုင် ဆင့်ခေါ်ခံခဲ့ရာတွင် ကိုယ်တော်မြတ်(ﷺ) ကိုယ်တော်တိုင်က အုမ္မသ်ထု၏ သက်သေခံချက်ကို အတည်ပြုပါလိမ့်မည်။ (အသေးစိပ်ကို အလ်ဗုခါရီ၊ အလ်သိရ်ဓိဇီ၊ အလ်နစအီနှင့် အီမာမ်အဟ်မဒ်တို့၏ ဟဒီးဆ်တော်ဆင့်ပြန်ချက်များတွင် ကြည့်ရှုနိုင်သည်။)

## လူတို့တွင် အလွန်မျှတသောသူများ

အခြားသူများထက် အစ္စလာမ့်အုမ္မသ်ထုအပေါ် သာလွန်ခြင်းဟူသည့် ထူးခြားသည့်အရည်အချင်းသည် 'ဝစတ်ဝ်'ကြောင့်ဖြစ်သည်ဟု ဤအာယသ်တော်အရသိရပါသည်။ 'ဝစတ်ဝ်'ဟူသော စကားလုံးသည် အလယ်အလတ် ဖြစ်ဆုံး၊ သမာသမတ်၊ မျှတခြင်း၊ အလယ်ဖြစ်ခြင်း၊ ဗဟို (သို့) မျှတစွာချိန်ဆထားခြင်းဟု အသီးသီးဘာသာပြန်ဆိုကြပါသည်။ ဤ'ဝစတ်ဝ်'ဟူသောစကားလုံးပါဝင် ပက်သတ်မှုကို ရှင်းလင်းရန်အလို့ငှာ ဋီကာရှင်များသည် အခြားအရဗီနာမဝိသေသနဖြစ်သော မုအ်တဒီလ်နှင့် နာမ် 'အိအ်တီဒါလ်'ကို သုံးနှုံးကြပါသည်။ မုအ်တဒီလ်ဆိုသည်မှာ အလယ်အလတ် (သို့) သမမျှတခြင်းဖြစ်၍ အိအ်တီဒါလ်မှာ မျှတခြင်းဖြစ်သည်။ ထိုစကားလုံးနှစ်ခုလုံးသည် အဒ်လ်ဟူသောစကားလုံးမှ ဆင်းသက်လာ၍ အဓိပ္ပာယ်မှာ တူညီစေရန် (သို့) တူညီစေရန်ပြုလုပ်မှုဟူ၍ ဖြစ်သည်။

အလယ်အလတ်ကျသည့် အရည်အချင်းရှိရုံမျှဖြင့် လူ့အစုအဝေးတစ်ခု (သို့) လူတစ်ဦးသည် အဘယ့်ကြောင့် ထူးကဲမြင့်မြတ်ရပါသနည်း။ ဤအချက်ကို သိလိုကြပေမည်။

ကျွန်ုပ်တို့သည် ဤဆွေးနွေးမှုကိုထင်သာမြင်သာရှိသည့် အကြောင်းအရာဖြင့် စတင်ကြမည်။ ခေတ်ဟောင်းခေတ်သစ်ဆေးပညာရပ်များက တညီတညွတ်တည်း လက်ခံထားကြသော အခြေခံသဘောထားတစ်ရပ်ရှိ၏။ ယင်းမှာ လူ့ခန္ဓာကိုယ်၏ကျန်းမာရေးသည် ခန္ဓာကိုယ်တွင်ပါဝင်ဖွဲ့စည်းလျက်ရှိသည့် အမျိုးမျိုးအထွေထွေသော ဓါတ်သဘာဝတို့၏ ညီညွတ်မျှတမှုအပေါ်မှာ မူတည်လျက်ရှိ၏။ ဤကဲ့သို့ ညီညွတ်မျှတနေရာမှ တစ်စုံတစ်ရာတို့တွင် ဖောက်ပြန်မှုကြောင့် မကျန်းမာခြင်းနှင့် ရောဂါဘယဖြစ်ပွားရခြင်းဖြစ်၏။ ရှေးဟောင်းဂရိဆေးပညာ (နောင်အခါတွင် မုစ်လင်မ်တို့က ဤဆေးပညာရပ်ကို တိုးတက်ဖွံ့ဖြိုးစေရန် ပြုစုခဲ့ကြပြီး ယူနာနီ ဆေးပညာဟု ခေါ်ဆိုခဲ့ကြ၏။)အရ ခန္ဓာကိုယ်၏ အဓိကဓါတ်သဘာဝများမှာ လေးမျိုးဖြစ်သည်။ သွေး၊ သလိပ်၊ သည်းခြေဝါ၊ သည်းခြေနက် ဟူ၍ဖြစ်သည်။ ဤလေးမျိုးက ခန္ဓာကိုယ်တွင်း၌ ပူခြင်း၊ အေးခြင်း၊ စွတ်စိုခြင်း၊ ခြောက်သွေ့ခြင်း စသည့် ခန္ဓာကိုယ်တွင်း အခြေအနေများကိုဖြစ်ပေါ်စေသည်။ ဤအခြေအနေများ တစ်ခုနှင့်တစ်ခု သဟဇာတဖြစ်နေသည်နှင့်အမျှ ခန္ဓာကိုယ်၏ ကျန်းမာရေးကောင်းမွန်နေမည်ဖြစ်သည်။ ခန္ဓာကိုယ်တွင်း အခြေအနေပုံမှန်ရှိရမည့် အတိုင်းအတာပမာဏမှ အတိုးအလျော့မမျှမတဖြစ်လာလျှင်ကား ခန္ဓာကိုယ်သည် ရောဂါစွဲကပ်တော့သည်။ ဤကဲ့သို့ပုံမှန်မဟုတ်သည့်အခြေအနေမှ သင့်တင့်မျှတသည့်အခြေအနေသို့ အချိန်မီပြန်ရောက်ခြင်းမရှိပါက အသက်ဆုံးရှုံးသည့်အဖြစ်သို့ ဆိုက်ရောက်သွားလိမ့်မည်။ အလားတူပင် စာရိတ္တနှင့် ဝိညာဉ်ပိုင်းဆိုင်ရာကဏ္ဍ၏ ကျန်းမာမှုသည်လည်းအတွင်းပိုင်းညီညွတ်မှုနှင့် မျှတမှုအပေါ်တွင် တည်မှီနေသည်။ ဝိညာဉ်ပိုင်းဆိုင်ရာ မကျန်းမာမှုသည်လည်း မညီညွတ်မမျှတမှုကြောင့်ဖြစ်ရသည်။ အကယ်၍ ထိုရောဂါဆက်လက်ရှင်သန်နေမည်ဆိုပါက ဝိညာဉ်၏ပျက်စီးဆုံးရှုံးမှုရလဒ်ထွက်ပေါ်လာမည်ဖြစ်သည်။

ဤတွင် ကြည့်ရှုဆင်ခြင်သူအဖို့ အလွယ်တကူ တွေ့မြင်နိုင်သော အချက်တစ်ခုရှိနေပေသည်။ အဖန်ဆင်းခံများအနက် လူသားသည် အမြင့်မားဆုံးသောအဆင့်အတန်း၌ရှိနေသည်။ ဤသို့ရှိခြင်းသည် ရုပ်ပိုင်းဆိုင်ရာအခြေအနေပေါ်တွင် တည်သည်မဟုတ်ချေ။ ခန္ဓာကိုယ် ရုပ်အဆင်းသဏ္ဌာန်ကြောင့် အဆင့်အတန်းမြင့်မားရမည်ဆိုလျှင် အခြားသောသက်ရှိတိရစ္ဆာန်များတွင်လည်း အလားတူ ရုပ်ဆင်းသဏ္ဌာန်အသီးသီးပိုင်ဆိုင်ထားကြသည်သာဖြစ်၏။ လူသားတွင် ထိုရုပ်ပိုင်းထက် ပိုမိုမြင့်မား၍ သိမ်မွေ့သောနာမ်ပိုင်းဆိုင်ရာပြည့်ဝမှုကြောင့်သာလျှင် အထွတ်အထိပ်၌ရှိရာသည်။ ဆုဖီစာဆိုကြီး မော်လာရူမီသခင်က ဤအချက်ကိုရေးသားစပ်ဆိုခဲ့သည်မှာ "လူပီသသော လူဟူသည် လူ၏အသား၊ လူ၏အဆီ၊ လူ၏အရေပြားပေါ်တွင် မူတည်သည်မဟုတ်။ လူဆိုသည်မှာ အလွှာတ်အရှင်မြတ်ကျေနပ်နှစ်သက်မှုကို ရှာဖွေသူသာလျှင် လူစစ်စစ်ဖြစ်သည်။" တဖန်ဤကဲ့သို့ လူသား၏လိုအပ်သော အရည်အသွေးကို တန်ဖိုးမထား၊ ဖျက်လိုဖျက်ဆီးပြုမူကြသောသူတို့အား မော်လာနာရူမီက အသင့်ပတ်ဝန်းကျင်တွင် တွေ့သမျှတို့သည် စင်စစ် လူ့အရေခြုံထားခြင်းသာဖြစ်သည်ဟုဆိုသည်။

## စကြဝဠာလုံးဆိုင်ရာလူသား

ဤသို့ဖြင့် အလ်အင်စာန် အလ်ကာမိလ်၊ စကြဝဠာလုံးဆိုင်ရာလူသားခေါ် ပြီးပြည့်စုံသောလူသားဟူသောဘွဲ့ထူးကိုရုပ်ပိုင်းဆိုင်ရာမျှတမှုနှင့်အတူ စာရိတ္တပိုင်း၊ စိတ်ဓါတ်ပိုင်းဆိုင်ရာ မျှတသော အရည်အချင်းများကို ပိုင်ဆိုင်သည့် လူသားသာလျှင် ခံယူထိုက်သည်ဟူ၍ ကျွန်ုပ်တို့ကောက်ချက်ချရပေမည်။ တစ်ဖန် ဤအရည်အချင်းကိုလည်း အလွှာတ်အရှင်မြတ်သည် တမန်တော်များ(ﷺ)ကို အထူးသဖြင့် ချီးမြှင့်တော်မူသည်။ ထို့နောက် အကောင်းဆုံး စံနမူနာကို တမန်တော်မြတ်(ﷺ)အား အပ်နှင်းထားတော်မူသည်။ သို့အတွက် တမန်တော်မြတ်သည် ပြီးပြည့်စုံဆုံး သော လူသားဖြစ်သည်။

အလွှာတ်အရှင်မြတ်သည် ကရုဏာတော်အားဖြင့် ထွေပြားစုံလင်လှသော ဆေးဝါးများ၊ ဆေးဝါးကိရိယာများ၊ သမားတော်များနှင့် ဆရာဝန်များကို လူသား၏ ရုပ်ပိုင်းကောင်းမွန်ရေးအတွက် တစ်ဖက်တွင် ဖန်ဆင်းတော်မူသည်။ ထိုနည်းတူအရှင်မြတ်သည် လူသားအတွက် တရားလမ်းညွှန်မှုကို ဆောင်ကျဉ်းလာသောတမန်တော်များ(ﷺ)ကို စေလွှတ်တော်မူခဲ့သည်။ ထိုတမန်တော်များသည် ရုပ်ပိုင်းဆိုင်ရာ အင်အားများကိုလည်း ပေးအပ်ခြင်းခံခဲ့ရသည်။ ယင်းသို့ဖြည့်ဆည်းပေးခဲ့သည်မှာ ၎င်းတို့အနေနှင့် ကမ္ဘာမြေပြင်တွင် သာတူညီမျှမှုနှင့် အလယ်အလတ်ကျသည့် တရားဥပဒေကို ဖြန့်ချိနိုင်စေရန်ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်က လူသားထံသို့ နဗီတမန်တော်များစေလွှတ်ပြီး ကောင်းကင်ကျကျမ်းတော်များချပေးရခြင်းကို ဤသို့ရှင်းပြခဲ့သည်။

لَقَدْ اَرْسَلْنَا رُسُلَنَا بِالْبَيِّنٰتِ وَاَنْزَلْنَا مَعَهُمُ الْكِتٰبَ وَالْمِيْزَانَ لِيَقُوْمَ النَّاسُ
بِالْقِسْطِ وَاَنْزَلْنَا الْحَدِيْدَ فِيْهِ بَاْسٌ شَدِيْدٌ وَّمَنَافِعُ لِلنَّاسِ

**'စကန်မလွဲ ငါအရှင်မြတ်သည် မိမိရရှိလိတမန်တော်များအား ထင်ရှားစွာသော သက်သေလက္ခဏာတော်များနှင့် တကွ စေလွှတ်တော်မူခဲ့၏။ ထိုမှတစ်ပါး**

**ငါအရှင်မြတ်သည် ထိုရစူလ်တမန်တော်များနှင့်အတူ လူတို့သည် တရားမျှတမှု ပေါ်၌ ရပ်တည်ကြအံ့သောငှာ ကျမ်းဂန်ကိုလည်းကောင်း၊ တရားမျှတမှု(ချိန်ခွင်) ကိုလည်းကောင်း ချပေးသနားတော်မူခဲ့၏။ ထိုမှတစ်ပါး ငါအရှင်မြတ်သည် သံသတ္ထုကိုချပေးတော်မူခဲ့၏။ယင်းသံသတ္ထု၌ကြီးကျယ်ပြင်းထန်လှသောစွမ်းအင် ရှိလေသည်။ လူသားတို့အဖို့ အကျိုးကျေးဇူးများ လည်းရှိသည်။' (၅၇း၂၅)**

အထက်ပါအာယသ်တွင် ကျမ်းဂန်ဆိုသည်မှာ လူသား၏အတွင်းပိုင်းညီညွတ်မှုနှင့်သမမျှတမှုကို ပေါ်ပေါက်စေသောအရာအဖြစ် ရှင်းလင်းဖွင့်ဆိုရမည်ဖြစ်သည်။ ထို့နောက် မျှတမှု(ချိန်ခွင်)ဟူသည် လူ့အသိုင်းအဝိုင်းအတွင်း လူမှုဆက်ဆံရေးနှင့် စီးပွားရေးကူးလူးဆက်ဆံမှုနယ်ပယ်တွင် တရားမျှတမှုပေါ်ပေါက်စေရန်ဖြစ်သည်။ တရားမျှတမှု(ချိန်ခွင်)ဟူသည် တမန်တော်တိုင်း၏ ရှရီအသ်ကို ကိုယ်စားပြုထားသည်ဟု ဆိုဖွယ်ရှိသည်။ ထိုရှရီအသ်အရ ကမ္ဘာပေါ်တွင် စစ်မှန်သောတရားမျှတမှုကို သိရှိနိုင်သည်။ ထိုသို့သိခြင်းအားဖြင့် လူ့ဘဝနယ်ပယ်တိုင်းတွင် တရားမျှတမှုကို တည်တံ့အောင် ဖော်ဆောင်ပေးနိုင်သည်။ ယခု ဆွေးနွေးလက်စ အာယသ်ပါ အစွလာမ်အုမ္မသ်ကို (ဝစတ်)ဟူသော ဝေါဟာရဖြင့် ဝိသေသပြုထားသည့်အကြောင်းကို ပြန်လည်သုံးသပ်ကြည့်ကြပါစို့။ 'ဝစတ်'ဟူသော ဝေါဟာရက ဤလောကတွင် လူပုဂ္ဂိုလ်တစ်ဦးချင်းအရဖြစ်စေ လူ့အဖွဲ့အစည်းတစ်ရပ်အနေနှင့်ဖြစ်စေ ပိုင်ဆိုင်နိုင်ဖွယ်ရှိသမျှအရည်အချင်းအားလုံးကို ခြုံငုံမိစေကြောင်း ဤဆွေးနွေးချက်အရ ပေါ်လွင်ပါသည်။

ဤသို့ အစွလာမ်အုမ္မသ်ကို ဝိသေသပြုလိုက်ခြင်းဖြင့် ဤအုမ္မသ်သည် လူအဖြစ်တွင် မရှိမဖြစ်လိုအပ်သော အတိုင်းအတာတစ်ရပ်ကို ရရှိပိုင်ဆိုင်ထားသည်။ ထိုအရည်အချင်းကို အခြားအုမ္မသ်သားတို့ ရရှိခဲ့သည်မရှိ။ တဖန် ဤစကြဝဠာတစ်ခုလုံး၏ စီမံကိန်းနှင့် တမန်တော်များကို စေလွှတ်တော်မူခြင်း၊ ကျမ်းတော်များကို ချပေးရခြင်း၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းရာ၌ အခြားသောအုမ္မသ်တို့ထက် ဤအုမ္မသ်ကသာလွန်ကြောင်းကိုလည်း ကျမ်းတော်မြတ်ကုရ်အာန်က ဖော်ညွှန်းလိုက်ခြင်းပင် ဖြစ်ပါသည်။

## စကြဝဠာလုံးဆိုင်ရာ လူ့အဖွဲ့အစည်း

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်များတွင် အစွလာမ်အုမ္မသ်၏ ထူးခြားသောဂုဏ်ထူးဝိသေသများကို ပို၍တိကျသောစကားအသုံးအနှုန်းများဖြင့်ဖော်ပြထားသည်။ ဥပမာအားဖြင့် -

وَمِمَّنْ خَلَقْنَآ اُمَّةٌ يَّهْدُوْنَ بِالْحَقِّ وَبِهٖ يَعْدِلُوْنَ ○

**"၎င်းပြင် ငါအရှင်မြတ် ဖန်ဆင်းတော်မူသော သူတို့တွင် မှန်ကန်သောတရားမွေနှင့် အညီလမ်းညွှန်ကြသည့်အပြင် မိမိတို့ကိုယ်တိုင်လည်း ထိုတရားမွေနှင့် အညီ (လိုက်နာ)စီရင်ဆုံးဖြတ်သော လူတစ်စုသည်ရှိကြကုန်၏။" (၇း၁၈၁)**

ဆိုလိုသည်မှာ အစွလာမ်အုမ္မသ်သည် တစ်ဦးချင်းအလိုဆန္ဒနောက်သို့ လိုက်ပါခြင်းမပြုဘဲ ကိုယ်တိုင်ကကောင်းကင်ကျလမ်းညွှန်တရားများကို လိုက်နာပြီး၊ အခြားသူများကိုလည်း လိုက်နာစေခြင်းဖြင့် နာမ်ပိုင်း ဆိုင်ရာ

မျှတသောသဘောထားကို ထုတ်ဖော်ပြသသည်။ အငြင်းပွားမှုပဋိပက္ခအားလုံးကိုကောင်းကင်ကျတရားဥပဒေနှင့်အညီ ဖြေရှင်းစီရင်သည်။ ထိုသို့စီရင်ရာ၌ တစ်ဦးတစ်ဖွဲ့၏ပုဂ္ဂိုလ်ရေးအကျိုးစီးပွားကို ထောက်ထားခြင်းမပြုပေ။ အခြားအာယသ်တစ်ခု၌ ဤအကြောင်းအရာကို ပိုမိုအသေးစိပ်ဖော်ပြထားသည်။

كُنْتُمْ خَيْرَ اُمَّةٍ اُخْرِجَتْ لِلنَّاسِ تَاْمُرُوْنَ بِالْمَعْرُوْفِ وَتَنْهَوْنَ
عَنِ الْمُنْكَرِ وَتُؤْمِنُوْنَ بِاللهِ

**“အသင်တို့သည် လူခပင်းတို့အဖို့ (တရားဓမ္မညွှန်ကြားရန်အလို့ငှာ) ထွက်ပေါ်လာကြကုန်သော အကောင်းဆုံးသော သာသနာဝင် လူစုပင်တည်း။ (အကြောင်းမူကား) အသင်တို့သည် ကောင်းမြတ်သောကိစ္စများကို (ပြုလုပ်ကြရန်) ညွှန်ကြားကြသည်ပြင်၊ စက်ဆုပ်ရွံရှာဖွယ်ရာများမှလည်း မြစ်တားကြကုန်၏။ ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်း ယုံကြည်ကြကုန်၏။” (၃း၁၁၀)**

ဤအကောင်းဆုံးသောအုမ္မသ်အတွက်ပင် အမြတ်ဆုံးသော တမန်တော်ကို ချီးမြှင့်ပို့လွှတ်တော်မူခြင်းဖြစ်သည်။ ထိုတမန်တော်ကပင် အခြားတမန်တော်အားလုံးကို ကြည်ညိုလေးစားကြရန် ကျွန်ုပ်တို့ကို သင်ကြားပေးခဲ့သည်။ ဤအုမ္မသ်အတွက် ကောင်းကင်ကျကျမ်းအားလုံးတွင် အပြည့်စုံဆုံးနှင့် အပြောင်မြောက်ဆုံးသော ကျမ်းတစ်စောင်ကို ချီးမြှင့်ခြင်းခံရသည်။ ထို့ပြင် အခြားမည်သည့်အုမ္မသ်ကမျှ လိုက်မမီနိုင်သော အစွန်းတရား လွတ်ကင်းခြင်း၊ အလယ်အလတ်ဖြစ်ခြင်းနှင့် တရားမျှတခြင်း စသည့်အရည်အချင်းများကို အပ်နှင်းခြင်း ခံခဲ့ရ၏။

ထိုအုမ္မသ်သည် အသိပညာပိုင်းဆိုင်ရာတွင် အလွန်သိမ်မွေ့သည့်နည်းနာများကို လက်ခံရရှိခဲ့သူများအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသူများဖြစ်ကြသည်။ အမျိုးမျိုးသော ယုံကြည်မှုနှင့် လက်တွေ့ကျင့်ကြံမှုအမျိုးမျိုးတွင် အခြားသူများထက် သာလွန်၍ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့မှုတွင်လည်း အခြားသူများထက် သာလွန်သည်။ **اُخْرِجَتْ لِلنَّاسِ** “လူခပင်းတို့အဖို့ ထွက်ပေါ်လာကြကုန်သော”(၃း၁၁၀) ဟူသော စကားစုက ဤအုမ္မသ်သည် လူတို့ကို ကောင်းကျိုး ပြုရန် ဂျဟန္နမ်မှ လွတ်မြောက်ပြီး ဂျန္နသ်သို့ သွားရာလမ်းကို ကူညီညွှန်ပြရန်တည်းဟူသော ရည်ရွယ်ချက်အရ တည်ရှိလာရကြောင်း ရည်ညွှန်းလျက်ရှိ၏။ လူသားတို့အား ကောင်းမှုကောင်းရာဘက်သို့ ညွှန်ပြခြင်းနှင့် မကောင်းမှုဒုစရိုက်များမှ တားဆီးရေးသည် ဤအုမ္မသ်၏တာဝန်ဝတ္တရားဖြစ်သည်။ ဤသည်ပင် အုမ္မသ်၏ ထင်ရှားသော အမှတ်လက္ခဏာတစ်ရပ်ဖြစ်သည်။

ဤအုမ္မသ်အခန်းကဏ္ဍကို တိုတိုနှင့်လိုရင်းဖော်ပြသော ဟဒီးဆ်တစ်ပုဒ်ရှိ၏။ ယင်းမှာ **أَلدِّيْنُ النَّصِيْحَةُ** “ဒီန်သာသနာ ဆိုသည်မှာ သူတစ်ပါးတို့၏ (အထူးသဖြင့် မုစ်လင်မ်တို့၏) ကောင်းကျိုး ကောင်းရာကို နှလုံးသားမှ လိုလာခြင်းကိုခေါ်သည်။” ဤတွင် အစ္စလာမ် အုမ္မသ်က ညွှန်ကြားပြသရမည့် ကောင်းမှုကောင်းရာဆိုသည်မှာ ရှရီအသ် တရားတော်က ကောင်းမှုကောင်းရာဟုဖော်ပြထားသောအရာပင်ဖြစ်သည်။ တားမြစ်ရမည့် မကောင်းမှု ဒုစရိုက်များဆိုသည်မှာ ကုဖ်ရ် မယုံကြည် ငြင်းပယ်မှု၊ (ရှိရ်ခ်)တုဖက်ကိုးကွယ်ခြင်း၊ ဗိဒ်အသ် (တရားသစ် တည်ထွင်ခြင်း) အမျိုးမျိုးသော ပြစ်မှုဒုစရိုက်များ၊ တရားတော်နှင့်ဆန့်ကျင်သော မိရိုးဖလာဓလေ့ထုံးစံများ၊ အရှင်မြတ် အမိန့်ဖိဆန်မှုများ၊ အကျင့်ပျက်ပြားခြင်းနှင့် မဖွယ်မရာအပြုအမူများဖြစ်သည်။ ဤကဲ့သို့

မကောင်းမှု ဒုစရိုက်များကို မကျူးလွန်အောင် တားမြစ်ရာ၌ နည်းလမ်းအသွယ်သွယ်ကို အသုံးပြုရပေလိမ့်မည်။ နှုတ်လျှာကို အသုံးရသည့်အခါရှိသလို လက်ရုံးရည်ကို အသုံးပြုရသည့်အခါရှိ၏။ ကလောင်တံကို ကိုင်သည့် အခါရှိသလို ဓါးလွတ်ကိုစွဲကိုင်ရသည့်အခါလည်းရှိ၏။ အလိုမှာ အမျိုးမျိုးသော ကြိုးပမ်းအားထုတ်မှုသည် ဂျိဟာဒ်ထဲတွင် ပါဝင်သည်။ ဤထူးခြားသောအရည်အချင်းကို ဖော်ထုတ်ပြသရာ၌ အစ္စလာမ့်အုမ္မသ်၏ လုပ်ဆောင်ချက်က ကျယ်ပြန့်လေးနက်လှပါသည်။ ထိုအချက်နှင့်ပတ်သက်လာလျှင် အစ္စလာမ် အုမ္မသ်ကို အခြားသော အုမ္မသ်များက ယှဉ်နိုင်စွမ်းမရှိပေ။

## အလယ်အလတ်ကျခြင်း – နိုင်းယှဉ်သုံးသပ်ချက်တစ်ရပ်

အစွန်းတရားလွတ်ကင်းရန်တွင်သော်လည်းကောင်း အလယ်အလတ်လမ်းစဉ်ကိုကျင့်သုံးရာ၌သော်လည်းကောင်း အစ္စလာမ့်အုမ္မသ်သည် မည်မျှ ကျေပွန်စွာဆောင်ရွက်နိုင်ခဲ့သည်ဆိုခြင်းကို တိကျသော အချက်အလက်များနှင့် ယှဉ်ထိုးကြည့်ကြစို့။ ဤသို့လေ့လာ ရာ၌ အထက်အဆက်ဆက်က အုမ္မသ်သားအားလုံး၏ ယုံကြည်မှု၊ ကျင့်သုံးမှု အသီးသီးကို အသေးစိပ် လေ့လာ သုံးသပ်ရန်ကား အခွင့်မသာပေ။ ဤအုမ္မသ်သည် အခြားအုမ္မသ်များထက် ထူးကဲမြင့်မြတ်သည်ဆိုခြင်းအပေါ် ဥပမာအချို့ပြလျှင် လုံလောက်နိုင်မည်ဟု မျှော်လင့်သည်။

ဦးစွာ ယုံကြည်သက်ဝင်မှုဆိုင်ရာအပိုင်းကိုကြည့်ကြမည်။ ရှေးအထက်အုမ္မသ်များတွင် မိမိတို့၏ တမန်တော်များကို အလွှာဟ်အရှင်မြတ်၏ သားတော်များဟုဆိုပြီး ကိုးကွယ်ပသမှုပြုခဲ့သည်ပင် ရှိသည်ကိုတွေ့ကြရမည်။

قَالَتِ الْيَهُوْدُ عُزَيْرُ ِابْنُ اللهِ وَقَالَتِ النَّصٰرَى الْمَسِيْحُ
ابْنُ اللهِ

**"စင်စစ်သော်ကား 'ယဟူဒီ'တို့က 'အုဇိုင်ရ်'သည် အလွှာဟ်အရှင်မြတ်၏ သားတော်ဖြစ်သည်ဟူ၍ ပြောဆိုခဲ့ကြလေသည်။ 'နဆ္စာရာနီ'တို့ကလည်း 'မစိဟ်'သည် အလွှာဟ်အရှင်မြတ်၏သားတော်ဖြစ်သည်ဟူ၍ ပြောဆိုခဲ့ကြလေသည်။" (၉း၃၀)**

ယင်းအုမ္မသ်တို့အနက် အချို့သည် မိမိတို့ထံရောက်ရှိလာသော တမန်တော်၏ ကြိမ်ဖန်များစွာသော တန်ခိုးပြာဋိဟာ မုအ်ဂိဇာများကို အကြောင်းပြု၍ တမန်တော်အဖြစ် အသိအမှတ်ပြုကာ ဝန်ခံမှုလည်း ပြုခဲ့ကြသည်။ သို့ရာတွင် ထိုတမန်တော်က သာသနာ့စစ်ပွဲတွင် ပါဝင်ရန်ခေါ်သောအခါတွင်မူ ငြင်းဆန်ခဲ့ကြသည်။ ထိုမျှမက اِذْهَبْ اَنْتَ وَرَبُّكَ فَقَاتِلَآ اِنَّا هٰهُنَا قَاعِدُوْنَ **"သို့ဖြစ်ပေရာ အသင်ကိုယ်တိုင် မိမိအရှင်မြတ်နှင့်တကွ သွားရောက်ပြီး အသင်တို့နှစ်ဦးသာလျှင် တိုက်ခိုက်ကြလေကုန်။ ကျွန်ုပ်တို့မူကား ဤနေရာ၌ပင် ထိုင်၍ နေကြကုန်အံ့ဟု ပြောဆိုကြကုန်သတည်း" (၅း၂၄)** ဟူ၍ပင် ပြောင်ပြောင်တင်းတင်းပြောဆိုကြသည်။ ကျွန်ုပ်တို့သည် ရံဖန်ရံခါ ထိုတမန်တော်၏နောက်လိုက်များကပင်လျှင် မိမိတို့၏တမန်တော်များကို ညှင်းပန်းနှိပ်စက်ကြသည့် မြင်ကွင်းကိုတွေ့ကြရသည်။ အစ္စလာမ့် အုမ္မသ်သည်ကား အထက်ပါအုမ္မသ်သားတို့နှင့် လုံးဝဆန့်ကျင်နေသည်။ တမန်တော်မြတ်(ﷺ)သခင်အား အလွန်လေးနက်သော ချစ်ခြင်းမေတ္တာထားကြကုန်

သောသူတို့သည် ခေတ်ကာလတိုင်းတွင် ကိုယ်တော်မြတ်(ﷺ)သခင်ကို ချစ်ကြည်မြတ်နိုးသည်နှင့်အမျှ ကိုယ်တော်မြတ်(ﷺ)၏ ဆင့်ခေါ်မှုဆိုလျှင် မိမိတို့အသက်၊ အိုးအိမ်၊ စည်းစိမ်၊ သား မယား အားလုံးကို စွန့်လွှတ်ရန် အသင့်ရှိခဲ့ကြသည်။ ဤသို့ဆောင်ရွက်နိုင်ခြင်းကိုပင် မဟာဂရုဏာတော်ကို ခံယူရခြင်းဟု မှတ်ယူကြသည်။

သို့ရာတွင် မည်သည့်အခါတွင်မျှ စည်းဘောင်ကျော်လွန်ခြင်းမပြုခဲ့ပေ။ တမန်တော်မြတ်(ﷺ)သခင်ကို တမန်တော်တစ်ပါး၏ အရိုက်အရာမှာသာ ထားရှိခဲ့ပြီး ကိုးကွယ်ရာ အလွှာဟ်အဖြစ် မပြုခဲ့ကြပေ။ တမန်တော်မြတ်(ﷺ)သခင်ကို တမန်တော်အပေါင်းတွင် ပြီးပြည့်စုံ၍ အထွတ်မြတ်ဆုံးတမန်တော်အဖြစ် သိရှိလက်ခံကြသည်။ သို့ပါလျှက် ထိုအမြတ်ဆုံးတမန်တော်ကြီးကို **عبدالله ورسوله** အလွှာဟ်အရှင်မြတ်၏ကျေးကျွန်နှင့် ထိုအရှင်၏ရစူလ်တမန်တော်ဟု ခေါ်ဆိုကြသည်။

တမန်တော်မြတ်(ﷺ)သခင်နှင့်ပတ်သက်သည့် ယုံကြည်လက်ခံမှုကို ကျော်ကြားလှသော အရဗီကဗျာဖြစ်သော 'ကဆီဒါအလ်ဗုရ်ဒါဟ်'က အောက်ပါအတိုင်းဖော်ပြထားသည်။

တမန်တော်မြတ်(ﷺ)၏ အယူဝါဒဆိုင်ရာ အနေအထားသည် ယဟူဒီနှင့် နဆ္ဆာရာနီများက ၎င်းတို့တမန်တော်များကို အလွှာဟ်အရှင်မြတ်၏ သားတော်ဟု ခေါ်ဝေါ်သုံးနှုံးမှုမျိုးကို ခေါ်ဝယ်သုံးနှုံးခြင်းမှအပ တမန်တော်မြတ်(ﷺ)သခင်ကို ခိုးကျူးရန်အတွက် မည်သည့်စကားလုံးဖြင့် ခိုးကျူးသည်ဖြစ်စေ မှန်ကန်ပါသည်။ ထိုကဗျာ၏အချုပ်ကို ဖါရစီကဗျာဆရာတစ်ဦးက အောက်ပါအတိုင်း မိန့်ဆိုခဲ့ပါသည်။

دابزر گ توئ قصه مختصر بعداز خ

'အချုပ်အားဖြင့် အလွှာဟ် အရှင်မြတ်၏နောက်တွင် အသင်တမန်တော်မြတ်သည်သာလျှင် အကြီးကျယ်အမြင့်မြတ်ဆုံးဖြစ်ပါ၏။

ကျွန်ုပ်တို့သည် ယုံကြည်မှုအပိုင်းကို လေ့လာပြီးနောက် အမလ်ကျင့်သုံးမှုနှင့် ခဝပ်ကိုးကွယ်မှုအပိုင်းကို လေ့လာကြပေမည်။ ဤအပိုင်းတွင် ရှေးခေတ်အထက်အုမ္မသ်များထဲတွင် လွန်ကဲမှုနှင့် ဖောက်ပြန်မှုများ တွေ့ကြရပြန်သည်။ ယင်းအထဲတွင် သာသနာ့ပညာရှင်များကိုယ်တိုင်က မိမိတို့အပေါ် ချမှတ်ထားသော ရှရီအသ် အမိန့်ပညတ်များကို တလွဲအမိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းများပြုလုပ်ခဲ့ကြသည်။ ငွေစအနည်းငယ်ရရှိလိုမှုအတွက် ကောင်းကင်ကျကျမ်းဂန်များကိုပင် ဖျက်လိုဖျက်ဆီးပြုလုပ်ခဲ့ကြသည်။ အလွှာဟ်အရှင်မြတ်ချမှတ်ထားသော အမိန့်ပညတ်တော်များကို ပယ်ရှားရှောင်ကွင်းနိုင်ရန် ပရိယာယ်မျိုးစုံ တီထွင်ခဲ့ကြသည်။

အခြားတစ်ဖက်တွင်ကား အချို့အုမ္မသ်အုပ်စုဝင်တို့သည် လောကီရေးစွန့်လွှတ်ပစ်ခဲ့ကြသည်။ မိမိကိုယ်ကို မိမိ ကျောင်းကန်တွင် တစ်ကိုယ်တည်းအကျဉ်းချနေထိုင်ခဲ့ကြသည်ကို တွေ့ရသည်။ ယင်းတို့သည် အလွှာဟ်အရှင်မြတ်သဘောတူခွင့်ပြုထားပြီး ပေးအပ်ထားသော လောကီရေးခံစားခွင့်များကိုပင် လက်မခံငြင်းဆန်ခဲ့ကြ၏။ မိမိတို့ကိုယ်ကို ခဲယဉ်းကြပ်တည်းစွာထားနိုင်လေ မြင့်မြတ်လေဖြစ်သည်ဟုလည်းကောင်း၊ ကျင့်ရန် ခက်ခဲသော အကျင့်ကသာ မွန်မြတ်သည်ဟုလည်းကောင်း ယုံကြည်လက်ခံထားခဲ့ကြ၏။ ဤသည်နှင့် လုံးဝဆန့်ကျင်သော ပုံရိပ်ကို အစ္စလာမ့်အုမ္မသ်၏သမိုင်းတွင် တွေ့မြင်နိုင်သည်။

အစ္စလာမ့်အုမ္မသ်သည် ကျောင်းကန်တွင်နေထိုင်ခြင်းကို ဘာသာရေးတွင် အကြီးကျယ်ဆုံးပုံစံဖြစ်သည်ဟု မည်သည့်အခါတွင်ကမျှ မကျင့်သုံးခဲ့ပါ။ စင်စစ် ထိုကဲ့သို့သော အပြုအမူကို အစ္စလာမ်သာသနာက တားမြစ်ခဲ့ပါသည်။ အစ္စလာမ့်အုမ္မသ်သည် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်၏ အမိန့်ပညတ်များအတွက် အသက်စည်းစိမ် သားမယားကို စွန့်လွှတ်ရန်အအသင့်ရှိနေခဲ့ကြသည်။ ထို့ကြောင့်ပင် အုမ္မသ်သည် ကမ္ဘာမြေမျက်နှာပြင်၏ ကြီးမားသောအစိတ်အပိုင်းတစ်ရပ်ပေါ်တွင် နိုင်ငံရေးအရ လွှမ်းမိုးနိုင်ခဲ့သည်။ ဤအချက်က အခြားအုမ္မသ်၏ကျင့်သုံးမှုကဲ့သို့မဟုတ်ဘဲ သာသနာရေးဆိုသည်မှာ ဗလီဝတ်ကျောင်းတော်ထဲတွင်သာမက အရောင်းအဝယ်နေရာဌာနနှင့် လွှတ်တော်များတွင်လည်းကောင်း ကျင့်သုံးလိုက်နာအပ်သည့်အရာဖြစ်ကြောင်း ပြသလျက်ရှိသည်။ အစ္စလာမ့်အုမ္မသ်သည် သူဆင်းရဲဖြစ်လင့်ကစား စိတ်ဓာတ်မှာ ရှင်ဘုရင့်စိတ်ဓာတ်မျိုးဖြစ်၍ ရှင်ဘုရင်ဖြစ်လင့်ကစား သူတောင်းစားစိတ်ဓာတ်မျိုးရှိကြောင်းပြသပါသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရင်နှင့် သူတောင်းစားတို့က ကြီးကျယ်မြင့်မြတ်သော ဂုဏ်သိက္ခာဟူသည် အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်ပီသမှု၌ တည်နေသည်ဟူ၍ သိသောကြောင့်ပင်တည်း။

ရှေးအထက် အုမ္မသ်တို့သည် လူအသိုင်းအဝိုင်းနှင့် လူမှုဆက်ဆံရေးနယ်ပယ်တွင် တစ်နည်းမဟုတ်တစ်နည်း အစွန်းရောက်သည့်အပြုအမူများရှိခဲ့ကြသည်။ လူ့အခွင့်အရေးအား လျစ်လျူရှုထားခြင်းများ မြင်တွေ့ခဲ့ရသည်။ အထူးသဖြင့် အမျိုးသမီးတို့၏ အခွင့်အရေးကို ဥပေက္ခာပြုထားသည်။ မှန်သည်မှားသည် ပဓာနမထားဘဲမိမိ အကျိုးနှင့် အလိုဆန္ဒများကိုသာ ဦးစားပေးခဲ့ကြသည်။

အခြားတစ်ဖက်တွင် အလ္လာဟ်အရှင်မြတ်က 'ဟလာလ်'စားပိုင်ခွင့်ပြုထားသော သတ္တဝါ၏အသားကိုပင် မစားရန် တားမြစ်ကြသည်အထိ အစွဲအလမ်းကြီးခဲ့ကြသည်။ ပိုးမွှားလေး တစ်ကောင်ကို မတော်တဆ သေစေမိရုံမျှဖြင့် မကျေမနပ်မျက်မှောင်ကြုတ်ကြည့်ကြသည်။

ထိုမျှတမှုမရှိသော အစွန်းရောက်မှုများကို ဆုံးခန်းတိုင်စေ၍ လူမှုဆက်ဆံရေးနယ်ပယ်တွင် အလယ်အလတ်ကျသောလမ်းစဉ်ကိုဖော်ထုတ်ခဲ့သည်မှာ အစ္စလာမ့်အုမ္မသ်နှင့် ယင်းတို့၏ ရှရီအသ်တရားတော်ပင်ဖြစ်သည်။ တစ်ဖက်တွင် ရှင်းလင်းသော လူ့အခွင့်အရေးဥပဒေတစ်ရပ် ချမှတ်ခဲ့သည်။ ထိုအခွင့်အရေးကို အမျိုးသားများအတွက်သာမက အမျိုးသမီးများပါ အကျုံးဝင်သည်။ ထိုမျှမက ယင်းခံစားခွင့်သည် ငြိမ်းချမ်းနေသည့် ကာလအတွက်သာတည်ရှိနေသည်မဟုတ်ဘဲ စစ်မြေပြင်၌ပင်လျှင် ရန်သူတပ်သားတို့သည် မခွဲခြားသောလူ့အခွင့်အရေးကို ရရှိခံစားခွင့်ရှိသည်။ ထိုအခွင့်အရေးကို မည်သူမျှငြင်းပယ်နိုင်ခွင့်မရှိချေ။

အခြားတစ်ဖက်၌ အခွင့်အရေးတိုင်းနှင့် တာဝန်တိုင်းကို ပိုင်းခြားသတ်မှတ်ထားသည်။ ထိုသတ်မှတ်ထားသည့် စည်းထက်ကျော်ခြင်း၊ လျော့ခြင်းကိုပြစ်မှုဟူ၍သတ်မှတ်သည်။ အစ္စလာမ့် ရှရီအသ်သည် သူတစ်ပါး၏ရပိုင်ခွင့်ကိုဖြည့်ဆည်းရန်လည်း သင်ကြားပြသပေးသည်။ ထို့ပြင် မိမိ၏ အခွင့်အရေးနစ်နာမှုအပေါ်မှာ မြိုသိပ်သည်းခံခွင့်လွှတ်ရန်ကိုလည်း သင်ကြားပေးသည်။

စီးပွားရှာအသက်မွေးဝမ်းကျောင်းမှုပြုရာတွင်လည်း အခြားအုမ္မသ်တို့သည် အမျိုးမျိုးသော အစွန်းတရားများ၏ သားကောင်ဖြစ်ခဲ့ရသည်။ ဤအတွက် ကျွန်ုပ်တို့ခေတ်တွင် ဥပမာပြစရာရှိနေသည်။ အရင်းရှင်စနစ်သည် 'ဟလာလ်'တရားတော်က ခွင့်ပြုသည်ကိုလည်းကောင်း 'ဟရာမ်'တရားတော်က ခွင့်မပြုခြင်းကိုလည်းကောင်း

ဂရုမစိုက်ပါ။ လူအများ၏ ကောင်းကျိုးကောင်းရာကိုလည်း လုံးဝမျက်ကွယ်ပြုထားသည်။ ဥစ္စာဓနကို များနိုင်သမျှ များများစုဆောင်းနိုင် ခြင်းသည်သာ ကြီးမားသောဂုဏ်ဒြပ်အဖြစ် မှတ်ယူကြသည်။ တခြားတစ်ဖက်တွင်မူ ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ကို အလေးမထား အသိအမှတ်မပြုသော စီးပွားရေးစနစ်များရှိနေ၏။ ဤစနစ်နှစ်ရပ်သည် အပြင်ပန်း အားဖြင့် ဝိရောဓိဆန့်ကျင်ဘက်ဖြစ်လျက်ရှိသော်လည်း အနှစ်သာရအားဖြင့်ကား ကွဲပြားခြားနားမှုမရှိပါ။ ဤစနစ် နှစ်ရပ် စလုံး၏ အနှစ်သာရသည် လောကီစီးပွားဥစ္စာချမ်းသာခြင်းသည်သာလျှင် လူ့ဘဝပန်းတိုင်ဟု မှတ်ယူထား သည်။ ဤအချက်နှင့်ဆန့်ကျင်လျက် အစ္စလာမ့်ရှရီအသ်က ဆန့်ကျင်ဘက်အယူအဆနှစ်ရပ်ကို သဟဇာတ ဖြစ်စေလျက် ထိုက်တန်သည့်နေရာမှန်ကို ပေးထားသည်။ ဥစ္စာပစ္စည်း ရှာဖွေစုဆောင်းခြင်းကို လူ့ကြိုးစားမှု၏ နောက်ဆုံးရည်မှန်းချက်အဖြစ်ထားခြင်းကို ခွင့်မပြုပါ။ ထို့အတူ ငွေကြေးဥစ္စာနှင့် ရာထူးရာခံပေါ်၌ ဂုဏ်သိက္ခာကို မူတည်ထားသည်လည်းမဟုတ်ပါ။

စည်းစိမ်ဥစ္စာခွဲဝေမှုကို မျှတသည့်မူများဖြင့် ပြုလုပ်ထားသည့်အတွက် အုမ္မသ်ထုဝင် မည်သူမဆိုသည် ၎င်းဘဝ၏ အခြေခံလိုအပ်ချက်များမှ လက်မဲ့ဖြစ်မသွားစေရပါ။ ထိုနည်းတူ ရှိသမျှဥစ္စာပစ္စည်းတို့ကို လူတစ်ဦး တစ်ယောက်ကဖြစ်စေ တစ်စုတစ်ဖွဲ့တည်းကဖြစ်စေ သီးသန့်လက်ဝါးကြီးအုပ်ခွင့်မရှိစေပါ။ အများပိုင်ပစ္စည်းများကို အများ ကြည့်ရှုမှုအောက်တွင်ထား၍ အများပူးပေါင်းထိန်းသိမ်းမှုအောက်တွင် ထားရှိသည်။ တစ်ချိန်တည်းမှာပင် တစ်ဦးချင်းပိုင်ဆိုင်သည့် သီးသန့်ပိုင်ဆိုင်မှုကိုလည်း အပြည့်အဝပေးအပ်ထားသည်။ 'ဟလာလ်'တရားဝင်ပိုင်ဆိုင် ခြင်းနှင့် 'ဟရာမ်' တရားမဝင်ပိုင်ဆိုင်မှုနှစ်ရပ်ကိုလည်း သတ်မှတ်ပိုင်းခြားထားသည်။ တရားဝင် ပိုင်ဆိုင်ခြင်း၏ နာမ်ပိုင်းဆိုင်ရာ ထွတ်မြတ်မှုကို တိုက်တွန်းပြီး ထိုပစ္စည်းများကို အသုံးပြုရန် ဥပဒေသများကိုလည်း ချမှတ် ပေးသည်။

## အမိန့်ပညတ်ချက်များနှင့်ဆက်နွယ်သည့် သိမှတ်ဖွယ်ရာများ

(၁) ယခုအာယသ်တော်အရ အလ္လာဟ်အရှင်မြတ်သည် အစ္စလာမ့်အုမ္မသ်ကို သမာသမတ်ကျ၍ တရား မျှတကာ ယုံကြည်ထိုက်သော လူ့အဖွဲ့အစည်းအဖြစ်ပြုလုပ်ထားတော်မူသည်မှာ သက်သေခံဝင်နိုင်ရေးအတွက် အရည်အချင်းပြည့်မီစေရန်ဖြစ်သည်။ ဤဖော်ပြချက်အရ တရားစီရင်ရေးဆိုင်ရာအခြေခံမူတစ်ရပ်ကို သိရှိရသည်။ ယင်းမှာ အာဒိလ် (ရှရီအသ်တရားတော်အရ ယုံကြည်စိတ်ချရသူ)မဟုတ်လျှင် ထိုသူ၏ သက်သေခံချက်များကို တရားခွင်တွင် လက်မခံနိုင်ပါ ဟူ၍ဖြစ်သည်။

(၂) အိမာမ်ကုရ်တုဗီသခင်၏ အဆိုအရ တရားဥပဒေအတည်ပြုပြဋ္ဌာန်းရေးဆိုင်ရာ အရင်းအမြစ်(၄)ရပ် အနက် 'အိဂျ်မအ်' ( اِجْمَاعْ ) (သို့) အစ္စလာမ့်အုမ္မသ်တစ်ရပ်လုံး အညီအညွတ် သဘောတူညီခြင်း)သည် တစ်ရပ်အဖြစ်ပါဝင်ကြောင်း ဤအာယသ်တော်က ဖော်ပြနေသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ် ကိုယ်တော်တိုင်က အခြားအုမ္မသ်များနှင့်မတူသော အစ္စလာမ့်အုမ္မသ်အား ယုံကြည်ထိုက်သော သက်သေများ ဟူ၍ လက်ခံတော်မူခဲ့သည်။ ဤအချက်က အုမ္မသ်၏ အညီအညွတ်သဘောတူညီခြင်းကို တရားဥပဒေပြုရေး၌ အဆုံးအဖြတ်ပေးနိုင်သည့် အချက်တစ်ရပ်အဖြစ် ပြသနေသည်။ ထိုအချက်ကို လက်ခံကျင့်သုံးရန် ဝါဂျိဗ် လိုအပ်ချက်ဖြစ်သည်။ ဆွဟာဗဟ်သာဝကကြီးများ၏ 'အိဂျ်မဟ်' တညီတညွတ်တည်းသဘောတူညီချက်ကို

သာဗိအီးန်များက လက်ခံကြရမည်။ သာဗိအီးန်များ၏ 'အိဂျ်မအ်' တညီတညွတ်တည်း သဘောတူညီချက်ကို သဗွသာဗိအီးန်များက လက်ခံကြရမည်။ ဤသို့အားဖြင့် ဆင့်ကဲဆင့်ကဲလက်ခံသွားရမည်။ သဖိစီရ် မဇ်ဟရီ အလိုအရ အစ္စလာမ့် အုမ္မသ်၏ အပြုအမူနှင့် ကျင့်သုံးမှုများကို 'အိဂျ်မအ်'တညီတညွတ်တည်း သဘောတူညီ၍ အတည်ပြုလျှင် ထိုအရာအားလုံးတို့သည် ကောင်းမြတ်သည့် ခွီးကျူးဖွယ်ရာဖြစ်သည်ဟူသောမူကို ဤအာယသ်တော်က အတည်ပြုထားသည်။ အဘယ့်ကြောင့်ဆိုသော် တစုံတစ်ဦးသည် ဤအများထု၏ ဆုံးဖြတ်ချက်အပေါ် မှားနိုင်ကောင်း မှားနိုင်သည်ဟု ဝန်ခံခဲ့လျှင် အုမ္မသ်ထုသည် မျှတခြင်း သမာသမတ်ကျခြင်းဟူသော အသွင် မဆောင်တော့ချေ။

အိမာမ်ဂျဆ်ဖွားဆ်(رحمة الله عليه)သခင် မိန့်ဆိုခဲ့သည်မှာ 'အိဂျ်မအ်' တညီတညွတ်တည်းသဘောတူညီချက်ဆိုရာ၌ တမန်တော်မြတ်(ﷺ)သခင်၏ ခေတ်ကာလမှ တညီတညွတ်တည်း သဘောတူညီချက်ကိုသာ သီးခြားရည်ညွှန်း သည်မဟုတ်ချေ။ ခေတ်တိုင်းခေတ်တိုင်းရှိ မုစ်လင်မ်ထု၏ တညီတညွတ်တည်းသဘောတူညီချက်သည် ယုံကြည် စိတ်ချရမှုတွင် အတူတူဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤအာယသ်က အုမ္မသ်ဟု ဦးတည်ပြောကြားရာ၌ တမန်တော်မြတ်(ﷺ)၏ ခေတ်ပြိုင် အုမ္မသ်ကိုသာကွက်၍ ရည်ညွှန်းခြင်းမဟုတ်ဘဲ ကမ္ဘာဆုံးသည့်တိုင် ခေတ် အဆက်ဆက်ပေါ်ပေါက်မည့် မုစ်လင်မ်အုမ္မသ်အားလုံးကို ရည်ညွှန်းခြင်းဖြစ်သည်ဟုဆိုသည်။

ခေတ်တိုင်းတွင်ရှိသော မုစ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်အတွက် သက်သေခံများဖြစ်ရန် အရည်အချင်းရှိသူများဖြစ်သည်။ သို့ဖြစ်ရာ ယင်းမုစ်လင်မ်တို့က တညီတညွတ်တည်း သဘောတူညီထားချက်သည် ဥပဒေစည်းမျဉ်းပြုစုထုတ်ပြန်ရေးအတွက် အဆုံးအဖြတ်ပေးနိုင်လေသည်။ အကြောင်းမှာ မုစ်လင်မ်အုမ္မသ်အဖို့ အမှားအယွင်းတစ်ခုခု (သို့) တိမ်းစောင်းမှုတစ်ခုခုကို တစ်ညီတစ်ညွတ်တည်းပြဋ္ဌာန်းရန်အတွက် တစ်ညီတညွတ်တည်းသဘောတူညီရေးဆိုသည်မှာ မဖြစ်နိုင်သော ကြောင့်ပေတည်း။

### အာယသ် (၁၄၃) ဒုတိယဝိုင်း

وَمَا جَعَلْنَا الْقِبْلَةَ الَّتِي
كُنْتَ عَلَيْهَا إِلَّا لِنَعْلَمَ مَنْ يَتَّبِعُ الرَّسُولَ مِمَّنْ يَنْقَلِبُ عَلَىٰ عَقِبَيْهِ ۚ
وَإِنْ كَانَتْ لَكَبِيرَةً إِلَّا عَلَى الَّذِينَ هَدَى اللَّهُ ۗ وَمَا كَانَ اللَّهُ
لِيُضِيعَ إِيمَانَكُمْ ۚ إِنَّ اللَّهَ بِالنَّاسِ لَرَءُوفٌ رَحِيمٌ ﴿١٤٣﴾

**"....စင်စစ် ငါအရှင်မြတ်သည် အသင်(နဝိမူလက)မျက်နှာမူခဲ့ဖူးသည့် 'ကိဗ်လဟ်' (ဝါ) ဗိုင်သုလ်မုကတ်စ်ဒစ်ကို (ကိဗ်လဟ်အဖြစ် ယာယီအားဖြင့်) ထားရှိတော်**

**မူခဲ့ခြင်းအကြောင်းမှာ (နောင်အနာဂတ်တွင် 'ကိဗ်လဟ်'မျက်နှာမူရာ 'ကအ်ဗဟ်' ဘက်သို့ ပြောင်းလွဲသောအခါ) ရစူလ်တမန်တော်၏ အမိန့်ကို လိုက်နာသောသူနှင့် မိမိတို့ခြေဖနောင့်ဘက်သို့ ပြန်လှည့်သွားသူတို့ကို (ခွဲခြား)သိတော်မူရန်သာ ဖြစ်ချေသည်။ စင်စစ်သော်ကား ('ကိဗ်လဟ်'ပြောင်းလွဲရန် အမိန့်တော်သည်) အလ္လာဟ် အရှင်မြတ်က တရားလမ်းမှန်ကို ညွှန်ကြား(ပို့ဆောင်)ပြသတော်မူခြင်းကို ခံရသူတို့မှအပ (အခြားသူတို့အဖို့ လိုက်နာရန်) အလွန်ပင် ခဲယဉ်းလှပေသည်။ အမှန်စင်စစ် 'အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ ယုံကြည်ခြင်း သဒ္ဓါတရား [(၀ါ) မူလ ကိဗ်လဟ်ဘက်သို့ မျက်နှာမူ၍ ဆွလာသ်ဝတ်ပြုခဲ့ကြသည်]ကို အချည်းအနှီး အကျိုးမဲ့ဖြစ်စိမ့်သောငှာ (ဤသို့ပြောင်းလွဲရန် အမိန့်ထုတ်ပြန်တော်မူသည်) မဟုတ်ချေ။ အလ္လာဟ် အရှင်မြတ်သည် လူခပ်သိမ်းတို့ အပေါ်ဝယ် စင်စစ် နူးညံ့သိမ်မွေ့တော်မူထသော အရှင်၊ မပြတ်မစဲ သနားညှာနာ တော်မူထသော အရှင်ဖြစ်တော်မူပေသတည်း။" (၂း၁၄၃)**

## ကိဗ်လဟ်၏သမိုင်း

ဟိဂျ်ရသ် (တမန်တော်မြတ်(ﷺ)သခင် မက္ကာမြို့မှ မဒီနာမြို့သို့ ပြောင်းရွှေ့သွားခြင်း)မတိုင်မီအချိန်က မက္ကာမြို့တော်တွင် နေ့စဉ် ဆွလာသ်ငါးကြိမ်ဝတ်ပြုခြင်းကို ဖရာသွဲ့မပြုမနေရတာဝန်အဖြစ် ပြုလုပ်ခဲ့သောအခါက ကိဗ်လဟ်သည် မက္ကာမြို့တော်ရှိ 'ဗိုင်သုလ္လာဟ်'လော၊ ဂျေရုစလင်မြို့တော်ရှိ ဗိုင်သုလ်မုကတ်စ်ဒစ်လောဟူသည်ကို ဆွဟာဗဟ်သာဝကကြီးများနှင့် သာဗီအီန်ကြီးများကြားတွင် ကွဲလွဲမှုရှိခဲ့ကြသည်။ ဆွဟာဗဟ်ကြီး အဗ်ဒုလ္လာဟ် အိဗ်နိအဗ္ဗာစ်(ﷺ)၏အဆိုအရဆိုလျှင် ပထမ ကိဗ်လဟ်သည် ဗိုင်သုလ်မုကတ်စ်ဒစ်ဖြစ်သည်။ ယင်းကိုပင် ဟိဂျ်ရသ် ကြွရောက်ပြီးနောက် (၁၆)လ (သို့) (၁၇)လဖြစ်ခဲ့သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်က ဗိုင်သုလ္လာဟ်အား ကိဗ်လဟ်အဖြစ်မှတ်ယူရန် မိန့်တော်မူပြီးမှသာလျှင် ပြောင်းလဲခဲ့ကြပါသည်။ သို့သော်လည်း တမန်တော်မြတ်(ﷺ) သခင်၏ ဓလေ့တော်မှာ ဆွလာသ်ဝတ်ပြုစဉ်တွင် ဗိုင်သုလ္လာဟ်နှင့် ဗိုင်သုလ်မုကတ်စ်ဒစ်ဘက်သို့ တစ်ချိန်တည်း မျက်နှာမူပြီးဖြစ်စေရန်နှင့် အလ်ဟဂျ်ရေ့အဆွာဒ် (ကျောက်တုံးအနက်)နှင့် အလ်ရုကွနေ့ယမာနီ (ယီမင်ဘက်သို့ လှည့်သည့်ထောင့်)တွင် ဆွလာသ်ဝတ်ပြုလေ့ရှိခဲ့သည်။ သို့သော်လည်း မဒီနာရွှေမြို့တော်သို့ ပြောင်းရွှေ့သွားသော အခါ ဤဓလေ့ကိုပြုလုပ်နိုင်ရန် မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် ထိုအချိန်မှစ၍ ဗိုင်သုလ္လာဟ်အား ကိဗ်လဟ်အဖြစ် သတ်မှတ်ပေးစေရန် တမန်တော်မြတ်(ﷺ) ဆန္ဒပြင်းပြခဲ့သည်။ (အိဗနိကဆိရ်) သို့ရာတွင် အခြားသော ဆွဟာဗဟ် ကြီးများ၏အမြင်မှာ မက္ကာမြို့တော်တွင်နေ့စဉ် ဆွလာသ်ငါးကြိမ်ကို မပြုမနေရ တာဝန်အဖြစ် သတ်မှတ်ပြီးသော အခါ၌ တမန်တော်အိဗ်ရာဟီမ်နှင့် တမန်တော်အိစ်မာအီလ်(عليه السلام)တို့ကို သတ်မှတ်ခဲ့သကဲ့သို့ မုစ်လင်မ်များအတွက် လည်း ကိဗ်လဟ်ကို ဗိုင်သုလ္လာဟ်ဖြစ်စေခဲ့ပါသည်။ တမန်တော်မြတ်(ﷺ) မက္ကာရွှေမြို့တော်တွင်နေထိုင်စဉ်အတွင်း ဗိုင်သုလ္လာဟ်ကို ကိဗ်လဟ်အဖြစ် မှတ်ယူခဲ့ပါသည်။ သို့သော်လည်းဟိဂျ်ရသ် ကြွရောက်ပြီးနောက် အလ္လာဟ် အရှင်မြတ်သည်

မျက်နှာမူသည့်အရပ်ကိုပြောင်းလဲရန် ပြဋ္ဌာန်းခဲ့သည်။ ထို့နောက် ဗိုင်သုလ်မုကတ်စ်ဒစ်သည် ကိဗလဟ် အဖြစ် သတ်မှတ်ကာ (၁၆-လ၊ ၁၇-လ)အထိ တည်ရှိခဲ့ပါသည်။ ထို့နောက် ပညတ်ချက်အသစ်တစ်ရပ်ပေါ်ထွက် လာကာ ကိဗလဟ်အဖြစ် နဂိုမူရင်းအတိုင်း ပြန်လည်သတ်မှတ်ခဲ့သည်။ အလ်ကုရ်တုဗီသည် အဗူအမရ်၏ ဆင့်ပြန်ချက်ပေါ် မှီငြမ်းပြု၍ ပထမအမြင်ထက် ဒုတိယအမြင်ကိုနှစ်သက်ကြောင်း ဖော်ပြထားသည်။ မျက်နှာမူရာ ပြောင်းလဲခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းညီညွတ်သောအချက်ကို ဤသို့ရှင်းလင်းထားသည်။ တမန်တော်မြတ်(ﷺ)သခင် မဒီနဟ်မြို့တော်သို့ရောက်ရှိခဲ့ပြီး ယဟူဒီများနှင့်ဆက်ဆံခဲ့သောအခါ အစ္စလာမ်နှင့်ရင်းနှီးစေရန်အလို့ငှာ ၎င်းတို့၏ ကိဗလဟ်ကို အလ္လာဟ်အရှင်မြတ်အမိန့်အရ အသုံးပြုခဲ့သည်။ သို့ရာတွင် အချိန်ကြာလာသောအခါ ခေါင်းမာသည့် ယဟူဒီများသည် အစ္စလာမ့်အပေါ် ရန်ဖက်ပြုခြင်းကို လွယ်လွယ်ကူကူရပ်လိမ့်မည်မဟုတ်ကြောင်း တွေ့ရှိလာခဲ့သည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် တမန်တော်မြတ်(ﷺ)သခင်အား ၎င်း၏ ဘိုးဘေးဘီဘင်များဖြစ်သော တမန်တော် အိဗရာဟီမ်(عليه السلام)သခင်နှင့် တမန်တော် အိစ်မာအီလ်(عليه السلام)သခင်တို့၏ ကိဗလဟ်လည်းဖြစ်ပြီး တမန်တော်မြတ်(ﷺ) နှစ်သက်စုံမက်သော မူလ ကိဗလဟ်ဘက်သို့ ပြန်လှည့်စေရန် ခွင့်ပြုခဲ့ပါသည်။ စင်စစ်စိုက်ယိဒိနာ ဆွလိဟ်(عليه السلام)သခင်၏ ဝတ်ကျောင်းတော်သည် ကိဗလဟ်ဘက်သို့ မျက်နှာမူထားကြောင်းကို အဗူအလ်အာလိယာဟ် အလ်ရိယာဟိမ့ဘစ်ဆင့် အလ်ကုရ်တုဗီက အဖြစ်အပျက်တစ်ရပ်တွင် ပါဝင်ကြောင်း တင်ပြထားသည်။ အဗူအလ်အလိယာဟ်သည် တစ်ချိန်က တမန်တော်မူဆာ(عليه السلام)မျက်နှာမူရာအရပ်နှင့် ပတ်သက်၍ စကားအခြေအတင်ပြောခဲ့ကြသည်။ ယဟူဒီက တမန်တော်မူဆာ(عليه السلام)သည် ဂျေရုစလင်တွင်ရှိသော မြင့်မြတ်သည့် ဗလီဝတ်ကျောင်းတော်ကြီးထဲတွင်ရှိသော လိပ်ခုံးပုံကျောက်(ဆခရတ်)ဘက်သို့ လှည့်ကြောင်း အခိုင်အမာပြောခဲ့သည်။ အဗူအလ်ဟာလိယာဟ်ကပြောသည်မှာ တမန်တော်မူဆာ(عليه السلام)သည် 'ဆခရတ်' နားတွင်ရပ်သော်လည်း မျက်နှာကိုမူ ဗိုင်သုလ္လာဟ်ဘက်လှည့်ထားကြောင်းပြောခဲ့သည်။ အဆုံးတွင် အဗူအလ် အာလိယာဟ်က အကြံပြုသည်မှာ အငြင်းပွားမှုအဆုံးအဖြတ်ပေးနိုင်ရန်အတွက် ဗိုင်သုလ်မုကတ်စ်ဒစ်၏အောက် တောင်ပေါ်တွင် တည်ထားသော တမန်တော်ဆွာလိဟ်(عليه السلام)သခင်၏ ဗလီဝတ်ကျောင်းတော်ကို သွားရောက်ကြည့်ရှုရန်ဖြစ်သည်။ ဗလီဝတ်ကျောင်းတော်ကို သွားရောက်ကြည့်ရှုသောအခါ ဗိုင်သုလ္လာဟ်ဘက်သို့ ဦးတည်နေကြောင်း တွေ့ရှိခဲ့ရသည်။

အမြင်နှစ်ခုအနက် ပထမအမြင်ကို နှစ်သက်သူများအဆိုအရ မက္ကာဟ်မြို့တော်ရှိ မုစ်လင်မ်များနှင့် ရုပ်ထုကိုးကွယ်သူများအကြား ခွဲခြားနိုင်ရန်အတွက်နှင့် ထိုနှစ်ခု၏ ကွဲပြားခြားနားမှုကို အလေးပေးရန်အတွက် ဗိုင်သုလ္လာဟ်အစား ဗိုင်သုလ်မုကတ်စ်ဒစ်ကို မုစ်လင်မ်များအတွက် ကိဗလဟ်ဟု သတ်မှတ်ခဲ့ပါသည်။ ထိုအချိန်က ဗိုင်သုလ္လာဟ်သည်မူရှိရစ်ဂ်ကီးန်တို့၏ကိဗလဟ်ဖြစ်နေသောကြောင့်ဖြစ်သည်။ ထို့နောက်ဟိဂျ်ရသ်ပြီးနောက် တွင် မဒီနဟ်မြို့၌ မုစ်လင်မ်များနှင့် ယဟူဒီများကြား ကွဲပြားမှုကို မီးမောင်းထိုးပြရန် လိုအပ်ချက်အသစ် တစ်ရပ်ပေါ်ပေါက်လာပါသည်။ ထို့ကြောင့် ယဟူဒီများ၏ ကိဗလဟ်ကို စွန့်လွှတ်ကာ မုစ်လင်မ်များအတွက် ဗိုင်သုလ္လာဟ်အား ကိဗလဟ်ဟု သတ်မှတ်ခဲ့ပါသည်။

ဤရှုမြင်ချက်နှစ်ခု၏ ကွဲပြားခြားနားမှုကြောင့် 'အသင်(နဂိုမူလက) မျက်နှာမူခဲ့ဖူးသည့် ကိဗလဟ်'ဟူသည့် စာပိုဒ်ကိုလည်း နည်းနှစ်နည်းဖြင့် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ ပထမရှုမြင်ချက်ပေါ်အခြေခံ၍ လက်ရှိအာယသ်

ထဲတွင်ပါသော ကိဗ်လဟ်သည် ပထမဦးဆုံးနှင့် အစောဆုံးကိဗ်လဟ်ဖြစ်သည့် ဗိုင်သုလ်မုကတ်စ်ဒစ်သာလျှင် ဖြစ်နိုင်ပေသည်။ ဒုတိယရှုမြင်ချက်ပေါ်အခြေခံချက်အရ အစောဆုံးနှင့် ပထမဦးဆုံး ကိဗ်လဟ်ဖြစ်သည့် ကအ်ဗဟ် ကျောင်းတော်သည်လည်းဖြစ်နိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ အာယသ်တော်၏ စစ်မှန်အရေးကြီးသော အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ အမြင်နှစ်မျိုးစလုံး၌ အတူတူပင်ဖြစ်ကြသည်။ ယင်းမှာ မျက်နှာမူခြင်း ပြောင်းလဲမှုနှင့် ပတ်သက်သော အလ္လာဟ်အရှင်မြတ်၏အမိန့်သည် တမန်တော်မြတ်(ﷺ)သခင်၏ နောက်လိုက်ဖြစ်ပါသည်ဟူ၍ ပြောဆိုသူများ၏ ယုံကြည်ချက်ကို စမ်းသပ်ခြင်းပင်ဖြစ်သည်။ ထိုစမ်းသပ်ချက်ဖြင့် မိမိ၏ထင်မြင်ယူဆချက် နောက်လိုက်သူများနှင့် အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်တို့အား အစစ်အမှန်အမိန့်နာခံသူများအကြား ခြားနားမှုကို ပြသရန် ဖြစ်သည်။ သမိုင်းက မှတ်တမ်းတင်ထားခဲ့သည်မှာ ဤအာယသ်တော်ကျရောက်ပြီးနောက် အရေခြုံသက်သက်များ သည်လည်းကောင်း၊ အီမာန်ယုံကြည်ချက်အားနည်းသူများသည်လည်းကောင်း အစွမ်းသာသနာကို စွန့်လွှတ်ခဲ့ ကြပါသည်။ ထို့ပြင် တမန်တော်မြတ်(ﷺ)သခင်ကိုပင်လျှင် ကိုယ်တော်မြတ်၏ လူများအတိုင်း မုန်ရစ်ကီးန် ဖြစ်သွားပြီဟု စွပ်စွဲကြသည်။

## အမိန့်ပညတ်ချက်များနှင့်ဆက်နွယ်သည့် သိမှတ်ဖွယ်ရာများ

(၁) လက်ရှိအာယသ်တော်ကပြဿသည်မှာ တစ်ခါတစ်ရံ စွန့်သွတ်တော်များကိုဖြစ်စေ တမန်တော်မြတ်၏ ဓလေ့ထုံးစံများအပေါ် အခြေခံထားသော အမိန့်ပညတ်ချက်တစ်ရပ်ကိုဖြစ်စေ ကုရ်အာန်ကျမ်းတော်မြတ်အားဖြင့် ဖျက်သိမ်း ပယ်ဖျက်ခဲ့ပါသည်။ အီမာမ် အလ်ဂျဆ်ဆွားဆ်ွသည် ၎င်း၏ 'အဟ်ကာမုလ် ကုရ်အာန်'ကျမ်းတွင် ထောက်ပြထားသည်မှာ ဟိဂ်ရသ်မတိုင်မီ(သို့)ဟိဂ်ရသ်နောက်ပိုင်းတို့တွင် တမန်တော်မြတ်(ﷺ)သခင် ဆွလာသ် ဝတ်ပြုတိုင်း ဗိုင်သုလ်မုကတ်စ်ဒစ်၏ဘက်သို့ မျက်နှာမူရမည်ဟု ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြမထားပါ။ ပေါ်လွင် ထင်ရှားသောအထောက်အထားကို စွန့်သွတ်တော်နှင့် ဟဒီးဆ်တော်များတွင်သာ ကျွန်ုပ်တို့ တွေ့နိုင်ပါသည်။ အထက်ပါ အချက်အရဆိုလျှင် စွန့်သွတ်တော်အရ အတည်ပြုထားသော ဓလေ့ထုံးစံတစ်ခုသည် ကုရ်အာန်ကျမ်းတော် မြတ်အားဖြင့် ပယ်ဖျက်ရုပ်သိမ်းနိုင်ပါသည်။ ဤအာယသ်တော်အရဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်က ဗိုင်သုလ်လ္လာဟ်အား ကိဗ်လဟ်အဖြစ်သတ်မှတ်ခြင်းကြောင့် ယခင်ပြုနေကျကိဗ်လဟ်သည် ပယ်ဖျက် ရုပ်သိမ်းပြီး ဖြစ်ပါသည်။

(၂) ဤအာယသ်တော်က ဆက်လက်ပြဿသည်မှာ အလ္လာဟ်အရှင်မြတ် တမန်တော်၏ ဟဒီးဆ်ဩဝါဒတော် ကိုလည်း တစ်နည်းနည်းအားဖြင့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် အဆက်ဖြတ်၍မရပါ။ ဟဒီးဆ်တော်တစ်ခုတည်း ဖြင့် စီရင်ပြဋ္ဌာန်းခဲ့သော အမိန့်ပညတ်ချက်များသည် ကုရ်အာန်ကျမ်းတော်မြတ်၌ ဖော်ပြထားခြင်းမရှိခဲ့သော်လည်း ထိုအမိန့်ပညတ်ချက်များ တရားဝင်မှုကိုကား ကုရ်အာန်ကျမ်းတော်မြတ်က အသိအမှတ်ပြုထားသည်။ အဘယ့်ကြောင့်ဆိုသော် ဤအာယသ်တော်အဆုံးပိုင်း၌ ရှင်းလင်းစွာမိန့်ထားသည်မှာ တမန်တော်မြတ်(ﷺ)သခင်၏ အမိန့်ကြောင့် ဗိုင်သုလ်မုကတ်စ်ဒစ်အား ကိဗ်လဟ်ဟု သတ်မှတ်ကာ ပြုလုပ်ခဲ့သော ဆွလသ်ဝတ်ပြုမှုများ အားလုံးတို့သည် တရားဝင်၍ အလ္လာဟ်အရှင်လက်ခံတော်မူသည်။

(၃) ဤအာယသ်တော်သည် ခဗရ် အလ်ဝါဟစ်ဒ် (လူတစ်ဦး (သို့) နှစ်ဦးကသာ ဆင့်ပြန်သော ဟဒီးဆ်) နှင့်ပတ်သက်သော အစွလာမ့်ဓမ္မသတ်တွင်ဖြစ်ပေါ်နေသော သိမ်မွေ့သည့် ပြဿနာတစ်ရပ်ကိုလည်း ရှင်းလင်းစေရန် ကျွန်ုပ်တို့အား အထောက်အကူပြုပါသည်။

ကျမ်းတော်မြတ်ကုရ်အာန်က ချမှတ်ခဲ့သော အမိန့်ပညတ်ချက် (သို့) မည်သည့်နည်းနှင့်ဖြစ်စေ အတိအကျခိုင်လုံစွာချမှတ်ထားသော အမိန့်ပညတ်ချက်ကို ထိုကဲ့သို့သော ဟဒီးဆ်တော်တစ်ရပ်အားဖြင့် ပယ်ဖျက်ရုပ်သိမ်း၍ရမရဆိုသော မေးခွန်းပေါ်ထွက်လာပါသည်။ ဟန္နဖီဓမ္မသတ်အရ ထိုသို့မပြုလုပ်နိုင်ပါ။ သို့သော်လည်း ဤအာယသ်တော်နှင့်ပတ်သက်သော ဆင့်ပြန်ချက်က အကြံပြုသည်မှာ အကယ်၍ ဟဒီးဆ်တော်တစ်ပုဒ်၏ စစ်မှန်ခြင်းကို အတည်ပြုရန်အတွက် အလွန့်အလွန်ခိုင်မာသော အညွှန်းများရှိခဲ့ပါလျှင် ပြုလုပ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အလ်ဗုခါရီ၊ မုစ်လင်မ်နှင့် စစ်မှန်ခိုင်လုံသော ဟဒီးဆ်များ၏ စုဆောင်းချက်အားလုံးနီးပါးအရ၊ ဆွဟာဗဟ်(ﷺ) အတော်များများ၏ ဆင့်ပြန်ချက်များအရ၊ အောက်ပါအခြေအနေများတင်ပြထားသည်။ ကိဗ်လဟ် ပြောင်းလဲကြောင်း၊ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကျရောက်လာခဲ့သောအချိန်တွင် တမန်တော်မြတ်(ﷺ)သခင် သည် အဆွရ်အချိန်၌ ကိုယ်တော်၏ဝတ်ပြုဆောက်တည်မှုကို ဗိုင်သုလ္လာဟ်ဘက်သို့ မျက်နှာမူ၍ လုပ်ဆောင်ခဲ့ ပါသည်။ (အိဗနိကဆိရ် ကိုးကားခဲ့သော အခြားဆင့်ပြန်ချက်များအရ ဇဟိုရ်အချိန်ဖြစ်သည်။) ဆွဟာဗဟ် အချို့သည် ဗလီဝတ်ကျောင်းတော်မှ ထွက်ခွာလာခဲ့ရာတွင် ဗနူစလမဟ်လူမျိုးစု၏ ဗလီဝတ်ကျောင်းတော်အနီးမှ ဖြတ်သန်းခဲ့ ရာတွင် လူအများသည် ဗိုင်သုလ်မုကတ်စ်ဒစ်ဘက်သို့ မျက်နှာမူ၍ ဝတ်ပြုနေကြောင်းတွေ့မြင်ရပါသည်။ ထို့ကြောင့် ၎င်းတို့က ကိဗ်လဟ်ဘက်မှာ ယခုပြောင်းလဲသွားခဲ့ပြီးဖြစ်ကြောင်း အော်ဟစ်သတိပေးခဲ့ပါသည်။ ထို့ပြင် ၎င်းတို့လည်း တမန်တော်မြတ်(ﷺ)သခင်နှင့်အတူ ဗိုင်သုလ္လာဟ်ဘက်မျက်နှာမူ၍ ဝတ်ပြုခဲ့ကြောင်း ပြောပြခဲ့ပါသည်။ သို့ကြားသည်နှင့် ထိုသူများသည် ဆွလာသ်ဝတ်ပြုစဉ်အတွင်းတွင် မျက်နှာမူရာကို ဗိုင်သုလ္လာဟ်ဘက်သို့ လှည့်ခဲ့ကြပါသည်။

နုဝိုင်လာဟ်ဗင့်တ် မုစ်လင်မ်က ပြန်လည်ပြောပြသည်မှာ ကိဗ်လဟ်မပြောင်းမီက နောက်တန်းတွင်ရှိသော အမျိုးသမီးများသည် ကိဗ်လဟ်ပြောင်းလဲသွားသောအခါ ရှေ့တန်းရောက်၍ အမျိုးသားများသည် နောက်တန်းရောက်သွားသည်။ ထိုအခါ အမျိုးသားများက ရှေ့သို့တစ်ဖန်နေရာယူ၍ အမျိုးသမီးများက နောက်ရောက်သွားသည်။ (အိဗနိကဆီး၏) ထို့ကြောင့် ဗနူစလမဟ်မျိုးနွယ်စုသည် ထိုနေ့မှာပင် ကိဗ်လဟ်အသစ်ကို လက်ခံကျင့်သုံးခဲ့ပါသည်။ သို့သော်လည်း ဆွဟာဗဟ်ကြီး အိဗ်နိအုမရ်(ﷺ)၏ဆင့်ပြန်ချက်ကို ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတို့တွင် တင်ပြထားသည်မှာ ထိုကိဗ်လဟ်ပြောင်းလဲသည့်သတင်းသည် ကုဗာမြို့သို့ နောက်နေ့ ဖဂျ်ရ်အချိန်မှ ရောက်ရှိခဲ့ပါသည်။ ကုဗာရှိ လူအများသည်လည်း ဆွလာသ်ဝတ်ပြုစဉ်အတွင်းမှာပင် ဗိုင်သုလ္လာဟ်ဘက်သို့ မျက်နှာလှည့်ခဲ့ကြပါသည်။ (အိဗနိကဆီး၏နှင့် ဂျဆ်ဆွားဆ်) ဤဆင့်ပြန်ချက်များကို ကိုးကားပြီးနောက် အိမာမ်အလ်ဂျဆ်ဆွားဆ်က နိဂုံးချုပ်သည်မှာ

**هذا خبر صحيح مستفيض فى أيدى أهل العلم قد تلقوه بالقبول**

**فصار فى حيز التواتر الموجب للعلم**

'ဤဟဒီးဆ်သည် တစ်ဦးတည်းမှ ဆင့်ပြန်ချက် (အလ်ခဗရ် အလ်ဝါဟစ်ဒ်) ဖြစ်သော်လည်း ယင်း၏ ခိုင်မာမှုနှင့်ပတ်သက်၍ အလွန်ခိုင်လုံသော အညွှန်းများက ထောက်ခံထားခြင်းဖြင့်လည်းကောင်း၊ အများတကာ လက်ခံထားခဲ့ခြင်းကြောင့်လည်းကောင်း၊ ယုံကြည်စိတ်ချရသော ဆင့်ပြန်မှုများ ကွင်းဆက်မပြတ် ဆင့်ပြန်ထားသော ဟဒီးဆ်တစ်ပုဒ်အနေအထားသို့ရောက်ရှိသွားခဲ့သည်။ ထိုအချက်ပင်လျှင် ခိုင်မာစေပါသည်။

ဤနိဂုံးချုပ်မှုကို ဟန်ဖီဓမ္မသတ်ပညာရှင်များက သဘောတူညီကြသည်။ သို့သော်လည်း ၎င်းတို့သည် နောက်ထပ်မေးခွန်းများနှင့် ရင်ဆိုင်ရပါမည်။ ဤဟဒီးဆ်တော်သည် အချိန်အတော်ကြာပြီးမှသာလျှင် အများ၏ လက်ခံမှုကို ရရှိခဲ့ပါသည်။ သို့သော်လည်း ဤဟဒီးဆ်အား ကျယ်ပျံ့စွာ မသိရှိမီကပင် ဗနူစလမဟ်မျိုးနွယ်စုထံသို့ မျက်နှာမူရာအရပ် ပြောင်းလဲခြင်းသတင်းရောက်ရှိသွားခဲ့ပြီးဖြစ်သည်။ အလ်ဂျဆ်ဆွားဆ်ဆ်က ဖြေသည်မှာ တမန်တော်မြတ်(ﷺ)သခင်သည် ဗိုင်သုလ္လာဟ်အား ကိဗလဟ်အဖြစ်သတ်မှတ်ပေးရန်ဆန္ဒရှိခဲ့ပြီး အမြဲဆုဒုအာ ပြုလျက်ရှိခဲ့ကြောင်း ထိုသူများသာမက ဆွဟာဗဟ်ကြီးများအားလုံး သိရှိပြီးဖြစ်ခဲ့သည်။ ထို့နောက် ဗိုင်သုလ်မုကတ်စ်ဒစ်အား ကိဗလဟ်အဖြစ် ပြုလုပ်ရန်ဟူသည့် အမိန့်ပညတ်ချက်သည် နောင်အနာဂတ်တွင် အတည်ဖြစ်လိမ့် မည်မဟုတ်ကြောင်း ယူဆသည်မှာ ဖြစ်နိုင်ချေများသည်။ တစ်နည်းဆိုရသော် အပြောင်းအလဲတစ်ရပ် ဖြစ်နိုင်ချေ ရှိသောကြောင့် ဗိုင်သုလ်မုကတ်စ်ဒစ်အား ကိဗလဟ်အဖြစ်ဆက်လက်၍ ထားရှိရန်မှာ မသေချာမရေရာ ဖြစ်သွားသည်။ ဤမသေချာမရေရာဖြစ်နိုင်ခြင်းကြောင့် 'ခဗရ် အလ်ဝါဟစ်ဒ်'ဟဒီးဆ်သည် အစောပိုင်း အမိန့်တော်ကို ပယ်ဖျက်ရုပ်သိမ်းရန်အတွက် လုံးဝလုံလောက်သည်ဟု ယူဆခဲ့သည်။ သို့မဟုတ်ပါလျှင် ခဗရ်အလ်ဝါဟစ်ဒ် တစ်ရပ်သည် ကုရ်အာန်ကျမ်းတော်မြတ်က ချမှတ်ထားသော တိကျပြတ်သား၍ နောက်ဆုံးဖြစ်သည့် အမိန့်ပညတ်ချက်ကို တရားဝင် မပယ်ဖျက်မရုပ်သိမ်းနိုင်ပါ။

(၄) အခြေအတင်အငြင်းပွားမှုဖြစ်စေသော အရေးကြီးသည့် ပြဿနာတစ်ခုကို ဖြေရှင်းရန် ဤအာယသ်တော်က အထောက်အကူပြုပါသည်။ ယင်းကား အကယ်၍ ရှေ့ဆောင်အိမာမ်သည် ဆွလာသ်ဝတ်ပြုမှုကို ဦးဆောင်ဝတ်ပြုရာတွင် မိုက်ကရိုဖုန်းသုံးခဲ့ပါက ၎င်းနောက်မှ ဆွလာသ်ဝတ်ပြုခြင်း ပိုင်ပါသလော။ အကယ်၍ အသံချဲ့စက်မှ ထွက်လာသောအသံမှလွဲ၍ အခြားအသံကို နောက်လိုက်များမကြားလျှင် ၎င်းတို့၏ ဆွလာသ်ဝတ်ပြုမှုသည် တရားမဝင်ဖြစ်မသွားပြီလော။

ကျွန်ုပ်တို့သိရှိပြီးသည့်အတိုင်း ဆွဟာဗဟ်သာဝကကြီး အဗ်ဒုလ္လာဟ် အိဗနိ အုမရ်(ﷺ)မှ ဟဒီးဆ်တော် တစ်ရပ်ကို အလ်ဗုခါရီတွင် ဆင့်ပြန်ထားသည်မှာ မျက်နှာမူရာအရပ် ပြောင်းလဲခြင်းအမိန့် ကြားသိသည်နှင့် တစ်ပြိုင်နက် ကုဗာဗလီမှလူများသည် ဝတ်ပြုနေစဉ်မှာပင် ဗိုင်သုလ္လာဟ်ဘက်သို့ မျက်နှာမူ ကြသည်။ ကျော်ကြားသည့် ဟန်ဖီ ပညာရှင် အီဗ်နိုက ဤအဖြစ်အပျက်ပေါ် မှတ်ချက်ပြုရာတွင် **فيه جواز تعليم من ليس في الصلوة من هو فيها** 'ဆွလာသ် ဝတ်ပြု ဆောက်တည်နေသူမဟုတ်သူသည် ဆွလာသ် ဝတ်ပြုဆောက်တည်နေသူအား သင်ကြားပေးခြင်း (သို့) ညွှန်ကြားခြင်း ပြုလုပ်နိုင်သည်ဟူသည့် စည်းမျဉ်းကို ဤဟဒီးဆ်တော်က ခိုင်မာစေပါသည်။ အခြားတစ်နေရာတွင် ဤဟဒီးဆ် တော်နှင့်ပတ်သက်၍ အလ်အိုင်နီက ထပ်ဆင့်မိန့်ကြားသည်မှာ အကယ်၍ လူတစ်ဦးသည် ဆွလာသ်ဝတ်ပြုနေစဉ် အတွင်း ဆွလာသ်ဝတ်မပြုသူ တစ်ဦး၏ စကားပြောသံကိုကြားပါက သူ၏ဆွလာသ်ဝတ်ပြုမှုမပျက်ပါဟူသော စည်းမျဉ်းစည်းကမ်းကိုလည်း ယင်းအချက်မှပင် အလ်သဟဝီက ထုတ်နှုတ်ယူခဲ့သည်။ (အုမ်ဒါဟ်ဒုလ်ကာရီ)

စင်စစ် ဟန္နဖီဓမ္မသတ်ပညာရှင်များ ယေဘုယျလက်ခံထားသည်မှာ အကယ်၍ လူတစ်ဦးသည် ဆွလာသ်ဝတ်ပြုစဉ်အတွင်း ဆွလာသ်ဝတ်ပြုမနေသော အခြားသူတစ်ဦး၏အမိန့်ကို နာခံမိပါက သူ၏ဆွလာသ်ဝတ်ပြုမှု ပျက်ပြယ်သည်။ ဓမ္မသတ်ပညာရှင်များက ဆိုလိုသည်မှာ ဆွလာသ်ဝတ်ပြုစဉ်အတွင်း အလ္လာဟ်အရှင်အမိန့်မှအပ အခြားသူ၏ အမိန့်ကို နာခံခဲ့ပါက ဆွလာသ်ဝတ်ပြုမှု ပျက်ပြယ်သော်လည်း ထိုအခြားသူသည် အလ္လာဟ်အရှင်မြတ်၏အမိန့်ကို ဆက်သွယ်ပေးသောသူအဖြစ် ဆောင်ရွက်ကာ အမိန့်ပေးသည်ဖြစ်ပါမူ နာခံပါက ထိုဆွလာသ်ဝတ်ပြုမှု မပျက်ပြယ်ပေ။ ဥပမာတစ်ခုပေးခြင်းဖြင့် ဤအချက်မှာ ရှင်းလင်းပါလိမ့်မည်။ အကယ်၍ လူတစ်ဦးသည် ဂျမာအသ်အစုအဝေးနှင့် ဆွလာသ်ဝတ်ပြုရန်လာရောက်သောအခါ ရှေ့တန်းသည် လူပြည့်ကာ နေရာမကျန်ပါက နောက်တန်းတွင် တစ်ယောက်တည်း ဝတ်ပြုရမည်ကဲ့သို့ဖြစ်နေပေမည်။ ထိုအခြေအနေမျိုးတွင် ဓမ္မသတ်ပညာရှင်များအဆိုအရ ပထမတန်းမှ လူတစ်ဦးကို ဆွဲခေါ်၍ ဒုတိယတန်းတွင် သူနှင့်အတူ ဝတ်ပြုစေရပါမည်။ ထိုကိစ္စကို အပေါ်ယံအားဖြင့်ကြည့်လျှင် ဆွဲခေါ်ခံရသောသူသည် ဆွလာသ်ဝတ်ပြုစဉ်အတွင်း အလ္လာဟ်အရှင်မြတ်မှအပ အခြားသူတစ်ဦး၏အမိန့်ကို နာခံခြင်းအဖြစ်ရောက်သွားကာ ထိုသူ၏ ဆွလာသ်ဝတ်ပြုမှု ပျက်ပြယ်သင့်ပေသည်။ သို့ရာတွင် အမှန်တကယ် ဤသို့မဟုတ်ချေ။ အလွန်ခိုင်လုံသော ဟန္နဖီဓမ္မသတ်ကျမ်းဖြစ်သော အလ်ဒုရုလ် မုခ်သာရ်ကျမ်းက စည်းမျဉ်းစည်းကမ်းချမှတ်သည်မှာကား ဤလူ၏ ဆွလာသ်ဝတ်ပြုမှုသည် လုံးဝပြည့်စုံအတည်ဖြစ်သည်ဟူ၍ဖြစ်သည်။ ဤလူ၏ ဆွလာသ်ဝတ်ပြုမှုသည် အဘယ့်ကြောင့် မပျက်ပြယ်ဟူသည်ကို အလ်သဟာဝီက ရှင်းပြသည်မှာ ဤသူသည် နောက်မှရောက်လာသောသူ၏အမိန့်ကို စင်စစ် နာခံခြင်းမဟုတ်ဘဲ တမန်တော်မြတ်(ﷺ)သခင် ဆင့်ပြန်ခဲ့သော အလ္လာဟ်အရှင်မြတ်အမိန့်ကို နာခံခြင်းသာဖြစ်သည်။ ဆွလာသ်ဝတ်ပြုနေသူတစ်ဦးအား သူနှင့်အတူ ဆွလာသ်ဝတ်ပြုခြင်းမရှိသူ၏ အမိန့်ပေးခြင်းကို နာခံမှုအတွက် အကြောင်းနှစ်ရပ်ရှိကြောင်း ထပ်ဆင့်ပြောပါရစေ။

(က) အမိန့်ပေးသူအား နှစ်သက်ကျေနပ်စေရန် နာခံခြင်းဖြစ်သည်။ ထိုကဲ့သို့ဆိုလျှင် သူ၏ ဆွလာသ်ဝတ်ပြုမှု ပျက်ပြယ်ပေမည်။

(ခ) ရှရီအသ်၏ အမိန့်ပညတ်ချက်တစ်ခုကို အခြားသူတစ်ဦးပြောကြားချက်အား နာခံခြင်းဖြစ်သည်။ ဤသို့ဆိုလျှင် သူ၏နာခံခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်ကို နာခံခြင်းဖြစ်၍ သူ၏ ဆွလာသ် ဝတ်ပြုမှုမှာ မပျက်ပြယ်ချေ။ (သဟာဝီ)

ဤဆွေးနွေးချက်သည် ဂျမာအသ်အစုအဝေးအား ဇွေ့ဆောင်အိမာမ်ပြု၍ မိုက်ကရိုဖုန်းသုံးခြင်းပြဿနာအကြောင်းကို ဖြေရှင်းရန်လွယ်ကူပေသည်။ စက်မှုကျွမ်းကျင်သူများက လက်ခံထားသည်မှာ မိုက်ကရိုဖုန်းမှထွက်လာသောအသံသည် အိမာမ်ထံမှထွက်လာသောအသံသာဖြစ်သည်ဟု လက်ခံကြပါသည်။ သို့ဆိုပါလျှင် ဆွလာသ် ဝတ်ပြုမှု ပျက်ပြယ်သည်ဆိုသည့်အကြောင်းပေါ်ပေါက်ရန်အကြောင်းမရှိချေ။ သို့သော်လည်း အကယ်၍ မိုက်ကရိုဖုန်းမှ ထွက်လာသောအသံသည် အိမာမ်၏အသံမဟုတ်ဘဲ အသံတုတစ်ခုသာဖြစ်သည် (သို့) အိမာမ်ပြောဆိုခြင်း၏ တင်ပြချက်ဖြစ်သည်ဟု ကျွန်ုပ်တို့ယူဆခဲ့ပါလျှင် ယင်းသို့ယူဆခြင်းကြောင့် လူအများသည် မိုက်ကရိုဖုန်းသံကိုသာနာခံ၍ ဆွလာသ်ဝတ်ပြုခြင်းဟု သံသယဖြစ်ခြင်းမှာ မလျော်ကန်ချေ။ အဘယ့်ကြောင့်ဆိုသော် ဆွလာသ် ဝတ်ပြုသူများသည် တမန်တော်မြတ်(ﷺ)သခင်၏ အမိန့်ဖြစ်သော ဇွေ့ဆောင်အိမာမ်၏လှုပ်ရှားပုံအတိုင်း

လူပ်ရှားရမည်ဟူသော အမိန့်ကိုနာခံနေခြင်းဖြစ်သည်။ မိုက်ကရိုဖုန်းသည် ဧရှဆောင်အိမာမ်၏ လူပ်ရှားမှုကို သာလျှင် သတင်းပေးနေခြင်းဖြစ်သည်။ ပမာဆိုသော် ဧရှဆောင်အိမာမ် ရုကူ ဦးညွှတ်ခြင်း၊ စဂျဒဟ် ဦးချခြင်း စသည်တို့ ဖြစ်ပါသည်။ ထိုသတင်းပြန်ကြားချက်အတိုင်း လက်ခံလိုက်နာခြင်းသည် စက်ကိရိယာ၏ အမိန့်နာခံခြင်းမဟုတ်ဘဲ အိမာမ်ရှေဆောင်၏အမိန့်ကို နာခံနေခြင်းသာဖြစ်သည်။ ထို့ပြင် စင်စစ် ဂျမာအသ်အစုအဝေးနှင့် ဝတ်ပြုသော ဆွလာသ်များတွင် ဧရှဆောင်အိမာမ်၏အမိန့်ကို နာခံခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက် တစ်ရပ်ပင်ဖြစ်သည်။

(၅) လက်ရှိအာယသ်တော်ထဲတွင် ရှင်းလင်းရန်လိုအပ်သည့်စာပိုဒ်တစ်ခုပါရှိသည်။ ယင်းမှာ 'အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ယုံကြည်သဒ္ဓါတရားကို အချည်းနှီးအကျိုးမဲ့ဖြစ်စိမ့်သောငှာ မဟုတ်ချေ။' ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် အီမာန်ယုံကြည်ချက်ကို ယင်း၏ပုံမှန်အဓိပ္ပာယ်အတိုင်း ကောက်ယူခဲ့ပါလျှင် စာပိုဒ်ကို ဤကဲ့သို့အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။ ကိဗ်လဟ်အား ပြောင်းလဲခဲ့သောအခါ အချို့အသိဉာဏ်ကင်းမဲ့သော သူများက မုစ်လင်မ်များသည် အစ္စလာမ်ဘာသာကို စွန့်ခွာခဲ့လေပြီ။ ထို့နောက် ၎င်းတို့၏ အီမာန်ယုံကြည်ချက်သည်လည်း ပျက်ပြယ်သွားသည်ဟု မှတ်ယူခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်သည် မုစ်လင်မ်များ၏ ယုံကြည်ချက်ကို အချည်းအနှီးမဖြစ်စေကြောင်း ဤအာယသ်တော်က အာမခံပါသည်။ ထို့နောက် မုစ်လင်မ်များအား ထိုကဲ့သို့ အဓိပ္ပာယ်ကင်းမဲ့သော မှန်းဆချက်များ၏ သားကောင်မဖြစ်စေရန် မိန့်ကြားထားသည်။

အခြားတစ်ဘက်တွင် အချို့သော ဟဒီးဆ်တော်များအပေါ် အခြေခံ၍ အစောပိုင်းဦးကာအကျယ်ဖွင့်သူများက အာယသ်တော်ပါ အီမာန်ဟူသည့်စကားလုံးသည် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းကို ဆိုလိုသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။ ဤဖွင့်ဆိုချက်အရဆိုလျှင် ကိဗ်လဟ်ပြောင်းလဲခြင်းအမိန့်ကြောင့် ယခင်က ဗိုင်သုလ်မုကတ်စ်ဒစ်ဘက်သို့ မျက်နှာလှည့်၍ ဝတ်ပြုဆောက်တည်ခြင်းများသည် တရားဝင်အတည်ဖြစ်နေကြောင်း အလ္လာဟ်အရှင်မြတ်က အာမခံပါသည်။ ထိုဆွလာသ်ဝတ်ပြုဆောက်တည်မှုသည် အတည်ဖြစ်ခြင်းကြောင့် အလ္လာဟ်အရှင်မြတ်က ထိုဆွလာသ်ဝတ်ပြုမှုများကို အချည်းအနှီးမဖြစ်စေပါ။ အလ္လာဟ်အရှင်လက်ခံပြီး ဖြစ်သည်ဟု အဓိပ္ပာယ်ကောက်ယူကြသည်။

ဆွဟာဗဟ်သာဝကကြီး အလ်ဗရ်အီဗန် အဇစ်ဗ်လ်(ﷺ) ဆင့်ပြန်ချက်ကို ဗုခါရီကျမ်းက တင်ပြရာနှင့် ဆွဟာဗဟ် ကြီး အိဗ်နိအဗ္ဗားစ်(ﷺ)သခင်၏ ဆင့်ပြန်ချက်ကို အလ်သိရ်မိဇီက တင်ပြရာတွင် ဗိုင်သုလ္လာလ်အား ကိဗ်လဟ်အဖြစ်သတ်မှတ်ပြီးသောအခါ ဗိုင်သုလ္လာဟ်ဘက်သို့ မျက်နှာမူ၍ ဆွလာသ်ဝတ်ပြု ဆောက်တည်ခွင့် မရမီ သေဆုံးသွားကြသူများ၏ ဗိုင်သုလ်မုကတ်စ်ဒစ်ဘက်သို့ မျက်နှာမူ၍ ဝတ်ပြုဆောက်တည်ခဲ့ကြသော ဆွလာသ်ဝတ်ပြုမှုတို့၏ အခြေအနေကို တွေးတောစိုးရိမ်ပူပန်စပြုလာပါသည်။

vvvvvvv

အာယသ် (၂း ၁၄၄)

قَدْ نَرٰى تَقَلُّبَ
وَجْهِكَ فِي السَّمَآءِ ۚ فَلَنُوَلِّيَنَّكَ قِبْلَةً تَرْضٰىهَا ۪ فَوَلِّ وَجْهَكَ شَطْرَ
الْمَسْجِدِ الْحَرَامِ ۭ وَحَيْثُ مَا كُنْتُمْ فَوَلُّوْا وُجُوْهَكُمْ شَطْرَهٗ ۭ وَاِنَّ الَّذِيْنَ
اُوْتُوا الْكِتٰبَ لَيَعْلَمُوْنَ اَنَّهُ الْحَقُّ مِنْ رَّبِّهِمْ ۭ وَمَا اللّٰهُ بِغَافِلٍ عَمَّا
يَعْمَلُوْنَ ۝

"အသင်သည် (မိမိစိတ်တွင်းဝယ် ဆွေးလာသ်ဝတ်ပြုရာ၌ မျက်နှာမူရန် ကအ်ဗဟ် ကျောင်းတော်ကို ကိဗ်လဟ်ဖြစ်စေလိုရှိ၍ အလ္လာဟ်အရှင်မြတ်အထံတော်မှ အမိန့်တော်ကို မျှော်လင့်လျက်) မိုးကောင်းကင်သို့ အကြိမ်ကြိမ် မျက်နှာမော်ရှိကြည့်နေသည်ကို ငါအရှင်မြတ်သည် မုချမြင်တော်မူသည်ဖြစ်လေရာ အသင်နှစ်သက်လေသော 'ကိဗ်လဟ်'ဘက်သို့ အသင့်အား ငါအရှင်မြတ်သည် မုချကေန် လှည့်၍ပေး တော်မူအံ့။ သို့ဖြစ်ရာ (အို-နဗီတမန်တော်) အသင်သည် မိမိမျက်နှာကို ယခုအချိန်မှစ၍ ဆွေးလာသ်ဝတ်ပြုရာတွင် မတ်စ်ဂျိဒ်ဟရာမ် (ဝါ) ကအ်ဗဟ်ကျောင်းတော်ဘက်သို့ လှည့်ပါလေ။ ထိုမှတစ်ပါး အသင်တို့သည် မည်သည့်နေရာ(အရပ်ဒေသ)၌ပင်ရှိစေ ကာမူ (ဆွေးလာသ်ဝတ်ပြုသောအခါ) ယင်း (မတ်စ်ဂျိဒ်ဟရာမ်)ဘက် သို့သာလျှင် မိမိတို့ မျက်နှာများကို လှည့်ကြကုန်လော့။ အမှန်စင်စစ် (အလ္လာဟ်အရှင်မြတ်ထံမှ) ကျမ်းဂန်ရရှိသူတို့သည်(လည်း) ထို(မတ်စ်ဂျိဒ်ဟရာမ် ရှိရာဘက်သို့ မျက်နှာမူရန် အမိန့်တော်သည်) မိမိအား မွေးမြူတော်မူသော (အလ္လာဟ်)အရှင်မြတ် အထံတော်မှ ကျရောက်၍ မှန်ကန်သောအမိန့်တော်ပင်ဖြစ်သည်ဟု မုချအမှန် သိရှိကြကုန်၏။ (သို့ရာတွင် မနာလိုမုန်းထားသောသဘောဖြင့်သာလျှင် မထီမဲ့မြင်ပြုကြလေသတည်း။) အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် ယင်းသူတို့ပြုမူ ကျင့်ကြံ လေသောကိစ္စရပ် များကို မေ့လျော့လျစ်လျူရှုတော်မူမည့်အရှင်မဟုတ်ပေ။" (၂း၁၄၄)

## ကိဗ်လဟ်ဘက်သို့ မျက်နှာမူခြင်း

ဤအာယသ်တော်ကို မဟာတမန်တော်မြတ်(ﷺ)သည် မုစ်လင်မ်တို့အတွက် မျက်နှာမူရန် ကိဗ်လဟ်အဖြစ် ကအ်ဗဟ်ဝတ်ကျောင်းတော်ဘက်သို့ သတ်မှတ်ပေးတော်မူရန် အဘယ်မျှလောက် နက်နဲလှိုက်လှဲစွာ လိုလားနှစ်ခြိုက်တော်မူကြောင်းဖော်ပြသည့် စကားရပ်ဖြင့်အစပြုထားသည်။ ဤသဘောထားကို နည်းလမ်းအဖုံဖုံဖြင့် ရှင်းလင်းဖွင့်ဆိုခဲ့ကြပြီးလေပြီ။ သို့ရာတွင် ထိုအမျိုးမျိုးသော သဘောထားအမြင်တို့တွင် အမှန်စင်စစ် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ကွဲလွဲနေခြင်းအလျင်းမရှိကြပေ။ ပမာအားဖြင့် တမန်တော်မြတ်(ﷺ)သည် နဗီတမန်တော် မဖြစ်မီကတည်းကပင် မိမိ၏ ပင်ကိုယ်သဘာဝစိတ်ဆန္ဒကိုလွန်ဆန်လျက် စိုက်ယိဒိနာ အိဗ်ရာဟီမ်(عليه السلام) (အပြာဟံ)၏ နည်းလမ်းများအတိုင်းသာလျှင် ကျင့်သုံးတော်မူခဲ့သည်။ တမန်တော်မြတ်အဖြစ် ခန့်အပ်ထုတ်ဖော် ချီးမြှင့်တော်မူခြင်းခံခဲ့ရပြီးသည်နှင့် ဝဟီများစတင်လက်ခံရရှိပြီးသည့်နောက်တွင်လည်း ကျမ်းတော်မြတ်ကုရ်အာန် ပင်ကိုယ်ကယင်း၏ရှရီအသ် တရားလမ်းစဉ်ကို တမန်တော်ကြီး အိဗ်ရာဟီမ်(عليه السلام)၏လမ်းစဉ်နှင့် တစ်သဝေမတိမ်း သဘောတူညီမျှစွာ သတ်မှတ်ပြဋ္ဌာန်းပေးထားပြီးဖြစ်ပေသည်။ ထို့ပြင်တစ်ဝ စိုက်ယိဒိနာ အိဗ်ရာဟီမ်(عليه السلام) လက်ထက်တော်ကကဲ့သို့ပင် စိုက်ယိဒိနာ အိစ်မာအီလ်(عليه السلام)လက်ထက်တော်တွင်လည်း မျက်နှာမူရာကိဗ်လဟ်ဘက်မှာ ကအ်ဗဟ်ဝတ်ကျောင်းတော်ဘက်သို့ပင် ဖြစ်ခဲ့လေသည်။

ထို့ကြောင့် တမန်တော်မြတ်ကြီး(ﷺ)သည် ကအ်ဗဟ်ဝတ်ကျောင်းတော်ကို မုစ်လင်မ်တို့အဖို့ မျက်နှာမူရာ ကိဗ်လဟ်အဖြစ် သတ်မှတ်ပေးတော်မူစေလိုသောအချက်မှာ သဘာဝကျလှပေသည်။ အခြားထည့်သွင်းစဉ်စားသင့်သောအချက်တစ်ရပ်မှာ အနည်းဆုံး တမန်တော်ကြီး အိဗ်ရာဟီမ်(عليه السلام)၏ လမ်းစဉ်ကို လိုက်နာကျင့်သုံးပါသည်ဟု ကြေညာထားသော တုဖက်ယှဉ်တွဲ ကိုးကွယ်သူများသည် ယဟူဒီများ၏ မျက်နှာမူရာနှင့် ကွဲပြားမှုရှိစေရန် ကအ်ဗဟ်ကျောင်းတော်ကို မိမိတို့၏ ကိဗ်လဟ်အဖြစ် လက်ခံအသိအမှတ်ပြုခဲ့ကြပေသည်။ ထို့ကြောင့် ကအ်ဗဟ် ကျောင်းတော်ဘက်သို့ မုစ်လင်မ်တို့၏ မျက်နှာမူရာ ကိဗ်လဟ်အဖြစ် ပြုပြီးသည့်နောက် အရဗ်မျိုးနွယ်စုများအဖို့ အစွလာမ်သာသနာ သည် ပိုမိုလက်ခံနိုင် ဖွယ်ရာဖြစ်ကြောင်း တွေ့ရှိသိမြင်လာကြမည်ဟု မျှော်လင့်ရပေသည်။ ဗိုင်သုလ်မုကတ်စ်ဒစ် ဝတ်ကျောင်းတော်ကို ကိဗ်လဟ်အဖြစ် သတ်မှတ်ပေးခြင်းအားဖြင့် ယဟူဒီများအစွလာမ် သာသနာတော်နှင့် ပိုမိုနီးစပ်လာစေနိုင်မည်ဟု ယူဆရသည်။ သို့သော် ကုန်လွန်ခဲ့သော ဆယ့်ခြောက်လ ဆယ့်ခုနှစ်လခန့်အတွင်းက ယဟူဒီတို့၏ အချီးနှီးစိတ်ကြီးဝင်မှုမှတစ်ဆင့် မုစ်လင်မ်တို့အပေါ် ရန်လိုအမုန်းပွားမှုများကြောင့် ဖြစ်ပေါ်လာခဲ့ရသော ဖြစ်ရပ်များက အဆိုပါမျှော်လင့်ချက်ကို အရှိန်ဟုန်ပြင်းစွာ ချေဖျက်ခဲ့လေပြီ။

မည်သည့်အကြောင်းရင်းခံကြောင့်ပင်ဖြစ်စေ တမန်တော်မြတ်(ﷺ)သခင်၏ ကအ်ဗဟ်ကျောင်းတော်ကို မုစ်လင်မ်တို့အဖို့ မျက်နှာမူရာ ကိဗ်လဟ်အဖြစ် သတ်မှတ်ပေးတော်မူစေလိုသော ဇောဆန္ဒမှာ အလွန်တရာထက်သန်ပြင်းပြလှပေသည်။ တမန်တော်မြတ်များသည် အလ္လာဟ်အရှင်မြတ်ထံတော်ပါးသို့ လူသားတစ်ဦးစွမ်းဆောင်နိုင်သမျှသောအခြေအနေအတွင်း အစွမ်းကုန်နီးစပ်ချဉ်းကပ်နိုင်စွမ်းရှိသူများဖြစ်ကြပေရာ ထိုသို့ ချီးမြှင့်ပေးသနားတော်မူခြင်းခံရသည့် အဆင့်အတန်းက သူတို့အား အလ္လာဟ်အရှင်မြတ်ထံတော်မှ သဘောတူခွင့်ပြုချက် မရမချင်း မိမိတို့၏ လိုအင်ဆန္ဒတစ်ရပ်ကို ရှေ့တန်းတင်၍ လျှောက်ထားတောင်းခံခြင်းမပြုရန်ဟူသော နာမ်ပိုင်းဆိုင်ရာ ကျင့်ထုံးတစ်ခုကို လေးစားလိုက်နာရန် သင်ကြားပေးခြင်းခံခဲ့ရပြီးဖြစ်လေသည်။ ယင်းစည်းမျဉ်းကျင့်ထုံးက

ကျွန်ုပ်တို့အား တမန်တော်မြတ်ကြီး(ﷺ)သည် မိမိ၏လိုအင်ဆန္ဒပြည့်ဝစေရန် တောင်းဆုပန်ခြင်းအတွက် အရှင်မြတ်ထံတော်မှ တင်ကြိုခွင့်ပြုချက်ရရှိထားပြီးဖြစ်ကြောင်းနှင့် မိမိ၏တောင်းဆုပန်ဆင်ခြင်းကို အရှင်မြတ်လက်ခံသဘောတူတော်မူလိမ့်မည်ဟု မျှော်လင့်ထားပြီးဖြစ်ကြောင်း ယုံကြည်ချက်ခိုင်မာစေလေသည်။ ထို့ကြောင့် တမန်တော်မြတ်ကြီး(ﷺ)သည် မိုးကောင်းကင်ဘက်သို့ အဖန်ဖန်မျက်နှာတော်လှည့်၍ မိမိလိုလားတောင့်တတော်မူသော ဆန္ဒကို ဖြည့်စွမ်းလိုက်လျောတော်မူကြောင်း အာယသ်တော်မြတ်ပို့ချပေးမည့် ကောင်းကင်တမန်တစ်ပါးပေါ်လာလေမလားဟူသော ဆန္ဒဇောဖြင့် မျှော်လင့်တကြီး စောင့်စားနေတော်မူခဲ့ပေသည်။

ဤအာယသ်တော်တွင် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်(ﷺ)သခင်ကြီး၏ ထိုသို့သောအခြေအနေကို အရေးတယူ အလေးအမြတ် ဖော်ပြခဲ့၍ တမန်တော်မြတ်ကြီး(ﷺ) လိုလားနှစ်သက်တော်မူသော ကိဗ်လဟ် ဦးလှည့်ဘက်ကို သဘောတူခွင့်ပြုတော်မူလိုက်ပြီဖြစ်ကြောင်း အာယသ်တော်မြတ်ချမှတ်တော်မူခဲ့လေသည်။ ယင်း အာယသ်တော်နှင့် တဆက်တည်းပင် **فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ** "သို့ဖြစ်ပေရာ (အို-နဗီတမန်တော်) အသင်သည် မိမိမျက်နှာကို (ယခုအချိန်မှစ၍ ဆွလာသ်ဝတ်ပြုရာတွင်) မတ်စ်ဂျိဒ်ဟရာမ် (ဝါ) ကအ်ဗဟ်ကျောင်းတော်ဘက်သို့ လှည့်ပါလေ' ဟူသော အမိန့်ပညတ်တော်ကိုလည်း ချမှတ်ပြဋ္ဌာန်းတော်မူခဲ့လေသည်။ ဤနေရာတွင် ကျွန်ုပ်တို့သည် အလ္လာဟ် အရှင်မြတ်၏ မဟာကရုဏာတော်၏ သိမ်မွေ့သောလုပ်ဆောင်ချက်တစ်ရပ် ထင်ရှားစွာပေါ်ထွက်လာသည်ကို တွေ့ကြရသည်။ မဟာတမန်တော်မြတ်(ﷺ)သခင်သည် ကတိအာယသ်တော်မြတ်ကို နာကြားခံယူလိုက်ရ၍ ပျော်ရွှင်ကြည်နူးနေရာမှ ယင်းကတိအာယသ်တော်အတိုင်း ဖြည့်စွမ်းပညတ်ပေးတော်မူခြင်းကိုပါ ချက်ချင်း လက်ငင်း ကြားသိလိုက်ရသဖြင့် အထူးဝမ်းသာပီတိဖြာခဲ့ရပေသည်။ (ကုရ်တုဘီ၊ ဂျဆ္ဒွားဆ္ဒွန့်မာ့ဇ်ဟရီ)

## အမိန့်ပညတ်တော်များနှင့် ဆက်နွယ်သုံးသပ်ချက်များ

အထက်တွင် ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း အလ္လာဟ်အရှင်မြတ်သည် အရပ်မျက်နှာနှင့် အတိုင်းအဆပမာဏာတို့၏ ကန့်သတ်မှုမှ ကင်းလွတ်တော်မူသောအရှင်ဖြစ်တော်မူသည်။ **قُلْ لِلّٰهِ الْمَشْرِقُ وَالْمَغْرِبُ** 'အို-နဗီတမန်တော်၊ အသင်သည် အရှေ့နေထွက်ရာအရပ်ကိုလည်းကောင်း၊ အနောက်နေဝင်ရာအရပ်ကိုလည်းကောင်း (အရပ် ရှစ်မျက်နှာလုံးကို) အလ္လာဟ်အရှင်မြတ်သည်သာလျှင် ပိုင်ဆိုင်တော်မူသည်ဟု (သူတို့အား)တုံ့ပြန်ပြောကြားလေ။' (၂း၁၄၂) တစ်ကမ္ဘာလုံးတွင် ပြန့်ကျဲနေသော မုစ်လင်မ်များကို တစ်စုတစ်ဝေးတည်းရှိစေရန် ညီညွတ်ခြင်း၏ မြင်သာသောသင်္ကေတအဖြစ် အသုံးပြုနိုင်ရန်အတွက် အထူးသီးသန့်နှင့် တိကျသောမျက်နှာမူရာအရပ် သတ်မှတ်ခြင်းသည် လျော်ကန်သင့်မြတ်သည်ဟု အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်အရ ပြုလုပ်သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ ဤတွင် မျက်နှာမူရာ ကိဗ်လဟ်အဖြစ် ဗိုင်သုလ်မုကတ်စ်ဒစ်ကျောင်းတော်ဘက်သို့ အလွယ်တကူ သတ်မှတ်ပြဋ္ဌာန်းပေးနိုင်ပါသည်။ သို့ရာတွင် မဟာတမန်တော် မြတ်(ﷺ)သခင်၏ လိုအင်ဆန္ဒတော်နှင့်အညီ ကအ်ဗဟ်ကျောင်းတော်ကို မျက်နှာမူရာ ကိဗ်လဟ်အဖြစ် နောက်ဆုံး ရွေးချယ်သတ်မှတ်ပညတ်တော်မူခဲ့လေသည်။ ယင်းအမိန့်ပညတ်ကိုလည်း ဤအာယသ်တော်အတွင်း ထည့်သွင်း ကြေညာတော်မူခဲ့လေသည်။ ဤအနေအထားအရ ကျမ်းတော်မြတ်ကုရ်အာန်တွင် 'အသင်တို့၏ မျက်နှာများကို ကအ်ဗဟ်ကျောင်းတော်ဘက်သို့ လှည့်ကြ

ကုန်လော့ (သို့မဟုတ်) အရှင်မြတ်၏အိမ်တော် (ဗိုင်သုလ္လာဟ်)ဘက်သို့ မျက်နှာမူကြလော့' ဟူသော စာပိုဒ်ဖြင့် ဖော်ပြရန်သာရှိသည်။ သို့သော် ကျမ်းတော်မြတ်ကုရ်အာန်တွင် အမှန်စင်စစ် 'သင်တို့၏မျက်နှာများကို (မတ်စ်ဂျိဒ် ဟရာမ်)ရှိရာဘက်သို့ ဦးလှည့်ကြကုန်လော့'ဟူ၍သာ ကျွန်ုပ်တို့ မြင်တွေ့ရပေသည်။

ဤကဲ့သို့ သီးသီးသန့်သန့် သတ်မှတ်ဖော်ပြထားခြင်း ထုံးနည်းနာမှာ ကိဗ်လဟ်မျက်နှာမူရာဘက်နှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော မြောက်မြားလှစွာသော အမေးပုစ္ဆာပြဿနာများကို ရှင်းလင်းဖြေဆိုရာတွင် အလွန်ပင်အထောက်အကူပြုပေသည်။

ကိဗ်လဟ် မျက်နှာမူရာအတိအကျသည် ကအ်ဗဟ်ကျောင်းတော်ဟု အများသိကြသော အရှင်မြတ်၏ အိမ်တော် ဗိုင်သုလ္လာဟ်ဖြစ်သော်လည်း တစ်စုံတစ်ဦးသည် ဗိုင်သုလ္လာဟ်ကို မိမိ၏ မျက်လုံးဖြင့် ကိုယ်တိုင် တွေ့မြင်နိုင်လောက်သော အကွာအဝေးအတွင်းရှိနေမှသာလျှင် မှန်ကန်တိကျစွာ ဦးလှည့်မျက်နှာမူနိုင်ပေလိမ့်မည်။ ဗိုင်သုလ္လာဟ်ကို ကိုယ်တိုင်တိုက်ရိုက်မမြင်မတွေ့နိုင်လောက်သော ခရီးကွာလှမ်းသည့် အရပ်ဒေသတွင် နေထိုင်သူတို့အတွက် ဗိုင်သုလ္လာဟ်ဘက်သို့ တိတိကျကျမျက်နှာမူရန်မှာ သင်္ချာပညာနှင့် ကိရိယာတန်ဆာပလာ အကူအညီယူလျှင်ပင် ခက်ခဲ၍အလွန်တင်းကြပ်လေးလံသော ဝန်ထုပ်ဝန်ပိုးဖြစ်နေပေလိမ့်မည်။ သို့ရာတွင် အစ္စလာမ်သာသနာတော်၏ ရှရီအသ်တရားလမ်းစဉ်သည် လူတို့၏ သက်သာလွယ်ကူမှုကိုသာ အစဉ်ရှေ့ရှုပေသည်။ ထို့ကြောင့် ကျမ်းမြတ်ကုရ်အာန်က ကိဗ်လဟ်မျက်နှာမူရာကို ဗိုင်သုလ္လာဟ်(ဝါ)ကအ်ဗဟ်ကျောင်းတော်ဟု သတ်မှတ်ဖော်ပြခြင်း မပြုဘဲ မတ်စ်ဂျိဒ်ဟရာမ်ဟုသာ သတ်မှတ်ထားလေသည်။ မတ်စ်ဂျိဒ်ဟရာမ်သည် ပိုမိုကျယ်ဝန်းသော ဧရိယာကိုကိုယ်စားပြုသည့်အပြင် ဝေးလံကွာလှမ်းသော အစွန်အဖျားဒေသများတွင် နေထိုင်သူတို့ပါ အလွယ်တကူ မျက်နှာမူနိုင်လောက်သည့် အနေအထားတွင်ရှိသောကြောင့် မတ်စ်ဂျိဒ်ဟရာမ်ကိုသာ ကိဗ်လဟ်အဖြစ် သတ်မှတ်ထားလေသည်။

ထို့ပြင် **شَطْر** ဟူသော ဝေါဟာရကို အသုံးပြုထားခြင်းဖြင့် အထူးတလည် သက်သာလွယ်ကူမှုကို ဖန်တီးပေးထားပြန်သည်။ ယင်းအရဗီစကားလုံးသည် 'အရာဝတ္ထုတစ်ခု၏ ထက်ဝက်' သို့မဟုတ် 'အရာဝတ္ထုတစ်ခုတည်ရှိရာဘက်'ဟူသော အဓိပ္ပာယ်ကိုဆောင်သည်။ အကျယ်ဖွင့်ဆိုကြသော ဋီကာဆရာတို့၏ အများစု၏ အညီအညွတ်သဘောတူညီချက်အရ အဆိုပါ အရဗီစကားလုံးကို ဒုတိယအနက်အဓိပ္ပာယ်ဆောင်၍ သုံးစွဲထားသည်။ မက္ကာမြို့မှ အလွန်ဝေးကွာသော အရပ်ဒေသများတွင် ဆွေလာသ်ဝတ်ပြုသူများအဖို့ ဝတ်ပြုမှုပိုင်နိုင်စေရန် မတ်စ်ဂျိဒ်ဟရာမ်ဘက်သို့ အတိအကျမျက်နှာမူရန်ပင် မလိုကြောင်း စည်းမျဉ်းဥပဒေတစ်ရပ်ကို ယင်းစကားလုံးကိုယ်၌ကထောက်ပြနေပေသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းတော်မြတ်ကုရ်အာန်ကိုယ်၌က ညွှန်ပြထားသည့် အတိုင်း ထွတ်မြတ်လှသော ကျောင်းတော်တည်ရှိရာအရပ်ဘက်သို့ မျက်နှာမူရုံမျှဖြင့် လုံးဝပြည့်စုံလုံလောက်နေသောကြောင့်ပင်။ (အလ်ဗဟ်ရုလ်မုဟီတ်)

ယင်းစည်းမျဉ်းဥပဒေကို ထင်ရှားနိုင်သမျှ ထင်ရှားပေါ်လွင်အောင် ဥပမာဆောင်ကြပါစို့။ အိန္ဒိယ (သို့မဟုတ်) ပါကစ္စတန်နိုင်ငံတို့ကဲ့သို့သော မက္ကာရွှေမြို့တော်၏[1]အရှေ့ဘက်တွင်တည်ရှိသည့်နိုင်ငံများအတွက် မတ်စ်ဂျိဒ်ဟရာမ်ရှိရာအရပ်မျက်နှာသည် အနောက်ဖက်ဖြစ်၏။ ထို့ကြောင့် တစ်စုံတစ်ဦးသည် အနောက်ဖက်သို့ မျက်နှာမူ၍ ဆွေလာသ်ဝတ်ပြုခြင်းဖြင့် သူ၏ ဝတ်ပြုမှုလုံးဝပိုင်၏။ ပြည့်စုံလုံလောက်၏၊ နွေရာသီနေဝင်ရာ

အမှတ်နှင့် ဆောင်းရာသီနေဝင်ရာအမှတ်တို့ ကွာခြားကြသော်လည်း ဖုကဟာ(ဖွေကာပညာရှင်များ) ဓမ္မသတ် ပညာရှင်များက ထိုကဲ့သို့သော နိုင်ငံများတွင် နေထိုင်သူတို့အဖို့ ဆွလာသ်ဝတ်ပြုရန် ရည်ရွယ်လျှင် အနောက်ဘက် (ဤတွင်ကိဗ်လဟ်ဘက်)သည် ထိုအစွန်းအမှတ်နှစ်ခုအတွင်း၌ တည်ရှိကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ သခ်ျာ ဝေါဟာရအားဖြင့် အဆိုပါနေဝင်ရာအစွန်းမှတ်နှစ်ခုအကြား (၄၈)ဒီဂရီကွာခြားသော ဧရိယာအတွင်း ကိဗ်လဟ် မျက်နှာမူရာဘက်ဟု ယူဆနိုင်ကြောင်း အဓိပ္ပာယ်ရသည်။ တစ်စုံတစ်ဦးသည် မတ်စ်ဂျီဒီဟရာမ် တည်ရှိရာ အရပ်မျက်နှာဘက်တည့်တည့်၏ ညာဘက်(၂၄)ဒီဂရီဖြစ်စေ ဘယ်ဘက် (၂၄)ဒီဂရီအထိဖြစ်စေ တိမ်းစောင်း သွားစေကာမူ ထိုသူသည် ကိဗ်လဟ်ဘက်သို့ မှန်ကန်စွာ မျက်နှာမူဝတ်ပြုနေသည်ဟု ယူဆရမည်။ ထိုသူ၏ ဝတ်ပြုမှု လုံးဝပြည့်စုံလိမ့်မည်။ ပိုင်နိုင်လိမ့်မည်။ (အသေးစိတ်ကို အလ်ရှဟ်ရ် အလ်ရှဂ်မီနီ အတွဲ-၄ တွင် ကြည့်ပါ။)

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့ရှိ အချို့သော ဝတ်ကျောင်းတော်များသည် ကိဗ်လဟ်မျက်နှာမူရာဘက် နှစ်ဒီဂရီခန့် အနည်းငယ် မဆိုစလောက် သွေလွဲနေသည်ကိုတွေ့ရှုံမျှဖြင့် ယင်းဝတ်ကျောင်းတော်များတွင် ဆွလာသ် ဝတ်ပြုခြင်းမပိုင်၊ မပြည့်စုံဟု ထင်ကြေးပေး ကြွေးကြော်ဝေဖန်နေသူများ၏ နားမလည်မှု၊ တွေဝေမှု၊ ခေါင်းစားမှုကို ဖော်ထုတ်ရှင်းလင်းရန်အတွက် ဤဆွေးနွေးချက်များနှင့်ပင် လုံလောက်ပါလိမ့်မည်။ ဤကဲ့သို့ အခြေအမြစ်မရှိ သော အထင်အမြင်အယူအဆများသည် ထိုသူတို့၏ စိတ်ဓါတ်ဆန္ဒကို မှောက်မှားဖောက်ပြန်စေနိုင်ရုံသာမက မုစ်လင်မ်များအတွင်း အငြင်းပွားရှုတ်ထွေးမှုများ တိုးပွားလာစေနိုင်ပါသည်။ အစ္စလာမ်သာသနာတော်၏ တရား လမ်းစဉ်သည် ကမ္ဘာတလွှားရှိ လူသားအားလုံး တိုင်းနိုင်ငံအားလုံးအတွက်ဖြစ်ကြောင်းနှင့် ကမ္ဘာ့တရားစီရင်မည့် နေ့ကြီးအထိ ခိုင်မြဲတည်တံ့နေမည်ဖြစ်ကြောင်း မမေ့သင့်ကြပေ။ ဤသို့ဖြင့် ရှရီအသ်တရားတော်၏ အမိန့် ပညတ်ဓမ္မသတ်တို့သည် လူ့ဘောင်ဘဝကြီး၏ အလွှာအားလုံးနှင့်ပတ်သက်စပ်ဆိုင်နေ၍ အားလုံး သက်သာ လွယ်ကူစွာဖြင့် လက်တွေ့လိုက်နာကျင့်သုံးနိုင်ရပေမည်။ ဝေးလံသီခေါင်သော ကျေးရွာဇနပုဒ်များမှအစ တောင်တန်းမြေပြန့်၊ တောတွင်း၊ ကျွန်းပေါ် ဒေသအသီးသီးတို့တွင် မှီတင်းနေထိုင်ကြသော ခပ်သိမ်းသော မုစ်လင်မ်တို့သည် သိပ္ပံနည်းကျ ကိရိယာတန်ဆာပလာများ၊ သခ်ျာနည်းကျ တိုင်းတာတွက်ချက်မှုများ၏ အကူအညီ မပါဘဲ မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံ၊ ကိုယ်ပိုင် စူးစမ်းလေ့လာမှုများကိုသာ အခြေခံခြင်းဖြင့် လက်တွေ့ လိုက်နာကျင့်သုံးနိုင်ရပေမည်။ ဤသို့ဖြင့် မက္ကာဟ်ရွှေမြို့တော်၏ အရှေ့ဘက်အရပ်ဒေသများတွင် နေထိုင်သူတို့ သည် အနောက်ဘက် (၄၈)ဒီဂရီအတွင်း အကျယ်အဝန်း ဧရိယာကို မိမိတို့၏ ကိဗ်လဟ်အဖြစ် ယူနိုင်သည်။ (၅)ဒီဂရီ (၁၀)ဒီဂရီမျှ သွေလွဲခြင်းသည် သူတို့၏ ဝတ်ပြုမှုပိုင်ခြင်း ပြည့်စုံခြင်းကို မည်သို့မျှ ထိခိုက်စေမည် မဟုတ်ပေ။ ယင်းအချက်ကို မဟာတမန်တော်မြတ်(ﷺ)၏ အဂ္ဂမဟာသာဝကကြီး အဗူဟုရိုင်ရဟ်(**رضى الله عنه**)၏ ဆင့်ပြန်ချက်ကို သိရိမိဇီကျမ်းတွင် ဖော်ပြသည်မှာ **مَابَيْنَ الْمَشْرِقِ وَالْمَغْرِبِ قِبْلَة** 'ကိဗ်လဟ်သည် အရှေ့နှင့် အနောက်တို့အကြားတွင် တည်ရှိ၏'ဟူသော မဟာတမန်တော်မြတ်(ﷺ)၏ ဟဒီးစ်နှုတ်ကပါတ်တော်တစ်ပိုဒ်အရ အလွန်ရှင်းလင်းထင်ရှားစွာ သိမြင်နိုင်သည်။ ဤဟဒီးစ်တော်ကို အမှန်စင်စစ် မဒီနဟ်မြို့တော်တွင် နေထိုင် ကြသူတို့အတွက် ရည်ရွယ် ဟောကြားတော်မူခဲ့ခြင်းဖြစ်သည်။ သူတို့၏ ကိဗ်လဟ်သည် အတိအကျအားဖြင့် တောင်ဘက်အရပ်တွင် တည်ရှိ၏။ တောင်ဘက်အရပ်ဟူသည် အရှေ့နှင့်အနောက်အရပ်မျက်နှာများအတွင်း၌ တည်ရှိလေသည်။ သို့ရာတွင် အကျိုးသက်ရောက်မှုအနေဖြင့် ဤဟဒီးဆ်တော်သည် 'မတ်စ်ဂျီဒီဟရာမ် ကျောင်းတော်ရာဘက်သို့'ဟူသောပုဒ်ကို ဖွင့်ဆို ရှင်းလင်းထားခြင်းပင်ဖြစ်၏။ ဝတ်ကျောင်းတော်တစ်ဆောင်၏

အုတ်မြစ်ချရာတွင် ဗိုင်သုလ္လာဟ်ဘက်သို့ တိကျနိုင် သမျှ တိကျစွာ မျက်နှာမူ ဦးလှည့်နေအောင် အတတ်နိုင်ဆုံး အားထုတ်ကြိုးပမ်းရပေမည်။ ဤကား ယေဘုယျ စည်းမျဉ်းတစ်ရပ်ဖြစ်၏။ တိကျမှန်ကန်သော ကိဗ်လဟ် မျက်နှာမူရာအရပ်ကို ရှာဖွေသတ်မှတ်ရန်အတွက် ဆွဟာဗဟ်သာဝကကြီးများကို ဆက်ခံသူ သာဗိအိန် သဗသာ ဗိအိန်များက အလွန်ရိုးစင်းလွယ်ကူလှသော နည်းလမ်းတစ်ခုကို လက်ခံကျင့်သုံးခဲ့ကြသည်။ မြို့တစ်မြို့အတွင်း၌ ဆွဟာဗဟ်သာဝကကြီးများတည်ဆောက်ခဲ့သော ဝတ်ကျောင်းတော်တစ်ဆောင်ရှိနေလျှင် အနီးပတ်ဝန်းကျင်အရပ်များတွင် တည်ဆောက်မည့် ဝတ်ကျောင်းတော်သစ်များကို အထက်ပါဝတ်ကျောင်းတော်ကြီး၏ ကိဗ်လဟ် ဦးလှည့်ဘက်အတိုင်း မျက်နှာမူဦးလှည့် တည်ဆောက်လိုက်၏။ တစ်ဖန် ယင်းဝတ်ကျောင်းတော်များသည် ပတ်ဝန်းကျင်ဒေသအတွင်းရှိ မြို့ရွာများတွင် ထပ်မံတည်ဆောက်မည့် အခြားဝတ်ကျောင်းတော်သစ်များအတွက် စံပြနမူနာပုံစံဖြစ်ရလေသည်။ ဤသို့ဖြင့် ဝတ်ကျောင်းတော်များတည်ဆောက်မှုတွင် တစ်ခုနှင့်တစ်ခု သံကြိုးကွင်းဆက်များသဖွယ် ဆက်သွယ် မိပြီးသား အလိုအလျောက်ဖြစ်သွားပေသည်။ ထို့ကြောင့် မက္ကာမြို့တော်မှ အလွန်ဝေးလံကွာလှမ်းသော အရပ်ဒေသများတွင် ကိဗ်လဟ်ကို ရွေးချယ်သတ်မှတ်ရာ၌ ဤနည်းအတိုင်း ဆောင်ရွက်ခဲ့ကြ၏။ အနီးပတ်ဝန်း ကျင်ဒေသအတွင်း ဝတ်ကျောင်းတော်ဟောင်းတစ်ဆောင်တည်ရှိနေလျှင် နောက်အသစ်တည်ဆောက်မည့် ဝတ်ကျောင်းတော်များကို ယခင်ဝတ်ကျောင်းတော်ဟောင်း၏ ကိဗ်လဟ် ဦးလှည့်ဘက်အတိုင်း မျက်နှာမူ တည်ဆောက်လိုက်ကြ၏။ အကြောင်းမူကား မြို့များစွာတွင် ဆွဟာဗဟ် သာဝကကြီးများကိုယ်တိုင်သော်လည်းကောင်း၊ ယင်းတို့ကို ဆက်ခံသူများကိုယ်တိုင်လည်းကောင်း ဝတ်ကျောင်းတော်များ တည်ဆောက်ထားခဲ့ကြ၍ ကိဗ်လဟ်မျက်နှာမူရာ ဘက်သို့ ဆင်ခြင်ရွေးချယ်သတ်မှတ်ထားခဲ့ကြပြီး တစ်ဖန် နောက်မျိုးဆက်များကလည်း ဤအတိုင်းနည်းယူ ကျင့်သုံး တည်ဆောက်ထားခဲ့ကြသောကြောင့်ဖြစ်၏။

အချုပ်အားဖြင့် အလွန်ကွာလှမ်းစွာ တည်ဆောက်ထားခဲ့ပြီး ဖြစ်သော ဝတ်ကျောင်းတော်များသည်ပင်လျှင် ကိဗ်လဟ်ရွေးချယ်သတ်မှတ်မှု၌ လုံးဝခိုင်လုံပြည့်စုံ၏။ မှန်ကန်လုံလောက်၏။ ဤအချက်နှင့်စပ်လျဉ်း၍ မလိုလားအပ်သော ဒွိဟသံသယများ၊ ကန့်ကွက်ဝေဖန်မှုများ မတိုးပွားစေသင့်ပေ။ မုစ်လင်မ်အချင်းချင်း အငြင်းပွားရှုတ်ထွေးစေခြင်းသို့ဦးတည်သော ယင်းသို့သော အကျင့်အမူမျိုးကို ရှရီအသ် တရားတော်ကလည်း ခွင့်မပြုပေ။ ဤကဲ့သို့ ရှုတ်ထွေးအငြင်းပွားမှုမျိုးမှသည် တစ်ခါတစ်ရံ၌ ဆွဟာဗဟ်သာဝကကြီးများ၊ ယင်းတို့ကိုဆက်ခံသူများနှင့် နောက်မျိုးဆက် မုစ်လင်မ်များသည် ကိဗ်လဟ်ကို သခ်ျာနည်းအရ မှန်ကန် တိကျစွာတိုင်းတာတွက်ချက် ရွေးချယ်သတ်မှတ်ခြင်းမပြုနိုင်ခဲ့ကြသဖြင့် သူတို့၏ ဆွလာသ်ဝတ်ပြုမှုများ ပိုင်မည် မဟုတ်။ ပြည့်စုံမည်မဟုတ် ဟူသော ယုံမှားသံသယများ နှောင်းလူတို့၏ စိတ်အတွင်း ပေါ်ပေါက်လာစေနိုင်ခြင်းကြောင့်ဖြစ်၏။ ဤကဲ့သို့သော အတွေးမျိုး စိတ်နှလုံးအတွင်းသွတ်သွင်းသိမ့်ဖိထားမိသူများသည် အပြစ်မကင်းရုံမျှ သာမကသေး၊ မလေးစား၊ မခန့်ငြားမောက်မာစော်ကားရာလည်းရောက်ပေသည်။ ဟစ်ဂျရီသက္ကရာဇ် (၈)ရာစုနှစ် အတွင်းက ထင်ရှား ကျော်ကြားခဲ့သော ဟန်ဗလီပညာရှင်ကြီးတစ်ပါးဖြစ်သည့် အိဗ်နိရဂျဗ်က ကိဗ်လဟ် အရပ်မျက်နှာကို တိကျစွာ ဆင်ခြင်သတ်မှတ်ရန်ရည်ရွယ်၍ နက္ခတ္တဗေဒဆိုင်ရာကိရိယာတန်ဆာပလာများနှင့် သခ်ျာဗေဒဆိုင်ရာ တိုင်းတာတွက်ချက်နည်းများ သုံးစွဲခြင်းကို သဘောမကျကြောင်း သူ၏ သဘောထားအမြင်ကို ဖော်ပြခဲ့သည်။ ထိုပညာရှင်ကြီး အိဗ်နိရဂျဗ်က ဤသို့ရေးသားထားခဲ့၏။

واماعلم التسيير فاذا تعلم منه مايحتاج اليه للاستهداء ومعرفة القبلة
والطرق كان جائزا عند الجمهور ومازاد عليه فلا حاجة اليه وهو يشغل عما
هو اهم منه ور بما ادى التدقيق فيه الى اساءة الظن بمحاريب المسلمين فى
امصارهم كما وقع فى ذلك كثير من اهل هذا العلم قديما وحديثا وذلك
يفضى الى اعتقاد خطأ الصحابة والتابعين صلوا تهم فى كثير من
الامصار وهو باطل وقد انكر الامام احمد الاستدلال بالجدى وقال انما
وردما بين المشرق والمغرب قبلة

'သာသနာ့ပညာရှင်များ၏ ယေဘုယျ အမြင်အရ နက္ခတ္တဗေဒအတတ်ပညာသည် ဥပဒေနှင့်ညီ၏။ တရားဝင်၏။ ကိဗ်လဟ်အရပ် သတ်မှတ်ဆင်ခြင်ရာ တွင်လည်းကောင်း၊ ခရီးသည်များလမ်းကြောင်းရှာကြရာတွင် လည်းကောင်း လမ်းမကြီး၏ ဦးတည်ရာကို ရှာဖွေရာတွင်လည်းကောင်း အလွန်အသုံးဝင်၏။ အထောက်အကူပြု၏။ ဆည်းပူး သင်ကြားအပ်သော ပညာရပ်ဖြစ်၏။ ဤမျှထက်ပို၍ အများကြီးတတ်သိရန် (ရှရီအသ်တရားတော်အရ) လုံးဝ မလိုအပ်ချေ။ အခြားအရေးကြီးသော အချက်တို့ကို လျစ်လျူရှုခြင်းသို့ ဦးတည်စေနိုင်သောကြောင့်ဖြစ်၏။ အခြား နက်နဲသော အတွက်အချက်များကို အလိုလိုက်ခွင့်ပြုခြင်းကြောင့် တစ်ခါတစ်ရံတွင် မုစ်လင်မ်တို့အား မိမိတို့ မြို့ရွာရှိဝတ်ကျောင်းတော်များနှင့် ပတ်သက်၍ ယုံမှားသံသယပွားစေ၏။ ယင်းယုံမှားသံသယများသည် အလွန်စက်ဆုပ်ဖွယ်ဖြစ်၏။ ဆိုးယုတ် ညံ့ဖျင်း လှ၏။ ထိုသို့သော သိပ္ပံပညာရပ်များကို အလွန်အကြူး အထူးဝါသနာထုံခြင်း၏ အားနည်းချက်တစ်ရပ်မှာ (အတွေး အခေါ်)ဇောက်ထိုးမိုးမျှော် လျှောကျသက်ဆင်းခြင်းပင်ဖြစ်၏။ အချို့မြို့ရွာမှ ဆွဟဗဟ်သာဝကကြီးများနှင့် အရိုက်အရာဆက်ခံသူများ၏ ဝတ်ပြုမှုများသည်ပင်လျှင်မပိုင်၊ မပြည့်စုံဟူ၍ လုံးဝဥသုံ မှားယွင်းသော ယုံကြည်မှုများ သို့ ဦးဆောင်သွားစေနိုင်၏။ ထို့ကြောင့် အိမာမ် အဟ်မဒ် အိဗ်နိဟမ်ဗလ်က 'ကိဗ်လဟ်သည် အခြေအရပ်နှင့် အနောက်အရပ်ကြားတွင်တည်ရှိပြီး ဤသည်ထက် မပိုပါ' ဟူသော ဟဒီးဆ်တော်တစ်ပုဒ်ကို အခြေခံ၍ ကိဗ်လဟ်မျက်နှာမူရာအရပ်ကို ဆုံးဖြတ်သတ်မှတ်ရာတွင် ဓူဝံကြယ်အား ထည့်သွင်းစဉ်းစားခြင်းကို ပိတ်ပင်တားမြစ်ခဲ့သည်။'

ရှေးဟောင်းဝတ်ကျောင်း တော်များရှာဖွေတွေ့ရှိနိုင်မည်မဟုတ်သော ကန္တာရလွင်ပြင်ဒေသများ၊ တောတွင်းဒေသများ၊ အိမ်ခြေရာခြေအသစ် အခြေချရာဒေသများစသည်တို့အတွက် သာဝကကြီးများနှင့် အရိုက်အရာခံများ၏ နည်းနာထုံးတမ်းကို အခြေပြု လျက် ရှရီအသ်တရားတော်က ဤသို့စည်းမျဉ်းဥပဒေချမှတ်ထား၏။ ထိုသို့သော အရပ်ဒေသများတွင် နေ၊ လနှင့် ဓူဝံကြယ်တို့ကို အထောက်အကူအဖြစ်သုံး၍ ကိဗ်လဟ်ဘက်ကို အနီးစပ်ဆုံးရှားဖွေစူးစမ်းသတ်မှတ်နိုင်သည်။ နေ၊ လ၊ ဓူဝံကြယ်တို့မှာ လူတိုင်းနှင့် အလုံအလောက် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော သိသာထင်ရှားသည့် အမှတ် အသားများဖြစ်ကြ၏။ တစ်စုံတစ်ဦးသည် (ဤနည်းဖြင့်သတ်မှတ်ထားသော မျက်နှာမူရာဘက်) အနည်းငယ် သွေလွဲသည်ဟု သံသယရှိလျှင်သော်မှ ယင်းသံသယကို လျစ်လျူရှုအပ်၏။ အစ္စလာမ့် သာသနာ့ဓမ္မသတ်မှူးများ၏ ဓမ္မသတ်ဖြတ်ထုံးဖြစ်သော အလ် ဗဒါအ်အိအ် အရ ကအ်ဗဟ်ကျောင်းတော်မှ အလွန်ဝေးကွာသော အရပ်ဒေသများ တွင် ကအ်ဗဟ်ကျောင်းတော်အစား အထက်ပါယေဘုယျ အညွှန်း

အမှတ် အသားများကို အခြေပြု၍ ဆင်ခြင်ရွေးချယ်ခြင်းအားဖြင့် ကိဗ်လဟ်မျက်နှာမူရာဘက်ကို အနီးစပ်ဆုံး မှန်ကန်စွာ သတ်မှတ်နိုင်သည်။ ထို့ပြင် ကိဗ်လဟ်နှင့် ပတ်သက်ဆက်နွယ်သမျှသော အမိန့်ပညတ်အားလုံးတို့ကို ဤနည်းဖြင့် မျက်နှာမူရာဘက်ရွေးချယ်သတ်မှတ်ရာ၌ အသုံးပြုနိုင်သည်။ ဥပမာအားဖြင့် အိပ်စက်ခြင်းကို လေ့လည်ခြင်းကဲ့သို့ ယူ၍ ဝိသူဗျက်ယွင်းကြောင်းသတ်မှတ်ထား၏။ ခရီးသွားလာခြင်းကို ခက်ခဲပင်ပန်းမှုအဖြစ် သတ်မှတ်ထား၏။ ထိုခရီးစဉ် သည် ခက်ခဲမှုမရှိသည့်တိုင် မည်သို့သော ခရီးစဉ်အတွင်း၌မဆို ခရီးသည်တစ်ဦးသည် ရှရီအသ်တရား တော်က ခံစားခွင့်ပြုထားသော ကင်းလွတ်ခွင့်နှင့်သက်သာချောင်ချိမှုများကို ခံစားပိုင်ခွင့်ရှိ၏။ ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သော ယေဘုယျအညွှန်းအမှတ်သင်္ကေတများကို အခြေပြု၍ ရွေးချယ်သတ်မှတ်ထားသည့် မျက်နှာမူရာအရပ်ကို ကိဗ်လဟ် အဖြစ် အတည်ပြုလက်ခံရမည်ဟု စည်းမျဉ်းဥပဒေများက လိုလား၏။ 'အလ္လာဟ် မာဟ် ဗဟ်ရွလ် အူလွမ်' ဟု ကြော်ကြားသော မဟာပညာရှင်ကြီးက သူ၏ 'ရစာအိလ် - အလ် - အာရ်ကာန်' ကျမ်းတွင် ဤကဲ့သို့ ဥပဒေ တစ်ရပ်ချမှတ်ဖော်ပြထားခဲ့သည်။

**والشرط وقوع المسامتة على حسب ما يرى المصلي ونحن غير مأمورين**

**بالمسامتة على ما يحكم به الآلات الرصدية ولهذا افتوا ان الانحراف**

**المفسد أن يتجاوز المشارق والمغارب**

'ကိဗ်လဟ်'ဘက်သို့ မျက်နှာမူခြင်း ပြီးပြည့်စုံစေရန် လိုအပ်သည့် တစ်ခုတည်းသော အခြေအနေမှာ ဆွလာသ်ဝတ်ပြုနေသူသည် သူ၏မျက်နှာကို ကအ်ဗဟ်ကျောင်းတော်ရှိရာ တူရူသို့ ထင်ရှားသိသာစွာ နေသားတကျ ဦးလှည့်မျက်နှာမူထားခြင်းသာဖြစ်သည်ဟု စွဲစွဲမြဲမြဲ ယုံကြည်နေရမည်။ ကိဗ်လဟ်ဘက်သို့ မျက်နှာမူရာတွင် နက္ခတ္တဗေဒဆိုင်ရာ ကိရိယာတန်ဆာပလာများ၏ အထောက်အကူဖြင့် အတိအကျတိုင်းတာ တွက်ချက်ဆောင်ရွက်ရသည်အထိ ရှရီအသ်တရားတော်က ကျွန်ုပ်တို့အား အတင်းအကြပ်မတိုက်တွန်းပါ။ ထို့ကြောင့် ယေဘုယျအားဖြင့် သာသနာ့ပညာရှင်များက ဆွလာသ်ဝတ်ပြုမှုမပြည့်စုံမပိုင်နိုင်လောက်သော ကိဗ်လဟ်မျက်နှာမူရာ သွေလွဲခြင်းဆိုသည်မှာ အင်္ဂါဘက်အစား အနောက်ဘက်ဖြစ်ခြင်းမျိုးကိုသာလျှင် ဖြစ်သည် ဟု သုံးသပ်ထားကြပါသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ ဆွေးနွေးချက်အသေးစိတ်ကို စိတ်ပါဝင်စားသူများသည် ကျွန်ုပ်မုဖ်သီရှဖီး အူရဒူဘာသာဖြင့် ပြုစုထားသော 'စင်မ်တေ့ ကိဗ်လဟ်'စာအုပ် ဖတ်ရှုနိုင်ပါသည်။

vvvvvvv

အာယသ် (၂း ၁၄၅)

وَلَئِنْ أَتَيْتَ الَّذِينَ أُوتُوا الْكِتَابَ بِكُلِّ آيَةٍ مَّا تَبِعُوا
قِبْلَتَكَ ۚ وَمَا أَنتَ بِتَابِعٍ قِبْلَتَهُمْ ۚ وَمَا بَعْضُهُم بِتَابِعٍ قِبْلَةَ بَعْضٍ ۚ
وَلَئِنِ اتَّبَعْتَ أَهْوَاءَهُم مِّن بَعْدِ مَا جَاءَكَ مِنَ الْعِلْمِ ۙ إِنَّكَ
إِذًا لَّمِنَ الظَّالِمِينَ ﴿١٤٥﴾

**"ထို့ပြင်တစ်ဝ (အို-နဗီတမန်တော်၊ အလ္လာဟ်အရှင်မြတ် အထံတော်မှ) ဓမ္မဒေသနာ ကျမ်းဂန်များရရှိသူ (ယဟူဒီနှင့် ခရစ်ယာန်)တို့ရှေ့ဝယ် အကယ်စင်စစ် အသင်သည် သက်သေသာဓကလက္ခဏာဟူသမျှကိုယူဆောင်တင်ပြပါသော်လည်း ယင်းသူတို့သည် အသင်၏မျက်နှာမူရာ ကိဗ်လဟ်ကို လိုက်နာကြလိမ့်မည်မဟုတ်ချေ။ အသင်သည် လည်း ယင်းသူတို့၏မျက်နှာမူရာအရပ်ကိုလိုက်နာမည်မဟုတ်။ ယင်း (ယဟူဒီနှင့် ခရစ်ယာန်)တို့သည်လည်း အချင်းချင်းအချို့သည် အချို့၏ မျက်နှာမူရာအရပ်ကို လိုက်နာကြသည်မဟုတ်ပေ။ သို့ဖြစ်၍ (ငါအရှင်မြတ်၏အထံတော်မှ ကအ်ဗဟ် ကျောင်းတော်ဘက်သို့ မျက်နှာမူရန် အမိန့်တော်ကျရောက်၍ မှန်ကန်သော)အသိ တရားများ အသင့်ထံရောက်ပြီးသည့်နောက် အသင်သည် ယင်းသူတို့၏ အလိုဆန္ဒများ ကို အကယ်စင်စစ်လိုက်လျောခဲ့ပါမူ အသင်သည် ပြစ်မှုကျူးလွန်သောသူများတွင် ဧကန်မုချ တစ်ဦးအပါအဝင်ဖြစ်ချေတော့အံ့။"** (၂း၁၄၅)

ကိဗ်လဟ် (သို့) အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းသတ်မှတ်ပေးထားသော မျက်နှာမူရာအရပ်အကြောင်း ဆက်လက်ဆွေးနွေးရသော် ရှေးကျမ်းရရှိသူများ၏အ ခြားသော မလိုတမာစိတ် တစ်ခုကိုလည်း ယခုအာယသ်တော်က ဖော်ပြထားပါသည်။ ယင်းသူတို့သည် ကိဗ်လဟ်နှင့်ပတ်သက်သော အမိန့်ပညတ်ချက်အသစ်ကိုလက်ခံရန် အလို့ငှာ ခိုင်မာ၍ ယုံကြည်နိုင်လောက်သော အထောက်အထား ရှင်းလင်းချက်ကို တောင်းဆိုနေသည်လည်း မဟုတ်ချေ။ ယင်းတို့၏ လက်မခံနိုင်မှုသည် ခေါင်းမာခြင်းသက်သက်မျှသာဖြစ်သည်။ ကမ္ဘာပေါ်တွင် မည်သည့် အထောက်အထားကမျှ ယင်းတို့အား စိတ်ကျေနပ်စေနိုင်မည်မဟုတ်ဟူ၍လည်း ကုရ်အာန်ကျမ်းတော်မြတ်က ကြေညာထားပါသည်။ အမှန်စင်စစ် ဤအုပ်စုနှစ်ခုသည် တစ်ဦးကိုတစ်ဦး အပြန်အလှန် မနာလိုနေခြင်းကို ပြနေပါသည်။ ယဟူဒီများက ဗိုင်သုလ်မုကတ်စ်ဒစ်ကို ယင်းတို့၏ ကိဗ်လဟ်အဖြစ်သတ်မှတ်၍ နဆ္ဆာရာနီတို့က အဒ္ဓေဘက်အရပ်ကို ကိဗ်လဟ်အဖြစ် ရွေးချယ်ခဲ့ကြပါသည်။ အုပ်စုတစ်စုစီသည် အခြားတစ်အုပ်စု၏ ကိဗ်လဟ်ကို ငြင်းပယ်ခဲ့ကြပါသည်။

အခြားတစ်ဖက်တွင်မူ တမန်တော်မြတ်(ﷺ)သခင်သည် မည်သည့်အုပ်စု၏ မျက်နှာမူရာအရပ်ကိုမျှ လက်မခံနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် မုစ်လင်မ်များ၏ ကိဗလတ်အသစ်သည် ဗိုင်သုလ္လာဟ်ဖြစ်ပြီး အလ္လာဟ် အရှင်မြတ် အမိန့်တော်နှင့် သတ်မှတ်ပြဋ္ဌာန်းခဲ့၍ ယင်းအမိန့်တော်သည် မည်သည့်အခါတွင်မျှ ပယ်ဖျက်တော် မူလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်၍ ရှေးကျမ်းရသူများနှင့် မုစ်လင်မ်များအကြား သဘော တူညီချက်တစ်ရပ်ရနိုင်ဖွယ်မရှိချေ။ ဗိုင်သုလ်မုကတ်စ်ဒစ်မှာ တစ်ချိန်က အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက် အရ မျက်နှာမူရာအရပ်အဖြစ် သတ်မှတ်ခဲ့သည်မှာ သံသယမရှိချေ။ သို့သော် ထိုအမိန့်ပညတ်ချက်သည် ယခု အခါတွင် ပယ်ဖျက်ပြီးဖြစ်သည်။ မည်သူမဆို ယခင်ပယ်ဖျက်ပြီး အမိန့်ပညတ်ချက်ကို လိုက်နာကျင့်သုံးခြင်း၊ ပယ်ဖျက်ပြီးအမိန့်ပညတ်ချက်ကို အစားထိုးထားသော အမိန့်ပညတ်ချက်အသစ်ကို လျစ်လျူရှုခြင်းတို့သည် မိမိ အတွေးအခေါ်၊ မိမိစိတ်ဆန္ဒနှင့် လုပ်ခြင်းသာဖြစ်၍ စင်စစ် အလ္လာဟ်အရှင်မြတ်၏ အမိန့်ကိုဖီဆန်ခြင်းပင် ဖြစ်သည်။ တမန်တော်မြတ်(ﷺ)သခင်အတွက် ရှေးကျမ်းရသူများ၏ ဆန္ဒကိုလိုက်လျောရန်ဆိုသည်မှာ လုံးဝ မဖြစ်နိုင်ချေ။ ဤသည်မှာ သဘာဝကျပါသည်။ သို့သော် တမန်တော်မြတ်(ﷺ)သခင်သည် ဝဟီ(ပို့ချချက်)မှ တစ်ဆင့် တိကျသော အမိန့်ပညတ်ချက်တစ်ရပ်ကို လက်ခံရရှိပြီးသည့်နောက်တွင်ပင်လျှင် (နအူသို့ ဗစ်လ္လာဟ်) (အလ္လာဟ်အရှင်မြတ် လွဲဖယ်တော်မူပါစေ။) ကျမ်းရသူများလုပ်သကဲ့သို့ လုပ်ခဲ့လျှင် မတရားပြုသူအဖြစ် သတ်မှတ်ခံရလိမ့်မည်ဖြစ်ပြီး အလ္လာဟ်အရှင်မြတ်အမိန့် မနာခံသူများထဲတွင် အပါအဝင်ဖြစ်သွားပါလိမ့်မည်။ ဤကဲ့သို့သော အခြေအနေမျိုး သည် မည်သည့်အခါမျှ မရောက်ရှိနိုင်ပါ။ တမန်တော်ဖြစ်သည့်အားလျော်စွာ ကိုယ်တော်မြတ်(ﷺ)သည် လုံးဝ အပြစ်ကင်းစင်ပါသည်။ ထို့ပြင် ယင်းကဲ့သို့ မတရားသူများတွင်လည်း အပါအဝင်မဖြစ်နိုင်ပါ။ ဤမူနှင့် ကျိုးကြောင်း ဆင်ခြင်တုံတရားက ရှေးကျမ်းရသူများ၏ဆန္ဒကိုလိုက်လျော၍ ယင်းတို့၏ ကိဗလတ်ကို ကိုယ်တော်မြတ်(ﷺ)အတွက် လက်ခံရန်ဆိုသည်မှာ လုံးဝမဖြစ်နိုင်ပါ။

ဤသတိပေးချက်သည် အပြင်ပန်းအားဖြင့် တမန်တော်မြတ်(ﷺ)သခင်ကို ဦးတည်ရည်ညွှန်းခြင်းဖြစ်သည်။ သို့သော်လည်း စင်စစ် တမန်တော်မြတ်(ﷺ)၏ အုမ္မသ်အတွက် ရည်ရွယ်ခြင်းဖြစ်သည်။ တမန်တော်၏အုမ္မသ်သည် ဗိုင်သုလ္လာဟ်ကို မုစ်လင်မ်များ၏ ကိဗလတ်အဖြစ် နောက်ဆုံး သတ်မှတ်ပြဋ္ဌာန်းခဲ့သော အမိန့်ပညတ်ချက်ကို မသိကျိုးကွဲပြုခြင်း (သို့) မနာခံခြင်း၏အပြစ်သည် မည်မျှကြီးကြောင်းသိစေရန်ဖြစ်သည်။

وَمَاۤ اَنۡتَ بِتَابِعٍ

'အသင်သည်လည်း ယင်းသူတို့၏ မျက်နှာမူရာအရပ်ကို လိုက်နာမည်မဟုတ်'ဟူသော စကားစု၏ ဆိုလိုရင်းမှာ ဗိုင်သုလ္လာဟ်သည် ကမ္ဘာပျက်သည့်တိုင် တည်နေမည်ဟုကြေညာရန်ဖြစ်သည်။ ဤနည်းအားဖြင့် အစွဲလာမ်အမိန့်ပညတ်ချက်များတွင် တည်ငြိမ်ခိုင်မာမှုမရှိ။ မုစ်လင်မ်များသည် ဗိုင်သုလ်မုကတ်စဒ်စ်ကို ကိဗလတ်အဖြစ် ပြန်လည်လက်ခံကျင့်သုံးလိမ့်မည်ဟူ၍ ရှေးကျမ်းရသူတို့၏ သရော်ပျက်ချော်စွပ်စွဲခြင်းကို ဤကြေညာချက်က ပယ်ချထားသည်။ (အလ်ဗဟ်ရုလ်မုဟီတ်)

vvvvvvv

## အာယသ် (၂း၁၄၆–၁၄၇)



**"အမှန်စင်စစ် (သောင်ရသ်နှင့် အီန်ဂျီလ်)ကျမ်းတော်များကို ငါအရှင်မြတ် ပေးသနား ခြင်းခံရတော်မူသော (ယဟူဒီနှင့် ခရစ်ယာန် ပညာရှိသုခမိန်)တို့သည် မိမိတို့၏ သားမြေးတို့ကို သိဘိသကဲ့သို့ပင် ထို[နဗီတမန်တော် မုဟမ္မဒ်(ﷺ)]ကိုလည်း သိကြ လေသည်။ သို့ရာ တွင် ဧကန်မုချ ယင်းသူတို့အနက်မှ လူတစ်စုသည် အမှန်ကို (အမှန်ဟူ၍) သိရှိပါ လျက်နှင့်ပင် ထိမ်ချန်ထားရှိကြလေသတည်း။"** (၂း၁၄၆)

**"(အို-နဗီတမန်တော်) ဤ(ကိဗ်လဟ်ပြောင်းလွဲခြင်းနှင့်စပ်လျဉ်းသော)အမိန့်တော် သည် အသင့်ကို မွေးမြူတော်မူသော အရှင်မြတ်၏အထံတော် မှ ကျရောက်သည့် မှန်ကန်သော အမိန့်တော်ပင်ဖြစ်ချေသည်။ သို့ဖြစ်လေရာ အသင်သည် ဒွိဟ ဖြစ်သော သူတို့တွင် အပါအဝင်မဖြစ်ပါလေနှင့်။"** (၂း၁၄၇)

အာယသ်တော် ၁၄၄ နှင့် ၁၄၅ က ကျွန်ုပ်တို့ကို မိန့်ကြားထားသည်မှာ ကောင်းကင်ကျကျမ်းရသူတို့ သည် ဗိုင်သုလ္လာဟ် (အလ်မတ်စ်ဂျစ်အဲလ်ဟရာမ်)ကို မုစ်လင်မ်တို့အဖို့ ကိဗ်လဟ်အဖြစ် အလ္လာဟ်အရှင်မြတ် ဘက်တော်မှ သတ်မှတ်တော်မူခဲ့ကြောင်း ယင်းတို့၏ နှလုံးသားက သိရှိကြသော်လည်း ဤအချက်ကို လူသိရှင်ကြား ငြင်းပယ်ခဲ့ကြသည်။ သို့ဖြစ်၍ ဤအာယသ်တော်နှစ်ပိုဒ်က တမန်တော်မြတ်(ﷺ)သခင်အပေါ် ဝယ် ယင်းသူတို့၏ မရိုးသားမှုနှင့် မနာလိုဝန်တိုမှုကို ပြသပါသည်။

သောင်ရသ်နှင့် အီန်ဂျီလ်ကျမ်းများတွင် တမန်တော်မြတ်(ﷺ)သခင် ပွင့်တော်မူမည့်အကြောင်း ကြိုတင် ဟောကြားထားတော်မူခဲ့ပြီး တမန်တော်မြတ်(ﷺ)သခင်ကို လူအများသိရှိနိုင်ရန်အတွက် သက်သေလက္ခဏာ ညွှန်းဆိုချက်များကို ရှင်းလင်းဖော်ပြထားခဲ့ပါသည်။

ယဟူဒီနှင့် နဆ္ဆာရာနီတို့၏ ကောင်းကင်ကျကျမ်းများက ငြင်းကွယ်၍မရနိုင်သော သက်သေများကို ဖော်ပြ ထားကာ တမန်တော်မြတ်(ﷺ)သခင်သည် နောက်ဆုံးပွင့်ပေါ်မည့်တမန်တော်ဖြစ်ကြောင်း ယဟူဒီနှင့် နဆ္ဆာရာနီ များက သိရှိကြပါသည်။ သို့သော်လည်း တမန်တော်မြတ်(ﷺ)သခင်ကို အသိအမှတ်ပြုရန် ခေါင်းမာမှုသက်သက် ဖြင့် ငြင်းပယ်ခဲ့ကြသည်။

ဤနေရာတွင် ကုရ်အာန်ကျမ်းတော်မြတ်၌ လူတစ်ဦးသည် သူ၏သားကို သံသယကင်းစွာ ကွဲကွဲပြားပြား မှတ်သားသိရှိနိုင်သည်ဆိုသည့် ဥပမာတင်စားခိုင်းနှိုင်းချက်ကို ရှင်းလင်းပြပါအံ့။ အကြောင်းအရာနှစ်ရပ်ကို တစ်ခုနှင့် နှိုင်းယှဉ်ပြဆိုသည့်အခါ ထိုနှိုင်းယှဉ်ချက်တွင် သက်ဆိုင်ရာအကြောင်းအရာ၏ ဆီလျော်သော အဖြစ်အပျက်ကိုသာယူ၍ အသေးစိတ်အချက်အလက်များကို မနှိုင်းယှဉ်သည်မှာ လူတိုင်းအသိပင်ဖြစ်သည်။ ထိုကြောင့် ဤနှိုင်းယှဉ်ချက်ကို စဉ်းစားတွေးခေါ်သည့်အခါတွင် ရှည်ရှည်ဝေးဝေး စဉ်းစားတွေးတောရန်မလို၊ မစပ်ဆိုင်သည့် အရာတို့ကိုလည်း ထည့်သွင်းဆွေးနွေးရန်အကြောင်းမရှိချေ။ အဘယ့်ကြောင့်ဆိုသော် အထက်ပါနှိုင်းယှဉ်ချက်က ရှင်းလင်းထင်ရှားသည့်အကြောင်းအရာတစ်ရပ်ကို ပြဆိုလိုရင်းဖြစ်သည်။ သားငယ်သည် မွေးစမှ လူလားမြောက်သည်အထိ မိဘ၏ မျက်စိအောက်တွင် ကြီးပြင်းလာခဲ့ရ၍ ဖခင်ဖြစ်သူအနေဖြင့် ကလေးငယ်၏မျက်နှာဖြစ်စေ၊ ပုံသဏ္ဌာန်ကိုဖြစ်စေ မြင်ရုံမျှဖြင့် သူ့သားဖြစ်ကြောင်း တွန့်ဆုတ်မှုမရှိ၊ သံသယကင်းစွာ မှတ်မိနိုင်လေသည်။ ယဟူဒီနှင့် နဆ္ဓာရာနီတို့သည်လည်း ယင်းကဲ့သို့သော သေချာမှုမျိုးရရှိခဲ့၍ နောက်ဆုံးတမန်တော်မြတ်(ﷺ)ကိုလည်း မှတ်မိသိရှိနိုင်ပေသည်။ သို့ဖြစ်၍ ယင်းတို့က တမန်တော်မြတ်(ﷺ)သခင်ကို လက်မခံ ငြင်းပယ်မြဲ ငြင်းပယ်နေခဲ့ခြင်းသည် မိမိသားအရင်းကို အသိအမှတ်မပြု ငြင်းပယ်သကဲ့သို့သော မရိုးသားမှုပင်ဖြစ်သည်။

ဤသည်မှာ ကျမ်းရသူများ၏ သိသိသာသာမရိုးသားမှုမျိုးကို ကျူးလွန်ခြင်းပင်ဖြစ်သည်။ အချို့သော သူတို့သည် အမှန်တရားကို ပြည့်ပြည့်ဝဝသိရှိကြသော်လည်း ငြင်းပယ်ခဲ့ကြ၍ အခြားသူများကို အမှန်တရားအား မသိနိုင်စေရန် ကြိုးစားဖုံးကွယ်ခဲ့ကြသည်။ ဆိုလိုသည်မှာ ကိဗ်လဟ်နှင့်ပတ်သက်သော အမိန့်ပညတ်ချက်အသစ်သည် အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် ဝဟီအားဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်ဟူသော အမှန်တရားကို ဆိုလိုသည်။

"ဤအမိန့်တော်သည် အသင့်ကိုမွေးမြူတော်မူသော အရှင်မြတ်၏အထံတော်မှ ကျရောက်သည့် မှန်ကန်သော အမိန့်တော်ပင်ဖြစ်ချေသည်'ဟူသော စကားစု၏ဆိုလိုရင်းမှာ အမှန်တရား၏ သဘာဝအဓိပ္ပါယ်ဟု ယေဘုယျဘာသာပြန်နိုင်ပေသည်။ ထိုအမှန်တရားသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းထံမှသာလျှင် လာခြင်းဖြစ်သည်။ တစ်စုံတစ်ဦးသည် ဤအချက်ကိုနားလည်သဘောပေါက်ထားလျှင် အလ္လာဟ်အရှင်မြတ်ထံမှ တမန်တော်တစ်ပါးထံသို့ ပို့ချခဲ့သော ကိဗ်လဟ်နှင့်ပတ်သက်သော ဤအမှန်တရား (သို့) မည်သည့်အမိန့်တော်ကိုမဆို မည်သည့်အခါတွင်မျှ ဒွိဟသံသယရှိလိမ့်မည်မဟုတ်ချေ။

vvvvvvv

အာယသ် (၂ : ၁၄၈ – ၁၅၀)

وَلِكُلٍّ وِّجْهَةٌ هُوَ
مُوَلِّيْهَا فَاسْتَبِقُوا الْخَيْرٰتِ ۭ اَيْنَ مَا تَكُوْنُوْا يَاْتِ بِكُمُ اللّٰهُ جَمِيْعًا ۭ
اِنَّ اللّٰهَ عَلٰي كُلِّ شَيْءٍ قَدِيْرٌ ﴿١٤٨﴾ وَمِنْ حَيْثُ خَرَجْتَ فَوَلِّ وَجْهَكَ
شَطْرَ الْمَسْجِدِ الْحَرَامِ ۭ وَاِنَّهٗ لَلْحَقُّ مِنْ رَّبِّكَ ۭ وَمَا اللّٰهُ بِغَافِلٍ عَمَّا
تَعْمَلُوْنَ ﴿١٤٩﴾ وَمِنْ حَيْثُ خَرَجْتَ فَوَلِّ وَجْهَكَ شَطْرَ الْمَسْجِدِ الْحَرَامِ ۭ
وَحَيْثُ مَا كُنْتُمْ فَوَلُّوْا وُجُوْهَكُمْ شَطْرَهٗ ۙ لِئَلَّا يَكُوْنَ لِلنَّاسِ عَلَيْكُمْ
حُجَّةٌ ۣ اِلَّا الَّذِيْنَ ظَلَمُوْا مِنْهُمْ فَلَا تَخْشَوْهُمْ وَاخْشَوْنِيْ ۣ وَلِاُتِمَّ
نِعْمَتِيْ عَلَيْكُمْ وَلَعَلَّكُمْ تَهْتَدُوْنَ ﴿١٥٠﴾

“ထိုမှတစ်ပါး လူမျိုးအသီးသီးတို့၌ (မျက်နှာမူရာ) အရပ်တစ်ခုကျစီရှိ၏။ ထို(လူမျိုးအသီးသီး)တို့သည် ထိုမျက်နှာမူရာဘက်သို့ မျက်နှာမူလေ့ရှိကြကုန်၏။ သို့ဖြစ်လေရာ အသင်တို့သည် ကုသိုလ်ကောင်းမှုဆည်းပူးရာ၌ သူ့ထက်ငါသာအောင် အဆောတလျင်ပြုလုပ်ကြကုန်လော့။ အသင်တို့သည် မည်သည့်နေရာ၌မဆို ရှိကြအံ့။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ အားလုံးတို့ကို (တစ်ဌာနတည်း၌) စုရုံးတော်မူအံ့။ မုချကေန် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့အပေါ် ဝယ် စွမ်းဆောင် နိုင်တော်မူသောအရှင်မြတ်ပင်ဖြစ်တော် မူလေသတည်း။” (၂း၁၄၈)

“ထို့ပြင်တစ်ဝ (အို-နဗီတမန်တော်) အသင်သည် မည်သည့်နေရာမှမဆို (ခရီး)ထွက်အံ့။ (ဝါ) မည်သည့်နေရာ၌မဆိုရှိနေအံ့။ ဆွလာသ်ဝတ်ပြုရာ ၌ မိမိမျက်နှာကို (မတ်စ်ဂျိဒ် ဟရာမ်)ကျောင်းတော်ဘက်သို့သာလျှင် လှည့်ပါ လေ။ စင်စစ်သော်ကား မုချကေန် ဤအမိန့်တော်သည် အသင့်အား မွေးမြူတော်မူသော အရှင်မြင့်၏ အထံတော်မှ လုံးဝမှန်ကန်သော အမိန့်တော်ပင် ဖြစ်သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ကျင့်မူကြကုန် သော ကိစ္စရပ်များကို မေ့လျော့ လျစ်လျူရှုတော်မူမည့် အရှင်မဟုတ်ပေ။” (၂း၁၄၉)

**"တစ်ဖန် (အို-နဗီတမန်တော်) အသင်သည် မည်သည့်နေရာဌာနမှမဆို(ခရီး)ထွက်အံ့။ သို့(ခရီး)ထွက်ရာနေရာမှ (ဆွလာသ်ဝတ်ပြုရာ၌) ကအ်ဗဟ်ကျောင်းတော်ဘက်သို့ သာလျှင် မျက်နှာမူပါလေ။ တစ်ဖန်ပြကတော့ ထိုနည်းအတိုင်း (အို-မုစ်လင်မ် အပေါင်းတို့) အသင်တို့သည်လည်း မည်သည့်နေရာဌာန၌မဆို ရှိကြသည် ဖြစ်အံ့၊ (ဆွလာသ် ဝတ်ပြုရာ၌) ထို(ကအ်ဗဟ်ကျောင်းတော်)ဘက်သို့သာလျှင် မျက်နှာမူကြကုန်လော့။ (ဤအမိန့်တော်ထုတ်ပြန်တော်မူခြင်းကား အသင်တို့အား အတိုက်အခံပြုကြကုန်သော) လူခပ်သိမ်းတို့အဖို့အသင်တို့နှင့်ဆန့်ကျင်၍ လျှောက်လဲချက်မရှိရန်အလို့ငှာ ဖြစ်သည်။ သို့ရာတွင် ယင်းသူတို့အနက်မှ မတော်မတရားပြုမူသောသူတို့ကား (ဇွတ်မှိတ်၍ ဆင်ခြေလဲကြဦးမည်ဖြစ်သော်လည်း ၎င်းတို့၏ ဆင်ခြေလဲခြင်းမှာ ဂရုပြုဖွယ်မဟုတ်ချေ။) သို့ဖြစ်ပေရာ အသင်တို့သည် ၎င်းတို့အား အလျဉ်းမကြောက်ရွံ့ကြဘဲ ငါအရှင်မြတ်ကိုသာလျှင် ကြောက်ရွံ့ကြပေကုန်။ သို့မှသာလျှင် ငါအရှင်မြတ်သည် အသင်တို့အပေါ် မိမိကျေးဇူးတော်များကို ပြည့်စုံစေတော်မူအံ့။ ထို့ပြင်တစ်ဝ အသင်တို့သည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ရရှိသူများလည်းဖြစ်ကြအံ့။"** (၂း၁၅၀)

## ကိဗ်လဟ်ပြောင်းလဲခြင်း

ဝတ်ပြုကိုးကွယ်ရာတွင် မျက်နှာမူရာအရပ်သည် အုမ္မသ်ထု (သို့) မိရိုးဖလာလူ့အဖွဲ့အစည်းတစ်ရပ် အတွက် အထူးခြားဆုံးဖြစ်သည့်အားလျော်စွာ ဤအာယသ်တော်များသည် မျက်နှာမူရာ ကိဗ်လဟ်နှင့်ပတ်သက်သည့် အကြောင်းကို အကျယ်တဝင့်ဖော်ပြထားသည်။ ထို့ပြင် ကိဗ်လဟ်ပြောင်းလဲရခြင်း၏ အကြောင်းရင်းကို အကျိုးအကြောင်းပြချက်ခိုင်လုံစွာနှင့် ဖော်ပြထားသည်။

အကျယ်ဖွင့်ဆိုသူဋီကာပညာရှင်များက ထောက်ပြရာတွင် မိရိုးဖလာလူ့အဖွဲ့အစည်းအသီးသီးတို့သည် ဝတ်ပြုကိုးကွယ်ရာ၌ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်က သတ်မှတ်၍ဖြစ်စေ မျက်နှာမူရာအရပ်အသီးသီးရှိကြသည်။ ထိုသို့ဖြစ်လျှင် အစ္စလာမ့်အုမ္မသ်ထုအတွက် ထူးခြားသော ကိဗ်လဟ်တစ်ရပ်ကို အလ္လာဟ်အရှင်မြတ်က သတ်မှတ်ပေးထားခဲ့သည့်အပေါ် အဘယ့်အတွက် အံ့ဩြ(သို့) ကန့်ကွတ်ကြရပါသနည်း။ ဤအစဉ်အလာသည် သီးခြားထူးကဲလှသည့် ရှေးမူမပျက်သည့် အစဉ်အလာတစ်ရပ်ဖြစ်ခဲ့သည့်အပြင် နောက်ဆုံးအစဉ်အလာလည်းဖြစ်သည်။ ထို့ကြောင့်လည်း ထူးကဲမြင့်မြတ်သည့် ကိဗ်လဟ်တစ်ရပ်ထားရှိရန်လည်း အထူးလိုအပ်နေပေသည်။ မည်သို့ပင်ဖြစ်စေ တစ်ချိန်က အလ္လာဟ်အရှင်မြတ်က တရားဝင်ထုတ်ပြန်ကြေငြာထားခဲ့သော အမိန့်ပညတ်တော်ကို အခြားသူများ၏ ကန့်ကွတ်မှုများ (သို့) သရော်ပြောင်လှောင်မှုကြောင့် မုစ်လင်မ်များက စိုးရိမ်ကြောက်ရွံ့ရန် မလိုချေ။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏တမန်တော်(ﷺ)သခင်တို့ချမှတ်ခဲ့သော အမိန့်ပညတ်ချက်များအပေါ် တစ်သဝေမတိမ်း လိုက်နာကျင့်ဆောက်တည်သင့်ကြလေသည်။ မုစ်လင်မ်တို့သည် အကျိုးမဲ့အချီးနှီးငြင်းခုံဖွယ်ရာတို့ကို စွန့်လွှတ်ပြီး ကောင်းမှု ကောင်းရာမှုများတွင် သူ့ထက်ငါ အပြိုင်အဆိုင်ကြိုးပမ်းသင့်ကြပေသည်။ အဘယ့်ကြောင့်ဆိုသော် ကိယာမသ်ကမ္ဘာ့တရားခွင်နေ့တွင် အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်၌

ရောက်ရှိ ခစားကြသောအခါ ၎င်းတို့၏ကောင်းကျိုးဆိုးကျိုးအလိုက် ပြစ်ဒဏ်ပေးခြင်းခံရခြင်းကိုသော်လည်းကောင်း၊ ဆုလာဘ် ပေးခံရခြင်းကိုလည်းကောင်း ရရှိကြလိမ့်မည်ဖြစ်သည်။

ဤအာယသ်တော်တွင် မုစ်လင်မ်များသည် အိမ်တွင်နေသည်ဖြစ်စေ၊ ခရီးသွားလာနေစဉ်တွင်ဖြစ်စေ၊ ဝတ်ပြုဆောက်တည်ရာတွင် အလ်မတ်စ်ဂျိဒိဟရာမ်ဘက်သို့ မျက်နှာမူရန် လိုအပ်ကြောင်း ကျိုးကြောင်း ခိုင်လုံစွာ ပြဋ္ဌာန်းထားသည်။ အဘယ့်ကြောင့်ဆိုသော် မုစ်လင်မ်များအတွက် အလ္လာဟ်အရှင်မြတ်က ကိဗ်လဟ်ကို အလ်မတ်စ်ဂျိဒိဟရာမ်အဖြစ် သတ်မှတ်ပြဋ္ဌာန်းထားသည်မှာ သံသယဖြစ်ဖွယ်မရှိ၍ဖြစ်သည်။ မုစ်လင်မ်များအတွက် ကိဗ်လဟ်မျက်နှာမူရာရပ်အရပ်ကို နာခံရန်နှင့် အခြားမည်သည့်အမိန့်ပညတ်ချက်ကိုမဆို လိုက်နာကျင့်သုံးရန် မလုပ်မနေရတာဝန်ရှိသည်။ အလ္လာဟ်အရှင်မြတ်သည် လူသားဘာလုပ်လုပ် သိရှိတော်မူသည်ကို စိတ်နှလုံးသားဝယ် စွဲမြဲစွာ မှတ်ယူထားရပေမည်။

ဤအမိန့်ပညတ်ချက်ကို ထပ်မံဖော်ပြရာတွင် အာယသ်တော်(၁၅၀)သည် တတိယမြောက် ကျိုးကြောင်းခိုင်လုံမှုတစ်ရပ်ကို ဖြည့်ထားပါသည်။ ကောင်းကင်ကျကျမ်း၊ သောင်ရသ်နှင့် အင်ဂျီလ်တို့တွင် ကတိပြုထားခဲ့သော နောက်ဆုံးတမန်တော်သည် ကအ်ဗဟ်ကျောင်းတော်ကို ထိုတမန်တော်၏ ကိဗ်လဟ်အဖြစ် ချီးမြှင့်မည့်အကြောင်း ရည်ညွှန်းထားခဲ့သည်။ အကယ်၍ မုစ်လင်မ်တို့အနေနှင့် ဗိုင်သုလ်မုကတ်စ်ဒစ်ကို မျက်နှာမူ၍ ဆွလာသ်ဝတ်ပြုဆောက်တည်မှုဆက်လက်ပြုလုပ်နေပါက အစ္စလာမ့်ရန်သူတို့အတွက် တမန်တော်မြတ်(ﷺ)ကို ငြင်းပယ်ခြင်း၏ အကြောင်းခံတစ်ရပ် မှန်ကန်ကြောင်းဖြစ်သွားစေနိုင်ပါသည်။ သို့ရာတွင် ကိဗ်လဟ်နှင့်ပတ်သက်သော အမိန့်ပညတ်တော်အသစ်သည် ယင်းသူတို့၏ရပ်တည်ချက်ကို ပြိုပျက်စေခဲ့ပြီး အနည်းဆုံး ၎င်းတို့ထဲမှ တရားမျှတပါသည်ဟု ဆိုသောသူများအတွက် ထိုကဲ့သို့သော ကန့်ကွက်ချက်မျိုးနှင့် ကန့်ကွက်ခြင်းမရှိနိုင်စေတော့ပါ။ သို့ရာတွင် ခေါင်းမာပြီး မိစ္ဆာရိယစိတ်ရှိကြသူများအဖို့ကား မလိုလားအပ်သည့် ပြစ်တင်ပြောဆိုမှုများ ရှိနေဦးမည်ဖြစ်ပေသည်။ ရှေးအစဉ်အဆက် တမန်တော်တို့တွင် ဗိုင်သုလ်မုကတ်စ်ဒစ်ကိုသာ မျက်နှာမူဝတ်ပြုခဲ့ကြပါလျက် ယခုကဲ့သို့ကအ်ဗဟ်ကို ကိဗ်လဟ်အဖြစ် မျက်နှာမူရန်သတ်မှတ်ခဲ့သည်မှာ အထင်အရှားတည်ရှိနေပြီဖြစ်သော တမန်တော်များ၏ ရှေးထုံးတမ်းစဉ်လာကို ဖောက်ဖျက်ရာရောက်ကြောင်း အကြောင်းပြ ပြစ်တင်ပြောဆိုကြပေဦးမည်။ သို့သော်လည်း ဤကဲ့သို့ အစ္စလာမ်သာသနာနှင့်ပတ်သက်သော အခြေအမြစ်မရှိသည့် ကန့်ကွက်ချက်များကို မုစ်လင်မ်တို့အဖို့ တစ်စုံတစ်ရာချေပရန်မဟုတ် စိတ်ပူပင်သောကရောက်ရန်မလိုချေ။ အဘယ့်ကြောင့်ဆိုသော် မုစ်လင်မ်များအတွက် လူများ၏ရန်လိုမှုကြောင့် အန္တရာယ်ဖြစ်စေနိုင်ခြင်းမဟုတ်ဘဲ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို မနာခံခြင်းနှင့် အလေးမထားခြင်းကြောင့်သာလျှင် ထိခိုက်နစ်နာစေနိုင်ပါသည်။ ထို့ကြောင့်ပင် အာယသ်တော် (၁၅၀)တွင် အလ္လာဟ်အရှင်မြတ်က မုစ်လင်မ်တို့အား အစ္စလာမ့်ရန်သူတို့ကို ကြောက်ရွံ့ရန်မလိုဘဲ အလ္လာဟ်အရှင်တစ်ပါးတည်းကိုသာ ကြောက်ရွံ့ကြဟူ၍ မိန့်တော်မူသည်။ ဤနည်းသာလျှင် ၎င်းတို့ လက်ခံရရှိသည့် အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်မှုဖြစ်သော အစ္စလာမ်သာသနာပေါ်ဝယ် သစ္စာရှိရာရောက်ပေမည်။ ဤစွဲမြဲခိုင်မာမှုသည်လည်း အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာတစ်ရပ်ဖြစ်ပြီး နောင်တမလွန်ဘဝတွင် မုစ်လင်မ်များသည် ၎င်းတို့၏ ယုံကြည်မှုအတွက် ဆုလာဘ်အဖြစ် ဂျန္နသ်သုခဘုံ အပ်နှင်းခြင်းခံရကာ ပြီးပြည့်စုံသော ကောင်းချီးမင်္ဂလာတစ်ရပ်အဖြစ် ပေါ်ထွက်လာပါလိမ့်မည်။

ကိဗ်လဟ်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ မိန့်တော်မူရာတွင် အာယသ်တော် အပိုင်း(၁၄၄)မှ (၁၅၀)တွင် အနည်းကိန်းနှင့် (၃)ကြိမ်၊ အများကိန်းနှင့်(၂)ကြိမ် ထုတ်ပြန်ကြေငြာခဲ့သည်ကို စဉ်းစားကြည့်ကြပါစို့။ ယေဘုယျသဘောအရဆိုလျှင် ဤကဲ့သို့ အကြိမ်ကြိမ်ကျရောက်မှုသည် အဓိပ္ပာယ်လေးနက်စေလိုရှိဖြစ်သည်။ ကိဗ်လဟ် အသစ်ပြောင်းလဲသတ်မှတ်ခြင်း အမိန့်တော်သည် အစ္စလာမ်ကို ဆန့်ကျင်သူတို့အတွက် အူမြူးစရာအကြောင်းခံတစ်ခုဖြစ်သည်ဆိုသော်လည်း မုစ်လင်မ်တို့အဖို့မူ ခဝပ်ကိုးကွယ်မှုပိုင်းဆိုင်ရာ အလွန်သိသာထင်ရှားသော ရုတ်ခြည်းပြောင်းလဲမှုကြီးတစ်ရပ်ဖြစ်သည်။ ထို့ပြင် ဤကဲ့သို့ အကြိမ်ကြိမ်အလေးအနက်မိန့်ခွေမှုမရှိခဲ့ပါက မုစ်လင်မ်တို့အဖို့ စိတ်အနှောက်အယှက်ဖြစ်ကြရပေမည်။ ဤသို့ အကြိမ်ကြိမ်မိန့်တော်မူခြင်းမှာ ကိဗ်လဟ်နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်သည် နောက်ဆုံးနှင့် ယတိပြတ်သည့်အမိန့်ဖြစ်သည်။ ထိုမျှမက နောက်ထပ် ဤကိစ္စနှင့် ပတ်သက်၍ ပြောင်းလဲမှုကို ထပ်မံမျှော်လင့်ရန် မရှိကြောင်း ပြည်ဆန်နေပါသည်။

ပညာရှင် အလ်ကုရ်တုဗီက ဤကဲ့သို့အကြိမ်ကြိမ် မိန့်ဆိုမှုသည် ထင်ရှားလေးနက်စေလိုသည်ထက် သာပို ကြောင်း ရှင်းပြခဲ့သည်။ စာပိုဒ်တစ်ခုစီကို ထပ်ခါတလဲလဲဖော်ပြတိုင်း ထိုစာပိုဒ်၌ ရည်ညွှန်းချက်အသစ်တစ်ခု ပါရှိလေသည်။ ပညာရှင်၏ဆိုအရ အနည်းကိန်းနှင့်လာရှိသော အမိန့်တော်များသည် တမန်တော်မြတ်(ﷺ)ကို ဦးတည်ကြောင်းနှင့် အများကိန်းနှင့်လာရှိသော အမိန့်များသည် ဆွဟာဗဟ်သာဝကကြီးများနှင့် မုစ်လင်မ်ထု တစ်ရပ်လုံးကို ရည်ညွှန်းခဲ့ကြောင်း အထူးပြောရန်မလိုပါ။

သို့ဖြစ်၍ အာယသ်တော်အပိုဒ်(၁၄၄)တွင်ပါရှိသည့် အမိန့်တော်သည် မဒီနဟ်မြို့တွင်ရှိသူများနှင့်သော်လည်းကောင်း မိမိတို့ နေရပ်ဌာနေတွင် ရှိနေကြသူများနှင့်သော်လည်းကောင်းသက်ဆိုင်သည်။ တမန်တော်မြတ်(ﷺ) ဗလီဝတ်ကျောင်း တော်ကိုသာ ရည်ညွှန်းသည်မဟုတ်၊ မြို့တိုင်း၊ ရွာတိုင်းနှင့် ရပ်ကွက်တိုင်းတို့ ရည်ညွှန်းသည်။ အာယသ်တော် (၁၄၉)က အမိန့်ပညတ်ချက်ကို ထပ်မံဖော်ပြရာတွင် 'မည်သည့်အရပ်မှ ခရီးနှင်ပါစေ'ဟူသော စာစုကိုထည့်သွင်း ထားခြင်းသည် ခရီး သွားလာခြင်းအခြေအနေအတွက် ရည်ညွှန်းထားခြင်းဖြစ်ပါသည်။ ခရီးစဉ်တစ်ရပ်တွင် အခြေအနေအမျိုးမျိုး ပါရှိလေသည်။ ဥပမာအားဖြင့် ရက်ပေါင်းများစွာ မရပ်မနားသွားရခြင်းကိုဖြစ်စေ ခရီးစဉ်တလျှောက်တွင် တနေရာရာ၌ အချိန်တိုတောင်းစွာဖြစ်စေ၊ ရှည်လျားစွာဖြစ်စေ ရပ်နားနေရခြင်းတို့ဖြစ်သည်။ အာယသ်တော် (၁၅၀)တွင် အမိန့်ပညတ်ချက်ကို ထပ်မံဖော်ပြခြင်းသည် အထက်ပါအခြေအနေများ အကျုံးဝင်စေရန်အတွက် ဖြစ်သည်။

အာယသ်တော် (၁၄၈)တွင် ဆွလာသ်ဝတ်ပြုဆောက်တည်ရန် မျက်နှာမူခြင်းအကြောင်းနှင့် ပတ်သက်ရာတွင် 'ဝိဂ်ျဟသွန်'ဟူသောစကားလုံးကို ထည့်သွင်းဖော်ပြထားသည်။ ယင်း၏ အဘိဓာန်အရ ဆိုလိုရင်းမှာ 'တစ်စုံတစ်ဦး မိမိမျက်နှာမူရာဘက်သို့'ဟုဆိုသည်။ ထိုစကားလုံးကို ဆွဟာဗဟ်သာဝကကြီး အိဗ်နိအဗ္ဗာစ်(ﷺ)သခင်က ကိဗ်လဟ် (သို့) ဘာသာရေးနှင့်သက်ဆိုင်သော မျက်နှာမူခြင်းဟူ၍ အဓိပ္ပာယ်ပြန်ဆိုသည်။ စင်စစ် 'ကစ်ဗလသွန်'ဟူသောစကားလုံးသည် ဆွဟာဗဟ်သာဝကကြီး အုဗိုက်ယစ်ဗ်နိက အားဗ်(ﷺ)၏မိန့်ကြားချက်တွင်လည်း ပါရှိသောကြောင့် ဤစကားစုများကို ဘာသာပြန်ဆိုရာ၌ အဓိပ္ပာယ်မတိကျစရာမရှိချေ။

## အဓိန့်ပညတ်ချက်များနှင့် နီးနွယ်သည့် တွေးတောဆင်ခြင်ဖွယ်ရာများ

(၁) အာယသ်တော်(၁၄၅)တွင် မုစ်လင်မ်တို့အဖို့ ရည်ညွှန်းခဲ့သည်မှာ လူသားထုတစ်ရပ်လုံးအတွက် ထာဝရ တည်တံ့မည့် ကိဗ်လဟ်အသစ်ကို ယခုအခါ အလ္လာဟ်အရှင်မြတ်က သတ်မှတ်ပေးအပ်ခဲ့သည်။ သို့သော် ယဟူဒီ များနှင့် နဆ္စာရာနီတို့က ၎င်းတို့က ကိဗ်လဟ်အသီးသီးကို စွန့်လွှတ်လိမ့်မည်မဟုတ်ကြောင်းနှင့် မုစ်လင်မ်များ အဖို့မှာလည်း ကိုယ်ပိုင်ကိဗ်လဟ်ကို စွန့်လွှတ်လိမ့်မည်မဟုတ်ချေ။ အလ္လာဟ်အရှင်မြတ်က မုစ်လင်မ်တို့အတွက် ကအ်ဗဟ်ကျောင်းတော်ကို ကိဗ်လဟ်အဖြစ် ချီးမြှင့်ခဲ့သည့်အားလျော်စွာ ကောင်းကင်ကျကျမ်းရလူမျိုးတို့အနေနှင့် တစ်စုံတစ်ရာ ကန့်ကွတ်ရန် အခွင့်အရေးမရှိပါချေ။ အကြောင်းမှာ ယခင် အုမ္မသ်သားတိုင်းအဖို့ ကိုယ်ပိုင် ကိဗ်လဟ်များရှိခဲ့ကြသည့်အစဉ်အလာအတိုင်း မုစ်လင်မ်တို့အတွက်လည်း ကိဗ်လဟ်ရှိသည်ဟု အာယသ်တော် (၁၄၈)က သတိပေးထားသည်။ သို့သော် မုစ်လင်မ်များအနေနှင့် သီးသန့် ကိဗ်လဟ်ရရန် သေချာပြီဖြစ်သကဲ့သို့ ကျမ်းရလူမျိုးတို့သည်လည်း မိန့်ကြားချက်နှင့်ပတ်သက်သည့် ကျိုးကြောင်းဆင်ခြင်တုံတရားကို နာခံလိမ့်မည်ဟု မမျှော်လင့်နိုင်သောကြောင့် ဤအာယသ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် မုစ်လင်မ်များကို အချိုးအနှိုးဖြစ်သော ငြင်းခုံမှုများနှင့် အကျိုးမရှိသော ဆွေးနွေးမှုများမပြုလုပ်ရန်နှင့် ကောင်းမှုကောင်းရာများကို သူ့ထက်ငါ သာလွန်အောင်ကြိုးပမ်းကြရန် မိန့်တော်မူထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်က မလိုအပ်သော ဆွေးနွေး ငြင်းခုံမှုများကို အားပေးသည်မရှိ။ အဘယ့်ကြောင့်ဆိုသော် တစ်ဦးတစ်ယောက်၏ အစစ်အမှန်ဖြစ်သော သေခြင်း တရားနှင့် တမလွန်လောကအတွက် ပြင်ဆင်ရမည်ကို ဥပက္ခာပြုသွားစေနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်သည် လူအများ၏ပြစ်တင်ဝေဖန်ခြင်းမှ လွတ်ကင်းလိုသောစိတ်ဆန္ဒဖြင့် အနိုင်ရလိုမှု တို့သည် လူသားအား မတည်မြဲသောလောကကို ခင်တွယ်စေသောအလုပ်များသာဖြစ်သည်။ မကြာမြင့်မီ အလ္လာဟ် အရှင်မြတ်သည် လူသားထုအား စုရုံးစေတော်မူ၍ စာရင်းစစ်ဆေးတော်မူမည် အမြဲထာဝရ တည်မြဲမည့်အရာကို ပိုမိုကရုထားခြင်းသည်သာလျှင် ပညာဉာဏ်အမြော်အမြင်ရှိခြင်းဖြစ်သည်။

(၂) 'သူတကာထက်သာအောင်ကြိုးစားပါ'ဟူသည့် ဖော်ပြချက်သည် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း၌ ဖြစ်စေ၊ စောင်မ် ဥပုသ်သီလစောင့်ထိမ်းခြင်းဖြစ်စေ၊ ဟဂ်ျပြုမူဆောက်တည်ခြင်းဖြစ်စေ၊ ဇကားသ်ဆင်းရဲသား အလှူဒါနကြေးပေးဆောင်ခြင်းဖြစ်စေ အစရှိသည့်ကောင်းမှုလုပ်ရပ်များကို အခွင့်သာသည်နှင့် မဆိုင်းမတွ ပြုလုပ်သင့်ကြောင်း ဖော်ညွှန်းထားသည်။

အကြောင်းမှာ ယင်းကဲ့သို့ အကျင့်သီလများကို ကောင်းစွာပွားများကျင့်ကြံအားထုတ်နိုင်မှသည်ပင်လျှင် အလ္လာဟ် အရှင်မြတ်ထံတော်မှချီးမြှင့်သည့် မဟာကရုဏာတော်တစ်ရပ်ဖြစ်သောကြောင့်ပင်တည်း။ မျက်ကွယ်ပြု လျစ်လျူရှုမှု သည်ကား အလ္လာဟ်အရှင်မြတ်အပေါ် ကျေးဇူးကန်းရာကျပြီး မရိုမသေပြုရာလည်း ရောက်ပေသည်။ ကောင်းမှု ကောင်းရာလုပ်ဆောင်ရာတွင် နေ့ရွေညရွေနှင့် တံ့ဆိုင်းနေခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများ ရုပ်သိမ်းခံရခြင်းတည်းဟူသော အပြစ်ပေးခြင်းခံရဖွယ်ရှိသည်။ ထိုကဲ့သို့ အပြစ်ပေးခံရသူသည် ကောင်းမှုကောင်းရာ များ လုပ်ဆောင်နိုင်သည့်စွမ်းအား လုံးဝဆုံးရှုံးသွားပေလိမ့်မည်။ 'အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား ဤသို့သောအဖြစ်မှ ကာကွယ်တော်မူပါစေ။ ဤအချက်ကို အခြားအာယသ်တော်များဖြင့် ရှင်းလင်း သိသာစေပါသည်။

يَاأَيُّهَا الَّذِينَ آمَنُوا اسْتَجِيبُوا لِلَّهِ وَلِلرَّسُولِ إِذَا دَعَاكُمْ لِمَا يُحْيِيكُمْ
وَاعْلَمُوا أَنَّ اللَّهَ يَحُولُ بَيْنَ الْمَرْءِ وَقَلْبِهِ وَأَنَّهُ إِلَيْهِ تُحْشَرُونَ ○

**'အို - မုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ရစူလ်တမန်တော်၏ အမိန့်တော်များကို ထိုရစူလ်တမန်တော်သည် အသင်တို့ကို အသင်တို့ အသက်ရှင်စေနိုင်သော အကြောင်းများသို့ ဖိတ်ခေါ်သော အခါ လိုက်နာကြလေကုန်။ ထို့မှတစ်ပါး ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူနှင့် လူ၏စိတ်နှလုံးအကြားတွင် အကာအဆီးဖြစ်တော်မူသည်ကိုလည်းကောင်း၊ ထို့ပြင် အသင်တို့သည် ဧကန်မလွဲ ထိုအရှင်မြတ်၏ အထံတော်၌ပင် စုရုံးကြရမည်ကို လည်းကောင်း၊ အသင်တို့သည် ကောင်းစွာသိထားကြ လေကုန်။' (၈း၂၄)**

(၃) 'ကုသိုလ်ကောင်းမှုဆည်းပူးရာ၌ သူထက်ငါသာအောင် အဆောတလျင် ပြုလုပ်ကြကုန်လော့'ဟူသည့် ဖော်ပြချက်မှ ဖုကဟာ(မုစ်လင်မ်ဓမ္မသတ်ပညာရှင်များ)အချို့က ကောက်ချက်ချသည်မှာ နေ့စဉ်ဆွလာသ်ဝါးကြိမ်ကို သတ်မှတ်ချိန်ရောက်သည်နှင့် ဝတ်ပြုဆောက်တည်ခြင်းသည်လည်းကောင်း အဖြစ်နိုင်သမျှ အစောဆုံး ဝတ်ပြုဆောက်တည်လျှင်လည်းကောင်း စဝါးဗ်ကုသိုလ်ပိုမိုရရှိသည်ဟူ၍ဖြစ်သည်။ ဤအဆိုကိုထောက်ခံသည့် အနေဖြင့် တမန်တော်မြတ်(ﷺ)သခင်၏ ဩဝါဒတော်ကို ညွှန်းဆိုဖော်ပြခဲ့သည်။ ယင်းကို အိမာမ် ရှာဖိအီကလည်း ထောက်ခံထားသည်။ အိမာမ်အဗူဟနီဖာဟ်သခင်ကြီးနှင့် အိမာမ်မာလစ်သခင်နှစ်ပါးကမူ အချို့သော ဆွလာသ် ဝတ်ပြုမှုတို့ကို နောက်ကျမှ ဝတ်ပြုဆောက်တည်လျှင် ပိုမိုကောင်းမွန်သည်ဟု မိန့်ဆိုခဲ့လေသည်။ ထိုသို့ နောက်ကျမှ ဝတ်ပြုဆောက်တည်ခြင်းသည် တမန်တော်မြတ်(ﷺ)သခင်၏ အပြုအမူနှင့် ဩဝါဒများတွင် ဖော်ညွှန်းထားသည်။ အခြားဆွလာသ်ဝတ်ပြုမှုများကိုမူ သတ်မှတ်ထားသည့် အချိန်အတွင်း စောနိုင်သမျှစောစော ဝတ်ပြုဆောက်တည်ရမည်ဟူ၍ဖြစ်သည်။ ယင်းကို ဥပမာပြရလျှင် ဆွဟာဗဟ်သာဝကကြီး အနတ်စ်(ﷺ)သခင်မှ ဆင့်ပြန်ချက် ကို အလ်ဗုခါရီသခင်ကြီးက မိန့်ခဲ့သည်မှာ အီရှာဆွလာသ်ဝတ်ပြုဆောက်တည်မှုကို ညဦးပိုင်းထက် ည၏နောက်ပိုင်းတွင် ဆောက်တည်ခြင်းက ပိုမိုမြင့်မြတ်သည်ဟု မိန့်ကြားခဲ့သောကြောင့်ဖြစ်သည်။

တမန်တော်မြတ်(ﷺ)ကိုယ်တိုင်ကပင် ဤကဲ့သို့ နောက်ကျဝတ်ပြုသည်ကို နှစ်သက်တော်မူကြောင်း ဆွဟာဗဟ်သာဝကကြီး အဗူဟုရိုင်ရဟ်(ﷺ)သခင်ကလည်း ဆင့်ပြန်ခဲ့ပါသည်။ (ကုရ်တုဗီ)

ထိုနည်းတူစွာ ဆွဟာဗဟ်သာဝကကြီး အဗူဒါရ်ဒါ(ﷺ)သခင်၏ ဆင့်ပြန်ချက်ကို အလ်ဗုခါရီနှင့် အလ်သိရ်မိဇီတို့က ပြန်ကြားခဲ့သည်မှာ တကြိမ်တွင် တမန်တော်မြတ်(ﷺ)သခင်၏ ခရီးစဉ်တစ်ခုတွင် ဇဟိုရ်ဆွလာသ် ဝတ်ပြုဆောက်တည်ချိန် စတင်ကျရောက်လာခဲ့ရာ ဘီလာလ်(ﷺ)သခင်သည် အဇန် (ဆွလာသ် ဝတ်ပြုဆောက်တည်ရန် ဖိတ်ခေါ်ခြင်း)ပေးရန် ဆန္ဒရှိခဲ့ပေသည်။ သို့သော် တမန်တော်မြတ်(ﷺ) သခင်သည် နေအေးချိန်ထိ စောင့်ဆိုင်းတော်မူခဲ့ကာ အဇန် ပေးစေခဲ့ပါသည်။ ထို့ပြင် တမန်တော်မြတ်(ﷺ)က နေမွန်းတည့်ချိန်၏ အပူရှိန်သည် ဂျဟန္နမ်ငရဲမီး၏ အစိတ်အပိုင်းဖြစ်လေသည်ဟု မှတ်ချက်ချခဲ့လေသည်။ တနည်းဆိုသော် တမန်တော်မြတ်(ﷺ)သခင်သည် နွေရာသီတွင် ဇဟိုရ်ဆွလာသ်ဝတ်ပြုဆောက်တည်မှုကို

နောက်ကျ၍ ဝတ်ပြုဆောက်တည်ခြင်းကို နှစ်သက်တော်မူကြောင်း ထင်ရှားပါသည်။ အထက်ပါ ဩဝါဒတော်တို့ကိုမူတည်၍ သတ်မှတ်ချိန်ထက်နောက်ကျ၍ ဖတ်ရန်အမိန့်မရှိခဲ့သော (ဥပမာ - မဂ်ရစ်ဗ်ဆွလာသ်ဝတ်ပြုဆောက်တည်မှုများ)ကို ဆွလာသ်ဝတ်ပြုဆောက်တည်ချိန်ကျရောက်လျှင် ကျရောက်ခြင်း ဝတ်ပြုဆောက်တည်သင့်ကြောင်းနှင့် ဆိုင်းငံ့ရန်အမိန့်ရှိခဲ့သော ဆွလာသ်ဝတ်ပြုဆောက်တည်မှုတို့ကို ဆွလာသ်ဝတ်ပြုရန် သတ်မှတ်ထားသောအချိန်အတွင်း အနည်းငယ်စောင့်ဆိုင်းငံ့၍ ဆောက်တည်သင့်ကြောင်း အိမာမ်အဗူဟနီဖာဟ်သခင်နှင့် အိမာမ်မာလစ်က်သခင်နှစ်ပါးတို့က သုံးသပ်ဆုံးဖြတ်ခဲ့ကြသည်။ ထိုသခင်နှစ်ပါးက ဆက်လက်အမိန့်ရှိ သည်မှာ 'ကုသိုလ်ကောင်းမှု ဆည်းပူးရာ၌ သူ့ထက်ငါသာအောင် အဆောတလျင် ပြုလုပ်ကြကုန်လော့'ဟူသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ပေါ် လိုက်နာဆောင်ရွက်လိုလျှင် အနည်းငယ်ဆိုင်းငံ့၍ ဝတ်ပြုဆောက်တည် ရသော ဆွလာသ်ဝတ်ပြုဆောက်တည်မှုအပါအဝင် ဆွလာသ်တိုင်းကို သတ်မှတ်ချိန်မှုစ်သဟဗ်အချိန် ကျရောက်ပါက အဆောတလျင် ပြုလုပ်သည့်နည်းပင်ဖြစ်သည်။

အချုပ်မှာ ဖုကဟာ အစ္စလာမ်ဓမ္မသတ်ပညာရှင်များအားလုံး၏ အညီအညွတ်သဘောတူညီချက်အရ အာယသ်တော်(၁၄၈)သည် ခိုင်လုံသော ကြောင်းပြချက်မရှိဘဲနှင့် သတ်မှတ်ထားသော ဆွလာသ်ဝတ်ပြု ဆောက်တည်မှုများကို အချိန်ဆွဲ မနှောင့်နှေးစေရဟူသောမူကို ချမှတ်ပေးထားသည်။ ခိုင်လုံသော အကြောင်းပြချက်ဟူသည်မှာ ရှရီအသ်တရားတော်အရ ရှင်းလင်းစွာဖော်ပြထားသည့် အခြေအနေတစ်ရပ်ကိုဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာ မစွမ်းဆောင်နိုင်မှု(နာဖျားမှုကဲ့သို့သော ကိစ္စများကိုဖြစ်စေ) အစရှိသည်တို့ကို ဆိုလိုသည်။

vvvvvvv

အာယသ် (၂း၁၅၁ – ၁၅၂)

كَمَآ أَرْسَلْنَا فِيكُمْ رَسُولًا مِّنكُمْ
يَتْلُوا عَلَيْكُمْ آيَاتِنَا وَيُزَكِّيكُمْ وَيُعَلِّمُكُمُ الْكِتَابَ وَالْحِكْمَةَ وَيُعَلِّمُكُم مَّا
لَمْ تَكُونُوا تَعْلَمُونَ ﴿١٥١﴾ فَاذْكُرُونِي أَذْكُرْكُمْ وَاشْكُرُوا لِي وَلَا تَكْفُرُونِ ﴿١٥٢﴾

**"ငါအရှင်မြတ်သည် အသင်တို့ထံဝယ် အသင်တို့အနက်မှ 'ရစူလ်'တမန်တော်တစ်ပါး စေလွှတ်တော်မူသကဲ့သို့ပင်ဖြစ်သည်။ ထိုရစူလ်တမန်တော်သည် ငါအရှင်မြတ် (ပို့ချတော်မူသော)တရားဒေသနာများကို အသင်တို့ရှေ့ဝယ် ရွတ်ဖတ်သရဇ္ဈာယ်သည်။ ထို့ပြင်တစ်ပါး အသင်တို့၏ (စိတ်နှလုံးများ)ကို (အကုသိုလ်ဒုစရိုက်များမှ) သန့်စင် အောင်ပြုပေးသည်။ ထိုမျှမက အသင်တို့အား ကျမ်းဂန်နှင့် အသိအလိမ္မာ အမြော်အမြင်တရားများကိုလည်း သင်ကြားပြသသည်။ ထိုမှတစ်ပါး အသင်တို့ မသိနားမလည်ခဲ့ကြသော အကြောင်းအရာအရပ်ရပ်တို့ကိုလည်း သင်ကြားပြသည်။" (၂း၁၅၁)**

**"သို့ဖြစ်လေရာ အသင်တို့သည် ငါအရှင်မြတ်ကို (ခဝပ်ကိုးကွယ်ခြင်းအားဖြင့် လည်းကောင်း၊ ငါအရှင်မြတ်၏ အမိန့်တော်များကို ရိုသေစွာလိုက်နာခြင်းအား ဖြင့်လည်းကောင်း) အောက်မေ့တသသတိရကြကုန်လော့။ ငါအရှင်မြတ်သည်လည်း အသင်တို့အား (ကူညီစောင့်ရှောက်တော်မူခြင်းအားဖြင့်) သတိရတော်မူအံ့။ ထိုမှတစ်ပါးတံ့ အသင်တို့သည် ငါအရှင်မြတ်၏ ကျေးဇူးတော်ကို သိကြကုန်လော့။ အသင်တို့သည် ငါအရှင်မြတ်အား ကျေးဇူးမကန်းကြကုန်လင့်" (၂း၁၅၂)**

ဆွလာသ်ဝတ်ပြုဆောက်တည်ရာတွင် မျက်နှာမူရာအရပ် (သို့) ကိဗလဟ်အကြောင်း ဆွေးနွေးခြင်းကို ဤအာယသ်တော်များဖြင့် နိဂုံးချုပ်လိုက်သည်။ ဤကိဗလဟ်အကြောင်းကို အာယသ်တော် (၁၂၇-၁၂၉)ပါ အိဗ်ရာဟီမ်(ﷺ)သခင်၏ တောင်းဆုအာဒုတိယပိုင်းဖြင့် အစပျိုးခဲ့သည်ကို ဤအာယသ်တော် (၁၅၁)က ပြန်လည် ဖော်ပြထားသည်။ အိဗ်ရာဟီမ်(ﷺ)သခင်က မိမိ 'ကအ်ဗဟ်'တည်ဆောက်ခြင်းကို သဘောတူလက်ခံတော်မူပါ။ ထို့ပြင် မိမိ၏သားမြေးများထဲမှ ရစူလ်တမန်တော်တစ်ပါးကို ပေါ်ထွန်းစေတော်မူလျက် မိမိ၏သားမြေးများထဲ စေလွှတ်ပေးတော်မူပါဟူ၍ အလ္လာဟ်အရှင်မြတ်ထံ ဆုပန်ခဲ့သည်ကို မှတ်မိကြပေလိမ့်မည်။

ဒုအာ၏ပထမပိုင်းဖြစ်သော 'ကအ်ဗဟ်'နှင့်ပတ်သက်သည့် ဆုပန်ချက်အား ဖြည့်ဆည်းပေးတော်မူလိုက်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်၏ ဆက်လက်ဖော်ပြချက်ကို တွေ့ခဲ့ကြရပေပြီ။ ယခုအာယသ်တော် ၁၅၁က

ဒုအာ၏ ပထမပိုင်းကို ဖြည့်ဆည်းပေးတော်မူခဲ့သည့်အလား ဒုအာ၏ ဒုတိယပိုင်းကိုလည်း ပြည့်ဝစေတော်မူ ကြောင်း ဖော်ပြထားသည်။ အိဗရာဟင်မ်(عليه السلام)သခင်၏ဒုအာတွင် တောင်းဆိုခဲ့သည့် ရစူလ်တစ်ပါးမှာ ရှိစေ လိုသည့် သီးခြားဂုဏ်အင်္ဂါရပ်များနှင့်အညီ တမန်တော်မြတ်(ﷺ)သခင်ပေါ်ထွန်းလာခဲ့သည်ဟူ၍ အာယသ်တော် (၁၅၁)က ဖော်ပြထားသည်။ ထိုသီးခြားဂုဏ်အင်္ဂါရပ်များမှာ -

(၁) တမန်တော်မြတ်(ﷺ)သည် ယင်းတို့အား ကုရ်အာန်၏ အာယသ်တော်များကို ဖတ်ရွတ်၍ပြသည်။

(၂) တမန်တော်မြတ်(ﷺ)သည် ကျမ်းမြတ်(ကုရ်အာန်)နှင့် အသိပညာများကိုပါ သင်ကြားပေးသည်။

(၃) တမန်တော်မြတ်(ﷺ)သည် ယင်းတို့အား အပြစ်ဒုစရိုက်များမှ သန့်စင်အောင် ပြုပေးသည်။

(၄) တမန်တော်မြတ်(ﷺ)သခင်၏ တရားနာသူများသည် ၎င်းတို့မသိရှိခဲ့သေးသော ယခင် ရှေးကောင်းကင်ကျ ကျမ်းများတွင်လည်း ရှာဖွေမတွေ့နိုင်ခဲ့သော အရာများကိုသော်လည်းကောင်း၊ လူဆင်ခြင်တုံတရားဖြင့် မသိရှိနိုင်သောအရာများကိုသော်လည်းကောင်း သင်ကြားပေးသည်ဟူ၍ဖြစ်သည်။

ထိုကဲ့သို့ တောင်းဆုတော်နှစ်ရပ်ကို ဖြည့်ဆည်းပေးခြင်းသည် လူသားများအား ကြီးမားသော ကောင်းချီး မင်္ဂလာပေးခြင်းမည်ပေသည်။ သို့ဖြစ်၍ အာယသ် (၁၅၂)က လူသားတို့အား အလွန်အလွန် ကျေးဇူးပြုတော် မူသော အရှင်မြတ်အဖြစ် အလ္လာဟ်အရှင်မြတ်အား သတိရတသကြကုန်။ ထိုအရှင်မြတ်၏ အမိန့်တော်များကို နာခံခြင်းဖြင့် ကျေးဇူးတင်ကြကုန်ဟူ၍ မိန့်ဆိုတော်မူသည်။ ထိုသို့ကျေးဇူးတင်နေသမျှ၊ သတိရတသနေသမျှ အလ္လာဟ်အရှင်မြတ်ကလည်း ယင်းတို့အား အမြဲသတိရသည့်အနေဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာ နှစ်ရပ်စလုံးပေါ် ကောင်းချီးမင်္ဂလာများစဉ်ဆက်မပြတ်ချပေးတော်မူသည်။ အာယသ်တော်က အလ္လာဟ်အရှင် မြတ်၏ ကျေးဇူးတော်များကို ငြင်းပယ်ခြင်းဖြင့်သော်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်မနာခံခြင်းဖြင့် သော်လည်းကောင်း ကျေးဇူးမကန်း သင့်ကြောင်းကို လူသားများအား သတိပေးထားခြင်းဖြင့် အဆုံးသတ်ထားသည်။

၎င်းအကျယ်ဖွင့်ဆိုမှုအလိုအရ 'သကဲ့သို့'ဟူသောစကားလုံးသည် အာယသ်တော် (၁၅၁)နှင့် (၁၅၂)တို့ နှစ်ခုကြား အချိန်အဆက်ဖြစ်စေသည်ကို တွေ့မြင်နိုင်ပါသည်။ (သကဲ့သို့ဟူသော စကားလုံးသည် အရဗီ စကားလုံး ( ك )ကားဖ်ဖြစ်ပါသည်။ ထိုစကားလုံးသည် ဝေါဟာရနှစ်ခု နှိုင်းယှဉ်ရာတွင် ဖော်ညွှန်းသည်။) သို့သော် ကုရ်တုဗီကမူ 'ကဲ့သို့' ကားဖ်သည် အာယသ် ၁၅၂ ၏ ပထမစာပိုဒ် **فَاذْكُرُونِي** 'သို့ဖြစ်ပေရာ အသင်တို့သည် ငါအရှင်မြတ်ကို သတိရကြကုန်လော့'နှင့် ဆက်စပ်နေသည်ဟု ယူဆပါသည်။ သို့ရှိရာ ၎င်းဝါကျဆက်စပ် တည်ဆောက်ပုံ နည်းလမ်းအရ အာယသ်တော်နှစ်ခု၏ ပေါင်းစပ်မှုကို ကြည့်သောအခါ လူသားတို့အတွက် မျက်နှာမူရာ ကိဗ်လဟ် အသစ် ပြဋ္ဌာန်းပေးခြင်းနှင့် နောက်ဆုံးတမန်တော်ချုပ်(ﷺ) ပေါ်ထွန်းစေတော်မူခြင်းသည် လူသားတို့အား အလ္လာဟ်အရှင်မြတ် ချီးမြှင့်တော်မူသော ကျေးဇူးတရားများပင်ဖြစ်သည်။ ထိုနည်းတူ အလ္လာဟ်အရှင်မြတ်အား သတိရတသနိုင်မှုသည်လည်း အလ္လာဟ်အရှင်မြတ်၏ မဟာကျေးဇူးတော်ပင် ဖြစ်သည်ဟူ၍ အဓိပ္ပာယ် ပေါ်ထွက် ပါသည်။ သို့ဖြစ်၍လည်း လူသားသည် အလ္လာဟ်အရှင်မြတ်၏ ချီးမြှင့်မှုများကို ဆက်လက်ခံယူနေနိုင်ရန်နှင့် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်ကို သတိရတသရန်မှာ လူသားအတွက် တာဝန်တစ်ရပ်ဖြစ်ပေသည်။

## ဇကိရ် အလ္လာဟ်အရှင်မြတ်အား တသသတိရခြင်း၏ အကျိုးကျေးဇူးများ

ذكر ဇကိရ် - အလ္လာဟ်အရှင်မြတ်အား တသ,သတိရခြင်းဟူသည် နှလုံးသားနှင့်ဆက်စပ်ရန်အထူးလိုအပ်သည်။ သို့သော် နှုတ်လျှာသည် နှလုံးသား၏ ဘာသာပြန်သူပင်ဖြစ်သည်။ ဆိုလိုသည်မှာ နှလုံးသားခံစားချက်ကို ဖွင့်ဟ ထုတ်ဖော်ရသောအရာဖြစ်သည်။ သို့ဖြစ်၍ အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်တစ်ရပ် (သို့) ကုရ်အာန်ကျမ်းတော်မြတ်ကို နှုတ်လျှာဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကိုလည်း ဇကိရ်ဟုပင်ခေါ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် နှုတ်လျှာဖြင့် ဇကိရ်ပြုခြင်းသည် နှလုံးသားမှ သတိရအောက်မေ့တသမှုနှင့် ယှဉ်တွဲပါဝင်မှသာလျှင် ဇကိရ်ဟူ၍ ခေါ်ထိုက်ပေသည်။ ဤအကြောင်းကို ဆူဖီကဗျာဆရာကြီး ရူမီက အကယ်၍ နှုတ်ဖျားကသာလှုပ်ရှားနေ၍ စိတ်မှာ နွားနှင့် မြည်းအအပေါ် ရောက်ရှိကာ ဂုဏ်တော်တစ်ခုရွတ်ဖတ်သရဇ္ဈာယ်နေလျှင်လည်း အာနိသင်မရှိဟု ထောက်ပြခဲ့သည်။

တစ်စုံတစ်ဦးသည် စိတ်အာရုံမပါသည့်တိုင် နှုတ်လျှာဖြင့် ရွတ်ဆိုတသသည့် ဇကိရ်မျိုးသည် လုံးဝအချီးနှီးအကျိုးမဲ့ကားမဟုတ်ချေ။ ဤသို့ ကိုယ်သာပါ၍ စိတ်မပါသော မိမိအခြေအနေကို တိုင်တန်းနေသူတစ်ဦး၏ တိုင်ကြားသံကိုကြား၍ ဆူဖီ အဗူအုဆ်မာန်သခင်က မှတ်ချက်ချသည်မှာ အနိမ့်ဆုံးအားဖြင့် ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော နှုတ်လျှာဖြင့် အလ္လာဟ်အရှင်မြတ်ကို သတိရတသနိုင်သည့် အခွင့်အလမ်းချီးမြှင့်ထားတော်မူသဖြင့် အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်ရပေမည်ဟု ပြန်လည်မိန့်ကြားတော်မူခဲ့သည်။ (ကုရ်တုဗီ)

ဇကိရ်၏ အကျိုးကျေးဇူးများမှာ မရေမတွက်နိုင်လောက်အောင်ပင်ဖြစ်သည်။ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား သတိရတသသောအခါ အလ္လာဟ်အရှင်မြတ်ကလည်း ထိုသူ့ကို သတိရတော်မူသည်ဟူသော အာမခံချက်ပေးထားခြင်းထက် သာပိုသည့် မည်သည့်အကျိုးတရားမျိုးကို မျှော်လင့်ချင်ပါသေးသနည်း။

တစ်ခါသော် ဆူဖီကြီး အဗူအုဆ်မာန်သခင်က အဖန်ဆင်းခံလူသားအား အလ္လာဟ်အရှင်၏ သတိရတသတော်မူသောအချိန်ကို ဆူဖီကြီးသိသည်ဟု အခိုင်အမာပြောဆိုလိုက်သည်။ ကြားရသူတို့က ထိုအချိန်ကို ဆူဖီကြီး မည်သို့သိပါသနည်းဟူ၍ သိလိုစိတ်များ ဖြစ်ပေါ်ခဲ့ကြသည်။

မုစ်လင်မ်တစ်ဦးက အလ္လာဟ်အရှင်မြတ်ကို တသသတိရသောအခါ အလ္လာဟ်အရှင်မြတ်ကလည်း ထိုသူ့ကို ပြန်လည်သတိရအံ့ဟု ကုရ်အာန်ကျမ်းတော်မြတ်တွင် ကတိပြုထားသည်။ သို့ရှိရာ မိမိက အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ လှည့်သည်နှင့် အလ္လာဟ်အရှင်မြတ်ကလည်း မိမိဘက်သို့လှည့်တော်မူသည်ဆိုခြင်းကို လူတိုင်းသည် ကိုယ်ဟာကိုယ် သိရှိနိုင်သည်ဟု ဆူဖီကြီးက ပြန်လည်ဖြေကြားခဲ့ပါသည်။

အာယသ် ၁၅၂က ဆိုလိုသည်မှာ အကယ်၍ လူသားတို့က အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို နာခံခြင်းဖြင့် အလ္လာဟ်အရှင်မြတ်အား သတိရသော် အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ခွင့်လွှတ်တော်မူခြင်းနှင့် ဆုလာဘ်များဖြင့် ယင်းသူတို့အား သတိရတော်မူလိမ့်မည်ဟူ၍ အဓိပ္ပာယ်ရသည်။ အကျယ်ပြန်ဆိုသူ ဋီကာရှင်ကြီး စအီးဒ်အိဗ်နိဂျုဗိုင်းရ်က ဇကိရ် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းဆိုသည်မှာ အမှန်ပင် အလ္လာဟ်အရှင်မြတ်အား နာခံခြင်း၊ ပျဉ်ဝပ်ကျိုးနွံခြင်းဟု ပြန်ဆို၍ အောက်ပါအတိုင်း ရှင်းလင်းထားသည်။

**فمن لم يطعه لم يذكره وان كثر صلاته وتسبيحه**

"အပြင်ပန်းအားဖြင့် နဖိလ်ဆွလာသ်ကို အထပ်ထပ်ဆောက်တည်၊ အလ္လာဟ်အရှင်မြတ်ဂုဏ်တော်များကို မနားတမ်းမွှမ်းပြီး မိမိကိုယ်ကို မအားမလပ်အောင်ရှိနေသောသူပင်ဖြစ်ပါစေ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို မနာခံလျှင် ထိုသူသည် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းမရှိပါ။"

ဤရှင်းလင်းချက်အား ပြည့်ပြည့်ဝဝ ထောက်ခံထားသော ဟဒီးဆ်တော်တစ်ပုဒ်ကို အလ်ကုရ်တုဗီက အိဗ်နိခုဝါးဇ်မန်ဒါလ်၏ အဟ်ကာမုလ်ကုရ်အာန်ကို ကိုးကားဖော်ပြထားပါသည်။

တမန်တော်မြတ်(ﷺ)သခင်မိန့်ကြားခဲ့သည်မှာ နဖိလ်ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်းများ၌ နည်းပါးလင့်ကစား အကယ်၍ အကြင်သူတစ်ဦးသည် ဟလာဟ်(တရားဝင်သော)နှင့် ဟရာမ်(တရားမဝင်သော)ကိစ္စရပ်များနှင့်ပတ်သက်၍ အမိန့်ပညတ်တော်များအတိုင်းလိုက်နာကျင့်သုံးသူသာလျှင် အလ္လာဟ်အရှင်မြတ်၏ အမိန့်နာခံသူမည်ပေသည်။ နဖိလ်ဝတ်ပြုမှုကို အချိန်ကြာစွာ ဆောက်တည်ခြင်း၊ ဥပုသ်သီလစောင့်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ဂုဏ်တော်ရွှတ်ဆိုခြင်းများတွင် အချိန်ကြာညောင်းလင့်ကစား အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို မနာခံသူများသည် အလ္လာဟ်အရှင်မြတ်ကို မေ့လျော့နေသောသူသာလျှင်ဖြစ်သည်။

ကြီးကျယ်သော ဆူဖီသခင်ကြီး ဇွန်နူလ်မစ်စရီက မိန့်ကြားသည်မှာ အောက်မေ့တသ,သတိရခြင်း အဓိပ္ပါယ်အပြည့်အဝပါရှိသော အောက်မေ့တသခြင်းမျိုးဖြင့် အလ္လာဟ်အရှင်မြတ်ကို သတိရနေသူသည် အခြားအရာခပ်သိမ်းကို မေ့လျော့ထားပါသည်။ ထိုကဲ့သို့ သတိရခြင်းတွင် လုံးဝဥဿုံနှစ်မြှုပ်ထားခြင်းကြောင့် အလ္လာဟ်အရှင်မြတ်သည် ထိုသူနှင့်သက်ဆိုင်သော ကိစ္စအရပ်ရပ်ကို တာဝန်ယူထားပြီး ထိုသူဆုံးရှုံးသမျှသော အရာများထက်သာပို၍ပင် အဖိုးထိုက်တန်သောအရာများကို ပေးသနားတော်မူပါသည်။ အလားတူ ဆွဟာဗဟ်သာဝကကြီး မုအာဒ်(**رضى الله عنه**)သခင်က ကောက်ချက်ချခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်၏ အမျက်တော်မှ လွတ်ငြိမ်းချမ်းသာရန် ကိစ္စနှင့်ပတ်သက်လာလျှင် ဇိကိရ် အောက်မေ့တသခြင်းကို မည်သည့်ကောင်းမှုကမျှ မယှဉ်နိုင်ပါ။

ထို့ပြင် ဆွဟာဗဟ်သာဝကကြီး အဗူဟုရိုင်ရဟ်(**رضى الله عنه**)သခင် ဆင့်ပြန်ခဲ့သော ဟဒီးဆ်တစ်ပုဒ်အလို အရ အလ္လာဟ် အရှင်ကိုယ်တော်တိုင် မိန့်ကြားတော်မူသည်မှာ အကယ်၍ ကျေးကျွန်ဗန္ဓာတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား အမြဲသတိရနေကာ သူ၏နှုတ်လျှာများသည် ဇိကိရ်ရွှတ်ဆိုနေပါက အလ္လာဟ်အရှင်မြတ်သည် ထိုသူနှင့်အတူတကွ ရှိနေမည်။ (ဤစာရေးသူ မုဖ်သီမုဟမ္မဒ်ရှဖီး၏ ဇိကိရွလ္လာဟ်ကျမ်းတွင် ဤအကြောင်းအကျယ်ဖတ်ရှုနိုင်ပါသည်)

vvvvvvv

**အာယသ် (၂း၁၅၃)**

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ ٱسْتَعِينُواْ بِٱلصَّبْرِ وَٱلصَّلَوٰةِ ۚ إِنَّ ٱللَّهَ مَعَ ٱلصَّٰبِرِينَ ﴿١٥٣﴾

**"အို - ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် သည်းခံတရားထားခြင်းဖြင့် လည်းကောင်း၊ 'ဆွလာသ်'ဝတ်ပြုခြင်းဖြင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ အထံတော်မှ ကူညီထောက်ပံ့ စောင်မ တော်မူခြင်းကို ရယူကြကုန်လော့။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ် သည် ခန္တီတရားထားရှိသော သူတို့နှင့်အတူတကွ ရှိတော်မူလေသတည်း။"** (၂း၁၅၃)

အစ္စလာမ်သာသနာ၏ ခိုင်လုံမှုကို သံသယပွားစေရန်ဆန္ဒဖြင့် အစ္စလာမ့်ရန်သူများသည် မျက်နှာမူရာ ကိစ္စလဟ်ပြောင်းလဲခြင်းကို အမြဲတစေ ကန့်ကွက်စောဒကတက်ခဲ့ကြကြောင်း ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရပြီးဖြစ်သည်။ စောစောပိုင်းအာယသ်တော်များက ကန့်ကွက်စောဒကတက်ချက်များကို ပြန်လည်ဖြေကြားရာ၌ ယင်းကဲ့သို့ သက်သာမကင်းရှိခြင်းအားလုံးကို ပယ်ရှားပြီးဖြစ်သည်။ သို့ရာတွင် အချို့သော အစ္စလာမ့်ရန်သူများက ထိုပြောကြားချက်များကို လျစ်လျူရှုကာ သူတို့၏ရန်လိုမှု၌သာ စွဲမြဲနေခဲ့သည်။ ဤအခြေအနေသည် မုစ်လင်မ်များကို အားငယ်စေပါသည်။ ထို့ကြောင့် လက်ရှိအာယသ်တော်သည် မုစ်လင်မ်များ၏ ထိုကဲ့သို့သော အားငယ်မှုကို ပျက်ပြားစေပြီး တစ်စုံတစ်ဦး၏ ဝမ်းနည်းမှုကိုဖြစ်စေ၊ ပူပင်သောကကိုဖြစ်စေ ကျော်လွှားနိုင်မည့် နည်းလမ်းကိုဖော်ပြထားပါသည်။

## သည်းခံခြင်းနှင့် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း

ဤနည်းလမ်းတွင် သည်းခံခြင်းနှင့် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းဘက်သို့ ဦးတည်ရန်တို့ ပါဝင်သည်။ အဘယ့်ကြောင့်ဆိုသော် ဤနေရာ၌ သည်းခံသူများနှင့်အတူ အလ္လာဟ်အရှင်မြတ်ရှိတော်မူကြောင်း ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်က စိတ်ချယုံကြည်စေသောကြောင့်ဖြစ်သည်။ ဤကတိတော်သည် အခြားအရာ များထက် ဆွလာသ်ဝတ်ပြုဆောက်တည်သူများနှင့် ပို၍သက်ဆိုင်သည်။ ဆွလာသ်ဝတ်ပြုဆောက်တည်ရာ၌ ဖရသ်ွ (မပြုမနေရတာဝန်)ဖြစ်စေ၊ နဖိလ်တွင်ဖြစ်စေ အကျုံးဝင်သည်။ အဘယ့်ကြောင့်ဆိုသော် ဆွလာသ်ဝတ်ပြုဆောက်တည်မှုများသည် ခဝပ်ကိုးကွယ်မှုတွင် အထွတ်အထိပ်ဖြစ်သောကြောင့်ပင်တည်း။

ဤအာယသ်တော်ပါ အကြောင်းကို ရှင်းလင်းရာ၌ ကျွန်ုပ်တို့သည် သီးခြားအခြေအနေတစ်ခုကို ဖော်ပြခဲ့ပါသည်။ အာယသ်တော်သည် တကယ်တမ်းတွင် လူသားဘဝ တည်ရှိရေးတွင် မရှိမဖြစ်သည့် ဒုက္ခအန္တရာယ်ဆိုးကျိုးများဖြစ်သော လိုအပ်ချက်များ၊ တောင့်တချက်များ၊ စိုးရိမ်ကြောင့်ကြမှုများနှင့် ဝေဒနာခံစားရမှုများကို ကုစားနိုင်သည့် ဆေးအဖြစ်လည်းဖော်ပြထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်ကိုယ်တိုင်က အလွန်နူးညံ့၍ စိတ်ကို ဆွဲဆောင်သောနည်းလမ်းဖြင့် ဤကုထုံး၏ ယေဘုယျစွမ်းဆောင်နိုင်မှုကို ယေဘုယျအသုံးအနှုန်းဖြစ်သော 'အကူအညီတောင်းခံလော့'ဟူသော စကားလုံးဖြင့် ဖော်ပြထားခဲ့ပါသည်။ မည်ကဲ့သို့သော အခြေအနေမျိုး၌ မည်ကဲ့သို့သော အကူအညီတောင်းခံရမည်ဟူ၍ဖော်ပြမထားပါ။ (မဇ်ဟရီ)

ဤကုထုံးတွင်ပါဝင်သော အရာနှစ်ခုသည် သည်းခံခြင်းနှင့် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းများဖြစ်သည်။

အရဗီစကားလုံး ( صبر ) 'ဆွဗရ်'သည် သည်းခံခြင်းဟူသော စကားလုံးထက်အဓိပ္ပာယ်ကျယ်ဝန်းသည်။ အဘိဓာန်အရ 'ဆွဗရ်'ဟူသည်မှာ မိမိကိုယ်ကိုမိမိ စောင့်စည်းခြင်း (သို့) ထိန်းချုပ်ခြင်းကိုခေါ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော် အသုံးအနှုန်းအရဆိုလျှင် ဆွဗရ်တွင် နည်း(၃)နည်းရှိသည်။

(၁) ရှရီအသ်တရားတော်ကကြေညာထားသော ဟရာမ်(တရားမဝင်(သို့)ခွင့်မပြု)သောအရာများမှ မိမိကိုယ်ကို မိမိ ထိန်းချုပ်ခြင်း။

(၂) အမျိုးမျိုးသော မပြုမနေရခဝပ်ကိုးကွယ်ခြင်းတာဝန်များကို စောင့်ထိန်းခြင်း၌ စွဲမြဲစေရန် မိမိကိုယ်မိမိ အတင်းအကြပ်စေခိုင်းခြင်း။ အလ္လာဟ်အရှင်မြတ်နှင့် တမန်တော်မြတ်(ﷺ)၏ အမိန့်တော်များကို နာခံခြင်းတို့၌ စွဲမြဲစေရန်ဖြစ်သည်။

(၃) အားလုံးသော အမျိုးစုံသော ဒုက္ခသုက္ခနှင့် နာကျင်မှုများကို ခံနိုင်ရည်ရှိစေရန် တစ်နည်းအားဖြင့် တစ်စုံတစ်ဦး၏ ဒုက္ခခံစားရမှုသည် အလ္လာဟ်အရှင်မြတ် အလိုတော်အရသာဖြစ်ကြောင်းနှင့် ဤဒုက္ခခံစားရမှုအတွက် ဆုလာဘ်တစ်ရပ်ကိုလည်း ခံစားရလိမ့်မည်ဟု မှတ်ထားရန်ဖြစ်ကြောင်း ရှင်းလင်းစွာနားလည်၍ ယုံကြည်ရမည်ဟု ဆိုလိုသည်။ ဤနောက်ဆုံးအချက်အနေနှင့်ပတ်သက်၍ အကျယ်ပြန်ဆိုသူဋီကာရှင် စအီးဒ်အိဗ်နိဂျုဗိုင်းရ်နှင့် အိဗ်နိ ကဆီးရ်တို့ အဆိုအရ ကျွန်ုပ်တို့ ဖြည့်စွက်ပြောဆိုလိုသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည် ဝမ်းနည်းပူဆွေးမှုကြောင့်ဟု မပြောမနေနိုင်လျှင်သော်လည်းကောင်း၊ နာကျင်မှုကြောင့် သက်ပြင်းချခဲ့လျှင်သော်လည်းကောင်း ယင်းတို့သည် ဆွဗရ်သည်းခံခြင်းနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပါ။ ဆွဗရ်သည်းခံခြင်းမရှိဟုလည်း မဆိုနိုင်ပါ။

လူအများသည် ယေဘုယျအားဖြင့် ဆွဗရ်ကို တတိယအမျိုးအစားဖြင့်သာလျှင် ယှဉ်တွဲဖော်ပြလေ့ရှိပြီး ပိုမိုအခြေခံကျ၍ အရေးကြီးသော ပထမ(၂)မျိုးကို မေ့လျော့ လျစ်လျူရှုထားကြသည်။ ဆွဗရ်နည်း(၃)နည်းလုံးသည် ညီတူညီမျှ မပြုမနေရဟူသည့်အချက်ကို ကျွန်ုပ်တို့ အတင်းအကြပ်မပြုစေနိုင်ပါ။ ထို့ပြင် မုစ်လင်မ်တိုင်းသည် အထက်ဖော်ပြပါ ဆွဗရ်နည်း(၃)နည်းစလုံးကို အလေ့အကျင့်ဖြစ်ရန်လိုအပ်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်တော် အသုံးအနှုန်းအရ အလ်ဆွာဗီရိန်ဟူသော ဘွဲ့ထူးကို 'ဆွဗရ်'၏ နည်း(၃)နည်းစလုံးကို ညီညီမျှမျှ ပြင်းထန်ကြပ်တည်းစွာ စောင့်ထိန်းခြင်း၌ စွဲမြဲသူကိုသာလျှင် ပေးအပ်သည်။ ဟဒီးဆ်တော်တစ်ပုဒ်အလိုအရဆိုလျှင် တရားစီရင်မည့်နေ့၌ 'သည်းခံတရားထားရှိသူမှာ အဘယ် နည်း'ဟုမေးသံကြားရမည်။ ထိုအခါ 'ဆွဗရ်'၏ နည်း(၃)နည်းစောင့်ထိန်းခြင်း၌ မြဲမြံသူများသည် မတ်တပ်ရပ်ကြပါလိမ့်မည်။ ယင်းသူတို့သည် စစ်ဆေးမေးမြန်းခြင်းမရှိပဲ ဂျန္နသ်သုခဘုံသို့ ဝင်ခွင့်ရကြပါလိမ့်မည်။

ဤဟဒီးဆ်ကို ကိုးကားရာ၌ အိဗ်နိကဆီးရ်က ညွှန်ပြသည်မှာ ကျမ်းတော်မြတ်ကုရ်အာန်ကိုယ်တိုင်က ထောက်ခံထားပါသည်။ ယင်းမှာ ' اِنَّمَا يُوَفَّى الصَّبِرُوْنَ أَجْرَهُمْ بِغَيْرِ حِسَابٍ ''ဆွဗရ်' သည်းခံခြင်း၌ စွဲမြဲကြံ့ခိုင်စွာရှိကြသောသူတို့ သာလျှင် မိမိတို့၏အကျိုးကို အသေချာ အသချာ ပေးဆပ်ခြင်းခံရပေမည်။ (၃၉း၁၀)

ကုထုံးတွင်ပါဝင်သော ဒုတိယအရာသည် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ရှင်းလင်း

ပြသကဲ့သို့ 'ဆွဇရ်'သည်းခံခြင်းတွင် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းများအပါအဝင် အမျိုးမျိုးသောခဝတ်ကိုးကွယ်မှုများပါဝင်သည်။ခဝတ်ကိုးကွယ်မှုအမျိုးစုံသည် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း၏ အကိုင်းအလက်များဖြစ်ကြသည်။ သို့သော်လည်း ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းကိုမူ သီးခြားဖော်ပြထားပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းသည် ဆွဇရ်၏အပြည့်စုံဆုံးသော စံနမူနာဖြစ်သောကြောင့်ပင်တည်း။ အဘယ်ကြောင့်ဆိုသော် ဆွလာသ်ဝတ်ပြုဆောက်တည်နေစဉ်အတွင်း တစ်စုံတစ်ဦးသည် မိမိကိုယ်မိမိ နာခံခြင်းနှင့် ခဝတ်ကိုးကွယ်ခြင်းတို့ဖြင့် စည်းနှောင်ထားပါသည်။ ထို့ပြင် အပြစ်ဖြစ်သောအရာများမှလည်းကောင်း အပြစ်ဖြစ်နိုင်သောအရာများမှလည်းကောင်း မိမိကိုယ်ကိုမိမိ ထိန်းချုပ်ထားသည်သာမက ခွင့်ပြုထားသည့်အရာများဖြစ်သည့် စားခြင်း၊ သောက်ခြင်းနှင့် စကားပြောခြင်း စသည်တို့မှလည်း ထိန်းချုပ်ထားကြပါသည်။ ထို့ကြောင့် ဆွလာသ် ဝတ်ပြုခြင်းသည် ဆွဇရ်သည်းခံခြင်း၏ မြင်သာသော သရုပ်ပြမှုပင်ဖြစ်သည်။ ဆွလာသ်ဝတ်ပြုဆောက်တည် ခြင်းသည် အပြစ်ဖြစ်သော အရာများအားလုံးမှ ရှောင်ကြဉ်ခြင်းနှင့် လုံးဝဥဿုံ နာခံခြင်း၌ မြှုပ်နှံထားခြင်းကို ဖော်ပြပါသည်။

## ပြဿနာများအားလုံးအတွက်ဆေး

ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းတွင် လူသားအား ဒုက္ခအမျိုးမျိုးနှင့် နာကျင်မှုမျိုးစုံမှ ကင်းလွတ်စေခြင်းနှင့် ၎င်း၏ လိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းခြင်းတည်းဟူသော အထူးအာနိသင်ထက်မြက်မှုတစ်ရပ်ပါဝင်သည်။ ကျွန်ုပ်တို့သည် အာနိသင်ထက်မြက်မှုကို ကျိုးကြောင်းညီညွတ်စွာရှင်းမပြနိုင်သော်လည်း အချို့သောဆေးများတွင်ပါဝင်သကဲ့သို့ ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း၏ သဘောသဘာဝတွင်ပင် ယင်းကဲ့သို့သောထူးခြားသည့် အရည်အချင်းတစ်ရပ်အဖြစ် ထိုအာနိသင်ထက်မြက်မှုပါဝင်သည်။ သို့သော် ထိုအာနိသင်ထက်မြက်မှုသည် ရှရီအသ်တရားတော်က ချမှတ်ထားသော ရုပ်ပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာနည်းစနစ်များနှင့်အညီ မှန်ကန်သောနည်းဖြင့် ဆွလာသ်ဆောက်တည်မှသာလျှင် အစွမ်းပြပါသည်။ အကယ်၍ကျွန်ုပ်တို့၏ ဆွလာသ်ဝတ်ပြုဆောက်တည်မှုများသည် အချည်းအနှီးဖြစ်ဟန် ထင်မြင်ရလျှင် ထိုနည်းစနစ်များနှင့်အညီ ဝတ်ပြုဆောက်တည်မှု၌ ချို့ယွင်းသောကြောင့်သာလျှင်ဖြစ်သည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်အား တစိတ်တလက်တည်းနှင့် လုံးဝဥဿုံ ရိုကျိုးမှုမရှိသောကြောင့်သာလျှင်ဖြစ်သည်။ ဟဒီးဆ်ဩဝါဒတော်အရ တမန်တော်မြတ်(ﷺ)သခင်သည် မည်သည့်ကြီးကျယ်သောပြဿနာတစ်ရပ်နှင့် တွေ့ကြုံရတိုင်း နဖိလ်ဆွလာသ်ဝတ်ပြုဆောက်တည်မှုကို အလျင်အမြန်ဆောက်တည်ခဲ့ကြောင်း ကျွန်ုပ်တို့ မမေ့အပ်ပေ။ ထိုနဖိလ်ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း၏ ဘရကသ် (မဂ်လာ)ကြောင့် အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်မြတ်၏ ပြဿနာကို စိတ်ကျေနပ်ဖွယ် ဖြစ်သည် အထိပြေလည်စေရန် အကူအညီပေးတော်မူသည်။

ဆွဇရ်သည် လူသားအား မည်ကဲ့သို့ ဒုက္ခအပေါင်းနှင့် နာကျင်မှုအပေါင်းမှ ကင်းဝေးစေပြီး သူ၏ အခက်အခဲများကို မည်ကဲ့သို့ဖြေရှင်းပေးသည်ဆိုသော လျှို့ဝှက်ချက်ကို ဤအာယသ်တော်၏ နောက်ဆုံးစာပိုဒ်က ဖော်ပြထားပါသည်။ "ဧကန်အမှန် အလ္လာဟ်အရှင်မြတ်သည် ခန္ဓိတရားထားရှိသောသူတို့နှင့်အတူတကွ (အမြဲ) ရှိတော်မူလေသတည်း။" ဆိုလိုသည်မှာ ဆွဇရ်သည်းခံမှုအတွက် ဆုလာဘ်အဖြစ် လူသားသည် အလ္လာဟ်အရှင်မြတ်နှင့်

အတူ ရှိစေရမည်ဟူသော ဂုဏ်တစ်ရပ်ရရှိပါလိမ့်မည်။ စကြဝဠာများ၏ အရှင်သခင်၏ စွမ်းအားသည် လူသားကို ကူညီရန်ရောက်ရှိလာသောအခါ အဘယ်သို့သော နာကျင်မှုများကသော်လည်းကောင်း ဒုက္ခများကသော်လည်းကောင်း ၎င်းအားလွှမ်းမိုးနိုင်အံ့နည်း။ ထို့ပြင် ထိုလူသား၏ ကောင်းကျိုးကောင်းရာများ တိုးတက်ပြန့်ပွားခြင်းကို မည်သူဟန့်တားနိုင်ပါအံ့နည်းဆိုသည်မှာ ပြောစရာပင်မလိုချေ။

v v v v v v v v

အာယသ် (၂:၁၅၄-၁၅၇)

"ထို့ပြင်တစ်ဝ (အို-မုအ်မင်န်အပေါင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ်လမ်းတော်၌ သတ်ဖြတ်ခြင်း ခံရသူတို့ကို သူသေများဟူ၍ မပြောဆိုကြကုန်လင့်။ (ယင်းသူတို့သည် သူသေများ )အလျဉ်းမဟုတ်။ စင်စစ်မှာမူ ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်၏ အထံတော်၌ အသက်ရှင်လျက်ပင် ရှိကြ လေသည်။ သို့ရာတွင် အသင်တို့သည် (ထိုအကြောင်းကို) တွေးဆဆင်ခြင် မသိမမြင်နိုင်ကြချေ။" (၂း၁၅၄)

"ထို့ပြင်တစ်ဝ (အို-မုအ်မင်အပေါင်းတို့) မချွတ်ကေန် ငါအရှင်မြတ်သည် အသင်တို့ကို တစ်စုံတစ်ခုသောကြောက်ရွံ့. စိုးရိမ်စေခြင်းဖြင့်သော်လည်းကောင်း ၊ ငတ်မွတ်စေခြင်း အားဖြင့်သော်လည်းကောင်း ဥစ္စာပစ္စည်းများဆုံးပါးစေခြင်းဖြင့်သော်လည်းကောင်း၊ အသက်သေကြေ ပျက်စီးစေခြင်းဖြင့်သော်လည်းကောင်း၊ ကောက်ပဲသီးနှံများ ပျက်ပြားစေခြင်းဖြင့်သော် လည်းကောင်း၊ (တစ်နည်း) သားသမီးများ သေဆုံးစေခြင်းဖြင့်သော် လည်းကောင်း စမ်းသပ်တော်မူအံ့။ သို့ရာတွင် ခန္တီတရားဖြင့် သည်းခံသူ အပေါင်းအားဝမ်းမြောက်ဖွယ်ရာ ကောင်းချီးမင်္ဂလာ သတင်းကို (အို-နဗီတမန်တော်မုဟမ္မဒ်) အသင်သည်ပြောကြားပါလေ။" (၂း၁၅၅)

"ထိုသူတို့သည် မိမိတို့အပေါ်၌ ဘေးဥပဒ်အန္တရာယ်တစ်စုံတစ်ရာဆိုက်ရောက်လာ သောအခါ ကေန်အမှန် အကျွန်ုပ်တို့သည် 'အလ္လာဟ်'အရှင်မြတ်အဖို့သာဖြစ်၍ မုချကေန် ထိုအရှင်မြတ်၏ အထံတော်သို့သာ ပြန်လည်သွားကြရမည့် သူများဖြစ်ကြပါ သည်ဟု ဆိုလေ့ရှိကြကုန်၏။" (၂း၁၅၆)

**"(ထိုကဲ့သို့ စမ်းသပ်သော ဘေးအန္တရာယ်များကို ခန္ဓိတရားဖြင့် သည်းခံသော) ဤသူတို့ အပေါ်၌သာလျှင် ယင်းသူတို့အား မွေးမြူတော်မူထသော အလွန်ဘ အရှင်မြတ် အထံတော်မှ ကောင်းချီးမင်္ဂလာများနှင့် မေတ္တာကရုဏာတော် သက်ရောက်ပေမည်။ ၎င်းပြင် ထိုသူတို့သည်သာလျှင် ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ကို ရရှိသူများဖြစ်ကြကုန်သတည်း။"** (၂း၁၅၇)

အာယသ်တော်၏ အဦးအစပိုင်းက မနှစ်သက်ဖွယ်ရာကိစ္စတစ်ရပ်ကို ရည်ညွှန်းသည့်အနေဖြင့် သည်းခံခြင်းနှင့် စွဲမြဲစေခြင်းတို့ကို စိတ်တွင်စွဲမြဲစေရန်သွန်သင်ခဲ့သည်။ ၎င်းပြင် သည်းခံသောလူအများ ဆွာပီရိန်၏ သာလွန် ကောင်းမွန်ချက်ကိုလည်း ဖော်ပြခဲ့ပါသည်။ နောက်ပိုင်းအာယသ်တော်များသည် အခြားမနှစ်မြို့ဖွယ်ရာ ကိစ္စရပ်များ၏ အချို့ကို အသေးစိတ်ဖော်ပြပြီး သည်းခံခြင်းနှင့် စွဲမြဲစေခြင်းတို့၏ သာလွန်ကောင်းမွန်မှု အကြောင်းကို အထွတ်အထိပ်ထား၍ ဖော်ပြထားသည်။ အခြားအချင်းအရာများထက် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် စစ်ခင်းခြင်းအကြောင်းကို အလေးပေးဖော်ပြထားသော အာယသ်တော်များတွင် အကြောင်းရင်းနှစ်ခုရှိပါသည်။ ပထမအကြောင်းမှာ စစ်ခင်းရာ၌ အသက်စွန့်ခြင်းသည် အလွန်ကြီးကျယ်ခန်းနားသော စွန့်လွှတ်ခြင်းတစ်ရပ် ဖြစ်ကြောင်းနှင့် မည်သူမဆို ဤစွန့်လွှတ်မှုအတွက် ဆုံးရှုံးမှုကို စွဲမြဲစွာ ခံနိုင်ရည်ရှိခြင်းသည် ထိုအတိုင်းအတာထက် လျော့နည်းသော ဆုံးရှုံးမှုများကို သည်းခံနိုင်စွမ်းအား ပိုရှိလာရန် သင်ယူပြီးဖြစ်မည်မှာ ယုံမှားသံသယဖြစ်ဖွယ်မရှိချေ။ ဒုတိယအကြောင်းမှာ ကအ်ဗဟ်ကျောင်းတော်ကို မျက်နှာမူခြင်းနှင့်ပတ်သက်၍ ရင်ဆိုင်နေရသော ကန့်ကွက်သူများအကြောင်းချင်းရာများနှင့်လည်း နှီးနွယ်နေသည်။

## အဓိန့်ပညတ်ချက်များနှင့် ဆက်နွယ်နေသော သိမှတ်ဖွယ်ရာများ

အစွလာမ့်ထုံးထမ်းအရဆိုလျှင် သေဆုံးသူတစ်ဦးသည် 'ဘရ်ဇခ်'တွင် ဘဝသစ်တစ်မျိုး ပေးအပ်ခံရသည်။ ('ဘရ်ဇခ်'ဆိုသည်မှာ သေဆုံးပြီးနောက် အချိန်မှစ၍ တရားစီရင်မည့်နေ့အထိ ကြာညောင်းသောကြားကာလကို ဆိုလိုသည်။) ထိုကဲ့သို့ ဘရ်ဇခ်တွင် ထားခြင်းသည် ထိုသူအား ပြစ်ဒဏ်ပေးခြင်းနှင့် ဆုလာဘ်ချီးမြှင့်ခြင်းကို အထူးသိမြင်ပိုင်းခြားဝေဖန်တတ်စေသည်။ ယုံကြည်သူဖြစ်စေ၊ မယုံကြည်သူဖြစ်စေ၊ ကုသိုလ်ကောင်းမှုပြုခဲ့သူဖြစ်စေ၊ အကုသိုလ်ကျူးလွန်သူဖြစ်စေ၊ လူတိုင်းသည် ဤဘရ်ဇခ်၏ အချိန်ကာလတွင် မြည်းစမ်းစေရမည်ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ ဘရ်ဇစ်တွင်နေထိုင်ရသောဘဝသည် အတန်းအစားများစွာရှိ၍ အတန်းအစားတစ်မျိုးသည် လူများစုအတွက်ဖြစ်၍ အချို့အတန်းစားသည် တမန်တော်များနှင့်ကောင်းမှုကုသိုလ်ပြုခဲ့ကြသူများအတွက်ဖြစ်သည်။ တမန်တော်များနှင့် ကောင်းမှုကုသိုလ်ပြုခဲ့ကြသူများ၏ အတန်းအစားတွင်ပင်လျှင် သာလွန်ကောင်းမြတ်ခြင်း အဆင့်အတန်းအမျိုးမျိုးရှိပါသည်။ ဘရ်ဇခ်တွင်နေထိုင်ရသော ဘဝအကြောင်းနှင့် ပတ်သက်၍ ၎င်းတို့၏ ရှုမြင်ယူဆချက်များကို အခိုင်အမာဖြစ်စေရန်အတွက် ပညာရှင်အတော်များများသည် ထင်ရှား၍ခိုင်မာသော အချက်အလက်များစုဆောင်းခဲ့ကြပါသည်။ အားလုံးကို ဤနေရာ၌ တင်ပြ၍မဖြစ်နိုင်ပါ။ စာရေးသူမုဖ်သီရှဖီး အနေဖြင့် ၎င်း၏ဆရာဖြစ်သော ထာနဘဝ်မ့ မော်လာနာ အရှ်ရဖ်အလီ၏ ချင့်ချိန်နှိုင်းဆရှုမြင်ချက်များကို သာလျှင် တင်ပြပါမည်။ ထိုဆရာသခင်၏ ရှုမြင်ချက်များသည် ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားချက်နှင့်

လည်းကောင်း တမန်တော်မြတ်(ﷺ)သခင်၏ သင်ကြားမှုနှင့်လည်းကောင်း တစ်ထပ်တည်းကိုက်ညီလျက် ရှိကြောင်းတွေ့ရသည်။

## ရှဟီးဒ် (သာသနာ့အာဇာနည်)များသည် မသေဆုံးချေ

အလ္လာဟ်အရှင်မြတ်၏လမ်းတွင် သေဆုံးသောသူကို ရှဟီးဒ် (သာသနာ့အာဇာနည်)ဟု ခေါ်တွင်ပါသည်။ ၎င်းသူကို သေဆုံးသူဟုခေါ်ခွင့်ရှိပြီး ယင်းသို့ခေါ်ဆိုသည်မှာ မှန်ကန်သော်လည်း အခြားသူတစ်ဦးကဲ့သို့ သေဆုံးသည်ဟု မှတ်ယူခြင်းကိုမူ ကျွန်ုပ်တို့အား တရားတော်က တားမြစ်ထားသည်။ အဘယ့်ကြောင့်ဆိုသော် ဘရ်ဇခ်ဘဝကို လူတိုင်းအားပေးအပ်ထားသော်လည်း ရှဟီးဒ်များ၏ ဘရ်ဇခ်တွင် အပြစ်ပေးခံရခြင်းဆုလာဘ်ခံမြွှင့်ခံရခြင်းကို သိမြင်နားလည်မှုသည် အခြားသူများ ခံစားရမှုနှင့် အရည်အသွေးခြားနားပါသည်။ အခြားသူများနှင့် ရှဟီးဒ်၏ ကွာခြားချက်မှာ ဘရ်ဇခ်ဘဝ၏ ခံစားရမှုသည် ရှဟီးဒ်သည်ကား အခြားသူများထက်ပို၍ နက်နက်ရှိုင်းရှိုင်းနှင့် ထိုးထွင်းသိမြင်နိုင်ခြင်းဖြစ်သည်။ ပမာဆိုသော် ထိတွေ့ခံစားမှုအပိုင်းသည် လက်ထိပ်ဖျားတွင်လည်းကောင်း၊ ခြေဖနောင့်များတွင်လည်းကောင်းရှိသော်ငြားလည် လက်ဖျားထိပ်သည် ပို၍ ခံစားသိမြင်နိုင်သည့်သဘောပင် ဖြစ်သည်။ ဘရ်ဇခ်ဘဝတွင်ရှိသော ရှဟီးဒ်တစ်ဦး၏ ဘဝအရည်အသွေးသည် အလွန်နူးညံ့သိမ်မွေ့၍ ခန္ဓာကိုယ်သို့ပင် ရောက်ရှိသော်လည်း သာမန်လူများ၏ ခန္ဓာကိုယ်ပေါ်တွင်မူ အကျိုးသက်ရောက်မှုမရှိချေ။ ရှဟီးဒ်တစ်ဦး၏ ခန္ဓာကိုယ်သည် ယိုယွင်းပျက်စီးခြင်း၊ ပုပ်သိုးခြင်း (သို့) မြေကြီးဖြစ်မသွားပါ။ ခန္ဓာကိုယ်သည် အသက်ရှင်စဉ်ကဲ့သို့ပင် လတ်လတ်ဆတ်ဆတ်ဖြစ်နေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဟဒီးဆ်တော်များနှင့် စူးစမ်းလေ့လာမှုများက အပြည့်အဝထောက်ခံထားပါသည်။ ထို့ကြောင့် သူတို့သည် အသက်ရှင်နေသည်ဟု ဆင့်ပြန်ထားပြီး ၎င်းတို့အား သေဆုံးသည်ဟု မခေါ်ရန် ကျွန်ုပ်တို့အား တားမြစ်ထားပါသည်။ သို့သော်လည်း လောကီအကျိုးငှာ ၎င်းတို့အား သေဆုံးသူဟု သဘောထားပြီး ၎င်းတို့၏စည်းစိမ်ဥစ္စာပစ္စည်းများကို ခွဲဝေနိုင်ပြီး ၎င်းတို့၏ဇနီးမယားများမှာလည်း ထပ်မံအိမ်ထောင်ပြုနိုင်ကြပါသည်။ ဘရ်ဇခ်တွင်ရှိသော တမန်တော်များ၏ ဘဝများသည် ပိုမိုထူးခြားပါသည်။ တမန်တော်များ၏ ဘရ်ဇခ်တွင် ထိတွေ့ခံစားရမှုသည် ရှဟီးဒ်များထက် ပို၍နူးညံ့ကာ ပိုမို၍ စူးရှနက်ရှိုင်းပါသည်။ တမန်တော်များ၏ ဘရ်ဇခ်တွင်ရှိ ခန္ဓာကိုယ်များသည် သက်ရှိထင်ရှားရှိစဉ်ကဲ့သို့ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေသည် ဤကမ္ဘာပေါ်တွင်ပင် ပေါ်လွင်ထင်ရှားစေပါသည်။ တမန်တော်များ၏ ပိုင်ဆိုင်ပစ္စည်းများကို မခွဲဝေနိုင်ပါ။ ထို့ပြင် ဇနီးမယားများသည်လည်း နောက်အိမ်ထောင်မပြုနိုင်ကြပါ။

သက်ရှိထင်ရှားရှိစဉ်ကအတိုင်း ခန္ဓာကိုယ်တည်ရှိနေခြင်းတွင် တမန်တော်များသည် အခိုင်အမာဆုံးဖြစ်ကြပြီး တမန်တော်များနောက်တွင် ရှဟီးဒ်များဖြစ်၍ ၎င်းတို့နောက်တွင် သာမန်လူသားများဖြစ်ကြသည်။ အချို့သော ဟဒီးဆ်တော်များအရ **مجاهدة النفس** အချို့သော အလ္လာဟ်အရှင်မြတ်အချစ်တော်များနှင့် ကောင်းမှုကုသိုလ် ပြုကြသူများသည်လည်း ရှဟီးဒ်များကဲ့သို့ ခံစားကြရသည်ဟုဆိုသည်။ ဤအချက်များမှ ကျွန်ုပ်တို့သိရသည်မှာ မိမိကိုယ်မိမိ စည်းကမ်းတင်းကြပ်စွာဖြင့် ကုသိုလ်ကောင်းမှု ကျင့်ကြံအားထုတ်ရင်း သေဆုံးသွားသောသူများ သည် ရှဟီးဒ်များနှင့် အဆင့်အတန်းအတူ ခံစားကြရသည်။ တနည်းဆိုသော် ဤအာယသ်တော်သည် လူအများစု နှင့် ရှဟီးဒ်များကွာခြားမှုကို တစ်သီးတစ်ခြားဖော်ပြထားသည်။ ကုသိုလ်ကောင်းမှုပြုသူများနှင့်

သစ္စာတရားထားရှိသူများကိုမူ အာယသ်တော်တွင် ထည့်သွင်းဖော်ပြမထားပါ။ ထို့ကြောင့်အကယ်၍ ရှဟီဒိတစ်ဦး၏ ခန္ဓာကိုယ်သည် အခြားသာမန်လူသားများကဲ့သို့ မြေကြီးဖြစ်သွားလျှင် ဖြစ်နိုင်သည်မှာ ထိုသူသည် အလ္လာဟ် အရှင်မြတ်လမ်းတွင် သေဆုံးသောသူ (ရှာဟဒဟ်) (သာသနာ့အာဇာနည်)တစ်ဦး မဟုတ်၍ဖြစ်သည်။

လူတစ်ဦးသည် ရှဟဒဟ် (သာသနာ့အာဇာနည်)အဖြစ် ပြီးပြည့်စုံ၍ အလ္လာဟ်အရှင်မြတ်လမ်းတွင် သေဆုံးခဲ့ကာ ရှဟီဒ်တစ်ဦး၏ အရည်အချင်းနှင့်လည်း ပြည့်မှီပါက ဟဒီးဆ်ဩဝါဒတော်တစ်ရပ်အရ ၎င်း၏ ခန္ဓာကိုယ်မှာ မြေဖြစ်မည်မဟုတ်ချေ။ ဟဒီးဆ်ဩဝါဒတော်အရ ခန္ဓာကိုယ်သည် မြေကြီးဖြစ်မသွားဟုဆိုငြားသော်လည်း ရှင်းလင်းနိုင်သည်မှာ အကယ်၍ မြေကြီးဖြစ်သွားသည်ဟုဆိုလျှင် ခန္ဓာကိုယ်သည် အခြားသော အကြောင်းများဖြစ်သည့် ဘူမိဓါတုဗေဒ ဓါတ်ပြောင်းလဲမှုကြောင့်သော်လည်းကောင်း၊ ခန္ဓာကိုယ်၏ အင်ဇိုင်းများနှင့် ဘတ်တီးရီးယားများကြောင့် ပျက်စီးယိုယွင်းခြင်းဖြစ်သည်မှာ မငြင်းပယ်နိုင်ချေ။ ရူဟူလ်မအာနီကျမ်းရှင်က ဟဒီးဆ်တော်၌ ဆင့်ပြန်ထားသော်လည်း မြေကြီးဖြစ်သွားရခြင်းအတွက် သံသယဖြစ်နေခဲ့မှုအား အထက်ပါအကြောင်းပြချက်နှင့် ရှင်းလင်းနိုင်ပေသည်။ မြေကြီးဖြစ်ရခြင်းအတွက် အာယသ်တော်သည် မခိုင်လုံမှားယွင်းသည်ဟု မဆိုနိုင်ချေ။

ဤကမ္ဘာလောကတွင် တမန်တော်များ၏ ခန္ဓာကိုယ်သည် လက်နက်၊ ဆေးဝါးနှင့် အစားအစာစသော အခြားဓါတ်ပေါင်းများနှင့် ရေ၊ မီး၊ နှင့် လေတို့ကဲ့သို့ အမျိုးမျိုးသော သဘာဝဓါတ်စင်များ ရောစပ်ပေါင်းစုခြင်းကြောင့် ဖြစ်ပေါ်သော အကျိုးသက်ရောက်မှုကို ခံစားရပါသည်။ ဘရ်ဇခ်တွင် ရှဟီဒ်၏ဘဝအရည်အချင်းသည် ဤကမ္ဘာလောကရှိ တမန်တော်များထက်ပို၍ မမြတ်ပါ။ ထို့ကြောင့် အကယ်၍ ဘရ်ဇခ်တွင် ရှဟီဒ်၏ ခန္ဓာကိုယ်ပေါ်တွင် အကျိုးသက်ရောက်စေမည့် အခြားသောပစ္စည်းများရှိသည်ဆိုလျှင် ဟဒီးဆ်တော်များတွင် ရှဟီဒ်၏ ခန္ဓာကိုယ်များသည် ကမ္ဘာပေါ်တွင် မြင့်မြတ်သည်ဆိုလိုရင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပါ။

အခြားအဖြေကား ရှဟီဒ်များသည် အခြားသူများနှင့်မတူဘဲ ၎င်းတို့၏ ခန္ဓာကိုယ်သည် အချိန်အတော်ကြာသည့်တိုင် ပျက်စီးယိုယွင်းခြင်းမရှိပါ။ သို့သော် အချိန်အလွန်ကြာညောင်းလာသောအခါတွင်မူ ပျက်စီးယိုယွင်းနိုင်ပေသည်။ ဟဒီးဆ်တော်၏ ရည်ရွယ်ချက်ကို ရှင်းရလျှင် အချိန်အတော်ကြာသည့်တိုင် ပုပ်သိုးပျက်စီးခြင်းမှ ကင်းဝေးခြင်းသည် သေဆုံးပြီးသည့် ခန္ဓာကိုယ်၏ ထုံးတမ်းစဉ်လာနှင့်ညီကြောင်းအပြုအမူထက် လွန်ကဲမှုပင်ဖြစ်သည်။ ထာဝရမပုပ်မသိုးအောင် ထိန်းသိမ်းခြင်းနှင့် အချိန်အတန်ကြာ မပုပ်မသိုးထိန်းသိမ်းထားခြင်းတို့သည် သေဆုံးပြီးသည့် ခန္ဓာကိုယ်၏ ထုံးထမ်းစဉ်လာနှင့်ညီသော အပြုအမူထက်လွန်ကဲခြင်းပင်ဖြစ်သည်။ အာယသ် (၁၅၄)တွင် လာရှိသော ( لَا تَشْعُرُوْنَ ) 'အသင်တို့သည် တွေးဆဆင်ခြင်မသိမမြင်နိုင်ကြချေ။' ဟူသော စကားအရ ဘရ်ဇခ်တွင်ရှိသောဘဝသည် အာရုံခံစားမှုဖြင့် သိနိုင်သည်ဟူသော အချက်များအားလုံးကို ကျော်လွန် လွှမ်းမိုးသည်ဟူ၍ ကုရ်အာန်ကျမ်းတော်မြတ်က အခိုင်အမာ မိန့်ဆိုထားသည်။

## ဘေးဒုက္ခရောက်စဉ် သည်းခံခြင်းနှင့် လွယ်ကူစေမည့်နည်းလမ်း

လူသားကား အလ္လာဟ်အရှင်မြတ်က ပြင်းထန်စွာ စမ်းသပ်ခြင်း၏ သဘောသဘာဝနှင့် ထင်ရှားပေါ်လွင်မှုကို အာယသ်တော် (၁၂၄) ( وَاِذِابْتَلٰى اِبْرٰهِمَ رَبُّهٗ ) 'အခါတစ်ပါး၌ နဗီတမန်တော် အိဗရာဟီမ်ကို ထိုနဗီတမန်တော်အား မွေးမြူတော်မူသော အရှင်မြတ်သည် အချို့သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စမ်းသပ်တော်မူပေရာ'ဟူသော

အာယသ်တော်ကို ရှင်းလင်းရာတွင် ကြေညက်စွာ ဆွေးနွေးခဲ့ပြီးဖြစ်သည်။ မတော်တဆဖြစ်ပျက်မှုများသည် အတိုင်းအဆမည်ကဲ့သို့ဖြစ်စေကာမူ စိတ်ချောက်ချားစေပါသည်။ သို့သော် ထိုကဲ့သို့ မတော်တဆဖြစ်မည်ကို ကြိုတင် သိရှိရပါလျှင် ယင်းတို့နှင့်ပတ်သက်၍ ခံစားရန်လွယ်ကူကာ သည်းခံရန်လည်း လွယ်ကူပေမည်။ ဤနေရာတွင် အုမ္မသ်ထုတစ်ရပ်လုံးကို ဦးတည်မိန့်ကြားထားသောကြောင့် ဤကမ္ဘာကြီးသည် ခက်ခဲမှုများနှင့် ခဲယဉ်းပင်ပန်းခံ ရသောနေရာတစ်ခုဖြစ်သည်ဟု တွေးတောဆင်ခြင်ရမည်။ ဤကမ္ဘာသည် ခံနိုင်ရည်စွမ်းရှိမရှိ စမ်းသပ်သည့်နေရာ ဖြစ်သည်။ ထိုကဲ့သို့ မတော်တဆဖြစ်မှုများကို ထူးဆန်းအံ့ဩဘွယ်ရာအဖြစ်လည်းကောင်း၊ ဖြစ်တောင့်ဖြစ်ခဲသည့် ဖြစ်ရပ်ဟုလည်းကောင်း ယူဆခဲ့ပါလျှင် သည်းမခံနိုင်စရာ အကြောင်းမရှိချေ။ အုမ္မသ်ထုတရပ်လုံးသည် ယေဘုယျ အားဖြင့် လုပ်ဆောင်သမျှအရာအားလုံးတွင် သည်းခံခြင်းစိတ်ဓါတ်ကို ပြသသောကြောင့် သည်းခံရန် ကြိုးစားသည့် လူသားတိုင်းအပေါ် အလ္လာဟ်အရှင်မြတ်၏ အသနားတော်သက်ရောက်သည်။ သို့ရာတွင် သည်းခံခြင်း၏ အရည် အသွေးနှင့် အဆင့်အတန်းမှာမူ လူတစ်ဦးနှင့်တစ်ဦး မတူညီသောကြောင့် မိမိ၏ သည်းခံမှုအတိုင်းအတာနှင့် အရည်အသွေးအလိုက် ဆုလာဘ်ချီးမြှင့်ခြင်းခံစားကြရပေမည်။

## ဘေးဒုက္ခဖြစ်စဉ် အေးချမ်းသာယာမှုရရန်အတွက် နည်းလမ်းတစ်ရပ်

သည်းခံသောသူများရွတ်ဆိုလေ့ရှိသည့် **اِنَّاللّٰهِوَاِنَّآاِلَيْهِرَاجِعُوْنَ** 'ဧကန်အမှန် ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ အဖို့အရာသာဖြစ်၍ မုချဧကန်ထိုအရှင်မြတ်၏ အထံတော်သို့သာ ပြန်လည်သွားကြရမည့်သူများဖြစ်ကြပါသည်ဟုဆိုလေ့ရှိကြကုန်၏' (၂း၁၅၆) သည် စင်စစ်တွင် သည်းခံခြင်း၏မူကို နှလုံးသွင်းခြင်းပင် ဖြစ်သည်။

သည်းခံသောသူများသည် အထက်ပါအာယသ်တော်ကိုသာ ရွတ်ဆိုသင့်သည်ဟု အကြံပြုလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့ ရွတ်ဆိုခြင်းသည် ဝမ်းနည်းခြင်းနှင့်ခံစားမှုတို့ဇာတ်မှ ကင်းဝေးစေခြင်းနှင့် ကြေကွဲနေသော နှလုံးသားကို ထိရောက်စွာ နှစ်သိမ့်စေခြင်းစသော သာလွန်ကောင်းမွန်သည့် ဆုလာဘ်များကို ရရှိနိုင်သောကြောင့်ဖြစ်သည်။

vvvvvvv

အာယသ် (၂း၁၅၈)

إِنَّ الصَّفَا وَالْمَرْوَةَ مِن شَعَائِرِ اللَّهِ ۖ فَمَنْ حَجَّ الْبَيْتَ أَوِ اعْتَمَرَ
فَلَا جُنَاحَ عَلَيْهِ أَن يَطَّوَّفَ بِهِمَا ۚ وَمَن تَطَوَّعَ خَيْرًا فَإِنَّ اللَّهَ
شَاكِرٌ عَلِيمٌ ﴿١٥٨﴾

**“ဧကန်အမှန် ဆွဖာနှင့်မရဝဟ်တောင်များသည် အလ္လာဟ်အရှင်မြတ် သတ်မှတ်ထားတော်မူသော သာသနာတော်၏ အထိမ်းအမှတ်များအနက်မှ ဖြစ်သည်။ အကြင်သူသည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ဖြစ်သော ကအ်ဗဟ်ကျောင်းတော်သို့ ဟဂ်ျပြုရန် သွားရောက်သည်ဖြစ်စေ၊ သို့တည်းမဟုတ် အုမ်ရဟ်ပြုသည်ဖြစ်စေ ထိုသူ၏ အပေါ်၌ ထိုတောင်နှစ်လုံး အကြားတွင် သွားလာခြင်းသည် တစ်စုံတစ်ရာမျှ အပြစ်မရှိပြီ။ ထို့ပြင် အကြင်သူသည် မိမိ၏စိတ်စေတနာအလျောက် တစ်စုံတစ်ခုသော ကုသိုလ်ကောင်းမှုကို ပြုလုပ်ပါမူ မုချကေန် အလ္လာဟ်အရှင် မြတ်သည် ကျေးဇူးသိတော် မူ၍ (ရက်ရောစွာ ကောင်းကျိုးပေးသနားတော်မူ) သောအရှင်၊ အရာခပ်သိမ်းတို့ကို သိတော်မူသောအရှင်ဖြစ်တော်မူလေ သတည်း။’ (၂း၁၅၈)**

ကျွန်ုပ်တို့ ပြန်လည်၍ သတိရမည်ဆိုလျှင် ကအ်ဗဟ်နှင့်ပတ်သက်သည့်အကြောင်းကို အာယသ်တော် (၁၂၄) وَإِذِ ابْتَلَىٰ إِبْرَاهِيمَ رَبُّهُ ‘အခါတစ်ပါး၌ နဗီတမန်တော် အိဗ်ရာဟိမ်ကို ထိုနဗီတမန် တော်အား မွေးမြူတော်မူသောအရှင်သည် အချို့သောကိစ္စရပ်များနှင့်စပ်လျဉ်း၍ စမ်းသပ်တော်မူလေရာ’ဟူသော အာယသ်မှ စတင်ခဲ့ကြပါသည်။ ၎င်းနောက် ကအ်ဗဟ်ကျောင်းတော်အား ထပ်ဖန်တလဲလဲ စုဝေးရာဌာနတစ်ရပ်အနေဖြင့်လည်းကောင်း၊ သန့်ရှင်းစင်ကြယ်သည့် နေရာဌာနတစ်ရပ်အဖြစ်လည်းကောင်း အလ္လာဟ်အရှင်မြတ်အား ဝတ်ပြုရာတွင် အလယ်ဗဟိုတစ်ရပ်အဖြစ်လည်းကောင်း စသည်တို့ကို အာယသ်တော် (၁၂၅)တွင် မိန့်ကြားထားတော်မူသည်။ အာယသ်တော် (၁၂၆)မှ (၁၂၉)တွင် စိုက်ယိဒိနာ အိဗ်ရာဟင်မ်(عليه السلام)သခင်၏ ထင်ရှားကြော်ကြားသောတောင်းဆုတော်တစ်ရပ်ပါဝင်သည်။ ထိုတောင်းဆုတော်မှာ တမန်တော်နှင့် ၎င်း၏နောက်လိုက်များကို ဝတ်ပြုရာတွင်လိုအပ်သည့် ကျင့်သုံးပုံနည်းလမ်းကို မနာစစ်ခ်ခေါ် မှန်ကန်သည့် နည်းလမ်းစည်းကမ်းဖြင့် သင်ကြားပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်ပါသည်။ ထိုကျင့်စဉ်များထဲတွင် ဟဂ်ျနှင့် အုမ်ရဟ် သည်လည်း ပါဝင်ပါသည်။ မည်သည့်နေရာတွင်ဖြစ်စေ၊ ဆွလာသ်ဝတ်ပြုဆောက်တည်ရာတွင် မျက်နှာမူရမည့် အရပ်အဖြစ် ကအ်ဗဟ်ဝတ်ကျောင်းတော်ကို ကြေညာခဲ့ပြီးနောက် အလ္လာဟ်အရှင်မြတ်၏ အိမ်တော်အချက်အခြာ ကျခြင်းသည် ထင်ရှားပေါ်လွင်ပြီး ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့မြင်ရပြီးဖြစ်သည်။ တစ်ချိန်တည်းတွင် ဟဂ်ျနှင့် အုမ်ရဟ်ပြုခြင်းတို့၏ ဦးတည်ရာ ပြုလုပ်ခဲ့သောအခါ အလ္လာဟ်အရှင်မြတ်အိမ်တော်၏ အရေးပါ အရာရောက်မှုမှာ

အတည်ပြုပြီးဖြစ်ပေသည်။

မက္ကာမြို့တော်တွင်ရှိသော ကအ်ဗာဟ်နှင့် ဆက်သွယ်လျက်ရှိသည့် ဆွဖာနှင့် မရဝတ်တောင်များသည် အလ္လာဟ်အရှင်မြတ်ထံမှ မြင်သာသော နိမိတ်လက္ခဏာများအဖြစ် လေးနက်စွာကြေညာပြီး အာယသ်တော်ကို ဖွင့်လှစ်ခဲ့ပါသည်။ ဟဂ်ျပြုလုပ်သူများသည် ကအ်ဗာဟ်ကျောင်းတော်မြတ်ကို တဝါဖ်လှည့်ပတ်ပြီးနောက် ထိုတောင်နှစ်ခုကြား ခပ်သွက်သွက်လမ်းလျှောက်ကြရပါသည်။ ဤကဲ့သို့ ခပ်သွက်သွက်လမ်းလျှောက်သည့်အပြုအမူ (သို့) ခေါက်တုန့်ခေါက်ပြန်လျှောက်ခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်အလိုအရ **سَعْى** 'စအီ'ဟုခေါ်သည်။ ထိုကျင့်စဉ်သည် ဂျာဟိလီယတ်(အမှောင်ခေတ်)ကပင်ရှိခဲ့သောကြောင့် မုစလင်မ်များစိတ်တွင် အမှောင်ခေတ်က ကျင့်စဉ်လော၊ မုစ်လင်မ်ကျင့်စဉ်လောဟု သံသယဖြစ်ကြသည်။ ဤအာယသ်တော်တွင် ထိုသံသယကို ဖယ်ရှားစေရန်အတွက် အလ္လာဟ်အရှင်မြတ် ရည်ရွယ်တော်မူခြင်းဖြစ်သည်။

ထို့ကြောင့် မုစ်လင်မ်ဆွလာသ်ဝတ်ပြုဆောက်တည်ရာ ကိဗလဟ်ကို ကအ်ဗာဟ်အဖြစ် မျက်နှာမူရာသတ်မှတ်သည့်အကြောင်းကိစ္စ စတင်ကတည်းက အလ္လာဟ်အရှင်မြတ်သည် မယုံကြည်သွေဖည်ငြင်းဆန်သူများ၏ကန့်ကွက်မှုကို ဖယ်ရှားခဲ့ပြီးဖြစ်သည်။ ဤအာယသ်တွင် အပြန်အလှန်ဆက်စပ်သည့်နည်းဖြင့် ကအ်ဗာဟ်ကို အချက်အချာပြုပြီး ဟဂ်ျနှင့်အုမ်ရတ်ပြုရာတွင် စအီပြုလုပ်ခြင်းနှင့် ပတ်သက်သော မုစ်လင်မ်များ၏ သံသယကို ဖယ်ရှားပစ်လိုက်သည်။

ထိုအာယသ်တော်တွင် ဤကဲ့သို့သော ဆင်ခြင်တုံတရားဖြင့် ဖွဲ့စည်းထားသည်ကို တွေ့မြင်ရန်မခဲယဉ်းပေ။

## အချို့သောဝေါဟာရများနှင့် အနက်အဓိပ္ပါယ်များ

၁။ ရှာအိရတ် **ဇူဟိုင်** ၏ အများကိန်းဖြစ်သော ရှာအာအိရလ္လာဟ် **شَعَائِرِ اللهِ** ၏ အနက် အဓိပ္ပါယ်မှာ လက္ခဏာ၊ အမှတ်အသား (သို့) အထောက်အထားဟူ၍ဖြစ်သည်။ ထို့ကြောင့် ရှာအာအိရလ္လာဟ် ဆိုသည်မှာ အစွမ်းလာမ့်ယုံကြည်မှု အထိမ်းအမှတ်အဖြစ် အလ္လာဟ်အရှင်မြတ်က သတ်မှတ်ခဲ့ကြောင်း ဖော်ကျူးထားခြင်းဖြစ်သည်။

၂။ အဘိဓာန်အရ ဟဂ်ျ၏အဓိပ္ပာယ်မှာ ရည်ရွယ်ခြင်း၊ ရည်စူးခြင်းဖြစ်သည်။ ကုရ်အာန်နှင့် ဟဒီးဆ်တော်၏အသုံးအနှုန်းတွင်မူ အလ္လာဟ်အရှင်မြတ်အိမ်တော်သို့ ဘုရားဖူးသက်သက်သွားရန်ဆုံးဖြတ်ပြီးသည့်နောက် ထိုနေရာတွင်ရှိစဉ် လိုအပ်သည့်ကျင့်စဉ်များကိုပြုမူလုပ်ဆောင်ခြင်းအား ဟဂ်ျဟုခေါ်သည်။

၃။ အဘိဓာန်အရ အုမ်ရတ်ဆိုသည်မှာ ဇိယာရသ်(သို့)ဘုရားဖူးခြင်းဖြစ်သည်။ ရှရီအသ်အသုံးအနှုန်းတွင်မူ အလ်မတ်စ်ဂျဒ် အလ်ဟရာမ်သို့ သွားရောက်၍ တဝါဖ်နှင့် စအီလုပ်ဆောင်ခြင်းကို အုမ်ရတ်ဟုခေါ်သည်။

**ဆွဖာနှင့် မရ်ဝဟ်အကြား စအီပြုခြင်းသည် မလုပ်မနေရတာဝန်ဖြစ်သည်။**

ဟဂ်ျ၊ အုမ်ရဟ်နှင့် စအီတို့လုပ်ဆောင်ခြင်းနည်းလမ်းစည်းကမ်းအသေးစိတ်များကို ဖိကဟ်ကျမ်းစာအုပ်များတွင် အလွယ်တကူရရှိနိုင်ပါသည်။ မှတ်သားရန်မှာ စအီပြုလုပ်ခြင်းသည် တမန်တော်မြတ်(ﷺ)သခင်၏ ကျင့်စဉ်ဖြစ်ပြီး အိမာမ်၊ အဟ်မဒ် အဆိုအရ မုစ်သဟဗ်ဟုဆို၍ အိမာမ်မာလစ်နှင့် အိမာမ်ရှာဖိအီတို့က ဖရဿွဟ္ဝ်လည်းကောင်း၊ အိမာမ်အဗူဟနီဖဟ်ကမူ ဝါဂျိဗ်ဟူ၍ဆိုသည်။ ဆိုလိုသည်မှာ အကြင်သူတစ်ဦးသည် ထိုကျင့်စဉ်ကို စွန့်လွှတ်ခဲ့လျှင် ဆိတ်တစ်ကောင်ကုရ်ဗာနီပြုလုပ်၍ အစားပေးလျော်ရပေမည်။

ယခုလက်ရှိအာယသ်တော်ကို လေ့လာရာတွင် ဖြစ်လာနိုင်မည့် သံသယတစ်ခုဖြစ်နိုင်ခြင်းမှ ကာကွယ်ရန် အကြံပြုပါမည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဆွဖာနှင့် မရ်ဝါတောင်နှစ်ခုကြား စအီပြုလုပ်ခြင်းသည် အပြစ်မဟုတ်ဟု ရိုးရှင်းစွာမိန့်ကြားထားခြင်းဟု ကျွန်ုပ်တို့ထင်မြင်နိုင်ပါသည်။ အဖြစ်နိုင်ဆုံးမှာ ဤလုပ်ဆောင်ချက်သည် ပြုပိုင်ခွင့်ရှိသော အပြုအမူများထဲမှ တစ်ခုဖြစ်ကြောင်း သက်သေပြပါသည်။ မေးခွန်းတစ်ခုနှင့် ပတ်သက်၍ ဖြေဆိုရာတွင် ဤနေရာ၌ ဦးဆောင်ဖော်ပြသော လာဂျိုနာဟ **لَاجُنَاحَ** အပြစ်မဟုတ်ဟူသောစကားလုံးကို ကြည့်ခြင်းအားဖြင့် မှန်ကန်စွာသိရှိနိုင်ပါသည်။ မေးခွန်းနှင့်ပက်သက်သည်မှာ ထိုဆွဖာနှင့်မရ်ဝဟ်တောင်ထိပ်နှစ်ခုတွင် ရုပ်ထုဆင်းတုများရှိပြီး အမှောင်ခေတ်ကလူတို့သည် ထိုရုပ်ထုဆင်းတုများကို ရိုသေသမှုအားဖြင့် ဆွဖာနှင့် မရ်ဝဟ်အကြား စအီပြုလေ့ရှိခဲ့ကြပါသည်။ ထို့အတွက်ကြောင့် ထိုစအီကျင့်စဉ်ကို ဟရာမ်(တားမြစ်ထားသောအရာ)ဟု သတ်မှတ်သင့်သည်။ ထိုသံသယကို အဖြေပေးရာတွင် 'ထို တောင်နှစ်လုံးအကြားတွင် သွားလာခြင်းသည် တစ်စုံတစ်ရာမျှမပြစ်မှားပြီ'ဟူ၍ ကြေညာခဲ့ခြင်းဖြစ်သည်။ ဤကျင့်စဉ်ဖြစ်သောကြောင့် အပြစ်များစွန်းထင်းနေသည်ဟု မှတ်ယူရန်အကြောင်းရှိပါမည်လော။ ကြားကာလတွင် ဘုရားမဲ့သူများ၏ မှားယွင်းသောကျင့်စဉ်တစ်ခုကို ပြုလုပ်ခြင်းသည် အပြစ်ဖြစ်ခြင်းဖြင့် အဆုံးမသတ်ချေ။ အဘယ့်ကြောင့်ဆိုသော် ထိုကျင့်စဉ်သည် အလ္လာဟ်အရှင်မြတ်အထံတော်တွင် ကောင်းမွန်မြင့်မြတ်သောကြောင့်ဖြစ်ပေသည်။ ထို့ကြောင့် 'တစ်စုံတရာမျှ အပြစ်မရှိပြီ'ဟူသော အသုံးအနှုန်းသည် ဝါဂျိဗ်ဖြစ်သည်ဟူသော အသုံးအနှုန်းနှင့် မဆန့်ကျင်ပါ။

vvvvvvv

အာယသ် (၂:၁၅၉–၁၆၂)

إِنَّ الَّذِينَ يَكْتُمُونَ مَا أَنزَلْنَا مِنَ الْبَيِّنَاتِ وَالْهُدَىٰ
مِن بَعْدِ مَا بَيَّنَّاهُ لِلنَّاسِ فِي الْكِتَابِ ۙ أُولَٰئِكَ يَلْعَنُهُمُ اللَّهُ وَ
يَلْعَنُهُمُ اللَّاعِنُونَ ﴿١٥٩﴾ إِلَّا الَّذِينَ تَابُوا وَأَصْلَحُوا وَبَيَّنُوا
فَأُولَٰئِكَ أَتُوبُ عَلَيْهِمْ ۚ وَأَنَا التَّوَّابُ الرَّحِيمُ ﴿١٦٠﴾ إِنَّ الَّذِينَ
كَفَرُوا وَمَاتُوا وَهُمْ كُفَّارٌ أُولَٰئِكَ عَلَيْهِمْ لَعْنَةُ اللَّهِ وَالْمَلَائِكَةِ
وَالنَّاسِ أَجْمَعِينَ ﴿١٦١﴾ خَالِدِينَ فِيهَا ۖ لَا يُخَفَّفُ عَنْهُمُ الْعَذَابُ
وَلَا هُمْ يُنظَرُونَ ﴿١٦٢﴾

“ငါအရှင်မြတ်သည်(အတိတ်ခေတ်တွင်)ထင်ရှားသောသက်သေ လက္ခဏာတော်များနှင့်တရားဓမ္မကို ထုတ်ပြန်ချမှတ်တော်မူခဲ့၏။ ထို့နောက်တစ်ဖန် လူအများ သိနားလည်စိမ့်သောငှာ ထိုသက်သေလက္ခဏာနှင့် တရားဓမ္မများကို ငါအရှင်မြတ်သည်ပင့်လင်းစွာဖွင့်ဟမြွက်ကြားတော်မူပြန်သည်။ သို့ပင့်လင်းစွာ ဖွင့်ဟမြွက်ကြားထား သော တရားဒေသနာတော်များကိုပင် အချို့လူများသည် ထိမ်ချန်ထားကြ၏။ သို့ဖြစ်ရာ အလ္လာဟ်အရှင်မြတ်သည် ထိုသူများအား ကရုဏာတော်မှကင်းဝေးစေတော်မူသည်။ အခြား ကျိန်ဆဲသူများကလည်း ထိုသူတို့ကို ကျိန်ဆဲကြလေသည်။” (၂း၁၅၉)

“သို့ရာတွင်အကြင်သူတို့သည်(မိမိတို့၏ချွတ်ယွင်းမှုများကို) ဝန်ချ တောင်းပန်ကြအံ့။ ၎င်းပြင် မိမိတို့၏ အကျင့် စာရိတ္တများကို ပြုပြင်ပြောင်းလွဲပြီး ကုသိုလ်တရားပွားများကြကုန်အံ့။ ၎င်းပြင် (ကျမ်းလာအမိန့်ပညတ်ချက်များကို မှန်ကန်စွာ) ထုတ်ဖော်ထင်ရှား စေကြကုန်အံ့။ သို့ဖြစ်လျှင် ငါအရှင်မြတ်သည် ထိုသူတို့ဘက်သို့ (မိမိကရုဏာတော် ဖြင့်) ပြန်လှည့်တော်မူအံ့။ စင်စစ်တစ်မူကား ငါအရှင်မြတ်သည် (ဝန်ချတောင်းပန် သူများဘက်သို့) အကြိမ်ကြိမ်အဖန်ဖန်ပြန်လှည်တော်မူထသောအရှင်၊ မပြတ်မစဲ သနားကြင်နာ ညှာတာတော်မူထသောအရှင် ဖြစ်တော်မူ၏။” (၂း၁၆၀)

**"ဧကန်အမှန် အကြင်သူတို့သည် တရားဒေသနာတော်များကို မယုံမကြည်သွေဖည် ငြင်းဆန်၍ ကာဖိရ်အဖြစ်နှင့်ပင် သေဆုံးကြ၏။ ယင်းသူတို့အပေါ်၌ အလ္လာဟ် အရှင်မြတ်၏ ကျိန်ဆဲခြင်းအပါးတော်စေတမန်များ (၏ ကျိန်ဆဲခြင်း)၊ လူများ(၏ ကျိန်ဆဲခြင်း) အားလုံးတို့(၏ကျိန်ဆဲခြင်းသည် ကျရောက်အံ့။)" (၂း၁၆၁)**

**"(ယင်းသူတို့သည်) ထို(ကျိန်ဆဲခြင်း)၌ အမြဲတစေ နေကြရမည့်သူများဖြစ်ကြ၏။ ၎င်းတို့ထံမှ အပြစ်ဒဏ်သည် ပေါ့ပါးသွားမည်လည်းမဟုတ်။ ၎င်းပြင် ယင်းသူတို့သည် အပြစ်ဒဏ်စီရင်ခြင်းကိုဆိုင်းငံ့ခွင့်လည်း ရရှိကြမည် မဟုတ်ချေ" (၂း၁၆၂)**

ပြီးခဲ့သော အာယသ်တော်များတွင် အခြေအတင်ဖြစ်ခဲ့သော ကိဗ်လဟ်သတ်မှတ်ခြင်း၏ တစ်စိတ်တစ်ဒေသ အဖြစ် ဤအာယသ်တော်မှ ညွှန်ပြသည်မှာ ရှေးကျမ်းရသူများသည် တမန်တော်မြတ်(ﷺ)သခင် တမန်တော်ဖြစ်ခြင်း အကြောင်း အမှန်တရားကို မည်ကဲ့သို့ဖုံးကွယ်ခဲ့ကြသည်ကိုလည်းကောင်း၊ ကအ်ဗဟ်သည် တမန်တော်မြတ်(ﷺ)သခင်အတွက်ကိဗ်လဟ်အဖြစ်သတ်မှတ်ခဲ့ခြင်းကို မည်ကဲ့ သို့ဖုံးကွယ်ကြသည်ကိုလည်းကောင်း ဖော်ထုတ်ပြသခဲ့သည်။ အာယသ်တော် (၁၄၆)တွင် မိန့်ကြားထားသည်မှာ

اَلَّذِيْنَ اٰتَيْنٰهُمُ الْكِتٰبَ يَعْرِفُوْنَهٗ كَمَا يَعْرِفُوْنَ اَبْنَآءَهُمْ ۭ وَاِنَّ فَرِيْقًا مِّنْهُمْ
لَيَكْتُمُوْنَ الْحَقَّ وَهُمْ يَعْلَمُوْنَ

**'အမှန်စင်စစ် (သောင်ရဿနှင့် အိန်ဂျီလ်)ကျမ်းများကို ငါအရှင်မြတ် ပေးသနား တော်မူသော (ယဟူဒီနှင့် ခရစ်ယာန်တို့၏ ပညာရှိသုခမိန်)တို့သည် မိမိတို့၏ သားမြေးတို့ကို သိဘိသကဲ့သို့ပင် ထို[နဗီတမန်တော်မြတ်(ﷺ)]ကို လည်း သိကြလေသည်။ သို့ရာတွင် ဧကန် မုချ ယင်းသူတို့အနက်မှ လူတစ်စုသည် အမှန်ကို(အမှန်ဟူ၍)သိရှိပါလျက်နှင့်ပင်ထိမ်ချန်ထားရှိကြလေသည်။ (၂း၁၄၆)**

ထိုကိစ္စနှင့်ပတ်သက်၍ အဆုံးသတ်သည့်အနေဖြင့် အာယသ်တော်သည် အမှန်တရားကို ထိမ်ချန်ဖုံးကွယ်ရုံမျှမက ခေါင်းမာနေသူများနှင့် မိမိတို့လုပ်ဆောင်ချက်ကို စွဲမြဲစွာလုပ်ကိုင်နေသူများအား သတိပေးထားပါသည်။

ထိုကဲ့သို့ အသိဉာဏ်ကင်းမဲ့စွာ စွဲစွဲမြဲမြဲလုပ်ဆောင်သူများ၏ အဆုံးစွန်သော ကံကြမ္မာသည် ထင်ရှားပေသည်။ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ မဟာကရုဏာတော်နှင့် ခွင့်လွှတ်ခြင်းဟူသော ကတိတော်မှာ အတိတ်ကလုပ်ရပ်များကို ပြန်လည်အောက်မေ့၍ အမှားဝန်ချသောင်ဗဟ်ပြုသူများ၊ ယခင်လုပ်ရပ်များကို ပြန်လည်သုံးသပ်၍ အရှင်မြတ်၏ မှန်ကန်သောတရားတော်အပေါ်တွင် အဆိုးမြင်ခဲ့သော သဘောထားကို ပြုပြင်၍ အမှားပြင်ခဲ့သူများ၊ မိမိတို့၏ မှန်ကန်သောရပ်တည်ချက်ကိုပြသရန်အတွက် လူသိရှင်ကြားနှင့်ထင်ရှားစွာကြေညာကြသူများ စသူတို့အပေါ်ဝယ် မပြတ်မစဲသက်ရောက်လျက်ရှိသည်။ ထိုကဲ့သို့ ပြုပြင်ပြောင်းလဲသည့် သဘောတရားရှိလူများ၏ သဘာဝအကျိုးဆက်မှာ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်နှင့်

အရှင်မြတ်၏ တမန်တော်မြတ်တို့ကို ယုံကြည်ကာ အစွလာမ်သာသနာ့ဘောင်သို့ ဝင်ရောက်လာလိမ့်မည်ဖြစ်သည်။ ယင်းသည်ပင်လျှင် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ နှလုံးသားရိုးသားစွာပြောင်းလဲမှု၏ မှတ်ကျောက်ဖြစ်ပေသည်။

## အစွလာမ်အသိပညာဖြန့်ချိရေးတာဝန်

အာယသ်တော် (၁၅၉)က အထက်တွင် မိန့်ကြားခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်ချပေးသနားတော်မူသော လမ်းညွှန်မှုနှင့် တရားဓမ္မများကို ဖုံးကွယ်ထားခြင်းသည် အလွန်ကြီးလေးသည့် ပြစ်မှုတစ်ရပ်ဖြစ်ပြီး အလ္လာဟ် အရှင်မြတ်ကိုယ်တိုင်သာမက အရှင်မြတ်ဖန်ဆင်းတော်မူသော အဖန်ဆင်းခံအားလုံးကပင် ကျိန်ဆဲခြင်းခံရပေမည်။ ဤအာယသ်တော်မှ ပေါ်ထွက်လာသော အဓိန့်ပညတ်ချက်အချို့ကို ညွှန်ပြပါရစေ။

၁။ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြန့်ချိရန်နှင့် ဖော်ထုတ်ပြသရမည့်အသိပညာကိုဖုံးကွယ်ထားခြင်းအား တားမြစ်ပိတ်ပင်ထားသည်။ တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားတော်မူခဲ့သည်မှာ -

**من سئل عن علم يعلمه فكتمه ألجمه الله يوم القيامة**

**بلجام من النار**

'တစုံတစ်ဦးသည် ဘာသာရေးနှင့်ပတ်သက်သောကိစ္စရပ်ကို မေးမြန်းခံခဲ့ရလျှင် ယင်းသူသည် သိလျက်နှင့်ပင် ဖုံးကွယ်ထားခဲ့လျှင် တရားစီရင်မည့်နေ့၌ အလ္လာဟ်အရှင်မြတ်သည် ထိုသူအား ဖော်ထုတ်ကာ မီးဇက်ကြိုးချည်နှောင်ခြင်းခံရမည်။ **(အိဗ်နေ့မာဂျာ်နှင့် ကုရ်တုဗီကျမ်းတို့တွင် ဆင့်ပြန်ထားသော အပူဟုရိုင်ရာ်နှင့် အမ်ရ်အိဗ်နိ အလ်အတ်စ်တို့၏ ဆင့်ပြန်ချက်များ)**

ဖုကဟာ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များအဆိုအရ ဤသတိပေးချက်သည် အခြေအနေတစ်ရပ်တွင် အသိပညာကို သိရှိသောသူတစ်ဦးတည်းနှင့်သာလျှင်သက်ဆိုင်သည်။ အကယ်၍ အခြားတတ်သိနားလည်သော သူများရှိခဲ့ပါလျှင် ထိုသူ့အနေဖြင့် တတ်သိနားလည်သော အာလင်မ်ပညာရှင်နှင့် ဆွေးနွေးပါဟု အကြံပြုနိုင်သည်။ **(ကုရ်တုဗီနှင့် ဂျဆ္စ်ဆွားဆ်စ်)**

၂။ ဤအာယသ်တော်မှ နောက်ထပ်အလွန်အရေးကြီးသည့် ဥပဒေတစ်ရပ်ထွက်ပေါ်လာသည်မှာ အကယ်၍ တစုံတဦးသည် ဘာသာရေးအဓိန့်ပညတ်ချက်များနှင့် ဥပဒေကျွမ်းကျင်နိုင်နင်းသော အသိပညာမရှိပါက ယင်းတို့ကို ရှင်းလင်းရန် မကြိုးစားသင့်ချေ။

၃။ တတိယဥပဒေတစ်ရပ်ကို ကျွန်ုပ်တို့တွေ့ရှိရသည်မှာ သာမန်လူများသိရှိနားလည်နိုင်သည့်အဆင့်ထက်ကျော်လွန်၍ ရှုတ်ထွေးနက်ရှိုင်းသော ဘာသာရေးဆိုင်ရာမေးခွန်းများ၏ အဖြေများကို (မေးလာသူများအား) မဖြေကြားသင့်ပေ။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့ နားလည်မှုလွဲမှားသွားစေနိုင်သောကြောင့်ဖြစ်သည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် အသိပညာကို ဖုံးကွယ်သည်ဟု မယူဆနိုင်ပါ။ ဖုံးကွယ်ထားခြင်းဆိုသည်မှာ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ချိရန်နှင့် ဖော်ပြရန်လိုအပ်သည့် ကုရ်အာန်ကျမ်းတော်နှင့် စွန္နသ်တော်ပါ ရှင်းလင်းပြတ်သားသည့် လမ်းညွှန်မှုကို ဖုံးကွယ်ခြင်းဖြစ်မှသာလျှင် ဖုံးကွယ်ခြင်းမည်ပေသည်။

ဤအာယသ်တော်ပါ **مِنَ الْبَيِّنٰتِ وَالْهُدٰى** 'ထင်ရှားစွာသော အမိန့် တော်များနှင့် တရားဓမ္မများကို'ဟူသော စာပိုဒ်သည် ဤကိစ္စနှင့်ပတ်သက်၍ ခိုင်မာသောအကြံပြုချက်တစ်ရပ် ထုတ်ပြန်ထားသည်။ ဤကိစ္စနှင့်ပတ်သက်၍ ဆွဟာဗဟ်သာဝကကြီး အဗ်ဒုလ္လာဟ်အိဗ်နေ့မတ်စ်အူးဒ်(ﷺ)က မိန့်ကြားခဲ့သည်မှာ 'အကယ်၍ အသင်သည် ပြည့်ပြည့်ဝဝနားလည်နိုင်စွမ်းမရှိသောသူများအား 'ဟဒီးဆ်တစ်ပုဒ်ရွတ်ဆို ပြပါက ၎င်းတို့အား စိတ်ဝမ်းကွဲပြားအောင်လုပ်ခြင်းပင်ဖြစ်သည်။ (ကုရ်တုဗီ)

ဗုခါရီကျမ်းတွင် ဆင့်ပြန်ထားခဲ့သည့် အလီ(ﷺ)သခင်၏ မိန့်ကြားချက်မှာ 'လူသာမန်များ နားလည်သဘောပေါက်နိုင်လောက်သည့် အသိပညာရပ်များကိုသာလျှင် ဖွင့်လှစ်ပြသကြပါ။ သင်တို့သည် ထိုသူများအလွှာဟ်အရှင်မြတ်နှင့် ထိုအရှင့်တမန်တော်ကို ငြင်းပယ်သူများဖြစ်စေချင်ပါသလား? အဘယ့်ကြောင့်ဆိုသော် လူအများနားလည်သဘောပေါက်နိုင်သည်ထက် ကျော်လွန်သွားခဲ့လျှင် ထိုသူများ၏ စိတ်ဝယ် ဒွိဟသံသယများဖြစ်ပေါ်စေနိုင်ပြီး ၎င်းတို့သည် ထိုတရားဓမ္မကိုပင် လက်ခံရန်ငြင်းဆိုသူများအဖြစ် ရောက်သွားနိုင်ချေရှိသည်။

ထို့ကြောင့် အာလင်ပညာရှင်တစ်ပါးဖြစ်စေ သာသနာ့ရေးရာကျွမ်းကျင်သူတစ်ဦးဖြစ်စေ လမ်းညွှန်သူတစ်ဦး၏တာဝန်မှာ လူအများကို ၎င်းပြောကြားလိုသည့်တရားဓမ္မမည်သည့်အတိုင်းအတာအထိ လက်ခံနိုင်မည်ဆိုသည်ကို ကြိုတင်တွက်ဆပြီးမှ ဟောကြားသင့်ကြောင်း ဥပဒေတစ်ရပ်ကို ကျွန်ုပ်တို့အား ပြသပါသည်။ နားလည်မှုမှားယွင်း စေနိုင်သော (သို့) အမှားတစ်ခုဖြစ်စေနိုင်သောလူတစ်ဦးရှေ့တွင် ထိုကဲ့သို့သော မေးခွန်းများကို မမေးသင့်ချေ။ ထိုအကြောင်းကြောင့် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များသည် ထိုကဲ့သို့သော မေးခွန်းများကို စာရေးသား၍ ဆွေးနွေး စဉ် အောက်ပါသတိပေးချက်စာတမ်းဖြင့် အမြဲတမ်းအဆုံးသတ်လေ့ရှိပါသည်။ **هذامما يعرف ولا يعرف** ဆိုလိုသည်မှာ ဆွေးနွေးသည့် အကြောင်းအရာသည် အလွန်နှုးညံ့သိမ်မွေ့သောကြောင့် ပညာရှင်တစ်ဦးသည် ထိုအကြောင်းအရာ၏ အကျယ်ဖွင့်ဆိုချက်ကို ကန့်သတ်ထားသင့်ပြီး လူအများရှေ့တွင် ပြောဆိုခြင်းမှ ရှောင်ကြဉ်သင့်ပေသည်။ တမန်တော်မြတ်(ﷺ)သခင်၏ မိန့်ကြားချက်ကို ဆင့်ပြန်ထားခဲ့သည်မှာ -

**لا تمنعوا الحكمة اهلها فتظلموهم ولا تضعوها**

**فى غير اهلها فتظلموها**

'ထိုက်တန်သူများကို အသိဉာဏ်ပေးရန်အတွက် မတားပါနှင့်။ အကယ်၍ ထိုသို့ပြုလုပ်လျှင် သင်သည် ထိုသူတို့အား မတရားပြုရာရောက်ပေသည်။ ထို့ပြင် မထိုက်တန်သူရှေ့တွင် ထိုအသိပညာကို ထုတ်ဖော်ပြသခဲ့ပါလျှင် အသင်သည် ထိုအသိပညာအား မတရားပြုရာရောက်သည်'ဟူ၍ဖြစ်သည်။

ဤအသေးစိတ်ရှုမြင်မှုများအကြောင်း အိမာမ်ကုရ်တုဗီသည် ဥပဒေတစ်ရပ်ထုတ်နှုတ်ခဲ့ပါသည်။ မှားယွင်းသော အယူအဆများကို လူအများအား ဟောကြားတတ်သော လူများဖြစ်ကြသည့် မုစ်လင်မ်ဆန့်ကျင်ရေးသဘောထားရှိသော မယ့်ကြည်သွေဖည်သူ (သို့) မုဗ်တဒီးဂိုဏ်းခွဲတတ်သော မိစ္ဆာဒိဋ္ဌိတစ်ဦးတို့ကို အစွမ်းလာမ့်စည်းမျဉ်းစည်းကမ်း များကို ရှင်းလင်းပြသမှုမပြုသင့်ချေ။ ထိုကဲ့သို့သောသူသည် ရှင်းလင်းပြသမှုကြောင့် ၎င်း၏အတွေးအခေါ်များ ပြောင်းလဲလာနိုင်မည်ကို လုံးဝဥဿုံသေချာမှသာလျှင် သင်ကြားပြသပေးသင့်သည်။

အလားတူပင် ယင်းဥပဒေသများကို အလွဲသုံးခြင်းဖြင့် နိုင်ငံသားများကို ကြောက်ရွံ့ထိတ်လန့်ဘွယ် စိုးမိုးအုပ်ချုပ်စေနိုင်သော အချိန်တစ်ချိန်တွင်ရှိ အာဏာပိုင်များကိုလည်း ယင်းဥပဒေများ ရှင်းလင်းတင်ပြခြင်းမပြုရပေ။ အလားတူပင် ဘာသာရေးဆိုင်ရာ အမိန့်ပညတ်ချက်များတွင်ပါဝင်သော ခွင့်ပြုချက်နှင့် ဉာဏ်ဆင်မှုများ [ဟီလာဟ်၊ ဟီယာလ်(အများကိန်း)]တို့ကို လူအများ့ရှေ့တွင် မလိုလားအပ်ဘဲ ထုတ်ဖော်မပြသင့်ပေ။

အဘယ့်ကြောင့်ဆိုသော် ကြားသိသူများသည် ယင်းတို့ကို အသုံးချ၍ ယုံကြည်ချက်၏ အမိန့်ပညတ်ချက်များကို ခုတုံးလုပ်ဆင်ခြေပေးကြလိမ့်မည်ဖြစ်သည်။ (ကုရ်တုဗီ)

## တွေးတောကြံဆမှုတွင် ဟဒီးဆ်တော်သည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် တူညီသည်။

ဗုခါရီကျမ်းတွင် ဆင့်ပြန်ထားသော ဆွဟာဗဟ်သာဝကကြီး အဗူဟုရိုင်ရဟ်(ﷺ)၏ မိန့်ကြားချက်မှာ 'အကယ်၍သာ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤအာယသ်တော်မပါရှိခဲ့လျှင် ကျွန်ုပ်သည် သင်တို့ရှေ့တွင် ဟဒီးဆ်တော်တစ်ပုဒ်ကိုမျှပင် တင်ပြလိမ့်မည်မဟုတ်'ဟူ၍ဖြစ်သည်။ ဆွဟာဗဟ်ကြီး ရည်ညွှန်းသော အာယသ်တော်သည် ကျွန်ုပ်တို့ ယခုဆွေးနွေးနေသော အာယသ်တော် ၁၅၉ ပင်ဖြစ်သည်။ ထိုအာယသ်တော်ထဲတွင် အသိပညာထိမ်ချန်ဖုံးကွယ်ထားမှုကြောင့် ကျိန်စာသင့်မည့်အကြောင်း သတိပေးန္ဒိးဆော်ထားသည်။ အခြားသော ဆွဟာဗဟ် အချို့ကလည်း ဟဒီးဆ်တော်ဆင့်ပြန်စဉ်တိုင်းတွင် အလားတူစကားလုံးများပင် သုံးစွဲခဲ့ကြောင်း ဆင့်ပြန်ထားခဲ့ပါသည်။

ဤဆင့်ပြန်ချက်များအရ ကျွန်ုပ်တို့သိရသည်မှာ ဆွဟာဗဟ်များ၏ရှုဒေါင့်အရ တမန်တော်မြတ်(ﷺ)သခင်၏ ဟဒီးဆ်တော်သည် ကုရ်အာန်ကျမ်းတော်မြတ်ကိုမှီ၍ အခွင့်အရေးပေးခြင်းခံရပါသည်။ သတိမူရမည်မှာ ဤအာယသ်တော်တွင် သတိပေးထားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ အကြောင်းအရာများကို ထိမ်ချန်ဖုံးကွယ်ထားသူများဟူ၍ မိန့်ကြားထားသည်။ ဟဒီးဆ်တော်ကို ထိန်ချန်ဖုံးကွယ်ထားသူများဟု မိန့်ကြားမထားပါ။ သို့သော်လည်း ဆွဟာဗဟ်သာဝကကြီးများက ပြဋ္ဌာန်းထားသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ ဤရည်ညွှန်းချက်တော်တွင် တမန်တော်မြတ်(ﷺ)သခင်၏ ဟဒီးဆ်တော်ရှိနေသဖြင့် ဟဒီးဆ်တော်ကို ထိမ်ချန်ဖုံးကွယ်ထားသူလည်း ဤသတိပေးချက်တွင် အကျုံးဝင်သည်။

## အချို့သောပြစ်မှု ဂုနာဟ်များ၏ ဆိုးကျိုးများ

ကုရ်အာန်ကျမ်းတော်မြတ်တွင်ပါသော စာသားအတိအကျမှာ **وَيَلْعَنُهُمُ اللّٰعِنُوْنَ** 'ငင်းပြင် ကျိန်ဆဲသူများကလည်း ထိုသူတို့ကို ကျိန်ဆဲကြလေသည်။'ဖြစ်၍ ယင်းကိစ္စပြုလုပ်သူများသည် မည်သူများဖြစ်သည်ကို ဖော်ပြမထားပါ။

ဋီကာရှင် အစ်ကရဟ်မဟ်နှင့် မုဂျာဟိဒ်တို့က မိန့်ကြားသည်မှာ အတိအကျဖော်ပြမထားခြင်းသည် ထိုသူများ၏ မကောင်းမှုလုပ်ရပ်များက သက်ရှိအားလုံးကို ထိခိုက်စေသောကြောင့် အားလုံးသော အရာများနှင့် အားလုံး သော သက်ရှိသတ္တဝါများ၊ တိရစ္ဆာန်အားလုံးနှင့် ပိုးမွှားအားလုံးက ၎င်းတို့အား ကျိန်ဆဲကြခြင်းဖြစ်သည်ဟုဆိုသည်။

ဆွဟာဗဟ်သာဝကကြီး ဗရာအ်အိဗ်နိအာဇီးဗ်(ﷺ)က ဆင့်ပြန်ခဲ့သော ဟဒီးဆ်တစ်ပုဒ်က ဤအချက်ကို ထောက်ခံခဲ့ ပါသည်။ တမန်တော်မြတ်(ﷺ)သခင်က မိန့်ကြားတော်မူခဲ့သည်မှာ 'အလ္လာအိန္နုန်'(ကျိန်ဆဲသူများ) ဟူသော စကားလုံးသည် ကမ္ဘာပေါ်တွင်ရှိ ရွေ့လျားနေသော သက်ရှိသတ္တဝါအားလုံးကို ရည်ညွှန်းသည်ဟူ၍ ဆင့်ပြန်ခဲ့သည်။ (အိဗ်နိမာဂျဟ် ကျမ်းကိုးရည်ညွှန်း၍ ကုရ်တုဗီကျမ်း)

## တစ်စုံတစ်ယောက်ကို ကျိန်ဆဲခြင်းခွင့်မပြုချေ

ကျမ်းတော်မြတ်ပါစာသား وَمَاتُوا۟وَهُمْ كُفَّارٌ 'အကြင်သူတို့သည် တရားဒေသနာတော်များကို မယုံကြည်သွေဖည် ငြင်းဆန်ကာ ကာဖစ်ရ်အဖြစ်နှင့်ပင် သေဆုံးကြ၏' ဟူသော စာပိုဒ်အရ ဦးကာရှင် အလ်ဂျဆ်ဆွားဆ်၊ အလ်ကုရ်တုဗီနှင့် အချို့သော ပညာရှင်များ၏ အယူအဆ ရှုဒေါင့်အရ မည်ကဲ့သို့သော အခြေအနေတွင် သေဆုံးမည်ကို မသိရသော မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦးကို ကျိန်ဆဲခြင်း ခွင့်မပြုချေ ဟူ၍ဖြစ်သည်။ မည်ကဲ့သို့သော အခြေအနေတွင် သေဆုံးမည်ကို သေချာစွာမသိရသော ကြောင့် ကျွန်ုပ်တို့သည် မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦးကို အမည်တပ်၍ ကျိန်ဆဲခြင်းမပြုရပါ။ တမန်တော် မြတ်(ﷺ)သခင်သည် မယုံကြည်သွေဖည်ငြင်းဆန်သူများကို အမည်တပ်၍ကျိန်ဆဲခြင်းမှာ ၎င်းတို့သည် မယုံကြည်သွေဖည်ငြင်းဆန်သူအဖြစ် သေဆုံးရမည်ဟု ဝဟီရရှိထား၍ဖြစ်သည်။ မင်းဆိုး မင်းညစ်များနှင့် မတရားသူများအပါအဝင် မယုံကြည် သွေဖည်ငြင်းပယ်သူများကို အမည်နာမမတတ်ဘဲ ကျိန်ဆဲလျှင် မှန်ကန်ပါသည်။

ဤအဆိုအမိန့်မှ ကျွန်ုပ်တို့သိရသည်မှာ ကျိန်ဆဲခြင်းသည် အလွန်ဆိုးဝါးလှသောကြောင့် မည်ကဲ့သို့သော အခြေအနေတွင် သေဆုံးမည်ကို မသိရသော မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦးကိုပင်လျှင် ကျိန်ဆဲခွင့်မပြုချေ။ ဤသို့ဆိုလျှင် မုစ်လင်မ်တစ်ဦးကို ကျိန်ဆဲခြင်းမှာ မည်သို့ခွင့်ပြုပေမည်နည်း။ တိရစ္ဆာန်ကိုသော်မှ ကျိန်ဆဲခြင်းခွင့်မပြုပါ။

စံပြမုစ်လင်မ်စရိုက်ဖြစ်သော ဤအပြုအမူကို ကျွန်ုပ်တို့ မုစ်လင်မ်လူမှုအသိုက်အဝန်းတွင် လျစ်လျူရှုမှေ့လျော့နေဟန်တူပါသည်။ အထူးသဖြင့် ကျွန်ုပ်တို့၏ မုစ်လင်မ်အစ်မကြီးများသည် ၎င်းတို့၏ အသိမိတ်ဆွေများနှင့် အဆင်မပြေသည့်အခါ အလွန်ကြမ်းတမ်းသော စကားများကို သုံးနှုန်းတတ်ပါသည်။ ရှင်းလင်းစွာနားလည်သင့်သည်မှာ ကျိန်ဆဲသည့်စကားလုံးများသုံးနှုန်းမှသာအပြစ်ဖြစ်သည်မဟုတ် အလားတူအသုံးအနှုန်းများ သုံးနှုံးလျှင်လည်း ဤဥပဒေနှင့်အကျုံးဝင်ပါသည်။ 'လအ်နတ်' 'ကျိန်ဆဲခြင်း'ဟူသော စကားလုံး၏ ဆိုလိုရင်းမှာ 'ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ သနားကြင်နာမှုမှ ကင်းဝေးစေရန်ဖြစ်သည်။' ထို့ကြောင့် အားလုံးသော ဆဲရေးတိုင်းထွာခြင်းနှင့် ကျိန်ဆဲခြင်းများသည် မည်သည့်အခြေအနေတွင်ရှိသည်ဖြစ်စေ၊ အခြေအနေအရလည်းကောင်း၊ စကားရပ်အနေဖြင့်လည်းကောင်း အားလုံးတို့သည် 'လအ်နတ်' (သို့) ကျိန်ဆဲခြင်းတွင် အကျုံးဝင်သည်။

vvvvvvv

အာယသ် (၂း ၁၆၃–၁၆၄)


وَإِلَٰهُكُمْ إِلَٰهٌ وَاحِدٌ ۖ لَّا إِلَٰهَ إِلَّا هُوَ الرَّحْمَٰنُ
الرَّحِيمُ ﴿١٦٣﴾ إِنَّ فِي خَلْقِ السَّمَاوَاتِ وَالْأَرْضِ وَاخْتِلَافِ اللَّيْلِ
وَالنَّهَارِ وَالْفُلْكِ الَّتِي تَجْرِي فِي الْبَحْرِ بِمَا يَنفَعُ النَّاسَ وَمَا أَنزَلَ
اللَّهُ مِنَ السَّمَاءِ مِن مَّاءٍ فَأَحْيَا بِهِ الْأَرْضَ بَعْدَ مَوْتِهَا
وَبَثَّ فِيهَا مِن كُلِّ دَابَّةٍ وَتَصْرِيفِ الرِّيَاحِ وَالسَّحَابِ
الْمُسَخَّرِ بَيْنَ السَّمَاءِ وَالْأَرْضِ لَآيَاتٍ لِّقَوْمٍ يَعْقِلُونَ ﴿١٦٤﴾

**“စင်စစ်အားဖြင့် တစ်ဆူတည်းဖြစ်တော်မူသော ခဝပ်ကိုးကွယ်ရာအရှင်သည် သာလျှင် အသင်တို့၏ ကိုးကွယ်ရာအရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်မှတစ်ပါး အခြား ကိုးကွယ်ရာ အရှင်ဟူ၍ အလျင်းမရှိချေ။ ထိုအရှင်မြတ်သည် အနန္တကရုဏာ တော်ရှင် အလွန် သနားကြင်နာတော်မူသောအရှင်ဖြစ်တော်မူ၏။”** (၂း၁၆၃)

**“မိုးကောင်းကင်များနှင့် ပထဝီမြေပြင်ကို ဖန်ဆင်းတော်မူခြင်း၌လည်းကောင်း၊ နေ့နှင့် ည၌ပြောင်းလဲသွားလာခြင်း၌လည်းကောင်း၊ လူသားတို့အား အကျိုးဖြစ်ထွန်း စေသောဝတ္ထုပစ္စည်းများကို တင်ဆောင်၍ ပင်လယ်သမုဒ္ဒရာများတွင် စုန်ဆန် သွားလာနေသောရေယာဉ်များ၌လည်းကောင်း၊ မြေသေမြေဟောင်း၊ မြေသနောင်းကို ပြန်လည်ရှင်စေပြီး(မြေဩဇာဖြစ်စေ၍ သစ်ပင်ဝါးပင်အမျိုးမျိုး ပေါက်ရောက်စေရန်အလို့ငှာ) မိုးကောင်းကင်မှ အလ္လာဟ်အရှင်မြတ် ရွာသွန်း စေတော်မူသော မိုးရေ၌ လည်းကောင်း၊ ထိုမြေပြင်၌ (အလ္လာဟ်အရှင်မြတ်က) ပေါက်ပွားပျံ့နှံ့စေတော်မူသောတိရစ္ဆာန်အမျိုးမျိုး၌လည်းကောင်း၊ လေများ တိုက်ခတ်စေတော်မူခြင်း၌လည်းကောင်းမိုးနှင့် မြေကြားဝယ် (အလ္လာဟ် အရှင်မြတ်အမိန့်တော်ကို)နာခံလျက်ရှိသော မိုးတိမ်များ၌လည်းကောင်း၊ နိသမ္မညာဏ် အရင်းခံ၍ စဉ်းစားဆင်ခြင် သိမြင်နားလည်ကြကုန်သော လူများ အဖို့ မုချကောန် (တစ်ဆူတည်းဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ တန်ခိုး ဉာဏ်တော်များကို ညွှန်ပြသော)သက်သေလက္ခဏာများ ရှိပေသတည်း”**
(၂း၁၆၄)

အရေဗျရှိ မုရှ်ရိစ်က်ကီးန် ယှဉ်တွဲကိုးကွယ်သူများသည် ဤအာယသ်တော် وَاِلٰهُكُمْ اِلٰهٌ وَّاحِدٌ ‘စင်စစ်အားဖြင့် တစ်ဆူတည်းဖြစ်သော ခဝတ်ကိုးကွယ်ရာအရှင်သည်သာလျှင် အသင်တို့ ကိုးကွယ်ရာအရှင်ဖြစ်တော်မူ၏’ကို ကြားသိရသောအခါ ၎င်းတို့၏ ကိုယ်ပိုင်ယုံကြည်ချက်နှင့် လုံးလုံးလျားလျားဆန့်ကျင်ဘက်ဖြစ်သော ကမ္ဘာတစ်ခုလုံးအတွက် ခဝတ်ကိုးကွယ်ရာသည် တစ်ဆူတည်းသာလျှင်ဖြစ်သည်ဆိုသည်မှာ မည်သို့နည်းဟူ၍ နားဝေ တိမ်တောင်ဖြစ်သွားခဲ့ကြသည်။ အကယ်၍ ဤအဆိုသည် လေးနက်သော အခိုင်အမာပြောဆိုချက်ဖြစ်ခဲ့ပါလျှင် အချို့သော သက်သေအထောက်အထားရှိရပေမည်။ ထိုအထောက်အထားမှာ လက်ရှိအာယသ်တော်နှစ်ပိုဒ်ထဲတွင် တိုတုတ်ပြတ်သားစွာရှိနေခဲ့သည်။

## အလ္လာဟ်တစ်ပါးတည်းတည်ရှိကြောင်း ‘သောင်ဟီးဒ်’ကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ခြင်း

ဤအာယသ်တော်(၁၆၃)တွင် မိန့်ကြားထားသော မုစ်လင်မ်တို့၏အရင်းအမြစ် ယုံကြည်ချက်ဖြစ်သည့် သောင်ဟီးဒ်ကို အဖန်တလဲလဲ နည်းမျိုးစုံဖော်ပြထားခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤနေရာ၌ အကျဉ်းချုံး၍ အောက်ပါအတိုင်းတင်ပြပါမည်။

၁။ အလ္လာဟ်အရှင်မြတ်သည် အလ္လာဟ်အရှင်မြတ်အဖြစ် တည်ရှိနေခြင်း၌ ထိုအရှင်တစ်ပါးတည်းသာလျှင်ရှိသည်။ ဆိုလိုသည်မှာ ဤစကြဝဠာ၌ အလ္လာဟ်အရှင်မြတ်ဖန်ဆင်းသည့်အရာများထဲတွင် အလ္လာဟ်အရှင်မြတ်နှင့်တူသည့် အမျိုးအစားတစ်ခုမျှမရှိချေ။ ထိုအရှင်မြတ်၌ ကိုယ်ပွားသော်လည်းကောင်း၊ ပုံတူသော်လည်းကောင်း မရှိချေ။ ထိုအရှင်နှင့်တူညီသည်လည်းမရှိ။ ယှဉ်ပြိုင်နိုင်သည်လည်းမရှိချေ။ အလ္လာဟ်အရှင်မြတ်နှင့် မျှဝေခံစားဘက်လည်းမရှိ။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် လက်ဦးမဆွတည်ရှိတော်မူသောအရှင်ဖြစ်၏။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် ‘ဝါဟီဒ်’တစ်ပါးတည်းတည်ရှိတော်မူသောအရှင်ဟု ခေါ်ဆိုထိုက်သည်။

၂။ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် ကိုးကွယ်ခံထိုက်သောအခွင့်ရှိသည်။ ၎င်းပြင် ထိုအရှင်မြတ်၏ပြည့်စုံကျယ်ပြန့်သောဂုဏ်တော်များနှင့် အရှင်မြတ်၏ မွေးမြူဖန်ဆင်းမှုများ၏ ကြီးကျယ်သော ဩဇာတိက္ကမရှိခြင်းတို့၏ သဘောသဘာဝကြောင့် လူသားတို့၏ ရိုသေကျိုးနွံနာခံခြင်း၊ အိဗာဒသ် ခဝတ်ကိုးကွယ်မှုအားလုံးသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းအတွက်သာလျှင်ဖြစ်သင့်သည်။

၃။ အလ္လာဟ်အရှင်မြတ်သည် စိတ်ကူး၍ရနိုင်သော ဖွဲ့စည်းတည်ဆောက်ထားခြင်းမှ ကင်းဝေးတော်မူသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် ဒြပ်စင်၊ အက်တမ် အပိုင်းအစ စသော အစိတ်အပိုင်း၊ အပိုင်းအစ စသည်တို့မှ ကင်းဝေးတော်မူသောအရှင်ဖြစ်တော်မူသည်။ အလ္လာဟ်အရှင်မြတ်အား မည်သည့်နည်းနှင့်မျှ သရုပ်ခွဲခြင်းကိုသော်လည်းကောင်း၊ ခွဲခြမ်းစိတ်ဖြာ၍သော်လည်းကောင်း၊ ပြန်လည်တည်ဆောက်ခြင်းကိုလည်းကောင်း ပြုလုပ်မရပါ။

၄။ မည်သည့်အရာမှတည်ရှိနိုင်စွမ်းမရှိနိုင်သောအချိန်တွင် အလ္လာဟ်အရှင်မြတ်သည် အဓေရှိပိုင်းတွင်လည်းကောင်း၊ အနောက်ပိုင်းတွင်လည်းကောင်း တည်ရှိနေပါလိမ့်မည်။ မည်သည့်အရာမျှမတည်ရှိနိုင်သည့်အခြေအနေတွင် အလ္လာဟ်အရှင် တည်ရှိနေပါလိမ့်မည်။ တစ်ပါးတည်းသောအရှင် ‘ဝါဟီဒ်’ဟု ထိုအရှင်အား မခေါ်လျှင် မည်သူအား ခေါ်တွင်ရမည်နည်း။ (ဂျဆွဲဆွားဆွဲ)

ယခုအာယသ်(၁၆၄)တွင် ရှေးဦးတင်ပြချက်ဖြစ်သည့် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင်ရှိကြောင်း သက်သေလက္ခဏာတော်များ သက်သေပြချက်များ တသီတတန်းရှိကြသည်။ ဤအရာများသည် ရိုးရိုးရှင်းရှင်း တင်ပြထားသောကြောင့် ပညာရှိများနှင့်အတူ ပညာမဲ့သူများလည်း တန်းတူရည်တူ နားလည်နိုင်ကြသည်။ မိုးကောင်းကင်နှင့် ပထဝီမြေကြီးအား ဖန်ဆင်းမှု၏ အံ့ဩဖွယ်ရာကို အဘယ်သူရှောင်လွှဲနိုင်ပါမည်နည်း။ အမြဲတစေ နေ့နှင့်ည တလှည့်စီပြောင်းလဲခြင်းကို မည်သူသည် လျစ်လျူရှုထားနိုင်ပါမည်နည်း။ အကြောင်းမှာ ရိုးရှင်းပါသည်။ ထိုအရာများ၏ စတင်ဖွဲ့စည်းပုံနှင့် ၎င်းတို့၏ ထာဝစဉ်တည်ရှိနေမှုသည် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်၏ လုပ်ဆောင်ချက်သာလျှင်ဖြစ်သည်။ ထိုအရှင်မှအပ မည်သူတစ်ဦးတစ်ယောက်မျှ ထိုကိစ္စကို လုံးဝလုပ်ဆောင်နိုင်စွမ်းမရှိပါ။

အလားတူပင် ရေမျက်နှာပြင်တွင် လှေ၊ သင်္ဘောများ သွားလာနိုင်မှုသည် အလ္လာဟ်အရှင်မြတ် တန်ခိုးတော်၏ ကြီးကျယ်ခန့်ငြားသော အညွှန်းပင်ဖြစ်သည်။ ထိုတန်ခိုးတော်ဖြင့်အရည်ဖြစ်သောရေတွင်လှေ၊သင်္ဘောသည် တန်ပေါင်းများစွာရှိသော ပစ္စည်းများကို ၎င်းပေါ်တွင်ထမ်းရွက်၍ အဝေးမှအနောက် ပို့ဆောင်စေနိုင်သည့် အရည်အချင်းရှိပေသည်။ လူအများ၏ အကျိုးငှာ အလ္လာဟ်အရှင်မြတ်သည် လေ၏သွားလာလှုပ်ရှားမှုကို ထိန်းချုပ်ထားနိုင်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်၏ ဟစ်ကမသ်ဉာဏ်တော်အရ လေ၏လှုပ်ရှားမှုကို အမြဲတမ်းပြောင်းလွဲပေးနေတော်မူသည်။ ဤသည်တို့မှာ ကြီးကျယ်သောလက္ခဏာရပ်များဖြစ်ကြသည်။ လက္ခဏာရပ်များက အလုံးစုံကိုသိတော်မူသော၊ အရာအားလုံးကိုကရုဏာပြုတော်မူသော၊ အလုံးစုံကိုသိတော်မူသော အနန္တဉာဏ်တော်ရှင်ဖြစ်တော်မူသော၊ အလ္လာဟ်အရှင်တစ်ပါးတည်းကသာလျှင် ယင်းတို့ကို ဖန်ဆင်းတော်မူ၍ စီမံခန့်ခွဲတော်မူကြောင်းကို ကျွန်ုပ်တို့အားပြောကြားနေပါသည်။ အကယ်၍ ရေဟူသည့်အရာကို လုပ်ငန်းလုပ်ဆောင်နိုင်ရန် အရည်အခြေအနေအဖြစ် တည်ရှိနေစေရန်အတွက် ၎င်း၏မော်လီကျူးများကို လွတ်လပ်စွာရွေ့လျားခွင့်မပေးလျှင် ရေကြောင်းဆိုင်ရာ လုပ်ဆောင်မှုများလုပ်ဆောင်နိုင်လိမ့်မည်မဟုတ်ချေ။ ပင်လယ်ရေမျက်နှာပြင်သည် အရည်အဖြစ်တည်ရှိနေလျှင်သော်မှ ကမ္ဘာပေါ်ရှိ ပင်လယ်များ၏ ရေမိုင်ထောင်ပေါင်းများစွာကို ဖြတ်ကျော်ရန်အတွက် လေ၏အကူအညီလည်းလိုအပ်သည်။ ကျမ်းမြတ်ကုရ်အာန်သည် ဤအကြောင်းအရာကို အကျဉ်းချုံး၍ မိန့်ကြားတော်မူသည်မှာ -

اِنْ يَّشَاْ يُسْكِنِ الرِّيْحَ فَيَظْلَلْنَ رَوَاكِدَ عَلٰى ظَهْرِهٖ

“အကယ်၍ ထိုအရှင်မြတ်သည် အလိုရှိတော်မူပါလျှင် လေကိုငြိမ်သက်စေတော်မူမည်သာ။ ထိုအခါ ယင်းသင်္ဘောမှာ သွားလာလှုပ်ရှားနိုင်ခြင်းမရှိတော့ဘဲ သမုဒ္ဒရာပင်လယ်ပြင်၏ မျက်နှာပြင်ဝယ် ရပ်တန့်လျက်ရှိနေကြပေမည်။” (၄၂း၃၃)

“ بِمَا يَنْفَعُ النَّاسَ ” လူသားတို့အား အကျိုးဖြစ်ထွန်းစေသော’ဟူသော အသုံးအနှုန်းက ပင်လယ်တွင်းတွင် ကုန်တင်သင်္ဘောများဖြင့်တင်ဆောင်၍ အချင်းချင်း ရောင်းဝယ်ဖောက်ကားကြသောကြောင့် လူသားများရရှိလာသော မရေမတွက်နိုင်သည့် အကျိုးအမြတ်များကို ညွှန်ပြပါသည်။ ဤအကျိုးအမြတ်များသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ တစ်ခေတ်နှင့်တစ်ခေတ်တွင် မတူကွဲပြား ခြားနားကြောင်း စွဲမှတ်ထားရန်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

ထို့နောက် မိုးကောင်းကင်မှ ရေများကျဆင်းလာသည့် အံ့မခန်းကိစ္စရပ်ပင်ဖြစ်သည်။ ၎င်းမိုးရေတို့သည် တစ်စက်ချင်းတစ်စက်ချင်းနှင့် သူ့အတိုင်းအတာနှင့်သူ ကျရောက်သောကြောင့် မည်သည့်အရာကိုမျှ မထိခိုက်မပျက်စီးစေပါ။ အကယ်၍ ထိုမိုးရေတို့သည် ဒလဟောကျဆင်းနေမည်ဆိုပါက လူ (သို့) တိရစ္ဆာန် (သို့) အရာဝတ္ထုများ သည် အသက်ရှင်လွတ်မြောက်ဖွယ်မရှိချေ။ ထို့ပြင် ရေများကျဆင်းသည်သာမဟုတ်သေးချေ။ ထိုမိုးရေသည် ကမ္ဘာမြေကြီးထဲတွင် သိုလှောင်ထားခြင်းက လူသား၏ စဉ်းစားဉာဏ်ကို ခေါင်းရှုတ်စေပါသည်။ အကယ်၍ လူတစ်ဦးအား တစ်ကိုယ်ရေသုံးစွဲရန် ရေခွဲတမ်းကို (၆)လစာမျှ သိုလှောင်သိမ်းဆည်းစေမည်ဆိုလျှင် ၎င်းမည်သို့ သိုလှောင်သိမ်းဆည်းပါမည်နည်း။ ထိုသိုလှောင်ရန်နည်းကို တစ်နည်းနည်းလုပ်နိုင်သည်ထားဦး ထိုရေကို ကျန်းမာရေးနှင့်ညီညွတ်၍ သယ်ယူရန်လွယ်ကူစေရေးအတွက် တချိန်လုံးမည်သို့လုပ်ဆောင်မည်နည်း။ အလ္လာဟ် အရှင်မြတ်၏ အနန္တကရုဏာတော်ဖြင့် ဤကိစ္စကိုလည်း အရှင်မြတ်က တာဝန်ယူထားတော်မူသည်။ ကုရ်အာန် ကျမ်းမြတ်တွင် မိန့်ကြားထားသည်မှာ -

فَاَسۡكَنّٰهُ فِى الۡاَرۡضِ وَاِنَّا عَلٰى ذَهَابٍۢ بِهٖ لَقٰدِرُوۡنَ ○

**“တစ်ဖန် ငါအရှင်မြတ်သည် ထို(မိုး)ရေကို ပထဝီမြေဝယ် ရပ်တည်စေတော်မူ ခဲ့၏။ စင်စစ်သော်ကား ငါအရှင်မြတ်သည် ထို ( မိုး )ရေကို ပပျောက်စေခြင်းငှာ တတ်စွမ်းနိုင်တော်မူသောအရှင်လည်းဖြစ်တော်မူပေသည်။” (၂၃း၁၈)**

သို့ရာတွင် သဘာဝကလည်း ဤကိစ္စကို မဖြစ်ပေါ်စေပါ။ ကမ္ဘာပေါ်တွင် မှီတင်းနေထိုင်ကြသော လူများနှင့် တိရစ္ဆာန်များအတွက် ရေကိုအင်းအိုင်များတွင်မြင်သာထင်သာသိုလှောင်ထားပြီးဖြစ်သည်။ ထိုရေသည်ပင်လျှင် ကမ္ဘာမြေသားအတွင်း တောင်ကြီးများ၊ တောင်ကြားများအောက်၌ မမြင်နိုင်စေရန် ဖုံးကွယ်ထားသော ရေပိုက်လိုင်းများအဖြစ်တည်ရှိနေပြီး ရေရရှိရန် ဒုက္ခခံ ရှာဖွေတူးဖော်သူတိုင်းကို ရရှိစေနိုင်ပါသည်။ ထပ်မံ၍ တင်ပြရလျှင် အပြောကျယ်သော ရေခဲပြင်ကြီးကို ပျက်စီးခြင်းမှကင်းစေရန် တောင်တန်းများ၏ထိပ်၌သိုလှောင်ထားပြီး တဖြည်းဖြည်းခြင်း အရည်ပျော်စေကာ သဘာဝရေလမ်းကြောင်းများကတစ်ဆင့် တစ်ကမ္ဘာလုံးကို ပြန့်နှံ့စေပါသည်။

အချုပ်အားဖြင့်ဆိုလျှင် ဤအာယသ်တော်များတွင် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံတော်မူသော တန်ခိုးဂုဏ်တော်အချို့ကို ရည်ညွှန်းကိုးကားချက်များဖြင့် တင်ပြခဲ့ခြင်းများသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းတည်ရှိတော်မူကြောင်းကို သက်သေခံခဲ့ပြီးပြီဟု ပြောဆိုနိုင်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ် အကျယ်ဖွင့်ဋ္ဌီကာ ပညာရှင်များသည် ဤအကြောင်းကို အသေးစိတ်ရေးသားခဲ့ကြပြီးဖြစ်ပါသည်။ စိတ်ပါဝင်စားသူများသည် အလ်ဂျဆ်ဆွားဆ်၊ အလ်ကုရ်တုဗီနှင့် အခြားကျမ်းများတွင် ကြည့်ရှုနိုင်ပါသည်။

vvvvvvv

**အာယသ် (၂း၁၆၅)**

وَمِنَ النَّاسِ مَنْ يَّتَّخِذُ مِنْ دُوْنِ اللّٰهِ اَنْدَادًا يُّحِبُّوْنَهُمْ كَحُبِّ
اللّٰهِ ؕ وَالَّذِيْنَ اٰمَنُوْٓا اَشَدُّ حُبًّا لِّلّٰهِ ؕ وَلَوْ يَرَى الَّذِيْنَ ظَلَمُوْٓا اِذْ
يَرَوْنَ الْعَذَابَ ۙ اَنَّ الْقُوَّةَ لِلّٰهِ جَمِيْعًا ۙ وَّاَنَّ اللّٰهَ شَدِيْدُ الْعَذَابِ ﴿۱۶۵﴾

**"သို့ရာတွင် လူသားတို့အနက်မှ အချို့တို့သည် အလ္လာဟ်အရှင်မြတ်နှင့် ပြိုင်ဆိုင်၍ (မိမိ တို့၏) ဦးစီးနာယကများကို ကိုးကွယ်ကြလေသည်။ ယင်းသူတို့သည် အလ္လာဟ်အရှင်မြတ် အား ချစ်ကြည်မြတ်နိုးဘိသကဲ့သို့ပင် မိမိတို့၏ ဦးစီးနာယကများကို ချစ်ကြည်မြတ်နိုး ကြကုန်၏။ သို့ရာတွင် ယုံကြည်ခြင်း သဒ္ဓါတရားရှိကြသူတို့မှာမူ အလ္လာဟ် အရှင်မြတ် ကိုသာလျှင် အလွန်ထက်သန်သော (ယုံကြည်ခြင်းဖြင့်) ချစ်ကြည် မြတ်နိုးကြလေသတည်း။ (တစ်ဆူတည်းသော အလ္လာဟ်အရှင်မြတ်ကိုသာ ကိုးကွယ်ရမည်ဟူသော ဒေသနာတော်ကို) ကျူးလွန်သူတို့သည် (နောင်တမလွန်ဘဝ၌) အပြစ်ဒဏ်များကို မျက်ဝါး ထင်ထင် တွေ့မြင်ကြသည့်အခါ အလုံးစုံသော တန်ခိုးအာဏာတို့သည် အလ္လာဟ်အရှင်မြတ်၌သာလျှင် တည်ရှိကြောင်း၊ အလ္လာဟ်အရှင်မြတ်သည် ပြင်းထန်သောပြစ်ဒဏ်များကို စီရင်တော်မူသော အရှင်ဖြစ်ကြောင်းကို သိရှိကြလိမ့်မည်။ အကယ်၍သာ ထိုကျူးလွန်သူတို့သည် (မိမိတို့ကိုယ်တိုင် ကြုံတွေ့ရမည့် နောင်ရေးများကို) ဤဘဝ၌ပင် ကြိုတင်၍သိမြင်ထားကြပါမူ ကောင်းလေစွတကား။" (၂း၁၆၅)**

တုဖက်ယှဉ်တွဲသူများနှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ကာ စစ်မှန်သောယုံကြည်သူများလည်းရှိကြပါသည်။ ထိုသူများသည် အလ္လာဟ်တစ်ပါးတည်းကိုသာ ချစ်မြတ်နိုးပြီး နှစ်နှစ်ကာကာလည်း ချစ်ကြပါသည်။ တုဖက်ယှဉ်တွဲကိုးကွယ်သူသည် သူပျက်စီးဆုံးရှုံးမည်ဟုထင်ရသောအခါ သူတည်ထွင်ပြုလုပ်ထားသောဘုရားများထံမှ ရှောင်ခွာပြေးပါသည်။ သို့ရာတွင် စစ်မှန်သောယုံကြည်သူတစ်ဦးသည် လုံးဝဥဿုံ ယုံကြည်မှုအပေါင်းကို အလ္လာဟ် အရှင်မြတ်အပေါ်တွင်ထားရှိသည့် အချစ်ကို သူ၏ထာဝရပိုင်ဆိုင်သည့်ပစ္စည်းအဖြစ် ထိန်းသိမ်းထားပါသည်။ မည်မျှပင် အခွင့်အလမ်းမသာစေကာမူ ဖန်ဆင်းရှင်အား မည်သည့်အခါမျှ စွန့်ခွာမသွားပါ။

တရားမျှတမှုမရှိသောသူများအကြောင်းကို ပြန်ပြောင်းပြောရလျှင် ကျမ်းမြတ်ကုရ်အာန်က သူတို့၏ အခြေအနေကိုပြင်ဆင်နိုင်ရန် အခွင့်အလမ်းရှိကြောင်း ညွှန်ပြထားပါသည်။ သူတို့၏ ဘုရားများသည် ကူညီကယ်မနိုင်စွမ်းမရှိကြောင်းကို သူတို့၏ မချင့်မရဲဖြစ်ခြင်းများမှတစ်ဆင့် သိသာနိုင်ပါသည်။ ၎င်းပြင် စစ်မှန်သော တန်ခိုးအာဏာသည် အလ္လာဟ်အရှင်တစ်ပါးတည်းထံတော်၌သာ ရှိပါသည်။ သို့ရာတွင် ၎င်းတို့သည် ကျမ်းတော်မြတ်ကုရ်အာန်ကပေးသော အခွင့်အလမ်းကို လက်လွတ်ဆုံးရှုံးခံခဲ့၍ ခက်ခဲသောခရီးကြမ်းကို သွားရပါတော့မည်။ ထို့ကြောင့် ပြင်းထန်သောသတိပေးချက်ကို မိန့်ကြားခဲ့ပါသည်။

အာယသ် (၂း ၁၆၆–၁၆၇)

إِذْ تَبَرَّأَ الَّذِينَ اتُّبِعُوا مِنَ الَّذِينَ اتَّبَعُوا وَرَأَوُا الْعَذَابَ وَ
تَقَطَّعَتْ بِهِمُ الْأَسْبَابُ ﴿١٦٦﴾ وَقَالَ الَّذِينَ اتَّبَعُوا لَوْ أَنَّ لَنَا كَرَّةً
فَنَتَبَرَّأَ مِنْهُمْ كَمَا تَبَرَّءُوا مِنَّا ۗ كَذَٰلِكَ يُرِيهِمُ اللَّهُ أَعْمَالَهُمْ
حَسَرَاتٍ عَلَيْهِمْ ۖ وَمَا هُمْ بِخَارِجِينَ مِنَ النَّارِ ﴿١٦٧﴾

**“အကြင်အချိန်အခါဝယ် (လူအပေါင်းတို့ကို လှည့်ဖြားသွေးဆောင်ကြကုန်သော) ခေါင်းဆောင်တို့သည် မိမိတို့၏ တပည့်နောက်လိုက်တို့အား စွန့်ပစ်ကြကုန်အံ့။ ထိုအခါ ယင်းခေါင်းဆောင်များနှင့် နောက်လိုက် တပည့်တို့သည် ပြစ်ဒဏ်များကို (မျက်ဝါးထင်ထင်) ရှုမြင်ကြအံ့။ (ၿပီး)ယင်းသူတို့၌ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုများသည်လည်း ပြတ်တောက်သွားလတ္တံ့။” (၂း၁၆၆)**

**“ၿပီး (မသမာသော ဦးစီးနာယကများ၏ လှည့်ပတ်ဖြားယောင်းရာနောက်သို့ လိုက်ပါမိခဲ့သော) နောက်လိုက်တပည့်များက အကယ်၍သာ ငါတို့သည် (လူ့လောကသို့) တစ်ကြိမ်မျှပင် ပြန်ကြရပါလျှင် အလွန်ကောင်းပေအံ့။ သို့ပြန်ရလျှင် ထိုရွေဆောင်ရွေရပ်တို့သည် ငါတို့ကို (ယခုစိမ်းကားစွာ) စွန့်ပစ်သွားကြသကဲ့သို့ ငါတို့သည်လည်း ယင်းသူတို့အား (စိမ်းကားစွာ)စွန့်ပစ်ကြမည်ဟုပြောဆိုကြမည်။ အလ္လာဟ်အရှင်မြတ်သည် ထိုရွေဆောင် ရွေရပ်များနှင့်တပည့်နောက်လိုက်အားလုံးတို့အား အပြစ်ငရဲကို မျက်ဝါး ထင်ထင်ပြတော်မူသကဲ့သို့ပင် ယင်းသူတို့၏ အပြုအမူများကိုဝမ်းနည်းကြေကွဲဖွယ်ရာများအဖြစ် ပြတော်မူမည်။ စင်စစ်အားဖြင့် ယင်းသူတို့သည် ငရဲမီးတွင်းမှ ထွက်ကြရမည့်သူများလည်းမဟုတ်ချေ။” (၂း၁၆၇)**

နောင်တမလွန်ဘဝ၌ ခံစားရမည့် အပြစ်ဒဏ်ငရဲသည် ပြင်းထန်လှကြောင်းကို လွန်ခဲ့သော အာယသ် (၁၆၅)မှာ ဖော်ပြခဲ့ပါသည်။ ဤအာယသ်တွင်မူ အပြစ်ငရဲသည် အဘယ်မျှပြင်းထန်ကြောင်း ဖော်ပြပါမည်။

တုဖက်ယှဉ်တွဲကိုးကွယ်သူများအတွက် ကြီးမားပြင်းထန်သော အပြစ်ဒဏ်ပေးမည်ဟူသော သတိပေးချက်သည် ၎င်းတို့၏ ခေါင်းဆောင်များက နောက်လိုက်တပည့်များကို စွန့်ခွာသွားကြသောအခါ အလိုလိုပေါ်လာပါလိမ့်မည်။ ခေါင်းဆောင်များနှင့် နောက်လိုက်တပည့်များသည် အပြစ်ဒဏ်ကို မျက်ဝါးထင်ထင်မြင်ကြရသောအခါ ခေါင်းဆောင်များနှင့် နောက်လိုက်အကြား မည်ကဲ့သို့သော နှောင်ဖွဲ့မှုများရှိစေကာမူ ခွဲခွာသွားကြမည်။ မျက်မှောက်လောကတွင် လူတို့သည် ဥပဒေနှင့်ဆန့်ကျင်သောအလုပ်တွင် အတူပါဝင်ကြပြီး ဖမ်းဆီးသောအခါ

ကိုယ်လွတ်ရုန်းထွက်သွားသည့်အဖြစ်နှင့် အလွန်တူပါသည်။ မည်မျှအထိ ကိုယ်လွတ်ရုန်းသနည်းဟူမူ မိမိ၏ ကြံရာပါများကိုပင် သိရှိကြောင်းငြင်းဆိုသည်အထိပင် ရောက်ရှိသွားပါလိမ့်မည်။

ခေါင်းဆောင်များ၏ နောက်လိုက်များဟုဆိုသော လူတို့သည် ဤအလှည့်အပြောင်းကို မြင်တွေ့ကြရသော အခါ ရတက်မအေးနှင့် ဒေါပွကြရသည်။ သူတို့သည် မတတ်နိုင်သော်လည်း ကမ္ဘာလောကသို့ ပြန်လာချင်သည့် ဆန္ဒတစ်ခုပြုပါလိမ့်မည်။ ဤလောကသို့ ပြန်လာရလျှင် အနည်းဆုံးတော့ လိမ်လည်လှည့်စားတတ်သော ခေါင်း ဆောင်များကို စာရင်းရှင်းနိုင်ပါလိမ့်မည်။ ယင်းခေါင်းဆောင်များသည် 'သူတို့အား သစ္စာတော်ခံများအဖြစ် ပြုခဲ့လျှင် ငြင်းပယ်လိုက်ပြီး ၎င်းတို့နှင့် ခပ်ခွာခွာနေထိုင်ကာ ယခင်သူတို့ပြုကျင့်သလို ပြန်လည်ပြုကျင့်နိုင်ပေမည်' ဤအတွေးများသည် ယခုအချိန်၌ ဘာများအသုံးဝင်ပါမည်နည်း။ သူတို့သည် ၎င်းတို့၏လုပ်ရပ်များ၌ စွဲမြဲခဲ့ကြပြီး ဖြစ်သည်။ ယင်းလုပ်ရပ်များကား (ယခု)နောင်တရစရာအဖြစ်မြင်တွေ့နေရပြီ။ ခေါင်းဆောင်ရော နောက်လိုက်ပါ ငရဲမီးက မလွတ်မြောက်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ရှိရိုက် အလွာဟ်အရှင်မြတ်နှင့် တုဖက်ယှဉ်တွဲ ကိုးကွယ်ခြင်း၏ ပြင်းထန်သောပြစ်ဒဏ်သည် ငရဲမီး၌ အမြဲတစေနေရန်သာဖြစ်သည်။

vvvvvvv

အာယသ် (၂း ၁၆၈–၁၆၉)

يَٰٓأَيُّهَا ٱلنَّاسُ كُلُوا۟ مِمَّا فِى ٱلْأَرْضِ حَلَٰلًا طَيِّبًا وَلَا تَتَّبِعُوا۟ خُطُوَٰتِ ٱلشَّيْطَٰنِ ۚ إِنَّهُۥ لَكُمْ عَدُوٌّ مُّبِينٌ ﴿١٦٨﴾ إِنَّمَا يَأْمُرُكُم بِٱلسُّوٓءِ وَٱلْفَحْشَآءِ وَأَن تَقُولُوا۟ عَلَى ٱللَّهِ مَا لَا تَعْلَمُونَ ﴿١٦٩﴾

**“အို - လူသားအပေါင်းတို့၊ အသင်တို့သည် ကမ္ဘာမြေပြင်ပေါ်ဝယ်ရှိလေသော အရာများအနက်မှ စားသုံးပိုင်ခွင့်ပြုထားသော သန့်စင်သော အရာများကို စားသုံးကြကုန်လော့။ သို့ရာတွင် အသင်တို့သည် ရှိုင်တွာန်၏ ခြေရာများကို (ဖဝါးခြေထပ်)မလိုက်ကြကုန်လင့်။ အမှန်စင်စစ် ယင်းရှိုင်တွာန်သည် အသင်တို့၏ ပွင့်လင်း ထင်ရှားလှစွာသော ရန်သူရန်ဘက်ပင်ဖြစ်ချေသည်။” (၂း၁၆၈)**

**“ထိုရှိုင်တွာန်သည် အသင်တို့ကို မကောင်းမှုဒုစရိုက်များကိုလည်းကောင်း၊ အလွန်ညစ်ညမ်းသောကိစ္စများကိုလည်းကောင်း၊ ထို့ပြင် အသင်တို့သည် မိမိတို့ မသိရှိကြသော အကြောင်းအရာများကို အလ္လာဟ်အရှင်မြတ်နှင့်ဆန့်ကျင်၍ (လုပ်ကြံ)ပြောဆိုကြရန်လည်းကောင်း အမိန့်ပေးတိုက်တွန်းနှိုးဆော်သည်သာဖြစ်သည်။” (၂း၁၆၉)**

**စကားလုံးများ၏အဓိပ္ပာယ်**

(စားသုံးပိုင်ခွင့်ပြုထားသော) **حل** သန့်စင်သောအရာများတွင်ပါရှိသော **حَلَٰلًا طَيِّبًا** ၏ စစ်မှန်သော အဓိပ္ပာယ်သည် အထုံးကိုဖြေခြင်းဟု သက်ရောက်ပါသည်။ ထိုအဓိပ္ပာယ်အရဆိုလျှင်ဟလလ်ဟု သတ်မှတ်လိုက်ပါက အထုံးသည်ပြေခဲ့ပြီး ကန့်သတ်ချက်ဖယ်ရှားပြီးဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ဆွဟာဗဟ်ကြီး ဆဟလ် အိဗ်နိ အဗ်ဒုလ္လာဟ်(**رضى الله عنه**)မိန့်ကြားခဲ့သည်မှာ ကယ်တင်ခြင်းခံရခြင်းသည် အရာသုံးခုပေါ်၌ မူတည်ပါသည်။

(၁) ဟလာလ်ဟု သတ်မှတ်ထားသော အရာများကိုသာစားသုံးခြင်း။

(၂) အလ္လာဟ်အရှင်၏ မပြုမနေရ(ဖရသ်ွ)တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်း။

(၃) တမန်တော်မြတ်(ﷺ)၏ စွန္ဒသ်တော်လမ်းစဉ်ကို လိုက်နာဆောင်ရွက်ခြင်းတို့ဖြစ်သည်။

**طَيِّب** တို့ငယ်စဗ်ဟူသော စကားလုံးသည် သန့်စင်သည်ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ယင်းတွင် အချက်နှစ်ချက်ဖြစ်သော တရားတော်က ခွင့်ပြုခြင်း (သို့) ဟလာလ်နှင့် သဘာဝအားဖြင့် ကြိုက်နှစ်သက်ဖွယ်ရာဖြစ်ခြင်းတို့ပါဝင်ပါသည်။

**خُطُوٰت** ခို့တုဝါသ်ဟူသောစကားလုံးသည်ခုသုဝါဟ် **خطوه** အများကိန်းဖြစ်ပြီး ခြေလှမ်းကျယ်ကျယ်လှမ်းသောအခါ တစ်လှမ်း၏အကွာအဝေးကိုခေါ်သည်။ ဤအာယသ်ပါ ရှိုင်တွာန်၏ခြေလှမ်းဆိုသည်မှာ ရှိုင်တွာန်၏ လုပ်ဆောင်ချက်များကိုခေါ်သည်။

**اَلسُّوۤءِ وَالْفَحْشَآءِ** တွင်ပါဝင်သော 'စူ'ဟူသောစကားလုံး၏အဓိပ္ပာယ်မှာတစ်စုံတစ်ဦးအား ဆင်ခြင်တုံတရားရှိ၍ ကောင်းမွန်သောအရာဖြင့် အနှောက်အယှက်ပေးခြင်းကိုဆိုပါသည်။ ဖှဟ်ရှာဟူသော စကားလုံးက လျှပ်ပေါ်လော်လီခြင်း၊ ကာအိန္ဒြေမဲ့ခြင်းကို ဆိုပါသည်။ အချို့သော ဋီကာပညာရှင်များက ဤအာယသ်တော်တွင်ပါဝင်သော 'စူ'ဟူသောစကားလုံးကို အပြစ်ဟုဖွင့်ဆိုပြီး ဖှဟ်ရှာကိုကြီးလေးသော အပြစ်ဟုဖွင့်ဆိုပါသည်။

**اِنَّمَا يَاْمُرُكُمْ** '(ရှိုင်တွာန်သည်) အသင်တို့အား တိုက်တွန်းရုံသာ တိုက်တွန်းသည်'ဟူသော အဓိပ္ပာယ်မှာ နှလုံးသားအတွင်းသို့ အကြံပြုချက်တစ်ခုကို လှုံ့ဆော်ခြင်းပင်ဖြစ်ပါသည်။ ဆွဟာဗဟ်ကြီး အဗ်ဒုလ္လာဟ်အိဗ်နိ မတ်စ်အုဒ် (**رضى الله عنه**)က ဆင့်ပြန်သော ဟဒီးဆ်တော်တစ်ပုဒ်ထဲတွင် ဤအဓိပ္ပာယ်ကို ပိုမိုထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ ကိုယ်တော်မြတ်(ﷺ)က မိန့်တော်မူသည်မှာ 'အာဒမ်(عليه السلام)၏ သားမြေးများသည် ရှိုင်တွာန်၏ အကြံပြုချက်နှင့် ကောင်းကင်တမန်၏ အဆိုပြုချက်များအား လွှမ်းမိုးခြင်းခံရသည်။ ရှိုင်တွာန်၏ အဆိုပြုချက်သည် မကောင်းမှု လုပ်ရပ်များတွင် သာလွန်သောအကျိုးအမြတ်များရစေပြီး အမှန်တရားကိုငြင်းပယ်သောတံခါးများ ပွင့်သွားစေပါသည်။ ကောင်းကင်တမန်၏ အကြံပြုချက်သည် ဆုလာဘ်များရစေရန် ကတိပြုခြင်းခံရပြီး ကောင်းမွန်သော လုပ်ရပ်များအတွက် အောင်မြင်မှုရရှိနိုင်စေပြီး အမှန်တရားကို ထောက်ခံသောကြောင့် နှလုံးသားတွင် အေးငြိမ်းသာယာသော အကျိုးခံစားရပါသည်။

## အမိန့်ပညတ်များနှင့် ဥပဒေများ

၁။ ရုပ်ထုကြီးငယ်များကိုလည်းကောင်း၊ သူတော်စင်များကိုလည်းကောင်း၊ ထိုအရာတို့ကို ရည်စူး၍သော်လည်းကောင်း၊ အမည်များကို တသ၍လည်းကောင်း တိရစ္ဆာန်များကို လွှတ်ကြသည့်ဓလေ့များ၊ တုဖက်ယှဉ်တွဲကိုးကွယ်သူတို့တွင်ရှိကြသည်။ အလ္လာဟ်အရှင်မြတ်၏ နာမတော်ကို တသခြင်း၊ ရည်စူးခြင်းမပြုပဲ ပြုလုပ်ထားသော ယင်းအပြုအမူများသည် တရားမဝင် (မပိုင်)ကြောင်း လာမည့်အာယသ်တော်(၁၇၃)တွင် ကြေညာထားခဲ့သည်။ အချို့လူများက မှားယွင်းစွာထင်မှတ်ထားသည်မှာ ယင်းတိရစ္ဆာန်များသည် တရားမဝင်(မပိုင်)ဆိုသည့်ကိစ္စကို ယခု အာယသ်တော်(၁၆၈)က မြင်းဆိုပါ။ ဤအာယသ်တော်၏ ဦးတည်ချက်မှာ အလ္လာဟ်အရှင်မြတ်က (ဟလာလ်) တရားဝင်(ပိုင်သည်)ဟု သတ်မှတ်ထားသော တိရစ္ဆာန်အား ရုပ်ထုများကို ပူဇော်ပသခြင်းအားဖြင့် ယင်းတိရစ္ဆာန်များအား (ဟရာမ်) တရားမဝင်(မပိုင်)ဟု မသတ်မှတ်သင့်ကြောင်း အလေးပေးဖော်ပြထားသည်။ ထိုတိရစ္ဆာန်များသည် ဘာဖြစ်ဖြစ် ယင်းတို့ကို လူအများအကျိုးအတွက် အသုံးပြုနိုင်သည်။ အဘယ့်ကြောင့် မိမိသဘောနှင့် အရာဝတ္ထုများကို ဟရာမ်(တရားမဝင်)ဟု သတ်မှတ်နေရသနည်း။ ယင်းသို့လုပ်ခြင်းသည် အလွန်ကြီးမားသော အပြစ်တစ်ခုဖြစ်သည်။

တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အပြင် အခြားသူတစ်ဦးကို တသ၍ တိရစ္ဆာန်တကောင်ကို ဇဗာဟ် လုပ်လှီးဖြတ်လျှင် ထိုအရာသည် မသန့်မရှင်းဖြစ်သွား၍ တရားမဝင်(မပိုင်)ချေ။

၂။ အကယ်၍ တစ်စုံတစ်ဦးသည် ပေါ့ဆ၍သော်လည်းကောင်း၊ မသိနားမလည်၍သော်လည်းကောင်း တိရစ္ဆာန်တစ်ကောင်ကို အလွှာဟ်အရှင်မြတ်အပြင် အခြားသူတစ်ဦး၏ အမည်တသ၍ လှီးဖြတ်မိပြီး ပြင်ဆင်ချင်သည့် ဆန္ဒရှိသည်ဆိုလျှင် ၎င်းသည် သူ၏မှားယွင်းသည့်လုပ်ရပ်မှ နောက်ဆုတ်ရန် သန္နိဋ္ဌာန်ပြုသင့်သည်။ ထို့နောက် သူလုပ်မိသမျှကို ဝန်ချတောင်းပန် သောင်ဗဟ်ပြုရမည်။ ထိုသို့ပြုလုပ်ခဲ့ပါက ထိုတိရစ္ဆာန်၏အသားသည် ၎င်းအတွက် ဟလာလ် (တရားဝင်)လာပါလိမ့်မည်။

vvvvvvv

အာယသ် (၂း၁၇၀-၁၇၁)

**"ငင်းပြင် (အမြော်အမြင်မရှိသော) ထိုသူတို့ကို တစ်ဦးတစ်ယောက်က (ဟယ်-အချင်းတို့) အသင်တို့သည် အလ္လာဟ်အရှင်မြတ် ချမှတ်ပေးသနားတော်မူသော တရားဒေသနာများကို လိုက်နာကြပါကုန်ဟု ပြောဆိုပါလျှင် ယင်းသူတို့က ပြောဆိုကြသည်မှာ ထိုသို့ အလျှဉ်းမဟုတ်၊ စင်စစ်မှာကား အကြင်တရားလမ်းစဉ်ပေါ်၌ အကျွန်ုပ်တို့သည် မိမိတို့၏ ဘိုး ဘေးဘီဘင်များကိုတွေ့ရ၏။ ထိုတရားလမ်းစဉ်ကိုသာလျှင် ကျွန်ုပ်တို့သည် လိုက်နာကြအံ့ဟု တုန့်ပြန်ပြောဆိုကြကုန်သည်။ ငင်းတို့၏ ဘိုးဘေး ဘီဘင်တို့သည် တစ်စုံတရာကိုမျှ မဆင်ခြင်နိုင်ကြသည့် အပြင်၊ တရားလမ်းမှန်ကို မရရှိကြသော်လည်း (ငင်းတို့သည် ထိုသို့သော ဘိုးဘေးတို့၏ လမ်းစဉ်ကိုပင် လိုက်နာကြမည်လော)။"**

(၂း၁၇၀)

**"ကာဖစ်ရ် မယုံကြည်သူတို့(အား သွန်သင်ဆုံးမသူ)၏ပမာကား ခေါ်သံနှင့် ဟစ်အော် ကြွေးကြော်သံမှတစ်ပါး အဘယ်တစ်စုံတစ်ရာကိုမျှ မကြားသော တိရစ္ဆာန်များကို ဟစ်အော်ဆုံးမသူနှင့်တူချေသည်။ (အမှန်သော်ကား ထို မိစ္ဆာဒိဋ္ဌိတို့သည် တရားဒေသနာတော်ကို မနာခံသော)နားပင်းသူများ၊ (မှန်သော စကားကို မပြောဆိုသော) ဆွံ့အသူများ၊ (သက်သေလက္ခဏာတော်များကို မမြင်သော)အကန်းများ ပင်တည်း။ သို့ဖြစ်လေရာ ယင်းသူတို့သည် မည်သည့်အရာ တစ်စုံတစ်ရာကိုမျှ တွေးတောဆင်ခြင် သိမြင်သူများ မဟုတ်ကြချေ။ "** (၂း၁၇၁)

တမန်တော်မြတ်(ﷺ)မှတစ်ဆင့် အလ္လာဟ်အရှင်မြတ် ချပေးသနားတော်မူသော အမိန့်ပညတ်တော်များကို လိုက်နာကြရန် မုန့်ရိုက် တုဖက်ယှဉ်တွဲကိုးကွယ်သူများကို ပြောဆိုသောအခါ ငင်းတို့သည် ယင်းသို့ လိုက်နာ

ကျင့်သုံးရန် ငြင်းဆိုခဲ့ကြပြီး ၎င်းတို့အမွေဆက်ခံခဲ့သော ဘိုးဘေးဘီဘင်တို့၏ ဓလေ့ထုံးစံအတိုင်းသာ လိုက်နာကျင့်သုံးမည်ဟု စွဲစွဲမြဲမြဲပြောဆိုကြသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ နည်းနာဓလေ့ထုံးစံကိုလိုက်နာရန် အတွက် စံနမူနာယူထိုက်သောပုဂ္ဂိုလ်များသည် အလ္လာဟ်အရှင်မြတ် ခန့်အပ်ထားသည်ဟု တွေးထင်ခဲ့ကြသည်။ ထိုသို့ အထင်ကြီးခြင်းခံရသူများအား မုဂ္ဂရိုက်ယှဉ်တွဲကိုးကွယ်သူများက သတ်မှတ်ထားသော အဆင့်အတန်းကို ငြင်းဆိုသည့်အနေဖြင့် အလ္လာဟ်အရှင်မြတ်က မေးမြန်းခဲ့သည်။ ၎င်းတို့၏ ဘိုး၊ ဘေး တို့သည် အလ္လာဟ်အရှင်မြတ် ခန့်အပ်သော ပုဂ္ဂိုလ်များ၏လမ်းစဉ်များမှ အချို့ကိုဖယ်ထုတ်၍ ကိုယ်လိုရာယူထားသော လမ်းစဉ်အောက်တွင် စစ်မှန်သော ယုံကြည်ချက်အကြောင်းသော်မှကောင်းကောင်းနားမလည်၊ အလ္လာဟ်အရှင်မြတ်က လမ်းညွှန်ပေးခြင်းဖြင့် ကောင်းချီးမင်္ဂလာပေးခြင်းလည်းမခံရသည့် အမျိုးမျိုးသောအခြေအနေမျိုးတွင် အဘယ်ကဲ့သို့ ၎င်းတို့၏ ဘိုးဘေးများလမ်းစဉ်ကို လိုက်နေကြသနည်း။ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ခန့်အပ်ထားသော ပုဂ္ဂိုလ်များ၏ လမ်းစဉ်များမှ အချို့ကို ဖယ်ထုတ်၍ ကိုယ်လိုရာယူထားသော လမ်းစဉ်အောက်တွင် အခြေအနေအမျိုးမျိုး၌ လိုက်နာနေပါသည်ဟု မည်သို့ဆိုနိုင်ပါမည်နည်းဟု အလ္လာဟ်အရှင်မြတ်က မေးမြန်းထားသည်။ ယင်းသို့ဖြင့် မုဂ္ဂရိုက် ယှဉ်တွဲကိုးကွယ်သူများက သတ်မှတ်ထားသော ထိုသူများ၏အဆင့်ကို အလ္လာဟ်အရှင်မြတ်က ငြင်းဆို မေးမြန်းထားခြင်းဖြစ်သည်။ ၎င်းတို့သည် စစ်မှန်သောယုံကြည်ချက်အကြောင်း ကောင်းကောင်းနားမလည် (သို့) ဘိုးဘေးဘီဘင်တို့၏ စံနမူနာယူထိုက်သော ပုဂ္ဂိုလ်များသည် အလ္လာဟ်အရှင်မြတ်၏ လမ်းညွှန်မှုနှင့် ကောင်းချီးမင်္ဂလာပေးအပ်ခံရသူများလည်းမဟုတ်ချေ။

ဤသူတို့၏ နားလည်မှုနည်းပါးကြောင်းကို အာယသ်တော်က မိန့်ကြားထားသည်မှာ တစ်စုံတစ်ဦးသည် တိရိစ္ဆာန်တစ်ကောင်အား ခေါ်ဝေါ်နေသော်လည်း ထိုတိရစ္ဆာန်သည် အဓိပ္ပာယ်ယတ္တကို နားမလည်ဘဲ ခေါ်သံသက်သက်ကိုမျှ ကြားနေသည့်အဖြစ်နှင့် တူသည်ဟု မိန့်ကြားထားသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင်ရှိသော မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ပြောဆိုသံကိုသာ ကြားနေ၍ ထိုပြောဆိုသံတွင် ၎င်းတို့အား ပြုပြင်ရန်ဟူသော ရည်ရွယ်ချက်ကို မသိရှိပါ။ ထို့ကြောင့် ထိုသူတို့အား နားပင်းသူများဟု ဆိုထားသည်။ အမှန်တရားကို လက်ခံရမည့်အချိန်ရောက်လျှင် ၎င်းတို့သည် နှုတ်ဆိတ်နေခဲ့ သောကြောင့် ထိုသူတို့အား ဆွံ့အသူများဟု ဆိုထားသည်။ ထိုသူတို့သည် ၎င်းတို့ရရှိမည့်အကျိုးအမြတ်နှင့် ဆုံးရှုံးမှု များကို မမြင်တွေ့ကြသောကြောင့် ထိုသူတို့ကို အကန်းများဟုဆိုထားသည်။ ၎င်းတို့၏အရေးကြီးသော အာရုံခံစားမှုများသည် ထုံထိုင်းနေသောကြောင့် ၎င်းတို့သည် မည်သည့်အရာကိုမျှ သိရှိနားလည်မည့်ပုံမရှိတော့ပါ။

## တက္ကလီဒ်၏ သဘောသဘာဝကို သုံးသပ်ချက်

ဤအာယသ်တော်(၁၇၀)သည် ဘိုးဘွားဘီဘင်များ၏ ဓလေ့ထုံးစံနောက်သို့မျက်စိစုံမှိတ်၍လိုက်ခြင်းကို ပြစ်တင်ရှုတ်ချထားသည်မှာ သံသယမရှိပါ။ တစ်ချိန်တည်းမှာပင် ထိုကဲ့သို့လိုက်နာခြင်းကို ခွင့်ပြုသည့် ဥပဒေနှင့် ပူးတွဲပါအခြေအနေများကိုလည်းတင်ပြထားပါသည်။ **لَا يَعْقِلُوْنَ** (သူတို့၏ ဘိုးဘွားဘီဘင်တို့သည် တစ်စုံတစ်ရာကိုမျှ မဆင်ခြင်ကြချေ။)နှင့် **لَا يَهْتَدُوْنَ** (သူတို့သည် တရားလမ်းမှန်ကို မရရှိကြသော်လည်း) တွင် လိုက်နာနိုင်ကြောင်း ခွင့်ပြုချက်ကို ဖော်ညွှန်းထားပါသည်။ ဤသည်မှ ကျွန်ုပ်တို့ တွေ့ရှိရသည်မှာ သူတို့၏

ဘိုးဘေးဘီဘင်များနောက်သို့လိုက်ခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အပြစ်တင်ထားသည်မှာ သူတို့သည် ဆင်ခြင်တုံတရားနှင့် လမ်းညွှန်မှုချို့တဲ့ခြင်းကြောင့်ဖြစ်ပါသည်။ လမ်းညွှန်ချက် (သို့) လမ်းမှန်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်က ပွင့်ပွင့်လင်းလင်းနှင့် ရှင်းလင်းစွာချပေးသနားတော်မူသော အမိန့်ပညတ်ချက်များကိုခေါ်ဆိုပါသည်။ 'အကလ် (သို့) ဆင်ခြင်တုံတရား'ဟူသည် အသိအမှတ်ပြုထားသော အစွမ်းရှိရှိအသိရင်းမြစ်များမှ အမြင်ကျယ်သည့် 'အိဂ်္ဂသိဟားဒ်'က ထုတ်နှုတ်ပေးသော အလွန်အရေးပါသည့်လမ်းညွှန်မှုကို ဆိုလိုပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်ပါ ဘိုးဘေးဘီဘင်များ၏နောက်သို့လိုက်ခြင်းကို ခွင့်မပြုနိုင်သည့်အကြောင်းမှာ ထိုသူများတွင် အလ္လာဟ်အရှင်မြတ်ချပေးသနားတော်မူသော ဥပဒေများလည်းမရှိပါ။ ၎င်းပြင် ထိုသူများသည် အလ္လာဟ်အရှင်မြတ်ထုတ်ပြန်ပို့ချသော အမိန့်ပညတ်ချက်များမှ ကောက်ယူထုတ်နှုတ်နိုင်စွမ်းလည်းမရှိသောကြောင့်ဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ်တို့ သတိပြုသင့်သော သိမ်မွေ့သည့်သတိပေးချက်တစ်ရပ်ရှိပါသည်။ အကယ်၍ မြင့်မြတ်သောရင်းမြစ်ကြီးနှစ်ရပ်ဖြစ်သည့် ကုရ်အာန်နှင့် ဟဒီးဆ် ဩဝါဒတော်များမှ ရှင်းလင်းပြတ်သားပြီး တိုက်ရိုက်ကျသော ညွှန်ကြားချက်မရနိုင်သောအခါ အသိပညာပြည့်စုံသည့် အာလင်မ်တစ်ဦးသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်ဥပဒေများကို နှိုင်းယှဉ် ခြင်းအားဖြင့် ကောက်ချက်ချနိုင်သော မုဂ်္ဂသဟိဒ်တစ်ဦးကဲ့သို့ ကျွမ်းကျင်မှုရှိခဲ့ပါလျှင် ထိုမုဂ်္ဂသဟိဒ် အာလင်မ်နောက်သို့ လိုက်နာခွင့်ရှိသည်။ '၎င်း၏'အမိန့်ပညတ်များနှင့် 'ထိုသူ၏ပုဂ္ဂိုလ်ရေး'နောက်သို့ လိုက်ရမည်ဟုမဆိုလိုပါ။ အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း၏ အမိန့်ပညတ်ချက်ကိုသာ လိုက်နာရမည်ဟုဆိုပါသည်။

ကျွန်ုပ်တို့၏ မသိနားမလည်မှုကြောင့် အလ္လဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များ၏အသိပညာများကို အဆင်သင့် အလွယ်တကူထုတ်နှုတ်ရန် မစွမ်းဆောင်နိုင်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များနှင့်အညီ လိုက်နာရန်အတွက် ထိုကဲ့သို့သော မုဂ်္ဂသဟိဒ်အာလင်မ်၏နောက်လိုက်ကြရမည်။

အထက်ဖော်ပြချက်များအား မစဉ်းစားမဆင်ခြင်ပဲ မုဂ်္ဂသဟိဒ် အာလင်မ်များနောက်လိုက်ခြင်းကို ဆန့်ကျင်သည့်သဘောဖြင့် ဤအာယသ်တော်များအား ကိုးကားခဲ့ပါလျှင် ထိုသူသည် အာယသ်တော်များ၏ အဓိပ္ပာယ်ကို နားမလည်ကြောင်းထင်ရှားသည်။ ဤအာယသ်တော်နှင့်ပတ်သက်၍ ဋီကာပညာရှင်ကြီး အလ်ကုရ်ကုဗီက အောက်ပါအတိုင်းကောက်ချက်ချသည်။ အာယသ်တော်ပါ ဘိုးဘွားဘီဘင်များနောက်သို့လိုက်ခြင်းကို တားမြစ်သည်ဟုဆိုခြင်းသည် ထိုဘိုးဘွားဘီဘင်များ၏မှားသော အယူဝါဒနှင့်လုပ်ရပ်များနောက်သို့လိုက်ခြင်းကိုဆိုပါသည်။ မှန်ကန်သော အယူဝါဒနှင့် ကောင်းသောလုပ်ရပ်များနောက်သို့လိုက်ရခြင်းကိုမူ ဤအာယသ်တော်တွင် ထည့်သွင်းဖော်ပြမထားပါ။ အဘယ့်ကြောင့်ဟူမူ စူရာယူစွဖ်တွင်ပါရှိသော တမန်တော်ယူစွဖ်(**علیه السلام**)၏ စကားများက အလွန်ရှင်းစွာပြသပါသည်။

**اِنِّیۡ تَرَکۡتُ مِلَّۃَ قَوۡمٍ لَّا یُؤۡمِنُوۡنَ بِاللّٰہِ وَ ہُمۡ بِالۡاٰخِرَۃِ ہُمۡ کٰفِرُوۡنَ ۝**

**وَ اتَّبَعۡتُ مِلَّۃَ اٰبَآءِیۡۤ اِبۡرٰہِیۡمَ وَ اِسۡحٰقَ وَ یَعۡقُوۡبَ ؕ**

'အမှန်စင်စစ် ကျွန်ုပ်သည် (ယခင်မူလကပင်) အကြင်သူတို့၏ သာသနာကို စွန့်ထားခဲ့ပြီးဖြစ်ပေမည်။ ၎င်းတို့သည် အလ္လာဟ် အရှင်မြတ်အားလည်း သက်ဝင်ယုံကြည်ကြသည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည်

နောင်တမလွန်ဘဝကိုလည်း မယုံကြည်သွေဖည်ငြင်းပယ်သူများပင်ဖြစ်ကြကုန်သတည်း။ ၎င်းပြင် ကျွန်ုပ်သည် မိမိဘေးတော်၊ ဘိုးတော်နှင့် ခမည်းတော်များဖြစ်ကြကုန်သော နဗီတမန်တော် အိဗ်ရာဟင်မ်၊ အိစ်ဟာက် နဗီတမန်တော် ယအ်ကူးဗ်တို့၏ သာသနာတော်ကိုပင် လိုက်နာခဲ့ပေသည်။" (၁၂း၃၇-၃၈)

ဤကြောင်းပြချက်သည် ဘိုးဘေးဘီဘင်များ၏နောက်သို့လိုက်ရာ၌ မှားယွင်းသည့်နောက်လိုက်ခြင်းသည် သာလျှင် တားမြစ်ထားခြင်းဖြစ်ကြောင်း သက်သေပြရန် လုံလောက်လေသည်။ ထို့ပြင် မှန်ကန်သည့်နောက်လိုက်ခြင်းသည် ခွင့်ပြုထား၍ နှစ်လိုဘွယ်လည်းဖြစ်လေသည်။

အလ်ကုရ်တုဗီက မုဂ္ဂသဟီဒ်အိမာမ်၏နောက်လိုက်ခြင်းတွင် ဤအာယသ်တော်၏ မှတ်ချက်ဘောင်အတွင်းက ၎င်း၏သုံးသပ်ချက်ကို ဖော်ပြထားသည်။ ကုရ်တုဗီက မိန့်သည်မှာ -

**تعلق قوم بهذه الآية فى ذمّ التقليد (الى) وهذا فى الباطل صحيح امّا التقليد فى الحق فأصل من أصول الدين وعصمة من عصم المسلمين يلجأ إليها الجاهل المقصر عن درك النظر**

အချို့လူများသည် တတ်ကလီဒ်(နောက်လိုက်ခြင်း)ကိစ္စရပ်ကို ဆန့်ကျင်ဝေဖန်ရာ၌ ဤအာယသ်တော်ကို ကိုးကားခဲ့ကြပါသည်။ အများနောက်လိုက်ခြင်းနှင့်ပတ်သက်လျှင်မူ ဤကိုးကားမှုမှာ မှန်ကန်ပါလိမ့်မည်။ သို့သော်လည်း ဘာသာတရား၏အခြေခံစည်းမျဉ်းတစ်ရပ်ဖြစ်သော အမှန်တရား၏နောက်လိုက်ခြင်းအတွက်မူ ဘာမျှမပတ်သက်ပါ။ အိဂ္ဂါသိဟားဒ်လုပ်နိုင်သောအရည်အချင်းမရှိသူများအတွက်မှာမူကား ဘာသာရေးရာကိစ္စရပ်များအတွက် မုချ မုဂ္ဂါသဟီဒ်၏ နောက်လိုက်ကြရပေလိမ့်မည်။ ယင်းသို့ပြုလုပ်ခြင်းသည်ပင်လျှင် မုစ်လင်မ်များ၏ သာသနာကိုကာကွယ်သည့် ကြီးမားသော နည်းလမ်းတစ်ရပ်ဖြစ်ပေသည်။ **(ကုရ်တုဗီ-အတွဲ-၂၊ စာမျက်နှာ ၁၉၄)**

v v v v v v v

အာယသ် (၂:၁၇၂-၁၇၃)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوا۟ كُلُوا۟ مِن طَيِّبَٰتِ
مَا رَزَقْنَٰكُمْ وَٱشْكُرُوا۟ لِلَّهِ إِن كُنتُمْ إِيَّاهُ تَعْبُدُونَ ﴿١٧٢﴾
إِنَّمَا حَرَّمَ عَلَيْكُمُ ٱلْمَيْتَةَ وَٱلدَّمَ وَلَحْمَ ٱلْخِنزِيرِ وَمَآ أُهِلَّ بِهِۦ
لِغَيْرِ ٱللَّهِ ۖ فَمَنِ ٱضْطُرَّ غَيْرَ بَاغٍ وَلَا عَادٍ فَلَآ إِثْمَ عَلَيْهِ ۚ إِنَّ ٱللَّهَ
غَفُورٌ رَّحِيمٌ ﴿١٧٣﴾

**"အို - 'မုအမင်န်' သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့အား ငါအရှင်မြတ် ပေးသနားတော်မူသော ကောင်းမွန်သန့်ပြန်သော အာဟာရများအနက်မှ အသင် တို့သည် (ကြိုက်နှစ်သက်ရာကို) စားသုံးကြကုန်။ ၎င်းအပြင် အကယ်၍ အသင်တို့သည် ထိုအရှင်မြတ် အားသာလျှင် ခဝပ်ကိုးကွယ်ကြပါလျှင် အသင်တို့သည် အလ္လာဟ် အရှင်မြတ်အား ကျေးဇူတင်ကြကုန်။" (၂:၁၇၂)**

**"အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်၌ အသေကောင်များကို လည်းကောင်း (ယိုစီးသော)သွေးကိုလည်းကောင်း၊ ဝက်၏ အသားကို လည်းကောင်း၊ အလ္လာဟ် အရှင်မြတ်၏ နာမတော်မှတစ်ပါး အခြား ကိုးကွယ်ရာများ၏ အမည်နာမများကို တသဖြိုး လှီးဖြတ်ထားသော တိရစ္ဆာန် များကို လည်းကောင်း၊ မုချတားမြစ်ထားတော်မူလေသည်။ သို့တားမြစ်ထားသော် လည်း မလွဲမရှောင်သာနိုင်အောင် အကြပ်အတည်းနှင့် ကြုံတွေ့ နေသောသူ တစ်ဦးသည် (တားမြစ်ထားသောအာဟာရကို) မက်မောသူ မဟုတ်ဘဲအစား ကျူးသူလည်း မဟုတ်ဘဲ( အသက်မသေရုံမျှ စားသုံးခဲ့ပါလျှင်) ထိုသူ့ အပေါ်၌ တစ်စုံတစ်ရာ အပြစ်မရှိချေ။ ၎ကန်မုချ အလ္လာဟ် အရှင်မြတ်သည် (ချို့တဲ့မှုများကို) အထူးချမ်းသာခွင့် ပေးသနားတော်မူသော အရှင်၊ အစဉ်အမြဲသနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူပေသည်။" (၂:၁၇၃)**

အစောပိုင်းအာယသ်တော်သည် ကောင်းမွန်၍ ခွင့်ပြုထားသောအရာများကို တရားမဝင် ဟရာမ်ဟု မုရှ်ရစ်ကိန် တုဖက်ယှဉ်တွဲ ကိုးကွယ်သူများက ပြုလုပ်ထားသောအမှားများကို မြင်သာရန်ဟူသော ရည်ရွယ်ချက်ပင်ဖြစ်သည်။

ယခုအာယသ်တော် ၁၇၂ သည် ယုံကြည်သူ အီမာန်ရှင်များထိုကဲ့သို့သော အမှားမျိုးမကျူးလွန်မိစေရန် သတိပေးထားခဲ့သည်။ သွယ်ဝိုက်၍ယူရသော အချက်တစ်ရပ်အနေနှင့် အီမာန်ရှင်များသည် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများကို သတိရစေ၍ အလ္လာဟ်အရှင်မြတ်အား ကျေးဇူးတင်ရှိရမည့်အကြောင်း သင်ကြားပေးခြင်းဖြစ်သည်။

နောင်လာသော အာယသ်တော် ၁၇၃ တွင် မိန့်ထားသည်မှာ တားမြစ်ပိတ်ပင်ထားသောအချက်သည် တားမြစ်ပိတ်ပင်ထားသည့် အတိုင်းသာလျှင် တည်ရှိရ၍ မည်သည့်အခါမျှ တရားဝင်အဖြစ် မသတ်မှတ်သင့်ချေ။ မုရှ်ရိက်ကီးန်များသည်ကား အလ္လာဟ်အရှင်မြတ်၏ နာမတော်မှအပ အခြားအမည်နာမတော်နှင့် လှီးဖြတ်ထားသော အသားကိုဖြစ်စေ၊ ပုပ်ပွနေသော တိရစ္ဆာန်ကောင်၏ အသားကိုဖြစ်စေ စသည်တို့ကို စားသုံးလိုသော အခါတွင် ပိတ်ပင်တားမြစ်ချက်ဟရာမ်ကို တရားဝင် ဟလာလ်အဖြစ် ပြုလုပ်လိုက်လေသည်။ ဤသတိပေးချက်တွင် အကျုံးဝင်သည့်နောက်အချက်မှာ သီးခြားသတ်မှတ်ထားသောဟရာမ်ဟု သတ်မှတ်ထားသည့် တိရစ္ဆာန်မှအပ အခြားတိရစ္ဆာန်တို့ကို တရားမဝင် ဟရာမ်ဟု ကြေညာခြင်းသည်လည်း အမှားတစ်ခု ဖြစ်သည်။

ဓမ္မသတ်ဆိုင်ရာ အသေးစိတ်များအပေါ် သုံးသပ်ချက်ကို တင်ပြပါအံ့။

## ခွင့်ပြုထားသည့် ဟလာလ်နှင့် ပိတ်ပင်ထားသည့် ဟရာမ်စားသုံးခြင်း၏ အကျိုးသက်ရောက်မှု

အာယသ်တော် (၁၇၂)သည် ဟရာမ်များကို စားသုံးခြင်းမှ တားမြစ်ချက်များနှင့်အတူ ဟလာလ်များ စားသုံးခြင်းကို ခွင့်ပြုထားချက်များအားလုံးသည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များဖြစ်ကြောင်း ဖော်ပြထားသည်။ အကြောင်းမှာ ဟရာမ်တားမြစ်သည့်အရာများကို စားသုံးခြင်းသည် မကောင်းသည့် ဗီဇစိတ်ဖြစ်ပေါ်စေသည်။ အိဗာဒသ်ပြုလုပ်ခြင်း၏ အရသာကိုလည်း ဖျက်ဆီး၍ ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းနှင့် တောင်းဆုပန်ခြင်းခံလည်း ထိရောက်မှုမရှိနိုင်ချေ။ ဆန့်ကျင်ဘက်ဆိုရသော် ဟလာလ်ခွင့်ပြုချက်ရှိသော အရာကို စားသုံးခြင်းအားဖြင့် အတွင်းပိုင်းဆိုင်ရာ လင်းဝင်းမှုဖြစ်ပေါ်၍လာသည်။ မြင့်မားသော ကိုယ်ကျင့်တရား ဖြစ်ပေါ်စေပြီး အိဗာဒသ်လုပ်ဆောင်ရန်အတွက် နှလုံးသားတွင် နှစ်လိုမှုဖြစ်လာသည်။ မကောင်းမှုပြုလုပ်ရန် မဆိုထားဘိ မကောင်းမှုအကြောင်းစဉ်းစားရန်ပင် အော့နှလုံးနာ၍ ၎င်း၏ တောင်းဆုတော်များလည်း လက်ခံသဘောတူခြင်းခံရ ပေမည်။ ထို့ကြောင့် ကြီးကျယ်မြတ်ထွတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ တမန်တော်များကို ကောင်းမွန်စင်ကြယ်သောအရာများကိုစားသုံး၍ ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ကြရန်ဟု မိန့်ကြားခဲ့ခြင်းဖြစ်သည်။

يَٰٓأَيُّهَا ٱلرُّسُلُ كُلُوا۟ مِنَ ٱلطَّيِّبَٰتِ وَٱعْمَلُوا۟ صَٰلِحًا

**‘အို - ရစူလ်တမန်တော်အပေါင်းတို့ အသင်တို့သည် (ဟလာလ်)စင်ကြယ်သန့်ရှင်းသောအရာများကို စားသုံးကြလေကုန်။ ၎င်းပြင် အသင်တို့သည် ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ကြလေကုန်’** (၂၃း၅၁)

ဟလာလ် ခွင့်ပြုထားသော အရာများသုံးစွဲခြင်းနှင့် စားသုံးခြင်းသည် ကောင်းမွန်သော အကျင့်သီလ ဆောက်တည်မှု၌ အရေးပါအရာရောက်သောကဏ္ဍမှ ပါဝင်ကြောင်း ပြသပါသည်။ အလားတူ ဟလာလ် ခွင့်ပြုထားသည့်အရာများနှင့် နေထိုင်ခြင်းသည် ဒုအာဆုမွန်များ လက်ခံခြင်းခံရရန် အထောက်အကူဖြစ်၍ ဟရာမ်တားမြစ်ထားချက်များနှင့် သုံးစွဲနေထိုင်ခြင်းသည် ထိုအခွင့်အရေးကို ပျက်စီးစေပါသည်။ တမန်တော်မြတ်(ﷺ) မိန့်ကြားတော်မူခဲ့သည်မှာ အလ္လာဟ်အရှင်မြတ် ရှေ့မှောက်ဝယ် လက်များကိုမြှောက်ကာမြှောက်ကာနှင့် 'အို - အလ္လာဟ်၊ အို - အလ္လာဟ်'ဟု ပြင်းပြင်းထန်ထန် နွမ်းနယ်၍တသကာ တောင်းခံနေသောသူများစွာ ရှိကြသည်။ ထိုသူတို့မှာ စားသည်မှာလည်း ဟရာမ်၊ သောက်သည်မှာလည်း ဟရာမ်၊ ဝတ်ဆင်သည်မှာလည်း ဟရာမ်ဖြစ်၍ ထိုအခြေအနေမျိုးနှင့် သူတို့ရဲ့ တောင်းဆုဒုအာများ ကဗုလ်လက်ခံရန် မည်သို့မျှော်လင့်နိုင်ကြပါမည်နည်း'ဟူ၍ ဖြစ်သည်။ (အိဗ်နေ့ကဆီးရ်ကို ကိုးကား၍ သိရိမိဇီကျမ်းနှင့် ဆွဟီးမုစ်လင်မ်ကျမ်း)

اِنَّمَاحَرَّمَ (အင်နမာဟရ်ရမ)ဟူသော စကားလုံးသည် တားမြစ်ထားသော အရာတစ်ခုဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်၏ အနှစ်သာရမှာ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် နောက်မှ ရည်ညွှန်းထားခဲ့ပြီးသော အရာမျှကိုသာလျှင် တားမြစ်ထားခြင်းဖြစ်၍ အခြားမည်သည့်အရာများကိုမျှ တားမြစ်ပိတ်ပင်ထားသည်မဟုတ်ပါ။

ထို့ကြောင့် ဤအာယသ်တော်တွင် အင်နမာဟူသောစကားလုံးသည် အထက်ဖော်ပြထားသော အဓိပ္ပာယ်အတိုင်းပင် ညွှန်ပြသည်။ အခြားအာယသ်တော် (၆း၁၄၆)ဖြစ်သော' **قُلْ لَّآ أَجِدُفِيمَاأُوْحِيَ إِلَيَّ مُحَرَّمًاعَلَىٰ طَاعِمٍ** 'တွင် ဤကြောင်းကို ပိုမိုရှင်းလင်းစွာဖော်ပြထားသည်။ ဤတွင် "(အို - နဗီတမန်တော်) အသင်သည် ယင်း(သူတို့အား ဤသို့)ပြောကြားပါလေ။ (အချင်းတို့)ငါသည် မိမိထံသို့ (အလ္လာဟ်အရှင်မြတ်၏ အထံတော်မှ) ကျရောက်လာသော ဝဟီ အမိန့်တော်တွင် တစ်စုံတစ်ခုကို မည်သည့် စားသုံးသူအပေါ်၌မျှ ၎င်းကိုစားသုံးခြင်းသည် 'ဟရာမ်' ဟူ၍တားမြစ်ထားသည်ကို မတွေ့ရှိရ ချေ'ဟူ၍ဖြစ်သည်။

ဤနေရာ၌ တမန်တော်မြတ်(ﷺ)သခင်အား ဝဟီချမှတ်ပေးထားသည်ကိုသာလျှင် ကြေညာရန် မိန့်မှာထားသည်။ နောက်မှ ဖော်ပြသည့် အကြောင်းအရာအချို့ မပါချေ။

ဤအခြေအနေတွင် ကျွန်ုပ်တို့တွင် ပြဿနာတစ်ခုရှိလာပါတော့သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်များအရသော်လည်းကောင်း ဟဒီးဆ်တော်အရသော်လည်းကောင်း ခိုင်မာစွာဖြင့် များစွာသောအရာများသည် ဟရာမ်တားမြစ်ထားချက်များရှိသည်ဆိုသည့်အချက်ကို သက်သေပြခဲ့၍ဖြစ်သည်။ အကယ်၍ ထိုသို့ဆိုလျှင် တားမြစ်ပိတ်ပင်ထားခြင်းသည် ဘာကိုဆိုလိုသနည်း။ တစ်စုံတစ်ခုကို မည်သည့်စားသုံးသူအပေါ်၌မျှ ၎င်းကိုစားသုံးခြင်းသည် 'ဟရာမ်'ဟူ၍ တားမြစ်ထားသည်ကို မတွေ့ရှိရချေ'ဟူသည်ကို ငြင်းဆိုခြင်းအား ကျွန်ုပ်တို့ မည်သို့ ရှင်းလင်းမည်နည်း။

အဖြေပေးရလျှင်ကား ဟလာလ်နှင့် ဟရာမ်များကို ဤနေရာတွင် အနှစ်သာရပြည့်ဝစွာဖြင့် မဆွေးနွေးခဲ့ဟု ကျွန်ုပ်တို့ပြောနိုင်ပါသည်။ ပြောနိုင်သည်မှာ မက္ကဟ်မြို့ရှိ မုရှ်ရိက်တုဖက်ယှဉ်တွဲ ကိုးကွယ်သူများက ၎င်းတို့၏ ရှေးရိုးယုံကြည်ချက်ပေါ်တွင် အခြေခံ၍ သီးသန့်ဖြစ်သည့် တိရစ္ဆာန်များအား ဟရာမ်ဟလာလ်ကောက်ယူကြသည်ကိုသာလျှင်ရည်ညွှန်း၍ဤနေရာတွင် ဆွေးနွေးနေခြင်းဖြစ်သည်။ မက္ကဟ်မြို့မှ တုဖက်ယှဉ်တွဲကိုးကွယ်သူ မုရှ်ရိက်

များသည် အချို့သော ဟလာလ်ဖြစ်သည့်တိရစ္ဆာန်များကို ဟရာမ်ဟု ကြေညာလေ့ရှိကြသည်ဟု ပြီးခဲ့သော အာယသ်တော်တွင် ရည်ညွှန်းခဲ့သည်။ ထို့နောက် ဤလုပ်ရပ်ကို ပြစ်တင်ရှုတ်ချထားခဲ့သည်။ ဤတွင် ဆန့်ကျင်ဘက် အနေဖြင့် ဖြစ်လာသည်မှာ အလ္လာဟ်အရှင်မြတ်က သူတို့ကို ဟရာမ်ဟူ၍ ကြေညာထားသော တိရစ္ဆာန်များကို မရှောင်ရှားချေ။ တစ်ချိန်တည်းတွင် အလ္လာဟ်အရှင်မြတ်က သူတို့အပေါ် ဟလာလ်ဟု သတ်မှတ်ထားချက်ကိုမူ ၎င်းတို့က ရှောင်ကြဉ်ကြလေသည်။ ထို့ကြောင့် ဤနေရာတွင် တားမြစ်ထားခြင်းဟူသည်ကို ချွင်းချက်မရှိ အဓိပ္ပာယ် မကောက်ယူသင့်ချေ။ မုရ်ရိုက်များ၏ အယူဝါဒကို ဆန့်ကျင်သည့်နေရာတွင် သုံးသည့်အတွက် ချွင်းချက်ရှိသည်။ ယုံကြည်ချက်ကို ဖီလာဆန့်ကျင် ခြင်း ဟူ၍ အဓိပ္ပာယ်မကောက်ယူသင့်ချေ။ ယခုအာယသ်တော် (၁၇၃)တွင် ဟရာမ်တရားမဝင်ဟု သတ်မှတ် ထားသောအရာများ (၄)မျိုးရှိသည်။

(၁) တိရစ္ဆာန်အသေကောင် (မိုင်သတ်)

(၂) သွေး (ဒန်မ်)

(၃) ဝက်သား (လာဟ်မလ်ခင်ဇီး၍)

(၄) အလ္လာဟ်အရှင်မြတ်၏ နာမတော်မှအပ အခြားသူတစ်ဦးဦးအမည်နာမတသ၍ လှီးဖြတ်ထားသော တိရစ္ဆာန်၏အသားတို့ဖြစ်သည်။ (ဝမာအုဟိလ်လဗိဟီလိဂိုင်းရိလ္လာဟ်)

ဤ(၄)မျိုးကို ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်များတွင်လည်းကောင်း၊ စစ်မှန်သော ဟဒီးဆ်တော်များတွင်လည်းကောင်း အကျယ်တဝင့် ရှင်းလင်းထားပြီးဖြစ်သည်။ တစ်ခုလုံးခြုံကြည့်လိုက်လျှင် အောက်ပါအမိန့်ပညတ်ချက်များပေါ်ထွက်လာပါသည်။ ယင်းတို့၏ အသေးစိတ်အချို့ကိုဖော်ပြရလျှင် -

## တိရစ္ဆာန်အသေကောင်နှင့်ပတ်သက်သည့် အမိန့်ပညတ်တော်များ

အသေကောင်ဟူသည်မှာ ပုပ်ပွနေသောအကောင်ပုပ် (သို့) တိရစ္ဆာန်အသေကောင်ဖြစ်သည်။ အစွလာမ့် ဝေါဟာရအသုံးအနှုန်းအရဆိုလျှင် ရှရီအသ်၏ လိုအပ်ချက်နှင့်အညီ သတ်ဖြတ်ထားခြင်းမဟုတ်သော တိရစ္ဆာန်ကို ဆိုလိုသည်။ မတရား ရိုက်နှက်၍သော်လည်းကောင်း အသက်ရှူပိတ်၍သော်လည်းကောင်း သေဆုံးခဲ့ပါလျှင် သေသည့် အမျိုးအစား တွင် ပါဝင်၍ 'ဟရာမ်'ဟု သတ်မှတ်သည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ပါရှိသည့် အခြားအာယသ်တော် (၅း၉၆)အရဆိုလျှင် ရေသတ္တဝါများကို လည်လှီးသတ်ဖြတ်ခြင်းသည် လိုအပ်သည့် အခြေအနေ တစ်ရပ်မဟုတ်ချေ။ ထိုသို့ လည်လှီးသတ်ဖြတ်ခြင်းမဟုတ်ဘဲ စားသုံးခွင့်ရှိပါသည်။ အာယသ်တော်မှာ- **أُحِلَّ لَكُمْ صَيْدُ الْبَحْرِ وَطَعَامُهُ** အသင်တို့အဖို့ ပင်လယ်(ဝါ)ရေသတ္တဝါများကို ဖမ်းခြင်းနှင့် ၎င်းတို့ကို စားသုံးခြင်းသည် 'ဟလာလ်'ဟူ၍ ခွင့်ပြုထားပြီးဖြစ်သည်။' ဤအချက်ပေါ် အခြေခံ၍ ခိုင်လုံစစ်မှန်သော ဟဒီးဆ်တော်ထဲတွင် 'မိုင်သတ်'ဟူသည့်အလ္လာဟ်အရှင်မြတ်နာမတော်ဖြင့်တသလှီးဖြတ်ထားခြင်း ခြင်းမဟုတ်သောကြောင့်'ဟရာမ်'ဟု သတ်မှတ်ထားသည့် အသေကောင်စာရင်းတွင် ငါးနှင့်ကျိုင်းကောင်မပါဝင်ချေ။ ထို့ကြောင့် ထိုအရာများသည် ကျွန်ုပ်တို့အတွက် ဟလာလ်ဖြစ်သည်။ တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားထားသည်မှာ 'အသေကောင် စာရင်းတွင်ပါဝင်သော ငါးနှင့်ကျိုင်းကောင်နှစ်မျိုးကို ကျွန်ုပ်တို့အတွက် ဟလာလ်ဟုသတ်မှတ်ထားသည်။

သွေးဖြင့်ဖွဲ့စည်းထားသောအရာနှစ်မျိုးဖြစ်သည့် အသည်းနှင့် သရက်ရွက်တို့ကိုလည်း ကျွန်ုပ်တို့အတွက် ဟလာလ်ဟု သတ်မှတ်ထားခဲ့သည်။ (အိဗ်နိမာဂျ်နှင့် ဒရ်ကုသ်နီကျမ်းမှ အိဗ်နိကဆီးရ်ကျမ်း)

ထို့ကြောင့် တိရစ္ဆာန်များထဲတွင် အလိုအလျောက်သေသည်ဖြစ်စေ၊ တစ်စုံတစ်ဦးသတ်၍ဖြစ်စေ လည်လှီးသတ်ဖြတ်ရန်မလိုဘဲ စားသုံးနိုင်ခွင့်ရှိသည့် တိရစ္ဆာန်မှာ ငါးနှင့်ကျိုင်းကောင်ဖြစ်သည်။ သို့သော်လည်း ပုပ်ပွ၍ ရေပေါ်ပေါ်နေသော ငါးကိုစားသုံးခြင်းသည် ဟရာမ်ဖြစ်သည်။ (ဂျဆ်ဆွားဆ်)

အလားတူပင် မုဆိုးတစ်ယောက်သည် တိရစ္ဆာန်တစ်ကောင်ကို လည်လှီးသတ်ဖြတ်ရန် အလှမ်းမမီသော နေရာ၌ရှိနေပြီး ထိုတိရစ္ဆာန်အား ဗိစ်မိလ္လာဟ်ဟုရွတ်ဆို၍ မြားကဲ့သို့သော ချွန်ထက်သည့် အရာနှင့်ပစ်ခတ်၍ ဒဏ်ရာရကာသေဆုံးသွားပါက ထိုတိရစ္ဆာန်ကို စားသုံးခြင် ဟလာလ်ဖြစ်လာနိုင်သည်။ ဒဏ်ရာရရုံသက်သက်မျှသည် မလုံလောက်ချေ။ ချွန်ထက်သောလက်နက်အချို့နှင့် ဒဏ်ရာရစေသောအခြေအနေကား မရှိမဖြစ် လိုအပ်သည်။

## အမိန့်ပညတ်ချက်နှင့် ဥပဒေများ

(၁) အကယ်၍ တိရစ္ဆာန်တစ်ကောင်သည် သေနတ်မှန်၍ ဒဏ်ရာရခဲ့ကာ တရားတော်နှင့်အညီ မလှီးဖြတ်နိုင်မီ သေဆုံးခဲ့လျှင် ထိုတိရစ္ဆာန်သည် ဒုတ် (သို့) ကျောက်ခဲဖြင့် ပြင်းထန်စွာရိုက်ခတ်ခံရခြင်းကြောင့် သေဆုံးသကဲ့သို့ မှတ်ယူရမည်။ ထိုကဲ့သို့သေဆုံးခြင်းကို ကုရ်အာန်ကျမ်းမြတ်၏ အခြားအာယသ်တော် (၅း၃)တွင် **مَوْقُوذَةٌ** (မောင်ကုဒဟ်)ဟုခေါ်၍ 'ဟရာမ်'ဟု သတ်မှတ်သည်။ သို့သော်လည်း ထိုတိရစ္ဆာန်မသေဆုံးမီ တရားတော်နှင့်အညီ လှီးဖြတ်နိုင်ပါက ဟလာလ်ဖြစ်လာနိုင်သည်။

(၂) အချို့သော အိုလမာသာသနာ့ပညာရှင်များက ကန်တော့ပုံ ကျည်ဆံထိပ်ဖူးသည် မြားအမျိုးအစားတွင် ပါဝင်သည်ဟု ယူဆကြပါသည်။ သို့သော်လည်း အများစု ပညာရှင်များ အယူအဆမှာ ကျည်ဆံထိပ်ဖူးသည် မြားနှင့်မတူပါဟုဆိုသည်။ ထိုကျည်ဆံသည် အသားထဲဖောက်ဝင်ကာ ကျည်ဆံထဲရှိ ပေါက်ကွဲစေသည့်အရာများကြောင့် အသားများစုတ်ပြဲသွားကြသည်။ ထို့ပြင် တိရစ္ဆာန်အား အနာတရဖြစ်စေနိုင်သည့် ချွန်ထက်သည့်စောင်းလည်း မရှိပါ။ ထို့ကြောင့် ကျည်ဆံဖြင့် အမဲလိုက်ခံရသော တိရစ္ဆာန်တစ်ကောင်အား တရားတော်အရ လှီးဖြတ်ခြင်းမဟုတ်လျှင် စားသောက်ခွင့်မရှိပါ။

(၃) အာယသ်တော် (၁၇၃)တွင်ပါသော 'မိုင်သဟ်' (သို့) အသေကောင်ကို ဟရာမ်ဟု ကြေညာထားခြင်းသည် ချွင်းချက်မရှိသော အဓိပ္ပာယ်ဆောင်ပါသည်။ ထို့ကြောင့် ထိုတိရစ္ဆာန်နှင့်ပတ်သက်၍ ၎င်း၏ အသားစားခြင်း၊ ရောင်းခြင်း၊ ဝယ်ခြင်းအားလုံးတို့သည် ဟရာမ်ဖြစ်သည်။ ထိုအမိန့်ပညတ်ချက်သည် 'အန်ဂျာစ်'ခေါ် မသန့်ရှင်းမစင်ကြယ်သောအရာအားလုံးနှင့်သက်ဆိုင်သည်။ ထို့ကြောင့် မသန့်သောအရာအားလုံးကို စားသုံးခြင်း၊ ရောင်းခြင်း၊ ဝယ်ခြင်း၊ ၎င်းတို့နှင့်ပတ်သက်၍ အကျိုးအမြတ်ဖြစ်ထွန်းစေရန်ပြုလုပ်ခြင်းအားလုံးသည် ဟရာမ်ဖြစ်သည်။ အဘယ်မျှထိဟူမူ ၎င်းအသေကောင်ဖြစ်စေ၊ ၎င်း၏ မသန့်ရှင်းသည့်အရာများကိုဖြစ်စေ၊ အခြားတိရစ္ဆာန်များအား တမင်တကာကျွေးမွေးခြင်း ခွင့်မပြုပါ။ သို့ရာတွင် ဤအသေကောင်ကို တစ်နေရာတွင်ထား၍

ခွေး (သို့) ကြောင်တစ်ကောင်ကဖြစ်စေ ၎င်းတို့သဘောအရ လာရောက်စားသွားလျှင်မူ ခွင့်ပြုသည်။ ခွင့်မပြုသည်မှာ ကိုယ်တိုင်ကိုယ်ကျ ကျွေးမွေးခြင်းပင်ဖြစ်သည်။ (ဂျဆွဲဆွားဆွဲ) (ကုရ်တုဗီ)

(၄) ဤအာယသ်တော်တွင်ပါသော 'မိုင်သဟ်' (သို့) အသေကောင်နှင့်ပတ်သက်၍ 'ဟရာမ်'အဖြစ်ပညတ်ကြေညာရာတွင် 'မိုင်သဟ်' အသေကောင်၏ အားလုံးသောအစိတ်အပိုင်းများပါဝင်သည့် ယေဘုယျသဘောဖြစ်သည်။ သို့သော်လည်း ဤကိစ္စနှင့်ပတ်သက်၍ အာယသ်တော် (၆း၁၄၅)တွင် **عَلٰى طَاعِمٍ يَّطْعَمُهٗٓ** ရှင်းလင်းဖော်ပြထားပါသည်။ ထိုအာယသ်တော်အရ ကျွန်ုပ်တို့သိရှိရသည်မှာ ထိုအသေကောင်၏ စားသုံး၍ရသော အစိတ်အပိုင်းဟူသမျှ အားလုံးကို တားမြစ်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ထိုအသေကောင်၏ အရိုးများနှင့် အမွေးအမျှင်များသည် စားသုံး၍မရသော်လည်း သန့်ရှင်းသောကြောင့်အသုံးပြုခွင့်ရှိသည်။ ကုရ်အာန် ကျမ်းတော်မြတ် အာယသ်တော် (၁၆း၈၀)တွင်လည်း **وَمِنْ اَصْوَافِهَا وَاَوْبَارِهَا وَاَشْعَارِهَآ اَثَاثًا وَّمَتَاعًا اِلٰى حِيْنٍ** 'ထိုကဲ့သို့သော တိရစ္ဆာန်များ၏ အမွေးအမျှင်များကို သုံးစွဲခြင်းအား ချွင်းချက်မရှိသောသဘောဖြင့် ခွင့်ပြုထား သည်။ ထိုအာယသ်တော်တွင် တရားတော်နှင့်အညီ လည်လှီးသတ်ဖြတ်ရမည်ဟူ၍ မပါဝင်ချေ။ (ဂျဆွဲဆွားဆွဲ) ထိုတိရစ္ဆာန်၏အရေခွံကို မသန့်ရှင်းသော သွေးများပါဝင်သောကြောင့် သားရေနယ်မပြုလုပ်ဘဲ သုံးစွဲခြင်းကို တားမြစ်ထားသည်။ သားရေနယ်ထားပြီးလျှင်မူ ခွင့်ပြုသည်။ ပိုမိုရှင်းလင်းသော ရှင်းလင်းချက်များကို ခိုင်လုံသော ဟဒီးဆ်တော်များထဲတွင် ကြည့်ရှုနိုင်ပါသည်။ (ဂျဆွဲဆွားဆွဲ)

(၅) တိရစ္ဆာန်အသေကောင်၏ အဆီနှင့် ယင်းအဆီနှင့်ပြုလုပ်ထားသမျှသောအရာအားလုံး တားမြစ်ပိတ်ပင်သည်။ ယင်းတို့ကို သုံးစွဲရန် အကြောင်းပင်မရှိချေ။ ရောင်းခြင်းဝယ်ခြင်းကိုပင် တားမြစ်ပိတ်ပင်ထားသည်။

(၆) တိရစ္ဆာန်အဆီဖြင့်ပြုလုပ်ထားသော ဆပ်ပြာသုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းသည် ကောင်းသည့်ကြိုတင်ကာကွယ်မှု ကျင့်စဉ်တစ်ရပ်ဖြစ်သည်။ သီးခြားထုတ်ကုန်ပစ္စည်းတစ်ခုသည် အသေကောင်တိရစ္ဆာန်အဆီကို အသုံးပြုထား ခြင်းဖြစ်သည်ဟု သေချာဂနစွာဖော်ထုတ်ရန် မလွယ်ကူပါ။ လူးသာလွန်သာ ခွင့်ပြုနိုင်စရာအကြောင်းများရှိလေသည်။ အသေကောင်တိရစ္ဆာန်အဆီနှင့်ပြုလုပ်ထားသောပစ္စည်းသည် အသုံးပြုခွင့်ရှိသည် ဟူသော အခြား အကြောင်းပြချက်သည်ကား အိဗ်နိအုမရ်၊ အဗူစအီးဒ် အလ်ခုဒ်ရီနှင့် အဗူမူဆာအလ်အရှ်အရီတို့ ကဲ့သို့သော ဆွဟာဗဟ် သာဝကကြီးများက ဥပဒေချမှတ်ခဲ့ကြ၍ဖြစ်သည်။ ၎င်းတို့က တိရစ္ဆာန်အသေကောင်၏ အဆီကို စားသုံးခြင်းအတွက် သာလျှင် တားမြစ်ပိတ်ပင်ထားခြင်းဖြစ်ပြီး ယင်းတို့ကို ပြင်ပတွင် အသုံးပြုခွင့်ရှိသည်ဟူ၍ ဆိုသောကြောင့်တည်း။ ထို့ကြောင့် တိရစ္ဆာန် အသေကောင်၏အဆီကို ရောင်းခြင်းဝယ်ခြင်းခွင့်ပြုသည်ဟူ၍ ဖြစ်သည်။ (ဂျဆွဲဆွား၈)

(၇) နွားနို့မှ ပြုလုပ်သောဒိန်ခဲတွင် အရဗီအခေါ် 'အင်ဖဟာ'ဟုခေါ်သော နို့ကိုခဲစေသည့်အရာပါဝင် ပါသည်။ ထိုနို့ခဲစေသည့်အရာသည် နို့မပြတ်သေးသော သိုးငယ် (သို့) နွားငယ်ကလေးများတို့၏ အစာအိမ်အမှေးပါးဖြစ်သည်။ ထိုပစ္စည်းဖြင့် နွားနို့ကိုခဲစေရန် အသုံးပြုသည်။ အလ္လာဟ်အရှင်မြတ်နာမတော်ကိုတသပြီး လှီးဖြတ်ထားသော တိရစ္ဆာန်၏အစာအိမ်မှ ထိုနို့ခဲစေသောပစ္စည်းကို ထုတ်ယူခဲ့ပါလျှင် အသုံးပြုနိုင်ပါသည်။ အစ္စလာမ့်ရှရီအသ်နှင့်အညီ လှီးဖြတ်ထားသောတိရစ္ဆာန်၏အသား၊ အဆီ စသည်တို့ကို သုံးစွဲခွင့်ပြုပါသည်။ အစ္စလာမ့်ရှရီအသ်နှင့်အညီ လှီးဖြတ်ထားခြင်းမရှိသော တိရစ္ဆာန်၏ အစာအိမ်မှ ထုတ်ယူထားသောပစ္စည်းအား အသုံးပြုခြင်း

ကိစ္စတွင် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များအကြားတွင် ကွဲလွဲသောအယူအဆများရှိကြပါသည်။ အိမာမ်အဗူဟနီဖတ်နှင့် အိမာမ်မာလစ်က်တို့က ထိုကဲ့သို့သော ပစ္စည်းကို သန့်ရှင်းသည်ဟု ယူဆကြပြီး အိမာန်အဗူယူစွဖ် အိမာမ် မုဟမ္မဒ်၊ အိမာမ်ဆောင်ရီနှင့် အခြားသူများက ၎င်းပစ္စည်းကို မသန့်ရှင်း၊ မစင်ကြယ်ဟု မှတ်ယူပါသည်။ (ဂျဆ်ဖွားဆ်၊ ကုရ်တုဗီ)

အစ္စလာမ်များ မအုပ်ချုပ်သောနိုင်ငံများမှ ပြုလုပ်ထားသော ဒိန်ခဲများတွင်သုံးသော နို့ခဲစေသည့်ပစ္စည်းကို အစ္စလာမ်ရှရီအသ်နှင့်မညီသောနည်းလမ်းဖြင့် သတ်ဖြတ်ထားသော တိရစ္ဆာန်မှထုတ်ယူထားကြောင်းဖြစ်နိုင်ချေ ပိုများပါသည်။ ထို့ကြောင့် ဓမ္မသတ်ပညာရှင်များ၏ တညီတညွတ်တည်းဆုံးဖြတ်ချက်အပေါ် မှီခိုအားထားကာ တစ်စုံတစ်ဦးသည် ထိုအရာများကိုသုံးစွဲခြင်းမှ ရှောင်ကြဉ်သင့်သည်။ အိမာမ်အဗူဟနီဖတ်နှင့် အိမာမ် မာလစ်က်တို့၏ ဓမ္မသတ်အရဆိုလျှင် ခွင့်ပြုနိုင်စရာအကြောင်းရှိပါသည်။ အနောက်နိုင်ငံများ၌ ပြုလုပ်သော အချို့သော ဒိန်ခဲများတွင် ဝက်ဆီသည် ပါဝင်ဖွဲ့စည်းသည့် ပစ္စည်းတစ်ခုဖြစ်ပြီး ယင်းကိုထုတ်ပိုးစက္ကူ (သို့) သံဘူး ပေါ်တွင် တွေ့မြင်နိုင်သည်။ ဤကဲ့သို့သောဒိန်ခဲများသည် ခွင်းချက်မရှိတားမြစ်ထားသောပစ္စည်း ဟရာမ်ဖြစ်၍ မသန့်ရှင်းပါ။

## သွေး

အာယသ်တော်ထဲတွင် ဒုတိယတားမြစ်ထားသောပစ္စည်းမှာ သွေးဖြစ်ပါသည်။ သွေးဟု အဓိပ္ပာယ်ရသော အရဗီစကားလုံး 'ဒမ်'ကို ဤအာယသ်တော်ထဲတွင် ခွင်းချက်မရှိသော အနေအထားဖြင့်သုံးစွဲထားပါသည်။ သို့ရာတွင် အာယသ်တော်(၆း၁၄၅) 'စူရတ်အလ်အန်အာမ်'တွင်မူ အထူးပြုသည့်အနေဖြင့် သုံးစွဲထားသည်။ သုံးစွဲထားပုံမှာ **مَسْفُوحًا** (စီးထွက်သော)ဟူ၍ဖြစ်သည်။ ထို့ကြောင့် ဓမ္မသတ်ပညာရှင်များ၏ သဘောတူညီချက်မှာ ခဲနေသောသွေးကဲ့သို့ဖြစ်သည့် ကျောက်ကပ် (သို့) သရက်ရွက်တို့သည် သန့်ရှင်းပြီးစားသုံးခွင့်ရှိသည်။

၁။ အပြင်သို့ စီးထွက်သွားသည့်သွေးကိုသာ တားမြစ်ထားသည့်အလျောက် လှီးဖြတ်ပြီးသည့်နောက် အသားပေါ်တွင် ကျန်ရှိခဲ့သည့် သွေးသည် သန့်ရှင်းသည်။ ဤကိစ္စနှင့်ပတ်သက်၍ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များ၊ ဆွဟာဗဟ်သာဝကကြီးများနှင့် သူတို့အားဆက်ခံသူများ၊ အုမ္မသ်များတို့သည်လည်း ယေဘုယျသဘောတူညီကြသည်။ ဤနည်းအတိုင်းဆိုလျှင် ခြင်၊ ယင်နှင့် ကြမ်းပိုးများ၏ သွေးများသည်လည်း မသန့်ရှင်းသည် မဟုတ်ပါ။ သို့သော် သန့်ရှင်းသည်ဆိုသည့်တိုင်အောင် ဆေးကြောပစ်ရပါမည်။ (ဂျဆ်ဖွားဆ်)

၂။ သွေးများကို စားသုံးခြင်း၊ သောက်သုံးခြင်းများတို့ကို တားမြစ်ထားသည့်အလျောက် ထိုသွေးများကို အပြင်ပိုင်း ဆိုင်ရာအသုံးပြုခြင်းကိုလည်း တားမြစ်ထားပါသည်။ မသန့်ရှင်းသည့်အရာများကို ရောင်းခြင်းဝယ်ခြင်းနှင့် ထိုအရာများအပေါ်မှ အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ခြင်းများကိုလည်း တားမြစ်ထားသကဲ့သို့ သွေးများကိုလည်း ရောင်းခြင်းဝယ်ခြင်းနှင့် ယင်းအပေါ်မှ အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ခြင်းများကိုလည်း တားမြစ်ထားသည်။ ကုရ်အာန်ကျမ်းမြတ်၏ စကားလုံးများအရ 'ဒမ်'ခေါ် သွေးကို ခွင်းချက်မရှိ ပိတ်ပင်တားမြစ်ထားခဲ့သောကြောင့် ၎င်းနှင့်ပတ်သက်ပြီး ဖြစ်နိုင်သည့်နည်းလမ်းများဖြင့် သွေးကို အသုံးချခြင်းကိုလည်း တားမြစ်ထားလေသည်။

## သွေးသွင်းခြင်း

စင်စစ်မှာမူ လူ၏သွေးသည် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ထိုသွေးကို လူ့ခန္ဓာကိုယ်အတွင်းမှ ထုတ်ယူခဲ့ပါလျှင် ၎င်းကို 'နဂျစ်' (သို့) 'မသန့်'ဟုခေါ်ပါသည်။ ထို့ကြောင့် သွေးကို ခန္ဓာကိုယ်တစ်ခုမှ ထုတ်ယူပြီး အခြားခန္ဓာကိုယ်တစ်ခုအတွင်းသို့ သွင်းခြင်းအား အောက်ပါအကြောင်းပြချက်နှစ်ခုကြောင့် ဟရာမ်ဟု မှတ်ယူပါသည်။

(က) လူခန္ဓာကိုယ်အား အလေးဂရုပြုခြင်းသည် မဖြစ်မနေပြုရမည့်ကိစ္စဖြစ်နေခြင်းကြောင့် သွေးထုတ်ခြင်း၊ သွေးသွင်းခြင်းသည် ထိုမူနှင့်ဆန့်ကျင်ဘက်ဖြစ်နေပါသည်။

(ခ) သွေးသည် 'အလ်နဂျဇသုလ်ဂလီဇာဟ်' အလွန်မသန့်မရှင်းဖြစ်ပါသည်။ မသန့်ရှင်း သောအရာများကို သုံးစွဲခြင်းအား ခွင့်မပြုနိုင်ခြင်းဖြစ်သည်။

သို့သော် ရောဂါများအား ယေဘုယျကုသခြင်း၌လည်းကောင်း၊ အကြပ်အတည်းအခြေအနေမျိုးများထဲတွင်လည်းကောင်း အစွမ်းမဲ့ရှရီအသ်၏ အဆင်ပြေမှုများဖြစ်စေရန် ခွင့်ပြုချက်ကို သုံးသပ်ကြည့်သောအခါ အောက်ပါကောက်နှုတ်ချက်များကို ကျွန်ုပ်တို့ ချမှတ်နိုင်ပါသည်။

သွေးသည် လူ့ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ဆိုသည်ကို သံသယမရှိပါ။ သို့ရာတွင် အခြားသူတစ်ဦး၏ခန္ဓာကိုယ်အတွင်းသို့ ထည့်သွင်းရာတွင် ခွဲစိတ်ကုသရန်မလိုပါ။ သွေးကိုလူ့ခန္ဓာကိုယ်အတွင်းမှ ဆေးထိုးအပ်ဖြင့် စုပ်ထုတ်ယူကာ ထိုနည်းနှင့်ပင် အခြားသူတစ်ဦး၏ ခန္ဓာကိုယ်အတွင်းသို့ သွင်းပါသည်။ ထို့ကြောင့် ယင်းကဲ့သို့ ပြုလုပ်ခြင်းသည် လူတစ်ဦးတစ်ယောက်၏ နို့ကို အခြားသူတစ်ဦးတစ်ယောက်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းဖြစ်သွားစေရန် ထည့်သွင်းခြင်းနှင့် သဏ္ဌာန်တူပါသည်။ အစွမ်းမဲ့ရှရီအသ်သည် လူသားကလေး၏ လိုအပ်ချက်အရ သူ (သို့) သူမ၏ ကနဦးအစားအစာကို နို့မှလွဲ၍ မည်သည့်အရာကိုမျှ မသတ်မှတ်ခဲ့ပါ။ ထို့ကြောင့် မိမိတို့သက်ဆိုင်ရာလင်သားများနှင့်ပေါင်းသင်းနေသရွေ့ ကလေးများကို နို့တိုက်ကျွေးခြင်းသည် ထိုမိခင်များ၏ မပြုမနေရပြုရမည့်တာဝန်ဖြစ်သည်။ လင်သားများနှင့်ကွာရှင်းပြတ်စဲပြီးသည့်နောက်တွင် ထိုမိခင်များကို ကလေးသူငယ်များအား နို့ချိုတိုက်ကျွေးရန် အတင်းအကြပ်ခိုင်းစေနိုင်ခွင့်မရှိပါ။ ကလေးသူငယ်များအား အစာရေစာကျွေးရန်ဖခင်က နို့ထိန်းသည်တစ်ဦးကို စီစဉ်ရပါမည်။ (သို့) ကွာရှင်းပြီးခဲ့သည့် ကလေး၏အမေအား အခကြေးငွေဖြင့် ဆက်လက်နို့တိုက်ကျွေးရန် စီစဉ်ရပါမည်။

ဤကိစ္စနှင့်ပတ်သက်၍ ကျမ်းတော်မြတ်ကုရ်အာန်တွင် အောက်ပါအတိုင်း ရှင်းလင်းပြတ်သားစွာ မိန့်ကြားထားသည်မှာ -

فَإِنْ أَرْضَعْنَ لَكُمْ فَآتُوهُنَّ أُجُورَهُنَّ

**'တဖန် အကယ်၍ ၎င်းတို့သည် အသင်တို့အကျိုးငှာ (အသင်တို့၏ကလေးကို) နို့တိုက်ကျွေးခဲ့ကြလျှင် အသင်တို့သည် ၎င်းတို့အား ၎င်းတို့အခများကို ပေးဆပ်ကြလေကုန်။' (၆၅:၆)**

အတိုချုပ်ဆိုရလျှင် နို့သည် လူကိုယ်ခန္ဓာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း ကလေးသူငယ်များ၏

လိုအပ်ချက်အရ ထိုနို့ကိုသုံးစွဲခြင်းအား ခွင့်ပြုခဲ့ပါသည်။ လူကြီးများအတွက် ဆေးအဖြစ် ဝါးအဖြစ် သုံးစွဲခြင်းကို ပင် ခွင့်ပြုသည်။ အာလမ်ဂီရိယာဟ်တွင် အောက်ပါအတိုင်းဖော်ပြထားပါသည်။

**ولا بأس بأن يسعط الرجل بلبن المرأة ويشربه للدواء** ﴿عالمكيري ص٤﴾

'အမျိုးသမီးတစ်ဦး၏ နို့ရည်ကို ယောကျ်ားတစ်ဦ ခံစားနေရသောရောဂါဝေဒနာအချို့ကို ကုသရန်အတွက် ထိုယောကျ်ား၏နှာခေါင်းထဲသို့ ထည့်သွင်းခြင်းသည် အပြစ်မဖြစ်ပါ။' သို့တည်းမဟုတ် ဆေးအဖြစ် ဝါးအဖြစ် သောက်သုံးရန်ပေးခဲ့လျှင်လည်း အပြစ်မဖြစ်ပါ။ (ဤအကြောင်းအရာနှင့်ပတ်သက်၍ ပိုမို အသေးစိတ်များကို သိရှိလိုပါက အိဗ်နိကုဒါမာဟ်ပြုစုသော အလ်မုဂ္ဂနီကျမ်း၊ ကိသားဗ်အလ်စာယဒ် အတွဲ-၈၊ စာမျက်နှာ-၆၀၂ တွင် ကြည့်ရှုပါ။)

အကယ်၍ သွေးကို နို့နှင့်သဏ္ဌာန်တူထား၍ ကိုင်တွယ်မည်ဆိုလျှင် ထိုအလားသဏ္ဌာန်တူမှုသည် သိပ် ကွာခြားမှုမရှိပါ။ အဘယ့်ကြောင့်ဆိုသော် နို့သည် သွေးကိုအသွင်ပြောင်းထားသည့်ပစ္စည်းတစ်မျိုးဖြစ်ကာ လူခန္ဓာ ကိုယ်အစိတ်အပိုင်းတစ်ခုလည်းဖြစ်သောကြောင့်ဖြစ်ပါသည်။

ထိုအရာနှစ်ခု၏ တစ်ခုတည်းသောခြားနားချက်မှာ နို့သည် သန့်ရှင်းစင်ကြယ်ပြီး သွေးမှာမူ ထိုကဲ့သို့မဟုတ် ပေ။ ထို့ကြောင့် တရားမဝင်ခြင်း၏ ပထမအကြောင်းဖြစ်သော လူခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ခြင်းသည် ဤနေရာတွင် အသုံးမဝင်တော့ပါ။ ကျန်သည်မှာ မသန့်ရှင်း မစင်ကြယ်သည့်အကြောင်းပင်ဖြစ်သည်။ ဤကိစ္စတွင် လည်း အချို့သော ဓမ္မသတ်ပညာရှင်များက ဆေးဝါးကုသခြင်းအကြောင်းပြချက်များအတွက် သွေးသွင်းခြင်းကို ခွင့်ပြုခဲ့ကြပါသည်။

ထို့ကြောင့် ယင်းကိစ္စတွင် မှန်ကန်သောသဘောထားမှာ သာမန်အခြေအနေများတွင် လူသွေးကို အခြား ခန္ဓာကိုယ်တစ်ခုထဲသို့ သွင်းခြင်းအား ရှရီအသ်က ခွင့်ပြုထားဟန်မရှိသော်လည်း ဆေးဝါးကုသမှု၌ အကြပ်အတည်း အချိန်များတွင် ဒိဟကင်းရှင်းစွာ ခွင့်ပြုထားသည်။ အကြပ်အတည်းအခြေအနေမျိုးဆိုသည်မှာ လူနာတစ်ဦးသည် အသက်လုရမည့်အခြေအနေမျိုးနှင့် ရင်ဆိုင်ရသည့်အခါတွင်သော်လည်းကောင်း၊ အသက်ကယ်ဆေးများ လွယ်လင့် တကူ မရရှိနိုင်သည့်အခါတွင်သော်လည်းကောင်း လက်ဝယ်ရှိသည့်ဆေးများသည်လည်း အစွမ်းမထက်တော့သည့် အချိန်အခါမျိုး၌သော်လည်းကောင်း ဆိုလိုပါသည်။ ထိုအချိန်တွင် လူနာအား သွေးသွင်းခြင်းအားဖြင့် လူနာ၏ အသက်ကို ကယ်တင်နိုင်မည်ဟု ဖြစ်နိုင်ခြေအများဆုံးရှိသော အချိန်အခါလည်း ဖြစ်ရပါမည်။ ဤအခြေအနေမျိုး များဖြင့် ကြုံတွေ့ခဲ့ပါလျှင် ကုရ်အာန်ကျမ်းတော်မြတ်အလိုရ သွေးသွင်းခြင်းကို ခွင့်ပြုနိုင်ပါသည်။ ကုရ်အာန်ကျမ်း တော်မြတ်က ရှင်းလင်းပြတ်သားစွာ မိန့်ကြားထားသည်မှာ လိုအပ်မှုက အတင်းအကြပ်စေ့ဆော်သောအခါမျိုး၌ လူတစ်ဦးတစ်ယောက်အသက်ကိုရှည်စေရန်အတွက် အသေကောင်၏ အသားကိုပင်စားခွင့်ပြုထားပါသည်။ သို့သော်လည်း အကြပ်အတည်းအခြေအနေမျိုးနှင့် ဆေးဝါးကုသမှုအခြေအနေမျိုးမဟုတ်ခဲ့သော် ဤကိစ္စနှင့် ပတ်သက်၍ ဓမ္မသတ်ပညာရှင်များက ကွဲလွဲစွာကိုင်တွယ်ခဲ့ကြပါသည်။ တစ်ချို့က ခွင့်ပြုခဲ့ပြီး အချို့ခွင့်မပြုခဲ့ပါ။ အသေးစိတ်များကို ဖွေကာစာအုပ်များတွင် ကြည့်ရှုနိုင်ပါသည်။ ဤကိစ္စရပ်နှင့်ပတ်သက်၍ စိတ်ပါဝင်စားသော သူများသည် ဤကျမ်းရှင် အူရဒူဘာသာနှင့်ပြုစုသော လူခန္ဓာကိုယ်အစိတ်အပိုင်းများအား အစားထိုးကုသခြင်း စာအုပ်တွင် ဖတ်ရှုနိုင်ပါသည်။

**ဝက်သည် တားမြစ်ပိတ်ပင်ထားသောအရာဖြစ်သည်။**

ဤအာယသ်တော်ထဲတွင် တားမြစ်ထားသော တတိယအရာမှာ ဝက်သားပင်ဖြစ်သည်။ ဤနေရာ၌ တရားမဝင်ဟု သတ်မှတ်ထားသည်မှာ ဝက်၏အသားသာလျှင်ဖြစ်ကြောင်း သတိမူရပါလိမ့်မည်။ အလ်ကုရ်သုဒီက ရှင်းလင်းသည်မှာ ဤကဲ့သို့ပြောကြားမှု၏ ရည်ရွယ်ချက်သည် အသားတစ်ခုတည်းကိုသာလျှင် သတ်မှတ်ထားသည်ဟု မမှတ်ယူသင့်ဟုဆိုသည်။ စင်စစ်မှာ အရိုး၊ အရေခွံ၊ အမွေးအမျှင်၊ အရွတ် စသည့် ဝက်၏ အစိတ်အပိုင်းအားလုံးသည် တားမြစ်ပိတ်ပင်ထားသည်ဟု မုစ်လင်မ်လူမှုအသိုင်းအဝိုင်းမှ တညီတညွတ်တည်း လက်ခံကြပါသည်။ အခြား တားမြစ်ထားသော တိရစ္ဆာန်ကို ဇဗဟ်ပြုလုပ် စားသုံးနိုင်သော်လည်း ဝက်ကိုမူ ဇဗဟ်ပြုလုပ်၍ မစားသုံးနိုင်။ တားမြစ်ထားကြောင်း ပြသရန်အတွက် (လဟ်မ် **لَحۡم** အသား)ဟူသော စကားလုံးသုံးနှုန်းထားခြင်းဖြစ်သည်။ အကြောင်းမှာ ဝက်ကို ဇဗဟ်ပြုလုပ်သည့်တိုင် ဝက်သားမှာ သန့်ရှင်းစင်ကြယ်သည့် အဖြစ်မရောက်၍ ဝက်သားမှာ လုံးဝဥသုံ့ မသန့်ရှင်း၊ တရားတော်နှင့်မညီချေ။ မည်သို့ပင်ဖြစ်စေ ဟဒီးဆ်တော်၌ ဝက်မွေးကို သားရေချုပ်ရာတွင် အပ်ချည်အဖြစ်အသုံးပြုခွင့်ရှိသည်ဟုဆိုသည်။ (ဂျဆ်ဆွားဆ်၊ ကုရ်သုဒီ)

**ပူဇော်ပသထားသည့် သတ္တဝါများ**

ဤအာယသ်တော်ထဲတွင် တားမြစ်ထားသည် စတုတ္ထအရာမှ အလ္လာဟ်အရှင်မြတ်မှအပ အခြားသူ တစ်ဦးတစ်ယောက်အတွက် ပူဇော်ပသထားသော တိရစ္ဆာန်ဖြစ်သည်။ ဤကဲ့သို့ ပူဇော်ပသရာတွင် ပုံစံ(၃)မျိုး (၃)စား ရှိပါသည်။

(၁) အလ္လာဟ်အရှင်မြတ်မှအပ အခြားသူတစ်ဦးတစ်ယောက်နှစ်မြို့ရန်အတွက် ဇဗဟ်ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့ ဇဗဟ်လုပ်ရာတွင် အခြားသူ၏အမည်ကိုသာလျှင် တသခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ ဇဗဟ်လုပ်ခြင်းသည် မုစ်လင်မ်ထုတစ်ရပ်လုံးက ဒိုဟမရှိ တားမြစ်ပိတ်ပင်သည်ဟု တညီတညွတ်တည်း သဘောတူညီကြသည်။ ဤတိရစ္ဆာန်သည် 'မိုင်သဟ်'ခေါ် အသေကောင်ဖြစ်သည်။ ထိုအသေကောင်၏ မည်သည့်အပိုင်းအစပေါ်တွင် မည်သည့် အကျိုးအမြတ်ကိုမျှ ထုတ်ယူပိုင်ခွင့်မရှိပါ။ အဘယ့်ကြောင့်ဆိုသော် အာယသ်တော် (၁၇၃) - **مَاۤ أُهِلَّ بِهِۦ لِغَيۡرِ ٱللَّهِ** က မည်သည့်သဘောထားကွဲလွဲမှုမျှမရှိပဲ ရှင်းရှင်းလင်းလင်း မိန့်ကြားထားသောကြောင့်ဖြစ်သည်။

(၂) အလ္လာဟ်အရှင်မြတ်၏ နာမတော်ကိုရွတ်ဆို၍ ဇဗဟ်ပြုလုပ်ထားလင့်ကစား အလ္လာဟ်မှအပ အခြားသူတစ်ဦးတစ်ယောက် နှစ်မြို့စေရန်ပြုလုပ်ခြင်းဖြစ်လျှင်လည်း ရှရီအသ်တရားတော်က တားမြစ်ပိတ်ပင်ထားသည်။ သတ်ဖြတ်စဉ်တွင် အလ္လာဟ်အရှင်မြတ်နာမတော်ကိုရွတ်ဆို၍ ဆိတ်များ၊ သိုးများနှင့် ကြက်များကိုပင် လှီးဖြတ်သော်လည်း သတ်ဖြတ်စဉ် ၎င်းတို့၏ အကြီးအကဲများ ခေါင်းဆောင်များ၏ နှစ်မြို့မှုရရှိစေရန် သတ်ဖြတ်သည်ဆိုလျှင် ယင်းတို့ကို ရှရီအသ်က တားမြစ်ထားသည်။ အသိပညာနည်းသော မုစ်လင်မ်အများစု ထိုသို့ ပြုလုပ်ကြပါသည်။ ဖုကဟာ ဓမ္မသတ်ပညာရှင်များက ထိုကဲ့သို့သော ပုံသဏ္ဌာန်အားလုံးသည် ဟရာမ်ဖြစ်ကြောင်း သဘောတူညီကြပါသည်။ ထိုကဲ့သို့ သတ်ဖြတ်ထားသောသတ္တဝါသည် အသေကောင်ပင်ဖြစ်သည်။

ဤအကြောင်းအချက်နှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုရှိသည်။ အချို့ ဦးကာရှင်များနှင့် ဓမ္မသတ် ပညာရှင်များက ဒုတိယအခြေအနေသည်လည်း အာယသ်(၁၇၃) **مَاأُهِلَّ بِهِۦ لِغَيۡرِ ٱللَّهِ** တွင် အကျုံးဝင်သည်ဟု အခိုင်အမာပြောဆိုသည်။

အလ်ဗိုင်ဒါဝီ၏ ဟဝါရှိကျမ်းတွင် ပါရှိသည်မှာ -

**فكل ما نودى عليه بغير اسم الله فهو حرام وان ذبح باسم الله تعالى حيث اجمع العلماء لو ان مسلما ذبح ذبيحة وقصد بذبحه التقرب الى غير الله صار مرتدا وذبيحته ذبيحة مرتد**

တိရစ္ဆာန်ကို အလ္လာဟ်အရှင်မြတ်နာမတော်တသ၍ လည်လှီးသည့်တိုင် ထိုတိရစ္ဆာန်ကို အလ္လာဟ်မှအပ အခြားသူတစ်ဦးကို ရည်စူးသည်ဆိုလျှင် ဟရာမ်ဖြစ်သည်။ ထို့ကြောင့် မုစ်လင်မ်တစ်ဦးသည် တိရစ္ဆာန်တစ်ကောင်ကို အလ္လာဟ်မှအပ အခြားသူတစ်ဦးနှစ်မြို့စေရန်ရည်စူး၍ အလ္လာဟ်အရှင်မြတ် နာမတော်တသလှီးဖြတ်သည်ဆိုလျှင် ထိုသူသည် မုရ်သဒ်ဘာသာပျက်တစ်ဦးဖြစ်သွားသည်။ ထိုသို့ လှီးဖြတ်ခံရသောသားကောင်သည် ဘာသာပျက်သူတစ်ဦး လှီးဖြတ်ထားသကဲ့သို့ဖြစ်သည်ဟု အိုလမာ သာသနာ့ပညာရှင်များက သဘောတူညီကြသည်။

ဤအကြောင်းအရာကို ထပ်လောင်း၍ အလ်ဒုရ်ရုလ်မုခ်တာရ်၊ ကိသာဗွလ် ဇဟာအိဟ်တွင် မိန့်ကြားထားသည်မှာ -

**ذبح لقدوم الامير ونحوه كواحد من العظماء يحرم لانه اهل به لغير الله ولو ذكر اسم الله**

ဂုဏ်သရေရှိသူတစ်ဦး၏ အလည်အပတ်လာရောက်ခြင်းကို ဂုဏ်ပြုသည့်အနေဖြင့် တိရစ္ဆာန်တစ်ကောင်ကို သတ်ဖြတ်ခြင်းသည် ဟရာမ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်နာမတော်ဖြင့် သတ်ဖြတ်သော်လည်း 'မာအုဟိလ္လ ဗိဟိလိဂိုင်းရိလ်လာဟ်'တွင် အကျုံးဝင်သွားသောကြောင့်ဖြစ်သည်။ **(ဒုရ်ရုလ်မုခ်သာရ်-အတွဲ -၅၊ စာမျက်နှာ ၂၁၄)**

အလ်ရှာမီအမြင်ကလည်း ထိုအယူအဆနှင့် ကိုက်ညီသည်။

ဤတွင် အချို့သောသူများသည် မာအုဟိလ္လဗိဟိလိဂိုင်းရ်ရိလ္လာက ရှင်းရှင်းလင်းလင်းဘာကို ဆိုလိုသည်ဟူသောအချက်ကို အကျယ်ချဲ့ရန် မလိုလားကြပေ။ အဘယ်ကြောင့်ဆိုသော် ဤအခြေအနေတွင် အထက်ပါစကားစုကို အရဗီစကားအတိုင်း အဓိပ္ပါယ်ပြန်ဆိုရန် အနည်းငယ် ဝန်လေးနေကောင်း ဝန်လေးနေပေလိမ့်မည်။ သို့သော် သာမန်ဖြစ်ရိုးဖြစ်စဉ် အကြောင်းတရားပေါ်အခြေခံ၍၊ အလ္လာဟ်အရှင်မြတ်မှအပ အခြားတစ်စုံတစ်ဦးကျေနပ်နှစ်သက်စေရန် ရည်စူးချက်ကြောင့် မာအုဟိလ္လဗိဟိလိဂိုင်းရ်ရိလ္လာ တွင်အကြုံးဝင်ကာ ဟရာမ်ဖြစ်ပါလိမ့်မည်။ ကျွန်ုပ် ရိုကျိုးနှိမ့်ချသော စားရေးသူ၏အမြင်မှာ၊ ဤသည်က သာပို၍ စိတ်ချရဆုံး၊ သတိတရားရှိဆုံးနှင့် အခိုင်မာဆုံး ဖြစ်ပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တစ်ခုကလည်း ဤအခြေအနေ၏ တရားမဝင်မှုကို အထောက်အကူပြုထားသည့် အာယသ်တော်မှာ- **وَمَاذُبِحَ عَلَى النُّصُبِ** (၅:၃) ဟူ၍ဖြစ်သည်။ 'နုစုဗ်'ဟူသော စကားလုံးသည် ဤနေရာ၌ မှားယွင်းသောနည်းလမ်းဖြင့် ကိုးကွယ်သည့်အရာတိုင်းကိုဆိုလိုသည်။ ထို့ကြောင့် မှားယွင်းသောဘုရားများအတွက် ပူဇော်လှီးဖြတ်ထားသော သားကောင်များကို ရည်ညွှန်းသည်။ အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် ဝမာအုဟိလ္လ ဗိဟီလိဂိုင်းရ်ရိလ္လာဟ်က ကျွန်ုပ်တို့ကို ပြောကြားသည်ကား မာအုဟိလ္လသည် ထိုတိရစ္ဆာန်ကို လှီးဖြတ်သည့်အချိန်တွင် အလ္လာဟ်အရှင်မြတ်၏နာမတော်အပြင် အခြားအမည်တစ်ခုကို တသရည်စူး၍ လှီးဖြတ်ထားသော တိရစ္ဆာန်ကို ဆိုလိုခြင်းဖြစ်သည်မှာ အလွန်ရှင်းလင်းသည်။ ထို့ပြင် ဒုဗိဟ အလလ် နုစုဗိတွင် အထက်ပါအာယသ်နှင့်ဆန့်ကျင်၍ အလ္လာဟ်မှအပ အခြားအရာ၏ နာမတော်တသရွတ်ဆိုခြင်းကို ရည်ညွှန်းထားခြင်းမရှိချေ။ ဤတွင် လှီးဖြတ်ခြင်းအမှုသည် ရုပ်ထုများ၏ ကျေနပ်နှစ်သက်ရန် ရည်စူးခြင်းကို ဆိုလိုသည်။ ထိုတိရစ္ဆာန်များဆိုရာတွင် သတ်ဖြတ်ချိန်တွင် အလ္လာဟ်အရှင်မြတ်၏ နာမတော်ရွတ်ဆိုခဲ့သော တိရစ္ဆာန်များဖြစ်သော်လည်း ထိုသို့သတ်ဖြတ်ရာတွင် အလ္လာဟ်အရှင်မြတ်မှအပ အခြားသူတစ်ဦးဦး ကျေနပ်မှုရရှိရန်အလို့ငှာ သတ်ဖြတ်ခဲ့သော တိရစ္ဆာန်များပါဝင်သည်။ (ဤအထူးမှတ်ချက်သည် ကျွန်ုပ်၏ ဆရာသခင် ဟကီမုလ်အုမ္မသ် မော်လာနာ အရှ်ရဖ် အလီ ထာနဝီထံမှ ဖြစ်သည်။)

အိမာမ်တုရ်သုဗီကလည်း သူ၏ အကျယ်ဖွင့်ဆိုချက်တွင် တူညီသော ချဉ်းကပ်မှုဖြင့် ဖော်ပြထားသည်မှာ -

**وجرت عدة العرب بالصياح باسم المقصود بالذبيحة وغلب ذلك في**
**استعمالهم حتى عبر به عن النية التي هي علة التحريم**

> အရပ်တို့တွင် သားကောင်ကို လှီးဖြတ်ချိန်တွင် ရည်စူးသူအတွက် အမည်ကို ကျယ်လောင်စွာ အော်ဟစ်သည့် ဓလေ့ထုံးစံတစ်ခုရှိခဲ့ပါသည်။ ထိုကဲ့သို့ ပြုလုပ်သည်ကို အရပ်တို့တွင် ခေတ်စားခဲ့သည်။ ဤအာယသ်တော်ထဲတွင် အလ္လာဟ်အရှင်မြတ်မှအပ အခြားသူတစ်ဦး၏ ကျေနပ်နှစ်သက်ရန် ရည်စူးချက်ကို တားမြစ်ခြင်း၏ အကြောင်းရင်းဖြစ်ပါသည်။ ယင်းကို အိဟ်လာလ် (သို့) အော်ဟစ်ခြင်းဟု သတ်မှတ်သည်။ (သဖိစိရ် အလ်ကုရ်တုဗီ အတွဲ-၂၊ စာ-၃၀၇) (အိမာမ်ကုရ်သုဗီသည် ဤဆန်းစစ်မှုကို ဟဇရသ်အလီ(ﷺ)သခင်နှင့် အာအိရှဟ်( **رضى الله عنها** ) သခင်မတို့၏ ဓမ္မသတ်များအပေါ် အခြေခံ၍ ဖော်ပြထားခြင်းဖြစ်သည်။)

စိုက်ယိဒိနာအလီ(ﷺ)သခင်၏ လက်ထက်တွင် ကဗျာဆရာ 'ဖရဇ်ဒါက်'၏ဖခင်ဖြစ်သူ ဂါလစ်ဗ် သည် ကုလားအုတ်တစ်ကောင် ဇဗဟ်လုပ်ခဲ့သည်။ ထိုသို့ ဇဗဟ်လုပ်ချိန်တွင် အလ္လာဟ်အရှင်မြတ်မှအပ အခြားသူတစ်ဦးတစ်ယောက်အမည်နှင့်ပြုလုပ်ကြောင်း ခိုင်လုံသည့် အထောက်အထားတစ်စုံတစ်ရာမရှိချေ။ သို့သော်လည်း အလီ(ﷺ)သခင်သည် ဤသည်လည်း မာအုလိလ္လ ဗိဟီလိဂိုင်းရိလ္လာဟ်၏ အမျိုးအစားတွင် ပါဝင်၍ ဟရာမ်ဟု သတ်မှတ်ခဲ့သည်။ ဆွဟာဗာဟ်သာဝကကြီးများ(ﷺ) အားလုံးကလည်း ယင်းအဆုံးအဖြတ်ကို လက်ခံကြသည်။

ထိုနည်းတူစွာ အလ်ကုရ်သုဗီသည် အိမာမ်မုစ်လင်မ်၏ဆရာဖြစ်သူ ယဟ်ယာ အိဗ်နိယဟ်ယာထံမှ ကြားသိရ

သည်မှာ စိုက်ယိဒါအာအိရှာဟ်(رضى الله عنها)သခင်မထံမှ ရှည်လျားသောဟဒီးဆ်တော်တစ်ပုဒ်ကို ဆင့်ပြန်ခဲ့သည်။ ယင်း၏ အဆုံးပိုင်း၌ အမျိုးသမီးတစ်ဦးက သခင်မကြီးကို လျှောက်ထားသည်မှာ 'အို - အုမ်မုလ်မုအ်မင်န် . . . ကျွန်မတို့၏ နို့စို့ဘက် ဆွေမျိုးသားချင်းသည် အရပ်လူမျိုးများမဟုတ်ကြပါ။ ၎င်းတို့သည် အချိန်တိုင်း ပွဲလမ်း သဘင်တစ်ခုမဟုတ်တစ်ခု ကျင်းပလေ့ရှိပါသည်။ ထိုပွဲလမ်းသဘင်များတွင် ကျွန်ုပ်တို့ထံ လက်ဆောင်များ ပို့ပေးခဲ့ပါသည်။ ကျွန်မတို့သည် ထိုပစ္စည်းများကို စားသုံးသင့်ပါသလား (သို့) မစားသုံးသင့်ပါသလားဟု မေးလျှောက်ခဲ့သည်။ အာအိရှာဟ်(رضى الله عنها)သခင်မက မိန့်ကြားသည်မှာ -

**اما ماذبح لذلك اليوم فلا تاكلوا و لكن كلوا من اشجارهم**

'ထိုနေ့အတွက် သတ်ဖြတ်ထားသောအသားကို မစားသုံးရ။ သို့သော်လည်း သင်တို့သည် သူတို့၏ အပင်များမှ သစ်သီးဝလံများကိုမူ စားသုံးနိုင်သည်'ဟူ၍ဖြစ်သည်။ (ကုရ်သုဗီ၊ အတွဲ-၂၊ စာ-၂၀၇)

အချုပ်အားဖြင့် ဒုတိယအခြေအနေကို အောက်ပါအတိုင်းပြောနိုင်သည်။ တိရစ္ဆာန်ကို လှီးဖြတ်သော အချိန်တွင် အလ္လာဟ်အရှင်မြတ်နာမတော် ရွတ်ဆိုသော်လည်း ရည်စူးချက်သည် အလ္လာဟ်အရှင်မြတ်မှအပ အခြားသူတစ်ဦးတစ်ယောက်အတွက်ဖြစ်သည်ဆိုလျှင် မာအုဟိလ္လ ဗိဟီလိဂိုင်းရိလ္လာဟ်နှင့်ဆက်နွယ်၍ အောက်ပါ အကြောင်းပြချက်နှစ်ရပ်နှင့် တားမြစ်ပိတ်ပင်ထားသောအဆင့်ရောက်ရှိသွားသည်။

(က) အကြောင်းတရားတူညီမှုဖြစ်သော အလ္လာဟ်အရှင်မြတ်မှအပ အခြားသူတစ်ဦးတစ်ယောက်၏ ကျေနပ် နှစ်သက်မှုကိုရည်စူး၍ဖြစ်သည်။

(ခ) အာယသ်တော် (၅း၃)အားဖြင့် အကျိုးဝင်သည့်အတွက် ဤသည်တို့ကို တားမြစ်ပိတ်ပင်ထားသည်။

(၃) တတိယအခြေအနေတစ်ရပ်လည်းရှိသေးသည်မှာ တိရစ္ဆာန်တစ်ကောင်ကို နားရွက်ကိုလှီးဖြတ်၍ လည်းကောင်းတံဆိပ်ခပ်နှိပ်၍လည်းကောင်း ဘေးမဲ့ပေးခြင်းဖြစ်သည်။ ထိုသို့ဘေးမဲ့လွှတ်ခြင်းသည် အလ္လာဟ်အရှင်မြတ်မှအပ အခြားသူတစ်ဦးတစ်ယောက်ကျေနပ်နှစ်သက်စေရန် ပြုလုပ်ခြင်းဖြစ်သည်။ ထိုတိရစ္ဆာန်ကို ၎င်းတို့ရည်စူးသူနှင့်တန်းတူ ရိုသေသမှုပြုခြင်းဖြစ်သည်။ ထိုကဲ့သို့သော ဘေးမဲ့တိရစ္ဆာန်ကို ပုံမှန်လုပ်ငန်းဆောင်တာများလည်း မခိုင်းစေ၊ သတ်ဖြတ်ရန်လည်း မရည်စူးချေ။ ထိုကဲ့သို့သော ဘေးမဲ့ တိရစ္ဆာန်ကို သတ်ဖြတ်ခဲ့ခြင်းပင်လျှင် တရားမဝင်ဟု သတ်မှတ်လေ့ရှိကြသည်။

ထိုကဲ့သို့ ဘေးမဲ့ပေးထားသော တိရစ္ဆာန်များသည် အာယသ်(၁၇၃)တွင် (မာအုလိလ္လ ဗိဟီ လိဂိုင်းရိလ္လာဟ်) (သို့) (၅း၃)အာယသ်တွင် (မာဇုဗိဟ အလာနုစုဗ်)နှင့်လည်းကောင်း တားမြစ်ထားမှုတွင် အကျုံးမဝင်ချေ။ ဤကဲ့သို့သော တိရစ္ဆာန်မျိုးကို ဗဟီရဟ် (သို့) စာအိဗာဟ်ဟုသိကြ၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်တော်အရ ယင်းကဲ့သို့သော တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းခလေ့သည် ဟရာမ်ဖြစ်သည်။ ဤအချက်မှာ အောက်ပါ အာယသ်တော်(၅း၁၀၃)တွင် ပေါ်လွင်လာပါလိမ့်မည်။

**مَاجَعَلَ اللّٰهُ مِنۡ بَحِيۡرَةٍ وَّلَا سَآئِبَةٍ**

မည်သို့ပင်ဆိုစေကာမူ ၎င်းတို့၏ တိရစ္ဆာန်ဘေးမဲ့လွှတ်ခြင်းခလေ့စရိုက် (သို့) ၎င်းတို့၏ ယင်းမှားယွင်းသော

ယုံကြည်မှုသည်ကား တရားမဝင်သော အပြုအမူဖြစ်သော်လည်း တိရစ္ဆာန်သည်ကား တရားတော်နှင့်မညီညွတ်သော တိရစ္ဆာန်မဟုတ်ကြောင်းကို စိတ်ဝယ်စွဲမြဲစွာ မှတ်ယူသင့်ပေသည်။ အကယ်၍ ယင်းသို့သော တိရစ္ဆာန်များသည် တားမြစ်ပိတ်ပင်ခံရသည်ဟု မှတ်ယူခဲ့ပါလျှင် ၎င်းတို့၏ မှားယွင်းသောယုံကြည်မှုကို အထောက်အကူပြုရာရောက်ပေလိမ့်မည်။ ထို့ကြောင့် ဤတိရစ္ဆာန်များ သည်လည်း အခြားတိရစ္ဆာန်များကဲ့သို့ပင် တရားဝင်ပါသည်။

သို့ရာတွင် မုစ်လင်မ်တရားဥပဒေ၏ စည်းမျဉ်းအရ ဘေးမဲ့တိရစ္ဆာန်များသည် မူလပိုင်ရှင်၏ ပိုင်ဆိုင်မှုတွင်ပင်တည်ရှိသည်။ ဘေးမဲ့တိရစ္ဆာန်ကို အလွှာဟ်မှအပ အခြားသူတစ်ဦးဦးအတွက် ရည်စူးခဲ့၍ လျှဒါန်းခဲ့သည့်အတွက် ၎င်းသူမပိုင်တော့ဟု ထင်မှတ်သော်လည်း ဘေးမဲ့တိရစ္ဆာန်သည် မူလပိုင်ရှင်ပင် ဆက်လက် ပိုင်ဆိုင်ဆဲဖြစ်သည်။ ပိုင်ရှင်၏ ၎င်းမပိုင်ဟု ယုံကြည်သော ဤယုံကြည်မှုသည် မှားယွင်းသည်၊ ရှရီအသ်တရားတော်ပြဋ္ဌာန်းချက်အရဆိုလျှင် တိရစ္ဆာန်သည် မူလပိုင်ရှင်ကသာလျှင် ဆက်လက်ပိုင်ဆိုင်သည်။

ယခု အကယ်၍ ဘေးမဲ့တိရစ္ဆာန်ပိုင်ရှင်သည် တစ်စုံတစ်ဦးကို ဤတိရစ္ဆာန်အား ရောင်းချလျှင်သော်လည်းကောင်း လက်ဆောင်အဖြစ်ပေးအပ်ခဲ့လျှင်သော်လည်းကောင်း ထိုတိရစ္ဆာန်သည် လွှဲအပ်ခံရသူ အတွက် တရားဝင်လိမ့်မည်ဖြစ်သည်။ အချို့သောနိုင်ငံများတွင် ၎င်းတို့၏ရုပ်တုများ (သို့) ဘုရားများ၏အမည်နှင့် ဆိတ်များ (သို့) နွားများကို လျှဒါန်းသောအခါ ဘုရားကျောင်း၏ ကြီးကြပ်မှုအောက်တွင်ပေးအပ်၍ ဘုရားကျောင်းကြီးကြပ်ရေး အဖွဲ့၏ နှစ်သက်သလို လုပ်ခွင့်ပြုထားသည်။ အချို့ ကြီးကြပ်ရေးအဖွဲ့တို့သည် ဘေးမဲ့တိရစ္ဆာန်များကို မုစ်လင်မ်များအားလည်း ရောင်းချလေ့ရှိကြသည်။ ထိုနည်းတူ အချို့သော မသိနားမလည်သည့် မုစ်လင်မ်များကလည်း ထိုအပြုအမူမျိုးကို လိုက်တု၍ ဒရ်ဂါများ (သို့) သချိုင်းများတွင်ပြုလုပ်လေ့ရှိကြသည်။ ဒရ်ဂါများ၊ သချိုင်းများ၏ အစောင့်များထံ ဆိတ် (သို့) ကြက်ဖ တစ်ကောင်ကိုပေးအပ်ကြရာ အစောင့်များက ယင်းတိရစ္ဆာန်များကို ရောင်းစားလေ့ရှိကြသည်။ ထို့ကြောင့် ယင်းကဲ့သို့သော ကြက်၊ ဘဲ၊ ဆိတ် စသည်တို့ကို မူလပိုင်ရှင်၏ ခွင့်ပြုချက်ရထားသော အစောင့်ထံမှ ဝယ်ယူသူသည် လုံးဝဥဿံ တရားတော်နှင့်ညီသည်။ အကယ်၍ ဝယ်ယူလျှင်လည်းကောင်း၊ ဇဗဟ်လုပ်လျှင်လည်းကောင်း၊ စားသုံး (သို့) ရောင်းချလျှင်လည်းကောင်း စသည်တို့မှာ တရားတော်နှင့်ညီ၍ ပိုင်သည်။

## နဇရ်လိဂိုင်းရိလ္လာဟ်–အလ္လာဟ်အရှင်မြတ်မှအပ အခြားသူတစ်ဦးဦးအတွက် 'ကိုး'ခြင်း၊ ပူဇော်ခြင်း

ဤတွင် စတုတ္ထအခြေအနေသည် တိရစ္ဆာန်များနှင့် မသက်ဆိုင်ဘဲ အခြားအရာနှင့် သက်ဆိုင်သည်။ ပမာအားဖြင့် ဟိန္နူများက ၎င်းတို့ဘုရားကျောင်းတွင် အဓိဋ္ဌာန်ပြုသကဲ့သို့ အလ္လာဟ်အရှင်မြတ်မှအပ အခြားသူများအတွက် အစားအစာများနှင့် အချိုမုန့်များပသခြင်းပြုကြသည့် အသိပညာမဲ့သော မုစ်လင်မ်များကလည်း ဒရ်ဂါများတွင် ထိုသို့ပြုလုပ်ကြသည်။ အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားသူတစ်ဦးဦးအမည်နှင့် နဇရ် 'ကိုး' (သို့မဟုတ်) 'မန်နပ်သ်' ပြုလုပ်ထားသော ဤအမျိုးအစားသည်လည်း ဟရာမ်ဟု ကြေငြာထားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်မှအပ အခြားသူတစ်ဦးဦးအားရည်စူး၍ ကျေနပ်နှစ်သက်မှုယူခြင်းသည် 'မာအုဟိလ္လ ဗိဟီလိဂိုင်းရိလ္လာဟ်' တားမြစ်ချက်တွင် အကျုံးဝင်သော ယင်းတို့ကို စားခြင်း၊ ကျွေးမွေးခြင်း၊ ဝယ်ယူခြင်းနှင့် ရောင်းချခြင်းအားလုံး ဟရာမ်ဖြစ်လာသည်။ အသေးစိတ်ကို အလ်ဗဟ်ရူလ်ရာအိက်နှင့် အခြားသော ဖိကာဟ်

ကျမ်းစာအုပ်များတွင် ကြည့်ရှုနိုင်ပါသည်။ ဤအမိန့်ပညတ်ချက်များသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် ထင်ရှားစွာဖော်ပြထားသော တိရစ္ဆာန်များ၏ ပညတ်ချက်တူညီမှုများပေါ်တွင် အခြေခံသည်။

## အကြပ်အတည်းနှင့်တွေ့ကြုံရသော အခြေအနေများတွင်ရှိ ပညတ်ချက်များ

ယခုဆွေးနွေးထားသော အာယသ်တော်ထဲတွင် အကြောင်းအရာ(၄)မျိုးကို တရားမဝင် ကြေညာခဲ့ပြီးနောက် ခွင်းချက်အနေဖြင့် ပဉ္စမအမိန့်ပညတ်ချက်ပေါ်ထွက်လာပါသည်။ ကျမ်းမြတ်တွင် မိန့်ကြားထားသည်မှာ

فَمَنِ اضْطُرَّ غَيْرَ بَاغٍ وَّلَا عَادٍ فَلَآ اِثْمَ عَلَيْهِ ؕ اِنَّ اللّٰهَ غَفُوْرٌ رَّحِيْمٌ ۝

ဆိုလိုသည်မှာ အလွန်အမင်းဆာလောင်မွတ်သိပ်နေသောသူတစ်ဦးအတွက် အစားကိုမက်မောသူလည်းမဟုတ်၊ လိုသည်ထက်လည်း ပိုမိုမစားခဲ့လျှင် ထိုအခြေအနေမျိုး၌ ၎င်းသည် တရားမဝင်သော အစာများကို စားသောက်ခြင်းဖြင့် အပြစ်တစ်စုံတစ်ရာမကျရောက်ချေဟု အမိန့်ပညတ်တော်က လျော့ပေါ့ပေးထားသည်။ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် အထူးချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အစဉ်အမြဲ သနားကြင်နာညှာတာတော်မူသောအရှင်မြတ်ဖြစ်တော်မူပေသတည်း။ တရားမဝင်သော အစားအစာကို စားသောက်ခြင်းဖြင့် အပြစ်ဖြစ်လာမည့်ဝန်ထုတ်ဝန်ပိုးကို مُضْطَرّ မုသွဲတွရ်တစ်ဦးထံမှ ဖယ်ရှားပစ်ကြောင်း တွေ့မြင်ရပါလိမ့်မည်။ မုသွဲတွရ်ဆိုသည်မှာ လိုအပ်ချက်၏စေ့ဆော်မှုနှင့် အသက်ကယ်ရန်အတွက် အာယသ်တော်တွင် ဖော်ပြထားသော အခြေ အနေ(၂)မျိုးနှင့်ဖြည့်ဆည်းသူကို ဆိုလိုသည်။ ရှရီအသ်တရားတော်အသုံးအနှုန်းအရ မုသွဲတွရ်ဟူသည် အသက် အန္တရာယ်စိုးရိမ်ရသော အခြေအနေရှိသူကိုဆိုလိုသည်။ သာမန်နာကျင်မှု (သို့) သာမန်လိုအပ်ချက်ရှိသူတစ်ဦးကို မုသွဲတွရ်ဟုမသတ်မှတ်နိုင်ပါ။ ထို့ကြောင့် တစ်စုံတစ်ဦး၏ ဆာလောင်မှုသည် မစားသောက်ရလျှင် မုချသေမည့် အခြေအနေရောက်ခဲ့လျှင် ရွေးချယ်နိုင်ခွင့်တစ်ခုရှိပါသည်။ ၎င်းသည် တရားမဝင်သောအရာ ဟရာမ်များကို စားသောက်နိုင်ရန် အခြေအနေတစ်ရပ်ရှိပါသည်။ ပထမအခြေအနေမှာ အသက်ကိုကယ်ဆယ်ရန် ရည်ရွယ်ချက်ဖြစ်ရမည်။ စားသောက်ခြင်းပေါ်၌ ကျေနပ်နှစ်သက်မှုယူရန် မဟုတ်ရချေ။ ဒုတိယအခြေအနေမှာ ၎င်း၏ အသက် မဆုံးရှုံးစေရန်မျှသာစားသောက်ရမည်။ ဗိုက်ပြည့်အောင်စားခြင်း၊ လိုသည်ထက်ပို၍စားခြင်းများကို ထိုအခြေအနေ မျိုး၌ပင် ဟရာမ်ဟု သတ်မှတ်ထားသည်။

## အထူးမှတ်ချက်

ဤတွင် တားမြစ်ပိတ်ပင်ထားအရာများကို အကြပ်အတည်းအခြေအနေ (အိဒ်သိရား၏)တစ်ရပ်တွင် ပင်လျှင် စားသောက်ခြင်းအား ကုရ်အာန်ကျမ်းတော်မြတ်တွင် တရားဝင်အဖြစ် ပြုလုပ်ထားသည်မဟုတ်ချေ။ لَآ اِثْمَ عَلَيْهِ (ထိုသူ့အပေါ်၌ အပြစ်မရှိချေ)ဟူ၍ သုံးထားသောစကားစုသည် ထိုအရာများကား ပကတိအတိုင်း ဟရာမ်အဖြစ် ဆက်လက်တည်ရှိနေသည်ဟု အဓိပ္ပာယ်ရပါသည်။ သို့သော်လည်း မစားလျှင်မဖြစ်သည့် အခြေအနေ၏ စေ့ဆော်မှုကြောင့် ထိုတားမြစ်ထားသောအရာများကို သုံးစွဲခြင်းဖြင့် စားသုံးသူအား အပြစ်ဖြစ်ခြင်းမှ ခွင့်လွှတ်ခံရခြင်းဖြစ်သည်။ တစ်စုံတစ်ခုကို တရားဝင်ပြုလုပ်ခြင်းနှင့် အပြစ်ကို ခွင့်လွှတ်ချမ်းသာပေးခြင်းသည် တစ်ခုနှင့်တစ်ခု လွန်စွာကွာခြားပါသည်။ အကယ်၍ အကြပ်အတည်းအချိန်တွင် ဤတားမြစ်ထားသော အရာ

များကို တရားဝင်သည်ဟု သတ်မှတ်ထားခြင်းတွင် ဟရာမ်၏ပညတ်ချက်ထဲတွင် ခွင်းချက်ကလေးတစ်ခု ထည့်သွင်းရုံမျှဖြင့်ပင်လုံလောက်ပါသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်တွင် ခွင်းချက်ကလေးတစ်ခုတည်းနှင့် သာလျှင် ရပ်ဆိုင်းမထားပဲ **لَا إِثْمَ عَلَيْهِ** ဟူသော မိန့်ကြားချက်ကိုပါ ဖြည့်စွက်ထည့်သွင်းထားပါသည်။ ထိုကဲ့သို့ ထည့်သွင်းထားခြင်းဖြင့် ဤကိစ္စကို အလေးအနက်ထားခဲ့သည်မှာ ဟရာမ်သည် ဟရာမ်အဖြစ် အမြဲတည်ရှိပြီး ထိုအရာကို သုံးစွဲခြင်းသည် အပြစ်ဖြစ်ပါသည်။ သို့သော်လည်း အကြပ်အတည်းဖြစ်နေသူ (**مُضْطَرّ**) မုသွတ္တရ် အတွက်မူ ဤအဖြစ်မှ ခွင့်လွှတ်ချမ်းသာပေးခြင်းခံရသည်။

## လိုအပ်သည့်အချိန်တွင် တားမြစ်ထားသည့်အရာကို ကုသမှုတစ်ရပ်အနေဖြင့်သုံးစွဲခြင်း

တစ်စုံတစ်ဦးသည် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေရောက်နေလျှင် တားမြစ်ထားသော အရာကို ၎င်း၏အသက် ကယ်ဆယ်ရန်အတွက် ဆေးဝါးအဖြစ်သုံးစွဲနိုင်သည်။ ဤသို့ပြုလုပ်နိုင်ခြင်းကိုလည်း ယခု လက်ရှိ အာယသ်တော်အားဖြင့်သက်သေပြပြီးဖြစ်ပါသည်။ သို့ရာတွင် ထိုအာယသ်တော်ထဲ၌ အချို့သော အခြေအနေများကို ညွှန်းပြထားပါသည်။

အစပြုရမည်ဆိုလျှင် အကြပ်အတည်းအခြေအနေလည်းဖြစ်ရမည်။ အသက်ဆုံးရှုံးမှုအန္တရာယ်လည်း ရှိရပါမည်။ ဤအမိန့်ပညတ်ချက်သည် သာမန်နာကျင်မှု (သို့) ဖျားနာမှုနှင့် မသက်ဆိုင်ပါ။ ထို့နောက် ဆေးဝါးများလည်း မရရှိ၍သော်လည်းကောင်း၊ ရနိုင်သော ဆေးသည်လည်းအရာမရောက်သည့် အခြေအနေမျိုး၌သော်လည်းကောင်းဖြစ်ရမည်။ ထိုအခြေအနေမျိုး တွင်သာလျှင် တားမြစ်ထားသည့်အရာများကို အသက်ကယ်ဆေးအဖြစ် သုံးစွဲနိုင်ခွင့်ရှိသည်။ ဤအခြေအနေ အတွက် ခွင်းချက်ကား အလွန်အမင်းဆာလောင်မွတ်သိပ်နေသော အချိန်တွင် ခွင့်ပြုထားသော တရားဝင်အရာများလည်းမရှိ။ တတ်နိုင်စွမ်းလည်းမရှိသည့်အခါတွင် စားသုံးခွင့်ပြုသည့် ခွင်းချက်နှင့်အလားသဏ္ဌာန်တူပါသည်။

တတိယအခြေအနေသည် ဤတားမြစ်ထားသည့်အရာကို သုံးစွဲခြင်းဖြင့် အသက်ကယ်နိုင်ကြောင်း သေချာရပါလိမ့်မည်။ ဤသည်လည်း မိမိအသက်ကယ်တင်ရုံမျှအတွက် တားမြစ်ထားသောအသားကို တစ်လုပ်စာနှစ်လုပ်စာမျှ စားသုံးခြင်းနှင့် ဆင်တူပါသည်။ အကယ်၍ အသုံးဝင်သော ဆေးဝါးရှိသော်လည်း ထိုဆေးဝါးသည် နာမကျန်း ဖြစ်နေသူလူနာအား ပျောက်ကင်းစေလိမ့်မည်ဟု သေချာစွာမပြောနိုင်လျှင် တားမြစ်ထားသောအရာကို ဆေးဝါးအဖြစ် သုံးစွဲခဲ့ပါက ဤအာယသ်တော်ပါ ခွင်းချက်နှင့်အကျုံးမဝင်သောကြောင့် သုံးစွဲခွင့်မရှိပါ။ ဤအရာများနှင့်အတူ ထပ်ဆောင်းထားသည့်အခြေအနေနှစ်ရပ်ကိုလည်း ဤအာယသ်တော်တွင် ဖော်ပြထားပြီး ဖြစ်ပါသည်။ တစ်ချက်မှာ ထိုတားမြစ်ထားသည့်အရာကို သုံးစွဲသည့်အပေါ်၌ ကျေနပ်နှစ်သက်မှု မရည်စူးရပါ။ ဒုတိယတစ်ချက်မှာ လိုအပ်သည်ထက် ပို၍မသုံးစွဲရပါ။

ဤအာယသ်တော်ထဲတွင်ပါဝင်သော သိမ်မွေ့သည့်အရိပ်အမြွက်များနှင့် ရှင်းလင်းပြတ်သားသော အဆိုအမိန့်များမှ ပေါ်ထွက်လာသော ကန့်သတ်ချက်များနှင့် အခြေအနေများအရဆိုလျှင် ခွင့်မပြုသော ဆေးဝါးတိုင်းနှင့် မသန့်စင်သောအရာနှင့်ပြုလုပ်ထားသော ဆေးဝါးတိုင်းကို အတွင်း (သို့) အပြင်ပိုင်းဆိုင်ရာတွင် အသုံးပြုနိုင်ပါသည်။ မုစ်လင်မ်အုမ္မသ်ထဲမှ ဓမ္မသတ်ပညာရှင်များ တညီတညွတ်တည်းက ခွင့်ပြုထားခဲ့သည်။ အတိုချုံးပြောရလျှင် ဤအခြေအနေငါးရပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) မသုံးမဖြစ်လိုအပ်သောအခြေအနေရှိရမည်။ ဆိုလိုသည်မှာ တစ်ဦးတစ်ယောက်၏ အသက်အန္တရာယ် စိုးရိမ်ရသောအခါဖြစ်သည်။

(၂) ခွင့်ပြုထားသော အခြားဆေးဝါးသည် မစွမ်းနိုင်သောအချိန်၌လည်းကောင်း ရယူရန် မဖြစ်နိုင်သော အခါတွင်လည်းကောင်းဖြစ်ရမည်။

(၃) ထိုကဲ့သို့ တားမြစ်ထားသောအရာသည် ရောဂါကို သေချာပျောက်ကင်းစေနိုင်ရမည်။

(၄) သာယာနှစ်မြို့မှုကိုရည်ရွယ်၍ ထိုဆေးဝါးသုံးစွဲခြင်း မဖြစ်စေရ။

(၅) လိုအပ်သည်ထက် ပိုမသုံးသင့်ချေ။

## မလိုအပ်ဘဲ တားမြစ်ထားသည့်အရာများကို ဆေးဝါးအဖြစ် သုံးစွဲခြင်း

အလွန့်အလွန် အရေးကြီးသောအခြေအနေများနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှင်းလင်းပြတ်သားသည့် အမိန့်ပညတ်ချက်ပေးအပ်ထားခဲ့ပြီးဖြစ်သည်။ ၎င်းပြင် ထိုအမိန့်ပညတ်ချက်နှင့်ပတ်သက်၍လည်း တညီတညွတ်တည်း သဘောတူညီပြီးဖြစ်သည်။ သို့သော်လည်း သာမန်ရောဂါများအတွက် တားမြစ်ထားသော ဆေးဝါးများ (သို့) မသန့်စင်သည့်အရာကို ဆေးဝါးအဖြစ်သုံးစွဲခြင်းနှင့်ပတ်သက်၍မူ ဓမ္မသတ် ပညာရှင်များ အကြားတွင် ကွဲလွဲမှုရှိသည်။ ပညာရှင်အများက မိန့်ကြားသည်မှာ အကြပ်အတည်းနှင့် တွေ့ကြုံရသော အခြေအနေကြောင့်လည်းကောင်း အထက်ဖော်ပြပါ အခြေအနေများကြောင့်လည်းကောင်း၊ ဟရာမ်ဆေးဝါးများကို သုံးစွဲခြင်း ခွင့်မပြုပါ။ အဘယ့်ကြောင့်ဆိုသော် အလ်ဗုခါရီကျမ်းတွင် ဆင့်ပြန်ထားသော တမန်တော်မြတ်(ﷺ) မိန့်ကြားခဲ့သည်မှာ ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် မုစ်လင်မ်များအတွက် ဟရာမ် ဆေးဝါးများဖြင့် ပျောက်ကင်းစေရန်အကြောင်းမရှိချေဟူ၍ဖြစ်သည်။

အခြားသော ဓမ္မသတ်ပညာရှင်များက ဟဒီးဆ်ဩဝါဒတော်တစ်ပုဒ်တွင် ဆင့်ပြန်ထားသော သီခြားကိစ္စရပ်တစ်ခုကို မှီငြမ်းပြု၍ ယင်းဆေးဝါးများကို သုံးစွဲခွင့်ရှိသည်ဟုဆိုကြသည်။ ထိုအရေးအခင်းသည် အိုရိုင်နဟ် လူမျိုးစုများနှင့်ပတ်သက်၍ ဟဒီးဆ်ကျမ်းအားလုံးတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုလူမျိုးစုမှ ရောဂါခံစားနေသောကြောင့် အချို့ရွာသားများသည် တမန်တော်မြတ်(ﷺ)ထံ လာရောက်ခဲ့ကြသည်။ တမန်တော်မြတ်(ﷺ)သခင်သည် ၎င်တို့အား ကုလားအုတ်၏နို့နှင့် ကျင်ငယ်ကို သုံးစွဲခွင့်ပြုခဲ့၍ ၎င်းတို့၏ ရောဂါများပျောက်ကင်းသွားကြသည်။

သို့သော်လည်း ဤအရေးကိစ္စတွင် ဖြစ်နိုင်ဖွယ်များ အတော်အတန်ရှိနိုင်သောကြောင့် တားမြစ်ပိတ်ပင်ထားသည့် အရာများ သုံးစွဲခြင်းတွင် သံသယဖြစ်ဖွယ်ရှိပါသည်။ ထို့ကြောင့် အမှန်ကန်ဆုံးသော မူလအနေအထားကား အောက်ပါအတိုင်းဖြစ်သည်။

သာမန်ရောဂါများတွင် အသက်အန္တရာယ်စိုးရိမ်ရသည့်အခြေအနေမျိုးမရှိပါက တားမြစ်ပိတ်ပင်ထားသော ဟရာမ်ဆေးဝါးသုံးစွဲခြင်းခွင့်မပြုချေ။

မည်သို့ပင်ဆိုစေကာမူ နှောင်းခေတ်ဓမ္မသတ်ပညာရှင်များသည် ယခုခေတ်၌ တားမြစ်ထားသောဆေးဝါးများ (သို့) မသန့်စင်သောပစ္စည်းနှင့်ပြုလုပ်ထားသော ဆေးဝါးများ အများအပြားဝင်ရောက်နေသောကြောင့်

လည်းကောင်း၊ ရောဂါဝေဒနာခံစားရမှုအခြေအနေအရလည်းကောင်း၊ ထိုဆေးဝါးများနှင့်ပတ်သက်၍ လူများ၏ ဆန့်ကျင်နိုင်မှုအားနည်း၍လည်းကောင်း၊ တားမြစ်ထားသော ဆေးဝါးများကို အောက်ပါအခြေအနေများအရ သုံးစွဲခွင့်ပြုသည်။ ထိုအခြေအနေမှာ အခြားခွင့်ပြုထားသော ဆေးဝါး (သို့) သန့်ရှင်းစင်ကြယ်သည့်ပစ္စည်းနှင့် ပြုလုပ်ထားသောဆေးဝါးသည် အစွမ်းမထက်သည့်အခါတွင်လည်းကောင်း၊ ဝယ်မရနိုင်သော အခါတွင် လည်းကောင်းဖြစ်ရမည်။ ထိုကိစ္စနှင့်ပတ်သက်၍ လူသိများထင်ရှားသော ဖိကာဟ်ကျမ်းဖြစ်သည့် အလ်ဒုရ်အလ် မုခ်သရ်ကျမ်းတွင် ဖော်ပြထားသည်မှာ -

اوى بالمحرم وظاهر المذهب المنع كما فى رضاع اختلف فى التد
المصنف ثم وههنا عن الحاوى قيل يرخص اذا علم فيه البحر ولكن نقل
م يعلم دواء آخر كما رخص فى الخمر للعطشان الشفاء ول

(عليه الفتوى، ومثله فى العالمكيرية ص ٣٥٥ ج ١٠٥)

ဆေးဝါးကိစ္စနှင့်ပတ်သက်၍ တရားမဝင်ပြုလုပ်ထားသည့်ကိစ္စတွင် အယူအဆ အကွဲကွဲ အပြားပြား ရှိကြပါသည်။ ထင်ရှားသောဘာသာရေးဆိုင်ရာဥပဒေက တားမြစ်ထားသည်။ ယင်းအကြောင်းကို အလ်ဗဟ် အလ်ရာအိတ်၊ ကိသားဗ်အလ်ရီဒါတွင် ဖော်ပြထားသည်။ သို့ရာတွင် ကျမ်းရှင်သည် သူ၏ကျမ်းတွင်လည်းကောင်း၊ အလ်ရိဒါအ်တွင်လည်းကောင်း၊ အလ်ဟဝီအလ်ကုဒ်စီမှ ဆင့်ပြန်ချက်ကို ကိုးကားသော ဆေးကုသရန်အကြောင်းခံ များကြောင့် တားမြစ်ထားသောဆေးဝါးများကို သုံးစွဲနိုင်ခွင့်အား အချို့သော အုလမာများက ခွင့်ပြုခဲ့ပါသည်။ ထိုဆေးဝါးများ သုံးစွဲခြင်းဖြင့် ရောဂါပျောက်ကင်းရန် သေချာရမည်ဟူ၍လည်းကောင်း၊ အခြားသုံးစွဲရန် တရားဝင် သော ဆေးဝါးများမရှိသောအခြေအနေလည်းကောင်း ဖြစ်ရပေမည်။ ပမာဆိုသော် အသက်အန္တရာယ် စိုးရိမ်ဘွယ် ရေငတ်နေသူတစ်ဦးအား အရက်တစ်ဝိုတကျိုက်သောက်ခွင့်ပြုခြင်းနှင့်တူပေသည်။

## နိဂုံး

များသောအားဖြင့် ဥရောပနှင့် အမေရိကတို့မှ ထွက်ရှိသော ခေတ်သစ်ဆေးဝါးများအကြောင်းနှင့် ပတ်သက်၍ ကျွန်ုပ်တို့မည်သို့ပြုမူသင့်သည်ကို အထက်ပါ အသေးစိတ်အချက်အလက်များက ကျွန်ုပ်တို့ကို အထောက်အကူပြုစေပါသည်။ အထူးသဖြင့် အရက်ကို ပျော်ဝင်ပစ္စည်းတစ်ရပ်အနေဖြင့် အခြေခံသုံးစွဲထားသော ဆေးကိုဖြစ်စေ၊ အခြားမသန့်ရှင်းသော ပါဝင်ပစ္စည်းများပါသော ဆေးဝါးများ ပါရှိကြောင်း သေချာ၍ သိရှိသော ဆေးဝါးများအတွက်ဖြစ်စေ ကျွန်ုပ်တို့ မည်သို့ပြုလုပ်ရမည်ကို အထောက် အကူပြုပါသည်။

မသန့်ရှင်းသောအရာများနှင့်လည်းကောင်း၊ တားမြစ်ထားသော အရာများနှင့်သော်လည်းကောင်း၊ ဖော်စပ်ထားကြောင်းသေချာစွာ မသိသော ဆေးဝါးများနှင့်ပတ်သက်၍မူ ထိုဆေးဝါးများကို သုံးစွဲရာတွင် ရှောင်သာတိမ်းသာသောနည်းလမ်းရှိပေသည်။ သို့သော်လည်း သတိမူခြင်းထက် ကောင်းသောအရာကားမရှိချေ။ အထူးသဖြင့် မလိုအပ်လျှင် မသုံးခြင်းက ကောင်းပေသည်။ အလွှာဟ်အရှင်မြတ်သာလျှင် အကောင်းဆုံးကို သိတော်မူသော အရှင်ဖြစ်တော်မူသည်။

အာယသ် (၂:၁၇၄–၁၇၆)

إِنَّ الَّذِينَ يَكْتُمُونَ مَا أَنزَلَ اللَّهُ مِنَ الْكِتَابِ وَ
يَشْتَرُونَ بِهِ ثَمَنًا قَلِيلًا أُولَٰئِكَ مَا يَأْكُلُونَ فِي بُطُونِهِمْ إِلَّا
النَّارَ وَلَا يُكَلِّمُهُمُ اللَّهُ يَوْمَ الْقِيَامَةِ وَلَا يُزَكِّيهِمْ وَلَهُمْ عَذَابٌ
أَلِيمٌ ﴿١٧٤﴾ أُولَٰئِكَ الَّذِينَ اشْتَرَوُا الضَّلَالَةَ بِالْهُدَىٰ وَالْعَذَابَ
بِالْمَغْفِرَةِ ۚ فَمَا أَصْبَرَهُمْ عَلَى النَّارِ ﴿١٧٥﴾ ذَٰلِكَ بِأَنَّ اللَّهَ نَزَّلَ
الْكِتَابَ بِالْحَقِّ ۗ وَإِنَّ الَّذِينَ اخْتَلَفُوا فِي الْكِتَابِ لَفِي شِقَاقٍ
بَعِيدٍ ﴿١٧٦﴾

“အလ္လာဟ်အရှင်မြတ် ထုတ်ပြန်ချမှတ်တော်မူသော ကျမ်းဂန်လာ တရားဒေသနာတော်များကို ထိမ်ချန်၍ ထိုဒေသနာတော်များကို အနည်းငယ်မျှသော အဘိုးအခဖြင့် လဲလှယ်ရောင်းချစားသုံးသောသူများသည် မိမိတို့၏ ဝမ်းတွင်းသို့ အခြား (တစ်စုံ တစ်ရာ) စားသုံးကြသည်မမည်။ စင်စစ်အားဖြင့် မီးကိုသာ စားသုံးရာ မည်ချေသည်။ အလ္လာဟ်အရှင်မြတ်သည် ရှင်ပြန်ထမည့်နေ့တွင် ထိုသူများအား (ချီးအေးသောစကား ကို) ပြောကြားတော် မူမည်လည်းမဟုတ်။ ထိုသူတို့အား (အပြစ်ဒုစရိုက်မူများမှ) သန့်ရှင်းစေတော်မူမည်လည်းမဟုတ်။ ထို့ပြင်တစ်ဝ ယင်းသူတို့ခံစားရန် ပြင်းပြနာကျင် စေသောအပြစ်ဒဏ်လည်း အသင့်ရှိပေသတည်း။” (၂:၁၇၄)

“(ဤဘဝတွင်)လမ်မှားကို လမ်းမှန်ဖြင့်လည်းကောင်း၊ ပြစ်ဒဏ်ကို လွတ်ငြိမ်းချမ်းသာ ခွင့်ဖြင့်လည်းကောင်း လဲလှယ်ဝယ်ယူသောသူများသည် ဤသူများပင်တည်း။ ယင်းသူတို့သည် အဘယ်နည်းဖြင့် ငရဲမီးဒဏ်ကို ခံဝံ့ကြပါဘိသနည်း” (၂:၁၇၅)

**"ဤကဲ့သို့(အပြစ်ဒဏ်များခံစားကြရမည့်)အကြောင်းမှာကား အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် မှန်ကန်သော ဓမ္မဒေသနာများနှင့်တကွ ကျမ်းတော်မြတ်ကို ချပေးသနားတော်မူခဲ့သော်လည်း (ယင်း)ကျမ်းတော်မြတ်နှင့် စပ်လျဉ်း၍ သဘောကွဲလွဲကြသူတို့သည် မှန်သောတရားတော်မှ (အလွန်တရာမျှ) ဝေးကွာလှသော ကွဲပြားမှုဌာန ဧကန် အမှန်ရောက်ရှိကြလေပြီ။" (၂း၁၇၆)**

ပြီးခဲ့သော အာယသ်တော်များတွင် ဖော်ပြပြီးသော တရားမဝင်တားမြစ်သည့်အရာများသည်ကား ကိုင်တွယ်ထိတွေ့နိုင်သောအရာများဖြစ်ကြပါသည်။ ယခု ဆက်လက်ဖော်ပြမည့် အာယသ်တော်များတွင် တားမြစ် ပိတ်ပင်၍ တရားမဝင်သော အရာများသည်ကား ထိတွေ့ကိုင်တွယ်နိုင်ခြင်းမရှိသော အရာများဖြစ်ကြပါသည်။ ဤမကောင်းမှုလုပ်ရပ်များသည်ကား အတွင်းပိုင်းနှင့်အပြင်ပိုင်းဆိုင်ရာ မကောင်းမှုများဖြစ်ကြသည်။ ပမာအားဖြင့် ယဟူဒီ(ဂျူး)များထဲမှ သာသနာရေးဆိုင်ရာပညာရှင်များသည် ၎င်းတို့အား လာဘ်ထိုးသူများအကြိုက် မှားယွင်းသော ဓမ္မသတ်ဆုံးဖြတ်ချက်များပေးခြင်းအား အကျင့်ဖြစ်နေကြပါသည်။ ၎င်းတို့၏ ဖောက်သည်များ စိတ်တိုင်းကျဖြစ်စေရန် သောင်ရသ်ကျမ်းပါ အာယသ်တော်များကို ပြုပြင်ပြောင်းလဲခြင်းလုပ်သည်အထိ ပြုလုပ်ကြပါသည်။ နောက်ဆုံးတမန်တော်များ၏ အုမ္မသ်ထဲတွင်ရှိ သာသနာ့ပညာရှင် အိုလမာများအား ဤအာယသ်တော်ထဲတွင် လျှို့ဝှက်စွာ သတိပေးထားသည်။ သတိပေးချက်မှာ ထိုကဲ့သို့သောလုပ်ရပ်များမှ ဝေးဝေးရှောင်ရှားရန်၊ မည်သည့်လောကီစည်းစိမ်ချမ်းသာအတွက်ကြောင့်ဖြစ်စေ၊ ကိုယ်ကျိုးအတွက်ကြောင့်ဖြစ်စေ အလ္လာဟ်အရှင်မြတ်၏ စစ်မှန်သော အမိန့်ပညတ်ချက်များကို ဖော်ထုတ်ခြင်းတွင် ဝန်မလေးစေရန်တို့ဖြစ်ကြသည်။

## ယုံကြည်မှုသစ္စာတရားကိုဆန့်ကျင်၍ စီးပွားရှာခြင်း

အလ္လာဟ်အရှင်မြတ်၏ ကျမ်းတော်မြတ်ပါ အကြောင်းအရာများကို ဖုံးကွယ်ထားသူများသည် မပြောပလောက်သော လောကီအကျိုးစီးပွားအနည်းငယ်ရှိရသည်မှာ သံသယမရှိချေ။ စင်စစ်မှာ ၎င်းတို့သည် မီးကိုသာလျှင် စားသုံးကြသည်မည်၏။ ကိယာမသ်နေ့ (တရားစီရင်မည့်နေ့)ရောက်လျှင် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား စကားပြောကြားတော်မူမည်လည်းမဟုတ်ချေ။ ယင်းသူတို့အတွက် အပြစ်ဒဏ်သည် ကြောက်ခမန်းလိလိဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လူဘဝတွင် ထိုသူတို့သည် လမ်းမှားကိုကျင့်သုံးရန်အတွက် မှန်ကန်သောလမ်းကို စွန့်ပယ်ခဲ့ကြသည်။ အာခိရသ်တမလွန်တွင်လည်း ခွင့်လွှတ်ချမ်းသာပေးခြင်းခံရမည်မဟုတ်ဘဲ အပြစ်ဒဏ်နှင့် ထိုက်တန်သူများဖြစ်သွားကြပါလိမ့်မည်။ ၎င်းတို့သည် ငရဲမီးတွင်းသို့သွားရမည်ကို သိလျက် လုပ်ဆောင်ကြသောကြောင့် မုချထိုသူတို့သည် ရဲတင်းသူများပင်ဖြစ်ကြပါသည်။ ဤပြစ်ဒဏ်အားလုံးသူတို့အတွက် သတ်မှတ်ထားသည်မှာ ရှင်းလင်းစစ်မှန်သော အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်ကို သွေဖည်သည့်လမ်းအား ရွေးချယ်ခဲ့ကြသောကြောင့်ဖြစ်သည်။ ထိုသူတို့သည် အပြင်းအထန်ခေါင်းမာခြင်း၏ သားကောင်ဖြစ်သွားကာ ဝေးကွာလှသော ကွဲပြားမှုသို့ ဧကန်အမှန်ရောက်ရှိသွားကြလေသည်။ ထို့ကြောင့် ယင်းတို့နှင့်လိုက်လျောညီထွေသော ပြစ်ဒဏ်ကိုသာလျှင် ၎င်းတို့ရနိုင်ကြမည်ဖြစ်သည်။

အာယသ်(၁၇၅)တွင် မိန့်ကြားထားသည်မှာ အကြင်သူတစ်ဦးသည် လောကီအကျိုးကို မက်မောခြင်း ရှရီအသ် တရားတော်ပါ အမိန့်ပညတ်ချက်များကို ပြုပြင်ပြောင်းလဲခဲ့ပါလျှင် ထိုသို့ပြုလုပ်ခြင်းဖြင့် ရရှိလာသော အကျိုးအမြတ်ကို စားသုံးခြင်းသည် မိမိဝမ်းတွင်းသို့ မီးခဲစားသုံးခြင်းသာလျှင်ဖြစ်ပေမည်။ ယင်းသည် ၎င်းလုပ်ရပ်၏ အဆုံးသတ်ပင်ဖြစ်တော့သည်။ အချို့သော အုလမာများက မိန့်ကြားသည်မှာ ဤကဲ့သို့ တရားမဝင်ရရှိသော စည်းစိမ်ဥစ္စာများသည် စင်စစ်မှာ ဂျဟန္နမ်ငရဲ၏မီးများပင်ဖြစ်သည်။ သို့ရာတွင် ထိုအကြောင်းအရာကို လူဘဝ သက်တမ်းတွင် မသိရှိမခံစားနိုင်သော်လည်း သေဆုံးသွားသည်နှင့်တစ်ပြိုင်နက် ၎င်းသူ (သို့) ၎င်းသူမ၏ စည်းစိမ်ဥစ္စများသည် မီးအသွင် ပြောင်းသွားပါလိမ့်မည်။

vvvvvvv

အာယသ် (၂:၁၇၇)


لَيْسَ الْبِرَّ اَنْ تُوَلُّوْا وُجُوْهَكُمْ قِبَلَ الْمَشْرِقِ وَ
الْمَغْرِبِ وَلٰكِنَّ الْبِرَّ مَنْ اٰمَنَ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ وَالْمَلٰٓئِكَةِ
وَالْكِتٰبِ وَالنَّبِيّٖنَ ۚ وَاٰتَى الْمَالَ عَلٰى حُبِّهٖ ذَوِي الْقُرْبٰى
وَالْيَتٰمٰى وَالْمَسٰكِيْنَ وَابْنَ السَّبِيْلِ ۙ وَالسَّآئِلِيْنَ وَفِي
الرِّقَابِ ۚ وَاَقَامَ الصَّلٰوةَ وَاٰتَى الزَّكٰوةَ ۚ وَالْمُوْفُوْنَ بِعَهْدِهِمْ
اِذَا عٰهَدُوْا ۚ وَالصّٰبِرِيْنَ فِي الْبَاْسَآءِ وَالضَّرَّآءِ وَحِيْنَ
الْبَاْسِ ۗ اُولٰٓئِكَ الَّذِيْنَ صَدَقُوْا ۗ وَاُولٰٓئِكَ هُمُ الْمُتَّقُوْنَ ﴿۱۷۷﴾

**“အရှေ့အရပ်ဘက်သို့သော်လည်းကောင်း၊ အနောက်အရပ်ဘက်သို့သော် လည်းကောင်း မျက်နှာမူခြင်းသည်(သာလျှင်) အသင်တို့အဖို့ ကောင်းမြတ်သော အကျင့်သီလမဟုတ်သေးပေ။ ကောင်းမြတ်သောသီလရှိသူဟူသည်ကား အလ္လာဟ် အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ ကောင်းကင် တမန်များကိုလည်းကောင်း၊ (အလ္လာဟ်အရှင်မြတ်ထံမှကျရောက်သော )ကျမ်းဂန်များကိုလည်းကောင်း၊ နဗီတမန်တော်များ ကိုလည်းကောင်း ယုံကြည် မြတ်နိုးကြသော သူများတည်း။ ထို့ပြင် ယင်းသူတို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများကိုစုံမက်နှစ်သက်ပါလျှက်နှင့်ပင် ဆွေမျိုးညာတကာများအားလည်းကောင်း၊ မိသက်ဆိုး၊ ဘသက်ဆိုးများအားလည်းကောင်း အထီးကျန်သူဆင်းရဲများအားလည်းကောင်း၊ ခရီးသည်များအားလည်းကောင်း၊ ဖုန်းတောင်းယာစကာများအားလည်းကောင်း၊ ကျေးကျွန်များကို ကျွန်ဘဝမှ လွတ်မြောက်စေရာ၌လည်းကောင်း ပေးကမ်းလှူဒါန်း စွန့်ကြဲကြ၏။ ထို့ပြင် ယင်းသူတို့သည် ဆွေလာသံဝတ်ပြုကြ၏။ ဇကာသံ တရားဝင်ဒါနကြေးကိုလည်းပေးလှူကြ၏။ ယင်းသူတို့သည် ကတိပြုသောအခါ၌ မိမိတို့၏ ပဋိညာဉ်ဝန်ခံချက်များကိုအတည်ပြုကြ၏။ ဆင်းရဲဒုက္ခကျရောက်သည့်အခါ၌လည်းကောင်း၊ ရောဂါဘယဖိစီးသည့် အခါ၌လည်းကောင်း စစ်မက်ဖြိုင်ဆိုင် တိုက်ခိုက်သည့် အခါ၌လည်းကောင်း၊ ခန္ဓိပါရမီကို ခိုင်မြဲစွာစောင့်ထိန်းကြ၏။ ဤတရားများကို**

**လိုက်နာကျင့်သုံးသော သူမွန်သူမြတ်များသည်သာလျှင် သစ္စာဝါဒီများ ဖြစ်ကြကုန်၏။ ဤသူမွန်သူမြတ် တို့သည် သာလျှင် (အလ္လာဟ်အရှင်မြတ်)ကို ကြောက်ရွံ့ရိုသေ မြတ်နိုးသော သီလဝန်ဂုဏ်ဝန်များ ဖြစ်ကြကုန်၏။" (၂း၁၇၇)**

အစမှ ယခုအထိဆိုလျှင် စူရတ်ဘကရတ်သည် တစ်ဝက်သို့ရောက်ပေပြီ။ ကုရ်အာန်ကျမ်းတော်မြတ်၏ မှန်ကန်မှုကို ပြဋ္ဌာန်းခြင်းသည် ဦးစွာသောအလုပ်ဖြစ်သောကြောင့် ဦးတည်ပြောဆိုမှုများသည် ကုရ်အာန်၏ မှန်ကန်မှုကို ငြင်းပယ်သူများကိုသာလျှင် ဆိုလိုသည်။ ထိုကျမ်းတော်ထဲတွင် ကျမ်းတော်မြတ်ကိုလက်ခံသူများနှင့် ငြင်းပယ်သူများ၏ အကြောင်းဖော်ပြခဲ့ပြီးနောက် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းတည်ရှိကြောင်း သက်သေပြချက်နှင့် တမန်တော်ဖြစ်ခြင်းအကြောင်းတို့ကို ဖော်ပြထားသည်။ ထို့နောက် အိဗ်ရာဟီမ် ( **عليه السلام** ) သခင်မျိုးဆက်အပေါ် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာနှင့် ကျေးဇူးတော်များကို ပြန်လည်အောက်မေ့သတိရစေသည် မှာ အာယသ်တော် وَإِذِ ابْتَلَىٰ إِبْرَاهِيمَ رَبُّهُ (၂း၁၂၄)ထိဖြစ်သည်။ ထို့နောက် ကိဗ်လဟ်ကိစ္စကိုစတင်ခဲ့ပြီး ဆွဖာနှင့် မရ်ဝါ၏အခြေအနေသည် အလ္လာဟ်အရှင်မြတ်၏ထံမှ နိမိတ်လက္ခဏာတော်တစ်ရပ်အဖြစ်ထင်ရှားသတ်မှတ်စေပြီးသောအခါတွင် ကိဗ်လဟ်ကိစ္စပြီးဆုံးဖြေရှင်းပြီးဖြစ်သည်။ ယင်းမှာ အာယသ်(၁၅၈)အထိဖြစ်သည်။

ထို့နောက် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်းအတည်ပြုပြီးနောက်တွင် ရှိရ်ဂ် အလ္လာဟ်အရှင်မြတ်နှင့် တုဖက်ယှဉ်တွဲကိုးကွယ်ခြင်းအကြောင်း၏ အခြေခံမူများနှင့် မူကွဲများကို မှားကြောင်း ငြင်းဆိုခဲ့ပါသည်။ ဤချဉ်းကပ်တင်ပြပုံနည်းသည် ကျမ်းတော်မြတ်ကုရ်အာန်၏ သတင်းစကားကို ငြင်းပယ်သူများအား သတိပေးခြင်းများဖြင့် ပြည့်လျှံနေပါသည်။ မုစ်လင်မ်များအား ရည်ညွှန်းမှုပါခဲ့လျှင်မူကား ဤရည်ညွှန်းမှုများသည် မှန်ကန်မှုမှ ဆက်နွယ်လာသော ကြောင်းကျိုးဆက်စပ်ဆင်ခြင်ချက်တစ်ရပ်သာလျှင် ဖြစ်သည်။

နောက်လာမည့်အာယသ်များသည် စူရတ်ဘကရတ်၏ အခြားတစ်ဝက်ဖြစ်ပြီး ယင်း၏ မူလရည်ရွယ်ချက်မှာ မုစ်လင်မ်များကို ၎င်းတို့၏ ဘာသာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ဆင့်ပွားစည်းကမ်းများကို သင်ကြားပေးရန်ဖြစ်သည်။ ထို့ပြင် မုစ်လင်မ်မဟုတ်သူများကို ဦးတည်ပြောသည့်အချက်များသည် မုစ်လင်မ်များကို သွယ်ဝိုက်၍ မိန့်ကြားခြင်းသာလျှင်ဖြစ်သည်။

စူရတ်အဆုံးရောက်သည်အထိဖော်ပြသည့် ဤအကြောင်းအရာကို 'ဗိရ်'ဟူသောစကားလုံး၏ အယူအဆကို ရှင်းပြခြင်းဖြင့် စတင်ဖွင့်လှစ်ထားသည်။ ဗိရ်ဟူသည်မှာ ကောင်းသည့်အရာအားလုံးကို ခြုံငုံ၍သုံးသည့် အရဗီစကားလုံးဖြစ်ပြီး အတွင်းပိုင်းဆိုင်ရာနှင့် အပြင်ပိုင်းဆိုင်ရာတို့တွင် ဖြောင့်မတ်မှန်ကန်ခြင်းနှင့် နာခံရိုကျိုးခြင်းအပြုအမူအားလုံးနှင့်ပေါင်းစပ်ထားသည်။ ထို့ကြောင့် အာယသ်တော်စလျင်စခြင်း အခြေခံမူများဖြစ်သည့် ကျမ်းတော်မြတ်ကို ယုံကြည်ခြင်း၊ အလျှူဒါနတွင် ဥစ္စာပစ္စည်းသုံးစွဲခြင်း၊ ကတိကဝတ်များကိုဖြည့်ဆည်းခြင်းနှင့် အခက်အခဲ ဘေးအန္တရာယ်ကျရောက်စဉ် သည်းခံခြင်းများတို့ကို အလေးအနက်ထား၍ ဖော်ပြထားသည်။ ယင်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိန့်ပညတ်ချက်များ၏ နောက်ကွယ်တွင်ရှိ အခြေခံမူများတွင် ပါဝင်ပြီးဖြစ်သည်။ အကြောင်းမှာ ယုံကြည်ခြင်းနှင့်သက်ဆိုင်သောစာပိုဒ်များ၊ ယင်းတို့နှင့်လိုက်လျောညီထွေသည့် ပြုမူလုပ်ဆောင်ချက်များနှင့် ကိုယ်ကျင့်တရားများသည် ဘာသာတရားအားလုံး၏ ဘာသာရေးဆိုင်ရာအဓိန့်

ပညတ်ချက်များ၏ အနှစ်သာရများ ဖြစ်ကြသည်။ အသေးစိတ်ပြုပြုလုပ်ဆောင်ချက်များသည် ဤအခြေခံများမှ ပေါ်ထွက်လာသည်။ ထို့ကြောင့် ဤအာယသ်တော်သည် စင်စစ်ယင်းအဓိကအချက်(၃)ချက်ပါဝင်ပါသည်။

## ဗိရ်ကဏ္ဍ (ကောင်းမြတ်သောအကျင့်သီလများ)

ဤမှစ၍ စာရှုသူသည် 'ဗိရ်'ဟူသော ကောင်းချီးမင်္ဂလာဂုဏ်တော်၏ အကျယ်ဖွင့်ချက်အသေးစိတ်ကို တွေ့မြင်ရပါလိမ့်မည်။ 'ဗိရ်'၏ အနှစ်သာရမှာ 'နာခံကျိုးနွံခြင်း'ပင်ဖြစ်သည်။ သင့်တော်သောအချိန်နှင့် သင့်တော်သောနေရာများ၌ အမိန့်ပညတ်ချက်များစွာကို လိုအပ်သလို ဖော်ပြထားခဲ့သည်။ အမိန့်ပညတ်ချက်အချို့ကိုဖော်ပြရလျှင် တူညီသောလက်တုန့်ပြန်ခြင်း၊ သေတမ်းစာ၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဂျိဟားဒ်၊ ဟဂ်ျ၊ အလှူဒါနပြုခြင်း၊ ရာသီပန်းပွင့်ခြင်း၊ 'အီလာ'၊ ကျမ်းကျိန်ခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းပြီးနောက် မိန်းမများအတွက်စောင့်ဆိုင်းရသည့်ကာလ(အိစ်ဒ်ဒတ်)၊ မဟရ်ဒွေတင်ခြင်း အကြောင်းတို့ဖြစ်ကြပြီး ဂျိဟားဒ်နှင့် အင်ဖာက်အလွှာဟ်လမ်းတွင် သုံးစွဲခြင်းများအကြောင်းကိုထပ်ကာဖော်ပြထားပါသည်။

ထို့ပြင် လိုအပ်ချက်နှင့်လိုက်လျောညီထွေစွာရောင်းခြင်း၊ ဝယ်ခြင်းနှင့် သက်သေခံခြင်းများအကြောင်းကိုလည်း ဖော်ပြထားပါသည်။ အဆုံးတွင် ကောင်းသတင်းများ၊ ခွင့်လွှတ်ချမ်းသာပေးခြင်းနှင့် သနားကြင်နာမှု၏ ကတိကဝတ်နှင့် ခွင့်လွှတ်ချမ်းသာပေးခြင်းများကိုဖော်ပြထားပါသည်။

## အကျယ်ဖွင့်ဆိုခြင်း

ဗိုင်သုလ်မုကတ်စ်ဒစ်အစား မုစ်လင်မ်များအတွက် မျက်နှာမူရာအရပ်အဖြစ် မက္ကာဟ်တွင်ရှိသော အလ္လာဟ်အရှင်မြတ်၏အိမ်တော် ဗိုင်သုလ္လာဟ်အား သတ်မှတ်လိုက်သည့်အခါ အစ္စလာမ်နှင့် မုစ်လင်မ်များအပေါ် အပြစ်ရှာရန် အလွန်စိတ်အားထက်သန်သော ဂျူး(ယဟူဒီ)၊ ခရစ်ယာန်(နဆ္စာရာနီ)နှင့် မုရှ်ရိက်ကီးန်များသည် လှုပ်လှုပ်ရွရွဖြစ်သွားခဲ့ကြပြီး တမန်တော်မြတ်(ﷺ)သခင်နှင့် အစ္စလာမ်သာသနာအပေါ် အမျိုးမျိုးသော ကန့်ကွက်မှုများ ပြုစေခဲ့ပါသည်။ ထိုကန့်ကွက်ချက်များ၏ အသေးစိတ်အဖြေများကို ပြီးခဲ့သည့်အာယသ်တော်များတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ယခုလက်ရှိအာယသ်တော်တွင် ထိုအခြေအတင်ဖြစ်ခဲ့သည့်ကိစ္စရပ်ကို တစ်ချက်တည်းနှင့်အဆုံးသတ်ခဲ့ပါသည်။ ယင်းမှာ ဆွလာသ်ဝတ်ပြုစဉ်တွင် အရှေ့ဘက်သို့လည်းကောင်း၊ အနောက်ဘက်သို့လည်းကောင်း လှည့်ရုံမျှဖြင့် ယုံကြည်မှုသစ္စာ တရားကို ကန့်သတ်ချုပ်ချယ်၍ မရပါ။ ဤအရာများသည် မျက်နှာမူရာအရပ်များကိုသာ ဆိုလိုရင်းဖြစ်သည်။ ရှရီအသ်တရားတော်၏ အခြားပညတ်ချက်များကို လုံးဝဥဿုံဖယ်ရှားပြီး ယုံကြည်မှုသစ္စာ တရား၏ ရည်မှန်းချက် အဖြစ် ပြောင်းလဲမသွားနိုင်ပါ။ ဖြစ်နိုင်သည်မှာ ဤဦးတည်မိန့်ကြားမှုသည် ဂျူးများ၊ ခရစ်ယာန်များနှင့် မုစ်လင်မ် များကို တစ်ပြိုင်နက်တည်း မိန့်ကြားခြင်းလည်းဖြစ်နိုင်ပါသည်။ စစ်မှန်သော ဗိရ် (ကောင်းမြတ်သောအကျင့်သီလများ)နှင့်စဝါးဗ်(ကုသိုလ်ကောင်းမှု)များသည် အလ္လာဟ်အရှင်မြတ်အား နာခံကျိုးနွံခြင်းပေါ်တွင်မူတည်ကြောင်းပင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်လိုလားသော မျက်နှာမူရာအရပ်သို့ ကျွန်ုပ်တို့

လှည့်လိုက်သည်နှင့်တစ်ပြိုင်နက် အလိုအလျောက် မှန်ကန်သွား၍ ကုသိုလ်ကောင်းမှုများနှင့် ထိုက်တန်သွားစေပါသည်။ အရှေ့ဘက်ဖြစ်စေ၊ အနောက်ဘက်ဖြစ်စေ မည်သည့်အရပ်ဒေသမဆို မျက်နှာမူခြင်းတို့သည် အရေးကြီးသည်မဟုတ်။ ကုသိုလ်ကောင်းမှု ရရန်လည်းမဟုတ်ချေ။ မည်သည့်အရပ်သို့ မျက်နှာမူသည်ဆိုခြင်းကား အကြောင်းမဟုတ်ချေ။ စစ်မှန်သော စဝါးဗ်ကုသိုလ်ရရှိခြင်းသည် အလ္လာဟ်အရှင်မြတ် အမိန့်ပညတ်တော်များကို နာခံခြင်းသာလျှင်ဖြစ်သည်။ ဗိုင်သုလ် မုကတ်စ်ဒစ်ဘက်သို့လှည့်ရန်ဟူသည့် အမိန့်ကျရောက်ပြီးနောက် ထိုအမိန့်ကို နာခံခြင်းသည် စဝါးဗ်ကုသိုလ်နှင့် ထိုက်တန်သော အပြုအမူဖြစ်သွားသည်။

အစောပိုင်းက အာယသ်တော်များ၏ ဆက်စပ်မှုနှင့်ပတ်သက်၍ ဆွေးနွေးစဉ်က တင်ပြခဲ့သကဲ့သို့ ဤအာယသ်တော်မှစ၍ ဆက်စပ်မှုအသစ်တစ်ရပ်ပေါ်ပေါက်လာပါသည်။ ယင်းမှာ ကျမ်းစာ၏ အဓိက စာသားတို့သည် မုစ်လင်မ်များအား သင်ကြားပို့ချချက်များနှင့် လမ်းညွှန်ချက်များပါဝင်ပြီးသည့်နောက် ဆန့်ကျင်သူများအတွက် ဖြေကြားချက်များသည် ဆက်နွယ်သည့်သဘောဖြင့်ပါဝင်လာပါသည်။ ထို့ကြောင့် ဤအာယသ်တော်သည် အစွလာမ့်အမိန့်ပညတ်ချက်များကိုတင်ပြရာ၌ အလွန်ပြီးပြည့်စုံသည်ဟု ဖော်ညွှန်းထားခဲ့ပါသည်။ ဤနေရာမှစ၍ စူရတ်ဘကရတ်၏ အဆုံးတိုင် အာယသ်တော်များသည် ဤအာယသ်တော်၏ အသေးစိတ်များဖြစ်ကြသည်။ ယင်းတို့မှာ ယုံကြည်မှုဆိုင်ရာစာပိုဒ်များ အကျဉ်းချုပ်၊ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းဆိုင်ရာ နည်းလမ်းများ၊ လူအများနှင့်ဆက်ဆံရေးနှင့် ကိုယ်ကျင့်တရားဆိုင်ရာ စည်းမျဉ်းစည်းကမ်းများဖြစ်ကြသည်။

ဦးစွာဖော်ပြသည်မှာ ယုံကြည်မှုဆိုင်ရာ အချက်အလက်များဖြစ်သည်။ ဤအရာများသည် **مَنْ اٰمَنَ بِاللّٰهِ** 'အလ္လာဟ်အရှင်မြတ်ကို ယုံကြည်မြတ်နိုးသူ'တွင် အကျုံးဝင်သည်။ ထို့နောက် ဆက်၍ ယုံကြည်မှုဆိုင်ရာ အချက်အလက်များကို လိုက်နာကျင့်သုံးရာ၌ တစ်စုံတစ်ဦး၏ ပြုမူဆောင်ရွက်ချက်နှင့်ပတ်သက်သည့် နည်းဥပဒေများလာရှိသည်။ ထိုနည်းဥပဒေများမှာ အလ္လာဟ်အရှင်မြတ်အား ခဝပ်ကိုးကွယ်ရာ၌လည်းကောင်း၊ လူအများနှင့် ဆက်ဆံရာတွင်လည်းကောင်း လိုက်နာရန်အတွက်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်ကို မြတ်နိုးတွယ်တာခြင်းနှင့်ပတ်သက်၍ **وَاٰتَى الزَّكٰوةَ** 'ထို့ပြင် ဇကားသ် တရားဝင်ဒါနကြေးကို ပေးလှူကြ၏'အထိ ဖော်ပြထားခဲ့သည်။ ထို့နောက် လူအများနှင့်ဆက်ဆံခြင်းအကြောင်းသည် **وَالْمُوْفُوْنَ بِعَهْدِهِمْ** 'ယင်းသူတို့သည် ကတိပြုသောအခါ၌ မိမိတို့၏ ပဋိညာဉ်ဝန်ခံချက်များကို အတည်ပြုကြ၏'တွင် အကျုံးဝင်သွားသည်။ ကိုယ်ကျင့်တရားများအကြောင်းကို **وَالصّٰبِرِيْنَ** 'ခန္တီပါရမီကို ခိုင်မြဲစွာစောင့်စည်းကြ၏'တွင် ဖော်ပြထားသည်။ နောက်ဆုံးမိန့်မြွက်ချက်မှာ ဤအမိန့်ပညတ်ချက်များအားလုံးအပေါ်တွင် လိုက်နာကျင့်သုံးသူများသည်သာလျှင် စစ်မှန်သောမုစ်လင်မ်ဖြစ်၍ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေသူများဟု ခေါ်ဆိုထိုက်သူများဖြစ်ကြသည်။

ဤအမိန့်ပညတ်ချက်များအကြောင်းဖော်ပြစဉ်တွင် အာယသ်တော်သည် နူးညံ့သိမ်မွေ့၍ အဖွဲ့အနွဲ့ကောင်း သော အညွှန်းများ မြောက်မြားစွာပေးထားပါသည်။ ပမာဆိုသော် ဥစ္စာပစ္စည်းသုံးစွဲခြင်းနှင့် ပတ်သက်လျှင် **عَلٰى حُبِّهٖ** 'အလာဟုဗ်ဗိဟီ 'ဟူသောစကားလုံးဖြင့် သုံးနှုန်းထားပါသည်။ 'အလာဟုဗ်ဗိဟီ'တွင်ဖြစ်နိုင်သော အဓိပ္ပာယ် (၃)မျိုးရှိပါသည်။ ပထမမှာ 'ဟုဗ်ဗိဟီ'တွင်ပါသော နာမ်စားသည် အလ္လာဟ်အရှင်မြတ်ကို ရည်ညွှန်းခြင်းဖြစ်နိုင်သည်။ ထိုသို့ဆိုလျှင် အဓိပ္ပာယ်မှာ အကြင်သူတစ်ဦးသည် ဥစ္စာပစ္စည်းသုံးစွဲရာ၌ ကြွားဝါလိုသည့်ဆန္ဒနှင့် ရုပ်ပိုင်းဆိုင်ရာ ရည်စူးချက်တို့ကြောင့် မဖြစ်စေရ။ အလ္လာဟ်အရှင်မြတ်အား ချစ်မြတ်နိုးသည့်စိတ်ဓါတ်ဖြင့်သာ သုံးစွဲခြင်း

ဖြစ်ရမည်။ ထိုအချင်မြတ်၏ ကြီးကျယ်ခန့်ငြားမှုကြောင့် ဤကဲ့သို့လျှဒါန်းမှုမျိုးတွင် လျှဒါန်းသူသည် ရောယှက်မှုကင်းစင်သည့် ရိုးသားမှုဖြင့်သာလျှင် ပြုလုပ်ရန်လိုအပ်သည်။

ဒုတိယဖြစ်နိုင်ချေမှာ အကယ်၍ ဤနမ်စားသည် ဥစ္စာပစ္စည်းကို ရည်ညွှန်းခြင်းဖြစ်သည်ဟုဆိုလျှင် အဓိပ္ပာယ်မှာ အလ္လာဟ်အချင်မြတ်လမ်းတော်၌ ဥစ္စာပစ္စည်းလျှဒါန်းရာတွင် မိမိအကြိုက်နှစ်သက်ဆုံးအရာကို လျှဒါန်းမှသာလျှင် ကုသိုလ်စဝါးဗ်ရလိမ့်မည်ဖြစ်သည်။ လွှင့်ပစ်ရမည့်ပစ္စည်းကို အလျှဒါနအမည်တပ်၍ ပေးကမ်းခြင်းသည် အလျှဒါနမမည်ချေ။ အသုံးပြုနိုင်သည့်သူတစ်ဦးဦးကို ပေးကမ်းခြင်းသည် လွှင့်ပစ်သည်နှင့်စာလျှင် ပိုမိုကောင်းမွန်ပါသည်။

တတိယဖြစ်နိုင်ချေမှာ ထိုနာမ်စားသည် စာပိုဒ်ပါ **إِيتَاءِ** အီသာဟူသော စကားလုံးမှ ဆင်းသက်လာသော **آتى** အာသာဟူသောစကားလုံးကို ရည်ညွှန်းခဲ့ပါလျှင် အဓိပ္ပာယ်မှာ တစ်စုံတစ်ဦး၏ ပေးကမ်းစွန့်ကြဲမှုကို သူ၏နှလုံးသားမှ ကျေနပ်နှစ်သက်စွာဖြင့် ပေးကမ်းခြင်းဖြစ်ရပါမည်။ လက်က ပေးကမ်းသော်လည်း စိတ်နှလုံးသားမှ မနှစ်မြို့ခြင်းမျိုးမဖြစ်စေရချေ။

အိမာမ် အလ်ဂျဆ္ဆိုဆ္ဆားဆ္ဆိုက ဤအဆိုအမိန့်ထဲတွင် ဆိုလိုရင်းသုံးမျိုးစလုံး ပါဝင်နိုင်ချေရှိသည်ဟု အကြံပြုခဲ့ပါသည်။ ဤနေရာတွင် သတိပြုရန်မှာ ယခင်ကဖော်ပြခဲ့သော ပေးကမ်းလျှဒါန်းခြင်း အသွင်(၂)မျိုးသည် ဇကာသ်မဟုတ်ချေ။ ဇကာသ်နှင့်ပတ်သက်၍ ဤလျှဒါန်ခြင်း(၂)မျိုးပြီးသည့်နောက် ဖော်ပြထားပါသည်။ ဤအကြောင်းအရာများကို ဦးစွာဖော်ပြရခြင်းအကြောင်းမှာ ဇကာသ် တရားဝင်ဒါနကြေးပေးဆောင်ပြီးလျှင် လုံလောက်သည်ဟုယူဆ၍ ဤကဲ့သို့ လျှဒါန်းခြင်းကို လျစ်လျူရှု မေ့လျော့ထားသည့်အကျင့်ကြောင့်ပင်ဖြစ်သည်။

ဤသည်က ငွေကြေးဆိုင်ရာမလုပ်မနေရတာဝန်များသည် ဇကာသ် တရားဝင်ဒါနကြေးပေးဆောင်ခြင်းဖြင့် ပြီးဆုံးမသွားပါဟု သက်သေပြခြင်းဖြစ်သည်။ ဇကာသ် တရားဝင်ဒါနကြေးပေးဆောင်ပြီးနောက် မဖြစ်မနေလိုအပ်သည့်အခါတွင် ဥစ္စာပစ္စည်းလျှဒါန်းသုံးစွဲရသည်များလည်းရှိသည်။ (ဂျဆ္ဆိုဆ္ဆားဆ္ဆိုး နှင့် ကုရ်တုဗီ) ပမာဆိုသော်ခိုင်လုံသောအကြောင်းပြချက်ရှိ၍ မိမိကိုယ်တိုင် ရှာဖွေစားသောက်နိုင်ခြင်းမရှိသော ဆွေမျိုးသားချင်းအပေါ်တွင် သုံးစွဲခြင်းသည် လိုအပ်သည်။ သို့တည်းမဟုတ် ဇကာသ်တရားဝင် ဒါနကြေးပေးပြီးသော်လည်း ဆင်းရဲမွဲတေမှုကြောင့် သေလုမြောပါးလိုအပ်နေသောသူအချို့အတွက်လည်း သင်သည် ထိုသူ၏အသက်ကို ကာကွယ်ရန်အလို့ငှာ သင်၏ ဥစ္စာပစ္စည်းများကို ထိုနေရာတွင် ချက်ချင်းသုံးစွဲရမည်။

အလားတူပင် ဗလီဝတ်ကျောင်းတော်များဆောက်လုပ်ခြင်းနှင့် ဘာသာရေးပညာဆိုင်ရာ ကျောင်းဆောက်လုပ်ခြင်းတို့သည်လည်း ဘဏ္ဍာရေးဆိုင်ရာ မလုပ်မနေရတာဝန်များတွင် အားလုံးအပါအဝင်ဖြစ်သည်။ ဇကာသ် တရားဝင်ဒါနကြေးနှင့် ဥစ္စာပစ္စည်းလျှဒါန်းခြင်း ကွာခြားသည်မှာ ဇကာသ်၌ သီးခြားဥပဒေရှိ၍ ဇကာသ်ပေးဆောင်ရာတွင် ထိုဥပဒေနှင့်အညီ ဂရုတစိုက်ပေးကမ်းခြင်းသည်ကား မည်သည့်အခြေအနေတွင်ဖြစ်စေ မလုပ်မနေရ တာဝန်ဖြစ်သည်။ ဇကာသ်မဟုတ်သည့် အခြားမလုပ်မနေရတာဝန်များဖြစ်သော လျှဒါန်းခြင်းသည် လိုအပ်ချက်ပေါ်တွင်မူတည်သည်။ လိုအပ်လျှင် လျှဒါန်းရန်မှာ မလုပ်မနေရတာဝန်ဖြစ်လာ၍ မလိုအပ်လျှင်ကား မလုပ်မနေရ လျှဒါန်းရန် တာဝန်မဟုတ်ချေ။

## အထူးမှတ်သားဖွယ်

အာယသ်တော်ပါ မူရင်းစာပိုဒ်များကို ဂရုတစိုက်လေ့လာကြည့်ပါက ငွေကြေးဥစ္စာကို လက်ခံရယူသုံးစွဲခံထိုက်သူများဖြစ်သည့် ဆွေမျိုးများ၊ မိသက်ဆိုးဘသက်ဆိုးများ၊ ချို့တဲ့သူများ၊ အိုးမဲ့အိမ်မဲ့သူများနှင့် တောင်းခံသူများကို ပေါ်လွင်ထင်ရှားသည့်ပုံစံဖြင့် ဖော်ပြခဲ့သည်။ ထိုစာရင်းတွင် နောက်ဆုံးအမျိုးအစားကို အခြားနည်းလမ်းဖြင့် ထည့်သွင်းဖော်ပြထားသည်။ ကျေးကျွန်များကို ကျွန်ဘဝမှ လွတ်မြောက် စေရာ၌ လည်းကောင်း၊ စာပိုဒ်တွင် **فِى** 'ဖိ'ဟူသော စကားလုံးကို **وَفِى الرِّقَابِ** တွင်ထည့်ထားခြင်း၏ ရည်ရွယ်ချက်သည် တစ်စုံတစ်ဦးပိုင် ကျွန်တစ်ဦးအား လွတ်မြောက်စေရန် သုံးစွဲသော ငွေကြေးဥစ္စာသည် ကျွန်၏လက်ထဲ မရောက်စေရပါ။ ထိုသို့ ကျွန်လက်ထဲရောက်ရှိသွားလျှင် ၎င်းစိတ်တိုင်းကျ သုံးစွဲနိုင်သော ကိုယ်ပိုင်ငွေဖြစ်သွားနိုင်သည်ကို ထောက်ပြသည့် ရည်ရွယ်ချက်ဖြစ်သည်။ ကျွန်အဖြစ်လွတ်မြောက်စေရန်အတွက် ၎င်းတို့၏ သခင်များထံမှ ဝယ်ယူခြင်းတွင် ငွေကြေးသုံးစွဲရပါမည်။ ထို့ကြောင့် 'ကျေးကျွန်များကို ကျွန်ဘဝမှ လွတ်မြောက်စေရာ၌လည်းကောင်း'ဟူ၍ အဓိပ္ပာယ်ပြန်ဆိုထားပါသည်။ ထို့နောက် **أَقَامَ الصَّلٰوةَ وَاٰتَى الزَّكٰوةَ** 'ထို့ပြင် ယင်းသူတို့သည် ဆွလားသ်' ဝတ်ပြုကြ၏၊ ဇကာသ် တရားဝင်ဒါနကြေးကိုလည်းပေးလှူကြ၏'ဟူသော မိန့်ကြားချက်သည် ယခင်ကဖော်ပြခဲ့ပြီး ဖြစ်သော အရာတိုင်းကဲ့သို့ပင် တူညီသောအသွင်သဏ္ဌာန်ဖြင့် ဖော်ပြထားသည်။ ဆက်ဆံရေး ကဏ္ဍအကြောင်း ဖော်ပြရာတွင်မူ မိန့်ကြားမှုဟန်ပန်ပြောင်းလဲသွားခဲ့ပါသည်။ ကြိယာများသုံးစွဲခြင်းအစား နာမ်များကို အသုံးပြုခဲ့ပါ သည်။ ဤကဲ့သို့ဖော်ပြခြင်းသည် ကတိကဝတ်ပြုလုပ်ခဲ့သည်ကို အမြဲတစေ ဖြည့်ဆည်းသည့်အကျင့်တစ်ရပ်ရှိသင့် ကြောင်းပင်ဖြစ်သည်။ ကြုံကြိုက်၍ ပဋိညာဉ်တစ်ရပ်ကို ဖြည့်ဆည်းမှုသည် မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦး (သို့) အပြစ်ကျူးလွန်သူတစ်ဦးပင်လျှင် တစ်ကြိမ်တစ်ခါ ဖြည့်ဆည်းတတ်လေသည်။ ယင်းသို့ကြုံကြိုက်၍ တစ်ကြိမ်တစ်ခါဖြည့်ဆည်းသူတစ်ဦးကို ဤစာရင်းတွင် မထည့်သွင်းနိုင်ပါ။

အဘယ့်ကြောင့် ကတိအတိုင်း ဆောင်ရွက်ခြင်းကို လူမှုဆက်ဆံရေး၏ အမှတ်လက္ခဏာအဖြစ် ရွေးချယ်ရပါသနည်းဆိုသော် အကြောင်းပြချက်မှာ အလွန်ရှင်းပါသည်။ ဝယ်ခြင်း၊ ရောင်းခြင်း၊ စာချုပ်စာတမ်းဖြင့် ငှားရမ်းခြင်း၊ အငှားချထားခြင်းနှင့် အစုစပ်လုပ်ငန်း စသည်တို့တွင် ပဋိညာဉ်စာချုပ်အတိုင်း လုပ်ဆောင်ခြင်းသည် လည်းကောင်း၊ ပေးထားသော ကတိကဝတ်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်းသည်လည်းကောင်း ဆက်ဆံမှုအားလုံး၏ အနှစ်သာရ ဖြစ်ကြောင်းကို အနည်းငယ်စဉ်းစားရုံဖြင့်သိမြင်နိုင်သည်။ ထိုနည်းတူစွာ ကိုယ်ကျင့်တရားဆိုင်ရာ အခြေခံဥပဒေသများကိုဖြစ်စေ အတွင်းပိုင်းဆိုင်ရာ ကျင့်စဉ်များကို ဖြစ်စေရည်ညွှန်းရာတွင် အာယသ်တော်ထဲ၌ ဆွဗရ်(သည်းခံမှု) ကို သာလျှင် ဖော်ပြထားပါသည်။ အဘယ့်ကြောင့် ဆိုသော် ဆွဗရ်(သည်းခံမှု)ဆိုသည်မှာ ကိုယ့်ကိုကိုယ် ထိန်းသိမ်း ခြင်းနှင့် မကောင်းမှုများမှ ကြဉ်ရှောင်ခြင်းကိုခေါ်ဆိုသည်။ အနည်းငယ်ဆင်ခြင်သုံးသပ် ရုံဖြင့် 'ဆွဗရ်'သည် အတွင်းပိုင်းဆိုင်ရာကျင့်စဉ်အားလုံး၏ အဓိကအချုပ်ဖြစ်ကြောင်း ကောက်ချက်ချနိုင်ပါသည်။ ယင်းဆွဗရ် (သည်းခံမှု)ဖြင့် ကောင်းမြတ်သော ကိုယ်ကျင့်တရားပွားများနိုင်ပြီး မကောင်းသော အကျင့်များကို ပယ်ရှားနိုင်လေသည်။

ရှေ့တွင်ပါသောပုံစံ၌ **وَالصَّابِرِيْنَ** နှင့်စကားလုံး **وَالصَّابِرُوْنَ** ကိုမသုံးဘဲ **وَالْمُوْفُوْنَ** ကိုသုံးခြင်းအားဖြင့် ရေးနည်း ရေးဟန် အပြောင်းအလဲရှိသည်။ ဋီကာပညာရှင်များက ယင်းကို**نصب على المدح** နဆွဲဗ်အလာလ်မဒ်ဟ် ဟုခေါ်၏။ အဓိပ္ပာယ်မှာ စကားလုံး မဒ်ဟ်(ချီးမွမ်းသည်) ဤနေရာတွင် နားလည်ပြီးဖြစ်၍ မြုပ်ထားပြီး အလ်ဆွာဗိရိန် စကားလုံးသည် ယင်း၏ကံပုဒ်ဖြစ်သည်။ ဤသည်က ဆိုလိုသည်မှာ ကောင်းမြတ်သော သူတို့အနက် 'ဆွာဗိရိန်' (သည်းခံခြင်းတရားရှိသူများ)သည် အထူးချီးမွမ်းခြင်း ခံထိုက်သူများဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် 'ဆွဗရ်'(သည်းခံမှု)က တစ်စုံတစ်ဦးကို ကောင်းမြတ်သော အကျင့်သီလဆောက်တည်ရန် ခွန်အားပေးသောကြောင့်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုလျှင် ဤအာယသ်တော်သည် ယုံကြည်မှုဆိုင်ရာ အခန်းကဏ္ဍအားလုံး၏ အရေးကြီးသော အခြေခံစည်းမျဉ်းဥပဒေများပါဝင်ပြီး ယင်း၏ လေးနက်သော အညွှန်းများက ကျွန်ုပ်တို့အား ကဏ္ဍတစ်ခုစီ၏ အရေးပါမှုကို ပြောပြခဲ့ပါသည်။

v v v v v v v

အာယသ် (၂ : ၁၇၈-၁၇၉)

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ كُتِبَ عَلَيۡكُمُ ٱلۡقِصَاصُ فِي ٱلۡقَتۡلَى ٱلۡحُرُّ
بِٱلۡحُرِّ وَٱلۡعَبۡدُ بِٱلۡعَبۡدِ وَٱلۡأُنثَىٰ بِٱلۡأُنثَىٰۚ فَمَنۡ عُفِيَ لَهُۥ مِنۡ أَخِيهِ
شَيۡءٞ فَٱتِّبَاعُۢ بِٱلۡمَعۡرُوفِ وَأَدَآءٌ إِلَيۡهِ بِإِحۡسَٰنٖۗ ذَٰلِكَ تَخۡفِيفٞ مِّن
رَّبِّكُمۡ وَرَحۡمَةٞۗ فَمَنِ ٱعۡتَدَىٰ بَعۡدَ ذَٰلِكَ فَلَهُۥ عَذَابٌ أَلِيمٞ ١٧٨ وَ
لَكُمۡ فِي ٱلۡقِصَاصِ حَيَوٰةٞ يَٰٓأُوْلِي ٱلۡأَلۡبَٰبِ لَعَلَّكُمۡ تَتَّقُونَ ١٧٩

**"အို - အီမာန်ယုံကြည်ခြင်းသဒ္ဓါတရားထားရှိသူအပေါင်းတို့။ အသင်တို့အပေါ်၌ (အနိုင်အထက် နှိပ်စက်ညှဉ်းပန်း မတရား)သတ်ဖြတ်ခြင်းခံရသူတို့နှင့်စပ်လျဉ်း၍ (အလ္လာဟ်အရှင်မြတ်ထံတော်မှ)လက်စားချေရန် (ဥပဒေကို)ပြဋ္ဌာန်းအတည်ပြုထားတော်မူလေပြီ။ (ပြဋ္ဌာန်းချက်မှာ) လွတ်လပ်သော သူကောင်းသည် လွတ်လပ်သော သူကောင်း၏ အစား၊ ကျွန်ကျွန်သည် ကျွန်ကျွန်၏အစား၊ မိန်းမသည် မိန်းမ၏အစား (သေဒဏ်ခံရပေမည်)။ သို့ပင်တစေ အကြင်သူသည် မိမိ၏ညီသားအစ်ကိုဖြစ်သော သေသူ၏ အမွေဆိုင်တို့ဘက်မှ (လျော်ကြေးပေးလျှင် ကြေအေးမည်ဟု) ခွင့်လွှတ်ခြင်း ခံရပါမူ( အမွေစားအမွေခံတို့အဖို့မှာ လျော်ကြေးငွေကို) ယဉ်ကျေးသိမ်မွေ့စွာဖြင့် တောင်းဆိုရမည်။ (ယင်းလက်သည်တို့အဖို့မှာလည်း ထိုသူတို့တောင်းဆိုသည့်အတိုင်း) သာယာချေင် သောနည်းဖြင့် ပေးဆပ်ရမည်။ ဤသည်ကား အသင်တို့အား မွေးမြူ တော်မူသော အရှင်မြတ်၏ အထံတော်မှ သေစားသေစေခြင်းဒဏ်မှ သက်သာစေခြင်း နှင့် ကရုဏာတော် သက်ရောက်စေခြင်းပင်ဖြစ်လေသည်။(သို့သော်)ထို (ဥပဒေစည်းမျဉ်း ပြဋ္ဌာန်းပြီးသည့်) နောက်မည်သူမဆို (ထို စည်းမျဉ်းဥပဒေကို ဖောက်ဖျက်) ကျူးလွန်ပါလျှင် ထိုသူအဖို့ (နောင် တမလွန်ဘဝတွင်) အလွန်ပြင်းပြ နာကျင်ဘွယ်ရာသော အပြစ်ဒဏ်သည် ရှိလတ္တံ့။"** (၂း၁၇၈)

**"အို - ဆင်ခြင်တုံတရားနှင့်ပြည့်စုံသော နိသမ္မဉာဏ်ရှင်အပေါင်းတို့၊ စင်စစ်သော်ကား (ယင်းကဲ့သို့) လက်စားချေခြင်း၌ အသင်တို့အဖို့ရာ**

**အသက်ရှင်ခြင်းရှိသည်။သို့မှသာ လျှင်အသင်တို့သည် ကြဉ်ရှောင်သူများ ဖြစ်တန်ကြရာပေသည်။" (၂း၁၇၉)**

ဤအာယသ်တော်၏ ရှေ့အာယသ်တွင် အတိုချုပ်နိဒါန်းစကားမှစ၍ ဖြောင့်မတ်မှန်ကန်မှု၏ သဘော သဘာဝအထိဖော်ပြထားပြီး ယင်းနှင့်ဆက်နွယ်သည့် ဆင့်ပွားအဓိန့်ပညတ်ချက်များ ယခုအာယသ်တွင်ပါဝင်သည်။ ပထမအဓိန့်ပညတ်ချက်တွင် အာယသ်တော်က 'ကိဆွာစ်' (အညီအမျှလက်တုံ့ပြန်ခြင်း)ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည်။ ၎င်းမှာ ပါဝင်ပတ်သက်သောအမှုသည်များ၏ အဆင့်အတန်းကို အဓိကမထားပဲ လူသတ်မှု ကျူးလွန်သူကို သေဒဏ်ပေးခြင်းဖြစ်သည်။ အကယ်၍ နစ်နာသောအမှုသည်ဘက်မှ မိမိသဘောဖြင့်မိမိ အချို့အဝက်ကို အလျော့ပေး၍ 'သေဒဏ်'ပေးခြင်းကို ခွင့်လွှတ်ခဲ့လျှင်သော်မှ အပြစ်မှ လုံးဝကင်းလွတ်ခွင့်မရပါ။ သတ်သောသူက ဒီးယာဟ် 'ဒီယာဟ်' ပေးရန် တာဝန်တစ်ရပ်ဖြစ်လေသည်။ (သို့) အသတ်ခံရသူ၏ မိသားစုအတွက် သတ်မှတ်ထားသည့် အသက်ဖိုးလျော်ကြေးငွေကို သင့်တင့်လျောက်ပတ်စွာဖြင့် မဆိုင်းမတွပေးရမည်။ တရားလိုကလည်း အသိအမှတ်ပြုသည့် အနေဖြင့် တရားခံကို စိတ်ဒုက္ခမရောက်စေရန် အမြန်ဆုံး ဆောင်ရွက်သင့်သည်။ ဤအသတ်ခံရသူ၏ မိသားစု အတွက် လျော်ကြေးငွေပေးရခြင်းဥပဒေနှင့် အပြစ်မှခွင့်လွှတ်ခြင်းသည် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ မဟာကရုဏာတော်ဖြင့် သက်သာခွင့်တစ်ခုဖြစ်၏။ ထိုကဲ့သို့မဟုတ်လျှင် သေဒဏ်ကို ကျခံရုံမှအပ အခြားနည်းလမ်းမရှိချေ။ အဆုံးတွင် အကယ်၍ လူတစ်ဦးတစ်ယောက်သည် မှားယွင်းသော အမှုဖွင့်ခြင်းဖြစ်စေ၊ သံသယဖြစ်ဖွယ်ရာလူသတ်မှုဖြစ်စေ ခွင့်လွှတ်ကြေအေးပြီးနောက် အမှုဖွင့်လှစ်သော လူသတ်မှုကဲ့သို့သော အမှုများတွင်ဖြစ်စေ အလ္လာဟ်အရှင်မြတ်၏ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်လျှင် သူ့ကို ပြင်းထန်ထိရောက်စွာ အပြစ်ပေးခံရ ပေလိမ့်မည်။ အမှန်အားဖြင့် (အညီအမျှလက်တုံ့ပြန်ခြင်း)သည် အသက်သတ်ခြင်းမဟုတ်ကြောင်းကို စဉ်းစားကြည့်ပါက ဉာဏ်ပညာရှိသူများ အခက်အခဲမရှိ သိနိုင်ကြောင်းကို အာယသ်တော်က ညွှန်းဆိုထားသည်။ ထိုကိစ္စသည် အသက်သတ်ခြင်းမဟုတ်ဘဲ အသက်ရှင်စေပါသည်။ ဤမျှ အဟန့်အတားဖြစ်စေသော ဥပဒေက တစ်စုံ တစ်ဦးကိုသတ်ခြင်းအားဖြင့် ကျရောက်မည့်အပြစ်ဒဏ်ကို လူတို့ကြောက်ရွံ့စေခြင်းအားဖြင့် လူအများအသက် ချမ်းသာရကြပါလိမ့်မည်။

## 'ကိဆွာစ်'တွင် အသက်ချမ်းသာရမှုရှိပါသည်။

ဝေါဟာရသဘောအရ 'ကိဆွာစ်'ဟူသောစကားလုံးသည် တူညီခြင်းဟု အဓိပ္ပာယ်ရသည်။ စကားအသုံးအနှုန်းတွင် 'အညီအမျှ လက်တုံ့ပြန်ခြင်း (သို့) တန်းတူညီမျှ တုံ့ပြန်ခြင်းဟုဖော်ညွှန်းသည်။ အစွယ်လာမ်ဥပဒေဆိုင်ရာ ဝေါဟာရအသုံးအနှုန်းတွင် 'ကိဆွာစ်'သည် လူတစ်ဦးတစ်ယောက်၏ ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုကို အဓမ္မနည်းဖြင့် တိုက်ခိုက်ကျူးလွန်မှုတွင် အညီအမျှလက်တုံ့ပြန်ခြင်းဟု အဓိပ္ပာယ်ရသည်။ ဤလက်တုံ့ပြန်မှုသည် 'တန်းတူညီမျှမှု' ကို အထူးအလေးအနက်ထားစောင့်ထိန်းသည့် အခြေခံစည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသော အခြေအနေတစ်ရပ် ပေါ်တွင်သာလျှင် ခွင့်ပြုလေသည်။ ဤအချက်ကို ဤစူရတ်၏ အာယသ် (၁၉၄)တွင် ပိုမိုရှင်းလင်းစွာဖော်ပြထား သည်မှာ -

فَاعْتَدُوْا عَلَيْهِ بِمِثْلِ مَا اعْتَدٰى عَلَيْكُمْ

**‘ထိုသူက အသင်တို့ကို ကျူးကျော်စော်ကားသကဲ့သို့ အသင်တို့သည်လည်း ထိုသူအား လက်တုံ့ပြန်၍ လက်စားချေကြကုန်လော့။’ (၂း၁၉၄)**

တဖန် စူရတ် အလ်နဟ်လ်၏ အာယသ်တော်များအဆုံးသတ်ရာတွင် ဤဥပဒေကိုပင် ဖော်ပြခဲ့သည်။

وَاِنْ عَاقَبْتُمْ فَعَاقِبُوْا بِمِثْلِ مَا عُوْقِبْتُمْ بِهٖ

**‘၎င်းပြင် အကယ်၍ အသင်တို့သည် တုံ့ပြန်လက်စားချေလိုခဲ့ကြသည်ရှိသော် မိမိကို ဒုက္ခပေးခြင်းခံကြ ရသည်နှင့်ညီတူညီမျှ တုံ့ပြန်လက်စားချေကြလေကုန်။” (၁၆း၁၂၆)**

ထို့ကြောင့် ရှရီအသ်၏ အခေါ်အဝေါ်အရ ‘ကိဆွာစ်’သည် လူသတ်မှုတွင်ဖြစ်စေ၊ ဒဏ်ရာအနာတရဖြစ်မှုတွင်ဖြစ်စေ တန်းတူညီမျှမှုအခြေခံစည်းမျဉ်း ဥပဒေများအား အပြည့်အဝလိုက်နာဆောင်ရွက်အပြစ်ပေးစီရင်ခြင်းဖြစ်သည်။

## စည်းမျဉ်းဥပဒေများ

(၁) အညီအမျှလက်တုံ့ပြန်ခြင်း စည်းမျဉ်းဥပဒေကို တစ်ဦးတစ်ယောက်အား သေစေလိုသော ရည်ရွယ်ချက်ဖြင့် သွေးထွက်သံယိုဖြစ်စေကာ သေစေနိုင်လောက်သော လက်နက်ဖြင့် အသတ်ခံရသောအမှုများတွင် အထူးသီးသန့်ကျင့်သုံးသည်။

(၂) လူသတ်မှုတစ်ခု၏ဖြစ်စဉ်တွင် အညီအမျှလက်တုံ့ပြန်ခြင်းအားဖြင့် လူသတ်သမားသည် သေဒဏ်ခံရမည်။ အာယသ်တော်တွင် လွတ်လပ်သူအရှင်သခင်အတွက် လွတ်လပ်သူအရှင်သခင်၊ ကျေးကျွန်အတွက် ကျေးကျွန်၊ အမျိုးသမီးအတွက် အမျိုးသမီး၊ အမျိုးသားအတွက် အမျိုးသားဟု ဖော်ပြထားသည်။ ယင်းသို့ အာယသ်တော်တွင် လွတ်လပ်သူအရှင်သခင်အတွက် လွတ်လပ်သူအရှင်သခင်၊ အမျိုးသမီးအတွက် အမျိုးသမီးဟုမိန့်ထားခြင်းမှာ ဤဝဟီအမိန့်တော်မြတ်ကျရောက်ရခြင်း၏ သီးသန့်အဖြစ်အပျက်ကို ရည်ညွှန်းသည်။

အိဗ်နိကဆီးရ်ကျမ်းတွင် အိဗ်နိအဗီဟာသင်၏ ဆင့်ပြန်ချက်ကိုတင်ပြထားသည်မှာ အစ္စလာမ်ခေတ်ဦးအစပိုင်းတွင် မျိုးနွယ်နှစ်ခုအကြား စစ်ပွဲဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ အမျိုးသားများ၊ အမျိုးသမီးများ၊ အရှင်သခင်များ၊ ကျေးကျွန်များ အပါအဝင် နှစ်ဘက်မျိုးနွယ်စုမှ လူအများအပြားအသတ်ခံခဲ့ကြရသည်။ အစ္စလာမ်ထွန်းကားလာချိန်အထိ သူတို့၏ မှုခင်းများမှာ မဆုံးဖြတ်ရသေးပဲရှိနေသည်။ ထိုအချိန်တွင် မျိုးနွယ်စုနှစ်ခုစလုံးကလည်း အစ္စလာမ်ကို လက်ခံယုံကြည်လာခဲ့ကြသည်။ သူတို့ မုစ်လင်မ်ဖြစ်ပြီမို့ နှစ်ဘက်စလုံးက အသတ်ခံကြရသောသူများအတွက် တုံ့ပြန်လက်စားချေမှုကို စတင်ပြောဆိုလာကြသည်။ မျိုးနွယ်စုတစ်ခုက ပိုမိုအင်အားကြီးထွားလာသဖြင့် ထိုစဉ်ကဖြစ်ပွားခဲ့သော စစ်ပွဲအတွင်း သူတို့ဘက်မှ အသတ်ခံရသော ကျေးကျွန်တစ်ယောက်အတွက် အရှင်သခင်တစ်ယောက်ကိုလည်းကောင်း၊ အမျိုးသမီးတစ်ယောက်အတွက် အမျိုးသားတစ်ယောက်ကိုလည်းကောင်း တုံ့ပြန်လက်စားချေရန် အပြင်းအထန်တောင်းဆိုကြသည်။

ဤတွင် သူတို့ဘက်မှ ဤမျှရိုင်းစိုင်းသော တောင်းဆိုမှုကို ငြင်းဆိုရန် အာယသ်တော်ကျရောက်ခဲ့သည်။ ကျွန်တစ်ယောက်အစား လွတ်လပ်သောအရှင်သခင်တစ်ယောက်၊ အမျိုးသမီးတစ်ယောက်အစား အမျိုးသား တစ်ယောက်ကို တုံ့ပြန်လက်စားချေသည့်အနေဖြင့် သူသည် လူသတ်မှု မကျူးလွန်ခဲ့လျှင်သော်မှ သတ်ရမည်ဟု အဓိပ္ပာယ်မရှိသော သူတို့၏ တောင်းဆိုချက်ကို လွတ်လပ်သောသူအစား လွတ်လပ်သူ၊ ကျွန်၏အစား ကျွန်နှင့် အမျိုးသမီးအစား အမျိုးသမီးဟုဖော်ပြကာ အာယသ်တော်က ငြင်းပယ်ရန် ရည်ညွှန်းခဲ့ပါသည်။ အစ္စလာမ်က ပြဋ္ဌာန်းသော တရားမျှတသည့်ဥပဒေမှာ 'ကိဆွာစ်'အညီအမျှ လက်တုံ့ပြန်မှုတွင် လူသတ်မှုကျူးလွန်သူတစ်ဦးသာ လျှင် သေစားသေစေ ဒဏ်ကျခံရမည်။ အကယ်၍ အမျိုးသမီးတစ်ဦးက လူသတ်သမဖြစ်ခဲ့လျှင် အဘယ့်ကြောင့် အပြစ်ကင်းစင်သော အမျိုးသားက လက်တုံ့ပြန်အသက်ခံရပါမည်နည်း။ ထိုနည်းတူစွာ ကျေးကျွန်တစ်ဦးက လူသတ်သမားဖြစ်ခဲ့လျှင် ကျွန်၏ အရှင်သခင်ကို လက်တုံ့ပြန်သတ်ဖြတ်ရန်မှာ လုံးဝအဓိပ္ပာယ်မရှိပေ။ ယင်းကိစ္စသည် တရားမျှတမှုမရှိ။ အစ္စလာမ်တွင် ဘယ်သောအခါမျှ လက်ခံနိုင်မည်မဟုတ်ပါ။

ဤအာယသ်တော်သည် အထက်ဖော်ပြခဲ့သည်မှအပ မည်သည်ကိုမျှ မဆိုလိုပါ။ ယင်းကိုပင် ကျွန်ုပ်တို့ ထပ်မံပြောပါမည်။ 'ကိဆွာစ်'မှာ တစ်ဦးတစ်ယောက်လူသတ်ခဲ့သည်။ ၎င်းလူသတ်သူသည် အသတ်ခံရမည့်သူဖြစ်သည်။ လူသတ်သမားကိုလွှတ်၍ အပြစ်မရှိသော လူတစ်ယောက်ကိုဖြစ်စေ၊ အမျိုးသမီးကိုဖြစ်စေ၊ ကျေးကျွန်ကို ဖြစ်စေ တုံ့ပြန် သတ်စေရန်ခွင့်မပြုနိုင်ပါ။ 'ကိဆွာစ်'ဟူသည် အမျိုးသမီးကိုသတ်သော အမျိုးသားကိုသော်လည်းကောင်း၊ ကျွန်ကို သတ်သော အရှင်သခင်ကိုသော်လည်းကောင်း တုံ့ပြန်လက်စားချေခြင်းမပြုဟု အာယသ်တော်က မဆိုလိုကြောင်း ကိုကျွန်ုပ်တို့အလေးအနက်ထားရှင်းလင်းတင်ပြကြစို့။အာယသ်တော်၏အစပိုင်းစကားလုံးများ'اَلْقِصَاصُ فِى الْقَتْلٰى' 'ကိဆွာစ်' **'အသင်တို့အပေါ်၌ သတ်ဖြတ်ခြင်းခံရသူတို့နှင့် စပ်လျဉ်း၍ လက်စားချေရန် ပြဋ္ဌာန်းအတည်ပြုထားတော်မူလေပြီ'** သည်ကမ္ဘာ လုံးဆိုင်ရာကျင့်စဉ်၏ ထင်ရှားသောသက်သေတစ်ရပ်ဖြစ်သည်။ ဤသဘောထားအမြင်ကို အခြားသောအာယသ်တော်များတွင် ပိုမိုပြည့်စုံရှင်းလင်းစွာ ဖော်ပြထားပါသည်။

ဥပမာ - **أَنَّ النَّفْسَ بِالنَّفْسِ (လူတစ်ဦးအတွက် အခြားသူတစ်ဦး)**

(၃) သေစေလိုသော ရည်ရွယ်ချက်ဖြင့်သတ်သော လူသတ်သမားကို လုံးဝခွင့်လွှတ်မှုပြုခဲ့လျှင် ဥပမာ လူတစ်ဦးသည် အသတ်ခံရ၍ ကွယ်လွန်သွား၏။ ကွယ်လွန်သွားသောသူ၏ အသက်ရှင်ကျန်လျက်ရှိသော သားနှစ်ယောက်စလုံးကခွင့်လွှတ်ပြီး သူတို့၏ အညီအမျှလက်တုံ့ပြန်နိုင်သည့် အခွင့်အရေးကို စွန့်လွှတ်လျှင် လူသတ်သမားထံမှ မည်သည့်တောင်းဆိုမှုကိုမျှမပြုဘဲ လွှတ်သင့်ပါသလား။ အကယ်၍ လူသတ်သမားကို အပြည့်အဝ ခွင့်လွှတ်ခြင်းမဟုတ်လျှင် ဥပမာအထက်က ဖော်ပြခဲ့သောအကြောင်းအရာတွင် အသက်ရှင်လျက်ကျန်ရှိနေသူ သားနှစ်ယောက်အနက် တစ်ဦးကခွင့်လွှတ်ပြီး၊ ကျန်တစ်ဦးက ခွင့်မလွှတ်ခဲ့လျှင် အဖြေမှာဤသို့ဖြစ်သည်။ လူသတ်သမားသည် လက်တုံ့ပြန်အပြစ်ပေးခြင်းခံရမည့်ဘေးမှ လွတ်နိုင်ခွင့်ရှိပါသည်။ ခွင့်မလွှတ်သောသားတစ်ဦးကလည်း 'ဒီယာဟ်'အသက်ဖိုးလျော်ကြေးငွေ၏ တစ်ဝက်ကိုလည်းရပိုင်ခွင့်ရှိရမည်ဖြစ်ပါသည်။ ရှရီအသ်တွင် 'ဒီယာဟ်'အသက်ဖိုးမှာ ကုလားအုတ်အကောင်တစ်ရာ၏ တန်ဖိုးငွေကိုသော်လည်းကောင်း၊ ဒီနာတစ်ထောင်

သော်လည်းကောင်း၊ ဒိရ်ဟန် တစ်သောင်းသော်လည်းကောင်း ယခုခေတ်အခြင်အတွယ်များအရ ငွေသား အလေးချိန် တစ်ဆယ့်ကိုးပေါင်ခန့်၏ တန်ဖိုးနှင့်ညီမျှသည်။

(၄) အပြည့်အဝ ခွင့်လွှတ်ခြင်းမရှိသောနည်းလမ်းသည် အသက်ဖိုးပေးလျော်ခြင်းကို ပြုလုပ်ရမည့် လိုအပ်ချက်(ဝါဂျိဗ်)ဖြစ်စေပါသည်။ ထိုနည်းတူစွာ အမှုသည်များအချင်းချင်း တစ်စုံတစ်ခုသော ငွေကြေး အတိုင်းအတာတစ်ရပ်ပေါ်တွင် နှစ်ဦးနှစ်ဘက်ကျေအေးမှုပြုခြင်းသည် လက်တုံ့ပြန်ခြင်းကို ချုပ်ငြိမ်းစေပြီး သဘောတူညီချက်အတိုင်း ငွေကြေးတန်ဖိုးကို ပေးခြင်းသည်လည်း လိုအပ်ချက်(ဝါဂျိဗ်)ဖြစ်သည်။ မည်သို့ဆိုစေ ဤအချက်များသည် 'ဖီကဟ်' ကျမ်းစာအုပ်များတွင်ပါဝင်သော အချို့အခြေအနေများတွင် အကျုံးဝင်သည်။

(၅) အစ္စလာမ်ဥပဒေတွင် အသတ်ခံရသောသူ၌ အမွေစား အမွေခံများ မည်မျှများပြားစွာရှိပါစေ လက်တုံ့ပြန်ခြင်းနှင့် အသက်ဖိုးလျော်ကြေးငွေကို သူတို့၏ အမွေဆက်ခံပိုင်ခွင့်နှင့်အညီ လက်တုံ့ပြန်ခွင့် အမွေခံ ခွင့်ရရှိပေလိမ့်မည်။ အကယ်၍ အသက်ဖိုးလျော်ကြေးငွေ ယူခဲ့လျှင် ယင်းငွေကို အမွေဆိုင်တို့၏ အမွေ ဝေစုဝေပုံအချိုးအစားအတိုင်း ခွဲဝေရမည်။ ဤသို့ဆိုလျှင် 'ကိဆွာစ်' (အညီအမျှလက်တုံ့ပြန်ခြင်း)သည် ရွေးချယ်ပိုင်ခွင့် အခွင့်အလမ်းဖြစ်သွားပြီလား။ 'ကိဆွာစ်'အခွင့်အရေးသည်လည်း အများခွဲဝေပိုင်ဆိုင်ပေလိမ့်မည်။ 'ကိဆွာစ်' သည် ခွဲခြမ်း၍မရနိုင်သောကြောင့် အမွေစားအမွေခံတစ်ဦးဦး၏ ခွင့်လွှတ်မှုသည် အတည်ဖြစ်သည်။ ခွင့်လွှတ်ခြင်းသည်လည်း အမွေစားအမွေခံတို့၏ အခွင့်အရေးဖြစ်သော တုံ့ပြန်လက်စားချေမှုတွင် အပါအဝင်ဖြစ်သွားပေမည်။ မည်သို့ဆိုစေ အသက်ဖိုးလျော်ကြေးငွေကိုမူ အမွေခံစားခွင့်နှင့် အညီရရှိကြမည်။

(၆) အညီအမျှလက်တုံ့ပြန်ခြင်းကို အသတ်ခံရသူ၏ ဥပဒေအရ အမွေဆက်ခံသူများကို တရားဝင် အပ်နှင်းထားသည်မှာ အမှန်ဖြစ်သည်။ သို့သော် မုစ်လင်မ်လူမှုအဖွဲ့အစည်းများ၏ သဘောဆန္ဒအရ သွေးကြွေး ဂလဲ့စား လက်စားချေတုံ့ပြန်မှုကို ကိုယ်တိုင်ကိုယ်ကျလုပ်ခွင့်မရှိပါ။ တစ်နည်းဆိုသော် လူသတ်သမားကို သူတို့ ကိုယ်တိုင် သတ်ခွင့်မရှိပါ။ ယင်း၏အစား မုစ်လင်မ်အုပ်ချုပ်သူ (သို့) အုပ်ချုပ်သူ၏ လက်အောက်ခံအရာရှိအား အကူအညီတောင်းခံပြီး သူတို့အခွင့်အရေးကို တောင်းဆိုရမည်။ အကြောင်းမှာ 'ကိဆွာစ်'အညီအမျှ လက်တုံ့ပြန်မှုသည် ရှုပ်ထွေးပွေလီသောအမှုဖြစ်၍ အငြင်းပွားမှု အသေးစိတ်လာသောအခါ သာမန်လူတို့ လက်လှမ်းမမှီနိုင်ဖြစ်ရလေသည်။ ထို့ကြောင့် တရားဝင် အမွေဆက်ခံထိုက်သူတစ်ဦးဆိုသော အဓိကအခြေခံအကြောင်းအချင်းအရာများကိုမသိဘဲ လက်တုံ့ပြန်မှုပြုလုပ်သောအခါ ဒေသအလျောက် အလွန်အကျွံဖြစ်နိုင်လေသည် သို့ဖြစ်၍ မုစ်လင်မ်လူမှုအဖွဲ့အစည်း၏ တတ်သိပညာရှင်များ တညီတညွတ်တည်းသဘောတူညီချက်မှာ အညီအမျှ လက်တုံ့ပြန်မှု အခွင့်အရေးကို အစ္စလာမ့်အစိုးရဌာနများမှတဆင့် တောင်းဆိုအကောင်အထည်ဖော်ရန် လိုအပ်သည်။ (ကုရ်တုဗီ)

v v v v v v v

အာယသ် (၂:၁၈၀–၁၈၂)


كُتِبَ عَلَيْكُمْ إِذَا حَضَرَ أَحَدَكُمُ الْمَوْتُ إِن تَرَكَ خَيْرًا ۖ الْوَصِيَّةُ
لِلْوَالِدَيْنِ وَالْأَقْرَبِينَ بِالْمَعْرُوفِ ۖ حَقًّا عَلَى الْمُتَّقِينَ ﴿١٨٠﴾ فَمَن
بَدَّلَهُ بَعْدَمَا سَمِعَهُ فَإِنَّمَا إِثْمُهُ عَلَى الَّذِينَ يُبَدِّلُونَهُ ۚ
إِنَّ اللَّهَ سَمِيعٌ عَلِيمٌ ﴿١٨١﴾ فَمَنْ خَافَ مِن مُّوصٍ جَنَفًا أَوْ إِثْمًا
فَأَصْلَحَ بَيْنَهُمْ فَلَا إِثْمَ عَلَيْهِ ۚ إِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿١٨٢﴾

**"အသင်တို့အပေါ်၌ ပြဋ္ဌာန်းထားတော်မူသော အမိန့်တစ်ရပ်မှာ အသင်တို့ အနက် တစ်ဦးတစ်ယောက်၏ထံသို့ သေခြင်းတရားသည် ဆိုက်ရောက်လာသောအခါ အကယ်၍ ထိုသူသည် တစ်စုံတစ်ရာဥစ္စာပစ္စည်းထားရှိခဲ့ပါမူ (ထိုသူ၏) မိဘနှစ်ပါးနှင့် ဆွေမျိုးရင်းချာတို့အဖို့ရာ ကောင်းမြတ်သောနည်းဖြင့် (သေတမ်းစာ အဖြစ်)မှာကြားခဲ့ရန် တာဝန်ရှိပေသည်။ (ဤသည်ကား) ဒုစရိုက်မူတို့မှ ကြဉ်ရှောင်သူ အပေါင်းတို့ အပေါ်၌ (မလွဲမရှောင်သာသော) တာဝန်ဝတ္တရားတစ်ရပ်ပင် ဖြစ်ချေသည်။"** (၂း၁၈၀)

**"တစ်ဖန် အကြင်သူတို့သည် ထိုမှာကြားချက်ကို ကြားနာကြပြီးသည့်နောက် (တစ်မျိုးတစ်ဖုံ)ပြောင်းလွဲခဲ့ပါမူ ထိုမှာကြားချက်ကို ပြောင်းလွဲသူတို့ အပေါ်၌ သာလျှင် ထိုပြောင်းလွဲခြင်း၏ အပြစ်သည် ထိုက်ချေသည်။မုချဧကန် အလ္လာဟ် အရှင်မြတ်သည် (ယင်းသူတို့ မှာထားခဲ့သည်များကို) အကြွင်းမဲ့ ကြားတော်မူသောအရှင်၊ (ယင်းသူတို့၏ စေတနာသဒ္ဓါတရားများကိုလည်း) အကြွင်းမဲ့ သိတော်မူသောအရှင် ဖြစ်တော်မူ၏။"** (၂ း၁၈၁)

**"သို့ဖြစ်ငြားလည်း အကြင်သူသည် သေတမ်းထားရှိခဲ့သောသူ၏ထံမှ တစ်စုံတစ်ရာ သော လွဲချော်တိမ်းပါး မှားယွင်းမှုကိုသော်လည်းကောင်း၊ သို့တည်းမဟုတ် တစ်စုံ တစ်ရာသောအပြစ်ကိုသော်လည်းကောင်း စိုးရိမ်မကင်းဖြစ်သည့်အတွက်ယင်း(အမွေဆိုင်)သူတို့၏အကြားဝယ် စေ့စပ် သင့်မြတ်စေခဲ့ပါမူ (ထိုစေ့စပ်သင့်မြတ်ပေးသော)သူ၏အပေါ်၌ တစ်စုံတစ်ရာ အပြစ်မရှိပြီ။ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည်(ပြစ်မှုဒုစရိုက်တို့ကို) အဖန်တလဲလဲ**

**လွတ်ငြိမ်း ချမ်းသာခွင့်ပေးသနားတော်မူသော အရှင်၊ အလွန်သနားကြင်နာ ညှာတာတော် မူသောအရှင်ဖြစ်တော်မူ၏။”** (၂:၁၈၂)

## သေတမ်းစာပြုလုပ်ခြင်းအပေါ် ကုရ်အာန်ကျမ်းတော်မြတ်၏ ရှုမြင်ချက်

တိုက်ရိုက်လုံးကောက်သဘောအရ အလ် 'ဝဆ်ဩယသ်'၏ ဆိုလိုရင်းမှာ 'ဝဆ်ဩယသ်'ပြုလုပ်သူ အသက်ရှင်စဉ်သော်လည်းကောင်း၊ သေဆုံးပြီးဌ်သော်လည်းကောင်း တစ်စုံတစ်ရာပြုလုပ်စေရန် မှာကြားချက်တစ်ရပ် ဖြစ်သည်။ သို့ရာတွင် အများလက်ခံထားသည့် အသုံးအနှုန်းအရဆိုလျှင်မူ ကွယ်လွန်သေဆုံးပြီးသည့်နောက် ဆောင်ရွက်စေခြင်းကို ရည်ညွှန်းခြင်းဖြစ်သည်။ ထိုစကားလုံးကို သေတမ်းစာ (သို့) အမွေအနှစ်အဖြစ် ဘာသာပြန်ဆိုနိုင်ပါသည်။

အရဗီစကားလုံး 'ခိုင်းရ်'မှာ အဓိပ္ပာယ်ဆိုလိုရင်း အများအပြားရှိသည့်အနက် 'ဥစ္စာဓန'သည်လည်း အဓိပ္ပာယ် တစ်ခုဖြစ်သည်။ ပမာဆိုသော် وَاِنَّهٗ لِحُبِّ الْخَيْرِ لَشَدِيْدٌ ဟူသော အာယသ်တော်တွင် 'ခိုင်းရ်'ဆိုသည်ကို အကျယ်ဖွင့်ဆိုသူများ တညီတညွတ်တည်း သဘောတူညီကြသော အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ 'ဥစ္စာဓန'ဟူ၍ဖြစ်သည်။

အစ္စလာမ်ခေတ်ဦးပိုင်းတွင် အမွေခွဲဝေခြင်းကို ရှရီအသ်တရားတော်အားဖြင့် အတိအကျမသတ်မှတ်ရသေးမီက ဥပဒေမှာ သေအံ့ဆဲဆဲသူတစ်ဦးသည် အမွေပုံ၏ ၃ ပုံ ၁ပုံကို သေတမ်းစာပြုလုပ်နိုင်သည်။ ယင်း ၃ ပုံ ၁ပုံကို သူ၏ မိဘများနှင့် ဆွေမျိုးသားချင်းများအား သူကြိုက်သလိုခွဲဝေ၍ ရွေးချယ်ပေးနိုင်ခဲ့သည်။ ဤသည် သာလျှင် မိဘဆွေမျိုးများ၏ ရပိုင်ခွင့်ဖြစ်သည်။ ကျန်ဝေစုတို့သည် သားသမီးများအတွက်သာဖြစ်စေရမည်။

ဤအမိန့်ပညတ်ချက်သည် ဤအာယသ်တော်တွင်ပါရှိသည်။

ဥစ္စာပစ္စည်းအချို့ ချန်ရစ်ခဲ့သူတစ်ဦးအတွက် သေတမ်းစာပြုလုပ်ခြင်းသည် မပြုမနေရ ပြုလုပ်ရာတွင် အကြောင်းအချက် (၃)ရပ်ရှိပါသည်။

(၁) သေဆုံးသူ ချန်ရစ်ခဲ့သည့် အမွေများအတွက် သားသမီးများမှအပ အခြားအမွေဆက်ခံမည့် မည်သူအတွက်ကိုမျှ အတိအကျသတ်မှတ်ချက်မရှိပါ။ ထိုသူပြုလုပ်ထားခဲ့သော သေတမ်းစာအရပင်လျှင် ဆုံးဖြတ်ရပါမည်။

(၂) ထိုကဲ့သို့သော ဆွေမျိုးသားချင်းများအတွက် သေတမ်းစာပြုလုပ်ခြင်းမှာ သေဆုံးမည့်သူအပေါ်တွင် မပြုမနေရတာဝန်ဖြစ်သည်။

(၃) အမွေပုံ၏ ၃ ပုံ ၁ပုံ ထက်ကျော်လွန်၍ သေတမ်းစာပြုလုပ်ခြင်းကိုလည်း ခွင့်မပြုပါ။

အထက်ဖော်ပြပါ အမိန့်ပညတ်ချက် (၃)ရပ်မှ ဆွဟာဗဟ်သာဝကကြီးများနှင့် ၎င်းတို့၏ ဆက်ခံသူများ သာဗိအီးန်များ၏ ဆုံးဖြတ်ချက်အရ အမွေဆက်ခံခြင်းဆိုင်ရာ အာယသ်တော်အားဖြင့် ပထမအချက်သည် ပယ်ဖျက်ခဲ့ပြီးဖြစ်သည်။ ဆွဟာဗဟ်သာဝကကြီး အဗ်ဒုလ္လာလ် အိဗ်နိ အဗ္ဗာစ် (رضى الله عنه) ၏ဆင်ပြန်ချက်အရ

အိဗ်နိ ကဆီးရ်က တင်ပြသည်မှာ ဤအမိန့်ပညတ်ချက်သည် အမွေဆက်ခံခြင်း အာယသ်တော်အားဖြင့် ပယ်ဖျက်ခဲ့ပြီးဖြစ်သည်။ ယင်းမှာ အောက်ပါအတိုင်းဖြစ်သည်။

لِلرِّجَالِ نَصِيبٌ مِّمَّا تَرَكَ الْوَالِدٰنِ وَالْاَقْرَبُوْنَ ۠ وَلِلنِّسَآءِ نَصِيبٌ مِّمَّا
تَرَكَ الْوَالِدٰنِ وَالْاَقْرَبُوْنَ مِمَّا قَلَّ مِنْهُ اَوْ كَثُرَ ؕ نَصِيبًا مَّفْرُوْضًا ۝

**‘ယောကျ်ားများအဖို့ မိဘနှစ်ပါးနှင့် ဆွေမျိုးညာတကာတို့က ထားရှိခဲ့ကြသော ပစ္စည်းများအနက်မှ ဝေစု ဝေပုံသည်သတ်မှတ်ပြီးဖြစ်သည်။ဂင်းပြင် မိန်းမများအဖို့လည်း မိဘနှစ်ပါးနှင့် သွေးချင်းနီးစပ်သော ဆွေမျိုး ညာတကာတို့ကထားရှိခဲ့ကြသောပစ္စည်းများအနက်မှဝေစုဝေပုံသည် (သတ်မှတ်ပြီး)ဖြစ်၏။ ထိုပစ္စည်းသည်နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အလွှာတ်အရှင်မြတ်အထံတော်မှ သတ်မှတ်ပြဋ္ဌာန်းထားတော်မူသော ဝေစုဝေပုံတစ်ရပ်ဖြစ်သတည်း။’ (၄း၇)**

ဆွဟာဗဟ် အိဗ်နိအဗ္ဗားစ် (رضى الله عنه)၏ အခြား ဆင့်ပြန်ချက်အရ အမွေဆက်ခံခြင်း အာယသ်တော်သည် အတိအကျ သတ်မှတ်ထားခဲ့သော အမွေဆက်ခံခဲ့သူများအတွက် သေတမ်းစာပြုလုပ်ခြင်းကို ပယ်ဖျက်ခဲ့ပြီးဖြစ်သည်။ တိကျ သည့် ဝေစုမရှိသည့် အမွေဆက်ခံသူ ဆွေမျိုးသားချင်းများအတွက် သေတမ်းစာပြုလုပ်ခြင်းကို မူကား ဆက်လက်အတည်ဖြစ်စေခဲ့ပါသည်။ (ဂျဆ်ဆွားဆ်၊ ကုရ်တုဗီ)

သို့သော်လည်း ကွန်ပ်တို့စိတ်တွင် မှတ်ထားရမည်မှာ မုစ်လင်မ် အုမ္မသ်ထု၏ တညီတညွတ်တည်း သဘောတူညီချက်အရ သေဆုံးမည့်သူသည် အမွေဆက်ခံရာတွင် အတိအကျဝေစု သတ်မှတ်ထားခြင်းမရှိသော ဆွေမျိုးသားချင်းအတွက် သေတမ်းစာတစ်ရပ်ပြုလုပ်ရန်မှာမူ မလုပ်မနေရ တာဝန်တစ်ရပ်အဖြစ် မသတ်မှတ်ချေ။ ထို့ကြောင့် ထိုသူများအတွက် ဝဆ်ဩယသ် သေတမ်းစာ မပြုမနေရဟူသော အသွင်သဏ္ဌာန်သည်လည်း ပယ်ပျက်ပြီးဖြစ်သည်။ (ဂျဆ်ဆွားဆ်၊ ကုရ်တုဗီ) ထို့ကြောင့် ထိုကဲ့သို့သော ဆွေမျိုးသားချင်းများအတွက် သေတမ်းစာပြုလုပ်ခြင်းသည် ဆန္ဒအလျောက်ပြုလုပ်သော (မုစ်သဟဗ်)အပြုအမူတစ်ရပ်သာလျှင်ဖြစ်သည်။ ယင်းသည်လည်း ထိုဆွေမျိုးသားချင်းတို့၏ လိုအပ်ချက်ကြောင့်သာလျှင်ဖြစ်လေသည်။

သေတမ်းစာပြုလုပ်ခြင်းမှာ မပြုမနေရပြုရမည့်တာဝန်တစ်ရပ်ဖြစ်သည်ဆိုသော ဒုတိယအမိန့်ပညတ်ချက်သည်လည်း မုစ်လင်မ် အုမ္မသ်ထု၏ တညီတညွတ်တည်း သဘောတူညီချက်အရ ပယ်ဖျက်ပြီးဖြစ်သည်။ ဤကိစ္စရပ်သည် ကျော်ကြားသော ဟဒီးဆ်တော်အရလည်း ပယ်ပျက်ပြီးဖြစ်သည်။ ထိုဟဒီးဆ်တော်သည် ဟဒီးဆ် မုသ်ဝါသိရ် ဟဒီးဆ်ဖြစ်၍ ယင်း၏ခိုင်လုံမှုမှာ စစ်မှန်ခိုင်လုံသော ပုဂ္ဂိုလ်များ၏ ကွင်းဆက်မပြတ်သော ဆင့်ပြန်ချက်များနှင့် လာရှိသော ဟဒီးဆ်တော်ဖြစ်သည်။ ထိုဟဒီးဆ်တော်မှာ ဆွဟာဗဟ်သာဝကကြီးပေါင်း (၁၅၀၀၀) တစ်သိန်းငါးသောင်းခွဲ၌ တမန်တော်မြတ်(ﷺ) ၏ နောက်ဆုံးဟဂ်ျတွင် မိန့်ကြားခဲ့သည်မှာ

**ان الله اعطى لكل ذى حق حقه فلا وصية لوارث**

﴿اخرجه الترمذى وقال حديث حسن صحيح﴾

'ရပိုင်ခွင့်ရှိသော လူတိုင်းအတွက် ၎င်း၏ ရပိုင်ခွင့်ကို အလ္လာဟ်အရှင်မြတ်သည် ပေးသနားခဲ့ပြီဖြစ်သည်။ ထို့ကြောင့် မည်သည့်အမွေဆက်ခံသူအတွက် မဆို သေတမ်းစာမလိုအပ်ချေ။ (သိရိမိဇီ)

ဤဟဒီးဆ်တော်ကိုပင်စိုက်ယိဒိနာ အိဗ်နိအဗ္ဗာစ်(**رضى الله عنه**) သခင်က ဆင့်ပြန်ခဲ့ရာတွင် အောက်ပါ စကားလုံးများဖြည့်စွက်ပါရှိပါသည်။

**لاوصية لوارث الا ان تجيزه الورثة**

'အမွေဆက်ခံသူအားလုံး၏ ခွင့်ပြုချက်ရှိမှသာလျှင် အမွေဆက်ခံသူများအတွက် သေတမ်းစာပြုလုပ်ရမည်' ဟဒီးဆ်တော်၏ အနှစ်သာရကား ကြီးကျယ်မြတ်ထွတ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် ကိုယ်တိုင်အမွေဆက်ခံခွင့်ရှိသူများ၏ ဝေစုဝေပုံကို အတိအကျသတ်မှတ်ပြီးဖြစ်ခဲ့ပါသည်။ ထို့ကြောင့် အမွေပေးမည့် သူသည် သေတမ်းစာပြုလုပ်ရန်မလိုအပ်တော့ချေ။ စင်စစ်မှာ အမွေဆက်ခံသူတစ်ဦး၏ အကျိုးအတွက် အမွေရှင် သည် သေတမ်းစာတစ်ရပ်ပြုလုပ်ခွင့်ပင်မရှိချေ။ သို့သော်လည်း အခြား အမွေဆက်ခံသူများက ထိုသို့သေတမ်းစာ ပြုလုပ်ရန် သဘောတူညီခဲ့ကြပါလျှင်မူ ခွင့်ပြုနိုင်ပါသည်။

အိမာမ် အလ်ဂျဆ္ဆိဆ္ဆားဆ်ိက မိန့်သည်မှာ ဤဟဒီးဆ်သည် ဆွဟာဗဟ်သာဝကြီးအများစုထံမှ ဆင့်ပြန်ခဲ့ချက်များဖြစ်၍ မုစ်လင်မ် ဓမ္မသတ်ပညာရှင်အသိုင်းအဝိုင်းသည် ယင်းကို တညီတညွတ်တည်းလက်ခံခဲ့ကြသည်။ ထို့ကြောင့် ဤဟဒီးဆ်တော်သည် သေချာခိုင်လုံပြီး ကွင်းဆက်မပြတ်သော ဆင့်ပြန်ချက်များဖြစ်သည့်အလျောက် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်ရုပ်သိမ်းပယ်ဖျက်ခြင်းကိုလည်း ခွင့်ပြုသည်။

အိမာမ်အလ်ကုရ်တုဗီက မိန့်ကြားခဲ့သည်မှာ မုစ်လင်မ်ထု၏ ပညာရှင်များက တညီတညွတ်တည်း လက်ခံကြသည်မှာ အမိန့်ပညတ်ချက်တစ်ရပ်သည် ကျွန်ုပ်တို့ထံ တမန်တော်မြတ်(ﷺ)သခင်မှတစ်ဆင့် ရောက်ရှိလာ၍ ကျွန်ုပ်တို့ကလည်း ယင်းအကြောင်းကို ပြည့်ပြည့်ဝဝ သိရှိနားလည်ပြီးဖြစ်သော မုသ်ဝါသိရ်နှင့် မတ်ရှ်ဟူးရ်ကဲ့သို့သော ဆင့်ပြန်ချက်များသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်နှင့်တန်းတူဖြစ်သောကြောင့် အအလ္လာဟ်အရှင်မြတ်၏ အမိန့်တော်အဖြစ်ကောက်ယူကြရလိမ့်မည်။ ထို့ကြောင့် ဤကဲ့သို့သော ဟဒီးဆ်တစ်ရပ်ဖြင့် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်အချို့ ပယ်ဖျက်ရုပ်သိမ်းခြင်းကို သံသယဖြစ်ဖွယ်မရှိချေ။

အမွေဆက်ခံသူတစ်ဦးအတွက်ပြုလုပ်သည့် သေတမ်းစာပြုလုပ်ခြင်း၊ ပျက်ပြယ်စေသည့် ဤဟဒီးဆ်တော်သည် တစ်ပုဒ်တည်း (အလ်ခဗရ် အလ်ဝါဟိဒ်) ဖြစ်သော်လည်း စင်စစ် ဤဟဒီးဆ်တော်သည် တမန်တော်မြတ်(ﷺ)၏ နောက်ဆုံး ဟဂျ်မိန့်ခွန်းတော်မှ လာရှိသော ဟဒီးဆ်တော်ဖြစ်၍ ဆွဟာဗဟ်ပေါင်းများစွာ တစုတဝေးတည်းရှိခိုန် ပွင့်လင်းစွာမိန့်မြွက်ချက်ဖြစ်ကာ ဆွဟာဗဟ်များတညီတညွတ်တည်း သဘော တူညီ၍ မုစ်လင်မ်ထု၏ တညီတညွတ်တည်းသဘောတူညီချက်အရ လုံးဝဥဿုံခိုင်လုံသည်။ ထိုသို့မဟုတ်ဘဲ ဒွိဟ သံသယအနည်းငယ်ရှိသည်ဆိုလျှင် ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ် အာယသ်တော်ကို မည်သည့်အခါတွင်မျှ စွန့်လွှတ်လိမ့်မည်မဟုတ်ချေ။ ထို့ပြင် ဤပယ်ဖျက်ရုပ်သိမ်းမှု အမိန့်တော်ကိုလည်း ဟဒီးဆ်တော်မှတစ်ဆင့် ပြုလုပ်ခြင်းကို လက်ခံခဲ့ကြသည်။

တတိယအမိန့်ပညတ်ချက် ဆက်လက်တည်ရှိမှုမှာ မုစ်လင်မ်အုမ္မသ်ထု တညီတညွတ်တည်း အတည်ပြုလက်ခံခဲ့ခြင်းကြောင့်ဖြစ်သည်။ ယင်းမှာ သေဆုံးသူ၏ အမွေ(၃)ပုံ(၁)ပုံကို သေတမ်းစာပြုလုပ်ခွင့်ရှိပါသည်။ သို့သော်လည်း အမွေဆက်ခံသူများက အမွေ၏ (၃)ပုံ(၁)ပုံထက် ကျော်လွန်၍ သေတမ်းစာပြုလုပ်ခြင်းကို ခွင့်ပြုခဲ့ပါလျှင် သို့တည်းမဟုတ် အမွေအားလုံးကိုပင် သေတမ်းစာပြုလုပ်မည်ဆိုလျှင် ခွင့်ပြုနိုင်ပါသည်။

**ဥပဒေသ**

(၁) အစောပိုင်းက တင်ပြထားသကဲ့သို့ ကုရ်အာန်ကျမ်းတော်မြတ်အရ ဝေစုဝေပုံသတ်မှတ်ထားပြီးဖြစ်သော ဆွေမျိုးသားချင်းများအတွက် သေတမ်းစာပြုလုပ်ရန် မလိုအပ်ချေ။ စင်စစ်အခြား အမွေစားအမွေခံများ၏ ခွင့်ပြုချက်မပါရှိဘဲနှင့် သေတမ်းစာပြုလုပ်ခွင့်မရှိပါ။ မည်သို့ဆိုစေကာမူ အမွေဆက်ခံခြင်း၌ တရားဝင်ဝေစုဝေပုံရပိုင်ခွင့်မရှိသော ဆွေမျိုးသားချင်းအတွက်မှာမူ စုစုပေါင်း အမွေအားလုံး၏ (၃)ပုံ(၁)ပုံအထိကိုမူ သေတမ်းစာပြုလုပ်နိုင်ပါသည်။

(၂) ဤအာယသ်တော်ထဲတွင် သေအံ့ဆဲဆဲ ပုဂ္ဂိုလ်တစ်ဦးက ၎င်းကျန်ရစ်ခဲ့သော ဥစ္စာဓနများအား ပြုလုပ်ထားခဲ့သော တမူထူးခြားသည့်သေတမ်းစာတစ်ရပ်ကို ဖော်ပြထားခဲ့သည်။ ဤသည်မှာလည်း ရုပ်သိမ်းပယ်ဖျက်ပြီးဖြစ်ခဲ့ပါသည်။ သို့သော်လည်း ယုံမှတ်အပ်နှံထားခြင်းကို ထိန်းသိမ်းထားသူတစ်ဦး (သို့) အခြားသူများအား ပေးဆပ်ရန်ရှိနေသူတစ်ဦးအတွက်မူ သေတမ်းစာပြုလုပ်ရန်လိုအပ်သည်။ ထိုသူသည် ၎င်း၏ သေတမ်းစာ၌ ယင်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်းပါရှိရမည်။ တမန်တော်မြတ်(ﷺ)သခင်သည် ဟဒီးဆ်တော်တစ်ရပ်၌ မိန့်ကြားခဲ့သည်မှာ 'အကြင်သူတစ်ဦးသည် အခြားသူများ၏ ရပိုင်ခွင့် ထိုသူ့အပေါ်ရှိနေခဲ့လျှင် သေတမ်းစာမရေးဘဲ (၃)ညထက် ပို၍မနေသင့်ပါ'ဟူ၍ ဖြစ်သည်။

(၃) ပိုင်ဆိုင်ပစ္စည်း၏ (၃)ပုံ(၁)ပုံကို သေတမ်းစာပြုလုပ်ခွင့်ရှိသူတစ်ဦးသည် ၎င်း၏ သေတမ်းစာကို ထိုသူ အသက်ရှင်စဉ်အတွင်းပြောင်းလဲခြင်းကိုဖြစ်စေ လုံးဝဥဿုံပယ်ဖျက်ခြင်းကိုဖြစ်စေ ပြုလုပ်ခွင့်ရှိပါသည်။

V V V V V V V

အာယသ် (၂း၁၈၃–၁၈၄)

يَٰٓأَيُّهَا
ٱلَّذِينَ ءَامَنُواْ كُتِبَ عَلَيۡكُمُ ٱلصِّيَامُ كَمَا كُتِبَ عَلَى ٱلَّذِينَ
مِن قَبۡلِكُمۡ لَعَلَّكُمۡ تَتَّقُونَ ١٨٣ أَيَّامٗا مَّعۡدُودَٰتٖۚ فَمَن كَانَ
مِنكُم مَّرِيضًا أَوۡ عَلَىٰ سَفَرٖ فَعِدَّةٞ مِّنۡ أَيَّامٍ أُخَرَۚ وَعَلَى
ٱلَّذِينَ يُطِيقُونَهُۥ فِدۡيَةٞ طَعَامُ مِسۡكِينٖۖ فَمَن تَطَوَّعَ خَيۡرٗا
فَهُوَ خَيۡرٞ لَّهُۥۚ وَأَن تَصُومُواْ خَيۡرٞ لَّكُمۡ إِن كُنتُمۡ تَعۡلَمُونَ ١٨٤

“အို - မုအ်မင်န် ယုံကြည်ခြင်းသဒ္ဓါတရားရှိကြကုန်သောသူအပေါင်းတို့ အလ္လာဟ်အရှင်မြတ်သည် အသင်တို့ထက်အလျင်ရှိခဲ့ကြသော သူတို့အပေါ် ဝယ် ဥပုသ်သီတင်းဆောက်တည်ရန် ပညတ်တော်ကို ပြဋ္ဌာန်းတော်မူသကဲ့သို့ ပင် အသင်တို့အပေါ်၌လည်း ဥပုသ်သီတင်းဆောက်တည်ရန် အမိန့်တော်ကို ပြဋ္ဌာန်း အတည်ပြုတော်မူခဲ့လေပြီ။ သို့မှသာလျှင် အသင်တို့သည် ပြစ်မှု ဒုစရိုက်တို့မှ ကြဉ်ရှောင်သူများဖြစ်တန်ကြရာ၏။” (၂း၁၈၃)

“(အသင်တို့ ဆွိယာမ် ဥပုသ်သီတင်းဆောက်တည်ကြရမည့် နေ့ရက်ကား) ရေတွက် ထားသော (အနည်းငယ်မျှသော)နေ့ရက်များပင်တည်း။ သို့ရာတွင် အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သောသူသည် ဝေဒနာစွဲကပ်၍ မကျန်း မာသောကြောင့်ဖြစ်စေ၊ သို့တည်းမဟုတ် ခရီးထွက်လျက်ရှိနေသောကြောင့် ဖြစ်စေ (ဥပုသ်သီလ မဆောက်တည်နိုင်ဘဲ ပျက်ကွက်ခဲ့ပါလျှင်)ထိုသူ့အပေါ်၌ **အခြားသောနေ့ရက်များကို တွက်စစ်၍ ဖြည့်စွက်(ဆောက်တည်)ရန် တာဝန်ရှိ** ပေသည်။ **တစ်ဖန် အကြင်သူတို့သည် ခဲယဉ်းစွာ ဥပုသ်သီလဆောက်တည် ကြရပါမူ ယင်းသူတို့သည် (ထိုပျက်ကွက်သော နေ့ရက်များ)အစား (တစ်ရက်လျှင်) သူဆင်းရဲတစ်ဦးကို (ထမင်းတစ်ရက်စာ) ကျွေးမွေးကြရမည်။** သို့ရာတွင် အကြင်သူသည် မိမိစိတ်စေတနာအလျောက် တစ်စုံတစ်ခုသော ကောင်းမှုကုသိုလ်ကိုပြုလုပ်ခဲ့သည်ရှိသော် ယင်းသို့ပြုလုပ်ခြင်းကား ထိုသူ၏ အဖို့အရာပို၍ပင် ကောင်းမြတ်ပေသည်။ သို့(ခွင့်ပြုချက်ရှိ)သော်ငြားလည်း

**အကယ်စင်စစ် အသင်တို့သည် (ဥပုသ်သီလ ဆောက်တည်ခြင်း၏ အကျိုး အာနိသင် တို့ကို ကောင်းမွန်စွာ)သိနားလည်သူများဖြစ်ကြပါလျှင် အသင်တို့ အဖို့အရာ ဥပုသ် သီလဆောက်တည်ခြင်းသည်သာလျှင် ပို၍ကောင်းမြတ် (သောအမှု)ပင် ဖြစ်ပေ သတည်း။" (၂း၁၈၄)**

## အကျယ်ဖွင့်ဆိုခြင်း

စာပေသဘောအရ 'ဆောင်မ်'ဟူသည် 'ရှောင်ကြဉ်ရန်'ကို ဆိုလိုသည်။ အစွယ်လာမ့်ဥပဒေအသုံးအနှုန်းအရ ဆိုလျှင် 'ဆောင်မ်'ဟူသောစကား၏ အဓိပ္ပာယ်မှာ စားခြင်း၊ သောက်ခြင်း၊ မေထုန်မှီဝဲခြင်းမှ ကြဉ်ရှောင်ရန်ဖြစ်ပြီး ထိုကိစ္စများကို နေထွက်မှနေဝင်ထိ တစ်လျှောက်လုံး ရှောင်ကြဉ်ရန်ဖြစ်ပြီး ဥပုသ်သီလဆောက်တည်ရန်ဟူသော ရည်ရွက်ချက်သည်လည်း ပါရှိရပေမည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် နေမဝင်မီ တစ်မိနစ်အလိုတွင် စားသောက်လိုက်လျှင်ပင် ၎င်း၏ဥပုသ်သီလသည် အတည်ဖြစ်လိမ့်မည်မဟုတ်ချေ။ အလားတူပင် အကယ်၍ အကြင်သူ တစ်ဦးသည် စားခြင်း၊ သောက်ခြင်း၊ မေထုန်မှီဝဲခြင်းကို တစ်နေ့တာလုံး ရှောင်ကြဉ်ခဲ့ပြီး ဥပုသ်သီလ ဆောက်တည်ရန်ဟူသော ရည်စူးချက်မရှိခဲ့လျှင် ယင်းသည်လည်း ဥပုသ်သီလဆောက်တည်သည်မမည်ပေ။

'ဆောင်မ်' (သို့) ဥပုသ်သီလသည် 'အိဗာဒသ်'တစ်ရပ်ဖြစ်ပါသည်။ အစွယ်လာမ်တွင် ခဝတ်ကိုးကွယ်မှုအပြုအမူ တစ်ရပ်ဖြစ်ပြီး အစွယ်လာမ့်မဏ္ဍိုင်နှင့် လက္ခဏာရပ်အဖြစ် သတ်မှတ်ထားသည်။ ဥပုသ်သီလဆောက်တည်ခြင်း၏ ထူးမြတ်မှုများမှာ များပြားလှသဖြင့် ဤနေရာ၌တင်ပြရန်မဖြစ်နိုင်ပါ။

## လွန်လေပြီးသော လူ့အသိုင်းအဝိုင်းနှင့် ဥပုသ်သီလ ဆောက်တည်ရန် အမိန့်ပညတ်ချက်

သတ်မှတ်ထားသောကာလအတွင်း မုစ်လင်မ်များ ဥပုသ်သီလဆောက်တည်ကြရန်အတွက် မပြုမနေရ ဖြစ်သည်ဟု ဤအာယသ်တော်က မိန့်ကြားထားသည်။ သို့သော်လည်း ဥပုသ်ဆောက်တည်ခြင်းသည် မုစ်လင်မ်များအတွက် အထူးအဆန်းမဟုတ်ကြောင်း ဤအမိန့်တော်ထဲတွင် ပူးတွဲပါရှိသည်။ ဥပုသ်သီလဆောက်တည်ခြင်းသည် လွန်လေပြီးသော တမန်တော်များ၏ ရှေးယခင်အုမ္မသ်များတွင်လည်းရှိခဲ့ပြီးဖြစ်သည်။ ဤအာယသ်တော်ထဲတွင် လွန်လေပြီးသော အုမ္မသ်များအကြောင်း ရည်ညွှန်းခဲ့သည်မှာ ဥပုသ်သီလဆောက်တည်ခြင်း၏ အရေးပါမှုကို ပြသရန်နှင့် မုစ်လင်မ်ထုအား အားပေးအားမြှောက်ပြုရန်ဖြစ်သည်။ ဥပုသ်သီလဆောက်တည်စဉ်အတွင်း အဆင်မပြေမှုအချို့ရှိနိုင်သော်လည်း ထိုကဲ့သို့သော အဆင်မပြေမှုသည် ရှေးယခင် အုမ္မသ်များကလည်း ရင်ဆိုင်ခဲ့ရကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းကြောင့် မုစ်လင်မ်များကို စိတ်ပိုင်းဆိုင်ရာ ဖြေသိမ့်မှု ရရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် လူများစုက ထိုအဆင်မပြေမှုကို ရင်ဆိုင်ခဲ့ပါလျှင် နောက်လူများအတွက် ခံနိုင်ရည်ရှိလာပါမည်။ (ရှူဟုလ်မအာနီ)

ကျမ်းတော်မြတ်လာ اَلَّذِيْنَ مِنْ قَبْلِكُمْ (အသင်တို့အလျင် ရှိခဲ့သူများ)ဟူသော စကားလုံးသည် ယေဘုယျသဘောသုံးထားကာ စိုက်ယိဒိနာ အာဒမ် (عليه السلام) မှ နောက်ဆုံးတမန်တော်မြတ်(ﷺ)သခင်ထိ ဘာသာ အားလုံး၏ လူမှုအသိုင်းအဝိုင်းများအားလုံး အကျုံးဝင်ပါသည်။ ဤသည်က ကျွန်ုပ်တို့ကိုပြောကြားသည်မှာ

'ဆွလာသ်'ဝတ်ပြုဆောက်တည်ခြင်းကဲ့သို့ပင် ဥပုသ်သီလဆောက်တည်ခြင်းသည်လည်း တမန်တော်တိုင်း၏ အုမ္မသ်တိုင်းအပေါ် ခွင်းချက်မရှိသည့်အမိန့်ပေးပြီးဖြစ်ပါသည်။

**مِنْ قَبْلِكُمْ** (သင်တို့အလျင် ရှိခဲ့သူများ)ဆိုသောစကားလုံးသည် နဆွာရာနီများဟု အဓိပ္ပာယ်သက်ရောက်စေရန် အဓိပ္ပာယ်ဖွင့်ဆိုသော အကျယ်ဖွင့်ဆိုသူများ၏ ဖွင့်ဆိုချက်သည် အခြားဘာသာဝင်များမပါဟူ၍ ဆိုလိုရင်းမဟုတ်ချေ။ ဥပမာအနေဖြင့်သာ ဖော်ပြခြင်းဖြစ်ပါသည်။ (ရှဟုလ် မအာနီ)

အာယသ်တော်က ရိုးစဉ်းစွာမိန့်ကြားထားသည်။ မုစ်လင်မ်များအား ဥပုသ်ဆောက်တည်ကြရန် အမိန့်ပေးထားသကဲ့သို့ ရှေးလွန်လေပြီးသော လူမှုအဖွဲ့အစည်းများကိုလည်း အမိန့်ပေးခဲ့လေသည်။ ဤအချက်မှ ရှေးလွန်လေပြီးသော လူမှုအဖွဲ့အစည်းများအပေါ်တွင် ပြဋ္ဌာန်းထားသော ဥပုသ်သီတင်းဆောက်တည်မှုဆိုင်ရာ အချက်အလက်အားလုံးသည် ဤအုမ္မသ်ထုအပေါ်၌ ပြဋ္ဌာန်းထားသော ဥပုသ်ဆောက်တည်မှုဆိုင်ရာ အချက်အလက်အားလုံးနှင့် တညီတညွတ်တည်းတူညီသည်ဟု မဆိုနိုင်ပါ။ ဥပုသ်သီတင်းဆောက်တည်မှုတွင် ဆောက်တည်ရမည့် နေ့ရက်အရေအတွက်နှင့် အချိန်အခါ စသည်ဖြင့် ကွဲပြားခြားနားချက်များရှိကောင်းရှိနိုင်ပါသည်။ အမှန်တကယ်လည်း ယင်းကဲ့သို့ ကွဲပြားခြားနားမှုများရှိခဲ့ပါသည်။ (ရှဟုလ် မအာနီ)

**لَعَلَّكُمْ تَتَّقُونَ (သို့မှသာလျှင် အသင်တို့သည်(ပြစ်မှုဒုစရိုက်တို့မှ) ကြဉ်ရှောင်သူများဖြစ်တန်ကြရာ၏)** ဟု ကုရ်အာန်ကျမ်းတော်မြတ်က မိန့်တော်မူခြင်းသည် ဥပုသ်သီလဆောက်တည်ခြင်း၏ ပကတိအရည်အသွေးကို ထောက်ပြရန်ဖြစ်သည်။ ထိုအရည်အသွေးမှာ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်းနှင့် ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်နိုင်ခြင်းတည်းဟူသော စွမ်းဆောင်နိုင်မှုကို ပေါ်လွင်ထင်ရှားစွာ အထောက်အကူပြုလေသည်။ ဥပုသ်သီလဆောက်တည်ခြင်းဖြင့် လူတစ်ဦးသည် သူ၏စိတ်ဆန္ဒများကို ထိန်းချုပ်နိုင်သည့်အစွမ်း ဖြစ်ပေါ်လာစေပါသည်။ ယင်းထိန်းချုပ်နိုင်မှု အစွမ်းသည် 'သပ်က်ဝါ'၏ စစ်မှန်သော အုတ်မြစ်ပင်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်ပါ အလွန်ထူးခြားသော အသုံးအနှုန်းဖြစ်သည့် 'သပ်က်ဝါ'စကားလုံးအား 'အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်း၊ ပြစ်မှုဒုစရိုက်မှ ကြဉ်ရှောင်ခြင်းနှင့် မကောင်းဆိုးဝါးအား အဝေးသို့နှင်ခြင်း'ဟု အစမ်းသဘောဘာသာပြန်ဆိုထားပါသည်။

## မကျန်းမာသောအချိန်အခါတွင် ဥပုသ်သီလဆောက်တည်ခြင်း

အာယသ်တော် (၁၈၄)သည် ခရီးသွားနေသောသူနှင့် မကျန်းမာသောသူတို့ ဥပုသ်သီလဆောက်တည်ခြင်းနှင့် ပတ်သက်၍ သက်ညှာမှုအခွင့်အရေးပေးထားပါသည်။ ဤနေရာတွင် သုံးနှုန်းထားသည့် မကျန်းမာခြင်းဟူသော စကားလုံး၏ ဆိုလိုရင်းမှာ တစ်စုံတစ်ဦးသည် ဥပုသ်သီလဆောက်တည်ပါက မခံမရပ်နိုင်သော အခက်အခဲများဖြစ်ပေါ်စေခြင်းကိုဖြစ်စေ ဥပုသ်သီလဆောက်တည်ခြင်းကြောင့် ဖျားနာမှုကို ဆိုးဝါးသွားမည်ဟု သေချာဂနစွာ သိမြင်နားလည်ခြင်းမျိုးကိုဖြစ်စေ ဆိုလိုပါသည်။ 'အလ္လာဟ်အရှင်မြတ်သည် အသင်တို့အဖို့ ခက်ခဲမှုကိုကား (အလျဉ်း) လိုလားတော်မူသည်မဟုတ်'ဟူသော ဧရှလာမည့် အာယသ်(၁၈၅)တွင်ပါဝင်သော စကားရပ်များက ဤကိစ္စအတွက် ထင်ရှားသောအညွှန်းပင်ဖြစ်တော့သည်။ ဤအနေအထားကိုလည်း မုစ်လင်မ်မမ္မသတ် ပညာရှင်များက အညီအညွတ်လက်ခံခဲ့ကြပါသည်။

## ခရီးသွားနေစဉ် ဥပုသ်သီလဆောက်တည်ခြင်း

ခရီးသွားသူတစ်ဦးအား လျော့ပေါ့ပေးထားမှုကို သတိမူမိသော်လည်း ကုရ်အာန်ကျမ်းတော်မြတ်သည် မုစာဖိရ် (သို့) ခရီးသည်ဟူသောစကားလုံးမသုံးဘဲ **اَوۡعَلٰى سَفَرٍ** (သို့ ခရီးထွက်လျက်ရှိနေသောကြောင့်)ဟူသော စကားစုကို ရွေးချယ်သုံးစွဲထားပါသည်။ မိမိနေအိမ်ကို စွန့်ခွာကာ ထွက်ခွာရုံမျှဖြင့် ထိုကင်းလွတ်ခွင့်ကို ရယူရန် မလုံလောက်ဟူသည်ကို ပြသရန်ဖြစ်သည်။ ခရီးသွားမှုအတိုင်းအတာသည် ရှည်လျားရပါလိမ့်မည်။ 'အလာဆဖရင်န်'ဟူသည်မှာ နေအိမ်မှ ငါးမိုင်ဆယ်မိုင်ကွာခရီးကို ထွက်ခွာသွားခြင်းဖြင့် ခရီးသွားသည်ဟု မယူဆသင့်ပါ။ သို့ရာတွင် ဤခရီး၏ တိကျသည့်အတိုင်းအတာကိုမူ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ဖော်ညွှန်း ထားခြင်းမရှိပါ။ တမန်တော်မြတ်(ﷺ)သခင်၏ လမ်းညွှန်ချက်အားဖြင့်လည်းကောင်း၊ တမန်တော်မြတ်ကြီး(ﷺ) သခင်၏ ဆွေဟာဗတ် သာဝကကြီးများ၏ အစဉ်အဆက်ကျင့် သုံးမှုအရလည်းကောင်း ထင်ရှားကျော်ကြားသော အိမာမ်အဗူဟနီဖာဟ်သခင်နှင့် များစွာသော ဓမ္မသတ်ပညာရှင်များက ဤခရီးအကွာအဝေးကို တစ်နေ့အဆင့် သုံးဆင့်နှုန်းနှင့် သုံးရက်ခရီးခြေလျင်သွားရသောခရီးဖြစ်သည်ဟု သတ်မှတ်ထားသည်။ နောက်ပိုင်း ဓမ္မသတ် ပညာရှင်များက ထိုခရီးကို (၄၈)မိုင်ဟု သတ်မှတ်ထားခဲ့သည်။=

'အလာဆဖရင်န်'ဟူသောစကားစုမှပင် နောက်ထပ် ဥပဒေတစ်ရပ် ပေါ်ထွက်လာပါသည်။ ယင်းမှာ ခရီးသွားသူတစ်ဦးသည် အိမ်မှထွက်ခွာ၍ ခရီးသွားစဉ်အတွင်းသာလျှင် ဥပုသ်သီလဆောက်တည်ခြင်းမှ ကင်းလွတ်ခွင့် ခံစားနိုင်သည်။ ခရီးသွားစဉ် အနားယူရန် ရပ်တန့်ခြင်းကိုဖြစ်စေ တစ်စုံတစ်ရာပြုလုပ်ရန် ရပ်တန့်ခြင်းကို ဖြစ်စေ ခရီးသွားခြင်းပြတ်တောက်သွားသည်ဟု မဆိုလိုချေ။ သို့ရာတွင် (အခြိန်အတော်ကြာ)ရပ်နားနေခဲ့ပါလျှင် ခရီးသွား နေသည်ဟု မဆိုလိုချေ။ ဤ(အခြိန်အတော်ကြာ)ဟူသော ကာလအတိုင်းအတာသည် အောက်ဖော်ပြပါ တမန်တော်မြတ်(ﷺ)သခင်၏ မိန့်ကြားချက်အရ (၁၅)ရက်ဟု သတ်မှတ်ပါသည်။ 'မည်သူမဆို အရပ်ဒေသတစ်ခုခုတွင် (၁၅)ရက်ကြာနေထိုင်မည်ဟု ရည်စူးခဲ့ပါက 'အလာဆဖရင်န်'ဟူသော စကားလုံးတွင် အကျုံးမဝင်တော့ပါ။ ထို့ကြောင့် ခရီးသွားနေသူတစ်ဦးအား ပေးအပ်ထားသည့် အခွင့်အရေးကို ခံစားစေခွင့်မရှိချေ။

## ဥပဒေသ

ဤသည်မှ ဥပဒေသပေါ်ထွက်လာသည်မှာ မည်သူမဆို (၁၅)ရက်ခန့်နေထိုင်ရန် ရည်စူးကာ တစ်နေရာ တည်းမဟုတ်ဘဲ နေရာအသီးသီး၊ မြို့အသီးသီးတွင် နေထိုင်ခဲ့လျှင် ၎င်းသည် ခရီးသည်အဖြစ်သာလျှင် တည်ရှိနေမည်။ အလာဆဖရင်န်ဟူသောအမိန့်တွင် ပါဝင်နေပြီး ယင်းအမိန့်ပညတ်ချက် ကင်းလွတ်ခွင့်ကို ခံစားနိုင်ပေသည်။

## မဆောက်တည်ခဲ့ရသော ဥပုသ်သီလ၏ ကဇွာဖြည့်ဆည်းခြင်း

မူရင်းစာသားပါ **فَعِدَّةٌ مِّنْ اَيَّامٍ اُخَرَ 'အခြားသောနေ့ရက်များကို ရေတွက်၍'**ဟူသည်မှာ နေထိုင်မကောင်း သူဖြစ်စေ၊ ခရီးသွားသူတစ်ဦးကဖြစ်စေ ဥပုသ်သီလမဆောက်တည်ခဲ့ရသော နေ့ရက်များကို တွက်စစ်၍ အခြား သောနေ့ရက်များတွင် ပြန်လည်ဖြည့်ဆည်းတည်ဆောက်ရန်မှာ မပြုမနေရတာဝန်ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။ နေမကောင်း၍ဖြစ်စေ၊ ခရီးသွားနေ၍ဖြစ်စေ စွန့်လွှတ်ခဲ့ရသော ဥပုသ်သီလကို 'ကဇွာ'အစားဖြည့်ဆည်းရမည်ဟု

လူအများကို ပြောကြားရန် ရည်ရွယ်ခြင်းဖြစ်သည်။ စွန့်လွှတ်ခဲ့ရသော ဥပုသ်သီလကို အစားဖြည့်ဆည်းခြင်းသည် ၎င်းတို့အပေါ်၌ တာဝန်ဖြစ်သည်ဟု ရိုးရှင်းစွာပြောရမည့်အစား ကုရ်အာန်ကျမ်းတော်မြတ်က **فَعِدَّةٌ مِّنْ اَيَّامٍ اُخَرَ** ဟု မိန့်ကြားထားသည်။ ဆိုလိုသည်မှာ ကျန်းမာရေးမကောင်းသူသည် ကျန်းမာလာသောအခါတွင်လည်းကောင်း၊ ခရီးသွားသူသည် အိမ်ပြန်ရောက်၍ သက်ရှိထင်ရှားရှိနေစဉ်တွင်လည်းကောင်း 'ကဇာ'ဖြည့်ဆည်းရပါမည်။ ထို့ကြောင့် အကြင်သူတစ်ဦးသည် ထိုကဲ့သို့သောအခြေအနေမျိုးသို့ ပြန်လည်မရောက်ရှိခဲ့ပါက စွန့်လွှတ်ခဲ့သော ဥပုသ်သီလများအတွက် 'ကဇာ'ဖြည့်ဆည်းခြင်းမှာ မလုပ်မနေရ တာဝန်မဟုတ်တော့ပါ။ ထို့ပြင် ဖိဒ်ယဟ် (ဥပုသ်သီလအတွက် ငွေပေးဆောင်လှူဒါန်းရန်)အတွက် သေတမ်းစာပြုလုပ်ရန်မလိုချေ။

## ဥပဒေသ

ကုရ်အာန်ကျမ်းတော်မြတ်၏ စီမံချက်အရ 'အခြားသောနေ့ရက်များကိုရေတွက်၍'နှင့်ပတ်သက်၍ ကဇာ ဥပုသ်သီလဖြည့်ဆည်းရာတွင် ကန့်သတ်ချက်မရှိပါ။ ထိုကဇာ ဥပုသ်သီလကို တဆက်တည်းသော်လည်းကောင်း၊ ပြတ်တောင်း ပြတ်တောင်းသော်လည်းကောင်း မိမိနှစ်သက် သလို ဖြည့်ဆည်းနိုင်သည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည်ရမဿွာန်လ ပထမ(၁၀)ရက် ဥပုသ်သီလ ပျက်ကွက်ခဲ့ပါ လျှင် ကျန်ရက်များတွင် ဥပုသ်သီလဆောက်တည်ရှိးဆောက်တည်စဉ် ဆောက်တည်၍ ရမဿွာန်ပြီးမှ ပျက်ကွက်သည် များကို ဖြည့်ဆည်းရမည်။ ဖြည့်ဆည်းရာတွင် (၉)ရက်မြောက်နှင့် (၁၀)ရက်မြောက်ကိုအလျင်ဖြည့်ဆည်း၍ (၁)ရက်မြောက်၊ (၂)ရက်မြောက်စသည်တို့ကို အစဉ်လိုက် မဟုတ်လျှင်လည်း ဆောက်တည်နိုင်သည်။ ထိုနည်းတူစွာ တစ်စုံတစ်ဦးသည် လွတ်ခဲ့သော ဥပုသ်သီလများကို အဆင်ပြေသလို ပြတ်တောင်းပြတ်တောင်း ဆောက်တည်နိုင် သည်။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်လာ **فَعِدَّةٌ مِّنْ اَيَّامٍ اُخَرَ (အခြားသော နေ့ရက်များကို ရေတွက်၍)**ဟူသော စကားလုံးများက ထိုသို့ ဆောက်တည်နိုင်ကြောင်း ဖွင့်ပေးထား၍ဖြစ်သည်။

## လွတ်သွားခဲ့သော ဥပုသ်သီလအတွက် ဖိဒ်ယဟ် (သို့) ငွေပေးဆောင်လှူဒါန်းခြင်း

**وَعَلَى الَّذِيْنَ يُطِيْقُوْنَهٗ** အာယသ်တော်၏ ဆိုလိုရင်းမှာ ကန့်သတ်ထားခြင်းဖြစ်သော ခရီးသွားခြင်းသော်လည်းကောင်း၊ နာမကျန်းဖြစ်ခြင်းသော်လည်းကောင်း မဟုတ်ဘဲ ဥပုသ်သီလဆောက်တည်နိုင်စွမ်းရှိလျက် အကြောင်းကြောင်းကြောင့် ဥပုသ်သီလ မဆောက်တည်သော လူသည် ကုသိုလ်ကောင်းမှုအသွင်ဆောင်သော ပေးကမ်းလှူဒါန်းမှုဖြင့် လွတ်သွားသော ဥပုသ်သီလကို ဖြည့်ဆည်း နိုင်သည့် အခွင့်အလမ်းတစ်ရပ်ရှိသည်။ သို့သော်လည်း ဤအာယသ်တော်နှင့်အတူ ရိုးရှင်းစွာထပ်လောင်း ဖြည့်စွက် ထားသည်မှာ 'အသင်တို့အဖို့အရာ ဥပုသ်သီလဆောက်တည်ခြင်းသည်သာလျှင် ပို၍ ကောင်းမြတ်ပေသည်'ဟူ၍ ဖြစ်သည်။

ဤအမိန့်သည် အစ္စလာမ်သာသနာ၏ ခေတ်ဦးပိုင်းတွင် လူအများအား ဥပုသ်သီလဆောက်တည်ခြင်းနှင့် ရင်းနှီးကျွမ်းဝင်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် အတည်ဖြစ်ခဲ့ပါသည်။ နောက်လာမည့် အာယသ်တော် (၁၈၅) တွင် **فَمَنْ شَهِدَ مِنْكُمُ الشَّهْرَ فَلْيَصُمْهُ 'သို့ဖြစ်လေရာ အသင်တို့အနက်မှ မည်သူမဆို ထိုလမြတ်နှင့် ကြုံကြိုက်ခဲ့ပါလျှင် ထိုသူသည် ယင်းလမြတ်၌ ဥပုသ်သီလဆောက်တည်ရပေမည်'**ဟု ပါရှိလေရာ ဤအမိန့်

ပညတ်ချက်သည် သာမန်လူများအတွက် ပယ်ဖျက်ရုပ်သိမ်းပြီးဖြစ်ခဲ့သည်။ သို့သော်လည်း အုမ္မသ်ထု၏ တညီတညွတ်တည်းသဘော တူညီချက်အရ ဤအမိန့်ပညတ်ချက်ကို အလွန်အိုမင်းရင့်ရော်သော သူများနှင့် ပြန်လည်၍ ကျန်းမာလာမည်ဟု မျှော်လင့်ချက်ကင်းမဲ့သော နာမကျန်းဖြစ်နေသူများအတွက် ကျင့်သုံးနိုင်ပါသည်။ (ဂျဆ်ဆွားဆ်နှင့် မဇ်ဟရီ)

ဟဒီးဆ်တော်၏ အားလုံးသော အိမာမ်များဖြစ်သည့် အလ်ဗုခါရီ၊ မုစ်လင်မ်၊ အဗူဒါဝူဒ်၊ နစာအီ၊ သိရ်မိဇီ၊ သွဗ်ရာနီနှင့် အခြားသူများက ဆွဟာဗဟ်သာဝကကြီး စလ်မာန်အိဗ်နိ အပ်ဒ်ဟ်မှတစ်ဆင့် ဆင့်ပြန်ခဲ့သည်မှာ **وَعَلَى الَّذِيْنَ يُطِيْقُوْنَهٗ 'ဥပုသ်သီလဆောက်တည်နိုင်စွမ်းရှိလျက်'** ဟူသော ဤအာယသ်တော်ကျရောက်လာသောအခါ ဥပုသ်သီလ တစ်ရက်စီအတွက် ဥပုသ်သီလဆောက်တည်ခြင်း (သို့) ဖိဒ်ယဟ်ပေးဆောင်ခြင်းဟူသော ရွေးချယ်ခွင့်များ ကျွန်ုပ်တို့ကို ပေးအပ်ခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ အခြားအာယသ်တော် **فَمَنْ شَهِدَ مِنْكُمُ الشَّهْرَ فَلْيَصُمْهُ 'သို့ဖြစ်လေရာ အသင်တို့အနက်မှ မည်သူမဆို ထိုလမြတ်နှင့် ကြုံကြိုက်ခဲ့ပါလျှင် ထိုသူသည် ယင်းလမြတ်၌ ဥပုသ်သီလဆောက်တည်ရပေမည်'** ကျရောက်လာသောအခါ ရွေးချယ်ခွင့်ရုပ်သိမ်းခံခဲ့ရ၍ ဥပုသ်သီလဆောက်တည်နိုင်စွမ်းရှိသူများအတွက် ဥပုသ်သီလဆောက်တည်ခြင်းသာလျှင် လိုအပ်လာပါသည်။

ဆွဟာဗဟ် မုအာဇ် အိဗ်နိဂျဗလ်( **رضى الله عنه** )၏ ရှည်လျားသော ဟဒီးဆ်တော်တစ်ပုဒ်ကို မုစ်နဒ်အဟ်မဒ် ကျမ်းတွင် ဆင့်ပြန်ထားသည်မှာ အစ္စလာမ်သာသနာခေတ်ဦးပိုင်းတွင် ဆွလာသ်ဝတ်ပြုဆောက်တည်မှုတွင် ပြင်ဆင်ပြောင်းလဲမှု သုံးရပ်ရှိသကဲ့သို့ ဆောင်မ် ဥပုသ်သီလဆောက်တည်မှုတွင်လည်း ပြင်ဆင်ပြောင်းလဲမှု သုံးရပ်ရှိခဲ့ပါသည်။ ဥပုသ်သီလဆောက်တည်ခြင်းနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုသုံးရပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

တမန်တော်မြတ်(ﷺ)သခင် မဒီနဟ်မြို့တော်သို့ရောက်ရှိခဲ့သောအခါ တစ်လလျှင်(၃)ရက်နှင့် မုဟရ်ရမ်လ၏ (၁၀)ရက်နေ့တွင် ဥပုသ်သီလ ဆောက်တည်လေ့ရှိခဲ့ပါသည်။ ထို့နောက် ရမဿွာန်လမြတ်တွင် ဥပုသ်သီလဆောက်တည်ရန် အမိန့်တော်မြတ်ကျရောက်ခဲ့ပါသည်။ **كُتِبَ عَلَيْكُمُ الصِّيَامُ 'အသင်တို့အပေါ်၌လည်း ဥပုသ်သီလ ဆောက်တည်ရန် အမိန့်တော်ပြဋ္ဌာန်းအတည်ပြုတော်မူခဲ့လေပြီ'** ဟူသော အာယသ်တော်အရ ဥပုသ်သီလဆောက်တည်ခြင်း(သို့)ပေးကမ်းလှူဒါန်းခြင်းတို့ကို ရွေးချယ်ခွင့်ရှိသော်လည်း ဥပုသ်သီလ ဆောက်တည်ခြင်းကိုအလေးပေးထားသည်။ထို့နောက် အလ္လာဟ်အရှင်မြတ်သည် အခြားအာယသ်တော် (သို့ဖြစ်လေရာ အသင်တို့ အနက်မှ မည်သူမဆို ထိုလမြတ်နှင့် ကြုံကြိုက်ခဲ့ပါလျှင် ထိုသူသည် ယင်းလမြတ်၌ ဥပုသ်သီတင်း ဆောက်တည်ရ ပေမည်)ကျရောက်လာသောအခါ ဥပုသ်သီလဆောက်တည်နိုင်စွမ်းရှိသူများထံမှ ထိုရွေးချယ်ခွင့်ကို ရုပ်သိမ်းပြီး ဖြစ်ခဲ့ပါသည်။ ဥပုသ်သီလဆောက်တည်ခြင်းတစ်မျိုးတည်းကိုသာလျှင် မိန့်မှတ်ပြဋ္ဌာန်းခဲ့သည်။ သို့သော်လည်း ထိုအမိန့်ပညတ်ချက်သည် အိုမင်းမစွမ်းရှိပြီး ၎င်းတို့လွတ်သွားခဲ့သော ဥပုသ်သီလအတွက် ဖိဒ်ယဟ်ပေးလှူဒါန်း နိုင်သူများအဖို့ ဆက်လက်အတည်ဖြစ်ခဲ့သည်။

ဤကဲ့သို့ ပြင်ဆင်ပြောင်းလဲမှု (၂)ကြိမ်ပြုပြီးနောက် တတိယအကြိမ်ပြင်ဆင်ပြောင်းလဲမှုရှိခဲ့ပါသည်။ အစဦးပိုင်းအချိန်က ဥပုသ်လွတ်ပြီးနောက် စားခြင်း၊ သောက်ခြင်းနှင့် ဇနီးနှင့်မေထုန်မှီဝဲခြင်းများကို အိပ်စက်မှု မပြုမီအထိ ပြုလုပ်ပိုင်ခွင့်ရှိသည်။ အိပ်စက်ခြင်းကို နောက်တစ်နေ့၏ ဆောင်မ်ဥပုသ်သီလဆောက်တည်ခြင်း၏

အစပြုသည့် အမှတ်အသားအဖြစ်မှတ်ယူပြီး အိပ်စက်ပြီးနောက်တွင် တားမြစ်ပိတ်ပင်ထားခဲ့သည်။ ထို့နောက် အနန္တတန်ခိုးတော်ရှင် အလ္လာဟ်အရှင်မြတ်က **(အသင်တို့အဖို့ရာ ဥပုသ်နေ့၏ညဉ့်၌ မိမိတို့၏ ဇနီးမိန်းမများနှင့် ပေါင်းသင်းဆက်ဆံခြင်းကို ခွင့်ပြုတော်မူလေပြီ)**ဟူသော အာယသ်တော်(၁၈၇)ကိုထုတ်ပြန်ပို့ချတော်မူခဲ့လေသည်။ ယင်းအာယသ်တော်မြတ်က စားခြင်း၊ သောက်ခြင်းနှင့် ဇနီးသည်နှင့် မေထုန်မှီဝဲခြင်းကို နံနက် မိုးသောက်အာရုံတက်ချိန်မတိုင်မီအတွင်း တရားဝင် ခွင့်ပြုထားသည်။ နံနက် မိုးသောက်အရုံတက်ချိန်မတိုင်မီ အိပ်ရာမှထ၍ စဟူရ (သို့) စဟ်ရီ စားသုံးခြင်းသည် စွန္ဓသ်တော် ဖြစ်သည်ဟု ကြေငြာထားခဲ့သည်။ ဤအချက်ကို ဗုခါရီ၊ မုစ်လင်နှင့် အဗူဒါဝူးဒ်ကျမ်းများတွင်လာရှိသော ဟဒီးဆ်တော် များကလည်း ထောက်ခံအတည်ပြုထားခဲ့သည်။ (အိဗ်နိကဆီး၍)

## ဖိဒ်ယဟ် အလျှဒါနကြေးပမာဏနှင့် အခြားဥပဒေများ

ဥပုသ်သီလတစ်ရက်လွတ်သွားသည့်အတွက် သတ်မှတ်ထားသော အလျှဒါနကြေးပမာဏမှာ ဂျုံစေ့ဆွားအ်တစ်ဝက် (သို့) ယင်းဂျုံစေ့ဆွားအ်တစ်ဝက်၏ တန်ဘိုးငွေဖြစ်သည်။ ဆွားအ်တစ်ဝက်၏ အလေးချိန်သည် ၁. ၆၃၂ ကီလိုဂရမ်ရှိသည်။ (၁. ၆၃၂ ကီလိုဂရမ် = ၉၉. ၉၄ ကျပ်သားရှိ၍ တစ်ပိသာခန့်ရှိသည်။) ဂျုံ၏ပေါက်စျေးမှန်ကို စုံစမ်း၍ ဆွားအ်တစ်ဝက် (ဂျုံစေ့တစ်ပိသာ)တန်ဘိုးငွေကို သူဆင်းရဲတစ်ဦးအားပေးလှူခြင်းသည် လွတ်သွားသော ဥပုသ်သီလတစ်ရက်၏ ဖိဒ်ယဟ်ဖြစ်သည်။ ဤပမာဏ ငွေကြေးကို ဗလီ (သို့) မဒ်ရဆာ စာသင်ကျောင်းတစ်ခု၏ အမှုထမ်းအား လုပ်အားခ တစိတ်တဒေသအဖြစ်မပေးသင့်ကြောင်း သတိချပ်ရပေမည်။

## ဥပဒေသ (၁)

ဥပုသ်သီလတစ်ရပ်ပျက်ကွက်မှုအတွက် ပေးရသောအလျှဒါနကြေးကို လူနှစ်ဦးအား ခွဲဝေမပေးသင့်ပါ။ အလားတူ ပျက်ကွက်သော ဥပုသ်သီလများအတွက် အလျှဒါနကြေးများကို လူတစ်ဦးအား တစ်ရက်တည်းပေး အပ်ခြင်းသည်လည်း မမှန်ကန်ချေ။ အချို့သောပညာရှင်များက ဤသို့ပြုလုပ်ခြင်းအား ခွင့်ပြုကြ သော်လည်း ဂရုပြုသည့်အနေဖြင့် အလျှဒါနကြေးကို တစ်ရက်တည်း တစ်ဦးတည်းအား မပေးခြင်းသည် သာပို၍ ကောင်းပေ သည်။ သို့သော်လည်း အကြင်သူတစ်ဦးသည် ဤသတိပေးချက်ကို ဂရုမပြုဘဲ အလျှဒါနကြေးကို ပေးအပ် လိုက်လျှင်လည်း အတည်ဖြစ်ပါသည်။ (ကြည့် - ရှာမီကျမ်း၊ ဗယာနွလ်ကုရ်အာန်ကျမ်း၊ အင်မ်ဒါဒုလ်ဖသဝါကျမ်း)

## ဥပဒေသ (၂)

အကယ်၍ တစ်စုံတစ်ဦးသည် ထိုကဲ့သို့ အလျှဒါနကြေးပေးဆောင်ရန်လည်း မတတ်နိုင်ပါက အိစ်သိဂ်ဖာရ် ပြုလုပ်၍ အရှင်မြတ်ထံမှ ခွင့်လွှတ်ချမ်းသာပေးရန် ဆုတောင်းသင့်ပေသည်။ ထို့ပြင် နှလုံးသားတွင် တတ်စွမ်း နိုင်သောအချိန်၌ ပေးဆောင်ပါမည်ဟူသော ရည်စူးချက်တစ်ရပ်လည်းရှိနေရမည်။ (ဘယာနွလ်ကုရ်အာန်)

vvvvvvv

အာယသ် (၂း၁၈၅)


شَهْرُ رَمَضَانَ الَّذِيْٓ اُنْزِلَ فِيْهِ الْقُرْاٰنُ هُدًى لِّلنَّاسِ وَ
بَيِّنٰتٍ مِّنَ الْهُدٰى وَالْفُرْقَانِ ۚ فَمَنْ شَهِدَ مِنْكُمُ الشَّهْرَ
فَلْيَصُمْهُ ۭ وَمَنْ كَانَ مَرِيْضًا اَوْ عَلٰي سَفَرٍ فَعِدَّةٌ مِّنْ اَيَّامٍ اُخَرَ ۭ
يُرِيْدُ اللّٰهُ بِكُمُ الْيُسْرَ وَلَا يُرِيْدُ بِكُمُ الْعُسْرَ ۡ وَلِتُكْمِلُوا الْعِدَّةَ
وَلِتُكَبِّرُوا اللّٰهَ عَلٰي مَا هَدٰىكُمْ وَلَعَلَّكُمْ تَشْكُرُوْنَ ۝

**"('ဆွိယာမ်'ဥပုသ်ဆောက်တည်ရန်အတွက် သတ်မှတ်ထားသည့် အနည်းငယ်မျှ သောနေ့ရက်များသည်) ရမဿွာန်လပင်ဖြစ်သည်။ (ထိုလ၌ အလ္လာဟ်အရှင်မြတ်အထံတော်မှ) ကုရ်အာန်ကျမ်းတော်မြတ်သည် ကျရောက်လာခဲ့လေသည်။ (ယင်း ကုရ်အာန်ကျမ်းတော်မြတ်သည်) လူသားခပ်သိမ်းတို့အဖို့ တရားမွေအဖြစ်လည်းကောင်း၊ တရားလမ်းမှန်ရစေသော အမှားအမှန်ကို ခွဲခြားသိစေသော ထင်ရှားလှသည့် သက်သေလက္ခဏာများအဖြစ်လည်းကောင်း (ကျရောက်လာသော ကျမ်းတော်မြတ်ပင်တည်း)။ သို့ဖြစ်လေရာ အသင်တို့ အနက်မှ မည်သူမဆို ထို(ရမဿွာန်)လမြတ်နှင့် ကြုံကြိုက်ခဲ့ပါလျှင် ထိုသူသည် ယင်းလမြတ်၌ (တစ်လပတ်လုံး)၊ ဥပုသ်သီတင်းဆောက်တည်ရပေမည်။ သို့ရာတွင် အကြင်သူ တစ်ဦးတစ်ယောက်သည်တစ်စုံ တစ်ရာ ဝေဒနာစွဲကပ်၍ မကျန်းမမာဖြစ်ခဲ့သော် သို့တည်းမဟုတ်ခရီးထွက်လျက်ရှိနေခဲ့သော် ထိုသူ အပေါ်ဝယ် အခြားသော နေ့ရက်များတွင် (မိမိပျက်ကွက်ခဲ့သော ဥပုသ်ရက်များကို)တွက်စစ်၍ (ဖြည့်စွက်) ဆောက်တည်ရန် တာဝန်ရှိပေသည်။ အလ္လာဟ် အရှင်မြတ်သည် အသင်တို့အဖို့ သက်သာ ချောင်ချိမှုကို အလို ရှိတော်မူသည်။ အသင်တို့အဖို့ ခက်ခဲမှုကိုကား (အလျဉ်း) လိုလားတော်မူသည် မဟုတ်ချေ။ ထို့ပြင်တစ်ဝ (အလ္လာဟ်အရှင်မြတ်သည်)အသင်တို့(ပျက်ကွက်ခဲ့သောနေ့ရက်) အရေ အတွက် ကို ပြည့်စုံအောင်ပြုစေ ရန်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်အား ထိုအရှင်မြတ် ညွှန်ပြတော်မူသော နည်းလမ်းအတိုင်း ကြီးကဲမြင့်မြတ်တော်မူ ကြောင်း ရွတ်ဆိုကြရန်လည်းကောင်း (အလိုဆန္ဒရှိတော်မူသည်)**

**သို့မှသာလျှင် အသင်တို့သည် (ထိုအရှင်မြတ်၏) ကျေးဇူးကို သိသောသူများ ဖြစ်ကြရာသည်။” (၂း၁၈၅)**

## ရမဿာန်လမြတ်၏ ထွတ်မြတ်မှုများ

ယခုအာယသ်တော်သည် ပြီးခဲ့သော အာယသ်တော်အကျဉ်း၏ အဆက်ဖြစ်ပြီး ထိုအာယသ်တော်အကျဉ်း ချုပ်တွင် ပါဝင်သော ရမဿာန်လမြတ်၏ ကြီးကျယ်ထွတ်မြတ်မှုများကို အခိုင်အမာဖော်ပြထားပါသည်။ ဤအာယသ် တော်ကို ပြီးခဲ့သော အာယသ်တော်၏ အဆက်ဟုဆိုရခြင်းသည် အာယသ်တော်(၁၈၄)

**اَيَّامًا مَّعْدُوْدٰتٍ (ရက် အနည်းငယ်)**ဟူသော စာပိုဒ်သည် အနည်းငယ်ဝေဝါးနေပါသည်။ ထိုဝေဝါးချက်ကို ဤအာယသ်တော်၌ (ထိုရေတွက်ထားသောနေ့များ)ဟု ရှင်းထားခြင်းသည် ရမဿာန်လမြတ်၏ ရက်များကို ဆိုလိုရင်းဖြစ်ပါသည်။ ဤလမြတ်၏ မွန်မြတ်ခြင်းကိုပြောရမည်ဆိုလျှင် အနန္တကျေးဇူးရှင် အလ္လာဟ်အရှင်မြတ်သည် ကျမ်းတော်များကို ပို့ချပေးရန်အတွက် ဤလမြတ်ကိုပင် ရွေးချယ်ထားခဲ့ကြောင်း အဆိုရှိပါသည်။ ထို့ကြောင့် ကျမ်းတော်မြတ် ကုရ်အာန်သည်လည်း ဤလမြတ်တွင်ပင် ကျရောက်ခဲ့ပါသည်။ မုစ်နတ် အဟ်မဒ်ကျမ်းတွင် ဆွဟာဗဟ်သာဝကကြီး ဝါစိလဟ် အိဗ်နိ အပ်စ်ကအ်(ﷺ)၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားခဲ့သည်မှာအိဗ်ရာဟီမ်(عليه السلام)သခင်နှင့်ပတ်သက်သောကျမ်းတော်များကို ရမဿာန်လတစ်ရက် နေ့တွင် လည်းကောင်းသောင်ရသ်ကျမ်းတော်သည်(၆)ရက်နေ့တွင်လည်းကောင်း၊ အိန်ဂျီလ်ကျမ်းတော်ကို (၁၃)ရက်နေ့တွင် လည်းကောင်းနှင့် ကုရ်အာန် ကျမ်းတော်မြတ်ကို (၂၄)ရက်နေ့တွင်လည်းကောင်း ကျရောက်ခဲ့သည်ဟူ၍ဖြစ်သည်။

ဆွဟာဗဟ်ဂျာဗိရ်(ﷺ)သခင်မှတစ်ဆင့် အခြားဆင့်ပြန်ချက်တစ်ရပ်လာရှိသည်မှာ ဇဗုရ်ကျမ်းတော်သည် ရမဿာန်လ (၁၂)ရက်နေ့တွင်လည်းကောင်း၊ အိန်ဂျီလ်ကျမ်းတော်သည် ရမဿာန်လ (၁၈)ရက်တွင် လည်းကောင်း ကျရောက်ခဲ့သည်ဟူ၍ဖြစ်သည်။ (အိဗ်နိကဆီး၏)

ဟဒီးဆ်တော်တွင် ကိုးကားဖော်ပြခဲ့သော ရှေးကျမ်းတော်များသည် အထက်ဖော်ပြပါ ရက်စွဲများအတိုင်း ကျရောက်ခဲ့ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ထူးခြားမှုမှာ လုံခြုံစွာထိန်းသိမ်းထားသော သင်ပုန်းမှ ကမ္ဘာမြေပြင်၏ ကောင်းကင်ပေါ်သို့ ရမဿာန်လမြတ်၏ ညတစ်ညတွင် တစ်လုံးတည်းအပြီးကျရောက်ခဲ့ပါသည်။ သို့ရာတွင်တမန်တော်မြတ်(ﷺ)သခင်ထံသို့ (၂၃)နှစ်ကြာကာလတွင် တဖြည်းဖြည်းကျရောက်ခဲ့ပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်ကို ပို့ချတော်မူခဲ့သည့် ရမဿာန်လမြတ်၏ညကို ‘စွမ်းဆောင်နိုင်သောည’အဖြစ် ကုရ်အာန်ကျမ်းတော်မြတ်တွင်ပင် ရည်ညွှန်းမိန့်ကြားတော်မူသည်မှာ **اِنَّآ اَنْزَلْنٰهُ فِیْ لَیْلَةِ الْقَدْرِ ‘ဧကန်မလွဲ ငါအရှင်မြတ်သည် ယင်းကုရ်အာန်ကျမ်းတော်မြတ်ကို ‘လိုင်လသုလ်ကဒါရ်’ မြင့်မြတ်သောညဥ့်၌ ချပေးသနားတော် မူခဲ့၏။’**ဟူ၍ဖြစ်သည်။ [ကဒ်ရ်ဟူသောပုဒ်၏အနက်မှာ ကြွယ်လှသည်။ ယင်းပုဒ်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် အဓိပ္ပာယ်အမျိုးမျိုးနှင့်သုံးနှုန်းထားသည်။ (အလင်းပြကျမ်း၊ စာ-၃၀၃)] အထက်ဖော်ပြပါ ဟဒီးဆ်တော်အရဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်သည် ရမဿာန်လ (၂၄)နေ့ညတွင် ကျရောက်ခဲ့သည်။ စိုက်ယိဒိနာဟစန်သခင်၏ အဆိုအရ ကဒ်ရ်ညဥ့်သည် (၂၄)ရက်နေ့ဖြစ်သည်ဟုဆိုသည်။ ထိုရက်မှာပင်

ကုရ်အာန်ကျမ်းတော်မြတ် ကျရောက်ခဲ့သည်။ ဤဟဒီးစ်သည် ကုရ်အာန်ကျမ်းတော်မြတ်သည် ကဒ်ရ်ညဉ့်တွင် ကျရောက်သည်ဟူသောအဆိုနှင့် ကိုက်ညီသည်။ ဤဟဒီးဆ်နှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ မိန့်ကြားချက်သည် သာလျှင် အရာအားလုံးအပေါ် လွှမ်းမိုးနေသည်ဟူသောအချက် တည်ရှိနေပေသည်။ သို့ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်သည် မည်သည့်ညတွင် ကျရောက်သည်ဖြစ်စေ ထိုညဉ့်သည်ပင် ကုရ်အာန်ကျမ်းတော်မြတ်က ရည်ညွှန်းသောရက်ဖြစ်ပေသည်။

နောက်ဝါကျဖြစ်သည့် فَمَنْ شَهِدَ مِنْكُمُ الشَّهْرَ فَلْيَصُمْهُ **(သို့ဖြစ်လေရာ အသင်တို့အနက်မှ မည်သူမဆို ထိုလမြတ်နှင့် ကြုံကြိုက်ခဲ့ပါလျှင် ထိုသူသည် ယင်းလမြတ်၌ ဥပုသ်သီတင်းဆောက်တည်ရပေ မည်)**ဟူသော အာယသ်တော်ထဲတွင် ဥပုသ်သီလနှင့်ပတ်သက်နှီးနွယ်သည့် အမိန့်ပညတ်ချက်များအတွက် ညွှန်းဆိုချက်မြောက်မြားစွာပါဝင်သည်။ 'ရှာဟိဒါ'ဟူသောစကားလုံးသည် ရှုဟုဒ်ဟူသောစကားလုံးမှ ဆင်းသက်လာပြီး မျက်မှောက်တွင် ကြုံကြိုက်ခြင်းဟူ၍ဖြစ်သည်။ 'အလ်ရှဟ်ရ်'ဟူသော စကားလုံး၏အဓိပ္ပာယ်မှာ 'လ'ဟုဆိုလိုရင်းဖြစ်ပြီး အထက်တွင်ဖော်ပြခဲ့သည့် ရမဿွာန်လမြတ်ကို ရည်ညွှန်းသည်။ ထို့ကြောင့် ဝါကျ၏အဓိပ္ပာယ်မှာ တစ်စုံတစ်ဦးသည် ရမဿွာန်လမြတ်ကို မျက်မှောက်တွင် ကြုံကြိုက်ခဲ့ပါလျှင် ထိုသူသည် တစ်လလုံး ဥပုသ်သီလဆောက်တည်ရန်မှာ မပြုမနေရ တာဝန်ဖြစ်သည်။

ယခင်အာယသ်တော်တွင် ဖော်ပြခဲ့သော ဥပုသ်သီလမဆောက်တည်မှုအတွက် ဖိဒ်ယဟ်အလျှဒါနကြေးပေးဆောင်နိုင်သည်ဟူသော ယေဘုယျရွေးချယ်နိုင်ခွင့်နည်းလမ်းသည် ဤအမိန့်တော်မြတ်အားဖြင့် ပယ်ဖျက်ပြီးဖြစ်လေသည်။ ထို့ပြင် ဥပုသ်သီလဆောက်တည်ခြင်းသည်သာလျှင် တစ်ခုတည်းသော နည်းလမ်းဖြစ်သွားလေသည်။

ရမဿွာန်လမြတ်အား ကြုံတွေ့ခြင်း (သို့) ရမဿွာန်လမြတ်တွင်ရှိနေခြင်းဟူသည်မှာ တစ်စုံတစ်ဦးသည် မြင့်မြတ်သောရမဿွာန်လမြတ်အား ဥပုသ်သီလဆောက်တည်နိုင်စွမ်းဖြင့် ကြုံကြိုက်တွေ့ဆုံခြင်းကို ဆိုလိုသည်။ တစ်နည်းဆိုရသော် ထိုသူ(သို့)သူမသည် မုစ်လင်မ်တစ်ဦးဖြစ်ရမည်၊ စိတ်မနှံ့သူမဖြစ်စေရ၊ အရွယ်ရောက်သူဖြစ်ရမည်၊ ခရီးသည်မဟုတ်သူဖြစ်၍ မသန့်ရှင်းမှုဖြစ်သည့် ဓမ္မတာရာသီလာခြင်း၊ မီးဖွားခြင်း စသည်တို့မှ ကောင်းစွာသန့်စင်မှုဖြစ်ရမည်။ ထို့ကြောင့် တစ်လလုံး ဥပုသ်သီလဆောက်တည်နိုင်စွမ်း ကနဦးမှစ၍ မရှိခဲ့သောသူများဖြစ်သည့် မယုံကြည်သူကာဖိရ်များ၊ အရွယ်မရောက်သူများ၊ ရူးသွပ်စိတ်မနှံ့သူများသည် ဥပုသ်သီလဆောက်တည်ရန် မပြုမနေရ တာဝန်ရှိသူများတွင် အကျုံးမဝင်ပါ။ အဘယ့်ကြောင့်ဆိုသော် အာယသ်တော်သည် ထိုသူများ ဥပုသ်သီလဆောက်တည်ရမည်ဟူ၍ မရည်ရွယ်ခဲ့ချေ။

ဥပုသ်သီလဆောက်တည်နိုင်စွမ်းရှိသော်လည်း ဓမ္မတာရာသီလာနေခြင်း၊ မီးဖွားနေခြင်း၊ နာမကျန်းဖြစ်နေခြင်း၊ ခရီးသည်ဖြစ်ခြင်း အစရှိသည်ကဲ့သို့သောသူများဖြစ်ကာ တစ်ချိန်ချိန်၌ တရားဝင်လက်ခံနိုင်သောခွင့်ပြုချက်ရှိသူများသည် ရမဿွာန်လမြတ်ကို တွေ့ကြုံရသော်လည်း ၎င်းတို့အား ကင်းလွတ်ခွင့်ပြုထားသည်ဟု ဤအာယသ်တော်က ရည်ရွယ်သည်။ မည်သို့ပင်ဆိုစေကာမူ လက်ရှိအခြေအနေ အရ ထိုအခြေအနေမျိုးတွင် ဥပုသ်သီလဆောက်တည်ခြင်းမှ ကင်းလွတ်ခွင့်ရရှိခဲ့သော်လည်း နောက်တွင် ကဇာဥပုသ်သီလဆောက်တည်ဖြည့်ဆည်းရန်လိုအပ်ပါသည်။

**ဥပဒေသများ**

၁။ အာယသ်တော်က ကျွန်ုပ်တို့ မိန့်ကြားသည်မှာ မပြုမနေရတာဝန်တစ်ရပ်ကို ထမ်းဆောင်နိုင်သည့် အရည်အချင်းနှင့်ပြည့်မှီသောသူသည် ရမဿွာန်လမြတ်ကို ကြုံတွေ့ရမှသာလျှင်ရမဿွာန်လမြတ်၏ ဥပုသ်သီလ ဆောက်တည်ရန်တာဝန်ရှိသည်ဟူ၍ဖြစ်ပါသည်။ ထို့ကြောင့် မည်သူမဆို ရမဿွာန်လမြတ်တစ်လလုံး ကြုံတွေ့ရပါက ထိုရမဿွာန်လမြတ်တွင်း ဥပုသ်သီလဆောက်တည်ရန် မပြုမနေရတာဝန်ရှိလာပါသည်။ ထို့ကြောင့် မယုံကြည်သူကာဖိရ်တစ်ဦးသည်ရမဿွာန်လလယ်တွင်အစွလာမ်သာသနာသို့ ဝင်ရောက်လာလျှင် သော်လည်းကောင်းအရွယ်မရောက်သူတစ်ဦးသည်ရမဿွာန်လလယ်တွင် အရွယ်ရောက်ခဲ့လျှင် သော်လည်းကောင်း၊ ထိုအချိန်မှစ၍ ဥပုသ် သီလဆောက်တည်ရပါလိမ့်မည်။ ထိုသူတို့သည် လွန်ခဲ့သော ရမဿွာန်လ၏လွတ်သွားသောရက်များအစားကဇွာ ဥပုသ်သီလ ဆောက်တည်ရလိမ့်မည်မဟုတ်ချေ။ သို့သော်လည်းစိတ်မနှံ့သူတစ်ဦးသည်အရွယ်ရောက်၍မုစ်လင်မ် လည်းဖြစ်ကာ ဥပုသ်သီလ ဆောက်တည် နိုင်စွမ်းရှိ၍ ရမဿွာန်လမြတ်အတွင်း စိတ်ပြန်လည်ကောင်းလာလျှင် ထိုအချိန်မှစ၍ ဥပုသ်သီလ ဆောက်တည်ရမည်။ လွတ်သွားသော ဥပုသ်သီလတို့ကိုလည်း ကဇွာအစားဖြည့်ဆည်း ရန် မလုပ်မနေရတာဝန်ရှိပါသည်။ အလားတူပင် ဓမ္မတာရာသီသွေးဆင်းနေသောအမျိုးသမီး(သို့)မီးဖွားနေသော အမျိုးသမီးဖြစ်စေ သူမသည် ရမဿွာန် လမြတ်၏ လလယ်တွင်သန့်စင်လာလျှင်သော်လည်းကောင်း၊နာမကျန်းသူတစ်ဦးသည် ပြန်လည်ကျန်းမာ လာလျှင် သော်လည်းကောင်း၊ ခရီးသည်တစ်ဦးသည် အိမ်ပြန်ရောက် လာခဲ့လျှင်သော်လည်းကောင်း ရမဿွာန်လမြတ်၏ လွတ်သွားသောဥပုသ်သီလများအတွက်ကဇွာအစားဖြည့်ဆည်း ရန်မှာ ထိုသူတို့ အပေါ်၌ မလုပ်မနေရ တာဝန်ရှိသည်။

၂။ တစ်စုံတစ်ဦးသည် ရမဿွာန်လမြတ်ကို မည်ကဲ့သို့တွေ့ရှိ (သို့) ကြုံကြိုက်ရမည်နည်း။ အစွလာမ့်ဥပဒေအရ ဆိုလျှင် အောက်ပါနည်းလမ်းတစ်ခုခုဖြင့် တွေ့ရှိကြုံကြိုက်ရမည်။

(က) တစ်စုံတစ်ဦးသည် ရမဿွာန်လမြတ်၏ ဆန်းဦးစလကို မျက်ဝါးထင်ထင်တွေ့မြင်ရခြင်း။

(ခ) ဆန်းဦးစလမြင်ရခြင်းကို ယုံကြည်စိတ်ချရသော မျက်မြင်သက်သေများမှတစ်ဆင့် ထောက်ခံအတည် ပြုချက်ရရှိခြင်း။

(ဂ) အထက်ဖော်ပြပါ အခြေခံစရပ်မရှိခဲ့လျှင် ရှာအ်ဗာန်လ ရက်(၃၀)ပြည့်သည်နှင့်တစ်ပြိုင်နက် ရမဿွာန် လမြတ်သို့ရောက်ရှိစေခြင်းတို့ဖြစ်ကြပါသည်။

၃။ အကယ်၍ ရှာအ်ဗာန်လ (၂၉)ရက်နေ့ ညနေခင်း၌ မိုးကုတ်စက်ဝန်းတွင် ဆန်းဦးစလကို မိုးတိမ်ကြောင့် သော်လည်းကောင်း၊ ရာသီဥတုဆိုးဝါး၍သော်လည်းကောင်း မတွေ့ရှိရသကဲ့သို့ အစွလာမ်ဥပဒေနှင့်အညီ ဆန်းဦးစ လကို မြင်သောမျက်မြင်သက်သေလည်းမရှိခဲ့ပါမူ နောက်နေ့သည်။ **يَوْمُ الشَّكّ** (ယောင်မုလ်ရှတ်က်) သံသယ၏နေ့ဟု ခေါ်တွင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် မိုးကုတ်စက်ဝန်း၌ လရှိနေနိုင်သော်လည်း မိုးကုတ် စက်ဝန်းမှာ မကြည်လင်၍ မမြင်နိုင်သည်လည်းဖြစ်ပေမည်။ ထို့ပြင် ဆန်းဦးစလသည် မိုးကုတ်စက်ဝန်း၌မရှိ သောကြောင့် မတွေ့မြင်နိုင်ခြင်းလည်းဖြစ်နိုင်သည်။ ထိုကဲ့သို့သောနေ့တွင် ရမဿွာန်လမြတ်ကို

တွေ့ရှိကြုံကြိုက်ခြင်း၊ မျက်မြင်ဖြစ်ခြင်းဟူသော အထက်ဖော်ပြပါ နည်းလမ်းများနှင့် အကျုံးဝင်ကိုက်ညီခြင်းမရှိချေ။ ထို့ကြောင့် ထိုနေ့တွင် ဥပုသ်သီလဆောက်တည်ရန်မှာ မပြုမနေရ တာဝန်မဟုတ်ချေ။ သို့သာမက ထိုနေ့၌ ဥပုသ်သီလဆောက်တည် ခြင်းသည် မကျူဟ်ဖြစ်သည်။ ဖရသွံမပြုမနေရတာဝန်နှင့် နဖိလ်တို့ တစ်ခုနှင့်တစ်ခု ရောထွေးမသွားစေရန် အလို၌ဘာ ဟဒီးဆ်တော်ထဲတွင် တားမြစ်ပိတ်ပင်ထားခြင်းဖြစ်သည်။ (ဂျဆ်ဆွားဆ်)

၄။ လပေါင်းများစွာနေ့ဖြစ်နေ၍ လပေါင်းများစွာ ညဖြစ်နေလေ့ရှိသော နိုင်ငံများသည် အထက်ပါ ရမဿွာန် လမြတ်နှင့် တွေ့ရှိကြုံကြိုက်ခြင်းဟူသည်နှင့် အကျုံးဝင်ဟန်မရှိချေ။ ထိုအခြေအနေကြောင့် ယင်းကဲ့သို့သော နိုင်ငံတွင်နေထိုင်သူများသည် ဥပုသ်သီလမဆောက်တည်သင့်ချေ။ စွလာသ်ဝတ်ပြုမှုနှင့်ပတ်သက်၍မူ ဟန်နဖီ ဓမ္မသတ်ပညာရှင်များထဲမှ အလ် ဟလ်လဝါနီနှင့် အလ်ကဗာလီတို့က ဥပဒေသတ်မှတ်ခဲ့သည်မှာ ထိုကဲ့သို့သော နိုင်ငံမှလူများသည် ၎င်းတို့နိုင်ငံ၏ နေ့နှင့်ညတို့၏ အချိန်ပိုင်းများနှင့် လျော်ညီစွာ စွလာသ်ဝတ်ပြုဆောက်တည် ကြရပေသည်။ ပမာဆိုသော် နိုင်ငံတစ်နိုင်ငံတွင် မဂ်ရစ်ဗ်ပြီးလျှင်ပြီးချင်း မနက်မိုးလင်း ရောင်နီပျို့လာသောကြောင့် အိရှာဆွလာသ်ဝတ်ပြုဆောက်တည်မှုသည် မလုပ်မနေရ တာဝန်မရှိတော့ပါ။ (ရှာမီ) ထို့ကြောင့် (၆)လပတ်လုံး နေ့ဖြစ်သော အရပ်တွင်နေထိုင်သူများသည် '၆'လအတွင်း စွလာသ်(၅)ကြိမ်သာလျှင် တာဝန်ဖြစ်ပြီး ရမဿွာန် လမြတ်၏လကို မြင်တွေ့ရလိမ့်မည်မဟုတ်သဖြင့်ထိုသူတို့အတွက် ဥပုသ်သီလဆောက်တည်ရန် မလုပ်မနေရ တာဝန်မဖြစ်တော့ချေ။

အင်မဒါ ဒုလ်ဖသဝါကျမ်းထဲတွင် မော်လာနာ အရှ်ရဖ်အလီ ထာနဝီသခင်ကလည်း ဤအတိုင်းပင် ဖော်ပြ ထားခဲ့ပါသည်။

## မှတ်စု

**مَنْ كَانَ مَرِيْضًا اَوْ عَلٰى سَفَرٍ فَعِدَّةٌ مِّنْ اَيَّامٍ اُخَرَ (အကြင်သူတစ်ဦးတစ်ယောက်သည် တစ်စုံတစ်ရာ ဝေဒနာ စွဲကပ်၍ မကျန်းမမာဖြစ်ခဲ့သော် သို့တည်းမဟုတ် ခရီးထွက်လျက်ရှိနေခဲ့သော် ထိုသူ့အပေါ် ဝယ် အခြားသောနေ့ရက်များတွင်)**ဟူသော ဝါကျထဲတွင် နာမကျန်းဖြစ်နေသောသူနှင့် ခရီးသည် တို့အား ထိုအချိန်ကာလတွင် ဥပုသ်သီလမဆောက်တည်ခြင်းကို ခွင့်ပြုထားသည်။ နာမကျန်းဖြစ်သူသည် ကျန်းမာရေး ပြန်လည်ကောင်းမွန်လာလျှင်သော်လည်းကောင်း၊ ခရီးသည် အိမ်ပြန်ရောက် လျှင်သော်လည်းကောင်း၊ ထိုသူတို့သည် လွတ်သွားသော ဥပုသ်သီလကို ကဇာအစားဖြည့် ဆောက်တည်ရမည်။ ဤအမိန့်ပညတ်ချက်သည် ပြီးခဲ့သောအာယသ်တော်ထဲတွင် ပါဝင်ခဲ့ကြောင်း သတိချပ်မိပါလိမ့်မည်။ သို့သော်လည်း ဥပုသ်သီလမဆောက်တည် သည့်အတွက် ဖိဒ်ယဟ်(အစားပေးလျှော်ခြင်း)ရွေးချယ်ခွင့်သည် ပယ်ဖျက်ရုပ်သိမ်း ပြီးဖြစ်ခဲ့၍ နာမကျန်းသူနှင့် ခရီးသည်တို့အတွက် ခွင့်ပြုထားခြင်းသည်လည်း ပယ်ဖျက်ထားပြီးဖြစ်သလောဟု သံသယဝင်ရန်ရှိပေသည်။ ထို့ကြောင့် ထိုကိစ္စနှင့်ပတ်သက်၍ ပယ်ဖျက်ခြင်းမရှိကြောင်း ပြဋ္ဌာန်းချက်ကို အတိအလင်းထပ်မံဖော်ထုတ် ထားသည်။

vvvvvvv

**အာယသ် (၂:၁၈၆)**

وَإِذَا سَأَلَكَ عِبَادِي عَنِّي فَإِنِّي قَرِيبٌ ۖ أُجِيبُ دَعْوَةَ الدَّاعِ إِذَا
دَعَانِ ۖ فَلْيَسْتَجِيبُوا لِي وَلْيُؤْمِنُوا بِي لَعَلَّهُمْ يَرْشُدُونَ ﴿١٨٦﴾

**"ထို့ပြင်တစ်ဝ[အို-နဗီတမန်တော်မုဟမ္မဒ်(ﷺ)] ငါအရှင်မြတ်၏ကျွန်များသည် ငါအရှင်မြတ်နှင့် ပတ်သက်၍ အသင့်အားမေးမြန်းကြသောအခါဝယ် မုချကေန် (အသင်သည် ဤကဲ့သို့ဖြေကြားပါလေ)ငါအရှင်မြတ်သည်(ယင်းသူတို့နှင့်) နီးကပ်စွာပင်ရှိတော်မူ၏။ ငါအရှင်သည် ဆုတောင်းမှုပြုသူ၏ တောင်းဆုပြု ချက်ကို သဘောတူလက်ခံတော်မူ၏။ သို့ဖြစ်လေရာ ယင်းသူတို့သည် ငါအရှင် မြတ်၏ အမိန့်တော်များကို လက်ခံနာယူ၍ ငါအရှင်မြတ်ကိုသာ ယုံကြည် မြတ်နိုးကြရမည်။ သို့မှသာလျှင် ယင်းသူတို့သည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းကို ရရှိကြသူများဖြစ်တန်ရာ၏။"** (၂:၁၈၆)

**အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ကျေးကျွန်များအနီးဝယ်ရှိသည်။**

ပြီးခဲ့သော အာယသ်တော်သုံးခုထဲတွင် ရမဿွာန်လမြတ်နှင့် ဥပုသ်သီလဆောက်တည်ခြင်းတို့၏ အမိန့်ပညတ်ချက်များနှင့် ထွတ်မြတ်ခြင်းများအကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုအကြောင်းအရာများသည် ဤအာယသ်တော်ထဲတွင်သာမက လာမည့်ရှည်လျားသော အာယသ်တော်ထဲတွင်လည်း ဥပုသ်သီလဆောက်တည်ခြင်းနှင့် အိအ်သိကားဖ်၏ အသေးစိတ်များ ဆက်လက်ပါဝင်နေသည်။ ဤတိုတောင်းသည့် အာယသ်တော်ကို ကြားထဲတွင် ထည့်ထားခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များအား အရှင်မြတ်၏ ကျေးကျွန်များလိုက်နာကျင့်သုံးစေရေးဆွဲဆောင်နိုင်ရန်ဖြစ်သည်။ ထိုသို့ ဆွဲဆောင်နိုင်ရန်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်များ၏ တောင်းဆုတော်များကို အရှင်မြတ်က မည်သို့ကြားနာ၍ မည်သို့ဖြည့်ဆည်းတော်မူကြောင်း သိရှိနားလည်ရန်အတွက်ဖြစ်သည်။

ကင်းလွတ်ခွင့်များနှင့် ခွင့်ပြုချက်များ အများအပြားရှိလင့်ကစား ဥပုသ်သီလဆောက်တည်ခြင်းသည် အလွန်ခက်ခဲသည့် မပြုမနေရတာဝန်ဖြစ်ကြောင်း သံသယမရှိချေ။ [ငါအရှင်မြတ်သည် (ယင်းသူတို့နှင့်) နီးကပ်စွာပင် ရှိတော်မူပါ၏။ ငါအရှင်သည် ဆုတောင်းမှုပြုသူ၏ တောင်းဆုပြုချက်ကို သဘောတူလက်ခံတော်မူ၏] ဟူသော အလ္လာဟ်အရှင်မြတ်၏ အထူးကျေးဇူးပြုမှုကို ဖော်ပြခဲ့သည်မှာ ထိုစမ်းသပ်ချက်ကို ခံနိုင်စွမ်းရည်ရှိရန်ဖြစ်သည်။

ဤအခြေအနေများကြောင့် ပေးအပ်ထားသာ အမိန့်ပညတ်ချက်များကိုလိုက်နာကျင့်သုံးစဉ်တွင် တွေ့ရှိရမည့် အခက်အခဲများကို အလွှာတ်အရှင်မြတ်၏ ကျေးကျွန်များက သည်းခံသင့်သည်ဟူသည်မှာ လျော်ကန်သင့်မြတ်ပေသည်။ ဥပုသ်သီလ ဆောက်တည်ခြင်းဆိုင်ရာ အမိန့်ပညတ်ချက်များအလယ်တွင် ပါဝင်သော ဤဝါကျ၏နောက်ကွယ်တွင် အခြားဟစ်က်မသ်အသိဉာဏ်တော်ကို အိဗ်နိကဆီးရ်က ထောက်ပြခဲ့ပါသည်။ သူ့အဆိုအရဆိုလျှင်ဥပုသ်သီလဆောက်တည်ခြင်း ပြီးပြည့်စုံသောအချိန်အိဖ်သာရ်ဝါလွှတ်ချိန်တွင် (**لعد**:ဒုအာ) တောင်းဆို ခြင်းသည် လက်ခံသမှုပြုသဖြင့် ထိုအချိန်၌ ဒုအာတောင်းဆိုမှုပြုရန်အထူးဂရုပြုရမည်ဖြစ်ကြောင်း အာယသ်တော် က အရိပ်အမြွက်အသိပေးထားသည်။ တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားခဲ့သည်မှာ

**للصائم عند فطره دعوة مستجابة**

'ဥပုသ်သီလဆောက်တည်သူတစ်ဦးသည်အိဖ်သာရ်ဝါလွှတ်ချိန်၌ တောင်းဆုဒုအာပြုလုပ်ခဲ့လျှင် လက်ခံကဘုလ်ပြုသည်'ဟူ၍ဖြစ်သည်။

ထို့ကြောင့်ပင် ဆွဟာဗတ်သာဝကကြီး အဗ်ဒုလ္လာဟ် အိဗ်နိအုမရ်သခင်သည် (ﷺ)အိဖ်သာရ်ဝါလွှတ်ချိန်တွင် မိသားစုကို သူ့အပါးတွင်ဝိုင်း၍ စုရုံးကာ ဒုအာဆုမွန်တောင်းခံခြင်း ပြုလုပ်စေခဲ့သည်။

## ဥပဒေသ

ဤအာယသ်တော် **اِنِّیۡ قَرِیۡبٌ (ငါအရှင်သည် ယင်းသူတို့နှင့် အနီးကပ်စွာပင်ရှိတော်မူ၏)** ဟု မိန့်ကြားထားခြင်းသည် ဒုအာဆုတောင်းသူသည် တောင်းဆုပြုရာတွင် ဖြည်းဖြည်းနှင့် တီးတိုးစွာပြုလုပ်သင့်ကြောင်း အရိပ်အမြွက် မိန့်ကြားခြင်းဖြစ်သည်။ ဒုအာဆုတောင်းနေစဉ် အသံကျယ်လောင်စေခြင်းသည် မလိုလားအပ်ချေ။ ဤကိစ္စနှင့်ပတ်သက်၍ ဤအာယသ်တော်ကျရောက်ခဲ့ခြင်း၏ နောက်ခံအကြောင်းရင်းအားဖြင့် အတည်ပြုထားခဲ့သည်။ အိဗ်နိကဆီးရ်သခင်၏ အဆိုအရ ရွာသားဧည့်သည်တစ်ဦး ကိုယ်တော်မြတ်(ﷺ)ထံ မေးမြန်းလျှောက်ထားခဲ့သည်မှာ 'ကိုယ်တော် မိန့်တော်မူပါ အကယ်၍ အရှင်မြတ်သည် ကျွန်ုပ်တို့အနီးတွင် ရှိပါလျှင် ကျွန်ုပ်တို့သည် တီးတိုးစွာ ဒုအာတောင်းဆုပြုပါမည်။ အကယ်၍ အရှင်မြတ်သည် အဝေးတွင်ရှိလျှင် ကျွန်ုပ်တို့သည် အသံကျယ်စွာ ဆုဒုအာပြုကြပါမည်'ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ဤအာယသ်တော်မြတ်ကျရောက်ခဲ့ခြင်းဖြစ်သည်။

v v v v v v v

အာယသ် (၂း၁၈၇)

أُحِلَّ لَكُمْ لَيْلَةَ الصِّيَامِ الرَّفَثُ إِلَىٰ نِسَآئِكُمْ ۚ هُنَّ
لِبَاسٌ لَّكُمْ وَأَنتُمْ لِبَاسٌ لَّهُنَّ ۗ عَلِمَ اللَّهُ أَنَّكُمْ كُنتُمْ
تَخْتَانُونَ أَنفُسَكُمْ فَتَابَ عَلَيْكُمْ وَعَفَا عَنكُمْ ۖ فَالْآنَ
بَاشِرُوهُنَّ وَابْتَغُوا مَا كَتَبَ اللَّهُ لَكُمْ ۚ وَكُلُوا وَاشْرَبُوا حَتَّىٰ
يَتَبَيَّنَ لَكُمُ الْخَيْطُ الْأَبْيَضُ مِنَ الْخَيْطِ الْأَسْوَدِ مِنَ الْفَجْرِ ۖ
ثُمَّ أَتِمُّوا الصِّيَامَ إِلَى اللَّيْلِ ۚ وَلَا تُبَاشِرُوهُنَّ وَأَنتُمْ
عَاكِفُونَ فِي الْمَسَاجِدِ ۗ تِلْكَ حُدُودُ اللَّهِ فَلَا تَقْرَبُوهَا ۗ
كَذَٰلِكَ يُبَيِّنُ اللَّهُ آيَاتِهِ لِلنَّاسِ لَعَلَّهُمْ يَتَّقُونَ ﴿١٨٧﴾

“အသင်တို့အဖို့ရာ ဥပုသ်နေ့၏ညဥ့်၌ မိမိတို့ဇနီးမိန်းမများနှင့် သံဝါသပြုခြင်းကို ခွင့်ပြုတော်မူလေပြီ။ ယင်းဇနီးမိန်းမများသည် အသင်တို့အဖို့ရာ (အရှက်အိန္ဒြေကို လုံခြုံစွာဖုံးကွယ်သော) ဝတ်စားတန်ဆာများ (ကဲ့သို့)ဖြစ်ကြ၏။ ထိုနည်းတူစွာ အသင်တို့သည်လည်း ထိုဇနီးမိန်းမများအဖို့အရာ (အရှက်အိန္ဒြေကို လုံခြုံစွာဖုံးကွယ်သော) ဝတ်စားတန်ဆာများ(ကဲ့သို့)ပင်ဖြစ်ကြလေသည်။အသင်တို့သည် (ဤအ မိန့်မကျရောက်မီညဥ့်များ၌မိမိတို့၏ဇနီးမိန်းမများနှင့်ပုန်းလျှိုး၍သံဝါသပြုခြင်း

အားဖြင့်၊မိမိတို့ကိုယ်ကိုမိမိတို့ပင် လှည့်စားလျက်ရှိနေခဲ့ကြသည်ကို အလ္လာဟ် အရှင်မြတ်သည် သိရှိပြီးဖြစ်တော်မူ၏။ သို့ပင်တစေ ထိုအရှင်မြတ်သည် အသင်တို့အပေါ်ဝယ် ကရုဏာတော်ဖြင့် ပြန်လှည့်တော်မူ၍ အသင်တို့(ပြုခဲ့ပြီးဖြစ်သောအပြစ်တို့)ကိုခွင့်လွှတ် တော်မူပြီး (နောင်အဖို့လည်း ဇနီး မိန်းမများနှင့် ဥပုသ်နေ့၏ညဥ့်များတွင် သံဝါသ ပြုရန် ခွင့်ပြုထားတော်မူလေပြီ။) သို့အတွက်ကြောင့် ယခုမှစ၍ အသင်တို့သည် ထိုဇနီးမိန်းမတို့နှင့် သံဝါသပြုကြ၍ အသင်တို့အဖို့ အလ္လာဟ်အရှင်မြတ် ပြဋ္ဌာန်းထားတော်မူသောအရာများကို ရှာဖွေ ကြလေကုန်။ ထိုမှတစ်ပါးတံု အသင်တို့သည် ချည်မျှင်အနက် (တည်းဟူသော ညဥ့်၏အမှောင်)မှ ချည်မျှင်အဖြူ(တည်းဟူသော)နံနက်မိုးလင်းအရုဏ်တက်ချိန်၏ အလင်းရောင်ပေါ်လွင် ထင်ရှား လာလေ သည့်တိုင်အောင်

**(အစာအဟာရများကို) စားသောက်ကြကုန်လော့။ တစ်ဖန် အသင်တို့သည် (ယင်း အလင်းရောင်ပေါ်လာသည်မှ နေဝင်၍) ညဥ့်အချိန် (ကျရောက်လာသည့်)တိုင်အောင် အချိန်ပြည့် ဥပုသ်သီလဆောက်တည် ကြကုန်လော့။ သို့ရာတွင် အသင်တို့သည် ဗလီကျောင်းတော်များတွင် 'အိအ်သိကာဖ်' သီတင်းသုံးနေထိုင်ကြစဉ်အခါ၌ ထိုဇနီးမိန်းမတို့နှင့် သံဝါသပြုခြင်းကို အလျင်းမပြုကြကုန်လင့်။**

**ဤသည် တို့သည် အလ္လာဟ်အရှင်မြတ်သတ်မှတ်ထားတော်မူသောနယ် နမိတ် များပင်ဖြစ်ရကား အသင်တို့သည် ထိုနယ်နမိတ်များ၏အပါးသို့ပင် မချဉ်းကပ် ကြကုန်လင့်။ အလ္လာဟ်အရှင်မြတ်သည် ဤနည်းအတိုင်းပင် မိမိအမိန့်တော်များကိုလူခပ်သိမ်းတို့ (သိစိမ့်သောငှာ) ရှင်း လင်း ဖော်ပြ တော်မူလေသည်။ သို့မှသာလျှင် ယင်းသူတို့သည်ပြစ်မှုဒုစရိုက်တို့မှ ရှောင် ကြဉ်သော သူများ ဖြစ်တန်ကြရာကုန် သတည်း။" (၂း၁၈၇)**

'အိအ်သိကားဖ်'နှင့်ပတ်သက်သော အမိန့်ပညတ်ချက်များအပါအဝင် ဥပုသ်သီလ ဆောက်တည်ခြင်းနှင့် ပတ်သက်သော ကျန်ရှိသည့် အမိန့်ပညတ်ချက်များကို ဤအာယသ်တော်တွင် ရှင်းလင်းဖော်ပြထားခဲ့သည်။

## အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်၏ အဖွင့်စကားလုံးများဖြစ်သော **أُحِلَّ لَكُمْ (အုဟစ်လ်လလကွန်မ်)** 'အသင်တို့အဖို့ရာ ခွင့်ပြုထားပြီးဖြစ်သည်'က ကျွန်ုပ်တို့ကို မိန့်ကြားသည်မှာ ဤအာယသ်တော်ပါ တရားဝင် ခွင့်ပြုထားချက်များသည် အာယသ်တော်မကျမီက တရားဝင်ခွင့်ပြုမထားသော အချက်များဖြစ်ကြသည်ဟူ၍ဖြစ်သည်။ ဆွဟီဟ်အလ်ဗုခါရီ ကျမ်းတွင်ပါရှိသော ဆွဟာဗဟ် သာဝကကြီး ဗရာအ် အိဗ်နိ အဇီးဗ်(ﷺ)၏ ဆင့်ပြန်ချက်အရ ရမဿွာန်လမြတ်၏ ဥပုသ်သီလဆောက်တည်ခြင်းသည် မပြုမနေရ တာဝန်အဖြစ် သတ်မှတ်ထားခဲ့သည့်အစောပိုင်းအချိန်ကဆိုလျှင် စားခွင့်၊ သောက်ခွင့်နှင့် ဇနီးသည်များ နှင့် သံဝါသပြုခွင့်သည် အိဖ်သာရ်ဝါဖြေပြီးနောက် အိပ်စက်ခြင်းမပြုမီဟူသောအခြေအနေက လွှမ်းမိုးထားသည်။ ထိုဓလေ့ကြောင့် အိဖ်သာရ် ဝါလွှတ်ပြီးနောက် ခေတ္တခဏ အိပ်စက်အနားယူခြင်းသည် ဤကိစ္စရပ်များအားလုံး တရားမဝင် ခွင့်ပြုမထားသောအချက်များဖြစ်သွားကြသည်။ ဤကန့်သတ်ချက်ကြောင့် ဆွဟာဗဟ် သာဝကအချို့ အခက် တွေ့ကြုံရပါသည်။ ဆင့်ပြန်ချက်တစ်ရပ်အရ ဆွဟာဗဟ်သာဝကကြီ ကိုက်စ်အိဗ်နိစရ်မာ အလ်အန်စာရီ(ﷺ)သည် တစ်နေ့တာ ပင်ပင်ပန်းပန်းအလုပ်လုပ်၍ အိမ်ပြန်လာခဲ့ရသည်။ သာဝကကြီး အိမ်ပြန်ရောက်ချိန်တွင် အိဖ်သာရ် ဝါလွှတ်ချိန်နီးကပ်နေပြီး စားစရာလည်း ဘာမျှမရှိခဲ့ပါ။ ဇနီးသည်က အပြင်သို့ထွက်၍ စားစရာတစ်ခုခု ကို တစ်နည်းနည်းဖြင့် ယူခဲ့မည်ဟုပြောကြားခဲ့သည်။ ဇနီးသည်ပြန်ရောက်သောအခါ ခင်ပွန်းသည် အိပ်စက်လျက် ရှိကြောင်းတွေ့ရှိခဲ့ရသည်။ အဘယ့်ကြောင့်ဆိုသော် ဆွဟာဗဟ်ကြီးသည် တစ်နေ့လုံးအလုပ်လုပ်ခဲ့ရသောကြောင့် ပင်ပန်းနွမ်းနယ်နေ၍ဖြစ်သည်။ သူအိပ်ရာမှ

နိုးထသောအခါ စားသောက်ခြင်းသည် တရားမဝင် ဖြစ်သွားခဲ့သည်။ ထိုအခြေအနေနှင့်ပင် ဆွဟာဗဟ်ကြီးသည် နောက်တစ်နေ့၏ ဥပုသ်သီလဆောက်တည်ခဲ့ရ၍ နေ့လည်တွင် မူးမေ့လဲကျသွားရပါသည်။ (အိဗနိကဆီး၌)

အလားတူပင် အချို့သော ဆွဟာဗဟ်သာဝကကြီးများသည် အိဖ်သာရ်ဝါလွှတ်ပြီးနောက် အနားယူအိပ်စက်ခဲ့ခြင်းကြောင့် ဇနီးမိန်းမများနှင့် သံဝါသပြုရန်ကိစ္စတွင် စိတ်မချမ်းမြေ့ဘွယ်ဖြစ်ခဲ့ကြရသည်။ ဤကိစ္စရပ်များဖြစ်ပေါ်ခဲ့ခြင်းကြောင့် ယခုအာယသ်တော်များ ပို့ချပေးခဲ့ရသည်။ အာယသ်တော်ထဲတွင် ပထမ ဥပဒေအား ဖျက်သိမ်းပြီး အိဖ်သာရ်ဝါလွှတ်ပြီးနောက် အိပ်စက်အနားယူပြီးသည့်တိုင် စားခြင်းသောက်ခြင်းနှင့် သံဝါသပြုခြင်းများကို ခွင့်ပြုခဲ့ပါသည်။ စင်စစ် ခွင့်ပြုချက်မှာ ည၏နောက်ဆုံးပိုင်းအချိန် စဲဟ်ရီစားသုံးခြင်းကိစ္စတိုင် ကျယ်ပြန့်ခဲ့သည် စဲဟ်ရီစားသုံးခြင်းကို အိပ်စက်အနားယူပြီးနောက် ည၌၏ နောက်ဆုံးပိုင်းအချိန်ထိ စားသုံးနိုင်သည်။ ထိုသို့ စားသုံးခြင်းသည် စွန္ဒသ်တော်တစ်ရပ်ဖြစ်သည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ ဟဒီးဆ်တော်များ၏ ဆင့်ပြန်ချက်များတွင် ရှင်းလင်းစွာဖော်ပြထားသည်။ လက်ရှိအာယသ်တော်သည် ဤအမိန့်ပညတ်ချက်၏ လိုရင်းဖော်ပြချက်ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ် စကားလုံး **رَفَثَ** (ရဖတ်စ်)၏ တိုက်ရိုက်လုံးချင်းကောက် စာပေသဘောအရ ဆိုလိုရင်းမှာ လင်ယောကျ်ားသည် မိမိ၏ဆန္ဒကို ဇနီးသည် လိုက်လျောစေရန်အတွက် အကြံပြုခြင်း၊ ပြောကြားခြင်း၊ ပြုလုပ်ပေးခြင်း စသည်အားလုံးပါဝင်သည်။ သို့သော်လည်း မုစ်လင်မ် အုမ္မသ်ထုတစ်ရပ်လုံး၏ သဘာတူညီချက်အရ ဆိုလျှင် ဤအာယသ်တော်တွင်ပါရှိသော ဤစကားလုံးသည် သံဝါသပြုမှုကို ဆိုလိုရင်းဖြစ်သည်ဟူ၍ ကောက်ယူသည်။

ဤအာယသ်တော်အရ ဖျက်သိမ်းခဲ့သော အမိန့်ပညတ်ချက်ဖြစ်သည့် ခေတ္တခဏအနားယူအိပ်စက်ပြီးနောက် စားခြင်းသောက်ခြင်းတို့သည် တရားမဝင်တော့ချေဟူသည့်အမိန့်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့်နေရာတွင်မှ မပါရှိဟူသည်ကို စိတ်တွင်စွဲမှတ်ထားသည့် ဤဥပဒေသအတိုင်း ဆွဟာဗဟ်သာဝကကြီးများတစ်သဝေမတိမ်းလိုက်နာ ဆောင်ရွက်ခဲ့ပါသည်ဟု မုစ်နဒ်အဟ်မဒ်ကျမ်းတွင် ဆင့်ပြန်ထားသည်။ ဤဥပဒေသသည် ဤအာယသ်တော်ဖြင့် ပယ်ဖျက်ရုပ်သိမ်းခဲ့၏။ ဤအာယသ်တော်သည် တည်ဆဲဥပဒေကို အလွှာဟ်အရှင်မြတ် အမိန့်တော်တစ်ခုဖြစ်သည်ဟူ၍ ပထမအတည်ပြုကာ ပြီးနောက်တွင်မှ လုပ်ဆောင်ကျင့်သုံးမှုလွယ်ကူစေရန် အလို့ငှာ ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။ ဤသည်မှနေ၍ ကျွန်ုပ်တို့တွေ့မြင်ရမည်မှာ စွန္ဒသ်တော်နည်းလမ်းအားဖြင့် သက်သေခိုင်မာသောဥပဒေအချို့သည် ကုရ်အာန်ကျမ်းတော်မြတ်အားဖြင့် ပယ်ဖျက်နိုင်သည်ဟူ၍ဖြစ်သည်။ ထို့ကြောင့် အစ္စလာမ့်တရားဥပဒေတွင် အလွှာဟ်အရှင်မြတ်၏တမန်တော်၏ ဆုံးဖြတ်ချက်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်များကဲ့သို့ အခွင့်အာဏာရှိသည်။

## စဲဟ်ရီစားသုံးခြင်း

ဥပုသ်သီလဆောက်တည်ခြင်း စတင်သည့်အချိန်နှင့် စားခြင်းသောက်ခြင်း တရားမဝင်ဖြစ်သွားသည့် မှန်ကန်သော အချိန်ကို နူးညံ့သိမ်မွေ့သည့် တင်စားမှုတစ်ရပ်ဖြင့် ဤအာယသ်တော်ထဲတွင် -

حَتّٰى يَتَبَيَّنَ لَكُمُ الْخَيْطُ الْاَبْيَضُ مِنَ الْخَيْطِ الْاَسْوَدِ

**'ထိုမှတစ်ပါးတုံ အသင်တို့သည် ချည်မျှင်အနက်(တည်းဟူသော ညဉ့်၏အမှောင်)မှ ချည်မျှင်အဖြူ(တည်းဟူသော) နံနက်ပိုင်း လင်းအာရုဏ်တက်ခြိန်၏ အလင်းရောင်ပေါ်လွင်ထင်ရှားလာသည့် တိုင်အောင်'** ဟူ၍ သတ်မှတ်ထားခဲ့သည်။ ဤနေရာ၌ ညဉ့်အမှောင်ကို ချည်မျှင်အနက်နှင့် လည်းကောင်း၊ နံနက်မိုးလင်း အရုဏ်တက်ခြိန်၏ အလင်းရောင်ကို ချည်မျှင်အဖြူဖြင့်လည်းကောင်း တင်စားခိုင်းနှိုင်းသုံးနှုန်းထားသည်။ အစွန်းရောက်မှု ကို ဖယ်ရှားရန်အတွက် အထူးပြုသည့် စာပိုဒ် **حَتّٰى يَتَبَيَّنَ ပေါ်လွင်ထင်ရှားလာသည်)**ဟူသော စကားလုံးကို ပေါင်းထည့်ထားသည်။ ဆိုလိုသည်မှာ နံနက်ပိုင်း မိုးလင်းအရုဏ်တက်ခြိန် မရောက်မီထိ စားသောက် ခြင်းသည် ဟရာမ်တရားမဝင်ဟူ၍ ယုံကြည်သူများကဲ့သို့လည်း မကျင့်သုံးနှင့် အရုဏ်တက်ခြိန်လွန်၍ နံနက် လင်းသည်ကို သေချာသည်အထိ စားနေခြင်းသောက်နေခြင်းကို ဂရုမမူသော သူများကဲ့သို့လည်း မကျင့်သုံးနှင့် ဟူ၍ဖြစ်သည်။

စင်စစ် ဥပုသ်သီလဆောက်တည်ခြင်းအစနှင့် စားခြင်းသောက်ခြင်းအဆုံးပိုင်းတို့၏ သတ်မှတ်ချက်သည် နံနက် မိုးလင်းအရုဏ်တက်ခြိန် သေချာခြင်းက ပိုင်ခြားထားသည်။ ဤသေချာခြင်းအခြိန်ပိုင်းမရောက်မီစား သောက်ခြင်း ဟရာမ်ဟု သတ်မှတ်ချက်မမှန်ချေ။ အလားတူ ထိုသေချာခြင်းအခြိန်ပိုင်းရောက်ပြီးနောက် စားခြင်း၊ သောက်ခြင်း ဟရာမ်ဖြစ်သွားမည်။ အကယ်၍ သတ်မှတ် ချက်ကျော်လွန်ခြင်းသည် တစ်မိနစ်ဖြစ်ပါစေ ယင်းဥပုသ်သီလသည် ပျက်စီးသွားပါလိမ့်မည်။ စဲဟ်ရီစားသောက် ခြင်းတရားဝင်မှုအခြိန်မှာ နံနက်မိုးလင်းအရုဏ်တက်ခြိန် မသေချာခြင်းမရောက်မီအထိ ဖြစ်သည်။ ဤကဲ့သို့ အခြေအနေနှင့်တူသော အဖြစ်အပျက်များသည် အချို့သော ဆွဟာဗဟ်သာဝကကြီးများ မိုးလင်းအရုဏ်တက် ခြိန်ရောက်ပြီးသည့်တိုင် စားသောက်ကြသည့်အဖြစ်အပျက်များ နှင့်သက်ဆိုင်သည်။ ဤသို့ဖြစ်ရသည်မှာ ဆွဟာဗဟ် သာဝကကြီးများသည် နံနက်မိုးလင်းအရုဏ်တက်ခြိန် ရောက်ရှိသွားခြင်းကို မသေချာသေး၍ဖြစ်သည်။ ထို့ပြင် ထိုဆွဟာဗဟ်ကြီးများသည် နံနက်မိုးလင်းအရုဏ်တက် ခြိန်ထက်စော၍ စားသောက်ခြင်းရပ်တန့်ခြင်းကို နှစ်သက်သော ဆွဟာဗဟ်သာဝကကြီးများ၏ စကားကိုလည်း နားမထောင်ခြင်းပယ်ခဲ့ကြသည်။ ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်(ﷺ)မိန့်ကြားခဲ့သည်မှာ 'ဟဇရသ် ဗိလာလ်(ﷺ)၏ အဇန်သံကြောင့် သင်တို့သည် စဲဟ်ရီစားသုံးခြင်း ကို မရပ်တန့်ကြကုန်လင့်။ အဘယ့်ကြောင့် ဆိုသော် ဗိလာလ်(ﷺ)သည် နံနက်မိုးလင်း အရုဏ်မတက်မီစော၍ အဇန်ဆိုတတ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သင်တို့သည် ဗိလာလ်(ﷺ)၏ အဇန်ကြားနေရသော်လည်း စဲဟ်ရီကို ဆက်လက်စားသောက် ကြပါကုန်။ သို့သော်လည်း အိဗ်နိအုမ်မ်မတ်က်တွန်(ﷺ)၏ အဇန်သံကြားလျှင်မူ ရပ်တန့်ကြပါကုန်။ အဘယ့်ကြောင့် ဆိုသော် ၎င်းသည် နံနက်မိုးလင်းအရုဏ်တက်ခြိန်အတိအကျတွင် အဇန် ဆိုသောကြောင့်ဖြစ်သည်။ (ဗုခါရီနှင့် မုစ်လင်မ်)

ဤဟဒီးဆ်တော်တစ်ပိုင်းတစ်စ ဆင့်ပြန်ချက်ကြောင့် အချို့သော ခေတ်ပြိုင်ပုဂ္ဂိုလ်များသည် ဟဒီးဆ်တော်၏ ရည်ရွယ်ချက်ကို နားလည်မှုလွဲမှား၍ ဖဂျိရ်အဇန်ဆိုပြီးနောက် အချိန်အနည်းငယ်လောက် စားသောက် လျှက်ရှိခြင်းကို အပြစ်မရှိဟု အကြံပြုကြပါသည်။ ထို့ကြောင့် တစ်စုံတစ်ဦးသည် အိပ်ရာထနောက်ကျ၍ ဖဂျိရ် အဇန် ဆိုပြီးနောက် တစ်စုံတစ်ရာ ခပ်သုတ်သုတ်စားသောက်ခြင်းကို ခွင့်ပြုနိုင်သည်ဟုဆိုသည်။ အမှန်မှာ အထက်ကိုးကားခဲ့သော ဟဒီးဆ်တော်သည် နံနက်မိုးလင်းအရုဏ်တက်ခြိန် အတိအကျ အဇာန်ဆိုခဲ့သော

အိပ်နိုအွမ်မ်မတ်က်တွန်၏ အဇန်ဆိုချိန်တွင် စားခြင်းသောက်ခြင်း ရပ်တန့်ရန်လိုအပ်ပါသည်။ ထို့ပြင် ကုရ်အာန် ကျမ်းတော်မြတ်တွင်လည်း နံနက်မိုးလင်း အရုဏ်တက်ချိန် 'သေချာခြင်း'သည် စားခြင်းသောက်ခြင်း ရပ်တန့်ရမည့် သတ်မှတ်ချိန် အတိအကျဖြစ်ကြောင်း အတည်ပြုထားပြီးဖြစ်သည်။

လူအများအား သတ်မှတ်ချိန်ထက် တစ်မိနစ်မိနစ်မျှပင်ကျော်လွန်၍ စားသောက်ခွင့်ပေးခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်အာဏာကို ဖီဆန်ရာရောက်သည်။

အိဖ်သာရ်နှင့်စဲဟ်ရီကိစ္စရပ်များတွင် လွယ်ကူစေရန် ဆွဟာဗဟ်သာဝကကြီးများနှင့် လွန်လေပြီးသော အကြီးအကဲများ၏ ဆင့်ပြန်ချက်များကို ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်တော်နှင့်မျက်ခြေမပြတ်စေဘဲ ရှင်းလင်းနိုင်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ မိန့်ကြားချက်မှာ တစ်စုံတစ်ဦးသည် နံနက်မိုးလင်း အရုဏ်တက်ချိန် သေချာမှုမဖြစ်မချင်း မိမိကိုယ်ကိုမိမိ လွန်ကဲစွာထိန်းချုပ်ခြင်း၊ ကန့်သတ်ခြင်းမှ ရှောင်လွဲစေရန်ရည်ရွယ်သည်။ အိမာမ်အိဗ်နိကဆီးရ်ကလည်း ထိုဆင့်ပြန်ချက်များကို အထက်ဖော်ပြပါ အာယသ်တော်များကိုအခြေခံ၍ ရှင်းလင်းခဲ့ပါသည်။ သို့မဟုတ်ပါလျှင် သာမန် မုစ်လင်မ်တစ်ဦးကပင်လျှင် ထိုသို့သော ကျမ်းမြတ်ကုရ်အာန်၏ အမိန့်ကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်မှုအား မည်ကဲ့သို့သည်းခံနိုင်လိမ့်မည်နည်း။ ဤကိစ္စနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းမြတ်က အထူးဂရုပြုရန် အလေးအနက် မိန့်ကြားထားပါလျက်နှင့် ဆွဟာဗဟ်သာဝကကြီးများက ဤသို့ပြောဆိုကြခြင်းကို မည်သို့မျှ စဉ်းစားမရပါ။ **وَلَا تَقْرَبُوهَا (ဤသည်တို့သည် အလ္လာဟ်အရှင်မြတ် နယ်နမိတ်များတည်း)**တွင် **تِلْكَ حُدُودُ اللَّهِ (သို့ဖြစ်လေရာ ထိုနယ်နမိတ်အနီးသို့ပင် မချဉ်းကပ်ကြကုန်လင့်)**ဟူသော အမိန့်ကို ဂရုပြုလိုက်လျှင် အထက်ဖော်ပြပါကိစ္စသည် ရှင်းလင်းသွားပါမည်။

## ဥပဒေသ

ဤနေရာတွင် အထက်ပါမိန့်ကြားမှုအားလုံးသည် နံနက်မိုးလင်းအရုဏ်တက်ချိန်ကို မိမိကိုယ်တိုင်တွေ့မြင်နိုင်သောနေရာတွင်ရှိသူကို ဆိုလိုသည်။ ထိုသူသည် အရုဏ်တက်ချိန်ကို မိမိကိုယ်တိုင်သေချာစွာ ပြောနိုင်သူကို ဆိုလိုသည်။ မိုးကုတ်စက်ဝိုင်းသည် ကြည်လင်ပြတ်သားစွာ မြင်တွေ့နိုင်သောအခြေအနေတွင်ရှိသောသူများအတွက်ဖြစ်၍ မိုးကုတ်စက်ဝိုင်းတွင် အရုဏ်တက်ခြင်းကို တတ်သိနားလည်သူဖြစ်ရမည်။ အထက်ပါအခြေအနေအတိုင်း မဟုတ်ခဲ့ပါလျှင် ပမာဆိုသော် မိုးကုတ်စက်ဝိုင်းသည် ကွက်ကွက်ကွင်းကွင်းမြင်နိုင်ခြင်းမရှိ၍ဖြစ်စေ၊ ရှင်းလင်းမှုလည်း မရှိ၍ဖြစ်စေ၊ နံနက်မိုးလင်းအရုဏ်တက်ခြင်းကိုတတ်သိနားလည်သည်လည်းမဟုတ်ခဲ့လျှင်ဖြစ်စေ ထိုသို့သောသူများသည် အခြားသော လက္ခဏာများနှင့် တွက်ချက်မှုများအားဖြင့် ဆုံးဖြတ်ရပါမည်။

ထို့ကြောင့် အရုဏ်တက်ချိန်ကို ဂဃနဏာ မပြောနိုင်သည့်အချိန်တစ်ချိန် သူတို့ကြုံတွေ့ရပါလိမ့်မည်။ ထိုကဲ့သို့ ဒွိဟသံသယရှိနေချိန်တွင် ထိုသူများ ဘာလုပ်ကြမည်နည်း။ အိမာမ်အလ်ဂျဆွဲဆွားဆွဲက အဟ်ကာမုလ်ကုရ်အာန်ကျမ်းတွင် ဤမေးခွန်းကိုဖြေကြားထားသည်မှာ ထိုကဲ့သို့သောအခြေအနေနှင့်ကြုံတွေ့ရလျှင် မိမိသဘောဆန္ဒအလျောက် စားသောက်ခြင်းမပြုလုပ်ဘဲ နံနက်မိုးလင်းအရုဏ်တက်ချိန်မရောက်မီ စောစီးစားသောက်ပါကမည်သို့မျှမဖြစ်ချေ။ သို့သော်လည်း မိမိစားသောက်ချိန်သည် မိုးလင်းအရုဏ်တက်ချိန်လွန်သွားကြောင်း နောက်မှခိုင်ခိုင်လုံလုံသိရှိလျှင် ကဇွာဥပုသ်သီလစောင့်ထိန်းရန်လိုအပ်သည်။ ဥပမာအားဖြင့် ရမဿာန်လ ဆန်းဦးစလကို

မမြင်တွေ့ ရသဖြင့် လူအများသည် ဥပုသ်သီလမဆောက်တည်ခဲ့ကြပါ။ သို့သော်လည်း ရှအ်ဗန်လ (၂၉)ရက်ညနေက ဆန်းဦးစလမြင်တွေ့ကြောင်း လူအများက သက်သေများမှတစ်ဆင့် ခိုင်လုံစွာအတည်ပြုခဲ့လျှင် ရှအ်ဗန်လ (၃၀)ရက် ထင်မှတ်၍ ဥပုသ်သီလမဆောက်တည်မှုကြောင့် ထိုသူတို့မှာ အပြစ်မဖြစ်ချေ။ သို့သော်လည်း ယင်းရက်အတွက် ကဇွာဥပုသ်သီလဆောက်တည်ရလိမ့်မည်။ ထိုကိစ္စနှင့်ပတ်သက်၍ အုမ္မသ်ထုတစ်ရပ်လုံး တညီတညွတ်တည်း သဘောတူညီကြပါသည်။ အလားတူပင် အကယ်၍တစ်စုံတစ်ဦးသည် နေဝင်ခါနီးအချိန်၌ တိမ်ထူထပ်သဖြင့် ဥပုသ်သီလလွတ်ကာ အိဖ်သာရ်ပြုလုပ်လိုက်လျှင် ထိုသို့သောသူသည် နောက်မှ မိုးကုတ်စက်ဝိုင်းတွင်နေလုံးကို တွေ့ရပါမူ အပြစ်မဖြစ်ချေ။ သို့သော်လည်း ပျက်သွားသော ဥပုသ်သီလအတွက် ကဇွာအစားဖြည့်ဆည်းရန် လိုအပ်သည်။

အိမာမ်ဂျဆ်ဖားဆ်၏ ရှင်းပြချက်အရ တစ်စုံတစ်ဦးသည် အိပ်ရာထနောက်ကျကာ အာသာန်လည်းပြီးသွားသည်ဟုဆိုလျှင် နံနက်မိုးလင်းအရုဏ်တက်သည်မှာသေချာပြီးဖြစ်သည်။ ထို့နောက်တွင်မှ ၎င်းသည် သိလျက်နှင့်ပင် အစားအသောက်စားသောက်လျှင် ထိုသို့သောသူသည် အပြစ်ကျူးလွန်သူဖြစ်ရုံမျှမက ကဇွာဥပုသ်သီလလည်းစောင့်ထိန်းရပေမည်။ အကယ်၍ထိုသူသည် သံသယရှိသောအချိန်၌ စားသောက်ပါက အပြစ်မဖြစ်ဘဲ ကဇွာဥပုသ်သီလစောင့်ထိန်းရမည်။ သံသယအချိန်မှာ စားသုံးခြင်းဖြစ်၍ အပြစ်တင်ဘွယ်ရာ (မက်ရူဟ်)ဖြစ်သည်။

## အိအ်သိကားဖ်အကြောင်း

တိုက်ရိုက်လုံးချင်းကောက်အဓိပ္ပာယ်အရ အိအ်သိကားဖ်ဆိုသည်မှာ တစ်နေရာရာတွင် သီးသန့်နေထိုင်ခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်နှင့် ဟဒီးဆ်ပညာရပ်ဆိုင်ရာ အသုံးအနှုန်းအရ အိအ်သိကားဖ်ဟူသည် ပလီဝတ်ကျောင်းတော်အတွင်း သီးသန့်စည်းကမ်းချက်များနှင့်အညီ နေထိုင်ခြင်းကိုခေါ်သည်။ **فِي الْمَسَاجِدِ (ဗလီဝတ်ကျောင်းတော် များထဲမှာ)**ဟူသောစကားလုံးအရ အိအ်သိကားဖ်ကို ဗလီဝတ်ကျောင်းတော်တိုင်းတွင် ဆောက်တည်နိုင်သည်။ တစ်ဦးချင်းဆွလာသ်ဝတ်ပြုဆောက်တည်မှုကို အိမ်တစ်လုံး၊ ဆိုင်တစ်ဆိုင်၊ မည်သည့် နေရာတွင်မဆို ဝတ်ပြု ဆောက်တည်နိုင်သည်။ ဗလီဝတ်ကျောင်းတော်မတ်စ်ဂျိဒ် တည်ဆောက်ထားခြင်း၏အဓိက ရည်ရွယ်ချက်မှာ ဆွလာသ်ဝတ်ပြုဆောက်တည်ရာတွင် ဂျမာအသ်လူစုလူဝေးနှင့် ဆောက်တည်ရန်ဟူ၍ဖြစ်သည်။ ဓမ္မသတ်ဆိုင်ရာ အခြေအနေအရ လူစုလူဝေးနှင့် ပုံမှန်ဆွလာသ်ဝတ်ပြုဆောက်တည်လေ့ရှိသော မတ်စ်ဂျိဒ်ဗလီ ဝတ်ကျောင်းတော် တွင်း၌သာလျှင် အိအ်သိကားဖ်ဆောက်တည်နိုင်သည်။ ထို့ပြင် လူစုလူဝေးနှင့် ဝတ်ပြုဆောက် တည်ခြင်းမရှိသော လူသူကင်းမဲ့သည့် မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်၌ အိအ်သိကားဖ်မဆောက်တည်သင့် ဟူသောအဆိုသည် ဗလီဝတ်ကျောင်းတော် မတ်စ်ဂျိဒ်ဟူသည့် အနှစ်သာရမှ ဆင့်ပွား သုံးသပ်ချက်ဖြစ်သည်။

## ဥပဒေသ

(၁) ဥပုသ်သီလဆောက်တည်သည့်ညများတွင် စားခြင်း၊ သောက်ခြင်းနှင့် ဇနီးမောင်နှံဆက်ဆံခြင်းများသည် အားလုံး တရားဝင်လုပ်ခွင့်ရှိသည်ဟု ပြီးခဲ့သော အာယသ်တော်တွင် မိန့်ကြားခဲ့ပြီးဖြစ်သည်။ အိအ်သိကားဖ်

ဆောက်တည်ခိုင်မြဲတွင် ညအခိုင်ခဲ့ စားခွင့်သောက်ခွင့်တို့သည် လူတိုင်းနှင့် တပြေးညီတူညီသော်လည်း အမျိုးသမီးနှင့် သံဝါသပြုခြင်းကိစ္စတွင်မူ မတူညီချေ။ အိအ်သိကားဖ်ဆောက်တည်ခိုင်မြဲတွင် ထိုကိစ္စရပ်ကို ခွင့်မပြုချေ။ ထို့ကြောင့် ဤအာယသ်တော်သည် အိအ်သိကားဖ်တွင်လိုအပ်သည့်အမိန့်ပညတ်ချက်ကို ပြဋ္ဌာန်းခဲ့သည်။

(၂) အိအ်သိကားဖ်၏ ဥပဒေများဖြစ်သည့် ဥပုသ်သီလဆောက်တည်လျက် အိအ်သိကားဖ်ဆောက်တည်ခြင်း၊ မတ်စ်ဂျိဒ်ဗလီဝတ်ကျောင်းတော်ပြင်ပသို့ အစွမ်းလာမ့်တရားတော်က အသိအမှတ်ပြုထားသည့် အထူးလိုအပ်ချက်မှ အပ မထွက်ခွာရခြင်း စသည်တို့သည် အိအ်သိကားဖ်ဆိုသော စကားလုံးမှ တချို့ကိုသော်လည်းကောင်း၊ တချို့တဝက်သည် တမန်တော်မြတ်(ﷺ)သခင်၏ အပြုအမူနှင့် မိန့်ကြားချက်များမှသော်လည်းကောင်း ပေါ်ထွက်လာခြင်းဖြစ်သည်။

## အလ္လာဟ်အရှင်မြတ်၏ သတ်မှတ်ထားသော နယ်နမိတ်ကို ဂရုပြုခြင်း

အာယသ်တော်အဆုံးပိုင်းတွင် **تِلْكَ حُدُوْدُاللهِ فَلَا تَقْرَبُوْهَا** 'ဤသည်တို့သည် အလ္လာဟ် အရှင်မြတ် သတ်မှတ် ထားတော်မူသော နယ်နမိတ်ပင်ဖြစ်ရကား အသင်တို့သည် နယ်နမိတ်များ၏ အပါးသို့ပင် မချဉ်းကပ်ကြကုန်လင့်' ဟူ၍ မိန့်ကြားထားခြင်းမှာ ဥပုသ်သီလဆောက်တည်ထားစဉ်အတွင်း စားခြင်း၊ သောက်ခြင်း၊ သံဝါသပြုခြင်းများ တားမြစ်ထားခြင်းသည် အလ္လာဟ်အရှင်မြတ်တားမြစ်ထားသော နယ်နမိတ်များဖြစ်ကြောင်းကို ကြိုတင်သတိပေး ခြင်းဖြစ်သည်။ တစ်စုံတစ်ဦးသည် ထိုနယ်နမိတ်များအနီးသို့ မသွားသင့်ချေ။ အဘယ့်ကြောင့်ဆိုသော် ထိုနယ်နမိတ် များသို့ ကျော်လွန်သွားနိုင်၍ဖြစ်သည်။ ထို့ကြောင့် ဥပုသ်သီလဆောက်တည်စဉ်အတွင်း နှုတ်ကျင်းခြင်းကိုပင် လိုသည်ထက်ပို၍ မလုပ်ရချေ။

ထိုသို့ပြုလုပ်ပါက မကရူဟ်ဖြစ်သည်။ ရေများ လည်ချောင်းတွင်းသို့ ဝင်ရောက်နိုင်သည့် အန္တရာယ်ရှိသည်။ ပါးစပ်တွင်းတွင် ဆေးဝါးသုံးစွဲခြင်းသည်လည်း မကရူဟ်ဖြစ်သည်။ အလားတူပင် မိမိဇနီးသည် အား ဖက်ခြင်း၊ နမ်းရှုံ့ခြင်းသည်လည်း မက်ရူဟ်ဖြစ်သည်။ အလားတူပင် ကြိုတင်ဂရုပြုသည့်အနေဖြင့် စဲဟ်ရီချိန် တွင် စားခြင်း၊ သောက်ခြင်းကို သတ်မှတ်ချိန်ထက် နှစ်မိနစ်ခန့်စောၗပြီးဆုံးစေခြင်းနှင့် အိဖ်သာရ်ဥပုသ်လွတ်ခြင်းကို နှစ်မိနစ်ခန့် နောက်ကျလွတ်ခြင်းသည် သာပိုကောင်းပါသည်။ ဤကိစ္စရပ်များနှင့်ပတ်သက်၍ သက်တောင့် သက်သာမှုကို ခုံမင်ခြင်းနှင့် ပေါ့ပေါ့တန်တန်နေခြင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ဤအမိန့်ကို ဆန့်ကျင်ရာ ရောက်လေသည်။

vvvvvvv

**အာယသ် (၂း ၁၈၈)**



**"အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦး၏ပစ္စည်းကို တစ်ဦးက မတရားသောနည်းဖြင့် မစားသုံးကြကုန်လင့်။ ထို့ပြင်တစ်ဝ အသင်တို့သည် သူတစ်ပါးတို့၏ ဥစ္စာပစ္စည်းများအနက် တစ်စိတ်တစ်ဒေသကို မတရားသောနည်းဖြင့် စားသုံးရန် အလို့ငှာ (တံစိုးလက်ဆောင်အဖြစ်ဖြင့်) အာဏာပိုင်မင်းများထံသို့ ယင်းပစ္စည်း များကို မပို့ဆောင်ကြကုန်လင့်။ (ထိုသို့ပြုလုပ်ခြင်းများသည် မတရားသော အကျင့်အကြံများဖြစ်သည်ကိုလည်း) အသင်တို့ အသိပင်ဖြစ်ကြပေသည်။" (၂း၁၈၈)**

ပြီးခဲ့သောအာယသ်များသည် ဥပုသ်သီလဆောက်တည်ခြင်းနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များ အကြောင်း ရှင်းလင်းပြီးဖြစ်သည်။ ထိုအမိန့်ပညတ်ချက်များထဲတွင် တရားဝင်ခွင့်ပြုထားသောအရာများသုံးစွဲခြင်းနှင့်ပတ်သက်သောကိစ္စရပ်များ၌ သတ်မှတ်ထားသည့်အချိန်ကာလနှင့် အချိန်အပိုင်းအခြားတွင် တားမြစ်ထားခြင်းပါဝင်သည်။ ယခု ဤအာယသ်တော်ထဲတွင် တရားမဝင် ဟရာမ်ဖြစ်သော ဥစ္စာပစ္စည်းများရယူခြင်းနှင့် သုံးစွဲခြင်းများကို တားမြစ်ထားခဲ့သည်များပါဝင်သည်။ တရားမဝင်ပစ္စည်းဥစ္စာများသုံးစွဲခြင်းကို တားမြစ်ထားသည့် စစ်မှန်သောရည်ရွယ်ချက်နှင့် ဥပုသ်သီလဆောက်တည်ခြင်း၏ နောက်ကွယ်၌ရှိသော စစ်မှန်သောရည်ရွယ်ချက်တို့သည် ထပ်တူထပ်မျှဖြစ်သည်။ ထို့ကြောင့် ဥပုသ်သီလဆောက်တည်ခြင်းသည် ခဝပ်ကိုးကွယ်မှုတစ်ရပ်ဖြစ်၍ လူသားများအားခွင့်ပြုထားသည့်အရာများမှ ရှောင်ကြဉ်ခြင်းအကျင့်ဖြစ်စေရန် ပြုလုပ်ပေးသည်။

ထိုလူသားသည် ထိုကဲ့သို့လုပ်ဆောင်နိုင်သည်ဆိုပါက ခွင့်မပြုတားမြစ်ထားသောအရာများ ရှောင်ကြဉ်ခြင်းသည် သူ့အတွက် လုံးဝလွယ်ကူသွားပါလိမ့်မည်။ ဤနေရာတွင် နောက်ထပ်တူညီချက် ရှိပါသည်။ တစ်စုံတစ်ဦးသည် ၎င်းသူ/သူမ၏ ဥပုသ်သီလကို အိဖ်သာရ်ဖြေလွှတ်ရာတွင် 'ဟလာလ်'ပစ္စည်းဖြင့်သာ ဖြေလွှတ်ရန်ကြိုးပမ်းခြင်းသည် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ တစ်စုံတစ်ဦးသည် တစ်နေ့လုံး ဥပုသ်သီလဆောက်တည်ခြင်း၏ အခက်အခဲများနှင့်ကြိုးစား၍ ဆောက်တည်ခဲ့သော်လည်း အိဖ်သာရ် ဥပုသ်သီလဖြည်လွှတ်ရာညနေတွင် 'ဟရာမ်'ပစ္စည်းများဖြင့် ပြုလုပ်ပါက ထိုဥပုသ်သီလသည် အလွှာဟ်အရှင်မြတ်ရှေတော်မှောက်တွင် လက်ခံနိုင်ဖွယ်မရှိချေ။

## အကျယ်ဖွင့်ဆိုချက်

ဥစ္စာဓနကို တရားမဝင်သောနည်းများဖြင့်စုဆောင်းခြင်း၊ သုံးစွဲခြင်းများကို ဤအာယသ်တော်က တားမြစ်ထားသည်။ ပြန်လည်စဉ်းစားကြည့်လျှင် တရားမဝင်သော နည်းလမ်းများဖြင့် စုဆောင်းခြင်းနှင့် သုံးစွဲခြင်းတို့ကို စူရတ်အလ်ဘကရတ်၏ အာယသ်တော်(၁၆၈)တွင် အလေးအနက်ဖော်ပြထားခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည်။

يٰٓاَيُّهَا النَّاسُ كُلُوْا مِمَّا فِى الْاَرْضِ حَلٰلًا طَيِّبًا وَّلَا تَتَّبِعُوْا
خُطُوٰتِ الشَّيْطٰنِ ؕ اِنَّهٗ لَكُمْ عَدُوٌّ مُّبِيْنٌ ۝

**‘အို - လူသားအပေါင်းတို့၊ အသင်တို့သည် ကမ္ဘာမြေပေါ်ဝယ်ရှိလေသော အရာများအနက်မှ စားသုံးပိုင်ခွင့် ပြုထားသော သန့်စင်သောအရာများကို စားသုံးကြကုန်လော့။ သို့ရာတွင် အသင်တို့သည် ရှိုင်တွာန်၏ ခြေရာများ ကို (ဖဝါးခြေထပ်) မလိုက်ကြကုန်လင့်။ အမှန်စင်စစ် ယင်းရှိုင်တွာန်သည် အသင်တို့၏ ပွင့်လင်းထင်ရှားလှစွာ သော ရန်သူရန်ဘက်ပင်ဖြစ်ချေသည်။’** (၂း၁၆၈)

တဖန် အလားတူ အမိန့်ပညတ်ချက်သည် စူရတ် အလ်နဟ်လ်တွင်ပါဝင်သည် -

فَكُلُوْا مِمَّا رَزَقَكُمُ اللّٰهُ حَلٰلًا طَيِّبًا وَّاشْكُرُوْا نِعْمَتَ اللّٰهِ
اِنْ كُنْتُمْ اِيَّاهُ تَعْبُدُوْنَ ۝

**‘သို့ဖြစ်ပေရာ အသင်တို့သည် မိမိတို့အား အလ္လာဟ်အရှင်မြတ်က ချီးမြှင့်ပေးသနားတော်မူသော အရာများအနက် သန့်ရှင်းစင်ကြယ်သော၊ စားသုံးခွင့်ပြုတော်မူသော အရာများကို စားသုံးကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကိုသာ ခဝပ်ကိုးကွယ်ကြပါလျှင် ထိုအရှင်မြတ်၏ ကျေးဇူးတော်များနှင့် စပ်လျဉ်း၍ ကျေးဇူးတင်ရှိကြလေကုန်။’** (၁၆း၁၁၄)

## အသက်မွေးဝမ်းကျောင်းပြုရာတွင် တရားဝင်ကောင်းမွန်ခြင်းနှင့် တရားမဝင်ဆိုးဝါးခြင်းတို့ကို ဆုံးဖြတ်ရန်မူ

အသက်ရှင်ရန်အရေးသည် ငွေကြေးနှင့် ဓနဥစ္စာအပေါ် မှီခိုနေသောကြောင့် ထိုငွေကြေးနှင့် ဥစ္စာပစ္စည်းများလိုအပ်သည်ကို တစ်ကမ္ဘာလုံးက သဘောတူကြပါသည်။ ထိုဥစ္စာပစ္စည်းနှင့် ငွေကြေးရရှိစေရန်အတွက် ခွင့်ပြုထားသည့် ကောင်းမွန်သောနည်းလမ်းများရှိသကဲ့သို့ တားမြစ်ထားသော မလိုလားဖွယ်ရာနည်းလမ်းများရှိကြောင်းကိုလည်း သဘောတူညီကြပါသည်။

ခိုးဝှက်ခြင်း၊ ဓါးပြတိုက်ခြင်းနှင့် လိမ်လည်ခြင်းများကို အားလုံးက အထင်သေးကြသည်။ သို့သော်လည်း လူအများက ယင်းလုပ်ရပ်များသည် ခွင့်ပြု မပြုဟူသည်ကို ဆုံးဖြတ်ရန် ခိုင်လုံသည့်မူမရှိချေ။ ဤသို့ မူမရှိသည်မှာ ဤလုပ်ရပ်များသည် လူသားထုတစ်ရပ်လုံးကို ကောင်းကျိုးရှိစေသကဲ့သို့ တစ်ဖက်တွင် အကျိုးမဲ့စေသောကြောင့်မူမသတ်မှတ်နိုင်ဖြစ်သလောဟူသည်ကို မပြောနိုင်ပါ။ ထို့ကြောင့် ခိုင်လုံ၍ ယထာဘူတကျသော တစ်ကမ္ဘာလုံး

ဆိုင်ရာမူသည် စကြဝဠာများ၏ ဖန်ဆင်းရှင်ထံမှသာလျှင် ဝဟိပို့ချချက်အားဖြင့် ကျရောက်နိုင်ပါသည်။ သို့မဟုတ်လျှင် အကယ်၍ လူသားအား မိမိတို့ကိုယ်ပိုင်မူကို ရွေးချယ်ခွင့်ပေးခဲ့လျှင် မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် တရားဝင်သောမူကိုသာလျှင် တွေးတောကြံဆ ချမှတ်ကြပါလိမ့်မည်။ ထိုမူသည် အခြားနိုင်ငံ၊ အခြားလူများ အတွက် မတူကွဲပြားခြားနားနေပါလိမ့်မည်။ တစ်ကမ္ဘာလုံးကို ကိုယ်စားပြုသော နိုင်ငံတကာ အဖွဲ့အစည်းက ထိုလုပ်ရပ်ကို လုပ်ဆောင်သည့်တိုင် အတွေ့အကြုံအရ လူသားအားလုံးအား ကျေနပ်မှု မပေးစွမ်းနိုင်ပါ။ ထို့ကြောင့် တရားရေးဆိုင်ရာမျှတမှုမရှိဘဲ စစ်ပွဲများ ကစဉ့်ကလျားဖြစ်ခြင်းများနှင့်သာ အဆုံးသတ်ပါလိမ့်မည်။

## အစွလာမ့်စီးပွားရေးဆိုင်ရာစနစ်၏ ကောင်းမြတ်ခြင်း

အစွလာမ့်ရှရီအသ်မှ အတည်ပြုထားသော ခွင့်ပြုခြင်းနှင့် တားမြစ်ခြင်းဆိုင်ရာ ဥပဒေသည် ဝဟိပို့ချချက်မှတစ်ဆင့် ပြဋ္ဌာန်းခြင်းအားဖြင့်သော်လည်းကောင်း၊ ယင်းဥပဒေမှ ဆင့်ပွားခြင်းဖြင့်သော်လည်းကောင်း ပြုလုပ်ပြဋ္ဌာန်းထားသည်မှာ ထင်ရှားသည်။ ထိုဥပဒေ သည် ကျိုးကြောင်းညီညွတ်ခြင်း၊ သဘာဝကျခြင်းနှင့် လိုရင်းအချက်များနှင့်ပြည့်စုံသော ဥပဒေဖြစ်သည်။ ထိုဥပဒေ သာလျှင် နိုင်ငံတိုင်း၊ လူမျိုးစုတိုင်းအတွက် အလုပ်ဖြစ်၍ ငြိမ်းချမ်းသာယာမှုအတွက် အထူးလိုအပ်သော အာမခံချက်ရှိသည်။ အကြောင်းမှာ လူအများသုံးဆောင်နိုင်သည့် အရာအားလုံးသည် ဤဥပဒေတွင် အကျုံးဝင်သွားသည်။ အထူးသဖြင့် လူသားတိုင်းမှာ ရေ၊ လေ၊ ကောက်ပဲသီးနှံ၊ သစ်သီးဝလံ၊ အပူရှိန်၊ ဘေးမဲ့တောများနှင့် လူမရှိသော တောင်များစသည်တို့ကို တူညီသော ရပိုင်ခွင့်များရှိကြသည်။ ဤအရာများသည် လူသားအားလုံး တူညီမျှတစွာ သုံးစွဲနိုင်ပြီး မည်သူကမျှ တစ်ဦးတည်းပိုင်ဟု ပြောကြားခွင့်မပြုချေ။

ထို့ပြင် အကယ်၍ဝေမျှပိုင်ဆိုင်ခဲ့လျှင် လူ့အဖွဲ့အစည်းတွင် အနှောက်အယှက်ဖြစ်စေ ပဋိပက္ခနှင့် အကြမ်းဖက်မှုများဖြစ်စေ ဖြစ်ပေါ်လာမည့် ပစ္စည်းများလည်းရှိကြပါသည်။ ဤသည်အတွက်ကြောင့် ပုဂ္ဂလိကပိုင်ဆိုင်မှု ဥပဒေပြဋ္ဌာန်းခဲ့ရခြင်းဖြစ်သည်။

မြေယာ (သို့) မြေယာထွက်ပစ္စည်းများ၏ မူလပိုင်ဆိုင်မှုတွင်အကျုံးဝင်သောဥပဒေသည် ပစ္စည်းပိုင်ဆိုင်ခွင့် လွှဲပြောင်းခြင်းဥပဒေနှင့် ခြားနားပါသည်။

ဥပဒေသည် မည်သည့်လူသား၏ လူ့ဘဝလိုအပ်ချက်ကိုမျှမရစေရန် ပြုလုပ်မထားပါ။ ထိုလိုအပ်ချက်ကို ရရှိစေရန်အတွက်ကား ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သည်။ အခြားသူများ၏ အခွင့်အရေးကို အဓမ္မသိမ်းယူခြင်းသော်လည်းကောင်း၊ ဆုံးရှုံးစေခြင်းသော်လည်းကောင်း မရှိရဟူသည်ကို အထူးဂရုမူ၍ စဉ်းစားဆင်ခြင်ထားသည်။ သို့မှသာ လူအချို့လက်ထဲတွင် ငွေပင်ငွေရင်းများစုပုံနေမည်မဟုတ်ချေ။

အလ္လာဟ်အရှင်မြတ် အမိန့်ပညတ်ချက်နှင့်အညီ သေဆုံးပြီးနောက် အမွေဆက်ခံရ၍ ပိုင်ဆိုင်မှုလွှဲပြောင်းသည်ဖြစ်စေ၊ နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ရောင်းချင်း၊ ဝယ်ခြင်းမှတစ်ဆင့် ပိုင်ဆိုင်မှုလွှဲပြောင်းသည်ဖြစ်စေ၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းဥပဒေအောက်တွင် လွှဲပြောင်းခြင်းခံရပါက ယင်းတို့သည် လိမ်လည်ဖြားယောင်းခြင်းလုံးဝမပါရှိမှသာလျှင် အတည်ဖြစ်လေသည်။ ထိုနည်းတူ နောင်တစ်ချိန်တွင် အချင်းချင်း တက္ကက်ကျက်ဖြစ်စေ၍ အငြင်းအခုံဖြစ်စေနိုင်သော မပြည့်စုံမှုနှင့် မပြတ်သားမှုများမပါဝင်သောလွှဲပြောင်းမှုဖြစ်ရမည်။

ရောင်းဝယ်ဖောက်ကားမှုတွင် သဘောတူခြင်းဟူသည့်အချက်ကိုလည်း တွေးတော ကြံဆထားပါသည်။ ရောင်းဝယ်မှုတွင်ပါဝင်သောသူများကပေးသော သဘောတူညီချက်သည် စစ်မှန်သော သဘောတူညီချက်ဖြစ်ရပြီး ဖိအားပေး၍ ပေးရသောသဘောတူညီချက်မဖြစ်ရပါ။ အစ္စလာမ့်ဥပဒေတွင် ပျက်ပြယ်သွားသော၊ တရားမဝင်သော၊ အပြစ်ဖြစ်စေသော အရောင်းဝယ်ဖောက်ကားမှုအားလုံးတို့တွင် လုပ်ဆောင်မှုခ္ဍ ချို့ယွင်းချက်အချို့ပါဝင်သည်။ အချို့ကိစ္စများတွင် လိမ်လည်မှုသက်သက်သာဖြစ်၍ အချို့ကိစ္စများတွင် မသိသောအရာများ (သို့) ပြုလုပ်မှုများအတွက် အပြန်အလှန်သဘောဖြစ်သည်။ အချို့ကိစ္စရပ်များတွင် တစ်စုံတစ်ဦး၏ ရပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်း၊ မိမိအကျိုးကြောင့် အခြားသူဆုံးရှုံးစေခြင်း၊ အများစု၏ ရပိုင်ခွင့်ကို ဥပဒေနှင့်အညီ ပျက်ယွင်း သွားစေခြင်း စသည်တို့ကြောင့်ဖြစ်သည်။ အတိုးစားခြင်း၊ လောင်းကစားခြင်းနှင့် အလားတူကိစ္စများကို တားမြစ်ထားခြင်း၏ အရေးကြီးသော အကြောင်းရင်းမှာ အများစု၏ ကောင်းကျိုးကို အန္တရာယ်ဖြစ်စေသောကြောင့်ဖြစ်သည်။ အသိုင်းအဝိုင်းတစ်ရပ်တွင် ဤမကောင်းမှုများရှိနေသောကြောင့် အချို့လူများသည် ကပ်ပါးပိုးမွှားသဖွယ် ကြီးပွားလာပြီး အသိုင်းအဝိုင်းတစ်ရပ်လုံးတွင်မူ မွဲပြာကျစေပါသည်။ အကယ်၍ ထိုကိစ္စရပ်များနှင့်ပတ်သက်သော ပစ္စည်းလွဲပြောင်းမှုများသည် သက်ဆိုင်သူများ နှစ်ဦးနှစ်ဖက် သဘောတူညီမှုဖြင့်ပြုလုပ်စေကာမူ ထိုကိစ္စကို ခွင့်မပြုနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် လူ့အသိုင်းအဝိုင်း တစ်ခုလုံးအပေါ် တရားဝင်ပြစ်မှုကျူးလွန်ခြင်းပင်ဖြစ်သောကြောင့်တည်း။ လက်ရှိအာယသ်တော်သည် ထိုကဲ့သို့ ခွင့်မပြုသော အခြေအနေများနှင့် သွင်ပြင်များအားလုံးပါဝင်သည်။

**وَلَا تَأْكُلُوٓا۟ أَمْوَٰلَكُم بَيْنَكُم بِٱلْبَٰطِلِ** 'မိမိတို့အချင်းချင်း တစ်ဦး၏ပစ္စည်းကို တစ်ဦးက မတရားသောနည်းလမ်းဖြင့် မစားသုံးကြ ကုန်လင့်)ဟူသော ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးတွင် **أَمْوَٰلَكُم** ၏ အဓိပ္ပာယ်မှာ (အသင်တို့၏ ဥစ္စာပစ္စည်းများကို)ဟူ၍ဖြစ်သည်။ ဤစကားစုထဲ၌ သိမ်မွေ့သောရည်ညွှန်းချက်ပါဝင်သည်။ ထိုရည်ညွှန်းချက်မှာ အခြားသူများ၏ ဥစ္စာပစ္စည်းများအပေါ် ကျူးလွန်သူသည် မိမိဥစ္စာပစ္စည်းများအပေါ်၌လည်း အခြားသူများက ကျူးကျော်နိုင်ကြောင်းကို စဉ်းစားရပါလိမ့်မည်။ အကယ်၍ ကျူးကျော်ခံရသူသည် ကျူးကျော်သူ၏ ပစ္စည်းဥစ္စာပေါ်တွင် တရားမဲ့စွာ ပြုကျင့်ခဲ့လျှင် ဧကန်မုချ ကျူးကျော်သူလည်း ထိခိုက်ပါလိမ့်မည်။

ဤအကြံပြုချက်အပြင် အာယသ်တော်သည် အခြားသော အကြံပြုချက်တစ်ခုကိုလည်း ထုတ်ပေးပါသည်။ တစ်စုံတစ်ဦးသည် အခြားသူတစ်ဦး၏ ဥစ္စာပစ္စည်းကို မတရားရယူသိမ်းပိုက်ခဲ့ပြီး အကယ်၍ လူတိုင်းသည်လည်း ဤလုပ်နည်းလုပ်ဟန်ကို ပြုလုပ်နေကျအလေ့အထသဖွယ်ဖြစ်သွားခဲ့လျှင် သဘာဝ၏အကျိုးဆက်အားဖြင့် အခြားသူများကလည်း သူ၏ပစ္စည်းကို သူပြုကျင့်သကဲ့သို့ မတရားပြုကြပေလိမ့်မည်။ ဤရှုထောင့်မှကြည့်လျှင် တစ်စုံတစ်ဦးသည် အခြားသူတစ်ဦး၏ပစ္စည်းဥစ္စာအပေါ် မတရားရယူခဲ့ခြင်းသည် အခြားသူများကို ယင်းကျူးလွန်သူ၏ ပစ္စည်းဥစ္စာများအပေါ်၌ တန်းတူညီမျှစွာ မတရားပြုလုပ်စေရန် ဖိတ်ခေါ်ခြင်းပင်ဖြစ်သည်။ လူ့အဖွဲ့အစည်းတစ်ခုတွင် နေ့စဉ်အသုံးပြုနေရသောပစ္စည်းများကို ရောနှောသည့်အကျင့်အလေ့အထသည် အမြဲတမ်းကျင့်စဉ်တစ်ရပ်လိုဖြစ်သွားခဲ့သော် မည်သို့ဖြစ်လာမည်ကို ကျွန်ုပ်တို့ ခေတ္တစဉ်းစားကြည့်ပါ။ ထောပတ်ရောင်းသူတစ်ဦးသည် အမြတ်ပိုမိုရရှိရန်အတွက် ထောပတ်ကို အပေါစားဆီ (သို့) ဆီတစ်မျိုးနှင့် ရောစပ်ကာရောင်းချခဲ့ပါသည်။ ထို့နောက်သူသည် နွားနို့သည်ထံသို့သွားသောအခါ နွားနို့သည်က နွားနို့ကိုရေရောရ၍ သူကိုရောင်းပေးပါလိမ့်မည်။ အကယ်၍ သူသည် ဟင်းခတ်မဆလာလိုအပ်လျှင်လည်း အရောအနှောသာရပါလိမ့်မည်။ သူဆေးဝါးများဝယ်ရန်

သွားသောအခါ၌လည်း အလားတူပင် ကြုံတွေ့ရပေမည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်သည် အရောအနှောဖြင့် ဝင်ငွေပိုရသောအခါ အခြားသူတစ်ဦးကလည်း ယင်းအပိုငွေကို သူ့အိပ်ထဲမှ နှိုက်ယူပြီး တတိယလူသည်လည်း ဒုတိယလူပြုကျင့်သကဲ့သို့ပြုလိမ့်မည်။ ဤတွင် စက်ဆုတ်ရွံရှာဖွယ်ရာကောင်းသောလုပ်ရပ်သည် အစဉ်သဖြင့် သံသရာလည်နေလိမ့်မည်။ ရောနှော ရောင်းဝယ်သူတစ်ဦးသည် အပိုငွေများကို သူ၏ပိုက်ဆံသေတ္တာထဲတွင်ထည့်ထားကာ ကြည်နူးဝမ်းသာနေပါသည်။ သို့သော် သူသည် သူ၏ပိုက်ဆံသေတ္တာအောက်တွင် အပေါက်ရှိနေသည်ကို သူဘယ်သောအခါမျှ သတိမမူမိခဲ့ပါ။ ထို့ကြောင့် သူသည် အမှန်တကယ် မည်သည့်အပိုငွေမှမရရှိပါ။ ထို့ကြောင့် မည်သူမဆို အခြားသူတစ်ဦး၏ငွေနှင့် ဥစ္စာပစ္စည်းကို မတရားသောနည်းဖြင့် ရယူခဲ့ခြင်းသည် အမှန်အားဖြင့် ထိုသူသည် သူ၏ငွေကြေးနှင့် ဥစ္စာပစ္စည်းကို တစ်ပါးသူက မတရားရယူစေရန် တံခါးဖွင့်ပေးခြင်းပင်ဖြစ်သည်။

ဤအာယသ်တော်နှင့်ပတ်သက်၍ စိတ်ထဲတွင် မှတ်သားသင့်သောအချက်တစ်ချက်လည်းရှိပါသေးသည်။ ဤအလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်ဖြစ်သော 'အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦး၏ပစ္စည်းကို တစ်ဦးက မတရားသောနည်းဖြင့်မစားသုံးကြကုန်လင့်'ဟူသည် ယေဘုယျဖြစ်သည်။ တစ်ဦးတစ်ယောက်၏ငွေကြေးနှင့် ဥစ္စာပစ္စည်းများကို အတင်းအဓမ္မနည်းဖြင့်ရယူခြင်းဖြစ်သော ခိုးဝှက်ခြင်း၊ ဓါးပြတိုက်ခြင်း၊ အလွဲသုံးစားပြုလုပ်ခြင်းနည်းတို့သည် ဤအာယသ်တော်တွင်ပါဝင်သော အမိန့်ပညတ်ချက်တွင် အကျုံးဝင်ပါသည်။ နှစ်ဦးနှစ်ဖက် သဘောတူညီချက် အခိုင်အမာရှိသော်လည်း အစ္စလာမ့်ဥပဒေအရ ခွင့်မပြုသော အပြစ်အနာအဆာမကင်းသောနည်းလမ်းများဖြင့် ရောင်းဝယ်ဖောက်ကားခြင်း၊ လောင်းကစားခြင်း၊ အတိုးစားခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်းစသည်တို့သည်လည်း ဤအာယသ်တော်နှင့် အကျုံးဝင်ပါသည်။ မိမိကိုယ်တိုင် ကြိုးစားပန်းစားရှာဖွေထားသော်လည်း ထိုရှာဖွေသောနည်းလမ်းသည် အစ္စလာမ်တရားတော်က တားမြစ်ထားသောနည်းလမ်းဖြင့် ရှာဖွေရယူထားသော ဥစ္စာပစ္စည်းများ၊ လိမ်လည်ဖြားယောင်းရယူထားသည်များ သို့မဟုတ် မမှန်မကန် ကျမ်းကျိန်ဆို၍ရယူထားသည့် ပစ္စည်းဥစ္စာများအားလုံးသည် တရားလည်းမဝင်ပါ။ မှန်ကန်မှုလည်းမရှိပါ။ ကုရ်အာန်ကျမ်းတော်မြတ်တွင် 'စားခြင်း'ကို ထင်ရှားစွာတားမြစ်ထားသော်လည်း အနက်အဓိပ္ပာယ်ရည်ရွယ်ချက်မှာ 'စားခြင်း'ကိုသာ ကန့်သတ်ဘောင်ခတ်ထားသည်မဟုတ်ဘဲ အဓိပ္ပာယ်အားဖြင့် 'သုံးစွဲခြင်း'ကို လုံးလုံးလျားလျားဆိုလိုပါသည်။ ယင်းမှာ စားခြင်း၊ သောက်ခြင်း၊ ဝတ်ဆင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် အသုံးပြုခြင်းတို့အားလုံးအကျုံးဝင်ပါသည်။ ဥပမာ တင်စား၍ပြောသောကြောင့် ထိုသုံးစွဲမှုအားလုံးသည် 'စားခြင်း'တွင် အကျုံးဝင်သွားပါသည်။ ဥပမာ မောင်'က' သည် မောင်'ခ'၏ ဥစ္စာပစ္စည်းအားလုံးကို စားပစ်လိုက်ပြီဟူသော အသုံးအနှုန်းသည် စကားအဖြစ်သာပြောခြင်းဖြစ်ပြီး ဥစ္စာပစ္စည်းအားလုံးတို့သည် စားနိုင်သည့်အရာဖြစ်ချင်မှလည်း ဖြစ်ပါလိမ့်မည်။

## ဝဟီကျရောက်ခြင်း၏ အကြောင်းရင်း

ဆွဟာဗဟ်သာဝကကြီးနှစ်ဦး မြေပိုင်ဆိုင်မှု အငြင်းပွားခြင်းနှင့်ပတ်သက်သော ထူးခြားသော အဖြစ်အပျက်ကိုအရင်းခံ၍ ဤအာယသ်တော်ကျရောက်ခဲ့ပါသည်။ အမှုကို တမန်တော်မြတ်(ﷺ)သခင်၏ ရုံးတော်၌ ကြားနာစစ်ဆေးရန်တင်ပြခဲ့ပါသည်။ တရားလိုဘက်၌သက်သေများမရှိပါ။ တမန်တော်မြတ်(ﷺ)သခင်က တရား ပြိုင်အား အစ္စလာမ့်တရားစီရင်ရေးဆိုင်ရာစံနှုန်းအညီ ကျမ်းကျိန်ရန်မိန့်ကြားခဲ့ပါသည်။ တရားပြိုင်သည် ကျမ်းကျိန်

ရန်အားလုံးအဆင်သင့်လုပ်ပြီးသောအခါ တမန်တော်မြတ်(ﷺ)သခင်က သူ့အားကောင်းမွန်သော အကြံပြုသည့် အနေဖြင့် အောက်ပါအာယသ်တော်ကို ရွတ်ဖတ်ပြလေသည်။ အာယသ်တော်များ

اِنَّ الَّذِيْنَ يَشْتَرُوْنَ بِعَهْدِ اللّٰهِ وَاَيْمَانِهِمْ ثَمَنًا قَلِيْلًا اُولٰٓئِكَ

لَا خَلَاقَ لَهُمْ فِى الْاٰخِرَةِ

**‘ဧကန်မုချ အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်နှင့် (မိမိတို့ထားရှိခဲ့သော) ပဋိညာဉ်ကို လည်းကောင်း၊ မိမိတို့ကျိန်ဆိုချက်များကိုလည်းကောင်း အနည်းငယ်မျှသော အဖိုးအခဖြင့် လဲလှယ်ရောင်းချကြကုန်၏။ ဤသူများ ကား အကြင်သူများပင်၊ ထိုသူတို့ဖို့ နောင်တမလွန်ဘဝ၌ (သုခချမ်းသာများအနက်)ဝေစုဝေပုံဟူ၍ စိုးစဉ်းမျှရှိမည် မဟုတ်။” (၃း၇၇)**

တစ်ပါးသူ၏ ပစ္စည်းဥစ္စာကို မမှန်မကန်သော ကျမ်းကျိန်မှုဖြင့် ရယူရန်ကြိုးစားသောသူအား သတိပေးသော ဤအာယသ်တော်ကိုကြားသောအခါ ဆွဟာဗဟ်သာဝကကြီးသည် သူ၏ကျမ်းကျိန်ရန်ရည်စူးချက်ကို စွန့်လွှတ်ပြီး မြေယာပိုင်ဆိုင်မှုကိုလည်း တရားလိုဘက်သို့ အလျှော့ပေးလိုက်ရောမှုပြုလိုက်ပါသည်။ (ရှူဟုလ်မအာနီ)

အထက်ပါအဖြစ်အပျက်သည် ဤအာယသ်တော် ကျရောက်ခြင်း၏ အရင်းခံဖြစ်သည်။ အာယသ်တော် အစဉ် တစ်ဦးတစ်ယောက်၏ဥစ္စာပစ္စည်းကို မတရားသောနည်းလမ်းဖြင့် ရယူခြင်းကို တားမြစ်ထားပြီးနောက် အာယသ်တော် အဆုံးပိုင်းတွင် မမှန်မကန်တရားစွဲဆိုခြင်းများ၊ မမှန်မကန်ကျမ်းကျိန်မှုပြုလုပ်ခြင်းများနှင့် လိမ်လည်၍ သက်သေထွက်ဆိုခြင်းကိုဖြစ်စေ၊ လိမ်လည်သက်သေထွက်ဆိုရန် စီစဉ်စေခိုင်းခြင်းများကို ဖြစ်စေ သတိပေးထား ပါသည်။

ဤအရာများအားလုံးကို တားမြစ်သည့်အနေဖြင့် အာယသ်တော်က ဆိုလိုသည်မှာ -

وَتُدْلُوْا بِهَآ اِلَى الْحُكَّامِ لِتَاْكُلُوْا فَرِيْقًا مِّنْ اَمْوَالِ النَّاسِ بِالْاِثْمِ

وَاَنْتُمْ تَعْلَمُوْنَ

‘အာဏာပိုင်မင်းများထံသို့ ပစ္စည်းဥစ္စာနှင့်ပတ်သက်သောအမှုများ မတင်သွင်းကြကုန်နှင့်။ ယင်းအမှုများမှတစ်ဆင့် သင့်၌ရပိုင်ခွင့်မရှိမှန်းသိလျက်နှင့် ထိုသူများ၏ ဥစ္စာပစ္စည်းတစ်စိတ်တစ်ဒေသကို အသင်သည် အပြစ်ကြီးစွာနှင့် စားသုံးသည်။ အသင်သည် မမှန်ကန်သော အမှုကို စွဲဆိုခဲ့ခြင်းသာဖြစ်ပေသည်။’

အာယသ်တော်အဆုံးတွင်ပါသော وَاَنْتُمْ تَعْلَمُوْنَ **‘အသင်တို့အသိပင်ဖြစ်ကြပေသည်’**ဟူသော စကားများက ကျွန်ုပ်တို့အား မိန့်ကြားသည်မှာ မှားယွင်းစွာနားလည်မှုကို အခြေခံ၍ တစ်စုံတစ်ခုကိုရယူရန်အတွက် ရုံးတော်၌ တရားစွဲဆိုခဲ့ပါလျှင် ထိုသို့ပြုလုပ်ခြင်းသည် ဤသတိပေးချက်နှင့် အကျုံးမဝင်ပါ။ ဤကဲ့သို့ သဘော သဘာဝရှိသည့် အဖြစ်အပျက်တစ်ခု၌ တမန်တော်မြတ်(ﷺ) မိန့်တော်မူခဲ့သည်မှာ -

و انتم تختصمون الى ولعل بعضكم ان انما انا بشر
ن يحجته من بعض فاقضى له على نحو مايكون الحـ
ه فمن قضيت له بشئى من حق اخيه فلا اسمع منـ
ا اقطع له قطعة من النار (رواه البخارى ومسلم عن ام سلمة رضى الله عنه) ياخذنه فانم

'ကျွန်ုပ်သည် လူသားတစ်ဦးသာဖြစ်ပြီး အသင်တို့သည် အသင်တို့၏ အငြင်းပွားမှုများကိုဖြေရှင်းပေးရန် ကျွန်ုပ်တို့ထံ ယူလာခဲ့ကြပါသည်။ အသင်တို့အထဲမှ တစ်စုံတစ်ဦးသည် အခြားအမှုသည်ထက် သာပို၍ အပြောကောင်းပေလိမ့်မည်။ သူပြောသမျှကို ကြားသိရခြင်းအားအခြေခံ၍ ကျွန်ုပ်သည် သူ့အား အနိုင်ပေးမိပါလိမ့်မည်။ ထို့ကြောင့် သူညီနောင်(တရားပြိုင်)၏ ရပိုင်ခွင့်မှ အချို့အဝက်ကို သူရခဲ့ပါလျှင် သူလက်မခံသင့်ပါ။ အဘယ့်ကြောင့် ဆိုသော် ထိုပစ္စည်းအချို့ကို သူလက်ခံခဲ့ခြင်းသည် ကျွန်ုပ်က သူ့အား ဂျဟန္နမ်၌နေရာပေးခြင်းပင်ဖြစ်ပါသည်။ (ဗုခါရီကျမ်းနှင့် မုစ်လင်မ်ကျမ်းပါ အုမ္မိစလ်မာ(**رضى الله عنها**)၏ ဆင့်ပြန်ချက်)

အထက်တွင် ကိုးကားခဲ့သော တမန်တော်မြတ်(ﷺ)၏မိန့်ကြားချက်တွင် ရှင်းလင်းစွာ မိန့်ကြားထားသည်မှာ မုစ်လင်မ်တရားသူကြီးတစ်ဦးသည် နားလည်မှုလွဲမှားသဖြင့် အမှုသည်တစ်ဦး၏ တရားဝင်ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာကို အခြားသူတစ်ဦးအား တရားမဝင်ဘဲ ပေးအပ်စေရန်ဆုံးဖြတ်ခဲ့ပါသည်။ ယင်းကဲ့သို့ မှားယွင်းဆုံးဖြတ်သော တရားရုံးအမိန့်ကြောင့် ရရှိသူအတွက် ထိုပစ္စည်းဥစ္စာသည် တရားဝင်(ဟလာလ်)မဖြစ်ပါ။ ထိုနည်းတူ အမှန်တရားသည် ပြောင်းပြန်ဖြစ်သွားပါသည်။ ဆိုလိုသည်မှာ တရားဝင်ပိုင်ဆိုင်သူ၏ပစ္စည်းမှာ တရားဝင်(ဟလာလ်)ဖြစ်ပြီး တရားမဝင်(ဟရာမ်)မဖြစ်ပါ။ အချုပ်အားဖြင့် တရားရုံးတစ်ခု၏ ဆုံးဖြတ်ချက်အမိန့်သည် တရားဝင်(ဟလာလ်)ပစ္စည်းဥစ္စာကို တရားမဝင်(ဟရာမ်) မပြုလုပ်နိုင်သကဲ့သို့ တရားမဝင်(ဟရာမ်)ပစ္စည်းဥစ္စာကို တရားဝင်(ဟလာလ်)မပြုလုပ်နိုင်ပါ။ အကယ်၍ တစ်စုံတစ်ဦးသည် အခြားသူတစ်ဦးပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာတစ်ခုခုကို တရားရုံးတွင် လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန်သက်သေထွက်ဆို၍ဖြစ်စေ၊ မုသားကျိန်ဆို၍ဖြစ်စေ၊ ရယူအောင်မြင်ခဲ့သော် ယင်းကဲ့သို့ပြုလုပ်ခဲ့သောအပြစ်ငရဲသည် သူ၏ပုခုံးပေါ်တွင်လေးလံစွာတင်ရှိနေပါမည်။ သူသည် အာခိရသ် နောင်တမလွန်၌အလုံးစုံနားလည်သိမြင်တော်မူသော၊ အလုံးစုံသိမြင်ရှိတော်မူသော အလ္လာဟ်အရှင်မြတ်၏ ရုံးတော်ရှေ့မှောက်၌ အလုံးစုံအစစ်ဆေးခံရမည်ကို တွေးတောဆင်ခြင်မိလျှင် အဆိုပါ လုပ်ရပ်မျိုးကို စွန့်လွှတ်သင့်ပေသည်။

မည်သို့ဆိုစေကာမူ အိမာမ်အဗူဟနီဖတ်အဆိုအရ ရောင်းဝယ်ဖောက်ကားခြင်းနှင့်ဆိုင်သောလုပ်ငန်းစာချုပ်,ချုပ်ဆိုခြင်းတွင်ဖြစ်စေ၊ ဖျက်သိမ်းခြင်းတို့တွင်ဖြစ်စေ အစ္စလာမ့် ဥပဒေအရ အာဏာပိုင် ကာဿီ(သို့) တရားသူကြီးသည် မမှန်မကန် ကျမ်းကျိန်ဆိုခြင်း (သို့) မမှန်သက်သေလိုက် ခြင်းကို အခြေခံသည့်တိုင်အောင် ကာဿီ(သို့)တရားသူကြီး၏ ဆုံးဖြတ်ချက်သည် အစ္စလာမ်ဥပဒေအရ အတည်ဖြစ်သည်။ တရားဝင်ခြင်း(ဟလာလ်)နှင့် တရားမဝင်ခြင်း(ဟရာမ်)တို့နှင့်ဆိုင်သော ဥပဒေများသည် ထိုဆုံးဖြတ် ချက်အပေါ်၌ ဆက်လက်လွှမ်းမိုးနေပေလိမ့်မည်။ လိမ်လည်ခြင်းနှင့် မမှန်သက်သေထွက်ရန် စီစဉ်ဆောင်ရွက်သူ အပေါ်၌ အပြစ်ဒဏ်သည် ရှိနေပေလိမ့်မည်။

**ဟလာလ်သည်ကောင်းချီးမင်္ဂလာကိုသယ်ဆောင်လာပြီးဟရာမ်သည် မကောင်းမှုကိုဖြစ်စေပါသည်။**

ကုရ်အာန်ကျမ်းတော်မြတ်နေရာများစွာတွင် (ဟရာမ်)တရားမဝင်မှုကို ကြဉ်ရှောင်ရန်နှင့် (ဟလာလ်) တရားဝင်မှုရယူရန် နည်းအမျိုးမျိုးဖြင့် အလေးပေးဖော်ပြထားသည်။ (ဟလာလ်)တရားဝင်ပစ္စည်းကို စားသုံးခြင်းဖြင့် လူသား၏ ကျင့်ဆောက်တည်မှုနှင့် စိတ်ပိုင်းဆိုင်ရာတွင် အကြီးအကျယ်အကျိုးသက်ရောက်ကြောင်းကို အာယသ်တော်တစ်ခုထဲတွင် ညွှန်ပြထားပါသည်။ အကယ်၍ တစ်ဦးတစ်ယောက်သည် တရားဝင်(ဟလာလ်)ဖြစ်သောပစ္စည်းကို မစားသောက်ပါက ထိုသူ့ထံမှ ကောင်းမြတ်သော စိတ်စေတနာနှင့် ဖြောင့်မတ်မှန်ကန်သော ကျင့်ဆောက်တည်မှုများပေါ်ထွက်လာမည်ဟု လုံးဝမမျှော်မှန်းနိုင်ပါ။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်မှာ -

يَٰٓأَيُّهَا ٱلرُّسُلُ كُلُوا۟ مِنَ ٱلطَّيِّبَٰتِ وَٱعْمَلُوا۟ صَٰلِحًا ۖ إِنِّى بِمَا تَعْمَلُونَ عَلِيمٌ ۝

**'အို - ရစူလ်တမန်တော်အပေါင်းတို့၊ အသင်တို့သည် (ဟလာလ်)စင်ကြယ်သန့်ရှင်းသောအရာများကို စားသုံးကြလေကုန်။ ၎င်းပြင် အသင်တို့သည် ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ကြလေကုန်။ ဧကန်အမှန် ငါအရှင်မြတ်သည် အသင်တို့ကျင့်မူကြသည်တို့ကို အကြွင်းမဲ့သိတော်မူသောအရှင်မြတ်ပင်ဖြစ်တော် မူ၏။'(၂၃း၅၁)**

ဤအာယသ်တော်တွင် စင်ကြယ်သန့်ရှင်းသောအရာများ(ဟလာလ်)စားသုံးခြင်းကို ကောင်းမြတ်သော အကျင့်သီလ ကျင့်မူဆောက်တည်ကြရန်နှင့် တပြိုင်နက်တည်း အမိန့်ပေးထားသည်ကို သတိပြုမိပါလိမ့်မည်။ အရိပ်အမြွက် ပြောကြားချက်မှာ ကောင်းမြတ်သောအကျင့်သီလများသည် သန့်ရှင်းစင်ကြယ်သော ဥစ္စာပစ္စည်း(ဟလာလ်)ကိုစားသောက်မှသာ ပေါ်ထွက်လာနိုင်သည်ဟူ၍ဖြစ်သည်။ တမန်တော်မြတ်(ﷺ)သခင်သည် ဟဒီးဆ်တော်တစ်ပုဒ်တွင် ရှင်းပြထားသည်မှာ ဤအာယသ်တော်ထဲတွင် ဦးတည်မိန့်ကြားခံရသူများမှာ ရစူလ်တမန်တော်များဖြစ်ကြောင်း သံသယပွားရန်မလိုပါ။ သို့သော် ဤအမိန့်သည် ရစူလ်တမန်တော်များကိုသာလျှင် ဘောင်ခတ်ကန့်သတ်မိန့်ကြားခဲ့သည်မဟုတ်ဘဲ မုစ်လင်မ်အားလုံးကိုပါ အကျုံးဝင်စေပါသည်။ ဤဟဒီးဆ်တော်၏အဆုံးပိုင်းတွင် မသန့်ရှင်းသောပစ္စည်း(ဟရာမ်)ကိုစားသုံးသူ၏ တောင်းဆုဒုအာသည် လက်ခံလိမ့်မည်မဟုတ်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။ 'များစွာသောလူတို့သည် ခဝပ်ကိုးကွယ်မှုတွင် ကြီးစွာအပင်ပန်းခံပြီးဆောက်တည်ကြပြီးနောက် တန်ခိုးဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော်မူသော အလ္လာဟ်အရှင်မြတ်၏ရှေ့မှောက်တွင် 'အို - အရှင်'၊ အို - အရှင်' ဟုတသတောင်းဆုပြုကြသည်။ သို့သော် သူတို့စားသည်ကား 'ဟရာမ်'၊ သူတို့သောက်သည်က'ဟရာမ်'၊ ဝတ်သည်က'ဟရာမ်' ဖြစ်နေခဲ့လျှင် ဤလိုတောင်းဆုဒုအာမျိုး အဘယ်ကဲ့သို့လက်ခံနိုင်လိမ့်မည်နည်း'ဟု တမန်တော်မြတ်(ﷺ)သခင် ထပ်လောင်းမိန့်ကြားခဲ့သည်။ တမန်တော်မြတ်သခင်(ﷺ)၏ သင်ကြားပို့ချချက်အများစုကြီးသည် သူ၏အုမ္မသ်ထုကို တရားမဝင်သည့် 'ဟရာမ်'ပစ္စည်းဥစ္စာသုံးစွဲမှုဘက်မှ တရားဝင်သည့် 'ဟလာလ်'ပစ္စည်းသုံးစွဲခြင်းဘက်သို့ဖိတ်ခေါ်ကာ ကြီးကျယ်သည့် ကယ်တင်ခြင်းတာဝန်ကြီးတစ်ရပ်ကို အစွမ်းကုန်အလေးပေးထားသည်။ တမန်တော်မြတ်(ﷺ) မိန့်ကြားသည်မှာ -

'တစ်ဦးတစ်ယောက်သည် 'ဟလာလ်'ကိုသာစားသုံးသည်၊ စွန့်သည်တော်နည်းလမ်းများကို လိုက်နာသည်။ ထို့နောက် လူအများသည် သူ့ကြောင့် ဒုက္ခ၊ အခက်အခဲတစ်စုံတစ်ရာမျှမဖြစ်စေခဲ့ပါလျှင် ထိုသူသည် ဂျန္နသ်သုခဘုံသို့သွားရပါလိမ့်မည်။' ထိုအခါ 'အို - အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော်၊ ယခုအချိန်ထိ ကိုယ်တော်၏ အုမ္မသ်တို့သည် ဤသည်များကိုလိုက်နာလျက်ရှိကြပါသည်။ မုစ်လင်မ်အများစုက ဤအချက်များကို တစ်သဝေမတိမ်း လိုက်နာ စောင့်စည်းခဲ့ကြပါသည်'ဟု ဆွဟာဗဟ်သာဝကကြီးများက လျှောက်တင်ခဲ့ကြသည်။ တမန်တော်မြတ်(ﷺ)က မိန့်ကြားသည်မှာ 'မှန်ပေသည်၊ နောင်ခေတ်အဆက်ဆက်တိုင်းတွင်လည်း ဤဥပဒေစည်းမျဉ်းများနှင့်အညီ လိုက်နာကျင့်သုံးသူများရှိနေကြပါလိမ့်မည်။' (ဤဟဒီးဆ်သြဝါဒတော်သည် တိရ်မိဇီကျမ်းတော်တွင် ဆင့်ပြန်ထားခဲ့ပြီး ကျမ်းရှင်က ဆွဟီဒ်ဟု သမုတ်ခဲ့ပါသည်။)

တမန်တော်မြတ်(ﷺ)သခင်က ဆွဟာဗဟ်သာဝကကြီး အိဗ်နိအုမ္မရ် ( ﷺ )ကို မိန့်ကြားခဲ့သည်ကို အခြားဟဒီးဆ် တော်တွင် ဆင့်ပြန်ထားသည်မှာ 'အကယ်၍ အသင်တို့သည် မည်သည်မျှမရှိဘဲ ဤထူးခြားသည့် သွင်ပြင် လက္ခဏာ (၄)ရပ်သာရှိခဲ့ပါလျှင် ဤကမ္ဘာလောကတွင် လုံလောက်ပါသည်။ ထိုထူးခြားသည့် သွင်ပြင်လက္ခဏာ(၄)ရပ်မှာ (၁) ယုံကြည်အပ်နှံထားသည်ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (၂) အမှန်ပြောဆိုခြင်း၊ (၃) အကျင့် စာရိတ္တကောင်းမွန်ခြင်းနှင့် (၄) ဟလာလ်ပစ္စည်းစားသောက်ခြင်းကို အလေးဂရုမူခြင်းဟူ၍ဖြစ်သည်။

'ဒုအာ'တောင်းဆုကို ကဗုလ်လက်ခံခြင်းခံရသူများတွင် ပါဝင်စေရန်အတွက် သာဝကကြီး ဆအာဒ် အိဗ်နိအဗီဝကားဆ်(ﷺ)က တမန်တော်မြတ်(ﷺ)သခင်အား ဆု'ဒုအာ'ပြုရန် မေတ္တာရပ်ခံသောအခါ ကိုယ်တော်မြတ်(ﷺ)သခင်က မိန့်ကြားခဲ့သည်မှာ 'အို - ဆအာဒ် အသင်စားသုံးသမျှသည် သန့်ရှင်း၍ ခွင့်ပြုထားသော 'ဟလာလ်' ဖြစ်ပါစေ။ သို့မှသာ သင်၏'ဒုအာ'ကဗုလ်လက်ခံပါလိမ့်မည်။ မုဟမ္မဒ်၏အသက်ကို စိုးပိုင်တော်မူသောအရှင်မြတ်၏ကစမ် အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်သည် ဟရာမ်ပစ္စည်းတစ်လုပ်တစ်ဆုပ်စားသုံးခဲ့လျှင်ပင် ယင်းသူ၏ကောင်းမှုလုပ်ရပ်များကို နောက်ထပ်ရက်ပေါင်း(၄၀)ထိ လက်ခံလိမ့်မည်မဟုတ်ချေ။ ထို့ပြင် တရားမဝင်ဟရာမ်ပစ္စည်းများဖြင့် တည်ဆောက်ထားသော လူတစ်ဦး၏ကိုယ်ခန္ဓာသည် ဂျဟန္နမ်ငရဲမီးနှင့်သာလျှင် ထိုက်တန်ပေသည်။'

ဆွဟာဗဟ်ကြီး အဗ်ဒုလ္လာဟ်အိဗ်နိမတ်စ်အုးဒ် ( ﷺ ) ၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ်(ﷺ) မိန့်ကြားခဲ့သည်မှာ 'ကျွန်ုပ်အသက်ကို စိုးပိုင်တော်မူသောအရှင့်အလိုတော်အရ အလ္လာဟ်အရှင်၏ ကျေးကျွန်သည် နှလုံးသားနှင့် နှုတ်လျှာမှ မုစ်လင်မ်မဖြစ်သမျှလည်းကောင်း၊ အိမ်နီးချင်းများသည် သူ၏စိတ်အနှောက်အယှက်ဖြစ်စေသော အပြုအမူများမှ မကင်းဝေးသမျှလည်းကောင်း၊ ထိုသူသည် မုစ်လင်မ်မဖြစ်နိုင်ပါ။ ထို့ပြင် ကျေးကျွန်တစ်ဦးသည် ဟရာမ်တရားမဝင်သောနည်းဖြင့်ရရှိခဲ့ပြီး ယင်းတို့ကို လှူဒါန်းပါက လက်ခံလိမ့်မည်မဟုတ်ပါ။ လှူဒါန်းခဲ့ပါလျှင်လည်း ကောင်းချီးမင်္ဂလာကင်းမဲ့ပါလိမ့်မည်။ အမွေဆိုင်များအတွက် ချန်ရစ်ခဲ့ပါလျှင်လည်း ထိုအရာများသည် ဂျဟန္နမ်ငရဲဘုံခရီးအတွက် စရိတ်ဖြစ်ပါလိမ့်မည်။ အလ္လာဟ်အရှင်မြတ်သည် မကောင်းမှုကို မကောင်းမှုဖြင့် ဆေးကြောသန့်ရှင်းစေခြင်းအား ကူညီတော်မမူချေ။ သို့သော်လည်း မကောင်းမှုကို ကောင်းမှုဖြင့် ဆေးကြောခြင်းကို ကား ကူညီတော်မူလေသည်။

## ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ လူသားတို့ဖြေကြားရမည့်မေးခွန်းများ

ဆွဟာဗတ်သာဝကကြီး မုအာဒ်အိဗ်နိဂျဗလ်( ﷺ )သခင်၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ်(ﷺ)မိန့်ကြားခဲ့သည်မှာ-

لا عبد يوم القيامة حتى يسأل عن اربع عن ماتزال قدہ
افناه وعن شبابه فيما ابلاه وعن ماله من اين عمره فيما
ا انفقه وعن علمه ماذا عمل فيه(البيهقي، ترغيب) اكتسبه وفيم

'တရားစီရင်မည့်နေ့တွင် မေးခွန်းလေးခွန်းမဖြေကြားမီ အလ္လာဟ်အရှင်မြတ်၏ မည်သည့်ကျေးကျွန်မှ ခြေတစ်လှမ်းမျှမရွေ့ရှားနိုင်ပါ။ ပထမ သူ၏သက်တမ်းကို မည်ကဲ့သို့ ကုန်ဆုံးခဲ့သနည်း။ ဒုတိယ သူ၏ ပျိုမြစ်သော အရွယ်ကို မည်သို့ကုန်လွန်စေခဲ့သနည်း။ တတိယ သူ၏ဥစ္စာပစ္စည်းများ မည်ကဲ့သို့ ရှာဖွေခဲ့၍ မည်ကဲ့သို့ အသုံးချခဲ့သနည်းဆိုသည်နှင့် စတုတ္ထ သူ၏ အိလ်မ်အသိပညာနှင့်အညီ မည်မျှလိုက်နာကျင့်ကြံဆောက်တည်ခဲ့သနည်းဟူသည်တို့ဖြစ်သည်။ (ဗိုင်ဟကီကျမ်း၊ သရ်ဂီးဗ်ကျမ်း)

ဆွဟာဗတ် သာဝကကြီး အဗ်ဒုလ္လာဟ် အိဗ်နိအုမရ်(ﷺ)သခင်၏ ဆင့်ပြန်ချက်အရ တရားဟောကြားမှုတစ်ခုတွင် တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားခဲ့သည်မှာ 'အို - မုဟာဂျိရ် ရွှေပြောင်းလာသူ များ၊ ငါးမျိုးသော လက္ခဏာရပ်များ သင်တို့အတွင်း၌ အမြစ်တွယ်ခြင်းမှ ကင်းဝေးစေရန်အတွက် အလ္လာဟ် အရှင်မြတ်ထံပါးခိုလှုံပါ၏။

ပထမ - မဖွယ်မရာများမှ ကင်းဝေးကြရမည်။ ယင်းမဖွယ်ရာများ လွှမ်းမိုးလာပါက ပလိပ်ရောဂါဆိုးကြီးများ၊ ကပ်ရောဂါများနှင့် ဘိုးဘွား ဘီဘင်ခေတ်က မကြားဘူးသောရောဂါဆန်းများနှင့် ကြုံတွေ့ရပါလိမ့်မည်။

ဒုတိယ - အချိန်အတွယ်နှင့် အတိုင်းအတာတို့တွင် မမှန်မကန်ပြုခြင်းမှ ရှောင်ကြဉ်ရမည်။ အဘယ့်ကြောင့် ဆိုသော် လူများတွင် ဤရောဂါဆိုး စွဲကပ်လာပါက ငတ်မွတ်ခေါင်းပါးခြင်းဒဏ်ခံရမည်။ စျေးနှုန်းကြီးမြင့်မှုဒဏ်ခံရမည်။ ပြင်းထန်ကြပ်တည်းသောအလုပ်နှင့် အလုပ်ပိခြင်းဒဏ်ခံရမည်။ ဖိနှိပ်ချုပ်ခြယ်ခြင်းဒဏ်ခံရမည်။

တတိယ - ဇကားသ် တရားဝင်ဒါနကြေး မပေးဆောင်ခြင်းမှ ရှောင်ကြဉ်ရမည်။ ဇကားသ် မပေးဘဲ ရှောင်ကြဉ်ခဲ့လျှင် မိုးခေါင်ခြင်းနှင့်ရင်ဆိုင်ရမည်။

စတုတ္ထ - ဘာသာရေးဆိုင်ရာများကို လျစ်လျူရှုခြင်းမှ ရှောင်ကြဉ်ရမည်။ အုပ်စုတစ်ခုသည် အလ္လာဟ် အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်နှင့် ပြုလုပ်ထားသော ပဋိညာဉ်ကို ပယ်ဖျက်ခဲ့ပါက အရှင်မြတ်သည် တိုင်းတစ်ပါးရန်သူများက ၎င်းတို့အား နှိုင်နင်းစေတော်မူပြီး အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ ၎င်တို့ပိုင်ပစ္စည်းများကို ရန်သူများ သိမ်းပိုက်ခြင်းခံစေရမည်။

ပဉ္စမ - အုပ်ချုပ်သူအာဏာပိုင်၏ လျစ်လျူရှုမှုများမှ ကင်းဝေးစေခြင်း။ အဘယ့်ကြောင့်ဆိုသော် ကျမ်းတော်မြတ်ပါ အမိန့်ပညတ်ချက်များသည် အုပ်ချုပ်သူများ၏ စိတ်ကူးအတွေးနှင့် မကိုက်ညီသဖြင့် ကိစ္စရပ်များကို ကျမ်းတော်မြတ်နှင့်အညီ မဆုံးဖြတ်မလုပ်ကိုင်ပါက အလ္လာဟ်အရှင်မြတ်သည် အချင်းချင်းအငြင်းပွားမှုများ၊ မုန်းတီးမှု၊ အငြင်းခုံမှုများကျရောက်စေပါသည်။ (ဤဆင့်ပြန်ချက်ကို အိဗ်နိမာဂျာဟ်၊ ဗိုင်ဟကီကျမ်းနှင့် အခြားသောကျမ်းများတွင်ပါရှိပြီး မုစ်လင်မ်ကျမ်းမှ သတ်မှတ်ထားသောစံနှင့်အညီ ဤဟဒီးဆ်ကို အလ်ဟာကီးမ်က ဆွတ်ယူဖော်ပြခဲ့သည်။)

ဤကဲ့သို့သော အဖြစ်ဆိုးများမှကင်းဝေးစေနိုင်ရန် ပြီးပြည့်စုံသောစွမ်းရည်ကို မုစ်လင်မ်များအားလုံးနှင့် ကျွန်ုပ်တို့အား အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူပါစေ။

v v v v v v v v

အာယသ် (၂း ၁၈၉–၁၉၁)

يَسْـَٔلُوْنَكَ عَنِ الْاَهِلَّةِ ۭ
قُلْ هِىَ مَوَاقِيْتُ لِلنَّاسِ وَالْحَجِّ ۭ وَلَيْسَ الْبِرُّ بِاَنْ
تَاْتُوا الْبُيُوْتَ مِنْ ظُهُوْرِهَا وَلٰكِنَّ الْبِرَّ مَنِ اتَّقٰى ۚ
وَاْتُوا الْبُيُوْتَ مِنْ اَبْوَابِهَا ۠ وَاتَّقُوا اللّٰهَ لَعَلَّكُمْ
تُفْلِحُوْنَ ۝ وَقَاتِلُوْا فِيْ سَبِيْلِ اللّٰهِ الَّذِيْنَ
يُقَاتِلُوْنَكُمْ وَلَا تَعْتَدُوْا ۭ اِنَّ اللّٰهَ لَا يُحِبُّ
الْمُعْتَدِيْنَ ۝ وَاقْتُلُوْهُمْ حَيْثُ ثَقِفْتُمُوْهُمْ وَاَخْرِجُوْهُمْ
مِّنْ حَيْثُ اَخْرَجُوْكُمْ وَالْفِتْنَةُ اَشَدُّ مِنَ الْقَتْلِ ۚ وَلَا
تُقٰتِلُوْهُمْ عِنْدَ الْمَسْجِدِ الْحَرَامِ حَتّٰى يُقٰتِلُوْكُمْ
فِيْهِ ۚ فَاِنْ قٰتَلُوْكُمْ فَاقْتُلُوْهُمْ ۭ كَذٰلِكَ جَزَاۗءُ
الْكٰفِرِيْنَ ۝

“(အို - နဗီတမန်တော်) အချို့သူများသည် ဆန်းဦးစလများနှင့်စပ်လျဉ်း၍ အသင့်ထံ လာရောက်မေးမြန်းကြသည်။ အသင်သည် (ထိုသူတို့အား ဤသို့) ဖြေကြားပါလော့။ ထိုဆန်းဦးစလများသည် လူခပ်သိမ်းတို့အဖို့ အချိန်ကာလများကို အမှတ် သညာပြုနိုင်အံ့သောငှာလည်းကောင်း၊ ဟဂ်ျပြုရန်သတ်မှတ်ထားသော နေ့ရက်များကို သိနိုင်အံ့သောငှာလည်းကောင်း၊ (ပြုထားတော်မူသော)အမှတ်သညာများသာဖြစ်ချေသည်။ သင်တို့သည် (ဟဂ်ျ ပြုရန် ‘အိဟ်ရာမ်’ခေါ် ဝတ်ရုံများဝတ်ဆင်ပြီး မိမိတို့)အိမ် များကို (ပြန်လာသောအခါ) အိမ်၏နောက်ဖက်မှ ဝင်ရောက်ခြင်းသည် ကောင်းမြတ်သော အကျင့်သီလမဟုတ်ပေ။ အမှန်အားဖြင့် (အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေ၍)

**မကောင်းမှုဒုစရိုက်များ ကို ရှောင်ကြဉ်သောသူများသာ လျှင် သူမွန်သူမြတ်များဖြစ်ကြ ပေသည်။ သို့ဖြစ်ရာ အသင်တို့သည် (မိမိတို့) အိမ်အတွင်းသို့ (ဝင်ရောက်ကြသောအခါ) (ဝင်ထွက်သွားလာရိုးဖြစ်သော) တံခါးပေါက်များမှသာ ဝင်ကြကုန်လော့။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေကြကုန်လော့။ သို့မှသာလျှင် အသင်တို့သည် (နှစ်ဘဝလုံး၌) အောင်ကြပေမည်။" (၂း၁၈၉)**

**"ထို့ပြင်တစ်ဝ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ အသင်တို့ကို (စတင်) စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်သူတို့နှင့် ဖြိုင်ဆိုင်တိုက်ခိုက် ကြကုန်လော့။ သို့ရာတွင် (ဤသို့ တိုက်ခိုက်ရာ၌)အသင်တို့သည် (မည်သည့် နည်းနှင့်မျှ) မကျူးလွန်ကြကုန်လင့်။ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် ကျူးလွန်သူတို့ကို နှစ်သက်တော်မူသည် မဟုတ်ချေ။" (၂း၁၉၀)**

**"ထို့ပြင်တစ်ဝ အသင်တို့သည် ကာဖိရ် မိစ္ဆာဒိဋ္ဌိတို့အား တွေ့ဆုံဖမ်းဆီးမိရာ အရပ် ၌ သုတ်သင်ရှင်းလင်းကြကုန်လော့။ ထို့ပြင်တစ်ဝ ထိုကာဖိရ်တို့က အသင်တို့အား (မက္ကာဟ်မြို့တော်မှ) နှင်ထုတ်သကဲ့သို့ အသင်တို့သည်လည်း ထိုကာဖိရ်တို့အား (မက္ကာဟ် မြို့တော်မှ)နှင်ထုတ်ကြကုန်။ အမှန်သော်ကား (သာသနာရေး၌) ညှဉ်းပန်းနှိပ်စက် နှောင့်ယှက်ခြင်းသည် သတ်ဖြတ်ခြင်း ထက်ပင် ပိုမို၍ဆိုးရွားလှ၏။**

**သို့ဖြစ်ငြားလည်း 'မတ်စ်ဂျိဒ်ဟရာမ်'ခေါ် ရိုသေမြတ်နိုးအပ်သော (အလ္လာဟ်အရှင် မြတ်၏) ကျောင်းတော်ပါး၌ ထိုကာဖိရ်တို့က အသင်တို့အား စတင် မတိုက်ခိုက်သမျှ ကာလပတ်လုံး အသင်တို့သည် ၎င်းတို့အား မတိုက် ခိုက်ကြကုန်လင့်။ အကယ်၍ ထိုကာဖိရ်တို့သည် အသင်တို့အား စတင် တိုက်ခိုက်ကြပါမူ အသင်တို့သည် ထိုသူတို့အား တုံ့ပြန်တိုက်ခိုက်ကြလေကုန်။ ဤသည်ပင် ကာဖိရ်တို့အား ပြစ်ဒဏ်ပေးခြင်းပင် ဖြစ်သည်။" (၂း၁၉၁)**

အာယသ်(၁၇၇)မှ စတင်ခဲ့သည့် ကောင်းမြတ်သော အကျင့်သီလကိစ္စရပ်များသည် ယခုအထိ ဆက်တိုက် ပါဝင်နေပါသည်။ ယခုအထိ ပါဝင်ခဲ့သော အမိန့်ပညတ်တော်(၆)ရပ်သည် တူညီသော တုံ့ပြန်ခြင်း၊ အမွေဆက်ခံ ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ အိအ်သိကာဖ်ထိုင်ခြင်းနှင့် ခွင့်မပြုသည့်ဟရာမ်များမှ ရှောင်ကြဉ်ခြင်းတို့ နှင့် ဆက်စပ်နှီးနွှယ်နေသည်။ ယခုအာယသ်တော်တွင် ဟဂ်ျနှင့် ဂျိဟာဒ်တို့အကြောင်းဖော်ပြထားသည်။ ထိုကိစ္စများ အလျှင် ဟဂ်ျပြုလုပ်ခြင်းနှင့် ဘာသာရေးဆိုင်ရာ မပြုမနေရ ကိစ္စရပ်များသည် 'လ'ကိုအခြေပြုထားသော လနှင့် ရက်များအတိုင်း ပြုလုပ်ဆောင်ရွက်ရမည်ကို ရှင်းလင်းစွာဖော်ပြထားသည်။ ဤအာယသ်တော်ထဲတွင် အမျောင် ခေတ်(ဂျာဟိလီယတ်)က ဓလေ့ထုံးစံတစ်ခုကို ပယ်ဖျက်ခဲ့ပါသည်။ ယင်းဓလေ့မှာ အိဟ်ရာမ်ဝတ်ဆင်ထားစဉ် အတွင်း အိမ်ထဲဝင်ရောက်ရာတွင် အိမ်ရှေ့မှဝင်ရောက်ခြင်းကို တားမြစ်ပိတ်ပင်ထားသည်ဟူ၍ ၎င်းတို့က ထင်မြင် ကာ နောက်ဖေးပေါက်မှ ဝင်ရောက်လေ့ရှိခဲ့ကြသည်။ အကယ်၍ နောက်တွင် အုတ်နံရံကာဆီးနေပါကလည်း

ထိုအုတ်နံရံကို ဖောက်ထွင်း၍ နောက်ဖက်မှပင်ဝင်ခဲ့ကြပါသည်။ ၎င်းတို့သည် ထိုသို့ပြုလုပ်ခြင်းကိုပင်လျှင် ကောင်းမြတ်သော အကျင့်သီလအဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ထို့ကြောင့် ဟဂ်ျအကြောင်းဖော်ပြပြီးလျှင်ပြီးခြင်း အိမ်များ၏နောက်ပေါက်မှဝင်ရောက်ခြင်းသည် ကောင်းမြတ်သောအကျင့်သီလမဟုတ်ဟူ၍ အလ္လာဟ်အရှင်မြတ်က မိန့်တော်မူခဲ့သည်။ စစ်မှန်သောအကျင့်သီလဟူသည်ကား အလ္လာဟ်အရှင်မြတ်က 'ဟရာမ်'တားမြစ် ပိတ်ပင်ထားခြင်းများမှရှောင်ကြဉ်ခြင်းသာလျှင်ဖြစ်ပေသည်။ အိမ်များထဲသို့ ရှေ့ပေါက်မှ ဝင်ရောက်ခြင်းကို တားမြစ်ထားသည်မဟုတ်၍ ရှေ့ပေါက်မှဝင်ရောက်ခြင်းကို ရှောင်ကြဉ်ရန်မလိုချေ။ ထို့ကြောင့် မိမိအိမ်များသို့ ဝင်ရောက်လိုသူများသည် အိမ်ရှေ့မှသာ ဝင်ရောက်ရမည်။ သို့ရာတွင် စည်းမျဉ်းစည်းကမ်းများအားလုံး၏ အချက်အခြာမှာ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေခြင်းသာလျှင်ဖြစ်သည်။ သို့မှသာလျှင် နှစ်ဘဝစလုံး ကောင်းကျိုးချမ်းသာရရန် မျှော်လင့်နိုင်ပေသည်။

အာယသ်တော် (၁၉၀-၁၉၁)သည် မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် စစ်ခင်းခြင်းဆိုင်ရာ ဆက်နွယ်ပတ်သက်သည့် အမိန့်ပညတ်ချက်များပါဝင်သည်။ ဟစ်ဂျရီ (၆)ခုနှစ် ဇုလ်ကအ်ဒဟ်လမြတ်တွင် တမန်တော်မြတ်(ﷺ)သခင် သည် ထွတ်မြတ်သော မက္ကာဟ်ရွှေမြို့တော်သို့ 'အုမ်ရဟ်'ပြုလုပ်ရန် ကြွချီခဲ့ပါသည်။ မက္ကာဟ်ရွှေမြို့တော်သည် ထိုအချိန် က မုရှ်ရိကီးန်းတို့ ထိန်းချုပ်မှုအောက်တွင် ရှိနေပါသေးသည်။ ထိုသူတို့သည် တမန်တော်မြတ်(ﷺ)သခင်နှင့်တကွ ဆွဟာဗဟ်များကို မြို့တော်တွင်း ဝင်ခွင့်မပြုခဲ့သဖြင့် ရည်မှန်းသည့်အတိုင်း 'အုမ်ရဟ်'မပြုလုပ်နိုင်ခဲ့ပါ။ ဆွေးနွေး ညှိနှိုင်းမှုအကြောင်းများပြုလုပ်ပြီးနောက်တွင်မှ နောက်နှစ်တွင် မုစ်လင်မ်များ 'အုမ်ရဟ်'ပြုလုပ်ရန် သဘောတူညီ ချက်ရရှိခဲ့ပါသည်။ ဤစာချုပ်ကို ဟုဒိုင်ဗိယဟ် ငြိမ်းချမ်းရေးစာချုပ်ဟု ခေါ်တွင်ပါသည်။ စာချုပ်ပါအချက်များ၏ အသေးစိတ်ရှင်းလင်းချက်ပါဝင်သော အာယသ်တော်သည် ရောက်လာပါလိမ့်မည်။

## အကျယ်ဖွင့်ဆိုချက်

ပထမအာယသ်တော် (၁၈၉)တွင် ဆွဟာဗဟ်သာဝကကြီးများ၏ မေးခွန်းကို အလ္လာဟ်အရှင်မြတ်က ဖြေကြားထားသည့်အကြောင်းတင်ပြထားသည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗ်နိ အဗ္ဒားစ်( ﷺ )သခင်က ပြောကြား သည်မှာ တမန်တော်မြတ်(ﷺ)သခင်၏ ဆွဟာဗဟ်သာဝကကြီးများတွင် ပေါ်လွင်ထင်ရှားသည့် ယဉ်ကျေး သိမ်မွေ့မှုများ ကိုယ်စီရှိကြပါသည်။ တမန်တော်မြတ်(ﷺ)သခင်အပေါ်ထားရှိသော ၎င်းတို့၏ ကြီးမားသော ရိုသေမှုအရ ၎င်းတို့သည် မေးခွန်းအနည်းငယ်သာ မေးမြန်းခဲ့ကြပါသည်။ ဤအကျင့်စရိုက်သည် လွန်လေပြီးသော တမန်တော်များ၏ အုမ္မသ်များနှင့် ဖီလာဆန့်ကျင်ဖြစ်နေပါသည်။ ထိုအုမ္မသ်များသည် တမန်တော်တစ်ပါးအပေါ်တွင် ထားရှိရမည့် ထိုက်တန်သည့်ရိုသေသမှုမရှိဘဲ မေးခွန်းမြောက်မြားစွာမေးမြန်းခဲ့ကြသည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗ်နိ အဗ္ဒားစ်(ﷺ)သခင်က ဖြည့်စွက်ပြောကြားခဲ့သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြချက်အရ ဆွဟာဗဟ်သာဝကကြီးများက တမန်တော်မြတ်(ﷺ)သခင်ထံ မေးမြန်းခဲ့သောမေးခွန်းမှာ (၁၄)ခု သာရှိပါသည်။ ယင်းတို့အနက်မှ တစ်ခုသည် အာယသ်(၁၈၆)တွင် ပါဝင်သည့် **اِذَاسَأَلَكَ عِبَادِىْ** 'ငါအရှင်မြတ်၏ ကျွန်များသည် ငါအရှင်မြတ်နှင့်ပတ်သက်၍ အသင့်ထံ မေးမြန်းကြသော အခါဝယ်' ဖြစ်သည်။ နောက်မေးခွန်းတစ်ခုသည် ဤအာယသ်တော်၌ပါဝင်သည်။ ဤမေးခွန်းနှစ်ခုအပြင် အခြားသော

မေးခွန်းခြောက်ခုမှာ စူရတ်ဘကရတ်ထဲတွင်ပါဝင်သည်။ ကျန်မေးခွန်း(၆)ခုမှာ အခြားသောစူရတ်များတွင် ပါဝင်ကြပါသည်။

လက်ရှိအာယသ်တော်ထဲ၌ ဆွဟာဗတ်သာဝကကြီးများက အလ္လာဟ်အရှင်မြတ်၏ တမန်တော်အား မေးမြန်းထားသည်မှာ 'နေ၏သဏ္ဌာန်နှင့်မတူဘဲ လဆန်းတွင်ပေါ်ထွက်သော ဆန်းဦးစ'လ'အကြောင်းဖြစ်သည်။ ဆန်းဦးစလသည် သေးသေးမျှင်မျှင်လခြမ်းပုံသဏ္ဌာန်မှ တဖြည်းဖြည်း လပြည့်ဝန်းသဏ္ဌာန် ပေါ်လာပါသည်။ ထို့နောက် တဖြည်းဖြည်း သေးသေးမျှင်မျှင်လခြမ်းပုံဖြစ်၍ ပျောက်ကွယ်သွားသည်။

ထို့ကြောင့် ဆွဟာဗတ်သာဝကကြီးများသည် 'လ'နှင့်ပတ်သက်၍ အကြောင်းတရားကိုသော်လည်းကောင်း၊ အကျိုးတရားကိုသော်လည်းကောင်း မေးနိုင်ပါသည်။ နှစ်မျိုးစလုံး ဦးတည်မေးသည်လည်းဖြစ်နိုင်ပါသည်။ ဖြေကြားသည့်အဖြေထဲတွင် 'လ'နှင့်ပတ်သက်သော အကျိုးတရားနှင့် အသိဉာဏ်ကိုသာ ဖော်ပြထားသည်။ အကယ်၍ လဆုပ်ခြင်း၊ လဆန်းခြင်းအကျိုးတရား၏ အသိဉာဏ်နှင့်ပတ်သက်၍မေးခဲ့လျှင်မူ အဖြေမှာ အမေးနှင့်ကိုက်ညီသည်။ သို့သော်လည်း အကယ်၍သာ မေးခွန်းသည် ဆန်းဦးစလ၏ လဆုပ်အကြောင်းရင်းအား ရည်စူးခဲ့သည်ဖြစ်မူယင်းမှာ ဆွဟာဗတ်သာဝကကြီများ၏ ယဉ်ကျေးသိမ်မွေ့သော ကိုယ်ကျင့်တရားနှင့် မကိုက်ညီ ကွာဟပေလိမ့်မည်။ ထို့ပြင် အဖြေ၌လည်း အကြောင်းတရားထက် အကျိုးတရားနှင့် ဟစ်က်မသ်အသိပညာကို ရွေးချယ်ပြီး တင်ပြထားခြင်းသည် ရိုးရှင်းသောအရိပ်အမြွက်ကို ဖော်ပြထားခြင်းဖြစ်သည်။ ယင်းအရိပ်အမြွက်ဆိုသည်ကား ကောင်းကင်၏ ကြယ်တာရာဂြိုဟ်နက္ခတ်စသည်တို့၏ အကြောင်းတရားကို ရှာဖွေခြင်းသည် မည်သည့်နည်းနှင့်မဆို လူသားတို့ ထိန်းချုပ်နိုင်စွမ်းမရှိသော ကိစ္စရပ်သာဖြစ်သည်။ ထို့ကြောင့် ယင်းတို့၏ အကြောင်းအရာကို သိရှိခြင်းသည် လူသားအဖို့ ဤလောက တမလွန်လောက နှစ်လောကလုံးအတွက် မလိုအပ်ချေ။ ထို့ကြောင့် အကြောင်းတရားနှင့်ပတ်သက်၍ မေးခြင်းလည်းမဖြစ်နိုင်ချေ။ လဆုပ်ခြင်း၊ လဆန်းခြင်း၊ လဝင်ခြင်း၊ လထွက်ခြင်း စသည်တို့မှတစ်ဆင့် ကျွန်ုပ်တို့ရရှိနိုင်သော အကျိုးကျေးဇူးများအကြောင်း ကျွန်ုပ်တို့မေးမြန်းနိုင် ဖြေကြားရှင်းလင်းပြနိုင်ပေသည်။ ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်၍ တမန်တော်မြတ်(ﷺ)သခင်အား အလ္လာဟ်အရှင်မြတ်က ပြောကြားစေခိုင်းသည်မှာ ရောင်းဝယ်ဖောက်ကားမှုများနှင့် ပဋိညာဉ်များ၌ အချိန်သတ်မှတ်နိုင်စေရန်နှင့်ဟဂျ်အချိန်ကာလ နေ့ရက်များအကြောင်း သိရှိနိုင်စေရန် စသည့်အကျိုးကျေးဇူးရရှိနိုင်မည်ဟူ၍ဖြစ်သည်။

## 'လ'ကို မူတည်တွက်ချက်သော ပြက္ခဒိန်သည် အစွလာမ်သာသနာ့ ရွေးချယ်မှုဖြစ်သည်။

ဤအာယသ်တော်က မိန့်ကြားသည်မှာ 'လ'သည် 'လ'များရက်များကို ရေတွက်နိုင်ခြင်း၊ ရောင်းဝယ်ဖောက်ကားမှု၌ ရက်လတွက်ခြင်း၊ ဟဂျ် စသည်တို့ကဲ့သို့သော ခဝတ်ကိုးကွယ်မှုအတွက် ရက်လတွက်ခြင်း စသည်တို့တွင် အကူအညီရစေခြင်းထက်ပိုမို၍ မိန့်ကြားမထားပါ။ ဤကိစ္စနှင့်ပတ်သက်၍ စူရတ်ယူနွတ်စ်တွင်လည်း အောက်ပါအတိုင်း ဖော်ပြထားသည်။

وَقَدَّرَهُۥ مَنَازِلَ لِتَعْلَمُوا۟ عَدَدَ ٱلسِّنِينَ وَٱلْحِسَابَ ۚ

**'ထို့ပြင် ထိုအချင်မြတ်သည် နှစ်များ၏ အရေအတွက်ကိုလည်းကောင်း၊ စာရင်းကိုလည်းကောင်း အသင်တို့ သည် သိနားလည်ကြအံ့ သောငှာ ယင်းလစန္ဒာ (သွားလာရန်) စခန်းများကို သတ်မှတ်၍ပေးတော်မူခဲ့သည်။' (၁၀း၅)**

ဤအာယသ်တော်က ကျွန်ုပ်တို့ကို မိန့်ကြားသည်မှာ 'လစန္ဒာ'ဖြတ်သန်းသွားသော အမျိုးမျိုသောအဆင့်ဆင့် နှင့် အခြေအနေများကြောင့် လူများသည် ရက်လနေ့များကို ရေတွက်နိုင်သည့် အကျိုးကျေးဇူးရရှိပါသည်။

သို့သော်လည်း စူရတ်ဗနီအစ္စရာအီလ်၏ အာယသ်တော်အရ ဤရေတွက်မှုကို 'နေ'နှင့်လည်း တွက်ချက်နိုင်ကြောင်း အောက်ပါအတိုင်း ဖော်ပြထားသည်။

فَمَحَوْنَآ اٰيَةَ الَّيْلِ وَجَعَلْنَآ اٰيَةَ النَّهَارِ مُبْصِرَةً لِّتَبْتَغُوْا فَضْلًا مِّنْ رَّبِّكُمْ

وَلِتَعْلَمُوْا عَدَدَ السِّنِيْنَ وَالْحِسَابَ

**'သို့ရာတွင် ငါအချင်မြတ်သည် ညဥ့်၏ သက်သေလက္ခဏာကို မှေးမှိန်စေတော်မူ၍ နေ့၏ သက်သေ လက္ခဏာများကိုမူကား အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အချင်မြတ်၏ ကျေးဇူးတော်ကို ဆည်းပူးရှာဖွေကြအံ့ သောငှာလည်းကောင်း၊ အသင်တို့သည် နှစ်များ၏ အရေအတွက်နှင့် တွက်ချက်မှုကို သိရှိကြအံ့ သောငှာလည်းကောင်း ငါအချင်မြတ်သည် စက္ခုကို အလင်းပေးသောအရာ ပြုလုပ်တော်မူခဲ့ လေသည်။' (၁၇း၁၂)**

ဤတတိယအာယသ်တော်အရ နှစ်များနှင့် လများကို ရေတွက်ရာ၌ နေကိုအခြေပြုသည့် ပြက္ခဒိန်သုံးစွဲနိုင်ကြောင်း သက်သေပြထားသော်လည်း ကုရ်အာန်ကျမ်းတော်မြတ်ပါ စကားလုံးများသည် 'လစန္ဒာ'ကိုသာ ဦးတည်ထားသောကြောင့် အစ္စလာမ့် ရှရီအသ်တွင် မူသေရွေးချယ်မှုမှာ 'လစန္ဒာ'ကို အခြေပြုတွက်ချက်ရသော ပြက္ခဒိန်ဖြစ်ကြောင်း ထင်ရှားပါသည်။ အထူးသဖြင့် ခဝတ်ကိုးကွယ်မှုနှင့်ပတ်သက်သော ထူးခြားသည့်လများနှင့် ရက်များကို သတ်မှတ်နိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် ရမဿွာန်လမြတ်၊ ဟဂ်ျပြုလုပ်ရမည့်လမြတ်၊ ဟဂ်ျပြုလုပ်ရမည့် ရက်များနှင့် ပတ်သက်သော အမိန့်ပညတ်ချက်များ၊ မုဟရ်ရမ်လနှင့် လိုင်လသုလ်ကဒရ်ညဉ့်မြတ်အားလုံးတို့သည် ဆန်းဦးစ လမြင်ခြင်း နှင့် ဆက်နွယ်နေပါသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းများတို့သည် هِىَ مَوَاقِيْتُ لِلنَّاسِ وَالْحَجِّ **'ထိုဆန်းဦးစ လများသည် လူခပ်သိမ်းတို့အဖို့ အချိန်ကာလများကို အမှတ်သညာပြုနိုင်အံ့ သောငှာလည်းကောင်း၊ ဟဂ်ျပြုရန် သတ်မှတ်ထားသောနေ့ရက်များကိုသိနိုင်အံ့ သောငှာလည်းကောင်း အမှတ်သညာများသာဖြစ်ချေသည်'** ဟု အာယသ်တော်က မိန့်ကြားခြင်းသည် နေကိုမူတည်၍ တွက်ချက်ထားသော ပြက္ခဒိန်ဖြင့် 'လ'ရက်တို့ကို ရေတွက်နိုင် သော်လည်း လကို အခြေပြုတွက်ချက်ရသော ပြက္ခဒိန်သည်သာလျှင် အလွှာဟ်အရှင်မြတ်ထံ၌ ယုံကြည် စိတ်ချ ရကြောင်း အတည်ပြုပြီးဖြစ်ပါသည်။

အစ္စလာမ့်ရှရီအသ်က 'လစန္ဒာ'ကို အခြေပြုတွက်ချက်ရသော ပြက္ခဒိန်ကို ရွေးချယ်ထားခြင်းအကြောင်းမှာ မျက်မြင်ပေါ်တွင် အခြေပြုထားသောကြောင့် မိုးကုတ်စက်ဝိုင်းတွင်ရှိသောအရာကို မြင်နိုင်စွမ်းရှိသူတိုင်း မြင်နိုင်ကာ တွေ့မြင်ကြောင်းကိုလည်း အကြောင်းကြားနိုင်ပါသည်။ ထိုသို့ လုပ်ရန်မှာ လူတိုင်းအတွက် လွယ်ကူပါသည်။

ပညာရှိ၊ ပညာမဲ့၊ ရွာသား၊ ကျွန်းသား၊ တောင်ပေါ်သား အားလုံး တန်းတူလွယ်ကူပါသည်။ နေကို အခြေပြု၍ တွက်ချက်သော ပြက္ခဒိန်သည် ဤအခြေအနေမျိုးနှင့် ကွာခြားပါသည်။ အဘယ့်ကြောင့်ဆိုသော် နေကိုအခြေပြု တွက်ချက်သော ပြက္ခဒိန်သည် ဇလဗေဒဆိုင်ရာကရိယာနှင့် သခ္ခါဆိုင်ရာတွက်ချက်မှုများအပေါ်တွင် တည်မှီနေသည်။ ယင်းတို့သည် သာမန်လူတိုင်းအတွက် မလွယ်ကူသော ကိစ္စရပ်များဖြစ်သည်။

ထို့နောက် ဘာသာရေးဆိုင်ရာ စောင့်ထိန်းမှုနှင့် အိဗာဒသ်ကိစ္စရပ်များတွင် 'လစန္ဒာ'ကို အခြေပြုထားသော ပြက္ခဒိန်နှင့် ဆောင်ရွက်ရန်မှာ မလုပ်မနေရတာဝန်ဖြစ်သည်။ ဤလစန္ဒာကို အခြေပြုထားသောပြက္ခဒိန်ကို လူမှုရေး၊ စီးပွားရေးဆိုင်ရာ အပေးအယူများတွင် သုံးစွဲစေရန် နှစ်သက်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသို့သုံးစွဲခြင်းသည် အစ္စလာမ့်ခဝပ်ကိုးကွယ်မှုအပြုအမူ၏အခြေခံဖြစ်၍ အစ္စလာမ့်သင်္ကေတအမှတ်အသားတစ်ရပ်လည်းဖြစ်စေသည်။ နေကို အခြေပြုထားသောပြက္ခဒိန်သည် တားမြစ်ထားသော အမိန့်ပညတ်ချက်မဟုတ်သော်လည်း ယင်းကို အသုံးစွဲများလာလျှင် လစန္ဒာကို အခြေပြုထားသော ပြက္ခဒိန်ကို မေ့လျော့ကာ ပစ်ပယ်သည့်အဆင့်ရောက်သည်အထိ မဖြစ်စေသင့်ပါ။ အကယ်၍ ဤကဲ့သို့ ဖြစ်လာခဲ့လျှင် မပြုမနေရ။ ခဝတ်ကိုးကွယ်မှု အိဗာဒသ်ဖြစ်သော ဥပုသ်သီလ ဆောက်တည်ခြင်းနှင့် ဟဂ်ျပြုမူဆောင်ရွက်ခြင်းတို့တွင် ဆိုးဆိုးဝါးဝါးထိခိုက်ပါလိမ့်မည်။ ကျွန်ုပ်တို့၏ခေတ်တွင် ထိုအခြေအနေမျိုး၏ နမူနာကို တွေ့မြင်နေရပါသည်။ ရုံးများ၊ အစိုးရနှင့် အစိုးရပုဂ္ဂလိကဆိုင်ရာလုပ်ငန်းများ စသည်တို့တွင် နေကိုအခြေပြုတွက်ချက်သောပြက္ခဒိန်ကို သုံးစွဲကြလွန်းခြင်းကြောင့် အစ္စလာမ့်ပြက္ခဒိန်၏ လအမည်အားလုံးပင်လျှင် မေ့လျော့ကာ မမှတ်မိဘဲဖြစ်နေကြပါသည်။ လစန္ဒာကို အခြေပြုထားသော ပြက္ခဒိန်၏ ဘာသာရေးဆိုင်ရာအဆင့်အတန်းကို ထားဘိဦး။ ယင်းပြက္ခဒိန်ကို သုံးစွဲခြင်းသည် အမျိုးသားရေးနှင့် ဘာသာရေးဆိုင်ရာ ကိုယ်ပိုင်လက္ခဏာကို ထိန်းသိမ်းရန်အတွက် စိတ်ဓါတ်လျော့နည်းခြင်းကို ပြသနေခြင်းပင်ဖြစ်သည်။

မုစ်လင်မ်မဟုတ်သည့်သူများနှင့် ဆက်ဆံရသောရုံးကိစ္စများတွင်သာ နေကိုအခြေပြုထားသည့်ပြက္ခဒိန်ကို သုံးစွဲကာ ပုဂ္ဂလိကဆက်ဆံမှုများနှင့် နေ့စဉ်လိုအပ်ချက်များကို တွက်ချက်ရာတွင် လစန္ဒာကို အခြေပြုထားသည့် ပြက္ခဒိန်ကို အကျိုးရှိစွာသုံးစွဲနိုင်ပါသည်။ ဆိုလိုသည်မှာ အကယ်၍ ထိုသို့ ပြုလုပ်ခဲ့ပါလျှင် သုံးစွဲသူသည် 'ဖရသ္ဒ ကိဖာရဟ်' (မိမိ၏ဆောင်ရွက်ချက်ကြောင့် အခြားသူများ တာဝန်ကျေသွားစေခြင်း)၏ စဝါဗ်ရရှိပါသည်။ ၎င်းပြင် အမျိုးသားရေးလက္ခဏာရပ်ကို ထိန်းသိမ်းပြီးလည်းဖြစ်သွားပါမည်။

## ဥပဒေသ

**لَيْسَ الْبِرُّ بِاَنْ تَاْتُوا الْبُيُوْتَ مِنْ ظُهُوْرِهَا 'အိမ်၏နောက်ဘက်မှဝင်ရောက်ခြင်းသည် ကောင်းမြတ်သော အကျင့် သီလမဟုတ်ပေ'** ဟူသောအာယသ်တော်မှ ထွက်ပေါ်လာသောဥပဒေသမှာ အစ္စလာမ့်ရှရီအသ်တရားတော် အရ ဝါဂျိဗ်ဟူ၍လည်းကောင်းအိဗာဒသ် ခဝပ်ကိုးကွယ်မှုဟူ၍လည်းကောင်း မသတ်မှတ်သမျှ ကာလ ပတ်လုံးမည်သည့်ကိစ္စကိုမဆိုဝါဂျိဗ်ဟုလည်းကောင်း၊ အိဗာဒသ်ခဝတ်ကိုးကွယ်မှုတစ်ရပ်ဟူ၍ လည်းကောင်း၊ မိမိသဘောအရ မသတ်မှတ်သင့်ပါ။ ဤကဲ့သို့သတ်မှတ်ခြင်းကိုလည်း ခွင့်မပြုချေ။

အလားတူပင် အစွလာမ့်တရားဥပဒေက ခွင့်ပြုထားသည့်ကိစ္စကို အပြစ်ဟု သတ်မှတ်ခြင်းသည်လည်း အပြစ်တစ်ရပ်ပင်ဖြစ်သည်။ ထိုသူများ ပြုလုပ်ခြင်းသည် ဤအတိုင်းပင်ဖြစ်ပါသည်။ အိမ်များသို့ ရှေ့အပေါက်မှ ဝင်ရောက်ခြင်းသည် ဘာသာရေးဆိုင်ရာ ဥပဒေအရခွင့်ပြုထားသည်။ အုတ်နံရံကိုဖောက်၍ နောက်ပေါက်မှ ဝင်ရောက်ခြင်းကို ဘာသာရေးဆိုင်ရာ ဥပဒေအရ ဝါဂျိဗ်ဟု မသတ်မှတ်ထားသော်လည်း ၎င်းတို့သည် ထိုကိစ္စရပ်ကို ဝါဂျိဗ်ဟု သတ်မှတ်ခဲ့ကြပါသည်။ ထို့ကြောင့် သူတို့အား သတိပေးဆုံးမခဲ့ပါသည်။

ဘာသာရေးဆိုင်ရာကိစ္စရပ်များ၌ အသစ်တီထွင်ခြင်း 'ဗိဒ်အသ်'ကို ခွင့်မပြုသည်မှာ မလိုလားအပ်သော ကိစ္စရပ်များကို မပြုမနေရ ဖရသ်ဖ်(သို့)ဝါဂျိဗ်အဖြစ် မသတ်မှတ်စေရန်ဖြစ်သည်။ သို့မဟုတ်လျှင်လည်း ခွင့်ပြုထားသော ကိစ္စရပ်များကို တားမြစ်ထားသည် (သို့) တရားမဝင်ဖြစ်သည်ဟူ၍ မသတ်မှတ်စေရန်ဖြစ်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းများကို တားမြစ်ခဲ့ကြောင်း ဤအာယသ်တော်က ရှင်းလင်းစွာမိန့်ကြားထားသည်။ ခေတ်စားလာသည့် ထောင်ပေါင်းများစွာသော 'ဗိဒ်အသ်' အပြုအမူများအတွက် အကြောင်းအားလျော်စွာ ဤအာယသ်တော်က ကျွန်ုပ်တို့ကို လမ်းညွှန်မှုပေးထားသည်။

## 'ဂျိဟာဒ်' အလွှာဟ်အရှင်မြတ်လမ်းတော်တွင်စစ်ထိုးခြင်း

မဒီနဟ်ရွှေမြို့တော်သို့ ရွှေပြောင်းခြင်းမပြုမီအချိန်ထိ 'ဂျိဟာဒ်နှင့်' မယုံကြည်သွေဖည်ငြင်းပယ်သူများကို ဆန့်ကျင် တိုက်ခိုက်ခြင်း (သို့) 'ကီတာလ်'အား တားမြစ်ပိတ်ပင်ထားခဲ့သည်ကို မုစ်လင်မ်လူထုတစ်ရပ်လုံး သဘောတူထားခဲ့ပြီးဖြစ်သည်။

ထိုစဉ်အချိန်က ကျရောက်ခဲ့သော အာယသ်တော်အားလုံးသည် မုစ်လင်မ်များအား မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ဆန့်ကျင်မှုကြောင့် ထိခိုက်နစ်နာခဲ့ရသည်များကို သည်းခံရုံမျှမက လျစ်လျူရှု ခွင့်လွှတ်ရန်ပင် အကြံပြုထားခဲ့သည်။ မဒီနဟ်ရွှေမြို့တော်သို့ ရွှေပြောင်းပြီးနောက် ကာဖရ်များအား တိုက်ခိုက်ရန် ပထမဦးဆုံး အမိန့်သည် ဤအာယသ်တော်မှတစ်ဆင့် ကျရောက်ခဲ့သည်။ (အလ်ရဗီအ် အိဗ်နိ အနတ်စ် နှင့် အခြားသူများ၏ အဆိုအရ) စိုက်ယိဒိနာ အဗူဗကရ် ဆွဒ်ဒီးက်(رضى الله عنه)၏ အခြားဆင့်ပြန်ချက်အရဆိုလျှင် ဤကိစ္စနှင့် ပတ်သက်၍ ပထမဦးဆုံးကျရောက်ခဲ့သော အာယသ်တော်သည် အောက်ပါအာယသ်တော်ဖြစ်သည်။

اُذِنَ لِلَّذِيْنَ يُقٰتَلُوْنَ بِاَنَّهُمْ ظُلِمُوْا

(ယခုသော်) တိုက်ခိုက်ခြင်းခံနေကြရသော (မုစ်လင်မ်)တို့သည် (ခုခံတိုက်ခိုက်ခွင့်)ရရှိလေပြီ။ အကြောင်းမူကား ၎င်းတို့သည် နှိပ်စက်ညှင်းပန်းခြင်းကို ခံခဲ့ကြရလေသည်။ (၂၂း၃၉)

သို့ရာတွင် ဆွဟာဗဟ်များနှင့် သာဗီအီးန်ကြီးများ၏အဆိုအရဆိုလျှင် မယုံကြည်သွေဖည်ငြင်းပယ်သူများအား စစ်ခင်းရန် ပထမဦးဆုံးအာယသ်တော်သည် စူရတ်အလ်ဘကရတ်မှ ဤအာယသ်တော်ပင်ဖြစ်သည်။ စိုက်ယိဒိနာ အဗူဗကရ်(ﷺ) မိန့်ကြားသော ပထမအာယသ်တော်ဆိုသည်မှာလည်း အစောပိုင်းကျရောက်ခဲ့သော အာယသ်တော်များထဲတွင် ပါဝင်သောကြောင့် ယင်းကိုလည်း ပထမဆုံးအာယသ်ဟုသတ်မှတ်နိုင်ပါသည်။

ဤအာယသ်တော်ထဲတွင်ရှိ အမိန့်ပညတ်ချက်မှာ မုစ်လင်မ်များသည် မိမိတို့ကို လာရောက်တိုက်ခိုက်သူ မယုံကြည်သွေဖည်သူများကိုသာလျှင် တိုက်ခိုက်သင့်ကြောင်း ဆိုလိုပါသည်။ ဆိုလိုသည်မှာ စစ်ပွဲတွင် မပါဝင်သောသူများဖြစ်သည့် အမျိုးသမီးများ၊ ကလေးငယ်များ၊ အလွန်အိုမင်းသောသူများ၊ ရဟန်းများနှင့် ဓမ္မဆရာများ၊ ဘာသာရေးကိစ္စသက်သက်သာလျှင် လုပ်ဆောင်နေကြသူများ၊ ကိုယ်အင်္ဂါချို့ယွင်းသူများနှင့် စစ်ပွဲတွင် မပါဝင်သော မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ကျဘမ်းအလုပ်သမားများတို့အား ဂျီဟားဒ်စစ်ပွဲတွင် သက်ဖြတ်ခြင်းအား ခွင့်မပြုချေ။ အကြောင်းရင်းမှာ ထိုအာယသ်တော်ပါ အမိန့်ပညတ်ချက်သည် မုစ်လင်မ်များကို တိုက်ခိုက်သူများအတွက်သာ ကန့်သတ်ထားသောကြောင့်ဖြစ်သည်။ အထက်တွင် ရည်ညွှန်းခဲ့သော လူအမျိုးအစားများသည် စစ်ပွဲတွင်ပါဝင်တိုက်ခိုက်ကြသူများမဟုတ်သောကြောင့်ဖြစ်သည်။ သို့ဖြစ်သောကြောင့် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များ ﴿**رحمة الله عليه**﴾ က အမျိုးသမီးတစ်ဦးဖြစ်စေ၊ သက်ကြီးရွယ်အိုတစ်ဦးဖြစ်စေ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးဖြစ်စေ တစ်ဦးဦးသည် မယုံကြည်သွေဖည်ငြင်းပယ်သူများက မုစ်လင်မ်များကို ဆင်နွှဲသောစစ်တွင် ပါဝင်တိုက်ခိုက်သည်ဖြစ်စေ သွေဖည်ငြင်းပယ်သူများကို စစ်ဆင်နွှဲရာတွင် တစ်နည်းနည်းဖြင့် အကူအညီပေးလျှင်ဖြစ်စေ ထိုသူတို့ကို တိုက်ခိုက်သတ်ဖြတ်ခွင့်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူတို့သည် **اَلَّذِيْنَ يُقَاتِلُوْنَكُمْ** 'အသင်တို့ကို စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်သူများ'ဟူသော ပြဋ္ဌာန်းချက်ဥပဒေတွင် အကျုံးဝင်သွား၍ဖြစ်သည်'ဟု ပညာရှင်များက မိန့်ကြားသည်။ (မဇ်ဟရီ၊ ကုရ်သုဗီ၊ ဂျာဆ္ဆာဆ်)

ဂျီဟားဒ်အချိန်ကာလတွင် အစ္စလာမ့်မုဂျာဟီဒီန်များကို တမန်တော်မြတ်(ﷺ)သခင်ပေးခဲ့သော စစ်မိန့်များထဲတွင် ဤပညတ်ချက်၏ ကောင်းမွန်သောရှင်းလင်းချက်များ ပါဝင်ခဲ့ပါသည်။

ဆွဟာဗတ်သာဝကကြီး အဗ်ဒုလ္လာဟ်အိဗ်နိ အုမရ်(ﷺ)သခင်၏ ဆင့်ပြန်ချက်ကို ဗုခါရီကျမ်းနှင့် မုစ်လင်မ်ကျမ်းတွင် မိန့်ကြားခဲ့သည်မှာ **نهى رسول الله صلى الله عليه وسلم عن قتل النساء والصبيان** 'တမန်တော်မြတ်(ﷺ)သခင်သည် အမျိုးသမီးများနှင့် ကလေးသူငယ်များအား သတ်ဖြတ်ခြင်းကို တားမြစ်ပိတ်ပင်ခဲ့သည်။

အဗူဒါဝူဒ်ကျမ်းတွင် ဖော်ပြထားသည်ကား အနက်စ် (ﷺ) မှတစ်ဆင့် ဟဒီးဆ်တစ်ပုဒ် ဆင့်ပြန်ထားသည်မှာ 'တမန်တော်မြတ်(ﷺ)က ဂျီဟားဒ်စစ်ပွဲဆင်နွှဲရန် သွားကြမည့် ဆွဟာဗတ်သာဝကကြီးများကို အောက်ပါအချက်များလိုက်နာကြရန် ညွှန်ကြားထားသည်။ 'အလ္လာဟ်အရှင်မြတ် တမန်တော်အုပ်စုနှင့် မကွဲမကွာစေဘဲ အလ္လာဟ် အရှင်မြတ်၏နာမတော်ဖြင့် ဂျီဟားဒ်စစ်ပွဲဆင်နွှဲရန် သွားကြကုန်လော့၊ အသက်အရွယ်အိုမင်းသူများကိုလည်းကောင်း၊ အားအင်ခိုနဲ့သူများကိုလည်းကောင်း၊ ကလေးများကိုလည်းကောင်း၊ အမျိုးသမီးများကိုလည်းကောင်း မသတ်ဖြတ်ကြကုန်လင့်။' (မဇ်ဟရီ)

စိုက်ယိဒိနာ အဗူဗကရ် အလ်ဆွဒ်ဒီးဂ််(ﷺ)က ယဇီဒ်အိဗ်နိ အဗီစုဗ်ယာန်(ﷺ)ကို ဆီးရီးယားသို့ စေလွှတ်ရာတွင် အလားတူ ညွှန်ကြားချက်ပေးခဲ့လေသည်။ ထိုညွှန်ကြားချက်များတွင် နောက်ထပ်၍ ဘာသာရေးကိုင်းရှိုင်းသူများ၊ ရဟန်းတော်များ၊ ဓမ္မဆရာများနှင့် မယုံကြည်သွေဖည်သူများ၏ အလုပ်သမားများ အထူးသဖြင့် ၎င်းတို့သည် စစ်ပွဲတွင်ပါဝင်ခဲ့ခြင်းမရှိခဲ့လျှင် သတ်ဖြတ်ခြင်းမပြုရန် တားမြစ်ပိတ်ပင်ခဲ့သည်။ (ကုရ်သုဗီ)

ဤအာယသ်တော်(၁၉၁)တွင်ပါဝင်သော ဖော်ပြချက်ဖြစ်သည့် وَلَا تَعْتَدُوٓا 'မကျူးလွန်ကြကုန်လင့်'ဟူသော အသုံးအနှုန်းသည် ဋီကာရှင်အများစုအဆိုအရ' အမျိုးသမီးများနှင့် ကလေးသူငယ် များအား သတ်ဖြတ်မိသည်အထိ မကျူးလွန်မတိုက်ခိုက်စေရဟုဆိုလိုသည်။'

အဖွင့်မှတ်ချက်တွင် အတိုချုပ်ရှင်းလင်းထားခဲ့သကဲ့သို့ အာယသ်(၁၉၁)တွင်

وَاقْتُلُوهُمْ حَيْثُ ثَقِفْتُمُوهُمْ وَأَخْرِجُوهُم مِّنْ حَيْثُ أَخْرَجُوكُمْ

**'ထို့ပြင်တစ်ဝ အသင်တို့သည် ထိုကာဖိရ်မိစ္ဆာဒိဋ္ဌိတို့အား တွေ့ဆုံဖမ်းဆီးမိရာအရပ်၌ သုတ်သင်ရှင်းလင်းကြ ကုန်လော့။ ထို့ပြင်တစ်ဝ ထိုကာဖိရ်တို့က အသင်တို့အား (မက္ကာမြို့တော်မှ) နှင်ထုတ်သကဲ့သို့ အသင်တို့သည်လည်း ထိုကာဖိရ်တို့အား နှင်ထုတ် ကြကုန်လော့'**ဟူသော အာယသ်သည် ဟုဒိုင်ဗိယဟ် အဖြစ်အပျက်ဖြစ်ပြီးမှ ကျရောက်ခဲ့ခြင်းဖြစ်သည်။ ဟုဒိုင်ဗိယဟ် ငြိမ်းချမ်းရေးစာချုပ်အရ တမန်တော်မြတ်(ﷺ)သခင်သည် ဆွဟာဗဟ် သာဝကကြီးများနှင့်အတူ မက္ကာဟ်ရွှေမြို့တော်သို့ ကဇာအုမ်ရဟ်ပြုလုပ်ရန်အတွက် ခရီးထွက်ရန် ဆုံးဖြတ်ခဲ့သည်။ ယင်းကဇာအုမ်ရဟ်မှာ ယခင်နှစ်က မက္ကာဟ်မြို့ရှိ မယ်ုကြည်သွေဖည်ငြင်းပယ်သူများနှင့် စာချုပ်ခဲ့စဉ်က ပြုလုပ်ရမည့် အုမ်ရဟ်ဖြစ်သည်။ ဆွဟာဗဟ် သာဝကကြီးများသည် ဤဆုံးဖြတ်ပြီး ခရီးစဉ်မတိုင်မီတစ်ရက်အလိုတွင် ငြိမ်းချမ်းရေးစာချုပ်ကို မယ်ုကြည်သွေဖည်ငြင်းပယ်သူများ၏ လိုက်နာကျင့်သုံးမှုအား စိုးရိမ်ကြောင့်ကြလာပါသည်။ ယင်းမှာ အကယ်၍ ယမန်နှစ်ကကဲ့သို့ မယ်ုကြည်သွေဖည်ငြင်းပယ်သူများက အကြမ်းဖက်လာလျှင် ဆွဟာဗဟ် သာဝကကြီးများ ဘာလုပ်ကြရမည်နည်း။ သို့အတွက် လက်ရှိအာယသ်တော်ပါစကားလုံးများသည် ဆွဟာဗဟ် သာဝကကြီးများအား အကြမ်းဖက်ခြင်းကို ရင်ဆိုင်ရန်နှင့် ၎င်းတို့အား တွေ့သည့်နေရာတွင် သတ်ဖြတ်ရန် ခွင့်ပြုချက်ပေးခြင်းဖြစ်သည်။ ထို့ပြင် အကယ်၍ တတ်နိုင်လျှင် ယုံကြည်သက်ဝင်သူများကို မောင်းထုတ်ပစ်မည့် နေရာမှ မယ်ုကြည်သွေဖည် ငြင်းပယ်သူများကိုလည်း မောင်းထုတ်ခွင့်ပြုခဲ့သည်။

မက္ကာဟ်ခေတ်ကာလတစ်လျှောက်လုံး မုစ်လင်မ်များသည် မယ်ုကြည်သွေဖည်ငြင်းပယ်သူများနှင့် စစ်ခင်းခြင်းမှ ရှောင်ကြဉ်ရန်နှင့် ဥပေက္ခာပြု၍ ခွင့်လွှတ်ရန်ထပ်ကာတလဲလဲ မိန့်ကြားစေခိုင်းခဲ့ခဲ့ရသည်။ ထိုသို့ဖြစ်ခြင်းကြောင့် ဤအာယသ်တော် မကျရောက်မီကဆိုလျှင် ဆွဟာဗဟ်သာဝကကြီးများသည် သွေဖည်ငြင်းပယ်သူများကို သတ်ဖြတ်ခြင်းသည် မကောင်းသောလုပ်ရပ်နှင့် တားမြစ်ထားသောလုပ်ရပ်ဟုပင် ထင်မှတ်စပြုလာခဲ့သည်။ ဤယူဆချက်များယွင်းမှုကိုပယ်ရှားရန်အတွက် မိန့်ကြားထားသည်မှာ وَالْفِتْنَةُ أَشَدُّ مِنَ الْقَتْلِ 'အမှန်သော်ကား ညှင်းဆဲနှိပ်စက်နှောင့်ယှက်ခြင်းသည် သတ်ဖြတ်ခြင်းထက်ပင်ပိုမိုး၍ ဆိုးရွားလှ၏။' ဆိုလိုသည်မှာ တစ်စုံတစ်ဦးကို သတ်ဖြတ်ခြင်းသည် ကြောက်ခမန်းလိလိဆိုးရွားသော အမှုကိစ္စဖြစ်သည်မှာမှန်သည်။ သို့သော်လည်း မက္ကာဟ်ရှိ မယ်ုကြည်သွေဖည်ငြင်းပယ်သူများသည် ၎င်းတို့၏ ကုဖ်ရနှင့်ရှိရိုက် (မယ်ုကြည်သွေဖည်ငြင်းပယ်ခြင်းနှင့် တုဖက်ယှဉ်တွဲကိုးကွယ်ခြင်း)ကို အတင်းအကြပ်လုပ်ကိုင်စေပြီး မုစ်လင်မ်များ၏ မလုပ်မနေရ ဘာသာရေး တာဝန်များဖြစ်သည့် ဟဂ်ျနှင့် အုမ်ရဟ်ပြုလုပ်ခြင်းများကို တားမြစ်ခြင်းက ပိုမို၍ ဆိုးရွားလှပေသည်။ ဤကြီးမား ဆိုးရွားလှသော မကောင်းမှုကို ရှောင်ကြဉ်ရန်အလို့ငှာ သူတို့ကို သတ်ဖြတ်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ဤအာယသ်တော်ပါ

'ဖစ်သနဟ်'ဟူသောစကားလုံး (မြန်မာစကားလုံးနှင့် တူညီသည့် ဝေါဟာရမရှိသောကြောင့် သုံးနှုန်းထားခြင်း ဖြစ်သည်။) ဆိုလိုရင်းမှာ ကုဖရ်၊ ရှရ်ရိုက်နှင့် မုစ်လင်မ်များ ၎င်းတို့၏ မပြုမနေရ 'အိဗာဒသ်'များ မလုပ်ဆောင်နိုင်ရန် တားဆီးပိတ်ပင်ခြင်းများပါဝင်သည်။ (ဂျဆွဲဆွားဆ်၊ ကုရ်သုဗီနှင့် အခြားများ)

'တွေ့ဆုံဖမ်းဆီးမိရာအရပ်၌ သုတ်သင်ရှင်းလင်းကြကုန်လော့'ဟူသောစကားလုံးများ၏ ယေဘုယျအဓိပ္ပာယ်ကြောင့် မယုံကြည်သွေဖည်သူများကို ဟရမ်ပရဝုဏ်ထဲတွင် သတ်ဖြတ်နိုင်ခွင့်ရှိသည်ဟု ထင်မှတ်မှားနိုင်ပါသည်။ နောက် အာယသ်တော်တွင် မိန့်ကြားထားသည်က သီးသီးခြားခြား ဖော်ပြထားသည်မှာ -

وَلَا تُقَٰتِلُوهُمْ عِندَ ٱلْمَسْجِدِ ٱلْحَرَامِ حَتَّىٰ يُقَٰتِلُوكُمْ فِيهِ

'သို့ဖြစ်ငြားလည်း' မတ်စ်ဂျိဒ်ဟရာမ်'ခေါ် ရိုသေမြတ်နိုးအပ်သော ကျောင်းတော်ပါး၌ ထိုကာဖိရ်တို့က အသင်တို့ အား စတင်မတိုက်ခိုက်သမျှကာလပတ်လုံး အသင်တို့သည် ၎င်းတို့အား မတိုက်ခိုက်ကြကုန်လင့်။'

(အလ်မတ်စ်ဂျိဒ် အလ်ဟရာမ်အနီးအပါး မတိုက်ခိုက်နှင့်။) ဆိုလိုသည်မှာ မက္ကာမြို့ဝန်းကျင် တစ်ရပ်လုံး အကျုံးဝင်သည်ဟူ၍ဖြစ်သည်။

## ဥပဒေများ

၁။ မက္ကာမြို့ရှိ ဟရမ် ထွတ်မြတ်သော ပရဝုဏ်အတွင်းတွင် လူသားကို မဆိုထားဘိ ငှက်တစ်ကောင်ကို ဖြစ်စေ၊ တိရစ္ဆာန်တစ်ကောင်ကိုဖြစ်စေ သတ်ဖြတ်ခွင့်မရှိချေ။ သို့သော်ငြားလည်း ဤအာယသ်တော်ကပင် ဆက်လက် မိန့်ကြားထားသည်မှာ လူတစ်ဦးတစ်ယောက်သည် ထွတ်မြတ်သောပရဝုဏ်အတွင်းသတ်ဖြတ်ရန် ကြိုးစားခြင်းခံရလျှင် အကြင်သူသည် မိမိကိုယ်ကို ကာကွယ်ရန်အလို့ငှာ ခုခံကာကွယ်တိုက်ခိုက်ပိုင်ခွင့်ရှိသည်ဟူ၍ ဖြစ်သည်။ ဤအချက်နှင့်ပတ်သက်၍ ဓမ္မသတ်ပညာရှင်များ အညီအညွတ် သဘောတူညီကြသည်။

၂။ ဤအာယသ်တော်မှပင် ထပ်မံလာရှိထားသည်မှာ ဂျိဟားဒ်(သို့) ကီတာလ် အစပြုခြင်းကို တားမြစ်ထားသည့် နေရာသည် အလ်မတ်စ်ဂျိဒ်အလ်ဟရာမ်နှင့် ၎င်း၏ပတ်ဝန်းကျင်ဖြစ်သည်။ ယင်းဝန်းကျင်မှာ မက္ကာမြို့ထိပင် ရောက်ရှိသည်။ အခြားနေရာများတွင်မူ ခုခံကာကွယ်သော ဂျိဟားဒ်သည် လိုအပ်လျှင် လုပ်ဆောင်ရသကဲ့သို့ မိမိဘက်မှ ဂျိဟားဒ်နှင့်ကိတာလ်ကို စတင်ပိုင်ခွင့်ရှိသည်။

vvvvvvv

အာယသ် (၂း၁၉၂–၁၉၅)


فَإِنِ انْتَهَوْا فَإِنَّ اللَّهَ غَفُورٌ رَّحِيمٌ ﴿١٩٢﴾
وَقَاتِلُوهُمْ حَتَّىٰ لَا تَكُونَ فِتْنَةٌ وَيَكُونَ الدِّينُ
لِلَّهِ ۖ فَإِنِ انْتَهَوْا فَلَا عُدْوَانَ إِلَّا عَلَى الظَّالِمِينَ ﴿١٩٣﴾
الشَّهْرُ الْحَرَامُ بِالشَّهْرِ الْحَرَامِ وَالْحُرُمَاتُ قِصَاصٌ ۚ فَمَنِ
اعْتَدَىٰ عَلَيْكُمْ فَاعْتَدُوا عَلَيْهِ بِمِثْلِ مَا اعْتَدَىٰ عَلَيْكُمْ ۚ
وَاتَّقُوا اللَّهَ وَاعْلَمُوا أَنَّ اللَّهَ مَعَ الْمُتَّقِينَ ﴿١٩٤﴾ وَأَنْفِقُوا فِي
سَبِيلِ اللَّهِ وَلَا تُلْقُوا بِأَيْدِيكُمْ إِلَى التَّهْلُكَةِ ۛ وَأَحْسِنُوا ۛ إِنَّ
اللَّهَ يُحِبُّ الْمُحْسِنِينَ ﴿١٩٥﴾

“သို့သော်၊ အကယ်၍သာ ယင်းသူတို့သည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို သွေဖည်ခြင်း၊ မုစ်လင်မ်တို့အား ညှဉ်းဆဲခြင်းနှင့် ပြိုင်ဆိုင်တိုက်ခိုက်ခြင်းတို့ကို) ရပ်စဲခဲ့ကြပါလျှင် မုချဧကန် အလ္လာဟ်အရှင်မြတ်သည် (ပြစ်မှုဒုစရိုက်တို့ကို) အဖန်တလဲလဲ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ (သတ္တဝါအပေါင်းတို့အား) အလွန်သနားကြင်နာ ညှာတာတော်မူသောအရှင် ဖြစ်တော်မူသည်။” (၂း၁၉၂)

“ထို့ပြင်တစ်ဝ အသင်တို့သည် သာသနာရေးညှဉ်းပန်းမှု လုံးဝပပျောက်၍ သာသနာသည် အလ္လာဟ်အရှင်မြတ်အဖို့သာဖြစ်သွားသည့်တိုင်အောင် (ဝါ) (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို သာလျှင် လိုက်နာလာကြသည့်တိုင်အောင်) ထိုသူတို့နှင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြကုန်လော့။ သို့ရာတွင် အကယ်စင်စစ် ထိုသူတို့သည် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းကို ရပ်စဲခဲ့ကြပါမူ ကျူးလွန်နှိပ်စက် ညှဉ်းပမ်းသူတို့မှ တစ်ပါး အခြားသူတို့ အပေါ်ဝယ် မည်သို့မျှ ကျူးကျော်စော်ကား (တုန့်ပြန်သတ်ဖြတ်)ရန် အကြောင်းမရှိပေ။” (၂း၁၉၃)

**"ထူးမြတ်သောလ(ကို လေးစားခြင်း)သည် ထူးမြတ်သောလ(ကို လေးစားခြင်း) အပေါ်၌တည်ရှိပေသည်။ ထိန်းသိမ်းစောင့်ရှောက် ရှိသေမြတ်နိုးအပ်သော အရာများသည် အပြန်အလှန်တုံ့ပြန်အပ်သောအရာများသာ ဖြစ်ချေသည်။ သို့ဖြစ်လေရာ အကြင်သူသည် (ထူးမြတ်သောလကို မလေးစားဘဲလျက်) အသင်တို့ကို စတင် ကျူးကျော်စော်ကားပါမူ ထိုသူက အသင်တို့ကို ကျူးကျော်စော်ကားသကဲ့သို့ အသင်တို့သည်လည်း ထိုသူအားတုံ့ပြန်လက်စားချေကြကုန်လော့။ သို့ရာတွင် အသင်တို့သည် အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေခန့်ညားကြကုန်။ ၎င်းပြင် အသင်တို့ သိထားကြကုန်။ မုချဧကန် အလွှာဟ်အရှင်မြတ်သည် (မိမိအား) ကြောက်ရွံ့ရိုသေ ခန့်ညားသောသူများနှင့် အတူရှိတော်မူသည်။" (၂း၁၉၄)**

**"ထို့ပြင်တစ်ဝ အသင်တို့သည် (မိမိတို့၏ ဥစ္စာပစ္စည်းများကို) အလွှာဟ်အရှင်မြတ်၏ လမ်းတော်၌ လှူဒါန်းပေးကမ်းစွန့်ကြဲကြလေကုန်။ အသင်တို့သည် (မိမိတို့ကိုယ်ကို) မိမိတို့လက်များဖြင့် ပျက်စီးရာ ပျက်စီးကြောင်းကို မပြုလုပ်ကြကုန်လင့်။ ထိုမှတစ်ပါး အသင်တို့သည် ကုသိုလ်တရားများ ပွားများရာ ပွားများကြောင်းကိုပြုလုပ်ကြကုန်။ မုချဧကန် အလွှာဟ်အရှင်မြတ်သည် ကုသိုလ် ကောင်းမှုပြုလုပ်သူများကို နှစ်သက်တော်မူသည်။ " (၂း၁၉၅)**

## အကျယ်ဖွင့်ဆိုခြင်း

၁။ ဟုဒိုင်ဗိယဟ်ငြိမ်းချမ်းရေးစာချုပ်တွင်ပါရှိသည့် သဘောတူညီချက်အတိုင်း ဟစ်ဂျ်ရီ (၇)ခုနှစ်တွင် တမန်တော်မြတ်(ﷺ)သခင်သည် မက္ကာဟ်မြို့တော်သို့ ခရီးထွက်ခွာ၍ ကဇွာအုမ်ရဟ်ပြုလုပ်ရန် ဆုံးဖြတ်ခဲ့သော အခါ ကိုယ်တော်မြတ်နှင့်အတူ လိုက်ပါကြမည့် ဆွဟာဗဟ်သာဝကကြီးများက ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ စာချုပ်ပါသဘောတူညီချက်များနှင့်ပတ်သက်၍လည်းကောင်း၊ မယုံကြည်သွေဖည်ငြင်းပယ်သူများအား မယုံကြည်ထိုက်ကြောင်း သိရှိကြသည်။ မယုံကြည်သူများက စတင်တိုက်ခိုက်ကြမည်မှာ လုံးဝဖြစ်နိုင်ချေရှိပေသည်။ ဤတွင် ဆွဟာဗဟ်သာဝကကြီးများအတွက် ပြဿနာတစ်ရပ်ရှိနေခဲ့သည်။ အကယ်၍ တိုက်ခိုက်မှုများဖြစ်လာခဲ့လျှင် မက္ကာဟ်မြို့၏ မြင့်မြတ်သော ပရဝုဏ်အတွင်း၌သာလျှင်ဖြစ်နိုင်၍ ယင်းနေရာမှာ အစွယ်လာမ်သာသနာအတွက် ခွင့်မပြုသောနေရာဖြစ်သည်ဟု သာဝကကြီးများက တွေးထင်ခဲ့ကြသည်။ ထိုသံသယပြေပျောက်စေရန်အတွက် အာယသ်တော်(၁၉၁)တွင် မိန့်ကြားထားခဲ့သည်မှာ မက္ကာဟ်မြို့၏ထွတ်မြတ်သော ပရဝုဏ်၏ထွတ်မြတ်မှုကို မုစ်လင်မ်များ အသေအချာလိုက်နာရမည်ဖြစ်သော်လည်း မယုံကြည်သွေဖည်ငြင်းပယ်သူများသည် မြင့်မြတ်သောပရဝုဏ်အတွင်း စတင်တိုက်ခိုက်လာပါက မိမိကိုယ်ကို ကာကွယ်သည့်အနေဖြင့် ပြန်လည်တုံ့ပြန်တိုက်ခိုက်ခွင့်ရှိသည်ဟူ၍ဖြစ်သည်။

၂။ ဆွဟာဗဟ်သာဝကကြီးများကို စိတ်အနှောက်အယှက်ဖြစ်စေသော ဒုတိယပြဿနာမှာ ဇုလ်ကအ်ဒဟ်

လမြတ်ပင်ဖြစ်သည်။ ယင်းလမြတ်သည် ထွတ်မြတ်သော လလေးလတွင် တစ်လအပါအဝင်ဖြစ်၍ ထို(၄)လအတွင်း မည်သူမဆို မည်သည့်နေရာတွင်မျှ တိုက်ခိုက်ခွင့်မရှိသောလများဖြစ်သည်။

အကယ်၍ မက္ကဟ်မြို့ရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် မိမိတို့ကိုစတင်တိုက်ခိုက်လာပါက မုစ်လင်မ်များသည် မြင့်မြတ်သော လတစ်လအတွင်း ခုခံကာကွယ်စစ်ကို မည်သို့ဆင်နွှဲရမည်နည်းဟု တွေးတောခဲ့ကြသည်။ ယခုရည်ညွှန်းနေသော အာယသ်တော်(၁၉၄)က ဤသံသယကိုပြေပျောက်စေပါသည်။ အဖြေမှာကား မက္ကဟ်မြို့ဟရမ်ပရဝုဏ်၏ အထွတ်အမြတ်ကို လိုက်နာခြင်းတွင် ခြွင်းချက်တစ်ရပ်ရှိသကဲ့သို့ ထွတ်မြတ်သော လတွင် ခုခံစစ်ပွဲဆင်နွှဲနိုင်ခွင့်သည်လည်း ခြွင်းချက်တစ်ရပ်အဖြစ် ခွင့်ပြုလေသည်။

**ဥပဒေ**

ထွတ်မြတ်သောလ(၄)လမှာ ဇုလ်ကအ်ဒဟ်၊ ဇုလ်ဟစ်ဂျ်ဂျဟ်၊ မုဟရ်ရမ်နှင့် ရဂျဗ်လများဖြစ်ကြသည်။ အစ္စလာမ် သာသနာမတိုင်မီပင်လျှင် ဤလများ၌ စစ်မက်တိုက်ခိုက်ခြင်းတရားမဝင်ဟု မက္ကဟ်မြို့မှ မယုံကြည်သွေဖည်ငြင်းပယ်သူများက မှတ်ယူခဲ့ကြပြီး ဤလများ၏ ထွတ်မြတ်မှုကို လိုက်နာကျင့်သုံးခဲ့ကြပါသည်။ အစ္စလာမ်သာသနာအစပိုင်း ဟစ်ဂျရီ (၇)ခုနှစ်တိုင် ဤဥပဒေအတည်ဖြစ်ခဲ့၍ ဆွဟာဗဟ်သာဝကကြီးများက နားမလည်နိုင်ဖြစ်နေသည်။ ဤစစ်တိုက် ခိုက်မှု၏ တရားမဝင်မှုကို ပယ်ဖျက်ကာ စစ်တိုက်ခိုက်ခွင့်ပြုခဲ့သော်လည်း ဤထွတ်မြတ်သောလေးလတွင် ခုခံ ကာကွယ်သော စစ်မဟုတ်လျှင် စစ်စတင်မတိုက်ခိုက်ခြင်းသည် ပိုမိုနှစ်သက်ဖွယ်ရာဖြစ်သည်ဟု အုမ္မသ်ထုတစ်ရပ် လုံးက တညီတညွတ်တည်း သဘောတူညီကြသည်။ ထို့ကြောင့် လမြတ်လေးလ၏ ထွတ်မြတ်ခြင်းမှာ လုံးဝဥဿံ ရုပ်သိမ်းပယ်ဖျက်ပြီးခဲ့သည်ဟု မဆိုနိုင်ပါ။ ဟရမ်၏ ထွတ်မြတ်ခြင်းတည်ရှိသကဲ့သို့ ခိုင်မြဲလျက်ရှိပါသည်။ ထိုကိစ္စနှစ်ရပ်စလုံးအတွက် မိမိကိုယ်ကို ခုခံကာကွယ်ရန်အလို့ငှာ ခြွင်းချက်တစ်ရပ်ကား ရှိနေခဲ့ပြီးဖြစ်သည်။

## ဂျိဟာဒ်အတွက် သုံးစွဲခြင်း

အာယသ်တော်(၁၇၇)မှ စတင်ခဲ့သော 'ဖြောင့်မတ်မှန်ကန်ခြင်း'၏ (၁၀)ခုမြောက် ပညတ်ချက်ကို အာယသ်တော်(၁၉၅)ထဲတွင် စတင်ဖော်ပြထားပါသည်။ ထို့ကြောင့် **وَأَنفِقُوا۟ فِى سَبِيلِ ٱللَّهِ 'ထို့ပြင်တစ်ဝ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ လှူဒါန်းပေးကမ်းစွန့်ကြဲကြလေကုန်'**အရ မုစ်လင်မ်များသည် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် ဆင်နွှဲရသည့် ဂျိဟာဒ်စစ်ပွဲ၏ လိုအပ်ချက်အရ ငွေကြေးနှင့် ဥစ္စာပစ္စည်းများကို သုံးစွဲရန်မှာ မပြုမနေရတာဝန်ဖြစ်လေသည်။ ဤအာယသ်တော်မှနေ၍ ဓမ္မသတ်ပညာရှင်များက ဥပဒေထုတ်နှုတ်သည်မှာ မုစ်လင်မ်များတွင် ဇကားသ် ဒါနကြေး မပြုမနေရ အမိန့်တော်အပြင် အခြားဘဏ္ဍာငွေကြေးဆိုင်ရာ မပြုမနေရကိစ္စအချို့လည်းရှိသည်ဟု မိန့်ကြားခဲ့ကြသည်။ သို့သော်လည်း ဤငွေကြေးဆိုင်ရာကိစ္စရပ်များသည် အမြဲတမ်းပြုလုပ်ရမည့်ကိစ္စရပ်များမဟုတ်သကဲ့သို့ မည်ရွေ့မည်မျှ အတိအကျဟုလည်း သတ်မှတ်မထားပါ။ အားလုံးမုစ်လင်မ်များအပေါ်တွင် လိုအပ်သည့်အချိန်၊ လိုအပ်သည့်အရာအတိုင်း၊ လိုအပ်သလို ထောက်ပံ့ပေးကမ်းရန်တာဝန်ရှိသည်။ မလိုအပ်လျှင် မည်သည့်တာဝန်မျှမရှိချေ။ ဂျိဟာဒ်အပေါ် သုံးစွဲမှုသည် ဤဥပဒေသ၌ အကျုံးဝင်သည်။

ဤအာယသ်တော်တွင် နောက်ဝါကျဖြစ်သည့် وَلَا تُلْقُوا بِأَيْدِيكُمْ إِلَى التَّهْلُكَةِ ‘ဆိုလိုရင်းမှာ ရှင်းလင်းထင်ရှားပါသည်။ မိမိတို့စိတ်ကြိုက် ပြုလုပ်ခြင်းအားဖြင့် မိမိကိုယ်ကိုမိမိ ဖျက်စီးခြင်းသို့ရောက်စေသောကြောင့် မုစ်လင်မ်များကို ယင်းသို့မပြုလုပ်ရန် အာယသ်တော်က တားမြစ်ထားသည်။ သို့သော်လည်း မိမိကိုယ်မိမိ ပျက်စီးစေရာ ရောက်ခြင်းဆိုသည်ကား ဤနေရာတွင် ဘာကိုဆိုလိုသနည်းဟူသော မေးခွန်းပေါ်ပေါက်လာပါသည်။ ဋီကာ အကျယ်ဖွင့်သူများက အမျိုးမျိုး ဖွင့်ဆိုရှင်းလင်းခဲ့ကြပါသည်။ ဆွဟာဗဟ်သာဝကကြီး အဗူအိုက်ယွတ်ဗ အာန်ဆွာရီ က မိန့်ကြားသည်မှာ ‘ဤအာယသ်တော်သည် ကျွန်ုပ်တို့နှင့်ပတ်သက်၍ ကျရောက်လာသော အာယသ်တော်ဖြစ်သည်။ ဤသည်နှင့်ပတ်သက်၍ ကျွန်ုပ်တို့အကောင်းဆုံး ရှင်းလင်းပေးနိုင်ပါသည်။ အလ္လာဟ်အရှင်မြတ် သည် အစ္စလာမ်သာသနာဝင်များကို အုပ်ချုပ်မှုအာဏာနှင့် ဩဇာပေးအပ်ခဲ့သောအခါ ကျွန်ုပ်တို့သည် ဂျိဟားဒ် ဆိုသည်မှာ မလိုအပ်တော့။ ထို့ပြင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းများကို ဂရုစိုက်ကာ အိမ်မှာနေရန်သာ ရှိတော့သည်ဟု စတင်ပြောလာကြပါသည်။ ထိုအချိန်တွင် ဤအာယသ်တော်ကျရောက်ခဲ့ပြီးနောက် ‘ပျက်စီးစေရာ ရောက်ခြင်း’ဆိုသည်မှာ ဂျိဟားဒ်ကို စွန့်လွှတ်ခြင်းပင်ဖြစ်သည်ဟု ဤနေရာတွင် ထင်ရှားစေသည်။ မုစ်လင်မ်ဘဝ များမှ ဂျိဟားဒ်ကို ပယ်ထုတ်ခြင်းသည် ၎င်းတို့၏ဂုဏ်သရေနိမ့်ကျခြင်းနှင့် ပျက်စီးခြင်း၏အကြောင်းရင်း ဖြစ်သည်ကို ဤသည်က သက်သေခံနေသည်။ ထို့ကြောင့် သာဝကကြီးအဗူအိုက်ယွတ်ဗ အာန်ဆွာရီ(ﷺ) သခင်သည် ဘဝတစ်လျှောက်လုံး ဂျိဟားဒ်တွင် အချိန်ပေးခဲ့၍ မဒီနဟ်မြို့နှင့် အိမ်ရာကိုပင် စွန့်ခွာခဲ့ပါသည်။ မည်၍မည်မျှ စွန့်ခွာထွက်ခဲ့သနည်းဟူမူ တူရကီနိုင်ငံ (ကွန်စတန်တီနိုဗယ်) အစ္စတန်ဘူမြို့တွင် ဘဝသက်တမ်း ကုန်ဆုံးသည်ထိပင်ဖြစ်ခဲ့သည်။ ထိုမြို့တွင် ဆွဟာဗဟ်သာဝကကြီးကို မြှုပ်နှံသင်္ဂြိုဟ်ခဲ့ရသည်။

စိုက်ယိဒိနာ အိဗ်နိအဗွားစ်၊ ဟုဒိုင်ဖာ့ဟ်၊ ကသာဒဟ်၊ မုဂျာဟိဒ်နှင့် ဒွဟာက် အစရှိသော ကနဦး အစောပိုင်းသဖ်စီရ်ဋီကာရှင်များကလည်း ဤအာယသ်တော်၏ အဓိပ္ပာယ်နှင့်ပတ်သက်၍ ဖွင့်ဆိုရာတွင် အထက်ပါနည်းနှင့်နှင် ဖွင့်ဆိုခဲ့ကြပါသည်။ စိုက်ယိဒိနာ ဗရာ့အ်အိဗ်နိအာဇီဗ်က မိန့်ကြားသည်မှာ အလ္လာဟ် အရှင်မြတ်၏ သနားညှာတာမှုနှင့် ခွင့်လွှတ်ချမ်းသာပေးမှုအပေါ် မျှော်လင့်ချက်ကင်းမဲ့ခြင်းသည် မိမိသဘော အလျောက် ပျက်စီးရာပျက်စီးကြောင်းကို ဦးတည်ပါသည်။ ထို့ကြောင့် ခွင့်လွှတ်ချမ်းသာပေးမှုအပေါ် မျှော်လင့်ချက် ကင်းမဲ့ခြင်းကို တားမြစ်ထားသည်။ အခြားဋီကာရှင်များက မိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲရာ၌ သတ်မှတ်ချက်ထက် လွန်ကဲစွာသုံးစွဲခဲ့ခြင်းကြောင့် မိသားစုရပိုင်ခွင့်များကို ထိပါးစေနိုင်ပါသည်။ ထိုကဲ့သို့သော အပြုအမူသည် မိမိကိုယ်ကိုမိမိ ပျက်စီးရာရောက်စေသဖြင့် လွန်ကဲစွာသုံးစွဲခြင်းကိုလည်း ခွင့်မပြုချေ။ အခြားသော ဋီကာရှင်များက ဤအာယသ်တော်သည် တစ်စုံတစ်ဦးက ရန်သူကိုမိမိတစ်ဦးတည်း ဆန့်ကျင် တိုက်ခိုက်ရာတွင် ရန်သူလက်တွင်သေဆုံးသည်မှအပ ဘာမျှမလုပ်နိုင်သောအခြေအနေမျိုးတွင် မိမိကစတင် တိုက်ခိုက်ခြင်းသည် တရားမဝင်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

ဤအာယသ်တော်နှင့်ပတ်သက်၍ အမျိုးမျိုးသော အဓိပ္ပာယ်ဖွင့်ဆိုချက်များရှိလင့်ကစား အလ်ဂျဆ်ဆွားဆ်ကျမ်းရှင်ကမူ ဤအာယသ်တော်မှ ဤဥပဒေသများအားလုံးကို အဓိပ္ပာယ်ကောက်ယူ၍ရကြောင်း မိန့်ကြားထားသည်။

အာယသ်တော်(၁၉၅)၏ နောက်ဆုံးဝါကျဖြစ်သော وَأَحْسِنُوٓا۟ إِنَّ ٱللَّهَ يُحِبُّ ٱلْمُحْسِنِينَ **'ထိုမှတစ်ပါး အသင်တို့သည် ကုသိုလ်တရားများကို ပြုလုပ်ကြကုန်။ မုချကေန် အလ္လာဟ်အရှင်မြတ်သည် ကုသိုလ်ကောင်းမှု ပြုလုပ်သူများကို နှစ်သက်တော်မူသည်'**သည် အရာရာတိုင်းကို ကောင်းမွန်စွာပြုလုပ်ရန် စွဲဆောင်မှုတစ်ရပ် ပေးထားသည်။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်က 'အဲဟ်စာန်'ဟုခေါ်ဆိုထားသည်။ တစ်စုံတစ်ခုကို ကောင်းမွန်စွာပြုလုပ် ရာတွင် အသွင်သဏ္ဌာန်နှစ်မျိုးဖြစ်နိုင်သည်။ 'အဲဟ်စာန်'သည် 'အိဗာဒတ်' (ခဝတ်ကိုးကွယ်မှု) နှင့်ပတ်သက်လျှင် ယင်း၏ ရှင်းလင်းချက်ကို ဂျိဗရာအီလ်(عليه السلام)သခင်နှင့် ပတ်သက်သော ဟဒီးဆ်တစ်ပုဒ်တွင် တမန်တော်မြတ် (ﷺ)ကိုယ်တိုင်၏ ရှင်းလင်းမှုနှင့်သိနိုင်ပါသည်။ ထိုဟဒီးဆ်တွင် 'သင်အိဗာဒသ်လုပ်လျှင် သင်သည် အလ္လာဟ် အရှင်မြတ်ကို မြင်နေသည်ဟူ၍မှတ်ယူကာ ပြုလုပ်ပါ။ အကယ်၍ ထိုကဲ့သို့မလုပ်ဆောင်နိုင်လျှင် သင့်ကို အလ္လာဟ် အရှင်မြတ်က မြင်နေသည်ဟု အနည်းဆုံးယုံကြည်မှတ်ယူ၍ ပြုလုပ်ပါ'ဟူ၍ဖြစ်သည်။

'အဲဟ်စာန်'သည် လူမှုဆိုင်ရာ ဆက်ဆံမှုနှင့် အပေးအယူကိစ္စဖြစ်လျှင် တမန်တော်မြတ်(ﷺ)၏ 'အဲဟ်စာန်' ရှင်းလင်းချက်ကို ဆွဟာဗဟ်သာဝကကြီး မုအားဒ်(رضي الله عنه)အား မိန့်ကြားချက်ဖြင့်သိနိုင်သည်။ (မုစ်နာဒ် အဟ်မဒ်ကျမ်းတွင် ဆင့်ပြန်ထားသည်။) ယင်းမှာ 'သင်ကြိုက်နှစ်သက်သည်ကို အခြားသူများအတွက် ကြိုက်နှစ်သက်ကုန်။ ထိုနည်းတူ သင်မကြိုက်နှစ်သက်သည်ကိုလည်း အခြားသူများအတွက် မကြိုက်မနှစ်သက်ဟု မှတ်ယူရန်။ (မဇ်ဟရီ)

v v v v v v v

အာယသ် (၂ : ၁၉၆– ၂၀၃)

وَاَتِمُّوا الْحَجَّ وَالْعُمْرَةَ لِلّٰهِ ؕ فَاِنْ
اُحْصِرْتُمْ فَمَا اسْتَيْسَرَ مِنَ الْهَدْيِ ۚ وَلَا تَحْلِقُوْا رُءُوْسَكُمْ حَتّٰى
يَبْلُغَ الْهَدْيُ مَحِلَّهٗ ؕ فَمَنْ كَانَ مِنْكُمْ مَّرِيْضًا اَوْ بِهٖۤ اَذًى مِّنْ
رَّاْسِهٖ فَفِدْيَةٌ مِّنْ صِيَامٍ اَوْ صَدَقَةٍ اَوْ نُسُكٍ ۚ فَاِذَاۤ اَمِنْتُمْ ۪
فَمَنْ تَمَتَّعَ بِالْعُمْرَةِ اِلَى الْحَجِّ فَمَا اسْتَيْسَرَ مِنَ الْهَدْيِ ۚ فَمَنْ
لَّمْ يَجِدْ فَصِيَامُ ثَلٰثَةِ اَيَّامٍ فِى الْحَجِّ وَسَبْعَةٍ اِذَا رَجَعْتُمْ ؕ تِلْكَ
عَشَرَةٌ كَامِلَةٌ ؕ ذٰلِكَ لِمَنْ لَّمْ يَكُنْ اَهْلُهٗ حَاضِرِى الْمَسْجِدِ
الْحَرَامِ ؕ وَاتَّقُوا اللّٰهَ وَاعْلَمُوْۤا اَنَّ اللّٰهَ شَدِيْدُ الْعِقَابِ ﴿۱۹۶﴾ اَلْحَجُّ
اَشْهُرٌ مَّعْلُوْمٰتٌ ۚ فَمَنْ فَرَضَ فِيْهِنَّ الْحَجَّ فَلَا رَفَثَ وَلَا فُسُوْقَ
وَلَا جِدَالَ فِى الْحَجِّ ؕ وَمَا تَفْعَلُوْا مِنْ خَيْرٍ يَّعْلَمْهُ اللّٰهُ ؕ وَتَزَوَّدُوْا
فَاِنَّ خَيْرَ الزَّادِ التَّقْوٰى ۫ وَاتَّقُوْنِ يٰۤاُولِى الْاَلْبَابِ ﴿۱۹۷﴾
لَيْسَ عَلَيْكُمْ جُنَاحٌ اَنْ تَبْتَغُوْا فَضْلًا مِّنْ رَّبِّكُمْ ؕ
فَاِذَاۤ اَفَضْتُمْ مِّنْ عَرَفٰتٍ فَاذْكُرُوا اللّٰهَ عِنْدَ
الْمَشْعَرِ الْحَرَامِ ۪ وَاذْكُرُوْهُ كَمَا هَدٰىكُمْ ۚ وَاِنْ
كُنْتُمْ مِّنْ قَبْلِهٖ لَمِنَ الضَّآلِّيْنَ ﴿۱۹۸﴾ ثُمَّ اَفِيْضُوْا مِنْ
حَيْثُ اَفَاضَ النَّاسُ وَاسْتَغْفِرُوا اللّٰهَ ؕ اِنَّ اللّٰهَ

غَفُوْرٌ رَّحِيْمٌ ﴿١٩٩﴾ فَاِذَا قَضَيْتُمْ مَّنَاسِكَكُمْ
فَاذْكُرُوا اللّٰهَ كَذِكْرِكُمْ اٰبَآءَكُمْ اَوْ اَشَدَّ ذِكْرًا ؕ فَمِنَ
النَّاسِ مَنْ يَّقُوْلُ رَبَّنَآ اٰتِنَا فِى الدُّنْيَا وَمَا
لَهٗ فِى الْاٰخِرَةِ مِنْ خَلَاقٍ ﴿٢٠٠﴾ وَمِنْهُمْ مَّنْ يَّقُوْلُ
رَبَّنَآ اٰتِنَا فِى الدُّنْيَا حَسَنَةً وَّفِى الْاٰخِرَةِ حَسَنَةً وَّ
قِنَا عَذَابَ النَّارِ ﴿٢٠١﴾ اُولٰٓئِكَ لَهُمْ نَصِيْبٌ مِّمَّا كَسَبُوْا ؕ
وَاللّٰهُ سَرِيْعُ الْحِسَابِ ﴿٢٠٢﴾ وَاذْكُرُوا اللّٰهَ فِىْٓ
اَيَّامٍ مَّعْدُوْدٰتٍ ؕ فَمَنْ تَعَجَّلَ فِىْ يَوْمَيْنِ فَلَآ اِثْمَ
عَلَيْهِ ۚ وَمَنْ تَاَخَّرَ فَلَآ اِثْمَ عَلَيْهِ ۙ لِمَنِ
اتَّقٰى ؕ وَاتَّقُوا اللّٰهَ وَاعْلَمُوْٓا اَنَّكُمْ اِلَيْهِ تُحْشَرُوْنَ ﴿٢٠٣﴾

“ထိုမှတစ်ပါး အသင်တို့သည် ဟဂ်ျနှင့် အုမ်ရတ်ကို အလ္လာဟ်အရှင်ကိုသာလျှင် ရည်စူး၍ ပြည့်စုံပြီးစီးအောင်ပြုကြလေကုန်။ သို့ရာတွင် အကယ်၍သာ အသင်တို့သည် (အကြောင်းတစ်စုံတစ်ခုကြောင့် မက္ကာမြို့တော်သို့)မရောက်နိုင်ကြပါမူ (တားဆီးခြင်းခံကြရသော်) ကုရ်ဗာနီသားကောင်းများအနက်မှ လွယ်လင့်တကူရရှိသော သားကောင်ကိုပင် (အလ္လာဟ်အရှင်မြတ်၏ နာမတော်နှင့် ကုရ်ဗာနီ ပြုကြကုန်လော့)။ ထို့ပြင် ကုရ်ဗာနီသားကောင်သည် မိမိ၏ရောက်သင့်ရာစခန်းဖြစ်သော (မိနာ)သို့မရောက်မီကာလအတွင်း အသင်တို့သည် မိမိတို့ဦးခေါင်းများကို မရိတ်ကြနှင့်။ သို့ရာတွင် အသင်တို့အနက်မှ တစ်ဦးတစ်ယောက်သည် နာမကျန်းဖြစ်ခဲ့သော် သို့တည်းမဟုတ် ထိုသူ၏ဦးခေါင်း၌ တစ်စုံတစ်ခုသောအနာရောဂါစွဲကပ်ခဲ့သော် ထိုသူသည် ဥပုသ်သီတင်းဆောက်တည်ခြင်းအားဖြင့်သော်လည်းကောင်း၊ သူဆင်းရဲတို့အား စားသောက်ဖွယ်ရာများကို ပေးလှူခြင်းအားဖြင့်သော် လည်းကောင်း၊ သို့တည်းမဟုတ် (သားကောင်ကို အလ္လာဟ်အရှင်မြတ် နာမတော်ဖြင့်)လှီးဖြတ်ခြင်းအားဖြင့်

သော်လည်းကောင်း၊ အစားပေးကြရမည်။

**တစ်ဖန် အသင်တို့သည် ဘေးရန်ခပ်သိမ်းကင်းငြိမ်း၍ စိတ်အေးချမ်းသာ ရှိကြသော အခါ အုမ်ရတ်ကို ဟဂျ်နှင့်တွဲ၍ အကျိုးခံစားသူသည်လည်း မိမိ တတ်စွမ်းနိုင်သော ကုရ်ဗာနီသားကောင်(ကို - အလ္လာဟ်အရှင်မြတ်၏ နာမတော်နှင့် လှီးဖြတ်ရပေမည်။) သို့သော် ကုရ်ဗာနီသားကောင် မရရှိသော သူသည် ဟဂျ် ရက်များအတွင်းတွင် သုံးရက် (ဟဂျ်ပြုပြီး မိမိတို့မြို့ရွာများသို့) ပြန်လည်ရောက် ရှိသောအခါ ခုနှစ်ရက် ဥပုသ်သီလဆောက်တည်ရမည်။ ဤသည် (သုံးရက်နှင့် ခုနှစ်ရက်ပေါင်း) ဆယ်ရက်တိတိဖြစ်၏။ ထို(ကဲ့သို့ အုမ်ရတ်နှင့်ဟဂျ်ကို ပေါင်းစပ်၍ပြုရန်)အမိန့်တော်သည် ရှိသေကိုင်းညွတ် ထိုက်သော (ကအ်ဗဟ်) ဗလီကျောင်တော်၏အနီးအပါး [(ဝါ) မက္ကာဟ်မြို့တော်]၌ အိမ်ထောင်သားစုမရှိသော (အရပ်တစ်ပါးမှ လာကြကုန်သော)သူတို့အဖို့သာတည်း။ ထို့ပြင်တစ်ဝအသင်တို့သည် (ဤအမိန့်တော်ရပ်များကို လိုက်နာကျင့်မူ ကြရာ၌) အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေကာ ပြစ်မှုဒုစရိုက်များမှ ကြဉ်ရှောင်ကြကုန်လော့။ မုချကေန် အလ္လာဟ်အရှင်မြတ်သည် (ပြစ်မှုကျူးလွန် သူတို့အား) ပြင်းပြစွာ အပြစ်ဒဏ်ပေးတော်မူမည့် အရှင်ဖြစ်တော်မူသည်ကို သင်တို့မှတ်ယူကြကုန်။" (၂း၁၉၆)**

**"ဟဂျ်ပြုလုပ်ရန်လများကား (အများ)သိရှိပြီးဖြစ်သောလများပင်ဖြစ်ချေသည်။ သို့ဖြစ်လေရာ အကြင်သူသည် ထိုလများ၌ ဟဂျ်ပြုလုပ်ရန် စိတ်ပြဋ္ဌာန်းခဲ့ပါလျှင် ထိုသူသည် ဟဂျ်အတွင်းတွင် (အိဟ်ရာမ်ဝတ်ရုံထားသည့်အခါ၌ မေထုန်သံဝါသပြုလုပ်ရန်ဝေးစွ) ကာမဂုဏ်နှင့်သက်ဆိုင်သည့် ညစ်ညမ်းသော စကားကိုပင် အလျင်းမသုံးရ။ မည်သည့်ဆိုးသွမ်းမှုကိုလည်း အလျင်းမပြုရ။ မည်သည့်ငြင်းခုံခိုက်ရန်ပွားမှုကိုလည်း အလျင်းမပြုရ။ အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် အသင်တို့ပြုလုပ်ကြကုန်သော မည်သည့်ကောင်းမှုကိုမဆို သိရှိတော်မူလေသည်။**

**ထိုမှတစ်ပါး အသင်တို့သည် (ဟဂျ်ပြုလုပ်ရန် ခရီးထွက်ရာ၌) စားနပ်ရိက္ခာ (ခရီးစရိတ်)စသည်များကို (လုံလောက်စွာ)ဆောင်ယူကြကုန်လော့။ အမှန်စင်စစ် အမွန်မြတ်ဆုံးသော စားနပ်ရိက္ခာ (ခရီးစရိတ်)မှာ (ဒုစရိုက်မှုတို့မှလည်းကောင်း၊ အကြောင်းမဲ့လက်ဖြန့်တောင်းရမ်းစားသုံးခြင်းမှလည်းကောင်း) ကြဉ်ရှောင်ခြင်း ပင်တည်း။ သို့အတွက်ကြောင့် အို - ဆင်ခြင်တုံတရားနှင့် ပြည့်စုံသော နိသမ္မဉာဏ်ရှင် အပေါင်းတို့၊ အသင်တို့သည် ငါအရှင်မြတ်ကို ကြောက်ရွံ့ရိုသေခန့်ညားကြကုန်လော့။" (၂း၁၉၇)**

“(ဟဂျ်အချိန်တွင်) အသင်တို့သည် မိမိတို့အား မွေးမြူတော်မူသော အရှင်မြတ် အထံတော်မှ အသင်တို့အဖို့ သတ်မှတ် (ပြဋ္ဌာန်းထားတော်မူသော) စီးပွားကို ရှာဖွေ ကြသည့်အတွက် အသင်တို့အပေါ်၌ တစ်စုံတစ်ရာအပြစ်မရှိချေ။

**တစ်ဖန် အသင်တို့သည် ‘အရဖာသ်’မှ အစုလိုက်ပြန်လာကြသောအခါ မရှ်အရိ ဟရာမ် အနီးအပါးတွင် အလ္လာဟ်အရှင်မြတ်ကို တသကြကုန်။ အသင်တို့သည် ထိုအရှင်က အသင်တို့ကို ညွှန်ကြားပြသတော်မူသည့်အတိုင်း ထိုအရှင်မြတ်** အား တသကြကုန်။ အမှန်သော်ကား အသင်တို့သည် ယင်းကဲ့သို့ ထိုအရှင်မြတ် က ညွှန်ကြားပြသတော် မမူမီ မုချမသိလမ်းလွဲသူများဖြစ်ခဲ့ကြပေသည်။” (၂း၁၉၈)

“ထို့နောက် လူများအစုလိုက်ပြန်လာကြသောနေရာ (အရဖာသ်)မှ အသင်တို့ သည်လည်း (သွားရောက်၍) ပြန်လာကြကုန်လော့။ ထိုမှတစ်ပါး အသင်တို့ သည် (မိမိတို့အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့်ရရှိရန်အလို့ငှာ အလ္လာဟ် အရှင်မြတ်၏ အထံတော်၌ လျှောက်ထားအသနားခံကြကုန်လော့။ မုချဧကန် အလ္လာဟ်အရှင်မြတ် သည် အဖန်တလဲလဲ လွတ်ငြိမ်းချမ်းသာခွင့်ပေးနားတော် မူထသောအရှင်၊ အစဉ် သနားကြင်နာညှာတာတော်မူထသောအရှင်ဖြစ်တော် မူလေသတည်း။” (၂း၁၉၉)

**“ထို့နောက်အသင်တို့သည် (ဟဂျ်နှင့်သက်ဆိုင်သော) မိမိတို့၏ ကျင့်စဉ် ကျင့်ရပ်များကို ဆောင်ရွက်ပြီးကြသောအခါ၌ (အတိတ်ခေတ်များတွင်) မိမိတို့၏ ဘိုးဘေးများကို တသခြင်းပြုကြသကဲ့သို့ အသင်တို့သည် အလ္လာဟ်** အရှင်မြတ်အား တသကြကုန်။ ဤမျှမက (မိမိတို့၏ ဘိုးဘေးများကို တသခြင်း ပြုကြသည်ထက်ပင်)ပို၍ (အလ္လာဟ် အရှင်မြတ်အား) အောက်မေ့တသ ကြကုန်။ သို့သော် လူသားတို့အနက် အချို့သည် (အလ္လာဟ်အရှင်မြတ် ထံတော်၌) အို- ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော် မျိုးတို့အား ပေးလိုတော်မူသော ကောင်းကျိုးများကို) ဤဘဝ၌ပင် (လောလောဆယ်) ပေးသနား တော်မူပါဟူ၍ ဆုပန်ကြ ကုန်၏။ သို့ဖြစ်ရာ ထိုကဲ့သို့ဆုပန်သောသူများအဖို့ နောင်တမလွန်ဘဝတွင်ပင် (အကျိုးခံစားရန်) တစ်စုံတစ်ရာဝေစုဝေပုံရှိမည် မဟုတ်ပေ။” (၂း၂၀၀)

“ထို့ပြင်တစ်ဝ ယင်းတို့အနက်မှပင် အချို့သောပုဂ္ဂိုလ်တို့သည် (ပစ္စုပ္ပန်နှင့် တမလွန်ဘဝ နှစ်ဌာနလုံး၏ သုခချမ်းသာများကိုရွေးရှုကာ) အို - ကျွန်တော်မျိုး တို့အား မွေးမြူတော် မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို ဤပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း၊ (နှစ်ဘဝလုံး

**၌ပင်) ကောင်းကျိုးချမ်းသာ မင်္ဂလာများကို ပေးသနားတော်မူပါ။ ငရဲမီး၏ ဘေး ဒဏ်မှလည်း ကယ်ဆယ်တော်မူပါ ဟု ဆုတောင်းပတ္ထနာပြုကြလေသည်။"** (၂း၂၀၁)

**"ဤသူများသည် နှစ်ဘဝလုံး၌ပင် မိမိတို့ပြုကျင့်ခဲ့ကြသော အကျင့်သီလတို့၏ ကုသိုလ်အကျိုးများကို ရရှိကြမည့်သူများတည်း။ အလ္လာဟ်အရှင်မြတ်သည် စောလျင်စွာ စစ်ဆေးမေးမြန်းတော်မူမည့် အရှင်ဖြစ်တော်မူ၏။"** (၂း၂၀၂)

**"ထိုမှတစ်ပါးတုံ အသင်တို့သည် သတ်မှတ်ထားသောနေ့များတွင် အလ္လာဟ် အရှင်မြတ်အား သတိရကြကုန်လော့။ သို့ရာတွင် အကြင်သူသည် နှစ်ရက် အတွင်း၌ ပင် အလျင်တဆောပြန်ခဲ့သော် ထိုသူ့အပေါ်ဝယ် တစ်စုံတစ်ရာ အပြစ်မရှိချေ။ ထိုနည်းတူစွာ အကြင်သူသည် နှောင့်နှေးကြန့်ကြာခဲ့ပါမူ ထိုသူ့ အပေါ်၌လည်း တစ်စုံတစ်ရာအပြစ်မရှိချေ။ (ယင်းကဲ့သို့ ခွင့်ပြုခြင်းသည်) ပြစ်မှုဒုစရိုက်တို့မှ ရှောင်ရှားသူတို့အတွက်သာဖြစ်သည်။ ထို့ကြောင့် အသင် တို့သည် အလ္လာဟ်အရှင်မြတ် ကို ကြောက်ရွံ့ရိုသေကာ ပြစ်မှုဒုစရိုက်တို့ကို ကြဉ်ရှောင်ကြကုန်။ ထိုမှတစ်ပါး အသင်တို့သည် ထိုအရှင်မြတ်၏ အထံတော်၌ ပင် စုရုံးကြရမည်ကိုလည်း(ကောင်းစွာ) သိထားကြကုန်။"** (၂း၂၀၃)

## ဟဂျ်နှင့်အုမ်ရာဟ်တို့နှင့် သက်ဆိုင်သော အဓိန့်ပညတ်များ

အာယသ်တော်(၁၇၇)မှစတင်လာခဲ့သော 'ဖြောင့်မတ်မှန်ကန်ခြင်း'ခေါင်းစဉ်အောက်မှ ပေါ်ထွက်လာခဲ့ သော အဓိန့်ပညတ်ချက်များထဲတွင် ဟဂျ်နှင့် သက်ဆိုင်သောအဓိန့်ပညတ်ချက်သည် တစ်ဆယ့်တစ်မြောက် ဖြစ်သည်။ ဟဂျ်ပြုလုပ်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အိမ်တော် ကအ်ဗဟ်နှင့် မက္ကာဟ်ရွှေမြို့တော်တို့ ဆက်စပ်လျက်ရှိသောကြောင့် အချို့ထင်ရှားသော ကိစ္စရပ်များကို စူရတ်ဘကရတ်၏ အာယသ်တော်(၁၂၅) မှ (၁၂၈)ထိတွင် ကိဗ်လဟ်အကြောင်းရှင်းစဉ်က ဖော်ပြခဲ့ပြီးဖြစ်သည်။ ဟဂျ်နှင့်ပတ်သက်သော အကြောင်းအရာ များတွင် **وَإِذْ جَعَلْنَا الْبَيْتَ مَثَابَةً** တွင် စတင်၍ **وَأَرِنَا مَنَاسِكَنَا** တွင် အဆုံးသတ်သည်။ ထို့နောက် ကိဗ်လဟ် အကြောင်း အဆုံးသတ်ခါနီး အာယသ်တော် (၁၅၈) **إِنَّ الصَّفَا وَالْمَرْوَةَ** ဆွဖါနှင့် မရ်ဝဟ်ကြား စအီ ပြေးခြင်းပညတ်ချက်များကို ဆက်နွယ်မှုတစ်ရပ်အဖြစ်ဖော်ပြထားခဲ့သည်။ ယခုအာယသ်တော် (၁၉၆-၂၀၃) **فَمَنْ تَعَجَّلَ فِي يَوْمَيْنِ** မှ **أَتِمُّوا الْحَجَّ وَالْعُمْرَةَ** ထိ ဆက်တိုက်ဖော်ပြထားသော အာယသ်တော်ရှစ်ခုတွင် ဟဂျ်နှင့် အုမ်ရာဟ်တို့နှင့်သတ်ဆိုင်သော အဓိန့်ပညတ်ချက်များကို ဖော်ပြထားပါသည်။

မုစ်လင်မ်အုမ္မသ်ထုတစ်ရပ်လုံး ခိုင်မာစွာသဘောတူညီကြသည်မှာ ဟဂျ်သည် အစွမ်းသတ္တိရှိသူ များထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အခြေခံကျ၍ အရေးကြီးသော မပြုမနေရ တာဝန်တစ်ရပ်ဖြစ်သည်။ ဤကိစ္စ နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်မြောက်များစွာတွင် ထင်ရှားစွာအလေးအနက်ပြု ဖော်ပြထားသကဲ့သို့ ခိုင်လုံစစ်မှန်သော ဟဒီးဆ်ဩဝါဒတော်များစွာတွင်လည်း ဖော်ပြထားပါသည်။

အများစု၏ ထင်မြင်ယူချက်အရ ဟဂ်သည် အုဟုဒ်စစ်ပွဲဖြစ်ပွားခဲ့သော ဟစ်ဂျရီခုနှစ်(၃)ခုနှစ်မှ စတင်၍မလုပ်မနေရတာဝန်အဖြစ် သတ်မှတ်ခဲ့ရကြောင်း စူရတ် အလ်အင်မ်ရာမ်တွင်ပါရှိသော အာယသ် (၉၇) **وَلِلَّهِ عَلَى النَّاسِ حِجُّ الْبَيْتِ** (အလ္လာဟ်အရှင်မြတ် (နှစ်သက်တော်မူရန်)အတွက် ထိုအိမ်တော်သို့ သွားရောက်ဟဂ်ပြုရန် (ထိုသူပေါ်၌) တာဝန်ရှိပေသည်'ဟူ၍ ဖော်ပြထားသည်။ (အိဗနိကဆီး၏)

ဤအာယသ်တော်ထဲတွင် ဟဂ်မပြုမနေရတာဝန်၏ အခြေအနေများပါဝင်ပြီး ဟဂ်ပြုနိုင်စွမ်းရှိပါလျက်နှင့် မပြုလုပ်သူများအတွက် ပြင်းပြင်းထန်ထန် သတိပေးထားမှုတစ်ရပ်လည်းပါဝင်လေသည်။

ကျွန်ုပ်တို့ မျက်မှောက်ရှိ အာယသ်တော် (၈)ခုမှ ပထမအာယသ်တော်ဖြစ်သည့် **وَأَتِمُّوا الْحَجَّ وَالْعُمْرَةَ (ထိုမှတစ်ပါး အသင်တို့သည် ဟဂ်နှင့် အုမ်ရတ်ကို အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ရည်စူး၍ ပြည့်စုံပြီးစီးအောင် ပြုကြလေကုန်)**သည် ဟစ်ဂျရီ(၇)ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဟုဒိုင်ဗိယဟ် အရေးအခင်းနှင့် နီးနွယ်ဆက်စပ်ကာ ကျရောက်ခဲ့သော အာယသ်ဖြစ်သည်ဟု အကျယ်ဖွင့်ဆိုသူအများက သဘောတူညီခဲ့ကြသည်။ ဤအချက်က ကျွန်ုပ်တို့ကို ပြောသည်မှာ ဤအာယသ်တော်ကျရောက်ခြင်း၏ ရည်ရွယ်ချက်သည် အမိန့်ထုတ်ပြန်ပြီးသော ဟဂ်ပြုလုပ်ခြင်း မလုပ်မနေရတာဝန်ဖြစ်ကြောင်း ထပ်မံကြေညာရန် မဟုတ်ပါ။ ရည်ရွယ်ရင်းမှာ ဟဂ်နှင့် အုမ်ရတ် တို့နှင့်ပတ်သက်၍ အထူးအမိန့်ပညတ်ချက်အချို့ကို သိစေရန်ဖြစ်သည်။

## အုမ်ရတ်နှင့်ဆိုင်သော အမိန့်ပညတ်ချက်

မည်သို့ပင်ဆိုစေကာမူ စူရတ်အာလိအင်မ်ရာမ်ထဲတွင် ကြေညာထားသောဟဂ်ျ မပြုမနေရ ဟဂ်ျကို သာလျှင် ဖော်ပြထားခြင်းဖြစ်၍ အုမ်ရတ်အကြောင်းမပါဝင်ပါ။ သို့သော် ယခုအာယသ်ထဲတွင် အုမ်ရတ်အကြောင်း ဖော်ပြထားသော်လည်း ထိုအုမ်ရတ်ပြုလုပ်ခြင်းသည် ဝါဂျိဗ်ဟူ၍လည်းကောင်း၊ ဖရသ်ဖွဟူ၍လည်းကောင်း ဖော်ပြမထားပါ။ အာယသ်တော်က မိန့်ကြားသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည် အိဟ်ရာမ်ဝတ်ဆင်၍ ဟဂ်ျ (သို့) အုမ်ရတ်ပြုလုပ်ရန် စတင်ခဲ့သည်ရှိသော် ပြီးစီးအောင်လုပ်ဆောင်ရန် ဝါဂျိဗ်ဖြစ်သည်။ ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် နဖိလ်ဆွလာသ်ဝတ်ပြုဆောက်တည်သည်ဖြစ်စေ၊ နဖိလ် စောင်မ် ဥပုသ်သီလဆောက်တည်သည်ဖြစ်စေ အစပြုခဲ့လျှင် ဆုံးခန်းတိုင် ပြုလုပ်ပေးခြင်းမှာ ဝါဂျိဗ်ဖြစ်လေသည်။ ထို့ကြောင့် အုမ်ရတ်သည် ဝါဂျိဗ်ဖြစ်သလော၊ မဖြစ်သလောဟူသည့်မေးခွန်း၏အဖြေကို ဤအာယသ်တော်ထဲတွင် ကျွန်ုပ်တို့မတွေ့ရပါ။ ဤအာယသ်တော်ထဲမှ အကြင်သူတစ်ဦးသည် ဤကိစ္စတစ်ရပ်ကိုအစပြုလိုက်ပါက အဆုံးသတ်ရန်မှာ သူ့အတွက် ဝါဂျိဗ်ဖြစ်ကြောင်းကို ကျွန်ုပ်တို့အား ရိုးရှင်းစွာ မိန့်ကြားထားသည်။

ဆွဟာဗဟ် သာဝကကြီး ဂျာဗိရ်(**رضى الله عنه**)သခင်၏ ဆင့်ပြန်ချက်ကို အလ်သိရ်မိဓိ၊ အဟ်မဒ်နှင့် အလ်ဗိုင်ဟကီကျမ်းများကိုညွှန်း၍ အိဗနိကဆီးရ်က ကိုးကားတင်ပြသည်မှာ ဆွဟာဗဟ်ဂျာဗိရ်(**رضى الله عنه**)က တမန်တော်မြတ်(ﷺ) သခင်ထံ အုမ်ရတ်သည် ဝါဂျိဗ်ဖြစ်ပါသလားဟု မေးလျှောက်ခဲ့သည်။ တမန်တော်မြတ်(ﷺ) မိန့်ကြားသည်မှာ 'ဝါဂျိဗ်ကားမဟုတ်ချေ။ သို့သော် သင်ပြုလုပ်ခဲ့လျှင်ကား မွန်မြတ်၍ ကုသိုလ်ရသည်'ဟူ၍ ဖြစ်သည်။ (အလ်သိရ် မိဇီ၏အဆိုအရ ဤဟဒီးဆ်တော်ကို ဟစမ် စဟီမ်ဟုဆိုသည်။) ထို့ကြောင့် အိမာမ် အဗူဟနီဖဟ်၊ အိမာမ်မာလစ် နှင့်အခြားသူများက'အုမ်ရတ်'သည်ဝါဂျိဗ်မဟုတ်၊ စွန္ဒသ်တော်တစ်ရပ်သာဖြစ်ကြောင်း

မိန့်ကြားခဲ့သည်။ ဤအာယသ်တော်ပါ အမိန့်ဖြစ်သော အိဟ်ရာမ်ဝတ်ဆင်၍ ဟဂ်ျနှင့် အုမ်ရတ်စလုပ်ခဲ့လျှင် အဆုံးသတ်ရန် ဝါဂိုဗ်ဖြစ်သည်ဟူသောအချက်၌ အခက်အခဲတချို့တွေ့ရ၍ ဟဂ်ျနှင့်အုမ်ရတ်ကို ပြီးဆုံးအောင်မပြုလုပ်နိုင်ခဲ့ လျှင် ကျွန်ုပ်တို့ ဘာလုပ်ရမည်နည်းဟူသော မေးစရာကိစ္စတစ်ရပ်ပေါ်ပေါက်လာပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးများတွင် မည်ကဲ့သို့ပြုလုပ်ရမည်ကို 'သို့ရာတွင် အကယ်၍သာ အသင်တို့သည် တားဆီးခြင်းခံကြ ရသော်'ဟူသော အစပြုထားသော ဝါကျထဲတွင် ရှင်းလင်းထားပါသည်။

## အိဟ်ရာမ်နှင့်သက်ဆိုင်သော ဥပဒေများ

ဤအာယသ်တော်သည် တမန်တော်မြတ်(ﷺ)သခင်နှင့် ဆွဟာဗဟ်သာဝကကြီးများ အိဟ်ရာမ်ဝတ်ဆင်၍ အုမ်ရတ်ပြုလုပ်ရန် မက္ကာဟ်မြို့တွင်းဝင်ရောက်ရာတွင် မက္ကာဟ်မြို့ရှိ ကာဖိရ်သွေဖည်ငြင်းပယ်သူများက တားဆီးခဲ့သော ဟုဒိုင်ဗိယာဟ်အရေးအခင်းနှင့်သက်ဆိုင်ပါသည်။

အိဟ်ရာမ်ဝတ်ဆင်ခြင်းမှ ချွတ်ပြစ်ရန်အတွက် ဒဏ်ကြေးဖိဒ်ယာဟ်ပေးဆောင်ရန် အမိန့်ပညတ်ချက်ကျရောက်ခဲ့ပါသည်။ ယင်းဖိဒ်ယာဟ်မှာ ဆိတ်၊ နွား၊ သိုး၊ ကုလားအုတ် အလွယ်တကူရရာတစ်ကောင်ကို အလျှာဟ်အရှင်မြတ်နာမတော်ဖြင့် ကုရ်ဗာနီ စွန့်လှူလိုးဖြတ်ခြင်းပင်ဖြစ်သည်။ သားကောင်ကို ကုရ်ဗာန် စွန့်လှူလိုးဖြတ်ပြီးနောက် အိဟ်ရာမ်ဝတ်ရုံကို ချွတ်၍ရပါသည်။ သို့သော်လည်း နောက်ဝါကျဖြစ်သော **وَلَا تَحْلِقُوا رُءُوسَكُمْ** (အသင်တို့သည် မိမိတို့ ဦးခေါင်းများကို မရိတ်ကြနှင့်)က ညွှန်းသည်မှာ ဆံပင်ရိတ်ပြီး (သို့) ခေါင်းပေါ်မှ ဆံပင်ကိုတိုဖြတ်ပြီးနောက်မှသာလျှင် အိဟ်ရာမ်ကို ချွတ်နိုင်ကာ တရားဝင်နိုင်ကြောင်း မိန့်ဆိုထားသည်။ သို့သော် အိဟ်ရာမ်ဝတ်ဆင်ထားသောသူအတွက် စွန့်လှူမည့်သားကောင်သည် သတ်မှတ်ထားသောနေရာတွင်ရောက်ရှိကာ အမှန်တကယ် စွန့်လှူလိုးဖြတ်မပြီးမီ အိဟ်ရာမ်ကိုချွတ်ခွင့်မရှိချေ။

'သတ်မှတ်ထားသောနေရာရောက်ရှိသည်'ဟူသော ဖော်ပြချက်မှာ အိမာမ်အဗူဟနီဖာဟ်သခင်၏ အဆိုအရ ဟရမ်၏ မြင့်မြတ်သောပရဝုဏ်အတွင်းသို့ ယူဆောင်ကာ ထိုနေရာတွင် စွန့်လှူလိုးဖြတ်ခြင်းဟု ဆိုလိုသည်။ အကယ်၍ တစ်စုံတစ်ဦးသည် ကိုယ်တိုင်မဆောင်ရွက်နိုင်ပါက အခြားသူတစ်ဦးအား သူ၏ကိုယ်စား ဆောင်ရွက်ရန် လွှဲအပ်နိုင်သည်။ ဤအာယသ်တော်ထဲတွင် ရန်သူတစ်ဦး၏ တားဆီးခံရခြင်းကြောင့် ဖြစ်ပေါ်လာသော အခြေအနေကို ရှင်းလင်းစွာဖော်ပြထားသည်။ အကယ်၍ တစ်စုံတစ်ဦးသည် အိဟ်ရာမ်ဝတ်ဆင်၍ ဟဂ်ျ ဖြစ်စေ အုမ်ရတ်ကိုဖြစ်စေ၊ နာမကျန်းဖြစ်ခြင်းကြောင့် ပြီးမြောက်အောင် မဆောင်ရွက်နိုင်ခဲ့လျှင် ဤအာယသ်တော်အားဖြင့် ပေးအပ်ထားသော ကင်းလွတ်ခွင့်ကို ခံစားနိုင်သည်ဟု အိမာမ်အဗူဟနီဖာဟ်နှင့် အခြားသောဓမ္မသတ်ပညာရှင်များက ယူဆကြပါသည်။

အဘယ့်ကြောင့်ဆိုသော် 'အကယ်၍ အသင်သည် တားဆီးခံရပါက'ဟူသော စကားစုသည် အလွန်ယေဘုယျကျကာ နာမကျန်းဖြစ်ခြင်းကလည်း တားဆီးခံရသည့်အဖြစ်နှင့် အကျုံးဝင်သွားသည်။

အာယသ်တော်ပါ ညွှန်ကြားချက်များကို ကိုယ်တော်မြတ်(ﷺ)သခင် လိုက်နာကျင့်သုံးခဲ့သည့် အပြုအမူသည် ရှင်းလင်းသည်။ အရေးပေါ်အခြေအနေတစ်ရပ်ကြောင့် အိဟ်ရာမ်ကို သားကောင်အား စွန့်လှူလိုးဖြတ်ပြီးနောက်

ချွတ်နိုင်ခွင့်ရှိခဲ့သော်လည်း နောင်တစ်ချိန်တွင် အခြေအနေကောင်းမွန်လာခဲ့ပါက ကဇာဟဂျ် ဖြစ်စေ ကဇာအုပ်ရတ်ဖြစ်စေ အသစ်ပြုလုပ်ရန် တာဝန်တင်ရှိနေပေလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဟုဒိုင်ဗီယတ်အရေးအခင်းကြောင့် လွတ်ခဲ့သော အုပ်ရတ်ကို တမန်တော်မြတ်(ﷺ)သခင်နှင့် ဆွဟာဗတ်သာဝကကြီးများက နောက်နှစ်တွင် ကဇာအုပ်ရတ်အစား ဖြည့်ဆည်းလုပ်ဆောင်ခဲ့ကြသည်။

ဤအာယသ်တော်ထဲတွင် ဦးခေါင်းရိတ်ခြင်းသည် အိဟ်ရာမ်ချွတ်ရန်အတွက် သင်္ကေတ အဖြစ်သတ်မှတ်ခဲ့သည်။ ယင်းမှ ညွှန်းသည်မှာ အိဟ်ရာမ်ချွတ်ရန် အချိန်မတိုင်မီ ခေါင်းရိတ်ခြင်း(ဟလ်ဂ်) (သို့) ဆံပင်တိုဖြတ်ခြင်း(ကတ်စ်ရ်)ကို တားမြစ်ထားသည်။ ဤရှုထောင့်ကြောင့် နောက်ထပ် အမိန့်ပညတ်ချက်မှာ တစ်စုံတစ်ယောက် အိဟ်ရာမ်ဝတ်စဉ်ထားစဉ် မဖြစ်မနေ ခေါင်းရိတ်ရမည့်ကိစ္စ အတွက် ကျွန်ုပ်တို့အား နည်းလမ်းပြောကြားထားသည်။

## အိဟ်ရာမ်ဝတ်ဆင်ထားစဉ် အမွှေးအမျှင်ရိတ်နိုင်သလား၊

ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် မိန့်ကြားထားသည်မှာ **'فَمَنْ كَانَ مِنْكُمْ مَّرِيْضًا أَوْ بِهٖٓ أَذًى مِّنْ رَّأْسِهٖ'** အကယ်၍ တစ်စုံတစ်ဦးသည် ရောဂါဝေဒနာကြောင့်ဖြစ်စေ၊ သန်းထူ၍ဖြစ်စေ၊ ဦးခေါင်းတွင်သော်လည်းကောင်း ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုခုတွင်သော်လည်းကောင်း အမွှေးအမျှင်များကို မရိတ်မနေ ရိတ်ရမည့်အခြေအနေပေါ်ပေါက်လာပါက လိုအပ်သည်ထက်မပိုဘဲ ရိတ်ဖြတ်နိုင်ခွင့်ရှိသည်။ သို့သော်လည်း ယင်းအတွက် ဒဏ်ကြေးဖိဒ်ယတ်အဖြစ် ဥပုသ်သီလ ဆောက်တည်ခြင်းကိုဖြစ်စေ၊ လျှဒါန်းပေးကမ်းခြင်း ကိုဖြစ်စေသားကောင်းကို အလွှာတ်အရှင်မြတ်အတွက် စွန့်လွှတ်ဖြတ်ခြင်းကိုဖြစ်စေပြုလုပ်ရမည်။ ဒဏ်ကြေးဖိဒ်ယတ်အတွက် သားကောင်လှီးဖြတ်ရန်မှာ ဟရမ်၏ ပရဝုဏ်ထဲတွင် သာဖြစ်ရမည်ဟု သတ်မှတ် ထားပါသည်။ ဒဏ်ကြေး ဖိဒ်ယတ်အတွက် ဥပုသ်သီလ ဆောက်တည်ခြင်းနှင့် အလှူဒါနပြုခြင်းကိုမူ မည်သည့်နေရာတွင်ပြုလုပ်ရမည်ဟု သတ်မှတ်မထားပါ။ ဤမပြုမနေရတာဝန်ကို မည်သည့်နေရာတွင်မဆို ပြုလုပ်ဆောင် ရွက်နိုင်ပါသည်။ ဒဏ်ကြေးအတွက် ဥပုသ်သီလမည်မျှဆိုသည်နှင့် အလှူဒါန မည်ရွေ့မည်မျှ ပမာဏကိုမူ ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများထဲ၌ ညွှန်းဆိုထားသည်ကို မတွေ့ရပါ။ သို့ရာတွင် အလားတူ အခြေ အနေမျိုးနှင့် ကြုံတွေ့ခဲ့ရသော ဆွဟာဗတ်သာဝကကြီးကအာဗ် အိဗ်နိအုဂ်ရတ်(ﷺ)နှင့်ပတ်သက်၍ တမန်တော်မြတ် (ﷺ)သခင်၏ မိန့်ဆိုချက်ကို ဆွဟီးဒ် အလ်ဗုဒါရီကျမ်း၏ ဟဒီးဆ်တစ်ပုဒ်တွင် ဖော်ပြထားခဲ့ပါသည်။ ယင်းမှာ ဆွဟာဗတ်သာဝကကြီးသည် သုံးရက် ဥပုသ်သီလဆောက်တည်ခြင်းကိုဖြစ်စေ၊ ဂျုံ ဆွာအ်တစ်ဝက် (သို့) ယင်းဂျုံ၏ တန်ဘိုးနှင့်ညီမျှသော ငွေကြေးကို သူဆင်းရဲခြောက်ဦးအား ပေးလှူခြင်းကိုဖြစ်စေပြုရမည်။
[ဆွာအ်တစ်ဝက် = ၁.၆၃၂ ကီလိုဂရမ် × (၁ ကီလိုဂရမ် = ၀.၆၁၂၄ ပိသာ) = ၁ ပိသာခန့်]

## ဟဂျ်ပြုလုပ်ရမည့်လများအတွင်း ဟဂျ်နှင့် အုမ်ရတ်ကို ပူးတွဲပြုလုပ်ခြင်း

အစ္စလာမ်မပေါ်ပေါက်မီ ဂျာဟိလိယတ်ဟ်အမှောင်ခေတ်တွင်ရှိ အရပ်လူမျိုးများသည် ရှောင်ဝလ်လဆန်းပြီးနောက် ဟဂျ်ကာလများတွင် ဟဂျ်နှင့် အုမ်ရတ်ကို ပူးတွဲမလုပ်ဆောင်ကြပါ။ ထိုသို့လုပ်ခြင်းသည် အပြစ်ဖြစ်

သည်ဟု ထင်မှတ်ကြပါသည်။ ဤအာယသ်တော်အဆုံးသတ်ခါနီးတွင် ၎င်းတို့၏ထင်မြင်ယူဆချက်များယွင်းမှုကို မှန်အောင်ပြုပြင်ပေးခဲ့သည်။ ဟဂ်ျနှင့်အုမ်ရတ်ပူးပေါင်းလုပ်ဆောင်ခြင်းအား မိကာသ်နယ်နမိတ်အတွင်း နေထိုင်သူများအဖို့သာ ကန့်သတ်ပိတ်ပင်ထားသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူများသည် ဟဂ်ျကာလပြီးနောက် အုမ်ရတ်ပြုလုပ်ရန်အတွက် အခက်အခဲမရှိသောကြောင့်ဖြစ်သည်။ သို့သော်လည်း မိကာသ် နယ်နမိတ်ပြင်ပတွင် နေထိုင်သောသူများအတွက်မှာမူ ထိုဝေးလံသောအရပ်မှ အုမ်ရတ်ပြုလုပ်ရန်အတွက် သီးသန့်ခရီးစဉ်တစ်ရပ်ဖြင့် လာရောက်ရန် မလွယ်ကူသောကြောင့်ဖြစ်သည်။ မိကာသ်ဆိုသည်မှာ ကမ္ဘာတစ်ဝှမ်းလုံးမှ မက္ကာတ်ရွေမြို့တော်သို့လာရာလမ်းခရီးတလျှောက်၌ အလွှာတ်အရှင်မြတ်ကိုယ်တော်တိုင် သတ်မှတ်ထားသောနေရာဌာနများဖြစ်သည်။ ဟဂ်ျ (သို့) အုမ်ရတ်ပြုလုပ်ရန်အသွား မိကာသ်နေရာဌာနများသို့ရောက်ပြီး မက္ကာတ်မြို့သို့ ခရီးမဆက်မီ အိဟ်ရာမ်ဝတ်ဆင်ထားရန်မှာ လူတိုင်းလူတိုင်းအပေါ်၌ မပြုမနေရတာဝန်အဖြစ် သတ်မှတ်ထားခဲ့ပါသည်။ ဤသတ်မှတ်ထားသောနေရာဌာနများမှ အိဟ်ရာမ်မပါဘဲ ခရီးဆက်သွားလျှင် အပြစ်တစ်ရပ်ဖြစ်သည်။

لِمَنْ لَّمْ يَكُنْ أَهْلُهُ حَاضِرِ الْمَسْجِدِ الْحَرَامِ အာယသ်တော်၏ ဆိုလိုရင်းမှာ ဟဂ်ျနှင့်အုမ်ရတ် ပူးတွဲပြုလုပ်ခြင်းကို မတ်စ်ဂျိဒ် အလ်ဟရမ်အနီးဝန်းကျင်တွင် မနေထိုင်သောသူများအတွက်သာ ခွင့်ပြုပါသည်။ တစ်နည်းဆိုရသော် မိကာသ် နယ်နမိတ်အတွင်းနေထိုင်သူမဟုတ်သူများကို ဆိုလိုသည်။

မည်သို့ဆိုစေကာမူ ဟဂ်ျကာလအတွင်း အိဗာဒသ်နှစ်ရပ်ဖြစ်သော ဟဂ်ျနှင့်အုမ်ရတ်ကို တစ်ပေါင်းတစ်စည်းတည်း ပြုလုပ်ခွင့်ရရှိသည့်အတွက် ကျေးဇူးတင်ကြောင်းပြသရန်မှာ ထိုသူ့တွင် တာဝန်ရှိပေသည်။ ဤကျေးဇူးတင်ရှိကြောင်းပြရန်မှာကား နည်းလမ်းနှစ်ရပ်ရှိလေသည်။ ငွေကြေးတတ်နိုင်သူသည် ဆိတ်တစ်ကောင်ကိုဖြစ်စေ၊ နွားတစ်ကောင်ကိုဖြစ်စေ၊ ကုလားအုတ်တစ်ကောင်ကိုဖြစ်စေ လွယ်ကူရာတစ်ကောင်ကို ကုရ်ဗာနီစွန့်လှူလိုဖြတ်ရန်ဖြစ်သည်။ အကယ်၍ ငွေကြေးမတတ်နိုင်လျှင် ဆယ်ရက်ဥပုသ်သီလစောင့်ထိန်းသောနည်းတို့ဖြစ်သည်။ ဥပုသ်သီလ စောင့်ထိန်းနည်းမှာကား ပထမ(၃)ရက်သည် ဇုလ်ဟိဂ်ျဟ်လ (၉)ရက်နေ့တွင် စောင့်ထိန်းပြီးဖြစ်ရ မည်။ ကျန်ရှိသော(၇)ရက်ကိုမူ ဟဂ်ျလုပ်ဆောင်ပြီးသည့်နောက် ကြိုက်သည့်နေရာ၊ ကြိုက်သည့်အချိန်တွင် စောင့်ထိန်းနိုင်သည်။ သူသည် မက္ကာတ်တွင်နေထိုင်စဉ်နှင့် အိမ်ပြန်ရောက်စဉ် ကြိုက်ရာဆောက်တည်နိုင်သည်။ အကယ်၍ တစ်စုံတစ်ဦးသည် ဟဂ်ျရက်များအတွင်း ဤ(၃)ရက် ဥပုသ်သီလဆောက်တည်ခြင်းကို ပျက်ကွက်ခဲ့ပါက ဆွဟာဗတ် သာဝကကြီးများနှင့် အိမာမ်အဗူဟနီဖတ်တို့၏အဆိုအရ သားကောင်တစ်ကောင်လျှဒါန်းလှီးဖြတ်ရန်မှာ မပြုမနေရလုပ်ဆောင်ရမည်ဖြစ်သည်။ ဖြစ်နိုင်လျှင် မိမိသိသူတစ်ဦးမှတစ်ဆင့် ဟရမ်အတွင်းတွင် သားကောင်ကို လှူဒါန်းလှီးဖြတ်ရန်စေခိုင်းနိုင်သည်။ (ဂျဆ်ဖွားဆ်)

## ဟဂ်ျနှစ်မျိုးနှစ်စား အလ်သမတ္ထုအ်နှင့် အလ်ကိရာန်

ဟဂ်ျကာလရက်များအတွင်း ဟဂ်ျနှင့် အုမ်ရာဟ်ကို ပူးပေါင်းလုပ်ဆောင်မှု နှစ်မျိုးရှိသည်။ ပထမနည်းလမ်းမှာ မိကာသ်မှစတင်ပြီး ဟဂ်ျနှင့်အုမ်ရာဟ်နှစ်ခုစလုံးအတွက် အိဟ်ရာမ်ဝတ်ဆင်ခြင်းဖြစ်သည်။ ဟဒီးဆ် အသုံးအနှုန်းအရ ဤသည်ကို အလ်ကိရာန်ဟုခေါ်သည်။ ဤနည်းတွင် အိဟ်ရာမ်ချွတ်ခြင်းသည် ဟဂ်ျ၏ အိဟ်ရာမ်ချွတ်ခြင်းနှင့် ဆက်စပ်နေသည်။ ဟဂ်ျပြုသူသည် ဟဂ်ျ၏နောက်ဆုံးရက်အထိ အိဟ်ရာမ်ဝတ်ဆင်ထားရမည်။

ဒုတိယနည်းလမ်းမှာ မီကာသ်တစ်နေရာမှ အုမ်ရာဟ်ပြုလုပ်ရန်အတွက် အိဟ်ရာမ် ဝတ်ဆင်၍ မက္ကာရောက်ရှိပြီး သတ်မှတ်ထားသော အုမ်ရတ်ကျင့်စဉ်များကို ပြုလုပ်ပြီးသည့်နောက် အိဟ်ရာမ်ချွတ်နိုင်သည်။ တဖန် ဇုလ်ဟိဂ္ဂျာလ (၈)ရက်နေ့ မိနာသို့သွားရောက်ရန် အဆင်သင့်ဖြစ်သောအခါ ဟရမ်ပရဝုဏ်အတွင်းတွင် ဟဂ်ျပြုလုပ်ရန်အတွက် အိဟ်ရာမ်ဝတ်ဆင်ရမည်။ ဤနည်းကို အလ်သမတ္တုအ်ဟုခေါ်သည်။ အလ်သမတ္တုအ် ဟူသော စကားလုံးသည် အဘိဓာန်အရ နည်းလမ်းနှစ်ခုစလုံးနှင့် အကြိုးဝင်၍ ဟဂ်ျနှင့်အုမ်ရာဟ်ပူးတွဲပြုလုပ်ခြင်း၏ အကျိုးခံစားမှုရရှိပြီး အထက်ဖော်ပြပါနည်းလမ်းနှစ်ရပ်စလုံးအတွက်လည်း တန်းတူအကျိုးခံစားရသည်။ ကုရ်အာန် ကျမ်းတော်မြတ်ပါ ' فَمَنْ تَمَتَّعَ ' (သို့ဖြစ်လျှင် အကြင်သူသည် အကျိုးခံစားခဲ့လေပြီ။)ဟူသော စကားလုံး များသည် ဤယေဘုယျအဓိပ္ပာယ်အတွက် သုံးစွဲထားခဲ့ခြင်းဖြစ်သည်။

## ဥပဒေများ ချိုးဖောက်ခြင်းအတွက် သတိပေးချက်

အာယသ်တော်(၁၉၆)သည် 'အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်'ဟူသော စကားလုံးများဖြင့် အဆုံးသတ်ထားခြင်းသည် 'သက္ကဝါ'ကို ကျင့်သုံးရန်အတွက် အဓိန့်တစ်ရပ်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းဖြစ်သော 'သက္ကဝါ'သည် မြန်မာဘာသာစကားလုံး၌ အဓိပ္ပာယ်တန်းတူမရှိပါ။ ကြောက်ရွံ့သည့် အနေအထားနှင့် အလ္လာဟ်အရှင်မြတ်ချမှတ်ထားသောအဓိန့်များကိုဆန့်ကျင်၍ ပြုလုပ်ခြင်းမှရှောင်ကြဉ်ခြင်း ဖြစ်သည်။ ဤအဓိန့်၏နောက်တွင် သတိပေးမှုတစ်ရပ်လိုက်ပါလာသည်။ ယင်းမှာ **وَاعْلَمُوٓاْ أَنَّ اللهَ شَدِيدُ الْعِقَابِ 'မုချကေန် အလ္လာဟ်အရှင်မြတ်သည် (ပြစ်မှုကျူးလွန်သူတို့အား) ပြင်းပြစွာ အပြစ်ဒဏ်ပေးတော်မူမည့် အရှင် ဖြစ်တော်မူသည်ကို သင်တို့မှတ်ယူကြကုန်'**ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ မည်သူမဆို အလ္လာဟ်အရှင်မြတ် ချမှတ် တော်မူသော အဓိန့်ပညတ်ချက်များကို သိလျက်နှင့်ဆန့်ကျင်ပြုလုပ်ခြင်းများသည် ထိုသူအတွက် အလ္လာဟ် အရှင်မြတ်၏ အပြစ်ပေးမှုသည် ပြင်းထန်လှပေသည်။ ကျွန်ုပ်တို့ခေတ်တွင် ဟဂ်ျ(သို့) အုမ်ရတ်ပြုလုပ်ရန် သွားကြသူများသည် ဤသတိပေးချက်ကို ကျယ်ကျယ်ပြန့်ပြန့်လျစ်လျူရှုနေကြသည်။ ပြောကြရလျှင် ဟဂ်ျနှင့် အုမ်ရတ်တို့၏ ဥပဒေများကို ရှာဖွေဆည်းပူးရန်လိုအပ်သည့် ကြိုးပမ်းအားထုတ်မှုများ မလုပ်ဆောင်ကြပါ။ ထို့နောက် ဥပဒေများကို သိရှိနားလည်ထားခဲ့ကြသော်လည်း ထိုဥပဒေများပေါ်တွင် တိတိကျကျမလိုက်နာကြချေ။ ညံ့သော မော်အ်လင်မ်လမ်းပြများကြောင့်ဖြစ်စေ ပေါ့ပေါ့တန်တန်နေသော ဟဂ်ျ ပြုလုပ်ဖော်ပြုလုပ်ဖက်များကြောင့်ဖြစ်စေ စွန္ဓသ်တော်နှင့် ဟဂ်ျကျင့်ဝတ်များကိုမဆိုထားဘိဖရသွ် မပြုမနေရ တာဝန်များကိုပင် တစ်ခါတစ်ရံ လွတ်သွားကြပါသည်။ ကျွန်ုပ်တို့ပြုလုပ်သမျှအားလုံး ပြုပြင်နိုင်သောစွမ်းအားများ ကျွန်ုပ်တို့အားလုံးအပေါ် အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူပါစေ။

## ဟဂ်ျကာလ'လ'များအတွက် တားမြစ်ချက်များ

ဟဂ်ျပြုလုပ်ခြင်းနှင့်ပတ်သက်သည့် ဥပဒေများအကြောင်းပါဝင်သော အာယသ်တော်ရှစ်ခုအနက် ဒုတိယ အာယသ်တော်ကို ဆက်ကြစို့။ ယင်းမှာ **اَلْحَجُّ اَشْهُرٌ مَّعْلُوْمٰتٌ** 'ဟဂ်ျပြုလုပ်ရန်လများကား (အများ)သိရှိပြီးဖြစ်သော လများပင်ဖြစ်ချေသည်'ဟူ၍ဖြစ်သည်။ 'အရှ်ဟွရ်'ဟူသော စကားလုံးသည် 'ရှဟ်ရ်'၏ အများကိန်းဖြစ်ကာ

'လ'ဟုဆိုလိုသည်။ ပြီးခဲ့သော အာယသ်တော်ထဲတွင် ဖော်ပြထားသော ဟဂ်(သို့)အုမ်ရတ်ပြုလုပ်ရန်အတွက် အိဟ်ရာမ်ဝတ်ဆင်ခဲ့ပါလျှင် သတ်မှတ်ထားသည့်အတိုင်း ပြီးဆုံးသည်အထိ ပြုလုပ်ရမည်ဟု မိန့်ကြားခဲ့သည်ကို မှတ်မိပါလိမ့်မည်။ ထိုနှစ်ရပ်တွင် အုမ်ရတ်ကို ရက်၊ လ သတ်မှတ်ထားသည်မရှိဘဲ တစ်နှစ်အတွင်း မည်သည့် အချိန်မှာမဆို ပြုလုပ်နိုင်သည်။ သို့သော်လည်း ဟဂ်ကိုမူ ရက်၊ လ၊ အချိန် အတိအကျအားလုံး သတ်မှတ်ထား ပါသည်။ ထို့အတွက် ဤအာယသ်တော်သည် ဟဂ်ပြုလုပ်ရာတွင် (အုမ်ရတ်နှင့်မတူ) အများသိရှိပြီးဖြစ်သည့် သတ်မှတ်ထားသည့်လများရှိကြောင်း ရှင်းလင်းစွာဖော်ပြထားခြင်းဖြင့် အစပြုထားသည်။ ဟဂ်ပြုလုပ်ရန် လများသည် ဂျာဟီလိယဟ် အမှောင်ခေတ်ကအတိုင်းပင်ဖြစ်သည်။ ယင်းလများမှာ ရှောင်ဝါလ်လ၊ ဇုလ်ကအ်ဒ်နှင့် ဇုလ်ဟိဂ်ျဟ်၏ ပထမဆယ်ရက်တို့ဖြစ်ကြောင်း ဆွဟာဗဟ်သာဝကကြီး အဗူအုမာမဟ်နှင့် အိဗ်နိအုမရ်တို့၏ ဆင့်ပြန်ချက် ဟဒီးဆ်တော်အရသိရသည်။ (မဇ်ဟရီ)

ဟဂ်လများသည် ရှောင်ဝါလ်မှစသည်ဟုဆိုခြင်းမှာ ထိုလမတိုင်မီ ဟဂ်၏ အိဟ်ရာမ်ဝတ်ဆင်ခြင်းခွင့်မပြုသောကြောင့်ဖြစ်သည်။ အိမာမ်အချို့၏အဆိုအရ ရှောင်ဝလ်လမတိုင်မီ အိဟ်ရာမ်ဝတ်ဆင်ခြင်းသည် ဟဂ်ပြုပိုင်လိမ့်မည်မဟုတ်ချေ။

အိမာမ်အဗူဟနီဖဟ်၏ ဓမ္မသတ်ဥပဒေများအရ ဟဂ်သည်ကားပိုင်၍ အထမြောက်သော်လည်း မက္ကရူဟ်ဖြစ်လိမ့်မည်ဟုဆိုသည်။ (မဇ်ဟရီ)

အာယသ်တော်(၁၉၇)ဖြစ်သော **فَمَنْ فَرَضَ فِيهِنَّ الْحَجَّ فَلَا رَفَثَ وَلَا فُسُوقَ وَلَا جِدَالَ فِي الْحَجِّ** က ဟဂ်ကျင့်စဉ်များကို အလေးအနက် ဖော်ပြပြီး အိဟ်ရာမ်ဝတ်ဆင်ထားသောသူတိုင်းအတွက် အရာသုံးခုမှ ရှောင်ကြဉ်ရန် လေးနက်စွာဖော်ပြထားသည်။ ယင်းတို့မှာ ရာဖတ်ဆ်၊ ဖုစူက်နှင့် ဂျိဒါလ်တို့ဖြစ်၍ ၎င်းတို့ကို အကျယ်တဝင့် ရှင်းလင်းထားသည်။

ရာဖတ်ဆ်ဟူသောစကားလုံးသည် အဓိပ္ပာယ်ကျယ်ဝန်း၍ ဇနီးမောင်နှံ ကာမစပ်ယှက်ခြင်း၊ ထိုကာမစပ်ယှက်ခြင်း၏အကြိုကိစ္စဖြစ်သော အချစ်ကိစ္စရပ်များအကြောင်း ပွင့်ပွင့်လင်းလင်းပြောဆိုခြင်းများ ပါဝင်သည်။ ဤကိစ္စရပ်များအားလုံးကို အိဟ်ရာမ်ဝတ်ဆင်ထားစဉ်တွင် တားမြစ်ပိတ်ပင်ထားသည်။ သို့သော်လည်း အချစ်ကိစ္စကို သွယ်ဝိုက်၍ဖြစ်စေ၊ ဆောင်းပါးရိပ်ခြေဖြစ်စေ ရည်ညွှန်းခြင်းကို မတားမြစ်ချေ။

ဖုစူက်၏ အဘိဓာန်ဆိုလိုရင်းမှာ ကျူးလွန်စည်းဖောက်ခြင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အသုံးအနှုန်းအရဆိုလျှင် မနာခံခြင်းဟုဆိုလိုသည်။ ယေဘုယျသဘောအရဆိုလျှင် ပြစ်မှုအားလုံးပါဝင်သည်။ အစောပိုင်း အကျယ်ဖွင့်ဆိုသူများသည် ဤနေရာ၌ ယေဘုယျသဘောအဓိပ္ပာယ်ကို လက်ခံကြသည်။ သို့သော်လည်း ဆွဟာဗဟ်သာဝကကြီး အဗ်ဒုလ္လာဟ် အိဗ်နိအုမရ်( ﷺ )က ဖုစူက်၏အဓိပ္ပာယ်ကို ဤနေရာ၌ အိဟ်ရာမ်ဝတ်ဆင်ထားစဉ် ခွင့်မပြုသော တားမြစ်ထားသော အပြုအမူများကိုသာလျှင် ဆိုလိုသည်ဟု ဘာသာပြန် ထားသည်။ ဤအဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤကိစ္စရပ်နှင့် သင့်လျော်သည်မှာ ထင်ရှားပေသည်။ အဘယ့်ကြောင့် ဆိုသော် ပြစ်မှုအားလုံး၏ တားမြစ်ပိတ်ပင်ချက်သည် အိဟ်ရာမ်အတွက် သီးသန့်မဟုတ်ချေ။ မည်သည့်အခြေအနေမျိုးတွင်မဆို တားမြစ်ချက်သည် အကျုံးဝင်သည်။

အချို့သောလုပ်ရပ်များသည် သာမန်အချိန်တွင် အပြစ်များမဟုတ်ကြသော်လည်း အိဟ်ရာမ်ဝတ်ဆင်ပြီး နောက်တွင်မူ ခွင့်မပြုသောအရာ(၆)မျိုးရှိသည်။

(၁) ဇနီးမောင်နှံ သံဝါသမှုပြုခြင်းနှင့်အကြို ချစ်စကားပြောဆိုခြင်း။

(၂) မိမိကိုယ်တိုင် အမဲလိုက်ခြင်း (သို့) အမဲလိုက်မှုဆိုးအား လမ်းပြခြင်း။

(၃) အမွှေးအမျှင်များနှင့် ခြေသည်းလက်သည်းလှီးဖြတ်ခြင်း။

(၄) အမွှေးအကြိုင်သုံးစွဲခြင်း။

အထက်ဖော်ပြပါ (၄)မျိုးသည် အိဟ်ရာမ်ဝတ်ဆင်ထားသူယောကျ်ားနှင့် မိန်းမနှစ်ဦးစလုံးအတွက် တားမြစ်ထားသည်။ ကျန်နှစ်မျိုးသည် ယောကျ်ားများအတွက်ဖြစ်သည်။

(၅) ချုပ်ထားသောအဝတ်အထည်ဝတ်ဆင်ခြင်း။

(၆) မျက်နှာနှင့်ခေါင်းကိုဖုံးအုပ်ခြင်းတို့ဖြစ်သည်။

အိမာမ်အဗူဟနီဖဟ်နှင့် အိမာမ်မာလစ်က်တို့၏ အဆိုအရ အိဟ်ရာမ်ဝတ်ဆင်ထားသော မိန်းမများသည်လည်း ၎င်းတို့၏ မျက်နှာကိုဖုံးအုပ်ထားခွင့်မရှိပါ။ ထို့ကြောင့် ဤတားမြစ်ချက်သည်လည်း ယောကျ်ား မိန်းမနှစ်ရပ်လုံးအတွက် အိဟ်ရာမ်၏ တားမြစ်ချက်တွင်ပါဝင်သွားသည်။

အထက်ပါ(၆)မျိုးမှ ပထမတစ်မျိုးဖြစ်သော သံဝါသကိစ္စနှင့် ယင်း၏နှိုးနွှယ်မှုများကို ဖုစ္စက်ခေါင်းစဉ်အောက်တွင် ထည့်သွင်းထားသော်လည်း ဖုစ္စက်မှခွဲထုတ်ကာ ရာဖတ်ဆ်ဟူသော စကားလုံးမှတစ်ဆင့် ယင်းကို တသီးတခြားဖော်ပြထားသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းသည် အိဟ်ရာမ်ဝတ်ဆင်ထားသည့်ကာလအတွင်း ထိုကိစ္စများ ကြဉ်ရှောင်မှုက မည်မျှအရေးကြီးကြောင်း အထူးလေးနက်စေပါသည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် အိဟ်ရာမ်ဝတ်ဆင်စဉ် အခြားတားမြစ်ချက်များကို ဆန့်ကျင်ဖီလာပြုလုပ်မိသည်ဆိုပါက ကဖ်ဖာရဟ် (အလျော်အစားပေးဖြည့်ဆည်းခြင်း)မှတစ်ဆင့် ပြုပြင်ဆောင်ရွက်ခြင်းများပြုလုပ်နိုင်သည်။ သို့ရာတွင် တစ်စုံတစ်ဦးသည် ကံမကောင်းအကြောင်းမလှ၍ အရဖာသ်တွင် ဝုကူးဖ်(အရဖာသ်တွင်စောင့်ဆိုင်းနေထိုင်ခြင်း)အချိန်မတိုင်မီ သံဝါသမှုကျူးလွန်မိပါက ၎င်း၏ဟဂ်ျလုပ်ငန်းစဉ် များသည် ပျက်ပြယ်သွားသည်။ ဒဏ်ကြေးအနေဖြင့် နွားတစ်ကောင်ကိုဖြစ်စေ၊ ကုလားအုတ်တစ်ကောင်ကိုဖြစ်စေ အလွာဟ်အရှင်မြတ်အတွက် ကုရ်ဗာနီပြု လှီးဖြတ်ရန် မလုပ်မနေရတာဝန်ရှိသည်။ ဟဂ်ျကိစ္စရပ်များအားလုံးကိုလည်း အစက စတင်၍ တစ်ဖန်ပြန်လည်ပြုလုပ်ရပေမည်။ အဘယ့်ကြောင့်ဆိုသော် ဤကိစ္စသည် အလွန်အရေးကြီးသောကြောင့် ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ရှင်းလင်းပြတ်သားစွာ ဖော်ပြထားသည်။

ဂျိဒါလ်ဟူသောစကားလုံး၏အဓိပ္ပာယ်မှာ ရန်ဖက်အား တွန်းလှန်ရန်ကြိုးပမ်းခြင်းကိုဆိုလိုသည်။ ထို့ကြောင့် ကြမ်းတမ်းစွာ အော်ဟစ်ငြင်းခုံခြင်း (သို့) ရန်ဖြစ်ခြင်းတို့ကို ဂျိဒါလ်ဟုခေါ်သည်။ ဤစကားလုံး၏အဓိပ္ပာယ်သည် အလွန်ယေဘုယျကျ၍ အချို့သော အကျယ်ဖွင့်ဆိုသူများသည် ယင်း၏သမရိုးကျအဓိပ္ပာယ်ကိုသာ အလွယ်တကူလက်ခံကြပါသည်။ သို့ရာတွင် အခြားသောသူများသည် ဟဂ်ျပြုပ်ရာနေရာဌာနနှင့် အိဟ်ရာမ်၏အရေးပါမှုတို့ကို

ထည့်သွင်းစဉ်းစားခါဂျိဒါလ်၏အဓိပ္ပာယ်ကိုအထူးသီးသန့်အလေးထား၍ တိကျသောစကားများဖြင့် ခိုက်ရန်ဖြစ်မှု တစ်ရပ်အဖြစ် အဓိပ္ပာယ်ကောက်ယူကြသည်။ အမှောင်ခေတ်တွင် ဝုကူးဖ် (ဆိုင်းငံ့နေထိုင်ခြင်း) ပြုရာနေရာ ပြဋ္ဌာန်းထား ခဲ့မှုနှင့်ပတ်သက်၍ လူအများသဘောထားမတူညီကြချေ။ တချို့သောသူများက အရဖာသ်တွင် ဆိုင်းငံ့နေထိုင်ခြင်း သည် လိုအပ်သည်ဟူ၍လည်းကောင်း၊ အချို့သောသူများက မုဇ်ဒလိဖာ်သည်သာလျှင် ဝုကူးဖ်ဆိုင်းငံ့နေထိုင်ရန် သတ်မှတ်ထားသောကြောင့် ထိုနေရာတွင်သာ ဆိုင်းငံ့နေထိုင်ရန်လိုအပ်၍ အရဖာသ်ကိုသွားရန် လိုအပ်သည်ဟု မယူဆကြချေ။ ထိုသူတို့က ယင်းနေရာသည် တမန်တော် အိဗ်ရာဟင်မ်(ﷺ) ဆိုင်းငံ့နေထိုင်ခဲ့သောနေရာဖြစ်သည် ဟူ၍ပင် အခိုင်အမာပြောဆိုကြသည်။ အလားတူ ၎င်းတို့သည် ဟဂျ်ပြုလုပ်ရာအချိန်ဇယားတွင်ပင်လျှင် ကွဲလွဲကြ ပါသည်။ အချို့သူများက ဟဂျ်ကို ဇုလ်ဟိဂျ်ဂျာ်လတွင် ပြုလုပ်ကြ၍ အခြားသူအချို့မှာ ဟဂျ်ကို ဇုလ်ကအ်ဒဟ်လ အစောပိုင်းတွင်ပြုလုပ်ကြပါသည်။ ထို့နောက် ဟဂျ်ပြုလုပ်သည့်အချိန်နှင့်ပတ်သက်၍ ငြင်းခုံကြကာ တစ်ဦးကို တစ်ဦး လမ်းများသို့ရောက်သွားကြသည်ဟူ၍ပင် စွပ်စွဲကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်က 'လာဂျိဒါလ' (အချင်း မများကြနှင့်)ဟူ၍ မိန့်ကြားသောအခါမှ သာလျှင် ငြင်းခုံခြင်းရပ်ဆိုင်းသွားတော့သည်။ မြွက်ဟကြေညာသည်ကသာလျှင် အမှန်တရားဖြစ်သည်။ အရဖာသ်တွင် နေထိုင်ခြင်းသည် ဖရသ်ွမပြုမနေရတာဝန်ဖြစ်ပြီး မုဇ်ဒလိဖာ်တွင် နေထိုင်ခြင်းသည် ဝါဂျိဗ် ဖြစ်သည်။ ထို့နောက် ဟဂျ်သည် ဇုလ်ဟိဂျ်ဂျာ်လ၏ရက်များတွင် ပြုလုပ်ရမည် ဖြစ်သည်။ အခြားရက်များတွင် မပြုလုပ်ရချေ။ အလ္လာဟ်အရှင်မြတ်ထံမှ ဤအမိန့်တော်ကျရောက်ပြီးသည့်နောက် ငြင်းခုံခြင်းကိုလည်း တားမြစ်လိုက်သည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် အာယသ်တော်ပါ တားမြစ်ချက်များသည် သာမန်အချိန်၌ ခွင့်ပြုထားသော ကိစ္စရပ်များဖြစ်သော်လည်း အိဟ်ရာမ်ဝတ်ဆင်ထားခြင်းကြောင့်သာလျှင် တားမြစ်ထားခြင်းဖြစ်သည်။ စားခြင်းသောက်ခြင်းသည် သာမန်အချိန်၌ ခွင့်ပြုသောလုပ်ရပ်များဖြစ်သော်လည်း ဥပုသ်သီလဆောက်တည်စဉ်နှင့် ဆွလာသ်ဝတ်ပြုဆောက်တည်စဉ်တွင် တားမြစ်ထားသည်နှင့် အလားတူပေသည်။

သို့သော်လည်း အခြားသော အကျယ်ဖွင့်ဆိုသူများကမူ ဖစူက်နှင့် ဂျိဒါလ်ကို ယေဘုယျသဘောသာလျှင် အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ထိုပုဂ္ဂိုလ်များ၏အဆိုအရ ဖိစ်က်နှင့် ဂျိဒါလ်တို့သည် ပြစ်မှုများဖြစ်ကြကာ နေရာတိုင်း အခြေအနေတိုင်းတွင် မနှစ်မြို့ဖွယ်ရာဖြစ်သော်လည်း အိဟ်ရာမ်ဝတ်ဆင်ထားချိန်တွင်မူ ၎င်းတို့၏ အပြစ်သည် ပိုမိုကြီးမားလေသည်။ လူတိုင်းသည် အိဗာဒသ်ပြုလုပ်ရန်အလို့ငှာ 'လတ်ဗိုက်'အလ္လာဟ်အရှင်မြတ်ခေါ်တော်မူရာသို့ ကျွန်ုပ်တို့ရောက်ရှိပါပြီဟု ကြွေးကြော်၍ ကောင်းချီးမင်္ဂလာရှိသောနေ့များတွင် မြင့်မြတ်သော ဟရမ်နယ်မြေသို့ ဝင်ရောက်ခဲ့ကြသည်။ အလ္လာဟ်အရှင်မြတ်ရှေတော်မှောက်တွင် အိဗာဒသ်လုပ်ရန် တစ်ခုတည်းကိုရည်ရွယ်၍ အိဟ်ရာမ်ဝတ်စုံကို ဝတ်ဆင်ထားသူတစ်ဦးသည် အလ္လာဟ်အရှင်မြတ် တားမြစ်ထားသောအရာများကို ထိုသူအဘယ်သို့လုပ်မိကြပါမည်နည်း။ ထိုအခြေအနေမျိုးတွင် ပြစ်မှုတစ်ရပ်ကိုသော်လည်းကောင်း၊ အချင်းများမှုတစ်ရပ်သည် သော်လည်းကောင်း ပြုလုပ်မိခဲ့ပါလျှင် ယင်းတို့သည် အလွန်ပြင်းထန်သော အပြစ်များဖြစ်သွားနိုင်သည်မှာ ထင်ရှား သည်။

ယေဘုယျသဘောကိုလက်ခံလိုက်လျှင် ညစ်ညမ်းမှုအပြစ်ဒုစရိုက်နှင့် ငြင်းခုံရန်ဖြစ်ခြင်းတို့ကို တားမြစ်

ခြင်း၏နောက်ကွယ်ရှိ အသိဉာဏ်ကို မြင်တွေ့နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဟဂ်ျပြုလုပ်သောအချိန်၊ ဟဂ်ျပြုသောနေရာဌာနများသည် ထူးခြားသည့်အခြေအနေများရှိခြင်းကြောင့် ထိုစဉ်အတွင်း တစ်စုံတစ်ဦးသည် ယင်းပြစ်မှုများမှ တစ်ခုခုကို ကျူးလွန်သွားနိုင်ပေသည်။ တစ်စုံတစ်ဦးသည် အိဟ်ရာမ်ဝတ်ဆင်၍ မိမိ၏ မိသားစု၊ ကလေးများနှင့် အချိန်အတော်ကြာ ခွဲခွာနေရလေ့ရှိပါသည်။ ထို့နောက် ယောကျ်ားများကော၊ မိန်းမများပါ ဟဂ်ျကျင့်စဉ်များကို မသာဖ်(ကအ်ဗဟ်တွင် တဝါဖ်လှည့်စဉ်)နေရာ၊ မစာအ်(ဆွဖာနှင့် မရ်ဝဟ်ကြား စအီပြုလုပ်သည့်နေရာ)၊ အရဖာသ် မုဇ်ဒလိဖဟ်နှင့် မိနာတို့တွင် ပြုလုပ်ကြရပါသည်။ သို့ပြုလုပ်ကြရာတွင် လူပေါင်းရာပေါင်း ထောင်ပေါင်းများစွာတို့သည် တစ်ဦးနှင့်တစ်ဦးထိတွေ့ကြရပါသည်။ ထိုကဲ့သို့ ယောကျ်ား မိန်းမများမြောက်မြားစွာ စုရုံးမှုတွင် တစ်စုံတစ်ဦး၏ အတွင်းစိတ်ဆန္ဒကို ထိန်းချုပ်ရန်မလွယ်ကူလှချေ။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် ညစ်ညမ်းမှုကို တားမြစ်ခြင်းအား ပထမဆုံးပြုလုပ်ထားသည်။ ထို့နောက် မြောက်မြားစွာသော လူများသည် သတ်မှတ်ထားသောအချိန်တစ်ခုထဲတွင် ၎င်းတို့၏ ပြုကျင့်ရန်ကျင့်စဉ်များကို နှစ်နှစ်ကာကာ ရည်စူးပြုလုပ်ချိန်တွင် ခိုးမှုကဲ့သို့သော ပြစ်မှုများဖြစ်ပွားတတ်လေ့ရှိသည်။ ထို့ကြောင့် 'လာဖစူက်' 'ပြစ်မှုမကျူးလွန်ကြကုန်လင့်'ဟူသော ညွှန်ကြားချက်ကျလာခဲ့သည်။ အလားတူပင် ဟဂ်ျပြုလုပ်ရာ ခရီးစဉ်တလျှောက်လုံးတွင် လူအများ စကားများ ရန်ဖြစ်စေမည့်အကြောင်းရင်းခံများ အမြောက်အမြားရှိသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် လူအများပြွတ်သိပ်၍ နေရာထိုင်ခင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင်းကြောင့်ဖြစ်စေ ယင်းသို့ဖြစ်သည်။ ထိုကဲ့သို့သော ဖြစ်နိုင်ခြေများကိုဖယ်ရှားရန်အတွက် 'လာဂျိဒါလ်' ငြင်းခုံခိုက်ရန်ပွားမှုကိုလည်း အလျှင်း မလုပ်ရ'ဟူသော ပညတ်ချက်သည် ကျရောက်ခဲ့သည်။

## ကုရ်အာန်ကျမ်းတော်မြတ်၏ လေးနက်သောအဓိပ္ပာယ်ကြွယ်ဝမှု

အာယသ်တော်ပါ **فَلَارَفَثَوَلَافُسُوقَوَلَاجِدَالَ** 'သို့ဖြစ်လျှင် ကာမဂုဏ်နှိုးဆော်သည့် မည်သည့်စကားကိုမျှ မပြောရ။ မည်သည့်ဆိုးသွမ်းမှုကိုလည်းမပြုရ'တို့သည် အားလုံးဆန့်ကျင်ခြင်းစကားလုံးများဖြစ်သည်။ ဆိုလိုသည်မှာ ယင်း အရာများအားလုံးသည် ဟဂ်ျပြုလုပ်သည့်ခရီးတွင်မရှိချေ။ တားမြစ်ခြင်း၏ ရည်ရွယ်ချက်မှာ အနီးစပ်ဆုံးပြောရ လျှင် မဆိုးသွမ်းကြနှင့်၊ ငြင်းခုံခိုက်ရန်ဖြစ်ပွားခြင်းမပြုကြနှင့်။ ကာမဂုဏ်နှိုးဆော်သည့်စကားမပြောကြနှင့်ဟူ၍ ဖြစ်သည်။ သို့သော်လည်း ဟဂ်ျပြုလုပ်ရာနေရာဌာနတွင် အထက်ပါကိစ္စရပ်များပြုလုပ်ရန်မဆိုထားဘိ။ စဉ်းစားတွေးတောခြင်းကိုပင်မပြုလုပ်နိုင်သောအရာများဖြစ်သောကြောင့် ယင်းတို့ကို ဖော်ညွှန်းရန်အတွက် တားမြစ်ချက်အမိန့်ကို ဆန့်ကျင်ခြင်းစကားလုံးများနှင့် အစားထိုး ဖော်ပြထားခြင်းဖြစ်နိုင်ပေသည်။

အိဟ်ရာမ်နှင့်ပတ်သက်သည့် အခြေခံတားမြစ်ချက်များကို အတိအလင်းကြေညာပြီးနောက် **وَمَاتَفْعَلُوْامِنْ خَيْرٍيَّعْلَمْهُ اللّٰهُ** ('အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ကြကုန်သော မည်သည့်ကောင်းမှုကိုမဆို သိရှိတော်မူ လေသည်') ဝါကျက ညွှန်းဆိုထားသည်မှာ ဟဂ်၏ မြင့်မြတ်သောရက်မြတ်နှင့် ထွတ်မြတ်သောနေရာတွင် အိဟ်ရာမ် ဝတ်ဆင်၍ ဆန့်ကျင်ဘက်ပြုခြင်းနှင့် ပြစ်မှုကျူးလွန်ခြင်းမှ ရှောင်ကြဉ်ရုံမျှနှင့် မလုံလောက်ချေ။ ဧရှဆက်ရလျှင် တစ်စုံတစ်ဦးသည် ဤဟဂ်ျကျင့်စဉ်ကို တစ်သက်မှတစ်ခါသာ လာရသော အခွင့်အရေးဟု မှတ်ယူသင့်ပေသည်။ ထို့ကြောင့် ပို၍လိုအပ်သည်မှာ အိဗာဒသ်၊ ဇိကိရ် **ذكر** စသည်တို့ကို ရည်စူးလုပ်ဆောင်ခြင်း၌သာ ကြိုးစားအားထုတ်သင့်ပေသည်။

အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်တစ်ဦးသည် ကောင်းမှုတစ်ခုခုပြုတိုင်းနှင့် ကောင်းမှုလက္ခဏာပြသခြင်းတိုင်းအတွက် အလ္လာဟ်အရှင်မြတ်သိတော်မူ၍ ယင်း၏အစားဆုလာဘ် ရက်ရောစွာပေးသနားတော်မူမည်ဟု အလ္လာဟ်အရှင်မြတ်က အာမခံချက်ပေးထားသည်။

နောက်ဆက်၍လာသောဝါကျမှာ وَتَزَوَّدُوْا فَاِنَّ خَيْرَ الزَّادِ التَّقْوٰى **'ထိုမှတစ်ပါး အသင်တို့သည် (ဟဂ်ျပြုလုပ်ရန် ခရီးထွက်ရာ၌) စားနပ်ရိက္ခာ (ခရီးစရိတ်)စသည်များကို (လုံလောက်စွာ) ဆောင်ယူကြကုန်လော့။ အမှန်စင်စစ် အမွန်မြတ်ဆုံးသော စားနပ်ရိက္ခာ (ခရီးစရိတ်)မှာ (ဒုစရိုက်တို့မှလည်းကောင်း၊ အကြောင်းမဲ့လက်ဖြန့်တောင်းရမ်း စားသုံးခြင်းမှလည်းကောင်း) ကြည်ရှောင်ခြင်းပင်တည်း'**ဖြစ်သည်။ ယင်းမှာ အလ္လာဟ်အရှင်မြတ်ကို ယုံကြည်သည်ဟု ပြောဆိုပြီး ဟဂ်ျနှင့် အုမ်ရသ်ပြုလုပ်ရန်အတွက် အိမ်မှထွက်ခွာသူများသည် ခရီးစဉ်အတွက် ပြီးပြည့်စုံ အောင် ပြင်ဆင်မှုပြုလုပ်မထားသူများ၏ အယူအဆကို ပြုပြင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထင်ရှားသည်မှာ သူတို့သည် ခရီးစဉ်တလျှောက်လုံး အကူအညီတောင်းခံသွားရပါလိမ့်မည်။ ပိုဆိုးသည်မှာကား ၎င်းတို့ကိုယ်တိုင် စားဝတ်နေရေးကြပ်တည်းခက်ခဲကာ ဒုက္ခသုက္ခများရောက်၍ အခြားသူများကိုလည်း အနှောက်အယှက်ဖြစ်စေပါသည်။ ထို့ကြောင့် ရည်မှန်းထားသော ဟဂ်ျခရီးစဉ်အတွက် စားနပ်ရိက္ခာများ လုံလောက်စွာယူဆောင်သွားရန် ညွှန်ကြားချက်ပေးထားခဲ့သည်။ ဤကဲ့သို့ပြုလုပ်ခြင်းသည် အလ္လာဟ်အရှင်မြတ်ကို ယုံကြည်အပ်နှံခြင်း သဝဏ်လ နှင့် မဆန့်ကျင်ပါ။

ထိုသို့ပြုလုပ်ခြင်းသည်ပင်လျှင် သဝဏ်လ၏ အနှစ်သာရပင်ဖြစ်သည်။ သဝဏ်လက ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်ပေးကမ်းထောက်ပံ့သည့်နည်းလမ်းများနှင့် အရင်းအနှီးများကို မိမိ တတ်စွမ်းနိုင်သလောက်စုဆောင်းရပေမည်ဟူ၍ဖြစ်သည်။ ပြီးမှသာလျှင် အလ္လာဟ်အရှင်မြတ်အပေါ် ယုံပုံအပ်နှံသဝဏ်လပြုလုပ်ရမည်။ ဤကဲ့သို့ပင် တမန်တော်မြတ်(ﷺ)သခင်က အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ စားဝတ်နေရေးအတွက်ရရှိရန် နည်းလမ်းများနှင့် ကြိုးပမ်းမှုအားလုံးကိုစွန့်လွှတ်ကာ သဝဏ်လဟု ပြောခြင်းသည် မသိနားမလည်မှုသက်သက်သာဖြစ် သည်။

## ဟဂ်ျပြုလုပ်စဉ်အတွင်း ရောင်းဝယ်ဖောက်ကားခြင်းနှင့် စီးပွားရှာခြင်း

لَيْسَ عَلَيْكُمْ جُنَاحٌ أَنْ تَبْتَغُوْا فَضْلًا مِّنْ رَّبِّكُمْ **'အသင်တို့သည် မိမိတို့အား မွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ အသင်တို့အဖို့ သတ်မှတ် (ပြဌာန်းထားတော်မူသော) စီးပွားကို ရှာဖွေကြသည့်အတွက် အသင်တို့အပေါ်၌ တစ်စုံတစ်ရာအပြစ်မရှိချေ'** ဟူသော အာယသ်တော်(၁၉၈)သည်ဂျာဟိလိယသ်အမျောင်ခေတ်က သီးသန့်နောက်ကြောင်းတစ်ခုကြောင့် ကျရောက်လာခဲ့သည်။ ထိုစဉ်ကာလက အရေးဗီးယားရှိလူအများသည် ခဝတ်ကိုးကွယ်မှုနှင့် လူမှုဆက်ဆံရေး ဆိုင်ရာ စည်းကမ်းဥပဒေများကို ပုံပျက်ပန်းပျက်ဖြစ်စေကာ ထိုဥပဒေများအစား ဖြစ်နိုင်ချေမရှိသော ဓလေ့ထုံးစံများကို ထည့်သွင်း၍ ခဝတ်ကိုးကွယ်မှုဆိုင်ရာကိစ္စများကို ပျော်ပွဲရွှင်ပွဲအသွင်သို့ ပြောင်းပစ်ခဲ့ကြသည်။ သူတို့သည် မြင့်မြတ်သော ဟဂ်ျကျင့်စဉ်များကိုပင် မထောက်ထားဘဲ ၎င်းတို့၏ ရောက်တတ်ရာရာ စိတ်ကူးများဖြင့် အဓိပ္ပာယ် မရှိသော လုပ်ရပ်များပင် ထည့်သွင်းခဲ့ကြပါသည်။

မိနာတွင်ရှိ ကြီးမားသောလူစုလူဝေးတွင် ၎င်းတို့သည် အထူးစျေးများတည်ခင်းခြင်း၊ ပြပွဲများကျင်းပခြင်း

နှင့် အရောင်းမြှင့်တင်ခြင်းလုပ်ရပ်များ လုပ်ကြသည်။ သို့သော်လည်း အစ္စလာမ် သာသနာပေါ်ထွန်းပြီးနောက် ဟဂ်ျသည် မလုပ်မနေရတာဝန်အဖြစ် သတ်မှတ်ပြီးသောအခါ ဤအဓိပ္ပာယ်မရှိသော ဓလေ့ထုံးစံအားလုံး ပယ်ဖျက်ပစ်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကိုရှာကြံ၍ တမန်တော်မြတ်(ﷺ)သခင်၏ သင်ကြားမှုတို့ကိုမည်သည်နှင့်မျှ မလဲလှယ်နိုင်ကြကုန်သော ဆွေဟာဗ်သာဝကကြီးသခင်များ **رضی اللہ تعالی عنہم اجمعین** သည် ဟဂ်ျပြုလုပ်စဉ် ရက်များအတွင်း ရောင်းဝယ်ဖောက်ကားခြင်းနှင့် အလုပ်လုပ်ခြင်းများ၏ တရားဝင်မှုကိုပင် သံသယဖြစ်စပြုလာကြသည်။ ဤကာလအတွင်း စီးပွားရှာခြင်းသည် မသိနားမလည်သည့်ခေတ်၏ရလဒ်ဟု ဆွေဟာဗ်သာဝကကြီးများ က တင်ပြခဲ့ကြသည်။ အစ္စလာမ်သာသနာက ဤကိစ္စရပ်ကို အကြွင်းမဲ့တားမြစ်ထားလိမ့်မည်ဟု ထင်ထားသည်။ အဘယ်မျှလောက် ထင်မှတ်ထားသနည်းဟူမူ လူအချို့သည် ဆွေဟာဗ်သာဝကကြီး အဗ်ဒုလ္လာဟ်အိဗ်နိအုမရ်(ﷺ)ထံသို့ လာရောက်၍ လျှောက်ထားမေးမြန်းသည်မှာ 'ကျွန်တော်တို့သည် ကုလားအုတ်များ ငှားရမ်းသောလုပ်ငန်း လုပ်ကိုင် ကြပါသည်။ ယင်းလုပ်ငန်းကို အချိန်ကြာမြင့်စွာကတည်းက လုပ်ကိုင်ခဲ့ကြပါသည်။ လူအများသည် ၎င်းတို့၏ ဟဂ်ျအတွက် သွားလာရန် ကျွန်တော်တို့၏ ကုလားအုတ်များငှားရမ်းကြပါသည်။ ကျွန်တော်တို့သည် ၎င်းတို့နှင့် အတူလိုက်၍ ကျွန်တော်တို့ ဟဂ်ျကိုလည်းပြုလုပ်ကြပါသည်။ ကျွန်တော်တို့ဟဂ်ျသည် ပိုင်ပါ၏လော့' စိုက်ယိဒနာ အဗ်ဒုလ္လာဟ် အိဗ်နိအုမ်ရ်(ﷺ)က ပြန်လည်ပြောကြားသည်မှာ 'အသင် ကျွန်ုပ်ကို မေးမြန်းသကဲ့သို့ တစ်စုံတစ်ဦးသည် တမန်တော်မြတ်(ﷺ)သခင်ထံ လာရောက်၍ လျှောက်ထားမေးမြန်းခဲ့ဘူးပါသည်။ တမန်တော်မြတ်(ﷺ)သခင်က ထိုအချိန်က အဖြေမပေးခဲ့ဘဲ ယခုအာယသ်တော် **لَيْسَ عَلَيْكُمْ جُنَاحٌ أَنْ تَبْتَغُوا فَضْلًا مِّنْ رَّبِّكُمْ** ကျလာခဲ့သော အခါမှသာလျှင် ထိုသူ့အား ခေါ်၍ အဖြေပေးခဲ့သည်။ ယင်းမှာ 'ဟုတ်သည်၊ သင်၏ ဟဂ်ျသည် ပိုင်၍အတည်ဖြစ်သည်'ဟူ၍ဖြစ်သည်။

အတိုချုပ်ရသော် တစ်စုံတစ်ယောက်သည် ရောင်းဝယ်ဖောက်ကားခြင်းဖြင့် အကျိုးအမြတ်အချို့ရယူခြင်းကို ဖြစ်စေ၊ အလုပ်အကိုင်လုပ်၍အခကြေးငွေယူခြင်းကိုဖြစ်စေ အပြစ်မဖြစ်ဟု ဤအာယသ်တော်က ရှင်းလင်းစွာ ပြဆို ထားသည်။ သို့သော်လည်း အရေးဗီးယားရှိ မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ အလေ့အကျင့်ဖြစ်သော ဟဂ်ျတွင် ကုန်စည်ပြပွဲတစ်ရပ်အသွင်ပြုလုပ်ခြင်းဓလေ့ကို ကုရ်အာန်ကျမ်းတော်မြတ်ပါ ရိုးစဉ်းသော စကားလုံးနှစ်လုံးနှင့် ပြုပြင်ပြောင်းလဲခဲ့သည်။ အကယ်၍ သူတို့သည် ရောင်းဝယ်ဖောက်ကားမှုပြုလုပ်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်၏ ချီးမြှင့်မှုကောင်းချီးပေးမှုဟု မှတ်ယူကာ အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်ရှိရပေမည်။ ငွေကြေးဥစ္စာပစ္စည်းကိုသာလျှင် ရယူလိုစိတ်တစ်ခုတည်းဖြင့် မပြုလုပ်ရချေ။ **فَضْلًا مِّنْ رَّبِّكُمْ 'အရှင်မြတ်ထံတော်မှ အသင်တို့အဖို့ သတ်မှတ်(ပြဋ္ဌာန်းထားတော်မူသော)'**ဟူသော စကားလုံးများက ဤအကြောင်းကို ထောက်ပြနေပါသည်။

ထိုနောက် အထက်ပါ ရည်ညွှန်းစကားလုံးများ၏အလျင်ဖော်ပြထားသော **لَا جُنَاحَ عَلَيْكُمْ 'အသင်တို့အပေါ်၌ အပြစ်တစ်စုံတစ်ရာမရှိချေ။'**ဆိုလိုသည်မှာ ဤကဲ့သို့ ငွေကြေးရှာဖွေမှုတွင် ခုံမင်လိုက်စားက အပြစ်မရှိပါဟုဆိုလိုသည်။ ယင်းစကားလုံးထဲတွင်ပင် တစ်ပါတည်းပါလာသော ခုံမင်လိုက်စားမှုကိုလည်း ရှောင်ကြဉ်ရမည်ဟူသော အညွှန်းလည်းပါဝင်သည်။

အကယ်၍ ဖြစ်နိုင်လျှင် ဟဂ်ျပြုလုပ်ရာတွင် အထူးလိုအပ်သော ပြီးပြည့်စုံသည့် ဖြူစင်ရိုးသားမှု စံနှုန်းအား ထိခိုက်စေသောကြောင့် ရောင်းဝယ်ဖောက်ကားမှုကို ခုံမင်လိုက်စားမှုအား ရှောင်လျှင် ပို၍ကောင်းပေသည်။

ဤကိစ္စရပ်တစ်ခုလုံးသည် စင်စစ်လူတစ်ယောက်၏ မူလရည်စူးချက်ပေါ်တွင် မူတည်သည်။ အကယ်၍ သူ၏ အခြေခံရည်စူးချက်သည် အလုပ်လုပ်ကိုင်၍သော်လည်းကောင်း၊ ရောင်းဝယ်ဖောက်ကား၍သော်လည်းကောင်း ငွေရှာရန်ဖြစ်ပြီး ဟဂ်ျကို အဆွယ်အပွားအဖြစ် လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့လျှင်သော်လည်းကောင်း၊ ဟဂ်ျနှင့် ရောင်းဝယ်ဖောက်ကားငွေရှာမှု နှစ်ရပ်စလုံး အတူတကွပြုလုပ်ရန် စိတ်ဝယ်ရည်စူးလျှင်သော်လည်းကောင်းဖြစ်ခဲ့လျှင် ယင်းကိစ္စနှစ်ရပ်သည် ဟဂ်ျပြုလုပ်ခြင်း၏ ဖြူစင်ရိုးသားမှုစံနှုန်းနှင့် ဆန့်ကျင်ဖီလာဖြစ်သောကြောင့် ဟဂ်ျပြုလုပ်သည့်အတွက် ရရှိမည့်ဆုလာဘ်တွင် လျော့နည်းပေလိမ့်မည်။ ၎င်းပြင် ဟဂ်ျ၏ ကောင်းခြင်းမင်္ဂလာများ ရရှိးရစဉ်အတိုင်း ရရှိလိမ့်မည်မဟုတ်ပါ။ လူတစ်ဦးသည် ဟဂ်ျပြုလုပ်ရန် အခြေခံရည်စူးချက်ဖြင့် အိမ်မှထွက်လာခဲ့သော်လည်း မမြင်နိုင်သော ပြဿနာများကို မမျှော်လင့်ပဲ တွေ့ကြုံရကာ ဟဂ်ျပြုလုပ်ရန်အတွက် ငွေကြေးပြတ်လပ်မှုကို ကြုံတွေ့ရပါက ပြတ်လပ်သွားသောလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ရောင်းဝယ်ဖောက်ကားငွေကြေးရှာဖွေမှုအနည်းငယ်ပြုလုပ်နိုင်ပေသည်။ ဤကဲ့သို့ လုပ်ဆောင်ခြင်းသည် ဖြူစင် ရိုးသားမှုစံနှုန်းနှင့် မည်သို့မျှ မဆန့်ကျင်ပါ။ မည်သို့ပင်ဆိုစေကာမူ ဤကဲ့သို့ကြုံတွေ့ရလျှင်လည်း ဟဂ်ျကျင့်စဉ်၏ အထူးနေ့ရက် ငါးရက်အတွင်းတွင် ရောင်းဝယ်ဖောက်ကား ငွေရှာမှုမပြုခြင်းသည်သာပိုကောင်းမွန်ပါသည်။ ဤရက်များတွင် အိဗာဒသ်နှင့် အလ္လာဟ်အရှင်မြတ်ကို သတိရတသခြင်း ဇီကိရ်မှလွဲ၍ ဘာမျှမလုပ်သင့်ပါ။ ထို့ကြောင့် အချို့သော အိုလမာ သာသနာ့ပညာရှင်များက ဟဂ်ျ၏ ဤအထူးရက်များအတွင်း ရောင်းဝယ်ဖောက်ကားခြင်းသော်လည်းကောင်း၊ ငွေကြေးရှာဖွေခြင်းကိုသော်လည်းကောင်း တားမြစ်ပိတ်ပင်သည်ဟု သတ်မှတ်ကြသည်။

## မုဇ်ဒလိဖဟ်နှင့် အရဖာသ်တွင် စောင့်ဆိုင်းနေထိုင်ခြင်း

ဤအာယသ်တော်(၁၉၈)မှနောက်လာသည့် အမိန့်တော်မှာ -

فَاِذَآ اَفَضْتُمْ مِّنْ عَرَفٰتٍ فَاذْكُرُوا اللّٰهَ عِنْدَ الْمَشْعَرِ الْحَرَامِ وَاذْكُرُوْهُ
كَمَا هَدٰىكُمْ وَاِنْ كُنْتُمْ مِّنْ قَبْلِهٖ لَمِنَ الضَّآلِّيْنَ ○

**‘တစ်ဖန် အသင်တို့သည် အရဖာသ်မှ အစုလိုက် ပြန်လာကြသောအခါ မရှ်အရိဟရာမ်အနီးအပါးတွင် အလ္လာဟ်အရှင်မြတ်ကို တသကြကုန်။ အသင်တို့သည် ထိုအရှင်က အသင်တို့ကို ညွှန်ကြားပြသတော်မူသည့်အတိုင်း ထိုအရှင်မြတ်အား တသကြကုန်။ အမှန်သော်ကား အသင်တို့သည် ယင်းကဲ့သို့ ထိုအရှင်မြတ်က ညွှန်ကြားပြသ တော်မမူမီ မုချမသိလမ်းလွဲသူများဖြစ်ခဲ့ကြပေသည်။’**

ဤအာယသ်တော်မှ မိန့်ကြားသည်မှာ အရဖာသ်မှ ပြန်လာပြီးနောက် မုဇ်ဒလိဖဟ်တွင် တစ်ညတာ နေထိုင်ခြင်း ဝါဂျိဗ်ဖြစ်သည်။ မုဇ်ဒလိဖဟ်တွင် နေထိုင်စဉ် အထူးညွှန်ကြားပြသခဲ့သည့်အတိုင်း အလ္လာဟ်အရှင်မြတ်၏ နာမတော်ကို ရွတ်ဆိုရပေမည်။

အရဖာသ်ဆိုသည်မှာ ဝေါဟာရအဓိပ္ပာယ်အရ အများကိန်းဖြစ်သည်။ အရဖာသ်သည် သီးသန့် လွင်ပြင်တစ်ခု၏ အမည်ဖြစ်သည်။ ယင်း၏ ပထဝီဆိုင်ရာ နယ်နမိတ်များမှာ သိသာထင်ရှားသည်။ ဤလွင်ပြင်သည် ဟရမ် နယ်နမိတ်ပြင်ပတွင်ရှိသည်။ ဟဂ်ျပြုသူအားလုံးသည် ဤနေရာသို့အရောက်သွားကာ နေမွန်းတည့်ချိန်မှ နေဝင်ချိန်ထိ နေထိုင်ရပါမည်။ ဤသည်မှာ ဟဂ်ျပြုလုပ်ခြင်း၏ အလွန်အရေးကြီးသော မပြုမနေရ တာဝန်ဖြစ်သည်။ အကယ်၍ ပျက်ကွက်ခဲ့လျှင် ကဖ်ဖာရတ် (အစားဖြည့်ခြင်း)အားဖြင့်သော်လည်းကောင်း၊ ဖိဒ်ယတ်(ဒဏ်ကြေးပေးဆောင်)ခြင်းအားဖြင့်သော်လည်းကောင်း ပြုလုပ်မရနိုင်ပါ။

အရဖာသ်ဟူသောအမည်နှင့်ပတ်သက်၍ အကြောင်းရင်းခံ အတော်များများ ဖော်ပြထားခဲ့သည်။ ယင်းတို့အထဲမှ အရှင်းလင်းဆုံးမှာ အရဖာသ်ဟူသည် ကွင်းပြင်တစ်ခုဖြစ်၍ ထိုနေရာတွင် အိဗာဒသ်လုပ်ခြင်း၊ ဇကိရ် ပြုလုပ်ခြင်းအားဖြင့် မိမိ၏အရှင်သခင်အား အာရုံခံ သိရှိနားလည်နိုင်ခြင်း၊ ထိုအရှင်နှင့် နီးကပ်နိုင်ခြင်းတို့အပြင် အရပ်ရပ်မှ မုစ်လင်မ်အပေါင်းသည် တိုက်ရိုက်ထိတွေ့ကြကာ တစ်ဦးကိုတစ်ဦး တွေ့ဆုံသိကျွမ်းနိုင်သည်။

အရဖာသ်တွင် မွန်းတည့်ချိန်မှ နေဝင်ထိနေထိုင်ပြီးနောက် ထိုနေရာမှ ထွက်ခွာကာ အလ်မရှ်အရိဟရာမ် အနီးအနားတွင် နေထိုင်ရန် အာဃသ်တော်က အလေးအနက်ပြုထားသည်။ အလ်မရှ်အရိဟရာမ်သည် မုဇ်ဒလိဖဟ်တွင်ရှိ တောင်တစ်တောင်၏အမည်ဖြစ်သည်။ အလ်မရှ်ဟရိဟူသောစကားလုံး၏ ဆိုလိုရင်းမှာ လက္ခဏာ(သို့)သင်္ကေတဖြစ်၍ ဟရာမ်ဆိုသည်မှာ မြင့်မြတ်ခြင်းဖြစ်သည်။ ဤအမည်နာမဖော်ညွှန်းသည်မှာ ဤတောင်သည် အစ္စလာမ်သာသနာ၏ မြင့်မြတ်သောအထိမ်းအမှတ်ဖြစ်သည်။ ဤတောင်နှင့်ကပ်လျက်ရှိသော လွင်ပြင်ကို မုဇ်ဒလိဖဟ်ဟုခေါ်တွင်သည်။ ဤကွင်းပြင်တွင် တစ်ညတာနေထိုင်ခြင်း ဝါဂျိဗ်ဖြစ်ပြီး ဤမုဇ်ဒလိဖဟ်တွင် မဂ်ရိဗ်နှင့် အိရှာဆွလာတ်ဝတ်ပြုဆောက်တည်မှုများကို တစ်ပေါင်းတည်း ဝတ်ပြုဆောက်တည်ရပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ' فَاذْكُرُوا اللَّهَ عِنْدَ الْمَشْعَرِ الْحَرَامِ ' **မရှ်အရိဟရာမ်အနီးအပါးတွင် အလ္လာဟ်အရှင်မြတ်ကို တသကြကုန်'**ဆဲတွင် အလ္လာဟ်အရှင်မြတ်ကိုတသရန် နည်းပေါင်းစုံပါဝင်သည်မှာ သေချာသော်လည်း ဤအာယသ်တော်က ဤနေရာတွင် သီးခြားဆိုလိုသည်မှာ မဂ်ရိဗ်နှင့် အိရှာဆွလာသ်ကို တကြိမ်တည်း ဝတ်ပြုဆောက်တည်ခြင်းကို ဆိုလိုသည်။ ဤသည်မှာ မုဇ်ဒလိဖဟ်လွင်ပြင်တွင်သာပြုလုပ်နိုင်သော အထူးသီးသန့် အိဗာဒသ်ပြုလုပ်ခြင်းမျိုးဖြစ်သည်။ နောက်မှ ကပ်ပါလာသော ဝါကျ **وَاذْكُرُوهُ كَمَا هَدَاكُمْ 'အသင်တို့သည် ထိုအရှင်မြတ်က အသင်တို့ကို ညွှန်ကြားပြသတော်မူသည့်အတိုင်း ထိုအရှင်မြတ်အား တသကြကုန်'**သည် ဤကိစ္စကိုပင် ညွှန်ပြနေသည်။ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ နာမတော်ကို ရွတ်ဆိုရာတွင် အလ္လာဟ်အရှင် မြတ် ညွှန်ပြသည့်အတိုင်း ရွတ်ဆိုရမည်ဖြစ်၍ ကိုယ်ပိုင်ထင်မြင်ယူဆချက်နှင့် မရွတ်ဆိုရပါ။ အဘယ့်ကြောင့် ဆိုသော် ကိုယ်ပိုင်ထင်မြင်ချက်နှင့်ဆိုလျှင် မဂ်ရိဗ်ဆွလာသ်သည် မဂ်ရိဗ်ဆွလာသ်အချိန်တွင် ဝတ်ပြုဆောက် တည်၍ အိရှာဆွလာသ်ကို အိရှာဆွလာသ်အချိန်တွင် ဆောက်တည်ရမည်ဖြစ်သည်။ သို့သော်လည်း ထိုနေရာတွင်မူ အလ္လာဟ်အရှင်မြတ်သည် မဂ်ရစ်ဗ်ဆွလာသ်ဝတ်ပြုဆောက်တည်မှုကို ဆိုင်းငံ့၍ အိရှာဆွလာသ်နှင့်အတူ ဝတ်ပြု ဆောက်တည်ရန်ကြိုက်နှစ်သက်တော်မူသည်။ အထက်ပါ ကိုးကားချက်ဖြစ်သည့် ကုရ်အာန်ကျမ်းတော်မြတ် အမိန့်တော် 'အသင်တို့သည် ထိုအရှင်မြတ်က အသင်တို့ကို ညွှန်ကြားပြသတော်မူသည့် အတိုင်း ထိုအရှင်မြတ်အား တသကြကုန်'အရဆိုလျှင် လူသားသည် အိဗာဒသ် ခဝတ်ကိုးကွယ်မှုနှင့် ဇိက်ရ်အလ္လာဟ် အရှင်မြတ်ကို တသမှုတို့တွင် မိမိစိတ်ကြိုက် ပြုလုပ်၍မရဟူသော အခြားအခြေခံဥပဒေသ တစ်ရပ်ပေါ်ထွက်လာ

ပါသည်။ စင်စစ် အိဗာဒသ်တိုင်းနှင့် ဇိက်ရ်တိုင်းတွင် အထူးစည်းကမ်း နည်းလမ်းများကို လိုက်နာရန်လိုအပ်သည်။ ဤသည် တို့ကို စည်းကမ်းသတ်မှတ်ထားသည့်အတိုင်း ပြုလုပ်ရပါမည်။ သို့မဟုတ်လျှင် ခွင့်မပြုချေ။ ထို့နောက် အလ္လာဟ် အရှင်မြတ်က အိဗာဒသ်ပြုလုပ်ခြင်းတွင် အတိုးအလျော့ပြုလုပ်ခြင်းများကို မနှစ်သက်ပါ။ ခဝတ်ကိုးကွယ်မှု အပြုအမူတွင် တိုးတက်လာစေရန်အလို့ငှာ ပြဋ္ဌာန်းပြီးသော (သို့) နေရာတို့ကို အပြောင်းအလဲ မပြုလုပ်ရပါ။ လူအများတို့သည် နဖိလ်ဆွလာသ်များနှင့် ပေးကမ်းစွန့်ကြဲမှု အပြုအမူများကို ရှရီအသ်တရားတော်က ပြဋ္ဌာန်းထားသည်မရှိဘဲ ပိုမိုလုပ်ဆောင်ကြသည်။ ရှေ့တစ်ဆင့်တက်၍ လုပ်ဆောင်ရာတွင် အလ္လာဟ် အရှင်မြတ်နှင့် ထိုအရှင်မြတ်၏ တမန်တော်ကလိုအပ်သည့်အရာဟု ကြေညာမထားဘဲ သူတို့ကိုယ်သူတို့ လိုအပ်သည့် အရာဟု သတ်မှတ် ခြင်းကို တွေ့ရသည်။ နောက်ဆုံးတွင် ထိုသူများက ၎င်းတို့ကဲ့သို့ မလုပ်သူများကိုပင် မှားသည်ဟု အတင့်ရဲကာ ရှုမြင်ကြသည်။ ဤအာယသ်တော်က ထိုသူများ၏ မှားယွင်းသော အယူအဆကို ဖော်ပြသည့်အနေနှင့် မိန့်တော်မူသည်မှာ ထိုကဲ့သို့ အပိုဆောင်းပြုသော ခဝတ်ကိုးကွယ်မှုများသည် အမှောင်ခေတ်က ဓလေ့ထုံးစံများကို ထင်ဟပ် စေပါသည်။ ထိုစဉ်က မယုံကြည်သွေဖည်သူများသည် ၎င်းတို့၏ ကိုယ်ပိုင်အယူအဆများနှင့် စိတ်ကြိုက်ပုံစံများဖြင့် ပြုလုပ်သောခဝတ်ကိုးကွယ်မှုမျိုးသာလျှင် ပြုလုပ်ကြသည်။ အရေးကြီးသော အပြုအမူများကို အနည်းငယ်သော ဓလေ့ထုံးစံအချို့အဖြစ်သာ ဘောင်ခတ်သတ်မှတ်ထားခဲ့သည်။

တတိယအာယသ်တော် (၁၉၉) ثُمَّ أَفِيضُوا مِنْ حَيْثُ أَفَاضَ النَّاسُ وَاسْتَغْفِرُوا اللَّهَ غَفُورٌ رَّحِيمٌ **'ထို့နောက် လူအများ အစုလိုက် ပြန်လာ ကြသောနေရာ(အရဖာသ်)မှ အသင်တို့သည်လည်း (သွားရောက်၍) ပြန်လာကြကုန်လော့။ ထိုမှတစ်ပါး အသင်တို့သည်(မိမိတို့အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့် ရရှိရန်အလို့ငှာ အလ္လာဟ်အရှင်မြတ်၏ အထံတော်၌ လျှောက်ထားအသနားခံကြကုန်လော့။ မုချကောန် အလ္လာဟ် အရှင်မြတ်သည် အဖန်တလဲလဲ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူထသောအရှင်၊ အစဉ်သနားကြင်နာ ညှာတာတော်မူထသောအရှင်ဖြစ်တော်မူလေသတည်း'**သည် အထူးသီးသန့်နောက်ခံအကြောင်းတစ်ရပ်ကြောင့် ကျရောက်ခဲ့ခြင်းဖြစ်သည်။ အရေးမီးယားရှိ ကုရိုက်ရှ်မျိုးနွယ်တို့သည် ကအ်ဗဟ်ကျောင်းတော်ကို ထိန်းသိမ်း စောင့်ရှောက်သူများဖြစ်သောကြောင့် နိုင်ငံအတွင်းတွင် ထင်ပေါ်ကျော်ကြား၍ ဩဇာတိက္ကမရှိလေသည်။ အမှောင်ခေတ်တွင်းက လူတိုင်းလူတိုင်း အရဖာသ်ကို သွားရောက်ခဲ့ကြ၍ ကိုရိုက်ရှ်တို့သည် ၎င်းတို့၏ အရေးပါမှုကို ပြသရန်အတွက် မုဇ်ဒလိဖတ်တွင်ရပ်နားကာနေထိုင်ခဲ့ကြသည်။ ၎င်းတို့သည် ကအ်ဗဟ် ကျောင်းတော်ကို ထိန်းသိမ်းစောင့်ရှောက်ကြသူများဖြစ်သောကြောင့် ဟရာမ်၏ သတ်မှတ်ထားသော ပရဝုဏ်အပြင်ပသို့ကျော်လွန်သွားရောက်ရန် မသင့်လျော်ကြဟူ၍ ပြောကြသည်။ မုဇ်ဒလိဖတ်သည် ဟရမ်နယ်နမိတ်အတွင်းရှိ၍ အရဖာတ်သည် ထိုနယ်နိမိတ်အပြင်ပတွင်ရှိသောကြောင့် အထက်ပါဆင်ခြေကို စွဲကိုင်ကာ မုဇ်ဒလိဖတ်တွင်နေ၍ ထိုမှပြန်လာကြ ပါသည်။ အမှန်မှာ ၎င်းတို့သည် မောက်မာခြင်းနှင့် စိတ်ကြီးဝင်ခြင်းကို ပြသရန်အလွန်နှစ်သက်ပြီး သာမန်လူများ နှင့် ခပ်ခွာခွာနေရန်အချက်တစ်ချက်အဖြစ် အသုံးပြုကြသည်။ သူတို့၏ မှားယွင်းသော အပြုအမူကို ပြုပြင်ရန်အတွက် လူတိုင်းလူတိုင်းသွားသော အရဖာတ်သို့ ၎င်းတို့အားသွားစေ၍ လူတိုင်းနှင့်အတူ ပြန်လာသကဲ့သို့ ပြန်လာစေရန် 'အလ္လာဟ်အရှင်မြတ်က အမိန့်ပေးတော်မူခဲ့သည်။ ('အဖီဿူ'ဟူသော အရဗီစကားလုံး၏အဓိပ္ပာယ်မှာ လူအများနှင့် ရောနှောခြင်းဟု ဆိုလိုသည်။ ထိုကဲ့သို့ ရောနှောခြင်းကို အမှောင်ခေတ်တွင်ရှိ ကိုရိုက်ရှ်များက ရှောင်ကြဉ်ခဲ့သော ကိစ္စဖြစ်သည်။)

လူအများနှင့် ခွဲခွာ၍နေခြင်းနှင့် တစ်မူထူးခြားစွာပြုမူခြင်းများသည် မောက်မာခြင်း အပြုအမူတစ်မျိုးဖြစ်၍ ထိုအပြုအမူကို အမြဲတမ်းရှောင်ကြဉ်ရပါမည်။ အထူးသဖြင့် ဟဂျ်ပြုလုပ်သည့်ရက်များအတွင်း အိဟ်ရာမ်ဝတ်ရုံဝတ်ဆင်ထားခြင်း၊ ဟဂျ်ပြုသည့်နေရာနှင့် ရည်ရွယ်ချက်တို့သည် တစ်သားတည်းဖြစ်နေခြင်းက လူသားအားလုံးသည် သာတူညီမျှဖြစ်၍ ဆင်းရဲသည် ချမ်းသာသည်၊ စာပေတတ်ကျွမ်းသည်၊ မတတ်ကျွမ်းသည်၊ ကြီးသည် ငယ်သည်ဟူသော ခွဲခြားမှုမရှိဟု သင်ကြားပြပါသည်။ ထို့ကြောင့် အိဟ်ရာမ်ဝတ်ဆင်ထားပြီး ထိုကဲ့သို့သော ခွဲခြားမှုပြုသခဲ့ပါမူ အပြစ်သည် ပိုမိုကြီးမားပေလိမ့်မည်။

## လက်တွေ့တွင် လူသားအားလုံးတန်းတူဖြစ်ခြင်း

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤမိန့်ကြားချက်က ကျွန်ုပ်တို့အား လူမှုဆက်ဆံရေး၏ အရေးကြီးသော မူတစ်ရပ်ကို သင်ကြားပြသပေးပါသည်။ အထက်တန်းလွှာမှ လူများသည် အောက်တန်းလွှာမှလူများကို အဆက်အသွယ်မဖြတ်သင့်ပေ။ ၎င်းတို့သည် မိသားစုကြီးတစ်ခုလုံး၏ အသွင်မတူသော မိသားစုဝင်များအဖြစ် ပြုမူသင့်သည်။ ယင်းကဲ့သို့ ပြုမူလာခဲ့လျှင် တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို စိတ်ခါတ်၊ စာနာခြင်း၊ ချစ်ခင်ခြင်းများပေါ်ပေါက်လာပြီး ဆင်းရဲချမ်းသာ အလုပ်ရှင်အလုပ်သမားဟူသော ခွဲခြားသည့်တံတိုင်း ဖယ်ရှားပြီးဖြစ်လိမ့်မည်။ တမန်တော်မြတ်(ﷺ)သခင်သည် နောက်ဆုံးဟဂျ်မိန့်ခွန်းတွင် ပွင့်လင်းစွာကြေညာမိန့်ကြားခဲ့သည်မှာ နောင်လာမည့်အချိန်တိုင်းအတွက် 'မည်သည့်အရပ်မှ အရပ်မဟုတ်သူထက် သာပို၍မမြင့်မြတ်ချေ။ မည်သည့်လူဖြူကမှ မည်သည့် လူမဲထက်သာမြတ်လိမ့်မည်မဟုတ်ချေ'ဟူ၍ဖြစ်သည်။ သာမြတ်ခြင်းသည် 'သက္ကဝါ'နှင့် 'အိအ်တိဗာအ်' (အလ္လာဟ် အရှင်မြတ်အား ကြောက်ရွံ့ခြင်းနှင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်နာခံခြင်းဖြစ်သည်)ပေါ်တွင် တည်မှီနေသည်။ ထို့ကြောင့် မုဇ်ဒလိဖဟ်တွင်နေထိုင်ခြင်းအားဖြင့် အခြားသူများနှင့်မတူဘဲ ကိုယ်ကိုကိုယ် ထူးခြားသော အနေအထားတစ်ရပ်အဖြစ် ပြသလိုသည့်သူများအား ၎င်းတို့၏ အပြုအမူသည် အပြစ်ဖြစ်၍ အလ္လာဟ်အရှင်မြတ်ထံမှ ခွင့်လွှတ်ချမ်းသာပေးခွင့်တောင်းခံအပ်သည်။ သို့မှသာ အလ္လာဟ်အရှင်မြတ်သည် ကောင်းချီးမင်္ဂလာအဖြာဖြာ ပေးသနားတော်မူသောအရှင်၊ ခွင့်လွှတ်ချမ်းသာပေး သနားကြင်နာတာတော်မူသောအရှင် ဖြစ်တော်မူလေသည်ဟု အာယသ်တော်က မိန့်ကြားထားသည်။

## မိနာတွင် အမှောင်ခေတ် ဓလေ့ထုံးစံများကို တားမြစ်ပိတ်ပင်ခြင်း

အာယသ်တော်(၁၉၉)မှ (၂၀၁)တွင် အချို့သော အမှောင်ခေတ် ဓလေ့ထုံးစံများကို အမှန်သို့ပြင်ဆင်ပေးထားခဲ့သည်။ ထိုအထဲမှ တစ်ခုကား အမှောင်ခေတ်က အရပ်များသည် အရဖာသ်၊ မုဇ်ဒလိဖဟ်တို့တွင် ဟဂျ်ကျင့်စဉ်များပြုလုပ်ပြီးနောက် တွဝါးဖ်လှည့်ကာ ကုရ်ဘာနီသားကောင်လှီးဖြတ်၍မိနာတွင်နေထိုင်စဉ် လူစုလူဝေးပြုကာ၊ ကဗျာလင်္ကာများရွတ်ဆိုခြင်း၊ ၎င်းတို့၏ ဘိုးဘွားဘီဘင်တို့၏ အောင်မြင်မှုများကို ခိုးကျူးထောမနာသည့် ဟောပြောပွဲများကျင်းပခြင်းများပြုလုပ်ကြပါသည်။ ထိုကဲ့သို့ လူစုလူဝေးများတွင် အလ္လာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းကင်းမဲ့နေသည်ကား ထင်ရှားသည်။ ၎င်းတို့ရည်မှန်းထားသည်နှင့် မည်သို့မျှမပတ်သက်သော ကိစ္စရပ်များကို ယင်းကဲ့သို့မြင့်မြတ်သောနေ့များတွင် ရွေးချယ်၍လုပ်ခြင်းကား ထူးဆန်းပေသည်။ ထို့ကြောင့်

ငင်းတို့ကိုပြောသည်မှာ ငင်းတို့၏ အိဟ်ရာမ်ကျင့်စဉ်ပြီးဆုံးပြီးနောက် မိနာတွင်လာနေထိုင်စဉ် အလ္လာဟ်အရှင်မြတ်အား တသခြင်းကိုသာ ဦးတည်လုပ်ဆောင်သင့်သည်။ ငင်းတို့၏ ဘိုးဘွားဘီဘင်တို့ အောင်မြင်မှုအကြောင်းကြွားဝါပြောဆိုနေခြင်းမှ ရှောင်ရှားရမည်။ အလ္လာဟ်အရှင်မြတ်၏ ဇီကိရ်တွင် စိတ်စူးစိုက်ခြင်းသည် မည်သည့်အရာနှင့်မျှမတူချေ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က မုစ်လင်မ်များကို ညွှန်ကြားပြသသည်မှာ အမှောင်ခေတ်က ဓလေ့ထုံးစံများမှ ရှောင်ရှားရန်ဖြစ်သည်။ အထူးသဖြင့် ကောင်းချီးမင်္ဂလာရှိသော ကြီးမြတ်သည့် ဟဂ်ျနေ့ရက်များတွင် အလ္လာဟ်အရှင်မြတ်ပေးသနားတော်မူသော အိဗာဒသ်နှင့် ဇီကိရ်များကိုပြုလုပ်ရန်ဖြစ်သည်။ အိဗာဒသ်နှင့် ဇီကိရ်သည် အလ္လာဟ်အရှင်မြတ်ထံမှ ကောင်းချီးမင်္ဂလာနှင့် မြင့်မြတ်ခြင်းများရှိကြသည်။ အကယ်၍ဂရုမမူမိခြင်းကြောင့် ဆုံးရှုံးသွားလျှင်ကား နောက်တစ်ကြိမ်အစားပြန်မရနိုင်တော့ပါ။

ဟဂ်ျပြုလုပ်ခြင်းသည် မိသားစုနှင့်စီးပွားရေးလုပ်ငန်းများကို ခွဲခွါကာ ငွေကြေးနှင့် အချိန်မြောက်များစွာအကုန်ကျခံ၍ တိကျတင်းကြပ်သော ခရီးရှည်ကြီးတစ်ခုထွက်ပြီးမှ လုပ်ဆောင်ရသော အထူးခဝတ်ကိုးကွယ်မှုတစ်ရပ် ဖြစ်သည်။ ထိုကြိုမသိနိုင်သော အဖြစ်အပျက်များက လွှမ်းမိုးနေခြင်းသည် မျှော်လင့်ချက်ဝေးသည်မဟုတ်ချေ။ ငွေကြေးနှင့် ကြိုးစားမှုအားလုံးပြုလုပ်ထားလင့်ကစား တစ်ချိန်လုံး ရည်မှန်းတသထားသော ဟဂ်ျပြုလုပ်ခြင်းသည် အောင်မြင်မှုမရနိုင်ဟု ဆိုသည်မှာ လုံးဝဖြစ်နိုင်ပေသည်။ အကယ်၍ အလ္လာဟ်အရှင်မြတ်၏ အသနားတော်ဖြင့် အတားအဆီးများအားလုံးဖယ်ရှားပေးခဲ့ပါလျှင် တစ်စုံတစ်ဦးသည် ၎င်း၏မလုပ်မနေရ ဟဂ်ျကျင့်စဉ်အားလုံးအောင်မြင်ချောမွေ့စွာလုပ်နိုင်၍ တာဝန်ပြီးဆုံးအောင် ထမ်းဆောင်နိုင်ပါလိမ့်မည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်ကို ကျေးဇူးတင်ရှိ၍ အောက်မေ့တသ,သတိရခြင်းတွင် အားကြိုးမာန်တက် လုပ်ဆောင်နေသင့်ကာ အချိုးအနှိုးဖြစ်သော လူစုလူဝေးတွင် စုဝေးခြင်း၊ ပါဝင်ခြင်း၊ စကားစမြည်ပြောဆိုခြင်းများမှ ရှောင်ကြဉ်သင့်ပါသည်။ အကျိုးမရှိသည့် ဘိုးဘွားဘီဘင်များအကြောင်းပြောနေကာ အချိန်ဖြုန်းတီးနေသော အမှောင်ခေတ်ကလူများနှင့် နှိုင်းယှဉ်လျှင် ယင်းနေရာတွင် ဤကမ္ဘာနှင့် နောင်တမလွန်အတွက်ပါ အကျိုးရှိစေမည့် အလ္လာဟ်အရှင်မြတ်၏ ဇီကိရ်အောက်မေ့တသ,သတိရခြင်းသာလျှင် လုပ်သင့်ပေသည်။

ယခုခေတ် မုစ်လင်မ်များသည် အမှောင်ခေတ်က ဓလေ့ဖြစ်သော လက်ာများရွတ်ဆိုခြင်း၊ ဘိုးဘွားဘီဘင်များအကြောင်း ပြောဟောခြင်းများကို မလုပ်ဟုဆိုသည်မှာ သံသယမရှိချေ။ သို့သော်လည်း တစ်ကမ္ဘာလုံးရှိထောင်ပေါင်းများစွာသော မုစ်လင်မ်တို့သည် ဤတန်ဘိုးရှိလှသည့် ဟဂ်၏ရက်များတွင် အချိုးအနှိုးစုရုံးခြင်း၊ တစ်ဦးနှင့်တစ်ဦးဧည့်ခံခြင်း၊ ပျော်ပွဲရွှင်ပွဲများစျေးဝယ်ခြင်းနှင့် အလားတူ အခြားစိတ်တိုင်းကျအလုပ်များ လုပ်နေသေးကြောင်း တွေ့ရှိရပါသည်။ ဤအာယသ်တော်သည် ၎င်းတို့ကို အသိပေးရန် လုံလောက်ပေသည်။

အချို့သော ဋီကာရှင်များက ဤအာယသ်တော်တွင် သုံးစွဲထားသော 'အဖေ'ဟူသောစကားလုံး၏ ဆင်တူမှုကို အကျယ်ချဲ့ကြပါသည်။ ၎င်းတို့က မိန့်ကြားသည်မှာ လူတစ်ဦးသည် ၎င်းငယ်စဉ်က အရာရာတိုင်းအတွက် အဖေကို မှီခိုရသကဲ့သို့ အလ္လာဟ်အရှင်မြတ်ကိုလည်း အားလုံးအပေါ် မှီခို၍တသသင့်ပေသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ အကယ်၍ လူတစ်ယောက်သည် ၎င်း၏ငယ်စဉ်ဘဝကို ပြန်လည်အောက်မေ့တွေးဆကြည့်လျှင် ကလေးတစ်ဦးသည် သူ၏ဖခင်ကို မှီခိုရသည်ထက် အရွယ်ရောက်လူလားမြောက်လျှင် အချိန်တိုင်းတွင် အလ္လာဟ်အရှင်မြတ်အပေါ် မှီခိုရခြင်းက ပိုမများပေဘူးလား? အမှောင်ခေတ်က လူများလုပ်လေ့လုပ်ထရှိသည့် ဘိုးဘွားဘီဘင်

များအကြောင်း ကြွားဝါပြောကြားခြင်းနှင့်ပတ်သက်၍ ဤအာယသ်တော်က မည်သို့ပယ်ဖျက်ခဲ့သနည်းဟူမူ လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာသည် အလွှာဟ်အရှင်မြတ်အား ဇီကိရ်အောက်မေ့တသ,သတိရခြင်းမှ ရနိုင်သည်ဟူ၍ဖြစ်သည်။ (ရူဟုလ်ဗယာန်)

## ဘာသာရေးနှင့် လောကီရေးဆိုင်ရာ အလုပ်တို့တွင် သင့်တင့်မျှတစေခြင်း

အမှောင်ခေတ်ကလူများ မိနာတွင်နေထိုင်စဉ် ပြုလုပ်ကြသကဲ့သို့ ဟဂ်ျပြုလုပ်စဉ်တွင် အချို့သည် နောက်ထပ် အလေ့အကျင့်တစ်ခုလည်းရှိကြသည်။ သာမန်အားဖြင့် ၎င်းတို့သည် အလွှာဟ်အရှင်မြတ်ကို အောက်မေ့တသခြင်းလုပ်နေလင့်ကစား ဆုတောင်းဒုအာပြုစဉ်တွင် နောင်တမလွန်အတွက် သောကမပိုက်ဘဲ ဤကမ္ဘာအတွက်သာဖြစ်သော သာယာမှု၊ စည်းစိမ်ဥစ္စာများ၊ ဂုဏ်သိက္ခာနှင့် အခြားဂင်းတို့ကြိုက်နှစ်သက် ရာများကို တောင်းဆိုကြသည်။ ထိုကဲ့သို့ ဆုတောင်းဒုအာလုပ်မှုကို ပြုပြင်ရန်အတွက် အာယသ်တော်က နောင်တမလွန်ဘဝကို မေ့လျော့ထားပြီး ဤဘဝအတွက် မပြောပလောက်သော အကျိုးအမြတ်ကိုသာ ဟဂ်၏ ကြီးကျယ်လှသောအချိန်တွင် တောင်းဆိုနေကြသူများရှိသည်ဟု ထောက်ပြနေသည်။ ထိုကဲ့သို့သောသူများအတွက် အာခိရသ် တမလွန်ဘဝတွင် အကျိုးအမြတ်မည်သည်မျှ မရှိချေ။ အဘယ့်ကြောင့်ဆိုသော် ဂင်းတို့၏ အပြုအမူ သည် ဟဂ်၏တာဝန်များကို အပရိကလုပ်ရုံသက်သက်မျှသာ ဖြစ်သည်။ (သို့) လူ့အသိုင်းအဝိုင်းတွင် ဂုဏ်သတင်း ကျော်စောစေရန် လုပ်ဆောင်နေသည့်အသွင်သဏ္ဌာန်သာဖြစ်သည်။ အလွှာဟ်အရှင်မြတ် ကျေနပ်နှစ်သက်စေခြင်းနှင့် အာခိရသ်တမလွန်တွင် ကယ်တင်ခံရခြင်းဟူသော ရည်မှန်းချက်များ ဂင်းတို့ထံတွင်မရှိချေ။

**‘ رَبَّنَآ اٰتِنَا فِی الدُّنۡیَا ’ အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးတို့အား (ပေးလိုတော်မူ သော ကောင်းကျိုးများကို) ဤဘဝ၌ပင် ပေးသနားတော်မူပါ’**ဟု ရွတ်ဆိုကာ ဒုအာတောင်းဆိုသူများကို အာယသ်တော်က ဖော်ပြမိန့်ကြားထားရာတွင် **حَسَنَةً** ’ဟူသော စကားလုံး (ကောင်းကျိုး) မပါဝင်သည်ကို သတိပြုရပါမည်။ ဤသည်က ဖော်ညွှန်းသည်မှာ ဒုအာဆုတောင်းသူများသည် ဤလောကတွင် ဘယ်အရာသည် ကောင်းသည်ကိုပင် ဂရုမပြုကြတော့ပဲ ယမက်ပြင်းကာ ဂင်းတို့၏ လောကီဆန္ဒလိုအင်များဖြည့်ဆည်းရန်သာလျှင် တောင်းခံခဲ့သည်။ သူတို့သည် ယင်းအရာကောင်းသည် မကောင်းသည် ဂရုမစိုက်၊ တရားသဖြင့်ရသည်၊ မတရားသဖြင့်ရသည် ဂရုမစိုက်၊ လူအများမည်သို့တွေးထင်သည်ကိုလည်း ဂရုမစိုက်ကြချေ။

ဤအာယသ်တော်က အလွန်မွန်မြတ်သောနေရာ၊ အလွန်မွန်မြတ်သည့်ဟဂ်၏အချိန်တွင်ပင်လျှင် ဂင်းတို့၏ လောကီရေးဆိုင်ရာအတွက်သာလျှင် ဆုမွန်တောင်းခံရန် နှစ်သက်၍ ယင်းရည်မှန်းချက်ကိုသာ ဂရုစိုက်နေသော အကြင်မုစ်လင်မ်များအား လေးနက်စွာ သတိပေးချက်တစ်ရပ်အဖြစ် မိန့်ကြားထားသည်။ များစွာသော ချမ်းသာကြွယ်ဝသူများသည် ဂင်းတို့ကိုယ်တိုင်သော်လည်းကောင်း၊ ဂင်းတို့ကြည်ညိုလေးစားသူများကို လည်းကောင်း ဂင်းတို့အတွက် ဥစ္စာပစ္စည်းတိုးပွားခြင်း စီးပွားရေးတိုးတက်စေရန်သော်လည်းကောင်း၊ အခြား လောကီရေးရာကိစ္စများကို အာရုံစိုက် တောင်းဆုပြုကြ၍ အာခိရသ်တွင် စာရင်းရှင်းခြင်းမှ လွတ်မြောက်ရန်အတွက်မူ ဆုဒုအာမပြုကြချေ။ များစွာသောသူများကား ဝါဂျိဗ်များ နဖိလ်များကို အလွန်အမင်း မြောက်မြားစွာလုပ်ကြကာ ဂင်းတို့ကိုယ်ဂင်းတို့သည် အထူးကိုင်းရှိုင်းရိုသေသူများဖြစ်ကြသည်ဟု ထင်မှတ်ကြသူများလည်း ရှိကြသည်။ စင်စစ်

ယင်းလုပ်ဆောင်ခြင်းများနောက်ကွယ်တွင် လောကီရေးချစ်ခင်တွယ်တာမှုသာလျှင် ရှိပေသည်။ ထို့ပြင် အများကြည်ညိုလေးစားခံရသော ပုဂ္ဂိုလ်များရှိကြသည်။ ၎င်းတို့သည် ဘာသာတရားကို ကိုင်းရှိုင်းရိုသေသူများနှင့် အဆက်အသွယ်ရှိကြ၍ သေဆုံးပြီးသော ဝလီသူတော်စင်များကိုလည်း ရိုသေသမှု ပြသကြသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်သည် ၎င်းတို့၏ ဒုအာများနှင့် သာအ်ဝိဇ်(အဆောင်လက်ဖွဲ့ များ)သည် ၎င်းတို့အတွက် အစွမ်းထက်အကျိုးပြုလာစေရန်၊ လောကီရေးအခက်အခဲများ ဖယ်ရှားစေရန်နှင့် ၎င်းတို့၏ ပိုင်ဆိုင်မှုများ တိုးပွားစေရန်ဟူသော မှုန်ဝါးဝါးမျှော်မှန်းချက်အတွက်သာဖြစ်သည်။ ထိုကဲ့သို့သော သူများအတွက်လည်း ဤအာယသ်တော်က အထူးလမ်းညွှန်ထားခဲ့သည်။ အားလုံးသိရှိတော်မူ၍ အားလုံးသိမြင်တော်မူသော အလ္လာဟ်အရှင်မြတ်၏လက်ဝယ်တွင် ဤကိစ္စရပ်တစ်ခုလုံးတည်ရှိသည်ဟူသောအချက်ကို ဤ အာယသ်တော်တွင် လေးလေးနက်နက် ဖော်ပြထားသည်။ လူတိုင်းသည် မိမိ၏လုပ်ရပ်များကို သုံးသပ်ရပါမည်။ အထူးသဖြင့် ဟဂ်ျကာလအတွင်း (သို့) ဇိယာရသ်ပြုလုပ်စဉ်အတွင်း ဝဇီဖာဟ်အားလုံး၊ နဖိလ်အားလုံး၊ ဒုအာနှင့် ဆွလာသ်အားလုံးအပါအဝင် ပြုလုပ်သမျှ၏နောက်ကွယ်ရှိ ရည်စူးချက်ကို စမ်းစစ်ရပေမည်။ ထို့နောက် အာယသ်တော်၏နောက်ပိုင်းတွင် အလ္လာဟ်အရှင်မြတ်က အရှင်မြတ်၏ ဖြူစင်မြင့်မြတ်၍ ကျေနပ်နှစ်သက်တော်မူသော ကျေးကျွန်များအကြောင်း ရည်ညွှန်းထားသည်။ ထိုသူများထဲမှ အချို့သူတို့သည် ဓနဥစ္စာချို့တဲ့သူများ ဖြစ်ကောင်းဖြစ်လိမ့်မည်။ အလ္လာဟ်အရှင်မြတ်မိန့်တော်မူသည်မှာ -

مَنْ يَقُوْلُ رَبَّنَآ اٰتِنَا فِى الدُّنْيَا حَسَنَةً وَّفِى الْاٰخِرَةِ حَسَنَةً وَّقِنَا عَذَابَ النَّارِ

**‘ထို့ပြင်တစ်ဝ ယင်းတို့အနက်မှပင် အချို့သောပုဂ္ဂိုလ်တို့သည် အို-ကျွန်တော်မျိုးတို့အား မွေးမြူတော် မူသော အရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို ဤပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ နောင်တမလွန် ဘဝ၌လည်းကောင်း၊ ကောင်းကျိုးချမ်းသာမင်္ဂလာများကို ပေးသနားတော်မူပါ။ ငရဲမီး၏ ဘေးဒဏ်မှလည်း ကယ်ဆယ်တော်မူပါဟု ဆုတောင်းပတ္ထနာပြုလေသည်။’**

ဤအာယသ်တော်တွင် သုံးနှုန်းထားသော ဟစနဟ် حَسَنَةً ဟူသောစကားလုံးတွင် အတွင်းပိုင်းဆိုင်ရာ (သို့) အပြင်ပိုင်းဆိုင်ရာ ကောင်းမြတ်ခြင်းအားလုံးပါဝင်သည်။ ပမာအားဖြင့် ဟစနဟ် (သို့) ဤလောကတွင်ကောင်းခြင်း၌ တစ်ကိုယ်ရေနှင့် မိသားစုကျန်းမာရေး၊ တရားတော်နှင့်ညီစွာ အသက်မွေးဝမ်းကျောင်းမှုပြုရာတွင် (ဘရကတ်)ဖြစ်ခြင်း၊ လိုအင်ဆန္ဒအားလုံးပြည့်ဝစေခြင်း၊ ဖြူစင်မြင့်မြတ်သောလုပ်ရပ်များ၊ နှစ်လိုဖွယ် ကိုယ်ကျင့်တရားများ၊ အကျိုးဖြစ်ထွန်းစေသည့် အသိပညာ၊ ဂုဏ်အသရေနှင့် ဩဇာကိတ္တိမ၊ ယုံကြည်မှုခိုင်မြဲခြင်း၊ ဖြောင့်မတ်မှန်ကန်သောလမ်းကိုညွှန်ပြခံရခြင်းနှင့် အိဗာဒသ် ပြုလုပ်ရာတွင် ပြီးပြည့်စုံသည့် ဖြူစင်ရိုးသားခြင်းများပါဝင်ကြသည်။ အလားတူပင် ဟစနဟ် (သို့) နောင်တမလွန်တွင် ကောင်းခြင်း၌ အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်မှုဖြင့် ဂျန္နသ်သုခဘုံနှင့်တကွ ၎င်း၏များပြား၍ အဆုံးမရှိသော ကောင်းချီးမင်္ဂလာများကို ရရှိခြင်းနှင့် အလ္လာဟ်အရှင်မြတ်ကို ဖူးမြင်ရခြင်းဟူသော အခွင့်အရေးများပါဝင်သည်။

အတိုချုပ်ဆိုရသော် ဤတောင်းဆုဒုအာသည် ဒုအာတောင်းဆုအားလုံး၏ အချုပ်ပင်ဖြစ်သည်။ ဤတောင်းဆုဒုအာထဲတွင် လူတစ်ဦး၏ လောကီရေးနှင့် လောကုတ္တရာရည်မှန်းချက်အားလုံးပါဝင်သည်။ လောကီတွင် ငြိမ်းချမ်းသာယာရေးနှင့် လောကုတ္တရာတွင် ငြိမ်းချမ်းသာယာရေးခံစားရသည်များအပြင် အာယသ်တော်

အဆုံး၌ ဂျဟန္နမ် ငရဲမီးတွင် အပြစ်ပေးခံရခြင်းမှ လွတ်မြောက်ရေးကိုလည်း ရည်ညွှန်းထားသည်။ ဤသည်အတွက်ကြောင့် တမန်တော်မြတ်(ﷺ)သခင်သည် ဒုအာဆုတောင်းခံတိုင်း ဤစကားလုံးများဖြင့် တောင်းဆိုလေ့ရှိသည်။

رَبَّنَآ اٰتِنَا فِی الدُّنۡیَا حَسَنَةً وَّ فِی الۡاٰخِرَةِ حَسَنَةً وَّ قِنَا عَذَابَ النَّارِ

'ရဗ္ဗနာ အာသိနာ ဖစ်ဒ္ဒုန္နယာ ဟစနသောဝ် ဝဖိလ် အာခိရသ် ဟစနသောဝ် ဝကီနာ အဿာဗန်နား'

**'အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို ဤပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း၊ ကောင်းကျိုးချမ်းသာမင်္ဂလာများကို ပေးသနားတော်မူပါ။ ငရဲမီး၏ ဘေးဒဏ်မှလည်း ကယ်ဆယ်တော်မူပါ။'**

အထူးသဖြင့် တွဝါးဖ်လှည့်စဉ်အတွင်း ဤဒုအာတောင်းဆိုခြင်းသည် မတ်စ်နူးန်ဖြစ်သည်။ အသိဉာဏ်နည်းသော အစွန်းရောက် ဘာသာရေးသမားများကိုလည်း ဤအာယသ်တော်က ပြုပြင်ထားသည်။ ၎င်းတို့က အိဗာဒသ် စင်စစ်ဆိုသည်မှာ အာခိရသ်တမလွန်ဘဝအတွက်သာလျှင် တောင်းခံခြင်းဖြစ်ပြီးလောကီရေးကို ဂရုမစိုက်ရဟု ပြောဆိုထားကြသည်။ စင်စစ်မှာ ယင်းသို့ပြောကြားခြင်းသည် မှားယွင်းသည်။ အဘယ့်ကြောင့်ဆိုသော် လူသားသည် လောကီရေးလိုအပ်ချက်အပေါ် မှီခိုရခြင်းမှာ ၎င်း၏အသက်ရှင်သန်ရန်နှင့် စားဝတ်နေရေးသာမက အလ္လာဟ်အရှင်မြတ်၏ အိဗာဒသ်လုပ်ရန်နှင့် အမိန့်နာခံရန်လည်းဖြစ်သည်။ ဤအရာများမရှိပါက ယုံကြည်ချက်၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်မဖြစ်နိုင်ပါ။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်၏ တမန်တော်များ၏ မြင့်မြတ်သောဓလေ့တော်များသည် အလ္လာဟ်အရှင်မြတ်အထံတော်၌ နှစ်ဘဝကောင်းကျိုးချမ်းသာရရန်အတွက် ဆုဒုအာပြုခြင်းဖြစ်သည်။

တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် သူ၏လောကီရေးရာလိုအပ်ချက်များကို ဖြည့်ဆည်းရန် ဆုဒုအာတောင်းခံခြင်းဖြစ်သည်။ ရိုသေကိုင်းရှိုင်းခြင်း စံနှုန်းများနှင့် နာမ်ပိုင်းဆိုင်ရာဂုဏ်သိက္ခာတို့ကို ဆန့်ကျင်သည်ဟု ထင်မှတ်ပါလျှင် ထိုသူသည် တမန်တော်ဖြစ်ခြင်း၏ ကြီးကျယ်သော အဆင့်အတန်းတို့ကို သတိမမူမိခြင်းနှင့် ဤကမ္ဘာလောကတွင် လူသားတစ်ဦး၏အခန်းကဏ္ဍကို နားမလည်သောသူသာဖြစ်ပေလိမ့်မည်။ ထို့ကြောင့် လူတစ်ဦးသည် ၎င်း၏ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကိုသာလျှင် ဘဝ၏ ရည်မှန်းချက်ဟု မယူဆဘဲ ယင်းရည်မှန်းချက်နှင့်တွဲလျက် နောင်တမလွန်ဘဝတွင် ဘာဖြစ်လိမ့်မည်ဆိုသည်ကို သောကပိုက်၍ ယင်းအတွက်ပါ ဆုဒုအာပြုသင့်ပေသည်။

ဤအာယသ်တော်၏ နိဂုံးပိုင်းတွင် လောကီဒွန္နယာနှင့် လောကုတ္တရာ အာခိရတ်တို့နှစ်ခုစလုံးအတွက် ကောင်းကျိုးကို ရည်မှန်းကာ ဆုဒုအာတောင်းသူများသည် ၎င်းတို့၏ ဒုအာတောင်းဆုများကြောင့် ဤဘဝတွင်ကော၊ တမလွန်ဘဝတွင်ပါ ဆုလာဘ်ခီးမြှင့်ခြင်းခံရပေမည်။ ဤအာယသ်မှ ဆက်လက်လာရှိသည်မှာ **' وَاللّٰهُ سَرِيۡعُ الۡحِسَابِ ' အလ္လာဟ်အရှင်မြတ်သည် လျင်မြန်စွာ စစ်ဆေးမေးမြန်း တော်မူမည့်အရှင်ဖြစ်တော်မူ၏'**ဟု မိန့်ကြားခဲ့ခြင်းသည် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းသမျှအားလုံးတို့၏ ဘဝ တစ်သက်တာလုပ်ရပ်များကို အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်နှင့် အလွန်ပြီးပြည့်စုံသော တန်ခိုးတော် အားဖြင့် စုံစမ်းစစ်ဆေးရန် လုံလောက်ပေသည်။ ဤကဲ့သို့ စုံစမ်းစစ်ဆေးရန်အတွက် လူသားများမှီခိုအားထားရ သော

ကွန်ပျူတာစက်များနှင့် နည်းစံနစ်များ အလွှာဟ်အရှင်အတွက် မလိုအပ်ချေ။ ထို့နောက် မကြာမီ အချိန် တစ်ချိန် ရောက်ရှိလာသောအခါ အလွှာဟ်အရှင်မြတ်က လူသားကို သူ၏လုပ်ရပ်များကို စစ်ဆေးပါလိမ့်မည်။ ထို စစ်ဆေးချက်အပေါ် အခြေခံ၍ အလွှာဟ်အရှင်မြတ်၏ ဆုလာဘ်တော်နှင့် အပြစ်ဒဏ်ပေးမှုကို ထိုလူ့ထံတွင် သက်ရောက်စေလိမ့်မည်ဖြစ်သည်။

## မိနာတွင်ရှိစဉ် အလွှာဟ်အရှင်မြတ်အား တသခြင်းအပေါ် အလေးအနက်ထားခြင်း

ဟဂ်ျနှင့်ပတ်သက်သည့် အမိန့်ပညတ်ချက်များပါဝင်သော အာယသ်တော် (၈)ခုအနက် နောက်ဆုံး အာယသ်တော်ဖြစ်သော ' **وَاذْكُرُوا اللَّهَ فِي أَيَّامٍ مَّعْدُودَاتٍ ' (ထိုမှတစ်ပါး အသင်တို့သည် သတ်မှတ်ထားသော နေ့များတွင် အလွှာဟ်အရှင်မြတ်အား အောက်မေ့တသ သတိရကြကုန်လော့။)'**သည် ဟဂ်ျပြုလုပ်သူများ အား အလွှာဟ်အရှင်မြတ်ကို အောက်မေ့တသ သတိရခြင်းလုပ်ရပ်တွင် စွဲမြဲကြစေရန် မိန့်ကြားထားသည်။ သို့မှသာ ၎င်းတို့၏ ဟဂ်ျသည် ပြည့်စုံစွာပြီးမြောက်၍ ဟဂ်ျပြုလုပ်ပြီးသည့်နောက်ပိုင်း၌လည်း ၎င်းတို့ဘဝသည် မှန်ကန်ပြီးအကျိုးဖြစ်ထွန်းစေပါလိမ့်မည်။ 'ဤသတ်မှတ်ထားသောနေ့များ'ဆိုသည်မှာ **أيام التشريق** အိုက်ယာမိသရ်ဒီးက်ရက်များကို ရည်ညွှန်း၍ ထိုရက်များအတွင်း သက္ကဗိရ်

**الله اكبر الله اكبر لا اله الا الله والله اكبر الله اكبر ولله الحمد**

'အလွှာဟုအတ်က္ကဗရ် အောက်လွှာဟု အတ်က္ကဗရ် လာအိလ အိလ်လလွှာဟု ဝလ်လာဟု အတ်က္ကဗရ် အောက်လွှာဟို့အတ်က္ကဗရ် ဝလစ်လာဟိလ်ဟမ်ဒ်' "ဆိုခြင်းမှာ ဝါဂျစ်ဗ်ဖြစ်သည်။

တဆက်တည်းလာရှိသည်မှာ မိနာတွင်နေထိုင်ရမည့်အချိန်ကာလအပိုင်းကို ကျောက်တိုင်(၃)တိုင် (ဂျမ်ရတ်)ကို ကျောက်စရစ်ခဲနှင့်ပေါက်ရန်အတွက် နောက်ဆုံးအချိန်များကို ရှင်းလင်းချက်တို့ဖြစ်သည်။ ဤကိစ္စရပ် သည် အမှောင်ခေတ်မှလူများ အခြေအတင် ငြင်းခုံခဲ့ကြသော ကိစ္စရပ်ဖြစ်သည်။ အချို့က မိနာတွင် ဇုလ်ဟိဂ်္ဂ ဂျဟ်လ(၁၃)ရက်ထိနေထိုင်ပြီးမှ ကျောက်တိုင်(၃)တိုင်ကို ခဲပေါက်ခြင်းပြုလုပ်ရမည်ဟု ထင်မှတ်ကြသည်။ သူတို့ အဆိုအရ မိနာမှ ဇုလ်ဟိဂ်္ဂဂျဟ်လ (၁၂)ရက်နေ့တွင် ပြန်လာခြင်းသည် ခွင့်မပြုသောကိစ္စဖြစ်၍ ထိုသို့ပြုလုပ်သူ များသည် ပြစ်မှုကျူးလွန်သူများဖြစ်ကြသည်ဟုဆိုသည်။ အလားတူပင် အချို့သူများက (၁၂)ရက်နေ့တွင် ပြန်လာရန်မှာ ဝါဂျိဗ်ဟုဆို၍ (၁၃)ရက်ထိ နေထိုင်ခြင်းကို အပြစ်တစ်ရပ်အဖြစ်ဆိုကြသည်။ အထက် အဆို နှစ်ရပ်လုံးကို ဤအာယသ်တော်က မိန့်ကြား၍ ပြင်ဆင်ပေးသည်မှာ

**' فَمَنْ تَعَجَّلَ فِي يَوْمَيْنِ فَلَا إِثْمَ عَلَيْهِ وَمَنْ تَأَخَّرَ فَلَا إِثْمَ عَلَيْهِ ' 'သို့ရာတွင် အကြင်သူသည် နှစ်ရက် အတွင်း၌ပင် အလျင်တဆောပြန် ခဲ့သော် ထိုသူ့အပေါ်ဝယ် တစ်စုံတစ်ရာအပြစ်မရှိချေ။ ထိုနည်းတူစွာ အကြင်သူသည် နှောင့်နှေးကြန့်ကြာခဲ့ပါမူ ထိုသူ့အပေါ်၌လည်း တစ်စုံတစ်ရာအပြစ်မရှိချေ'** ဟူ၍ ဖြစ်သည်။ အာယသ်တော်က သက်သေပြသည်မှာ တစ်ဖက်ကိုတစ်ဖက် အပြစ်ကျူးလွန်သူများဟု ခေါ်ဝေါ်သူများ သည် မှားယွင်း၍ အစွန်းရောက်သူများဖြစ်ကြောင်း ပင်တည်း။

ဟဂ်ျပြုလုပ်သူများသည် ခွင့်ပြုထားသောနည်းလမ်းနှစ်ရပ်အနက် တစ်ရပ်ရပ်ကို ရွေးချယ်ပြုလုပ်ခြင်းသည် မှန်ကန်သောအနေအထားဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ပိုမိုကောင်းမွန်၍ နှစ်သက်ဖွယ်ဖြစ်သည်မှာကား တတိယနေ့ (ဇုလ်ဟိဂ်ျဂျာဟ်လ (၁၃)ရက်နေ့)အထိ နေထိုင်ခြင်းဖြစ်သည်။ ဓမ္မသတ်ပညာရှင်များက မိန့်ကြားသည်မှာ မိနာမှ ဒုတိယနေ့ (ဇုလ်ဟိဂ်ျဂျာဟ်လ (၁၂)ရက်နေ့) နေမဝင်မီ ထွက်ခွာသွားသူသည် တတိယနေ့တွင် ရမီ(ကျောက်တိုင်(၃)တိုင်အား ကျောက်စရစ်ခဲနှင့် ပစ်ပေါက်ခြင်း)ပြုလုပ်ရန်မလိုချေ။ သို့သော်လည်း ၎င်းသူ မိနာမှာရှိစဉ်နေဝင်သွားခဲ့သော် ထိုသူမှာ မိနာမှထွက်ခွာခွင့်မရှိချေ။ တတိယနေ့တွင် ရမီပြုလုပ်ပြီးမှသာလျှင် မိနာမှ ထွက်ခွာခွင့်ရှိသည်။ မည်သို့ဆိုစေကာမူ တတိယနေ့ ရမီလုပ်ခြင်းကို နေထွက်ပြီးနောက် မွန်းမတည့်မီ အချိန်အတွင်း ပြုလုပ်နိုင်သည့် အထူးခွင့်ပြုချက်ရှိသည်။

ဟဂ်ျပြုလုပ်သူများ မိနာမှ ပြန်လည်ထွက်ခွာခြင်းအား ရွေးချယ်နိုင်သည့်နည်းလမ်းများကို သုံးသပ်ကြည့်လျှင် အကယ်၍ ၎င်းတို့ ဒုတိယနေ့တွင် ပြန်လည်ထွက်ခွာသွားလျှင် အပြစ်မဖြစ်ချေ။ ထို့အတူ အကယ်၍ တတိယနေ့မှ ပြန်လည်ထွက်ခွာလျှင်လည်း အပြစ်မဖြစ်ချေ။

အကယ်၍ ဟဂ်ျပြုလုပ်သူများသည် မိနာမှ ဒုတိယနေ့တွင် ပြန်လည်ထွက်ခွာလျှင်ဖြစ်စေ၊ တတိယနေ့တွင် ပြန်ထွက်ခွာလျှင်ဖြစ်စေ အပြစ်မဖြစ်ဟုဆိုသော နည်းလမ်းများကို လေ့လာသုံးသပ်ကြည့်လျှင် အလ္လာဟ်အရှင်မြတ်၏ အမိန့်များကို နာခံပြီး အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေသောသူများ၏ သက်တောင့်သက်သာဖြစ်မှုအတွက် ပြုလုပ်ထားသည်ကို တွေ့မြင်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူများသည် ဟဂ်ျပြုလုပ်ခြင်းအတွက် အမှန်တကယ် ထိုက်တန်သူများဖြစ်ကြပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌ မိန့်ကြားထားသည်မှာ ' اِنَّمَا يَتَقَبَّلُ اللهُ مِنَ الْمُتَّقِيْنَ ''အလ္လာဟ်အရှင်မြတ်သည် သူတော်စင်များထံမှသာလျှင် (တောင်းဆုဒုအာနှင့် ခဝတ်ကိုးကွယ်မှုများကို) သဘောတူလက်ခံတော်မူပေမည်။' (၅း၂၇) ဟူ၍ဖြစ်သည်။ တစ်စုံတစ်ဦးသည် ဟဂ်ျမပြုလုပ်မီ ပြစ်မှုဒုစရိုက်များပြုလုပ်ခဲ့ပြီး ဟဂ်ျပြုလုပ်စဉ်အတွင်းလည်း ထိုပြစ်မှုများကို ရှောင်ကြဉ်ရန် မေ့လျော့၍ ဟဂ်ျပြုလုပ်ခြင်း သည် ထိုသူအတွက် မည်သို့မျှကောင်းကျိုးဖြစ်ထွန်းမည်မဟုတ်ချေ။ ဟဂ်ျမပြုမနေရ တာဝန်ကျေရုံမျှသာ ဖြစ်ပေမည်။

ဤရှစ်အာယသ်အစု၏ အဆုံးသတ်တွင် ကုရ်အာန်ကျမ်းတော်မြတ်၌ မိန့်ကြားထားသည်မှာ - ' وَاتَّقُوا اللهَ وَاعْلَمُوْٓا اَنَّكُمْ اِلَيْهِ تُحْشَرُوْنَ ' **"ထို့ကြောင့် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေကာ ပြစ်မှုဒုစရိုက်တို့ကို ကြဉ်ရှောင်ကြကုန်။ ထိုမှတစ်ပါး အသင်တို့သည် ထိုအရှင်မြတ်၏ အထံတော်၌ပင် စုရုံးကြရမည်ကိုလည်း (ကောင်းစွာ)သိထားကြကုန်"**ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ ထိုစုရုံးရမည့်နေရာတွင် အလ္လာဟ်အရှင်က သင်တို့အားလုံး၏ ပွင့်လင်းစွာ ဖြစ်စေ၊ လျှို့ဝှက်စွာဖြစ်စေ ပြုလုပ်ခဲ့ကြသည့် လုပ်ရပ်များကို စစ်ကြောမေးမြန်း၍ ယင်းစစ်ဆေးမှုပေါ်မူတည်ကာ ဆုလာဘ်ပေးခြင်း၊ အပြစ်ဒဏ်ပေးခြင်း ပြုလုပ်ပါလိမ့်မည်။ ဤနောက်ဆုံးစာကြောင်းသည် အာယသ်တော်များထဲ တွင် ပါဝင်သော ဟဂ်ျ၏ အမိန့်ပညတ်ချက်များအားလုံး၏ အစစ်အမှန်အနှစ်သာရဖြစ်သည်။ ဆိုလိုသည်မှာ ဟဂ်ျပြုလုပ်စဉ် အထူးရက်များအတွင်း တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား အမြဲတစေ ကြောက်ရွံ့ရိုသေ နေရမည်။ သတ်မှတ်ထားသော ဟဂ်ျကျင့်စဉ်များလုပ်ဆောင်ရာတွင် ပြည့်စုံအောင်ပြုလုပ်ရမည်။ လျော့နည်းမှု မရှိစေရပါ။ ထို့ပြင်

ဟဂ်ျပြုလုပ်ပြီးသောအခါ ထိုသူသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေမြဲ ကြောက်ရွံ့ကာ ပြုကျင့်သမျှတွင် မာန်မာနကင်းဝေးစေရမည်။ အပြစ်ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းများကို ဆက်လက်ရှင်သန်စေရမည်။ အဘယ့်ကြောင့်ဆိုသော် လူသား၏ ကျင့်ဆောင်ချက်များကို စစ်ဆေးချိန်တွယ်သော အခါ ကောင်းမှုကုသိုလ်များ အပေါ် မကောင်းမှုဒုစရိုက်က လွှမ်းမိုး၍ မကောင်းမှုက အလေးသာကာ ကောင်းမှု ကုသိုလ်များ ပျက်ပြုန်းကုန်မည်ဖြစ်သောကြောင့် ပင်တည်း။ ဟဂ်ျပြုလုပ်ခြင်း၏ အိဗာဒသ်ကြီးကျယ်မှုအကြောင်း ဖော်ပြသည့် ဟဒီးဆ်တော်တစ်ရပ်ထဲတွင် မိန့်ကြား ထားသည်မှာ ဟဂ်ျပြုလုပ်ပြီးနောက်ပြန်လာသောအကြင်သူ တစ်ဦးသည် အမိမ်းတွင်းမှ ကျွတ်ခါစ လူတစ်ဦးကဲ့သို့ အပြစ်ဒုစရိုက်အပေါင်းမှ လုံးဝကင်းစင်နေလိမ့်မည်ဟူ၍ ဖြစ်သည်။ ထို့ကြောင့် ဟဂ်ျပြုလုပ်ပြီးသူများသည် သက္ကဝါ ၏ အရည်အသွေး ထိန်းသိမ်းထားရန် ညွှန်ကြားခြင်း ဖြစ်သည်။ အပြစ်ဒုစရိုက်အားလုံးမှ သန့်စင်ပြီးသောသူများ ဖြစ်သည့်အားလျော်စွာ အပြစ်ဖြစ်စေရန် စွဲဆောင်မှု အားလုံးမှ ကြဉ်ရှောင်မှုပြုလုပ်ရပါမည်။ သို့မှသာ ထိုသူသည် နှစ်ဘဝလုံး(ဒွန္နယာ+အာခိရတ်)ကောင်းကျိုးများ ရရှိပါလိမ့်မည်။ အကယ်၍ တစ်စုံတစ်ဦးသည် ဟဂ်ျပြုလုပ်ပြီး အညစ်အကြေးများမှ ကင်းစင်စေသော အခြေ အနေတစ်ရပ် ရရှိခဲ့ပြီးနောက် ပြစ်မှုဒုစရိုက်တွင် ပြန်လည်နစ်မွန်းသွားခဲ့လျှင် အတိတ်က ပြစ်မှုများ ပယ်ရှားခဲ့သည့်အချက်သည် သူ့အတွက်မည်သို့မျှ အသုံးမဝင်တော့ချေ။ ယင်းနှင့်ဆန့်ကျင်ကာ 'အိုလမာ'သာသနာ့ပညာရှင်များက မိန့်ကြားသည်မှာ တစ်စုံတစ်ဦးသည် ဟဂ်ျပြုလုပ်ပြီးနောက် ဒွန္နယာလောကကို မြတ်နိုးသည့်စိတ်နှလုံးသားကို ဖြတ်တောက်၍ အာခိရသ်တမလွန်ဘဝကို သောကပိုက်မှသာလျှင် ၎င်း၏ ဟဂ်ျပြုလုပ်ခြင်းကို လက်ခံ၍ ၎င်း၏ အပြစ်များကို ခွင့်လွှတ်ကာ ၎င်း၏ဆုဒုအာများလက်ခံတော်မူလိမ့်မည်ဖြစ်သည်။ ဟဂ်ျပြုလုပ်စဉ်အတွင်း နေရာတိုင်းမှာ အလ္လာဟ်အရှင်မြတ်၏ အိမ်တော်ရှေ့၌ အလ္လာဟ်အရှင်မြတ်အား အမိန့်နာခံကြောင်း ပဋိညာဉ်ပြုကြသူများသည် ဟဂ်ျပြုလုပ်ပြီးနောက် ယင်းပဋိညာဉ်များကို အဆင်ခြင်ကင်းမဲ့စွာနှင့် ၎င်းတို့မည်သို့ ချိုးဖောက်ကြသနည်း။ အကယ်၍ ကံကောင်းထောက်မစွာဖြင့် ဟဂ်ျပြုခွင့်ရသောသူတို့သည် ဤအချက်ကလေးကို အနည်းငယ် ဂရုပြုခဲ့လျှင် ၎င်းတို့သည် နောင်တွင် လေးနက်သော ပဋိညာဉ်အတိုင်း စောင့်ထိမ်းလိုက်နာသွားနိုင်ပါလိမ့်မည်။

ဘာသာတရားကိုင်းရှိုင်းသော သက်ကြီးရွယ်အိုတစ်ဦးပြောကြားခဲ့သည်မှာ 'ကျွန်ုပ်ဟဂ်ျမှ ပြန်လာပြီးနောက် အပြစ်တစ်ခုမတော်တဆကျူးလွန်မိစေရန်လှုံ့ဆော်မှုပေါ်လာခဲ့သည်။ထိုအချိန်၌ကျွန်ုပ်သည်အကွယ်မှအသံတစ်သံကြားရသည်။'မင်းဟဂ်ျပြုလုပ်ခဲ့သည်မဟုတ်လော၊မင်းဟဂ်ျလုပ်ခဲ့သည် မဟုတ်လော'ဟူသော အသံ ကြားရသည်။ထိုအသံကကျွန်ုပ်နှင့်ပြစ်မှုဒုစရိုက်အကြား တံတိုင်းတစ်ခုဖြစ်သွားသည်။ ကျွန်ုပ်အား အလ္လာဟ်အရှင်မြတ်က စောင့်ရှောက်ခဲ့ပါသည်။

ဤသည်နှင့်ဆန့်ကျင်သော အဖြစ်အပျက်တစ်ခုရှိခဲ့ပါသည်။ ကျော်ကြားသော မော်လာနာ ဂျာမီး၏ နောက်လိုက်တစ်ဦးဖြစ်သော တူရကီနိုင်ငံမှ ဘာသာရေးကိုင်းရှိုင်းသော အခြားသူတစ်ဦးအကြောင်းဖြစ်သည်။ သူသည် ၎င်း၏ သာမန်ဘဝတွင် နာမ်ပိုင်းအခြေအနေ မည်မျှထိ သာလွန်ကောင်းမွန်ခဲ့သနည်းဆိုလျှင် ၎င်း၏ ခေါင်းပေါ်တွင် ရောင်ခြည်စက်ဝန်းတစ်ခု အမြဲမြင်တွေ့နေရသည်။ ဟဂ်ျပြုလုပ်ပြီး ပြန်ရောက်သောအခါ ယင်း ရောင်ခြည်စက်ဝန်းပျောက်သွားကြောင်းတွေ့ရှိရသည်။ ဤကိစ္စနှင့်ပတ်သက်၍ ၎င်း၏ဆရာ မော်လာနာ ဂျာမီး အား ပြောကြားခဲ့ရာ ဆရာကြီးက မိန့်ကြားသည်မှာ 'မင်း ဟဂ်ျမပြုလုပ်မီက မင်းသည် ရိုကျိုးနှိမ့်ချ၍ မိမိကိုယ်ကို

မိမိ အပြစ်ရှိသူဟု ထင်မှတ်ကာ အလ္လာဟ်အရှင်မြတ်ထံ ပိုမို၍ အပြစ်မှလွတ်ကင်းစေရန်တောင်းခံခဲ့ပါသည်။ ဟဂ်ျပြုလုပ်၍ သင်ပြန်လာသောအခါ ဝင့်ဝါမော်ကြွားသူတစ်ဦးဖြစ်လာပြီး စိတ်ပိုင်းဆိုင်ရာတွင် မြင့်မားသည့် သူတော်စင်တစ်ဦးဟု ထင်မှတ်လာခဲ့သည်။ ထို့ကြောင့် သင်စိတ်ကြီးဝင်စေသော ဟဂ်ျပြုလုပ်ခြင်းကပင်လျှင် သင့်ရဲ့ ခေါင်းပေါ်မှာရှိသော ရောင်ခြည်ပျောက်ဆုံးရခြင်းအကြောင်းဖြစ်သည်။

ဟဂ်ျအမိန့်ပညတ်ချက်များ၏နိဂုံးတွင်ပါဝင်သော သက္ကဝါ၏ လေးနက်ခြင်းတွင် နောက်ထပ်လျှို့ဝှက်ချက်တစ်ခုပါရှိသည်။ ဟဂ်ျပြုလုပ်ခြင်းသည် ကြီးကျယ်သော အိဗာဒသ်တစ်ခုဖြစ်ကြောင်းပြောစရာမလိုချေ။ ဟဂ်ျပြုလုပ်ပြီးစီးသည်နှင့်တစ်ပြိုင်နက် ရှိုင်တွာန်သည် ထိုလူ၏ နှလုံးသားထဲသို့ သူတော်စင်ဖြစ်သွားပြီဟူသော အတွေးကို ဝင်စေပါသည်။ ထိုအတွေးကပင်လျှင် ၎င်း၏လုပ်ရပ်အားလုံး ပျက်စီးစေပါသည်။ ထို့ကြောင့် နောက်ဆုံးမှာကြားသည့်စကားလုံးမှာ အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရန်လိုအပ်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်ကို နာခံရန်လိုအပ်ခြင်းဟူ၍ဖြစ်သည်။ ထိုကြောက်ရွံ့နာခံခြင်းကို ဟဂ်ျပြုလုပ်ရန် မသွားမီတွင်လည်းကောင်း၊ ဟဂ်ျပြုလုပ်စဉ်တွင်လည်းကောင်းနှင့် ဟဂ်ျပြုလုပ်ပြီးသည့်နောက်တို့တွင်လည်းကောင်း လိုအပ်သည်။ သို့မှသာ အကြင်သူ တစ်ဦးသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့စိတ်ပိုလာ၍ အပြစ်များမှ ရှောင်ကြဉ်ရန်လည်း အသိစိတ် ပိုမိုနိုးကြားလာပါလိမ့်မည်။ သို့မဟုတ်ပါမူ ဟဂ်ျ ပြုလုပ်စဉ်အတွင်းက အိဗာဒသ်များ အချည်းအနှီးဖြစ်ပါလိမ့်မည်။

**اللهم وفقنا لما تحب وترضى من القول والفعل والنية**

'အို - အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား ကျွန်တော်မျိုးပြောဆိုသမျှ၊ လုပ်ကိုင်သမျှနှင့် ရည်စူးသမျှတို့တွင် အရှင်မြတ် နှစ်သက်ကျေနပ်တော်မူသည့်အရာများ ပြုလုပ်နိုင်စွမ်းပေးသနားတော်မူပါ။'

vvvvvvv

အာယသ် (၂ း ၂၀၄ – ၂၀၇)

وَمِنَ النَّاسِ مَنْ يُّعْجِبُكَ قَوْلُهٗ فِى الْحَيٰوةِ الدُّنْيَا وَيُشْهِدُ
اللّٰهَ عَلٰى مَا فِىْ قَلْبِهٖ ۙ وَهُوَ اَلَدُّ الْخِصَامِ ﴿٢٠٤﴾ وَاِذَا تَوَلّٰى سَعٰى
فِى الْاَرْضِ لِيُفْسِدَ فِيْهَا وَيُهْلِكَ الْحَرْثَ وَالنَّسْلَ ؕ وَاللّٰهُ
لَا يُحِبُّ الْفَسَادَ ﴿٢٠٥﴾ وَاِذَا قِيْلَ لَهُ اتَّقِ اللّٰهَ اَخَذَتْهُ
الْعِزَّةُ بِالْاِثْمِ فَحَسْبُهٗ جَهَنَّمُ ؕ وَلَبِئْسَ الْمِهَادُ ﴿٢٠٦﴾ وَمِنَ
النَّاسِ مَنْ يَّشْرِىْ نَفْسَهُ ابْتِغَآءَ مَرْضَاتِ اللّٰهِ ؕ وَ
اللّٰهُ رَءُوْفٌۢ بِالْعِبَادِ ﴿٢٠٧﴾

“ထို့ပြင်တစ်ဝ လူတို့အနက် အချို့ ဤသို့လည်းရှိ၏။ လောကီရေးနှင့် စပ်လျဉ်း၍ ထိုသူ၏ (ဖွဲ့နွဲ့)ပြောဆိုသောစကားများသည် အသင့်အား နှစ်သိမ့်စေ၏။ ဤမျှမကသေး၊ ထိုသူသည် မိမိ၏စိတ်တွင်းရှိ စကားများ(မှန်ကန်ကြောင်း)နှင့်စပ်လျဉ်း၍ အလွှာဟ် အရှင်မြတ် ကိုပင် သက်သေထား၏။ အမှန်သော်ကား ထိုသူသည် အလွန်အငြင်းအခုန်များသူ ဖြစ်သည်။ (၂း၂၀၄)

“ထိုမျှမကသေးချေ။ ထို(မုနာဖစ်က်)သည် (အသင့်ထံမှ)ပြန်သွားသောအခါ မြေပြင်ဝယ် ပျက်စီးကြောင်းများကို ပြုမူရန်လည်းကောင်း၊ လယ်ယာကိုင်းကျွန်းများနှင့် (ကျွဲနွားများ) တိရစ္ဆာန်များကိုဖျက်ဆီးရန်လည်းကောင်း ကြိုးပမ်းအားထုတ်လေသည်။ အမှန် စင်စစ် အလွှာဟ်အရှင်မြတ်သည် (ယင်းကဲ့သို့)ဖျက်ဆီးခြင်းကို စိုးစဉ်းမျှနှစ်သက်တော် မမူပေ။” (၂း၂၀၅)

“ထိုမှတစ်ပါးတုံ မည်သည့်အခါမဆို (မုစ်လင်မ်တစ်ဦးယောက်က) ထို(မုနာဖိက်)ကို အသင်သည် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ပါလေဟု ပြောဆိုသည်ရှိသော် ထိုသူအား (ထိုသူ၏)ဂုဏ်မာနသည် မကောင်းမှုဒုစရိုက်ဘက်သို့ ဆွဲဆောင်သွားလေ၏။ သို့ဖြစ်ရာ ထိုသူအဖို့ ‘ဂျဟန္နမ်’ငရဲသည် လုံလောက်၏။ အမှန်သော်ကား (ဂျဟန္နမ် ငရဲသည်)အလွန်ဆိုးရွားလှသော နေရာဌာနဖြစ်ပေသည်။” (၂း၂၀၆)

**"ထို့ပြင်တစ်ဝ လူတို့အနက် အချို့သည် အလွှာဟ်အရှင်မြတ် နှစ်မြို့တော်မူခြင်းကို ရစိမ့်သောဌာ မိမိ၏ အသက်ကိုပင်စွန့်လှူ၏။ အမှန်သော်ကား အလွှာဟ်အရှင်မြတ်သည် ဤသို့(စေတနာဖြူစင်သော)ကျွန်များကို အလွန်ချစ်ကြင်သနားတော်မူသောအရှင် ဖြစ်တော်မူ၏။"** (၂း၂၀၇)

ပြီးခဲ့သောအာယသ်များထဲတွင် ဆုဒုအာပြုသူနှစ်မျိုးနှစ်စားရှိကြောင်း မိန့်ကြားခဲ့ပါသည်။ အချို့တို့သည် အရာရာတိုင်းကို ဤကမ္ဘာလောကတွင် ရရှိလိုသောဆန္ဒရှိသည်။ အချို့မှာမူ ဒုန္နယာလောကနှင့် အာခိရသ်နှစ်ဘဝစလုံး ကောင်းကျိုးချမ်းသာအတွက် ဆုမွန်တောင်းခံခဲ့ကြသည်။ လက်ရှိအာယသ်တော်ထဲတွင် ထိုနှစ်မျိုးနှစ်စားကို အရေခြုံများနှင့်စစ်မှန်သောသူများဟု ခွဲခြားဖော်ပြထားသည်။

အာယသ်တော် (၂၀၄-၂၀၆)သည် အာဝိဇ္ဇန်းရွှင်မှုနှင့် ကျော်ကြားခဲ့သော အခ်နတ်စ် အိပ်နိရှုရိုက်က်ဟူသော အရေခြုံတစ်ဦးကို ရည်ညွှန်းသည်။ သူသည် တမန်တော်မြတ်(ဆွ) သခင်ထံ လာရောက်၍ အစွလာမ်သာသနာကို သက်ဝင်ယုံကြည်ကြောင်း ပဋိညာဉ်ခံကျမ်းကျိန်မှုဖြင့် အထင်ကြီးစေခဲ့သူဖြစ်သည်။ သို့သော်လည်း ကိုယ်တော်မြတ်အပါးမှ ခွာသွားသောအခါ မုစ်လင်မ်ဆန့်ကျင်ရေးအန္တရာယ်ပေးလုပ်ငန်းတွင်သာ လုံးပန်းနေသည်။ ထိုကဲ့သို့သောသူအား အလွှာဟ်အရှင်မြတ်ကြောက်ရွံ့ရေးအတွက် ကြိုးပမ်းသမျှတို့သည် ၎င်းအားအပြစ်များပိုမိုကျူးလွန်ကာ ပိုမိုမောက်မာလာစေသည်။ ထို့ကြောင့် ၎င်းသည် ဂျဟန္နမ်နှင့်သာ ထိုက်တန်ပေတော့သည်။

## အကျယ်ဖွင့်ဆိုခြင်း

အာယသ်တော် (၂၀၇)က အလွှာဟ်အရှင်မြတ် ကျေနပ်နှစ်သက်မှုအတွက်ဆိုလျှင် သူ၏အသက်ကိုပင် ပဓာနမထားသော စစ်မှန်သည့် မုစ်လင်မ်အကြောင်း ဖော်ညွှန်းထားသည်။ အလွှာဟ်အရှင်မြတ်၏ လမ်းတော်တွင် အနှိုင်းမဲ့အတုမဲ့ စွန့်လွှတ်မှုများပြုလုပ်ခဲ့ကြသော ဆွဟာဗဟ်သာဝကကြီးများကို ဂုဏ်ပြုသည့်အနေဖြင့် ဤအာယသ်တော် ကျရောက်ခဲ့သည်။ ဤအာယသ်တော်သည် ဆွဟာဗဟ်သာဝကကြီး ဆွုဟိုက်ဗ် အလ်ရှမီ၏ ထူးခြားသော အဖြစ်အပျက်တစ်ရပ်နှင့်ပတ်သက်၍ ကျရောက်ခဲ့ကြောင်းကို ဟာကီမ်၊ အိပ်နိ ဂျရီးရ်နှင့် အိပ်နိ အဗီဟာသီမ်တို့က ခိုင်လုံသော အထောက်အထားများဖြင့် ဆင့်ပြန်ထားခဲ့သည်။ ဆွဟာဗဟ် သာဝကကြီးသည် မက္ကာဟ်မြို့ မှ ထွက်ခွာ၍ မဒီနဟ်သို့ ရွှေပြောင်းခဲ့ရာလမ်းတွင် မယုံကြည်သွေဖည်ငြင်းပယ်သော ကုရိုက်ရှ်အုပ်စုတစ်စု၏ အဝိုင်းခံခဲ့ရသည်။ အခြေအနေသိသွားသောအခါ ဆွဟာဗဟ်ကြီးသည် မြင်းပေါ်မှဆင်းကာ မြားအိမ်မှ မြားတံ ထုတ်၍ အသင့်နေရာယူ လိုက်သည်။ ထို့နောက် ဆွဟာဗဟ်ကြီးက ထိုအုပ်စုကိုပြောသည်မှာ 'အို - ကုရိုက်ရှ်မျိုးနွယ်ဝင်တို့ အသင်တို့အားလုံး အနက် ကျွန်ုပ်က မြားပစ်ရာတွင် သာလွန်ကြောင်း သင်တို့အသိပင်ဖြစ်သည်။ ကျွန်ုပ် မြားတံသည် ပစ်မှတ်ကို ဘယ်တော့မှ မလွဲပါ။ အခု ကျွန်ုပ် အလွှာဟ်အရှင်မြတ်ကို တိုင်တည်၍ ပြောအံ့။ ကျွန်ုပ်၏ မြားတံများမကုန်သရွေ့ သင်တို့ ကျွန်ုပ်အနားမကပ်နိုင်ပါ။ မြားတံကုန်လျှင်လည်း ကျွန်ုပ်ဓါးနှင့် ကျွန်ုပ်ခုခံပါမည်။ ဒီနောက်တွင်မှ သင်တို့ပြုလိုရာပြုနိုင်ပေမည်။ သို့သော်လည်း အကယ်၍သာ သင်တို့ အပေးအယူတစ်ခုလုပ်ချင်ပါက မက္ကာဟ်တွင် ကျွန်ုပ်၏ငွေများ မည်သည့်နေရာတွင်ရှိကြောင်း

ကျွန်ုပ်ပြောနိုင်သည်။ သင်တို့သည် ထိုငွေကြေးကိုယူ၍ ကျွန်ုပ် လည်း ကျွန်ုပ်လမ်းသွားခွင့်ပြုလော့ဟုဆိုသည်။ ကုရိုက်ရှ်အုပ်စုသည် ဆွဟာဗဟ်ကြီးပြောသည့်အတိုင်း လုပ်ဆောင်ရန် သဘောတူညီခဲ့သည်။ ဆွဟာဗဟ်သာဝက ကြီး ဆွဟိုက်ဗ်သည် မဒီနဟ်မြို့တော်သို့ဘေးမသီရန်မခရောက်ရှိသွားခဲ့သောအခါ တမန်တော်မြတ်(ﷺ) သခင်ထံသို့ သွားရောက်၍ အဖြစ်အပျက်အလုံးစုံကို တင်ပြလျှောက်ထားခဲ့သည်။ ထိုအဖြစ်အပျက်ကို ကြားသိရသောအခါ တမန်တော်မြတ်သခင်(ﷺ)က အဗူယဟ်ယာရာ အသင်၏ အပေးအယူသည် အကျိုးအမြတ်ရှိလှချေတကား ' **ربح البيع ابا يحيى ربح البيع ابا يحيى** ' ဟု (၂)ကြိမ်တိုင်တိုင် မိန့်ဆိုခဲ့သည်။

တမန်တော်မြတ်(ﷺ)သခင်၏ ကောင်းချီးပေးသောမှတ်ချက်သည် ဤအဖြစ်အပျက်နှင့်ပတ်သက်၍ အာယသ်တော်ကျခြင်းကို အတည်ပြုခြင်းဖြစ်သည်။ သို့သော်လည်း အချို့သော ဋီကာရှင်များကမူ အာယသ်တော်ကျခြင်း၏ နောက်ကြောင်းကို အခြားသော ဆွဟာဗဟ်များ၏ အလားတူအဖြစ်အပျက်များကို ကိုးကားတင်ပြကြသည်။ (မဇ်ဟရီ)

v v v v v v v v

အာယသ် (၂ း ၂၀၈– ၂၁၀)



“အို ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြသော မုအ်မင်န်အပေါင်းတို့၊ အသင်တို့သည် အစွလာမ်သာသနာအတွင်းသို့ လုံးလုံးလျားလျား(စိတ်ရောကိုယ်ပါ)ဝင်ကြကုန်လော့။ ၎င်းပြင် ရှိုင်တွာန်၏နောက်သို့ ဖဝါးခြေထပ်မလိုက်ကြကုန်လင့်။ ထိုရှိုင်တွာန်သည် မုချ သင်တို့အဖို့ ထင်ရှားသောရန်သူပင်ဖြစ်ပေသည်။” (၂း၂၀၈)

“ထို့ကြောင့် (အစွလာမ်သာသနာရေးရာများနှင့် စပ်လျဉ်း၍) ထင်ရှားသော သက်သေ လက္ခဏာများ အသင်တို့ထံရောက်ရှိလာပြီးသည့်နောက်သော်မှပင် အသင်တို့သည် (ဖြောင့်မတ်မှန်ကန်သောလမ်းစဉ်မှ) ချွတ်ချော်တိမ်းပါးသွားခဲ့ကြသော် ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်နှင့်ပြည့်စုံတော်မူသောအရှင်၊ ကျိုးကြောင်း ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်တော်မူသည်ကို အသင်တို့သည် ကောင်းစွာယုံကြည်မှတ်သားထားကြကုန်လော့။” (၂း၂၀၉)

“ယင်းသူတို့သည် မိမိတို့ထံသို့ အလ္လာဟ်အရှင်မြတ်သည် အပါးတော်စေတမန်များနှင့် တကွ (ယင်းသူတို့အား) (ကွပ်မျက်တော်မူရန်) တိမ်တိုက်များမိုးလျက် ကြွရောက်လာပြီး ကိစ္စပြီးဆုံးသွားခြင်းကိုသာ စောင့်မျှော်နေကြကုန်၏။ အမှန်သော်ကား အရေးကိစ္စ ဟူသမျှတို့သည် အလ္လာဟ်အရှင်မြတ်ထံတော်ပါးသို့ ပြန်လည်ရောက်ကြရမည်သာ ဖြစ်ကုန်သတည်း။” (၂း၂၁၀)

ပြီးခဲ့သောအာယသ်တော်သည် စစ်မှန်သောသူများအတွက် ချီးကျူးသောစကားလုံးဖြင့် အဆုံးသတ်ခဲ့ သည်။ ထိုဖြူစင်ရိုးသားခြင်း(အိခ်လားဆွ်)သည် ရံဖန်ရံခါ မထင်မှတ်ဘဲ လွန်ကဲခြင်းသို့ ရောက်သွားနိုင်ပါသည်။ ဆိုလို သည်မှာ တစ်စုံတစ်ဦးသည် နာခံရန်ရည်စူး၍ တင်းတင်းကြပ်ကြပ် လုပ်ဆောင်ရာတွင် ရှရီအသ်နှင့် စွန့်သတ်တော်၏ ဘောင်မှကျော်လွန်သွားကြောင်းတွေ့ရပါသည်။ ထိုအရာကို 'ဗိဒ်အသ်'ဟုခေါ်သည်။ ဤအကြောင်းကို အဗ်ဒုလ္လာဟ် အိဗ်နိစလာမ်နှင့်အခြားသောသူများ၏အကြောင်းအရာကို ဥပမာပြု၍ပြောကြားပါသည်။ ထိုဆွဟာဗဟ်ကြီးတို့သည် အစ္စလာမ်သာသနာမဝင်မီက ယဟူဒီများထဲတွင် ထင်ရှားသောဘာသာရေး ကျမ်းတတ်ပုဂ္ဂိုလ်များဖြစ်ခဲ့ကြပါသည်။ ယဟူဒီဝါဒတွင် စနေနေ့သည် ထွတ်မြတ်သောဥပုသ်နေ့ နားနေရက် ဖြစ်သည်။ ကုလားအုတ်သားစားခြင်းကို ထိုဘာသာကတားမြစ်သည်။ ၎င်းတို့သည် အစ္စလာမ်သာသနာဝင် ဖြစ်လာသောအခါ အစ္စလာမ်သည် စနေနေ့ကို ထွတ်မြတ်သောဥပုသ်နေ့ဟုလည်း မသတ်မှတ်ခဲ့။ ကုလားအုတ် သားလည်း စားခွင့်ပြုထားသည်။ ယင်းသို့အတွက်ကြောင့် ထိုယုံကြည်မှုအချက်နှစ်ရပ်အား ရောယှက်ပေါင်းစပ် ရန်ကြံဆခဲ့ကြသည်။ မူစာ(ﷺ)သခင်၏ ရှရီအသ် တရားဥပဒေအရ စနေနေ့ကိုလည်း ထွတ်မြတ်သည့်နေ့ဟု သတ်မှတ်ရန်လိုအပ်သည်ဟု ဆက်လက်သဘောပိုက် ကာလည်းကောင်း၊ မူစာ(ﷺ)သခင်၏ ရှရီအသ်တရား ဥပဒေအရ ကုလားအုတ်သား စားခွင့်မရှိသည်ကို အစ္စလာမ်က မစားမနေရ မသတ်မှတ်၍ ရှောင်ကြဉ်ခြင်းအဖြစ် လည်းကောင်း၊ ပေါင်းစပ်၍ကျင့်သုံးခြင်းဖြင့် တမန်တော်မူဆာ၏ ရှရီအသ်ကိုလည်းလိုက်နာ၊ တမန်တော်မြတ် (ﷺ)သခင်၏ အမိန့်ကိုလည်း မဆန့်ကျင်ဟူ သဘောပေါက်ခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်နာခံရာ၌ ပိုမိုလိုက်နာပြီး သာသနာ့ အပေါ်၌ ပိုမိုကျင့်သုံးရာရောက်သည်ဟု ထင်မှတ်ကြသည်။ အလ္လာဟ် အရှင်မြတ်သည် ဤအတွေးအထင်ကို ပြင်ဆင်ရန်ရည်ရွယ်၍ အာယသ်တော်ထဲတွင် အစ္စလာမ်သာသနာ အပေါ်တွင်သာ အပြည့်အဝလိုက်နာကျင့်သုံးရန် မိန့်ကြားထားသည်။

အစ္စလာမ်သာသနာသည်သာလျှင် လုံးဝဥဿုံပြီးပြည့်စုံသောကြောင့် အထက်ပါကိစ္စရပ်များသည် အစ္စလာမ်သာသနာ၏ တစိတ်တဒေသဟု မသတ်မှတ်ပါ။ ထိုကဲ့သို့သောကိစ္စရပ်များကို ဘာသာရေးယုံကြည်မှု၏ တစိတ်တဒေသဟု ထင်မှတ်ခြင်းကိုဖြစ်စေ၊ လုပ်ကိုင်ခြင်းကိုဖြစ်စေ စသည်တို့သည် ရှိုင်တွာန်ဘက်သို့ လမ်းလွဲချော်ခြင်းဖြစ်ကာ သာမန်အပြစ်များ ကျူးလွန်သည်ထက် ပြင်းထန်သော ပြစ်ဒဏ်ပေးခြင်းခံရပေမည်။

အာယသ်တော်ကျရောက်ခြင်း၏ နောက်ခံအကြောင်းထဲတွင် ယုံကြည်သက်ဝင်သူများသည် အစ္စလာမ် သာသနာအား လုံးလုံးလျားလျား သက်ဝင်ယုံကြည်ရန် မိန့်ကြားထားခဲ့သည်။ အစ္စလာမ်သာသနာမှအပ အခြား သာသနာများကိုယုံကြည်ရန် ခွင့်ပြုချက်များမရှိချေ။ ရှိုင်တွာန်၏နောက်သို့ ဖဝါးခြေထပ်မလိုက်ကြနှင့်ဟု ပညတ် ထားသည်။ အဘယ့်ကြောင့်ဆိုသော် ရှိုင်တွာန်သည် ရန်သူတစ်ဦးဖြစ်ကာ သင်ယုံကြည်သည့် သာသနာနှင့် ထင်ရှားစွာ အလွန်တူသည့် သာသနာတစ်ခုအဖြစ် သင်ယုံကြည်လက်ခံစေရန် လိမ်ညာပေလိမ့်မည်။ စင်စစ်မှာမူ ယင်းသည် သင်ယုံကြည်သည့်သာသနာနှင့် လုံးဝဥဿုံဆန့်ကျင်ဖီလာဖြစ်နေပါလိမ့် မည်။ ဖြောင့်မတ်မှန်ကန်သော လမ်းကိုရောက်စေသည့် ရှင်းလင်းသောဥပဒေများနှင့် စည်းကမ်းကို လက်ခံ ရရှိပြီးနောက် လမ်းမှားသို့ရောက်ရန် အကြောင်းမရှိတော့ချေ။ လမ်းချော်တိမ်းပါးသူများသည် အလ္လာဟ်အရှင်မြတ်ကား အနန္တတန်ခိုးတော်ရှင် အပြစ် ပေးနိုင်စွမ်းတော်မူသောအရှင်နှင့် ဟစ်က်မသ်ဉာဏ်တော်ရှင်ဖြစ်ကြောင်းကို သတိချပ်ရမည်။ ထိုသို့အပြစ် ပေးရာတွင် နှောင့်နှေးကြန့်ကြာခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ် ဉာဏ်တော်အရသာဖြစ်၍ သို့နှောင့်နှေးမှုကို

တလွဲမထင်မြင်သင့်ချေ။ ဆုလာဘ်ပေးအပ်ခြင်းနှင့် အပြစ်ဒဏ်ပေးခြင်း ကိစ္စရပ်အားလုံးသည် နောက်ဆုံး၌ အလ္လာဟ်အရှင်မြတ်ထံတော်တွင် ရောက်ရှိသွားကာ အလ္လာဟ်မှအပ မည်သူ့ တွင်မှ မစွမ်းဆောင်နိုင်သော အခါတွင်မှ အမှန်တရားကို အဆုံးစွန်လက်ခံခြင်းကို ကျမ်းတော်မြတ်က မေးခွန်းထုတ် ထားသည်။ ထင်ရှားသော အနန္တတန်ခိုးရှင်အား အဘယ်ကြောင့်ရှုမိုက်စွာ ဆန့်ကျင်ရသနည်း။ ယင်းသို့ ဆန့်ကျင် ခြင်းသည်ကား ပျက်စီးခြင်းမှလွဲ၍ ဘာမျှမရနိုင်ချေ။

## အကျယ်ဖွင့်ဆိုခြင်း

'အစ္စလာမ်သာသနာအတွင်းသို့ လုံးလုံးလျားလျားဝင်ကြကုန်လော့' ဟူသော အာသ်တော်-

**اُدۡخُلُوۡا فِی السِّلۡمِ كَآفَّةً** ထဲတွင်ပါဝင်သော **سِلۡم** ဟူသောစကားလုံးသည် အဓိပ္ပာယ်နှစ်မျိုးဆောင်လျက် ရှိပါသည်။ ယင်းမှာ ငြိမ်းချမ်းရေးနှင့် အစ္စလာမ်ဖြစ်သည်။ ဆွဟာဗဟ်ကြီးများနှင့် ၎င်းတို့၏ ဆက်ခံသူများ၏ တညီတညွတ် တည်း သဘောတူညီချက်အရဆိုလျှင် ဤနေရာတွင် 'အစ္စလာမ်'ကိုဆိုလိုသည်ဟူ၍ဖြစ်သည်။ (အိဗနိကဆီရ်) (ကာဖ်ဖဟ်) **كَآفَّةً** ဆိုသောစကားလုံးသည် လုံးလုံးလျားလျားဟု (သို့) အကြွင်းမဲ့ (သို့) လုံးဝဥဿုံဟု ဆိုသည်။ ဝါကျဖွဲ့ထုံးအရ ဤစကားလုံးသည် ရှေ့မှရှိသော ကြိယာ၏ သီးခြားအခြေအနေကို အထူးပြုသော ကြိယာဝိသေသန ဟလ်အဖြစ်ထည့်ထားသည်။ ဤတွင် ဖြစ်နိုင်ချေ နှစ်ခုရှိသည်။ ပထမမှာ နာမ်စား **اُدۡخُلُوۡا** (အုဒ်ခုလူ)၏ 'ဟလ်'အဖြစ်သုံးထားသည်။ သို့ဆိုလျှင် အဓိပ္ပာယ်ကား ယုံကြည်သူများ အစ္စလာမ်သာသနာဝင်သော အခြေအနေ ဖြစ်၍ ထိုအခြေအနေများ လုံးလုံးလျားလျား လုံးဝဥဿုံ ဝင်ခြင်းကို ညွှန်းသည်။ လုံးလုံးလျားလျား ဆိုသည်မှာ လူ့ခန္ဓာကိုယ်တစ်ခုလုံး၊ လက်များနှင့်ခြေများ၊ မျက်စိများနှင့် နားများ၊ ခံစားခြင်းနှင့် တွေးတောခြင်းများ အားလုံး တို့သည် အီမာန် သက်ဝင်ယုံကြည်ပြီးလျှင် အားလုံးတို့သည် အလ္လာဟ်အရှင်မြတ်ကို ရိုကျိုးနာခံခြင်းနှင့် အစ္စလာမ် သာသနာ့ ဘောင်အတွင်းထဲတွင် ရှိသင့်သည်။ ဤသည်က တစ်စုံတစ်ဦးသည် ရုပ်ပိုင်းဆိုင်ရာတွင် အစ္စလာမ့် အမိန့်ပညတ်ချက် များကို လိုက်နာနေသော်လည်း ၎င်း၏ စိတ်နှလုံးတွင် အပြည့်အဝယုံကြည်မှု မရှိသော အခြေအနေကိုလည်းကောင်း၊ စိတ်နှလုံးတွင်း ယုံကြည်သော်လည်း ရုပ်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များသည် အစ္စလာမ်သာသနာတော်၏ ဘောင်အပြင်ဘက်ရောက်နေသော အခြေအနေကိုလည်းကောင်း သတိပေးထားသည်။

ဒုတိယမှာ စိလ်မ်ကို ဟလ်အဖြစ် သုံးသည်မှာ အစ္စလာမ်သာသနာ၏ အီမာန်ယုံကြည်သက်ဝင်မှု အခြေအနေကို ညွှန်ပြခြင်းဖြစ်သည်။ သို့ဆိုလျှင် ယုံကြည်သူများသည် သက်ဝင်ယုံကြည်သော အစ္စလာမ်ဘာသာ၏ ပြီးပြည့်စုံသော အခြေအနေကိုရည်ညွှန်းခြင်းဖြစ်သည်။ ထို့ကြောင့် အစ္စလာမ်သာသနာသို့ လုံးလုံးလျားလျား ဝင်ရောက်ခြင်း၏ ဆိုလိုရင်းမှာ တစ်စုံတစ်ဦးသည် အစ္စလာမ်သာသနာ၏ အမိန့်ပညတ်ချက်အားလုံးကို လက်ခံရမည်။ အချို့ကိုလက်ခံ၍ အချို့ကို သံသယဖြစ်ခြင်းမရှိရချေ။ အစ္စလာမ်သာသနာသည် ကုရ်အာန်နှင့် စွန္နသ်တော်မှတစ်ဆင့်ရရှိထားသော ထူးခြားသည့် လူ့ဘဝနေနည်း၏ အမည်နာမဖြစ်သည်။ ထို့အတွက်ကြောင့် လူ့ဘဝတွင် ဘာဖြစ်ဖြစ် ခဝတ်ကိုးကွယ်မှုဆိုင်ရာအပြုအမူများနှင့် ယုံကြည်မှုများဖြစ်စေ၊ လူမှုဆက်ဆံရေးဖြစ်စေ၊ ကုန်စည်စီးပွား ကူးလူးဆက်ဆံမှုဖြစ်စေ၊ အုပ်ချုပ်ရေးနှင့် နိုင်ငံရေးဖြစ်စေ၊ ကုန်သွယ်မှု စက်မှုလုပ်ငန်းတွင်ဖြစ်စေ၊ အခြား

မည်သည့်နယ်ပယ်မှာဖြစ်စေ အကြောင်းမဟုတ်ချေ။ အကြောင်းကား ပြီးပြည့်စုံသောစနစ်တစ်ရပ်၊ တလုံးတစည်းတည်း စုစည်းထား၍ ခွဲခြားမရ တစ်သားတည်းကျသည့် အစ္စလာမ်သာသနာတွင်းသို့ သက်ဝင်ယုံကြည်ခြင်းသာလျှင် အဓိကဖြစ်သည်။

အထက်က အဓိပ္ပာယ်ဖွင့်ထားချက်နှစ်မျိုး၏ အတိုချုပ်သဘောအရဆိုလျှင် အစ္စလာမ်အမိန့်ပညတ်ချက်အားလုံးကို ရိုးသားဖြူစင်စွာဖြင့် နှလုံးသားမှ လက်မခံသရွေ့ မည်သည့် မုစ်လင်မ်မှ သူ့ကိုယ့်သူ မုစ်လင်မ်ဟု မခေါ်ထိုက်ပါ။ အစ္စလာမ့်အမိန့်ပညတ်ချက်များသည် လူ့ဘဝ အဆင့်အတန်းနှင့်လည်း မသက်ဆိုင်၊ ပြင်ပရုပ်ပိုင်းနှင့်လည်း မသက်ဆိုင်၊ စိတ်နှလုံးသားနှင့်လည်း မသက်ဆိုင်ပေ။ အားလုံးကို နာခံလိုက်နာရမည်။

အစောပိုင်းနိဒါန်းမှတ်ချက်တွင် အာယသ်တော်ကျရောက်ခြင်း၏ နောက်ခံအကြောင်းက ပြဿသည်မှာ တစ်စုံတစ်ဦးသည် အစ္စလာမ်သာသနာ၏ သွန်သင်ဆုံးမချက်များကို မျက်ခြည်မပြတ်ရှိနေရသည်။ ထိုသင်ကြားပို့ချထားသည့်အတိုင်း လိုက်နာကျင့်သုံးရမည်။ သို့မှသာ မုစ်လင်မ်များသည် အားလုံးသောဘာသာတရားများနှင့် နိုင်ငံများအပေါ် အမှီခိုကင်းလွတ်နေပေမည်။

**အထူးမှတ်စု**

လူမှုရေးဆိုင်ရာ နေထိုင်မှု၊ ရောင်းဝယ်ဖောက်ကားမှု၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အပေးအယူကိစ္စများနှင့် ပတ်သက်သော အမိန့်ပညတ်ချက်များသည် ဘာသာရေးနှင့်မသက်ဆိုင်ဟုယူဆ၍ လျစ်လျူရှုပြီး ဗလီဝတ်ကျောင်းတော် မတ်စ်ဂျဒ်နှင့် အိဗာဒသ်(ခဝတ်ကိုးကွယ်မှု)တို့သာလျှင် အစ္စလာမ်သာသနာဟု သတ်မှတ်ထားသူများအား ဤအာယသ်တော်က ပြင်းထန်စွာသတိပေးထားသည်။ မိမိကိုယ်ကိုမိမိ ဘာသာရေးကိုင်းရှိုင်းသူဟုထင်နေသူများအတွင်းတွင် ဤလစ်လျူရှုမှု ကျယ်ပြန့်စွာပြန့်နှံ့နေသည်။ ထိုသူတို့သည် အခွင့်အရေးများ၊ အပေးအယူနှင့် အထူးသဖြင့် လူမှုအခွင့်အရေးများကို ဂရုစိုက်ဟန်မတူချေ။ အမိန့်ပညတ်ချက်များသည် အစ္စလာမ်သာသနာ၏ အမိန့်ပညတ်ချက်များဟူ၍ပင် အလေးဂရုမမူမိကြချေ။ ထိုအမိန့်ပညတ်ချက်များသည် မည်သည်တို့ဖြစ်သည်ကို စူးစမ်းလေ့လာရန် မကြိုးစားကြချေ။ ၎င်းအမိန့်ပညတ်ချက်များကို နည်းလမ်းတကျ သင်ယူဆည်းပူးရန်လည်း မကြိုးစားကြချေ။ ထိုအမိန့်ပညတ်ချက်များနှင့်အညီ ကျင့်ကြံရန်လည်း မစဉ်းစားကြချေ။ ထိုကဲ့သို့သော အပြစ်မျိုးမှ ကင်းဝေးစေရန် အလ္လာဟ်အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏။

'ယင်းသူတို့သည် မိမိတို့ထံသို့ အလ္လာဟ်အရှင်မြတ်သည် အပါးတော် စေတမန်များနှင့်တကွ တိမ်တိုက်များမိုးလျက် ကြွရောက်လာပြီ'ဟူသော အာယသ်တော်ပါ ဖြစ်နိုင်သောအခြေအနေမှာ ကိယာမသ်နေ့တွင် ဖြစ်ပါလိမ့်မည်။ ထိုကဲ့သို့ အလ္လာဟ်အရှင်မြတ်ကြွရောက်လာခြင်းဆိုသည်မှာ 'မုသရှာဗိဟတ်' (ကွယ်ဝှက်ထားသောအမိန့်တော်များဟုဆိုလိုသည်။ မုသရှာဗိဟတ်နှင့်ပတ်သက်လျှင် ဆွဟာဗဟ် သာဝကကြီးများ၊ သာဗီအီန်များနှင့် မုစ်လင်မ်အုမ္မသ်ထု၏ လေးစားကြည်ညိုခြင်းခံရသော အကြီးအကဲများ၏ ပုံသေအယူအဆအရဆိုလျှင် ယင်းမုသရှာဗိဟတ်၏ မှန်ကန်မှုကို ယုံကြည်ရမည်။ ဘယ်လိုဖြစ်နိုင်ပါမည်နည်းဟူသော တွေးတောမှုမျိုးမှ ရှောင်ကြဉ်ရမည်။ မုသတရှာဗိဟတ်၏ စစ်မှန်သောသဘာသဘာဝမှာ လူသားတို့ တွေးတောရန် လက်လှမ်းမမီသောကိစ္စဖြစ်သည်။ အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်အရှင်မြတ်၏ဂုဏ်တော်များအပေါ်တွင် ဘယ်သို့၊ ဘယ်ကဲ့သို့ဟူ၍ မစစ်ဆေးသင့်ချေ။ ထိုအရာများသည်လည်း မုသရှာဗိဟတ်တွင် အကျုံးဝင်သည်။

အာယသ် (၂ း ၂၁၁ – ၂၁၂)

سَلْ بَنِيٓ إِسْرَٰٓءِيلَ كَمْ
ءَاتَيْنَٰهُم مِّنْ ءَايَةٍۭ بَيِّنَةٍ ۗ وَمَن يُبَدِّلْ نِعْمَةَ ٱللَّهِ
مِنۢ بَعْدِ مَا جَآءَتْهُ فَإِنَّ ٱللَّهَ شَدِيدُ ٱلْعِقَابِ ﴿٢١١﴾
زُيِّنَ لِلَّذِينَ كَفَرُوا۟ ٱلْحَيَوٰةُ ٱلدُّنْيَا وَيَسْخَرُونَ مِنَ ٱلَّذِينَ
ءَامَنُوا۟ ۘ وَٱلَّذِينَ ٱتَّقَوْا۟ فَوْقَهُمْ يَوْمَ ٱلْقِيَٰمَةِ ۗ وَٱللَّهُ يَرْزُقُ
مَن يَشَآءُ بِغَيْرِ حِسَابٍ ﴿٢١٢﴾

**“ငါအရှင်သည် ထို(အစ္စရာအီလ်)မျိုးနွယ်ဝင်တို့အား ထင်ရှားသော သက်သေလက္ခဏာ များကို အဘယ်မျှပေးသနားတော်မူခဲ့သည်ကို အသင်သည် ယင်း အစ္စရာအီလ်နွယ်ဝင် မျိုးနွယ်တို့အား မေးမြန်းပါလေ။ အကြင်သူသည် ၎င်းတို့ ထံသို့ အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတော်များရောက်ပြီးသည့်နောက် တစ်နည်းတစ်ဖုံ ပြောင်းလွဲခဲ့ပါမူ အလ္လာဟ် အရှင်မြတ်သည် အပြစ်ဒဏ်ကို ပြင်းထန်စွာစီရင်တော်မူသော အရှင်ဖြစ်တော်မူလေ သတည်း။”** (၂း၂၁၁)

**“မယုံကြည် သွေဖည်ငြင်းဆန်ကြကုန်သော ကာဖိရ်တို့သည် ပစ္စုပ္ပန်ဘဝ၌ အသက် ထင်ရှားနေထိုင်ခြင်း (နှင့် လောကီစည်းစိမ်တို့)ကို ကောင်းမွန်သည်ဟု ထင်မြင်ယူဆ ပေရာ ယင်းသူတို့သည် ယုံကြည်သဒ္ဓါတရားထားရှိကြကုန်သော မုအ်မင်နှ်ကို ပြက်ရယ် လှောင်ပြောင်ကြလေသည်။ စင်စစ်သော်ကား (အလ္လာဟ်အရှင်မြတ်အား)ကြောက်ရွံ့ ရိုသေ၍ ပြစ်မှုဒုစရိုက်တို့မှ ကြဉ်ရှောင်သောသူများသည် ရှင်ပြန်ထမည့်နေ့တွင် ထိုကာဖိရ်တို့ထက်သာလွန်မြင့်မြတ်ကြကုန်အံ့။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိသောသူတို့ကို အတိုင်းမရှိ စားနပ်ရိက္ခာများ ပေးသနားတော်မူလေသတည်း။”**

(၂း၂၁၂)

အစောပိုင်းက မိန့်ကြားခဲ့သည်မှာ အမှန်တရား၏ ထင်ရှားသောလက္ခဏာကျရောက်ပြီးနောက် ဆန့်ကျင်သူများသည် ပြစ်ဒဏ်နှင့်သာထိုက်တန်ကြောင်းဖြစ်သည်။ ပထမအာယသ်တော် (၂၁၁)က ဗနီအစ္စရာအီလ်မျိုးနွယ်

အကြီးအကဲများသည် ထင်ရှားသောလက္ခဏာများပြသခံရပြီးနောက် အမှန်တရားကိုရန်လိုမုန်းတီးသောကြောင့် ပြစ်ဒဏ်ခတ်ခံခဲ့ရကြောင်းဖော်ပြထားသည်။

ၵင်းတို့အား ပေးအပ်ထားသောကောင်းချီးမင်္ဂလာရှိသည့် လမ်းညွှန်မှုကို လိုက်နာရမည့်အစား လမ်းလွဲခဲ့ကြသည်။ ၵင်းတို့အပြစ်ဒဏ်ခတ်ခြင်းခံရသည်။ ပမာဆိုသော် လက်ခံရန်သင့်သော သောင်ရဲသ်ကျမ်းတော်ကို လက်ခံရရှိသော်လည်း ငြင်းဆန်ခဲ့ကြသည်။ ထို့ကြောင့် ၵင်းတို့အပေါ်ဝယ် ဆိုင်းနိုင်းတောင်နှင့် ဖိမည်ဟု ခြိမ်းခြောက်ခံရသည်။ တစ်ဖန် ၵင်းတို့သည် အလ္လာဟ်အရှင်မြတ်၏အသံတော်ကိုကြားရ၍ ချစ်မြတ်နိုးရိုသေရမည့်အစား သံသယနှင့်အလွဲလွဲအချော်ချော်ပြုလုပ်ခဲ့သည်။ အကျိုးဆက်အားဖြင့် လျှပ်စီးဖြင့် ဖျက်ဆီးသုတ်သင်ခံခဲ့ကြရသည်။ တစ်ဖန် ဖိရ်အော်၏ရန်မှ မြစ်ကြီးကိုခွဲ၍လမ်းဖြစ်စေကာ လွတ်မြောက်စေခဲ့သော်လည်း ကျေးဇူးတင်ရ ကောင်းမှန်းမသိချေ။ ကျေးဇူးတင်ရမည့်အစား နွားငယ်ကို ကိုးကွယ်သဖြင့် သတ်ဖြတ်ခံကြရသည်။ ထို့ပြင် မန်နှင့်စလ်ဝါကို သူတို့အဖို့ချပေးသနားသည့်အတွက် ကျေးဇူးတင်သင့်သော်လည်း ၵင်းတို့သည် မနာခံခဲ့ကြ၍ ပျက်စီးခြင်းသို့ရောက်ခဲ့ကြသည်။ သူတို့သည် မန်နှင့်စလ်ဝါကို မကြိုက်နှစ်သက်ကြောင်းပြသခဲ့၍ ထိုအရာများ ချပေးခြင်းရပ်ဆိုင်းခံခဲ့ရသည်။ ထို့ကြောင့် ၵင်းတို့စားရန် ကိုယ်တိုင်စိုက်ပျိုးရခြင်းဟူသော ဒုက္ခကျရောက်ခဲ့သည်။ နောက်ဆုံးမှာ အချိန်ကာလအလိုက် နဗီတမန်တော်များ ၵင်းတို့အထဲမှ ပွင့်ပေါ်ခြင်းသည် ကျေနပ်ဝမ်းမြောက်ဖွယ် ဖြစ်သော်လည်း ၵင်းတို့သည် ထိုတမန်တော်များကို စတင်သတ်ဖြတ်ခဲ့သောကြောင့် ဩဇာအာဏာကင်းမဲ့စေခြင်းကို ဖြစ်စေ၊ ပြစ်ဒဏ်ခတ်ခြင်းကိုဖြစ်စေခံခဲ့ကြရသည်။

ယင်းကဲ့သို့ မကောင်းမှုလုပ်ရပ်၏နောက်ကွယ်အကြောင်းကို စူရဟ်ဘကရဟ်၏ အစောပိုင်းတွင် ဖော်ပြထားသည်ကို တွေ့ခဲ့ရပါလိမ့်မည်။ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ ထင်ရှားသောလက္ခဏာများ (သို့) ကောင်းချီးမင်္ဂလာများ ပြုပြင်ပြောင်းလဲခဲ့လျှင် အထူးသဖြင့် ၵင်းထံရောက်ရှိလာသော် ယင်းလမ်းညွှန်မှုအတိုင်း လိုက်နာရမည့်အစား ကျောခိုင်းကာ လမ်းလွဲသွားလျှင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ခတ်ခြင်း ပြင်းပြင်းထန်ထန် ခံရပေမည်။

ဒုတိယအာယသ်တော် (၂၁၂)တွင် မှန်ကန်သောတရားကို ဆန့်ကျင်ရခြင်း၏ အကြောင်းရင်းသည် ဒွန္ဒယာ (ဤကမ္ဘာလောက)ကို ချစ်ခင်တွယ်တာခြင်းနှင့် ဥစ္စာပစ္စည်းတပ်မက်ခြင်းတို့ကြောင့်ဖြစ်သည်ဟု ဖော်ညွှန်းထားပါသည်။ ဤကဲ့သို့ ကမ္ဘာလောကကို ချစ်ခင်တွယ်တာရခြင်းသဘောထား၏ အကျိုးဆက်များမှတစ်ခုမှာ မှန်ကန်သော သစ္စာတရားကို မြတ်နိုးသူများအား နှိမ့်ချသောအပြုအမူများပြသလာကြပါသည်။ အကြောင်းမှာ ရိုးရှင်းပါသည်။ ရုပ်ဝါဒ လွှမ်းမိုးလာသောအခါ မှန်သောသစ္စာတရားအတွက် စေ့ဆော်မှုများပျောက်ကွယ်သွားရသည်။ တကယ်တမ်းဆိုလျှင် လူများသည် လောကီရေး ကြီးပွားချမ်းသာမှုအတွက်ဆိုလျှင် သူတို့၏ယုံကြည်ချက်ကို စွန့်လွှတ်သည်အထိ ဖြစ်လာပါသည်။ ၵင်းပြင် မိမိ၏ယုံကြည်ချက်ကို မြတ်မြတ်နိုးနိုး လုပ်ကိုင်ဆောင်ရွက်သူများကို ရယ်သွမ်းသွေးသည်အထိ ရောင့်တက်လာကြပါသည်။ ထို့ကြောင့် အစ္စရာအီလ်လူမျိုးများထဲမှ အချို့သော အကြီးအကဲများနှင့် ဘုရားအများအပြား ကိုးကွယ်သူများထဲမှ မသိနားမလည်သူများသည် ဆင်းရဲသောမုစ်လင်မ်များကို ပြောင်လှောင်သရော်ခဲ့ကြသည်မှာ မဆန်းပါ။ ဤအချက်နှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားထားသည်မှာ 'ပစ္စုပ္ပန်ဘဝ၌ အသက်ထင်ရှား နေထိုင်ခြင်းနှင့် (လောကီစည်းစိမ်တို့)ကို ကောင်းမွန်သည်

ဟု ထင်မြင်ယူဆပေရာ' ဤအချက်ကြောင့်ပင် ဆက်လက် မိန့်ကြားထားသည်မှာ 'ယင်းသူတို့သည် ယုံကြည်သဒ္ဓါ တရားထားရှိကုန်သော မုအ်မင်နမ်များကို ပြက်ရယ်ပြောင်လှောင်ကြလေသည်။ မယုံကြည်သွေဖည်ခြင်းနှင့် တုဖက်ယှဉ်တွဲကိုးကွယ်ခြင်းကို လက်မခံသော၊ ငြင်းဆို ခဲ့သော ဤမုစ်လင်မ်များသည် ကိယာမသ်နေ့၌မယုံကြည် သွေဖည်သူများထက် သာလွန်ကောင်းမွန်သော အနေ အထား၌ရှိနေပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် မယုံကြည်သူများသည် ဂျဟန္နမ်တွင် ကျရောက်ကြမည်ဖြစ်ပြီး ယုံကြည်သူများသည် ဂျန္နသ်တွင်ရှိနေပေလိမ့်မည်။

အာယသ်တော်၏ နောက်ဆုံးစာတမ်းထဲတွင် မိမိတို့၏ ကြီးမားသောခနအင်အားအပေါ် ဂုဏ်ယူမောက်မာ နေသူများအား သတိပေးထားပါသည်။ အဘယ့်ကြောင့်ဆိုသော် 'အလ္လာဟ်အရှင်မြတ်သည် မိမိအလိုရှိသောသူတို့ကို အတိုင်းအဆမရှိ စားနပ်ရိက္ခာများပေးသနားတော်မူလေသတည်း။' ထို့ကြောင့် ဤအရာများသည် အလ္လာဟ် အရှင်မြတ်ကိုယ်တော်တိုင် စီမံထားတော်မူသော စီမံမှုအပေါ်မှာသာ မူတည်ပြီး မိမိ၏ပုဂ္ဂိုလ်ရေးစွမ်းဆောင်ချက် နှင့် သြဇာလွှမ်းမိုးမှုပေါ်တွင် မူမတည်ပါ။ ဤသည့်အတွက်ကြောင့် တစ်စုံတစ်ဦးသည် ကိုယ်ပိုင်ပစ္စည်းဥစ္စာ ပေါကြွယ်ဝမှုကြောင့် အရိုအသေပေးခြင်းကို အလ္လာဟ်အရှင်မြတ်အား ချီးမွမ်းထောမနာပြုသကဲ့သို့ ထိုသူ့အား ချီးကျူးဂုဏ်ပြုရန်မလို။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်၏ ဧရှတော်မှောက်တွင် အလ္လာဟ်အရှင် လက်ခံသဘောတူသည့်အရာမှလွဲ၍ အခြားမည်သည့်အရာမျှ တကယ်တန်းချီးကျူးဂုဏ်ပြုထိုက်ခြင်းမရှိချေ။ ထိုသို့ ဖြစ်ခြင်းကြောင့် တစ်ဦးတစ်ယောက်သည် လောကီစီးပွားချမ်းသာမှုပေါ်ရပ်တည်ပြီး မိမိကိုယ်ကိုမိမိ ဂုဏ်သရေ ရှိစေရန်ပြုလုပ်ပြီး အခြားကံမကောင်း အကြောင်းမလှသူများကို အထင်သေးပြီးသိမ်ငယ်သည်ဟု ယူဆခြင်းသည် 'အသိဉာဏ်မဲ့ခြင်း'မဟုတ်ပါ၏လော။ ထိုကဲ့သို့သောပြုမူမှု၏ စစ်မှန်သောအကျိုးဆက်သည် ကိယာမသ်(နောက်ဆုံး) နေ့တွင် ပေါ်လွင်လာပါလိမ့်မည်။

စိုက်ယိဒိနာ အလီ(**رضى الله عنه**)သခင်က မိန့်ကြားခဲ့သည်မှာ 'အကယ်၍ တစ်စုံတစ်ဦးသည် မုစ်လင်မ် အမျိုးသား (သို့) အမျိုးသမီးတစ်ဦးကို ၎င်းသူ/သူမ၏ ဝတ်ပြတ်ဆင်းရဲမှု ကြောင့် နိမ့်ကျသည်ဟု မှတ်ယူခဲ့လျှင် အလ္လာဟ်အရှင်မြတ်သည် ထိုမှတ်ယူသူအား ကိယာမသ်နေ့၌ လူအများ စုရုံးနေစဉ်တွင် အရှက်တကွဲဖြစ်အောင် လုပ်ပါလိမ့်မည်။ ထို့ပြင် တစ်စုံတစ်ဦးသည် မုစ်လင်မ် အမျိုးသား (သို့) အမျိုးသမီးတစ်ဦး၏ အားနည်းချက် တစ်ရပ်ကို လည်ဆယ်စွပ်စွဲခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုသူ့ကို မီးတောင်ထိပ်တွင် ၎င်း၏လည်ဆည် စွပ်စွဲချက်အား ၎င်းကိုယ်တိုင်မဟုတ်မမှန်ကြောင်းဝန်ခံသည်အထိ ထားခြင်းခံရလိမ့်မည်။

v v v v v v v

အာယသ် (၂း ၂၁၃)

كَانَ النَّاسُ أُمَّةً وَّاحِدَةً ۟ فَبَعَثَ اللّٰهُ النَّبِيّٖنَ مُبَشِّرِيْنَ وَمُنْذِرِيْنَ ۪ وَاَنْزَلَ مَعَهُمُ
الْكِتٰبَ بِالْحَقِّ لِيَحْكُمَ بَيْنَ النَّاسِ فِيْمَا اخْتَلَفُوْا
فِيْهِ ؕ وَمَا اخْتَلَفَ فِيْهِ اِلَّا الَّذِيْنَ اُوْتُوْهُ مِنْۢ بَعْدِ مَا
جَآءَتْهُمُ الْبَيِّنٰتُ بَغْيًۢا بَيْنَهُمْ ۚ فَهَدَى اللّٰهُ الَّذِيْنَ اٰمَنُوْا
لِمَا اخْتَلَفُوْا فِيْهِ مِنَ الْحَقِّ بِاِذْنِهٖ ؕ وَاللّٰهُ يَهْدِيْ مَنْ يَّشَآءُ
اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿۲۱۳﴾

“လူသားအားလုံးတို့သည် (မူလက) တစ်သင်းတစ်ဖွဲ့တည်း ဖြစ်ခဲ့ကြ၏ အဓွန့်ကာလ ရှည်ကြာလတ်သော် (စိတ်ဓာတ်များကွဲပြားပြီး အယူဝါဒ ကွဲပြားလာလေရာ) အလ္လာဟ် အရှင်မြတ်သည် (လူသားတို့ထံ) နဗီတမန်တော်များကို (အမိန့်တော်နာခံသူများအဖို့) ပီတိသောမနဿ ဝမ်းမြောက်ဖွယ်ရာမင်္ဂလာသတင်းပေးပို့သူများအဖြစ်နှင့် လည်းကောင်း၊ (မနာခံသူများအား) သတိပေးနှိုးဆော်သောသူများအဖြစ်လည်းကောင်း စေလွှတ်တော်မူလေသည်။ထို့ပြင် တစ်ဝ လူသားတို့အချင်းချင်း ကွဲပြားလျက်ရှိသော ပြဿနာရပ်များကို စီရင်ဆုံးဖြတ်ပေးတော်မူအံ့သောငှာ အလ္လာဟ်အရှင်မြတ်သည် ထိုနဗီတမန်တော်များနှင့်အတူ မှန်ကန်သောကျမ်းဂန်အသီးသီးတို့ကိုလည်း ထုတ်ပြန်ချမှတ်ပေးအပ်တော်မူလေသည်။ ထိုကျမ်းဂန်နှင့်စပ်လျဉ်း၍ကား (မည်သူတစ်ဦးတစ်ယောက်မျှ) ကွဲပြားသည် မရှိချေ။ ထိုကျမ်းဂန်ကို ရရှိသောသူများသာလျှင် မိမိတို့ထံ ထင်ရှားသော အမှတ်အသား လက္ခဏာတော်များရောက်ရှိလာပြီးသည့်နောက်တွင် မိမိတို့အချင်းချင်း မလိုမုန်းထားထောင်လွှားခြင်းကြောင့် ထိုကျမ်းဂန်နှင့်စပ်လျဉ်း၍ ကွဲပြားလာကြလေ၏။ ထိုအခါ (နောက်ဆုံး၌) အလ္လာဟ်အရှင်မြတ်သည် မိမိအလိုတော်ဖြင့် လူသားတို့ ကွဲပြားလျက်ရှိသော ပြဿနာများနှင့်စပ်လျဉ်း၍ ယုံကြည်ခြင်းသဒ္ဓါတရားထားရှိ ကုန်သော မုဟ်မင်္ဂန်တို့အား တရားမှန်ကိုညွှန်ကြားပြသတော်မူလေသည်။ ဧကန်အမှန်

**အလ္လာဟ်အရှင်မြတ်သည် မိမိနှစ်မြို့တော်မူသောသူတို့ကို ဖြောင့်မတ်မှန်ကန်သော တရားလမ်းသို့ ညွှန်ကြားပြသပို့ဆောင်တော်မူလေသတည်း။' (၂း၂၁၂)**

အစောပိုင်းတွင် အမှန်တရားကို ဆန့်ကျင်ရခြင်း၏စစ်မှန်သောအကြောင်းရင်းသည် လောကီစည်းစိမ်းကို ချစ်မြတ်နိုးသောကြောင့်ဖြစ်သည်ဟုဖော်ပြခဲ့ပါသည်။ ယခုအာယသ်တော်များတွင် အလ္လာဟ်အရှင်မြတ်သည် စစ်မှန်သောယုံကြည်မှုကို တည်ဆောက်နိုင်ရန် တစ်ချိန်လုံး ထင်ရှားသည့်သက်သေလက္ခဏာများကို ပြသခဲ့ပါသည်။ သို့ရာတွင် မပြောပလောက်သော အကျိုးစီးပွားကို ရှာဖွေသူများသည် သူတို့၏ အကျိုးစီးပွားကို ကာကွယ်ရန် အလို့ငှာ စစ်မှန်သော လက္ခဏာများနှင့် ဆန့်ကျင်ကာပြုလုပ်ခဲ့ကြသည်။

## အကျယ်ဖွင့်ဆိုချက်

အာယသ်တော်ထဲတွင် ဖော်ပြခဲ့သည်မှာ တစ်ချိန်တုံးက လူသားအားလုံးသည် ဘာသာတစ်ခုတည်း၊ ယုံကြည်မှုတစ်ခုတည်းနှင့် လူနေမှုအဖွဲ့အစည်းတစ်ရပ်အတွင်း၌ နေထိုင်ခဲ့သည်။ ထိုယုံကြည်ချက်သာလျှင် စစ်မှန်ပြီး သဘာဝကျခဲ့ပါသည်။ ထို့နောက် စိတ်သဘောထားများ၊ အကြိုက်များ၊ ထင်မြင်ချက်များနှင့် အတွေးအခေါ်များတွင် ကွဲပြားမှုများဖြစ်ပေါ်လာကာ အကျိုးဆက်အားဖြင့် အမှားနှင့်အမှန်ကို ခွဲခြားရန်မရနိုင်လောက်အောင် ဖြစ်လာရပါသည်။ အမှားနှင့်အမှန်ကို ထင်ထင်ရှားရှားခွဲခြားရန်အတွက်နှင့် လူအများကို ဖြောင့်မတ်မှန်ကန်သောလမ်းကိုညွှန်ပြရန် အလ္လာဟ်အရှင်မြတ်သည် တမန်တော်များနှင့်အတူ ကျမ်းစာများနှင့်ဝဟီများပို့ချခဲ့ပါသည်။ တမန်တော်များ(**عليه السلام**)၏ နာမ်ပိုင်းဆိုင်ရာသင်ကြားပို့ချမှုတို့ကြောင့် လူများသည် နှစ်ပိုင်းကွဲသွားပါသည်။ ပထမအုပ်စုသည် အလ္လာဟ်အရှင်မြတ်ပို့ချပေးတော်မူသောလမ်းညွှန်မှုကို လက်ကမ်းကြိုဆိုပြီး တမန်တော်များ(**عليه السلام**)၏ လမ်းစဉ်ကိုလိုက်နာကြရန် သဘောတူညီခဲ့ကြသည်။ ဤသူများကို စစ်မှန်သော မုစ်လင်မ်များဟုခေါ်တွင်သည်။ ဒုတိယအုပ်စုမှာ ကျမ်းစာများနှင့်တမန်တော်များကို ယုံကြည်ခြင်းမရှိဘဲ ယင်းတို့နောက်သို့လိုက်ရန် ငြင်းဆန်ခဲ့ကြသည်။ ဤသူများကို ကာဖိရ်(သို့)မယုံကြည်သွေဖည်ငြင်းပယ်သူများဟုခေါ်တွင်သည်။ အာယသ်တော်၏ အဖွင့်ဖြစ်သော-

كَانَ النَّاسُ أُمَّةً وَّاحِدَةً **'လူသားအားလုံးသည် (မူလက) တစ်သင်းတစ်ဖွဲ့တည်းဖြစ်ခဲ့ကြ၏'**ဟူသော အဆိုအမိန့်သည် ရှင်းလင်းချက်အချို့လိုအပ်သည်။ 'အလ်မုဖရာဒသ်'ကျမ်းတွင် အိမာမ်ရာဃစ်ဗ်အဆွဲဖဟာနီက 'အုမ္မသ်'ဟူသော စကားလုံးနှင့်ပတ်သက်၍ အောက်ပါအတိုင်း မိန့်ဆိုထားသည်။ အုမ္မသ်ဆိုသည်မှာ အချိန်ကိုဖြစ်စေ၊ နေရာကို ဖြစ်စေ ယုံကြည်ချက်ကိုဖြစ်စေ အကြောင်းခံ၍ စုစည်းထားသော လူတစ်စုကို ခေါ်ပါသည်။ ဤကဲ့သို့ တစ်စု တစ်တဝေးတည်းဖြစ်ခြင်း၏ အခြေခံသဘောတရားသည် ယုံကြည်ချက်များနှင့် အတွေးအခေါ်များတို့ကြောင့် ဖြစ်စေ၊ သတ်မှတ်ထားသောအချိန်တစ်ချိန်တွင် သတ်မှတ်ထားသောနေရာ၌ ရှိနေခြင်းကြောင့်ဖြစ်စေ၊ အသား အရောင်နှင့် အလားတူကိစ္စရပ်များကြောင့်ဖြစ်စေ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဤဖော်ပြချက်၏သဘောမှာ တစ်ချိန်က လူသားအားလုံးသည် တစ်စုတစ်ဝေးတည်းရှိခဲ့ကြသည်ဟူ၍ဖြစ်သည်။ ဤနေရာ၌ အကျယ်ချဲ့ပြီး တွေးတောစဉ်းစားရန်အကြောင်းအရာနှစ်ရပ်ပေါ်ပေါက်လာပါသည်။

ပထမမှာ ဤအာယသ်တော်ထဲ၌ မည်ကဲ့သို့ဆိုသောစုစည်းမှုကို ရည်ညွှန်းသတ်မှတ်ခဲ့ပါသနည်း။ ဒုတိယမှာ ဤသို့စုစည်းညီညွတ်မှု မည်သည့်အချိန်က ပေါ်ထွန်းခဲ့သနည်း။ ပထမမေးခွန်းကို ဤအာယသ်တော်၏ နောက်ဆုံးဝါကျဖြင့် ရှင်းလင်းခဲ့ပါသည်။ အာယသ်တော်က မိန့်ကြားသည်မှာ နောက်နောင်တွင်ပေါ်ပေါက်လာခဲ့သော ခြားနားမှုများကြောင့် ဖြစ်ပေါ်ခဲ့သောနည်းလမ်းပေါင်းများစွာထဲမှ စစ်မှန်သောလမ်းကို ရွေးချယ်နိုင်ရန်အတွက် တမန်တော်များစေလွှတ်ခဲ့သည်ဟူ၍ဖြစ်သည်။ တမန်တော်များနှင့် ကျမ်းစာများသည် မျိုးရိုးစဉ်ဆက်နှင့်ပတ်သက်သော ကွဲပြားခြားနားမှုများ၊ ဘာသာစကားကွဲပြားခြားနားမှုများ၊ အသွေးအရောင်၊ နိုင်ငံနှင့် အချိန်ကာလကွဲပြားခြားနားမှုများကိုဖြေရှင်းရန်အတွက် စေလွှတ်ခဲ့သည်မှာမဟုတ်ကြောင်း ထင်ရှားပါသည်။ စင်စစ်မှာ အတွေးအခေါ်နှင့်ယုံကြည်ချက်၏ ကွဲပြားခြားနားမှုများအတွက်သာဖြစ်သည်။ အတွေးအခေါ်စုစည်းမှုနှင့် ယုံကြည်ချက်များ စုစည်းမှုကို အာယသ်တော်က ရည်ညွှန်းကြောင်း ဤနှိုင်းယှဉ်ဆန်းစစ်ချက်အရ ကျွန်ုပ်တို့သိရှိရသည်။

ထို့ကြောင့် ယခုပေါ်ထွက်လာသောအာယသ်တော်၏ ဆိုလိုရင်းအရ အချိန်တစ်ချိန်က လူသားအားလုံးသည် ယုံကြည်မှုတစ်ခုတည်းပေါ်တွင်သာလျှင် တည်ရှိခဲ့ကြသည်။ ထိုယုံကြည်မှုတစ်ခုတည်းဆိုသည်ကား ဘာလဲ? ဤတွင် ဖြစ်နိုင်ချေနှစ်ရပ်ရှိသည်။ တစ်နည်းကား ဘုရားတစ်ဆူတည်းပေါ်တွင်ယုံကြည်မှုဖြင့်စုစည်းကာ အတူတကွနေထိုင်သည်။ (သို့မဟုတ်) မယုံကြည် ငြင်းပယ်ကာဖိရိအဖြစ်နှင့် စုစည်းနေထိုင်ကြခြင်းလည်းဖြစ်နိုင်သည်။ သို့သော်လည်း အကျယ်ပြန့်ပညာရှင်အများစုအဆိုအရဆိုလျှင် ဘုရားတစ်ဆူတည်းပေါ်တွင် ယုံကြည်စုစည်းကာနေထိုင်ကြသည်ဟူသည့်ဘက်က အလေးသာရှုမြင်ကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ စူရတ်ယူနွတ်စ်ထဲတွင် အာယသ်တော်လာရှိသည်မှာ -

وَمَا كَانَ النَّاسُ اِلَّآ اُمَّةً وَّاحِدَةً فَاخْتَلَفُوْا ؕ وَلَوْلَا كَلِمَةٌ سَبَقَتْ مِنْ رَّبِّكَ لَقُضِىَ بَيْنَهُمْ فِيْمَا فِيْهِ يَخْتَلِفُوْنَ ○

**‘စင်စစ်သော်ကား လူသားတို့သည် (ယခင်မူလက) ဘာသာအယူဝါဒတူညီသော လူတစုတည်းသာလျှင်ဖြစ်ခဲ့ကြကုန်၏။ ထို့နောက် ၎င်းတို့သည် (ဘာသာဝါဒ၌) သဘောကွဲလွဲခဲ့ကြကုန်၏။ စင်စစ်သော်ကား အကယ်၍သာ အသင့်အားဖန်ဆင်း မွေးမြူတော်မူသော အရှင်မြတ်ထံတော်မှ စကားတစ်ရပ်သည် ရှေးဦးပထမကပင် ရှိနှင့်ခဲ့ပြီးမဖြစ်ပါလျှင် မုချကေန ၎င်းတို့အချင်းချင်း သဘောကွဲလွဲနေသောအရာနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ပြီးဖြစ်ချိမ့်မည်။’ (၁၀း၁၉)**

စူရတ်အန်ဗီယာထဲတွင် မိန့်ကြားထားသည်မှာ -

أَنَّ هٰذِهٖٓ أُمَّتُكُمْ أُمَّةً وَّاحِدَةً وَّأَنَا رَبُّكُمْ فَاعْبُدُوْنِ ○

**‘ဧကန်မလွဲ ဤ(အစ္စလာမ်သာသနာတော်ပင်) အသင်တို့၏ တစ်ခုတည်းသော သာသနာတော်ဖြစ်လေသည်။ ၎င်းပြင် ငါအရှင်မြတ်သည်ပင် အသင်တို့အားဖန်ဆင်း မွေးမြူတော်မူသောအရှင်ဖြစ်တော်မူပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ငါ အရှင်မြတ်အားသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။’ (၂၁း၉၂)**

ထို့အတူ စူရတ် အလ်မုအ်မိနူန်ထဲတွင် မိန့်ကြားခဲ့သည်မှာ -

وَإِنَّ هَٰذِهِ أُمَّتُكُمْ أُمَّةً وَاحِدَةً وَأَنَا رَبُّكُمْ فَاتَّقُونِ ○

**'ငင်းပြင် ဧကန်မလွဲ ဤသည် အသင်တို့၏ သာသနာပင်။ တစ်ခုတည်းသော သာသနာ၊ ထို့မှတပါး ငါအရှင်မြတ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အရှင်မြတ် ပင်ဖြစ်တော်မူပေရာ အသင်တို့သည် ငါအရှင်မြတ်အား သာလျှင် ကြောက်ရွံ့ကြလေကုန်။'** (၂၃း၅၂)

ဤအာယသ်တော်အားလုံးက ရည်ညွှန်းသောစုစည်းမှုဆိုသည်မှာ စစ်မှန်သော ဘာသာတရားတွင်ရှိသော ယုံကြည်ချက်ဆိုင်ရာ စုစည်းမှုဖြစ်ကြောင်း ရည်ညွှန်းသည်။

ဤစကြဝဠာလုံးဆိုင်ရာ လူသား၏စုစည်းမှုအချိန်ကာလကို ကျွန်ုပ်တို့ သတ်မှတ်ပိုင်းခြားရန်သာ လိုတော့သည်။ ဆွဟာဗဟ်များထဲမှ ကုရ်အာန်အကျယ်ဖွင့်ဋ္ဌကာရှင်များဖြစ်ကြသော အုဗိုက်ယိဗ်နိက အာဗ်နှင့် အိဗ်နိဇိုက်ဒ်က မိန့်ကြားခဲ့သည်မှာ ထိုရည်ညွှန်းသောအချိန်ကာလကား အဇလ်အချိန်ကာလဖြစ်သည်။ ထိုအချိန်သည် လူသားများ၏ ဝိညာဉ်များကို စတင်ဖန်ဆင်းပြီးသည့်နောက် **أَلَسْتُ بِرَبِّكُمْ** (ငါအရှင်မြတ်သည် သင်တို့၏ အရှင်သခင်မဟုတ်သလော)ဟု မေးမြန်းသောအချိန်တွင်ဖြစ်သည်။ ထိုအချိန်၌ ဝိညာဉ်တိုင်းက 'ဟုတ်ကဲ့ အရှင်မြတ်သည်သာလျှင် ကျွန်ုပ်တို့၏ အရှင်သခင်ဖြစ်ပါသည်)ဟု ဖြေကြားခဲ့သည်။ ယင်းအချိန်မှာ အစွလာမ်ဟု အမည်တွင်သော စစ်မှန်သည့်ယုံကြည်ချက်တစ်ရပ်တည်းအပေါ် လူသားအားလုံးစုစည်းထားသောအချိန်ပင်ဖြစ်သည်။ (ကုရ်သုဗီ)

ဆွဟာဗာကြီး အဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗာစ်(**رضى الله عنه**)သခင် မိန့်ကြားထားသည်မှာ ထိုစုစည်းမှုအချိန်ကာလသည် စိုက်ယိဒိနာ တမန်တော်အာဒမ်(ﷺ)သခင်နှင့် တမန်တော် ဇနီးတို့၏ ဤကမ္ဘာမြေပေါ်သို့ စတင်ရောက်ရှိ သည့်အချိန်ကိုဆိုလိုသည်။ ၎င်းတို့တွင် သားသမီးများထွန်းကားခဲ့၍ ထိုသားသမီးများမှဆက်လက်၍ သားသမီးများ ထွန်းကားခဲ့ပါသည်။ ၎င်းတို့အားလုံးသည် အာဒမ်(ﷺ)သခင် သက်ဝင်ယုံကြည်သော သာသနာကို သက်ဝင် ယုံကြည်ခဲ့ကြသည်။ အာဒမ်(ﷺ)သခင်၏ သင်ကြားပို့ချချက်များ အထူးသဖြင့် အလ္လာဟ်တစ်ဆူတည်းကိုသာလျှင် လက်ခံလိုက်နာခဲ့ကြပါသည်။ ကာဗိလ်မှအပ အားလုံးသည် ဘာသာရေးဆိုင်ရာဥပဒေများကို လိုက်နာခဲ့ကြသည်။

အလ်ဗဇာဇ်၏ မဆ်နဒ်ကျမ်းထဲတွင် စိုက်ယိဒိနာ အိဗ်နိ အဗ္ဗာစ်၏ မိန့်ကြားချက်ကို ထပ်ဆင့်၍ ဖော်ပြထားသည်မှာ ဤယုံကြည်ချက်ကြောင့် စုစည်းမှုသည် စိုက်ယိဒိနာ အာဒမ်(ﷺ)သခင်လက်ထက်မှ စိုက်ယိဒနာ အိဒ်ရီးစ်(ﷺ)သခင်လက်ထက်ထိသာလျှင် တည်ရှိခဲ့သည်။ ထိုအချိန်အတွင်းမှာ လူအားလုံးသည် အစွလာမ်နှင့် သောင်ဟီးဒ်ပေါ်တွင်သာ လိုက်နာကျင့်သုံးခဲ့ကြသည်။ ထိုအချိန်ကာလသည် တစ်ဆယ်'ကရန်'ခန့်ကြာခဲ့သည်။ ကရန်ဆိုသည်မှာ ရာစုတစ်ခုဖြစ်၍ နှစ်ပေါင်းတစ်ထောင်ခန့်ဖြစ်နိုင်ချေရှိသည်။

အခြားသူအချို့က ထိုအချိန်ကာလသည် နူးဟ်(ﷺ)သခင်လက်ထက်မှ ရေလွှမ်းမိုးသည့်အချိန်ကစသည်ဟု ပြောကြားခဲ့ကြသည်။ ထိုအချိန်တွင် နူးဟ်(ﷺ)သခင်နှင့်အတူ လှေပေါ် တက်ခဲ့သူများမှအပ ကျန်သူများ

အားလုံး ရေနစ်မြုပ်လွှမ်းမိုးခံခဲ့ကြသည်။ ရေကျသွားသောအခါ အသက်ရှင်ကျန်ရစ်ခဲ့သူများအား စစ်မှန်သော ယုံကြည်ချက်အပေါ် လက်ခံယုံကြည်ခဲ့သူများဖြစ်ကာ တစ်ပါးတည်းသောအရှင်ကို ယုံကြည်သောမုစ်လင်မ်များဖြစ်ကြသည်။

စင်စစ် ဤအဆိုအမိန့်(၃)ရပ်စလုံးသည် တစ်ခုနှင့်တစ်ခု ဖိလာဆန့်ကျင်ခြင်းမရှိကြပါ။ ထိုအချိန်ကာလ သမယအားလုံးတွင် လူအပေါင်းသည် တစ်ပေါင်းတစ်စည်းတည်း တည်ရှိကြ၍ စစ်မှန်သော ယုံကြည်ချက်ကိုသာ လိုက်နာကျင့်သုံးသူများဖြစ်ခဲ့ကြသည်။

အာယသ်တော်၏ ဒုတိယဝါကျတွင် မိန့်ကြားခဲ့သည်မှာ -

فَبَعَثَ اللّٰهُ النَّبِيّٖنَ مُبَشِّرِيْنَ وَمُنْذِرِيْنَ وَاَنْزَلَ مَعَهُمُ الْكِتٰبَ بِالْحَقِّ
لِيَحْكُمَ بَيْنَ النَّاسِ فِيْمَا اخْتَلَفُوْا فِيْهِ

**‘အလ္လာဟ်အရှင်မြတ်သည် (လူသားတို့ထံ) နဗီတမန်တော်များကို (အမိန့်တော် နာခံသူများအဖို့) ပီတိသောမနဿ ဝမ်းမြောက်ဖွယ်ရာ မဂ်လာသတင်းပေးပို့ သူများအဖြစ်နှင့်လည်းကောင်း၊ (မနာခံသူများအား) သတိပေးနှိုးဆော်သော သူများအဖြစ်နှင့်လည်းကောင်း စေလွှတ်တော်မူလေသည်။ ထို့ပြင်တစ်ဝ လူသား တို့အချင်းချင်း ကွဲပြားလျက်ရှိသော ပြဿနာရပ်များကို စီရင်ဆုံးဖြတ် ပေးတော် မူအံ့သောငှာ အလ္လာဟ် အရှင်မြတ်သည် နဗီတမန်တော်များနှင့်အတူ မှန်ကန်သောကျမ်းဂန်အသီးသီးတို့ကိုလည်း ထုတ်ပြန်ချမှတ်ပေးအပ်တော်မူ လေသည်။’**

မှတ်သားဖွယ်ကောင်းသည်မှာ ပထမဝါကျ၌ လူသားအားလုံးသည် အုပ်စုတစ်စုထဲတွင် ရှိခဲ့ကြပြီး။ ဒုတိယဝါကျတွင် အလ္လာဟ်အရှင်မြတ်သည် ကျမ်းစာများနှင့် နဗီတမန်တော်များကို အငြင်းပွားမှုများဖြေရှင်းရန် အလို့ငှာ ဟု မိန့်ကြားထားသည်။ ဝါကျနှစ်ခုသည် တစ်ပြိုင်နက်တည်းဆုံလာသည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် နဗီတမန်တော်များနှင့် ကျမ်းစာကိုပို့ချခြင်းသည် လူသားများ၏ အငြင်းပွားဖြေရှင်းရန်ဟု ဆိုငြားသော်လည်း ထိုအချိန်ကာလက ဤကိစ္စရပ်များ မတည်ရှိခဲ့ပါ။ အဖြေကား အလွန်ရှင်းပါသည်။ လူသားများ၏ဘဝအစဦးပိုင်းတွင် လူသားတို့သည် စစ်မှန်သောယုံကြည်ချက်တစ်ရပ်ပေါ်တွင် တည်ရှိနေကြပြီး နောင်တွင်မှ ကွဲပြားခြားနားမှုများ ပေါ်ပေါက်ကာ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့သောကြောင့် နဗီတမန်တော်(ﷺ)နှင့် ကျမ်းစာများစေလွှတ်ပို့ချရန် အကြောင်းဖြစ်လာခဲ့သည်။

အချို့သော အကြောင်းချင်းရာကား ကျန်ပါသေးသည်။ အထက်တွင်တစ်စုတဝေးတည်းဖြစ်ကြောင်း ဖော်ပြခဲ့စဉ်က ကွဲပြားခြားနားခြင်းအကြောင်း အဘယ့်ကြောင့် ညွှန်းဆိုခြင်းမပြုရသနည်း။ ကုရ်အာန်ကျမ်းတော်မြတ်ဟန်ပန်၏နောက်ကွယ်ရှိ ဟစ်က်မသ်ညာဏ်ကို အလ္လာဟ်အရှင်မြတ်၏ ရဟ်မသ် ကောင်းချီးဂ်လာရရှိ၍ နားလည်နိုင်စွမ်းရှိသူများအတွက်မူကား ဤမေးခွန်းကို ဖြေဆိုရန်မခက်ခဲချေ။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်သည် အတိတ်ကအဖြစ်အပျက်များ တင်ပြရာ၌ မည်သည့်နေရာမျှ အဖြစ်အပျက်အလုံးစုံကို

လုံးစေ့ပတ်စေ့ မတင်ပြပါ။ တင်ပြရာတွင် အချို့ကို ပယ်ရှား၍လည်းကောင်း၊ ပယ်ရှားမှုအဖြစ်အပျက်များကို စကားဆက်အရ နားလည်စေနိုင်ရန်လည်းကောင်း တင်ပြလေ့ရှိသည်။ ပမာအားဖြင့် ယူစုဖ်(ﷺ)သခင် အကြောင်းတင်ပြရာတွင် အကျဉ်းသားတစ်ဦးအကြောင်းပါခဲ့ ပါသည်။ ထိုအကျဉ်းသားသည် ထောင်မှ လွတ်မြောက်သွားသောအခါ ဘုရင့်ထံခစား၍ ဘုရင်မင်းမြတ်၏ အိပ်မက် အဓိပ္ပာယ်ကိုပြန်ဆိုရန်အတွက် ၎င်းအား ယူစုဖ်(ﷺ)သခင်ထံပို့ပေးရန် လျှောက်တင်ခဲ့သည်။ ဤအကျဉ်းသား၏ အဆိုပြုချက်ကိုသာလျှင် ကုရ်အာန် ကျမ်းတော်မြတ် အာယသ်(၁၂း၄၆)ထဲ၌ ဖော်ပြထားခဲ့သည်။ ထို့နောက် **يُوسُفُ اَيُّهَا الصِّدِّيْقُ** ဟူသော စကားနှင့် ပြန်လည် စတင်ခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ဘုရင်သည် အကျဉ်းသား၏အဆိုပြုချက်ကို နှစ်သက်ကြောင်း၊ အကျဉ်းသားကို ယူစုဖ်(ﷺ)နှင့် တွေ့ရန် အကျဉ်းထောင်သို့ပို့ခဲ့ကြောင်း၊ ယူစုဖ်နှင့်တွေ့ပြီး အကျိုးအကြောင်းပြောခဲ့ခြင်း စသည်တို့ ဘာမျှမပါရှိချေ။ ဆိုလိုရင်းမှာ ကျမ်းတော်မြတ်တွင် အရေးပိုင်းဝါကျများနှင့် နောက်ပိုင်းဝါကျများဖတ်ရင်းဖြင့် အကြောင်း အားလုံး နားလည်ရန်လွယ်ကူသွားစေပါသည်။

အလားတူ ဤအာယသ်တော်ထဲတွင် အုပ္ပသ်ထုတစ်ရပ်လုံး တစ်လုံးတစ်စည်းတည်းရှိသည့်အကြောင်း ပြသည့်နောက်တွင် ကွဲပြားခြားနားမှုရှိကြောင်း ဖော်ပြရန်မလိုအပ်ဟုယူဆ၍ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းခုံမှုများဝင်လာသည့်ကိစ္စကို တစ်ကမ္ဘာလုံးက အချိန်မလပ် သိရှိထားပြီးဖြစ်သောကြောင့်တည်း။ ရှင်းလင်းဖော်ပြရန်လိုသည်မှာ ဤသို့ခြင်းခုံမှုများမတိုင်မီ လူသားအားလုံးသည် စစ်မှန်သော သာသနာတစ်ရပ်တည်း ပေါ်တွင် လိုက်နာကျင့်သုံးနေခဲ့ကြကြောင်းပင်ဖြစ်သည်။ ထိုအချက်ကိုပင် ကျမ်းတော်မြတ်က မိန့်ကြားထားခဲ့သည်။ တစ်ကမ္ဘာလုံးတွင် တွေ့မြင်နေရသော ခြင်းခုံမှုများသည် ရှင်းလင်းစွာဖော်ပြရန် မလိုအပ်သောကြောင့်ဖြစ်သည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်က ရှင်းလင်းစွာမိန့်ကြားထားသည်မှာ စစ်မှန်သောလမ်းညွှန်မှုမှတစ်ဆင့် အငြင်းပွားမှုများကို ဖယ်ရှားရန်အလွှာဟ်အရှင်မြတ်က စီမံထောက်ပံ့ထားခဲ့သည်။ ကျမ်းတော်မြတ်ပါစာသား အရ **فَبَعَثَ اللّٰهُ اَنْۢبِيّٖنَ** 'အလွှာဟ်အရှင်မြတ်သည် နဗီတမန်တော်များကို (အမိန့်တော်နာခံ သူများအဖို့) ပီတိသောမနဿ ဝမ်းမြောက်ဖွယ်ရာ မင်္ဂလာသတင်းပေးပို့သူများအဖြစ်နှင့်လည်းကောင်း၊ (မနာခံ သူများအား) ငရဲမီးဘေးတွင် အပြစ်ပေးခံရမည့်အကြောင်း သတိပေးနှိုးဆော်သောသူများအဖြစ်နှင့်လည်းကောင်း စေလွှတ်တော်မူလေသည်။ ထို့နောက် အလွှာဟ်အရှင်မြတ်သည် ယုံကြည်မှု၊ အတွေးအခေါ်များနှင့်ပတ်သက်သော ကိစ္စရပ်များတွင် အမှားနှင့်အမှန်ကို ထင်ရှားစွာသိသာနိုင်ရန်အတွက် နဗီတမန်တော်များကို ဝဟီမှလည်းကောင်း၊ ကျမ်းစာများမှလည်းကောင်း ပံ့ပိုးကူညီခဲ့သည်။ ကျမ်းတော်မြတ်သည်ဆက်၍ ရလဒ်ကို ညွှန်ပြခဲ့သည်။ နဗီတမန်တော်များနှင့် ကျမ်းစာများဖြင့် ပွင့်လင်းစွာအမှန်တရားများ ပို့ချစေလွှတ်ခဲ့သော်လည်း ကမ္ဘာတွင် အုပ်စုနှစ်စုကား ကွဲသွားချေပြီ။ ယင်းတို့မှ အချို့သောသူများသည် ဤရှင်းလင်းသော လမ်းညွှန်မှုကို လက်မခံငြင်းပယ်သူများရှိခဲ့ကြသည်။ ထူးဆန်းသည်မှာ ဤလမ်းညွှန်မှုကို ဦးစွာငြင်းပယ်သူများသည် ၎င်းတို့ထံ နဗီတမန်တော်များနှင့် အာယသ်တော်များပို့ချပေးခြင်းခံရသော ယဟူဒီများနှင့် နဆွာရာနီများဖြစ်ကြပါသည်။ ပို၍ အံ့သားသင့်စရာကောင်းသည်မှာ ရှုပ်ထွေးမှုများနှင့် ဒွိဟသံသယဖြစ်စေသော နားမလည်နိုင်သည့်အချက်များ မပါသည့်ကျမ်းစာအား ငြင်းပယ်မှုပင်ဖြစ်သည်။ စင်စစ် ထိုသူများသည် သိနားလည်ခဲ့သော်လည်း ၎င်းတို့၏ ဆန့်ကျင်ဘက်အနေအထားတွင် နေလိုသည့် အာသာဆန္ဒကြောင့်သာ ငြင်းပယ်ခဲ့ကြခြင်းဖြစ်သည်။

ထို့နောက် ဒုတိယအုပ်စုသည်ကား အလ္လာဟ်အရှင်ချမှတ်ပေးတော်မူသည့် ဖြောင့်မတ်မှန်ကန်သည့်လမ်းကို လိုက်နာပြီး နဗီတမန်တော်များနှင့် ကျမ်းတော်မြတ်များ၏ လမ်းညွှန်မှုကို ရိုးသားစွာနှင့် စိတ်ရောကိုယ်ပါ လိုက်နာသူများဖြစ်ကြသည်။ ဤအုပ်စုနှစ်ခုအကြောင်းကို အောက်ပါအတိုင်း စူရတ်အလ်သကာဗွန်တွင် ဖော်ပြထားသည်မှာ -

خَلَقَكُمْ فَمِنكُمْ كَافِرٌ وَّمِنكُم مُّؤْمِنٌ

**'ထိုအရှင်မြတ်သည်သာ အသင်တို့အား ဖန်ဆင်းတော်မူခဲ့သောအရှင် ဖြစ်တော်မူ၏။ သို့ပါသော်လည်း အသင်တို့အနက်အချို့မှာ သွေဖည်ငြင်းပယ်သူဖြစ်၍ အသင်တို့အနက်အချို့မှာ သက်ဝင်ယုံကြည်သူဖြစ်၏။ ' (၆၄း၂)**

အချုပ်ဆိုသော် 'كَانَ النَّاسُ أُمَّةً وَّاحِدَةً 'လူသားအားလုံးတို့သည် (မူလက) တစ်သင်းတစ်ဖွဲ့တည်း (ဖြစ်ခဲ့ကြ၏)'ဟူသော အာယသ်၏ အနှစ်ချုပ်မှာ လူသားအားလုံးတို့သည် စစ်မှန်သောယုံကြည်ချက်ကို လိုက်နာကြသူများဖြစ်ခဲ့ကြပါသည်။ ထို့နောက် စိတ်ရင်းသဘောအမျိုးမျိုးတို့သည် ကိုယ်ကျိုးငဲ့စေသောအဖြစ်ကိုရောက်သော အငြင်းပွားမှုများကိုဖြစ်စေပါသည်။ ထိုအငြင်းပွားမှုများသည် ယုံကြည်မှုဆိုင်ရာကိစ္စရပ်များတွင်ပါ ဝင်ရောက်ကာ အမှားအမှန်ခွဲခြားသည့် စည်းလည်းရောထွေးရှုပ်ထွေးစေခဲ့ပါသည်။ ထိုအချိန်တွင် အလ္လာဟ်အရှင်မြတ်သည် လူအများအား လမ်းမှန်သို့ညွှန်ပြပြီး ယခင်က လိုက်နာခဲ့သော စစ်မှန်သည့် ယုံကြည်မှုလမ်းပေါ် ရောက်ရှိစေရန် နဗီတမန်တော်(عليه السلام)များနှင့် ကျမ်းစာများကိုပို့ချစေလွှတ်တော်မူခဲ့သည်။ သို့သော်လည်း လမ်းညွှန်မှုအားလုံးနှင့် ထင်ရှားသောလက္ခဏာရပ်များရှိလင့်ကစားအချို့သည် လမ်းညွှန်မှုအောက်တွင် လိုက်နာခဲ့ကြသော်လည်း အချို့မှာကား ရန်လိုမှုနှင့် ခေါင်းမာမှုကြောင့် ငြင်းပယ်ခြင်းနှင့် သွေဖည်ခြင်းကို ရွေးချယ်ခဲ့ကြသည်။

## အဓိန့်ပညတ်ချက်များနှင့် ဆက်နွယ်သည့်သိမှတ်စရာများ

(၁) အာယသ်တော်က ကျွန်ုပ်တို့ကို မိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်များနှင့် ကျမ်းစာများကို ဤမတည်မြဲသည့်ကမ္ဘာသို့ စေလွှတ်ပို့ချရသည်မှာ စစ်မှန်သောယုံကြည်ချက်ကိုလိုက်နာသော အုမ္မသ်ထုထဲမှ ကွဲပြားသောဂိုဏ်းဂဏများသို့ ခွဲထွက်သွားသောသူများကို အုမ္မသ်ထုအတွင်း ပြန်လည်ရောက်ရှိစေရန် ရည်ရွယ်သည်မှလွဲ၍ အခြားမရှိချေ။ လူအများသည် ဖြောင့်မတ်မှန်ကန်သောလမ်းကြောင်းမှ ယိမ်းယိုင်သွားသောအခါ ထိုယိမ်းယိုင်သွားသူများ မှန်ကန်စွာကျင့်ဆောက်တည်စေရန်အတွက် အလ္လာဟ်အရှင်မြတ်သည် နဗီတမန်တော်တစ်ပါးနှင့် ကျမ်းတစ်စောင်စေလွှတ်ပို့ချပါသည်။ တမန်တော်များလာရောက်ခြင်းသည် လူအများအား ပြုပြင်ရန်နှင့် ကယ်တင်ရန်ဖြစ်သည်။ လူအများလမ်းမှန်မှ သွေဖည်သွားတိုင်း ၎င်းတို့လမ်းမှန်ရောက်ရှိစေရန်အတွက် အလ္လာဟ်အရှင်မြတ် ညွှန်ပြသော ဖြောင့်မတ်မှန်ကန်သောလမ်းသို့ ပြန်လည်ရောက်ရှိစေရန်အတွက် တမန်တော်တစ်ပါးနှင့် ကျမ်းစာတစ်စောင် စေလွှတ်ပို့ချပေးလေ့ရှိသည်။ ဤသည်မှာ ကျန်းမာရေးကိစ္စနှင့်တူပါသည်။ လူ့ဘဝတွင် ရောဂါဘယထူပြောခြင်းဟူသော မှန်ကန်သည့်အချက်တစ်ချက်နှင့် နှိုင်းယှဉ်၍ရပါသည်။

ရောဂါတစ်ခုဖြစ်ပေါ်လာခဲ့လျှင် အလွှာဟ်အရှင်မြတ်သည် သင့်တော်သောဆေးနှင့်ကုထုံးကို ညွှန်ပြလေ့ရှိပါသည်။ နောက်ထပ်ရောဂါတစ်မျိုးပေါ်ပေါက်လာခြင်းသည် နောက်ထပ်ကုထုံးတစ်ခု ပေါ်ပေါက်လာစေပါသည်။

နောက်ဆုံးတွင် အလွန်ပြီးပြည့်စုံသော ဆေးအညွှန်းတစ်ခုပေါ်ပေါက်ခဲ့ပါသည်။ ယင်းသည် ဤကမ္ဘာပေါ်တွင် အလွှာဟ်အရှင်မြတ်သဘောတူတော်မူသည့်ကာလတိုင် ရောဂါအပေါင်းကို အောင်မြင်စွာ တိုက်ဖျက်နိုင်သည့် ဆေးအညွှန်းဖြစ်ပါသည်။ ဤပြီးပြည့်စုံသော ဆေးအညွှန်းသည် ရောဂါရှာဖွေရေးကိစ္စများတွင်လည်း ပြီးပြည့်စုံသည့် ဆေးအညွှန်းများထက်လည်း ပိုမိုပြီးပြည့်စုံသည်။ နောင်ပေါ်ပေါက်လာမည့်ကုထုံးများထက် သာလွန်ကောင်းမွန်သည့် ဆေးညွှန်းလည်းဖြစ်သည်။ ဤအရာသည်ကားအခြားမဟုတ်။ အစွမ်းပင်ဖြစ်သည်။ ဤကိစ္စအတွက်ကြောင့် တမန်တော်များထဲတွင် နောက်ဆုံးတမန်တော်မြတ်(ﷺ) တစ်ပါးပွင့်တော်မူခဲ့၍ ထိုတမန်တော်နှင့်အတူ ကုရ်အာန်ကျမ်းတော်မြတ်လည်း ပို့ချပေးတော်မူခဲ့သည်။ အတိတ်ကာလလာ ကျမ်းစာများကို ပြုပြင်ပြောင်းလဲခြင်းများ အဖန်ဖန်တလဲလဲဖြစ်ပေါ်စေသောပြဿနာများဖြစ်ခဲ့ပြီး တမန်တော်များ၏သင်ကြားပို့ချမှုများလည်း ပျောက်ကွယ်လေ့ရှိခဲ့သည်။ ထို့အတွက် နဗီတမန်တော်အသစ်များနှင့် ကျမ်းစာအသစ်များစေလွှတ်ပို့ချရန် လိုအပ်ခဲ့ပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်အား ပြုပြင်ပြောင်းလဲခြင်းများမှ ကာကွယ်စောင့်ရှောက်ရန် အလွှာဟ်အရှင်မြတ်ကိုယ်တော်တိုင်တာဝန်ယူ မိန့်ကြားတော်မူသောအခါမှသာလျှင် ယင်းကိစ္စပြေလည်သွားတော့သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် ကိယာမသ်တိုင် မူလပုံစံအတိုင်းနှင့် မူလသင်ကြားပို့ချသည့်အတိုင်း တည်ရှိစေရန် အလွှာဟ်အရှင်မြတ်က ကတိထားတော်မူသည်။ ယင်းကတိတော်မှာ အလွှာဟ်အရှင်မြတ်သည် တမန်တော်မြတ်(ﷺ)သခင်၏ အုမ္မသ်ထဲမှ လူတစ်စုကိုဖန်ဆင်းတော်မူ၍ ထိုလူစုသည် စစ်မှန်သောယုံကြည်ချက်ကို အမြဲခိုင်မာစွာဖက်တွယ်ကာ ကုရ်အာန်ကျမ်းတော်မြတ်၏ မှန်ကန်သောသင်ကြားပို့ချချက်များနှင့် စွန္ဒသ်တော်များကို ကမ္ဘာပေါ်ရှိမုစ်လင်မ်အားလုံးအတွက် ရန်ပြုခြင်းနှင့်ဆန့်ကျင်ခြင်းများကို တွန့်ဆုတ်ခြင်းမရှိဘဲ အမြဲတမ်းဖြန့်ဝေလျက် ပြန့်ပွားစေလျက်ရှိနေပါမည်။ ထို့ကြောင့် နောက်ဆုံးတမန်တော်နှင့် ကုရ်အာန်ကျမ်းတော်မြတ် စေလွှတ်ပို့ချပြီးနောက် နဗီပွင့်တော်မူခြင်းနှင့် ကျမ်းစာပို့ချခြင်းမှာ အပြီးအပိုင်ချုပ်ငြိမ်းသွားသည်ဆိုသည်မှာ ဧကန်အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် နဗီတမန်တော်ပွင့်ပေါ်ခြင်း ချုပ်ငြိမ်းမည်ဖြစ်ကြောင်း နောက်ဆုံးကြေညာချက်ပေါ်ထွက်ခဲ့သည်။

သမိုင်းစဉ်တစ်လျှောက်လုံးတွင် နဗီတမန်တော်များပွင့်ခြင်းနှင့် ကျမ်းစာများကျရောက်ခြင်းသည် လူများအကြား အုပ်စုကွဲခြင်း (သို့) သဘောကွဲလွဲခြင်းများ၏ အရင်းခံတစ်ခုဖြစ်သည်ဟု ဒွိဟသံသယမဖြစ်သင့်ချေ။ စင်စစ် အစောပိုင်းတင်ပြသကဲ့သို့ နဗီတမန်တော်များပွင့်ခြင်းနှင့် ကျမ်းစာများပို့ချပေးခြင်းသည် လူအများယခင်လက်ခံယုံကြည်ခဲ့ကြသော လမ်းမှန်ဆီသို့သာပြန်လည်ဦးတည်ရန် ရည်ရွယ်ခဲ့သည်။

(၂) ဘာသာတရားပေါ်အခြေခံ၍ ကျွန်ုပ်တို့သည် မုစ်လင်မ်နှင့် မုစ်လင်မ်မဟုတ်သူများဟု ခွဲခြားသတ်မှတ်သောမူကို ကုရ်အာန်ကျမ်းတော်မြတ်က ရည်ရွယ်ကြောင်း ကျွန်ုပ်တို့တွေ့ရှိရသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ရည်ရွယ်ချက်ကို အောက်ဖော်ပြပါ အာယသ်တွင် **فَمِنكُمْ كَافِرٌ وَمِنكُم مُّؤْمِنٌ** တွေ့ရှိရသည်။ ယင်းနှင့်အတူ အုပ်စုနှစ်စု သီအိုရီ၏ စစ်မှန်သောအခြေခံသည် စုစည်းသော အုပ်စုတစ်စုတည်ဆောက်ရန်ဖြစ်ကြောင်း ရှင်းရှင်းလင်းလင်းမြင်နိုင်ပါသည်။ ထိုစုစည်းသော အုပ်စု၏ အစပိုင်းတွင် ဖွံ့ဖြိုးတိုးတက်ခြင်းသည် နိုင်ငံတော်ဇစ်မြစ်

ပေါ်တွင် အခြေမခံဘဲ အမှန်တရားကို ယုံကြည်ပြီး ဖြောင့်မတ်မှန်ကန်သောလမ်းကို လိုက်နာသောကြောင့် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ် ၏ မိန့်ကြားချက်ဖြစ်သော **كَانَ النَّاسُ أُمَّةً وَّاحِدَةً '(လူသားအားလုံးတို့သည် (မူလက) တစ်သင်းတစ်ဖွဲ့တည်း ဖြစ်ခဲ့ကြ၏)**ဟူသည်မှာ ကမ္ဘာဦးအစကာလက လူအများသည် စစ်မှန်သောယုံကြည်ချက်ကို လက်ခံပြီး စစ်မှန်သော စုစည်းမှုဖြစ်ခဲ့သည်ကို အလေးအနက်ဖော်ပြသည်။ အငြင်းပွားမှုများ နောင်တွင်ပေါ်ပေါက်ခဲ့ပါသည်။ ထို့နောက် တမန်တော်များပွင့်ပေါ်ကာ ထိုလူများအား စစ်မှန်သောစုစည်းညီညွတ်မှုဆီသို့ဖိတ်ခေါ်ခဲ့ပါသည်။ တမန်တော်များ၏ ဖိတ်ခေါ်ချက်ကို ငြင်းပယ်သူများသည် စုစည်းသောအုပ်စုနှင့် အဆက်အသွယ်ဖြတ်ကာ သီးခြားအုပ်စု ဖြစ်သွားပါသည်။

(၃) ဤအာယသ်တော်မှ ကျွန်ုပ်တို့ရရှိသည့် တတိယသင်ခန်းစာမှာ မသမာ၍ ကောက်ကျစ်စဉ်းလဲသူတိုင်းသည် နဗီတမန်တော်တိုင်းနှင့်ကျမ်းစာတိုင်းကို ဆန့်ကျင်ခဲ့ကြသည်။ ထိုသို့ဆန့်ကျင်ရာတွင် ၎င်းတို့အစွမ်းကုန် အင်အားသုံးစွဲခဲ့ကြပါသည်။ ဤကဲ့သို့သော သမရိုးကျဖြစ်ရပ်သည် အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင်ဖြစ်ခွင့် ပေးထားသည့်အတွက် မိမိတို့၏နှလုံးသားထဲ၌ အီမာန်ယုံကြည်မှုခိုင်မြဲစွာရှိသောသူများသည် ဤမကောင်းမှုကို စိတ်ပျက်ရန်မလိုချေ။ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် ၎င်းတို့၏အကြီးအကဲများ၏ စရိုက်ဖြစ်သော ငြင်းဆိုခြင်း၊ ရန်မူခြင်းနှင့် တမန်တော်များအား တိုက်ခိုက်ခြင်း စသောနည်းများကို အသုံးပြုလုပ်ဆောင်နေသကဲ့သို့ ဖြောင့်မတ်မှန်ကန်သောလမ်းပေါ်တွင်ရှိနေသော မုစ်လင်မ်များကလည်း ၎င်းတို့၏အကြီးအကဲများနှင့် တမန်တော်ကြီး(**عليه السلام**)၏ အလေ့အကျင့်အတိုင်း ၎င်းတို့ရရှိသည့် ထိခိုက်မှုအပေါ်သည်းခံနေခြင်း၊ အသိဉာဏ်နှင့် ယှဉ်တွဲကာ စစ်မှန် သော ယုံကြည်ချက်ဘက်သို့ဖိတ်ခေါ်ခြင်း၊ ခိုင်မြဲသောအကြံဉာဏ်များပေးခြင်းနှင့် စိတ်ကောင်းစေတနာထားခြင်း တို့ကို စွဲမြဲစွာကျင့်ကြံရပါမည်။ ဤသင့်တော်လျော်ကန်သော ရည်ရွယ်ချက်ကြောင့် နောက်လာသည့် အာယသ်တော် သည် မုစ်လင်မ်များအား ဒုက္ခသုက္ခအပေါင်းနှင့် ကြုံတွေ့ရလျှင် သည်းခံသည့်အနေအထားရှိစေရန် မုစ်လင်မ်များအား အကြံပြုထားသည်။

vvvvvvv

အာယသ် (၂း ၂၁၄)



**"(အို-မုအ်မင်န် အပေါင်းတို့) အသင်တို့သည် ဣန္ဒသ် အမတသုခဘုံသို့ (လွယ်လင့်တကူ) ဝင်ကြရလိမ့်မည်ဟု မှတ်ထင်ကြလေသလော။ (ယခုမူ) အသင်တို့ အလျင်လွန်လေ ပြီးသော သူမွန်သူမြတ်တို့ထံသို့ သက်ရောက်ခဲ့ဘူးသော အဲ့သြဖွယ်ရာ အဖြစ်အပျက် သည် အသင်တို့ထံသို့ သက်ရောက်သည် မရှိသေးချေ။ ထိုသူမွန်သူမြတ်တို့အပေါ်ဝယ် ဒုက္ခအမျိုးမျိုး ဘေးဥပဒ်အဖုံဖုံတို့သည် ဆိုက်ရောက် ခဲ့ပေသည်။ (ဆင်းရဲဒုက္ခအမျိုးမျိုးတို့ကြောင့်) ထိုသူမွန်သူမြတ်တို့သည် တုန်လှုပ် ချောက်ခြားခဲ့ကြရပေသည်။ (နောက်ဆုံးတွင်) နဗီတမန်တော်နှင့် နောက်ပါ တပည့်သားများဖြစ်ကြကုန်သော 'မုအ်မင်န်'တို့သည်ပင် (ထိတ်ထိတ်လန့်လန့်ဖြစ်ကာ) အလ္လာဟ်အရှင်မြတ်၏ ကူညီစောင်မတော်မူခြင်းသည် မည်သည့်အခါ၌ရောက်ရှိပါ အံ့နည်းဟု ပြောဆိုကြလေသည်။ (သို့ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်ကြရသောအခါ၌ အလ္လာဟ်အရှင်မြတ်က) သတိပြုကြကုန်။ ဧကန်အမှန် အလ္လာဟ်အရှင်မြတ်၏ စောင်မတော်မူခြင်းသည် နီးကပ်လျက်ရှိချေပြီ(ဟု မိန့်ကြားတော်မူလေသတည်း။)"** (၂း ၂၁၄)

ပြီးခဲ့သောအယသ်တော်က မယုံကြည်သွေဖည်ငြင်းပယ်သူများသည် နဗီတမန်တော်များနှင့် အီမာန်ယုံကြည်သက်ဝင်သူများအား မည်ကဲ့သို့ရန်လိုခဲ့သည်ကို မိန့်ကြားခဲ့ခြင်းသည် တစ်နည်းအားဖြင့် မယုံကြည်သွေဖည်ငြင်းပယ်သူများ၏ ပျက်ရယ်ပြုခြင်းကိုခံခဲ့ရသည့် မုစ်လင်မ်များအား နှစ်သိမ့်မှုပေးခြင်းနှင့် ဤကဲ့သို့ဆန့်ကျင်မှုသည် အသစ်အဆန်းမဟုတ်ကြောင်းဖြစ်လေသည်။ ဤဖြစ်ရပ်သည် အချိန်တိုင်း၌ဖြစ်ခဲ့ပါသည်။ ဤအချက်မှကျော်လွန်သွားသော် ယခုလက်ရှိအာယသ်တော်သည် ရန်လိုသည့်မယုံကြည်သွေဖည်ငြင်းပယ်သူများကြောင့် လွန်လေပြီးသော နဗီတမန်တော်များနှင့် အီမာန်သက်ဝင်ယုံကြည်သူများ၏ မြောက်မြားလှစွာသောဒုက္ခသုက္ခများအကြောင်းကို ပြန်လည်မိန့်ကြားထားသည်။

ဤသည်လည်း မုစ်လင်မ်များကို နှစ်သိမ့်ရန်ဖြစ်သည်။ မုစ်လင်မ်များသည် မယုံကြည်ငြင်းပယ်သွေဖည်သူများ၏ ရန်လိုမှုကို သည်းခံသင့်ပေသည်။ စစ်မှန်သော ပျော်ရွှင်မှုရနိုင်ခြင်းသည် နောက်တမလွန်အတွက် အမြဲတမ်းအဆင်သင့်ဖြစ်၍ ကြိုးစားပမ်းစားလုပ်ဆောင်နေခြင်းပင်ဖြစ်သည်။

## အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်ထဲတွင် လေးလေးနက်နက်ဂရုပြုရန်အချက်နှစ်ရပ်ရှိပါသည်။

(၁) အပေါ်ယံအားဖြင့် ဤအာယသ်တော်က မည်သူမဆို ဒုက္ခသုက္ခနှင့် ခက်ခဲမှုများကို မဖြတ်သန်းခဲ့ပါက ဂျန္နသ်သုခဘုံသို့ မဝင်နိုင်ဟု ရည်ညွှန်းသည့်ပုံပေါ်သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ အဆိုအမိန့်နှင့် တမန်တော်မြတ်(ﷺ)သခင်၏ မိန့်ကြားချက်များက သက်သေပြသည်မှာ မြောက်မြားစွာသော ပြစ်မှုဒုစရိုက်ကျူးလွန်သူများသည် ဒုက္ခသုက္ခ မခံစားရဘဲနှင့် အလ္လာဟ်အရှင်မြတ်၏ ခွင့်လွှတ်တော်မူခြင်း၊ သနားညှာတာတော်မူခြင်းနှင့် ကျေးဇူးပြုတော်မူခြင်းကြောင့် ဂျန္နသ်သုခဘုံသို့ ဝင်ရောက်ရပါလိမ့်မည်။ ဤသို့ဖြစ်ရခြင်းသည် ဒုက္ခသုက္ခနှင့် အခက်အခဲများတွင် ကွဲပြားခြားနားသောအဆင့်များရှိသည်။ အနိမ့်ဆုံးအဆင့်မှာ မိမိ၏စိတ်ဆန္ဒနှင့် ရှိုင်တွာန်အား ဆန့်ကျင်ခြင်းဖြစ်သည်။ စစ်မှန်သောယုံကြည်ချက်အား ဆန့်ကျင်သည့်အရာများအား တွန်းလှန်ရန်အတွက် မိမိ၏ယုံကြည်ချက်အခြေခံကို ခိုင်မြဲအောင်ပြုလုပ်ရမည်။ ဤအဆင့်အောင်မြင်ရန်မှာ မုစ်လင်မ်တိုင်းလုပ်ဆောင်နိုင်ကြသည်။ ဧရှဆက်ရလျှင် အလယ်အလတ်အဆင့်နှင့် မြင့်မားသောအဆင့်များရှိသည်။ မိမိ၏ကြိုးစားလုပ်ဆောင်မှုအဆင့်အတန်းနှင့်အညီ ဂျန္နသ်သုခဘုံသို့ ဝင်နိုင်ရန် အဆင့်ရရှိလိမ့်မည်ဖြစ်သည်။

ထို့ကြောင့် ဒုက္ခသုက္ခခံစားခြင်းနှင့် အခက်အခဲများဖြစ်စေသော ကြိုးပမ်းမှုနှင့် ရုန်းကန်ခြင်းဟူသော စမ်းသပ်မှုမှ မည်သူမျှမကင်းလွတ်ချေ။ ဟဒီးဆ်တော်တစ်ရပ်တွင် တမန်တော်မြတ်(ﷺ)သခင်မိန့်ကြားခဲ့သည်မှာ-

**اشد الناس بلاء الانبياء ثم الامثل فالامثل**

'နဗီတမန်တော်များ ရင်ဆိုင်ကြုံတွေ့ခဲ့ရသော အခက်အခဲများသည် လူသားများအတွက် အခက်အခဲဆုံးဖြစ်သည်။ ထို့နောက်တွင်မှ တမန်တော်များနှင့် နီးကပ်သူများခံစားခဲ့သောအခက်အခဲဖြစ်သည်။

(၂) ဒုတိယအချက် ဤနေရာတွင် သတိပြုရမည်မှာ တမန်တော်များနှင့် တမန်တော်များ၏ နောက်လိုက်များနှင့်ပတ်သက်ပါသည်။ ၎င်းတို့ မည်မျှဒုက္ခခံစားခဲ့ရပါသနည်းဟူမူ ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်၏ အကူအညီတော် မည်သည့်အချိန်ရောက်လာပါမည်လဲဟူ၍ပင် ဟစ်အော်တောင်းခံသည့်အဖြစ်သို့ရောက်ခဲ့ရပါသည်။ ဤသို့ဖြစ်ခြင်းသည်လည်း ဒွိဟသံသယကြောင့် ပြုလုပ်ခဲ့ကြခြင်းမဟုတ်ချေ။ သို့ဆိုလျှင် ထိုသူတို့၏ ဂုဏ်အဆင့်အတန်းနှင့် ဆန့်ကျင်ပေလိမ့်မည်။ စင်စစ် ယင်းသို့လုပ်ဆောင်ခြင်းသည် အလ္လာဟ်အရှင်မြတ်ကတိတော်နောက်ခံအကြောင်းတွင် အချိန်ကာလနှင့်နေရာအတွက် ဆုံးဖြတ်ချက်မပါသောကြောင့်ဖြစ်သည်။ သို့ဆိုလျှင် ထိုသို့အကြီးအကျယ် ဒုက္ခသုက္ခရောက်သောအခါ အော်ဟစ်တောင်းခံခြင်းသည်ကား စောလျင်စွာအကူအညီရလိုကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။ ထိုကဲ့သို့ တောင်းခံခြင်းသည် အလ္လာဟ်အရှင်မြတ်အပေါ် ယုံပုံကိုးစားမှုသဝဏ္ဏလ်နှင့်လည်း မဆန့်ကျင်ချေ။ တမန်တော်မြတ်ဖြစ်ခြင်း၏ ဂုဏ်ပုဒ်နှင့်လည်း မဆန့်ကျင်ချေ။ စင်စစ်မှာ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ ကျေးကျွန်ကလိုလိုလားလား တောင်းခံမှုအပေါ် ကျေနပ်နှစ်သက်တော်မူလေသည်။ အလ္လာဟ်အရှင်မြတ်၏ နှစ်သက်တော်မူခြင်းကို တမန်တော်များနှင့် အုမ္မသ်ထုထဲမှ ဘာသာတရားကိုင်းရှိုင်းသူများထက် အခြားမည်သူသည် ပို၍ထိုက်တန်ပါအံ့နည်း။

v v v v v v v

**အာယသ် (၂ း ၂၁၅)**

يَسْـَٔلُوْنَكَ مَاذَا يُنْفِقُوْنَ ۗ قُلْ مَآ اَنْفَقْتُمْ مِّنْ
خَيْرٍ فَلِلْوَالِدَيْنِ وَالْاَقْرَبِيْنَ وَالْيَتٰمٰى وَالْمَسٰكِيْنِ وَابْنِ
السَّبِيْلِ ۗ وَمَا تَفْعَلُوْا مِنْ خَيْرٍ فَاِنَّ اللّٰهَ بِهٖ عَلِيْمٌ ﴿٢١٥﴾

**“(အို - နဗီတမန်တော်) အချို့သောသူများသည် (ကုသိုလ်အကျိုးငှာ) မည်သည့်အရာဝတ္ထုကို (မည်သည့်နေရာ၌) လှူဒါန်းပေးကမ်းသုံးစွဲကြရပါမည်နည်းဟု အသင့်ကို မေးကြရာ အသင်သည် (ယင်းသူတို့အား) ‘အသင်တို့သည် (မိမိတို့နှစ်သက်ရာကို) ပေးကမ်းလှူဒါန်းနိုင်ကြပေသည်။ သို့ရာတွင် မိဘနှစ်ပါးတို့အဖို့လည်းကောင်း၊ ဆွေမျိုးနီးစပ်သောသူတို့အဖို့လည်းကောင်း၊ ဘသက်ဆိုးတို့အဖို့လည်းကောင်း၊ သူဆင်းရဲတို့ အဖို့လည်းကောင်း၊ ခရီးသည်အာဂန္တု(များ)အဖို့လည်းကောင်း၊ (သုံးစွဲလှူဒါန်းခြင်း သည် ပိုမိုသင့်မြတ်လှပေသည်) အမှန်စင်စစ် အသင်တို့သည် မည်သည့်ကောင်းမှုကုသိုလ်မျိုးကိုမဆို ပြုလုပ်ကြပါမူ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် ထိုပြုလုပ်သမျှသော ကောင်းမှုကုသိုလ်တို့ကို ကောင်းစွာသိရှိတော်မူသောအရှင်ဖြစ်တော်မူသည်’ဟု ဖြေကြားပါလေ။”** (၂း၂၁၅)

## အကျယ်ဖွင့်ဆိုခြင်း

မယုံကြည်သွေဖည်ငြင်းပယ်ခြင်းနှင့် အယောင်ဆောင်ခြင်းကိုစွန့်လွှတ်၍ အစွမ်းသာသနာသို့ လုံးလုံးလျားလျားဝင်ရောက်ကြကုန်လော့။ အလ္လာဟ်အရှင်မြတ်အမိန့်တော်ကို နာခံခြင်းနှင့်ပတ်သက်လျှင် မည်သူ၏စကားကိုမျှမနာခံနှင့်။ အလ္လာဟ်အရှင်မြတ်ကျေနပ်နှစ်သက်မှုရရန် သင်၏ဥစ္စာပစ္စည်းများကို ပေးလှူကြ။ အသက်ကိုပင် စွန့်လွှတ်ကြ၊ ဒုက္ခသုက္ခနှင့် အခက်အခဲများကို ခံနိုင်ရည်စွမ်းပြသကြ’ဟူသော စကားရပ်များသည် ပြီးခဲ့သော အာယသ်တော်များတွင် ထိရောက်စွာ ဖော်ပြခဲ့ပါသည်။ ယခုမှဆက်၍ နောက်တွင် တစ်စုံတစ်ဦး၏ ဥစ္စာဓန၊ အသက်နှင့် အခြားကိစ္စရပ်များဖြစ်သော ထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းတို့၏ အသေးစိတ်အကြောင်းအရာတို့ ပါရှိသည်။ ဤအရာများသည် နောက်ဆက်လက်ဖော်ပြမည့် ဖြောင့်မတ်မှန်ကန်ခြင်းအကြောင်းအရာများ၏ အစိတ်အပိုင်းများဖြစ်ကြသည်။

ဤအသေးစိတ်များပါဝင်သော အဆိုအမိန့်သည် အလွန်ထူးခြားပါသည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်မြတ်(ﷺ)သခင်အား ဆွတာဗဟ်ကြီးများ၏ လျှောက်ထားမေးမြန်းချက်အဖြေများပါဝင်၍ဖြစ်သည်။ လျှောက်ထားမေးမြန်းချက်၏အဖြေသည် အလ္လာဟ်အရှင်မြတ်ထံမှ တမန်တော်မြတ်(ﷺ)သခင်ထံသို့ ဝဟီမှတဆင့်

တိုက်ရိုက်ကျရောက်လာခဲ့သောကြောင့်ဖြစ်သည်။ အခြားနည်းပြောရလျှင် ဖသာဝါ (ဓမ္မသတ်)သည် အလ္လာဟ်အရှင်မြတ်ကိုယ်တိုင်ပေးသော ဖသာဝါဖြစ်သည်။ သို့ဆိုခဲ့လျှင်လည်း မှန်ကန်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ် ၄း၁၂၇ ထဲတွင် မိန့်ကြားထားသည်မှာ-

**قُلِ اللهُ يُفْتِيكُمْ فِيهِنَّ** 'အသင်ပြောကြားပါလေ၊ အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် ဖသာဝါပေးခြင်းသည် အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော် ပင်ဖြစ်၍ ဖသာဝါပေးခြင်းသည် အဆန်းမဟုတ်ချေ။

တစ်နည်းဖြစ်နိုင်သည်မှာ ဤဖသာဝါဓမ္မသတ်ဆုံးဖြတ်ချက်သည် ဝဟီမှတစ်ဆင့် တမန်တော်မြတ်(ﷺ)ကိုယ်တော်တိုင်ပေးသော ဖသာဝါဖြစ်သည်ဟု ပြောနိုင်သည်။ မည်သို့ပင်ဖြစ်စေ သတိမူရမည်မှာ ဤအပိုင်းတွင် ဖော်ပြထားသော ဘာသာရေးဆိုင်ရာ အမိန့်ပညတ်ချက်များသည် ဆွဟာဗဟ်သခင်ကြီးများကိုယ်တိုင် မေးမြန်းလျှောက်ထားခဲ့သော မေးခွန်းအချို့၏အဖြေပင်ဖြစ်သည်။ မေးခွန်းတိုင်းတွင် ထူးခြားမှုတစ်ခုစီပါဝင်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ဤကဲ့သို့ အမေးအဖြေပုံစံဖြင့်ပေါ်ထွက်လာသော ထူးခြားသည့် အမိန့်ပညတ်ချက်များ (၁၇)နေရာခန့်ရှိပေသည်။ စူရတ်ဘကရတ်တွင်(၇)ခု၊ စူရတ်မာအိဒတ်တွင်(၁)ခုနှင့် စူရတ်အလ်အန်ဖလ်တွင်(၁)ခု ပါဝင်သည်။ ဤ(၉)ခုသော မေးခွန်းများသည် ဆွဟာဗဟ်ကြီးများ လျှောက်ထားမေးမြန်းခဲ့သော မေးခွန်းများဖြစ်သည်။ ထို့နောက် စူရတ်အလ်အာရာဖ်တွင်(၂)ခု၊ စူရတ်ဗနီ အစ္စရာအီလ်၊ စူရတ်အလ်ကာဟ်ဖ်နှင့် စူရတ်တွာဟာနှင့် စူရတ်အလ်နာဇီအာဟ်တို့တွင်(၁)ခုစီ၊ စုစုပေါင်း (၆)ခုဖြစ်ကာ ယင်းတို့သည် မယုံကြည်သွေဖည်ငြင်းပယ်သူများက မေးမြန်းခဲ့သော မေးခွန်းများဖြစ်သည်။ ဤမေးခွန်းများအားလုံးကို ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ဖြေကြားထားခဲ့သည်။

ဆွဟာဗဟ်သာဝကကြီးလည်းဖြစ်၊ ကုရ်အာန်ကျမ်းတော်မြတ်၏ ဦကာရှင်လည်းဖြစ်သော အဗ်ဒုလ္လာဟ် အိဗ်နိအဗ္ဗာစ်(ﷺ)သခင်က မိန့်ကြားခဲ့သည်မှာ 'ကျွန်ုပ်သည် တမန်တော်မြတ်(ﷺ)သခင်၏ ဆွဟာဗဟ်သာဝကကြီးများထက်သာလွန်သော လူတစ်စုကို မတွေ့မြင်ဘူးခဲ့ပါ။ ထိုဆွဟာဗဟ်များသည် အီမာန်ယုံကြည်မှုတွင် စွဲမြဲပြီး တမန်တော်မြတ်(ﷺ)သခင်ကို နှစ်နှစ်ကာကာချစ်ခင်၍ ရင်းနှီးသော်လည်း မေးခွန်းအနည်းငယ်သာလျှင် မေးမြန်းလျှောက်ထားခဲ့ပါသည်။ ထိုမေးခွန်းများသည်လည်း စုစုပေါင်း(၁၃)ခုသာလျှင်ရှိ၍ ယင်းတို့ကို ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ဖြေကြားထားခဲ့ပါသည်။ ဆွဟာဗဟ်သာဝကကြီးများသည် မေးခွန်းတစ်ခုကို မဖြစ်မနေလိုအပ်သော အခါမှသာလျှင် မေးမြန်းလျှောက်ထားကြပါသည်။ (ကုရ်သုဗီ)

ယခုလက်ရှိအာယသ်တော်(၂၁၅)တွင် ဆွဟာဗဟ်သာဝကကြီးများမေးမြန်းသည့်မေးခွန်းကို အောက်ပါစကားလုံးများနှင့် တင်ပြထားသည်။ **يَسْئَلُوْنَكَ مَاذَا يُنْفِقُوْنَ** 'အချို့သောသူများသည် (ကုသိုလ်အကျိုးငှာ) မည်သည့်အရာဝတ္ထုကို (မည်သည့်နေရာ၌) လှူဒါန်းပေးကမ်းသုံးစွဲကြရပါမည်နည်းဟု အသင့်ကိုမေးရာ'။ ဤမေးခွန်းကိုပင်လျှင် အာယသ်တော်(၂၁၉)တွင် အထက်ပါစကားလုံးများ **وَيَسْئَلُوْنَكَ مَاذَا يُنْفِقُوْنَ** ဖြင့်ပင် ပြန်လည်ဖော်ပြထားပါသည်။ သို့သော်လည်း ဤမေးခွန်းတစ်ခုတည်းကို အာယသ်တော်(၂၁၅)နှင့် နောက်လာမည့် အာယသ်တော်(၂၁၉)တို့တွင် ကွဲပြားစွာဖြေကြားထားသည်။

ထို့ကြောင့် မေးခွန်းတစ်ခုတည်း၏အဖြေနှစ်မျိုးနောက်ကွယ် အသိညာဏ်ကို ပထမသိရှိနားလည်ရန် လိုအပ်ပေသည်။ ဤအာယသ်တော်များကျရောက်ခြင်း၏ နောက်ခံအကြောင်းကို ကြည့်ရှုခြင်းဖြင့် ဤအသိညာဏ်ရှင်းလင်းသွားပေမည်။ ပမာအားဖြင့် လက်ရှိအာယသ်တော်သည် ဆွဟာဗဟ်သာဝကကြီး အုမ္မရ်အိဗ်နိဂျမုဟ်က တမန်တော်မြတ်(ﷺ)သခင်အား မေးမြန်းခဲ့သည့် သီးခြားအခြေအနေတစ်ရပ်တွင် ကျရောက်ခဲ့ပါသည်။ ဆွဟာဗဟ်သာဝကကြီးက လျှောက်ထားမေးမြန်းသည်မှာ ' **ماننفق من أموالنا وأين نضعها** ' ကျွန်ုပ် တို့၏ ဥစ္စာဓနများထဲမှ ဘာတွေကိုသုံးစွဲရမည်နည်း၊ ဘယ်နေရာတွင် သုံးစွဲရမည်နည်း' (အိဗနိအလ်မုန်ဒိရ်-မဇာဟရီ)ဟူ၍ဖြစ်သည်။ အိဗ်နိဂျရီး၏ ဆင့်ပြန်ချက်တစ်ခုအရဆိုလျှင် ဤမေးခွန်းသည် အိဗ်နိဂျမူဟ် တစ်ဦးတည်းမေးသောမေးခွန်းမဟုတ်ဘဲ မုစ်လင်မ်များထံမှ ယေဘုယျမေးမြန်းထားချက်ဖြစ်သည်ဟုဆိုသည်။ ဤမေးခွန်းတွင် အပိုင်းနှစ်ပိုင်းရှိသည်။ ပစ္စည်းဥစ္စာဓနထဲမှ မည်သည့်အရာနှင့် မည်ရွေမည်မျှသုံးစွဲသင့်သည်ကိုလည်းကောင်း၊ ဘယ်နေရာ၌ သုံးစွဲသင့်ကာ မည်သူတွေလက်ခံသင့်သည်ဆိုသည်တို့ကိုလည်းကောင်း မေးမြန်းခဲ့၏။

အလားတူမေးခွန်းကိုမေးမြန်းထားသော အာယသ်တော်(၂၁၉)ကို လေ့လာကြည့်ကြစို့။ အိဗ်နိအဗီဟာသင်မ်ဆင့်ပြန်ခဲ့သော ဤအာယသ်တော်၏ နောက်ခံအကြောင်းသည် အောက်ပါအတိုင်းဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်က မုစ်လင်မ်များကို အလ္လာဟ်အရှင်မြတ်လမ်းတော်၌သုံးစွဲကြရန် မိန့်တော်မူသောအခါ အချို့သော ဆွဟာဗဟ်များသည် တမန်တော်မြတ်(ﷺ)သခင်ထံ လာရောက်၍ ထိုအမိန့်ပညတ်ချက်ကို အကျယ်ချဲ့ရှင်းလင်းပေးပါရန် မေတ္တာရပ်ခံခဲ့သည်။ ဆွဟာဗဟ်များ **رضى الله عنهم اجمعين** သိရှိလိုသည်မှာ အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲရမည်မှာ ငွေကြေးလော၊ ဥစ္စာပစ္စည်းလောဟူသည်ပင်ဖြစ်သည်။ ဤမေးခွန်းထဲတွင် အလွန်ရိုးစင်းသည့် စူးစမ်း မေးမြန်းချက်တစ်ခုတည်းသာပါရှိသည်။ ယင်းမှာ မည်သည့်အရာကို သုံးစွဲသင့်ပါသနည်းဟူ၍ဖြစ်သည်။

ထို့ကြောင့် မေးခွန်းနှစ်ခုသည် ချဉ်းကပ်ပုံကွဲပြားသည်။ ပထမမေးခွန်းတွင် သုံးစွဲမှုအတွက် မည်သည့်အရာနှင့် မည်သည့်နေရာဟူ၍ ပါရှိသည်။ ဒုတိယမေးခွန်းတွင် မည်သည့်အရာဟူ၍သာပါဝင်သည်။ ပထမမေးခွန်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏အဖြေက ပြသသည်မှာ မေးခွန်း၏ ဒုတိယပိုင်းဖြစ်သော မည်သည့်နေရာတွင် သုံးစွဲသင့်သနည်းဟူသည်ကို ကုရ်အာန်ကျမ်းတော်မြတ်က အလေးပေးကာ ဦးစားပေး၍ ရှင်းလင်းစွာဖြေကြားခဲ့သည်။ သို့သော်လည်း မေးခွန်း၏ ပထမပိုင်းဖြစ်သော မည်သည့်အရာကိုသုံးစွဲသင့်သနည်းဟူသည်နှင့်ပတ်သက်၍မူ ဆက်နွယ်မှုတစ်ရပ်အဖြစ် ဖြေကြားခဲ့ပြီး လုံလောက်သည်ဟု သတ်မှတ်ထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်ပါရှိသော ထိုနှစ်ပိုင်းအကြောင်း ပြန်လည်စမ်းစစ်ကြည့်ကြစို့။ ပထမပိုင်းဖြစ်သော မည်သည့်နေရာ၌သုံးစွဲသင့်သနည်းဟူသည်ကို ကုရ်အာန်ကျမ်းတော်မြတ်၌ အောက်ပါအတိုင်း မိန့်ကြားခဲ့သည်။

مَآ أَنفَقْتُم مِّنْ خَيْرٍ فَلِلْوَالِدَيْنِ وَالْأَقْرَبِينَ وَالْيَتَٰمَىٰ وَالْمَسَٰكِينِ وَابْنِ السَّبِيلِ

**'အသင်တို့သည် (မိမိတို့နှစ်သက်ရာကို) ပေးကမ်းလှူဒါန်းနိုင်ကြပေသည်။ သို့ရာတွင် မိဘနှစ်ပါးအဖို့ လည်းကောင်း၊ ဆွေမျိုးနီးစပ်သောသူတို့အဖို့လည်းကောင်း၊ ဘသက်ဆိုးတို့အဖို့လည်းကောင်း၊ သူဆင်းရဲတို့အဖို့ လည်းကောင်း၊ ခရီးသည် အာဂန္တု(များ) အဖို့လည်းကောင်း။"**

ထို့နောက် မေးခွန်း၏အခြားအပိုင်းဖြစ်သည့် မည်သည့်အရာသုံးစွဲသင့်သနည်းဟူသည်ကို နှိုးနွှယ်သည့် သဘော ' **وَمَاتَفۡعَلُوۡامِنۡ خَيۡرٍ فَإِنَّ اللهَ بِهٖ عَلِيۡمٌ** ''အမှန်စင်စစ် အသင်တို့သည် မည်သည့်ကောင်းမှုကုသိုလ်မျိုးကိုမဆို ပြုလုပ်ကြပါမူ ဧကန်မုချ အလ္လာဟ်အရှင်မြတ်သည် ထိုပြုလုပ်သမျှသောကောင်းမှုကုသိုလ်တို့ကို ကောင်းစွာသိရှိတော်မူသောအရှင်ဖြစ်တော်မူသည်'ဟူ၍ ဖြေကြားခဲ့သည်။ မိမိသုံးစွဲသင့်သည့်ပမာဏအပေါ်၌ အလ္လာဟ်အရှင်မြတ်က ကန့်သတ်မထားကြောင်းကို ရည်ညွှန်းပါသည်။ အမှန်မှာ မိမိတတ်စွမ်းနိုင်သမျှ မည်သည့်ပမာဏသုံးစွဲသည်ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်က ယင်းနှင့်ထိုက်သင့်သည့် ဆုလာဘ်ကိုပေးသနားတော်မူလိမ့်မည်ဖြစ်သည်။

အချုပ်ဆိုရသော် မည်သည့်နေရာသုံးစွဲရမည်နည်းဟု မေးမြန်းသည့်မေးခွန်းအပေါ် အလေးအနက်ထား၍ မည်သည့်နေရာတွင် သုံးစွဲရမည်ဆိုသည့် ခေါင်းစဉ်များကို အာယသ်တော်(၂၁၅)တွင် ဖော်ပြထားသည်။ ထို့နောက် မည်သည့်အရာသုံးစွဲရမည်နည်းဟူသည်ကို နှိုးနွှယ်သဘောအနေဖြင့်ဖြေကြား၍ လုံလောက်စေပါသည်။ နောက်လာမည့် အာယသ်တော်(၂၁၉)တွင် ထိုမေးခွန်းကို ငွေကြေး(သို့)ပစ္စည်း မည်ရွေ့မည်မျှသုံးသင့်သနည်းဟူသည်ကို **قُلِ الۡعَفۡوَ 'ဝိုလ္လဲသမျှ'**ဟူ၍ ပြောကြားခဲ့သည်။ ဤအာယသ်တော်နှစ်ခုမှ အလ္လာဟ်အရှင်မြတ်လမ်းတွင် သုံးစွဲခြင်းနှင့်ပတ်သက်၍ လမ်းညွှန်မှုဥပဒေသအချို့ပေါ်ထွက်လာပါသည်။

## ဥပဒေသ

(၁) အာယသ်တော်နှစ်ပိုဒ်သည် မပေးမနေရတာဝန်ဖြစ်သော ဇကားသ်(ဆင်းရဲသားဒါနကြေး)နှင့် မပတ်သက်ပါ။ အဘယ့်ကြောင့်ဆိုသော် ဇကားသ်သည် ပေးရမည့်အတိုင်းအတာ အတိအကျ သတ်မှတ်ပြီးဖြစ်သည်။ ၎င်းဇကားသ်ပေးဆောင်သည့်အချိုးအစားနှင့်ပတ်သက်၍ တမန်တော်မြတ်(ﷺ)သခင်မှတစ်ဆင့် ဆုံးဖြတ်သတ်မှတ်ပြီးဖြစ်သည်။ ယခုအာယသ်တော်ထဲတွင် အထက်တွင် ပြသထားသော အချိုးအဆနှင့် ပမာဏနှစ်ရပ်ကို ရှင်းလင်းစွာဆွေးနွေးမထားပါ။ ဤသည်က ကျွန်ုပ်တို့ကို ပြောသည်မှာ ဤအာယသ်တော်နှစ်ခုသည် စေတနာအလျောက်လှူဒါန်းခြင်း (အလ်ဆွဒကာသ် အလ်နာဖိလာဟ်)ဖြစ်သည်။ ဤအဆိုအရ ဒွိဟသံသယလည်း ပယ်ရှားပြီးဖြစ်သည်။ တမန်တော်မြတ်(ﷺ)သခင်၏ သင်ကြားပို့ချချက်အရ ဇကားသ်ကို မိဘအားပေးပိုင်ခွင့် မရှိပါ။ အဖြေကား ရိုးရှင်းပါသည်။ ဤအာယသ်တော်နှစ်ပိုဒ်သည် ဇကားသ်ဆိုင်ရာမပေးမနေရတာဝန်နှင့် မသက်ဆိုင်ချေ။

(၂) ဤအာယသ်တော်မှ အခြားဥပဒေသပေါ်လာသည်မှာ မိဘများနှင့် အခြားဆွေမျိုးနီးချင်းများကို လက်ဆောင်ပေးခြင်းဖြစ်စေ၊ အစားအစာကျွေးမွေးခြင်းတို့ကိုဖြစ်စေ အလ္လာဟ်အရှင်မြတ်၏ အမိန့်ကိုနာခံသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့လျှင် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲခြင်း၌အကျုံးဝင်ကာ အရှင်မြတ်ထံမှ ထိုက်သင့်သည့်ဆုလာဘ်လည်းရရှိပါလိမ့်မည်။

(၃) စေတနာအလျောက် လှူဒါန်းရာတွင် မိမိလိုအပ်သည်ထက် ပိုလျှံသည့်အရာကိုသာ သုံးစွဲရမည်ကို သတိချပ်စေလိုသည်။ မိမိ၏ မိသားစုအား ထိခိုက်စေပြီး ၎င်းတို့၏ ရပိုင်ခွင့်များကိုကျော်လွန်ကာ ကြပ်တည်းသွားစေမည့်လှူဒါန်းသုံးစွဲခြင်းသည် လှူဒါန်းခြင်းမမည်ချေ။ အလားတူပင် မိမိပေးဆပ်ရမည့် ကြွေးမြီများကို ပေးဆပ်ခြင်း မပြုဘဲ စေတနာအလျောက်လှူဒါန်းခြင်း၌ ငွေကြေးသုံးဖြုန်းနေခြင်းကို အလ္လာဟ်အရှင်မြတ် မနှစ်သက်ချေ။

အပိုအလျှံ (အလ်အဖ်ဝ်)လျှဒါန်းသုံးစွဲခြင်းအကြောင်းနှင့်ပတ်သက်သည်ကိုလည်း ဆွဟာဗဟ်ကြီး အဗူဇာရ်ဂဖာရီသခင်နှင့် အခြားဆွဟာဗဟ်၏အဆိုအရ မပြုမနေရအမိန့်ပညတ်ချက်အဖြစ် အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ ၎င်းတို့အဆိုအရ မပေးမနေရ ဇကာသ်လည်းပေးဆောင်ခဲ့ပြီး ပေးသင့်သည့်တာဝန်များအရလည်း ပေးအပ်ပြီးနောက် မိမိလိုအပ်ချက်ထက်ပိုလျှံသောငွေကြေး (သို့) အရာဝတ္ထုများကို လက်ဝယ်ထားခွင့်မရှိချေ။ မိမိသုံးစွဲရန်လိုအပ်သည်ထက် ပိုလျှံသောအရာတိုင်းကို လျှဒါန်းပေးကမ်းရန် ဝါဂျစ်ဗ်ဖြစ်သည်။ သို့သော်လည်း ဆွဟာဗဟ်အများစု၊ ၎င်းတို့၏ နောက်လိုက်များဖြစ်သော သာဗီအိန်များနှင့် အီမာမ်ကြီးများက ကုရ်အာန်ကျမ်းတော်ပါ ယခုအာယသ်တော်ကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ မိမိလိုအပ်သည်ထက် ပိုလျှံနေသောအရာကိုသာလျှင် အလ္လာဟ်အရှင်မြတ်လမ်းတော်၌ သုံးစွဲရမည်ဟု မိန့်ကြားခဲ့သည်။ မိမိလိုအပ်သည်ထက် ပိုလျှံသမျှ လျှဒါန်းခြင်းသည် ဝါဂျစ်ဗ်ဖြစ်သည်ဟု ဤအာယသ်တော်က ဆိုလိုခြင်းမဟုတ်ဟု မိန့်ကြားသည်။

ဤနောက် အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည်သာလျှင် ဆွဟာဗဟ်သာဝကကြီးများ၏ တစိုက်မတ်မတ် လုပ်ရပ်များဖြင့် သက်သေခံခဲ့ကြသည်။

v v v v v v v

အာယသ် (၂ း ၂၁၆ – ၂၁၈)

كُتِبَ عَلَيْكُمُ الْقِتَالُ وَهُوَ كُرْهٌ لَّكُمْ ۖ وَعَسَىٰ أَن تَكْرَهُوا شَيْئًا
وَهُوَ خَيْرٌ لَّكُمْ ۖ وَعَسَىٰ أَن تُحِبُّوا شَيْئًا وَهُوَ شَرٌّ لَّكُمْ ۗ وَاللَّهُ
يَعْلَمُ وَأَنتُمْ لَا تَعْلَمُونَ ﴿٢١٦﴾ يَسْأَلُونَكَ عَنِ الشَّهْرِ الْحَرَامِ
قِتَالٍ فِيهِ ۖ قُلْ قِتَالٌ فِيهِ كَبِيرٌ ۖ وَصَدٌّ عَن سَبِيلِ اللَّهِ وَ
كُفْرٌ بِهِ وَالْمَسْجِدِ الْحَرَامِ وَإِخْرَاجُ أَهْلِهِ مِنْهُ أَكْبَرُ عِندَ
اللَّهِ ۚ وَالْفِتْنَةُ أَكْبَرُ مِنَ الْقَتْلِ ۗ وَلَا يَزَالُونَ يُقَاتِلُونَكُمْ
حَتَّىٰ يَرُدُّوكُمْ عَن دِينِكُمْ إِنِ اسْتَطَاعُوا ۚ وَمَن يَرْتَدِدْ
مِنكُمْ عَن دِينِهِ فَيَمُتْ وَهُوَ كَافِرٌ فَأُولَٰئِكَ حَبِطَتْ
أَعْمَالُهُمْ فِي الدُّنْيَا وَالْآخِرَةِ ۖ وَأُولَٰئِكَ أَصْحَابُ النَّارِ ۖ
هُمْ فِيهَا خَالِدُونَ ﴿٢١٧﴾ إِنَّ الَّذِينَ آمَنُوا وَالَّذِينَ هَاجَرُوا
وَجَاهَدُوا فِي سَبِيلِ اللَّهِ ۙ أُولَٰئِكَ يَرْجُونَ رَحْمَتَ اللَّهِ ۚ
وَاللَّهُ غَفُورٌ رَّحِيمٌ ﴿٢١٨﴾

“(အို ‘မုဟ်မင်န်’အပေါင်းတို့) အသင်တို့အပေါ်ဝယ် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်ခြင်းကို ‘ဖရသ်ွ’ပြဋ္ဌာန်းလိုက်ပြီးဖြစ်ချေပြီ။ အမှန်စင်စစ် ထိုစစ်မက်ပြိုင်ဆိုင် တိုက်ခိုက် ခြင်းသည် အသင်တို့အဖို့ (သဘာဝအလျောက်)ရွံရှာစက်ဆုပ် (ဝန်လေး)ဖွယ်ရာပင်ဖြစ်ချေသည်။” (၂း၂၁၅)

“သို့ရာတွင် အသင်တို့သည် တစ်စုံတစ်ရာကို ရွံရှာစက်ဆုပ်သော်လည်း စင်စစ်မှာ ထိုအရာသည် အသင်တို့အဖို့ အကောင်းဖြစ်တန်ရာ၏။ ထိုနည်းတူပင် အသင်တို့သည် တစ်စုံတစ်ရာကို နှစ်သက်သော်လည်း စင်စစ်မှာ ထိုအရာသည်

အသင်တို့အဖို့ အဆိုး ဖြစ်တန်ရာသည်။ အမှန်စင်စစ် အလွှာဟ် အရှင်မြတ် သည်သာလျှင် (အကောင်းနှင့် အဆိုးကို တပ်အပ်သေချာစွာ) သိရှိတော်မူ၏။ အသင်တို့မူကား (တစ်စုံတစ်ရာကိုမျှ တိကျသေချာစွာ) သိနားလည်ကြသည် မဟုတ်ကြချေ။" (၂း၂၁၆)

**"(အို နဗီတမန်တော်) ထိုသူတို့သည် ရိုသေလေးစားအပ်သောလမြတ်၌ စစ်မက် ပြိုင်ဆိုင်တိုက်ခိုက်ခြင်းနှင့်စပ်လျဉ်း၍ အသင့်ကို(လာရောက်)မေးမြန်းကြရာ** အသင် သည် (ယင်းသူတို့အား၊ ဟယ်-အချင်းတို့) ထိုလမြတ်၌ (သိလျက်နှင့်ပင်) စစ်မက် ပြိုင်ဆိုင်တိုက်ခိုက်ခြင်းသည် ကြီးလေးသောအပြစ် ပင်ဖြစ်ချေသည်။ သို့ရာတွင် အလွှာဟ်အရှင်မြတ်၏ (သာသနာ့)လမ်းတော်မှ ပိတ်ပင် တားဆီးခြင်းသည် လည်းကောင်း၊ ထိုအရှင်မြတ်အား မယုံမကြည် သွေဖည် ငြင်းပယ်ခြင်းသည် လည်းကောင်း၊ ရိုသေလေးစားအပ်သော (အလွှာဟ်အရှင် မြတ်၏) ဗလီ ကျောင်းတော်မှ (ဖူးမျော်ရန်လာသောသူများကို) တားဆီး ပိတ်ပင် ခြင်းသည်လည်းကောင်း၊ ထိုဗလီကျောင်းတော်၌ မှီတင်းနေထိုင် ကြသော သူတို့ကို ယင်းဗလီကျောင်းတော်မှ နှင်ထုတ်ခြင်းသည်လည်းကောင်း အလွှာဟ် အရှင် မြတ်၏ အထံတော်၌ သာလွန်၍ ကြီးလေးသော အပြစ်ပင် ဖြစ်ချေသည်။ ထိုနည်းတူစွာ (သာသနာရေး၌) ညှဉ်းပန်း နှိပ်စက်ကလူ ပြုခြင်းသည်လည်း (ထို)သတ်ဖြတ် ခြင်းထက်ပင် သာလွန်၍ ကြီးလေးသော အပြစ်ကြီးတစ်ရပ် ဖြစ်ပေသည်ဟု အသင်ဖြေကြားပါလေ။ (အို မုဟ်မင်န် အပေါင်းတို့) စင်စစ် တမူကား အကယ်၍ သာ ယင်း(ကာဖိရ်)တို့ တတ်စွမ်း နိုင်ကြပါမူ အသင်တို့ (သက်ဝင်ယုံကြည်လျက် ရှိသော 'အစ္စလာမ်')သာသနာ တော်ကို စွန့်လွှတ် ကြရန်အတွက် အစဉ်မပြတ် အသင်တို့နှင့် ပြိုင်ဆိုင် တိုက်ခိုက်နေကြ ကုန်လတ္တံ့။ ပြီးနောက် အသင်တို့ အနက် အကြင်သူ(တို့) သည် မိမိတို့ (သက်ဝင်ယုံကြည်သော 'အစ္စလာမ်') သာသနာတော်မှ ဖောက်ပြန် ၍ 'ကာဖိရ်' အဖြစ်နှင့် သေဆုံးကြအံ့။ ထိုသူတို့၏ အကျင့်သီလဟူသရွေ့ တို့သည် ဤ ပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်နှစ်ဌာနလုံး၌ပင် အချည်းနှီး အကျိုးမဲ့ ဖြစ်ကြ ချေ၏။ ဤသူများသည် ငရဲသားများဖြစ်ကြ၏။ ၎င်းတို့သည် ထိုငရဲတွင် အမြဲ ခံစား ကြရမည့်သူများပင်တည်း။" (၂း၂၁၇)

"ဧကန်မုချ အကြင်သူတို့သည် 'အီမာန်'ယုံကြည်ခြင်းသဒ္ဓါတရား ထားရှိကြ၏။ ထို့ပြင် အကြင်သူတို့သည် (မိမိတို့၏ နေရင်းဌာနများကိုပင်)စွန့်၍ ထွက်ခွာ သွားကြကုန်၏။ထို့ပြင်ယင်းသူတို့သည် 'ဂျိဟာဒ်'အလွှာဟ်အရှင်မြတ်၏လမ်း၌ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ကြကုန်၏။ ဤသူများသည်ပင် အလွှာဟ်

**အရှင်မြတ်၏ ကရုဏာတော်ကို မြော်လင့်တောင့်တကြကုန်သည်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အကြိမ်ကြိမ်အဖန်ဖန် ချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ အစဉ်မပြတ် သနားကြင်နာတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။" (၂း၂၁၈)**

## အတိုချုပ်ရှင်းလင်းချက်

အချို့သောသူများ၏ စိတ်သဘောထားများတွင် ဝန်ထုတ်ဝန်ပိုးဖြစ်စေနိုင်သော်လည်း အာယသ်တော် (၂၁၆)က ဂျိဟားဒ်၏ မပြုမနေရ သဘောသဘာဝကို ဖော်ပြထားပါသည်။ ဤကိစ္စ၌ အမှန်တရားသည် အလ္လာဟ်အရှင်မြတ်သာလျှင် အရာရာတိုင်း၏ အစစ်အမှန်ကို သိရှိတော်မူသည်။ မည်သည့်လူသားမျှ ထိုအသိဉာဏ်အပြည့်အစုံကို မပိုင်ဆိုင်နိုင်ပါ။ ထို့ကြောင့် မိမိစိတ်ဆန္ဒက စေ့ဆော်မှုဖြင့် ကိစ္စရပ်များအပေါ်၌ ကောင်းသည်ဆိုးသည်ကို မဆုံးဖြတ်သင့်ပါ။ အလ္လာဟ်အရှင်မြတ်၏ အမိန့်ကို နာခံကာ ထိုအမိန့်တော်အတိုင်း တစိုက်မတ်မတ်ပြုလုပ်ခြင်းသာ လျှင် အလွန်သင့်မြတ်သောလုပ်နည်းလုပ်ဟန်ပင်ဖြစ်တော့သည်။

အာယသ်တော်(၂၁၇)သည် ကုရိုက်မျိုးနွယ်စုမှ မယ္ခါကြည်သွေဖည်ငြင်းပယ်သူအချို့မေးမြန်းသောမေးခွန်းတစ်ခုဖြင့် စတင်ထားသည်။ ဆင့်ပြန်ချက်တစ်ခုအရ တမန်တော်မြတ်(ﷺ)သခင်၏ ဆွတာဗဟ်အချို့တို့သည် ခရီးစဉ်တစ်ခုတွင် မယ္ခါကြည်သွေဖည်ငြင်းပယ်သူများနှင့် အမှတ်မထင် ရင်ဆိုင်တွေ့ဆုံကြခဲ့သည်။ ထိုသို့ ရင်ဆိုင်စဉ်တွင် မယ္ခါကြည်သွေဖည်ငြင်းပယ်သူတစ်ဦး ဆွတာဗဟ်များလက်ချက်ဖြင့် အသတ်ခံရသည်။ ထိုသို့ ဖြစ်ပျက်ခဲ့သောနေ့သည် ရဂျဗ်လ၏ ပထမရက်တွင်ဖြစ်၍ ဆွတာဗဟ်သာဝကကြီးများ၏ တွက်ချက်မှုအရ ထိုနေ့သည် ဂျမဒိလ် အာခိရ်လ၏ (၃၀)ရက်နေ့ဖြစ်သည်။ ရဂျဗ်လသည် မြင့်မြတ်သောလများထဲမှ တစ်လဖြစ်သည်ကို သတိမူရပါမည်။ ထို့ကြောင့် မယ္ခါကြည်သွေဖည်ငြင်းပယ်သူများက မုစ်လင်မ်များကို မြင့်မြတ်သောလ၏ ထွတ်မြတ်ခြင်းကိုပင် အလေးထားဂုဏ်မပေးဟု ကဲ့ရဲ့သဖြင့်ဟစကားပြောကြားလေသည်။ မုစ်လင်မ်များသည် စိုးရိမ်ပူပန်၍ တမန်တော်မြတ်(ﷺ)သခင်ထံ ထိုကိစ္စနှင့်ပတ်သက်၍ မေးမြန်းလျှောက်ထားခဲ့ပါသည်။ အချို့သောဆင့်ပြန်ချက်အရအထက်တွင်ဖော်ပြထားသကဲ့သို့ အချို့သော မယ္ခါကြည်သွေဖည်ငြင်းပယ်သူများသည် ၎င်းတို့ကိုယ်တိုင် တမန်တော်မြတ်(ﷺ)သခင်ထံ လာရောက်ကာကန့်ကွက်သည့်အနေဖြင့် ဤမေးခွန်းကို မေးမြန်းခဲ့ပါသည်။

ပြန်လည်ဖြေကြားသည်မှာ မြင့်မြတ်သောလတွင် တိုက်ခိုက်ခြင်းမှာ အလွန်ဆိုးဝါးသော ကိစ္စဖြစ်သည်။ (သို့ရာတွင် မုစ်လင်မ်များသည် တမင်ရည်ရွယ်၍ ပြုလုပ်သည်မဟုတ်ချေ။ စင်စစ် ရက်စွဲမှတ်သားမှု မှားယွင်းခြင်းကြောင့် မတော်တဆပြုလုပ်မိခဲ့ခြင်းဖြစ်သည်။) ဆိုသော်လည်း မယ္ခါကြည်သွေဖည်ငြင်းပယ်သူများ ကျူးလွန်ခဲ့ခြင်းသည် ဤသည်ထက်ပင် ပို၍ဆိုးဝါးသောကိစ္စဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် မယ္ခါကြည်မှုကြောင့် မြင့်မြတ်သော ဗလီဝတ်ကျောင်းတော်ထဲတွင် ရုပ်ထုများထားရှိခြင်းနှင့် ထိုဗလီကျောင်းတော်မှ မုစ်လင်မ်များအား တားဆီး ပိတ်ပင်ခြင်းသည် စစ်ဖြစ်ခိုက်တွင် မယ္ခါကြည်သွေဖည်ငြင်းပယ်သူတစ်ဦးကို သတ်ဖြတ်ခြင်းထက်ပင် ပို၍ဆိုးဝါးသောကိစ္စဖြစ်သည်။

## အမိန့်ပညတ်များနှင့်ဆက်နွယ်သည့် သိမှတ်ဖွယ်ရာများ

(၁) ဂျိဟားဒ်ပြုလုပ်ခြင်းကို မပြုမနေရတာဝန်အဖြစ် ကြေညာသည့် အမိန့်ပညတ်ချက်သည် ဤအာယသ်သုံးခုမှ ပထမအာယသ်တွင် အောက်ပါအတိုင်း မိန့်ကြားထားသည်။ **كُتِبَ عَلَيْكُمُ الْقِتَالُ** 'အသင်တို့အပေါ် ဝယ် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းသည် ပြဋ္ဌာန်းပြီးဖြစ်ချေပြီ။' ဆိုလိုသည်မှ ဂျိဟားဒ်သည် အသင်တို့အပေါ်၌ မပြုမနေရ တာဝန်အဖြစ်သတ်မှတ်ထားသည်'ဟူ၍ဖြစ်သည်။ ဤစကားလုံးများက မုစ်လင်မ်တိုင်းအပေါ် မည်သည့် အခြေအနေတွင်မဆို ဖရသ့်မပြုမနေရတာဝန်ဖြစ်ကြောင်း မိန့်ကြားထားပုံပေါ်နေသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အချို့သောအာယသ်တော်များနှင့် တမန်တော်မြတ်(ﷺ)သခင်၏ အဆိုအမိန့်များက ဤကိစ္စရပ်သည် မုစ်လင်မ်တိုင်းအတွက် အကြွင်းမဲ့ ဖရသ့်အိုင်မဟုတ်ကြောင်း ရှင်းလင်းထားခဲ့ပါသည်။ စင်စစ်မှာ ဤကိစ္စရပ်သည် ဖရသ့်အလ်ကိဖာရသ်ဖြစ်ပါသည်။ မုစ်လင်မ်တစ်စုသည် ဤမပြုမနေရကိစ္စကို ဆောင်ရွက် ခဲ့ပါက ကျန်မုစ်လင်မ်များသည် ဤကိစ္စဆောင်ရွက်ရန် ကင်းလွတ်သည်ဟု ယူဆပါသည်။ သို့သော်လည်း မည်သည့် နိုင်ငံတွင်ဖြစ်စေ မည်သည့်အချိန်တွင်ဖြစ်စေ မပြုမနေရ ဂျိဟားဒ်တာဝန်ကိုဆောင်ရွက်ရန် မည်သည့်အုပ်စုကမျှ မဆောင်ရွက်ခဲ့လျှင် ရလဒ်ကား မုစ်လင်မ်အားလုံးသည် မပြုမနေရ တာဝန်တစ်ရပ်ကို စွန့်လွှတ်ခြင်းကြောင့် အပြစ်ဖြစ်ပါလိမ့်မည်။ ဟဒီးဆ်တော်တစ်ပုဒ်တွင် တမန်တော်မြတ်(ﷺ)သခင်မိန့်ကြားခဲ့သည်မှာ **الجهاد ماض إلى يوم القيامة** 'ကိယာမသ် ကမ္ဘာပျက်မည့်နေ့တိုင်အောင် ဂျိဟားဒ်မပြုမနေရတာဝန်ကျရောက်လာလျှင် ယင်းတာဝန်ထမ်းဆောင်ရန်အတွက် မုစ်လင်မ်တစ်စုသည် အဆင်သင့်ရှိနေရန်လိုအပ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တွင် မိန့်ကြားထားသည်မှာ

**فَضَّلَ اللّٰهُ الْمُجٰهِدِيْنَ بِاَمْوَالِهِمْ وَاَنْفُسِهِمْ عَلَى الْقٰعِدِيْنَ دَرَجَةً ؕ وَكُلًّا وَّعَدَ اللّٰهُ الْحُسْنٰى ؕ**

**'အလ္လာဟ်အရှင်မြတ်သည် မိမိတို့၏ အသက်စည်းစိမ်တို့ဖြင့် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြကုန်သော သူတို့အား (မိမိတို့ အိမ်တွင်းဝယ်) ထိုင်၍နေကြကုန်သောသူတို့ထက် ဂုဏ်ရည်အဆင့်အတန်းအားဖြင့် မြင့်မြတ်စေတော်မူခဲ့လေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် (ထိုင်၍နေသူများနှင့် စစ်မက်ပြိုင်ဆိုင် တိုက်ခိုက်သူများ)အားလုံးတို့ကို ကောင်းကျိုးပေးသနားတော်မူမည်ဟု ပဋိညာဉ် ထားရှိတော်မူပြီးဖြစ်၏။" (၄း၉၅)**

ဤတွင် ဘာသာရေးဆိုင်ရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်နေသောကြောင့်ဖြစ်စေ၊ မဖြစ်မနေခွင့်ပြုချက်ကြောင့်ဖြစ်စေ ဂျိဟားဒ်စစ်ပွဲတွင် မပါဝင်မဆင်နွှဲနိုင်သူများအတွက်လည်း ကောင်းချီးပေးသနားတော်မူမည်ဟူသော ပဋိညာဉ်သည် သက်ဆိုင်ပါသည်။ ဂျိဟားဒ်စစ်ပွဲဆင်နွှဲခြင်းကို မုစ်လင်မ်တိုင်းအပေါ် အကြွင်းမဲ့ မပြုမနေရ တာဝန်ဟု သတ်မှတ်ခဲ့လျှင် စစ်ပွဲတွင် မပါဝင်နိုင်သူများအတွက် ကောင်းချီးမင်္ဂလာပေးမည်ဟူသော ပဋိညာဉ်ကို ပြုလုပ် ခဲ့မည်မဟုတ်ချေ။ အလားတူပင် အခြားအာယသ်တော်၌လည်း မိန့်ကြားထားသည်မှာ -

**فَلَوْلَا نَفَرَ مِنْ كُلِّ فِرْقَةٍ مِّنْهُمْ طَآئِفَةٌ لِّيَتَفَقَّهُوْا فِى الدِّيْنِ**

**‘သို့ဖြစ်ပေရာ ၎င်းတို့အနက် အုပ်စုတိုင်းမှ လူတစ်စုသည်သာလျှင် (စစ်တလင်းသို့ အဘယ့်ကြောင့် မထွက်သနည်း) ထွက်ကြရပေမည်။ သို့မှသာလျှင် (ကျန်လူတို့မှာ) ‘ဒီန်’သာသနာနှင့်စပ်လျဉ်း၍ (အသိပညာများကို) သင်ယူဆည်းပူးနိုင်ကြပေမည်။” (၉း၁၂၂)**

ဤနေရာမှာ ကုရ်အာန်ကျမ်းတော်မြတ်ကပင် အလုပ်တာဝန်များကို ခွဲဝေထမ်းဆောင်စေရန် အကြံပြုထားပါသည်။ မုစ်လင်မ်အချို့တို့သည် ဂျိဟားဒ် စစ်ပွဲသို့သွားသကဲ့သို့ အချို့တို့သည် ဒီန်သာသနာနှင့်စပ်လျဉ်း၍ (အသိပညာများကို) သင်ယူ ဆည်းပူးနိုင်ရန် လုပ်ဆောင်နေရမည်။ ဤသို့ဖြစ်နိုင်ရန်မှာ ဂျိဟားဒ်သည် ဖရသ့်အိုင်မဟုတ်ဘဲ ဖရသ့်ကိဖယဟ်ဖြစ်မှသာ လုပ်ဆောင်နိုင်မည်။

အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းပါ ဟဒီးဆ်တော်တစ်ပုဒ်အရ လူတစ်ဦးသည် ဂျိဟားဒ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခွင့်ပြုရန် တမန်တော်မြတ်(ﷺ)သခင်ထံ လျှောက်ထားတောင်းခံခဲ့သည်။ တမန်တော်မြတ်က ၎င်းအား မေးမြန်းခဲ့သည်မှာ ‘သင်၏မိဘများ သက်ရှိထင်ရှားရှိပါသေးသလား? ထိုသူက ဖြေကြားသည်မှာ ဟုတ်ကဲ့ သူတို့သက်ရှိထင်ရှားရှိပါသည်။ ထိုအခါ တမန်တော်မြတ်က မိန့်ကြားသည်မှာ ‘ဒါဖြစ်ရင် သင်သွားတော့ သင်၏ မိဘများကို အလုပ်အကျွေးပြုခြင်းဖြင့် ဂျိဟားဒ်၏ ဆုလာဘ်ကိုရယူပါ’ဟူ၍ဖြစ်သည်။ ဤသည်မှာလည်း ဂျိဟားဒ်သည် ဖရသ့်ကိဖာယဟ်ဖြစ်ကြောင်း ပြသနေပါသည်။ မုစ်လင်မ်များထဲမှ အုပ်စုတစ်စုသည် မပြုမနေရ ဂျိဟားဒ်တာဝန်ကို လေးလေးစားစားဆင်နွှဲနေချိန်တွင် ကျန်ရှိသောမုစ်လင်မ်များသည် အခြားတာဝန်များနှင့် လုပ်ငန်းဆောင်တာ များတွင် လုပ်ကိုင်ဆောင်ရွက်နေနိုင်ပါသည်။ သို့သော်လည်း အချိန်တစ်ချိန်၌ မုစ်လင်မ်များ၏ ခေါင်းဆောင်ကဖြစ်စေ၊ အိမာမ်ကဖြစ်စေ လိုအပ်ချက်ကြောင့် မုစ်လင်မ်ထုအား ဂျိဟားဒ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲရန် အားလုံးကို ဖိတ်ခေါ်လာပါလျှင်ထို့ဂျိဟားဒ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခြင်းသည် လူတိုင်းလူတိုင်းအပေါ်၌ အကြွင်းမဲ့ မပြုမနေရ တာဝန်တစ်ရပ် ဖြစ်သွားပါသည်။ (ဖရသ့်အိုင်နှ်ဖြစ်သွားပါသည်။) စူရဟ် အလ်သောင်ဗဟ်တွင် မိန့်ကြားထားသည်မှာ -

يَاأَيُّهَا الَّذِينَ آمَنُوا مَا لَكُمْ إِذَا قِيلَ لَكُمُ انْفِرُوا فِي سَبِيلِ اللَّهِ اثَّاقَلْتُمْ

**“အို မုအ်မန် သက်ဝင်ယုံကြည်သူအပေါင်းတို့ အသင်တို့သည် မိမိတို့အား အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်) ထွက်ကြလေကုန်ဟု ပြောဆို သောအခါ အသင်တို့သည် မည်သည့်အတွက်ကြောင့် မြေကြီးဘက်သို့ လေးလံစွာ ထိုင်နေကြကုန်သနည်း။ (ဝါ) လေးလံသွားကြသနည်း။” (၉း၃၈)**

ဤအာယသ်တော်ထဲတွင် အထက်ဖော်ပြပါဂျိဟာဒ်နှင့်ပတ်သက်သည့်အားလုံးကို ဖိတ်ခေါ်ခြင်းနှင့် သက်ဆိုင်သော အမိန့်ပညတ်ချက်ပါဝင်သည်။ ဤနည်းအတိုင်း အကယ်၍ မယုံကြည်သွေဖည်ငြင်းပယ်သူများသည် အစွမ်းနိုင်စံတစ်ခုကို သိမ်းပိုက်လာပါက (အလ္လာဟ်အရှင်မြတ် ထိုအဖြစ်မျိုးမှ ကာကွယ်စောင့်ရှောက်တော် မူပါစေ။) ခုခံကာကွယ်ရေးတွင်ပါဝင်သောသူများသည် ချိနဲ့၍သော်လည်းကောင်း၊ အရည်အတွက်နည်းပါး၍

သော်လည်းကောင်း အပြည့်အဝ မကာကွယ်နိုင်လျှင် ဤမပြုမနေရတာဝန်သည် အနီးအနားရှိ မုစ်လင်မ်များအား ခုခံကာကွယ်နေသူများနှင့်အတူ သာတူညီမျှ မပြုမနေရတာဝန်အဖြစ် တင်ရှိလာပါသည်။ ထိုအုပ်စုသည်လည်း ယခင် ပထမအုပ်စုကဲ့သို့ အပြည့်အဝ မစွမ်းဆောင်နိုင်လျှင်ဖြစ်စေ၊ အင်အားချိန်ခွဲလျှင်ဖြစ်စေ ၎င်းတို့နှင့် နီးကပ်သော မုစ်လင်မ် များထဲ ယင်းမပြုမနေရတာဝန် ကျရောက်လာပါလိမ့် မည်။ ထိုအခြေအနေမျိုးသည် ကမ္ဘာတစ်ဝန်းလုံးတွင်ရှိ မုစ်လင်မ်တစ်ဦးစီတိုင်းအပေါ်၌ ဂျီဟားဒ်တာဝန်သည် အကြွင်းမဲ့ မပြုမနေရ တာဝန်အဖြစ် ရောက်ရှိသွားပါလိမ့် မည်။ကုရ်အာန်ကျမ်းတော်မြတ်ပါ ဤအာယသ်တော်များ၏ အလိုသဘောအရ မုစ်လင်မ်ဓမ္မသတ်ပညာရှင်အများစုနှင့် ဟဒီးဆ်ပညာရှင်များက ဥပဒေတစ်ရပ် ပြုလုပ်ခဲ့သည်မှာ ဂျီဟားဒ်သည် သာမန်အခြေအနေများတွင်သာလျှင် ဖရသ့ကိဖာယဟ်ဖြစ်သည်ဟူ၍ဖြစ်သည်။

(၂) ထို့ကြောင့် ဂျီဟားဒ်သည် ဖရသ့ကိဖာယဟ်ဖြစ်နေစဉ်အတွင်း သားသမီးများသည် မိဘ၏ ခွင့်ပြုချက် မပါဘဲ ဂျီဟားဒ်တွင် ပါဝင်ဆင်နွှဲခွင့်မရှိပါ။

(၃) ဂျီဟားဒ်သည် ဖရသ့ကိဖာယဟ်ဖြစ်နေစဉ်အတွင်း ကြွေးမြီတင်ရှိနေသူတစ်ဦးသည် ကြွေးမြီမကင်းရှင်း သေးသမျှ ဂျီဟားဒ်တွင် ပါဝင်ဆင်နွှဲခြင်းသည် မမှန်ကန်ချေ။ သို့သော်လည်း ဂျီဟားဒ်အတွက် အားလုံးကို ဆင့်ခေါ်သည့်အချိန်မျိုးတွင်ဖြစ်စေ၊ မယုံကြည်သွေဖည်ငြင်းပယ်သူများက မုစ်လင်မ်များကို ပြင်းပြင်း ထန်ထန် ဝိုင်းဝန်းပိတ်ဆို့မှုကြောင့်ဖြစ်စေဂျီဟားဒ်သည်အကြွင်းမဲ့မပြုမနေရဖရာသ့အိုင်ဖြစ်သွားသောအခြေအနေမျိုးတွင် မိဘထံမှဖြစ်စေ၊လင်ယောကျ်ားထံမှဖြစ်စေ၊ မြီရှင်ထံမှဖြစ်စေ ခွင့်ပြုချက်ယူရန်မလိုအပ်တော့ချေ။ ဤအာယသ်တော်ဆုံးကာနီးတွင် ဖျောင်းဖျသည့်အသွင်ဖြင့် ဂျီဟားဒ်သည် ဝန်လေးဖွယ်ရာရှိသည်ဟု ဖော်ပြ ထားသည်။ သို့ရာတွင် လူသား၏ အသိဉာဏ်နှင့် ကြိုးပမ်းမှုများသည်ရလဒ်နှင့်ပတ်သက်လျှင် တော်တော်များများ လွဲမှားတတ်သည်ကိုသတိပြုရပေမည်။ အလွန်အသိဉာဏ်ကြွယ်သော လူများဝန်းကျင်ရှိသူသည် အကျိုးအမြတ် ရှိသည်ဟု ယူဆထားခဲ့သော်လည်း အကျိုးဆက်ပြောင်းပြန်ဖြစ်တတ်သည်မှာကား အံ့သြစရာမရှိချေ။ အကယ်၍ တစ်စုံတစ်ဦးသည် သူ (သို့) သူမ၏ဘဝကို ပြန်ကြည့်ခဲ့သော် ၎င်းတို့အကျိုးရှိမည်ဟု ယူဆ၍ပြုလုပ်ခဲ့သော်လည်း အဆုံးတွင် အကျိုးမဲ့၍ အန္တရာယ်ဖြစ်ခဲ့သည်ကို တွေ့ရပါလိမ့်မည်။ သို့မဟုတ် ၎င်းတို့အတွက် အန္တရာယ်ရှိသည် ဟုယူဆ၍ ရှောင်ကြဉ် ခဲ့သောကိစ္စရပ်သည် နောင်တွင် အလွန်အကျိုးအမြတ်ဖြစ်ထွန်းနေသည်ကို တွေ့ရပါလိမ့်မည်။ လူသားတို့၏ ဆင်ခြင်တုံတရားနှင့်စီမံကိန်းတို့ မကြာခဏ ဆုံးရှုံးရခြင်း၏ ဖြစ်ရပ်သည် တွေ့ကြုံဖန်များသည့် ကိစ္စရပ်တစ်ခုဖြစ်သည်။ ထို့ကြောင့်အလ္လာဟ်လမ်းတော်တွင် စစ်ခင်းခြင်းသည်အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးခြင်း အဖြစ် ထင်ရှားစွာပေါ်လွင်နေသော်လည်း တစ်ချိန်တွင် အစစ်အမှန်များပေါ်ထွက်လာပြီး ဤဆုံးရှုံးမှုသည်ဆုံးရှုံးမှုမဟုတ်ဘဲအဆုံးစွန် တိုးပွားခြင်းနှင့်အမြဲတစေ ငြိမ်းချမ်းသာယာခြင်းအဖြစ် တွေ့မြင် ရပါလိမ့်မည်။

## မြင့်မြတ်သော 'လ'များတွင် စစ်ခင်းခြင်းပတ်သက်သော အမိန့်ပညတ်ချက်

ဤအာယသ်(၃)ခုထဲမှ ဒုတိယမြောက်အာယသ်တော်တွင် မြင့်မြတ်သောလ (၄)လဖြစ်သည့် ရဂျဗ်၊ ဇုလ်ကအ်ဒါဟ်၊ ဇုလ်ဟိဂ္ဂျာဟ်နှင့် မုဟရာမ်လများတွင် စစ်တိုက်ခြင်းကို တားမြစ်ထားသည်။ ထိုနည်းတူ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များတွင် မြင့်မြတ်သော 'လ'များတွင် စစ်ခင်းခြင်းအား ရှင်းလင်းစွာ

တားမြစ်ထားသည်။ ပမာအားဖြင့် ' مِنْهَآ أَرْبَعَةٌ حُرُمٌ ذَٰلِكَ الدِّينُ الْقَيِّمُ ' **'၎င်း (ဆယ့်နှစ်လ)အနက်မှ လေးလသည် ထူးမြတ်သောလများပင်ဖြစ်ကြပေသည်။ ဤသည် ဖြောင့်မတ်မှန်ကန်သော ဒီန်သဿနာတော်က (ညွှန်ကြားပြသ သောလမ်းစဉ်)ပင်ဖြစ်လေသည်။ (၉း၃၆)** တဖန် နောက်ဆုံးဟဂ်ျ၏ ထင်ရှားသောမိန့်ခွန်းတော်ထဲတွင် တမန်တော်မြတ် (ﷺ)သခင် မိန့်ကြားခဲ့သည်မှာ **منها أربعة حرم ثلاث متوالیات ورجب مضر** 'ဆယ့်နှစ်လထဲမှ လေးလသည် ထူးမြတ်သောလများဖြစ်ကြသည်။ ယင်း'လ'လေးလအနက် (၃)လသည် ဆက်တိုက်ဖြစ်ပြီး စတုတ္ထလမှာ ရဂျဗ်လ ဖြစ်သည်။ ဤကုရ်အန်အာယသ်တော်များနှင့် ဟဒီးဆ်ဆင့်ပြန်ချက်များက သက်သေပြနေသည်မှာ အထက်ဖော်ပြပါ မြင့်မြတ်သော လ(၄)လတွင် တိုက်ခိုက်ခြင်း'ဟရာမ်'ဖြစ်ပြီး ဤတားမြစ်ချက်သည် အမြဲတမ်းအတည်ဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ အစောပိုင်းက ကုရ်အာန်ကျမ်းတော်မြတ်အဖွင့်ဋ္ဌကာရှင် အသွာအိဗ်နိအဗီရဗာဟ်က ကျိမ်ဆို၍ကြေငြာ ခဲ့သည်မှ ဤအမိန့်ပညတ်ချက်သည် အမြဲတမ်းတည်ရှိနေရပါမည်ဟူ၍ဖြစ်သည်။

ထင်ရှားသော သာဗီအီန်များနှင့် အခြားသောပုဂ္ဂိုလ်များက ဤအမိန့်ပညတ်ချက်သည် ပယ်ဖျက်ခြင်း မရှိခဲ့ဟု ခိုင်ခိုင်လုံလုံ မှတ်ယူထားခဲ့သည်။ သို့သော်လည်း အလ်ဂျဆ်ဆွားဆ်၏ ဖော်ပြချက်အရ မုစ်လင်မ် ဓမ္မသတ်ပညာရှင်များ၏ စီရင်ထုံးအရဆိုလျှင် ဤအမိန့်ပညတ်ချက်သည် ပယ်ဖျက်သည့် အမိန့်ပညတ်ချက်များတွင် တစ်ခုအပါအဝင်ဖြစ်ပြီး မည်သည့်လတွင်မျှ စစ်ခင်းခြင်းကို တားမြစ်ခြင်းမရှိဟု မှတ်ယူကြသည်။

ဤအမိန့်ပညတ်ချက်ကို ကုရ်အာန်ကျမ်းတော်မြတ်၏ မည်သည့်အာယသ်တော်က ပယ်ဖျက်ခဲ့ကြောင်း မေးခွန်းပေါ်ပေါက်ခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ ဓမ္မသတ်ပညာရှင်များကြားတွင် ကွဲလွဲမှုများရှိကြသည်။ အချို့က ပြောကြားသည်မှာ **قَاتِلُوا الْمُشْرِكِينَ كَافَّةً ၎င်းပြင် အသင်တို့သည် မုရှ်ရစ်က် အားလုံးတို့ကို ၎င်းတို့သည် အသင်တို့အားလုံးတို့အား တိုက်ခိုက်ကြသကဲ့သို့ပင် တိုက်ခိုက်ကြလေကုန်' (၉း၃၆)** ဟူသော အာယသ်နှင့် ပယ်ဖျက်ရုပ်သိမ်းခဲ့သည်ဟုဆိုသည်။ ပညာရှင်အများကမူ-
**فَاقْتُلُوا الْمُشْرِكِينَ حَيْثُ وَجَدْتُمُوهُمْ 'အသင်တို့သည် (ပဋိညာဉ်ကို ချိုးဖောက်ခဲ့ကြသော) မုရှ်ရစ်က်တို့အား အသင်တို့တွေ့လေရာနေရာများတွင် (သတ်ဖြတ်ကြလေကုန် (၉း၅)'** ဟူသော အာယသ်တော်ဖြင့် ပယ်ဖျက်ရုပ်သိမ်းခဲ့သည်ဟု ယူဆကြသည်။ အာယသ် တော်ထဲတွင်ပါသော အချိန်မရွေးဟု အဓိပ္ပာယ်ရသည့် **حَيْثُ** ဟူသော စကားလုံးကိုယူ၍ မယုံကြည်သွေဖည် ငြင်းပယ်သူများကို မည်သည့်လတွင်ဖြစ်စေ မည်သည့်နေရာတွင်ဖြစ်စေ တွေ့ရှိပါက သတ်သင့်သည်ဟု အဓိပ္ပာယ် ကောက်ယူကြသည်။ အချို့ကပြောကြားသည်မှာ ဤအမိန့်ပညတ်ချက်ကပင် ပယ်ဖျက်ရုပ်သိမ်းခြင်းဖြစ်သည်ဟုဆိုကြသည်။ တမန်တော်မြတ်(ﷺ)သခင်၏ ပြုမူဆောင်ရွက်ချက်ကပင် ပယ်ဖျက်ရုပ်သိမ်းခြင်းဖြစ်သည်ဟု ဆိုကြသည်။ တမန်တော်မြတ်(ﷺ)သခင်သည် ကိုယ်တော်တိုင် သွာအစ်ဖ်မြို့ကို ဤမြင့်မြတ်သောကာလများအတွင်း ဝန်းရံပိတ်ဆို့ခဲ့ပါသည်။ ထို့ပြင် ဤမြင့်မြတ်သောလများထဲတွင် တမန်တော်မြတ်(ﷺ)သခင်သည် ဆွဟာဗဟ်သာဝကကြီး အဗိရ်အလ်အဆွဟရီအား အောင်သားစ်မြို့ကို စစ်တိုက်ရန်စေလွှတ်ခဲ့ပါသည်။ ဤအကြောင်းအရာများကြောင့် ဓမ္မသတ်ပညာရှင်အများက ဤအမိန့်ပညတ်ချက်သည် ပယ်ဖျက်ရုပ်သိမ်းပြီးဖြစ်သည်ဟု ယူဆခဲ့ကြသည်။ အလ်ဂျာဆွဲဆွားဆွဲက ထိုကိစ္စနှင့်ပတ်သက်၍ **وهو قول فقهاء الأمصار** 'ဤပယ်ဖျက်ရုပ်သိမ်းခြင်းသည် ဓမ္မသတ်ပညာရှင်အများစု၏ အပြောသာဖြစ်သည်'ဟုဆိုသည်။

ရူဟုလ်မအာနီကျမ်းသည် အာယသ်တော်အပေါ် မှတ်ချက်ပြုရာတွင်လည်းကောင်း၊ အလ်ဗိုင်ဒါဝီကျမ်းသည် စူရာဟ် အလ်ဗရာအဟ်၏ ပထမအခန်းကို ရှင်းလင်းချက်ပေးရာ၌လည်းကောင်း ဆင့်ပြန်ထားခဲ့သည်မှာ မြင့်မြတ်သောလများတွင် စစ်မက်တိုက်ခိုက်ခြင်းတားမြစ်ပိတ်ပင်ချက်ကို ပယ်ဖျက်ရုပ်သိမ်းကြောင်း အုမ္မသ်ထု၏ တညီတညွတ်တည်းသောသဘောအရ (အများညီ)ဖြစ်သည်ဟု တင်ပြထားသည်။ (ဗယာနွလ်ကုရ်အာန်) သို့သော်လည်း သပ်စိရ်မဇ်ဟရီကျမ်းက ဤခြင်းခုံချက်များကို အာယသုလ်စိုက်ဖ်ဟု အမည်တွင် သော အာယသ်ထဲတွင် လမြတ်များ၏ ထွတ်မြတ်ချက်ကို ရှင်းလင်းစွာ တင်ပြထားချက်အရ ဖြေကြားထားသည်။ ယင်းမှာ -

**اِنَّ عِدَّةَ الشُّهُوْرِ عِنْدَ اللّٰهِ اثْنَا عَشَرَ شَهْرًا فِيْ كِتٰبِ اللّٰهِ يَوْمَ خَلَقَ السَّمٰوٰتِ**

**وَالْاَرْضَ مِنْهَآ اَرْبَعَةٌ حُرُمٌ**

**"ကောန်စင်စစ်လများ၏ အရေအတွက်သည် အလ္လာဟ်အရှင်မြတ်၏ အထံတော်တွင် အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်၌ လာရှိသည့်အတိုင်း မိုးကောင်းကင်များနှင့် ပထဝီ မြေကို ထိုအရှင်မြတ်ဖန်ဆင်းသည့်နေ့မှစ၍ ဆယ့်နှစ်လမျှသာဖြစ်ချေသည်။ ၎င်း (ဆယ့်နှစ်လ) အနက်မှ လေးလသည် ထူးမြတ်သောလများပင်ဖြစ်ကြသည်။' (၉း၃၆)**

စစ်မက်တိုက်ခိုက်ခြင်းနှင့်ပတ်သက်သော အာယသ်တော်တွင် ဤအာယသ်တော်သည် နောက်ဆုံးကျရောက်ခဲ့သော အာယသ်ဖြစ်သည်။ နောက်ဆုံး ဟဂ်ျမိန့်ခွန်းတော်သည် တမန်တော်မြတ်(ﷺ)မကွယ်လွန်မီ ရက်ပေါင်းရှစ်ဆယ်က မိန့်ကြားခဲ့သော မိန့်ခွန်းဖြစ်သည်။ အထက်ပါ အကြောင်းအရာတို့က လမြတ်များ၏ ထွတ်မြတ်မှုကို ရှင်းလင်းစွာဖော်ပြထားခဲ့သည်။ ထိုအကြောင်းတို့ကြောင့် အထက်တွင်ကိုးကားခဲ့သော အာယသ်များသည် ဤအမိန့်ပညတ်ချက်ကို ပယ်ဖျက်ရုပ်သိမ်းသော အာယသ်များဖြစ်သည်ဟု မှတ်ယူ၍မရချေ။ ထို့ပြင် သွာအီဖ်မြို့ကို ဝန်းရံပိတ်ဆို့သောလသည်လည်း ဇုလ်ကအ်ဒါဟ်လမဟုတ်ချေ။ ရှောင်ဝလ်လတွင်ပြုလုပ်ခြင်းဖြစ်ကာ ယင်းလုပ်ရပ်ကြောင့် အမိန့်ပညတ်ကို ပယ်ဖျက်ရုပ်သိမ်းသည်ဟု မယူဆနိုင်ချေ။ သို့သော်လည်း ယခုကိုးကားခဲ့သော အာယသ်တော်များက ရောင်ပြန်ဟပ်နေသည်မှာ ထွတ်မြတ်သောလများတွင် စစ်မက်တိုက်ခိုက်ခြင်းကို အကြွင်းမဲ့တားမြစ်ထားသည်ဟုပြောနိုင်သော်လည်း ခွင်းချက်တစ်ခုကားရှိလေသည်။ ယင်းခွင်းချက်ကား ဤမြင့်မြတ်သောလများတွင် မုစ်လင်မ်များသည် မိမိကိုယ်မိမိ ခုခံကာကွယ်ရန်အတွက်သော်လည်းကောင်း၊ မယုံကြည် သွေဖည်ငြင်းပယ်သူများ၏ စတင်ကျူးကျော်တိုက်ခိုက်မှုကို ပြန်လည်တိုက်ခိုက်တုံ့ပြန်ခြင်းကိုသော်လည်းကောင်း ပြုပိုင်ခွင့်ရှိလေသည်။ ဤမျှဆိုလျှင် ပယ်ဖျက်ရုပ်သိမ်းသွားနိုင်ဟု အဓိပ္ပာယ်ယူနိုင်သည်။ ယင်းအတွက် ရှင်းလင်းချက်မှာ အောက်ပါအာယသ်တော်တွင် တွေ့ရသည်။ **اَلشَّهْرُ الْحَرَامُ بِالشَّهْرِ الْحَرَامِ 'ထွတ်မြတ်သောလသည် ထွတ်မြတ်သောလပင်တည်း။' (၂း၁၉၄)**

ဆွေးနွေးချက်၏အချုပ်မှာ ဤလများတွင် စစ်မက်စတင်တိုက်ခိုက်ခြင်းကို အမြဲတမ်း တားမြစ်ပိတ်ပင်ထားသည်။ သို့သော်လည်း မယုံကြည်သွေဖည်ငြင်းပယ်သူများက မုစ်လင်မ်များအပေါ် တိုက်ခိုက်မှုပြုလုပ်ပါက မိမိကိုယ်မိမိ ခုခံကာကွယ်သည့်အနေဖြင့် တိုက်ခိုက်ပိုင်ခွင့်ရှိသည်။ ဆွဟာဗဟ်သာဝကကြီး ဂျာဗိရ်အိဗ်နဲ

အဗ်ဒုလ္လာဟ်၏ ဆင့်ပြန်ချက်ကို အလ်ဂျဆ်ွဆ်ွားဆ်ွတွင် တင်ပြထားသည်မှာ တမန်တော်မြတ်(ﷺ)သခင်သည် ထွတ်မြတ်သောလများ၏ မည်သည့်လတွင်မှ စစ်မက်တိုက်ခိုက်ခြင်းမပြုလုပ်ပါ။ သို့ရာတွင် မယုံကြည်သွေဖည်ငြင်းပယ်သူများက စတင်တိုက်ခိုက်လာခဲ့လျှင် ပြန်လည်တိုက်ခိုက်ပါသည်။

## အယူဝါဒ စွန့်ပယ်သွားခြင်း၏ မကောင်းသောအကျိုးဆက်များ

အာယသ်တော်(၂၁၇)ဆုံးကာနီးတွင် မုစ်လင်မ်တစ်ဦးဖြစ်ပြီးမှ အယူဝါဒစွန့်ပယ်ခြင်းကို ဤအာယသ်တော်အရ ကျင့်သုံးရမည်ဟု မိန့်ကြားထားသည်။ ယင်းမှာ' **حَبِطَتْ أَعْمَالُهُمْ فِي الدُّنْيَا وَالْآخِرَةِ** 'ထိုသူတို့၏ အကျင့်သီလဟူသရွေ့တို့သည် ဤပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝ နှစ်ဌာနလုံး၌ပင် အချည်းနှီးအကျိုးမဲ့ဖြစ်ကြချေ၏' ဖြစ်သည်။

ဤတွင် အယူဝါဒ စွန့်ပယ်သွားသူတို့နှင့်သက်ဆိုင်သော အချို့သောပညတ်ချက်များမှာ -

(၁) အကျင့်သီလများ ဤကမ္ဘာတွင် အချည်းအနှီးဖြစ်ခြင်း၏ ဥပမာများမှာ -

(က) အယူဝါဒစွန့်ပယ်သွားလျှင် ၎င်းနှင့် လက်ထပ်ထိမ်းမြားထားသော ဇနီးသည်မှာ ထိမ်းမြားမှုပျက်ပြယ်သွားသည်။

(ခ) အယူဝါဒ စွန့်ပယ်သွားသောသူ၏ ဆွေမျိုးသားချင်းတစ်ဦး မုစ်လင်မ်အဖြစ်နှင့် ကွယ်လွန်သေဆုံးလျှင် ထိုသေဆုံးသူ၏ အမွေကိုခံစားပိုင်ခွင့်မရှိချေ။

(ဂ) အယူဝါဒစွန့်သူ မုစ်လင်မ်အဖြစ်က ပြုလုပ်ခဲ့သော ဆွလာသ်ဝတ်ပြုကိုးကွယ်ခြင်းနှင့် ဥပုသ်သီလဆောက်တည်ခြင်းစသည်တို့သည် အချည်းနှီးအကျိုးမဲ့ဖြစ်သွားသည်။

(ဃ) ထိုကဲ့သို့ အယူဝါဒစွန့်သူအတွက် ဂျနဇာ ဆွလာသ်ဝတ်ပြုပေးပိုင်ခွင့်မရှိ။ ၎င်းသူ/သူမကို မုစ်လင်မ်အတွက် ရည်စူးထားသော သုသာန်တွင် မြှုပ်နှံသင်္ဂြိုဟ်ခွင့်မရှိချေ။

(င) 'အကျင့်သီလဟူသရွေ့တို့သည် နောင်တမလွန်ဘဝတွင် အချည်းအနှီးအကျိုးမဲ့ဖြစ်ချေ၏။' ဆိုသည်မှာ ၎င်း၏ ခဝတ်ကိုးကွယ်မှုစသော ကောင်းမှုလုပ်ရပ်များသည် ဆုလာဘ်တစ်စုံတစ်ရာမရရှိဘဲ ဂရဲမီးတွင် အစဉ်အမြဲ ကျရောက်ပေလိမ့်မည်။

(၂) အကယ်၍ အယူဝါဒစွန့်ပယ်သူတစ်ဦးသည် တဖန် မုစ်လင်မ်ဖြစ်လာလျှင် နောင်တမလွန်ဘဝ၌ ဂရဲမီးဘေးမှ ကယ်တင်ခံရမည်ဟု မက်ထားနိုင်သည်။ ဤဘဝတွင် နေထိုင်စဉ်ဘဝတလျှောက်လုံး သူ့အတွက် အစွမ်းလာမ့်အမိန့်ပညတ်ချက်များအတိုင်း လိုက်နာရပေမည်။ သို့သော်လည်း ဓမ္မသတ်ပညာရှင်များအကြား ကွဲလွဲသော ထင်မြင်ယူဆချက်များရှိခဲ့သည်မှာ ဟဂျ်ပြုလုပ်ပြီးနောက် အယူဝါဒစွန့်ကာ ပြီးနောက် မုစ်လင်မ်ပြန်ဖြစ်လာလျှင် သူတတ်နိုင်စွမ်းက ဟဂျ်ပြန်လည်ပြုလုပ်ရမည်လော၊ မပြုရလော။ အလားတူပင် တမလွန်ဘဝ၌ ယခင်က ပြုလုပ်ခဲ့သော ဆွလာသ်ဝတ်ပြုမှုများ ဥပုသ်သီလဆောက်တည်ခဲ့သည်များ ပြန်လည်အကျိုးသက်ရောက်ပါ၏လော။ မသက်ရောက်ပါသလော။ အိမာမ်အဗူဟနီဖတ်က မိန့်ကြားသည်မှာ ဟဂျ်ပြန်လည်ပြုလုပ်ရန်မှာ ထိုသူ့အတွက် မပြုမနေရတာဝန်ဖြစ်သည်။ ၎င်း၏ ယခင်ကပြုလုပ်ခဲ့သော ဝတ်ပြုကိုးကွယ်မှုနှင့် ဥပုသ်သီလဆောက်တည်ခြင်း

များအတွက် အကျိုးသက်ရောက်မှုရှိခြင်းကိုမူ သဘောမတူချေ။ အိမာမ်ရှာဖေအီကမူ ထိုကိစ္စနှစ်ရပ်စလုံးတွင် ကွဲလွဲမှုရှိသည်။

(၃) ကနဦးက မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦးအတွက် ၎င်းသူမယုံကြည်စဉ်က ပြုကျင့်ခဲ့သော ကောင်းမှုများ၏ ဆုလာဘ်အခြေအနေမှာကား ဆိုင်းငံ့ထားသောအခြေအနေမှာပင်ရှိသည်။ အကယ်၍ ၎င်းသူ အစ္စလာမ်ဘာသာသို့ သက်ဝင်ယုံကြည်လာလျှင်မူ ထိုကောင်းမှုများအတွက် ထိုက်တန်သည့်ဆုလာဘ်ရရှိပါလိမ့်မည်။ သို့သော် မယုံကြည်သွေဖည်သူအဖြစ် သေဆုံးခဲ့ပါမူ မည်သည့်ဆုလာဘ်မျှရလိမ့်မည်မဟုတ်ချေ။ ဟဒီးဆ်တော်တွင် မိန့်ကြားထားသည်မှာ **أسلمت على ما أسلفت من خير** 'အသင်သည် ကနဦးတွင် ကောင်းမှုလုပ်ရပ်များနှင့်တကွ အစ္စလာမ်သာသနာတော်ထဲသို့ဝင်ခဲ့သည်ဆိုသည်မှာလည်း အထက်ပါအတိုင်းပင်ဖြစ်သည်။

(၄) အချုပ်မှာ အယူဝါဒစွန့်ပယ်သူတစ်ဦး၏ ကံကြမ္မာသည် မူလကတည်းက မယုံကြည်သွေဖည် ငြင်းပယ်သူထက် ပိုမိုဆိုးဝါးလေသည်။ ထို့ကြောင့် နဂိုမူလ မယုံကြည်သွေဖည်ငြင်းပယ်သူတစ်ဦးထံမှ ဂျိဇ်ယဟ် (အခွန်) ကောက်ခံနိုင်သော်လည်း အစ္စလာမ်သာသနာမှစွန့်ပယ်သူယောကျ်ားတစ်ဦးအားမူ သတ်ပစ်ရမည်။ အကယ်၍ အယူဝါဒစွန့်ပယ်သူသည် အမျိုးသမီးဖြစ်လျှင် ထောင်တစ်သက်တစ်ကျွန်းချရမည်။ ထိုသူများ၏ အပြုအမူသည် အစ္စလာမ်သာသနာအား စော်ကားသည့်အပြုအမူဖြစ်၍ ထိုကဲ့သို့သောစောဒကမှုများအတွက် အထက်ဖော်ပြပါ ပြစ်ဒဏ်ထက် လျှော့ပေး၍မရချေ။

vvvvvvv

အာယသ် (၂ း ၂၁၉)

يَسْـَٔلُونَكَ عَنِ الْخَمْرِ وَالْمَيْسِرِ ۖ قُلْ فِيهِمَآ إِثْمٌ كَبِيرٌ
وَمَنَافِعُ لِلنَّاسِ وَإِثْمُهُمَآ أَكْبَرُ مِن نَّفْعِهِمَا ۗ

**“(အို နဗီတမန်တော်) အချို့သောသူတို့သည် အရက်သေစာနှင့် စပ်လျဉ်း၍ လည်းကောင်း၊ လောင်းတမ်းကစားခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း အသင့်ထံ (လာရောက်)မေးမြန်းကြလေသည်။ အသင်သည် (ယင်းသူတို့အား အို-အချင်း တို့) ထို(သေစာအရက်သောက်စားခြင်းနှင့် လောင်းတမ်းကစားခြင်း) နှစ်မျိုးလုံး တို့၌ ကြီးလေးသောအပြစ်များသည်လည်းရှိ၏။ လူတို့အဖို့ရာ (အနည်းငယ် သော)အကျိုးကျေးဇူးများသည်လည်းရှိ၏။ သို့ရာတွင် ယင်းအမှုနှစ်မျိုးလုံး၏ အပြစ်များသည် ထိုအမှုနှစ်မျိုးလုံး၏ အကျိုးကျေးဇူးထက် အလွန်ကြီးလေး ပေသည်ဟု ဖြေကြားပါလေ။”** (၂း၂၁၉) (က)

## အကျယ်ဖွင့်ဆိုချက်

ဤအာယသ်တော်သည် ဆွဟာဗတ်သာဝကကြီးများ၏ လျှောက်ထားခဲ့သော မေးခွန်းများတွင် ပါဝင်ခဲ့သည်။ ဤမေးခွန်းများကို ဤစူရတ်ထဲတွင် အဖြေများနှင့်တကွ ဖော်ပြထားသည်။ ဤအာယသ်ထဲတွင် အရက်သေစာသောက်စားခြင်း၊ လောင်းကစားခြင်းတို့နှင့်ပတ်သက်သော မေးခွန်းကို အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် ဖြေကြားခဲ့သည်။ ဖြေကြားရာ၌ လောင်းကစားခြင်းအကျင့်စရိုက်နှင့် လောင်းကစားမှုကို ကိုင်တွယ်လုပ်ဆောင်ခြင်းတို့သည် အကျိုးအမြတ်အနည်းငယ်ရှိသကဲ့သို့ အပြစ်(ဂုနာဟ်)များလည်း ဖြစ်စေနိုင်ပါသည်။ အပြစ်ဖြစ်ခြင်းသည် အကျိုးအမြတ်ရသည်ထက် ပိုမိုသာလွန်သောကြောင့် ဤကိစ္စနှစ်ရပ်ကို စွန့်လွှတ်သင့်ကြောင်း ညွှန်းပြခဲ့ပါသည်။

ဤကိစ္စနှစ်ရပ်သည် အလွန်လေးနက်သောကြောင့် ယင်းတို့၏ သဘောသဘာဝနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များကို အနုစိတ်စူးစမ်းစစ်ဆေးမှုပြုရန်လိုအပ်ပါသည်။

## အရက်သေစာသောက်စားခြင်းတားမြစ်ချက်နှင့် ဆက်နွယ်သော အမိန့်ပညတ်ချက်များ

အစ္စလာမ်စတင်ထွန်းကားလာသောအချိန်၌ အမှောင်ခေတ်ဓလေ့ထုံးစံများ၏ ယေဘုယျသဘောအနေဖြင့် အရက်သောက်ခြင်းသည် လူတိုင်းလုပ်ဆောင်နေသောကိစ္စရပ်ဖြစ်ပါသည်။ တမန်တော်မြတ်(ﷺ) မဒီနဟ်မြို့တော်သို့ ကြွချီသွားသောအခါ ထိုမြို့ရှိလူများသည် အရက်သေစာသောက်စားခြင်းနှင့် လောင်းကစားခြင်းတို့ကို ပုံမှန်ပြုလုပ်နေကျအလုပ်တစ်ခုဖြစ်နေပါသည်။ ဤလုပ်ငန်းများမှရရှိသော အကျိုးအမြတ်များကြောင့် သာမန်လူတို့သည် လောဘရမ္မက်တက်နေကြသည်။ ဤကိစ္စရပ်များတွင် တွယ်ကပ်နေသော ဆိုးကျိုးများကို သူတို့မစဉ်းစားမိကြပါ။

သို့သော်လည်း အလ္လာဟ်အရှင်မြတ်၏ လုပ်ထုံးလုပ်နည်းအတိုင်း တိုင်းပြည်တိုင်းနှင့် နိုင်ငံတိုင်း၌ မိမိတို့၏ စိတ်ဆန္ဒများကို စဉ်းစားဆင်ခြင်တုံတရားဖြင့် ထိန်းချုပ်သောအသိဉာဏ်ရှိသူများလည်းရှိစေခဲ့ပါသည်။ စဉ်းစားဆင်ခြင်တုံတရားနှင့်ဆန့်ကျင်ပါက ထိုသူများသည် စိတ်ဆန္ဒ၏ စေ့ဆော်မှုအနိုးသို့ပင်မသွားကြချေ။ ဤကိစ္စနှင့်ပတ်သက်၍ တမန်တော်မြတ်(ﷺ)၏ အဆင့်သည် လွန်မြင့်မားသောကြောင့် နောင်တစ်ချိန်တွင် 'ဟရာမ်'ဟုကြေညာမည့်အရာများကို မကြိုက်မနှစ်သက်ခြင်းသည် မွေးရာပါဖြစ်ခဲ့သည်။ ဤကိစ္စရပ်များကို ပြောင်ပြောင်တင်းတင်းလုပ်နေသောအချိန်အခါတွင်ပင်လျှင် အချို့သောဆွဟာဗဟ်သာဝကကြီးများသည် အရက်ကိုလက်ဖျားနှင့်ပင်မထိခဲ့ပါ။ မဒီနဟ် အလ်တွိုင်ယိဗဟ်သို့ရောက်ပြီးသည့်နောက်မှ ဤကိစ္စနှစ်ရပ်ကြောင့် ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးများအကြောင်းကို အချို့သော ဆွဟာဗဟ်သာဝကကြီးများက လေးလေးနက်နက်ပူပင်သောကရောက်စပြုလာကြသည်။ ဤကဲ့သို့ စိုးရိမ်ပူပန်မှုကြောင့် အန်ဆာရီ ဆွဟာဗဟ်ကြီးများအချို့နှင့်အတူ စိုက်ယိဒနာ အုမရ် အလ် ဖာရုက်နှင့် မုအဒ်အိဗ်နိဂျဗလ်တို့သည် တမန်တော်မြတ်(ﷺ)ထံ ဝင်ရောက်ခစားကာ အရက်သေစာသောက်စားခြင်းနှင့် လောင်းကစားခြင်းတို့သည် လူတစ်ဦး၏ ဆင်ခြင်တုံတရားကို မည်ကဲ့သို့ ပျက်စီးစေနိုင်ကြောင်းနှင့် မည်ကဲ့သို့ စီးပွားဥစ္စာပျက်စီးဆုံးရှုံးနိုင်ကြောင်းကို လျှောက်ထားတင်ပြပြီး ဤကိစ္စရပ်များနှင့်ပတ်သက်၍ အကြံဉာဏ်တောင်းခံခဲ့ပါသည်။ သူတို့၏မေးခွန်းကို ဖြေကြားရန်အတွက် ဤအာယသ်တော်ကျရောက်ခဲ့သည်။ ဤအာယသ်တော်သည် မုစ်လင်မ်များ အရက်သေစာသောက်စားခြင်းနှင့် လောင်းကစားမှုပြုလုပ်ခြင်းများရပ်တန့်ရန် ဦးစွာပထမလုပ်ဆောင်ချက်ပင်ဖြစ်သည်။

ဤအာယသ်တော်၏အဓိပ္ပာယ်ပြန်ဆိုချက်နှင့် တစ်ဆက်တည်းပါလာသော ရှင်းလင်းချက်တို့က အာယသ်တော်၏ မိန့်ကြားချက်ကို ရှင်းလင်းစေပါသည်။ ဤနေရာတွင် ထပ်ဆောင်းထားသည်မှာ 'အစ်ဆ်မွမ်' (သို့) 'အပြစ်'ဟူသော စကားလုံးသည် အပြစ်ဖြစ်စေရန် အစပျိုးသောအရာများအားလုံးပါဝင်ပါသည်။ ပမာဆိုသော် လူသားများ သာလွန်ကောင်းမြတ်ခြင်း၏ အခြေခံအချက်ဖြစ်သော အသိအာရုံများသည် အရက်သေစာသောက်စားခြင်းကြောင့် ထုံထိုင်းသွားစေပြီး စဉ်းစားဆင်ခြင်တုံတရားကို အားလျော့စေပါသည်။ လူသားများမကောင်းမှုများအား စွဲစွဲမြဲမြဲ ပြုလုပ်ခြင်းကို လူသား၏ ဆင်ခြင်တုံတရားက အဟန့်အတားဖြစ်စေခဲ့ပါသည်။ ထိုဆင်ခြင်တုံတရားပိတ်ဆို့ခြင်းခံရပါက မကောင်းမှုအားလုံး၏တံခါးသည် ပွင့်သွားပါလိမ့်မည်။

ဤအာယသ်တော်ထဲတွင် အရက်သေစာသောက်စားခြင်းသည် တရားမဝင်ကြောင်း ရှင်းလင်းစွာ ဖော်ပြမထားသည်ကို သတိမူမိပါလိမ့်မည်။ သို့သော်လည်း ယင်း၏ဆိုးကျိုးများက လူသားကို အပြစ်ဖြစ်စေနိုင်သောမကောင်းမှုကိစ္စရပ်များလုပ်စေနိုင်ကြောင်းကို ညွှန်ပြထားပါသည်။ တစ်နည်းအားဖြင့် လူသားများကို ဤကိစ္စရပ်များ စွန့်လွှတ်ရန်အတွက် ကောင်းမြတ်သော အကြံပေးချက်တစ်ရပ်အသွင်ဆောင်သည်။ ထို့ကြောင့် ဤအာယသ်တော်ကျပြီးလျှင်ပြီးခြင်း အချို့သောဆွဟာဗဟ်များတို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အကြံပြုချက်ကို မည်မျှအလေးအနက်ထားသနည်းဆိုလျှင် ၎င်းတို့သည် အရက်သောက်စားခြင်းကို တထိုင်တည်းနှင့် စွန့်လွှတ်ပစ်ခဲ့ကြပါသည်။ အချို့သော ဆွဟာဗဟ်များသည်ကား ဤအာယသ်တော်က အရက်သေစာသောက်စားခြင်းကို ဟရာမ်ဟူ၍ မကြေညာထားဟု မှတ်ထင်ခဲ့သည်။ စင်စစ် ဘာသာရေးအရ မလိုလားအပ်သောမကောင်းမှုများဆီသို့ ဦးတည်သကဲ့သို့ အပြစ်ကျူးလွန်မှုအတွက် အကြောင်းတရားတစ်ရပ်အဖြစ်သာ ဖော်ပြထားသည်ဟုဆိုလျှင် ထိုမကောင်းမှုများမှ အကယ်၍ ၎င်းတို့ ထိန်းသိမ်းနိုင်ကြလျှင်ကား အရက်သေစာသောက်စားခြင်းသည် မည်ကဲ့သို့ ထိခိုက်နစ်နာပေမည်နည်း။ ထို့ကြောင့် ၎င်းတို့သည် အရက်သေစာ သောက်စားမြဲ သောက်စားခဲ့ကြသည်။

တစ်နေ့သောအခါ ထိုအရက်သေစာသောက်စားသော ဆွဟာဗဟ်များကို ဆွဟာဗဟ် အဗ်ဒုရ်ရဟ်မာန်အိဗ်နိ အောက်ဖ်(ﷺ)က ၎င်း၏အိမ်သို့ဖိတ်ကြားခဲ့ပါသည်။ ညစာ စားသောက်ပြီးကြသောအခါ လူတိုင်းသည် ခါတိုင်းကဲ့သို့ပင် ဝိုင်အရက်များစတင်သောက်စားခဲ့ကြသည်။ ထိုအချိန်တွင် မဂ်ရစ်ဗ်ဆွလာသ်ဝတ်ပြုဆောက်တည်ချိန်ကျရောက်လာခဲ့သည်။ ၎င်းတို့ထဲမှတစ်ဦးကို ရှေ့ဆောင်အိမာမ်ပြုစေရန် ရွေးချယ်၍ ဆွလာသ်ဝတ်ပြုဆောက်တည်ကြပါသည်။ အိမာမ် ရှေ့ဆောင်လုပ်သူသည် အရက် မူးနေသောကြောင့် ကုရ်အာန်ကျမ်းတော်မြတ်၏ စူရတ် အလ်ကာဖိရူးန် ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် အမှားမှား အယွင်းယွင်း ရွတ်ဖတ်လေသည်။ ထို့ကြောင့် အရက်သောက်ခြင်းကို ရှောင်ကြဉ်စေရန် ဒုတိယအဆင့် လုပ်ဆောင် ချက်အဖြစ် အောက်ပါအာယသ်တော်ကျရောက်ခဲ့ပါသည်။

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُواْ لَا تَقۡرَبُواْ ٱلصَّلَوٰةَ وَأَنتُمۡ سُكَٰرَىٰ

**“အို အီမန်သက်ဝင်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မူးယစ်နေကြစဉ် မိမိတို့ (နှုတ်ဖြင့်)ထွက်ဆိုသော စကားကို ကောင်းစွာမသိနားမလည်သမျှ ကာလပတ်လုံး ‘ဆွလာသ်’ဝတ်ပြုမှု အပါးသို့ပင် မချဉ်းကပ်ကြလေနှင့်။” (၄း၄၃)**

ဤအာယသ်တော်ထဲတွင် ဆွလာသ်ဝတ်ပြုဆောက်တည်သည့်အချိန်တွင် အရက်သေစာ သောက်စားခြင်း၊ အကြွင်းမဲ့တရားမဝင်ဟု ကြေညာခဲ့ပါသည်။ အခြားအချိန်များတွင်မူ မပိတ်ပင်ပါ။ အချို့သော ဆွဟာဗဟ်များသည် ပထမအာယသ်တော်ကျရောက်ပြီးနောက် အရက်သေစာသောက်စားခြင်း လုံးဝမပြုလုပ်တော့ချေ။ ထိုပထမအာယသ်တော်မှ ၎င်းတို့ကောက်ချက်ချသည်မှာ တစ်စုံတစ်ဦးအား ဆွလာသ်ဝတ်ပြုခြင်းမှ ရပ်ဆိုင်းစေသောအရာသည် မည်သို့မျှ ကောင်းသည့်အရာမဖြစ်နိုင်ချေ။ ဒုတိယအာယသ်တော်က မူးယစ်နေစဉ် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းကို တားမြစ်ပိတ်ပင်ခဲ့သည်။ တစ်စုံတစ်ဦးသည် ဆွလာသ်ဝတ်ပြုမှုကို ပျက်စီးဆုံးရှုံးစေသောကိစ္စနှင့် ဝေးစွာရှောင်ရှားသင့်သည်။

ဆွလာသ်ဝတ်ပြုဆောက်တည်သည့်အချိန်မှအပ အခြားအချိန်များတွင် ဝိုင်အရက်သောက်စားခြင်းကို ရှင်းရှင်းလင်းလင်းနှင့် ပြတ်ပြတ်သားသားတားမြစ်မထားသောကြောင့် အချို့သောသူများသည် နောက်ထပ်အဖြစ်အပျက်တစ်ရပ် မပေါ်ပေါက်မီအထိ အခြားအချိန်တွင် ဝိုင်အရက်သောက်သုံးလျက်ရှိခဲ့သည်။ ဤအချိန်တွင်မူ ဆွဟာဗဟ်သာဝကကြီးများကို အိမ်သို့ဖိတ်ခေါ်ခဲ့သူမှ ဆွဟာဗဟ်သာဝကကြီး အိသ်ဗာန် အိဗ်နိ မာလိက်ဖြစ်သည်။ ဖိတ်ကြားခံရသူများထဲတွင် ဆွဟာဗဟ်သာဝကကြီး စအာဒ်အိဗ်နိ အဗီဝက္ကာဆ်လည်း အပါအဝင်ဖြစ်သည်။ ညစာစားပြီးချိန်တွင် ဓလေ့ထုံးစံအရ ဝိုင်အရက်နှင့်ည့်ခံလေ့ရှိခဲ့သည်။ ထိုအချိန်က အရဗ်ဓလေ့ထုံးစံတစ်ခုဖြစ်သည့် မိမိတို့၏ အောင်မြင်မှု၊ ကောင်းမွန်မှုတို့ကို ဖော်ကျူးသည့်ကဗျာလက်ာရွတ်ဆိုမှုကို အရက်မူးယစ်နေသူများက စတင်ကြပါသည်။ ထိုအချိန်တွင် ဆွဟာဗဟ်ကြီး စအာဒ်အိဗ်နိအဗီဝက္ကာဆ်သည် မိမိအမျိုးအနွယ်များကို ချီးကျူးပြီး မဒီနဟ်မြို့ရှိ အန်ဆာရီများကို သရော်သည့် ‘ကဆီဒါဟ်’ကဗျာတစ်ပုဒ်ရွတ်ဆိုခဲ့သည်။ ဤသို့ရွတ်ဆိုရာတွင် အန်ဆာရီလူငယ်လေးတစ်ဦးက ဒေါသဖြစ်ကာ စအာဒ်၏ ဦးခေါင်းကို ကုလားအုတ် မေးရိုးဖြင့် ရိုက်နှက်ခဲ့ရာ စအာဒ်ဦးခေါင်း၌ ပြင်းထန်စွာဒဏ်ရာရခဲ့ပါသည်။ ဆိုက်ယိဒ်နာ စအာဒ်သည် တမန်တော်မြတ်(ﷺ)သခင်ထံ သွားရောက်၍ အန်ဆာရီလူငယ်လေးနှင့်ပတ်သက်၍ တိုင်တန်းခဲ့ပါသည်။ ထိုအချိန်တွင် တမန်တော်

မြတ်(ﷺ)သခင်သည် လက်နှစ်ဖက်မြောက်၍ ဒုအာတောင်းဆုပြုသည်မှာ **اللهم بين لنافى الخمر بياناشافيا** 'အို အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့အား ဝိုင်အရက်နှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားသည့် ပြည့်စုံလုံလောက်သော လမ်းညွှန်မှုပေးသနားတော်မူပါ'ဟူ၍ဖြစ်သည်။ ထိုအချိန်တွင် ဝိုင်အရက်ကို လုံးဝဥဿုံ တရားမဝင်ကြောင်း ကြေညာသည့် အသေးစိတ်များပါဝင်သော တတိယအာယသ်တော် စူရတ်အလ်မာအိဒဟ် ကျရောက်ခဲ့ပါသည်။ အာယသ်တော်မှာ အောက်ပါအတိုင်းဖြစ်သည်။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِنَّمَا الْخَمْرُ وَالْمَيْسِرُ وَالْاَنْصَابُ وَالْاَزْلَامُ رِجْسٌ
مِّنْ عَمَلِ الشَّيْطٰنِ فَاجْتَنِبُوْهُ لَعَلَّكُمْ تُفْلِحُوْنَ ○

**" အိုမုအ်မင်န် သက်ဝင်ယုံကြည်သူအပေါင်းတို့၊ မုချကေန် သေစာအရက်သည်လည်းကောင်း၊ လောင်းတမ်းကစားခြင်းသည်လည်းကောင်း၊ ရုပ်ထုဆင်းတု(အစရှိသည့် အရာများ)သည်လည်းကောင်း၊ မြား (ဖြင့် ကံစမ်းခြင်း)သည်လည်းကောင်း အလွန် ဆိုးရွားညစ်ညမ်းလှသော အမှုကိစ္စများ၊ ရှိုက်တွာန် အပြုအမူများသာလျှင်ဖြစ်၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထို(ဆိုးရွားညစ်ညမ်းသောအရာ)ကို ရှောင်ကြဉ်ကြကုန် လော့။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြပေမည်။" (၅း၉၀)**

## ဝိုင်အရက်သေစာသောက်ခြင်းအား တဖြည်းဖြည်းတားမြစ်ပိတ်ပင်ခြင်း

အလ္လာဟ်အရှင်မြတ်သည် အခွင့်အာဏာပိုင်ဆိုင်မှုတွင် အမြင့်ဆုံးဖြစ်သည့်အလျောက် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များနောက်ကွယ်ရှိ စစ်မှန်သော အသိဉာဏ်ကို ထိုအရှင်မြတ် တစ်ပါးတည်းသာလျှင် သိရှိတော်မူသည်။ သို့သော်လည်း အစွမ်းတရားဥပဒေကို သေချာစွာကြည့်လျှင် အစွမ်းရှိရှိအသိတရားတော်ကဖော်ပြသည်မှာ ထိုအမိန့်အာဏာများကို လိုက်နာရာတွင်ဖြစ်ပေါ်လာသော လူသားတို့၏ စိတ်ခံစားမှုအတွက် နေရာပေးထားသည်။ ယင်းမှာလည်း လူသားကို အနည်းငယ်မျှ ကသိကအောက်မဖြစ်စေရန်ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်မှာ ' **لَا يُكَلِّفُ اللّٰهُ نَفْسًا اِلَّا وُسْعَهَا** ' 'အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိုသူ၏ စွမ်းအားထက်ပို၍ တာဝန်ပေးအပ်တော် မမူချေ' (၂း၂၈၆)ဟူ၍ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ အသနားတော်နှင့် ဟစ်က်မသ်တော်တို့ကြောင့် အစွမ်းသာသနာက ဝိုင်အရက် တားမြစ်ခြင်း ကိစ္စရပ်ကို ဖြည်းဖြည်းချင်းတားမြစ်ခဲ့ပါသည်။

ဝိုင်အရက်တားမြစ်ခြင်း တဖြည်းဖြည်းလုပ်ဆောင်ချက်သမိုင်းအတိုချုပ်ကို ဤအာယသ်တော် (၄)ခုအရ သိရှိရပါသည်။ အစောပိုင်းတင်ပြထားသကဲ့သို့ စူရတ်ဘကရတ်ထဲတွင်ပါဝင်ပြီး ယခု စာရှုသူဖတ်နေသော အာယသ်ပင်ဖြစ်သည်။ ဤအာယသ်တော်ထဲတွင် အပြစ်ကျူးလွန်စေသောအရာအဖြစ်လည်းကောင်း၊ ပျက်စီးစေသောအရာအဖြစ်လည်းကောင်း ဖော်ပြထားသည်။ ဤအာယသ်တော်ထဲတွင် ဝိုင်အရက်ဟုဖော်ပြမထားပါ။ တားမြစ်ထားခြင်းလည်းမရှိပါ။ ဤသို့ပြုလုပ်ခြင်းသည် အရက်သေစာသောက်စားခြင်း အကျင့်စရိုက် စွန့်လွှတ်သင့်ကြောင်း

ပြောပြနေသည့်ဟန်တစ်ရပ်ဖြစ်သည်။ သို့ရာတွင် အရက်သေစာသောက်စားခြင်းစွန့်လွှတ်ရန် တိုက်ရိုက်အမိန့်ပေးချက်မပါဝင်ချေ။

ဒုတိယအာယသ်ဖြစ်သော لَاتَقْرَبُوا الصَّلٰوةَ وَأَنْتُمْ سُكٰرٰى **'အသင်တို့သည် မူးယစ် နေကြစဉ် မိမိတို့(နှုတ်ဖြင့်)ထွက်ဆိုသောစကားကို ကောင်းစွာမသိနားမလည်သမျှကာလပတ်လုံး 'ဆွလာသ်' ဝတ်ပြုမှု၏ အပါးသို့ပင် မချဉ်းကပ်ကြလေနှင့်' (၄း၄၃)**သည် စူရတ်အလ်နိစာထဲတွင် ပါဝင်ပါသည်။ ဤအာယသ်တော်ထဲ၌ ဆွလသ်ဝတ်ပြုမှုအချိန်များအတွင်းတွင် အရက်သေစာသောက်စားခြင်းကို တရားမဝင်အဖြစ် ကြေညာနိုင်ခဲ့ပါသည်။ အခြားသောအချိန်များတွင် မိမိဆန္ဒအတိုင်း ပြုနိုင်သည်။

တတိယနှင့် စတုတ္ထအာယသ်တော်များသည် စူရတ်'မာအိဒဟ်'တွင် ပါရှိပါသည်။ အစောပိုင်းက ဖော်ပြသကဲ့သို့ ဤအာယသ်တော်နှစ်ခုထဲတွင် အရက်သောက်သုံးခြင်းတရားမဝင်ကြောင်းကို ရှင်းလင်းစွာဖြင့် ခြွင်းချက်မရှိကြောင်း ကြေညာခဲ့ပါသည်။

အစ္စလာမ်၏ရှရီအသ်သည် အရက်သောက်သုံးခြင်းကို တဖြည်းဖြည်းခြင်းတားမြစ်သည့် နည်းလမ်းကို သုံးပါသည်။ အကြောင်းမှာ မူးယစ်ထုံထိုင်းသောအရာများကို တစ်သက်တာလုံး စွဲငြိသည့်အလေ့အကျင့်ကို ဖြတ်တောက်ရန် လူသားများ စိတ်ဆန္ဒအပေါ်၌ ခက်ခဲမှုမရှိစေရန်ဖြစ်ပါသည်။ ပညာရှင်များက မိန့်ဆိုသည်မှာ **فطام العادة أشد من فطام الرضاعة** မိခင်၏နို့မှ နို့စို့နေသောကလေးငယ်ကို နို့ဖြတ်ခြင်းထက် လူသားတစ်ဦး၏ အမြဲတစေပြုလုပ်နေသော အကျင့် ဓလေ့ကိုဖြတ်ရန် အလွန်ခဲယဉ်းပါသည်။ ထို့ကြောင့် အသိဉာဏ်ကြွယ်ဝစွာကိုင်တွယ်လုပ်ဆောင်သည့်အနေဖြင့် အစ္စလာမ့်တရားတော်သည် ပထမဦးစွာ အရက်သောက်ခြင်း၏ ဆိုးကျိုးများကို အလေးအနက်ဖော်ပြပြီး ဆွလာသ် ဝတ်ပြုစဉ်အချိန်၌သာ တားမြစ်ခဲ့ပါသည်။ အဆုံးတွင် အချိန်တော်တော်ကြာခဲ့ပြီးမှ ယင်းကိစ္စကို ခြွင်းချက်မရှိ တားမြစ်ခဲ့ပါသည်။

သို့သော်လည်း တားမြစ်ခြင်းကို တဖြည်းဖြည်းလုပ်ဆောင်သောနည်းလမ်းတွင် အသိဉာဏ်ပါ ပါသည်။ ၎င်းအသိဉာဏ်မှာ အကြွင်းမဲ့တားမြစ်ပိတ်ပင်ခြင်းကို အတည်ပြုကြေညာပြီးသည့်နောက်တွင် ထိုကြေညာချက်အတိုင်း အပြည့်အဝလိုက်နာသင့်ပါသည်။ ထို့ကြောင့် တမန်တော်မြတ်(ﷺ)က အစောပိုင်း အရက်သေစာသောက်စားခြင်းကြောင့် အလ္လာဟ်အရှင်မြတ်၏ အပြစ်ပေးခြင်းခံရမည့်အကြောင်းကို သတိပေးဟောကြားခဲ့ပါသည်။ အရက်သေစာသောက်စားခြင်းသည် မကောင်းမှုများနှင့် မဖွယ်မရာကိစ္စများတို့၏ မြစ်ဖျားခံရာဖြစ်ပြီး တစ်စုံတစ်ဦးသည် ထိုကိစ္စ၌ယစ်မူးပါက အလွန်ဆိုးဝါးသော အပြစ်များကို ကျူးလွန်လာနိုင်ကြောင်း ဟောကြားခဲ့ပါသည်။

ဟဒီးဆ်တော်တစ်ပုဒ်တွင်လာရှိသည်မှာ 'အရက်သေစာသောက်စားမှုနှင့် အီမာန်ယုံကြည်ချက်သည် ပေါင်းစပ်၍မရပါ။' ဤကဲ့သို့သော ဆင့်ပြန်ချက်သည် အလ်နစအီကျမ်းတွင် ပါရှိသည်။ အလ်သိရ်မိဇီ၏ ဂျာမိကျမ်းတွင် ဆွဟာဗဟ်သာဝကြီး အနပ်စ်၏ ဆင့်ပြန်ချက်တစ်ပုဒ်ပါရှိခဲ့သည်။ ထိုဆင့်ပြန်ချက်ထဲတွင် တမန်တော်မြတ် (ﷺ)သခင်သည် အရက်သေစာနှင့်ပတ်သက်သည့် ဆယ်ဦးသောသူများကို ကျိမ်ဆဲခဲ့ပါသည်။ ယင်းသူတို့မှာ (၁) သပျစ်သီးကို ခွဲခြေသောသူ (သို့) နင်းကြိတ်သူ (သို့) ညှစ်သောသူ၊ (၂) ဝိုင်အရက်ချက်သူ၊ (၃) သောက် သုံးသူ၊ (၄) တည်ခင်းဧည့်ခံသူ၊ (၅) သယ်ဆောင်ပေးသူ၊ (၆) လက်ခံရယူသူ၊ (၇) ရောင်းချသူ၊

(၈) ဝယ်ယူသူ၊ (၉) လက်ဆောင်အဖြစ်ပေးကမ်းသူ၊ (၁၀) ထိုလုပ်ငန်းများမှ အမြတ်အစွန်းကို သုံးစွဲသူတို့ဖြစ်ကြသည်။ တမန်တော်မြတ်ကြီး(ﷺ)သည် ဤကဲ့သို့ နှုတ်ဖြင့်သင်ကြားခြင်း၊ ဆွဲဆောင်သိမ်းသွင်းခြင်းနှင့် မရပ်ဘဲ အမိန့်ကြေညာချက်ကို တရားဝင်အတည်ဖြစ်စေရန်အတွက် လက်တွေ့ကျသော လုပ်ဆောင်ချက်များကို ပြုလုပ်ခဲ့ပါသည်။ ယင်းမှာ ဝိုင်အရက်ကို လက်ဝယ်ပိုင်ဆိုင်မှုရှိပါက သတ်မှတ်ထားသောနေရာတွင် လာရောက်အပ်နှံသင့်သည်ဟု မိန့်ကြားခဲ့ပါသည်။

## ဆွဟာဗဟ်ကြီးများ၏ မယုဉ်သာသော နာခံမှု

ဆွဟာဗဟ်ကြီးများတို့သည် နာခံပြီး လိုက်နာဆောင်ရွက်သည့်အနေဖြင့် ပထမအမိန့်တော်ကျရောက်လျှင် ကျရောက်ခြင်း မိမိတို့အိမ်များ၌ ကိုယ်တိုင်သောက်သုံးရန်အတွက် သိုလှောင်သိမ်းဆည်းထားသော ဝိုင်အရက်များကို လမ်းမပေါ်သို့ မဆိုင်းမတွ သွန်ပစ်ခဲ့ကြပါသည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗ်နိအုမရ်(ﷺ)က ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ်ကြီး(ﷺ)ကခန့်အပ်သော ကြေညာသောသူသည် မဒီနာဟ်မြို့ရှိ လမ်းများတစ်လျှောက်လှည့်ပြီး ဝိုင်အရက် သောက်ခြင်း ပိတ်ပင်သည့်အမိန့်ကို ကြေညာလိုက်သည်နှင့်တစ်ပြိုင်နက် လက်ထဲတွင် ဝိုင်အရက်အိုးရှိနေသူသည်လည်းကောင်း၊ ဝိုင်အရက်ခွက်ကိုင်ထားသောသူတို့သည် လည်းကောင်း တစ်ခါတည်း လွှင့်ပစ်လိုက်ကြပါသည်။ ၎င်းနောက် အိမ်ထဲတွင် ရှိနေသောအရက်အိုးများကို အပြင်သို့ထုတ်ကာ ခွဲခြေဖျက်ဆီး လိုက်ကြသည်။ ထိုအချိန်တွင် စိုက်ယိဒိနာအနပ်စ် သည် မိတ်ဆွေတချို့အား ဝိုင်အရက်ဖြင့် ပျော်ပျော်ရွှင်ရွှင် ဧည့်ခံနေသောအချိန်ဖြစ်ပါသည်။ ဧည့်သည်များထဲတွင် ထင်ရှားသော ဆွဟာဗဟ်ကြီးများဖြစ်ကြသည့် အဗူသွာလ်ဟာ၊ အဗူအုဗိုင်ဒဟ်အိဗ်နိဂျရာရ်၊ အုဗိုင်အိဗ်နေ့ကအဗ် နှင့် ဆုဟေးလ် (**رضی اللہ تعالی عنہم اجمعین**) တို့လည်း ပါဝင်ကြပါသည်။ ကြောညာသူ၏ ကြေညာချက်ကို ၎င်းတို့ကြားရသောအခါ ၎င်းတို့က ပြောကြားသည်မှာ 'ယခုအချိန်ကစပြီး ဤဝိုင်အရက်များကို သောက်သုံးသော ခွက်များနှင့်ထည့်ထားသော အိုးများအပါအဝင် အားလုံးတို့ကိုမြေကြီးပေါ်သို့ လွှင့်ပစ်လိုက်ကြပါစို့'ဟူ၍ဖြစ်သည်။ အချို့သော ဆင့်ပြန်ချက်များတွင် လာရှိသည်မှာ ဝိုင်အရက်တရားမဝင်ကြောင်း ကြေညာချက်ကိုကြားလျှင် ကြားခြင်း သောက်သုံးရန် ပါးစပ်အနီးသို့ရောက်နေသော သူများပင်လျှင် အထိတ်တလန့်ဖြစ်ကာ လွှင့်ပစ်ခဲ့ကြပါသည်။ ထိုနေ့၌ မဒီနာဟ်မြို့ရှိ လမ်းများပေါ်တွင် ဝိုင်အရက်များသည် မိုးရွာသွန်းပြီးသည့်နောက် မိုးရေများသည် စီးဆင်းနေသကဲ့သို့ စီးဆင်းနေပါသည်။ ထို့အတွက်ကြောင့် မြေကြီးထဲတွင် စိမ့်ဝင်နေသော ဝိုင်အရက်များ၏ အနံ့နှင့်အရောင်တို့သည် မိုးရွာသွန်းသောအခါ မဒီနာဟ်မြို့ရှိလမ်းများတွင် အချိန်တော်တော်ကြာသည်အထိ ပေါ်ထွက်လာတတ်ပါသည်။

သတ်မှတ်ထားသောနေရာသို့ လက်ဝယ်ရှိဝိုင်အရက်များအပ်နှံရန်အတွက် လူအများအား အမိန့်ပေးပြီးသောအခါ၌ ရောင်းဝယ်ဖောက်ကားရန်အတွက် ဈေးထဲတွင် အနည်းငယ်မျှသော ဝိုင်အရက်စည်များနှင့် အိတ်များမှလွဲ၍ အမြောက်အများမကျန်တော့ပါ။ ဆွဟာဗဟ်ကြီးများသည် အမိန့်တော်ကို မည်မျှနာခံကြသနည်းဆိုလျှင် သတ်မှတ်ထားသောနေရာသို့ အနည်းငယ်မျှပင် မတုံဆိုင်းဘဲ အပ်နှံခဲ့ကြသည်။ တမန်တော်မြတ်(ﷺ)သခင်ကိုယ်တော်တိုင် အပ်နှံရာနေရာသို့ကြွရောက်ကာ ဝိုင်ထည့်သည့်သားရေအိတ်များကို ကိုယ်တော်တိုင် အပိုင်းပိုင်းပြတ်စေ၍ ကျန်သည့်ဝိုင်အိတ်များကို ဆွဟာဗဟ်ကြီးများက ထိုးဖောက်စေခဲ့ပါသည်။

ကုန်သည်တစ်ဦးဖြစ်သော အခြားဆွဟာဗဟ်ကြီးတစ်ဦးသည် ဆီးရီးယားမှ ဝိုင်အရက်များမှာယူတင်သွင်းလေ့ရှိပြီး လတ်တလောအချိန်တွင် ဆီးရီးယားနိုင်ငံသို့ အရောင်းအဝယ်ကိစ္စတစ်ခုနှင့် ရောက်ရှိနေချိန်ဖြစ်သည်။ သူ၏ ရင်းနှီးငွေများအားလုံးကို ဝိုင်အရက်များစီးပွားဖြစ်ရောင်းရန်အတွက် ဝယ်ခဲ့ပါသည်။ သူသည် ၎င်း၏ ကုန်စည်များနှင့် ပြန်လာသောအခါ မဒီနဟ်မြို့ နယ်နမိတ်အတွင်းမဝင်မီပင် ဝိုင်အရက်အား ဟရာမ်အဖြစ် သတ်မှတ်ကြေညာခဲ့ကြောင်း သိရှိခဲ့ရပါသည်။ ရိုကျိုးနာခံခြင်းနှင့် စွန့်လွှတ်ခြင်းတို့တွင် စံပြဖြစ်သော ဆွဟာဗဟ်ကြီးသည် အကျိုးအမြတ်မျှော်ကိုးး၍ လူအင်အား၊ ငွေအင်အား အစုစုရင်းနှီးလုပ်ဆောင်၍ အိမ်ပြန်လာရာတွင် ဝိုင်အရက်ကို တားမြစ်ပိတ်ပင်ကြောင်း ကြားသိရသောအခါ၌ လမ်းဘေးတွင်ရှိ တောင်ကမူလေးပေါ်တွင် မိမိ ကုန်စည်များကို တိတ်တဆိတ် စုပုံထားခဲ့ပါသည်။ ၎င်းနောက် တောင်ကမူမှဆင်းကာ တမန်တော်မြတ်(ﷺ)သခင် ထံသွားရောက်၍ ကျွန်ုပ်ဘာလုပ်သင့်ပါသလဲဟုမေးမြန်းခဲ့ပါသည်။ တမန်တော်မြတ်(ﷺ)သခင်သည် အလ္လာဟ် အရှင်မြတ်အမိန့်တော်နှင့်အညီ ၎င်းအား ဝိုင်အရက်ထည့်ထားသောအိတ်များကို ဆုတ်ဖြဲကာ မြေကြီးပေါ်သို့ သွန်ချသင့်သည်ဟု မိန့်ကြားခဲ့သည်။ အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်၏ တမန်တော်ကိုချစ်ခင်မြတ်နိုးလှသော ဤအဲ့ဖွယ်ဆွဟာဗဟ်ကြီးသည် တစ်မိနစ်မျှ မဆိုင်းခဲ့ပါ။ ၎င်း၏လက်ဖြင့် ၎င်းကိုယ်တိုင် အရင်းအနှီးဖြစ်သော အရက်သေစာအားလုံးကို တောင်ကမူပေါ်မှ သွန်ချပစ်ခဲ့ပါသည်။ ဤဖြစ်ရပ်သည်လည်း အစ္စလာမ်သာသနာ၏ ကြီးစွာသော အံ့သြဖွယ်ရာဖြစ်သည်။ ထို့ပြင် ဤလုပ်ရပ်သည် စိတ်ကူး၍ပင်မရနိုင်သော အနိုင်းမဲ့နာခံမှုကို ပြသခြင်းပင်ဖြစ်သည်။ တခဏပင် မသောက်ရမနေနိုင်သော ဝိုင်အရက်စွဲနေသူများသည် ထိုစွဲမက်နေသော အကျင့်မှ ရုန်းထွက်ရန်မှာ မည်မျှခက်ခဲသည်ဆိုသည်ကို စဉ်းစားကြည့်ပါ။ ထိုသူများသည် တမန်တော်မြတ်(ﷺ) သခင်မှတစ်ဆင့် အလ္လာဟ်အရှင်မြတ်၏ အမိန့်ထုတ်ပြန်ချက်ကြောင့် တခဏချင်းပင် ပြောင်းလဲမှုဖြစ်ကာ စွဲနေသော ဝိုင်အရက်သောက်ခြင်းနှင့် လောင်းကစားခြင်းအလေ့အကျင့်ကို မုန်းတီးသွားကြသည်။

## လူမှုရေးဆိုင်ရာပြောင်းလဲမှုတစ်ရပ်အတွက် အစ္စလာမ်နည်းဗျူဟာ

အထက်ပါအာယသ်များနှင့် ယင်းနှင့်ဆက်စပ်နေသော အဖြစ်အပျက်များသည် ဝိုင်အရက်အား တရားမဝင်ပြုလုပ်ကြောင်းဥပဒေနှင့်ပတ်သက်၍ တက်ကြွသည့်စံပြမုစ်လင်မ်တစ်ဦး၏ တုံ့ပြန်မှုကိုပြသပါသည်။ ထိုအဖြစ်အပျက်သည် အစ္စလာမ်သာသနာ၏ အံ့ဖွယ်ဟူ၍လည်းကောင်း၊ တမန်တော်မြတ်၏ သင်ကြားပို့ချမှုနှင့် လေ့ကျင့်မှု၏ ရလဒ်ဟူ၍လည်းကောင်း၊ လူမှုရေးဆိုင်ရာ ပြောင်းလဲမှု၏ အစ္စလာမ်သာသနာ့နည်းဗျူဟာ၏ နောက်ဆုံးရလဒ်အဖြစ်လည်းကောင်း ခေါ်ဆိုနိုင်ပါသည်။ စင်စစ် ဤသည်မှာ ထူးခြားသောအကျိုးသက်ရောက်မှုပင်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် တားမြစ်ပိတ်ပင်ချက်များနှင့် ဤကိစ္စကိုယှဉ်ကြည့်ပါက အမေရိကန်တို့သည် ကျွမ်းကျင်သူများ၊ စည်းရုံးခြင်း၊ ဥပဒေ၊ သတင်းမီဒီယာနှင့် ဖွဲ့စည်းပုံဆိုင်ရာ ပြင်ဆင်ချက်များဖြင့် အရက်သေစာသောက်စားခြင်း၊ ထိန်းချုပ်ရန် ကြိုးစားလုပ်ဆောင်ရာတွင် မအောင်မြင်ခဲ့ဘဲ အာဏာပိုင်များက ထိုစီမံကိန်းများကိုပင် ပယ်ဖျက်ခဲ့ရသည်အထိ ဖြစ်ခဲ့ရပါသည်။ ဤကြီးကျယ်သော ခြားနားမှု၏နောက်ကွယ်တွင် မည်သည့်လျှို့ဝှက်ချက်ရှိသနည်း?။

လျှို့ဝှက်ချက်ကား အစ္စလာမ်သာသနာသည် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် ဥပဒေတစ်ခုတည်းပေါ်တွင် မည်သည့်အခါမျှ မမှီခိုခဲ့ပါ။ ဥပဒေသည် ပြည့်စုံလုံလောက်မှုမရှိ၍ လူများ၏စိတ်ဓါတ်ကို ပြုပြင်ပြောင်းလဲ

စေရန်အတွက် ၎င်းတို့၏ဖန်ဆင်းရှင်ကို နှစ်နှစ်ကာကာ ကိုးကွယ်ဆည်းကပ်စေကာ လောကီတွင် သင့်တင့်လျှောက်ပတ်စွာနေထိုင်ပြီး နောင်လာမည့်တမလွန်ဘဝအတွက် စစ်မှန်သောအလေးထားမှုတို့ကိုဦးစွာပြုပြင်ပေးရမည်။ ဤနည်းဖြင့် ပေါ်ပေါက်စေခဲ့သော ကြီးမားသည့်တော်လှန်ပြောင်းလဲမှုကြောင့် အန္ဒိုင်းမဲ့လူသားများပေါ်ထွန်းခဲ့ပါသည်။ ၎င်းတို့ တမန်တော်၏ဖိတ်ခေါ်မှုတစ်ခုတည်းဖြင့် ၎င်းတို့၏ အသက်အိုးအိမ်စည်းစိမ်များ၊ ဂုဏ်သိက္ခာများအားလုံးတို့ကို စွန့်လွှတ်ရန်အတွက် စိတ်အားထက်သန်စွာ ပေါ်ထွက်လာပါသည်။ ဤအရက်ပိတ်ပင်ခြင်းလုပ်ငန်းနှင့်လိုက်လျောညီထွေဖြစ်စေရန်အတွက် လူအများကို ပြင်းထန်သော နာမ်ပိုင်းဆိုင်ရာလေ့ကျင့်မှုဖြင့် မက္ကာဟ်၌ရှိစဉ် အချိန်ကာလတလျှောက်လုံး ပြင်ဆင်ပြုလုပ်ခဲ့ရသည်။ ထိုကဲ့သို့ ပြင်ဆင်ပြုလုပ်ပြီးသော လူစုအတွက် အဆင်သင့်ဖြစ်သောအခါ ဥပဒေပေါ်ထွက်လာပါသည်။ အမေရိကန်များသည် ၎င်းတို့၏စွမ်းအား ကြီးမားသော သတင်းဖြန့်ချီရေး၊ မီဒီယာများကို အသုံးပြုကာ အစွမ်းကုန်ကြိုးစားခဲ့ကြသည်။ ၎င်းတို့တွင် အရာရာ ပြည့်စုံသော်လည်း နောင်တမလွန်ဘဝအတွက်နှင့်ပတ်သက်၍ ဘာမျှမရှိချေ။ မုစ်လင်မ်များအတွက်မူကား နောင် တမလွန်ဘဝသည် အသက်သွေးကြောပင်ဖြစ်လေသည်။

ဤနည်းလမ်းကောင်းကြီးကား အမြဲရှိနေပါသည်။ ခိုင်လည်းခိုင်မာ၍ တစ်ကမ္ဘာလုံးတွင်ရှိ မငြိမ်းချမ်းသော သူများ အသုံးပြုစေရန် စောင့်စားလျက်ရှိပါသည်။ ဉာဏ်ပညာရှိသူများ စဉ်းစားကြကုန်လော့။

## ဝိုင်အရက်၏ ကောင်းကျိုးနှင့်ဆိုးကျိုး

ဝိုင်အရက်၏ကောင်းကျိုးကား အများသိပြီးဖြစ်သည့် အရသာကောင်းခြင်း၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုခံစားရခြင်း၊ ယာယီအားအင်ပြည့်ဖြိုးခြင်းနှင့် မျက်နှာအနီရောင်သန်းလာခြင်းတို့ဖြစ်သည်။ ဤကောင်းကျိုးသည် အခိုက်အတန့်သာဖြစ်သည့်အလျှောက် တသီတသန်းပေါ်ပေါက်လာမည့် ဆိုးကျိုးများနှင့်ကား မည်သို့မျှ နှိုင်းယှဉ်၍မရပါ။ လူ့ခန္ဓာကိုယ်ကို ပထမဦးစွာစဉ်းစားကြည့်ပါ။ ဝိုင်အရက်သောက်သုံးခြင်းသည် အစာအိမ်၏လုပ်ဆောင်ချက်များကို ပျက်ယွင်းစေပါသည်။ စားသောက်လိုစိတ်လျော့ပါးစေသည်။ မျက်နှာ၏ အသွင်သဏ္ဌာန်ကို ထိခိုက်စေပါသည်။ ဗိုက်ရွှဲစေပါသည်။ အသည်းနှင့်ကျောက်ကပ်တို့ကို ထိခိုက်စေသည်။ ထို့ပြင် အရက်သေစာသောက်စားခြင်းသည် ရောဂါပေါင်းစုံဖြစ်ပွားစေနိုင်ပါသည်။ အရက်ပြင်းသောက်သုံးခြင်းကြောင့် ဆင်ခြင်တုံတရားမရှိတော့ပါ။ မူးယစ်ချိန်ကများ၍ အမူးပြေချိန်က နည်းပါးသည်။ အရက်သောက်ပြီး နောက်တစ်နေ့ မအီမသာဖြစ်ခြင်းကလည်း ဆိုးဝါးပေသည်။ စိတ်ကြွစေ၍ ဆွဲဆောင်ကာ အများကြိုက်သည့် အဆိပ်ဖြစ်စေသော ဝိုင်အရက်သည် သောက်သုံးသူများက အသိစိတ်နှင့် ကြိုးစားတွန်းလှန်နေလင့်ကစား တဖြည်းဖြည်းနှင့်စွဲသွားစေသည်။ အရက်သောက်သုံးခြင်းသည် ကာယကံရှင်ကိုသာမက ၎င်းတို့၏ သားသမီးများကိုပါထိခိုက်စေပါသည်။

လူမှုရေးအရဆိုလျှင် အရက်သောက်သုံးခြင်းသည် အချင်းချင်းမနာလိုဝန်တိုမှုနှင့် ရန်ငြိုးဖြစ်စေပါသည်။ ယင်းကိစ္စများသည် အစ္စလာမ့်တရားဥပဒေအမြင်အရ ကြီးမားသောမကောင်းမှုကြီးများဖြစ်ကြသည်။ ထို့အတွက်ကြောင့် ဤဆိုးကျိုးနှင့်ပတ်သက်သောကိစ္စများကို ကုရ်အာန်ကျမ်းတော်မြတ်၏ စူရတ်မာအိဒတ်တွင် အထူးပြုဖော်ပြထားသည်။

اِنَّمَا يُرِيْدُ الشَّيْطٰنُ اَنْ يُّوْقِعَ بَيْنَكُمُ الْعَدَاوَةَ وَالْبَغْضَآءَ فِى الْخَمْرِ وَالْمَيْسِرِ

**“မုချကေန် ရွိက်တွာန်မိစ္စာကောင်သည် သေရည်သေရက် (သောက်စားစေခြင်း) ဖြင့် လည်းကောင်း၊ လောင်းတမ်းကစားစေခြင်းဖြင့်လည်းကောင်း အသင်တို့ စပ်ကြားဝယ် ရန်ငြိုးပွားမှုကိုလည်းကောင်း၊ မုန်းထားမှုများကိုလည်းကောင်း ကြံစည်လျက် ရှိလေ၏။” (၅း၉၁)**

အရက်သောက်ခြင်း၏ အလွန်အန္တရာယ်ကြီးသော အားနည်းချက်တစ်ရပ်မှာ မိမိစောင့်ထိမ်းရမည့် လျှို့ဝှက်ချက်များကို ပေါက်ကြားသွားစေခြင်းဖြစ်သည်။ ထိုလျှို့ဝှက်ချက်ပေါက်ကြားသွားစေသူသည် အစိုးရဝန်ထမ်း တစ်ဦးဖြစ်ပြီး အစိုးရ၏ အရေးကြီးသော လျှို့ဝှက်ချက်ပေါက်ကြားခြင်းဖြစ်ပါက ထိုသူသည် ပို၍ပင် ပျက်စီးဆုံးရှုံးကာ ဆိုးကျိုးများ အများအပြားဖြစ်စေနိုင်သည်။ လျှို့ဝှက်ချက်များ ရန်သူထံ ရောက်ရှိသွားပါက အာဏာသိမ်းမှုမှ တစ်ဆင့် တိုင်းပြည်ပျက်စီးစေခြင်းကိုလည်းကောင်း၊ နိုင်ငံရေးဆိုင်ရာဆုံးရှုံးမှုဖြစ်ခြင်းကို လည်းကောင်း အမျိုးသားလုံခြုံရေးကိုထိပါး စေခြင်းများကိုလည်းကောင်း ဖြစ်စေပါသည်။ လိမ္မာပါးနပ်သော သူလျှိုများသည် ထိုကဲ့သို့သော အခွင့်အရေးများကို အမြဲချောင်းမြောင်းနေလေ့ရှိသည်။

ထို့ကြောင့် အရက်သောက်သုံးခြင်းအကျင့်သည် ပင်ကိုယ်မကောင်းမှုတစ်ရပ်ဖြစ်ရုံမျှမက အခြားမကောင်းမှု အပေါင်းကိုပါဖြစ်စေနိုင်ကာ လူများအား အဆိုးဝါးဆုံးသောပြစ်မှုများ ကျူးလွန်စေနိုင်ပါသည်။

အရက်သောက်သုံးခြင်း၏ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများမှာ အများသိပြီးဖြစ်ကြသည်။ ထို့အတူ နာမ်ပိုင်းဆိုင်ရာဆိုးကျိုးများသည်လည်း ထင်ရှားပြီးဖြစ်ပါသည်။ ဝိုင်အရက်သောက်သုံးခြင်း၏ အန္တရာယ်ဖြစ်မှုကို ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်မှာ’ **وَيَصُدَّكُمْ عَنْ ذِكْرِ اللهِ وَعَنِ الصَّلٰوةِ** ‘အသင်တို့ကို အလ္လာဟ်အရှင်မြတ်အား အောက်မေ့သတိရခြင်းမှလည်းကောင်း၊ ဆွလာသ်ဝတ်ပြုခြင်းမှလည်းကောင်း ပိတ်ပင် တားဆီးလေ၏။’ ထို့နောက် ကုရ်အာန်ကျမ်းတော်မြတ်က မေးမြန်းထားသည်မှာ ‘သို့ဖြစ်လေရာ အသင်တို့သည် (သေစာအရက် သောက်စားခြင်းနှင့် လောင်းကစားခြင်းမှ) ရပ်တန့်ကြမည်လော။?’ (၅း၉၁)

## ဝိုင်အရက်တားမြစ်ချက်အားအပြည့်အစုံရှုမြင်ချက်

ယခုအချိန်အထိ ကျွန်ုပ်တို့သည် ဝိုင်အရက်၏တရားမဝင်ခြင်းနှင့် ယင်းအား တားမြစ်ပိတ်ပင်ချက်နှင့် ပတ်သက်သော ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော် (၄)ပုဒ်ကို ဆွေးနွေးပြီးခဲ့ပေပြီ။ ကုရ်အာန်ကျမ်းတော်မြတ်၏ စူရတ်အလ်နဟ်လ်တွင်ပါဝင်သော မူယစ်ထုံထိုင်းစေသောအရာများအကြောင်းကို ဆွေးနွေးမှ လျော်ကန်သင့်မြတ်ပါလိမ့်မည်’ ထိုအာယသ်တော်ထဲတွင် တစ်မျိုးတစ်ဖုံတင်ပြထားသည်ကို သတိမူမှသာလျှင် ဝိုင်အရက်နှင့် မူးယစ်ထုံထိုင်းစေသောအရာများအကြောင်း ပြည့်စုံသည့် တစ်စုတစ်ဝေးတည်း ရည်ညွှန်းချက်ကို ရယူနိုင်ပေလိမ့်မည်။

အာယသ်တော်မှာ -

**وَمِنْ ثَمَرٰتِ النَّخِيْلِ وَالْاَعْنَابِ تَتَّخِذُوْنَ مِنْهُ سَكَرًا وَّرِزْقًا حَسَنًا ؕ**
**اِنَّ فِيْ ذٰلِكَ لَاٰيَةً لِّقَوْمٍ يَّعْقِلُوْنَ ○**

**"ထိုမှတစ်ပါး စွန်ပလွံပင်များ၏အသီးများ၌လည်းကောင်း၊ စပျစ်သီးများ၌လည်းကောင်း၊ အသင်တို့သည် ထိုအရာဖြင့် မူးယစ်စေသောအရာကိုလည်းကောင်း၊ ကောင်းမွန်သောစားကောင်းသောက်ဖွယ်ရာကိုလည်းကောင်း ဖြုတ်ပြုပ်ကြကုန်၏။ ဧကန်စင်စစ် ဤသည်၌ သိနားလည်ကြသောသူတို့အဖို့ အမှန်ပင် သက်သေသာဓက ရှိပေသည်။" (၁၆း၆၇)**

အထက်ဖော်ပြပါအာယသ်၏ ရှေ့အာယသ်များထဲတွင် အလ္လာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာများကြောင့် ထူးခြားသောနည်းစနစ်များမှတစ်ဆင့် လူသားများ၏ စားနပ်ရိက္ခာထုတ်လုပ်နိုင်ကြောင်း ဖော်ပြထားခဲ့သည်။ ယင်းအာယသ်တော်ထဲတွင် မိန့်ကြားထားသည်မှာ -

وَإِنَّ لَكُمْ فِي الْأَنْعَامِ لَعِبْرَةً ۖ نُّسْقِيكُم مِّمَّا فِي بُطُونِهِ مِن بَيْنِ فَرْثٍ
وَدَمٍ لَّبَنًا خَالِصًا سَائِغًا لِّلشَّارِبِينَ

**"ထိုမှတစ်ပါး ဧကန်စင်စစ် အသင်တို့အဖို့ ခြေလေးချောင်းသတ္တဝါများ၌ အမှန်ပင် သင်ခန်းစာရှိလေသည်။ ငါအရှင်မြတ်သည် အသင်တို့အား ၎င်း၏ဝမ်းဗိုက်အတွင်းရှိ အစာဟောင်းနှင့် သွေး၏အကြားမှ သန့်စင်၍ သောက်သုံးသူတို့အဖို့ အရသာရှိသော နို့ရည်ကို တိုက်ကျွေးတော်မူ၏။" (၁၆း၆၆)**

အာယသ်တော်ပါစာသားတွင် 'နုစ်ကီကုမ်'ဟူသောစကားလုံးသုံးထားပါသည်။ ယင်း၏ အဓိပ္ပာယ်မှာ 'ငါအရှင်မြတ်သည် အသင်တို့အား သောက်သုံးရန်နို့ရည်ကို ပေးအပ်တော်မူသည်'ဆိုသည်မှာ လူသားက နောက်ထပ်ပြုပြင် ပြင်ဆင်ရန်မလိုတော့ဘဲ အသင့်သောက်သုံးနိုင်ခြင်းကိုဆိုလိုသည်။ ဆက်၍အာယသ်တော်က မိန့်ကြားသည်မှာ လူသားသည် စားသုံးရန်အတွက်ပစ္စည်းများကို ရယူရုံမျှမက ထိုပစ္စည်းများမှတစ်ဆင့် ၎င်း၏အကျိုးအမြတ်ဖြစ်စေရန်လည်း လုပ်ဆောင်လေသည်။ ဤနေရာ၌ ညွှန်းနေသည်မှာ လူသားသည် ၎င်းအတွက် ရယူပြင်ဆင်ထားသည်မှာ တချို့အပိုင်းသည်စားသုံးရန်ဖြစ်၍ အချို့အပိုင်းသည်ကား ၎င်း၏အကျိုးအမြတ်ရရှိစေရေးအတွက်ဖြစ်လေသည်။

ထို့ကြောင့် လူသား၏အကြောင်းခံကြောင့် ပစ္စည်းများကိုနှစ်မျိုးနှစ်စားထုတ်လုပ်ထားခဲ့သည်။ တစ်မျိုးမှာ မူးယစ်စေသောဝိုင်အရက်ဖြစ်ပြီး နောက်တစ်မျိုးမှာ ကောင်းစွာအသင့်ပြင်ဆင်ထားသော အရာဖြစ်သည်။ ပမာဆိုသော် စွန်ပလွံပင်နှင့် စပျစ်ပင်မှရရှိသော စွန်ပလွံသီးနှင့် စပျစ်သီးများကို လတ်လတ် ဆတ်ဆတ်စားသုံးနိုင်သကဲ့သို့ အခြောက်လှမ်း၍သိမ်းဆည်းကာ နောက်မှသုံးစွဲနိုင်သည်။ အတိုချုပ်မှာ အလ္လာဟ် အရှင်မြတ်သည် အရှင်မြတ်၏ ပြီးပြည့်စုံသောဖန်ဆင်းမှုအရ လူသားကို စွန်ပလွံသီးနှင့် စပျစ်သီးများ စသော သစ်သီးဝလံကို ပေးသနားတော်မူပြီး အစားအစာအဖြစ် ယင်းတို့ကိုသုံးစွဲခွင့် ထပ်ဆောင်းပေးသနားထားသည်။ ထိုသစ်သီးဝလံများကို ပြုပြင်ပြင်ဆင်ထုတ်လုပ်မှုသည် လူသား၏ ရွေးချယ်မှုသာဖြစ်သည်။ ၎င်း၏ဆင်ခြင်တုံ တရားကို ပျက်စီးစေနိုင်သော မူးယစ်စေသောအရာအဖြစ် ပြုပြင်ပြင်ဆင်ထုတ်လုပ်နိုင်သကဲ့သို့ ခွန်အားဖြစ်စေရန်အတွက် အစားအစာအဖြစ်လည်း အသုံးချနိုင်သည်။ ဤရှင်းလင်းချက်အရဆိုလျှင် ဤအာယသ်တော်ကို မူးယစ်စေသော

ဝိုင်အရက် တရားဝင်ကြောင်းငြင်းခုံရန် အထောက်အကူအဖြစ် မသုံးစွဲနိုင်ပါ။ အကြောင်းကား ရိုးရှင်းပါသည်။ ဤနေရာ၌ ရည်ရွယ်သည်မှာ သဘာဝပေး လက်ဆောင် များကိုဖော်ပြရန်နှင့် ယင်းတို့ကို နည်းမျိုးစုံသုံးစွဲနိုင်ခြင်းဆိုသည်ကား အလွှာဟ်အရှင်မြတ်၏ ကောင်းချီးမင်္ဂလာ များသာလျှင်ဖြစ်ကြောင်းပင်တည်း။ ပမာဆိုသော် လူသားများစားသုံးသည့်အရာအားလုံးနှင့် ထိုအရာများမှ လူသား အကျိုးရှိစေရန် အသုံးပြုခဲ့သည်များကို စဉ်းစားကြည့်ပါ။ လူအများတို့သည် ထိုအရာများကို ခွင့်မပြုနိုင်သော နည်းလမ်းများဖြင့် အသုံးပြုကြပါသည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် ထိုအရာများကို မှားယွင်းစွာသုံးစွဲမိခြင်း ကြောင့် အလွှာဟ်အရှင်မြတ်၏ကောင်းချီးမင်္ဂလာ ပေးခံရခြင်းမှ တားဆီးပိတ်ပင်ခံရခြင်းမဖြစ်စေပါ။ ထို့ကြောင့် အာယသ်တော်ထဲ၏ စာသားထဲတွင် မည်သည့်သုံးစွဲနည်းသည် ခွင့်ပြု၍ မည်သည့်သုံးစွဲခြင်းသည် ခွင့်မပြု ဟူသော အသေးစိတ်ကိုရှင်းပြရန်မလိုချေ။ သို့ရာတွင် ဤအဆိုအမိန့်တွင်သိမ်မွေ့သော အညွှန်းတစ်ခုပါဝင်သည်။ အကယ်၍ 'စကာရ်' မူးယစ်စေသော အရာနှင့် 'ရိဇ်ကန် ဟစနာ'ကောင်းစွာ အသင့်ပြင်ဆင်ထားသောအရာဟူသော စကားလုံးနှစ်လုံးကို တစ်ခုနှင့်တစ်ခု ထိမ်းညှိထားပုံ အား ထောက်ရှုလျှင် မူးယစ်စေသောအရာသည် ကောင်းစွာ အသင့်ပြင်ဆင်ထားသောအရာမဟုတ်ကြောင်း သိမြင်နိုင်ပါသည်။ အကျယ်ဖွင့်ဆိုသူအများစုက 'စကာရ်'ဟူသော စကားလုံးသည် မူးယစ်စေသောအရာကို ဆိုလိုကြောင်း အဓိပ္ပာယ်ကောက်ယူကြသည်။ (ရှူဟုလ်မအာနီ၊ ကုရ်တုဗီနှင့် ဂျဆ်ဆွားဆ်)

အုမ္မသ်ထု၏ အများညီဆုံးဖြတ်ချက်အရဆိုလျှင် အာယသ်တော်များသည် မက္ကီအာယသ်ဖြစ်ပြီး ဝိုင်အရက်တရားမဝင်ကြောင်းကိုမူ မဒီနဟ်အလ်တို့ငါယိဗဟ်တွင် နောက်မှကျရောက်ခဲ့ပါသည်။ ဤအာယသ်တော်များကျရောက်ချိန်တွင် ဝိုင်အရက်တရားဝင်ဖြစ်နေပြီး မုစ်လင်မ်များသည်လည်း ဝိုင်အရက်ကို အများအားဖြင့် သောက်သုံးလေ့ရှိကြပါသည်။ ထိုအချိန်မှာပင် အာယသ်တော်ထဲ၌ ဝိုင်အရက် သောက်သုံးခြင်း မကောင်းကြောင်း ညွှန်းထားသည်။ နောက်ပိုင်းတွင် ကုရ်အာန်ကျမ်းတော်မြတ် အမိန့်အရ ဝိုင်အရက်တရားမဝင်ကြောင်း ရှင်းလင်း၍ တင်းကြပ်စွာပိတ်ပင်ခဲ့သည်။

## လောင်းကစားမှုကိုတားမြစ်ခြင်း

'မိုင်စိရ်'ဟူသောစကားလုံး၏ ဝေါဟာရအဓိပ္ပာယ်အရ ဖြန့်ဖြူးရန်ဟုဆိုလိုသည်။ ဖြန့်ဖြူးသူကို 'ယာစိရ်'ဟုခေါ်သည်။ အမှောင်ခေတ်က အရေးဗီးယားတွင် ကစားနည်းမျိုးစုံရှိခဲ့သည်။ ကစားနည်းတစ်မျိုးကား ကုလားအုတ်တစ်ကောင်ကိုသတ်ဖြတ်၍ အသားများ၏ဝေစုဝေပုံကို လောင်းကစားနည်းဖြင့်ဆုံးဖြတ်လေ့ရှိကြသည်။ အချို့သည် ဝေစုအများအပြားရရှိပြီး အချို့ကား တစ်စုမျှမရကြချေ။ ဝေစုမရသူများသည် ကုလားအုတ်တစ်ကောင်လုံးအတွက် တန်ဖိုးပေးကြရသည်။ ကုလားအုတ်အသားများကို ဆင်းရဲသားများအားဝေငှလိုက်၍ ၎င်းတို့ကိုယ်တိုင်မှာမူမယူကြပါ။ ဤကစားနည်းမျိုးသည် လောင်းကစားသူများ၏ လူသားချင်းစာနာထောက်ထားသည့်စိတ်ဓါတ်ကိုပြသရာရောက်ပြီးတစ်ချိန်တည်းတွင် ဆင်းရဲနွမ်းပါးသူများအား အကျိုးရှိစေခြင်းသည် စွဲငြိဖွယ်ကောင်းလေသည်။ ထို့ကြောင့် ဤကစားနည်းကို ၎င်းတို့အတွက် ဂုဏ်တက်စေသောအရာဟုမှတ်ယူခဲ့ပါသည်။ ဤကစားနည်းတွင်မပါဝင်သော သူကို ကပ်စေးနဲသူအဖြစ်လည်းကောင်း၊ မွဲတေသူအဖြစ်လည်းကောင်း ပြစ်တင်ရှုတ်ချကြသည်။

ထိုသို့ဝေငှခြင်းနှင့်သက်ဆိုင်၍ 'ကီမရ်'ကို 'မိုင်စိရ်'ဟု အမည်ပေးထားသည်။ ဆွဟာဗဟ် သာဝကကြီးများနှင့်

သာဗိအိန်များ အညီအညွတ်ရှုမြင်ကြသည်မှာ 'မိုင်စိရ် 'ဟူသောစကားလုံးသည် 'ကီမာရ်'(လောင်းကစားခြင်းမျိုးစုံ) ပါဝင်၍ အားလုံးသည် ဟရာမ်တရားမဝင်ချေ။ အိဗ်နီ ကဆီးရ်က သူ၏သဖိစိရ်တွင်လည်းကောင်း၊ အလ် ဂျဆ်ဆွားဆ်ွက အဟ်ကာမ်မုလ်ကုရ်အာန်တွင်လည်းကောင်း တင်ပြထားသည်မှာ ဆွဟာဗဟ်သာဝကကြီးများ ဖြစ်ကြသော အဗ်ဒုလ်လာဟ်အိဗ်နိအဗ္ဗား၏ အိဗ်နိအုမရ်၊ ကသာဒဟ်၊ မုအာဝိယဟ်၊ အိဗ်နိဆာလိဟ်၊ အသွာနှင့် သာအ်ဝုဇ်တို့က မိန့်ကြားသည်မှာ **المیسر القمار حتی لعب الصبیان بالکعاب والجوز** 'အမျိုးမျိုးသော ကီမာရ်သည် မိုင်စိရ်ဖြစ်သည်။ ကလေးများကစားသည့်အံစာတုံးများနှင့် အစေ့များပင်ပါဝင်ပါသည်။

စိုက်ယိဒိနာ အိဗ်နိအဗ္ဗားစ်က မိန့်ကြားသည်မှာ **ألمخاطرة من القمار** မုခါသွရဟ် တစ်စုံတစ်ရာကို လောင်းကြေးထပ်ပါက ကီမာရ်နှင့်အကျုံးဝင်ပါသည်။ (ဂျဆ်ဆွားဆ်ွ) အိဗ်နိစီရိမ်က မိန့်ကြားသည်မှာ လောင်းကြေး ပါဝင်ပတ်သက် ပါက မိုင်စီရ်တွင် အကျုံးဝင်သွားသည်။ (ရှဖုလ်ဗယာန်)

မုခါသွရဟ် (သို့) လောင်းကြေးသည် အနိုင်အရှုံးဖြစ်စေသော ကိစ္စရပ်ဖြစ်သည်။ ကံကောင်းပါက အကျိုး အမြတ်ရနိုင်သကဲ့သို့ ဘာမျှလည်းမရရှိခြင်းလည်းဖြစ်နိုင်သည်။ ခေတ်သစ်ထီများနှင့် အလွန်တူကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။ ဤနည်းမျိုးစုံတို့သည် ကီမာရ်နှင့်မိုင်စိရ် (သို့) လောင်းကစားခြင်းတွင် အကျုံးဝင်၍ အားလုံး ဟရာမ်ဖြစ်သည်။ ထို့ကြောင့် မိုင်စိရ် (သို့) ကီမာရ် (သို့) လောင်းကစားခြင်းကို အဓိပ္ပာယ်ဖော်ထားသည်မှာ ဖြစ်နိုင်မဖြစ်နိုင် မသေချာသည့်ကိစ္စရပ်ပေါ်မူတည်၍ ပြုလုပ်သော အပြုအမူဖြစ်သည်။ ရှုံးခြင်းနိုင်ခြင်း နှစ်မျိုး စလုံးရှိနိုင်၍ နိုင်လျှင် အကျိုးအမြတ်ရကာရှုံးလျှင် ဆုံးရှုံးသွားခြင်းကိုခေါ်သည်။ (ရှာမီ၊ ကီသာဗုလ်ဟဇရ် ဝလ်အိဗါဟဟ်၊ အတွဲ-၅၊ စာ-၃၅၅) ဥပမာအားဖြင့် ဒဏ်ကြေးသည် A ပေါ်တွင် ကျရောက်နိုင်သကဲ့သို့ B ပေါ်တွင် လည်း ကျရောက်နိုင်ချေရှိသည်။

အချုပ်ဆိုရသော် စည်းမျဉ်းစည်းကမ်းကား ပစ္စုပ္ပန်ကာလ (သို့) အတိတ်ကာလ (သို့) အနာဂတ်ကာလ တို့တွင် ပေါ်ပေါက်ခေတ်စားခဲ့သော နည်းမျိုးစုံတို့ကို မိုင်စိရ်၊ ကီမာရ်နှင့် လောင်းကစားခြင်းဟု သတ်မှတ်ခေါ်ဝေါ် ရလိမ့်မည်ဖြစ်သည်။ ပါဝင်ဆင်နွှဲသူများအား အဖိုးအခယူကာဆုပေးသည့် အကွာရာပဟေဠိ ပြိုင်ပွဲများ၊ ထီများနှင့် အများသိပြီးသော နည်းလမ်းအဖုံဖုံတို့သည်လည်း လောင်းကစားခြင်းတွင် အကျုံးဝင်သွား သည်။ သို့သော်လည်း အချို့သောကိစ္စရပ်ကို လုပ်ဆောင်နိုင်ပါက ဆုပေးမည်ဟု တဘက်သတ်ကမ်းလှမ်းလာသော အခါ ဝင်ရောက် ဆင်နွှဲပါက ပြဿနာမရှိချေ။ အဘယ့်ကြောင့်ဆိုသော် ဝင်ရောက်ဆင်နွှဲသူထံမှ အဖိုးအခမယူသော ကြောင့်ဖြစ် သည်။ အကြောင်းမှာ ဤကိစ္စနှစ်ရပ်တွင် ပါဝင်ဆင်နွှဲသူမှာ ဆုံးရှုံးနစ်နာမှုမရှိဘဲ အကျိုးအမြတ်သာ ရရှိနိုင်သော ကြောင့်ဖြစ်သည်။

ထို့ကြောင့် အရှုံးအနိုင်အတွက် ငွေကြေးကိုဖြစ်စေ၊ ပစ္စည်းဥစ္စာများကိုဖြစ်စေ လောင်းကြေးအဖြစ်ထားကာ ကစားသော စစ်တုရင်၊ ကြွေအံပစ်ခြင်းနှင့် အလားတူကစားနည်းမျိုးများသည် တရားမဝင်ကြောင်း ကြေညာခဲ့သည် ကို စစ်မှန် ခိုင်လုံဟဒီးဆ်တော်များတွင်လာရှိသည်။ လောင်းကြေးငွေနှင့် ဖဲကစားခြင်းသည်လည်း မိုင်စိရ်တွင် အကျုံးဝင်သည်။

ဆွဟာဗဟ်သာဝကကြီး ဗုရိုင်ဒဟ်(ﷺ)သခင်၏ဆင့်ပြန်ချက်တစ်ရပ်ကို ရှားဟီးဟ်မုစ်လင်မ်တွင် ဖော်ပြထားသည်။ တမန်တော်မြတ်(ﷺ)သခင်မိန့်ကြားခဲ့သည်မှာ ကြွေအံကစားသူတစ်ဦးသည် ဝက်သွေးနှင့်

ဝက်သားဖြင့် မိမိလက်ကို အရောင်ဆိုးသူနှင့် အလားသဏ္ဌာန်တူသည်။ စိုက်ယိဒိနာအလီ(رضى الله عنه)သခင် မိန့်ကြားသည်မှာ စစ်တုရင်ကစားခြင်းသည် မိုင်စိရ်တွင် အကျုံးဝင်၍ လောင်းကစားခြင်းဖြစ်သည်။ စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိ အုမ်ရ်(رضى الله عنه)သခင်က မိန့်ကြားသည်မှာ စစ်တုရင်လောင်းကစားခြင်းသည် ကြွေအံကစားသည်ထက် သာပိုဆိုးဝါးသည်။ (သဖ်စိရ် အိဗနိ ကဆီရ်)

အစ္စလာမ်သာသနာအစောပိုင်းကာလများတွင် လောင်းကစားခြင်းသည် အရက်သောက်ခြင်းကဲ့သို့ ခွင့်ပြုထားခဲ့သည်။ **غُلِبَتِ الرُّوْمُ** 'အာယသ်တော်နှင့်အစချီထားသော စူရတ်အလ်ရူးမ် ကျရောက်ခဲ့သောအခါ ကုရ်အာန် ကျမ်းတော်မြတ်ထဲတွင် ဗိုင်ဇန်တိုင်းလူမျိုးများသည် မိမိတို့၏ရန်သူများဖြစ်သော ပါရှန်းလူမျိုးတို့ကို စစ်ရှုံးခဲ့သော်လည်း နှစ်အနည်းငယ်အတွင်း ဗိုင်ဇန်တိုင်းလူမျိုးများ တစ်ဖန်ပြန်လည် အောင်ပွဲဆင်နိုင်လိမ့်မည်ဟု ကြိုတင်မိန့်ဆိုထားသည်။ မက္ကာဟ်မြို့ရှိ မယ်ုကြည်သွေဖည်ငြင်းပယ်သူများက ယင်း ကြိုတင်မိန့်ကြားချက်ကို ငြင်းဆိုခဲ့သောအခါ စိုက်ယိဒိနအဗူဗကရ် အလ်ဆွစ်ဒီးက်(ﷺ)သည် ရှုံးသောသူက မည်ရွေ့ မည်မျှပေးရမည်ဟူသောအဆိုပြုချက်ဖြင့် ကီမာရ်ကဲ့သို့သော အလောင်းအစားပြုလုပ်ခဲ့ပါသည်။ လောင်းကြေးကို အတည်ပြုလက်ခံခဲ့ကြသည်။ ကုရ်အာန် ကျမ်းတော်မြတ်၏ ကြိုတင်မိန့်ကြားချက်အတိုင်း အမှန်တကယ်ဖြစ်ပေါ် လာသောအခါတွင် စိုက်ယိဒိနာ အဗူဗကရ်(ﷺ)သခင်သည် မယ်ုကြည်သွေဖည်ငြင်းပယ်သူများထံမှ လောင်းကြေးငွေ ကို ယူဆောင်ကာ တမန်တော်မြတ် (ﷺ)သခင်ထံ လာခဲ့သည်။ တမန်တော်မြတ်(ﷺ)သခင်က ဤကိစ္စရပ်အပေါ်မှာ ဝမ်းသာကြောင်းမိန့်ဆို၍ အဗူဗကရ်သခင်အား လောင်းကြေးငွေများကို လျှုဒါန်းပစ်ရန်မိန့်ကြားခဲ့သည်။ ဤသည်မှာ ထူးခြားပေသည်။ အဘယ့်ကြောင့်ဆိုသော် နောင်တွင် ခွင့်မပြုတော့မည့်ကိစ္စရပ်တစ်ခုတွင် တမန်တော်မြတ်(ﷺ)သခင်သည် ဝိုင်အရက်နှင့်လောင်းကစားခြင်းမှ အမြဲတမ်းကင်းကင်းရှင်းရှင်းနေခဲ့ပြီး ဆွဟာဗဟ်သာဝကကြီးအချို့သည်လည်း ယင်းကိစ္စရပ်များမှကင်းရှင်းစွာနေခဲ့ကြသည်။ ဆင့်ပြန်ချက်တစ်ရပ်တွင်လာရှိသည် မှာ ကောင်းကင်စေတမန်ကြီး ဂျိဗ်ရာအီလ်(عليه السلام)က တမန်တော်မြတ်(ﷺ)သခင်ထံ အလ္လာဟ်အရှင်မြတ်သည် ဂျအ်ဖရ်အလ် တို့ငါယရ်တွင် ရှိသော စာရိတ္တ(၄)ရပ်ကို နှစ်သက်တော်မူကြောင်း မိန့်ကြားခဲ့သည်။ တမန်တော်မြတ် (ﷺ)သခင်က စိုက်ယိဒိနာ ဂျအ်ဖရ်အလ်တို့ငါယရ်ကို ယင်း(၄)ရပ်မှာ မည်သည်ဖြစ်ကြောင်းမေးမြန်းခဲ့သည်။ ဆွဟာဗဟ်ကြီးက လျှောက်ထားသည်မှာ ကျွန်တော်မျိုးသည် ဤကိစ္စနှင့်ပတ်သက်၍ မည်သူ့ကိုမျှ ယခင်က မပြောကြားခဲ့ဘူးပါ။ ယခုကျွန်တော်သည် အလ္လာဟ်အရှင်မြတ်က တမန်တော်မြတ်အား မိန့်ကြားခဲ့သောကြောင့် ထို(၄)ရပ်အကြောင်း ပြောကြားပါမည်။

(၁) ဝိုင်အရက်သည် ဆင်ခြင်တုံတရားကို ပျက်စီးစေကြောင်းတွေ့ရ၍ ထိုဝိုင်အရက်အနား ကျွန်ုပ် မည်သည့်အခါမျှ မချဉ်းကပ်ပါ။

(၂) ရုပ်ထုများကိုးကွယ်ခြင်းသည် မည်သူ့ကိုမျှ အကျိုးအမြတ်ဖြစ်စေခြင်းကိုလည်းကောင်း ဘေးအန္တရာယ်ဖြစ်စေခြင်းများကိုလည်းကောင်း မတွေ့ရ၍ အမှောင်ခေတ်ကတည်းကပင်လျှင် ကျွန်တော်သည် ရုပ်ထုကိုးကွယ်ခြင်း မပြုလုပ်ခဲ့ပါ။

(၃) ကျွန်တော်သည် ဇနီးနှင့်သမီးများ၏ ဂုဏ်သိက္ခာနှင့်ပတ်သတ်လာလျှင် အထူးအလေးထားသောကြောင့် ကာမေသုမိစ္ဆာရက် မကျူးလွန်ခဲ့ပါ။

(၄) ထို့နောက် လိမ်လည်ပြောဆိုခြင်းသည် အထိမ်းအကွပ်မဲ့သော အောက်တန်းကျခြင်းနှင့် ဆိုးဝါးစွာသိက္ခာကျခြင်းဖြစ်ကြောင်း ကျွန်တော်သိရ၍ အမှောင်ခေတ်ကပင်လျှင် ကျွန်တော်လိမ်မပြောခဲ့ပါ။ (ရူဟုလ်ဗယာန်)

## လောင်းကစားခြင်း၏ လူမှုဆိုင်ရာ ဆိုးကျိုးများ

ကုရ်အာန်ကျမ်းတော်မြတ်သည် ဝိုင်အရက်နှင့်ပတ်သက်၍လည်း မိန့်ကြားခဲ့သည်။ မိန့်ကြားချက်ထဲတွင် ကောင်းကျိုးအချို့ရှိသော်လည်း လောင်းကစားခြင်းကြောင့်ဖြစ်ပေါ်သည့် ကြီးမားသောအန္တရာယ်သည် ထိုကောင်းကျိုးထက် ပိုကြောင်းပါရှိသည်။ ဤကဲ့သို့ ရရှိသောအကျိုးကား တခဏချင်း၌ပင် သူတောင်းစားတစ်ဦးအား သန်းကြွယ်သူဌေးအဖြစ်ရောက်ရှိစေနိုင်သည်ကို လူတိုင်းသိကြပါသည်။ သို့ရာတွင် စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာ၌ ဤအလေ့အကျင့်သည် မည်မျှဆိုးဝါးကြောင်း လူအနည်းငယ်သာသိကြသည်။

အတိုချုပ်ပြောရလျှင် လောင်းကစားခြင်းတွင် လူတစ်ဦး၏အနိုင်ရရှိခြင်းသည် အခြားလူတစ်ဦး၏ အရှုံးပေါ်တွင် တည်မှီနေသည်။ အနိုင်ရသူ၏ စုစုပေါင်းအကျိုးအမြတ်ရရှိခြင်းသည် ရှုံးနိမ့်သူ၏ စုစုပေါင်းဆုံးရှုံးခြင်း၏ ရလဒ်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဤအနိုင်အရှုံးသည် တိုင်းပြည်၏ဥစ္စာဓနကိုဖြစ်စေ၊ ထုတ်လုပ်မှုကိုဖြစ်စေ မတိုးပွားစေပါ။ ဓနဥစ္စာပမာဏမှာ မပြောင်းလဲဘဲရှိပါသည်။ ဤကဲ့သို့သောလောင်းကစားခြင်းမျိုးတွင် တစ်စုံတစ်ဦးသည် ၎င်း၏ဥစ္စာဓနများ အခြားသူတစ်ဦးထံရောက်ရှိ၍ မွဲပြာကျသွားပါသည်။ ထို့ကြောင့် ကီမာရ် (သို့) လောင်းကစားခြင်းသည် လူတစ်ဦးတစ်ယောက်၏ ပျက်စီးရာပျက်စီးကြောင်းနှင့် လူသား၏ အကျင့်စာရိတ္တဆုံးပါးစေခြင်းပင်ဖြစ်သည်။ လူသားတစ်ဦးသည် အများ ကောင်းကျိုးလုပ်ဆောင်သည့် ကိုယ်စားလှယ်တစ်ဦးဖြစ်ကာ စွန့်လွှတ်မှုကြင်နာမှုနှင့် စာနာမှုရှိရမည့်အစား၊ လောင်းကစားမှုကြောင့် တိရစ္ဆာန်အဆင့်သို့လျော့ကျသွားသည်။ ၎င်းညီနောင်များဘဝပျက်အောင် စတင်ပြုလုပ်လာကာ၊ ညီနောင်များဒုက္ခရောက်ခြင်းအပေါ်တွင် ကျေနပ် နှစ်သက်လာ၍ ထိုသူတို့၏ဆုံးရှုံးမှုပေါ်တွင် အကျိုးအမြတ် ရှာလာသည်။ ၎င်း၏အရည်အချင်းများကို အတွဆန်မှုတွင် အသုံးပြုလာခဲ့သည်။ ဤသည်နှင့်ဆန့်ကျင်သည်မှာ ရောင်းဝယ်ဖောက်ကားမှုတွင် နှစ်ဦးနှစ်ဖက် ရောင်းခြင်း ဝယ်ခြင်းမှတစ်ဆင့် အကျိုးအမြတ်ရှိစေရန် ခွင့်ပြုထားသော နည်းလမ်းများရှိပါသည်။ ထို့ကြောင့် ရောင်းဝယ် ဖောက်ကားခြင်းသည် ပစ္စည်းများဖလှယ်ခြင်းမှတစ်ဆင့် ဥစ္စာဓနသည် လည်ပတ်ကာတိုးပွားလာပါသည်။ ယင်းမှ ရောင်းသူကောဝယ်သူပါ နှစ်ဦးနှစ်ဝအကျိုးအမြတ်ရှိလာသည်ကို တွေ့ရသည်။

လောင်းကစားခြင်းသည် အန္တရာယ်ကြီးမားသည်။ အဘယ့်ကြောင့်ဆိုသော် အလောင်းအစားတွင် စွဲနေသူသည် စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းမှုမှကင်းကွာကာ ကြိုးပမ်းလုပ်ဆောင်မှုမရှိဘဲနှင့် အခြားသူထံမှ ပစ္စည်းဥစ္စာများကို လောင်းကစားခြင်းဖြင့် ရယူနိုင်ရေးကိုသာ တွေးတောနေသည်။ အချို့သော ပညာရှင်များက လောင်းကစားခြင်းကို 'မိုင်စိရ်'ဟုခေါ်သည်မှာ အခြားသူတစ်ဦး၏ ပိုင်ဆိုင်ပစ္စည်းကို လောင်းကစား ခြင်းမှတစ်ဆင့် လွယ်လင့်တကူရယူပိုင်ဆိုင်နိုင်သောကြောင့်ဖြစ်သည်။ 'မိုင်စိရ်'ဟူသောစကားလုံးသည် 'ယုစ်ရ်'ဟူသောစကားလုံးမှ ဆင်းသက်လာ၍ အဓိပ္ပာယ်မှာ လွယ်ကူမှုရှိခြင်းဟုရသည်။ လောင်းကစားမှုတွင် အနည်းစုဖြစ်သော လူနှစ်ဦး (သို့) ၄-ဦးသာ ပါဝင်သော်လည်း အထက်ဖော်ပြပါဆိုးကျိုးများသည် သူတို့အတွက် ရှင်းလင်းနေကြောင်းပြသပါသည်။ အပေါ်ယံကြည့်တတ်ကာ အဆုံးတွင် မည်သည့်အကျိုးဆက်ရမည်ဟူသည်ကို ထိုးထွင်းမသိမြင်သောသူများက တိုးတက်ပါသည်ဟုခေါ်သော ဤခေတ်ကြီးထဲတွင် ဝိုင်အရက်အမျိုးမျိုးကို နာမည်အသစ်တံဆိပ်အသစ်နှင့် အမြဲတစေပေါ်ပေါက်စေသကဲ့သို့လည်းကောင်း၊ လုံခြုံသည့်ဘဏ်လုပ်ငန်းဟု အမည်တပ်ကာ ကိုယ်ကျိုးအတွက် လုပ်ငန်းဆိုင်ရာနည်းသစ်များတီထွင်၍ အမြဲသစ်ဆန်းသောအတိုးပုံစံသစ်များပေါ်ပေါက်စေသကဲ့သို့လည်းကောင်း၊

လောင်းကစားခြင်းတွင်လည်း ထောင်ပေါင်းများစွာသော မဝီပြင်ဝိုးတဝါးသော လောင်း ကစားနည်းပုံစံများဖြင့် ငွေကြေးရှာဖွေခြင်းများပေါ်ပေါက်ခဲ့ပါသည်။ အချို့သော အထက်ပါနည်းလမ်းများသည် အလွန်အဆင့်မြင့်၍ စုပေါင်းလုပ်ဆောင်ထားမှုကြောင့် တစ်တိုင်းတစ်ပြည်လုံးပါဝင်ပတ်သက်လာသော အနေအထားသည် တစ်စတစ်စတိုးပွားလာပါသည်။ ဆုံးရှုံးမှုဖြစ်ပေါ်လာသောအခါတွင် လူတိုင်းက မျှဝေခံကြရသဖြင့် ဆုံးရှုံးမှုသည် ပေါ်လွင်ထင်ရှားမလာပါ။ ဤကဲ့သို့ အကျိုးအမြတ်များအားလုံးစုစုပေါင်းသည် တစ်ဦးတစ်ယောက်ထံ ရောက်ရှိသွားသောအခါ ထိုကိစ္စသည် ပေါ်လွင်ထင်ရှားလာသည်။ ထို့ကြောင့် လူသားအားလုံးသည် တစ်ဦးတည်း၏ ပိုင်ဆိုင်ရရှိမှုကိုမြင်ကြရ၍ တစ်တိုင်းပြည်လုံး (သို့) တစ်မျိုးသားလုံး၏ စုပေါင်းဆုံးရှုံးမှုကိုကား မတွေ့မြင်ရချေ။ အကျိုးဆက်အားဖြင့် လူတို့သည် နည်းလမ်းသစ်များကို တရားဝင်သည်ဟု ယုံကြည်ကြသည်။ သို့သော်လည်း လူနှစ်ယောက် (သို့) လေးယောက်သာ ကစားသော ဤလောင်းကစားမှုတွင် အထက်ပါအားလုံးသောဆိုးကျိုးများ ပါဝင်သည်။ အခြားရှုထောင့်မှကြည့်ခဲ့လျှင် ဤအတိုင်းအတာကြီးမားသော လောင်းကစားခြင်းအားဖြင့် ထိခိုက်နစ်နာမှုဖြစ်စေခြင်းသည် လောင်းကစားနည်းလမ်းဟောင်းများထက် ပိုမိုဆိုးဝါးစေသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းဆိုးကျိုးများသည် များစွာအကျိုးသက်ရောက်သဖြင့် တစ်မျိုးသားလုံး၏ ပျက်စီးခြင်းသို့တိုင်ရောက်စေပါသည်။

သက်သေအဖြစ် ဤလက်တွေ့လုပ်ဆောင်မှု၏ သဘာဝရလဒ်သည် လူအများစု၏ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုများသည် တဖြည်းဖြည်းလျော့နည်းသွားကာ အရင်းရှင်အချို့လက်တွင် တဖြည်းဖြည်းသွားရောက်စုပုံတိုးပွားနေလိမ့်မည်။ မလွဲမရှောင်သာပင် အမျိုးသားထုတစ်ရပ်လုံး၏ အရင်းအနှီးဥစ္စာဓနများသည် လျော့နည်းသွားကာ လူနည်းစုလက်ထဲတွင် သွားရောက်စုပုံ၍လည်းကောင်း၊ မိသားစုအနည်းငယ်၏လက်ထဲတွင် စုပုံ၍လည်းကောင်း ရောက်ရှိသွားလိမ့်မည်။ ဤအချင်းအရာကို စတော့စျေးကွက်တွင်လည်းကောင်း၊ အခြား ကီမားရိန်းမျိုးစုံတွင်လည်းကောင်း နေ့စဉ်တွေ့မြင်နိုင်ပါသည်။ အစ္စလာမ်သာသနာ့ စီးပွားရေးနည်းဗျူဟာတွင် ယင်း၏ကိုယ်ပိုင်အရေးကြီးသည့်စည်းမျဉ်းစည်းကမ်းတစ်ရပ်ရှိပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ဥစ္စာဓနများသည် လူနည်းစုအရင်းရှင်များထံ စီးဝင်ရောက်ရှိစေသော လုပ်ရပ်တိုင်းသည် 'ဟရာမ်'တရားမဝင်၊ ပိတ်ပင်တားမြစ်ထားသည်ဟု အစ္စလာမ်သာသနာက ကြေညာထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်မှာ ဥစ္စာဓနခွဲဝေရာတွင် စည်းမျဉ်းစည်းကမ်းကို **كَيْلَا يَكُونَ دُولَةً بَيْنَ الْأَغْنِيَاءِ مِنْكُمْ** (ယင်းလက်ရပစ္စည်းများသည် အသင်တို့အနက် ကုံလုံကြွယ်ဝသောသူတို့၏ အကြားခွဲသာ လည်နေသောပစ္စည်းများ မဖြစ်စေရန်ပင်။ (၅၉း၇))ဟူ၍ မိန့်မြွက်ထားသည်။ ဆိုလိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်က စစ်နိုင်၍ရသောပစ္စည်းများ အလွှာလိုက်ခွဲဝေပေးသော စည်းမျဉ်းစည်းကမ်း ချမှတ်ခြင်း၏ ရည်ရွယ်ချက်မှာ ဥစ္စာဓနများသည် လျော့နည်းမသွားဘဲ လူနည်းစု အရင်းရှင်များလက်ထဲစုပုံမသွား စေရေးသေချာရန် ရည်ရွယ်ခြင်းဖြစ်သည်။

လောင်းကစားခြင်းသည် ဝိုင်အရက်သေစာကဲ့သို့ပင် တစ်ဦးနှင့်တစ်ဦး အငြင်းအခုံဖြစ်ကာ ရန်ငြိုးထားခြင်း မုန်းတီးခြင်းများ ဖြစ်စေ၍ ယဉ်ကျေးသောလူမှုအသိုင်းအဝိုင်းတွင် အလွန်ဆိုးဝါးစေသော အကြောင်းများဖြစ်စေသည်။ ထပ်၍ တစ်ကြိမ်ကိုးကားရမည်ဆိုလျှင် ကုရ်အာန်ကျမ်းတော်မြတ်က လောင်းကစားခြင်း၏ ဆိုးကျိုးများကို အောက်ပါ စကားလုံးများဖြင့် ဖော်ညွှန်းထားသည်။

اِنَّمَا يُرِيْدُ الشَّيْطٰنُ اَنْ يُّوْقِعَ بَيْنَكُمُ الْعَدَاوَةَ وَالْبَغْضَآءَ فِى الْخَمْرِ وَالْمَيْسِرِ
وَيَصُدَّكُمْ عَنْ ذِكْرِ اللّٰهِ وَعَنِ الصَّلٰوةِ

**"မုချကေန်ရှိုက်တွာန်မိစ္ဆာကောင်သည် သေစာအရက် (ကိုသောက်စားစေခြင်း) ဖြင့်လည်းကောင်း၊ လောင်းတမ်းကစားစေခြင်းဖြင့်လည်းကောင်း၊ အသင်တို့၏ စပ်ကြားဝယ် ရန်ငြိုးပွားမှုကိုလည်းကောင်း၊ မုန်းတီးမှုကိုလည်းကောင်း၊ ဖန်တီးရန်နှင့်အသင်တို့ကိုအလွှာဟ်အရှင်မြတ် အား အောက်မေ့သတိရခြင်းမှ လည်းကောင်း၊ဆွလာသ်ဝတ်ပြုခြင်းမှလည်းကောင်း ပိတ်ပင်တားဆီးရန် သာလျှင် ကြံစည်လျက်ရှိ၏။" (၅း၉၁)**

လောင်းကစားခြင်း၏အကျိုးမှာ ဝိုင်အရက်သေစာကဲ့သို့ပင်ဖြစ်သည်။ တစ်စုံတစ်ဦးသည် ယင်းကိစ္စတွင် မဆင်မခြင် ပါဝင်ခဲ့ပါလျှင် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်းနှင့် အလွှာဟ်အရှင်မြတ်အား အောက်မေ့တသခြင်းတို့တွင် မပါဝင်နိုင်တော့ချေ။ ထို့ကြောင့်ပင် ကုရ်အာန်ကျမ်းတော်မြတ်က လောင်းကစားခြင်းနှင့် ဝိုင်အရက်သေစာကို ယှဉ်တွဲ၍ တူညီသည့်သဏ္ဌာန်ဖြင့် ရွေးချယ်ဖော်ပြထားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ကီမာရ် (သို့) လောင်းကစားခြင်းသည် ယစ်မူးစေ၍ ဆွဲဆောင်တတ်ကာ ယင်းကြောင့် ၎င်းအတွက်အကောင်းအဆိုး ဂရုမမူနိုင်တော့ပါ။

အထက်တွင် တစ်စိတ်တစ်ပိုင်းဖော်ပြထားသကဲ့သို့ လောင်းကစားခြင်းတွင် အခြေခံဆိုးကျိုးမှာ တစ်စုံတစ်ဦးသည် ညီရင်းအစ်ကိုစိတ်နှင့် စဉ်းစားဆင်ခြင်၍သော်လည်းကောင်း၊ မည်သည့်သင့်တင့်မျှတသော လျော်ကြေးမျှမပါဘဲနှင့်သော်လည်းကောင်း ဤနည်းလမ်းမျိုးဖြင့် အခြားသူတစ်ပါးပိုင်ဥစ္စာပစ္စည်းများကိုမှားယွင်းစွာ လောဘတကြီးရယူနိုင်ခြင်းပင်ဖြစ်သည်။ ထို့အတွက်ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါစကားလုံးများနှင့် တားမြစ်ထားသည်။

لَا تَأْكُلُوْٓا اَمْوَالَكُمْ بَيْنَكُمْ بِالْبَاطِلِ

**"အသင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးပစ္စည်းကို တစ်ဦးက မတရားသော နည်းဖြင့် မစားသုံးကြကုန်လင့်။" (၂း၁၈၈)**

လောင်းကစားခြင်းသည် အိမ်ထောင်တော်တော်များများကို ပျက်စီးစေတတ်ကာ ယင်း၏ဆိုးကျိုးသည် လောင်းကစားသူတစ်ဦးတွင်သာ ကျရောက်သည်မဟုတ်ချေ။ ထိုဆိုးကျိုးများသည် ၎င်း၏မိသားစုအသိုက်ဝန်းတွင် ပျံ့နှံ့သွားကာ ၎င်းနှင့်ကုန်ရောင်းကုန်ဝယ်လုပ်သူများ၊ ကန်ထရိုက်လုပ်သူများ၊ ငွေကြေးချေးခြင်းကိစ္စလုပ်ကိုင်သူများအားလုံးပင် ထိခိုက်စေပါသည်။

နောက်ဆုံးတွင် လောင်းကစားခြင်းမျိုးစုံပေါ်တွင် စွဲငြိခြင်း၏နောက်ခံအကြောင်းတွင် မည်သည်ကို တွေ့ရသနည်းဆိုလျှင် လောင်းကစားစွဲသူသည် အလုပ်အကိုင် မယ်မယ်ရရမလုပ်ချင်တော့ပဲ စိတ်ကူးနှင့် အမြဲတမ်းရရေးသာ တွေးတောယစ်မူးနေပေလိမ့်မည်။ မိမိ၏ ဝင်ငွေတိုးပွားရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းနှင့် အာရုံစူးစိုက်လုပ်ဆောင်ရမည့်အစား အခြားသူများ၏ ဝင်ငွေများကို မတရားရယူရေးအတွက် နည်းလမ်းရှာဖွေနေခြင်း

သာ ပြုလုပ်နေပေလိမ့်မည်။

ထို့ကြောင့်ပင် ကုရ်အာန်ကျမ်းတော်မြတ်၌ ဤသို့မိန့်ကြားထားသည်။ **وَإِثْمُهُمَآ أَكْبَرُ مِن نَّفْعِهِمَا** ဆိုလိုသည်မှာ အရက်သေစာနှင့် လောင်းကစားခြင်းအမှု နှစ်မျိုးစလုံး၏ အပြစ်များသည် ထိုအမှုနှစ်မျိုးစလုံး၏ အကျိုးကျေးဇူးထက် အလွန်ကြီးပေသည်'ဟူ၍ဖြစ်သည်။

## အချို့သောဓမ္မသတ်ဆိုင်ရာ ဥပဒေများနှင့်ဆက်စပ်သည့်မှတ်စုများ

(၁) ဤအာယသ်တော်ထဲတွင် ဝိုင်အရက်နှင့် လောင်းကစားခြင်း၏အကျိုးအမြတ်ကို ဖော်ပြရာတွင် ထိုအရာများကို ဟန့်တားရန်ညွှန်ကြားချက်ဖြင့် ပူးတွဲဖော်ပြထားခဲ့သည်။ ယင်းမှ ကျွန်ုပ်တို့ ဥပဒေသတစ်ရပ်ထုတ်နှုတ်ယူနိုင်သည်မှာ အချို့သောအရာများ၌လည်းကောင်း၊ အပြုအမူများတွင်လည်းကောင်း ရှိနေသော ရုပ်ပိုင်းဆိုင်ရာအကျိုးအမြတ်များသည် အစွန်လာမ့်တရားတော်အရ 'ဟရာမ်'ဟုကြေညာထားခြင်းနှင့် မဆန့်ကျင်ပါ။ ဆေးဝါး အချို့ (သို့) အစားအစာ အချို့တို့ကို အန္တရာယ်ရှိသည်ဟု သတ်မှတ်သည်မှာ ယင်းတို့၏ ဆိုးကျိုးများသည် ကောင်းကျိုးများထက် ပိုသော အခါတွင်ဖြစ်ကြောင်း ကျွန်ုပ်တို့သိပါသည်။ အကယ်၍ ဤသို့သာမဟုတ်ခဲ့လျှင် ဤကမ္ဘာတွင်ရှိ မည်သည့်အရာ မဆို အဆိုးဆုံးသောအရာမဟုတ်သည်ပင်လျှင် မည်သည့်ကောင်းကျိုးမျှမရှိဟူ၍ဖြစ်သွားပါလိမ့်မည်။ အလွန်ပြင်းသောအဆိပ်၊ မွေ့၊ ကင်းမီးကောက်နှင့် သားရဲတိရစ္ဆာန်များအားလုံးတွင် ကောင်းကျိုးများအသီးသီးရှိကြ ပါသည်။ သို့သော်လည်း ယေဘုယျပြောရလျှင် ၎င်းတို့သည် အန္တရာယ်ရှိသည်ဟု သတ်မှတ်၍ လူအများအား ထိုအရာများကို ဂရုစိုက်ကြရန်ပြောကြားခဲ့ပါသည်။ ထိုနည်းတူစွာ ဤအရေးကြီးသော အနှစ်သာရကို ဂရုပြု၍ ရှရီအသ်တရားတော်အရ ကောင်းကျိုးထက် ဆိုးကျိုးများသောအရာကို ဟရာမ်ဟု သတ်မှတ်ကြေညာထားသည်။ ခိုးခြင်း၊ ဓါးပြတိုက်ခြင်း၊ မတော်မတရားပြုခြင်း၊ ပြန်ပေးဆွဲခြင်း၊ လိမ်လည်ခြင်းကဲ့သို့သော ရာဇဝတ်မှုမျှသည် အကျိုးမဲ့သည်ချည်းကားမဟုတ်ချေ။ ထိုကဲ့သို့ အကျိုးမရှိဟုဆိုလျှင် မည်သူမျှ ထိုကိစ္စကျူးလွန်မည်မဟုတ်ချေ။ သို့ရာတွင် ယင်းကဲ့သို့ ရာဇဝတ်မှုများတွင် အလွန်ကျွမ်းကျင်သောသူများသည် ၎င်းတို့၏ လုပ်ရည်ကိုင်ရည်နှင့် ဉာဏ်စွမ်းကိုအသုံးချ၍ လုပ်ကိုင်ကြသည်။ ဤသည်မှ ကျွန်ုပ်တို့ကိုသိစေသည်မှာ ရာဇဝတ်မှုများအားလုံးတွင် တစ်နည်းမဟုတ် တစ်နည်း အကျိုးရှိသည်ချည်းသာဖြစ်သည်။ သို့ရာတွင် အန္တရာယ်သည် ရရှိသောအကျိုးအမြတ် ထက် သာလွန်၍ မည်သည့်လူကောင်းသူကောင်းကမျှ ဤလုပ်ရပ်သည် အသုံးဝင်၍ ခွင့်ပြုသည်ဟု မကြေညာပါ။ ဤမူအရ အစွန်လာမ့်ရှရီအသ်တရားတော်သည် ဝိုင်အရက်နှင့် လောင်းကစားခြင်းကို တရားမဝင်ဟု ပြုလုပ် ခဲ့ပါသည်။

(၂) ဤအာယသ်တော်က အကျိုးအမြတ်များကို ရယူစုဆောင်းခြင်းအလျင်၊ မကောင်းမှုများကိုဖယ်ရှားရှောင်ကြဉ်ရမည်ဟူသောဥပဒေကိုလည်း ပြထားပါသည်။ အရာဝတ္ထုတစ်ခုသည် အချို့သော အကျိုးအမြတ်နှင့် အတူ အန္တရာယ်အချို့လည်းရရှိစေမည်ဆိုလျှင် အန္တရယ်မှကင်းဝေးစွာနေရန်အတွက် အကျိုးအမြတ်ကို စွန့်လွှတ်ရန် လိုအပ်လာသည်ဟုဆိုလိုသည်။ တစ်နည်းဆိုရသော် အကျိုးအမြတ်တစ်ခုသည် အန္တရာယ်ပူးတွဲပါဝင်လာခဲ့လျှင် ထိုအကျိုးအမြတ်ကို လျစ်လျူရှုရပေမည်။

V V V V V V V

အာယသ် (၂ း ၂၁၉–၂၂၁)

وَيَسْـَٔلُوْنَكَ مَاذَا يُنْفِقُوْنَ ۬ قُلِ الْعَفْوَ ؕ
كَذٰلِكَ يُبَيِّنُ اللّٰهُ لَكُمُ الْاٰيٰتِ لَعَلَّكُمْ تَتَفَكَّرُوْنَ ﴿۲۱۹﴾
فِي الدُّنْيَا وَالْاٰخِرَةِ ؕ وَيَسْـَٔلُوْنَكَ عَنِ الْيَتٰمٰى ؕ قُلْ اِصْلَاحٌ
لَّهُمْ خَيْرٌ ؕ وَاِنْ تُخَالِطُوْهُمْ فَاِخْوَانُكُمْ ؕ وَاللّٰهُ يَعْلَمُ الْمُفْسِدَ
مِنَ الْمُصْلِحِ ؕ وَلَوْ شَآءَ اللّٰهُ لَاَعْنَتَكُمْ ؕ اِنَّ اللّٰهَ عَزِيْزٌ حَكِيْمٌ ﴿۲۲۰﴾
وَلَا تَنْكِحُوا الْمُشْرِكٰتِ حَتّٰى يُؤْمِنَّ ؕ وَلَاَمَةٌ مُّؤْمِنَةٌ خَيْرٌ مِّنْ
مُّشْرِكَةٍ وَّلَوْ اَعْجَبَتْكُمْ ۚ وَلَا تُنْكِحُوا الْمُشْرِكِيْنَ حَتّٰى يُؤْمِنُوْا ؕ
وَلَعَبْدٌ مُّؤْمِنٌ خَيْرٌ مِّنْ مُّشْرِكٍ وَّلَوْ اَعْجَبَكُمْ ؕ اُولٰٓئِكَ
يَدْعُوْنَ اِلَى النَّارِ ۖۚ وَاللّٰهُ يَدْعُوْٓا اِلَى الْجَنَّةِ وَالْمَغْفِرَةِ
بِاِذْنِهٖ ۚ وَيُبَيِّنُ اٰيٰتِهٖ لِلنَّاسِ لَعَلَّهُمْ يَتَذَكَّرُوْنَ ﴿۲۲۱﴾

**“ထိုမှတစ်ပါးတုံ ယင်းသူတို့သည် (ကုသိုလ်အကျိုးငှာ) မည်မျှလောက်သော ဝတ္ထုပစ္စည်းများကို ပေးကမ်းလှူဒါန်းရပါမည်နည်းဟု အသင်ထံလာရောက် မေးမြန်းကြပြန်ရာ အသင်သည် (ယင်းသူတို့အား အို - အချင်းတို့ အသင်တို့သည် မိမိတို့အဖို့ လိုအပ်သည်ထက်)ပိုလျံသောပစ္စည်းများ(အနက်မှ စွမ်းအား ရှိသမျှကို ပေးကမ်းလှူဒါန်းရိုင်ကြသည်)ဟု ဖြေကြားပါလေ။ အလ္လာဟ် အရှင်မြတ်သည် ဤကဲ့သို့ပင် ဒေသနာတော် များကို အသင်တို့အား လိုက်နာ ကျင့်ဆောင်နိုင်ကြရန် ရှင်းလင်းထင်ရှားစွာ မိန့်ကြား တော်မူသည်။ သို့မှသာ လျှင် အသင်တို့သည် (လောကီနှင့် လောကုတ္တရာရေးတို့ကို ကောင်းစွာ) စဉ်းစားဆင်ခြင်ကြတန်ရာသတည်း”** (၂း၂၁၉) (ဒုတိယပိုင်း)၄

"ဤပစ္စုပ္ပန်ဘဝနှင့် နောင်တမလွန်ဘဝ (၏ ကိစ္စအဝဝတို့)နှင့်စပ်လျဉ်း၍။ ထို့ပြင်တစ်ဝ (အို နဗီတမန်တော်) ယင်းသူတို့သည် အသင့်ကို ဘမဲ့ကလေးသူငယ်များနှင့် ပတ်သက်၍လည်း (လာရောက်)မေးမြန်းကြ၏။ အသင်သည် ယင်းသူတို့ကို (ဤသို့) ဖြေကြားပါလေ။ ထိုဘမဲ့ကလေးသူငယ်တို့ (၏ အခြေအနေ)ကို ကောင်းမွန် မှန်ကန် အောင် ပြုပြင်ပေးခြင်းသည်သာလျှင် အကောင်းဆုံး၊ အမြင့်မြတ်ဆုံးပင်ဖြစ်သည်။ အကယ်၍သာ အသင်တို့သည် ယင်းသူငယ်တို့နှင့် ရောနှောပေါင်းစပ်ကြပါလျှင် (စိုးရိမ်စရာမရှိ) ထိုဘမဲ့ကလေးသူငယ်တို့သည် အသင်တို့၏ ညီနောင်များပင် ဖြစ်ကြကုန်၏။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ဘသက်ဆိုးတို့၏ ပျက်စီးရာပျက်စီး ကြောင်းကို ကြံစည်သောသူများနှင့် ကောင်းမွန်အောင် ပြုပြင်ပေးသောသူများကို ခွဲခြား၍ သိရှိတော်မူသည်။ ထိုမှတစ်ပါးတုံ အကယ်၍သာ အလ္လာဟ်အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင်အသင်တို့ကို (မိဘမဲ့ကလေးသူငယ်များနှင့်ပတ်သက်၍ ခဲယဉ်းသောစည်းမျဉ်းဥပဒေသတ်မှတ်တော်မူပြီးလျှင်) မုချဒုက္ခရောက်စေတော်မူပြီးဖြစ် ချေပြီ။ မုချ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊အကျိုးအကြောင်း ဆင်ခြင်တုံတရားနှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသတည်း။" (၂း၂၂၀)

"(အို - အီမာန်ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြသော 'မုအ်မင်န်'အပေါင်းတို့) အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ၍ အခြားအရာကို ကိုးကွယ်သောမိန်းမများသည် 'အီမာန်'ယုံကြည်ခြင်းသဒ္ဓါတရားမထားရှိကြသမျှကာလပတ်လုံး ထိုမိန်းမများနှင့် အသင်တို့သည် ထိမ်းမြားမင်္ဂလာမပြုကြကုန်လင့်။ အမှန်သော်ကား အလ္လာဟ်အရှင် မြတ်နှင့်ယှဉ်တွဲ၍ အခြားအရာတို့ကို ကိုးကွယ်သောမိန်းမတစ်ဦးသည် အသင်တို့အဖို့ အကယ်၍နှစ်သက်စရာဖြစ်ငြားသော်လည်း 'အီမာန်'ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသော ကျွန်မိန်းမတစ်ဦးသည် (အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ၍ အခြားအရာကို ကိုးကွယ်သော) ထိုမိန်းမထက် မုချသာ၍ကောင်း၏။ ထိုနည်းတူစွာ အလ္လာဟ် အရှင်မြတ်နှင့်ယှဉ်တွဲ၍ အခြားအရာတို့ကို ကိုးကွယ်သောယောကျ်ားများသည် 'အီမာန်'ယုံကြည်ခြင်းသဒ္ဓါတရားမထားရှိကြသမျှကာလပတ်လုံး ထိုသူများနှင့် (မုစ်လင်မ်အမျိုးသမီးများကို) ထိမ်းမြား၍ မပေးကြကုန်လင့်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ၍ အခြားအရာကို ကိုးကွယ်သူတစ်ဦးသည် အသင်တို့ အဖို့ အကယ်၍ နှစ်သက်စရာဖြစ်ငြားသော်လည်း 'အီမာန်'ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသော ကျွန်ယောကျ်ားတစ်ဦးသည် (အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ၍ အခြား အရာကို ကိုးကွယ်သော)ထိုယောကျ်ားထက် မုချသာ၍ကောင်း၏။

**(အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲ၍ အခြားအရာကို ကိုးကွယ်သောသူတို့သည် အသင်တို့အား) ငရဲမီးသို့ခေါ်ဆောင်ကြကုန်၏။ အလ္လာဟ်အရှင်မြတ်မှာမူ မိမိ၏ ဆန္ဒတော် ဖြင့် (အသင်တို့အား) ဂျန္နသ်အမတသုခဘုံသို့လည်းကောင်း၊ အပြစ်များမှ လွတ်ငြိမ်း ချမ်းသာခွင့်ပေးသနားတော်မူခြင်းသို့လည်းကောင်း၊ ခေါ်ဆောင်လျက်ရှိတော်မူ၏။ ထို့ပြင်တစ်ဝ ထိုအရှင်မြတ်သည် လူသားတို့ အသိတရားရစိမ့်သောဌာ မိမိ၏တရား ဒေသနာတော်များကို ထင်ရှားစေတော်မူ၏။" (၂း၂၂၁)**

အာယသ်တော်(၂၁၉)၏ ပထမပိုင်းသည် ဝိုင်အရက်သေစာနှင့် လောင်းကစားခြင်းအကြောင်း မေးခွန်းမေးမြန်းခဲ့ခြင်းနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းချက်များကို ပြီးခဲ့သော စာမျက်နှာများ၌ ဖော်ပြခဲ့ပြီးဖြစ်သည်။

အာယသ်တော်၏ ဒုတိယပိုင်းသည် နောက်မေးခွန်းနှင့်ပတ်သက်ကာ အလျှဒါနပြုရာတွင် မည်၍မည်မျှ သုံးစွဲသင့်သည်ဆိုသည့်အကြောင်းပင်ဖြစ်သည်။ ပေးထားသည့်အဖြေမှာ 'အလ်အော်ဖ်'ပင်ဖြစ်သည်။ ယင်းစကားလုံးကို ဤနေရာ၌ (အပိုအလျှံ)ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် အသုံးအစွဲကြီးသောကြောင့် ဤကမ္ဘာလောက၌ ပုဂ္ဂိုလ်ရေးဒုက္ခမဖြစ်စေသင့်ပါ။ သို့မဟုတ် တစ်စုံတစ်ဦး၏ ရသင့်သော အခွင့်အရေးကို ဖြုန်းတီးပစ်ခြင်းအားဖြင့် နောင်တမလွန်ဘဝတွင် ထိုကိစ္စအတွက် အဖြေပေးရမည့်ဒုက္ခမရောက်သင့်ချေ။

အာယသ်တော်(၂၂၀)သည် ဆွဟာဗဟ်သာဝကကြီးများမေးမြန်းခဲ့သည့်မေးခွန်းများထဲမှ မေးခွန်းတစ်ခုကို ဖော်ပြထားသည်။ ဤမေးခွန်းသည် ဘမဲ့ကလေးများ၏ ထိန်းသိမ်းစောင့်ရှောက်မှုစရိတ်ဝေမျှခံခြင်းနှင့်သက်ဆိုင်သော ကိစ္စဖြစ်သည်။ မိဆ္ဆာဒိဋ္ဌိအယူဝါဒလွှမ်းမိုးသော အရေးဗီဒီယားတွင် ဘမဲ့ကလေးများ၏ အခွင့်အရေးများကို လျစ်လျူရှုထားသောကြောင့် ထိုဘမဲ့ကလေးများပိုင်ဆိုင်သောပစ္စည်းဥစ္စာများ၊ စားသုံးသူတို့သည် ဂျဟန္နမ်ငရဲမီးစားသကဲ့သို့ဖြစ်ကြောင်း ဤနေရာနှင့်အခြားနေရာများတွင်ပါ သတိပေးထားသည်။ ဤသတိ ပေးချက်ကို ကြားနာရသောသူများသည် အလွန်ပင် စိုးရွံ့ကြောက်လန့်ကာ ကာကွယ်မှုပြုသည့်အနေဖြင့် ဘမဲ့ကလေးများအတွက် အစား အသောက်များကို သီးခြားပြင်ဆင်သိမ်းဆည်းထားကြပါသည်။ ကလေးငယ်သည် အစားနည်းပါက အစားအစာ များ ပိုလျှံ၍ ကျန်ကာပုပ်သိုးကုန်ကြသည်။ အကြောင်းပြချက်မှာ ဘမဲ့ကလေးငယ်များပိုင်ဆိုင်သည့် အစားအစာများ ကို ထိန်းသိမ်းစောင့်ရှောက်သူလည်းစားခွင့်မရှိ။ အလျှဒါနအဖြစ်လည်း လျှဒါန်းနိုင်ခွင့်မရှိသောကြောင့်ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းသည် ထိန်းသိမ်းမှုအတွက် ကသိကအောက်ဖြစ်စေကာ ဘမဲ့ကလေးများ၏ ဆုံးရှုံးမှုအကြောင်းရင်း လည်းဖြစ်စေသည်။ ထို့ကြောင့် ထိုအခြေအနေကို တမန်တော်မြတ်(ﷺ)သခင်သိရှိသွားသောအခါ ဤအာယသ် တော်ပါလမ်းညွှန်မှု ပေါ်ထွက်လာပါသည်။ ဤနေရာ၌ မိန့်ကြားထားသည်မှာ ဘမဲ့ကလေးငယ်များ၏ကောင်းကျိုးအတွက် မဆင်မခြင် မပြုလုပ်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ ဘမဲ့ကလေးများ ကောင်းကျိုးအတွက် ကုန်ကျစရိတ် မျှခံသည့်စနစ်က အကောင်းဆုံးဖြစ်ပေမည်။ ယင်းအတွက် ဘာမျှစိုးရိမ်စရာမရှိချေ။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် တစ်ဦးနှင့် တစ်ဦး အီမာန်ရှင်ညီနောင်များဖြစ်ကြပြီး ညီနောင်များသည် မျှဝေခံစားကြပါသည်။

ထိန်းသိမ်းစောင့်ရှောက်သူများ၏လုပ်ဆောင်ချက်ကို အလ္လာဟ်အရှင်မြတ်သည် စောင့်ကြည့်နေလျက်ရှိသည်ဟူသော သတိပေးချက်ဖြင့် အထက်ပါခွင့်ပြုချက်ကို ထိန်းချုပ်ထားသည်။ အလ္လာဟ်အရှင်မြတ်သည် တန်ခိုးတော်အနန္တရှင်ဖြစ်သည့်အလျောက် တင်းကြပ်သော စည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်းခြင်းဖြင့် ထိန်းသိမ်းစောင့်ရှောက်သူများအား ဒုက္ခရောက်စေနိုင်ပါသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည် ဉာဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော အရှင်ဖြစ်သည့်အလျောက် ထိန်းသိမ်းစောင့်ရှောက် သူများအား လွယ်ကူသော စည်းမျဉ်းစည်းကမ်းသာလျှင် ပြဋ္ဌာန်းထားခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ၎င်းတို့ မလုပ်နိုင်သောကိစ္စကို လူအများအား အတင်းအကြပ် မလုပ်ဆောင်စေပါ။

အာယသ်တော်(၂၂၁)တွင် အလ္လာဟ်အရှင်မြတ်နှင့် တုဖက်ယှဉ်တွဲကိုးကွယ်သူ မုရှ်ရိုက်များကို လက်ထပ်ထိမ်းမြားခြင်းနှင့်ပတ်သက်သော အမိန့်ပညတ်ချက်တစ်ရပ်ပါဝင်သည်။ နောက်လာမည့် အကျယ်ဖွင့်ဆိုချက်တွင် အမိန့်ပညတ်ချက်နှင့် ပတ်သက်သော အသေးစိတ်အချို့ပါဝင်သည်။

## မုစ်လင်မ်နှင့်ကာဖိရ်များကြား လက်ထပ်ထိမ်းမြားခြင်း တားမြစ်သည်

ယခုဆွေးနွေးနေသည့်အာယသ်တော်များထဲတွင် အရေးကြီးသော ဥပဒေတစ်ရပ်ပါဝင်သည်။ ထိုဥပဒေတွင် မုစ်လင်မ်အမျိုးသားများနှင့် (အစ္စလာမ်သာသနာကို သက်ဝင်ယုံကြည်မှုမရှိသော) ကာဖိရ်အမျိုးသမီးများသည်လည်းကောင်း၊ မုစ်လင်မ်အမျိုးသမီးများနှင့် ကာဖိရ်အမျိုးသားများသည်လည်းကောင်း လက်ထပ်ထိမ်းမြားခြင်းကို ခွင့်မပြုချေ။ အကြောင်းမှာ ကာဖိရ်အမျိုးသားနှင့် အမျိုးသမီးသည် လူသားများအား ဂျဟန္နမ်ငရဲသို့ ကျရောက်စေသောအကြောင်းကြောင့်ဖြစ်သည်။ ထိမ်းမြားလက်ထပ်၍ ဆက်ဆံရာတွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ချစ်ခင်မြတ်နိုးခြင်းနှင့် သဟဇာတဖြစ်ခြင်းများလိုအပ်သည်။ ထိုအရာများမရှိပါက ယင်းကဲ့သို့ အိမ်ထောင်ဖက်ချင်းဆက်ဆံရေး၏စစ်မှန်သောရည်ရွယ်ချက်သည် အကောင်အထည်ပေါ်လာမည်မဟုတ်ချေ။ထိုကဲ့သို့ချစ်ခင်မြတ်နိုးစွာဆက်ဆံမှုမျိုးကို မုရှ်ရိစ်ကီးန် တွဲဖက်ယှဉ်တွဲကိုးကွယ်သူများ၊ ကာဖိရ်မယုံကြည်သွေဖည်ငြင်းပယ်သူများနှင့် ပြုလုပ် မိပါက မုစ်လင်မ်များသည် ကုဖုရ်နှင့် ရှိရ်ရိုက်ဘက်သို့ ယိမ်းယိုင်သွားပေလိမ့်မည်။ သို့တည်းမဟုတ် ကုဖ်ရ်နှင့် ရှိရ်ရိုက်ကို ရွံရှာမုန်းတီးရမည်ဆိုသောစိတ်ဓါတ် ၎င်းတို့နှလုံးသားတွင် ရှိနိုင်လိမ့်မည်မဟုတ်ချေ။ အကျိုးဆက်အားဖြင့် ၎င်းတို့သည် ကုဖ်ရ် ရှိရ်က်အမှုတို့တွင် ပါဝင်ပတ်သက်၍ အဆုံးတွင် ဂျဟန္နမ်ငရဲသို့ ကျနိုင်ပါသည်။ ထို့ကြောင့် ဤသူများသည် လူတိုင်း ဂျဟန္နမ်သို့ကျရောက်စေသည်ဟု ပြောစမှတ်ပြုကြပါသည်။ အလ္လာဟ်အရှင်မြတ်သည်သာလျှင် လူသားများကို ဂျန္နသ်သုခဘုံနှင့် အရှင်မြတ်၏ ခွင့်လွှတ်ချမ်းသာပေးခြင်းဘက်သို့ ခေါ်ဆောင်ခဲ့သည်။ ဤသည်အတွက် လူအများအား ဉာဏ်ပညာရှိသော အကြံပြုချက်နောက်ကို လိုက်နာရန်အတွက် အလ္လာဟ် အရှင်မြတ်သည် အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို ပွင့်လင်းစွာနှင့်ရှင်းလင်းစွာ မိန့်ကြားထားသည်။ အချို့ အချက်တို့ကို ဤနေရာ၌ ကျွန်ုပ်တို့ စဉ်းစားတွေးတောကြည့်ကြစို့။

(၁) ဤအာယသ်တော်တွင်ပါဝင်သော မုရှ်ရိုက်ဟူသောစကားလုံးသည် မုစ်လင်မ်မဟုတ်သူများအားလုံးကို ဆိုလိုသည်ဟု အဓိပ္ပာယ်ကောက်ယူခဲ့ပါလျှင် ကျမ်းရသူ(အဟ်လိကိသားဗ်) မုစ်လင်မ်မဟုတ်သော အမျိုးသမီးများကို ခွင်းချက်ထားရန်လိုအပ်သည်။ အဘယ့်ကြောင့်ဆိုသော် နောက်အာယသ်တော်တွင် ရှင်းလင်းစွာ မိန့်ကြားထားသည်မှာ-

وَالْمُحْصَنٰتُ مِنَ الَّذِيْنَ أُوْتُوا الْكِتٰبَ مِنْ قَبْلِكُمْ

**"အသင်တို့အလျင် ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်းခံရသောသူတို့အနက်မှ ကာအိန္ဒြေကို စောင့်ထိန်းသော အမျိုးသမီးတို့သည် (ထိမ်းမြားခွင့်ပြုပြီးဖြစ်လေသည်။)"**

**(၅း၅)**

အကယ်၍ မုရှ်ရိက်ဟူသောစကားလုံးသည် ကျမ်းရသူများအနက်မှ မုစ်လင်မ်မဟုတ်သူများမပါဝင်ဟု အဓိပ္ပာယ်သက်ရောက်ခဲ့လျှင် ဤအာယသ်တော်သည် ခြွင်းချက်ထားရန်မလိုချေ။ အဘယ့်ကြောင့်ဆိုသော် မည်သည့် တမန်တော်နှင့် မည်သည့်ကျမ်းစာကိုမျှ မယုံကြည်သော မုစ်လင်မ်မဟုတ်သူများသာ ဆိုလိုသည်။

(၂) ဒုတိယအရေးကြီးသောအချက်ကို စဉ်းစားကြစို့။ ကုရ်အာန်ကျမ်းတော်မြတ်သည် မုစ်လင်မ်များနှင့် မယုံကြည် သွေဖည်ငြင်းပယ်သူများ လက်ထပ်ထိမ်းမြားဆက်ဆံခြင်းကို တားမြစ်ထားသည့်အကြောင်းမှာ ယင်းသို့ ဆက်ဆံမှုကြောင့် ကုဖ်ရိန်နှင့် ရှိရ်ရိက်တို့တွင် ပါဝင်ပတ်သက်သည့် အရင်းခံဖြစ်လာနိုင်သာကြောင့်ပင်တည်း။ ဤသို့ ဖြစ်နိုင်ခြင်းမှာ မုစ်လင်မ်မဟုတ်သူအုပ်စုအားလုံးအတွက်ဖြစ်သည်ဆိုလျှင် မှန်ပေသည်။ သို့ဆိုလျှင် ကျမ်းရသူများအနက်မှ အဟ်လိကိသားဗ် (ယဟူဒီနှင့် နဆ္ဆာရာနီ)အမျိုးသမီးတို့ကို အဘယ့်ကြောင့် ပယ်ထုတ်ခဲ့ပါသနည်း။

အဖြေကားရှင်းပါသည်။ မုစ်လင်မ်မဟုတ်သောအခြားသူများနှင့် နှိုင်းယှဉ်ရလျှင် အခြားသောကျမ်းရသူများနှင့် အစ္စလာမ်တို့၏ ခြားနားမှုမှ ကွာဟမှုအတော်အတန်နည်းလေသည်။ အစ္စလာမ်ယုံကြည်ချက်သည် မဏ္ဍိုင် (၃)ရပ်ပေါ်တွင်တည်ထားသည်။ ယင်းတို့မှာ သောင်ဟီဒ်(အလ္လာဟ်တစ်ပါးတည်းရှိခြင်း)၊ အာခိရသ်(တမလွန်ဘဝ) နှင့် ရိစာလသ်(တမန်တော်ဖြစ်ခြင်း)တို့ဖြစ်သည်။ ဤအရာများမှ အာခိရသ်ကိုယုံကြည်ခြင်းအကြောင်း ကျွန်ုပ်တို့ စဉ်းစားကြည့်လျှင် ကျမ်းရသူများထဲမှ ယဟူဒီနှင့် နဆ္ဆာရာနီများပင်လျှင် ၎င်းတို့၏ ပင်ကိုယ်ယုံကြည်ချက်နှင့်အညီ မုစ်လင်မ်များတို့နှင့် တစ်သဘောတည်းရှိသည်။ အလားတူ ကုဖ်ရ် မယုံကြည်သွေဖည်သူများသည် ၎င်းတို့၏ ပင်ကိုယ်ယုံကြည်ချက်အရ အလ္လာဟ်နှင့်ယှဉ်တွဲ ကိုးကွယ်မှုများပြုလုပ်ခဲ့ကြသည်။ နဆ္ဆာရာနီများသည် အီစာ(عليه السلام) သခင်အား ချစ်မြတ်နိုးမှုကြောင့်နှင့် ရိုသေခြင်းလွန်ကဲကာ ရှိရ်ရိက်ဖြစ်သွားသည်မှာ ကိစ္စရပ်တစ်ခုဖြစ်သည်။

အခြေခံခြားနားချက်တစ်ခုကျန်နေသည်မှာကား ၎င်းတို့သည် တမန်တော်မြတ် မုဟမ္မဒ်(ﷺ)သခင်အား အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ခြင်းကို မယုံကြည်ကြချေ။ အစ္စလာမ်သာသနာ၌ ဤယုံကြည်ချက် မရှိလျှင် စစ်မှန်သော မုစ်လင်မ်မဖြစ်နိုင်ချေ။ မုစ်လင်မ်မဟုတ်သူများအုပ်စုနှင့် နှိုင်းစာလျှင် ကျမ်းရသူများနှင့် ခြားနားချက်မှာ ကွာဟမှု အတော်အတန်နည်းသည်ဆိုသည့်အချက်ကား တည်ရှိနေသည်။ ထို့ကြောင့် ပျက်စီးခြင်းအန္တရာယ်သည် ဤနေရာ၌မကြီးကျယ်ချေ။

(၃) ကျမ်းရသူများနှင့်ကြားတွင် ခြားနားမှုနည်းသည်ဟုကြေညာခဲ့ပြီးနောက် မုစ်လင်မ်အမျိုးသားနှင့် ကျမ်းရသူ အမျိုးသမီးများ လက်ထပ်ခွင့်ပေးပြီးနောက်တွင် မေးခွန်းတစ်ရပ်ပေါ်လာနိုင်သည်။ ဤအချက်နှင့် ပြောင်းပြန်ဖြစ်သော မုစ်လင်မ်အမျိုးသမီးနှင့် ကျမ်းရသူမုစ်လင်မ်မဟုတ်သောသူ လက်ထပ်ခွင့်ရှိသင့်ပါသည်။ သို့သော်လည်း ခဏတာစဉ်းစားကြည့်ရုံမျှဖြင့် ဤအခြေအနေနှစ်ရပ်၏ အခြေခံခြားနားချက်ကို သိလာပါလိမ့်မည်။ အမျိုးသမီး

များသည် သဘာဝအလျောက်ပျော့ညံ့ပါသည်။ ၎င်းပြင် လင်ယောက်ျားကိုလည်း အုပ်ထိန်းခြင်းနှင့် စောင့်ရှောက်ခြင်း တာဝန်ကိုလည်းပေးခဲ့ပါသည်။ ထို့ကြောင့် လင်ယောက်ျား၏ ယုံကြည်ချက်များနှင့်အယူအဆများကို အားကျအထင်ကြီးစေနိုင်ရန် နီးစပ်သည်။ ထို့ကြောင့် မုစ်လင်မ်အမျိုးသမီးတစ်ဦးသည် ကျမ်းရသူမုစ်လင်မ်မဟုတ်သော အမျိုးသား ယဟူဒီ (သို့) နဆ္ဆာရာနီတစ်ဦးနှင့် အိမ်ထောင်ပြုနေလိုက်ပါက ၎င်းသူမ၏ အိမာမ်ယုံကြည်ချက်ပျက်ပြယ်သွားရန် အလားအလာများလေသည်။

ဤသည်နှင့်ဆန့်ကျင်၍ မုစ်လင်မ်မဟုတ်သော ကျမ်းရအမျိုးသမီး ယဟူဒီ(သို့)နဆ္ဆာရာနီတစ်ဦးနှင့် မုစ်လင်မ်အမျိုးသားတစ်ဦး အိမ်ထောင်ပြုနေထိုင်ပါက မူအရဆိုလျှင် ၎င်းသူမ၏အတွေးအခေါ်များသည် လင်ယောက်ျားအပေါ် အထင်ကြီးမှုမဖြစ်စေနိုင်ပါ။ အကယ်၍ တစ်စုံတစ်ဦးသည် အထက်ပါအခြေအနေနှင့် ပြောင်းပြန်ဖြစ်ကာ သမရိုးကျမူများကိုပြစ်ပယ်၍ ဇနီးအမျိုးသမီး၏ လုံ့ဆော်မှုနောက်လိုက်သွားလျှင် အမျိုးသား၏ အပြစ်ပင်ဖြစ်ပေသည်။

(၄) ဤနေရာ၌ ပေါ်ပေါက်လာနိုင်သော အခြားဒွိဟသံသယကို ကျွန်ုပ်တို့ ရှင်းလင်းပစ်ကြစို့။ အိမ်ထောင်ရေးဆိုင်ရာဆက်ဆံမှုများသည် နှစ်ဦးနှစ်ဘက်အပေါ်၌ တူညီစွာလွှမ်းမိုးနိုင်ပါသည်။ ထို့ကြောင့် မုစ်လင်မ်ဇနီး မုစ်လင်မ်ခင်ပွန်းသည် ၎င်း၏ခင်ပွန်း (သို့) ဇနီး၏ အိမာန်ယုံကြည်မှုဆိုင်ရာတွင် လွှမ်းမိုးလိမ့်မည်ဟု စိုးရိမ်ရလျှင် တန်ပြန်ဖြစ်နိုင်သည်မှာ မုစ်လင်မ်ဇနီးသည်နှင့် မုစ်လင်မ်ခင်ပွန်းသည်တို့သည် ၎င်းတို့၏ခင်ပွန်း (သို့) ဇနီးအပေါ်တွင် လွှမ်းမိုးကာ ထိုမုစ်လင်မ်မဟုတ်သူခင်ပွန်း (သို့) ဇနီးသည် အစွလာမ်သာသနာသို့ ဝင်ရောက်လာလိမ့်မည်ဖြစ်သည်။ ကိစ္စနှစ်မျိုးစလုံး၏ဖြစ်နိုင်ချေမှာ တန်းတူဖြစ်သောကြောင့် မုစ်လင်မ်များနှင့် မုစ်လင်မ်မဟုတ်သူများကြား ထိမ်းမြားဆက်သွယ်မှုကို မပိတ်ပင်သင့်ခဲ့ချေ။

သို့သော်လည်း ဤတားဆီးပိတ်ပင်ချက်၏နောက်ကွယ်တွင်ရှိသော အသိဉာဏ်မှာ ကိစ္စရပ်တစ်ခုအတွက် အကျိုးအမြတ်ရမည့် မျှော်လင့်ချက်နှင့်ကျရောက်မည့်အန္တရာယ်သည် တန်းတူဖြစ်လာသောအခါ အကျိုးအမြတ်ကို ရှာဖွေခြင်းထက် ကျရောက်မည့်အန္တရာယ်ကိုကြိုတင်ကာကွယ်ခြင်းက ကျိုးကြောင်းဆီလျော်ပေသည်။ ကျော်ကြားသော ပါရှင်းဆိုရိုးစကားတစ်ခု **عقلمند تریاق بیقین ودھر بکمانخورد** ယင်းမှာ အသိဉာဏ်ရှိသော လူတစ်ယောက်သည် အဆိပ်ကိုသံသယဖြင့် မစားသုံးသကဲ့သို့ ဖြေဆေးကိုလည်း စိတ်ချသေချာမှုနှင့် မစားသုံးချေ။ ဤမူ၏အခြေခံအရ မုစ်လင်မ်မဟုတ်သော အိမ်ထောင်ဖက်သည် အစွလာမ်သာသနာသို့ သက်ဝင်ယုံကြည်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ကို လျစ်လျူရှုကာ မုစ်လင်မ်အိမ်ထောင်သည်တစ်ဦးသည် ၎င်း၏ဇနီး(သို့)ခင်ပွန်း၏ အစွလာမ့်ဆန့်ကျင်သော အယူဝါဒ(သို့) အပြုအမူတို့အပေါ် အထင်ကြီးသွားစေမည်ကိုစိုးရိမ်၍ ထိရောက်စွာတားမြစ်ပိတ်ပင်ထားခဲ့ခြင်းဖြစ်သည်။

(၅) ပဉ္စမစဉ်းစားရမည့်အချက်မှာ မုစ်လင်မ်အမျိုးသားများကို ယဟူဒီနှင့် နဆ္ဆာရာနီအမျိုးသမီးတို့နှင့် သမရိုးကျ နိကာဟ်(လက်ထပ်ထိမ်းမြားမှုပဋိညာဉ်)ပြုခြင်း၏သဘောပင်ဖြစ်သည်။ အကယ်၍ ယင်းသို့ လက်ထပ်ထိမ်းမြားလျှင် အတည်ဖြစ်၍ မွေးဖွားလာသော သားသမီးများသည်လည်း တရားဝင်ဖြစ်လိမ့်မည်။ သို့သော်လည်း ယင်းသို့ နိကာဟ်ထိမ်းမြားခြင်းကိုပင်လျှင် အလေးမပေးသောအမြင်ရှိသည့် အဆိုအမိန့်များပါဝင်သော ဟဒီးဆ်တော်များ ရှိပါသည်။ တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားတော်မူခဲ့သည်မှာ မုစ်လင်မ်တစ်ဦးသည်

အစ္စလာမ့်ယုံကြည်ချက်နှင့် ကျင့်စဉ်များကို ပြည့်ပြည့်ဝဝ လိုက်နာကျင့်သုံးသော အမျိုးသမီးကိုသာလျှင် ထိမ်းမြားရန် ရှာဖွေသင့်သည်။ သို့မှသာ ၎င်းတို့နှစ်ဦးလက်တွဲ၍ အီမာန်နှင့်ဆိုင်ရာကိစ္စရပ်များလုပ်ဆောင်ရာ၌ သူမသည် ၎င်း၏ခင်ပွန်းအတွက် အင်အားစုတစ်ခုဖြစ်ပါလိမ့်မည်။ ထို့ပြင် ယင်းတို့မှပေါက်ဖွားလာသော သားသမီးများသည်လည်း အစ္စလာမ့် ကျင့်စဉ်များကို လိုက်နာဆောင်ရွက်နေသော မိဘနှစ်ပါး၏စောင့်ရှောက်မှု အောက်၌ ကြီးပြင်းလာရမည့် အခွင့် အရေးရရှိကြပေလိမ့်မည်။ အစ္စလာမ့်ကျင့်စဉ်များကို မလိုက်နာမကျင့်သုံးသော မုစ်လင်မ်အမျိုးသမီးတစ်ဦးနှင့် ထိမ်းမြားခြင်းကိုပင်မနှစ်သက်ပါက မုစ်လင်မ်မဟုတ်သော အမျိုးသမီးနှင့် ထိမ်းမြားခြင်းကို မည်မျှလောက် မနှစ်သက်ပေလိမ့်မည်နည်း။ ထို့ကြောင့်ပင် စိုက်ယိဒနာ အုမရ်အလ်ဖာရုက်(ﷺ)သည် အီရတ်နှင့် ဆီးရီးယား နိုင်ငံတို့တွင် ထိုကဲ့သို့ ထိမ်းမြားခြင်းများသည် စိုးရိမ်ဖွယ်အခြေအနေများဖြစ်နေကြောင်း ကြားသိရသောအခါ အုပ်ချုပ်မှုအမိန့်အာဏာဖြင့် ရပ်ဆိုင်းစေခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့ ထိမ်းမြားမှုများသည် မုစ်လင်မ် အိမ်ထောင်စုများကို ဘာသာရေးဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာနှစ်ရပ်စလုံးတွင် ပျက်စီးယိုယွင်းမှုများဖြစ်စေနိုင်သည်ဟု ထောက်ပြခဲ့သည်။ (ကိသာဗုလ် အသ်ဟာရ် လိလ် အီမာမ်မုဟမ္မဒ်) ထိုခေတ်ပြိုင်အချိန်တွင် ထိုကဲ့သို့ မုစ်လင်မ်မဟုတ်သော ယဟူဒီနှင့်နဆွရာနီတို့နှင့် အိမ်ထောင်ပြုခြင်းအကျိုးသက်ရောက်မှုများကို နဆွရာနီစာရေးဆရာများကိုယ်တိုင် ရေးသားခဲ့သော စာအုပ်များတွင်ပင် ပါဝင်သည်။ ယင်းသို့လက်ထပ်သည်မှာ နိုင်ငံရေးဆိုင်ရာလှည့်ကွက်တွင် အသုံးချခြင်း၊ နိုင်ငံရေးဆိုင်ရာအကျိုးအတွက် ထိမ်းမြားခြင်း၊ မုစ်လင်မ်မိသားစုများထဲတွင် ဝင်ရောက်ကာ သွေးဆောင်ဖြားယောင်းခြင်းနှင့် စုံစမ်းထောက်လှမ်းရန်အတွက်ဖြစ်သည်မှာ ထင်ရှားပေသည်။ မေဂျာဂျင်နရယ် အတ်က်ဘရ်က သူ၏ စာအုပ်ဖြစ်သော ဟဒီးဆ် ဆွေဒီဖာ စာအုပ်တွင် အသေးစိတ်အချို့ကို ကျကျနန အထောက်အထားနှင့် ရေးသားထားပါသည်။ စိုက်ယိဒနာအုမရ်(ﷺ)သခင်၏ မိန့်ကြားချက်က အနာဂတ်တွင် ဖြစ်ပေါ်လာမည်တို့ကို မျှော်ကြည့်ပြီး ပြောသကဲ့သို့ ပင်ပေါ်လွင်နေပါသည်။

အထူးသဖြင့် ယခုခေတ်တွင် ကျမ်းရသူများနှင့် ထိမ်းမြားခြင်းကိစ္စကို ရှောင်ကြဉ်ရန်အတွက် အခြားအရေးကြီးသည့်အကြောင်းတစ်ရပ်လည်းရှိပေသည်။ သူတို့ကိုယ်သူတို့ ဂျူးများ၊ ခရစ်ယာန်များဟုခေါ်တွင်ပြီး သန်းခေါင်စာရင်းတွင် ထိုကဲ့သို့ပင် မှတ်တမ်းတင်ထားသော ဥရောပသားနှင့် အမေရိကန်တို့၏ဘဝကို စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့ပါလျှင် ထိုသူအများစုသည် ခရိယာန်ဝါဒ (သို့) ယဟူဒီဝါဒနှင့် မည်သို့မျှမပတ်သက်ကြောင်းတွေ့ရှိရပါလိမ့်မည်။ ထိုသူတို့သည် ဘုရားမဲ့ တရားမဲ့များဖြစ်ကြပါသည်။ သူတို့သည် အီစာ(عليه السلام)သခင်အားလည်းကောင်း၊ သမ္မာကျမ်းစာကိုလည်းကောင်း သက်ဝင်ယုံကြည်ခြင်းမရှိကြချေ။ သူတို့သည် မူစာ(عليه السلام)သခင်ကိုသော်လည်းကောင်း၊ သောင်ရသ်ကျမ်းကိုလည်းကောင်း ယုံကြည်သက်ဝင်ခြင်းကိုမဆိုထားဘိ အလ္လာဟ်အရှင်မြတ်နှင့် တရားစီရင်မည့်နေ့ကိုပင်လျှင် မယုံကြည်ကြချေ။ ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်ဖြစ်သော ကျမ်းရသူများနှင့် လက်ထပ်ထိမ်းမြားခြင်းနယ်ပယ်အဝန်းအဝိုင်းနှင့် ၎င်းတို့မသက်ဆိုင်သည်မှာ ထင်ရှားပေသည်။ ထိုသူများ၊ အမျိုးသမီးများနှင့် နိကာဟ်ထိမ်းမြားလက်ထပ်ခြင်းသည် လုံးဝဥဿုံဟရာမ်(တရားမဝင်)ချေ။ ကုရ်အာန်ကျမ်းတော်အာယသ်ပါ ခွင်းချက်သည် ထိုသူများနှင့် မထိုက်တန်ကြောင်း ထင်ရှားပါသည်။

وَالْمُحْصَنٰتُ مِنَ الَّذِيْنَ أُوْتُوا الْكِتٰبَ

**"အသင်တို့အလျင်ကျမ်းဂန်ကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံရသောသူတို့ အနက်မှ ကာအိန္ဒြေကစောင့်ထိန်းသော အမျိုးသမီးတို့သည်လည်းကောင်း (ထိမ်းမြားခွင့်ပြုပြီး ဖြစ်လေသည်)" (၅း၅)**

ထို့ကြောင့် ထိုသူများတို့၏ အမျိုးသမီးများတို့နှင့် နိကာဟ်(ထိမ်းမြားလက်ထပ်ခြင်း)သည် အခြားမုစ်လင်မ် မဟုတ်သူများနှင့် နိကာဟ်ပြုခြင်းကဲ့သို့ပင် အကြွင်းမဲ့ဟရာမ်(တရားမဝင်)ဖြစ်သည်။

## မော်လာနာအရှ်ရဖ်အလီထာနဝီ၏ ဘယာနုလ်ကုရ်အာန်ကျမ်းမှ အထူးမှတ်စုများ

(၁) အမည်နှင့်သက်သေခံများပေါ်တွင်အခြေခံ၍ ကျမ်းရသူများဟုထင်ရသော်လည်း အိမာမ်ယုံကြည်မှုကို သေချာကျနစွာစစ်ဆေးစုံစမ်းသောအခါ ထိုကဲ့သို့မဟုတ်ကြောင်း တွေ့ရှိရပါက ယင်းအုပ်စုထဲမှ အမျိုးသမီးများနှင့် ထိမ်းမြားလက်ထပ်ခြင်းသည် မမှန်ကန်ချေ။ ပမာဆိုသော် ယခုခေတ်တွင် လူအတော်များများသည် အနောက်တိုင်းသားလူဖြူတို့ကို ယေဘုယျအားဖြင့် ခရစ်ယာန်ဟု မှတ်ယူကြပါသည်။ စင်စစ်ပေါက်ပေါက်လေ့လာကြည့်ရှုရာတွင် ထိုသူများမှအချို့တို့၏ ယုံကြည်မှုမှာ လုံးဝဘုရားမဲ့သူများဖြစ်နေကြသည်ကို တွေ့ရသည်။ အလ္လာဟ်အရှင်မြတ်ကို လည်းမယုံကြည်၊ ခရစ်တော်ကိုလည်း တမန်တော်အဖြစ်မယုံကြည်၊ သမ္မာကျမ်းစာကိုလည်း ကောင်းကင်ကျကျမ်းဟု မမှတ်ယူသူတို့ကို မည်သို့ခရစ်ယာန်ဟု မှတ်ယူရမည်နည်း။

ထိုကဲ့သို့သောအုပ်စုမှ အမျိုးသမီးတစ်ဦးကို ထိမ်းမြားခြင်းသည် မမှန်ကန်ချေ။ အနောက်နိုင်ငံမှ အမျိုးသမီးများအား ၎င်းတို့၏ယုံကြည်မှုဆိုင်ရာကိစ္စရပ်များကို မစူးစမ်းဘဲနှင့် လက်ထပ်ထိမ်းမြားသောသူများသည် အမှားကြီးတစ်ရပ်ကျူးလွန်ခြင်းပင်ဖြစ်သည်။

(၂) ထိုနည်းတူစွာ အပြင်ပန်းအားဖြင့် မုစ်လင်မ်ဟုထင်ရသော်လည်း ၎င်း၏ယုံကြည်မှုသည် မုစ်လင်မ် မဟုတ်သူနှင့်ထပ်တူထပ်မျှဖြစ်နေသောသူနှင့် မုစ်လင်မ်အမျိုးသမီးတစ်ဦးကို ထိမ်းမြားလက်ထပ်ပေးခြင်းသည်လည်း မမှန်ကန်ချေ။ ထိမ်းမြားလက်ထပ်ပြီးမှ ယုံကြည်မှုများပျက်စီးချို့ယွင်းနေပါက ယင်းနေကာဟ်ထိမ်းမြားခြင်းသည် ထိုအချက်ကြောင့်ပင်လျှင် ပျက်ပြယ်သည်။ ပမာဆိုသော် မုစ်လင်မ်အတော်များများသည် ခေတ်ပေါ်တွေးခေါ်ခြင်း၏လွှမ်းမိုးမှုကြောင့် ၎င်းတို့၏ဘာသာတရားကို မေ့လျော့ပစ်ပယ်ခြင်းသို့ရောက်ကာ ယုံကြည်ချက်များ ပျက်ယွင်းစေပါသည်။ ထို့ကြောင့် အမျိုးသမီးငယ်တစ်ဦး၏ အုပ်ထိန်းသူများသည် ကမ်းလှမ်းချက်ကို လက်မခံမီ ကမ်းလှမ်းလာသူ၏ ယုံကြည်မှုကို ပထမဦးစွာစုံစမ်းစစ်ဆေးသင့်ခြင်းသည် အုပ်ထိန်းသူ၏ မပြုမနေရ တာဝန်ဖြစ်သည်။

V V V V V V V V

အာယသ် (၂း ၂၂၂-၂၂၃)

وَيَسْـَٔلُوْنَكَ عَنِ الْمَحِيْضِ ۭ قُلْ هُوَ اَذًى ۙ فَاعْتَزِلُوا النِّسَاۗءَ فِي
الْمَحِيْضِ ۙ وَلَا تَقْرَبُوْهُنَّ حَتّٰى يَطْهُرْنَ ۚ فَاِذَا تَطَهَّرْنَ فَاْتُوْهُنَّ
مِنْ حَيْثُ اَمَرَكُمُ اللّٰهُ ۭ اِنَّ اللّٰهَ يُحِبُّ التَّوَّابِيْنَ وَيُحِبُّ
الْمُتَطَهِّرِيْنَ ۝ نِسَاۗؤُكُمْ حَرْثٌ لَّكُمْ ۠ فَاْتُوْا حَرْثَكُمْ اَنّٰى شِئْتُمْ ۡ
وَقَدِّمُوْا لِاَنْفُسِكُمْ ۭ وَاتَّقُوا اللّٰهَ وَاعْلَمُوْٓا اَنَّكُمْ مُّلٰقُوْهُ ۭ وَ
بَشِّرِ الْمُؤْمِنِيْنَ ۝

**“ထိုမှတစ်ပါးတုံ (အိုနဗီတမန်တော်) အသင့်အား ထိုသူတို့သည် ရာသီပန်းပွင့်ခြင်း အကြောင်းနှင့်စပ်လျဉ်း၍ မေးမြန်းကြ၏။ အသင်သည် (ထိုသူတို့အား ဤသို့) ပြောကြားပါလေ။ ထို(ရာသီပန်းပွင့်ခြင်း)သည် စက်ဆုပ်ရွံရှာဖွယ်ရာဖြစ်သော အရာတစ်မျိုးပင်ဖြစ်ချေသည်။ သို့ဖြစ်ရာ ရာသီပန်းပွင့်သည့်အချိန်တွင် အသင်တို့သည် ဇနီးမိန်းမများနှင့် (ကာယသံသဂ္ဂပြုခြင်းမှ)ခွဲခွာ၍နေကြနေလေကုန်။ ၎င်းပြင် ထိုဇနီး မိန်းမများသန့်စင်ကြသည့်တိုင်အောင် အသင်တို့သည် ထိုဇနီးမိန်းမများထံသို့ မချဉ်းကပ်ကြကုန်လင့်။ သို့ရာတွင် ထိုဇနီးမိန်းမများ(ကောင်းစွာ)သန့်စင် လာကြသောအခါ အသင်တို့သည် အလ္လာဟ်အရှင်မြတ် မိန့်တော်မူထားသည်နှင့် အညီ ထိုဇနီးမိန်းမ ထံသို့ချဉ်းကပ်ကြကုန်။ ဧကန်မုချ အလ္လာဟ် အရှင်မြတ်သည် (မေ့မှားမှုများမှ)ဝန်ချတောင်းပန်သောသူများကို နှစ်သက်တော်မူ၏။ ထို့အတူ ထိုအရှင်မြတ်သည် သန့်ရှင်း စင်ကြယ်သောသူများကိုလည်း နှစ်သက်တော် မူ၏။”** (၂း၂၂၂)

**‘အသင်တို့၏ဇနီးမိန်းမများသည် အသင်တို့အဖို့ လယ်ယာမြေ (ပမာပင်)ဖြစ်ပေရာ အသင်တို့သည် မိမိတို့ လယ်ယာများသို့ မိမိတို့ ကြိုက်နှစ်သက်ရာနည်းနှင့် သွားလာ (စိုက်ပျိုး)ကြကုန်။ ထို့ပြင် အသင်တို့သည် (နောင်ရေးကိုဧ့ရှုကာ) မိမိတို့အကျိုးအလို့ငှာ (ကောင်းမှုကုသိုလ်များကို)တင်ကြို၍ပို့ဆောင် (ပြုလုပ်) ကြကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်။ ထို့ပြင် အသင်တို့သည် ထိုအရှင်မြတ်၏ဧ့ရှေတော်မှောက်သို့ မုချ ဝင်ရောက်ကြရမည့်သူများဖြစ်သည်ကိုလည်း သိထားကြကုန်။ ထို့ပြင်(အို နဗီ) အသင်သည် ယုံကြည်ခြင်းသဒ္ဓါတရားနှင့် ပြည့်စုံသော ‘မုအ်မင်န်’တို့အား ဝမ်းမြောက်ဖွယ်ရာသတင်းကို ပြောကြားပါလေ။”** (၂း၂၂၃)

## ရာသီပန်းပွင့်ချိန်တွင် သံဝါသမ္ဗန္ဓပြုရ

ဤအာယသ်တော်များ၏ အခြေခံရည်ရွယ်ချက်သည် ရာသီပန်းပွင့်နေသောအမျိုးသမီးတစ်ဦးနှင့် သံဝါသ ပြုမှုကို တားမြစ်ကြောင်းကြေငြာရန်ပင်ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ဦးသည် မသိနားမလည်၍ဖြစ်စေ သတိမမူ မိ၍ဖြစ်စေ ထိုအခြေအနေမျိုးတွင် သံဝါသမ္ဗပြုမိပါက သူသည် အလ္လာဟ်အရှင်မြတ်ထံ (ဝန်ချတောင်းပန်ခြင်း) ပြုလုပ်ရမည်။ ဤအကြောင်းနှင့်ပတ်သက်၍ အာယသ်တော်(၂၂၂)တွင် မိန့်ကြားထားသည်မှာ 'ဧကန်မုချ အလ္လာဟ် အရှင်မြတ်သည် ဝန်ချတောင်းပန်သောသူများကို နှစ်သက်တော်မူ၏'ဟူ၍ဖြစ်သည်။

အာယသ်တော် (၂၂၃)က မိမိ၏ဇနီးသည်နှင့် သံဝါသပြုသော တရားဝင်လမ်းများကို ညွှန်ပြထားပါသည်။ ထိုကဲ့သို့ သံဝါသပြုမှုနည်းများကို ခွင့်ပြုရခြင်းတွင် အခြေအနေနှစ်ရပ်ရှိပါသည်။ ပထမအချက်မှာ ဇနီးသည်သည် ရာသီပန်းပေါ်နေသည့်အချိန်ဟုတ်ဘဲ သန့်စင်နေသည့်အချိန်ဖြစ်ရမည်။ ဒုတိယအချက်မှာ ကာမဆန္ဒသောင်းကျန်း မှုဖြင့် သံဝါသပြုခြင်းကို လုံးဝခွင့်မပြု။ ဤအာယသ်တော်သည် ပြီးပြည့်စုံသည့်မှတ်ချက်ဖြင့် ဖွင့်ဆိုထားသည်။ 'အသင်တို့၏ဇနီးမိန်းမများသည် အသင်တို့အဖို့ လယ်ယာမြေဖြစ်ပေရာ အသင်တို့သည် မိမိတို့လယ်ယာများသို့ မိမိတို့ကြိုက်နှစ်သက်ရာနည်းများနှင့်သွားလာ(စိုက်ပျိုး)ကြကုန်။' ဤနေရာ၌ ဇနီးသည်အား လယ်ယာမြေနှင့် နှိုင်းယှဉ်ထားကာ လင်ယောကျ်ားအား ထွန်ယက်စိုက်ပျိုးသူနှင့် နှိုင်းယှဉ်ထားသည်။ ဤသို့ပြုလုပ်ခြင်းသည် သံဝါသပြုခြင်းကို ကာမဂုဏ်ဆန္ဒဖြေပျောက်စေရန်တစ်ခုတည်းအတွက် ခွင့်ပြုထားခြင်းမဟုတ်ဘဲ သားသမီး များစွာရရှိရန်အတွက် ခိုင်လုံသောအကြောင်းရင်းတစ်ရပ်ဖြစ်စေရန်လည်း ရည်ညွှန်းသည်။ ဤကဲ့သို့ အသုံးအနှုန်း ကို အသုံးပြု၍ ကုရ်အာန်ကျမ်းတော်မြတ်က ကာမဂုဏ်ဆန္ဒတစ်ခုတည်းနှင့် သံဝါသပြုခြင်းကို ပိတ်ပင်တားမြစ် ကြောင်း သိမ်မွေ့သောရည်ညွှန်းချက်ပေးခြင်းဖြစ်သည်။ ထိုကဲ့သို့ သံဝါသပြုခြင်းသည် မိမိ၏ဇနီးသည်နှင့်ပင် လျှင် မည်သို့မျှ အကျိုးအမြတ်ရှိသော အပြုအမူတစ်ရပ် မဖြစ်နိုင်သည့်အပြင် 'ထွန်ယက်စိုက်ပျိုးမှု'လည်း မပါဝင် ခဲ့။

ဤအခြေအနေနှစ်ရပ် (ရာသီပန်းပွင့်ခြင်းမှ သန့်စင်သော အမျိုးသမီးနှင့် ကာမဆန္ဒတစ်ခုတည်းဖြင့် သံဝါသပြုခြင်းကို ရှောင်ရှားခြင်းမှအပ) တစ်စုံတစ်ဦးသည် မိမိ၏ဇနီးသည်နှင့် မိမိကြိုက်နှစ်သက်ရာ မည်သည့် နည်းမျိုးနှင့်မဆို သံဝါသပြုနိုင်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ မိန့်ကြားထားသည်မှာ 'အသင်တို့သည် မိမိတို့ လယ်ယာများသို့ မိမိတို့ ကြိုက်နှစ်သက်ရာနည်းနှင့် သွားလာ(စိုက်ပျိုး)ကြကုန်'ဟူ၍ဖြစ်သည်။ ဤသည်က ရည်ညွှန်းသည်မှာ အဆုံးစွန်နေရာ (သံဝါသပြုရာ)သည် မြေဆီမြေလွှာဖြစ်သည်။ (မြေဆီလွှာမှာ အမျိုးသမီး၏ အင်္ဂါဇတ်ကို ကိုယ်စားပြုသည်။) ထို့ကြောင့် တစ်စုံတစ်ဦးသည် ဤအဆုံးစွန်နေရာရောက်ရှိရန်အတွက် မိမိ ကြိုက်နှစ်သက်ရာလမ်းကို ရွေးချယ်နိုင်သည်။ ထို့ကြောင့် အမျိုးသမီးပေါ်မှနေခြင်း၊ အောက်မှနေခြင်း၊ ဘေးမှ နေခြင်း၊ ဇနီးသည်၏ အင်္ဂါဇတ်နှင့်လိုက်လျောညီထွေဖြစ်ရန်အတွက် ရှေ့မှဖြစ်စေ၊ နောက်မှဖြစ်စေ၊ ထိုင်လျက် ဖြစ်စေ၊ ဒူးထောက်လျက်ဖြစ်စေ၊ ဤအနေအထားများနှင့် အခြားအလားတူအနေအထားအားလုံးတို့ကို သံဝါသ ပြုစဉ်အတွင်း ခွင့်ပြုထားခဲ့ပါသည်။ သို့သော်လည်း အထက်တွင်ဖော်ပြခဲ့ပြီးသောအချက်နှစ်ချက်နှင့်ကား ညီညွတ် ရပေမည်။

v v v v v v v

**အာယသ် (၂း ၂၂၄)**

وَلَا تَجْعَلُوا اللَّهَ عُرْضَةً لِّأَيْمَانِكُمْ أَن
تَبَرُّوا وَتَتَّقُوا وَتُصْلِحُوا بَيْنَ النَّاسِ ۚ وَاللَّهُ سَمِيعٌ عَلِيمٌ ﴿٢٢٤﴾

**"ထို့ပြင် အသင်တို့သည် ကုသိုလ်ကောင်းမှုများကို မပြုကြရန်လည်းကောင်း၊ ဒုစရိုက်မှုများကို မကြည့်ရှောင်ကြရန်လည်းကောင်း၊ လူသားတို့စပ်ကြားတွင် ခိုက်ရန်ဖြစ်ပွားမှုများကို မဖျန်ဖြေကြရန်လည်းကောင်း၊ မိမိတို့၏ ကျိန်ဆိုချက်များဖြင့် အလ္လာဟ်အရှင်မြတ်အား ဒိုင်းကြီးသဖွယ် အကာအကွယ်မပြုလုပ်ကြကုန်လင့်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့ကြားတော်မူသောအရှင်၊ အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။"** (၂း၂၂၄)

အလ္လာဟ်အရှင်မြတ်နာမတော်ကိုတသ၍ အချို့သောကောင်းမှုလုပ်ရပ်များကို မလုပ်ပါဟူ၍လည်းကောင်း၊ အုပ်စုနှစ်ခုကြား ဖျန်ဖြေမှုကိုမဖြစ်စေရပါဟူ၍လည်းကောင်း၊ ကျိန်ဆိုသောသူများအား သတိပေးထားသည်။ ဤကဲ့သို့သော အပြုအမူသည် ကောင်းမှုကောင်းရာပြုလုပ်ရန်အတွက် အလ္လာဟ်အရှင်မြတ်၏ နာမတော်ကို တံတိုင်းအဖြစ် သုံးစွဲထားကြောင်း သတိပေးထားပါသည်။ ဤကဲ့သို့သောကိစ္စရပ်များ၌ အလ္လာဟ်အရှင်မြတ်နာမတော်ကို သုံးစွဲခြင်းသည် အလ္လာဟ်အရှင်မြတ်၏ သန့်စင်မှုကို ပြင်းထန်စွာချီးဖောက်ရာရောက်ပေသည်။ ထို့ကြောင့် မည်သည့်အခြေအနေတွင်မဆို ရှောင်ကြဉ်ရမည်။

v v v v v v v

## အာယသ် (၂း ၂၂၅)

لَا يُؤَاخِذُكُمُ اللَّهُ بِاللَّغْوِ فِي أَيْمَانِكُمْ وَلَٰكِن يُؤَاخِذُكُم
بِمَا كَسَبَتْ قُلُوبُكُمْ ۗ وَاللَّهُ غَفُورٌ حَلِيمٌ ﴿٢٢٥﴾

**“အလ္လာဟ်အရှင်မြတ်သည် အသင်တို့၏ အချည်းနှီးသောကျိန်ဆိုချက်များနှင့် စပ်လျဉ်း၍ အသင်တို့ကို ပြစ်ဒဏ်ပေးတော်မူမည်မဟုတ်။ သို့ရာတွင် အသင်တို့၏ စိတ်နှလုံးများ က စေ့ဆော်တိုက်တွန်း၍ ကျိန်ဆိုသော ကျိန်ဆိုချက်များနှင့်စပ်လျဉ်း၍မူ ထိုအရှင်မြတ် သည် အသင်တို့ကို ပြစ်ဒဏ်ပေးတော်မူပေမည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အကြိမ်ကြိမ်လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူသောအရှင်၊ အလွန် ထောက်ထားညှာတာတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။”** (၂း၂၂၅)

လဂ်ဝ် (သို့) အချည်းနှီးသောကျိန်ဆိုချက်တွင် အဓိပ္ပာယ်နှစ်မျိုးရှိပါသည်။

(၁) ပထမအချက်မှာ အတိတ်ကအကြောင်းအရာတစ်ခုအပေါ်၌ မိမိ၏သဘောဆန္ဒမပါဘဲနှင့် မမှန်မကန် ကျမ်းကျိန်ဆိုခြင်းကိုဖြစ်စေ၊ ထိုကိစ္စရပ်သည် ကျမ်းကျိန်ဆိုသူ၏ ထင်မြင်ယူဆချက်တွင် မှန်ကန်သည်ဟု ထင်မှတ်၍ ဖြစ်စေ မိမိသဘောအလျောက် ကျမ်းကျိန်ဆိုခြင်းကိုခေါ်သည်။ ပမာဆိုသော် တစ်စုံတစ်ဦးသည် သူ၏ ကြားသိရသမျှနှင့် ထင်မြင်ချက်တို့အရ တစ်ဦးတစ်ယောက်သည် လာရောက်ခဲ့သည်ဟု ကျမ်းကျိန်ဆိုခဲ့သော်လည်း တကယ်တမ်းမှာမူ ထိုသူမလာရောက်ခဲ့ပါ။ အလားတူစွာ တစ်ဦးတစ်ယောက်သည် အနာဂတ်ကိစ္စရပ်တစ်ခုအတွက် မရည်ရွယ်ဘဲ ကျမ်းကျိန်ဆိုရာတွင် ကျမ်းကျိန်ဆိုချက်စကားလုံးများသည် သူပြောချင်သည်ကတစ်မျိုး၊ သူ၏နှုတ်ဖျားကတစ်မျိုး မှားယွင်းစွာထွက်ဆိုမိပါလျှင် ယင်းသို့သောကျမ်းကျိန်ဆိုမှုမျိုးသည် အထက်ဖော်ပြပါအချည်းနှီးသောကျိန်ဆိုချက်အမျိုးအစားတွင် ပါဝင်သည်။ အထက်ပါအမျိုးအစား သုံးမျိုးစလုံးသည် အပြစ်(ဂုနာဟ်) မဖြစ်စေသော အပြုအမူများကြောင့် ယင်းတို့ကို ‘လဂ်ဝ်’(သို့) အချည်းအနှီးဟု ခေါ်ဆိုသည်။ ဤလုပ်ရပ်အတွက် နောင်အာခိရသ်တွင် စစ်ကြောမေးမြန်းခြင်းခံရမည်မဟုတ်ပါ။ ဤသည်နှင့် နှိုင်းယှဉ်ကြည့်လျှင် စစ်ကြောမေးမြန်းခြင်းခံရမည်ဟု ကြေငြာထားသော ကျမ်းကျိန်မှုမျိုးသည် မှားမှန်းသိလျက်နှင့် တမင်ရည်ရွယ်ထွက်ဆိုခြင်းပင်ဖြစ်သည်။ ဤသည်ကို ‘ဂမုစ်’ (မုသားထွက်ဆိုခြင်း)ဟုခေါ်ဆိုပြီး (ဂုနာဟ်)အပြစ် ဖြစ်စေသောအပြုအမူဖြစ်သည်။ သို့ရာတွင် ဟန်နဖီ ဓမ္မသတ်အရ ထိုကိစ္စရပ်အတွက် ‘ကဖ္ဖာရာ’ (သို့) ဒဏ်ကြေး ပေးရန်မလိုအပ်ပါ။ ထို့ကြောင့် အစောပိုင်းရှင်းလင်းတင်ပြချက်များအရ ‘လဂ်ဝ်’သည် ‘ကဖ္ဖာရာ’မထိုက်ကြောင်း ပို၍ထင်ရှားပါသည်။ (ထိုအပြုအမူသည် ‘ဂုနာဟ်’ဖြစ်စေသာ အပြုအမူမဟုတ်သောကြောင့်ဖြစ်သည်။) ယခုဆွေးနွေးနေသော အာယသ်တော်ထဲတွင် ‘ကဖ္ဖာရာ’မထိုက်သော ဤအမျိုးအစားနှစ်ခုအကြောင်းကို သီးသန့်ဖော်ပြထားသည်။

(၂) 'လဂ်ဝ်'သည် 'ကဖ္ဖာရာ'မထိုက်ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်ပါသည်။ ယင်းကို 'လဂ်ဝ်'ဟုခေါ်သည်မှာ ဤကမ္ဘာလောကတွင် 'ကဖာရာ'ထိုက်သည်ဟု မသတ်မှတ်ထားသောကြောင့်ပင်ဖြစ်သည်။ ဤအဓိပ္ပာယ်အရ ဆိုလျှင် 'လဂ်ဝ်'ဟူသောစကားလုံးထဲတွင် 'ဂုနာဟ်'ဖြစ်စေသော အပြုအမူဖြစ်သော်လည်း 'ကဖာရာ'မထိုက်သောကြောင့် 'ဂမုစ်'သည်လည်း အကျုံးဝင်သွားပါသည်။

ဤသည်နှင့်နှိုင်းယှဉ်လျှင် 'ကဖ္ဖာရာ'ထိုက်သော ကျမ်းကျိန်မှုကို 'မုနာကီဒါ'ဟုခေါ်သည်။ (ထိုစကားလုံး၏ အဓိပ္ပာယ်မှာ 'အတည်ပြုပြီး'ဟူ၍ဖြစ်သည်။) ပမာဆိုသော် သူ(သို့)သူမသည် အလုပ်တစ်ခုကို လုပ်မည် (သို့) မလုပ်ဟုကျမ်းကျိန်ဆိုကာ တမင်ရည်ရွယ်ကြေညာခဲ့ပြီး ဆန့်ကျင်ဘက်ပြုမူလုပ်ဆောင်ခဲ့ပါလျှင် 'ကဖ္ဖာရာ'ထိုက်ပါသည်။ (ဘယာန္ဂလ်ကုရ်အာန်)

vvvvvvvv

အာယသ် (၂ း ၂၂၆–၂၂၇)

لِلَّذِينَ يُؤْلُونَ
مِن نِّسَآئِهِمْ تَرَبُّصُ أَرْبَعَةِ أَشْهُرٍ ۖ فَإِن فَآءُو فَإِنَّ اللَّهَ
غَفُورٌ رَّحِيمٌ ﴿٢٢٦﴾ وَإِنْ عَزَمُوا الطَّلَاقَ فَإِنَّ اللَّهَ سَمِيعٌ
عَلِيمٌ ﴿٢٢٧﴾

**"မိမိတို့၏ဇနီးမိန်းမများနှင့် (ကာယကံသင်္ဂအမှုပြုကြမည်မဟုတ်ပါဟု) ကျိန်ဆို သူများ အဖို့ လေးလစောင့်ဆိုင်းခွင့်ရှိ၏။ အကယ်၍ ထိုသူတို့သည် (ထိုကဲ့သို့) ကျိန်ဆိုပြီးနောက် (၄-လ အတွင်း မိမိတို့၏ကျိန်ဆိုချက်ကို) ပြန်လည်ရုပ်သိမ်း ကြပါလျှင် မုချဧကန် အလ္လာဟ်အရှင်မြတ်သည် အလွန်လွတ်ငြိမ်းချမ်သာခွင့် ပေးသနားတော်မူသောအရှင်၊ အလွန်ကရုဏာပြုတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။" (၂း၂၂၆)**

**"ထို့ပြင် အကယ်၍သာ ယင်းသူတို့သည် ကွာရှင်းခြင်းကိုသာ စိတ်ပိုင်းဖြတ် ကြပါလျှင် ဧကန်မုချ၊ အလ္လာဟ်အရှင်မြတ်သည် (ထိုသူတို့၏ ကျိန်ဆိုချက် တို့ကိုလည်း) အကြွင်းမရှိ ကြားတော်မူသောအရှင်၊ (ထိုသူတို့၏ စိတ်ပြဋ္ဌာန်းချက်များကိုလည်း)အကြွင်းမရှိ သိတော်မူသောအရှင် ဖြစ်တော် မူလေသတည်း။" (၂း၂၂၇)**

## မှတ်စု

အကယ်၍ တစ်စုံတစ်ဦးသည် မိမိ၏ဇနီးနှင့် သံဝါသမှုပြုလိမ့်မည်မဟုတ်ဟု ကျိန်ဆိုပါက ထိုကိစ္စရပ်တွင် အခြေအနေ(၄)မျိုးရှိလေသည်။

(က) အချိန်ကာလသတ်မှတ်ထားခြင်းမရှိ။

(ခ) အချိန်ကာလကို (၄)လဟု သတ်မှတ်ထားခြင်း။

(ဂ) အချိန်ကာလကို (၄)လထက်ပို၍ သတ်မှတ်ထားခြင်း၊

(ဃ) သတ်မှတ်ချက်ကို (၄)လထက်လျော့နည်းသည်ဟု ထုတ်ဖော်ထားခြင်း။

ထို့ကြောင့် အခြေအနေ က၊ ခ၊ နှင့် ဂ ကို ရှရီအသ်တရားတော်၏ အခေါ်ဝေါဟာရ “အီလာ” ဟု ခေါ်သည်။ ဤအခြေအနေများဖြစ်သော က၊ ခ၊ ဂ နှင့်သက်ဆိုင်သော အမိန့်ပညတ်ချက်မှာ အကယ်၍ ကျိန်ဆိုသူသည် (၄)လအတွင်းတွင် သူ၏ကျိန်ဆိုမှုကို ချိုးဖောက်၍ သူ့ဇနီးသည်နှင့် သံဝါသမှုလုပ်ဆောင်ပါက ကဖ္ဖာရာဒဏ်ကြေးထိုက်သော်လည်း နိကာဟ်ထိမ်းမြားမှု မပျက်ပြယ်ပါ။ သတ်မှတ်ထားသော (၄)လကုန်ဆုံးချိန်တွင် ကျိန်ဆိုသူသည် သူ၏ကျိန်ဆိုမှုကို မချိုးဖောက်ခဲ့ပါက ၎င်းသည် ဇနီးသည်အပေါ် ဖျက်သိမ်း၍မရသောကွာရှင်းပြတ်စဲမှုသည် အကျိုးသက်ရောက်ပေလိမ့်မည်။

ဆိုလိုသည်မှာ ထိုဇနီးသည်နှင့် ထပ်မံထိမ်းမြားလက်ထပ်မှုမပြုဘဲ ပေါင်းသင်းခြင်းသည် မမှန်ကန်ချေ။ သို့သော်လည်း အကယ်၍ ထိုဇနီးမောင်နှံသည် တစ်ဦးနှင့်တစ်ဦး နားလည်မှုယူကာ ထိမ်းမြားမဂ်လာပြုလုပ်မှသာလျှင် မှန်ကန်ပေလိမ့်မည်။ ဟလာလာဟ် (တတိယလူနှင့် ကြားဖြတ်၍ ထိမ်းမြားလက်ထပ်ရန်)မလိုအပ်ချေ။ စတုတ္ထအခြေအနေ (ဃ)နှင့်ပတ်သက်သော အမိန့်ပညတ်ချက်မှာ အကယ်၍ ကျိန်ဆိုမှုကို ချိုးဖောက်ခဲ့ပါက ကဖ္ဖာရာထိုက်လိမ့်မည်။ ထို့ပြင် ကျိန်ဆိုမှုကာလပြီးပြည့်စုံသွားလျှင် ထိမ်းမြားလက်ထပ်မှုသည်လည်း ဆက်လက်၍ အတည်ဖြစ်နေပါလိမ့်မည်။ (ဘယာန္ဂလ်ကုရ်အာန်)

v v v v v v v

အာယသ် (၂ : ၂၂၈)



“ထို့ပြင် ကွာရှင်းခြင်းခံရသောဇနီးမိန်းမများသည် ရာသီပန်းသုံးကြိမ်ပွင့်သည့် တိုင်အောင် (အိမ်ထောင်သစ်ပြုခြင်းမှ) မိမိတို့ကိုယ်ကို ဆိုင်းငံ့ထားကြရမည်။ ထို့ပြင် အကယ်စင်စစ် ထိုဇနီးမိန်းမများသည် အလ္လာဟ်အရှင်မြတ်ကို လည်းကောင်း၊ နောက်ဆုံးနေ့ကို လည်းကောင်း ယုံကြည်ကြပါလျှင် ထိုဇနီးမိန်းမများအဖို့ မိမိတို့ သားအိမ်များတွင် အလ္လာဟ်အရှင်မြတ် ဖန်ဆင်းထားတော်မူသောအရာ (ကိုယ်ဝန်များကိုလည်းကောင်း၊ ရာသီပန်းပွင့်ခြင်းကို လည်းကောင်း) ထိန်ချန်လျှို့ဝှက်ထားပိုင်ခွင့် မရှိချေ။ ထို့ပြင် ထိုဇနီးမိန်းမတို့၏ လင်ယောက်ျားတို့သည် သင့်မြတ်ခြင်းကို ရည်စူးကြပါလျှင် ထိုဇနီးမိန်းမများအား ပြန်လည်သိမ်းပိုက်ရန် အခွင့်အရေး ပိုမိုရှိသူများ ဖြစ်ကြပေသည်။ ထို့ပြင် ထိုဇနီးမိန်းမများအပေါ်ဝယ် တာဝန်များရှိသကဲ့သို့ ထိုဇနီး မိန်းမများအဖို့လည်း တရားစည်းကမ်းများအတိုင်း အခွင့်အရေးများ လည်း ရှိကြပေသည်။ သို့ပင်တစေ လင်ယောက်ျားတို့အဖို့မှာကား ထိုဇနီး မိန်းမများအပေါ်ဝယ် သာလွန်ခြင်းတစ်ရပ်ရှိပေသည်။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူပေ သတည်း။” (၂:၂၂၈)

## အမျိုးသားနှင့် အမျိုးသမီးတို့၏ ဂုဏ်ဒြပ်ကိုဖော်ပြသော ကြီးကျယ်သည့်အာယသ်တော်တစ်ရပ်

အမျိုးသားများနှင့် အမျိုးသမီးများ၏ အပြန်အလှန်ရပိုင်ခွင့်တာဝန်ဝတ္တရားများနှင့်သက်ဆိုင်သော ရှရီအသ်တရားတော်၏ ဥပဒေတစ်ရပ် ဤအာယသ်တော်ထဲတွင်ပါဝင်သည်။ ထို့ပြင် ၎င်းတို့ လုပ်ဆောင်ရမည့် အခန်းကဏ္ဍအဆင့်ဆင့်ကိုလည်း ရှင်းလင်းဖော်ပြထားသည်။ ဤအာယသ်တော်တွင်လည်းကောင်း၊ ဤအာယသ်တော်အလျင်ကလည်းကောင်း၊ နောက်တွင်လည်းကောင်း ဥပဒေ၏အရေးကြီးသော အသေးစိတ်များကို ကျမ်းတော်မြတ်၏ ကဏ္ဍအချို့တွင် ဖော်ပြထားပါသည်။

## အစ္စလာမ်သာသနာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍဖော်ပြချက်

ဤနေရာတွင် အစ္စလာမ်သာသနာက အမျိုးသမီးများကိုပေးအပ်ထားခဲ့သော ဂုဏ်ဒြပ်အတိုင်းအတာအချို့ ရှင်းပြလျှင် သင့်တော်ပါလိမ့်မည်။ အကယ်၍ ရှထောင့်စုံမှ နားလည်သဘောပေါက်ခဲ့လျှင် တရားမျှတ၍ အလယ်အလတ်ကျသော လူမှုရေးဆိုင်ရာစနစ်တစ်ရပ်သည်ပင်လျှင် ဤအတိုင်းအတာထက် သာပိုမလိုအပ်တော့ကြောင်း ဧကန်မုချ မှတ်ချက်ပြုပေလိမ့်မည်။ ဤအခန်းကဏ္ဍသည် အလွန်အရေးကြီးသည်။ ယင်းမှ သွေဖည်ခြင်း (သို့) ဖယ်ခွာခြင်းသည် ဤလောကနှင့် တမလွန်လောကတွင် လူသားဘဝအတွက် ကြီးမားသော အန္တရာယ်တစ်ရပ်ဖြစ်လာလိမ့်မည်။

စေ့စပ်သေချာစွာစဉ်းစားတွေးတောပါက ဤကမ္ဘာလောက၏ တိုးတက်မှုနှင့်ရပ်တည်မှုအတွက် မရှိမဖြစ်သော အခြေခံအရာနှစ်ခုပေါ်ထွက်လာပါလိမ့်မည်။ ယင်းတို့မှာ အမျိုးသမီးနှင့်ဥစ္စာဓနဖြစ်သည်။ သို့သော်လည်း တစ်ဖက်မှကြည့်လျှင် ဤနှစ်မျိုးသည် မငြိမ်မသက်ဖြစ်ခြင်း၊ သွေးထွက်သံယိုဖြစ်ခြင်းနှင့် ဆင်းရဲဒုက္ခ၏ရင်းမြစ်တစ်ရပ်လည်းဖြစ်ပေသည်။ ထပ်မံတိုးတက်၍ စဉ်းစားဆင်ခြင်ကြည့်ပါက ဤအရာနှစ်မျိုးသည် လူ့ဘဝတွင် ယင်းတို့၏ အစစ်အမှန်အခန်းကဏ္ဍအရဆိုလျှင် ကမ္ဘာကြီး၏ တိုးတက်ရာတိုးတက်ကြောင်းဖြစ်စေသော်လည်း ယင်းတို့၏ စစ်မှန်သောအခန်းကဏ္ဍမှ ရည်ရွယ်ချက်မဲ့ ဖယ်ရှားပစ်ခဲ့လျှင် ကမ္ဘာကြီးသွက်သွက်ခါသွားနိုင်ကြောင်း ကောက်ချက်ချနိုင်ပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် လူသားအား ဘဝနေနည်းစနစ်တစ်ရပ်ပေးအပ်ခဲ့ပါသည်။ ကျားမ နှစ်မျိုးစလုံး၏ ဤလူသားဆိုင်ရာအကြောင်းအချက်အလက်များကို မှန်ကန်သောအခန်းကဏ္ဍတွင် သတ်မှတ်ပေးထားခဲ့သောကြောင့် ငြိမ်းချမ်းသာယာမှုမရှိခြင်းကို လုံးဝဥဿုံဖယ်ရှားကာ အများဆုံးအကျိုးအမြတ်များ ပေါ်ထွက်နိုင်စေပါသည်။ ဥစ္စာဓန၏ အခန်းကဏ္ဍတွင် ယင်း၏ရှာဖွေစုဆောင်းရမည့်နည်းလမ်း၊ သုံးစွဲရမည့်နည်းလမ်း၊ ဥစ္စာဓနကို ဖြန့်ဖြူးခြင်းဆိုင်ရာ တရားမျှတသောစနစ် စသည်တို့သည် ထုံးထမ်းစဉ်လာဖြစ်သော အသိပညာနယ်ပယ်ပင်ဖြစ်သည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ အသေးစိတ်ဆွေးနွေးချက်ကို အင်ရှာအလ္လာဟ် အခြားကဏ္ဍတွင် ပါဝင်ပါလိမ့်မည်။ ကျွန်ုပ် ပုံနှိပ်ထုတ်ဝေသော 'ဥစ္စာဓနဖြန့်ဖြူးခြင်း'ခေါင်းစဉ်ပါကျမ်းငယ်သည် အခြေခံ အညွှန်းတစ်ရပ်အဖြစ် အသုံးချနိုင်ပါသည်။

ဤနေရာတွင် ဆွေးနွေးခဲ့သည်မှာ အမျိုးသမီးနှင့် သူမ၏တာဝန်များ ရပိုင်ခွင့်များပင်ဖြစ်သည်။ ဤသည် နှင့်ပတ်သက်၍ ယခုဆွေးနွေးနေသော အာယသ်တော်ကမိန့်ကြားသည်မှာ အမျိုးသားများသည် အမျိုးသမီးများ အပေါ်၌ ရပိုင်ခွင့်များရှိပြီး ထိုရပိုင်ခွင့်များကို အမျိုးသမီးများက ပေးအပ်ရမည်ဖြစ်သကဲ့သို့ အမျိုးသမီးများ သည်လည်း အမျိုးသားများအပေါ်တွင် ရပိုင်ခွင့်များရှိကာ အမျိုးသားများကလည်း ထိုရပိုင်ခွင့်များကို အမျိုးသမီး များအား မုချပေးအပ်ရမည်။ သို့သော်လည်း ဤနေရာ၌ အသိအမှတ်ပြုရမည်မှာ ခြားနားမှု၏ပမာဏပင်ဖြစ် သည်။ 'သို့သော်လည်း ယောကျ်ားများအဖို့မှာကား မိန်းမများအပေါ်ဝယ် သာလွန်ခြင်းတစ်ရပ်ရှိလေသည်။' ဤအကြောင်း အရာအားလုံးလိုလိုပင် စူရတ်အလ်နိစားတွင် ဤနည်းနှင့်နှင်ပါဝင်ခဲ့သည်။

اَلرِّجَالُ قَوَّامُوْنَ عَلَى النِّسَاۤءِ بِمَا فَضَّلَ اللّٰهُ بَعْضَهُمْ
عَلٰى بَعْضٍ وَّبِمَآ اَنْفَقُوْا مِنْ اَمْوَالِهِمْ

**'အလ္လာဟ်အရှင်မြတ်သည် (ယောကျ်ားနှင့် မိန်းမတို့အနက်) အချို့ကို (ယောကျ်ားများကို) အချို့ထက်(မိန်းမများထက်)ပင် အရည်အချင်း၊ အဆင့်အတန်း၊ သာလွန်စေတော် မူခဲ့သောကြောင့်လည်းကောင်း၊ ယောကျ်ားများသည် မိမိတို့၏ ဥစ္စာပစ္စည်းများကို (မိန်းမတို့အား ကျွေးမွေးထောက်ပံ့ရာတွင်) သုံးစွဲသောကြောင့်လည်းကောင်း၊ ယောကျ်ားများသည် မိန်းမတို့ပေါ်၌ ကြီးကြပ် အုပ်ထိန်းသူများဖြစ်ကြသည်။" (၄း၃၄)**

## အစ္စလာမ်မပေါ်ထွန်းမီ လူမှုအသိုင်းအဝိုင်းတွင် အမျိုးသမီးများ၏ ဂုဏ်ဒြပ်

အစ္စလာမ်မတိုင်မီ အမှောင်ခေတ် (ဂျာဟိလိယသ်)အတွင်းက အမျိုးသမီးများအား အိမ်သုံးပစ္စည်းများနှင့် တန်းတူထားခဲ့ခြင်းမှာ သမရိုးကျလုပ်ရပ်ပင်ဖြစ်သည်။ ကျွဲနွားတိရစ္ဆာန်များပမာ အမျိုးသမီးများအားရောင်းခြင်း၊ ဝယ်ခြင်းများပြုလုပ်နိုင်ခဲ့ကြသည်။ သူမအိမ်ထောင်ပြုခြင်းနှင့်ပတ်သက်၍ မည်သည့်အခွင့်အရေးမျှ မရရှိခဲ့ပါ။ သူမ၏အုပ်ထိန်းသူများက စေလွှတ်သည့်နေရာသို့သာသွားရန်ရှိခဲ့သည်။ သူမဆွေမျိုးသားချင်းများ၏ အမွေ ဆက်ခံမှုတွင် ၎င်းရပိုင်ခွင့်ရှိသည့် ဝေစုကိုရရန်အခွင့်အရေးဟူသည်ကို မဆိုထားဘိ သူမကိုပင်လျှင် အိမ်ထောင်မှု ပစ္စည်းသဖွယ် သဘောထားကာ အမွေပုံပစ္စည်းအဖြစ်ပင်လျှင် အသုံးချခံရပေသည်။ သူမကား အမျိုးသားများ၏ ပိုင်ဆိုင်ပစ္စည်းသဖွယ် မှတ်ယူခံရကာ သူမကိုယ်တိုင်မှာကား မည်သည်မျှ ပိုင်ဆိုင်ခွင့်မရှိချေ။ ထို့ပြင် သူမပိုင်ဆိုင် သည့် ပစ္စည်းများကိုပင်လျှင် အမျိုးသားများ၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲနိုင်ခွင့်မရှိချေ။ သူမပိုင်ဆိုင်သမျှကို ခင်ပွန်းသည် ကြိုက်နှစ်သက်သောအချိန်တွင် နှစ်သက်သလိုသုံးစွဲနိုင်သည့် အခွင့်အရေးအပြည့်အဝရှိသည်။ သူမတွင်မေးမြန်းပိုင်ခွင့်ပင်မရှိချေ။ မည်မျှဖိနှိပ်ချုပ်ထားသနည်းဆိုလျှင် ယနေ့ကမ္ဘာပေါ်တွင် အယဉ်ကျေးဆုံးဟု ဆိုသည့် ဥရောပနိုင်ငံများမှ အချို့အုပ်စုများသည် အမျိုးသမီးများအား လူသားအဖြစ်ပင်လျှင် လက်မခံသော အဆင့်သို့ရောက်သွားခဲ့သည်။

အမျိုးသမီးများအတွက် ဘာသာရေးတွင် နေရာမရှိပါ။ ဂျန္နတ်သုခဘုံအတွက်သော်လည်းကောင်း၊ ခဝတ် ကိုးကွယ်မှုအတွက်သော်လည်းကောင်း၊ အမျိုးသမီးများသည် မထိုက်တန်ဟု မှတ်ယူခံခဲ့ရသည်။ ရောမ၏

ဘာသာရေးခေါင်းဆောင်များ ညှိနှိုင်းပွဲအချို့တွင် အချင်းချင်းဆွေးနွေးညှိနှိုင်းပြီးနောက် အမျိုးသမီးသည် ဝိညာဉ်မပါသောညစ်ပတ်သည့်သတ္တဝါတစ်ကောင်အဖြစ် ဆုံးဖြတ်ခဲ့ကြသည်။ အများအားဖြင့် ဖခင်တစ်ဦးသည် အမျိုးသမီး တစ်ဦးအား သတ်ပစ်ရန် (သို့) အရှင်လတ်လတ်မြေမြှုပ်ပစ်ရန်ကိုပင် ခွင့်ပြုနိုင်သည်ဟု မှတ်ယူခဲ့ကြသည်။ စင်စစ် ဤအပြုအမူကို ဂုဏ်အသရေ၏ အမှတ်အသားနှင့် မြင့်မြတ်ခြင်း၏ စံတစ်ရပ်အဖြစ် စီရင်ဆုံးဖြတ်ကြသည်။ မည်သူမဆို အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ခဲ့လျှင် သွေးကြွေးအဖြစ် ငွေပေးရန်မလိုချေ။ သို့မဟုတ် လက်စားချေခြင်းမခံထိုက်ဟု အချို့က ထင်မြင်ယူဆသည်။ လင်ယောကျ်ားသေဆုံးလျှင် ဇနီးသည် ထိုရုပ်အလောင်းနှင့်အတူ အရှင်လတ်လတ် မီးသင်္ဂြိုဟ်ခံရသည်။ တမန်တော်မြတ်(ﷺ)သခင် မွေးဖွားသန့်စင် ပြီးနောက် တမန်တော်အဖြစ်မရောက်မီ ခရစ်နှစ်(၅၈၆)ခုနှစ်တွင် ပြင်သစ်နိုင်ငံသည် သဘောထားကွဲလွဲမှုနှင့် အကြိမ်ကြိမ်ဆင်ခြင်ဆွေးနွေးပြီးသည့်နောက် အမျိုးသမီးများအပေါ် ကြင်နာကရုဏာထားမှုကိုပြသသည့်အနေဖြင့် အမျိုးသမီးဟူသည်ကား အဆုံးတွင် လူသားသာလျှင်ဖြစ်သည်။ သို့သော်လည်း သူမသည် ယောကျ်ားတစ်ဦးအား အလုပ်အကျွေးပြုရန်သက်သက်မျှသာ ဖန်ဆင်းခဲ့ခြင်းဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သည်။

အချုပ်မှာ တစ်ကမ္ဘာလုံးတွင်ရှိ တိုင်းပြည်များနှင့် ဘာသာတရားအားလုံးတို့သည် အမျိုးသမီးများအား ကရုဏာမဲ့စွာနှင့် ပြုမူဆက်ဆံခဲ့သည်မှာ ကြောက်ခမန်းလိလိပင်ဖြစ်သည်။ ဤသနားစဖွယ်အဖန်ဆင်းခံအတွက် မည်သည့်နေရာတွင်မျှ တရားမျှတမှုနှင့် ဆင်ခြင်တုံတရား များ မရှိခဲ့ချေ။ စစ်မှန်သောဘာသာတရားအတွက် ဤကမ္ဘာပေါ်ရှိလူများ၏ မျက်စိများကို ဖွင့်စေကာ ကမ္ဘာ အားလုံးအတွက် အသနားတော်ဖြင့် ပွင့်တော်မူခဲ့သော တမန်တော်မြတ်(ﷺ)သခင်က လူသားအချင်းချင်း ရိုသေကိုင်းရှိုင်းရန်သင်ကြားပြသခဲ့သည်။ တရားဥပဒေကို ညီမျှခြင်းနှင့် မျှတခြင်းဖြစ်ရန်ပြုလုပ်ခဲ့သည်။ အမျိုးသားများ သည် အမျိုးသမီးများ၏ ရုပိုင်ခွင့်အတွက် တာဝန်ခံရသကဲ့သို့ အမျိုးသမီးများကလည်း ယောကျ်ားများအတွက် တာဝန်ရှိကြောင်းပြုလုပ်ခဲ့သည်။ အမျိုးသမီးအား လွတ်လပ်၍အမှီခိုကင်းရန်ပြုလုပ်ခဲ့သည်။ သူမသည် အမျိုးသား များကဲ့သို့ပင် သူမဘဝနှင့် သူမ၏ဥစ္စာများ၏ ပိုင်ရှင်ဖြစ်စေခဲ့ရသည်။

မည်သည့်အမျိုးသားကမျှ ယုတ်စွအဆုံး အဖေ၊ အဖိုးဖြစ်စေကာမူ အမျိုးသမီးတစ်ဦးကို တစ်စုံတစ်ဦးနှင့် ထိမ်းမြားရန် အတင်းအကြပ်စေခိုင်းမရပါ။ အကယ်၍ သူမ၏သဘောတူညီမှုမပါဘဲ ထိမ်းမြားလက်ထပ်ပေးပါက ထိုထိမ်းမြားလက်ထပ်ခြင်း ပြီးမြောက်မှုသည် သူမ၏သဘောတူညီမှုအပေါ်တွင်သာလျှင် မူတည်နေပါသည်။

အကယ်၍ သူမက သဘောမတူဟုပြောကြားပါက ထိမ်းမြားလက်ထပ်မှုပျက်ပြယ်သည်။ သူမ၏သဘောတူညီချက်၊ သူမ၏အတည်ပြုချက်မပါဘဲနှင့် သူမ၏ ပိုင်ဆိုင်မှုများကို မည်သည့်အမျိုးသားကမျှ သုံးစွဲခွင့်မရှိချေ။ လင်ယောကျ်ားသေဆုံးပြီးနောက်တွင်ဖြစ်စေ၊ လင်ယောကျ်ားမှ ကွာရှင်းပြတ်စဲခံရပြီးသောအခါဖြစ်စေ သူမသည် လွတ်လပ်သူဖြစ်သွားကာ မည်သူကမျှ သူမကို မည်သည့်ကိစ္စအတွက်မဆို အတင်းအကြပ်စေခိုင်းနိုင်ခွင့်မရှိချေ။ အမျိုးသားများကဲ့သို့ပင် သူမ၏ဆွေမျိုးသားချင်း၊ အမွေပုံ၏ဝေစုရပိုင်ခွင့်ရှိသည်။ သူမအတွက် ငွေကြေးသုံးစွဲခြင်းနှင့် သူမအား ပျော်ရွှင်စွာထားခြင်းကို တမန်တော်မြတ်(ﷺ)သခင်၏ ကောင်းမြတ်သော တရားဥပဒေအရ 'အိဗာဒသ်' (ခဝတ်ကိုးကွယ်မှု)တစ်ရပ်ပင်ဖြစ်သည်ဟု ကြေညာထားခဲ့သည်။ အကယ်၍ လင်ယောကျ်ားသည်

သူမ၏ ရပိုင်ခွင့်များကိုပေးရန်ပျက်ကွက်လျှင် အစ္စလာမ့်တရားရုံးတော်မှတစ်ဆင့် ထိုလင်ယောက်ျားအား ပေးအပ်ရန် အတင်းအကြပ်စေခိုင်းနိုင်သည် (သို့) သူ့ကို ကွာရှင်းပေးရန်ပြုမူနိုင်သည်။

## အမျိုးသား၏ အုပ်ထိန်းမှုသည် ငြိမ်းချမ်းခြင်းနှင့် တည်ငြိမ်ခြင်းအတွက် အရေးကြီးလိုအပ်သည်

အမျိုးသမီးများအား ၎င်းတို့ရထိုက်သည့်အခွင့်အရေးမပေးခြင်းကို တရားမမျှတမှု၊ ဖိနှိပ်ချုပ်ချယ်မှု၊ စေးနည်းမှုနှင့် ဆိုးယုတ်မှုဟု သတ်မှတ်ခဲ့ပြီး ယင်းတို့ကို အစ္စလာမ်သာသနာက ချေဖျက်ခဲ့ပါသည်။ အလားတူပင် အမျိုးသားများ၏ ကြည့်ရှုစောင့်ရှောက်မှုနှင့် အုပ်ထိန်းမှုမှကင်းလွတ်ကာ အထိန်းအကွပ်မဲ့ လွတ်လပ်မှုဖြင့် သူမတို့စိတ်တိုင်းကျလုပ်စေခြင်းနှင့် ၎င်းသူမတို့ဘဝ တည်မြဲရန်နှင့် အထောက်အကူပြုစေရန် အသက်မွေးဝမ်းကျောင်းစေခြင်းတို့သည် ထိုအမျိုးသမီးတို့၏ အခွင့်အရေးများဆုံးရှုံးစေခြင်းနှင့် ပါရမီကို ဖျက်ဆီးရာရောက်စေပါသည်။ သူမ၏ ခန္ဓာကိုယ်ဖွဲ့စည်းပုံအရလည်းကောင်း၊ သားသမီးများမွေးဖွားရှ် ကြီးပြင်းစေရန်နှင့် မိသားစုကို စီမံခန့်ခွဲရန်ဟူသည့် ကြီးမားသောလုပ်ငန်းနှင့်သော်လည်းကောင်း နှိုင်းစာလျှင် သူမသည်အထက်တွင်ဖော်ပြခဲ့သော ကံအကြောင်း တရားနှင့်မထိုက်တန်ချေ။ သဘာဝအားဖြင့် သူမအားယုံကြည်အပ်နှင်းထားသည့် ကြီးမားသောလုပ်ငန်းနှင့်သာလျှင် ထိုက်တန်ပေသည်။

အမျိုးသမီးများအား အမျိုးသားတို့၏ ကြည့်ရှုစောင့်ရှောက်မှုနှင့် အုပ်ထိန်းမှုမှ ကင်းဝေးသွားခဲ့လျှင် နေ့စဉ်ဖြစ်လေ့ဖြစ်ထရှိသော အမျိုးစုံအနှောက်အယှက်များ၊ ရုန်းရင်းဆန်ခတ်မှုများနှင့် သွေးထွက်သံယိုမှုများသည် မလွဲမသွေဖြစ်ပေါ်လာနိုင်သည်။ ထိုအခြေအနေသည် လူ့အသိုင်းအဝိုင်းတစ်ရပ်လုံးအတွက် ကြီးမားသော အန္တရာယ်တစ်ရပ်ဖြစ်လေသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်သည် အမျိုးသမီးများအတွက် ပြဋ္ဌာန်းထားသော ရပိုင်ခွင့်များကိုဖော်ပြရင်း ကြေညာခဲ့သည်မှာ **وَلِلرِّجَالِ عَلَيْهِنَّ دَرَجَةٌ** အမျိုးသားတို့အဖို့မှာကား ထိုအမျိုးသမီးများ အပေါ်ဝယ် သာလွန်ခြင်းတစ်ရပ်ရှိပေသည်'ဟူ၍ဖြစ်သည်။ ဆိုလိုသည် မှာ အမျိုးသားများသည် အမျိုးသမီးများ၏ ကြည့်ရှုစောင့်ရှောက်သူများအဖြစ် တာဝန်ရှိသည်ဟူ၍ဖြစ်သည်။

အစ္စလာမ်သာသနာမတိုင်မီ ပထမမသိနားမလည်သည့်ခေတ်အတွင်းကကဲ့သို့ ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံးတို့သည် အမျိုးသမီးများအား အိမ်သုံးပစ္စည်းတစ်မျိုးအဖြစ်လည်းကောင်း၊ ဆွဲ့အသည့်သတ္တဝါတစ်မျိုးအဖြစ်လည်းကောင်း သတ်မှတ်ခဲ့သည်။ ထိုသတ်မှတ်ချက်မှာ မှားယွင်းသည်။ ဤသည်မှ ကျော်လွန်၍ အစ္စလာမ်ခေတ်၏ ပျက်စီးယိုယွင်းလာမှုနောက်တွင် မသိနားမလည်မှုခေတ်တစ်ခေတ်ပေါ်လာပါသည်။ ဤခေတ်တွင်လည်း အမျိုးသမီးများအပေါ် အမျိုးသားများ၏ သာလွန်မှုကိုပယ်ရှားရန်အတွက် ကြိုးပမ်းပြုလုပ်လာသောအခါ ဆန့်ကျင်ဘက်ဦးတည်ရာသို့ တုံ့ပြန်မှုတစ်ရပ်ဖြစ်ပေါ်လာခဲ့သည်။ ထို့ကြောင့် ပထမအမှားကဲ့သို့ပင် နောက်အလားတူအမှားသည်လည်း တန်းတူပေါ်ထွက်လာသည်။

ရလဒ်အဖြစ် လျှပ်ပေါ်လော်လီခြင်းနှင့် အရှက်ကင်းမဲ့ခြင်းတို့သည် သမရိုးကျဖြစ်လာကာ ကမ္ဘာကြီးသည်လည်း မငြိမ်သက်မှုနှင့် အငြင်းပွားမှုများ၏ ဌာနတစ်ခုဖြစ်လာသည်။ သွေးထွက်သံယိုမှုမည်မျှလွယ်ကူသည်ဟူမူ ပထမမသိနားမလည်သောခေတ်ကပင် ဤခေတ်ကို လိုက်မမီချေ။ အရဗ်ဆိုရိုးစကားတစ်ခုရှိသည်။ **ألجاهل إمامفرطأومفرط** ဆိုလိုသည်မှာ မသိနားမလည်သူတစ်ဦးသည် မည်သည့်အခါမျှ အလယ်အလတ်တွင်

မနေပါ။ အကယ်၍ ၎င်းသည် လွန်ကျူးစွာပြုမူခြင်းမှ ရှောင်ကြဉ်ရန်ဆုံးဖြတ်ပြီးခဲ့လျှင် လျစ်လျူရှုခြင်းအပြုအမူ တစ်ရပ် ဥပက္ခာပြုခြင်းသို့ရောက်ရှိသွားပါသည်။

ယနေ့ကမ္ဘာတွင် ထိုအခြေအနေမျိုးလွှမ်းမိုးနေပါသည်။ အမျိုးသမီးများအား လူသားမျိုးနွယ်၏ အဖွဲ့သား တစ်ဦးအဖြစ် နားလည်ပေးရန်သော်လည်းကောင်း၊ ထိုအဆင့်ကို သတ်မှတ်ပေးရန်သော်လည်းကောင်း၊ အဆင်သင့် မဖြစ်သေးသည့် အချိန်များရှိခဲ့ပါသည်။ ယခုအခါ အမျိုးသားများသည် ၎င်းတို့အတွက် အသင့်တော်ဆုံးနှင့် အသိဉာဏ်အကြွယ်ဝဆုံးကိစ္စဖြစ်သည့် အမျိုးသမီးများအား အမျိုးသားများက ကြည့်ရှုစောင့်ရှောက်ခြင်းနှင့် အုပ်ထိန်းခြင်းဟူသော တာဝန်ကိုပင် စွန့်ပစ်မည့်အချိန်ကာလသို့ရောက်ရှိနေပါသည်။ ထိုကိစ္စများ၏ ဆိုးကျိုးကို နေ့စဉ်တွေ့မြင်နေရပါသည်။ ထို့ပြင် ၎င်းတို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏အမိန့်တော်ကိုမလိုက်နာသရွေ့ ထိုကဲ့သို့သော မငြိမ်သက်မှုများသည် နေ့စဉ်နှင့်အမျှ တိုးပွားနေလိမ့်မည်။

ကမ္ဘာပေါ်တွင် ငြိမ်းချမ်းမှုရစေရန် ယခုခေတ်အစိုးရများသည် ဥပဒေသစ်များပြုလုပ်နေကြပါသည်။ ဤကိစ္စရပ်များအတွက် အဖွဲ့အစည်းသစ်များလည်း တည်ထောင်ခဲ့ကြပါသည်။ ငွေများသန်းချီသုံးစွဲခဲ့သော်လည်း မငြိမ်မသက်မှုများ၏ ရင်းမြစ်ကို သတိမမူမိဘဲဖြစ်ခဲ့သည်။ အကယ်၍ မငြိမ်သက်မှုများ၊ သွေးထွက်သံယိုမှုများနှင့် အချင်းချင်းသတ်ဖြတ်သောစစ်ပွဲများ၏အကြောင်းရင်းကိုသိရှိရန်အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းကာစုံစမ်းခဲ့ပါလျှင် ထိုပြစ်မှုများ၏ရာခိုင်နှုန်း (၅၀)သည် အမျိုးသမီးများနှင့် သူမတို့၏ အထိန်းအကွပ် မဲ့သော လွတ်လပ်မှုများကြောင့်ဖြစ်ကြောင်း တွေ့ရှိရပါလိမ့်မည်။ သို့သော်လည်း ဤကမ္ဘာကြီးတွင် အလိုဆန္ဒ နောက်သို့လိုက်ခြင်းသည် အကောင်းဆုံးသော တွေးခေါ်မှုကိုပင်လျှင် ရှုပ်ထွေးသွားစေခဲ့ပါသည်။ အလိုဆန္ဒများ နောက်လိုက်ခြင်းမှကာကွယ်ရန် မည်သည့်မှန်ကန်သော ပြုပြင်ပြောင်းလဲရေးဆန်းစစ်ချက်ကိုမျှ လက်မခံချေ။

အလ္လာဟ်အရှင်မြတ်သည် ကျွန်တော်များ၏ နှလုံးသားများအား အီမာန်ယုံကြည်မှု၏ အလင်းရောင်ဖြင့် လင်းဝင်းမှုပေးသနားတော်မူပါစေ။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏ကျမ်းတော်ပါ လမ်းညွှန်မှုများနှင့် တမန်တော်မြတ်(ﷺ)သခင်၏ လမ်းစဉ်နှင့်အညီ ကျင့်ဆောင်နိုင်သည့် စွမ်းအားပေးသနားတော်မူပါ။ ထိုအရာသည်သာလျှင် ဤကမ္ဘာနှင့် တမလွန်အာခိရသ် နှစ်ဌာနစလုံးအတွက် ကျွန်တော်မျိုးတို့အား အပေးခံရသော ကောင်းချီးမင်္ဂလာ အရင်းအနှီးဖြစ်ပါသည်။

## ကွဲလွဲမှုတစ်ရပ်နှင့် ယင်း၏ဖြေရှင်းမှု

ဤအာယသ်တော်မှ ကျွန်ုပ်တို့သိရသည်မှာ ခင်ပွန်းနှင့် ဇနီးသည်တို့အသီးသီးအားအပေါ် အပ်နှင်းထားသည့် တာဝန်များကို ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားထားသည်။ ထိုမှတဆင့် အမျိုးသားများသည် အမျိုးသမီးများ၏ ရပိုင်ခွင့်များအား မပေးမနေရတာဝန်ရှိသကဲ့သို့ အမျိုးသမီးများသည်လည်း အမျိုးသားများ၏ ရပိုင်ခွင့်များမပေးမနေရတာဝန်ရှိကြောင်း အခြေအနေဖော်ပြထားသည်။ မိမိ၏ရပိုင်ခွင့်များကို တောင်းခံရမည့် အစား မိမိတို့ဖြည့်ဆည်းရမည့်တာဝန်ဝတ္တရားများကို မျက်ခြေမပြတ်သင့်ကြောင်းဖော်ညွှန်းသည်။ ထို့နောက် သူတို့သည် ယင်းကိစ္စရပ်တွင် အောင်အောင်မြင်မြင်ထမ်းဆောင်ကြပါက ရပိုင်ခွင့်များ တောင်းဆိုခြင်းဟူသောကိစ္စ သည်လည်း တည်ရှိလိမ့်မည်မဟုတ်ချေ။ အဘယ့်ကြောင့်ဆိုသော် အမျိုးသားများ၏ တာဝန်ဝတ္တရားများသည်

အမျိုးသမီးများ၏ ရပိုင်ခွင့်များဖြစ်သကဲ့သို့ အမျိုးသမီးများ၏ တာဝန်ဝတ္တရားများသည် အမျိုးသားများ၏ ရပိုင်ခွင့်များဖြစ်ကြသည်။ တာဝန်ဝတ္တရားများကို ဂရုစိုက်ပါက ရပိုင်ခွင့်များသည် အလိုအလျောက်ဖြည့်ဆည်းပြီးဖြစ်လိမ့်မည်။ ယခုခေတ်အခါတွင် ဒုက္ခပေါင်းစုံ၏ရသောက်မြစ်သည် ၎င်းတို့ရပိုင်ခွင့်ကို အမြဲသတိရှိနေသော်လည်း ၎င်းတို့၏ တာဝန်ဝတ္တရားများကိုမူ မေ့လျော့လျစ်လျူရှုသော လူအများ၏ သဘောထားအပေါ် တွင်တည်နေသည်။

အကျိုးဆက်တစ်ရပ်အဖြစ် ရပိုင်ခွင့်များသည် စစ်ခင်းတောင်းဆိုနေခဲ့ရသည်။ ယနေ့ခေတ် အစိုးရနှင့်လူထု၊ ခင်ပွန်းများနှင့်ဇနီးများ၊ အာဏာပိုင်များနှင့် အံတုသူများကြားတွင် ထိပ်တိုက်ရင်ဆိုင်မှုများက ထင်ရှားနေပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ ထိပ်တိုက်ရင်ဆိုင်ခြင်းကို ပြုပြင်ပြောင်းလဲစေခဲ့သည့် ကုရ်အာန်ကျမ်းတော်မြတ်၏ အညွှန်းကား လူတိုင်းသည် သူ (သို့) သူမ၏ တာဝန်ဝတ္တရားများဖြည့်ဆည်းရန်ဖြစ်နိုင်သည့် ကြိုးပမ်းမှုများအားလုံး လုပ်သင့်သည်။ ထို့နောက် သူ (သို့) သူ၏ ရပိုင်ခွင့်များနှင့်ပတ်သက်လျှင် အနည်းအကျဉ်း ကျူးလွန်ဖောက်ဖျက်မှုများကို မသိကျိုးကျွံပြုလုပ်ကာ မေ့ပျောက်ခွင့်လွှတ်သင့်ပေသည်။ အကယ်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤအဆုံးအမသည် တစ်ကမ္ဘာလုံးနှင့်ဆိုင်သော အလေ့အကျင့်ဖြစ်သွားပါက အိမ်ယာများ၊ မိသားစုများ၊ တိုင်းနိုင်ငံများနှင့် အစိုးရများသည်ပင်လျှင် ၎င်းတို့၏ ကွဲလွဲခြားနားမှုများသည် အပြီးအပိုင်ဖြေရှင်းပြီးဖြစ်ကြောင်း တွေ့မြင်ရပါလိမ့်မည်။

## အမျိုးသမီးများအပေါ် အမျိုးသားများ၏ မြင့်မားသောအဆင့်အတန်းဟူသည်ကား စည်းကမ်းထိန်းသိမ်းရေးအတွက်သာလျှင်ဖြစ်သည်

ကမ္ဘာအပေါ်တွင် တစ်လောကလုံးနှင့်ဆိုင်သောစနစ်အရလည်းကောင်း၊ လူသားဗီဇအရလည်းကောင်း၊ အမျိုးသမီးများ၏ အကောင်းဆုံးသော ကောင်းကျိုးအတွက်လည်းကောင်း၊ အမျိုးသားများသည် အမျိုးသမီးများအား ကြည့်ရှုစောင့်ရှောက်ရန်နှင့် ထိန်းသိမ်းကွပ်ကဲရန်တာဝန်ကို ပေးအပ်ခဲ့ရုံမျှမက ထိုတာဝန်သည် အမျိုးသားများအပေါ်တွင် မပြုမနေရအဖြစ် တာဝန်တင်ရှိကြောင်း ပြုလုပ်သင့်ပေသည်။ ဤသည်ကိုပင် အာယသ်တော် (၄း၃၄)ထဲ၌ မိန့်ကြားထားခဲ့သည်မှာ اَلرِّجَالُ قَوَّامُونَ عَلَى النِّسَاءِ 'အမျိုးသားများသည် အမျိုးသမီးတို့ အပေါ်၌ ကြီးကြပ်အုပ်ထိန်းသူများဖြစ်ကြသည်'ဟူ၍ဖြစ်သည်။ သို့သော်လည်း ဤအာယသ်တော်အရ အမျိုးသားအားလုံးသည် အမျိုးသမီးအားလုံးထက် ပိုမိုမြင့်မြတ်သည်ဟု မမှတ်ယူသင့်ချေ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်ထံတော်တွင် ပိုမိုမြင့်မြတ်မှုသည် ယုံကြည်သက်ဝင်မှုနှင့် ကောင်းမြတ်သောလုပ်ဆောင်မှုအပေါ်တွင်သာ အလုံးစုံတည်မှီနေသည်။ အလ္လာဟ်အရှင်မြတ်အလိုတော်အရဆိုလျှင် အဆင့်အတန်းမြင့်ခြင်း၊ နိမ့်ခြင်းသည် အီမာန်ယုံကြည်သက်ဝင်မှုနှင့် အာမလ်လုပ်ဆောင်ချက် အတက်အကျနှင့် ဟန်ချက်ညီ အကျိုးသက်ရောက်နေပါသည်။ ထို့ကြောင့် တမလွန်အာခိရသ်ကိစ္စရပ်နှင့်ပတ်သက်လာလျှင် အမျိုးသားများသာလျှင် အမျိုးသမီးများထက်သာလွန်သည် (သို့) အဆင့်မြင့်သည်ဟူသောအချက်သည် ဆက်လက်တည်ရှိမနေချေ။ ဤသို့လည်းဖြစ်နိုင်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များနှင့် ဟဒီးဆ်တော်များတွင် ဆင့်ပြန်ထားသကဲ့သို့ ဤအတိုင်းဖြစ်လာလိမ့်မည်ဖြစ်သည်။ ယင်းမှာ အချို့အမျိုးသမီးတို့သည် ၎င်းတို့၏ အမိန့်နာခံရိုကျိုးမှုနှင့် အလ္လာဟ်အရှင်မြတ်

ကို ခဝတ်ကိုးကွယ်မှုများကြောင့် အမျိုးသားအများစုထက် သာလွန်ကာ ဦးစားပေးခံရ၍ အဆင့်အတန်းမြင့်ကြလိမ့်မည်ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် ရှရီအယ်တရားတော်၏ အမိန့်ပညတ်ချက်များကို အသားပေးဖော်ပြရာတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် အကြွင်းမဲ့တန်းတူဖြစ်ကြသည်ဟုကြေညာထားသည်။ ထို့ပြင် ခြားနားချက်အချို့ရှိသော အမိန့်ပညတ်ချက်များကိုလည်း ရှင်းလင်းပြတ်သားစွာဖွင့်ဆိုထားသည်။ သို့သော်လည်း ဦးတည်မှုသည် အမျိုးသားများကိုသာလျှင် ယေဘုယျမိန့်ကြားကာ ပုလ္လိင်(ကျား)ကိုသာလျှင် အသုံးပြုထားခဲ့သည်။ ဤကဲ့သို့သော အသုံးအနှုန်းများသည် ကုရ်အာန်ကျမ်းတော်မြတ်တွင် အဆန်းတကြယ်မဟုတ်တော့ချေ။ အစိုးရများသည်လည်း ၎င်းတို့၏ဥပဒေများတွင် ပုလ္လိင်ကိုသာလျှင် သုံးနှုန်းထားသော်လည်း ဥပဒေကျင့်သုံးရာတွင်မူ အမျိုးသားနှင့် အမျိုးသမီးနှစ်မျိုးစလုံးကို မခွဲခြားဘဲ ကျင့်သုံးသည်။

ပုလ္လိင်သုံးနှုန်းခြင်းအကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်တွင် ဖော်ပြထားသည့် ခြားနားမှုကြောင့်ဖြစ်သည်။ ယင်းမှာ အမျိုးသားများသည် အမျိုးသမီးများအပေါ် သာလွန်ခြင်းတစ်ရပ်ရှိသည်ဟူ၍ဖြစ်သည်။

ဒုတိယစဉ်းစားဖွယ်အချက်မှာ မတ်စ်သူရတ်ခေါ် ဖုံးအုပ်ထားသူများ(အမျိုးသမီးများ)အကြောင်း ဆွေးနွေးရာတွင် စတ်ရ်(ဖုံးအုပ်ထားခြင်း) သာလွန်ကောင်းမွန်နိုင်ပါသည်ဟူသော သဘောထားကို ဤနေရာတွင် သုံးကောင်းသုံးနိုင်ပါသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏နေရာအတော်များများတွင် အမျိုးသားများကို ဦးတည်၍ တိုက်ရိုက်မိန့်ကြားထားသကဲ့သို့ အမျိုးသမီးများကိုဦးတည်၍ တိုက်ရိုက်မိန့်ကြားမထားကြောင်း အမျိုးသမီးများက သိရှိလာခဲ့သောအခါ လေးစားကြည်ညိုဖွယ်ကောင်းသော အီမာန်ရှင်များ၏ မိခင်မွန်ကြီးဖြစ်သော စိုက်ယိဒါ အုမ်မေစလ်မာလ်(**رضى الله عنها**)သခင်မက တမန်တော်မြတ်(ﷺ)သခင်အား ဤအချက်ကို ထောက်ပြပါသည်။ ထို့နောက်မှ စူရဟ် အဟ်ဇာဗ်၏ အောက်ပါအာယသ်တော် ကျရောက်လာခဲ့သည်။

**إِنَّ الْمُسْلِمِينَ وَالْمُسْلِمٰتِ وَالْمُؤْمِنِينَ وَالْمُؤْمِنٰتِ وَالْقٰنِتِينَ وَالْقٰنِتٰتِ**

မုချဧကန် 'မုစ်လင်မ်'ယောကျ်ားများသည်လည်းကောင်း၊ မုစ်လင်မ်မိန်းမများသည်လည်းကောင်း၊ မုအ်မင်နယောကျ်ားများသည်လည်းကောင်း၊ မုအ်မင်နမိန်းမများသည်လည်းကောင်း အမိန့်တော်ကို လိုက်နာကြသည့် ယောကျ်ားများသည်လည်းကောင်း၊ အမိန့်တော်ကို လိုက်နာကြသည့် မိန်းမများသည်လည်းကောင်း . . . (၃၃း၃၅)

**(ဤအကြောင်းအသေးစိတ်များကို နိစာအီ၊ မုစ်နာဒ်အဟ်မဒ်နှင့် သဖ်စိရ်အိဗနိဂျရိရ် အစရှိသည်တို့တွင် ပါရှိသည်။)**

ယင်းအာယသ်တော်ထဲတွင် အမျိုးသားများနှင့် အမျိုးသမီးများကို တန်းတူရည်တူအဖြစ် ရှင်းလင်းစွာဖော်ပြထားသည်။ ထိုအာယသ်တော်က ဆိုလိုသည်ကား အလ္လာဟ်အရှင်မြတ်နှင့်နီးကပ်စေရန်၊ ထိုအရှင်မြတ် သဘောတူလက်ခံရန်နှင့် ဂျန္နတ်သုခဘုံ၏ အဆင့်အတန်းတွင် ဝင်ရောက်နိုင်ရန် အလ္လာဟ်အရှင်မြတ်အား နာခံခြင်းနှင့် ခဝတ်ကိုးကွယ်မှုပြုရာတွင် အမျိုးသမီးများသည် အမျိုးသားများထက် အဆင့်မနိမ့်ကျချေ။

သဖိစိရ် အိဗ်နိကဆီးရ်တွင်လာရှိသော ဆင့်ပြန်ချက်တစ်ရပ်အရ အချို့သောမုစ်လင်မ်အမျိုးသမီးတို့သည် တမန်တော်မြတ်(ﷺ)သခင်၏ ကြင်ယာတော်များကိုသာလျှင် ရည်ညွှန်း၍ အမျိုးသမီးထုကို ချန်လှပ်ထားသည်မှာ အဘယ့်ကြောင့်နည်းဟု မေးမြန်းခဲ့ပါသည်။ ထို့အတွက်ကြောင့်ပင် အထက်တွင် ရည်ညွှန်းခဲ့သော အာယသ်တော် ကျရောက်လာခဲ့သည်။

အချုပ်ဆိုရသော် လောကီဘဝကိစ္စရပ်များတွင် ပုံမှန်လုပ်ဆောင်နိုင်ရန်အတွက် အခွင့်အာဏာနှင့်ဦးစား ပေးခြင်း၊ အတိုင်းအဆအချို့သည် အမျိုးသမီးများကောင်းစားရေးအတွက်ဖြစ်သည်။ ထိုကဲ့သို့ပင်ဖြစ်ကြောင်း အသိဉာဏ်ကလည်း လမ်းညွှန်စေပါသည်။ အထက်တွင်ဖော်ပြခဲ့သည်မှအပ ကောင်းသောလုပ်ရပ်သို့ မကောင်းမှုလုပ်ရပ်တို့အတွက် ဆုပေးခြင်း၊ အပြစ်ပေးခြင်းတွင်လည်းကောင်း၊ နောင်တမလွန်တွင် မိမိ၏ကောင်းမှုကုသိုလ်အရ ရရှိမည့်အဆင့်တွင်လည်းကောင်း မည်သို့မျှခြားနားခြင်းမရှိချေ။

ဤအကြောင်းကိုပင် ပိုမိုရှင်းလင်းစွာဖြင့် အောက်ပါအတိုင်းတွေ့ရှိရသည်။

مَنْ عَمِلَ صَالِحًا مِّنْ ذَكَرٍ أَوْ أُنْثَىٰ وَهُوَ مُؤْمِنٌ فَلَنُحْيِيَنَّهُ حَيٰوةً طَيِّبَةً

**“မည်သူမဆို ယောကျ်ားဖြစ်စေ၊မိန်းမဖြစ်စေ (မုအ်မင်န်အဖြစ်နှင့်) ကောင်းမြတ်သောအကျင့်သီလကို ကျင့်မူဆောက်တည်ခဲ့သော် ၎င်းပြင်ထိုသူသည် မုအ်မင်န် သက်ဝင် ယုံကြည်သူ(လည်း)ဖြစ်ခဲ့သော် မလွဲကောန် ငါအရှင်မြတ်သည် ထိုသူအား သန့်ရှင်း စင်ကြယ်သော အသက်ရှင်ခြင်းမျိုးဖြင့် အသက်ရှင်စေတော်မူပေမည်။” (၁၆း၉၇)**

ဤကနဦးမှတ်ချက်များပြီးနောက် ယခုဆွေးနွေးနေသော အာယသ်တော်ပါစကားလုံးများအကြောင်း ဆွေးနွေးကြစို့။ အာယသ်တော်က မိန့်သည်မှာ وَلَهُنَّ مِثْلُ الَّذِي عَلَيْهِنَّ ‘ထို့ပြင် ထိုဇနီးမိန်းမများ အပေါ်ဝယ် တာဝန်များရှိသကဲ့သို့ ထိုဇနီးမိန်းမများအဖို့လည်း တရားစည်းကမ်းများအတိုင်း အခွင့်အရေးများ လည်း ရှိကြပေသည်။’ ဆိုလိုသည်မှာ အမျိုးသမီးများ၏ ရပိုင်ခွင့်များအတွက် အမျိုးသားများအပေါ် တာဝန်တင်ရှိသကဲ့သို့ အမျိုးသားများ၏ရပိုင်ခွင့်များအတွက်လည်း အမျိုးသမီးများအပေါ် တာဝန်တင်ရှိသည်။ ဤနေရာတွင် အမျိုးသမီးများ၏ ရပိုင်ခွင့်အကြောင်းများကို အမျိုးသားများ၏ ရပိုင်ခွင့်များအကြောင်းအလျင် ထည့်ထားခြင်းမှာ အမျိုးသားများ၏ ရုပ်ပိုင်းဆိုင်ရာသာလွန်မှုတို့အရ ၎င်းတို့၏ ရပိုင်ခွင့်များကို အမျိုးသမီးများထံမှ မည်သည့် နည်းနှင့်မဆို မရမနေရယူသောကြောင့်ဖြစ်သည်။ အမျိုးသမီးများ၏ရပိုင်ခွင့်အတွက်သာလျှင် စိုးရိမ်ကြောင့်ကြသင့်ပါသည်။ အဘယ့်ကြောင့်ဆိုသော်၎င်းတို့သည် ရပိုင်ခွင့်များကို ခွန်အားသုံး၍ မရအရယူလေ့မရှိသောကြောင့်ဖြစ်သည်။ ဤနေရာ၌ နောက်ထပ်အညွှန်းတစ်ခုရှိပါသည်။ ယင်းအညွှန်းက အကြံပြုထားသည်မှာ အမျိုးသားများသည် အမျိုးသမီးများ၏ ရပိုင်ခွင့်များကို ပေးအပ်ရန်စတင်လုပ်သင့်သည်ဟူ၍ဖြစ်သည်။ مِثْل မိသ်လ် (တူညီခြင်း၊ အလားတူဖြစ်ခြင်း)ဟူသောစကားလုံးကိုသုံး၍ တူညီကြောင်းတန်းတူဖြစ်ကြောင်းကို ကြေညာခဲ့ခြင်းသည် အမျိုးသမီးများလုပ်ဆောင်သည့်အလုပ်များကို အမျိုးသားများက လုပ်ဆောင်သင့်သည် (သို့) အမျိုးသား

များလုပ်ဆောင်သင့်သည့်အလုပ်များကို အမျိုးသမီးများလည်းလုပ်ဆောင်သင့်သည်ဟု မဆိုလိုပါ။ အဘယ့်ကြောင့် ဆိုသော် အမျိုးသမီးများနှင့် အမျိုးသားများအတွက် အသီးသီးပေးထားသည့် တာဝန်ဝတ္တရားများနှင့် လုပ်ငန်းခွဲဝေမှုသည် သဘာဝအားဖြင့် ကွဲပြားခြားနားပါသည်။ စင်စစ်ဤစကားလုံး၏ဆိုလိုရင်းမှာ တစ်ဦးနှင့်တစ်ဦး ပေးရမည့် ရပိုင်ခွင့်များကို အပြန်အလှန်ညီတူညီမျှပေးအပ်ကြခြင်းသည် မလုပ်မနေရတာဝန်ဖြစ်သည်ဟု ဆိုလိုသည်။ ၎င်းပြင် ထိုတာဝန်ကို လျစ်လျူရှုခြင်း (သို့) ပျက်ကွက်ခြင်းအတွက် အပြစ်ဒဏ်ပေးမှုများမှာလည်း ညီတူညီမျှဖြစ်ပေသည်။

ဤနေရာ၌မှတ်သားထိုက်သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ ဝါကျအသေးငယ်လေးထဲတွင် ရပိုင်ခွင့်များနှင့် တာဝန်ဝတ္တရားများ၏ စာရင်းအလုံးစုံကို အသေးချုံ့ကာ အမျိုးသားများက အမျိုးသမီးများထံမှ ရပိုင်ခွင့် အမျိုးသမီးများက အမျိုးသားများထံမှ ရပိုင်ခွင့်များအားလုံးကို ဤအာယသ်တော်၏ ဆိုလိုရင်းသဘောတွင် အားလုံးပါဝင် သွားစေသည်။ (မှတ်တွဲ) **بِالْمَعْرُوفِ** (ဗိလ်မအ်ရုဖ်)၏ အဓိပ္ပာယ်မှာ ရှရီအသ်၏ အသိအမှတ်ပြုထားသော ဓလေ့ထုံးစံအရဆိုလျှင် မျှတခြင်း၊ ဖြောင့်မတ်ခြင်း၊ ကြင်နာခြင်း၊ ရိုသေကိုင်းရှိုင်းခြင်းဟု အဓိပ္ပာယ်ရသကဲ့သို့ ယှဉ်တွဲလာသည့် အာယသ်တော်ထဲတွင် သုံးစွဲထားသော အနီးစပ်ဆုံးဖော်ပြချက်အရဆိုလျှင် 'အသိအမှတ်ပြုထားခဲ့သကဲ့သို့'ဟု အဓိပ္ပာယ်သက်ရောက်သည်)ဟူသော စကားလုံးလေးကို သုံးထားရုံမျှဖြင့် အချင်းချင်းတွင် ဖြစ်ပေါ်နိုင်သောသဘောထားကွဲလွဲမှုများအား ပယ်ဖျောက်ပြီးဖြစ်ပေသည်။

ရပိုင်ခွင့်များပေးရာတွင် မအ်ရုဖ်နည်းလမ်းအသုံးပြု၍ပေးသင့်ကြောင်းအတည်ပြုထားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် မအ်ရုဖ်၏ အဓိပ္ပာယ်တွင် ရှရီအသ်တရားတော်အရ တားမြစ်ထားခြင်းကိုလည်းကောင်း၊ ခွင့်မပြုခြင်းကိုလည်းကောင်း မပါဝင်ဘဲ အုရ်ဖ်ဓလေ့ထုံးစံအရ ခက်ခဲခြင်းကိုဖြစ်စေ၊ လွန်ကဲခြင်းတို့ကိုဖြစ်စေ မပါဝင်ကြောင်းဆိုလိုသည်။ ရည်ရွယ်ချက်မှာ တရားဥပဒေဆိုင်ရာလမ်းကြောင်းအတိုင်းလုပ်ရုံမျှနှင့် မလုံလောက်ချေ။ အုရ်ဖ်(သို့)ဓလေ့ထုံးစံအတိုင်း ပြုလုပ်ကာ တစ်ဖက်သားတွင် ဆုံးရှုံးနစ်နာစေမှုမျှမပါရှိကြောင်း၊ စစ်ဆေးသင့်ပေသည်။ နာကြည်ခြင်းနှင့် ဆုံးရှုံးခြင်း ဖြစ်စေသော မသိကျိုးကျွံပြုခြင်း၊ အေးတိအေးစက်နေခြင်းတို့သည် အုရ်ဖ်ရှုထောင့်အရ ဆုံးရှုံးခြင်းနှင့် နာကြည်ခြင်း၏ ရင်းမြစ်ဟု ဆုံးဖြတ်ထားသောကြောင့် တားမြစ်ပိတ်ပင်ထားပြီးခွင့်မပြုချေ။ ဤအရာများကို တရားဥပဒေ၏စာပိုဒ်ထဲတွင် အားလုံးခြုံငုံပါဝင်ရန် ခဲယဉ်းပါသည်။ သို့သော်လည်း ဗိလ်မအ်ရုဖ်ဟူသောစကားလုံးက အားလုံးကို အကျုံးဝင်သွားပါသည်။ ထို့နောက် အာယသ်တော်က မိန့်ကြားသည်မှာ **وَلِلرِّجَالِ عَلَيْهِنَّ دَرَجَةٌ** 'သို့ပင်တစေ လင်ယောကျ်ားတို့အဖို့မှာကား ထိုဇနီးမိန်းမများအပေါ်ဝယ် သာလွန်ခြင်းတစ်ရပ်ရှိပေသည်။ ဤအာယသ်တော်၏ ထင်ရှားကျော်ကြားသော အဓိပ္ပာယ်နှင့် အနှစ်သာရမှာ အမျိုးသားများနှင့် အမျိုးသမီးများ၏ရပိုင်ခွင့်များမှာ တူညီသော်လည်း အလွှာတ်အရှင်မြတ်သည် အမျိုးသားများအား အမျိုးသမီးများထက် အခွင့်အာဏာနှင့် သာလွန်မှုအဆင့်အချို့ပေးအပ်ခဲ့ပါသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းတွင် ကြီးမားသော ဟစ်မသ်အသိဉာဏ်တော်ရှိကြောင်းကို ဤအာယသ်တော်၏အဆုံးတွင် **وَاللَّهُ عَزِيزٌ حَكِيمٌ** 'အမှန်သော်ကား အလွှာတ် အရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူပေသတည်း'ဟူသော စကားလုံးများသုံးနှုန်းထားခြင်းက ညွှန်းထားခဲ့သည်။ ဤဝါကျ၏

အဓိပ္ပာယ်ကို စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗ်နိအဗ္ဗားစ်(ﷺ)သခင်က ထပ်ဆင့်၍ မိန့်ကြားသည်မှာ အလ္လာဟ် အရှင်မြတ်သည် အမျိုးသမီးများနှင့်နှိုင်းယှဉ်လျှင် အမျိုးသားများအား သာလွန်ခြင်းတစ်ရပ်ပေးအပ်ခဲ့ပါ သည်။ ထို့ကြောင့် အမျိုးသားများသည် ပိုမိုသည်းခံ၍ပြုမူသင့်ပါသည်။ အကယ်၍ အမျိုးသမီးများသည် အမျိုးသား များအား ၎င်းတို့၏ ရပိုင်ခွင့်များပေးအပ်ရန်ပျက်ကွက်ခဲ့ပါလျှင် အမျိုးသားများသည် ပေးအပ်ထားသော သာလွန်မှုအဆင့်အရ လက်ခံသင့်သည်။ သည်းခံသင့်သည်။ ထို့နောက် အမျိုးသမီးများကပေးရန်ရှိသော ရပိုင် ခွင့်များ ပေးနေသည်မှရပ်ခဲ့လျှင် လည်း မည်သို့မျှမလုပ်သင့်ချေ။ (ကုရ်တုဗီ)

vvvvvvv

အာယသ် (၂ : ၂၂၉ - ၂၃၀)

اَلطَّلَاقُ مَرَّتٰنِ ۖ فَاِمْسَاكٌۢ بِمَعْرُوْفٍ اَوْ
تَسْرِيْحٌۢ بِاِحْسَانٍ ۗ وَلَا يَحِلُّ لَكُمْ اَنْ تَاْخُذُوْا مِمَّآ
اٰتَيْتُمُوْهُنَّ شَيْـًٔا اِلَّآ اَنْ يَّخَافَآ اَلَّا يُقِيْمَا حُدُوْدَ اللّٰهِ ۗ
فَاِنْ خِفْتُمْ اَلَّا يُقِيْمَا حُدُوْدَ اللّٰهِ ۙ فَلَا جُنَاحَ عَلَيْهِمَا
فِيْمَا افْتَدَتْ بِهٖ ۗ تِلْكَ حُدُوْدُ اللّٰهِ فَلَا تَعْتَدُوْهَا ۚ
وَمَنْ يَّتَعَدَّ حُدُوْدَ اللّٰهِ فَاُولٰٓئِكَ هُمُ الظّٰلِمُوْنَ ﴿٢٢٩﴾
فَاِنْ طَلَّقَهَا فَلَا تَحِلُّ لَهٗ مِنْۢ بَعْدُ حَتّٰى تَنْكِحَ
زَوْجًا غَيْرَهٗ ۗ فَاِنْ طَلَّقَهَا فَلَا جُنَاحَ عَلَيْهِمَآ اَنْ
يَّتَرَاجَعَآ اِنْ ظَنَّآ اَنْ يُّقِيْمَا حُدُوْدَ اللّٰهِ ۗ وَتِلْكَ
حُدُوْدُ اللّٰهِ يُبَيِّنُهَا لِقَوْمٍ يَّعْلَمُوْنَ ﴿٢٣٠﴾

**"(ဇနီးမောင်နှံ ပြန်လည်ပေါင်းသင်းနိုင်သော) ကွာရှင်းခြင်းသည် နှစ်ကြိမ်မျှ သာတည်း။ ထို့နောက် (လင်ယောကျ်ားများသည် မိမိတို့၏ ဇနီးများကို) တရားတော်နှင့်အညီ ပြန်လည်သိမ်းပိုက်ပေါင်းသင်းရန်သာရှိ၏။ သို့တည်း မဟုတ် (တတိယအကြိမ် ထပ်မံ ကွာရှင်း၍) ကောင်းမွန်စွာစွန့်လွှတ်ရန်သာ ရှိတော့သတည်း။ ၎င်းအပြင် အသင်တို့အဖို့ ထိုဇနီးမိန်းမတို့အားပေးခဲ့သော (မဟ်ရ် ခန်းဝင်ပစ္စည်းအစရှိသည်များ)အနက်မှ တစ်စုံတစ်ရာကိုမျှ ပြန်လည် ယူပိုင်ခွင့်မရှိချေ။ သို့ရာတွင် ယင်းဇနီးမောင်နှံနှစ်ဦးတို့သည် အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းများကို စောင့်ထိန်းကြမည်မဟုတ်ဟု စိုးရိမ်ကြသော အခါမျိုးဌိမူ (ယူနိုင်ခွင့်ရှိပေသည်)။ သို့ဖြစ်လေရာ အကယ်၍ ယင်းဇနီးမောင်နှံ နှစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ စည်းမျဉ်း ဥပဒေများကို မစောင့်ထိန်း**

နိုင်မည်ကို အသင်တို့ စိုးရိမ်ကြပါမူ ထိုဇနီးမိန်းမက လျော်ကြေးပေးသော ပစ္စည်းနှင့်စပ်လျဉ်း၍ ထိုဇနီးမောင်နှံနှစ်ဦးတို့အပေါ်တွင် တစ်စုံ တစ်ရာမျှ အပြစ်မထိုက်သင့်ချေ။ ဤသည်တို့ကား အလ္လာဟ်အရှင်မြတ် သတ်မှတ်ပြဋ္ဌာန်း တော်မူသောစည်းမျဉ်းဥပဒေများတည်း။ သို့ဖြစ်လေရာ အသင်တို့သည် ယင်းစည်းမျဉ်းတို့ကို မကျူးလွန်ကြကုန်လင့်။ စင်စစ်တမူကား အကြင် မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ စည်းမျဉ်းများကို ကျူးလွန်ပါမူ ထိုသူတို့ သာလျှင် ပြစ်မှားကျူးလွန်သူများဖြစ်ကြကုန်သည်။" (၂း၂၂၉)

"(တွလာက်ရဂ်ဒ်အီ နှစ်ကြိမ်ပေးပြီးသည့်နောက်) တစ်ဖန် အကယ်၍ လင်ယောကျ်ား သည် ထိုဇနီးမိန်းမအားထပ်မံ၍ 'တွလာက်'ကွာရှင်းခဲ့သည်ရှိသော် (ထို သုံးကြိမ်မြောက် တွလာက်ပေးပြီးသည့်)နောက် ထိုလင်ယောကျ်ားအဖို့ ထိုဇနီး မိန်းမသည် အခြားလင်ယောကျ်ားတစ်ဦးဦးနှင့် နိကာဟ်ထိမ်းမြားဆက်ဆံ ပေါင်းသင်းခြင်း မပြုသမျှကာလပတ်လုံး (ဟလာလ်)တရားဝင်ဇနီးဖြစ်မည် မဟုတ်ပေ။ (ထိုကဲ့သို့ အခြား လင်ယောကျ်ားတစ်ဦးဦးနှင့် ထိမ်းမြားပြီးသည့် နောက်) အကယ်၍ ထို(ဒုတိယ) လင်ယောကျ်ားကလည်း ထိုဇနီးမိန်းမအား ကွာရှင်းခဲ့ပြန်သည်ရှိသော် ထိုဇနီးမိန်းမနှင့် (ပထမ)လင်ယောကျ်ားနှစ်ဦး တို့သည် အကယ်၍ မိမိတို့နှစ်ဦးသည် အလ္လာဟ်အရှင် မြတ်၏ စည်းမျဉ်း ဥပဒေများကို စောင့်ထိန်းနိုင်ကြမည်ဟု ထင်မြင်ယူဆပြီး တစ်ဖန် ပြန်လည် ပေါင်းသင်းဆက်ဆံကြပါသော် ထိုဇနီးမောင်နှံနှစ်ဦးတို့အပေါ်တွင် တစ်စုံ တစ်ရာ အပြစ်မရှိချေ။ အမှန်စင်စစ် ဤသည်တို့ကား အလ္လာဟ်အရှင်မြတ်၏ စည်းကမ်းဥပဒေများပင်တည်း။ ထိုအရှင်မြတ်သည် ထိုစည်းမျဉ်းများကို အသိ အလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံသောသူများအဖို့ ရှင်းလင်းစွာ ထုတ်ဖော် မိန့်ကြားထားတော်မူလေသတည်း။" (၂း၂၃၀)

## အကျယ်ဖွင့်ဆိုခြင်း

ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်တော်များတွင် 'တွလာက်' (ကွာရှင်းပြတ်စဲခြင်း)နှင့် နိကာဟ် (ထိမ်းမြားလက်ထပ်ခြင်း)တို့နှင့်စပ်လျဉ်းသည့် အမိန့်ပညတ်ချက်များပါဝင်သည်။ သို့ရာတွင် ယခု အာယသ်တော် များတွင်မူ ကွာရှင်းပြတ်စဲခြင်းကိစ္စရပ်နှင့်ဆိုင်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ အရေးကြီးသော ဥပဒေများပါဝင် သည်။ ဤအရာများကို နားလည်ရန်အလို့ငှာ အစ္စလာမ့်ရှရီအတ်တွင်ရှိ 'နိကာဟ်'၏ အခြေအနေဂုဏ်ဒြပ်ကို နားလည်ရန်လိုအပ်သည်။

**ထိမ်းမြားလက်ထပ်ခြင်း၊ ကွာရှင်းပြတ်စဲခြင်းနှင့် ယင်းတို့ကို ချုပ်ကိုင်ထားသော စည်းမျဉ်းဥပဒေများ**

နိကာဟ် (လက်ထပ်ထိမ်းမြားခြင်း)တွင် အများသိထားသော အချက်တစ်ချက်မှာ ချေးငှားခြင်းနှင့် ပေးဆပ်ခြင်း၊ ရောင်းခြင်း၊ ဝယ်ခြင်းတို့တွင် အသုံးပြုသော သဘောတူညီချက်များနှင့် တူညီသော နှစ်ဦးနှစ်ဖက် သဘောတူညီမှုမျိုးပင်ဖြစ်သည်။ ဒုတိယအချက်မှာ နိကာဟ်သည် စွန္ဓသ်နှင့် အိဗာဒသ်ပင်ဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ အုမ္မသ်ထုတစ်ရပ်လုံး အများညီသဘောတူညီချက်မှာ နိကာဟ်သည် သမရိုးကျရောင်းဝယ် ဖောက်ကားမှုသဘောတူညီချက်ထက်သာလွန်၍ အိဗာဒသ်နှင့် စွန္ဓသ်တော်များကျင့်သုံးသည့်အဆင့်အတန်း ဂုဏ်ဒြပ်မျိုးဖြစ်သည်။ (အိဗာဒသ်ဆိုသည်မှာ အလ္လာဟ်အရှင်မြတ်ကို ခဝတ်ကိုးကွယ်မှုဖြစ်၍ စွန္ဓသ်မှာ တမန်တော်မြတ်(ﷺ)သခင်၏ လမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးခြင်းဖြစ်သည်။) ထို့ကြောင့် အုမ္မသ်ထု၏ အများညီ သဘောတူချက်အရ နိကာဟ်ထိမ်းမြားခြင်းကို ရှရီအသ်တရားတော်နှင့်အညီ ပြုမူရမည်ဆိုလျှင် ရောင်းဝယ်ခြင်း ဆိုင်ရာ သမရိုးကျသဘောတူညီမှုများနှင့် မတူညီသည့်ထူးခြားသော အခြေအနေအချို့တွေ့မြင်ရမည်။

ပထမအချက်မှာ နိကာဟ်သည် မည်သည့်အမျိုးသားနှင့် မည်သည့်အမျိုးသမီးနှစ်ဦးကြားမှာမဆို လုပ်ဆောင်၍ မရနိုင်ပါ။ ဤအချက်ကို ထိန်းချုပ်သည့်အနေဖြင့် ရှရီအသ်တရားတော်တွင် အကြွင်းမဲ့ဥပဒေ တစ်ရပ်ရှိသည်။ ထိုဥပဒေအရဆိုလျှင် ထိမ်းမြားလက်ထပ်ခြင်းမပြုနိုင်သော အမျိုးသားနှင့် အမျိုးသမီး အမျိုးအစား အများအပြားရှိသည်။

ဒုတိယအချက်မှာ အရောင်းအဝယ်ကိစ္စ သဘောတူညီချက်တွင် ယင်းကိစ္စရပ် အဆုံးသတ်ထမြောက်စေရန်မှာ မျက်မြင်သက်သေမလိုချေ။ အရောင်းအဝယ်ကိစ္စတွင် နှစ်ဦးနှစ်ဖက် သဘောထားကွဲလွဲမှုသာလျှင် သက်သေလိုအပ်သည်။ သို့သော်လည်း နိကာဟ်မှာမူ ထိုကဲ့သို့သော သဘောတူညီမှုမျိုးမဟုတ်ချေ။ ဤနေရာ၌ နိကာဟ် ဤနေရာ၌ နိကာဟ်တွင်မူ ကိစ္စပြီးမြောက်စေရန်အတွက် မျက်မြင်သက်သေများကိုယ်တိုင်ရှိရန်မှာ ကြိုတင်လိုအပ်သောအခြေအနေတစ်ရပ်ဖြစ်သည်။ အကယ်၍ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦးသည် မျက်မြင်သက်သေမပါဘဲနှင့် တရားတော်အရ လက်ထပ်ထိမ်းမြားပြီး သဘောထားကွဲလွဲမှုလည်းမရှိ၊ ကွာရှင်းပြတ်စဲရန် လည်းအကြောင်းမပေါ်ခဲ့သော်လည်း ယင်းထိမ်းမြားမှုသည် ရှရီအသ်တရားတော်အရ အတည်မဖြစ်ချေ။ သက်သေများ့ရှေ့မှောက်၌ နှစ်ဦးနှစ်ဖက် ကမ်းလှမ်းခြင်းနှင့် လက်ခံခြင်းများပြုလုပ်ပြီးမှသာလျှင် တရားဝင်အတည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ စွန္ဓသ်တော်အရဆိုလျှင် နိကာဟ်သည် လူအများသိစေရန် ကြေငြာပြုလုပ်ရမည်ဖြစ်သည်။ ထိမ်းမြားခြင်းတွင် အခြားအခြေအနေများနှင့် ယဉ်ကျေးသိမ်မွေ့သောအပြုအမူများနှင့်ဆိုင်သော စည်းကမ်းများလည်းရှိသည်။

အီမာမ်အဗူဟနီဖဟ်နှင့် အချို့သော မုစ်လင်မ်ဓမ္မသတ်ပညာရှင်များ၏အဆိုအရ နိကာဟ်၏ အိဗာဒသ်နှင့် စွန္ဓသ်သည် အခြားရောင်းဝယ်ဖောက်ကားမှုတွင်ထက်သာပိုသည်။ ဤကိစ္စကို ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဓသ်တော်ပါအထောက်အထားများက သက်သေခံနေသည်။

ထိမ်းမြားလက်ထပ်ခြင်း၏စစ်မှန်သောသဘောသဘာဝကို အကျဉ်းချုပ်နားလည်ကျွမ်းဝင်ပြီးနောက် ကွာရှင်းပြတ်စဲခြင်းကို နားလည်ရန်ဆက်ကြစို့။ 'တွလာက်'ကွာရှင်းပြတ်စဲခြင်း၏ ရလဒ်သည် နိကာဟ်ထိမ်းမြား

လက်ထပ်ခြင်း၏ သဘောတူညီမှုအဆုံးသတ်ရန်ဖြစ်သည်။ အစ္စလာမ့်ရှရီအသ်သည် သမရိုးကျ ရောင်းဝယ်ဖောက်ကားခြင်း သဘောတူညီချက်များထက် သာလွန်အဆင့်မြင့်စေရန် နိကာဟ် ထိမ်းမြားလက်ထပ်ခြင်းကို အိဗာဒသ်အပြုအမူတစ်ရပ်၏ ဂုဏ်ဒြပ်ပေးအပ်ပြီး ကန့်သတ်ချက်အချို့လည်း ထားရှိခဲ့ပါသည်။ အလားတူပင် ဤသဘောတူညီချက်၏ အဆုံးသတ်ခြင်းကို လက်လွတ်စပယ်ပြုခွင့်မရှိချေ။ သမရိုးကျ ရောင်းဝယ်ဖောက်ကားမှုတွင် နှစ်ဦးနှစ်ဖက်တို့သည် ဤသဘောတူညီချက်ကို အဆုံးသတ်ရွေးလိုက်ပါက အဆုံးသတ်နိုင်ပြီး အခြားတစ်ဦးနှင့်လည်း သဘောတူညီချက်အသစ်ပြုလုပ်နိုင်ပါသည်။ ရှရီအသ်တရားတော်သည် တွလာက် ကိစ္စအတွက် အသိဉာဏ်ကြွယ်ဝသော တရားရေးဆိုင်ရာ အခြေခံတစ်ရပ်ကို ဤအာယသ်တော်တွင် ညွှန်းဆိုပြဋ္ဌာန်းခဲ့ပါသည်။

အစ္စလာမ့်သင်ကြားမှု၏ ယေဘုယျဦးတည်ချက်အရ နိကာဟ်၏ သဘောတူညီမှုသည် ဘဝတစ်သက်တာလုံး အတွက်ဖြစ်သင့်သည်။ နိကာဟ်အဆုံးသတ်ခြင်း (သို့) ချိုးဖောက်ခြင်းတို့ဖြင့် ခွဲခွာသည်အထိ မည်သည့်အခါမျှ မဖြစ်သင့်ချေ။ အဘယ့်ကြောင့်ဆိုသော် ဤသဘောတူညီချက် ရပ်ဆိုင်းလိုက်ပါက နှစ်ဦးနှစ်ဖက် သာမက သားသမီးများနှင့် ယင်းတို့၏ သားသမီးများကိုပါ ထိခိုက်စေပါသည်။ တစ်ခါတစ်ရံ အိမ်ထောင်စုများ လူမျိုးနွယ်စုများအကြားတွင် မပြေလည်သော ဆက်ဆံမှုများနှင့် အဆုံးသတ်သွားနိုင်ပါသည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ဆိုးဝါးစွာ ထိခိုက်စေပါသည်။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တို့၏ သင်ကြားမှုများသည် ဤသဘောတူညီချက်ကို ပျက်စီးစေနိုင်သည့် အနှောက်အယှက်များအားလုံးကို ဖယ်ရှားစေရန် လိုအပ်သည့် ဆောင်ရွက်မှုများ ပြုလုပ်ထားပါသည်။ လက်ထပ်ပြီးသော ဇနီးမောင်နှံများနှင့်သက်ဆိုင်သောအခြေအနေများ၊ ပြဿနာများတို့အတွက် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်တို့က မိန့်ကြားထားသော လမ်းညွှန်ချက်များ၏တွန်းအားမှာကား ဤဆက်ဆံမှုသည် အမြဲတမ်းခိုင်မာသည်ထက် ခိုင်မာစေရန်ဖြစ်၍ မည်သည့်အခါတွင်မျှ မကျိုးပေါက်စေရန်ဖြစ်သည်။ သဘောထားကွဲလွဲမှုများပေါ်ပေါက်လာပါက ဦးစွာပထမ တစ်ဦး၏ထင်မြင်ယူဆချက်ကို တစ်ဦးက နားလည်ရန်ကြိုးစားကြစေရန် လမ်းညွှန်ထားခဲ့သည်။ ထိုကဲ့သို့ပြုလုပ်ရာတွင် မအောင်မြင်ပါက ထိန်းချုပ်ရန်နည်းလမ်းများ၊ ခိုင်မာသည့်အကြံပြုချက်များနှင့် သတိပေးချက်များ ဖော်ပြထားခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် အငြင်းပွားမှုပြင်းထန်လာခဲ့ပြီး ကနဦးလုပ်ဆောင်မှုများကလည်း ဤပြဿနာကို မဖြေရှင်းနိုင်ပါက နှစ်ဦးနှစ်ဖက်တို့သည် သဘောထားကွဲလွဲမှုများကို ဖြေရှင်းပေးနိုင်သည်။ မိမိတို့၏ အနီးစပ်ဆုံးမိသားစုဝင်များနှင့် ဖွဲ့စည်းထားသော ခုံအဖွဲ့ဖြင့် ဖြေရှင်းစေသင့်သည်။ ဤအာယသ်တော်ထဲတွင် မိသားစုဝင်များအားခုံသမာဓိအဖြစ်ပြုလုပ်စေခြင်း၏ လေးထားမှုမှာ **حَكَمًا مِّنْ أَهْلِهِ وَحَكَمًا مِّنْ أَهْلِهَا** "ထို့နောက် သူ၏(အမျိုးသား၏)ဘက်မှ ခုံသမာဓိတစ်ဦးနှင့် သူမ(အမျိုးသမီး)၏ဘက်မှ ခုံသမာဓိတစ်ဦးစေလွှတ်ခြင်းသည်ကား အလွန်ဉာဏ်အမြော်အမြင်ရှိပေသည်။ တဖက်နှင့်တဖက် အငြင်းပွားမှုသည် အနီးစပ်ဆုံးမိသားစု အဝန်းအဝိုင်းမှ မဖြေရှင်းနိုင်ခဲ့လျှင် အခြေအနေတစ်ရပ်သည် ပိုမိုဆိုးဝါးသွားစေကာ တစ်ဖက်နှင့်တစ်ဖက် ပို၍စိမ်းကားဝေးကွာသွားစေပါသည်။

အငြင်းပွားမှုတွင် ပါဝင်သူများသည် တစ်ဖက်နှင့်တစ်ဖက် ပြန်လည်ပေါင်းစည်းရေးကြိုးပမ်းမှုတွင် မအောင်မြင်သောအခါ မျှော်မှန်းထားသော နိကာဟ်လက်ထပ်ထိမ်းမြားခြင်း၏ အကျိုးအမြတ်ခံစားရမည့်အစားနှစ်ဖက်စလုံးသည် လက်ထပ်ထိမ်းမြားခြင်းဖြင့် ပြစ်ဒဏ်ခတ်ခံရသည်ဟူ၍လည်း ခံစားရသည့် အခြေအနေနှင့် အခိုန်အခါများလည်းရှိပါသည်။ ထိုကဲ့သို့သော အခြေအနေမျိုးများတွင် လင်ခန်းမယားခန်းပြတ်စဲခြင်းသည်

နှစ်ဦးနှစ်ဖက် (ငြိမ်းချမ်းသာယာခြင်း)နှင့် အဆင်ပြေသည့်ထွက်ပေါက်ပင်ဖြစ်တော့သည်။ ထို့ကြောင့် အစ္စလာမ့် ရှရီအသ်တရားတော်သည် အခြားဘာသာများနှင့်မတူဘဲ လက်ထပ်ထိမ်းမြားခြင်းသည် မည်သည့်အခြေအနေမျိုးတွင်မျှ ဖျက်သိမ်း၍မရဟု အခိုင်အမာအတည်ပြုမထားချေ။ တစ်ဆင့်တက်၍ ထိမ်းမြားမှုဖျက်သိမ်းခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းတို့အတွက် သတ်မှတ်ထားသော သီးသန့်ဥပဒေတစ်ရပ်ပြုလုပ်ထားခဲ့သည်။

ကွာရှင်းပိုင်ခွင့်ကို အမျိုးသားအားသာလျှင် ပေးအပ်ထားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် အမျိုးသားသည် အမျိုးသမီးထက် တွေးခေါ်မှုများ၊ အဆုံးသတ်တွေးတောသိမြင်နိုင်မှုနှင့် သည်းခံနိုင်မှုတို့တွင် ပိုမို သိသာထင်ရှားသောကြောင့်ဖြစ်သည်။ ဤလွတ်လပ်သောရွေးချယ်မှုကို အမျိုးသမီးများလက်သို့မအပ်နှင်းသည်မှာ အမျိုးသမီးများသည် အမျိုးသားနှင့်နှိုင်းစာလျှင် တဒဂ်စိတ်လှုပ်ရှားမှုများ၏ လွှမ်းမိုးမှုကို ပို၍ခံစားရသောကြောင့်ဖြစ်သည်။ ထိုတဒဂ်စိတ်လှုပ်ရှားမှုများသည် လင်မယားကွာရှင်းပြတ်စဲမှု၏ အကြောင်းဖြစ်မလာသင့်ချေ။

သို့သော်လည်း အမျိုးသမီးများသည်လည်း ကွာရှင်းပိုင်ခွင့် အခွင့်အရေးမှ လုံးဝဥဿုံကင်းမဲ့သည်ကားမဟုတ်ချေ။ သို့မဟုတ်လျှင် ၎င်းတို့သည်ပင် ယောကျ်ား၏ ရက်စက်မှုအောက်တွင် ညည်းတွားနေရုံမှအပ အခြားတစ်နည်းလုပ်ဆောင်ရန်မရှိဖြစ်သွားပေလိမ့်မည်။ ရှရီအသ်တရားတော်၏ စည်းမျဉ်းများနှင့်အညီ အရည်အချင်းပြည့်မီသော တရားသူကြီးတစ်ဦး ရုံးထိုင်သည့်ရုံးတော်တွင် သူမ၏အမှုတင်သွင်းနိုင်သည်။ ထိုရုံးတော်တွင် သူမ၏ မကျေနပ်ချက်များ တင်ပြသက်သေထူကာ လက်ထပ်ထိမ်းမြားမှုကို ပျက်ပြယ်ခွင့်ရနိုင်သည်။ (သို့) ကွာရှင်းပြတ်စဲခွင့်ရစေနိုင်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ကွာရှင်းပြတ်စဲမှု၏ လွတ်လပ်စွာရွေးချယ်မှုကို အမျိုးသားအား အပ်နှင်းထားခဲ့သည်။ သို့သော်လည်း ပထမဦးစွာ အလ္လာဟ်အရှင်မြတ်၏ထံတော်တွင် ယင်းကဲ့သို့ ရွေးချယ်သုံးစွဲမှုကို အလွန်စက်ဆုတ်ရွံရှာကြောင်းနှင့် ပြစ်တင်ရှုတ်ချကြောင်း ကြေညာထားခဲ့သည်။ အလွန်ကြပ်တည်းသောအခြေအနေမျိုးတွင်သာလျှင် ခွင့်ပြုခဲ့သည်။ ဟဒီးဆ်တော်တွင် လာရှိသည်မှာ **أبغض الحلال إلى الله الطلاق** အလ္လာဟ်အရှင်မြတ်ခွင့်ပြုထားသော တရားဝင်သည့်ကိစ္စများထဲတွင် ကွာရှင်းပြတ်စဲခြင်းသည် စက်ဆုပ်ဖွယ် အကောင်းဆုံးဖြစ်သည်။

ဒုတိယကန့်သတ်ချက်၏စည်းကမ်းမှာ ဤရွေးချယ်မှုကို အလွန်စိတ်ဆိုးနေသောအခါတွင်လည်းကောင်း၊ မကျေနပ်မှုများ များပြားနေသောအခါတွင်လည်းကောင်း မသုံးသင့်ချေ။

ဤဥာဏ်အမြော်အမြင်အရ ရာသီပန်းပွင့်သောအချိန်၌တွလာက်ပေးခြင်း တားမြစ်ထားသည်။ တစ်ချိန်တည်းတွင် သန့်ရှင်းစင်ကြယ်သောအချိန်(တွဟ်ရ်)တွင်ရှိနေသော်လည်း ခင်ပွန်းသည် ဇနီးနှင့် သံဝါသမှုပြုလုပ်ပြီးခဲ့ပါက တွလာက်ပေးခြင်းတားမြစ်သည်။ ရာသီပန်းပွင့်ချိန်တွင်သော်လည်းကောင်း၊ တွဟ်ရ်အချိန်တွင် ရင်းနှီးသည့်အခြေအနေရှိခဲ့ပါကလည်းကောင်း ကွာရှင်းပြတ်စဲခြင်းကို တားမြစ်ထားသည့်အခြေခံမှာ အမျိုးသမီးများစောင့်ရသည့်အချိန် (သို့) အစ်ဒ်ဒတ်ကာလ ကြာရှည်သွားစေကာ သူမအတွက် စိုးရိမ်သောကရောက်မှုနှင့် နာကြင်မှုများသည် ပိုမိုဆိုးဝါးစေလိမ့်မည်ဖြစ်သောကြောင့်ပင်တည်း။ ဤအခြေအနေနှစ်ရပ်အတွက် ကုရ်အာန်ကျမ်းတော်မြတ်က မိန့်တော်မူသည်မှာ ' **طَلِّقُوهُنَّ لِعِدَّتِهِنَّ** ' ဆိုလိုသည်မှာ အကယ်၍ တွလာက် ပေးတော့မည်ဟုဆိုလျှင် မည်သည့်အကြောင်းမျှမရှိဘဲနှင့် အမျိုးသမီး၏ အစ်ဒ်ဒတ်ရက်မရှည်စေသောအချိန်တွင်ပေးရပေမည်။ အကယ်၍ ကွာရှင်းပြတ်စဲမှုသည် ရာသီပန်းပွင့်ချိန်တွင် အကျိုးသက်ရောက်ခဲ့ပါက ရာသီပန်းပွင့်ချိန်ကာလ

ကို စောင့်ရမည့်ကာလ အစ်ဒ်ဒတ်ရက်တွင် ထည့်၍မရေတွက်ရပါ။ စောင့်ရမည့် အစ်ဒ်ဒတ်ရက်ကို နောက်ထပ် ရာသီပန်းပွင့်ခိုန်မှစ၍ ရေတွက်ရမည်။ ထို့ပြင် ရင်းနှီးမှုရှိခဲ့သော သန့်ရှင်းသည့် တွဟ်ရ်ခိုန်တွင် ကိုယ်ဝန်တည်ရှိနိုင်စေကာ ကလေးမွေးဖွားပြီးသည့်အခိုန်တိုင် ရောက်ရှိနိုင်သောကြောင့် အစ်ဒ်ဒဟ်စောင့်ဆိုင်းကာလကြာရှည်သွားလိမ့်မည်ဖြစ်သည်။ ကွာရှင်းပြတ်စဲမှုနှင့်ပတ်သက်၍ ကြေညာခြင်းတွင် တွဟ်ရ်သန့်ရှင်းသောကာလကို သတ်မှတ်ရခြင်း၏ အခြားအကြောင်းမှာ ထိုအခိုန်တွင် ဒေါသများပြေပျောက်၍ ခွင့်လွှတ်ခြင်းနှင့် ပေးဆပ်ခြင်းများ ပေါ်ပေါက်ကာ ကွာရှင်းပြတ်စဲမည့်အကြံအစည်သည်လည်း ရုပ်သိမ်းသွားခြင်းမျိုးဖြစ်နိုင်သောကြောင့် ဖြစ်သည်။

တတိယကန့်သတ်ချက်အောက်တွင် နိကာဟ်လက်ထက်ထိမ်းမြားမှု သဘောတူညီချက်ကို ချိုးဖျက်ခြင်းနှင့် ရုပ်သိမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းသည် သမရိုးကျ ရောင်းခြင်း၊ ဝယ်ခြင်း သဘောတူညီချက်များနှင့် တစ်ထပ်တည်းမတူကြောင်းပြုလုပ်ထားပါသည်။ သမရိုးကျရောင်းဝယ် ဖောက်ကားမှု၏ သဘောတူညီချက်ပျက်ပြယ်သွားပါက နှစ်ဖက်စောင့်စည်းရမည့်တာဝန်အားလုံး ကင်းလွတ်သွားပေသည်။ ပထမပြုလုပ်ထားသော လုပ်ဆောင်မှုသည် ပြီးဆုံးသွားကာ လူတိုင်းသည် အခြားသူအချို့နှင့် နောက်ထပ် သဘောတူညီချက်များ ပြုလုပ်နိုင်လေသည်။ စင်စစ် လက်ထပ်ထိမ်းမြားဆက်ဆံမှုကိုဖြတ်တောက်ရန်အတွက် 'တွလာက်'ကို အဆင့်(၃)ဆင့် သတ်မှတ်ထားခဲ့သည်။ ထို့နောက် သတ်မှတ်ချက်အပေါ်တွင် 'အစ်ဒ်ဒတ်'ဟူသော ကန့်သတ်ချက်ဖြင့် ထပ်ဆောင်းထားသည်။ အကြောင်းမှာ အစ်ဒ်ဒတ်စောင့်ဆိုင်းရက်မပြည့်မီ နိကာဟ်ထိမ်းမြားဆက်ဆံမှု၏ ကြွင်းကျန်သော အကျိုးသက်ရောက်မှုသည် ကျန်ရှိနေသေးသောကြောင့်ဖြစ်သည်။ အမျိုးသမီးအတွက် နောက်ထပ်ထိမ်းမြားလက်ထပ်မှုသည် တရားဝင်လိမ့်မည်မဟုတ်ချေ။ အမျိုးသားအတွက်လည်း ကန့်သတ်မှုအချို့ရှိနေပါလိမ့်မည်။

စတုတ္ထကန့်သတ်ချက်က စည်းကမ်းသတ်မှတ်သည်မှာ အကယ်၍ ပြတ်စဲကြောင်းကို ရှင်းလင်းပြတ်သားသည့် စကားလုံးများဖြင့် တစ်ကြိမ်(သို့)နှစ်ကြိမ်ပေးပြီးပါက ထိုတွလာက်ပေးပြီးသည့်နောက်တွင် နိကာဟ်သည် ချက်ခြင်းမပျက်ပြယ်ပါ။ လက်ထပ်ထိမ်းမြားဆက်ဆံမှုသည် အစ်ဒ်ဒတ်စောင့်ဆိုင်းရက်ပြည့်သည်အထိ တည်ရှိနေသည်။ အကယ်၍ ခင်ပွန်းသည် တွလာက်ကို ရုပ်သိမ်းလိုက်ပါက ယခင်ပြုထားသော နိကာဟ်ထိမ်းမြားမှုသည် ဆက်၍အတည်ဖြစ်နေပါလိမ့်မည်။

ဤရုဂျအ် (ရုပ်သိမ်းခြင်း(သို့)တစ်စုံတစ်ဦးက မိမိဇနီးကို ကွာရှင်းပြတ်စဲလိုက်ပြီးမှ ပြန်လည်ပေါင်းသင်းခြင်း) ရွေးချယ်မှုသည် တွလာက်တစ်ကြိမ် (သို့) တွလာက်နှစ်ကြိမ်တည်းပေးပြီးလျှင် ဖြစ်သည်။ သို့မှသာ ရက်စက်ကြမ်းကြုတ်သော ခင်ပွန်းသည် တွလာက်အကြိမ်ကြိမ်ပေးပြီးနောက် ဇနီးအား ပြန်လည်ပေါင်းသင်းကာ အနှောင့်အဖွဲ့ကျနေသူအဖြစ် တားရှိခြင်းမျိုး ပြုလုပ်သည့်အလေ့အထမဖြစ်စေရန်ဖြစ်သည်။ ထို့ကြောင့် အမိန့်ပညတ်ချက်လာရှိသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည် တတိယအကြိမ် တွလာက်ပေးပြီးပါက ရုဂျအ်(ပြန်လည်ရုပ်သိမ်းခြင်း)ပြုလုပ်မရတော့ပါ။ ဆိုလိုသည်မှာ သူသည် ဇနီးသည်နှင့်ပြန်လည်မပေါင်းသင်းနိုင်ပါ။ စင်စစ် နှစ်ဦးနှစ်ဖက်နားလည်မှုရ၍ ပြန်လည်လက်ထပ်ထိမ်းမြားလိုသည့်ဆန္ဒရှိပြီး ဒုတိယအကြိမ်မြောက် လက်ထပ်ထိမ်းမြားကာ ပေါင်းသင်းလျှင် တရားမဝင်ချေ။ နောက်ပိုင်းတွင် ဖော်ပြမည့် ထူးခြားသည့်အပြုအမူတစ်ရပ်ပြုလုပ်မှသာလျှင် တရားဝင်ပေမည်။

ယခု လေ့လာနေသော အာယသ်တော်များထဲတွင် ကွာရှင်းခြင်းစနစ်နှင့်ပတ်သက်သော အရေးကြီးသည့် အမိန့်ပညတ်ချက်များပါဝင်သည်။ ဤအာယသ်တော်ပါ စကားလုံးများကို ကျွန်ုပ်တို့စဉ်းစားဆင်ခြင်ကြည့်ကြစို့။ အာယသ်တော်၏အစတွင် မိန့်ကြားထားသည်မှာ ' **أَلطَّلَاقُ مَرَّتَانِ** ' 'ကွာရှင်းခြင်းသည် နှစ်ကြိမ်မျှ သာတည်း' ဟူ၍ဖြစ်သည်။ ထို့နောက် ဤတွလာက်နှစ်ခုအကြားတွင် အချို့သော အလျော့အတင်းပြုလုပ်နိုင်သည်များ ထည့်ထားသောကြောင့် လက်ထပ်ထိမ်းမြားမှုသည် အကြွင်းမဲ့ပျက်ပြယ်မသွားပါ။ အမျိုးသားသည် သူ၏ဇနီးထံပြန်သွား၍ သူမအား ယခင်လက်ထပ်ထိမ်းမြားမှုနှင့်ပြန်လည်သိမ်းပိုက် ပေါင်းသင်းနိုင်သည်။ သို့မဟုတ် သူသည် အစောပိုင်းကပေးထားသော တွလာက်များအတွက် 'ရုဂျူအ်' (ပြန်လည်ရုပ်သိမ်းခြင်း)မပြုလုပ်ခဲ့လျှင် အစ်ဒ်ဒတ်စောင့်ဆိုင်းကာလ ကုန်ဆုံးသွားသည်နှင့် လက်ထပ်ထိမ်းမြားခြင်းအဆုံးသတ်သွားမည်ဖြစ်သည်။ ဤအကြောင်းကို အောက်ပါစကားလုံးများဖြင့် မိန့်ကြားထားသည်။ **فَإِمۡسَاكُۢ بِمَعۡرُوفٍ أَوۡ تَسۡرِيحُۢ بِإِحۡسَانٖ** "ထို့နောက် တရားတော်နှင့်အညီ ပြန်လည်သိမ်းပိုက်ပေါင်းသင်းရန်သာရှိ၏။ သို့တည်းမဟုတ် ကောင်းမွန်စွာ စွန့်လွှတ်ရန်သာရှိတော့သတည်း။" ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် ကွာရှင်းကြောင်းကြေညာချက် 'တွလာက်'ကို ပြန်လည်ရုပ်သိမ်းကာ သူ၏ဇနီးကို ပြန်လည်သိမ်းပိုက်ပေါင်းသင်းနိုင်သည်။ သို့တည်းမဟုတ် သူမ၏ အစ်ဒ်ဒတ် စောင့်ဆိုင်းကာလကို ကောင်းမွန်စွာနှင့်ရက်ရောစွာ ပြီးဆုံးစေ၍ သူမအား လွတ်လွတ်လပ်လပ်ဖြစ်စေနိုင်ပါသည်။

ကွာရှင်းခြင်းကြေညာချက် တတိယအကြိမ် တွလာက်ပေးခြင်းကို ဖော်ပြခြင်းမပြုသေးဘဲနှင့် အာယသ်တော်ပါ စာသားသည် ကြားတွင်ရှိသော နောက်ထပ်ပြဿနာကို ဖော်ပြပါသည်။ ထိုပြဿနာသည် ယေဘုယျအားဖြင့် ထိုကဲ့သို့သောအခြေအနေမျိုးတွင်ဆွေးနွေးရန်ပေါ်ပေါက်လာသည်။ ပြဿနာကား ရက်စက်ကြမ်းကြုတ်သော ခင်ပွန်းတို့သည် ၎င်းတို့၏ဇနီးသည်များအား ပြန်လည်သိမ်းပိုက်ပေါင်းသင်းရန်လည်း ဆန္ဒမရှိ။ သူမတို့၏ ရုပိုင်ခွင့်များကိုလည်း ဂရုမစိုက်၊ ကွာရှင်းပြတ်စဲမှု တွလာက်လည်းမပေးဘဲ ထားတတ်ကြသည်။ ဇနီးသည် အကျဉ်းအကြပ်အခြေအနေတစ်ရပ်တွင်ကျရောက်နေချိန်၌ခင်ပွန်းသည် သူမ၏အကူအညီမဲ့မှုအပေါ် အမြတ်ထုတ်ကာငွေကြေးအချို့(သို့)ပိုင်ဆိုင်မှုအချို့တို့ကို တောင်းခံခြင်း(သို့)နောက်ဆုံးအနေဖြင့် သူမ၏ မဟရ် (ခန်းဝင်ကြေး) မပေးအပ်ရသေးလျှင်ယင်းကိုလျော်ပစ်ရန် (သို့)မဟရ် (ခန်းဝင်ကြေး)ပေးအပ်ပြီးလျှင် ယင်းကို ပြန်အမ်းရန်အတင်းအကြပ်ပြုလုပ်ကြပါသည်။ကုရ်အာန်ကျမ်းတော်မြတ်က ဤကဲ့သို့သော အပြုအမူကို ဟရာမ်တရားမဝင်ဟု မိန့်ကြားချက်မှာ -

**وَلَا يَحِلُّ لَكُمۡ أَن تَأۡخُذُواْ مِمَّآ ءَاتَيۡتُمُوهُنَّ شَيۡـٔٗا**

ဆိုလိုသည်မှာ တွလာက်ပေးခြင်းအတွက် အသင်တို့သည် ထိုဇနီးမိန်းမတို့အားပေးခဲ့သော (မဟရ်ခန်းဝင်ပစ္စည်းအစရှိသည်များ)အနက်မှ တစ်စုံတစ်ရာကိုမျှ ပြန်လည်ယူပိုင်ခွင့်မရှိချေ။ ပြန်ယူခြင်း ဟလာလ်(တရားဝင်)မဟုတ်ချေ။

သို့ရာတွင် မဟ်ရ်ငွေလျော်ပစ်ခြင်း (သို့) ပြန်လည်တောင်းခံခြင်း ကိစ္စတွင် ခွင့်ပြုသော ခြွင်းချက်တစ်ရပ်ရှိသည်။ စိတ်သဘောထားခြင်းကွာခြားမှုကြောင့် အမျိုးသမီးသည် ခင်ပွန်းသည်၏ ရုပိုင်ခွင့်များကို တရားမျှတစွာ မဆောင်ကြဉ်းနိုင်ဟူ၍လည်းကောင်း၊ ခင်ပွန်းကလည်း ဇနီးအပေါ် ဝယ် ထိုသို့ထင်မှတ်ခံထားရလျှင်လည်းကောင်း ထိုကဲ့သို့သော အခြေအနေကြောင့် မဟရ်(ခန်းဝင်ကြေး)ပြန်အမ်းခြင်း (သို့) ခွင့်လွှတ်ခြင်းဖြင့် ကွာရှင်းပြတ်စဲမှုကို ပြုလုပ်နိုင်သည်။

အထက်ပါပြဿနာကို ဖြေရှင်းပြီးသည့်နောက် တတိယတွလာက်အကြောင်းကို ဤကဲ့သို့ဖော်ပြသည်။

فَإِنْ طَلَّقَهَا فَلَا تَحِلُّ لَهُ مِنْ بَعْدُ حَتَّىٰ تَنْكِحَ زَوْجًا غَيْرَهُ

ဆိုလိုသည်မှာ အကယ်၍ ထိုသူသည် တတိယတွလာက်(ရှရီအတ်တရားတော်က မနှစ်သက်သည့်အရာ)ကို ပေးလိုက်ပါက နိကာဟ်၏သဘောတူညီချက်တို့သည် လုံးဝဥဿုံပျက်ပျယ်သွားပါသည်။ သူ၏ ကွာရှင်းပြတ်စဲခြင်းကို ပြန်လည်ရုပ်သိမ်းကာ ဇနီးသည်အား ပြန်လည်သိမ်းပိုက်ပေါင်းသင်းရန် ရွေးချယ်မှုမှာ ကုန်ဆုံးသွားသည်။ မလိုလားအပ်ပဲနှင့် တတိယသွလာက်ပေးကာ ရှရီအသ်၏ဘောင်ကျော်ခဲ့သောကြောင့် သူသည် ယခုအခါ ပြစ်ဒဏ်ခံရပါတော့မည်။ ယင်းပြစ်ဒဏ်မှာ နှစ်ဦးနှစ်ဖက်သဘောတူညီမှုရှိသည့်တိုင်အောင် တစ်ဦးနှင့်တစ်ဦး ပြန်လည်ထိမ်းမြားလက်ထပ်ရန်မှာ မဖြစ်နိုင်တော့ပါ။ သူတို့တစ်ဦးနှင့်တစ်ဦး ပြန်လည်ထိမ်းမြားလက်ထပ်ကြရန်ဆိုလျှင် အခြေအနေတစ်ရပ်လိုအပ်ပါသည်။ ထိုအခြေအနေမှာ အမျိုးသမီးသည် တွလာက်ကွာရှင်းပြတ်စဲပြီးသည့်နောက် (အစ်ဒ်ဒတ်)စောင့်ဆိုင်းရမည့်ကာလ ပြီးမြောက်သွားပါက အခြားအမျိုးသားတစ်ဦးနှင့် မင်္ဂလာဆောင်နှင်းရပါမည်။ သူမသည် ထိုဒုတိယလင်သားနှင့်ပေါင်းဖက်နေထိုင်ကာ ဇနီးမောင်နှံဘဝ ဖြည့်ဆည်းဆောင်ရွက်ရမည့် တာဝန် ဝတ္တရားများကိုဖြည့်ဆည်းပေးရမည်။ ထို့နောက် ကံအားလျော်စွာ ဒုတိယခင်ပွန်းသည် သူမအား ကွာရှင်းပြတ်စဲ ပေးခဲ့လျှင်သော်လည်းကောင်း၊ သေဆုံးသွားလျှင်သော်လည်းကောင်း သူမသည် ပထမခင်ပွန်းနှင့် သူမ၏ (အိစ်ဒ်ဒသ်)ခေါ် စောင့်ဆိုင်းမှုကာလကျော်လွန်ပြီးမြောက်ပါက ပြန်လည်ထိမ်းမြားလက်ထပ်နိုင်သည်။

အာယသ်တော်၏ နောက်ဆုံးစာကြောင်းတွင် မိန့်ကြားထားသည်မှာ -

فَإِنْ طَلَّقَهَا فَلَا جُنَاحَ عَلَيْهِمَا أَنْ يَتَرَاجَعَا

'အကယ်၍ ထို(ဒုတိယ)လင်ယောက်ျားကလည်း ထိုဇနီးမိန်းမအား ကွာရှင်းခဲ့ပြန်သည်ရှိသော် ထိုဇနီးမိန်းမနှင့် (ပထမ)လင်ယောက်ျားနှစ်ဦးတို့သည် အကယ်၍မိမိတို့နှစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏ စည်းမျဉ်းဥပဒေများကို စောင့်ထိန်းနိုင်ကြမည်ဟု ထင်မြင်ယူဆပြီး တဖန်ပြန်လည်ပေါင်းသင်းဆက်ဆံကြပါသော် ထိုဇနီးမောင်နှံနှစ်ဦးတို့အပေါ်တွင် တစ်စုံတစ်ရာအပြစ်မရှိချေ။'

## တစ်ကြိမ်တည်းဖြင့် တွလာက်ကွာရှင်းပြတ်စဲခြင်း တွလာက်သုံးကြိမ်ပေးသည်နှင့်သက်ဆိုင်သော အသေးစိတ် အမိန့်ပညတ်ချက်များ

ကျမ်းတော်မြတ်ကုရ်အာန်၏ ဟန်ပန်ကိုအနည်းငယ်လေ့လာခဲ့ပါလျှင် မှန်ကန်သော တွလာသ်ပေးနည်းကို ရှင်းလင်းပြတ်သားစွာတွေ့မြင်ရပါမည်။ ရှရီအသ်တရားတော်က သတ်မှတ်ပြဋ္ဌာန်းထားသည်မှာ တစ်စုံတစ်ဦးသည် တွလာက်ပေးခြင်းကို အလွန်ဆုံးနှစ်ကြိမ်ထိသာပြုလုပ်သင့်ပါသည်။ သုံးကြိမ်ထိရောက်သွားခြင်းသည် မလျော်ကန်၊ မသင့်မြတ်ပါ။ အာယသ်တော်(၂၂၉)တွင် **الطَّلَاقُ مَرَّتَانِ** စာလုံးများပြီးသည့်နောက်တွင်၊ တတိယတွလာက်ကို **فَإِنْ طَلَّقَهَا** (အကယ်၍ လင်ယောက်ျားသည် ထိုဇနီးမိန်းမအားထပ်မံ၍ 'တွလာက်'ကွာရှင်းခဲ့သည်ရှိသော်)ဖြင့် ဖော်ပြခဲ့သည်။ ထိုစာကြောင်းထဲတွင် **ان** (အကယ်)ဟူသောစာလုံးသည် မှတ်သားဖွယ်ရာဖြစ်ပါသည်။ ဆွေးနွေးနေသည့်အရာကို အညွှန်းပြုကြောင်းမြင်သာပါသည်။ သို့မဟုတ်လျှင် တတိယတွလာက် **الطلاق ثلث**

(တွလာကဆလာဆ) ကွာရှင်းပြတ်စဲခြင်းသုံးကြိမ်ဟု လွယ်လွယ်ကူကူဖော်ပြနိုင်ပါသည်။ အာယသ်တော်သည် ထိုကဲ့သို့ ဖော်ပြခြင်းများကို ဖယ်ထုတ်သည့်အနေဖြင့် မိမိကိုယ်ပိုင်ဟန်အရ ဖော်ပြထားပါသည်။ ယင်းမှာ တတိယတွလာက်ပေးသည့် အခြေအနေသို့မရောက်သင့်ကြောင်းကို ရှင်းရှင်းလင်းလင်းညွှန်းပြထားသည်။ ထို့ကြောင့် အီမာန်မာလစ်က်နှင့် အခြားသောဓမ္မသတ်ပညာရှင်များက တတိယတွလာက်ပေးခြင်းကို ခွင့်မပြုပါ။ သူတို့က ယင်းတတိယတွလာက် ကို 'တွလာက်အလ်ဗစ်ဒ်အသ်'ဟုခေါ်ပါသည်။ ('တွလာက်အလ်ဗစ်ဒ်အသ်' အသစ်တီထွင်ထားသော တွလာက် (သို့) ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်တို့၏အခွင့်အာဏာမပါသော ကွာရှင်းပြတ်စဲခြင်း)မှာ ရာသီပန်းပွင့်ပြီးနောက် သန့်ရှင်းသော သီးခြားကာလတွင် တစ်ကြိမ်လျှင် တစ်ခါစီပေးရမည်။ အချို့သော ဓမ္မသတ် ပညာရှင်များက တွလာက်သုံးကြိမ်ပေးခြင်းကို ခွင့်ပြုနိုင်သည့် အခြေအနေမှာ အမျိုးသမီးသည် ရာသီပန်းပွင့်ပြီးနောက် သန့်စင်သောကာလ သုံးခုပြီးမြောက်ရပါမည်။ ယင်းသုံးကြိမ်တွင် တွလာက်ကို တစ်ကြိမ်စီသုံးခါပေးရမည် ဟူ၍ဖြစ်သည်။ ဤဓမ္မသတ်ရှင်များသုံးနှုန်းသော အခေါ်အဝေါ်အရဆိုလျှင် ဤကဲ့သို့ တွလာက်ပေးခြင်းကို 'တွလာက်အလ်စွန္နဟ်'ဟု ခေါ်တွင်ပါသည်။

ယင်းတို့အနက်မှ မည်သည့်ဓမ္မသတ်ရှင်ကမျှ ဤအခေါ်အဝေါ်အရပေးသော တွလာက်သုံးကြိမ်သည် ရှရီအတ်တရားတော်နှင့်အညီ နှစ်လိုဘွယ်ရာရှိသည်ဟု အဆိုမပြုခဲ့ကြပါ။ အမှန်မှာမူ 'တွလာက်အလ်ဗိဒါအဟ်' နှင့်ဆန့်ကျင်ကာ ဤလုပ်နည်းလုပ်ထုံးကို 'တွလာက်အလ်စွန္နဟ်'ဟုခေါ်ဝေါ်သည့်အကြောင်းရင်းမှာ ဤသို့ ပြုလုပ်ခြင်းသည် ဗိဒါအဟ်မဖြစ်စေသောကြောင့်ဖြစ်ပါသည်။ (ဗစ်ဒ်အသ်ဆိုသည်မှာ လက်ခံအတည်ပြုပြီး ထားသော ဘာသာရေးဆိုင်ရာ လုပ်ဆောင်မှုများအပေါ် အသစ်တီထွင်ခြင်းကိုခေါ်သည်။)

ကျမ်းတော်မြတ်ကုရ်အာန်နှင့် စွန္ဒသ်တော်၏ ချမှတ်ထားသောလမ်းညွှန်မှုအရလည်းကောင်း၊ ဆွဟာဗဟ်ကြီးများနှင့် ယင်းတို့၏ နောက်လိုက်များ၏ လုပ်ဆောင်ချက်ရလည်းကောင်း တွလာက်အရေအတွက်နှင့် ပတ်သက်၍ အတည်ပြုပြီးသည်တို့၏ အတိုချုပ်မှာအောက်ပါအတိုင်းဖြစ်သည်။ တွလာက်ပေးရုံမှအပ မည်သည့် ရွေးချယ်စရာနည်းကိုမျှမရှိတော့ လျှင် အကောင်းဆုံးတွလာက်ပေးနည်းမှာ အမျိုးသမီးတို့၏ ရာသီပန်းပွင့်ပြီးသည့် နောက် သန့်စင်သည့်ကာလတစ်ခုတွင် တစ်ကြိမ်စီသာ ပေးသင့်ပါသည်။ ထိုသန့်စင်ကာလအတွင်း သံဝါသအမှု များလည်း မပြုခဲ့သောကာလ ဖြစ်သည်။ ဤတွလာက်တစ်ကြိမ်သည်လည်းပေးပြီးသည့်အတိုင်း ထားလိုက်ပါ။ 'အစ်ဒဟ်'စောင့်ဆိုင်းကြိမ်ကာလ ပြီးသွားနှင့်တပြိုင်နက် နေကာဟ်ဆက်ဆံမှုတို့သည်လည်း အလိုအလျောက် ပြီးဆုံးသွားပါလိမ့်မည်။ မုစ်လင်မ် ဓမ္မသတ်ပညာရှင်များက ဤနည်းကို 'အလ်တွလာက် အလ်အဲဟ်စာန်'ဟု ခေါ်တွင်ကြပါသည်။ တမန်တော်မြတ်(ﷺ) ၏ လေးစားကြည်ညိုဖွယ်ရာကောင်းသော ဆွဟာဗဟ်ကြီးများလည်း ဤနည်းကို အကောင်းဆုံးတွလာက်ပေးနည်း ဟု ကြေညာခဲ့ပါသည်။

စိုက်ယိဒ်အိဗ်ရာဟီမ်အလ်နကာအီ၏ ဆင့်ပြန်ချက်ကို အိဗ်နိအဗီရှိုက်ဗာကတင်ပြသည်မှာ မြင့်မြတ်သော ဆွဟာဗဟ်ကြီးများ ကြိုက်နှစ်သက်သည့်နည်းလမ်းမှာ တွလာက်တစ်ကြိမ်ပေးပြီးသည့်နောက် ဘာမှမလုပ်ခြင်း ဖြစ်သည်။ ထို့နောက် အမျိုးသမီးသည် လွတ်လပ်သူဖြစ်စေရန်အတွက် တွလာက်စောင့်ဆိုင်းချိန်ကာလဖြစ်သော ရာသီပန်းသုံးကြိမ်သုံးခါပွင့်ကာလကို ကုန်ဆုံးစေခြင်းပင်ဖြစ်သည်။

အစောပိုင်းက ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားခဲ့သောစကားလုံးများမှ တွလာက်နှစ်ကြိမ်ပေးခွင့်ကို ကျိုးကြောင်းညီစွာ ကောက်ချက်ချနိုင်သည်။ သို့သော် **مَرَّتَانِ** (နှစ်ကြိမ်)ဟူသော စကားလုံးသုံးနှုန်းထား၍ တစ်ခါနိတည်းတွင် တွလာက်ကို နှစ်ကြိမ်မပေးသင့်ကြောင်း ညွှန်ပြထားသည်။ သို့သော်လည်း တွဟ်ရ်ခေါ် (သန့်စင်သည့်အခြေအနေ)နှစ်ခါနိတွင် တစ်ကြိမ်ပေးသင့်သည်။ **الطلاق طلاقـان** (တွလာက် နှစ်ကြိမ်ပေးခြင်းခွင့်ပြုသည်)ဟု သုံးနှုန်းထားခြင်း တွလာက်နှစ်ကြိမ်ပေးနိုင်ခွင့်ရှိကြောင်းဟူသည်မှာ သက်သေပြရန်အထောက်အကူပြုသည်။ သို့ရာတွင် **مَرَّتَانِ** ဟူသော စကားလုံးက တွလာက်နှစ်ကြိမ်ကို အခါနိနှစ်ရပ်တွင် တစ်ကြိမ်စီပေးသင့်သည်ဟု အကြံပြုထားသည်။ အခါနိနှစ်ရပ်သည် တွဟ်ရ်(သန့်စင်သောကာလ) နှစ်ရပ်ကိုဆိုလိုသည်။ (ရှုဟုလ်မအာနီ)

အတိုချုပ်မှာ တွလာက်နှစ်ကြိမ်ဟူသော ကန့်သတ်ချက်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများမှ အတည်ပြုထားသည်။ ထို့ကြောင့် အိမာမ်များနှင့် ဖုကဟာ မုစ်လင်မ်ဓမ္မသတ်ပညာရှင်များ၏ အများညီဆုံးဖြတ်ချက်အရ ဤတွလာက်သည် စွန္ဒသ်တော်တွင် အကျုံးဝင်သည်။ ဆိုလိုသည်မှာ ယင်းသည် ဗိဒ်အသ် အသစ်တီထွင်ခြင်းမဟုတ်ပါ။ တတိယတွလာက်သည် မနှစ်မြို့ဘွယ်ဖြစ်ကြောင်းကိုလည်း မည်သူမျှ စောဒကမတက်ခဲ့ချေ။

တတိယတွလာက်သည် မည်မျှမနှစ်သက်ဖွယ်ကောင်းကြောင်းနှင့် အပြစ်တင်ဖွယ်ကောင်းကြောင်းကို တမန်တော်မြတ်(ﷺ)သခင်၏ ဟဒီးဆ်တော်တစ်ပုဒ်အရ သက်သေခိုင်မာအတည်ဖြစ်သည်။

မဟ်မုဒ်အိဗ်နိလဗိဒ်၏ ဆင့်ပြန်ချက်ကို အိမာမ်အလ်နစာအီက တင်ပြထားသည်မှာ -

**أخير رسول الله صلى الله عليه وسلم عن رجل طلق أمرأته ثلاث تطليقات جميعا فقام غضبانا ، ثم قال : أيلعب بكتاب الله وأنا بين أظهركم حتى قام رجل وقال : يا رسول الله ألا أقتله ؟**

'တမန်တော်မြတ်(ﷺ)သခင်ထံ လူတစ်ဦးသည် မိမိဇနီးအား တစ်ခါနိတည်းတွင် သုံးတွလာက်ပေးခဲ့ကြောင်း တင်လျှောက်ခဲ့သည်။ တမန်တော်မြတ်(ﷺ)သခင်သည် ဒေါသဖြင့်ရပ်လျက်မိန့်သည်မှာ 'ငါကိုယ်တိုင် ယခုမျက်မှောက်သင်တို့ကြားရှိနေစဉ်မှာ အလ္လာဟ်အရှင်မြတ်ကျမ်းတော်ကို အလေးမထားလုပ်သည်မှာ ဘာအလုပ်လဲ' ထိုအခါနိတွင် လူတစ်ယောက်သည် မတ်တပ်ရပ်၍ပြောကြားသည်မှာ 'အို - ရစူလုလ္လာဟ် ကျွန်တော် အဲဒီလူကို သတ်လိုက်ရမလား'ဟူ၍ဖြစ်သည်။ (နစာအီကျမ်း ကိသားဗိအလ်တွလာက်၊ အတွဲ-၂၊ စာ-၉၈)

ဤသည်အပေါ် အခြေခံ၍ အိမာမ်မာလစ်က်နှင့် အခြားသောဖုကဟာဓမ္မသတ်ပညာရှင်များက ဥပဒေစည်းမျဉ်းသတ်မှတ်ခဲ့သည်မှာ တတိယတွလာက်သည် လုံးဝဥသုံ ခွင့်မပြုကြောင်းနှင့် ယင်းသည် တွလာက် ဗိစ်ဒ်အသ် (ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်အရလည်းမထောက်ခံ၊ တရားတော်အရ လုပ်ဆောင်ချက်တို့တွင် အသစ် တီထွင်ပြုလုပ်ထားမှုအပေါ်မူတည်လုပ်ထားသော ကွာရှင်းပြတ်စဲမှု) ဖြစ်သည်။ အခြားသော အိမာမ်များက မိန့်ကြားသည်မှာ တွလာက် သုံးကြိမ်ပေးခြင်းကို တွဟ်ရ် (သန့်စင်သောအခိုန် ကာလ)သုံးခုအတွင်းပေးခြင်းသည် စွန္ဒသ်တွလာက်တွင် အကျုံးဝင်သည်။ တွလာက်အလ်ဗိစ်ဒ်အသ်တွင် မသက်ဆိုင်ဟုဆိုသည်။ သို့ရာတွင် ယင်းသည် မနှစ်မြို့ဖွယ်ရာဖြစ်သည်ဟူသော ထင်မြင်ချက်တွင်မူ ကွဲလွဲမှု မရှိကြချေ။

အနှစ်ချုပ်ရသော် အစ္စလာမ့်ရှရီအသ်က တွလာက်ကွာရှင်းပြတ်စဲမှုကို အဆင့်(၃)ဆင့်အတွင်း တွလာက် သုံးကြိမ်အသွင်ဖြင့် ပြဋ္ဌာန်းခဲ့သည်ဟုပြောနိုင်သည်။ ဤအဆင့်(၃)ဆင့်ကို ကျော်ဖြတ်ခြင်းသည် လိုအပ်သည် ဟူ၍လည်းကောင်း၊ ပိုကောင်းသည်ဟူ၍လည်းကောင်း မည်သည့်အခါမျှမဆိုလိုချေ။ သို့သာမက ကွာရှင်းပြတ်စဲရန် အတွက် ပထမခြေလှမ်း လှမ်းခြင်းပင်လျှင် စက်ဆုပ်ဖွယ်နှင့်ပြစ်တင်ဖွယ်အပြုအမူဟူ၍ ရှရီအသ်တရားတော်က ရည်ရွယ်သည်။ အကယ်၍ အလွန်ကြပ်တည်းသောအခြေအနေကြောင့် မဖြစ်မနေ ထိုသို့ကွာရှင်းရပါမည်ဆိုလျှင် အနိမ့်ဆုံး အဆင့်ဖြစ်သည့် တွလာက်တစ်ကြိမ်ပေးခြင်းသည် လုံလောက်၍ လျော်ကန်သင့်မြတ်ပေသည်။ အစ်ဒ်ဒတ် စောင့်ဆိုင်းရက်ကုန်ဆုံးအောင် စောင့်ဆိုင်းလိုက်ပါ။

အစ်ဒ်ဒတ်စောင့်ဆိုင်းချိန်ပြီးဆုံးသွားသောအခါ ဤတွလာက်တစ်ကြိမ်ပေးထားခြင်းသည် ဇနီးမောင်နှံ ဆက်ဆံရေးပြတ်တောက်သွားရန်လုံလောက်သည်။ ထို့ပြင် အမျိုးသမီးသည် အခြားသူတစ်ဦးနှင့် အိမ်ထောင်ပြု နိုင်ရန်အတွက် လွတ်လပ်သွားသည်။ ဤကဲ့သို့ ကွာရှင်းနည်းကို အဲဟ်စာန်ဟုခေါ်သည်။ ဆိုလိုသည်မှာ အကောင်းဆုံးဖြစ်သည်။ ဤနည်းလမ်းထဲတွင် ဉာဏ်အမြော်အမြင်ရှိ၍ အကျိုးအမြတ်လည်းရှိလေသည်။ အဘယ့်ကြောင့်ဆိုသော် ထင်ရှားသောစကားလုံးနှင့် တွလာက်တစ်ကြိမ်ပေးထားခြင်းသည် နှစ်ဦးနှစ်ဖက်အတွက် ပြန်လည်ပေါင်းသင်းရန် အခွင့်အလမ်းရှိနေသောကြောင့်ဖြစ်သည်။ အစ်ဒ်ဒတ်စောင့်ဆိုင်းချိန်မကုန်လွန်မီ တွလာက်ကို ပြန်လည်ရုပ်သိမ်းလိုက်ပါက နေကာဟ်တည်မြဲရန် လုံလောက်လိမ့်မည်ဖြစ်သည်။ အစ်ဒ်ဒတ် စောင့်ဆိုင်းချိန်ကုန်ဆုံးလျှင် နိကာဟ်သည် သံသယမရှိ ပျက်ပြယ်ကာ အမျိုးသမီးသည် လွတ်လပ်သွားမည်။ သို့ရာတွင် ၎င်းတို့နှစ်ဦး ပြန်လည်သင့်မြတ်ပေါင်းစည်းရန် အခြေအနေကားရှိနေသေးသည်။ အကယ်၍ ၎င်းတို့ နှစ်ဦးသည် အချင်းချင်းသင့်မြတ်၍ ပြန်လည်လက်ထပ်ရန်ဆန္ဒရှိခဲ့လျှင် ထုံးတမ်းစဉ်လာအရ ချက်ခြင်း နိကာဟ် အသစ် ပြုလုပ် ပေါင်းသင်းနိုင်သည်။

သို့သော်လည်း တစ်စုံတစ်ဦးသည် အဲဟ်စာန်နည်းလမ်းကို မကျင့်သုံးဘဲ အစ်ဒ်ဒတ်စောင့်ဆိုင်းချိန်အတွင်း ရှင်းလင်းပြတ်သားသောစကားလုံးများဖြင့် တွလာက်နောက်တစ်ကြိမ်ထပ်မံပေးခဲ့ပါလျှင် ၎င်းသည် နိကာဟ် လက်ထပ်ထိမ်းမြားခြင်းဖြစ်သည့် ဒုတိယအဆင့်ပြီးမြောက်သွားပြီဖြစ်သည်။ ထိုလုပ်ရပ်သည်မလိုလည်း မလိုလား အပ်။ ရှရီအသ်တရားတော်ကလည်း မထောက်ခံသည်မှာသေချာသည်။ မည်သို့ပင်ဆိုစေကာမူ အဆင့် နှစ်ဆင့်သည်ကား ပြီးမြောက်သွားပြီဖြစ်သည်။ သို့သော်လည်း ဤအဆင့်နှစ်ဆင့်ပြီးမြောက်သွားသော်လည်း ကွာရှင်းပြတ်စဲခြင်းသည် အဆိုပါအခြေအနေအတိုင်း တည်ရှိနေပါက ရုဂျူအ်(ပြန်လည်ရုပ်သိမ်းခြင်း) သို့မဟုတ် မိမိဇနီးထံသို့ ပြန်လည် သွားရောက်ခြင်းဟူသည့် ရွေးချယ်မှုမှာကား အစ်ဒ်ဒတ် စောင့်ဆိုင်းကာလအတွင်း ရှိနေပါသည်။ အစ်ဒ်ဒတ်စောင့်ဆိုင်းကာလ ကုန်ဆုံးပြီးသည့် နောက်တွင် သက်ဆိုင်သူနှစ်ဦးတို့၏ သဘောတူညီချက် အရ နိကာဟ်အသစ်ပြုလုပ်နိုင်သည်။ တစ်ခုတည်းသော ခြားနားချက်မှာကား တွလာက်နှစ်ကြိမ်ပေးပြီး ဖြစ်သောကြောင့် ခင်ပွန်းသည် ၎င်း၏ရွေးချယ်မှု များထဲမှ တစ်ခုတည်းသာကျန်ရှိကာ နောက်ထပ်တွလာက် တစ်ကြိမ်တည်းသာပေးနိုင်သော နယ်နမိတ်စည်းမျဉ်းသို့ ရောက်သွားပါသည်။ ထိုတစ်ကြိမ်ထပ်ပေးခြင်းသည် ကွာရှင်းခြင်းကိစ္စတစ်သက်လုံးအတွက် အဆုံးသတ်သွားပါ လိမ့်မည်။

တွလာက်ကွာရှင်းပြတ်စဲခြင်း၏အဆင့်နှစ်ဆင့်ဖြတ်သန်းပြီးမြောက်သွားသူတစ်ဦးအတွက် နောက်ပိုင်းတွင်

ပေးအပ်ထားခဲ့သော လမ်းညွှန်ချက်မှာ ' **فَإِمْسَاكٌۢ بِمَعْرُوفٍ أَوْ تَسْرِيحٌۢ بِإِحْسَانٍ** ' ထို့နောက် တရားတော်နှင့်အညီ ပြန်လည်သိမ်းပိုက်ပေါင်းသင်းရန်သာရှိ၏။ သို့တည်းမဟုတ် ကောင်းမွန်စွာစွန့်လွှတ်ရန်သာရှိတော့သတည်း'ဟူ၍ ဖြစ်သည်။ ဤနေရာ၌ **فَإِمْسَاكٌۢ بِمَعْرُوفٍ** စကားလုံးများမှတစ်ဆင့် အမိန့်ပညတ်ချက်နှစ်ခုကို သိရှိစေပါသည်။ ပထမဦးစွာ အစ်ဒ်ဒတ်စောင့်ဆိုင်းချိန်အတွင်း ကွာရှင်းပြတ်စဲမှုကို ပြန်လည်ရုပ်သိမ်းခြင်းသည် နိကာဟ် အသစ်တဖန်ပြုလုပ်ရန်မလိုပါ။ ကွာရှင်းပြတ်စဲမှုကို 'အင်မ်စားက်' ပြန်လည်ရုပ်သိမ်းခြင်းအားဖြင့် မိမိဇနီးသည်ကို ပြန်လည်သိမ်းပိုက်ရန်သာလိုအပ်သည်။ အကယ်၍ ဤကဲ့သို့လုပ်ဆောင်ခဲ့ပါလျှင် ယခင်နိကာဟ်၏ အခြေခံကြောင့် လက်ထပ်ထိမ်းမြားဆက်ဆံမှုသည် ယခင်အတိုင်း ပြန်လည်တည်ရှိနေပါလိမ့်မည်။

ဒုတိယအနေဖြင့် ရုဂျုအ်(ပြန်လည်ရုပ်သိမ်းခြင်း)အပေါ် အကျိုးသက်ရောက်မှုရှိစေရန် လုပ်ဆောင်ရမည် များကိုလည်းကောင်း၊ ငြိမ်းချမ်းသာယာစွာဖြင့် လိုက်ဖက်ညီစွာနေထိုင်ရန်အတွက် အခြေအနေများကိုပြင်ဆင်ရန် ကိုလည်းကောင်း ခင်ပွန်းသည်အားလုပ်ဆောင်ရန် ညွှန်ကြားခဲ့ပါသည်။ အကယ်၍ ရုပ်သိမ်းမှုမပြုလုပ်ခဲ့ပါလျှင် အစ်ဒ်ဒတ်စောင့်ဆိုင်းကာလပြီးမြောက်ခဲ့ပါက လက်ထပ်ထိမ်းမြားဆက်ဆံမှုသည် အဆုံးသတ်သွားမည်ဖြစ်သည်။ ဤနေရာတွင် စိုးရိမ်ဖွယ်မှာ အခြေအနေကို ပြင်ဆင်ရန်ရည်ရွယ်ချက်မရှိဘဲနှင့် အမျိုးသမီးကို ညှင်းပန်းနှိပ်စက်ရန် သက်သက် ရုဂျုအ်(ရုပ်သိမ်းမှု)မလုပ်သင့်ချေ။

ဤသည်နှင့်လိုက်ဖက်ရန် မိန့်ထားသည်မှာ **أَوْ تَسْرِيحٌۢ بِإِحْسَانٍ** ဟူ၍ဖြစ်သည်။ သတ်စ်ရီဟ် ဟူသော စကားလုံး၏ဆိုလိုရင်းမှာ ချည်နှောင်ထားသည်မှ လွတ်စေခြင်း၊ လွတ်လပ်စေခြင်း၊ အနှောင်အဖွဲ့မှ လွတ်စေခြင်း ဖြစ်သည်။ ဤမှတစ်ဆင့် ညွှန်ပြသည်မှာ ဆက်ဆံရေးများပြတ်တောက်စေရန် တွလာက်ထပ်ပေးရန် လည်းမလို။ ထိုကိစ္စအတွက် အခြားလည်းလုပ်ရန်မလိုအပ်ချေ။ အစ်ဒ်ဒတ် စောင့်ဆိုင်းကာလ ကုန်ဆုံးသည့်တိုင် ရုပ်သိမ်းမှု မပြုခြင်းသည် ထိမ်းမြားလက်ထပ်ဆက်ဆံမှုပြီးဆုံးရန် လုံလောက်သည်။

အဗူရာဇင်နှင့်အလ်အစာဒီ၏ ဆင့်ပြန်ချက်ကို အဗူဒါဝူးဒ်တွင်တင်ပြထားသည်မှာ ဤအာယသ်တော် ကျရောက်ပြီးနောက်တွင် လူတစ်ဦးသည် တမန်တော်မြတ်(ﷺ)သခင်ထံ (လျှောက်ထားမေးမြန်းခဲ့သည်) 'အလ္လာဟ်အရှင်မြတ် မိန့်ကြားခဲ့သည်မှာ **أَلطَّلَاقُ مَرَّتٰنِ** 'ကွာရှင်းပြတ်စဲခြင်းသည် နှစ်ကြိမ်မျှသာတည်း' အဘယ့်ကြောင့် တတိယတွလာက်ကို ဤနေရာတွင် ဖော်ပြမထားသနည်း'ဟုတမန်တော်မြတ်က မိန့်ကြားခဲ့သည်မှာ နောက်မှကပ်လျက်လာသည့် ဤဖော်ပြချက်တွင် **تَسْرِيحٌۢ بِإِحْسَانٍ** 'သို့တည်းမဟုတ် ကောင်းမွန်စွာ စွန့်လွှတ်ရန်သာရှိတော့သတည်း'သည်ပင်လျှင် တတိယတွလာက်ဖြစ်သည်။ (ရုဟုလ်မအာနီ) ဆိုလိုသည်မှာ အိုလမာ သာသနာ့ ပညာရှင်များ၏ အများညီသဘောတူညီချက်အရ ထိမ်းမြားလက်ထပ်ဆက်ဆံရေး လုံးဝဥဿုံ ပျက်စီးခြင်းသည် တတိယတွလာက်ပေးပြီးမှသာလျှင်ဖြစ်သည်။ အစ်ဒ်ဒတ်စောင့်ဆိုင်းကာလအတွင်း ကွာရှင်း ပြတ်စဲမှုကို မရုပ်သိမ်းခဲ့လျှင်လည်း ကွာရှင်းပြတ်စဲပြီးဖြစ်လေသည်။ ကန့်သတ်အခြေအနေဖြစ်သော **بِمَعْرُوفٍ** 'တရားစည်းကမ်းအတိုင်း'ကို သိမ်းပိုက်ခြင်း **إِمْسَاكٌۢ** နှင့် ယှဉ်တွဖော်ပြထားသကဲ့သို့ အကယ်၍ ဇနီးအား ရုဂျုအ်တွလာက် ကွာရှင်းမှု ရုပ်သိမ်းပြီးနောက် ပြန်လည်ရယူသိမ်းပိုက်ခဲ့လျှင် ကောင်းမွန်တင့်တယ်စွာသိမ်းပိုက်ရယူရမည်ဟု ညွှန်ကြားထားသည်။ အလားတူ ကန့်သတ်အခြေအနေဖြစ်သော **بِإِحْسَانٍ** 'ကောင်းမွန်စွာဖြင့်'က **تَسْرِيحٌۢ** 'စွန့်လွှတ်ခြင်း'နှင့် ယှဉ်တွဖော်ပြထားသည်။ လူကြီးလူကောင်းသည် ချုပ်ဆိုထားသောပဋိညာဉ်များကို

ဖျက်သိမ်းရန် လိုအပ်လာလျှင် ၎င်းတို့သည် ယဉ်ကျေးသိမ်မွေ့စွာဖြင့်ပြုလုပ်ကြသည်။ ထို့အတူ တွလာက်သည်လည်း သဘောတူညီချက်ကိုဖျက်သိမ်းရခြင်းဖြစ်၍ ယင်းကိုလည်းဒေါသနှင့်ခိုက်ရန်ဖြစ်ကာ မလုပ်သင့်ချေ။ ရက်ရောခြင်း၊ ကြင်နာခြင်းနှင့် သိက္ခာရှိစွာပြုလုပ်သင့်သည်။ ပမာဆိုသော် ကွာရှင်းပြတ်စဲပြီးသည့်ဇနီးအား အဝတ်အထည်စသည့် လက်ဆောင်အချို့ပေးအပ်ကာ သူမအား နှုတ်ဆက်စကားဆိုကာ ထွက်ခွာသွားသင့်သည်ဟူ၍ ညွှန်ကြားချက်ပေးခဲ့သည်။ ဤသည်ကို ကုရ်အာန်ကျမ်းတော်မြတ်တွင် ဖော်ပြထားသည်မှာ -

وَمَتِّعُوهُنَّ ۖ عَلَى الْمُوسِعِ قَدَرُهُ وَعَلَى الْمُقْتِرِ قَدَرُهُ

'သို့ရာတွင် အသင်တို့သည် ထိုမိန်းမတို့အား တရားစည်းကမ်းနှင့်အညီ အကျိုးကျေးဇူးဖြစ်ထွန်းစေကြရမည်။ ဥစ္စာပစ္စည်းကုံလုံကြွယ်ဝသူအပေါ်၌ မိမိတတ်စွမ်းနိုင်သည့်အလျောက် သူဆင်းရဲအပေါ်၌လည်း မိမိတတ်စွမ်းနိုင်သည့်အလျောက် အကျိုးဖြစ်ထွန်းစေရန်တာဝန်ရှိသည်။' (၂း၂၃၆)

အကယ်၍သူသည် ဤလမ်းညွှန်ချက်ကို ရွေးချယ်ခြင်းမပြုဘဲ ဧရှတစ်လှမ်းတိုး၍ တတိယတွလာက်ကို 'မလိုအပ်ဘဲ ဆင်ခြင်တုံတရားကင်းစွာပေးအပ်ပါက ၎င်းသည် ရွေးချယ်နိုင်မှုအားလုံး ဆုံးရှုံးကာ ပြန်လှည့်၍ မရသော အခြေအနေရောက်သွားမည်။ ထိုအခြေအနေကြောင့် ရှရီအသ်က ၎င်းအားခွင့်ပြုထားသော ဂုဏ်သိက္ခာကို ဥပက္ခာပြုသည့်အနေရောက်သွားသည်။ ယခုသူနှင့်ထိုက်တန်သောအပြစ်ဒဏ်မှာ ရုဂျအ်(ပြန်လည်ရုပ်သိမ်းခြင်း)မလုပ်နိုင်တော့ပါ။ ဇနီးသည် အခြားသူတစ်ဦးနှင့် လက်ထပ်ထိမ်းမြားခြင်းမပြုသ၍ မိမိဇနီးသည်ကို လက်ထပ်မင်္ဂလာပြု၍ ပြန်လည်ပေါင်းသင်းရန်လည်း မဖြစ်နိုင်ချေ။

## သုံးတွလာက်ကို တရားမဝင်ပေးခဲ့ခြင်းသည်လည်း အကျိုးသက်ရောက်သည်

ဤမေးခွန်း၏ ယထာဘူတကျကာ ကျိုးကြောင်းညီသောအဖြေကား ပြုလုပ်မှုတစ်ရပ်၏ သဘာဝသည် ပြစ်မှုတစ်ရပ်၊ ဂုနာဟ်အပြစ်ဒုစရိုက်တစ်ရပ်ဖြစ်သော်လည်း ယင်းလုပ်ရပ်၏ အကျိုးသက်ရောက်မှုကိုကား မတားဆီးနိုင်ချေ။ မတရားသဖြင့် သတ်ဖြတ်မှုသည် ပြစ်မှုတစ်ရပ်ဖြစ်၍ အပြစ်ဂုနာဟ်ဒုစရိုက်လည်းဖြစ်သည်။ သို့သော်လည်း တစ်စုံတစ်ဦးသည် သေနတ်နှင့်ပစ်သည်ဖြစ်စေ၊ ဓါးနှင့်ထိုးသည်ဖြစ်စေ နောက်ဆုံးတွင် အသက်ခံရခြင်းသာဖြစ်သည်။ သေနတ်နှင့်ပစ်ခြင်းသည် တရားဝင်သည် (သို့) တရားမဝင်ဟူသောအချက်ကို စုံစမ်းစစ်ဆေးရန်အတွက် ၎င်း၏သေဆုံးခြင်းက စောင့်ဆိုင်းနေမည်မဟုတ်ချေ။ ခိုးမှုသည် ပြစ်မှုတစ်ရပ်နှင့် ဒုစရိုက်ဂုနာဟ်ဖြစ်ကြောင်းကို ဘာသာတရားအားလုံးအများညီသဘောတူကြသည်။ သို့ရာတွင် ထိုကဲ့သို့ အခိုးခံရမှုသည် မည်သို့ပင်ဆိုစေကာမူ ပိုင်ရှင်အတွက်ကား ဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်လေသည်။ အလားတူပင် အားလုံးသော ပြစ်မှုများနှင့် ဂုနာဟ်ဒုစရိုက်များသည် ထိုအခြေအနေမျိုးတွင်ရှိသည်။ ထိုလုပ်ရပ်သည် ပြစ်မှုလည်းဖြစ်၍ ဂုနာဟ်ဒုစရိုက်လည်းဖြစ်သော်လည်း ယင်း၏အကျိုးသက်ရောက်မှုကိုကား မတားဆီးနိုင်ပါ။

အထက်ပါမူ၏ ပြဋ္ဌာန်းချက်အရ ရှရီအသ်တရားတော်က ပေးအပ်ထားသော ခွင့်ပြုချက်များကို လျစ်လျူရှုခြင်း၊ တစ်စုံတစ်ဦးတွင်ရှိ သလာက်၏ ရွေးချယ်ပိုင်ခွင့်အားလုံးကို ရှောင်ရှားခြင်း၊ မလိုလားအပ်ဘဲ တွလာက်သုံးကြိမ်ပေးခြင်းစသော မှားယွင်းသည့်ခြေလှမ်းများလှမ်းခြင်းသည် ပြီးခဲ့သောဆင့်ပြန်ချက်တွင် ဖော်ပြထားသကဲ့သို့

တမန်တော်မြတ်(ﷺ)သခင်၏ အမျက်ဒေါသဖြစ်စေသော အကြောင်းခံတစ်ရပ်ဖြစ်စေခဲ့ပါသည်။ ဤအကြောင်းကြောင့် ထိုလုပ်ရပ်သည် အုမ္မတ်ထုတစ်ရပ်လုံး၏ အများညီသဘောအရ မလိုလားအပ် ဟူ၍ လည်းကောင်း အချို့က ခွင့်မပြုဟူ၍လည်းကောင်း ထင်မြင်ခဲ့ကြသည်။ သို့သော်လည်း မည်သို့ပင်ရှိစေကာမူ တစ်စုံတစ်ဦးသည် ရှေ့ကိုး၍ တွလာက်ပေးခဲ့လျှင် ခွင့်ပြုသောသလာက်မျိုးဖြစ်သင့်ပေသည်။ ဆိုလိုသည်မှာ သုံးတွလာက်ပေးခြင်းသည် အကျိုးသက်ရောက်မှုရှိကာ ရုဂျုအ်(ရုပ်သိမ်းမှု) ရွေးချယ်ခွင့်မရှိတော့သည်သာမက အသစ်နိကာဟ်ပြုလုပ်ရန် ရွေးချယ်နိုင်မှုသည်လည်း ပယ်ဖျက်ပြီးဖြစ်လေသည်။

ထို့ပြင် တမန်တော်မြတ်(ﷺ)သခင်၏ ဆုံးဖြတ်ချက်သည် ထိုကိစ္စနှင့်ပတ်သက်၍ သက်သေခံချက်တစ်ခုပင်ဖြစ်သည်။ သုံးတွလာက်ပေးခြင်းကိစ္စနှင့်ပတ်သက်၍ တမန်တော်မြတ်(ﷺ)သခင်အမျက်ဒေါသဖြစ်ခဲ့သော်လည်း ဟဒီးဆ်ကျမ်းစာအုပ်များတွင် ထိုကိစ္စနှင့်ပတ်သက်သော အဖြစ်အပျက်များစွာတို့တွင် သုံးတွလာက်ပေးခြင်းကို အတည်ပြုထားခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်သောစာအုပ်များရေးသားလေ့ရှိသော အိုလမာပညာရှင်များသည် ဤအဖြစ်အပျက်များကို စုဆောင်း၍ ထည့်သွင်းရေးသားခဲ့ကြသည်။ လောလောလတ်လတ်တွင် ဤအကြောင်းအရာနှင့်ပတ်သက်၍ မော်လာနာ အဗူအလ်ဇာဟစ်ဒ် မုဟမ္မဒ် စရ်ဖာရာဇ်၏ 'အုမ်ဒါဟ်အလ်အတ်သ်ဟသ်'ကျမ်းထုတ်ဝေခဲ့၍ ယင်းသည် လုံလောက်ပေသည်။ ဤနေရာတွင် ဟဒီးတ် (၃)ပုဒ်ကိုသာ ကိုးကားထားသည်။

အလ်နစာအီကို ကိုးကားကာ အစောပိုင်းက တင်ပြထားခဲ့သော မုဟမ္မဒ်အိဗနိလဗိဒ်၏ ဆင့်ပြန်ချက်တွင် သုံးတွလာက်တစ်ချိန်တည်းပေးခြင်းကို အလွှာဟ်အရှင်မြတ်၏ တမန်တော်က အလွန်အမင်းဒေါသအမျက်ထွက်ခဲ့ခြင်းကို ပြသမှုအား မှတ်တမ်းတင်ထားသည်။ မည်မျှဒေါသဖြစ်သနည်းဟူမူ ဆွဟာဗဟ်အချို့က ဤသူကို သတ်ပစ်သင့်သည်ဟုပင် မှတ်ယူခဲ့ရသည်အထိဖြစ်သည်။ သို့သော်လည်း ထိုသူပေးသော တွလာက်သည် ပြန်လည်ရုပ်သိမ်းနိုင်ခွင့်ရှိသော တွလာက်ဖြစ်သည်ဟူ၍လည်းကောင်း၊ သူ၏ဇနီးကိုပြန်လည်သိမ်းပိုက်စေနိုင်သည်ဟူ၍လည်းကောင်း၊ မည်သည့်နေရာတွင်မှ ဆင့်ပြန်ထားခဲ့ခြင်းမရှိပါ။

ဤသည်နှင့် ဆန့်ကျင်ဘက်အနေနှင့် ဒုတိယဆင့်ပြန်ချက်က ရှင်းလင်းစွာဖော်ညွှန်းသည်မှာ တမန်တော်မြတ် (ﷺ)သခင်သည် မနှစ်မြို့သော်လည်း စိုက်ယိဒနာ အုဝိုင်မိရ်၏ သုံးတွလာက်တစ်ကြိမ်တည်းပေးခြင်းကို အတည်ပြု ထားခဲ့သည်။ အလွန်တူစွာပင် ယခင်က ကိုးကားတင်ပြထားခဲ့သော မုဟမ္မဒ်အိဗနိလဗိဒ်၏ ဟဒီးဆ်နှင့် နှီးနှယ်ကာ ကာသွီအဗူဗကရ်အိဗ်နိအလ်အရဗီက တင်ပြခဲ့သည်မှာ စိုက်ယိဒနာ အုဝိုင်မိရ်၏ သုံးတွလာက်နှင့်တူသော သူ၏ သုံးတွလာက်ပေးမှုကို တမန်တော်မြတ်(ﷺ)သခင်က အတည်ပြုခဲ့သည်။ သူ၏ စကားလုံးများမှာ -

**فلم یردہ النبی صلی اللہ علیہ وسلم بل امضاہ کما فی حدیث عویمر العجلانی فی اللعان حیث امضی طلاقہ الثلاث ولم یردہ**

'ထို့ကြောင့်၊ တမန်တော်မြတ်(ﷺ)သခင်သည် ထိုကိစ္စကို မကန့်ကွက်ခဲ့ပါ။ သို့သာမက အတည်ပင်ပြုပေးခဲ့သည်။ အုဝိုင်မိရ်အလ်ဂျာနီ၏ လိအန်ဆိုင်ရာဟဒီးဆ်တော်တွင် ဖော်ပြထားသည်မှာ တမန်တော်မြတ်(ﷺ)သခင်သည် သူ၏သုံးတွလာက်ကို အတည်ပြုပေးခဲ့၍ ပယ်ချခဲ့ခြင်းမရှိခဲ့ပါ။

ဗုခါရီကျမ်းတွင်ပါရှိသော စိုက်ယိဒါအာအိရှတ်(رضى الله عنها)သခင်မ ဆင့်ပြန်ထားခဲ့သည့် ဒုတိယဟဒီးဆ်တော်မှာ အောက်ပါအတိုင်းဖြစ်သည်။

**ان رجلا طلق امرأته ثلاثا فتزوجت فطلق فسئل النبى صلى الله عليه وسلم**

**اتحل للاول قال حتى يذوق عسيلتها كما ذاقها الاول**

အမျိုးသားတစ်ဦးသည် သူ၏ဇနီးအား သုံးတွလာက်ပေးခဲ့ပါသည်။ အမျိုးသမီးသည် အခြားတနေရာ၌ အိမ်ထောင်ပြုခဲ့ကာ အခြားခင်ပွန်းကလည်းသူမကို ကွာရှင်းပြတ်စဲခဲ့ပါသည်။ ဤအမျိုးသမီးအား လက်ထပ်ထိမ်းမြားခြင်း 'ဟလာလ်'တရားဝင်ပါသလား'ဟု တမန်တော်မြတ်(ﷺ)သခင်အား မေးမြန်းလျှောက်ထားခဲ့သည်။ တမန်တော်မြတ်(ﷺ)သခင်က မိန့်ကြားခဲ့သည်မှာ 'ပထမခင်ပွန်းကဲ့သို့ အခြားခင်ပွန်းကလည်း သံဝါသမှု မပြုလုပ်ခဲ့သေးသမျှ တရားမဝင်ချေ'ဟူ၍ဖြစ်သည်။

ဆင့်ပြန်ချက်ပါစကားလုံးများက သုံးတွလာက်ကို တစ်ချိန်တည်းတွင်ပေးခဲ့ကြောင်း ဖော်ညွှန်းပါသည်။ ဖာသ်ဟုလ်ဘာရီ၊ အုမ်ဒါဟုလ်ကာရီ၊ အလ်ကစ်တာလာနီကဲ့သို့သော ဟဒီးဆ်အကျယ်ဖွင့်ဆိုခဲ့သူများက ဤဆင့်ပြန်ချက်အရ သုံးတွလာက်သည် တစ်ချိန်တည်းပေးခဲ့ကြောင်း အတည်ပြုသည်။ ထို့ပြင် ဤဟဒီးဆ်တွင်ဆုံးဖြတ်ချက်ပါရှိကြောင်း တမန်တော်မြတ်(ﷺ)သခင်သည် ဤသုံးတွလာက်ပေးခြင်းကို အကျိုးသက်ရောက်ကာ အတည်ဖြစ်စေပါသည်။ ထို့နောက် ဒုတိယခင်ပွန်းက ကွာရှင်းပြတ်စဲရုံသက်သက်မျှဖြင့် ပထမခင်ပွန်းသည် ၎င်း၏ဇနီးအား ထိမ်းမြားလက်ထပ်ရန် တရားမဝင်ချေ။ ဒုတိယခင်ပွန်းသည် ထိုအမျိုးသမီးနှင့် သံဝါသမှုပြုလုပ်ပြီးမှသာလျှင် တရားဝင်သည်။

တတိယဆင့်ပြန်ချက်သည် တမန်တော်မြတ်(ﷺ)သခင်၏ရှေမှောက်၌ စိုက်ယိဒနာ အုဝိုင်မိရ် အလ်ဂျလာနီက သူ၏ဇနီးသည်အား **لعان** လိအန်(ကာမဖောက်ပြန်မှုရှိသည်ဟု ကျမ်းကြိမ်စွပ်စွဲခြင်း)ပြုလုပ်သောအကြောင်း ဖြစ်သည်။

**فلما فرغا قال عويمر كذبت عليها يا رسول الله ان امسكتها فطلقها ثلاثا**

**قبل ان يامره النبى صلى الله عليه وسلم**

'ထို့ကြောင့် သူတို့သည် လိအန်ပြုလုပ်ခြင်းကိစ္စပြီးဆုံးသွားသောအခါ အုဝိုင်မိရ်က ပြောကြားခဲ့သည်မှာ 'အကယ်၍ ကျွန်ုပ်သည် သူမအားပြန်လည်သိမ်းပိုက်ခဲ့ပါလျှင် ကျွန်ုပ်သည် မုသားပြောရာကျပေတော့မည်' ထို့နောက် သူသည် တမန်တော်မြတ်(ﷺ)သခင်က ဆုံးဖြတ်ချက်မချမီ သူ၏ဇနီးအား သုံးတွလာက်ပေးလိုက်သည်။ (ရှာဟိဒ်အလ်ဗုခါရီ၊ ဖာသ်ဟုလ်ဘာရီ၊ ရှာဟစ်ဒ် မုစ်လင်မ်၊ စာ-၂၈၉၊ အတွဲ-၁)

ထို့ပြင် စိုက်ယိဒနာ စဟလ်အိဗ်နိစာအ်ဒ်ကို ကိုးကား၍ အဗူဒါဂ်(رضى الله عنه)သခင်က ဤအဖြစ်အပျက်နှင့် ပတ်သက်၍ အောက်ပါအတိုင်းတင်ပြထားသည်။

**فانفذه رسول الله صلى الله عليه وسلم وكان ما صنع عند رسول الله صلى الله عليه وسلم سنة قال سعد حضرت هذا عند رسول الله صلى الله عليه وسلم فمضت السنة بعد في المتلاعنين ان يفرق بينهما ثم لا يجتمعان ابدا**

'ထို့နောက် တမန်တော်မြတ်(ﷺ)သခင်သည် ထိုကိစ္စရပ်ကို အတည်ပြုပေးခဲ့သည်။ ၎င်းနောက် ယင်းကိစ္စသည် တမန်တော်မြတ်(ﷺ)၏မျက်မှောက်တွင်ဖြစ်ခဲ့သောကြောင့် စွန္ဒသ်တော်အဖြစ်လည်း အတည်ပြု ပြဋ္ဌာန်းပြီးဖြစ်ခဲ့သည်။ စအားဒ်ကပြောကြားသည် 'ဤကိစ္စဖြစ်စဉ်တွင် တမန်တော်မြတ်(ﷺ)သခင်၏ ရှေ့တော်မှောက်၌ ကျွန်တော်လည်းရှိခဲ့သည်။ ထိုအပြစ်အပျက်ပြီးသည့်နောက် ၎င်းတို့နှစ်ဦးသည် တစ်ဦးစီခွဲခွာသင့်ကြောင်းနှင့် မည်သည့်အခါတွင်မျှ ပြန်လည်မပေါင်းသင့်ကြောင်း သမရိုးကျဓလေ့ထုံးစံဖြစ်လာခဲ့သည်။ (အဗူဒါဝူးဒ်)

ဤဟဒီးဆ်တော်ထဲတွင် တမန်တော်မြတ်(ﷺ)သခင်က စိုက်ယိဒိနာ အုဝိုင်မိရ်သခင်၏ တစ်ချိန်တည်း သုံးတွလာက်ပေးခဲ့ခြင်းကို အတည်ပြုခဲ့ကြောင်းနှင့် သုံးတွလာက်ဖြစ်ကြောင်း ပြည့်စုံစွာ ရှင်းလင်းမှုဖြင့် သက်သေပြထားသည်။

မဟ်မုဒ်အိဗနိ လိဗိဒ်၏တင်ပြပြီးခဲ့သောဆင့်ပြန်ချက်ထဲတွင်လည်းကောင်း၊ အဗူဗကရ် အိဗ်နိအလ်အရဗီ၏ ဆင့်ပြန်ချက်၏ ထောက်ခံမှုအရလည်းကောင်း သုံးတွလာက်ပေးခြင်း အတည်ပြုခဲ့ကြောင်း ဖော်ပြခဲ့သည်။ အကယ်၍ ဤသို့မဟုတ်ခဲ့လျှင်ပင် တမန်တော်မြတ်(ﷺ)သခင်သည် ထိုတွလာက်ပေးခြင်းကို ပြန်လည်ရုပ်သိမ်းနိုင်ခြင်းနှင့် ခင်ပွန်းသည် ဇနီးအား ပြန်လည်သိမ်းပိုက်ခြင်းကို ခွင့်ပြုခဲ့ကြောင်းဆိုသည့် ဆင့်ပြန်ချက်ကိုပင် မည်သည့်နေရာတွင်မျှ တင်ပြမထားပါ။

အချုပ်ဆိုရသော် ဤကိုးကားခဲ့သော ဟဒီးဆ်တော်သုံးပုဒ်မှ သက်သေပြသည်မှာ တွလာက်သုံးကြိမ် တစ်ချိန်တည်းပေးခြင်းသည် တမန်တော်မြတ်(ﷺ)သခင်အား အမျက်ဒေါသဖြစ်စေလင့်ကစား ယင်း၏ အကျိုးဆက်မှာမူ ယင်းသုံးတွလာက်သည် အကျိုးသက်ရောက်မှုအတည်ဖြစ်သည်ဟု ပြဋ္ဌာန်းခဲ့သည်။

## စိုက်ယိဒိနာ ဖာရူက်အလ်အဆ်ဇွာမ်၏ လုပ်ဆောင်ချက်

အထက်ပါဆွေးနွေးချက်များကသက်သေပြသည်မှာ သုံးတွလာက်သုံးကြိမ်ပေးခြင်းသည် သုံးကြိမ်သုံးခါ တွလာက်ပေးခြင်းဖြစ်ကြောင်း တမန်တော်မြတ်(ﷺ)ကိုယ်တိုင်၏ ဆုံးဖြတ်ချက်ဖြစ်သည်။ သို့ရာတွင် ဤနေရာ၌ ရှာဟိဒ်မုစ်လင်မ်ကျမ်းနှင့် ဟဒီးဆ်ကျမ်းတော်တော်များများတွင် ဆင့်ပြန်ထားခဲ့သော စိုက်ယိဒိနာ ဖာရူက် အလ်အဆ်ဇွာမ်နှင့်ပတ်သက်သောအဖြစ်အပျက်တစ်ခုက ပြဿနာတစ်ရပ်ပေါ်ထွက်စေပါသည်။ ယင်းမှာ -

س رضى الله عنهما قال: كان الطلاق على عـن ابـن عبـا
الله صلى الله عليه وسلم وأبى بكر وسنتين عهـد رسـول
ـمـر طـلاقـالثـلـت واحـدة فقـال عمر بن مـن خـلافة ع
إنـالناس قداستعجلوافى أمر كانت لهم فيه الـخـطـاب:
ـا عليهم، فأمضاه عليهم. (صحيح مسلم ج١ ص٤٧٧) أناة فلو أمضين

'ဆိုက်ယိဒိနာ အိဗနိအဗ္ဗားစ်၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ်(ﷺ)သခင် သက်တော်ထင်ရှားရှိနေစဉ် အချိန်တွင်း၌လည်းကောင်း၊ စိုက်ယိဒိနာအုမရ်(**رضى الله عنه**)သခင် ခလီဖာဟ်ဖြစ်စဉ် ပထမနှစ်နှစ်အတွင်း၌လည်းကောင်း၊ သုံးတွလာက်ကို တစ်ကြိမ်အဖြစ်မှတ်ယူသည်။ ထို့ကြောင့် စိုက်ယိဒိနာအုမရ်(**رضى الله عنه**)သခင်က မိန့်ကြားသည်မှာ 'လူများအတွက် အချိန်ဆွဲထားနိုင်သောကိစ္စရပ်ကို အစောတလျင်လုပ်လေ့လုပ်ထရှိကြသည်။ ထို့ကြောင့် ဤကိစ္စရပ်ကို သူတို့အတွက် အတည်ပြုခဲ့ပါလျှင် သင့်လျော်ပါလိမ့်မည်။ ထို့ကြောင့် အုမရ်သခင်သည် သူတို့အတွက် အတည်ပြုခဲ့သည်။ (ရှာဟီဒ်မုစ်လင်မ်၊ စာ-၄၇၇၊ အတွဲ-၁)

စိုက်ယိဒိနာအုမရ်အလ်ဖာရူက်၏ ဤကြေညာချက်ကို ဖိကာဟ်ပညာတွင် ကျွမ်းကျင်သော ဆွဟာဗဟ်များနှင့်တိုင်ပင်ပြီးနောက် ဆွဟာဗဟ်များနှင့် သာဗီအီန်များရှိနေကြစဉ်တွင် အများပြည်သူသိကြားစေခဲ့သည်။ ထိုပုဂ္ဂိုလ်များထဲတွင် မည်သူတစ်ဦးတစ်ယောက်ကမျှ ပယ်ချကြောင်း (သို့) ချီတုံချတုံဖြစ်ကြောင်း ဆင့်ပြန်ထားခဲ့ခြင်းမရှိပါ။ ထို့ကြောင့် ဤကိစ္စနှင့်ပတ်သက်၍ အများညီဖြစ်ကြောင်း အိမာမ်အိဗနိအဗ္ဗဒုလ်ဗရ်အလ်မာလိကီက ဆင့်ပြန်ထားခဲ့သည်။ အလ်ဇုလ်ကာနီ ရှရဟ်အလ်မုအတ်တာတွင် အောက်ပါအတိုင်းဖော်ပြထားသည်။

**والجمهور على وقوع الثلاث بل حكى ابن عبد البر الإجماع**
**قائلا : ان خلافه لا يلتفت إليه ﴿زرقانى شرمؤطا ج ٣ ص ١٦٧﴾**

ရှရီအသ်တရားတော်ဆိုင်ရာပညာရှင်အများစု၏ ရှုမြင်သုံးသပ်ချက်မှာ သုံးတွလာက်ကို တစ်ချိန်တည်းပေးခြင်းသည် အတည်ဖြစ်သည်ဟုဆိုသည်။ စင်စစ် ဤကိစ္စရပ်နှင့်ပတ်သက်၍ အိဂျ်မအ် အများညီဖြစ်ကြောင်း အိဗ်နိအဗ္ဗဒုလ်အလ်ဗာရ်ကပြောကြားခဲ့သည်မှာ 'ဤကိစ္စနှင့်ဆန့်ကျင်ဘက်ကိုတွေးတောခြင်းပင် မပြုသင့်။'
(အလ်ဇုရ်ကာနီ - ရှရာအ် အလ်မုအ်တ်တရ်၊ စာ-၁၆၇၊ အတွဲ-၃)

ထို့ပြင် ရှရဟ်မုစ်လင်မ်တွင် အလ်နဝဝီက မိန့်ကြားသည်မှာ -

**قال الشافعى ومالك وأبو حنيفة وأحمد وجماهير العلماء من السلف**
**والخلف يقع الثلاث ، وقـال طاؤس وبعض أهل الظاهر :**
**لا يقع بذلك إلا واحدة ﴿شرح مسلم ١ ص ٤٢٨﴾**

'အိမာမ်ရှာဖိအီ၊ အိမာမ်မာလိက်၊ အိမာမ်အဗူဟနီဖာဟ်၊ အိမာမ်အဟ်မဒ်နှင့် အစောပိုင်းနှင့် နောက်ပိုင်း အိုလမာအများစုသည် သုံးတွလာက်အတည်ဖြစ်သည်ဟု မိန့်ကြားခဲ့ကြသည်။ သအ်ဝုစ်နှင့် အချို့သော ဇာဟိရီတို့ကမူ ဤကိစ္စနှင့်ပတ်သက်၍ အတည်ဖြစ်ခြင်းမှာ တွလာက်တစ်ကြိမ်တည်းသာလျှင်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ (ရှရာဟ် မုစ်လင်မ်၊ စာ-၄၇၅၊ အတွဲ-၁)

ရှရာဟ် မအာနီ အလ် အသ်ဟာရ်တွင် အိမာမ် အလ် သဟာဝီက မိန့်ကြားသည်မှာ -

ر رضى الله عنه بذلك الناس جميعا، وفيهم فخاطب عم
ل الله صلى الله عليه وسلم رضى الله عنهم أصحاب رس
لموا ما تقدم من ذلك في زمن رسول الله الذين قد ع
يه وسلم، فلم ينكر عليه منهم منكر ولم صلى الله ع
يدفعه دافع.» (شرح معانى الاثار ج٢ ص٢٩)

'ထို့ကြောင့် စိုက်ယိဒိနာ အုမရ်သည် ဤကိစ္စကိုအများသိစေရန်အတွက် လူအများအား ဦးတည်မိန့်ကြားခဲ့သည်။ ထိုသူများထဲတွင် တမန်တော်မြတ်(ﷺ)သခင်လက်ထက်က ကျင့်သုံးခဲ့သည့်နည်းလမ်းကို တတ်သိနားလည်သော ဆွဟာဗတ်သာဝကကြီးများလည်းပါဝင်ကြပါသည်။ သို့သော်လည်း ထိုဆွဟာဗတ်များထဲမှ တစ်စုံတစ်ဦးကမျှ ဤကြေညာချက်ကို အံတုခဲ့ခြင်း၊ ငြင်းပယ်ခဲ့ခြင်း မရှိချေ။ (ရှရာဟ် အလ်မအာနီ၊ စာ-၂၉၊ အတွဲ-၂)

အထက်တွင် ကိုးကားခဲ့သည့်အကြောင်းအရာထဲတွင် မုစ်လင်မ်ထုအတွက် ကျင့်သုံးရန်လမ်းစဉ်ကို ဆွဟာဗတ်နှင့် သာဗီအိန်များက တညီတညွတ်တည်းချမှတ်ခဲ့ပြီးဖြစ်သည်မှာ သံသယဖြစ်ဖွယ်မရှိချေ။ သုံးတွလာက်တစ်ချိန်တည်းပေးခြင်းသည် တမန်တော်မြတ်(ﷺ)သခင် ဒေါသအမျက်ဖြစ်စေသော အကြောင်းအရာဖြစ်သည်။ ထို့ကြောင့် မနှစ်မြို့ဖွယ်ရာဖြစ်ကြောင်း သတိပေးထားသည်။ ဤသတိပေးချက်ရှိလင့်ကစား မည်သူတစ်ဦးတစ်ယောက်မဆို ဤအမှားကျူးလွန်ခဲ့ပါက သူ၏ဇနီးနှင့်ပေါင်းသင်းရန် တရားမဝင်ဖြစ်သွားကြောင်း သူတွေ့ရပါလိမ့်မည်။ ထို့နောက်တစ်ဖန် တရားဝင်ပေါင်းသင်းနိုင်ရန်မှာ ဇနီးသည် အခြားသူတစ်ဦးနှင့် ထိမ်းမြားလက်ထက်ခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းပြီးမှသာလျှင်ဖြစ်လိမ့်မည်။

မူသဘောအရလည်းကောင်း၊ အသိဉာဏ်အရလည်းကောင်း ဤနေရာ၌ မေးခွန်းနှစ်ရပ်ပေါ်ထွက်လာပါသည်။ ပထမမှာ ဟဒီးဆ်တော်များ၏ထောက်ခံဆင့်ပြန်ချက်အရ အစောပိုင်းတင်ပြသကဲ့သို့ တမန်တော်မြတ်(ﷺ)သခင် ကိုယ်တိုင် သုံးတွလာက်ကို တစ်ချိန်တည်းပေးသူများ၏ သုံးတွလာက်ကို ကိုယ်တော်တိုင်အတည်ပြုခဲ့ကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။ တမန်တော်မြတ်(ﷺ)သခင်သည် ၎င်းတို့အား တွလာက်ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းရန်ကိုသော်လည်းကောင်း၊ အသစ်တဖန် နိကာဟ်လက်ထပ်

ထိမ်းမြားခြင်းတစ်ရပ်ပြုလုပ်ရန်ကိုသော် လည်းကောင်း ခွင့်မပြုခဲ့ချေ။ တမန်တော်မြတ်(ﷺ)သခင် လက်ထက်၌ လည်းကောင်း၊ ခလီဖာဟ်အဗူဗကရ် ဆွီဒီးက်လက်ထက်တွင်လည်းကောင်း၊ အုမရ်ဖာရုက်၏ (၂)နှစ်ထိ လည်းကောင်း သုံးတွလာက်ပေးခြင်းကို (၃)ကြိမ် တွလာက်ပေးခြင်းအဖြစ် မိန့်ကြားခဲ့သော်လည်း စိုက်ယိဒနာ အုမရ်ဖာရုက် အလ်အအ်ဇ္ဇာမ်က သုံးသလာက်ကို တစ်ကြိမ်ဟု သတ်မှတ်၍ ဆုံးဖြတ်ခဲ့သည်မှာ ဘာကိုဆိုလို သနည်းဟု အဗ်ဒုလ္လာ အိဗ်နိအဗ္ဗားစ်က မိန့်ကြားခဲ့သည်။

ဒုတိယမေးခွန်းမှာ အကယ်၍ သုံးတွလာက်တစ်ချိန်တည်းပေးခြင်းကို တမန်တော်မြတ်(ﷺ)သခင်က လက်ထက်တွင်လည်းကောင်း၊ အဗူဗကရ် ဆွစ်ဒ်ဒီးက်၏ ခလီဖာဟ်လက်ထက်တွင်လည်းကောင်း လက်ခံခဲ့သော်လည်း ဆိုက်ယိဒနာ ဖာရူက်အလ်အအ်ဇ္ဇာမ်သည် ဘယ်လိုကြောင့် ဤဆုံးဖြတ်ချက်ကို ပြောင်းလဲခဲ့သနည်း။ အကယ်၍ ဖာရူက်အလ်အအ်ဇ္ဇာမ်က အမှားတစ်ရပ်ပြုလုပ်ခဲ့သည်ဆိုပါစို့။ ထိုအချိန်က ရှိခဲ့ကြသော ဆွဟာဗဟ် အားလုံးသည် မည်သို့လက်ခံခဲ့ကြသနည်း။

ဤမေးခွန်းနှစ်ရပ်စလုံးကို ကြည်ညိုလေးစားဖွယ် ဖုကဟာနှင့် မုဟဒ်ဒီးဆီးန်များက အမျိုးမျိုး ဖြေကြားခဲ့ပါသည်။ အရှင်းလင်းဆုံးအဖြေမှာ ရှာဖီဒ်မုစ်လင်မ်ကျမ်းတွင် အိမာမ်နဝဝီတင်ပြထားချက်တစ်ရပ်ပင်ဖြစ်သည်။ ယင်းမှာ စိုက်ယိဒနာ ဖာရုက်အလ်အအ်ဇ္ဇာမ်၏အမိန့်နှင့် ဆွဟာဗဟ်သာဝကကြီးများ၏ လုံးဝဥဿံတညီတညွတ် တည်းသဘောတူညီချက် အိဂျ်မာအ်﴿اجماع﴾တို့သည် ﴿اصح﴾ခိုင်လုံစေရန်မှာ အောက်ပါအခြေအနေတွင် ဖြစ်သင့်သည်ဟု အကြံပြုခဲ့သည်။ တစ်စုံတစ်ဦးသည် သုံးတွလာက်ပေးရာတွင် (၃)ကြိမ်(၃)ခါ 'သင့်ကို ကွာရှင်းပြတ်စဲပြီးဖြစ်သည်၊ သင့်ကိုကွာရှင်းပြတ်စဲပြီးဖြစ်သည်၊ သင့်ကိုကွာရှင်းပြတ်စဲပြီးဖြစ်သည်'ဟူ၍လည်းကောင်း၊ 'ကျွန်ုပ် သင့်ကိုကွာရှင်းပြတ်စဲသည်၊ ကျွန်ုပ် သင့်ကိုကွာရှင်းပြတ်စဲသည်၊ ကျွန်ုပ် သင့်ကိုကွာရှင်းပြတ်စဲသည်' ဟူ၍လည်းကောင်း ပြောဆိုခဲ့သည့် ထူးခြားသည့်ပုံသဏ္ဌာန်တစ်ရပ်ဖြင့်ပေးခြင်းဖြစ်ရမည်ဟုဆိုသည်။

ဤအခြေအနေမှာ အဓိပ္ပာယ်သဘောအရ ဖြစ်နိုင်ချေနှစ်ခုရှိသည်။ (၁) တွလာက်ပေးသူသည် သုံးတွလာက်ပေးမည့်ရည်ရွယ်ချက်နှင့် ဤစကားများပြောကြားခဲ့ခြင်းဖြစ်နိုင်သည်။ (၂) ကြေညာခြင်းကို (၃)ကြိမ်ထပ်၍ ပြောခဲ့ခြင်းသည် သုံးတွလာက်ပေးရန်မရည်ရွယ်ပါ။ ထင်ရှားသည်ကား ရည်ရွယ်ချက်ကို သိရှိရန်မှာ ကြေညာသူက ထုတ်ဖော်ပြောကြားမှုမှသာလျှင်သိနိုင်ပေသည်။ တမန်တော်မြတ်(ﷺ)သခင်၏ခေတ်ကာလအတွင်းက မှန်ကန်မှုနှင့် ရိုးသားမှုတို့သည် လူအများတွင် လွှမ်းမိုးခဲ့သည်။ အကယ်၍ ထိုကဲ့သို့သော စကားလုံးများပြောခဲ့ပြီးနောက် တစ်စုံတစ်ဦးက ၎င်းသည် သုံးတွလာက်ပေးရန်မရည်ရွယ်ခဲ့ပါ။ ယင်းစကားလုံးများကို ထပ်ခါထပ်ခါပြောဆိုခြင်းသည် လေးနက်စေရန်အတွက်သာဖြစ်သည်ဟု ပြောဆိုခဲ့ပါလျှင် တမန်တော်မြတ်(ﷺ)သခင်သည် သူ၏ကျမ်းကျိန်ထွက်ဆိုချက်ကို အတည်ပြုကာ ဤကဲ့သို့ သုံးကြိမ်တွလာက်ပေးခြင်းသည် တစ်ကြိမ်သာလျှင် ဖြစ်သည်ဟု သတ်မှတ်သည်။

ဤအကြောင်းအရာကို စိုက်ယိဒနာ ရုခါနာ(**رضى الله عنه**)သခင်၏ ဟဒီးဆ်တော်မှ ထောက်ခံထားခဲ့သည်။ သူသည် ဇနီးသည်အား အလ်ဗတ်သ်သသာဟ်ဟူသော စကားလုံးသုံး၍ ကွာရှင်းပြတ်စဲခဲ့သည်ဟုဆိုသည်။ ဤစကားလုံးသည် သုံးတွလာက်ပေးရာတွင်ပြောနေကျအများသုံး အရဗ်အသုံးအနှုန်းဖြစ်သည်။ သို့ရာတွင် ဤစကားလုံးထဲ၌ (၃)ကြိမ်(၃)ခါဟူသောအဓိပ္ပာယ်အနှစ်သာရမှာ မပြတ်သားမရှင်းလင်းပါ။ စိုက်ယိဒနာ ရုခါနာ

(رضى الله عنه)သခင်ကပြောသည်မှာ 'ကျွန်တော်သည် ဤစကားလုံးဖြင့် သုံးတွလာက်ပေးရန် မည်သည့်အခါကမျှ မရည်ရွယ်ခဲ့ပါ။ စင်စစ် ကျွန်တော်သည် တွလာက်တစ်ကြိမ်သာပေးလိုခဲ့ပါသည်' တမန်တော်မြတ်(ﷺ)သခင်သည် ၎င်းအားကျမ်းကျိန်ဆိုစေခဲ့ရာ ကျမ်းကျိန်ခဲ့ပါသည်။ ထို့နောက် တမန်တော်မြတ်(ﷺ)သခင်က တွလာက်တစ်ကြိမ်တည်းသာလျှင်ဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။

ဤဟဒီးဆ်တော်သည် အလ်သိရ်မိဇီ၊ အဘူဒါဝူဒ်၊ အိဗ်နိမာဂျာဟ်နှင့် အလ်ဒါရိမိကျမ်းတို့တွင် အဆင့်ဆင့်ဆင့်ပြန်သူအသီးသီးနှင့် အမျိုးမျိုးသော စကားလုံးများဖြင့်လာရှိသည်။ အချို့သော စကားလုံးများကလည်း စိုက်ယိဒနာ ရုခါနာ(رضى الله عنه)သခင်သည် သူ၏ဇနီးကို သုံးတွလာက်ပေးခဲ့သည်ဟု ရည်ညွှန်းသည်။ စင်စစ်တွင် ဆိုက်ယိဒနာ ရုခါနာသခင်က အလ်ဗတ်သ်သသာဟ်ဟူသော စကားလုံးသုံးနှုန်း၍ တွလာက် ပေးခဲ့သည်ဟူသော အနေအထားကို အဗူဒါဝူဒ်က နှစ်သက်ခဲ့သည်။ ဤစကားလုံးသည် သုံးတွလာက်ပေးရာတွင် သုံးသော အများသုံးသည့် အသုံးအနှုန်းဖြစ်သောကြောင့် အချို့သောဆင့်ပြန်သူများက ဤသည်ကို သုံးတွလာက် အဖြစ် အဓိပ္ပာယ်ပြန်ခဲ့ကြသည်။

မည်သို့ပင်ဖြစ်စေ လူအများ၏သဘောတူညီချက်အရ စိုက်ယိဒနာ ရုခါနာသခင်က သုံးတွလာက်ပေးရန် မရည်ရွယ်ခဲ့ပါဟု ကျမ်းကျိန်ကြေညာခဲ့သောအခါ တမန်တော်မြတ်(ﷺ)သခင်က စိုက်ယိဒနာ ရုခါနာ၏ တွလာက်မှာ တစ်ကြိမ်တည်းသာလျှင်ဖြစ်သည်ဟု အတည်ပြုခဲ့ကြကြောင်း ဤဟဒီးဆ်တော်က သက်သေပြသည်။ စင်စစ် ဤဟဒီးဆ်တော်က သူသည် သုံးတွလာက်တွင်သုံးသောစကားလုံးများကို ပြတ်သားစွာနှင့် ရှင်းလင်းစွာ မပြောဆိုခဲ့ကြောင်းလည်း သက်သေပြပါသည်။ သို့တည်းမဟုတ် သူ့တွင် သုံးတွလာက်ပေးရန် ရည်ရွယ်ချက် မရှိကြောင်းဆိုသည့် ဖြစ်နိုင်ခြေလည်းမရှိနိုင်ပါ။ အကျိုးဆက်အားဖြင့် ၎င်းကို မေးမြန်းစစ်ဆေးရန်လည်း မလိုတော့ခြေ။

ဤအဖြစ်အပျက်မှ ရှင်းလင်းသည်မှာ အကယ်၍ တွလာက်၏စကားလုံးများတွင် ဖြစ်နိုင်ခြေနှစ်မျိုးဖြစ်သော ခင်ပွန်းက သုံးတွလာက်ပေးရန် အမှန်တကယ်ရည်ရွယ်လျှင်လည်းကောင်း၊ သုံးတွလာက်ကိုလေးနက်စေရန် သုံးနှုန်း၍ တွလာက်တစ်ကြိမ်သာလျှင်ပေးရန် ရည်ရွယ်ခြင်းဖြစ်လျှင်လည်းကောင်း ရှိနေခဲ့လျှင် တမန်တော်မြတ်(ﷺ)သည် ထိုသူအား ကျမ်းကျိန်စေကာ လေးလေးနက်နက်ထွက်ဆိုမှသာလျှင် တွလာက်တစ်ကြိမ်တည်းဟု သတ်မှတ်ခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ထိုကာလက ရိုးသားမှုနှင့်မှန်ကန်မှုများရှိနေသောကြောင့် တစ်စုံတစ်ဦးသည် လိမ်လည်၍ကျမ်းကျိန်ဆိုလိမ့်မည်ဆိုသည်မှာ မဖြစ်နိုင်သောအရာပင်ဖြစ်သည်။

ဤဓလေ့ထုံးစံသည် အဗူဗကရ်ဆွစ်ဒ်ဒီးဂ်(ﷺ)၏ ခလီဖာဟ်ကာလနှင့် စိုက်ယိဒနာအုမ်ရ်အလ်အအ်ဇွာမ်၏ ခလီဖာဟ်ကာလ၏ ပထမနှစ်နှစ်အတွင်းတိုင်အောင်ဆက်လက်တည်ရှိခဲ့သည်။ ဟဒီးဆ်တော်ထဲတွင် ကြုံတင်မိန့်ကြားထားချက်အရ နောင်အနာဂတ်တွင် ရိုးသားမှုနှင့်မှန်ကန်မှုသည် ပိုမို၍ ကျဆင်းနိမ့်ကျသွားလိမ့်မည်ဖြစ်ကြောင်းနှင့် စိုက်ယိဒနာ ဖာရုက်အလ်အအ်ဇွာမ်၏ ယခုကာလအတွင်းမှာပင် ကျဆင်းနိမ့်ကျစပြုနေခဲ့ပြီဖြစ်ကြောင်းခလီဖာဟ်ကြီးက သတိပြုမိခဲ့သည်။ တဖက်တွင် သုံးတွလာက်ပေးပြီးနောက်တွင် တွလာက်တစ်ကြိမ်တည်းကိုသာရည်ရွယ်ကြေညာခဲ့ကြောင်းပြောသည့်အဖြစ်အပျက်များကလည်း များပြားစပြုလာခဲ့သည်။ ဤသည်တွင် သတိမူမိသည်မှာ တွလာက်ပေးကြေညာသူ၏ ထွက်ဆိုချက်ကို အတည်ပြုပြီးမှ သုံးတွလာက်ကို တွလာက်

တစ်ကြိမ်သာဟု သတ်မှတ်သည့်ဓလေ့သည် နောင်အနာဂတ်တွင် ဆက်လက်တည်ရှိနေမည်ဆိုလျှင် ရှရီအသ်တရားတော်က ပေးအပ်သောအလျှော့ပေးခွင့်ပြုထားခြင်းကို အလွဲသုံးစားပြုကာ ၎င်းတို့၏ သုံးတွလာက်သည် တွလာက်တစ်ကြိမ်သာလျှင်ဖြစ်သည်ဟု လိမ်လည်၍ ဇနီးကိုပြန်လည်သိမ်းပိုက်ခြင်းလုပ်လာနိုင်ပေသည်။ ဆွဟာဗဟ်အားလုံးတို့သည် ဒီန်သာသနာ၏ကိစ္စစီမံခန့်ခွဲရာတွင် အုမရ်ဖာရုပ်က်အလ်အအ်ဇာမ်သည် မှန်ကန်ပြီး ဉာဏ်ပညာကြွယ်ဝ၍ အမြင်ကျယ်သူဖြစ်ကြောင်းသိရှိကြ၍ ခလီဖာဟ်ကြီးနှင့်တစ်သဘောတည်းရှိကြသည်။ ဤဆွဟာဗဟ်ကြီးများသည် တမန်တော်မြတ်(ﷺ)သခင်၏ တွေးခေါ်မှုကို သိနားလည်သူများဖြစ်ကြသည်။ ၎င်းတို့က ကောက်ချက်ချသည်မှာ တမန်တော်မြတ်(ﷺ)သခင်သည် သက်ရှိထင်ရှားရှိနေမည်ဆိုလျှင် ကိုယ်တော်မြတ်ကြီးသည်လည်း နှလုံးသားတွင်ဖုံးကွယ်ထားသော ရည်ရွယ်ချက်အခြေခံကာ လူတစ်ဦး၏ ထွက်ဆိုချက်အပေါ်တွင် ဆုံးဖြတ်သတ်မှတ်လိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် ဤကိစ္စအတွက် စိုက်ယိဒနာ ဖာရုက်အလ်အအ်ဇာမ်ပြုလုပ်ခဲ့သော ဥပဒေကကြေညာခဲ့သည်မှာ မည်သူမဆို ကွာရှင်းပြတ်စဲကြောင်း၊ တွလာက်ဟူသည့်စကားကို (၃)ကြိမ်(၃)ခါပြောဆိုခဲ့ပါလျှင် ထိုသုံးတွလာက်အထမြောက်အကျိုးသက်ရောက်သည်ဟု သတ်မှတ်ခဲ့ပါသည်။ တွလာက်ပေးသူ၏ အခိုင်အမာပြောဆိုချက်ဖြစ်သော ၎င်းသည် တွလာက်တစ်ကြိမ်တည်း ပေးရန် ရည်ရွယ်ခဲ့သည်ဟုဆိုခြင်းသည် (တရားရုံးတော်တွင်)အတည်ဖြစ်သည်ဟု မယူဆချေ။

စိုက်ယိဒနာ ဖာရုက် အလ်အအ်ဇာမ်နှင့်ပတ်သက်သော ပြီးခဲ့သည့်အဖြစ်အပျက်ထဲတွင် ဆင့်ပြန်ချက်ပါ စကားလုံးများကပင် ဆွေးနွေးနေသည့် အကြောင်းအရာကို ထောက်ခံအတည်ပြုသည်။ သူမိန့်ကြားသည်မှာ -

**إن الناس قد استعجلوا في أمر كانت لهم فيه اناة فلو أمضيناه عليهم**

'လူအများအတွက် အချိန်ဆွဲထားနိုင်သောကိစ္စရပ်ကို အဆောတလျင် လုပ်လေ့လုပ်ထရှိကြသည်။ ထို့ကြောင့် ဤကိစ္စရပ်ကို သူတို့အတွက် အတည်ပြုခဲ့ပါလျှင် သင့်လျော်ပါလိမ့်မည်။'

စိုက်ယိဒနာ ဖာရုက်အလ်အအ်ဇာမ်(**رضى الله عنه**)သခင်၏ အမိန့်၏ ဤရှင်းလင်းချက်နှင့် ဆွဟာဗဟ် သာဝကကြီးများ၏ ဤအမိန့်အပေါ် အများညီသဘောတူညီချက်တို့ကို ဟဒီးဆ်ဆင့်ပြန်ချက်များတွင် အတည်ပြုခဲ့ပြီးဖြစ်သည်။ အထက်တွင် ရည်ညွှန်းခဲ့သည့်မေးခွန်းနှစ်ခုအတွက်လည်း ဤရှင်းလင်းချက်က အလိုအလျောက် အဖြေပေးပြီးဖြစ်သည်။

ကျွန်ုပ်တို့သိပြီးဖြစ်သည့်အတိုင်း ထူးခြားသည့်တွလာက်တစ်ခု(ပြတ်စဲခြင်း)တွင် သုံးဟူသောစကားလုံးဖြင့် ပြောဆိုခဲ့လျှင်ဖြစ်စေ (၃)ကြိမ်ပေးရန်ရည်ရွယ်ချက်ဖြင့် တွလာက်ဟူသောစကားကို ထပ်ကာထပ်ကာ ပြောခဲ့လျှင် (၃)ကြိမ်ဟု သတ်မှတ်သည်။ တမန်တော်မြတ်(ﷺ)သခင်၏ လက်ထက်ကလည်း ဤအတိုင်းပင်ဖြစ်သည်။

တစ်ကြိမ်ဟု သတ်မှတ်သည်မှာ တွလာက်ပေးခြင်း၌ 'တွလာက်' (၃)ကြိမ်ဆိုခြင်းကို ရှင်းလင်း ပြတ်သားစွာ မရည်ညွှန်းလျှင်လည်းကောင်း၊ တွလာက်သုံးကြိမ်ပေးခြင်းကို ဝန်မခံရုံမျှမက (၃)ကြိမ်ထိ ရောက်သွားသည်မှာ အလေးအနက်ဖြစ်စေရန်ဟု အခိုင်အမာပြောဆိုခဲ့လျှင်လည်းကောင်းဖြစ်သည်။

နောက် အခြားမေးခွန်းမှာ တမန်တော်မြတ်(ﷺ)သခင်သည် သုံးကြိမ်သုံးခါ ကွာရှင်းကြောင်း ကြေညာချက်ကို တစ်ကြိမ်ဟုသတ်မှတ်ပြီးပါလျက်နှင့် စိုက်ယိဒနာအုမရ်(**رضى الله عنه**)သခင်က အာဏာကြောင့် တစ်မျိုးတစ်ဖုံ

ကွဲလွဲစွာ ဆောင်ရွက်ခဲ့သနည်း။ ထို့နောက် ဆွဟာဗဟ်သာဝကကြီးများကလည်း ဤကိစ္စကို မည်ကဲ့သို့ သဘောတူကြသနည်း။ ဤသည်တို့မှာလည်း ဖြေရှင်းပြီးဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤထူးခြားသော အခြေအနေတွင် စိုက်ယိဒနာအုမရ်(رضى الله عنه)သခင်သည် တမန်တော်မြတ်(ﷺ)သခင်ကပေးထားသော သက်သာခွင့်ကို လက်လွတ်စပယ်အသုံးပြုခြင်းမှ ပိတ်ပင်ခဲ့ပါသည်။ တမန်တော်မြတ်(ﷺ)သခင်၏ မည်သည့်ဆုံးဖြတ်ချက်ကိုမဆို ပြောင်းပြန်ပြုလုပ်ခဲ့သည်ဟူသော သံသယစိတ်တစိုးတစေ့မျှပင် ဤနေရာတွင်မရှိပါ။ အလ္လာဟ်အရှင် ထိုအဖြစ်မှ ကျွန်တော်မျိုးတို့အား တားဆီးတော်မူပါ။

ယခု သံသယအပေါင်းပယ်ရှားပြီးဖြစ်၍ ခိုးကျူး ထောမနာမှုအပေါင်းသည် အလ္လာဟ်အရှင်မြတ် အတွက်သာတည်း။ သုံးတွလာက်နှင့်ပတ်သက်၍ နှိုက်နှိုက်ချွတ်ချွတ် အသေးစိတ်များနှင့် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ခြင်း ဤနေရာ၌ မရည်ရွယ်ပါ။ ဤကိစ္စနှင့်ပတ်သက်၍ ကျယ်ပြန့်သော အသေးစိတ်များကို ဟဒီးဆ် အကျယ်ဖွင့်ကျမ်းများနှင့် အုလမာအတော်များများတို့က အသေးစိတ်ကျမ်းငယ်များတွင် ရှင်းလင်းပြီးခဲ့ပေပြီ။ ဤကျမ်းတွင် ဤမျှလောက်သည် အကြောင်းအရာကိုနားလည်သဘောပေါက်ရန်လုံလောက်သည်။ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့အား ကူညီထောက်ပံ့သော အရှင်ဖြစ်တော်မူပေသည်။

vvvvvvv

အာယသ် (၂ း ၂၃၁–၂၃၂)

وَإِذَا طَلَّقْتُمُ
النِّسَآءَ فَبَلَغْنَ أَجَلَهُنَّ فَأَمْسِكُوهُنَّ بِمَعْرُوفٍ
أَوْ سَرِّحُوهُنَّ بِمَعْرُوفٍ ۖ وَلَا تُمْسِكُوهُنَّ ضِرَارًا
لِّتَعْتَدُوا ۚ وَمَن يَفْعَلْ ذَٰلِكَ فَقَدْ ظَلَمَ نَفْسَهُ ۚ
وَلَا تَتَّخِذُوٓا آيَاتِ اللَّهِ هُزُوًا ۚ وَاذْكُرُوا نِعْمَتَ اللَّهِ
عَلَيْكُمْ وَمَا أَنزَلَ عَلَيْكُم مِّنَ الْكِتَابِ وَالْحِكْمَةِ
يَعِظُكُم بِهِ ۚ وَاتَّقُوا اللَّهَ وَاعْلَمُوٓا أَنَّ اللَّهَ بِكُلِّ شَيْءٍ
عَلِيمٌ ﴿٢٣١﴾ وَإِذَا طَلَّقْتُمُ النِّسَآءَ فَبَلَغْنَ أَجَلَهُنَّ
فَلَا تَعْضُلُوهُنَّ أَن يَنكِحْنَ أَزْوَاجَهُنَّ إِذَا تَرَاضَوْا
بَيْنَهُم بِالْمَعْرُوفِ ۗ ذَٰلِكَ يُوعَظُ بِهِ مَن كَانَ
مِنكُمْ يُؤْمِنُ بِاللَّهِ وَالْيَوْمِ الْآخِرِ ۗ ذَٰلِكُمْ أَزْكَىٰ
لَكُمْ وَأَطْهَرُ ۚ وَاللَّهُ يَعْلَمُ وَأَنتُمْ لَا تَعْلَمُونَ ﴿٢٣٢﴾

“တစ်ဖန်မည်သည့်အခါဝယ် အသင်တို့သည် (မိမိတို့)ဇနီးမိန်းမများကို (တွလာက် ရဂ်အီ) ပေး၍ကွာရှင်းပြီးနောက် ထိုဇနီးမိန်းမတို့သည် (မိမိတို့အဖို့ ကန့်သတ်ပိုင်းခြား ထားသော ‘အစ်ဒ်ဒတ်’ရက်ပိုင်းကာလ ပရိစ္ဆေဒ(ကုန်ဆုံးကာနီး)သို့ရောက်ရှိသွားကြ ပါမူ အသင်တို့သည် ထိုဇနီးမိန်းမတို့အား တရားစည်းကမ်းနှင့်အညီ ပြန်လည် သိမ်းပိုက်ပေါင်းသင်းကြရမည်။ သို့တည်းမဟုတ်

တရားစည်းကမ်းအတိုင်း ထိုဇနီးမိန်းမတို့အား စွန့်လွှတ်ကြရမည်။ သို့ရာတွင် အသင်တို့သည် ထိုဇနီးမိန်းမတို့ကို နစ်နာစေသော စေတနာဖြင့် ညှင်းပန်းနှိပ်စက်နိုင်ကြရန်အတွက် ပြန်လည် သိမ်းပိုက်ခြင်းကို မပြုကြကုန်လင့်။ အမှန်သော်ကား မည်သူမဆို ယင်းကဲ့သို့ (နစ်နာ စေမှုကို)ပြုလုပ်ခဲ့ပါမူ ထိုသူသည် အမှန်စင်စစ် မိမိကိုယ်ကိုသာ မိမိနှိပ်စက်ရာ ရောက်ပေသည်။

**ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်** တော်များကို ပြောင်လျောင်ပျက်ချော်သရော်သမှုမပြုလုပ်ကြကုန်လင့်။ တစ်ဖန် အသင်တို့သည် မိမိတို့ အပေါ်ဝယ် အလ္လာဟ်အရှင်မြတ်ပြုထားတော်မူသော ကျေးဇူးတော်များကို လည်းကောင်း၊ ထိုအရှင်မြတ်ထုတ်ပြန်ချမှတ်တော်မူသော ကျမ်းဂန်နှင့် အသိအလိမ္မာ ဉာဏ်ပညာများကိုလည်းကောင်း သတိရကြကုန်လော့။ ထိုအရှင်သည် ထိုကျမ်းဂန် ဒေသနာဖြင့်လည်းကောင်း၊ အသိအလိမ္မာ ဉာဏ်ပညာဖြင့်လည်းကောင်း အသင်တို့ အား ပဲ့ပြင်ဆုံးမတော်မူသည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်မြတ်ဖြစ်တော်မူသည်ကိုလည်း အသင်တို့ ယုံကြည် မှတ်ယူကြလေကုန်။" (၂း၂၃၁)

"ထို့ပြင် အကြင်အခါဝယ် အသင်တို့သည် (မိမိတို့၏)ဇနီးမိန်းမများကို (တွလာက် ရဂျ်အီပေး၍) ကွာရှင်းကြပါလျှင် သို့ကွာရှင်းပြီးနောက် ထိုဇနီးမိန်းမတို့သည် မိမိတို့၏ (အစ်ဒ်ဒတ်)ရက်ပိုင်း(အဆုံး)သို့ရောက်သွားကြသောအခါ အကယ်၍ (ထိုဇနီးမိန်းမ တို့နှင့် နောက်ထပ်အိမ်ထောင်ပြုအံ့သောလင်ခင်ပွန်းတို့သည်) တရားစည်းကမ်းနှင့် အညီ(အိမ်ထောင်ပြုရန်)အချင်းချင်း နှစ်ဦးနှစ်ဝ သဘောမျှကြပါသော် အသင်တို့သည် ထိုဇနီးမိန်းမတို့အား မိမိတို့၏ခင်ပွန်းများနှင့် ထိမ်းမြားခြင်းမှ ဖိနှိပ်ချုပ်ချယ် မြစ်တား ခြင်းမပြုကြကုန်လင့်။ ဤပညတ်တော်ကား အသင်တို့အနက် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကိုလည်းကောင်း၊ ယုံကြည်သောသူများအား သွန်သင်ဆုံးမအပ်သော ပညတ်တော်တည်း။ ဤ(ပညတ်တော်ကိုနာခံခြင်း)သည် အသင်တို့အဖို့ အလွန်တရာမှ အကျိုးဖြစ်ထွန်းစေသော (အပြစ်ဒုစရိုက်တို့မှ) ပိုမို၍ သန့်ရှင်းစေသော ပညတ်တော်တည်း။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (အကျိုးဖြစ်ထွန်းစေမည့် အကြောင်းအရာတို့ကို)သိတော်မူ၏။ အသင်တို့မူကား မသိကြချေ။" (၂း၂၃၂)

## အကျယ်ဖွင့်ဆိုခြင်း

ပြီးခဲ့သော အာယသ်တော်နှစ်ခုထဲတွင် တွလာက်(ကွာရှင်းပြတ်စဲခြင်း)အတွက် ဥပဒေ၏ အရေးကြီးသော စည်းမျဉ်းများပါဝင်သည်ကို ပြန်လည်သတိရပါလိမ့်မည်။ အစ္စလာမ့်သာသနာတွင် ကွာရှင်းခြင်း၏ တရား နည်းလမ်းကျ၍ မျှတသော စနစ်ရှိသည်ဆိုကြောင်းကိုလည်း သရုပ်ပေါ်အောင် ဖော်ပြထားခဲ့သည်။ ယခု အာယသ်တော် ၂၃၁-၂၃၂ တွင်လည်း အချို့သော ပေါ်လွင်ထင်ရှားသည့် အမိန့်ပညတ်ချက်များနှင့် စည်းမျဉ်းများကို ဖော်ပြထားသည်။

## ကွာရှင်းပြတ်စဲမှုကို ပြန်လည်ရုပ်သိမ်းခြင်း (သို့) လက်ထပ်ထိမ်းမြားမှုပျက်ပြယ်စေခြင်းတို့အတွက် အထူးညွှန်ကြားချက်များ

ပထမအာယသ်တော်တွင် ဖော်ပြထားသော ပထမစည်းမျဉ်းမှာ ကွာရှင်းပြတ်စဲခံရသော အမျိုးသမီးများသည် သူမတို့၏ အစ်ဒ်ဒတ်(စောင့်ဆိုင်းကာလ)ပြီးဆုံးချိန်ရောက်ခါနီးတွင် ခင်ပွန်း၌ရွေးချယ်ခွင့်နှစ်ခုရှိသည်။ ၎င်းသည် ကွာရှင်းပြတ်စဲမှုကို ပြန်လည်ရုပ်သိမ်းကာ သူမအား ဆက်လက်ပေါင်းသင်းစေနိုင်သည်။ သို့တည်းမဟုတ် ကွာရှင်းပြတ်စဲမှုကို ပြန်လည်မရုပ်သိမ်းဘဲ နိကာဟ် လက်ထပ်ထိမ်းမြားဆက်ဆံမှုကို ဖြတ်တောက်ကာ သူမအား လုံးလုံးလျားလျား စွန့်လွှတ်ရပါမည်။

သို့သော်လည်း ဤရွေးချယ်မှုနှစ်ခုစလုံးနှင့်အတူ ကုရ်အာန်ကျမ်းတော်မြတ်က ကန့်သတ်ချက်တစ်ရပ်ထားသည်မှာ အကယ်၍ ဇနီးတစ်ဦးကိုပြန်လည်သိမ်းပိုက်မည်ဆိုလျှင် ကောင်းစွာအသိအမှတ်ပြုသော နည်းလမ်းတစ်ရပ်နှင့်လည်းကောင်း၊ လမ်းခွဲကြတော့မည်ဆိုလျှင်ပင် ရှရီအသ်တရားတော်က အတည်ပြုထားသော စည်းမျဉ်းအရလည်းကောင်း လမ်းခွဲပြတ်စဲသင့်ပေသည်။ ဤတွင် နေရာနှစ်နေရာ၌ သီးခြားဖော်ပြထားသော (စည်းကမ်းနှင့်အညီ) **بِالْمَعْرُوفِ** ဟူသောစကားလုံးက ရည်ညွှန်းသည်မှာ ပြန်လည်သိမ်းပိုက်ခြင်းကို ရွေးချယ်မှုနှင့်ဆိုင်သော အခြေအနေ အချို့နှင့် စည်းမျဉ်းများရှိသကဲ့သို့ စွန့်လွှတ်ခြင်းကို ရွေးချယ်မှုနှင့်ဆိုင်ရာတွင် အလားတူအခြေအနေ အချို့နှင့် စည်းမျဉ်းများရှိသည်။ ထိုရွေးချယ်မှုနှစ်ခုအနက် မည်သည်ကိုရွေးချယ်သည်ဖြစ်စေ ယင်းကိစ္စကို ရှရီအသ် တရားတော်ကပြဋ္ဌာန်းထားခဲ့သောနည်းလမ်းနှင့်အညီပြုလုပ်ရပေမည်။ ဒေါသအလျောက်ဖြစ်စေ စိတ်ဆန္ဒအလျောက်ဖြစ်စေ မပြုလုပ်ရပါ။ ဤအစ္စလာမ့်ဥပဒေ၏ စည်းမျဉ်းအချို့တို့သည် ကုရ်အာန်ကျမ်းတော်မြတ် ထဲ၌ပင်ပါ ဝင်သည်။ ကျန်အသေးစိတ်အချက်အလက်များကိုမူကား တမန်တော်မြတ်(ﷺ)သခင်က မိန့်ကြား ထားခဲ့သည်။ ပမာဆိုသော် ကွာရှင်းပြတ်စဲပြီးသည့်နောက်တွင် ခွဲခွာခြင်း၏ အကျည်းတန် အရုပ်ဆိုးသော အကျိုးဆက်များအကြောင်း တွေးတောမိပြီး နှလုံးသားကပြောင်းလဲလိုမှုပေါ်လာကာ ကွာရှင်းခြင်းကို ပြန်လည်ရုပ်သိမ်း၍ လက်ထပ် ထိမ်းမြားထားမှုကို ရှိရင်းစွဲအတိုင်းထားလိုလျှင်ကား ရှရီအတ်တရားတော်တွင် နည်းလမ်းတစ်ရပ်ရှိသည်။ သို့ပြုလုပ်ရန် သတ်မှတ်ထားသည်မှာ ယခင်က ဒေါသအမျက်နှင့် မကျေနပ်ချက်များကို သင်ပုန်းချေသင့်ကာ သူမ၏ ရသင့်ရထိုက်သော အခွင့်အရေးများကိုပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကောင်းမွန်သော မိသားစု ဆက်ဆံရေးအသစ်ထူထောင်ကာ နေထိုင်ရမည်။ ရည်ရွယ်ချက်မှာ အမျိုးသမီးအား အနှောင်အဖွဲ့တွင်ထားခြင်းကိုလည်းကောင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်းကိုလည်းကောင်းမပြုလုပ်သင့်ချေ။ ထို့ကြောင့်

အောက်ပါစကားလုံးများနှင့် လက်ရှိ အာယသ်တော်တွင်မိန့်ထားသည်မှာ **وَلَا تُمْسِكُوهُنَّ ضِرَارًا لِّتَعْتَدُوا** 'ထိုဇနီးမိန်းမတို့ကို နစ်နာစေသော စေတနာ ဖြင့် ညှင်းပန်းနှိပ်စက်နိုင်ကြရန်အတွက် ပြန်လည်သိမ်းပိုက်ခြင်းကို မပြုကြကုန်လင့်'ဟူ၍ဖြစ်သည်။

ရုဂျူအ်ပြတ်စဲကွာရှင်းမှုကို ရုပ်သိမ်းပေးခြင်း၊ အခြားနည်းလမ်းကိုလည်း စူရတ်အလ်တွလာက်တွင် ဖော်ပြထားခဲ့သည်။

**وَأَشْهِدُوا ذَوَيْ عَدْلٍ مِّنكُمْ وَأَقِيمُوا الشَّهَادَةَ لِلَّهِ**

**'ထိုမှတစ်ပါး အသင်တို့သည် မိမိတို့အနက်မှ သမာဓိရှိသောသူနှစ်ယောက်ကို သက်သေထားကြလေကုန်။ ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်အားရည်သန်၍ ဖြောင့်မှန်စွာသက်သေထွက်ဆိုကြလေကုန်။'** (၆၅း၂)

အာယသ်တော်က ဆိုလိုသည်မှာ တစ်စုံတစ်ဦးသည် ၎င်း၏ဇနီးကို ပြန်လည်သိမ်းပိုက်ရန် ရည်ရွယ်ချက်ဖြင့် ပြတ်စဲမှုကို ရုပ်သိမ်းခြင်း ရုဂျူအ်ပြုလုပ်ရန် ဖိတ်ခေါ်သင့်သည်။ ဤကဲ့သို့ ပြုလုပ်ခြင်းတွင် အကျိုးကျေးဇူးများစွာ အနက်မှ တစ်ခုမှာ အကယ်၍ အမျိုးသမီးသည် ရုဂျူအ်ကိစ္စနှင့်ပတ်သက်၍ တရားဝင်ဆန့်ကျင်ငြင်းဆိုပါက ဤသက်သေများကို အသုံးပြုနိုင်ပေသည်။

၎င်းပြင် အကယ်၍ ပြန်လည်ရုပ်သိမ်းခြင်းရုဂျူအ်တွင် သက်သေထားရှိခြင်းစည်းကမ်းကို မလိုက်နာပါက ဖြစ်နိုင်ချေတစ်ခုမှာ တစ်စုံတစ်ဦးသည် တကိုယ်ကောင်းဆန်၍သော်လည်းကောင်း၊ ရှိုက်တွာန်မိစ္ဆာ၏ စေ့ဆော်ချက်ကြောင့်လည်းကောင်း၊ အစ်ဒ်ဒတ်ခေါ် စောင့်ဆိုင်းကာလကုန်ဆုံးပြီးသည့်နောက်တွင် ၎င်းသည် အစ်ဒ်ဒတ်ရက် မကုန်ဆုံးမီကပင် ပြန်လည်ရုပ်သိမ်းလိုက်ပြီးဖြစ်သည်ဟု အခိုင်အမာပြောဆိုနိုင်ပါသည်။

ဤကဲ့သို့သော ဆိုးကျိုးများကို ချေဖျက်ရန်မှာ ပြန်လည်ရုပ်သိမ်းခြင်းအပြုအမူအတွက် သမာဓိရှိသော သက်သေနှစ်ဦးထားသင့်သည်ဟု ကုရ်အာန်ကျမ်းမြတ်က ညွှန်ကြားခဲ့သည်။

ဤကိစ္စကို တခြားဘက်မှကြည့်လျှင် စဉ်းစားချင့်ချိန်ရန်လုံလောက်သောကာလဖြစ်သော ရှည်ကြာသည့် အစ်ဒ်ဒတ်ရက်ကုန်ဆုံးပြီးနောက်မှာပင် နှလုံးသားမကြည်လင်ခြင်းနှင့် အမျက်ဒေါသမပြေပျောက်သော အဖြစ်မျိုးလည်းဖြစ်နိုင်သည်။ ထို့ကြောင့် ဆက်ဆံရေးအဆုံးသတ်ခြင်းဟူသော ရွေးချယ်မှုသာဖြစ်နိုင်ပေသည်။ ထိုကဲ့သို့ ပြုလုပ်လျှင် ရန်လိုစိတ်လှုပ်ရှားမှုများ ပျံ့နှံ့ကာ လူနှစ်ဦးမှစ၍ မိသားစုနှစ်စုထံ ကူးစက်ပျံ့နှံ့လာနိုင်သည်။ နှစ်ဖက်စလုံးအတွက် ဤလောကနှင့်တမလွန် နှစ်ဌာနစလုံးအတွက် အန္တရာယ်ဖြစ်ပါလိမ့်မည်။ ဤအန္တရာယ်ရှောင်လွှဲရန် အာယသ်တော်တွင် တိုတောင်းစွာမိန့်ကြားထားသည်မှာ **أَوْ سَرِّحُوهُنَّ بِمَعْرُوفٍ** 'သို့တည်းမဟုတ် တရားစည်းကမ်းအတိုင်းကို ဇနီးမိန်းမတို့အား စွန့်လွှတ်ကြရမည်'ဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ အကယ်၍ ဇနီးအားစွန့်ခွာရန်သော်လည်းကောင်း၊ စွန့်လွှတ်ရန်သော်လည်းကောင်း သူမနှင့် ဆက်ဆံမှုများ ဖြတ်တောက်ရမည်ဆိုလျှင် ထိုကိစ္စကို အသိအမှတ်ပြုထားသော နည်းလမ်းနှင့်အညီ ပြုလုပ်ရမည်။ ဤနည်းလမ်း၏ အသေးစိတ်အချို့ကို ကုရ်အာန်ကျမ်းတော်မြတ်ထဲတွင် ဖော်ပြထားခဲ့သည်။ ကျန်အသေးစိတ်များကိုမူ တမန်တော်မြတ်(ﷺ) သခင်ပြောဆိုလုပ်ကိုင်မှုမှတစ်ဆင့် သက်သေထူခဲ့ပြီးဖြစ်သည်။

ပမာဆိုသော် ပြီးခဲ့သည့်အာယသ်တော်တွင် မိန့်ကြားထားခဲ့သည်မှာ **وَلَا يَحِلُّ لَكُمْ أَنْ تَأْخُذُوا مِمَّا آتَيْتُمُوهُنَّ شَيْئًا** 'အသင်တို့အဘို့ ထိုဇနီးမိန်းမတို့အားပေးခဲ့သော (မဟ်ရ် ခန်းဝင်ပစ္စည်းအစရှိသည်များ)အနက်မှ တစ်စုံတစ်ရာကိုမျှ ပြန်လည်ယူပိုင်ခွင့်မရှိချေ။' ဆိုလိုသည်မှာ အစ္စလာမ့်တရားဥပဒေက အတည်ပြုထားသော ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲနှင့် ပေးအပ်ထားသော မဟ်ရ်ကို ကွာရှင်းသည့်အတွက် မတောင်းခံရချေ။ (သို့) ကွာရှင်းသည့်အတွက် အချို့သော လျော်ကြေးကိုလည်း တောင်းဆိုခြင်းမပြုရချေ။

ထို့နောက် လာမည့်အာယသ်တော်တွင် မိန့်ကြားထားသည်မှာ **وَلِلْمُطَلَّقَاتِ مَتَاعٌ بِالْمَعْرُوفِ ۖ حَقًّا عَلَى الْمُتَّقِينَ** **ထိုနည်း တူစွာ ကွာရှင်းပြီးဖြစ်သော မိန်းမများကိုလည်း ဓလေ့ထုံးစံအတိုင်း အကျိုးခံစားစေကြရမည်။ (ဤသည်ကား)အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့သောသူတော်စင်များ (လိုက်နာဆောင်ရွက်ရမည့်) တာဝန်တစ်ရပ်ဖြစ်ပေသည်'(၂း၂၄၁)** ဖြစ်သည်။ **مَتَاعٌ** မသာအူနှ်ဟူသော စကားလုံး၏ရှင်းလင်းချက်မှာ ကွာရှင်းပြတ်စဲပြီးသော ဇနီးအားပေးရမည့် အကျိုးခံစားခွင့်များဖြစ်သည်။ သူမအား လက်ဆောင်အချို့ဖြစ်စေ ငွေကြေးဖြစ်စေ အနည်းဆုံး အဝတ်တစ်စုံဖြစ်စေပေးအပ်သင့်သည်။ ကွာရှင်းပြတ်စဲသော ခင်ပွန်းက ကွာရှင်းခံရသောဇနီး၏ရပိုင်ခွင့်အချို့ကို ဖြည့်ဆည်းပေးခြင်းသည် တာဝန်တစ်ရပ်အဖြစ်သတ်မှတ်ထားသည်။ ထို့ပြင် ကြင်နာစွာဆက်ဆံမှုနှင့် ကောင်းမြတ် သောစရိုက်တို့ကိုလည်း အခြားသောဖြည့်ဆည်းမှုအဖြစ် သတ်မှတ်ထားသည်။ ဤသည်မှာ မြင့်မားသော အကျင့်စာရိတ္တနှင့်လူမှုဆိုင်ရာ အပြုအမူများတွင် ခြောက်ပြစ်ကင်းစင်သည့် သင်ခန်းစာတစ်ရပ်ဖြစ်သည်။ ထိုသင်ခန်းစာက ညွှန်းသည်မှာ လက်ထပ်ထိမ်းမြားမှုသည် နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြစ်သကဲ့သို့ ကွာရှင်းပြတ်စဲခြင်း သည်လည်း ထိုသဘောတူညီချက်အဆုံးသတ်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ဤသဘောတူညီချက်အဆုံးသတ် ခြင်းသည် မလိုမုန်းတီးခြင်းနှင့် ရန်လိုခြင်းတို့၏ အကြောင်းခံတစ်ရပ်မဖြစ်သင့်ချေ။ သဘောတူညီချက် နောက်ဆုံး ဖျက်သိမ်းမှုကို ကြင်နာစွာနှင့် သိက္ခာရှိစွာပြုလုပ်သင့်သည်။ ဆိုလိုသည်မှာ တွလာက်ကွာရှင်းပြတ်စဲပြီးနောက် ကွာရှင်းပြီးသောဇနီးအား အကျိုးခံစားခွင့်အချို့ပေးအပ်သင့်သည်။

ဤ'အကျိုးခံစားခွင့်'၏ အသေးစိတ်များမှာ အစ်ဒ်ဒတ်ခေါ် စောင့်ဆိုင်းကာလအတွင်း သူမအား မိသားစုအိမ်ယာတွင်နေထိုင်စေခြင်း၊ သူမ၏စားဝတ်နေရေးအတွက် လုံးဝ အကုန်အကျခံ ပေးအပ်ခြင်း၊ လင်မယားပေါင်းသင်းဆက်ဆံပြီးသည့်နောက်တွင် မဟ်ရ်(ခန်းဝင်ကြေး)မပေးရသေးလျှင် အပြည့်အဝပေးအပ်ရန်နှင့် လင်မယားပေါင်းသင်းဆက်ဆံမှုမပြုလုပ်ရသေးမီ ကွာရှင်းပြတ်စဲခြင်းဖြစ်ပါက မဟ်ရ်(ခန်းဝင်ကြေး) ငွေတစ်ဝက်ကို ကျေနပ်ကောင်းမွန်စွာပေးရမည်။ အထက်ပါကိစ္စများသည် ကွာရှင်းခံရသောအမျိုးသမီးတစ်ဦးအား ပေးအပ်ရမည့်အခွင့်အရေးဖြစ်သော မပြုမနေရတာဝန်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ခွဲခွာသည့်နေ့တွင် ကွာရှင်းခံရသောဇနီးသည် ငွေကြေးအချို့နှင့်သော်လည်းကောင်း၊ အနည်းဆုံး ခွဲခွာခြင်းလက်ဆောင်အဖြစ် အဝတ်အစားတစ်စုံနှင့်သော်လည်းကောင်း၊ ခွဲခွာခြင်းသည် နှစ်သက်ဖွယ်ဖြစ်ရုံမျှမက အကောင်းမွန်ဆုံးပင် ဖြစ်သည်။ 'စုဗ်ဟာနလ္လာဟ်' ချီးကျူးထောမနာခြင်းဟူသမျှ အလ္လာဟ်အရှင်မြတ်အတွက်ဖြစ်တော်မူပါစေ။ မိသားစု များကို ပျက်စီးစေသည့်ငြင်းခုံမှုနှင့် ခိုက်ရန်ဖြစ်ပွားမှုတို့ ဖြစ်လေ့ဖြစ်ထရှိသော အကြောင်းများကို အဓွန့်ရှည်သော ငြိမ်းချမ်းသာယာခြင်းနှင့် ချစ်ကြည်ရေးဆီသို့ လိမ္မာပါးနပ်စွာ ပြောင်းလဲပစ်ခဲ့သည်မှာ အဘယ်လောက် သိမ်မွေ့ သောသင်ကြားမှုတစ်ရပ်ဖြစ်ပါဘိသနည်း။

ဤအမိန့်ပညတ်ချက်များနောက်တွင် မိန့်ကြားထားသည်မှာ وَمَنْ يَّفْعَلْ ذٰلِكَ فَقَدْ ظَلَمَ نَفْسَهٗ ဆိုလိုသည်မှာ မည်သူမဆို အလ္လာဟ်အရှင်မြတ်၏ ဤအမိန့်တော်များနှင့် ဆန့်ကျင်ပြုမူပါက မည်သူ့ကိုမျှ မထိခိုက် မနစ်နာစေဘဲ မိမိကိုယ်သာလျှင် ထိခိုက်နစ်နာစေပါသည်။ အာခိရသ်တမလွန်သည် အလ္လာဟ်အရှင်မြတ်ရှေ့မှောက်၌ မတရားမှုနှင့် ရက်စက်ကြမ်းကြုတ်မှုတိုင်းအတွက် အစားပေးမည့်နေရာဌာနဖြစ်လိမ့်မည်။ မတရားခံရသူများအတွက် အစားမပေးသေးသ၍ မတရားပြုလုပ်ခဲ့သူသည် ခြေတစ်လှမ်းမျှ ရွေ့လျားနိုင်မည်မဟုတ်ချေ။

အကယ်၍ ထိုးထွင်းဉာဏ်နှင့် အတွေ့အကြုံအရ စဉ်းစားခဲ့လျှင် ကျွန်ုပ်တို့ ရှာဖွေတွေ့နိုင်သည်မှာ မတရားပြုလုပ်သူသည် မတရားပြုလုပ်ခံရသူအပေါ်တွင် သူပြုလုပ်ခဲ့သောအပြစ်မှ ကင်းလွတ်ခဲ့လျှင်သော်မှ ဤကမ္ဘာပေါ်တွင် သူပြုလုပ်ခဲ့သော မကောင်းမှုအကျိုးဆက်များက မကြာခဏသူ့အား ဂုဏ်အသရေနိမ့်ကျစေပါသည်။ သူသိချင်သိမည် မသိလျှင် မသိချေ။ သို့သော်လည်း ဤကမ္ဘာလောက၏ ဘဝသက်တမ်း၌ မတရားပြုလုပ်မှုများအတွက် အစားရခြင်းကို မြည်းစမ်းရသည့်အနေနှင့် ၎င်းသည် ကြမ္မာဆိုးများနှင့် မကြာခဏ ကြုံတွေ့ရပါလိမ့်မည်။ ပါရှင်းနှစ်ကြောင်းတွဲ ကဗျာဆရာကြီး ရှိုက်ခ်စအ်ဒီက ရေးစပ်ခဲ့သည်မှာ

ستمگر که جفا بر ما کرد پنداشت

وییماند و بر ما بگذشت بر گردن

မတရားပြုလုပ်သူသည် ကျွန်ုပ်အား ထိခိုက်စေခဲ့သည်ဟု ယူဆပါသည်။ သို့သော်လည်း သူ့လက်နက်သည် ကျွန်ုပ်နားမှဖြတ်သန်းကာ သူ့ထံသို့ တဖန်ပြန်လည်ရောက်၍ သူ့လည်ပင်းကို ထိခိုက်စေပါသည်။

ဤကမ္ဘာတွင်ရှိသော ပြစ်မှုဆိုင်ရာ ဥပဒေများပြဋ္ဌာန်းသကဲ့သို့ မပြဋ္ဌာန်းဘဲ ကုရ်အာန်ကျမ်းတော်မြတ်သည် ဉာဏ်ပညာရှိသော ချဉ်းကပ်မှုနှင့်ထူးခြားသောဟန်ပန်ဖြင့် ပြဋ္ဌာန်းခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် အမိန့်ပညတ်ချက်များကို စာနာထောက်ထား၍ ဆွဲဆောင်မှုပုံစံဖြင့် ရှင်းပြသည်။ ယင်းသို့ရှင်းပြရာတွင် ထိုအမိန့်ပညတ်နှင့် ဆန့်ကျင်ဘက်ပြုပါက ဆုံးရှုံးမှုတသိတတန်းကြီး လူသားခံစားရကြောင်း ဖော်ပြပြီး အကယ်၍ သေချာစွာ နားလည်သဘောပေါက်၍ လုပ်ဆောင်ခဲ့ပါက ထိုကဲ့သို့ အဖြစ်ဆိုးများမဖြစ်စေနိုင်ကြောင်းကို ဖော်ပြခြင်းသည် ကုရ်အာန်ကျမ်းတော်မြတ်၏ ဟစ်က်မသ် ဉာဏ်အမြော်အမြင်ကို ပြသခြင်းဖြစ်သည်။ ထို့ကြောင့် ဥပဒေတိုင်း၏ နောက်ကွယ်တွင် လူသားသည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရမည်ဟူသော သတိပေးချက်နှင့် ထိုလူသားသည် အာခိရသ် တမလွန်၌ သူ၏လုပ်ရပ်တိုင်းအတွက် စာရင်းစစ်ဆေးခံရမည်ဟူသည်ကို မည်သည့်အခါမျှ မမေ့သင့်ဟူသော အကြောင်းပါရှိလေသည်။

## ထိမ်းမြားလက်ထပ်ခြင်းနှင့် ကွာရှင်းပြတ်စဲမှုကို ကစားစရာမပြုလုပ်ကြနှင့်

ဤအာယသ်တော်ထဲတွင် ဒုတိယစည်းကမ်းတင်ပြထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ နှုတ်ကပါဌ်တော်ကို အပျော်သဘောအနေဖြင့် ပေါ့တန်စွာ မယူဆသင့်ချေ။ ‘ وَلَا تَتَّخِذُوْٓا اٰيٰتِ اللّٰهِ هُزُوًا ’ ‘ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်များကို ပြောင်လှောင်ပျက်ချော် သရော်သမှုမပြုလုပ်ကြကုန်လင့်’ ဤဖော်ပြချက်၏ ရှင်းလင်းချက်တစ်ခုအရဆိုလျှင် အလ္လာဟ်အရှင်မြတ်၏ အာယသ်တော်များကို ကစားစရာ

သဖွယ် ပြုလုပ်ခြင်း(သို့) ပြောင်လှောင်ပျက်ချော်ပြုလုပ်ခြင်းသည် လက်ထပ်ထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းတို့နှင့်ဆိုင်သည့် ကိစ္စရပ်များတွင် အလွှာတ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များနှင့် ဆန့်ကျင်ပြုမူခြင်းကို ဆိုလိုသည်။

စိုက်ယိဒနာ အဘူဒရ်ဒဟ်(**رضى الله عنه**)သခင် ဆင့်ပြန်ခဲ့သည့် ဒုတိယ ရှင်းလင်းချက်အရ အစ္စလာမ် မပေါ်ထွန်းမီက အာရေးဗျတွင် ကွာရှင်းပြတ်စဲခြင်း (သို့) ကျွန်တစ်ဦးကို သူကောင်းပြုခြင်းပြုလုပ်ကြပါသည်။ ထို့နောက် ၎င်းတို့သည် ၎င်းတို့၏ ပြောကြားချက်ကို ရုပ်သိမ်းကာ ဤသို့ပြောဆိုခဲ့သည်မှာ ရယ်ရွှင်ဖွယ်ပြုခြင်းသာဖြစ်သည်ဟု ပြောဆိုကြပါသည်။ တွလာက် ကွာရှင်းရန် (သို့) "အီသာက်" သူကောင်းပြုရန် မရည်ရွယ်ခဲ့ပါဟုဆိုသည်။ ထို့ကြောင့် ဤအာယသ်တော်ကျရောက်လာ၍ ဥပဒေပြဋ္ဌာန်းခဲ့သည်မှာ မည်သူမဆို ကွာရှင်းပြတ်စဲခြင်းနှင့် ထိမ်းမြားလက်ထပ်ခြင်းပြုလုပ်ခဲ့လျှင် အကယ်၍ပြောင်သလို နောက်သလို ကစားသလို ပြုလုပ်ခဲ့လျှင် ဤကိစ္စများသည် အတည်ဖြစ်ကာ ရည်ရွယ်ချက်မရှိပါဘဲ ပြုလုပ်သည်ဟု ထုချေလျှင် လက်ခံမည်မဟုတ်ချေ။

တမန်တော်မြတ်(ﷺ)သခင်က မိန့်ကြားတော်မူခဲ့သည်မှာ တည်ကြည်စွာပြုလုပ်သည်ဖြစ်စေ၊ ပြောင်လှောင်ပျက်ချော်ပြုလုပ်သည်ဖြစ်စေ အကျိုးသက်ရောက်မှု တူညီစွာရှိသော ကိစ္စ(၃)ရပ်ရှိသည်။ ယင်းတို့မှာ (၁) တွလာက် ကွာရှင်းပြတ်စဲခြင်း၊ (၂) အီသာက် ကျွန်တစ်ဦးအား သူကောင်းပြုခြင်းနှင့် (၃) နိကာဟ် လက်ထပ်ထိမ်းမြားခြင်းတို့ဖြစ်သည်။ (ဥဗာဒဟ် အိဗ်နိအလ်စာမီးတ်မ့ အိဗ်နိအလ်အဗ္ဘားစ်နှင့် အိဗ်နိ အလ်မွန်ဒီးရ်မ့ အိဗ်နိ မရ်ဒုဝီးယဟ်၏ ဆင့်ပြန်ချက်)

ဤဟဒီးဆ်တော်ကို စိုက်ယိဒနာ အဗူဟုရိုင်ရဟ်(**رضى الله عنه**)သခင်ကလည်း အောက်ပါအတိုင်း ဆင့်ပြန်ထားခဲ့သည်။ **ثلاث جّدهن جّد وهزلهن جّد : النكاح والطلاق والرجعة**

'ဆိုလိုသည်မှာ တည်ကြည်စွာဖြစ်စေ၊ ပြောင်လှောင် ပျက်ချော်၍ဖြစ်စေ လုပ်ဆောင်ခဲ့ပါလျှင် တူညီစွာ အကျိုးသက်ရောက်စေသော ကိစ္စရပ်သုံးခုရှိသည်။ ယင်းတို့မှာ ထိမ်းမြားလက်ထက်ခြင်း၊ ကွာရှင်းပြတ်စဲခြင်းနှင့် ကွာရှင်းပြတ်စဲမှုကို ပြန်လည်ရုပ်သိမ်းခြင်းတို့ဖြစ်ကြသည်။ (မဇ်ဟဒီ)

ဤကိစ္စရပ်(၃)ခုနှင့်ပတ်သက်၍ အစ္စလာမ်တရားဥပဒေက ထိန်းချုပ်ထားသည်မှာ အကယ်၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးသည် သက်သေများရှေ့မှောက်၌ ကမ်းလှမ်းခြင်းနှင့် ကမ်းလှမ်းခြင်းကို လက်ခံသည့် ကိစ္စပြုလုပ်ပြီးပါက ရည်ရွယ်ချက်မပါလျှင်ဖြစ်စေ၊ ပြောင်လှောင်ပျက်ချော်ပြုလုပ်သည်ဖြစ်စေ မည်သည့်နည်းနှင့်မဆို ထိမ်းမြားလက်ထပ်မှုသည် တရားတော်အရ အတည်ဖြစ်လေသည်။ ထိုနည်းတူစွာ အကယ်၍ ရည်ရွယ်ချက်မပါဘဲဖြစ်စေ ပြောင်လှောင်ပျက်ချော်ပြုသည့်အနေဖြင့်ဖြစ်စေ ကွာရှင်းပြတ်စဲမှုကို ရှင်းလင်းသည့် စကားလုံးများဖြင့် တွလာက်ပေးခဲ့လျှင် ကွာရှင်းပြတ်စဲမှုအကျိုးသက်ရောက်သည်။ သို့မဟုတ် ကွာရှင်းပြတ်စဲမှုကို ရုပ်သိမ်းခြင်း ပြုပါက ဤသည်လည်း အတည်ဖြစ်ပါလိမ့်မည်။ အလားတူပင် ကျေးကျွန်တစ်ဦးအား ကစားသလိုလုပ်ကာ သူကောင်းပြု သည်ဟု ကြေညာခဲ့လျှင် ထိုကျေးကျွန်သည် လွတ်လပ်သွားပါလိမ့်မည်။ ပြောင်လှောင်ပျက်ချော် (သို့) ရယ်ရွှင်ဖွယ် သည် ခိုင်လုံသောအကြောင်းပြချက်ဟု မမှတ်ယူပါ။

ဤအမိန့်ပညတ်ချက်ဖော်ပြပြီးနောက် ကုရ်အာန်ကျမ်းတော်မြတ်သည် အတုမရှိသောပုံစံဖြင့် လူသားသည် အလွှာတ်အရှင်မြတ်အား မည်ကဲ့သို့ ကြောက်ရွံ့ရိုသေရမည်ဆိုသည်နှင့် နောင်လာမည့် အာခိရသ်တမလွန်၏

အကျိုးဆက်ကို ကြောက်ရွံ့ရန်ဆိုသည်များကို သင်ကြားပေးသည်။ မိန့်ကြားသည်မှာ -

وَاذْكُرُوْا نِعْمَتَ اللّٰهِ عَلَيْكُمْ وَمَآ اَنْزَلَ عَلَيْكُمْ مِّنَ الْكِتٰبِ وَالْحِكْمَةِ يَعِظُكُمْ بِهٖ ۚ
وَاتَّقُوا اللّٰهَ وَاعْلَمُوْٓا اَنَّ اللّٰهَ بِكُلِّ شَيْءٍ عَلِيْمٌ ۝

'တစ်ဖန် အသင်တို့သည် မိမိတို့အပေါ် ဝယ် အလ္လာဟ်အရှင်မြတ် ပြုထားတော်မူသော ကျေးဇူးတော်များကို လည်းကောင်း၊ ထိုအရှင်မြတ်ထုတ်ပြန် ချမှတ်တော်မူသော ကျမ်းဂန်နှင့် အသိအလိမ္မာဉာဏ်ပညာများကို လည်းကောင်း သတိရကြကုန်လော့။ ထိုအရှင်သည် ထိုကျမ်းဂန်ဒေသနာအဖြစ်လည်းကောင်း၊ အသိအလိမ္မာဉာဏ်ပညာဖြင့်လည်းကောင်း၊ အသင်တို့အား ပဲ့ပြင်ဆုံးမတော်မူသည်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူသည်ကိုလည်း အသင်တို့ ယုံကြည်မှတ်ယူကြလေကုန်။(၂း၂၃၁) ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် အသင်၏ ရည်မှန်းချက်များ သင်၏နှလုံးသားထဲတွင် ဖုံးကွယ်ထားသည့် လျှို့ဝှက်ချက်များကို သိတော်မူလေသည်။ ထို့ကြောင့် အသင်သည် ဇနီးသည်အား တွေလာက်ပေး၍ ကွာရှင်းပြတ်စဲမည်ဆိုလျှင် အချင်းချင်း အငြင်းပွားမှုများ၊ အချင်းချင်း ရပိုင်ခွင့်များ၊ ဆုံးရှုံးမှုနှင့် မတရားမှုများမှ ရှောင်ရှားရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သင့်သည်။ ဇနီးအား အမျက်ဒေါသဖြစ်ခြင်း၊ ဂုဏ်အသရေညှိုးနွမ်းစေခြင်း (သို့) ထိခိုက်နာကြည်စေခြင်း ဟူသော ရည်ရွယ်ချက်ဖြင့် မပြုလုပ်သင့်ချေ။

## ကွာရှင်းပြတ်စဲခြင်း၏ အခြေခံစည်းမျဉ်းများ

ဤအာယသ်တော်တွင် ဖော်ညွှန်းထားသည့် တတိယစည်းမျဉ်းမှာ အမျိုးသားတစ်ဦးသည် ကွာရှင်းပြတ်စဲသည်မှလွဲ၍ အခြားရွေးချယ်ရန်မရှိဟုဆိုလျှင် စွန့်သတ်တော်နှင့် ရှရီအသ်တရားတော်အရ အမှန်ကန်ဆုံးနှင့် အခြေခံအကျဆုံးနည်းလမ်းကား ပြန်လည်ရုပ်သိမ်းနိုင်သော တွေလာက် ကွာရှင်းပြတ်စဲခြင်း တစ်ကြိမ်ကို ရှင်းလင်းပြတ်သား၍ ဒွိဟသံသယမရှိသော စကားလုံးများဖြင့်ပေးသင့်သည်။ သို့မှသာ ဇနီးအားပြန်လည်သိမ်းပိုက် ပေါင်းသင်းနိုင်ခြင်းဟူသည့် ရွေးချယ်ခွင့်ရှိနေပေလိမ့်မည်။ ထိမ်းမြားလက်ထပ်ဆက်ဆံမှုကို ရုပ်ချည်းပြတ်စဲသွားစေမည့် စကားလုံးများ မပြောသင့်ချေ။ ဤသည်ကို ပြတ်စဲခြင်း၊ ပြန်လည်မရုပ်သိမ်းနိုင်သော 'အလ်တွလာက် အလ်ဘာအင်' ဟုခေါ်သည်။ ဤသည့်အပြင် တွေလာက်သုံးကြိမ်ပေးမိသည်ထိ ရောက်မသွားရန်ရှောင်ရှားရမည်။ သို့မဟုတ်ပါမူ ဇနီးမောင်နှံကြား နိကာဟ်အသစ်ပြုလုပ်လျှင်ပင် ဟရာမ် တရားမဝင်ဖြစ်လာမည်။ ဤအချက်ကို ချွင်းချက်မရှိသောစကားလုံးများဖြစ်သည် **طَلَّقْتُمُ النِّسَاءَ** မည်သည့်အခါဝယ် အသင်တို့သည် (မိမိတို့)ဇနီးမိန်းမများကို (တွေလာက် ရဂျ်အီ)ပေး၍ ကွာရှင်းခဲ့ကြ၏ဟူသောစကားကို အသုံးပြု၍ဖော်ပြထားခဲ့ခြင်းမှာ ဤအာယသ်တော်ထဲတွင် ပါဝင်သော အမိန့်ပညတ်ချက်များသည် ပြန်လည်ရုပ်သိမ်းနိုင်ခွင့်ရှိသော တွေလာက်တစ်ကြိမ် (သို့) နှစ်ကြိမ်အတွက် သာဖြစ်သည်။ ဤအမိန့်ပညတ်ချက်သည် ပြန်လည်ရုပ်သိမ်းခွင့်မရှိသော တွေလာက်သုံးကြိမ်နှင့် မသက်ဆိုင်ပါ။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်သည် မည်သည့်နှိုးနွှဲယ်သော အထူးပြုချက်များကိုမျှ မဖော်ပြဘဲ အကြံပြု သည်မှာ စစ်မှန်သော တွေလာက်ကွာရှင်းပြတ်စဲခြင်းသည်

ရှရီအသ်တရားတော်က အတည်ပြုပြဋ္ဌာန်းထားသော ပြန်လည်ရုပ်သိမ်းနိုင်ခွင့်ရှိသည့် တွလာက်မှအပမည် သည့် နည်းလမ်းမျှမရှိဟူ၍ဖြစ်သည်။အခြားပုံစံများသည်စက်ဆုပ်ဖွယ်ရာများနှင့်မနှစ်သက်ဖွယ်ရာ များ ကင်းရှင်း သည် မဟုတ်ခေျ။

## ကွာရှင်းပြတ်စဲပြီးသော အမျိုးသမီးများ ပြန်လည်ထိမ်းမြားခြင်းနှင့်ပတ်သက်သော စည်းကမ်းများ

ကွာရှင်းပြတ်စဲပြီးသော အမျိုးသမီးများကြုံတွေ့ရသော မတရားပြုမှုများကို ဒုတိယအာယသ်တော်က ရပ်တန့်စေပါသည်။ ယင်းမတရားပြုမှုမှာ သူမတို့အား ထပ်မံလက်ထပ်ထိမ်းမြားခြင်းမှ ဟန့်တားခံရခြင်းပင် ဖြစ်သည်။ အချို့သောကိစ္စရပ်များတွင် ပထမခင်ပွန်းသည် ကွာရှင်းပြီးသော ဇနီးသည်အား အခြားသူတစ်ယောက်နှင့် ထိမ်းမြားခြင်းပြုမည့်အစီအမံကို ယေဘုယျအားဖြင့် ဆန့်ကျင်ကြပါသည်။ ၎င်းပြင် ဤကဲ့သို့သောလုပ်ရပ်သည် သူ၏ ဂုဏ်သိက္ခာအား ညှိုးနွမ်းစေသည်ဟု ထင်မှတ်ပါသည်။ အချို့သော အိမ်ထောင်စုများတွင် အုပ်ထိန်းသူများကပင်လျှင် ကွာရှင်းပြတ်စဲပြီးသော အမျိုးသမီးအား ဒုတိယအကြိမ် ထိမ်းမြားလက်ထက်ခြင်းကို တားမြစ်ခဲ့ပါသည်။ အုပ်ထိန်းသူများထဲမှ အချို့တို့သည် ဤကဲ့သို့ မကြာမကြာလုပ်ဆောင်မှုမှာ လောဘရမ္မက်ကြောင့်ပင် ဖြစ်သည်။ ၎င်းတို့အတွက် ငွေကြေးအကျိုးအမြတ်ရရှိမှသာလျှင် သူမအား ဒုတိယအကြိမ် လက်ထပ်ခွင့်ပြုမည်ဟု မျှော်လင့်ထားကြသည်။ ကွာရှင်းပြတ်စဲပြီးသည့် အမျိုးသမီးသည် သူမ၏ ယခင် ခင်ပွန်းအား ပြန်လည်ထိမ်းမြားရန် သဘောတူညီခဲ့သော်လည်း အုပ်ထိန်းသူများက ကွာရှင်းပြတ်စဲပြီးသည့်နောက်တွင် သူမ၏ခင်ပွန်းအပေါ် တွင် ရန်လိုမုန်းထားမှုသဘောမျိုးဖြစ်ပေါ်ခဲ့သောအချိန်များလည်းရှိခဲ့ပါသည်။ ထို့ကြောင့် ဇနီးမောင်နှံနှစ်ဦး သဘောတူညီကြသော်လည်း အုပ်ထိန်းသူများက သူတို့ချင်းပြန်လည်ထိမ်းမြားမှုကို ဆန့်ကျင်ကြပါသည်။ အစ္စလာမ်တရားတော်က လက်ခံထားသော ခိုင်လုံသော အကြောင်းပြချက်တစ်ခုမှမပါဘဲနှင့် လွတ်လပ်သောအမျိုးသမီးများအား ၎င်းတို့စိတ်ကြိုက်ထိမ်းမြားခြင်းကို ယခင်လင်ယောကျ်ားကဖြစ်စေ၊ အမျိုးသမီး၏အုပ်ထိန်းသူများကဖြစ်စေ ဟန့်တားခြင်းသည် အလွန်ကြီးမားသော မတရားပြုမှုပင်ဖြစ်သည်။ မတရားမှုကို အာယသ်တော်ဖြင့် တားဆီးခဲ့ပါသည်။

ဤသဘောမျိုးရှိသည့် အဖြစ်အပျက်တစ်ခု၏ နောက်ခံအကြောင်းရင်းအရ ဤအာယသ်တော်ကျရောက်ခဲ့သည်။ ဤအကြောင်းကို ဆွဟီးဗုခါရီတွင်ပါရှိသည်မှာ စိုက်ယိဒနာ မာအ်ကီးလ်အိဗ်နိယာစာရ်(رضى الله عنه)သည် သူ၏နှမအား တစ်စုံတစ်ဦးနှင့် ထိမ်းမြားပေးခဲ့ပါသည်။ ထိုသူသည် သူမအား ကွာရှင်းပြတ်စဲခဲ့ပါသည်။ ယင်းနောက် 'အစ်ဒ်ဒတ်'စောင့်ဆိုင်းရမည့်ကာလသည်လည်း ကုန်လွန်သွားသည်။ ထိုသို့ ကွာရှင်းပြီးသည့်နောက်တွင် ၎င်းသည် သူလုပ်ဆောင်ခဲ့မှုအပေါ် ယူကြုံးမရဖြစ်ကာ သူမအား ပြန်လည်ထိမ်းမြားလိုစိတ်ဖြစ်လာသည်။ မာအ်ကီးလ် အိဗ်နိယာစာရ်၏ နှမဖြစ်သော သူ၏ဇနီးကလည်း ပြန်လည်ထိမ်းမြားလက်ထပ်ရန် သဘောတူညီခဲ့သည်။ ထိုသူသည် ယင်းကိစ္စကို မာအ်ကီးလ်အားပြောသောအခါ မာအ်ကီးလ်သည် ဒေါသတကြီးဖြင့် ထိုသူ၏ ကွာရှင်းပြတ်စဲမှုအပေါ် ပြောကြားလေသည်။ 'ကျွန်ုပ်သည် သင့်အားဂုဏ်ပေးခဲ့ပါသည်။' ကျွန်ုပ်သည် နှမအား အသင်နှင့် လက်ဆက်စေခဲ့ပြီး အသင်က ကျွန်ုပ်အပေါ် ဤကဲ့သို့ပြုကျင့်သည်။ အသင်သည် သူမအား ကွာရှင်းပြီးခဲ့လေပြီ။ သူမအား အသင်ပြန်လည်ထိမ်းမြားရန်အတွက် အသင် ကျွန်ုပ်ထံလာပြန်လေပြီ။ အလ္လာဟ်အရှင်မြတ်အား

တိုင်တည်၍ ပြောပါမည်။ ယခုအခါ သူမသည် အသင်နှင့် နိကာဟ်ထိမ်းမြားမှုပြန်လည် ပြုလုပ်လိမ့်မည်မဟုတ်။

အထက်ကဖော်ပြခဲ့သည်နှင့် အလားသဏ္ဌာန်တူသော စိုက်ယိဒိနာ ဂျာဘီးလ် အိဗ်နိအစ်ဒုလ္လာ(**رضى الله عنه**) ၏ညီမဝမ်းကွဲနှင့်ပတ်သက်သော နောက်ထပ်အဖြစ်အပျက်တစ်ခုလဲရှိခဲ့ပါသည်။ ထို့ကြောင့် ဤအာယသ်တော်ကျရောက်ခဲ့ကာ အာယသ်ထဲတွင် မအ်ကီးလ်နှင့် ဂျာဘီးလ် **رضى الله عنهما** တို့၏ လုပ်နည်းလုပ်ဟန်သည် မနှစ်မြို့ဖွယ်ရာဖြစ်ပြီး ခွင့်မပြုဟု ကြေညာခဲ့ပါသည်။

ဆွဟာဗဟ်ကြီးများသည် အလ္လာဟ်အရှင်မြတ်နှင့် အလ္လာဟ်အရှင်မြတ်၏တမန်တော်(ﷺ)အား အစစ်အမှန် ချစ်ခင်မြတ်နိုးသူများဖြစ်ကြပါသည်။ အာယသ်တော်အားကြားလျှင်ကြားခြင်း မအ်ကီးလ် အိဗ်နိယာစာရ်၏ ဒေါသများ သည် ပြေငြိမ်းသွားခဲ့ပါသည်။ ထိုသည်ကား အာယသ်တော်၏ ကျေးဇူးတော်ပင်တည်း။ သူကိုယ်တိုင် သူ၏ ယခင် ယောက်ဖထံသို့သွားရောက်ကာ သူ၏နှမနှင့်တစ်ဖန် ပြန်လည်ထိမ်းမြားပေးခဲ့ပြီး သူ၏ ကျိန်မှုအတွက် ကဖ္ဖရာ(လျော်ကြေး)လည်းပေးခဲ့ပါသည်။ အလားတူစွာ ဂျာဘီးလ်ကလည်း ညွှန်ကြားချက်အတိုင်း လုပ်ဆောင်ခဲ့ပါသည်။

ဤနေရာတွင် သုံးနှုန်းထားသော ဦးတည်ပြောကြားမှုပုံစံအရဆိုလျှင် ဤအာယသ်တော်သည် ကွာရှင်းပြတ်စဲမှုပြုလုပ်ခဲ့သည့် လင်သားများသာမက အမျိုးသမီး၏ အုပ်ထိန်းသူများသည် အကြုံးဝင်စေပါသည်။ နှစ်ဦးစလုံးအား မိန့်ကြားထားသည်မှာ -

**فَلَا تَعْضُلُوْهُنَّ اَنْ يَّنْكِحْنَ اَزْوَاجَهُنَّ اِذَا تَرَاضَوْا بَيْنَهُمْ بِالْمَعْرُوْفِ**

ဆိုလိုသည်မှာ 'သို့ ကွာရှင်းပြီးနောက် ထိဇနီး၊ မိန်းမတို့သည် မိမိတို့၏ (အစ်ဒ်ဒတ်)ရက်ပိုင်း (အဆုံး) ရောက်သွားကြသောအခါ အကယ်၍ (ထိဇနီးမိန်းမတို့နှင့် နောက်ထပ်အိမ်ထောင်ပြုအံ့သော လင်ခင်ပွန်းတို့သည်) တရားစည်းကမ်းနှင့်အညီ (အိမ်ထောင်ပြုရန်) အချင်းချင်း နှစ်ဦးနှစ်ဝ သဘောတူမျှကြပါသော် အသင်တို့သည် ထိဇနီးမိန်းမတို့အား မိမိတို့၏ ခင်ပွန်းများနှင့် ထိမ်းမြားခြင်းမှ ဖိနှိပ်ချုပ်ချယ်မြစ်တားခြင်းမပြုကြကုန်လင့်။'

သူတို့ဆိုသည်မှာ ထိုအမျိုးသမီးများအား ကွာရှင်းခဲ့သော ယခင် ခင်ပွန်းသည်များဖြစ်နိုင်သလို အခြားသူများလည်းဖြစ်နိုင်ပါသည်။ သို့ရာတွင် ဤနေရာ၌ အခြေအနေတစ်ရပ် ပြဋ္ဌာန်းထားပါသည်။

**اِذَا تَرَاضَوْا بَيْنَهُمْ بِالْمَعْرُوْفِ**

'(အိမ်ထောင်ပြုရန်) အချင်းချင်း နှစ်ဦးနှစ်ဝ သဘောတူမျှကြပါသော်' ဆိုလိုသည်မှာ ရှရီအသ် တရားတော်က ချမှတ်ထားသော စည်းကမ်းများနှင့်အညီ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့သည် ထိမ်းမြားမင်္ဂလာပြုရန်သဘောတူညီပါက သူတို့မင်္ဂလာဆောင်နှင်းမည့်ကိစ္စကို မတားဆီးရပါ။

ဤနေရာ၌ ညွှန်းထားသည်မှာ သူတို့ပတ်ဝန်းကျင်မှလူများက သူတို့နှစ်ဦး၏ လက်ထပ်ထိမ်းမြားမှုကို တားဆီးစေနိုင်သည့် ခိုင်လုံသောအကြောင်းပြချက်သည် သူတို့အကြားတွင် သဘောတူညီချက်မပါခြင်း သို့မဟုတ် တစ်နေရာရာမှ ဖိအားပေးခြင်းတို့ဖြစ်သည်။ သို့တည်းမဟုတ် ရှရီအတ်တရားတော်က ပြဋ္ဌာန်းထားသော နည်းလမ်းနှင့် မကိုက်ညီသော နှစ်ဦးသဘောတူညီချက်ကြောင့်လည်းဖြစ်နိုင်ပေသည်။ ပမာအားဖြင့် သူတို့နှစ်ဦးကြား ထိမ်းမြားလက်ထပ်မှုမရှိဘဲ အတူတကွ ပေါင်းသင်းနေထိုင်ရန် သဘောတူညီခြင်း သို့မဟုတ် သုံးတွလာက်

ပေးပြီးနောက် တရားမဝင် နိကာဟ်အသစ်ပြုလုပ်ရန် သဘောတူညီခြင်းတို့ဖြစ်သည်။ ထပ်ဆင့်ပြောရမည်ဆိုလျှင် အစ်ဒ်ဒတ် စောင့်ဆိုင်းကာလအတွင်း အခြားခင်ပွန်းနှင့်အိမ်ထောင်ပြုရန် ရည်ရွယ်ပါက မုစ်လင်မ်တိုင်းသည် အထူးသဖြင့် အမျိုးသားနှင့် အမျိုးသမီး၏ အနီးစပ်ဆုံးဆွေမျိုးသားချင်းများက ထိုသို့မလုပ်ရန် တားမြစ်ခွင့်ရှိလေသည်။ စင်စစ်တားမြစ်နိုင်စွမ်းရှိသ၍ တားမြစ်နိုင်ရန်မှာ မလုပ်မနေရ (သို့) ဝါဂျိဗ်တာဝန်ဖြစ်သည်။

အလားတူ အမျိုးသမီးပျိုတစ်ဦးသည် မိမိနှင့် အဆင့်အတန်းမတူသောသူ (ကဖ် **كفو**)ကို အုပ်ထိန်းသူ ခွင့်ပြုချက်မပါဘဲ ထိမ်းမြားလက်ထပ်ရန် ဆန္ဒရှိလျှင်သော်လည်းကောင်း၊ လက်ထပ်ထိမ်းမြားရာတွင် ပေးကမ်းသည့် မဟ်ရ်သည် မဟ်ရ်အလ်မိဆီလ်(သူမ မိသားစု၏ အစဉ်အဆက်ပေးလေ့ရှိသည်ထက် လျော့နည်းနေလျှင်)သော်လည်းကောင်း ပြုလုပ်ပါက မိသားစုအားထိခိုက်စေပါသည်။ သူမတွင် ဤကဲ့သို့လုပ်ပိုင်ခွင့်မရှိသောကြောင့် သူမ၏ သဘောတူညီချက်သည်လည်း ရှရီအသ်တရားတော်က ပြဋ္ဌာန်းထားသောနည်းလမ်းနှင့် မကိုက်ညီချေ။ ဤအခြေအနေတွင် မိန်းကလေး၏ အုပ်ထိန်းသူသည် ဤလက်ထပ်မဂ်လာပြုလုပ်ခြင်းမှဟန့်တားနိုင်ခွင့်ရှိသည်။ မည်သို့ပင်ဆိုစေ **اِذَاتَرَاضَوْا** မည်သည့်အခါဝယ် ထိုသူတို့သည် အချင်းချင်းသဘောတူမှုကြပါသော်'ဟူသော စကားလုံးများက ထောက်ပြသည်မှာ ရူးသွပ်သူမဟုတ်ဘဲ အရွယ်ရောက်ပြီးသော အမျိုးသမီးငယ်အား သူမ၏ သဘောတူညီချက် (သို့) ခွင့်ပြုချက်မရှိဘဲလျက် ထိမ်းမြားလက်ထပ်ပေး၍ မရနိုင်ပါ။

အာယသ်တော်(၂၃၂)ဆုံးခါနီးတွင် ဝါကျသုံးခုဆက်တိုက်လာရှိပါသည်။ ပထမမှာ-

**ذٰلِكَ يُوْعَظُ بِهٖ مَنْ كَانَ مِنْكُمْ يُؤْمِنُ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ**

ဆိုလိုသည်မှာ 'ဤပညတ်တော်ကား အသင်တို့အနက် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောက်ဆုံးနေ့ကို လည်းကောင်း၊ ယုံကြည်သောသူများအား သွန်သင်ဆုံးမအပ်သော ပညတ်တော်တည်း' ဤနေရာ၌ ညွှန်ထားသည်မှာ အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခြင်းနှင့် နောက်ဆုံးနေ့ (တရားစီရင်မည့်နေ့)ကို ယုံကြည်ခြင်း၏ ရလဒ်မှာ လူသားသည် အရှင်မြတ်၏အမိန့်ပညတ်ချက်များကို လုံးလုံးလျားလျား နာခံကျင့်သုံးသင့်ပေသည်။ ဤအမိန့်ပညတ်ချက်များကို လိုက်နာကျင့်သုံးရာတွင် သတ်မှတ်သည်ထက် လျော့နည်းသူများသည် ၎င်းတို့၏ အီမာန်ယုံကြည်ချက် ကစဉ့်ကလျားဖြစ်နေကြောင်းကို သတိပြုသင့်ပေသည်။

ဒုတိယဝါကျတွင် မိန့်ကြားသည်မှာ **ذٰلِكُمْ أَزْكٰى لَكُمْ وَأَطْهَرُ** ဆိုလိုသည်မှာ 'ဤသည် အသင် တို့အဖို့ အလွန်တရာမှ အကျိုးဖြစ်ထွန်းစေသော (အပြစ်ဒုစရိုက်တို့မှ) ပိုမို၍ သန့်ရှင်းစေသော ပညတ်တော်တည်း' ဤနေရာတွင် အကြံပြုထားသည်မှာ ဤအမိန့်ပညတ်ချက်များ၏ ဆန့်ကျင်ဘက်လုပ်ခြင်း၏ရလဒ်ကား အပြစ်အနာအဆာ ဂုနာဟ်များနှင့် ညစ်ထေးစေခြင်း၊ စိတ်ဝမ်းကွဲပြားခြင်းနှင့် ခိုက်ရန်ဖြစ်ပွားခြင်းများ ပါဝင်ပတ်သက်စေခြင်းတို့ဖြစ်စေပါသည်။ ပမာဆိုသော် အကယ်၍ စိတ်မပေါ့သွပ်ဘဲ အရွယ်ရောက်သော အမျိုးသမီးငယ်ကို ထိမ်းမြားမဂ်လာပြုလုပ်ခြင်းမှ ဟန့်တားခဲ့ပါလျှင် တစ်ဘက်၌ သူမတို့၏ ရပိုင်ခွင့်များကိုငြင်းဆိုကာ သူမတို့အပေါ် ရက်စက်ကြမ်းကြုတ်ခြင်းဖြစ်သကဲ့သို့ အခြားတစ်ဖက်တွင် ဤသို့လုပ်ခြင်းသည် သူမတို့၏ အိန္ဒြေသိက္ခာနှင့် အပျိုစင်ဘဝကို အန္တရာယ်ဖြစ်ပါလိမ့်မည်။ တတိယအချက်မှာ အကယ်၍ ၎င်းတို့သည် အပြစ်ဂုနာဟ် ကျူးလွန်မိပါက ထိုကျူးလွန်မှုကြောင့် အပြစ်ဒဏ်ကျရောက်မှုသည် မိန်းကလေးပေါ်တွင်သာမက သူမတို့အား လက်ထပ်

ထိမ်းမြားခြင်းမှ ဟန့်တားသူများအပေါ် တွင်လည်းကျရောက်ပေလိမ့်မည်။ (အလ္လာဟ်အရှင် ဤအပြစ်မှ ကာကွယ်ထိန်းသိမ်းတော်မူပါစေ။) ဖြစ်နိုင်သည်မှာ အာခိရသ် တမလွန်တွင် အပြစ်ပေးမခံရမီအလျင် ဤအကူအညီမဲ့အမျိုးသမီးတို့၏ ကံကြမ္မာဆိုးသည် အမျိုးသားများအား စစ်မက်ဖြစ်ပွားခြင်းနှင့် လူသတ်မှုများဖြစ်ပွားစေသည်အထိ ရောက်သွားနိုင်သည်။ ယခုခေတ်အခါ၌ ဤကိစ္စရပ်မျိုးမရှားပေ။ အကယ်၍ ထိုကဲ့သို့ဖြစ်ခဲ့ပါလျှင် အာခိရသ် တမလွန်တွင် အပြစ်ပေးမခံရမည့်အလျင် ၎င်းတို့၏ လုပ်ရပ်များသည် ဤကမ္ဘာလောကတွင်ပင် သူတို့အတွက် အပြစ်ပေးသလိုဖြစ်သွားပါလိမ့်မည်။ အကယ်၍ ၎င်းတို့သည် လက်ထပ်မင်္ဂလာပြုလုပ်ခြင်းမှ မတားမြစ်ခဲ့ဟုဆိုပါသော်လည်း သူမတို့ မကြိုက်မရွေးချယ်သော သူတစ်ဦးနှင့်အတင်းအကြပ် လက်ထပ်ထိမ်းမြားပေးခဲ့လျှင် ယင်းလုပ်ရန်သည်လည်း အမြဲတစေရန်လိုခြင်း၊ စိတ်ဝမ်းကွဲပြားခြင်းနှင့် ခိုက်ရန်ဖြစ်ပွားခြင်း (သို့) တွလာက် ကွာရှင်းပြတ်စဲခြင်းနှင့် **خُلع** (ခုလအ်) ဇနီးသည်က လျော်ကြေးပေး၍ ကွာရှင်းပြတ်စဲခြင်း စသည့် အဖြစ်မျိုးတို့ ဖြစ်နိုင်သည်။ ထိုကဲ့သို့သော လုပ်ရပ်၏ မနှစ်မြို့ဖွယ်ရာ အကျိုးသက်ရောက်မှုများမှာ ထင်ရှားသည်။ ထို့ကြောင့် မိန်းမပျိုများအား ၎င်းတို့ ကြိုက်နှစ်သက်သည့် ခင်ပွန်းနှင့် လက်ထပ်ထိမ်းမြားခြင်းမှ မတားဆီးခြင်းသည် အသင့်အတွက် စင်ကြယ်ခြင်း၊ သန့်ရှင်းခြင်း အဆင့်သို့ လွယ်ကူစွာရောက်နိုင်သောနည်းလမ်းဟု ပြောစမှတ်ပြုကြသည်။

တတိယဝါကျတွင် မိန့်ထားသည်မှာ **وَاللَّهُ يَعْلَمُ وَأَنتُمْ لَا تَعْلَمُونَ** ဆိုလိုသည်မှာ 'စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် (အသင်တို့အတွက် အကျိုးဖြစ်ထွန်းစေမည့် အကြောင်းတရားတို့ကို) သိတော်မူ၏။ အသင်တို့မူကား မသိကြချေ'။ ဤအဆိုအမိန့်၏ ရည်ရွယ်ချက်မှာ ကွာရှင်းပြတ်စဲပြီးသော အမျိုးသမီးများအား လက်ထပ်မင်္ဂလာပြုခြင်းမှ ဟန့်တားသောသူများသည် ၎င်းတို့မျှော်မှန်းသည့်အတိုင်း အကျိုး အမြတ်အချို့ ရကြောင်းတွေ့ရပေလိမ့်မည်။ ပမာဆိုသော် ဂုဏ်သိက္ခာ ထိန်းသိမ်းရန်ဟု မျှော်မှန်းခြင်း (သို့) သူမတို့၏ လက်ထပ်ထိမ်းမြားမှုမှ ငွေကြေးအချို့ ရယူခြင်းဟူ၍ဖြစ်သည်။ ဤကဲ့သို့သော ရှိုက်တွာန်မိစ္ဆာ၏ ဖြားယောင်းမှုများနှင့် မတရားသော မျှော်လင့်ချက် များကိုဖယ်ရှားရန် မိန့်ကြားထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် အသင့်အတွက် မည်သည့်အရာသည် သင့်တော်ကြောင်း သို့မဟုတ် အကျိုးရှိကြောင်းကို အကြွင်းမဲ့သိတော်မူသောအရှင်ဖြစ်တော်မူသည်။' ထို့ကြောင့် အမိန့်ပညတ်ချက်များထုတ်ပြန်သောအခါတွင် ဤအခြေအနေများကို တာဝန်ယူထိန်းသိမ်းထားခဲ့ပြီးဖြစ်သည်။ အသင်သည် အရာဝတ္ထုများ၏ စစ်မှန်ခြင်းနှင့် ကိစ္စရပ်များ၏ အဆုံးကို မသိဘဲ အသင်၏မပြည့်စုံသော တွေးခေါ်မှုနှင့် မှားယွင်းသောထင်မြင်ယူဆချက်တို့ဖြင့် တစ်ခါတရံ အချို့ကိစ္စရပ်များကို သင့်တော်သည်၊ အကျိုး ရှိသည်ဟုယူဆသည်။ စင်စစ်မှာ ယင်းတို့သည် သင့်အတွက် ပျက်စီးခြင်းမှအပ ဘာမျှမရှိချေ။

အကယ်၍ ကွာရှင်းပြတ်စဲခြင်းခံရသောအမျိုးသမီးများသည် ထိန်းချုပ်ခံရခဲ့လျှင်၊ ထိန်းမနိုင် သိမ်းမရဖြစ်သွားခဲ့လျှင် အသင်စောင့်ထိန်းသည်ဆိုသော ဂုဏ်သိက္ခာများသည် သဲထဲရေသွန်ဖြစ်သွားပေမည်။ ထို့ပြင် အသင်သည် မတရားသောငွေကြေးမြတ်စွန်းမှုကို စဉ်းစားခဲ့ပါလျှင် ဖြစ်နိုင်သည်မှာ ဤကိစ္စကြောင့် သင်သည် တိတ်တခိုးကြံစည်မှုများနှင့် ကတောက်ကဆဖြစ်ခြင်းများတွင် ပါဝင်ပတ်သက်စေပါသည်။ သို့ပါဝင်ပတ်သက်ခြင်းကြောင့် အသင်၏ ငွေကြေးတွင်သာမက အသက်ပါအန္တရာယ်ဖြစ်စေနိုင်သည်။

## ဥပဒေတစ်ရပ်ပြဋ္ဌာန်းခြင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်၏ နည်းဗျူဟာ

ဤနေရာတွင် ကုရ်အာန်ကျမ်းတော်မြတ်က ဥပဒေတစ်ခုတင်ပြထားသည်။ ထိုဥပဒေအရဆိုလျှင် ကွာရှင်းပြတ်စဲပြီးသော အမျိုးသမီးများအား ၎င်းတို့ရွေးချယ်သူနှင့် လက်ထပ်ထိမ်းမြားမှုမှ ပိတ်ပင်ခြင်းကို တားမြစ်သည်။ ဤဥပဒေနှင့်အညီ လိုက်နာလွယ်ကူစေရန်နှင့် အများပြည်သူ စိတ်တွင်လက်ခံနိုင်စေရန် ဥပဒေထုတ်ပြန်ကြေညာပြီးနောက် ဤဝါကျသုံးခု တဆက်တည်းပါလာခဲ့သည်။ ပထမဝါကျသည် ဤဥပဒေနှင့်အညီလုပ်ဆောင်ရန် အဆင်သင့်ဖြစ်စေရေးအတွက် လူသားအား တရားစီရင်မည့်နေ့တွင် စစ်ဆေးခြင်းနှင့် အကျိုးဆက်ဖြစ်သော ပြစ်မှုများ၏ ပြစ်ဒဏ်ခတ်ခြင်းကို သတိပေးခြင်းဖြင့်ဆွဲ ဆောင်ထားသည်။ ဒုတိယဝါကျထဲတွင် လူသားအား ဤဥပဒေနှင့်အညီ နေထိုင်သွားရန်အတွက် ဥပဒေကိုဆန့်ကျင်ခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးများ အကြောင်းပြောကာ သွေးဆောင်ဖျောင်းဖျထားသည်။ ၎င်းပြင် ယင်းကဲ့သို့ ဆန့်ကျင်ခြင်းသည် လူသားထုအား အန္တရာယ် အသွယ်သွယ်ကျရောက်နိုင်ကြောင်း မိန့်ကြားထားသည်။ တတိယဝါကျထဲတွင် မိန့်ကြားထားသည်မှာ အလ္လာဟ် အရှင်မြတ်ချမှတ်ထားသော ဥပဒေနှင့်အညီနေထိုင်ခြင်းတွင် သင်၏ကောင်းကျိုးတည်ရှိကြောင်း ဖြစ်သည်။ အကယ်၍ ဤဥပဒေနှင့်ဆန့်ကျင်ပြုမူခဲ့လျှင် အသင်စိတ်ထဲ၌ အခါအခွင့်နှင့်ကိုက်ညီသော အကျိုးအမြတ်အချို့ ရရှိပေမည်။ ဤသည်ပင်လျှင် အသင်၏ အမြင်ကျဉ်းမှုနှင့် နောက်ဆက်တွဲအကျိုးဆက်များအပေါ် ဂရုမပြုမှု၏ ရလဒ်ပင်ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤဟန်ပန်နှင့်ပုံစံသည် ဤနေရာတွင်မဆုံးပါ။ စင်စစ် အမိန့်ပညတ်ချက်အားလုံးတွင် ပါရှိသည်။ ဥပဒေတစ်ရပ်ကို သရုပ်ဖော်ပြပြီးသည့်နောက် တစ်ပါတည်းပါလာသည်မှာ အလ္လာဟ် အရှင်မြတ် ကြီးကျယ်တော်မူကြောင်းနှင့် နောင်တမလွန်တွင် စာရင်းစစ်ဆေးခြင်းနှင့် အပြစ်ဒဏ်ပေးခြင်းတို့ ဖြစ်သည်။ ဥပဒေတစ်ခုစီ၏အစနှင့်အဆုံးတွင် အဖွင့်ဖြစ်သော **اتَّقُوا اللهَ**(အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်) နှင့် အပိတ်တွင် **إِنَّ اللهَ خَبِيرٌ بِمَا تَعْمَلُونَ** 'အလ္လာဟ်အရှင်မြတ်သည် အသင်လုပ်ဆောင်သည် များကို သိရှိတော်မူသော အရှင်ဖြစ်သည်။ **إِنَّ اللهَ بِمَا تَعْمَلُونَ بَصِيرٌ** အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှသော ကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့ ခွဲခြားသိမြင်တော်မူသော အရှင်ဖြစ်တော်မူသည် စသည်တို့ပါရှိသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် တစ်ကမ္ဘာလုံးအတွက်ဖြစ်ပြီး ခေတ်အဆက်ဆက်အတွက်လည်းဖြစ်ကာ ကိယာမသ်နေ့တိုင် တည်ရှိနေပါလိမ့်မည်။ ဤကျမ်းတော်မြတ်သည် လူ့ဘဝ တစ်ခုလုံးအတွက် ပြီးပြည့်စုံသော ပြဋ္ဌာန်းချက် များပါဝင်ပြီး နေထိုင်မှုကိစ္စရပ်တိုင်းနှင့် အကျုံးဝင်သော ဥပဒေ တစ်ရပ်လည်းဖြစ်သည်။ ထိုကျမ်းတော်ထဲတွင် ကန့်သတ်ထားသော ပြဋ္ဌာန်းချက်များနှင့် တရားရေးဆိုင်ရာ အပြစ်ဒဏ်ပေးခြင်းများလည်း ဖော်ပြထားသည်။ သို့ရာတွင် တစ်ကမ္ဘာလုံးဆိုင်ရာဥပဒေ စာအုပ်များတွင် မတွေ့နိုင်သော အထက်ပါကိစ္စရပ်ကိုင်တွယ်ပုံသည် ပြိုင်ဖက်ကင်းလေသည်။ကျမ်းတော်ပါ အသုံးအနှုန်းသည် အာဏာစက်ထက် စာနာထောက်ထားမှုကသာပိုသည်။ ဥပဒေတစ်ခုစီကိုဖော်ပြရာတွင် လူသားသည် ထိုအမိန့်ကို မနာခံခြင်းဖြင့် ပြစ်ဒဏ်မထိုက်စေရန်ဟူသည့် ရည်ရွယ်ချက်နှင့် ချဉ်းကပ်သည်။ ဤကဲ့သို့ပြုမူခြင်းသည် ကမ္ဘာပေါ်ရှိ အစိုးရများက လုပ်ကိုင်ပုံနှင့်မတူချေ။ ထိုအစိုးရများက ဥပဒေပြုလုပ်ပြီးနောက် အများသိစေရန်ကြေညာ၍ မည်သူမဆို ထိုဥပဒေနှင့်ဆန့်ကျင်ပြုမူလျှင် အပြစ်ဒဏ်ခံစားစေပါသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ ဤထူးခြားသော ဟန်ပန်နှင့်နည်းလမ်းတို့မှ ထွက်ပေါ်လာသော ရေရှည်အကျိုးကျေးဇူးရှိပေသည်။ ယင်းမှာလူသားသည် သိရှိနားလည်သွားပြီးနောက် ဤလောကတွင် ထိုဥပဒေနှင့် ဆန့်ကျင်လျှင် အပြစ်ဒဏ်ခတ်ခံရမည်ဆိုပါက ၎င်းနာခံချင်မှ နာခံပေလိမ့်မည်။ ဤသည်နှင့် ဆန့်ကျင်ကာ သူသည် အလ္လာဟ်အရှင်မြတ် မနှစ်မြို့ခြင်းနှင့် အာခိရသ်တွင် တမလွန်အပြစ်ပေးခံရမည့် အပြစ်ဒဏ်အကြောင်း စတင်စိတ်ပူပန်စပြုလာသည်။ ထို့နောက် ထိုပူပန်မှုကပင် ၎င်း၏ အတွင်း၊ အပြင် လျှို့ဝှက်စွာနှင့် ထင်ရှားစွာများသည် တစ်သားတည်းကျကာ ခွဲခြားမရနိုင်သည်သို့ ဖြစ်သွားစေပါသည်။ သူ၏လုပ်ရပ်များကို မည်သူတစ်ဦးတစ်ယောက်ကမျှ ပြောင်တင်းစွာလည်းကောင်း၊ လျှို့ဝှက်စွာလည်းကောင်း စောင့်ကြည့်နေခြင်းမရှိသည့်နေရာတွင်ပင် ဥပဒေနှင့်ဆန့်ကျင်ဘက်မပြုလုပ်ချေ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ တန်ခိုးတော်သည် အလွန်ကြီးကျယ်ကြောင်း၊ ထိုအရှင်သည် နေရာတိုင်း၌ တည်ရှိလျက်ရှိကြောင်းနှင့် အသေးနုပ်ဆုံးသောအရာကိုပင်လျှင် သိရှိနားလည်စောင့်ကြည့်နေကြောင်း ယုံကြည်နေသောကြောင့်ဖြစ်သည်။ ထိုယုံကြည်ချက်ကြောင့် မုစ်စလင်မ်တိုင်းသည် ဥပဒေနှင့်အညီ နေထိုင်ကြပါသည်။ ဤသို့ ယုံကြည်ခြင်းကို ကုရ်အာန်ကျမ်းတော်မြတ်က သင်ကြားလာသော စင်ကြယ်သည့်လူမှုဆိုင်ရာနေထိုင်ပုံစည်းမျဉ်းရလဒ်တစ်ရပ်အနေဖြင့် ၎င်းဘဝ၏ စံအဖြစ်မှတ်ယူထားသည်။

ဥပဒေကန့်သတ်ချက်နှင့် နယ်နမိတ်များကို ဖော်ပြခြင်းအပြင် ကုရ်အာန်ကျမ်းတော်မြတ်၏ အုပ်ချုပ်မှုစနစ်၏ ထူးခြားချက်သည် ဆွဲဆောင်ခြင်းနှင့် သတိပေးခြင်းနည်းများကိုသုံးကာ လူသား၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ၏စံကို မြှင့်တင်စေပါသည်။ သို့ဖြင့် တရားရေးဆိုင်ရာနယ်နမိတ်နှင့် ကန့်သတ်ချက်များသည် သူ့ရဲ့ ပင်ကိုယ်စရိုက်သဖွယ်ဖြစ်ကာ ပုဂ္ဂိုလ်ရေးဆန္ဒများနှင့် နှစ်သက်မှုများကို နောက်တန်းသို့ရောက်သွားစေပါသည်။ အစိုးရများ၏သမိုင်းနှင့် ရာဇဝတ်မှုများ၏ ဇယားကို နှိုက်နှိုက်ချွတ်ချွတ်လေ့လာကြည့်လျှင် ဥပဒေတစ်ခုတည်းဖြင့် မည်သည့်နိုင်ငံ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ပြုပြင်ပြောင်းလဲ၍ မရနိုင်ကြောင်း တွေ့ရလိမ့်မည်။ ရဲနှင့်စစ်တပ်တို့သည် ရာဇဝတ်မှုများ အမြစ်ပြတ်ရန် မည်သည့်အခါမျှ အောင်မြင်အောင် မစွမ်းဆောင်နိုင်ခဲ့ပါ။ လူသားများ၏ နှလုံးသားထဲသို့ အလ္လာဟ်အရှင်မြတ်၏ အထွတ်အထိပ် ကြီးကျယ်မြင့်မြတ်မှုနှင့် ကြောက်ရွံ့ရိုသေမှုနက်နက်ရှိုင်းရှိုင်း ထိုးဖောက်ဝင်ရောက်မှသာလျှင် အောင်မြင်ပေလိမ့်မည်။ စင်စစ် ပြစ်မှုများ ကျူးလွန်ခြင်းမှတားဆီးရာတွင် အထောက်အကူပြုသည်မှာ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေခြင်းနှင့် တရားစီရင်မည့်နေ့တွင် စစ်ဆေးခံရမှုကို ကြောက်ရွံ့ခြင်းသာလျှင်ဖြစ်သည်။ အကယ်၍ ထိုသို့မဟုတ်ပါလျှင် မည်သူတစ်ဦးတစ်ယောက်ကိုမဆို မည်သူကမျှ ပြစ်မှုများမှ မတားဆီးနိုင်ပါ။

V V V V V V V

အာယသ် (၂ း ၂၃၃)

وَالْوَالِدٰتُ يُرْضِعْنَ اَوْلَادَهُنَّ حَوْلَيْنِ كَامِلَيْنِ لِمَنْ اَرَادَ اَنْ
يُّتِمَّ الرَّضَاعَةَ ۭ وَعَلَى الْمَوْلُوْدِ لَهٗ رِزْقُهُنَّ وَكِسْوَتُهُنَّ بِالْمَعْرُوْفِ ۭ
لَا تُكَلَّفُ نَفْسٌ اِلَّا وُسْعَهَا ۚ لَا تُضَاۗرَّ وَالِدَةٌۢ بِوَلَدِهَا وَلَا مَوْلُوْدٌ
لَّهٗ بِوَلَدِهٖ ۚ وَعَلَى الْوَارِثِ مِثْلُ ذٰلِكَ ۚ فَاِنْ اَرَادَا فِصَالًا عَنْ
تَرَاضٍ مِّنْهُمَا وَتَشَاوُرٍ فَلَا جُنَاحَ عَلَيْهِمَا ۭ وَاِنْ اَرَدْتُّمْ اَنْ
تَسْتَرْضِعُوْٓا اَوْلَادَكُمْ فَلَا جُنَاحَ عَلَيْكُمْ اِذَا سَلَّمْتُمْ مَّآ اٰتَيْتُمْ
بِالْمَعْرُوْفِ ۭ وَاتَّقُوا اللّٰهَ وَاعْلَمُوْٓا اَنَّ اللّٰهَ بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿٢٣٣﴾

“ထို့ပြင် မိခင်တို့သည် (လင်ယောကျ်ားနှင့်ပြတ်စဲသည်ဖြစ်စေ၊ မပြတ်စဲသည်ဖြစ်စေ) မိမိတို့၏ သားသမီးများကို (၂)နှစ်တိုင်တိုင် နို့ရည်တိုက်ကျွေးကြရမည်။ (ဤအမိန့်တော်သည် ရက်ပိုင်းစေ့အောင် နို့ရည်တိုက်ကျွေးလိုသောသူတို့အဖို့ဖြစ်၏။) ထို့ပြင် (ကလေး၏)ဖခင်အပေါ်၌ (နို့ရည်တိုက်ကျွေးသော ကာလပရိစ္ဆေဒ ရက်ပိုင်းစေ့သည့်တိုင်အောင်) ထိုမိခင်တို့၏ စားနပ်ရိက္ခာနှင့်တကွ ဝတ်စားတန်ဆာကို တရားစည်းမျဉ်းနှင့်အညီ (စီမံပေးရန်)တာဝန်ရှိပေသည်။ (သို့ရာတွင်) မည်သူတစ်ဦး တစ်ယောက်မျှ မိမိတတ်စွမ်းနိုင်သည်ထက်ပို၍ တာဝန်ထမ်းဆောင်စေခြင်းကို မခံရချေ။ (သို့ဖြစ်လေရာ) မည်သည့်မိခင်မျှ မိမိသားသမီးအတွက်ကြောင့် မနစ်နာ စေရ။ မည်သည့်ဖခင်မျှလည်း မိမိသားသမီးအတွက်ကြောင့် မနစ်နာစေရ။ (သေဆုံး သည့်အခါ၌)အမွေစား အမွေခံများအပေါ်၌ ထိုကဲ့သို့ပင် (မိခင်၏ စားနပ်ရိက္ခာနှင့် ဝတ်စားတန်ဆာများကို စီမံပေးရန်)တာဝန်ရှိ၏။ ထို့နောက် အကယ်၍ မိဘနှစ်ပါးတို့သည် (ကလေး၏အကျိုးငှာ)မိမိတို့အချင်းချင်း တိုင်ပင်ဆွေးနွေး၍ နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် (နှစ်နှစ်မစေ့ရောက်မီ) နို့ဖြတ်လိုပါက (နို့ဖြတ်ပိုင်ခွင့်ရှိသည်)။ ထိုသို့ (နို့ဖြတ်သည့်အတွက်) ထိုမိဘနှစ်ပါးအပေါ်ဝယ် မည်သို့မျှ အပြစ်မရှိချေ။

**ထိုနည်းတူစွာ အကယ်၍ အသင်တို့သည် မိမိတို့၏ သားသမီးများကို (နို့ထိမ်းသည် တစ်ဦးဦးအား ငှားရမ်း၍) နို့ရည်တိုက်ကျွေးစေလိုကလည်း အသင်တို့သည် (နို့ထိမ်းသည်အား)ပေးရန်ရှိသည့် အခကြေးငွေများကို တရားစည်းကမ်းနှင့်အညီ ပေးဆပ်ခဲ့ကြသည်ရှိသော် အသင်တို့၌ မည်သို့မျှ အပြစ်မရှိချေ။ ၎င်းပြင် အသင်တို့ သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်။ ထို့ပြင် ဧကန်စင်စစ် အလ္လာဟ် အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှသောကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့ခွဲခြားသိမြင် တော်မူသောအရှင်ဖြစ်တော်မူကြောင်းကိုလည်း (ကောင်းစွာ)သိနားလည်ကြကုန်။" (၂း၂၃၃)**

## မိခင်များမှ ရင်သွေးများကို နို့တိုက်ကျွေးခြင်းနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များ

ဤအာယသ်တော်ထဲတွင် **رضاعة** (သို့) ရင်သွေးငယ်များ နို့တိုက်ကျွေးခြင်းနှင့်ပတ်သက်သော အမိန့်ပညတ်ချက်များပါဝင်သည်။ ဤအာယသ်တော်အလျင် အာယသ်တော်များထဲတွင်လည်းကောင်း၊ နောက်အာယသ်တော်များတွင်လည်းကောင်း တွလာက်ကွာရှင်းပြတ်စဲခြင်းနှင့်ပက်သက်သော အမိန့်ပညတ်ချက်များကို ပြန်ပြောင်းသတိရပါလိမ့်မည်။ ကွာရှင်းပြတ်စဲမှုအကြောင်းကြားခ် ရင်သွေးငယ်များအား နို့တိုက်ကျွေးမှုနှင့် ပတ်သက်သော အမိန့်ပညတ်ချက်များပါဝင်နေသည်။ အဘယ့်ကြောင့်ဆိုသော် ကွာရှင်းပြတ်စဲခြင်း၏နောက်တွင် ကလေးငယ်များအား ကျွေးမွေးခြင်း၊ ပြုစုပျိုးထောင်ခြင်းနှင့်ပတ်သက်သော ကိစ္စရပ်များ မကြာခဏ ပေါ်ပေါက်တတ်ပါသည်။ ဤငြင်းခုံမှုများသည် အကြမ်းဖက်မှုများဖြစ်သောကြောင့် ဤအာယသ်တော်မှ အမျိုးသားနှင့် အမျိုးသမီးနှစ်ဦးစလုံး လွယ်ကူပြည့်စုံစွာ လုပ်ဆောင်နိုင်သော အလယ်အလတ်အမိန့်ပညတ်ချက်များတင်ပြထားသည်။ လင်မယားပေါင်းသင်းစဉ်ကာလတွင်သော်လည်းကောင်း၊ ကွာရှင်းပြတ်စဲစဉ်ကာလတွင်သော်လည်းကောင်း ပေါ်ပေါက်လာနိုင်သော နို့တိုက်ကျွေးခြင်းနှင့် နို့ဖြတ်ခြင်းဆိုသည့် အခြေအနေနှစ်ရပ်အတွက် အချင်းချင်း မဖြစ်စလောက်ကိစ္စနှင့် စကားများရန်ဖြစ်ခြင်း သို့မဟုတ် တစ်ဦးနှင့်တစ်ဦး မတရားပြုမူခြင်းများ ရပ်တန့်စေရန် အထောက်အကူပြုသော စနစ်တစ်ရပ် အကြံပြုထားသည်။

ပမာဆိုသော် ဤအာယသ်၏ ပထမဝါကျမှ မိန့်ထားသည်မှာ -

**وَالْوَالِدٰتُ يُرْضِعْنَ أَوْلَادَهُنَّ حَوْلَيْنِ كَامِلَيْنِ لِمَنْ أَرَادَ أَنْ يُتِمَّ الرَّضَاعَةَ**

'ထို့ပြင် မိခင်တို့သည် မိမိတို့၏ သားသမီးများကို (၂)နှစ်တိုင်တိုင် နို့ရည်တိုက်ကျွေးကြရမည်။' ဆိုလိုသည်မှာ ထိုသတ်မှတ်ထားသောအချိန်ကာလမပြည့်မီ ခိုင်မာ၍ မလွှဲမရှောင်သာသော အကြောင်းအချို့မှအပ နို့ဖြတ်၍ မရချေ။'ရဿွာအဟ်'ခေါ် ကလေးသူငယ်များ နို့တိုက်ခြင်းနှင့်ပတ်သက်သော စည်းမျဉ်းအချို့ ဤအာယသ်တော်မှထွက်ပေါ်လာပါသည်။ ယင်းတို့မှာ ရင်သွေးငယ် နို့တိုက်ကျွေးခြင်းသည် မိခင်များ မလုပ်မနေရ တာဝန်တစ်ရပ်ဖြစ်သည်။

နို့တိုက်ကျွေးခြင်းသည် မိခင်များ၏ မပြုမနေရတာဝန်ဖြစ်သည်မှာ သဘာဝပင်ဖြစ်သည်။ အကယ်၍ သူမသည် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲနှင့်သော်လည်းကောင်း၊ မနှစ်မြို့၍သော်လည်းကောင်း ရန်လို၍ သော်လည်းကောင်း၊ နို့တိုက်ကျွေးခြင်းမရှိပါက သူမသည် ဂုနာဟ်ပြစ်မှုကျူးလွန်သူဖြစ်သွားလိမ့်မည်။ သူမသည် ခင်ပွန်းနှင့် ပေါင်းသင်းနေထိုင်သရွေ့ နို့တိုက်ကျွေးသည့်အတွက် ခင်ပွန်းထံမှ မည်သည့်အခကြေးငွေကိုမဆို လက်မခံနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ယင်းမှာသူမ၏တာဝန်ဖြစ်သောကြောင့်ပင်တည်း။

## နို့တိုက်ကျွေးခြင်း၏ အချိန်ကာလ

ဒုတိယစည်းမျဉ်းမှ နို့တိုက်ကျွေးခြင်းအချိန်ကာလနှင့်ပတ်သက်၍ ယင်းကာလမှာ (၂)နှစ်ဖြစ်သည်။ ထူးခြားသောအကြောင်းမရှိလျှင် ဤအချိန်ကာလပြီးဆုံးသည်အထိ နို့တိုက်ကျွေးခြင်းသည် ကလေးငယ်၏ ရပိုင်ခွင့်ဖြစ်သည်။

ဤစည်းမျဉ်းမှ ကျွန်ုပ်တို့သိရသည်မှာ နို့တိုက်ကျွေးရန်သတ်မှတ်ထားသော အချိန်ကာလသည် စုစုပေါင်း (၂)နှစ်တိတိပင်ဖြစ်သည်။ ထိုကာလမှကျော်လွန်၍ နို့မတိုက်သင့်ချေ။ မည်သို့ပင်ဆိုစေကာမူ ကုရ်အာန်ကျမ်းတော်မြတ်၏ အချို့သော အာယသ်တော်များအခြေခံနှင့် ဟဒီးဆ်တော်များ၏ ဆင့်ပြန်ချက်များအရ အကယ်၍ နို့တိုက်ကျွေးခြင်းကာလကို လပေါင်း(၃၀) သို့မဟုတ် (၂)နှစ်ခွဲ နို့တိုက်ခဲ့ပါလျှင် တရားဝင်နို့တိုက်ကျွေးခြင်းတွင် အကြုံးဝင်သည်။ ထို့ပြင် တရားဝင်ခွင့်ပြုချက်ဖြစ်သော ကလေးသူငယ် ချိနဲ့ခြင်းအတွက်ကြောင့် အချိန်ပိုမိုတိုက်ခဲ့ပါလျှင်လည်း အပြစ်ဂုနာဟ်မဖြစ်ပါဟု အီမာမ်အဗူဟနီဖတ်သခင်က သတ်မှတ်သည်။ သို့သော်လည်း ကလေးငယ်၏ အသက်နှစ်နှစ်ခွဲပြည့်ပြီးနောက် မိခင်နို့တိုက်ကျွေးခြင်းသည် ဟရာမ်(တားမြစ်ထားသည်)ဖြစ်သည်ဟု တညီတညွတ်တည်း ဆုံးဖြတ်ထားသည်။

ဤအာယသ်တော်၏ ဒုတိယဝါကျတွင် မိန့်ကြားထားသည်မှာ

**وَعَلَى الْمَوْلُودِ لَهُ رِزْقُهُنَّ وَكِسْوَتُهُنَّ بِالْمَعْرُوفِ ۚ لَا تُكَلَّفُ نَفْسٌ إِلَّا وُسْعَهَا**

'ထို့ပြင် ဖခင်အပေါ်၌ ထိုမိခင်တို့၏ စားနပ်ရိက္ခာနှင့်တကွ ဝတ်စားတန်ဆာကို တရားစည်းမျဉ်းနှင့်အညီ (စီမံပေးရန်)တာဝန်ရှိပေသည်။ (သို့ရာတွင်) မည်သူတစ်ဦးတစ်ယောက်မျှ မိမိတတ်စွမ်းနိုင်သည်ထက်ပို၍ တာဝန်ထမ်းဆောင်စေခြင်းကို မခံရချေ။'

ပထမအချက် သတိပြုရမည်မှာ ကုရ်အာန်ကျမ်းတော်မြတ်သည် မိခင်များအတွက် **وَالِدَاتُ** 'ဝါလိဒါ' ဟူသော စကားလုံး သုံးနှုန်းထားသည်။ ဖခင်ကိုရည်ညွှန်းရာတွင် **اَلْمَوْلُوْدٌ لَّهٗ** ၎င်းအတွက် ကလေးအား မွေးဖွားခဲ့သည်ဟု ရွေးချယ်သုံးနှုန်းထားခဲ့ပါသည်။ **والِدا** 'ဝါလိဒ်'(ဖခင်)ဟူသည့်စကားလုံးလေးကို ဤနေရာ၌ ချန်လှပ် ထားခဲ့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားနေရာ၌ ဖော်ပြထားပါသည်။ ပမာဆိုသော် ကုရ်အာန်၏ (၃၁း၃၃)တွင်လာရှိသည်မှာ **لَا يَجْزِي وَالِدٌ عَنْ وَّلَدِهٖ** 'ထိုမှတစ်ပါး အသင်တို့သည် မည်သည့်ဖခင်တစ်ဦး တစ်ယောက်မျှပင် မိမိသားအဖို့ အသုံးဝင်မည်မဟုတ်' ဟူ၍ဖြစ်သည်။ သို့သော် အာယသ်တော် (၂၃၃)ထဲတွင် ဝါလိဒ်ဟူသောစကားလုံးအစား 'အလ်မောဝ်လုသိလဟူ'သုံးနှုန်းထားခြင်း၏

နောက်ကွယ်တွင် လျှို့ဝှက်ချက်တစ်ခုရှိသည်။ ကုရ်အာန်ကျမ်းတစ်စောင်လုံးထဲတွင် တုဖက်နိုင်းယှဉ် မရသောဟန်ပန်နှင့် နည်းလမ်းတစ်ရပ်ရှိသည်။ ထို့ကြောင့် ဤကမ္ဘာလောကရှိ အစိုးရများ ဥပဒေထုတ်ပြန်သကဲ့သို့သောနည်းလမ်းနှင့်မတူပါ။ ကျမ်းတော်မြတ်သည် ထိုဥပဒေကို စာနာမှုချစ်ခင်မြတ်နိုးမှု နည်းလမ်းနှင့် တင်ပြထားသည်။ ထိုနည်းလမ်းကြောင့် လူသားအတွက် လွယ်ကူ သွားစေကာလက်ခံ၍ ယင်းနှင့်အညီ ကျင့်သုံးလိုက်နာစပြုလာသည်။

ကလေးငယ်သည် မိခင်ဖခင်နှစ်ဦးစလုံးပိုင်ဆိုင်သော်လည်း ကလေးငယ်အတွက် ကုန်ကျစရိတ်အားလုံးကို ဖခင်က ကျခံစေရန် သတ်မှတ်ထားသောကြောင့် ဤအမိန့်ပညတ်ချက်သည် ဖခင်အတွက် ဝန်ထုတ်ဝန်ပိုး တစ်မျိုးအဖြစ် မှတ်ယူသည်မှာဖြစ်နိုင်ချေရှိသည်။ ထို့ကြောင့် ဝလိဒ်(ဖခင်)ဟူသော အသုံးအနှုန်းအစား 'အလ်မောဝ်လုဒိလဟူ' (သူ့အတွက် ကလေးမွေးဖွားသည်)ဟူသော အသုံးအနှုန်းကို ဦးစားပေးထားသည်။ 'သူ့အတွက် ကလေးမွေးဖွားသည်'ဟူသော အသုံးအနှုန်းကဤနှုန်းသည်မှာ ကလေးငယ်တစ်ဦးမွေးဖွားရန် မိခင်နှင့်ဖခင် နှစ်ဦးစလုံး ပါဝင်သည်မှာ သံသယမရှိသော်လည်း ကလေးကိုမူ ဖခင်နှင့်သာ စပ်ဆိုင်စေသည်။ မျိုးရိုးစဉ်ဆက်သည် ဖခင်ဘက်မှလာသည်။ ယခုအခါ ကလေးငယ်သည် ဖခင်၏ကလေးဖြစ်၍ ကလေးငယ်၏ကုန်ကျစရိတ်များကို တာဝန်ယူမှုသည် ၎င်းအပေါ်တွင် မလေးလံသင့်ချေ။

## မိခင်နှင့် ဖခင်တို့၏ တာဝန်များ

ဤအာယသ်တော်ထဲတွင် ချမှတ်ထားသော အစ္စလာမ့်ဥပဒေ၏ တတိယစည်းမျဉ်းမှာ ကလေးငယ်နို့တိုက်ကျွေးစဉ် မိခင်၏တာဝန်အသေအချာဖြစ်သော်လည်း မိခင်၏ စားနပ်ရိက္ခာနှင့် ဘဝ၏လိုအပ်ချက်များ အားလုံးအပါဝင်တို့သည် ဖခင်၏တာဝန်ဖြစ်သည်။ ဖခင်၏ ယင်းတာဝန်သည် လက်ထပ်ပေါင်းသင်းစဉ်တွင်လည်းကောင်း၊ ကွာရှင်းပြီး၍ ဇနီး၏ အစ်ဒ်ဒတ်စောင့်ဆိုင်းကာလကုန်ဆုံးသည်အထိလည်းကောင်း တာဝန်ဆက်လက်တင်ရှိသည်။ ကွာရှင်းပြတ်စဲ၍ အစ်ဒ်ဒတ်အချိန်စေ့ရောက်ခဲ့ပြီးပါက ဇနီး၏စားစရိတ်ထောက်ပံ့ခြင်း၊ တာဝန်ကုန်ဆုံးသော်လည်း ကလေးငယ်နို့တိုက်ကျွေးမှုအတွက် အခကြေးငွေကိုမူ ဆက်လက်ထောက်ပံ့ပေးအပ်ရန် ဖခင်၌ တာဝန်ရှိသည်။ (မဇ်ဟရီ)

## ဇနီး၏ တာဝန်အဆင့်အတန်း

ခင်ပွန်းနှင့် ဇနီးနှစ်ဦးစလုံး ကြွယ်ဝချမ်းသာလျှင် နှစ်ဦးနှစ်ဝ အတူထမ်းဆောင်ရန်မှာ မပြုမနေရ တာဝန်ဖြစ်သည်။ နှစ်ဦးစလုံး ဆင်းရဲလျှင် ဆင်းရဲသည့်အလျောက် လိုက်လျောညီထွေစွာ ကုန်ကျခံရန် တာဝန်တင်ရှိသည်။ ဤသည်အထိ အများအခိုင်အမာသဘောတူညီကြသည်။ သို့သော်လည်း အကယ်၍ ဇနီးမောင်နှံနှစ်ဦး ဘဏ္ဍာရေးအခြေအနေကွာခြားခြင်းရှိပါလျှင် မုစ်လင်မ်ဓမ္မပညာရှင်များကြား၌ အကွဲအလွဲရှိကြသည်။ ဟိဒါယဟ် ကျမ်းပြုရှင် အလ်ကယ်ယ်ဘ်ဖ် စည်းမျဉ်းသတ်မှတ်ခဲ့သည်မှာ အမျိုးသမီးသည် ဆင်းရဲ၍ အမျိုးသားက ချမ်းသာလျှင် အမျိုးသမီး၏ စားရိတ်သည် ဆင်းရဲသားထက်မြင့်၍ ချမ်းသာသူထက်နိမ့်သော အလယ်အလတ်ဖြစ်ရလိမ့်မည်။ အလ်ကရ်ကီး၏အဆိုအရ ခင်ပွန်း၏အခြေအနေသည် နှိုင်းယှဉ်ဆုံးဖြတ်ချက်ချရန်အခြေအနေဖြစ်သည်။

ဖသ်ဟုလ်ကဒီရ်ကျမ်းတွင် ဤအခြေအနေအပေါ် ဓမ္မသတ်ပညာရှင်အများအပြား၏ ဖသ်ဝါများကို တင်ပြထားသည်။ (ဖသ်ဟုလ်ကဒီရ်၊ စာ-၄၂၂၊ အတွဲ-၃)

ယခုဆွေးနွေးနေသော အာယသ်တော်ထဲတွင် အမိန့်ပညတ်ချက်များမိန့်ကြားပြီးနောက် ကုရ်အာန်ကျမ်းတော်မြတ်က မိန့်သည်မှာ **لَا تُضَآرَّ وَالِدَةٌۢ بِوَلَدِهَا وَلَا مَوْلُوْدٌ لَّهٗ بِوَلَدِهٖ** 'မည်သည့်မိခင်မျှ မိမိသားသမီးအတွက်ကြောင့် မနစ်နာစေရ။ မည်သည့်ဖခင်မျှလည်း မိမိသားသမီးအတွက်ကြောင့် မနစ်နာစေရ။' ဆိုလိုသည်မှာ ကလေး၏ ဖခင်နှင့်မိခင်မှ တစ်ဦးပေါ်တစ်ဦးတားဆီး၍ အတိုက်အခံမလုပ်သင့်ချေ။ ပမာအားဖြင့် မိခင်သည် အချို့သော အကြောင်းကြောင့် ကလေးငယ်ကို နို့မတိုက်နိုင်ခဲ့လျှင် ဖခင်သည်ဇနီးကို ကလေးမိခင် ဖြစ်သောကြောင့် နောက်ဆုံး လက်လျော့ကာ ကလေးအားနို့တိုက်စေရန် မျှော်လင့်ချက်နှင့် ဇွတ်အတင်းနို့တိုက် စေခြင်း။ မိခင်ဘက်မှ အကြောင်း မရှိဘဲ နို့တိုက်ရန်ငြင်းခဲ့လျှင် ဆင်းရဲသောခင်ပွန်းသည် ဖခင်ဖြစ်သည့်အလျောက် အခြားတစ်ဦး (သို့) တစ်နေရာရာ တွင် ကလေးနို့တိုက်ရန် နည်းလမ်းရှိမည်ဟုမျှော်လင့်ချက်နှင့် ငြင်းဆန်ခြင်း တို့ဖြစ်သည်။

## မိခင်တစ်ဦး နို့တိုက်ရန်အတွက် အတင်းအကြပ်လုပ်စေခြင်း၊ မလုပ်စေခြင်း

**لَا تُضَآرَّ وَالِدَةٌۢ بِوَلَدِهَا** မည်သည့်မိခင်မျှ မိမိသားသမီးအတွက်ကြောင့် မနစ်နာစေရ'ဟူသော အာယသ်မှ ပဥ္စမစည်းမျဉ်းထုတ်နှုတ်ထားခဲ့သည်။ အထက်တွင်ဖော်ပြထားသကဲ့သို့ အချို့သောအကြောင်းကြောင့်ဖြစ်စေ၊ လိုအပ်ချက်ကြောင့်ဖြစ်စေ ကလေးကို နို့တိုက်ကျွေးရန်ငြင်းဆိုသောမိခင်ကို ဖခင်က အတင်းအကြပ် နို့တိုက်ကျွေးစေရန်မပြုရချေ။ ထို့ပြင် အကယ်၍ကလေးငယ်သည် အခြားအမျိုးသမီးထံမှ နို့တိုက်မရလျှင် (သို့) မိခင်နို့မှလွဲ၍ အခြားနို့တိုက်မရလျှင် မိခင်ကို ကလေးငယ်အား နို့တိုက်ရန် အတင်းအကြပ်ပြုရပါလိမ့်မည်။ **وَلَا مَوْلُوْدٌ لَّهٗ بِوَلَدِهٖ** 'မည်သည့်ဖခင်မျှလည်း မိမိသားသမီးအတွက်ကြောင့် မနစ်နာစေရ'ဟူသော အာယသ်တော်မှ ဤစည်းမျဉ်းကို ကျွန်ုပ်တို့သိရသည်။

## ကွာရှင်းပြတ်စဲပြီးသောအမျိုးသမီးတစ်ဦးအတွက် နို့တိုက်ကျွေးခ

ဆဋ္ဌမစည်းမျဉ်းကို ကျွန်ုပ်တို့သိရသည်မှာ အကယ်၍ မိခင်သည် ခင်ပွန်းနှင့် ပေါင်းသင်းစဉ်ကာလအတွင်း၌လည်းကောင်း၊ ကွာရှင်းပြတ်စဲပြီးနောက် အစ်ဒ်ဒတ်စောင့်ဆိုင်းကာလအတွင်း၌လည်းကောင်း နို့တိုက်ကျွေးခတောင်းဆိုခွင့်မရှိချေ။ ကလေး၏ဖခင်တာဝန်ယူထားသော သူမ၏စားဝတ်နေရေးစရိတ်နှင့်ပင်လုံလောက်ပါသည်။ ထပ်ဆောင်းအခကြေးငွေတောင်းခြင်းသည် ဖခင်ကိုနစ်နာစေပါသည်။ အကယ်၍ ကွာရှင်းပြတ်စဲပြီးစောင့်ဆိုင်းကာလကုန်ဆုံးကာ သူမအတွက် စားဝတ်နေရေးတာဝန်ယူခြင်းမှလည်း ကုန်ဆုံးသွားလျှင် အခြေအနေသည် ပြောင်းလဲသွားပါသည်။ အကယ်၍ ဤကွာရှင်းပြတ်စဲပြီးသော အမျိုးသမီးသည် သူမ၏ကလေးငယ် နို့တိုက်ခကို ကလေးဖခင်ထံမှတောင်းခံခဲ့လျှင် ပေးအပ်ရလိမ့်မည်။ ထိုသို့မပြုလုပ်လျှင် မိခင်မှာဆုံးရှုံးပါလိမ့်မည်။ သူမသည် အခြားအမျိုးသမီးတစ်ယောက်ကိုပေးရသည့် အခကြေးငွေနှင့်အညီ တောင်းခံသင့်သည်။ အကယ်၍ သူမက ပိုမိုတောင်းခံလာခဲ့လျှင် ကလေးငယ်အား နို့တိုက်ကျွေးရန် သူမအစား နို့ထိန်းသည်တစ်ယောက် ငှားရမ်းနိုင်သည့်အခွင့်အရေး ဖခင်တွင်ရှိသည်။

## မိဘမဲ့ကလေးတစ်ဦးအား နို့တိုက်ကျွေးခြင်းတာဝန်

ဤအကြောင်း အာယသ်၏နောက်ပိုင်းတွင် မိန့်ကြားထားသည်မှာ **وَعَلَى الْوَارِثِ مِثْلُ ذٰلِكَ** ဆိုလိုသည်မှာ 'အကယ်၍ ဖခင်သက်ရှိထင်ရှားမရှိပါက ကလေးငယ်နို့တိုက်ကျွေးရန်စီစဉ်ခြင်းတာဝန်ကို ကလေးငယ်၏ တရားဝင်အမွေဆက်ခံနိုင်ခွင့်ရှိသူ (ဝါရစ်သ်)နှင့် မတ်ရမ် (လက်ထပ်ခြင်းကို အမြဲတမ်း ပိတ်ပင် ထားခံရသူ တစ်ဦးဦး)အပေါ်တွင် ကျရောက်ပေလိမ့်မည်။ ဆိုလိုသည်မှာ ထိုသူများသည် အကယ်၍ ကလေးငယ် သေဆုံးက ၎င်း၏အမွေကိုဆက်ခံခွင့်ရှိသောသူများဖြစ်သည့်အလျောက် ကလေးငယ် အဖမဲ့ခဲ့လျှင် ကလေးငယ်၏ စားဝတ်နေရေးကိုလည်းထိုသူများကသာလျှင် တာဝန်ယူရမည်ဟူ၏။ အကယ်၍ အမွေဆက်ခံခွင့်ရှိသူ တစ်ဦးထက် မကရှိခဲ့လျှင် ၎င်းတို့သည် ရရှိမည့်အမွေပုံဝေစု၏အချိုးကျအတိုင်း ခွဲဝေကျခံရန်တာဝန်ရှိသည်။ အီမာမ်အဗူ ဟနီဖာဟ်က ရှင်းပြသည်မှာ မိဘမဲ့ကလေးအား နို့တိုက်ကျွေးခြင်း၏တာဝန်သည် အမွေဆက်ခံသူများက အရွယ် မရောက်သေးသောကလေး၏ စားဝတ်နေရေးကို နို့ဖြတ်ပြီးသည့်တိုင် အရွယ်ရောက်သည်အထိ ဆက်လက် ထမ်းဆောင်ရမည်။ အမွေခံများ ကလေးငယ်၏ နို့တိုက်ခြင်း တာဝန်ယူမှုမှာ အဆန်းမဟုတ်ချေ။ ကလေးငယ်၏ စားစရိတ်ကုန်ကျငွေကို ကျခံစေရန်ရည်ရွယ်ရင်းဖြစ်သည်။ ပမာဆိုသော် အကယ်၍ ဖမဲ့ကလေး၏မိခင်နှင့် အဘိုးတို့သည် အသက်ထင်ရှားရှိနေလျှင် ၎င်းတို့မှာ ကလေး၏ မတ်ရမ်နှင့် အမွေဆက်ခံသူများလည်း ဖြစ်သွားကြမည်။ ထို့ကြောင့် ကလေးငယ်၏ စားဝတ်နေရေးကို ၎င်းတို့ နှစ်ဦးက အမွေရရှိမည့်အကျိုးအဆ အတိုင်းကျခံကြရမည်။ အမေသည် (၃)ပုံ (၁)ပုံ ကျခံ၍ အဘိုးသည် (၃)ပုံ (၂)ပုံကျခံရလိမ့်မည်။ ဤသည်မှ ကျွန်ုပ်တို့ သိရှိရသည်မှာ ဖမဲ့မြေးယောကျ်ား၏အဘိုးအပေါ်မှရပိုင်ခွင့်သည် အဘိုး၏ အရွယ်ရောက်သော သားများထက်ပင်လျှင်ပိုသည်။ အဘိုးသည် အရွယ်ရောက်ပြီးသောသားများအတွက် စားဝတ်နေရေးတာဝန် မရှိသော်လည်း ဘမဲ့မြေးယောကျ်ား၏ စားဝတ်နေရေးတာဝန်မှာမူ သူ့အပေါ်တွင် မပြုမနေရ ဝါဂျိဗ် တာဝန် ရှိသည်။ သို့သော်လည်း သားများရှိစဉ် မြေးယောကျ်ားတစ်ဦးအား အမွေအဝေစုမပေးရပါ။ အဘယ့်ကြောင့် ဆိုသော် ထိုသို့ပြုလုပ်ခြင်းသည် တရားမျှတခြင်းနှင့် အမွေဆက်ခံခြင်းမူကို ဆန့်ကျင်သောကြောင့် ဖြစ်သည်။ ဖခင်တစ်ဦးသည် အနီးစပ်ဆုံး သားသမီးရှိလျက်နှင့် မြေးယောကျ်ားကို အမွေဝေစုအဖြစ်ပေးခြင်းသည် ကျိုးကြောင်း ဆီလျော်မှုမရှိချေ။ ၎င်းပြင် ဆွဟီးဟ် အလ်ဗုခါရီကျမ်းပါ ဟဒီးဆ်တော်၌ **لاولى رجل ذكر** (အနီးစပ်ဆုံးသား) ဆိုသည်နှင့်လည်း ဆန့်ကျင်သည်။ မည်သို့ဆိုစေကာမူ အဘိုးသည် ဖမဲ့မြေးယောကျ်ားအတွက် လိုအပ်သည်ဟု ယူဆလျှင် ထောက်ပံ့ရန် သေတမ်းစာပြုလုပ်နိုင်ခွင့်ရှိသည်။ ဤထောက်ပံ့မှုသည် သားများ၏အမွေ ဝေစုထက်ပင် မြင့်မားနိုင်သည်။ ဤသို့သောကြောင့် ဖမဲ့မြေးယောကျ်ားလေး၏ လိုအပ်ချက်များကို တာဝန်ယူပြီး ဖြစ်သွားကာ တစ်ချိန်တည်းမှာပင် အမွေဆက်ခံခြင်းမူဖြစ်သော အနီးစပ်ဆုံးသူရှိပါလျက် ဝေးသောသူများ အမွေ မဆက်ခံရဟူသောမူသည်လည်း တည်မြဲနေပေမည်။

## နို့ဖြတ်ခြင်းနှင့်ပတ်သက်သော အဓိန့်ပညတ်ချက်များ

ထို့နောက် အာယသ်တော်ထဲတွင် ဤအကြောင်းနှင့်ပတ်သက်၍ မိန့်ကြားထားသည်မှာ -

**فَإِنْ أَرَادَا فِصَالًا عَنْ تَرَاضٍ مِّنْهُمَا وَتَشَاوُرٍ فَلَا جُنَاحَ عَلَيْهِمَا**

ဆိုလိုသည်မှာ 'အကယ်၍ ကလေးငယ်၏ဖခင်နှင့် မိခင်တို့သည် တစ်ဦးနှင့်တစ်ဦး တိုင်ပင် ဆွေးနွေးကာ သဘောတူညီပြီး မိခင်မစွမ်းနိုင်ခြင်းကြောင့်သော်လည်းကောင်း၊ ကလေးငယ်၏ ရောဂါအချို့ကြောင့်သော်လည်းကောင်း ကလေးငယ်အား နှစ်နှစ်ထက်စောလျှင် နို့ဖြတ်မည်ဟုဆုံးဖြတ်ခဲ့ပါလျှင် အပြစ်မဖြစ်ချေ။ အချင်းချင်း တိုင်ပင်ဆွေးနွေး၍ သဘောတူညီခြင်းဟူသော အခြေအနေကို ကလေးငယ်နို့ဖြတ်ခြင်း၏ အကြောင်းပြချက်တစ်ရပ် အဖြစ်ထားမှသည် ခင်ပွန်း (သို့) ဇနီး၏ကောင်းရာကောင်းကျိုး ဦးစားပေးခြင်းဖြစ်သင့်သည်။ အချင်းချင်း ကွဲပြားမှုများနှင့် စကားများမှုတို့ကြောင့် ကလေးသူငယ်အား ဓါးစာခံအဖြစ်ထားခြင်းသည် မလိုလားဖွယ်ရာ ဖြစ်သည်။

## နို့ထိန်းသည်မှ နို့တိုက်ခြင်းနှင့်ပတ်သက်သည့်အမိန့်ပညတ်ချက်များ

အာယသ်တော်၏အဆုံးတွင် မိန့်ကြားထားသည်မှာ -

وَإِنْ أَرَدْتُّمْ أَنْ تَسْتَرْضِعُوٓا۟ أَوْلَـٰدَكُمْ فَلَا جُنَاحَ عَلَيْكُمْ
إِذَا سَلَّمْتُم مَّآ ءَاتَيْتُم بِٱلْمَعْرُوفِ

ဆိုလိုသည်မှာ 'အကယ်၍ အသင်သည် သင့်တော်လျော်ကန်သော အကြောင်းပြချက်ဖြင့် သင့်ကလေးငယ်အား မိခင်အစား နို့ထိန်းသည်တစ်ဦးဖြင့် နို့တိုက်ကျွေးရန်ဆန္ဒရှိပြီး လုပ်ဆောင်ခဲ့လျှင် အပြစ် မရှိချေ။ သို့သော်လည်း နို့ထိန်းသည်အားပေးရန် သဘောတူထားသော အခကြေးငွေကို အပြည့်အဝပေးရမည်မှာ စည်းကမ်းချက်ဖြစ်သည်။ အကယ်၍ သဘောတူညီထားသည့်အတိုင်း အခကြေးငွေမပေးခဲ့လျှင် မိဘများသည် အပြစ်ဂုနာဟ် ဖြစ်လိမ့်မည်။

ဤသည်မှ ကျွန်ုပ်တို့သိရသည်မှာ မိခင်သည် လိုလားစွာ နို့တိုက်လိုသော်လည်း ဇနီး၏နို့သည် ကလေးငယ်အတွက် ကောင်းကျိုးမဖြစ်ဟု ဖခင်ကသိသောအခါ မိခင်နို့တိုက်ကျွေးခြင်းမှ ရပ်ဆိုင်းကာ နို့ထိန်းသည်၏နို့ကို တိုက်စေရန် ဖခင်၌ အခွင့်အရေးရှိသည်။

ဤသည်မှ ကျွန်ုပ်တို့ထပ်မံသိရှိရသည်မှာ နို့တိုက်ရန် ငှားရမ်းထားသည့် အမျိုးသမီးနှင့် အခကြေး (သို့) လစာအကြောင်း ရိုးရှင်းစွာပြောဆိုသဘောတူညီထားရမည်။ သို့မှသာလျှင်နောင်တွင် အငြင်းပွားမှု မရှိနိုင်ချေ။ ထို့နောက် သဘောတူညီထားသော အခကြေးငွေကို သူမအားသတ်မှတ်ချိန်တွင်ပေးအပ်ရမည်။ ရွေ့ဆိုင်းခြင်း၊ ရှောင်တိမ်းခြင်း မလုပ်ရပါ။

'ရဿွာအဟ်'(နို့တိုက်ကျွေးခြင်း)အမိန့်ပညတ်ချက်များအားလုံးဖော်ပြပြီးသည့်နောက် ကုရ်အာန်ကျမ်းတော်မြတ် သည် ယင်း၏အထူးဟန်ပန်နှင့်ပုံစံအတိုင်း တဖန်ပြန်လည်ကျင့်သုံးကာ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေပြီး အရှင်မြတ်သည် အကြွင်းမဲ့သိမြင်တော်မူသောအရှင်ဖြစ်သည်ဟူသောခံယူချက်ဆီသို့ ဦးတည်စေပါသည်။ သို့မှသာ တရားတော်နှင့်အညီ ကျင့်သုံးခြင်းသည် လွယ်ကူသွားစေကာ မြင်နိုင်သော မမြင်နိုင်သောအခြေအနေအားလုံးတွင် တရားနှင့်အညီ တည်ရှိနေပါလိမ့်မည်။ ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်မှာ-

وَاتَّقُوا اللَّهَ وَاعْلَمُوا أَنَّ اللَّهَ بِمَا تَعْمَلُونَ بَصِيرٌ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်ကို အမြဲတစေ ကြောက်ရွံ့နေကြကုန်။ အသင်၏ မြင်သာသော၊ မမြင်သာသော သဘောနှင့် ပွင့်လင်းသော ဖုံးကွယ်ထားသောအရာအားလုံးကို အပြည့်အစုံမြင်တော်မူသောအရှင်ဖြစ်ကြောင်း အသေအချာ သိကြကုန်လော့။ ၎င်းပြင် သင်၏နှလုံးသားတွင် ဖုံးကွယ်ထားသောအားလုံးသော ရည်ရွယ်ချက်များ ကိုလည်း ထိုအရှင်သိတော်မူလေသည်။ မည်သူမဆို နှိုတိုက်ခြင်း၊ နှိုဖြတ်ခြင်းနှင့်ပတ်သက်သောအမိန့်ပညတ်ချက် များအား ဆန့်ကျင်ခြင်း (သို့) ကလေးငယ်၏ ကောင်းကျိုးကို အလေးမထားဘဲ ဆုံးဖြတ်ချက်ချခြင်းတို့အတွက် အပြစ်ပေးခြင်းခံရလိမ့်မည်။

v v v v v v v v

အာယသ် (၂ း ၂၃၄-၂၃၅)

“ထို့ပြင် အသင်တို့အနက် အကြင်သူတို့သည် ကွယ်လွန်သေဆုံးကြကုန်၏။ ထို့ပြင် ဇနီးမိန်းမများကို ချန်ရစ်ခဲ့ကြ၏။ ထိုဇနီးမိန်းမသည် (၄)လနှင့် (၁၀)ရက်တိုင်တိုင် (အိမ်ထောင်သစ်ပြုခြင်းမှ) မိမိတို့ကိုယ်ကို ဆိုင်းငံ့၍ ထားကြရမည်။

ထို့ပြင် ထိုဇနီးမိန်းမများသည် မိမိတို့၏ (အစ်ဒ်ဒတ်)သတ်မှတ်ထားသော ရက်ပိုင်းကာလ ပရိစ္ဆေဒအဆုံးသို့ရောက်ရှိသောအခါ မိမိတို့ကိုယ်ရေးနှင့်ပတ်သက်၍ တရားစည်းကမ်းနှင့်အညီ ပြုလုပ်တတ်ကြသောကိစ္စ (အိမ်ထောင်သစ်ပြုခြင်း၊ ဖီးလိမ်း ခြင်းစသည်တို့)တွင် အသင်တို့၌ တစ်စုံတစ်ရာမျှ အပြစ်မရှိချေ။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှသောကိစ္စအရပ်ရပ်ကို အကြွင်းမဲ့ ကြားသိတော်မူသော အရှင်ဖြစ်တော်မူသတည်း။” (၂း၂၃၄)

“ထို့ပြင်တစ်ဝ (‘အစ်ဒ်ဒတ်’အတွင်းရှိနေသော) မုဆိုးမများအား (ထိမ်းမြားရန်) စေ့စပ် ကြောင်းလမ်းနှင့်စပ်လျဉ်း၍ စကားရိပ်စကားမြွက်ပြောဆိုခြင်း၌

**လည်းကောင်း၊ သို့တည်းမဟုတ် (ထိမ်းမြားလိုသောဆန္ဒကို) မိမိတို့ စိတ်နှလုံးများတွင် လျှို့ဝှက်မြိုသိပ် ထားခြင်း၌လည်းကောင်း၊ အသင်တို့အပေါ် ဝယ် တစ်စုံတစ်ရာမျှ အပြစ်မရှိချေ။**

**အသင်တို့သည် မကြာမြင့်မီ ယင်းမိန်းမများ၏အကြောင်းကို ထုတ်ဖော်ပြောဆိုကြမည်ကို အလွန်ဟ်အရှင်မြတ်သည် သိပြီးဖြစ်တော်မူသည်။ သို့ရာတွင် အသင်တို့သည် (စကားရိပ်အားဖြင့်) ယဉ်ကျေးသိမ်မွေ့စွာ စကားပြောဆိုခြင်းမှအပ (ထိမ်းမြားရန်အကြောင်းနှင့်စပ်လျဉ်း၍) ထိုမိန်းမများနှင့် တီးတိုးလျှို့ဝှက်စွာမျှပင် ကတိမပြုကြကုန်လင့်။**

**ၔင်းပြင် အသင်တို့သည် (ထိုမိန်းမများအဖို့)ပြဋ္ဌာန်းပြီးဖြစ်သော (အစ်ဒ်ဒတ်) ရက်ပိုင်းကာလ ပရိစ္ဆေဒမကုန်ဆုံးမီ ထိမ်းခြားခြင်းတည်းဟူသော မင်္ဂလာအထုံးအဖွဲ့ကို အတည်မဖွဲ့ကြကုန်လင့်။ ထိုမှတစ်ပါး အသင်တို့၏စိတ်တွင် (မြိုသိပ်ထားရှိသော) အကြောင်းအရာခပ်သိမ်းတို့ကို အလွန်ဟ်အရှင်မြတ်သည် ဧကန်အမှန်သိရှိတော် မူသည်ကို ယုံကြည်မှတ်ယူကြ၍ ထိုအရှင်မြတ်အား ကြောက်ရွံ့ကြကုန်လော့။**

**ထို့ပြင် အလွန်ဟ်အရှင်မြတ်သည် (အပြစ်များမှ) အကြိမ်ကြိမ်လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသောအရှင်၊ ဆိုင်းငံ့ထောက်ထားတော်မူသော အရှင် ဖြစ်တော်မူသည်ကိုလည်း ယုံကြည်မှတ်ယူကြကုန်လော့။" (၂း၂၃၅)**

## အစ်ဒ်ဒတ် စောင့်ဆိုင်းကာလနှင့်ပတ်သက်သောအဓိန့်ပညတ်ချက်အချို့

(၁) ခင်ပွန်းသေဆုံးသွားခဲ့သောဇနီးသည် မလိုလားအပ်ဘဲ အမွှေးအကြိုင်လိမ်းခြင်း၊ မိတ်ကပ်ချယ်ခြင်း၊ စူရ်မာတားခြင်း၊ ဆီလိမ်းခြင်း၊ အလှပြင်ခြင်း၊ ဒန်းဆိုးခြင်းနှင့် တောက်ပလွန်းစွာ ဝတ်ဆင်ခြင်းတို့သည် မမှန်ကန်ချေ။ ရှေ့လာမည့် အာယသ်တော်ထဲတွင် ပါဝင်သက့်သို့ ဒုတိယမြောက်လက်ထပ်ထိမ်းမြားမည့်အကြောင်း ရှင်းလင်းပြတ်သား၍ ဒွိဟသံသယမရှိပြောဆိုခြင်းသည်လည်း မမှန်ကန်ချေ။ ဤသည်များအပြင် မိမိအိမ်မှအပ အခြားအိမ်များတွင် ညအိပ်ညနေ နေထိုင်ခြင်းသည်လည်း မမှန်ကန်ချေ။ ကျမ်းတော်မြတ်၏ 'ယသရဗ် ဗဆွန ဗိအန်ဖုစိဟင်န်' 'သူတို့ကိုယ်သူတို့ စောင့်ဆိုင်းနေရမည်ဟူသော'စာသားသည် အထက်ပါကိစ္စရပ်များကို ရှောင်ကြဉ်ခြင်းပြုနိုင်ရန်ညွှန်းထားသည်။ ဤအဓိန့်ပညတ်သည်လည်း ပြန်လည်ရုပ်သိမ်းနိုင်ခွင့်မရှိသော တွလာဂ်ပေးခံရသည့် အမျိုးသမီးများအတွက်လည်းဖြစ်ပါသည်။ မသွားမဖြစ်အခြေအနေမျိုးမရှိခဲ့လျှင် သူမသည် နေ့အချိန်အပြင်ထွက်ခြင်းသည်လည်း မမှန်ကန်ချေ။

(၂) လူအများစု သတိမမူကြသော နောက်ထပ်စည်းမျဉ်းမှာ အကယ်၍ ခင်ပွန်းသည် လဆန်းရက်ညတွင် ကွယ်လွန်ခဲ့သော် အစ်ဒ်အတ်ရက်၏လများသည် စန္ဒာလအပေါ် အခြေခံသောပြက္ခဒိန်အတိုင်း ဖြစ်ရလိမ့်မည်။

ထိုလများသည် (၂၉)ရက်ဖြစ်စေ (၃၀)ရက်ဖြစ်စေ ကွာခြားချက်မရှိချေ။ အကယ်၍ ခင်ပွန်းသည် လဆန်းရက် နောက်ပိုင်းရက်များတွင် ကွယ်လွန်ခဲ့ပါမူ အစ်ဒ်ဒတ်ရက်၏လများသည် တစ်လလျှင် ရက်(၃၀)ပြည့် ဖြစ်ရမည်။ စုစုပေါင်းရက်ပေါင်း(၁၃၀)ပြည့်ရပေမည်။

ထို့နောက် ဤစောင့်ဆိုင်းကာလလွန်မြောက်ကုန်ဆုံးပြီးလျှင် ခင်ပွန်းသေဆုံးကွယ်လွန်ပြီးနောက် စောင့်ဆိုင်းကာလလည်း တစ်ချိန်တည်းဖြစ်ပါက အစ်ဒ်ဒတ် စောင့်ဆိုင်းရသည့်ကာလလည်းပြီးလေသည်။

အမျိုးသမီးများနှင့်ပတ်သက်သော ပြောစရာတစ်ခုမှာ အမျိုးသမီးများသည် တရားစည်းကမ်းနှင့်အညီ သူတို့ပြုလုပ်သမျှတို့အတွက် အသင့်ပေါ်တွင် တစ်စုံတစ်ရာမျှအပြစ်မရှိချေ' ဤသည်မှ ကျွန်ုပ်တို့ကို သင်ခန်းစာ ပေးသည်မှာ တစ်စုံတစ်ဦးသည် ရှရီအသ်တရားတော်ကို ဆန့်ကျင်ပြုမူလျှင် အခြားသူများက ရပ်တန့်စေနိုင်စွမ်း ရှိလျှင်ဖြစ်စေ ရပ်တန့်ရန် ဩဇာအာဏာဖြင့်ပြုလုပ်နိုင်စွမ်းလျှင်ဖြစ်စေ ပြုလုပ်ရန်မှာ မပြုမနေရ ဝါဂျိဗ် တာဝန်ဖြစ်သည်။ သို့ပြုလုပ်ခဲ့ပါလျှင် မတားမြစ်သူအားလုံးသည်လည်း အပြစ်ဂုနာဟ်ထိုက်သက်သူများဖြစ်ကြမည်။ 'ဗိလ်မအ်ရုဖ်' (တရားစည်းကမ်းနှင့် အညီ (သို့) ဟူသော ဖော်ပြချက်သည် လက်ထပ်ထိမ်းမြားခြင်းမှာ တရားတော်နှင့်ညီ၍ မှန်ကန်ရလိမ့်မည်။ ရှရီအတ်တရားတော်က ခွင့်ပြုသည်နှင့်လည်း ကိုက်ညီရမည်။ လက်ထပ် ထိမ်းမြားမှု အခြေအနေအရပ်ရပ်သည် တရားတော်နှင့်အညီဖြစ်ရမည်ကို သတိချပ်ရပါမည်။

vvvvvvv

အာယသ် (၂း ၂၃၆–၂၃၇)

لَا جُنَاحَ عَلَيْكُمْ إِن طَلَّقْتُمُ النِّسَاءَ مَا لَمْ تَمَسُّوهُنَّ أَوْ
تَفْرِضُوا لَهُنَّ فَرِيضَةً وَمَتِّعُوهُنَّ عَلَى الْمُوسِعِ قَدَرُهُ وَ
عَلَى الْمُقْتِرِ قَدَرُهُ مَتَاعًا بِالْمَعْرُوفِ حَقًّا عَلَى الْمُحْسِنِينَ ﴿٢٣٦﴾
وَإِن طَلَّقْتُمُوهُنَّ مِن قَبْلِ أَن تَمَسُّوهُنَّ وَقَدْ فَرَضْتُمْ
لَهُنَّ فَرِيضَةً فَنِصْفُ مَا فَرَضْتُمْ إِلَّا أَن يَعْفُونَ أَوْ يَعْفُوَا
الَّذِي بِيَدِهِ عُقْدَةُ النِّكَاحِ ۚ وَأَن تَعْفُوا أَقْرَبُ لِلتَّقْوَىٰ ۚ وَ
لَا تَنسَوُا الْفَضْلَ بَيْنَكُمْ ۚ إِنَّ اللَّهَ بِمَا تَعْمَلُونَ بَصِيرٌ ﴿٢٣٧﴾

“အကယ်၍ အသင်တို့သည် ဇနီးမိန်းမများအား မထိတွေ့ကြမီသော်လည်းကောင်း၊ ထိုမိန်းမများအတွက် သတ်မှတ်ထားသော မဟ်ရ်ပစ္စည်း (မည်ရွေ့မည်မျှပေးမည်ဟူ၍) သတ်မှတ်ပြဋ္ဌာန်းခြင်းမပြုကြမီသော်လည်းကောင်း ကွာရှင်းပြတ်စဲခဲ့ကြပါလျှင် အသင်တို့၌ မည်သို့မျှအပြစ်မရှိချေ။ သို့ရာတွင် (ဤသို့ပြုခြင်းအားဖြင့် ယင်းမိန်းမတို့၌ နစ်နာဖွယ်ရာအကြောင်းရှိသဖြင့်) အသင်တို့သည် ထိုမိန်းမတို့အား တရားစည်းကမ်း နှင့်အညီ အကျိုးကျေးဇူးဖြစ်ထွန်းစေကြရမည်။ ဥစ္စာပစ္စည်းကုံလုံကြွယ်ဝသူအပေါ်၌ မိမိတတ်စွမ်းနိုင်သည့် အလျောက် သူဆင်းရဲအပေါ်၌လည်း မိမိတတ်စွမ်းနိုင်သည့် အလျောက် အကျိုးဖြစ်ထွန်းစေရန်တာဝန်ရှိသည်။ ဤကားကောင်းကျိုးမင်္ဂလာပွားများသောသူများအပေါ်၌ တာဝန်တစ်ရပ်ပင်ဖြစ်ပေသည်။” (၂း၂၃၆)

“တစ်ဖန် အကယ်၍ အသင်တို့သည် ထိုဇနီးမိန်းမတို့အဖို့ တစ်စုံတစ်ခုသော မဟ်ရ်ပစ္စည်းကို သတ်မှတ်အတည်ပြုခဲ့ပြီးလျှင် ထိုဇနီးမိန်းမတို့အား အသင်တို့မတွေ့မီကပင် ကွာရှင်းခဲ့ကြသည်ရှိသော် မိမိတို့သတ်မှတ်ခဲ့သော မဟ်ရ်ပစ္စည်း၏ ထက်ဝက်(ကိုသာ ပေးဆပ်ကြရမည်)ဖြစ်သည်။ သို့ရာတွင် ထိုဇနီးမိန်းမများသည် (မိမိတို့ရသင့်သော မဟ်ရ်ပစ္စည်းထက်ဝက်ကို )ခွင့်လွှတ်ကြပါမူ (ထို

**မဟ်ရ်ပစ္စည်း ထက်ဝက်ကိုပင် ပေးဆပ်ရန်လင်ယောက်ျားတို့၌ တာဝန်မရှိပေ) သို့တည်းမဟုတ် ထိမ်းမြားခြင်း၏ အနှောင်အဖွဲ့ကို ပိုင်ဆိုင်သောလင်ယောက်ျားက (မိမိ၌ ပေးဆပ်ရန် တာဝန်ရှိသော မဟ်ရ်ပစ္စည်းထက်ဝက်အပြင် မိမိပြန်လည်သိမ်းပိုက်ထားနိုင်ခွင့်ရှိသော ကျန်ထက်ဝက်ကိုပါ) ခွင့်လွှတ်(၍ မဟ်ရ်ပစ္စည်းအားလုံးကို အကျေအပွန်ပေးဆပ်ပါမူ (ပေးဆပ်နိုင်ပေသည်)။ အမှန်စင်စစ် အသင်တို့၏ ခွင့်လွှတ်ခြင်းသည် အလွှာဟ်အရှင်မြတ်အား ကြောက်ရွံ့ခြင်းတည်းဟူသော 'သက္ကဝါ'တရားနှင်ပိုမို၍ပင် နီးစပ်လှပေသည်။ ထို့ပြင် အသင်တို့သည် မိမိတို့အချင်းချင်း ကျေးဇူးပြုခြင်းကို မမေ့မလျော့ကြကုန်လင့်။ အလွှာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှသောကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့ သိတော်မူသောအရှင်ဖြစ်တော်မူသတည်း။" (၂း၂၃၇)**

## အကျယ်ဖွင့်ဆိုချက်

မဟ်ရ်ပေးကမ်းခြင်းနှင့် ဇနီးမောင်နှံ သံဝါသပြုခြင်းတို့ကို သတိချပ်လျက် ကွာရှင်းပြတ်စဲခြင်းတွင် အခြေအနေလေးရပ်ရှိပါသည်။ နှစ်မျိုးနှစ်စားနှင့်ပတ်သက်သော အမိန့်ပညတ်ချက်ကို ဤအာယသ်တော်ထဲတွင် ဖော်ပြထားသည်။ ပထမအမျိုးအစားမှာ မဟ်ရ်ကြေးငွေလည်းမသတ်မှတ်ရသော သံဝါသကိစ္စလည်းမပြုရသေးမီ ကွာရှင်းပြတ်စဲခြင်း၊ ဒုတိယမှာ မဟ်ရ်ကြေးသတ်မှတ်ပြီးသော်လည်း သံဝါသကိစ္စမပြုရသေးမီ ကွာရှင်းပြတ်စဲခြင်း၊ တတိယအမျိုးအစားမှာ မဟ်ရ်ကြေးငွေလည်းသတ်မှတ်ပြီး သံဝါသကိစ္စလည်းပြုလုပ်ပြီးသည့်နောက် ကွာရှင်းပြတ်စဲခြင်း။ ဤအမျိုးအစား၌ သတ်မှတ်ထားသော မဟ်ရ်ကြေးကို အပြည့်အဝပေးရပါမည်။ ဤအမိန့်ပညတ်ချက်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားသောနေရာများ၌လည်းပါရှိလေသည်။ စတုတ္ထအမျိုးအစားမှာ မဟ်ရ်ကြေးကြိုတင်မသတ်မှတ်ရသေးသော်လည်း သံဝါသကိစ္စပြုလုပ်ပြီးမှ ကွာရှင်းပြတ်စဲခြင်း။ ဤတွင်မဟရ်အလ်မိဆိလ် (ကွာရှင်းပြတ်စဲခြင်းခံရသည့်မိသားစုဝင်များတို့၏ အစဉ်အလာမဟ်ရ်ကြေး)ကို အပြည့်အဝပေးရပါလိမ့်မည်။ ဆိုလိုသည်မှာ အမျိုးသမီး၏ အနီးစပ်ဆုံးမိသားစုအသိုင်းအဝိုင်းတွင် ပေးလေ့ပေးထရှိသော မဟ်ရ်ကြေးငွေနှင့် တူညီရပါမည်။ ဤအမိန့်ပညတ်ချက်သည်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားအာယသ်တော်ထဲတွင် ဖော်ပြထားပါသည်။

ပထမအမျိုးအစားနှစ်ခုနှင့်ပတ်သက်သောအမိန့်ပညတ်ချက်ကို ဤအာယသ်တော်ထဲတွင် ဖော်ပြထားပါသည်။ ယင်းတို့နှစ်ခုအနက်မှ ပထမအမျိုးအစားအတွက် အမိန့်ပညတ်ချက်မှာ ကွာရှင်းပြတ်စဲပြီးသည့်နောက်တွင် မဟ်ရ်ပေးရန်မလိုသော်လည်း မိမိပိုင်ဆိုင်သည်ထဲမှအချို့ကို အမျိုးသမီးအားပေးခြင်းသည် ခင်ပွန်း၏တာဝန်ပင်ဖြစ်သည်။ အနည်းဆုံး အဝတ်အစားတစ်စုံလောက်ပေးသင့်ပါသည်။

စင်စစ် ကုရ်အာန်ကျမ်းတော်မြတ်က ဤလက်ဆောင်ပေးခြင်းအတွက် မည်၍မည်မျှဟု သတ်မှတ်မထားပါ။ သို့သော်လည်း ချမ်းသာကြွယ်ဝသူများသည် ၎င်းတို့တတ်စွမ်းနိုင်သည်နှင့်အညီပေးသင့်သည်ဟု ကုရ်အာန်ကျမ်းတော်မြတ်က ညွှန်းထားပါသည်။ ချမ်းသာကြွယ်ဝသူများသည် ဤမင်္ဂလာရှိသော အပြုအမူအတွက် မတွန့်တို

သင့်ကြောင်း ကုရ်အာန်ကျမ်းတော်မြတ်က ဖျောင်းဖျထားပါသည်။ ဤကဲ့သို့သောအခြေအနေများတွင် စိုက်ယိဒနာ ဟစန်(رضى الله عنه)သည် ကွာရှင်းခြင်းခံရသောအမျိုးသမီးအား ဒရ်ဟမ်နှစ်သောင်းပေးပါသည်။ ကာရီရူရေလ်က ဒရ်ဟမ် ငါးရာ ပေးပါသည်။ ၎င်းနောက် စိုက်ယိဒနာ အိဗ်နိအဗ္ဗားစ်(رضى الله عنه)က မိန့်တော်မူသည်မှာ ဤကဲ့သို့ကိစ္စရပ်မျိုးအတွက် အနိမ့်ဆုံး အဆင့်သည် အဝတ်အစားတစ်စုံပေးခြင်းပင်ဖြစ်သည်။ (ကုရ်တုဗီ)

ဒုတိယအခြေအနေမျိုးတွင် မင်္ဂလာမဆောင်နှင်းမီကပင် အမျိုးသမီးအတွက် မဟ်ရ်ကြေးငွေ သတ်မှတ်ခဲ့ပြီး သံဝါသကိစ္စမပြုမီ ကွာရှင်းပြတ်စဲခဲ့ပါက သတ်မှတ်ပြီးသော မဟ်ရ် ကြေးငွေ၏ထက်ဝက်ကို ယောကျ်ားက ပေးရမည်မှာ တာဝန်တစ်ရပ်ဖြစ်ပါလိမ့်မည်ဟု အမိန့်ပညတ်ပြဋ္ဌာန်းထားသည်။ သို့သော်လည်း အမျိုးသမီးက မဟ်ရ်တစ်ဝက်ပေးခြင်းကို ခွင့်လွှတ်သည်ဖြစ်စေ၊ ယောကျ်ားက မဟ်ရ်ကြေးငွေအပြည့်အဝပေးသည်ဖြစ်စေ ပြုလုပ်ခြင်းတို့သည် လွတ်လပ်စွာ ရွေးချယ်ခြင်းဖြစ်ကြောင်း အောက်ပါအာယသ်တော်က ထင်ရှားစေပါသည်။

اِلَّآ أَنْ يَّعْفُوْنَ أَوْ يَعْفُوَا الَّذِىْ بِيَدِهٖ عُقْدَةُ النِّكَاحِ ؕ

'ထိဇနီးမိန်းမများသည် (မိမိတို့ရသင့်သော မဟ်ရ်ပစ္စည်းထက်ဝက်ကို)ခွင့်လွှတ်ကြပါမူ (ထိုမဟ်ရ်ပစ္စည်း ထက်ဝက်ကိုပင် ပေးဆပ်ရန် လင်ယောကျ်ား၌ တာဝန်မရှိပေ။)' (၂း၂၃၇)

(ယာအ်ဖူ) 'ခွင့်လွှတ်ခြင်း'ဟူသောစကားလုံးကိုသုံးခြင်းဖြင့် မဟ်ရ်ငွေကြေးအပြည့်အဝပေးခြင်းကိစ္စကိုပါ အကြုံးဝင်စေခြင်းသည် အရပ်လူမျိုးတို့၏ အစဉ်အလာပြုလေ့ပြုထရှိသော မင်္ဂလာဆောင်သည်နှင့်တပြိုင်နက် မဟ်ရ်ကြေးငွေ အပြည့်အဝပေးခြင်းကို ထင်ဟပ်စေပါသည်။ သို့ဆိုပါလျှင် သံဝါသမပြုမီကွာရှင်းပြတ်စဲခြင်းပြုလုပ်ပါက လင်ယောကျ်ားသည် မဟ်ရ်ကြေးငွေတစ်ဝက်ပြန်လည်ယူထိုက်ကြောင်းဖြစ်စေပါသည်။ အကယ်၍ သူသည် သူ၏ မဟ်ရ်ကြေးငွေတစ်ဝက်ကို သူ့သဘောဆန္ဒအရ မယူခြင်းသည်လည်း ခွင့်လွှတ်ခြင်း၏အပြုအမူပင်ဖြစ်သည်။ ခွင့်လွှတ်ခြင်းအပြုအမူသည် စဝါဒ်ကုသိုလ်ရရှိစေပြီး သက္ကဝါနှင့်နီးစပ်စေသည်ဟု ကြေညာထားခဲ့ပါသည်။ သက္ကဝါဆိုသည်မှာ အလွှာဟ်အရှင်မြတ်အတွက် တာဝန်ရှိကြောင်း'ဆိုသည့်အသိရှိခြင်းပင်ဖြစ်သည်။ ထိုအရဗီစကားနှင့် တူညီသော မြန်မာစကားမရှိသောကြောင့် ဘုရားတရားကြည်ညိုခြင်းကိုသော်လည်းကောင်း၊ ကြောက်ရွံ့ရိုသေခြင်းကိုသော်လည်းကောင်း ဖြောင့်မတ်မှန်ကန်ခြင်းကိုသော်လည်းကောင်း ယေဘုယျပြန်ဆိုထားပါသည်။ ကွာရှင်းပြတ်စဲခြင်းတွင် ခွင့်လွှတ်ခြင်းသည် ထိမ်းမြားမင်္ဂလာပြုခြင်း၏ အနှောင်အဖွဲ့များကို ဖြတ်တောက်ရာ၌ သဘောထားကြီးကြီးနှင့် ကျက်သရေမင်္ဂလာ ရှိမှု ဖော်ညွှန်းသောကြောင့် ရှရီအသ်၏ ရည်မှန်းချက်နှင့်လည်း ညီညွတ်သည့်အတွက် ကြီးမားသောအကျိုးစဝါဒ်နှင့် ထိုက်တန်ပါသည်။ ခွင့်လွှတ်ခြင်းကို အမျိုးသမီးဘက်က လာသည်ဖြစ်စေ၊ အမျိုးသားဘက်ကလာသည်ဖြစ်စေ အကြောင်းမဟုတ်ပါ။

အာယသ်တော်ပါ စကားလုံးများဖြစ်သော -

أَلَّذِىْ بِيَدِهٖ عُقْدَةُ النِّكَاحِ

'သို့တည်းမဟုတ် ထိမ်းမြားခြင်း၏ အနှောင်အဖွဲ့ကို ပိုင်ဆိုင်သော လင်ယောကျ်ားက'ကို ရှင်းလင်းပြောကြားရာ၌ တမန်တော်မြတ်ကြီး(ﷺ) ကိုယ်တော်တိုင် မိန့်တော်မူသည်။

## ولی عقدة النكاح الزوج

‘လင်ယောကျ်ားသည် မင်္ဂလာဆောင်နှင်းခြင်း၏ အနှောင်အဖွဲ့ကို ထိန်းသိမ်းစောင့်ရှောက်သူဝလီဖြစ်သည်။’ ဤဟဒီးဆ်ကို ဒါရကွသ်နီကျမ်းတွင် စိုက်ယိဒနာ အိဗ်နိအဗ္ဗား စ်(**رضى الله عنه**)မှတစ်ဆင့် စိုက်ယိဒနာ အလီ (**رضى الله عنه**)မှတစ်ဆင့် ၎င်း၏အဖိုးမှတစ်ဆင့်၊ ၎င်း၏အဖေမှတစ်ဆင့်၊ အမာရ် အိဗ်နိရှုအိုဗ်က ဆင့်ပြန်ထားခဲ့ပါသည်။ (ကုရ်တုဗီ)

ဤဟဒီးဆ်တော်က သက်သေပြသည်မှာ မင်္ဂလာဆောင်နှင်းခြင်း၏ အနှောင်အဖွဲ့ကို ဆက်လက်တည်ရှိနေစေခြင်းဖြစ်စေ၊ အဆုံးသတ်စေခြင်းဖြစ်စေ အခွင့်အာဏာသည် လင်ယောကျ်ားထံမှာရှိသည်။ သူသာလျှင် ‘တွလာက်’ပြတ်စဲခြင်းကိုကြေညာနိုင်သူဖြစ်ပါသည်။ အမျိုးသမီးသည် သူမ၏ လင်ယောကျ်ားကို ပြတ်စဲနိုင်ခွင့်မရှိပါ။

vvvvvvv

## အာယသ် (၂ း ၂၃၈–၂၃၉)

حَٰفِظُوا۟ عَلَى ٱلصَّلَوَٰتِ وَٱلصَّلَوٰةِ ٱلْوُسْطَىٰ وَقُومُوا۟ لِلَّهِ
قَٰنِتِينَ ﴿٢٣٨﴾ فَإِنْ خِفْتُمْ فَرِجَالًا أَوْ رُكْبَانًا ۖ فَإِذَآ أَمِنتُمْ فَٱذْكُرُوا۟
ٱللَّهَ كَمَا عَلَّمَكُم مَّا لَمْ تَكُونُوا۟ تَعْلَمُونَ ﴿٢٣٩﴾

**“အသင်တို့သည် (ယေဘုယျအားဖြင့်)အားလုံးသော ဆွလာသ် ဝတ်ပြုခြင်းတို့ကိုလည်းကောင်း၊ (အထူးသဖြင့်) အလယ်ဖြစ်သော ‘ဆွလာသ်’ဝတ်ပြုမှုကိုလည်းကောင်း၊ ဆွလာသ်ဝတ်ပြုမှုကို စောင့်ထိန်းကြလေကုန်။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ဒေ့ရှတော်ဝယ် ဂါရဝတရားဒေ့ရှထား၍ ခဝတ်ရိုကျိုးသောသူအဖြစ်နှင့် ရပ်ကြကုန်လော့။” (၂း၂၃၈)**

**“သို့ရာတွင် အကယ်၍ အသင်တို့သည် (ရန်သူတို့၏ ဘေးရန်များကို) စိုးရိမ်မကင်း ဖြစ်ကြပါမူ ခြေလျင်ဖြစ်စေ၊ (တစ်စုံတစ်ခုသော အစီးနင်းကို) စီးနင်းလျက်ဖြစ် စေ၊ (ဖြစ်နိုင်သောနည်းဖြင့် ဆွလာသ်ဝတ်ပြုကြလေကုန်) ထို့နောက် အသင်တို့သည် ဘေးရန်ခပ်သိမ်းကင်းဝေးကြသောအခါဝယ် အသင်တို့အား အသင်တို့ မသိနားမလည်စဉ်က သင်ကြားပြသတော်မူသည့် အတိုင်း အသင်တို့သည် အလ္လာဟ် အရှင်မြတ်ကို အောက်မေ့တသ သတိရကြကုန်လော့။” (၂း၂၃၉)**

### အကျယ်ဖွင့်ဆိုခြင်း

ဟဒီးဆ်တော်အချို့အပေါ် အခြေခံ၍ အိုလမာအများစုက အလယ်ဖြစ်သော ဆွလာသ်(သို့)အလ်ဆွလာသိလ်ဝုဆ်တွာသည် အဆွရ်ဆွလာသ်ဖြစ်ကြောင်း မိန့်ကြားထားသည်။ အဘယ့်ကြောင့်ဆိုသော် အဆွရ်ဆွလာသ် အလျင်နေ့ပိုင်း၌ဝတ်ပြုသော ဖဂျိရ်နှင့် ဇုဟုရ်ဆွလာသ် (၂)ကြိမ်ရှိသည်။ ထို့ပြင် အဆွရ်ဆွလာသ်နောက်ပိုင်း ညနေတွင်ဝတ်ပြုသော မဂ်ရိဗ်နှင့်အီရှာဆွလာသ်နှစ်ကြိမ်ရှိသည်။ ဤဆွလာသ်အပေါ်၌ အထူးအလေးအနက်ထားခြင်းမှာ ယင်းအချိန်တွင် လူအတော်များများသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများ၌ အလုပ်များလျက်ရှိသောကြောင့်တည်း။

ဤအာယသ်တော်ပါ 'အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ရှေ့တော်ဝယ် ဂါရဝတရားရှေ့ထား၍ ခဝတ်ရိုကျိုးသောသူအဖြစ်နှင့် ရပ်ကြကုန်လော့'ဟူသောစကားစုသည် အရဗီစကားလုံးဖြစ်သော ကာနိသီးန်ဟူသည့် အမိန့်နာခံခြင်း (သို့) ရိုကျိုးခြင်းပင်ဖြစ်သည်။ ယင်းစကားလုံးကို ဟဒီးဆ်တော်တွင် စုကုသ်မလူပ်ရှားဘဲ ငြိမ်သက်ခြင်းကို ဖော်ညွှန်းခြင်းဟု ရှင်းလင်းဖော်ပြထားသည်။

ဤအာယသ်တော်မှတစ်ဆင့် ဆွလာသ်ဝတ်ပြုစဉ် စကားပြောခြင်းကို တားမြစ်ပိတ်ပင်ခဲ့သည်။ ဤအာယသ်တော်မကျမီက ဆွလာသ်အတွင်း စကားပြောခြင်းကို ခွင့်ပြုခဲ့သည်။ အာယသ်(၂၃၉)က အန္တရာယ်ရှိသည့် အချိန်ဆိုလိုသည်မှာ စစ်ပွဲဖြစ်ပွားစဉ် ဆွလာသ်ဝတ်ပြုသော အထူးနည်းလမ်းတစ်ရပ်ခွင့်ပြုထားခဲ့သည်။ ထိုကဲ့သို့သော အခြေအနေတွင် တစ်စုံတစ်ဦးသည် မတ်တပ်ရပ်လျက် ဆွလာသ်ဝတ်ပြုနိုင်သည်။ သို့ဝတ်ပြုစဉ် ၎င်းသည် တစ်နေရာတည်း၌ မရွေ့လျားဘဲရပ်ရမည်။ စဂျဒါဟ်ပြုလုပ်ခြင်းကို ရုကူအ်ဦးညွှတ်သည့်အနေအထားထက်ပို၍ နည်းနည်းနှိမ်၍ညွှတ်ရုံပြုလုပ်ခြင်းဖြင့် စဂျဒါဟ်ချပြီးဖြစ်သည်။ သို့သော်လည်း လမ်းလျှောက်စဉ် ဆွလာသ်ဝတ်ပြုခြင်းမပြုလုပ်ရပါ။ စစ်တိုက်ခိုက်စဉ် အထက်ပါနည်းနှင့် ဆွလာသ် ဝတ်မပြုနိုင်သောကြောင့် ထိုဆွလာသ်ဝတ်ပြုမှုကို နောက်ကျရွေ့ဆိုင်းကာ နောက်မှ ကသွာဆွလာသ်ဝတ်ပြုခြင်းကို ခွင့်ပြုသည်။

vvvvvvvv

အာယသ် (၂ း ၂၄၀-၂၄၂)

وَالَّذِينَ يُتَوَفَّوْنَ
مِنكُمْ وَيَذَرُونَ أَزْوَاجًا وَصِيَّةً لِّأَزْوَاجِهِم مَّتَاعًا إِلَى
الْحَوْلِ غَيْرَ إِخْرَاجٍ فَإِنْ خَرَجْنَ فَلَا جُنَاحَ عَلَيْكُمْ فِي مَا
فَعَلْنَ فِي أَنفُسِهِنَّ مِن مَّعْرُوفٍ وَاللَّهُ عَزِيزٌ حَكِيمٌ ﴿٢٤٠﴾
وَلِلْمُطَلَّقَاتِ مَتَاعٌ بِالْمَعْرُوفِ حَقًّا عَلَى الْمُتَّقِينَ ﴿٢٤١﴾
كَذَٰلِكَ يُبَيِّنُ اللَّهُ لَكُمْ آيَاتِهِ لَعَلَّكُمْ تَعْقِلُونَ ﴿٢٤٢﴾

**“ငင်းပြင် အသင်တို့အနက် ဇနီးမိန်းမများကို ထားရှိခဲ့၍ ကွယ်လွန်သေဆုံးကြသော သူများသည် မိမိတို့၏ဇနီးမိန်းမများအတွက်(နေအိမ်)မှ နှင်ထုတ်ခြင်းမပြုစေဘဲ တစ်နှစ်ကာလပတ်လုံး (နေထိုင်စားသောက်မှုတို့ကို) အကျိုးခံစားခွင့်ရှိစေရန်အလို့ငှာ (သေတမ်းစာရေးသား၍)မှာကြားခဲ့ကြရမည်။ သို့ရာတွင် ထိုဇနီးမိန်းမများသည် (အစ်ဒ်ဒတ်ကာလ ပရိစ္ဆေဒကုန်ဆုံးသွား သောအခါ နေအိမ်မှ)ထွက်ခွာသွားပြီး မိမိတို့ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်၍ တင့်တယ် လျောက်ပတ်သောကိစ္စတစ်ရပ်ရပ်ကိုပြုလုပ်ကြပါမူ (အို - အုပ်ထိန်းသူ အပေါင်းတို့)အသင်တို့၌ အပြစ်တစ်စုံတစ်ရာမရှိချေ။ စင်စစ်သော်ကား အလ္လာဟ် အရှင်မြတ်သည် တန်ခိုးအာနုဘော်ဖြင့် နိုင်နင်းလွှမ်းမိုးတော်မူသော အရှင် ထူးကဲသော အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသတည်း။”** (၂း၂၄၀)

**“ထိုနည်းတူစွာ ကွာရှင်းပြီးသောမိန်းမများကိုလည်း ဓလေ့ထုံးစံအတိုင်း အကျိုးခံစား စေကြရမည်။ (ဤသည်ကား)အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့သော သူတော်စင်များ (လိုက်နာဆောင်ရွက်ရမည့်)တာဝန်တစ်ရပ်ဖြစ်ပေသည်။”** (၂း၂၄၁)

**“ဤနည်းနှင်နှင် အလ္လာဟ်အရှင်မြတ်သည် မိမိအမိန့်ပညတ်တော်များကို အသင်တို့ (လိုက်နာကျင့်သုံးနိုင်ရန်)အလို့ငှာ ရှင်းလင်းထင်ရှားစွာ ထုတ်ဖော်မိန့်ကြားတော်မူလေသည်။ သို့မှသာလျှင် အသင်တို့သည် သိနားလည်ကြပေမည်။”** (၂း၂၄၂)

အာယသ်တော် (၂၃၄)မှ (၂၃၇)အထိတွင် ဖော်ပြထားခဲ့သော ကွာရှင်းပြတ်စဲခြင်းအကြောင်းအရာဆီသို့ အာယသ်တော်က ပြန်လည်ဦးတည်ထားသည်။ ဆွေလာသ်ဝတ်ပြုခြင်းအားလုံးတို့ကို ဂရုတစိုက်လုပ်ဆောင်ရမည် ဟူသည့်အမိန့်ပညတ်ချက်ပါဝင်သော အာယသ်တော်(၂၃၈)နှင့် (၂၃၉)တို့ကို ကြားတွင်ညှပ်ထည့်ထားသည်မှာ လူ့ဘဝတွင် စစ်မှန်သောအရာသည် အလွှာဟ်အရှင်မြတ်အား အမြဲမပြတ်ဦးတည်ခြင်းဖြစ်ကြောင်း သတိပေးရန် ဖြစ်သည်။ ဆွေလာသ်ဝတ်ပြုရာတွင် ဦးတည်ချက်သည် ပိုမိုပေါ်လွင်ငြားသော်လည်း လူ့ဘဝ၏ လူမှုဆက်ဆံရေး ကိစ္စရပ်များဖြစ်သည့် လက်ထပ်ထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲခြင်းတို့တွင်သာမက လူ့ဘဝတလျှောက်လုံးတွင် ကြုံတွေ့ရသော ကိစ္စရပ်အားလုံးနှင့်လည်း သက်ဆိုင်သည်။ 'အသင် လုပ်ဆောင်သမျှတွင် အလွှာဟ်အရှင်မြတ် ချမှတ်ထားသောစည်းမျဉ်း စည်းကမ်းကို လိုက်နာဆောင်ရွက်ပါလေ'ဟု အာယသ်တော်က မိန့်ကြားသည်။

အထက်ဖော်ပြပါအာယသ်တော်(၂၄၀)မှ (၂၄၂)ထိတွင် မုဆိုးမများ၏ နေထိုင်ခြင်း၊ စားဝတ်နေရေး ကိစ္စများအတွက်ပေးကမ်းခြင်းတို့အတွက် လမ်းညွှန်မှုပေးထားသည်။ ထိုကိစ္စရပ်များကို နောက်လာမည့် အကျယ်ဖွင့်ဆိုချက်တွင် ရှင်းလင်းတင်ပြထားသည်။

(၁) အမှောင်ခေတ်က မုဆိုးမတစ်ဦး၏ စောင့်ဆိုင်းကာသည် တစ်နှစ်ဖြစ်ပြီး အစ္စလာမ်သာသနာ့ခေတ်တွင် တစ်နှစ်အစား လေးလနှင့်ဆယ်ရက်ဖြစ်လာကြောင်း အာယသ်တော်(၂၃၄)အရ သိရပြီးဖြစ်သည်။ ယင်းအာယသ်က ရှင်းလင်းပြခဲ့သည်မှာ **يَتَرَبَّصْنَ بِأَنفُسِهِنَّ أَرْبَعَةَ أَشْهُرٍ وَعَشْرًا** 'ထိဇနီးမိန်းမသည် (၄)လနှင့် (၁၀)ရက်တိုင်တိုင် မိမိတို့ကိုယ်ကို ဆိုင်းငံ့၍ထားကြရမည်'ဟူ၍ဖြစ်သည်။ သို့သော်လည်း အမျိုးသမီးများအား ဤကိစ္စနှင့်ပတ်သက်၍ ခံစားခွင့်အချို့ပေးခဲ့ပါသည်။ ထိုအချိန်များတွင် အမွေဆက်ခံခွင့်အာယသ်တော်များ မကျသေးသောကြောင့် ဇနီး၏အမွေပုံဝေစုသည်လည်း မဆုံးဖြတ်ရသေးပါ။ စင်စစ် အာယသ်တော် (၂း၁၈၀) ရှင်းလင်းချက်မှ ကျွန်ုပ်တို့ သိပြီးသည်မှာ အခြားသူများ၏ရပိုင်ခွင့်များသည် သေဆုံးသူ၏ သေတမ်းစာအရသာ ဖြစ်သည်။ ထို့ကြောင့် သူမဆန္ဒရှိခဲ့လျှင် သေဆုံးသွားသော သူမခင်ပွန်း၏ အဆောက်အဦးတွင် တစ်နှစ်တိတိ နေထိုင်စေခြင်းကို ခွင့်ပြုရန်မှာ မပြုမနေရတာဝန်ဝါဂျိဗ်ဖြစ်သည်။ ဤစီစဉ်မှုအောက်တွင် သူမနေထိုင်စဉ် သူမခင်ပွန်းချန်ထားသည်များမှ စားဝတ်နေရေးဖြည့်ဆည်းရန်မှာ မလုပ်မနေရတာဝန်ပင်ဖြစ်သည်။ ဤစည်းမျဉ်း စည်းကမ်းကို ဤအာယသ်တော်တွင် ဖော်ပြထားသည်။ ခင်ပွန်းတို့အား ဤကိစ္စအတွက် သေတမ်းစာပြုလုပ်ရန် ညွှန်ကြားထားခဲ့သည်။ ဤကိစ္စသည် အမျိုးသမီး၏ အခွင့်အရေးဖြစ်၍ အခွင့်အရေးယူခြင်းမယူခြင်းမှာ သူမ၏ ရွေးချယ်မှုပင်ဖြစ်သည်။ အမွေဆက်ခံသူများက သူမအား အိမ်မှနှင်ထုတ်ခွင့်မပြုချေ။ သို့ရာတွင် သူမ၏ စိတ်ဆန္ဒအရ မနေလိုလျှင်မူ ပြုပိုင်ခွင့်ရှိ၍ အမွေဆက်ခံသူများသည် သူမအတွက်ဘာမျှပေးရန်မလိုချေ။ ထိုသို့ ဖြစ်ရန်မှာ သူမ၏ စောင့်ဆိုင်းကာလ(၄)လနှင့် (၁၀)ရက်ပြည့်ရမည်ဖြစ်သည်။ ဤအချိန်ကာလပြီးပြည့် သွားပါက သူမသည် ခင်ပွန်းအိမ်မှထွက်ခွာနိုင်ပြီး အခြားသူတစ်ဦးနှင့် နောက်ထပ်လက်ထပ်ထိမ်းမြားမှုလုပ်နိုင်သည်။ ကုရ်အာန်ကျမ်းတော်မြတ်ဖော်ပြချက်ဖြစ်သော 'သို့ရာတွင် ထိဇနီးမိန်းမများသည် (အစ်ဒ်ဒတ်ကာလ ပရိစ္ဆေဒ ကုန်ဆုံးသွားသောအခါနေအိမ်မှ)ထွက်ခွာသွားပြီး မိမိတို့ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်၍ တင့်တယ် လျောက်ပတ်သော ကိစ္စတစ်ရပ်ရပ်ကို ပြုလုပ်ကြပါမူ (အို-အုပ်ထိန်းသူအပေါင်းတို့) အသင်တို့၌ အပြစ်တစ်စုံတစ်ရာ မရှိချေ။' မည်သို့ပင်ဆိုစေကာမူ အစ်ဒ်ဒတ်စောင့်ဆိုင်းကာလတွင် ခင်ပွန်းသည်အိမ်မှ ထွက်ခွာသွားခြင်းနှင့် လက်ထပ်ထိမ်းမြားခြင်းတို့သည် အပြစ်ဂုနာဟ်ဖြစ်သည်ဟု သတ်မှတ်ကြသည်။ ထိုသို့ ဂုနာဟ်ဖြစ်ခြင်းသည် သက်ဆိုင်သူ

အမျိုးသမီးသာမကဘဲ သူမ ထိုသို့ပြုလုပ်သည်ကို တားမြစ်နိုင်ပါလျက် မတားဆီးသူများလည်း အပြစ် ဖြစ်သည်။ အမွေဆက်ခံခွင့်နှင့်ပတ်သက်သော အာယသ်တော်ကျရောက်လာသောအခါ ဤအာယသ်တော်သည် ပယ်ဖျက်ရုပ်သိမ်းခဲ့ပြီးဖြစ်သည်။ ထိုအမွေနှင့်ပတ်သက်သောအာယသ်တွင် အမျိုးသမီးသည် အိမ်နှင့်အခြား အမွေ ပစ္စည်းအရပ်ရပ်အားလုံး၏တရားတော်အရ ဝေစုကိုလက်ခံရရှိခဲ့သည်။ ဤအချက်ပေါ်မူတည်၍ အစ်ဒ်ဒတ်ရက် (၄)လ (၁၀)ရက်ပြည့်လျှင် အမျိုးသမီးသည် အိမ်၏သူမဝေစုအပိုင်းတွင်နေထိုင်ရန် ရွေးချယ်၍ အမွေပုံမှ သူမ ဝေစုကိုလည်း သုံးစွဲခွင့်ရှိသည်။

## အာယသ်(၂၄၁) ကွာရှင်းပြတ်စဲခြင်းခံရသော အမျိုးသမီးများ အကျိုးခံစားခွင့်ရထိုက်သည်

ကွာရှင်းပြတ်စဲခြင်းခံရသောအမျိုးသမီးအတွက် ရသင့်ရထိုက်သော အကျိုးခံစားခွင့် ( **مَتَاعٌ** - မသာအ်) ပေးကမ်းခြင်းကို ဤအာယသ်တော်အလျင်ကျရောက်သော အာယသ်တော်ထဲတွင် ပြောကြားခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ကွာရှင်းပြတ်စဲခြင်းခံရသော အမျိုးသမီးများကို နှစ်မျိုးနှစ်စားသတ်မှတ်ထားသည်။ ယင်းမှာ လင်မယားအရာမမြောက်မီကွာရှင်းခြင်းနှင့် လင်းမယားအရာထမြောက်ပြီးမှ ကွာရှင်းပြတ်စဲခြင်း ဟူ၍ဖြစ်သည်။ လင်မယားအရာမမြောက်မီ ကွာရှင်းပြတ်စဲခြင်းခံရသောအမျိုးသမီးအတွက် ပေးကမ်းခြင်းကို နှစ်မျိုး နှစ်စားသတ်မှတ်ထားသည်။ အကျိုးခံစားခွင့်အတွက် ပထမပေးကမ်းနည်းမှာ အဝတ်အစားတစ်စုံပေးကမ်းခြင်း ဖြစ်သည်။ အကျိုးခံစားခွင့်အတွက် ဒုတိယပေးနည်းမှာ မဟ်ရ်ဒွေတစ်ဝက်ကို ပေးခြင်းဖြစ်သည်။ ယခုအခါ လင်မယားအရာမြောက်ပြီးမှ ကွာရှင်းပြတ်စဲခြင်းခံရသောအမျိုးသမီးအား အကျိုးခံစားခွင့်ပေးကမ်းခြင်းသာ ကျန်ပါသည်။ ဤတွင် မဟ်ရ်ဒွေအား သဘောတူသတ်မှတ်ပြီးမှ ကွာရှင်းပြတ်စဲခြင်းခံရသောအမျိုးသမီးအတွက် အကျိုးခံစားခွင့် ပေးခြင်းမှာ သူမ၏ မဟ်ရ်ဒွေ အပြည့်အဝပေးခြင်းပင်ဖြစ်သည်။ မဟ်ရ်ဒွေကြိုတင်မသတ်မှတ်ရ သေးဘဲ လင်မယားအရာမြောက်ပြီးမှ ကွာရှင်းပြတ်စဲခြင်းခံရသောအမျိုးသမီးအတွက် မဟ်ရ်အလ်မစ်ဆလ် (ထိုအမျိုးသမီး၏ အနီးစပ်ဆုံး မိသားစုအသိုင်းအဝန်းတို့အား ပေးလေ့ပေးထရှိသော မဟ်ရ်ဒွေ)နှင့်အညီ ပေးကမ်းခြင်းသည် မပြုမနေရတာဝန်ဖြစ်ပါလိမ့်မည်။ အကယ်၍ ဤအာယသ်တော်ထဲတွင်သုံးနှုန်းထားသော
'အကျိုးခံစားခွင့်'ဟူသော အသုံးအနှုန်းသည် 'မဟ်ရ်'ဒွေဟု မှတ်ယူခဲ့ပါလျှင် ဤအသေးစိတ်ဖော်ပြချက်များအရ ယင်းကိုပေးခြင်းသည် မပြုမနေရတာဝန်ဖြစ်ပါသည်။ သို့သော်လည်း အကယ်၍ကျွန်ုပ်တို့သည် ( **مَتَاعٌ** - မသာအ်) ဟူသော စကားလုံးကို လက်ဆောင်တစ်စုံတစ်ခုပေးခြင်း (သို့) အဝတ်အစားတစ်စုံပေးခြင်း စသည့် တမူထူးခြားသည့် အကျိုးခံစားခွင့်ဟုမှတ်ယူခဲ့ပါလျှင် အစောပိုင်းဖော်ပြချက်များအရ တမူထူးခြားစွာ ကွာရှင်းပြတ်စဲခြင်းခံရသော အမျိုးသမီးအား ဤကဲ့သို့ပေးကမ်းခြင်းသည်လည်း မပြုမနေရတာဝန်ဖြစ်သည်။ အခြားအမျိုးအစားများတွင် ဤကဲ့သို့လုပ်ဆောင်ခြင်းသည် မုစ်သဟဗ်(သို့) နှစ်လိုဖွယ်အပြုအမူဖြစ်သည်။

၎င်းပြင် ( **مَتَاعٌ** - မသာအ်) ဟူသောစကားလုံးကို နဖကာဟ်(သို့)စားဝတ်နေရေးဟု မှတ်ယူခဲ့ပါလျှင် အစ်ဒ်ဒတ် စောင့်ဆိုင်းရမည့် ကွာရှင်းပြတ်စဲခြင်းခံရသောအမျိုးသမီးအတွက် အစ်ဒ်ဒတ်ကာလမကုန်မဆုံးမခြင်း ပေးကမ်းခြင်းမှာ မပြုမနေရတာဝန်ဖြစ်သည်။ ကွာရှင်းပြတ်စဲခြင်းသည် ပြန်လည်ရုပ်သိမ်း၍ရသည့် (**رجعى**) ရုဂျူအ်ဖြစ်စေ၊မရသည့်(**بائن**-ဗာအိန်)ဖြစ်စေ အကြောင်းမဟုတ်ပါ။ အချုပ်ဆိုရသော် ဤအာယသ်တော်သည် အရာရာတွင် အသုံးပြုနိုင်သော စကားလုံးများသုံးထားခြင်းအားဖြင့် အခြေအနေအရပ်ရပ်အားလုံးကို အကြံုးဝင်စေပါသည်။

အာယသ် (၂း ၂၄၃-၂၄၄)

**"(အို-နဗီတမန်တော်) အသင်မသိမမြင် မဆင်ခြင်မိပါသလော။ အရေအတွက်အားဖြင့် ထောင်ပေါင်းများစွာသောသူတို့သည် သေဘေးမှ လွတ်မြောက်ရန်အလို့ငှာ မိမိတို့နေအိမ်များမှ ထွက်ခွာကြသောအခါဝယ် အလ္လာဟ်အရှင်မြတ်က ယင်းသူတို့အား အသင်တို့သည် 'သေကြကုန်လော့'ဟု မိန့်ကြားတော်မူ၏။ သို့မိန့်ကြားတော်မူ (လေရာယင်းသူတို့သည် သေကြေပျက်စီးသွားကြ၏) ထို့နောက်တစ်ဖန် ထိုအရှင်မြတ်က ယင်းသူတို့ကို ရှင်ပြန်စေတော်မူခဲ့သည်။ မချွတ်မလွဲ အလ္လာဟ်အရှင်မြတ်သည် လူခပင်းတို့အပေါ်ဝယ် မုချကျေးဇူးပြုတော်မူထသောအရှင်ဖြစ်တော်မူလေသည်။ သို့ရာတွင် လူတို့အနက် မြောက်မြားစွာသောသူတို့သည် (ငါအရှင်မြတ်၏) ကျေးဇူးတော်ကို မသိတတ်ကြချေ။" (၂း၂၄၃)**

**"ထို့ပြင်တစ်ဝ အသင်တို့သည် စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ကြကုန်။ ၎င်းပြင်ဧကန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အလုံးစုံကို အကြွင်းမရှိ ကြားတော်မူသောအရှင်၊ အကြွင်းမရှိ သိတော်မူသောအရှင်ဖြစ်တော်မူသည်ကိုလည်း အသင်တို့သည် ယုံကြည်မှတ်ယူကြကုန်လော့။" (၂း၂၄၄)**

## အကျယ်ဖွင့်ဆိုချက်

ပြိုင်ဘက်ကင်းပြီး အာဝဇ္ဇမ်းရှင်သောဟန်ဖြင့် အထက်ပါအာယသ်တော် (၂၄၃-၂၄၄)နှင့် နောက်လာမည့် အာယသ်တော် (၂၄၅)တို့၌ အလ္လာဟ်အရှင်မြတ်၏လမ်းတွင် တစ်စုံတစ်ဦးသည် အသက်နှင့်ဥစ္စာပစ္စည်းများ စွန့်လွှတ်မှုနှင့်ပတ်သက်၍ လမ်းညွှန်မှုများကိုဖော်ပြထားသည်။ အကျိုးဆက်အားဖြင့် ဆက်နွယ်သော အမိန့်ပညတ်ချက်များမဖော်ပြမီ သမိုင်း၏အရေးကြီးသော အဖြစ်အပျက်တစ်ခုကို ဖော်ပြထားသည်။ ထိုကဲ့သို့ ဖော်ပြခြင်းအားဖြင့် သေဆုံးခြင်းနှင့် အသက်ရှင်ခြင်းတို့သည် အလ္လာဟ်အရှင်မြတ် ဆုံးဖြတ်တော်မူသည့်အတိုင်းသာဖြစ်ကြောင်း ထင်ရှားစေပါသည်။ 'ဂျိဟားဒ်'စစ်ပွဲတွင် ပါဝင်ဆင်နွှဲခြင်းသည် သေခြင်းတရား၏အကြောင်းရင်း

မဟုတ်ပါ။ ၎င်းပြင် သူရဲဘောကြောင်သောကြောင့် စစ်ပွဲ၌ မပါဝင်ခြင်းသည် သေခြင်းတရားကို ရှောင်ရှားရန် နည်းလမ်းမဟုတ်ပါ။

သဖိစိရ်အိဗ်နိကဆီးရ်ကျမ်းတွင် ဆွဟာဗဟ်ကြီးများနှင့် ၎င်းတို့အားဆက်ခံသူ သာဗီအီန်များ၏ ဆင့်ပြန်ချက်များအရ ဤအဖြစ်အပျက်ကို အောက်ပါအတိုင်းတင်ပြထားသည်။

ပလိပ်ရောဂါ (သို့) အခြားကပ်ရောဂါတစ်ခုခု ဖြစ်ပွားလျက်ရှိသောမြို့တစ်မြို့၌ အစ္စရာအီလ်လူမျိုးတစ်စု ရှိခဲ့သည်။ လူတစ်သောင်းခန့်ရှိသော အုပ်စုတစ်စုလုံးသည် ကြောက်ရွံ့ထိတ်လန့်ခဲ့ပါသည်။ သေဘေးကို ကြောက်ရွံ့စိုးရိမ်သောကြောင့် မြို့ကိုစွန့်ခွာထွက်ပြေးလာကာ ၎င်းတို့အားလုံးသည် တောင်နှစ်လုံးကြားရှိ လွင်ပြင်တစ်ခုသို့ သွားရောက်စခန်းချနေထိုင်ကြလေသည်။ ထွက်ပြေးရုံမျှဖြင့် သေဘေးမှ မလွတ်ကင်းနိုင်ကြောင်းကို ကမ္ဘာပေါ်ရှိ လူအများအလေးမူ သတိချပ်စေရန် အလ္လာဟ်အရှင်မြတ်သည် လွင်ပြင်၏အစွန်းနှစ်ဖက်သို့ ကောင်းကင်တမန်နှစ်ပါးစေလွှတ်ကာ စူးရှသောအသံတစ်မျိုးထုတ်လွှတ်စေ၍ လူအားလုံးတမဟုတ်ချင်း လဲကျသေဆုံးကုန်ခဲ့စေသည်။ အသက်ရှင်သူတစ်ယောက်မျှမကျန်ရစ်ခဲ့ပါ။ အနီးအနားဧရိယာအတွင်းနေထိုင်ကြသောလူများသည် ဤအဖြစ်အပျက်အကြောင်း ကြားသိကြရသောအခါ အချင်းဖြစ်နေရာသို့ အပြေးအလွှားရောက်ရှိလာကြသည်။ လူတစ်သောင်းအတွက် ကဖန်နှင့်မြုပ်နှံသင်္ဂြိုဟ်ရန်စီစဉ်ဆောင်ရွက်ရခြင်းကား လွယ်ကူသောကိစ္စမဟုတ်ချေ။ ထို့ကြောင့် ၎င်းတို့သည် သစ်ကိုင်းသစ်ခက်များဖြင့်ဝိုင်းရံကာဆီး၍ တဲကုပ်သဖွယ် ပြုလုပ်ခဲ့သည်။ အလောင်းကောင်များသည် တဲကုပ်ထဲ၌ အချိန်တန်သောအခါ ယိုယွင်း ပျက်စီးသွား၍ အရိုးများသာကျန်ရစ်လေသည်။ ကာလကြာညောင်းသောအခါ၌ ဟစ်ဇ်ကလ် (သို့) အိဇ်ကဲလ်ဟု အမည်တွင်သော ဗနီအစ္စရာအီလ်မျိုးနွယ်မှ တမန်တော်တစ်ပါးသည် ထိုနေရာကိုဖြတ်သန်းသွားခဲ့သည်။ ကာရံ ထားသော တဲကြီးအတွင်း၌ ပုံ့ကြဲနေသောလူရိုးများတွေ့ရသောအခါ တအံ့သြဖြစ်သွားသည်။

ဤလူများ၏အကြောင်းစုံကို ထိုတမန်တော်သည် ဝဟီမှတဆင့် သိရှိစေခဲ့သည်။ ဤလူများ အသက်ပြန်ရှင်စေရန်အလို့ငှာ တမန်တော် အိဇ်ကဲလ်(**عليه السلام**)သခင်သည် အလ္လာဟ်အရှင်မြတ်ထံ ဆုဒုအာပြုခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် တမန်တော်၏တောင်းဆုဒုအာကို လက်ခံတော်မူပြီးနောက် ဆွေးမြေ့နေသောအရိုးများကို အောက်ပါအတိုင်းဦးတည်ပြောစေခဲ့ပါသည်။ **ايتها العظام البالية أن الله يامرك أن تجتمعى** 'အို-ယိုယွင်းပျက်စီးနေသောအရိုးများ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား မိမွေးတိုင်းဖမွေးတိုင်း(သူအဆက်နှင့်သူ)ပြန်လည်စုစည်းကြ' ။ဤအရိုးများသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ကို တမန်တော်မှတစ်ဆင့်ကြားသိခဲ့ကြကာနာခံခဲ့ကြသည်။အသက်နှင့်ဆင်ခြင်တုံတရားကင်းမဲ့သည်ဟု တစ်ကမ္ဘာလုံးကယူဆထားသော ဤအရိုးများသည် ကမ္ဘာပေါ်ရှိ မြူမှုန်တိုင်းကဲ့သို့ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို နာခံကြပါသည်။ ၎င်းတို့သည် အာရုံများပိုင်ဆိုင်ကြ၍ ၎င်းတို့၏ ဖန်ဆင်းခံရမှုအနေအထားအရ အမိန့်နာခံနိုင်စွမ်းရှိသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ် ၏အမိန့်ကို နာခံကြသည်။ ဤအချက်ကိုပင် ကျမ်းတော်မြတ်ကုရ်အာန်က - **أَعْطَىٰ كُلَّ شَيْءٍ خَلْقَهُ ثُمَّ هَدَىٰ** (၂၀း၅၀)တွင် ညွှန်ပြထားသည်။ အာယသ်တော်သဘောမှာ အလ္လာဟ်အရှင်မြတ်သည် အရာရာတိုင်းကို ဖန်ဆင်းတော်မူ၍ ဖန်ဆင်းမှုအခြေအနေနှင့်လိုက်လျောညီထွေစွာ လမ်းညွှန်ချက်ထည့်သွင်းပေးခဲ့ပါသည်။ ကဗျာ ဆရာကြီး မော်လာနာရူမီက ထိုအကြောင်းအရာနှင့်ပတ်သက်၍ပြောသည်မှာ -

خـــاك و بادو آب و آتش بنده اند

بامن و تو مـــــرده باحق زنده اند

ဖုန်မှုန့်၊ လေ၊ ရေနှင့် မီးတို့အားလုံးသည် အဖန်ဆင်းခံများသာ ဖြစ်ကြသည်။ ကျွန်ုပ်နှင့်သင့်အတွက် သူတို့ကား အသက်မဲ့များ ဖြစ်ကြသည်။ အလ္လာဟ်အရှင်မြတ်အတွက်မူ သူတို့မှာသက်ရှိများဖြစ်ကြသည်။

ထို့ကြောင့် အမိန့်တစ်ခါပေးရုံမျှဖြင့် လူ့အရိုးစုများသည် ၎င်းတို့၏နေရာမှန်သို့ရောက်သွားကြပါသည်။ တမန်တော်အား အရိုးစုများအတွက် နောက်ထပ်အမိန့်တစ်ခု အောက်ပါအတိုင်းပေးစေခဲ့ပါသည်။

أيتها العظام إن الله يأمرك أن تكتسى لحما وعصبا وجلدا

အို-အရိုးစုများ သင်တို့အပေါ်၌ ကြွက်သားများ၊ အာရုံကြောများနှင့် အရေပြားများ ရောက်ရှိစေရန် အလ္လာဟ်အရှင်မြတ် အမိန့်ပေးတော်မူသည်။

အမိန့်ပေးပြီးလျှင်ပေးပြီးချင်း အရိုးစုများတို့သည် ပြည့်စုံသောလူသေကောင်ဖြစ်သွားခဲ့သည်။ ထိုမှတဖန် သူတို့၏ဝိညာဉ်များအားဦးတည်ပြောဆိုရန် အောက်ပါအတိုင်း အမိန့်တော် ရောက်ရှိလာသည်။

أيتها الأرواح إن الله يامرك أن ترجع كل روح
إلى الجسد الذى كانت تعمره

'အို-ဝိညာဉ်များ အသင်တို့ယခင်က တည်ရှိခဲ့သော ကိုယ်ခန္ဓာများထဲသို့ အသီးသီးပြန်လည်သွားကြရန် အလ္လာဟ်အရှင်မြတ် မိန့်တော်မူသည်။'

အမိန့်ပေးပြီးသည့်နောက်တွင် အလောင်းအားလုံးတို့သည် အသက်ရှင်မတ်တပ်ရပ်ကာ ပတ်ဝန်းကျင်ကို တအံ့တသြကြည့်ရှုခဲ့ကြလေသည်။ သူတို့အားလုံးပြောကြသည်မှာ **سبحانك لا إله إلا انت** 'အို အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည်သာလျှင် မြင့်မြတ်တော်မူသောအရှင်ဖြစ်သည်။ အရှင်မှအပ အခြား ကိုးကွယ်ရာမရှိပါ'

ဤအံ့ဘွယ်သူရဲအဖြစ်ပျက်သည် ကမ္ဘာပေါ်ရှိ အသိဉာဏ်ကြွယ်ဝသူများဖြစ်သည့် ဒဿနိကပညာရှင်များနှင့် တွေးခေါ်ရှင်များအတွက် အတွေးဉာဏ်ဖြန့်ကျက်ရန်နှင့် နောက်ဆုံးနေ့ကို ငြင်းဆိုသူများအတွက် တိကျပြတ်သားသော ငြင်းချက်ဖြစ်ရုံမျှမက ဂျိဟားဒ်စစ်ပွဲနှင့် ပလိပ်ရောဂါတို့မှသေမည်စိုး၍ ထွက်ပြေးတိမ်းရှောင်သူများအတွက်လည်း လမ်းညွှန်ချက်ဖြစ်ပါသည်။

နောက်တစ်ခုညွှန်ပြသည်မှာ အလ္လာဟ်အရှင်မြတ်အပေါ် အသေအချာယုံကြည် အီမာန်ယူသူများသည် သေဆုံးချိန်ရောက်လျှင် တစ်စက္ကန့်မျှပင်စောခြင်းလည်းကောင်း နောက်ကျခြင်းလည်းကောင်း ရွှေဆိုင်းမရနိုင်ဟူသည့် အရှင်မြတ်၏ စီမံထားမှုကိုသိရှိပြီးဖြစ်ကြသည်။ ထို့ကြောင့် ဤကဲ့သို့သေခြင်းမှ ထွက်ပြေးတိမ်းရှောင်ခြင်းသည် အချည်းနှီးဖြစ်သည်သာမက အလ္လာဟ်အရှင်မြတ်၏ မနှစ်မြို့မှုကိုလည်းဖြစ်စေပါသည်။

ဤအဖြစ်အပျက်ကို ကုရ်အာန်ကျမ်းတော်မြတ်ပါ စကားလုံးများမှတစ်ဆင့်ကြည့်ကြစို့။ အဖြစ်အပျက်ကို ပြန်လည်အောက်မေ့သတိရစေရန်အတွက် အာယသ်တော်က မိန့်ကြားသည်မှာ-

**أَلَمۡ تَرَ إِلَى ٱلَّذِينَ خَرَجُواْ مِن دِيَٰرِهِمۡ** 'အသင် မသိမမြင် မဆင်ခြင်မိပါသလော အရေအတွက်အားဖြင့် ထောင်ပေါင်းများစွာသောသူတို့သည် သေဘေးမှ လွတ်မြောက်ရန်အလို့ငှာ မိမိတို့နေအိမ်များမှ ထွက်ခွာကြသော အခါဝယ်'

ဤအဖြစ်အပျက်သည် တမန်တော်မြတ်(ﷺ) မပွင့်မီ နှစ်ပေါင်းထောင်ပေါင်းများစွာက ဖြစ်ပျက်ခဲ့ကြောင်း သတိချပ်ရပါမည်။ တမန်တော်မြတ်(ﷺ)သိမြင်နိုင်ရန်ဆိုသည်မှာ မဖြစ်နိုင်ပါ။ သို့ဆိုပါလျှင် **أَلَمۡ تَرَ** 'အသင် မသိမမြင်မိပါသလော'ဟုပြောဆိုခြင်းသည် မည်သည့်အကြောင်းကြောင့်ပါနည်း။ မည်သို့မျှ တွေးတော ဆင်ခြင်၍ မြင်နိုင်စွမ်းမရှိသော ကိုယ်တော်မြတ်ကြီးအလျှင် အစောပိုင်းကဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ ဖြစ်သော်လည်း အခြေအနေတိုင်းတို့တွင် **أَلَمۡ تَرَ** 'အသင် မသိမမြင်မိပါလော'ဟု တမန်တော်မြတ်ကြီးအား ဦးတည်ပြောကြားခြင်းကို ဋီကာရှင်များက ဖွင့်ဆိုကြသည်မှာ 'ရုဟ်ရာ'မြင်နိုင်ခြင်းဟူသော အပြုအမူသည် 'ရုဟ်ရာ အလ်ကလ်ဗ်'နှလုံးသားမှတစ်ဆင့် မြင်နိုင်ခြင်းဟူ၍ အဓိပ္ပာယ်ဖွင့်သည်။

ဆိုလိုသည်မှာ အသိဉာဏ်နှင့် ထိုးထွင်းဉာဏ်တို့ဖြင့် မြင်နိုင်သည်ဟူ၍ဖြစ်သည်။ 'အသင် မသိမမြင်မိပါသလော'ဟူသည်ကို အချို့သောနေရာများတွင် အခြားသောစကားလုံးများဖြစ်သည့် **اَلَمۡ تَعۡلَمۡ** 'အသင်မသိပါသလော'ဟူ၍ပါရှိလေသည်။ သို့ရာတွင် ဤအခြေအနေကိုဖော်ပြရန် ကျမ်းတော်မြတ်ကုရ်အာန်က **أَلَمۡ تَرَ** ဟု သုံးနှုန်းထားခြင်းတွင် အသိဉာဏ်ကြွယ်ဝပါသည်။ ဤအဖြစ်အပျက်သည် ထင်ထင်ပေါ်ပေါ်ဖြစ်ပျက်၍ သိရှိပြီး မြင်တွေ့ခဲ့သောကြောင့်ယနေ့မြင်တွေ့သကဲ့သို့ပင် သေချာပါသည်။ ထို့ကြောင့် သိမြင်ထိုက်သည်ဟု ညွှန်းပြပါသည်။ **إِلَى** အိလာ 'ဆီသို့'ဟူသော စကားလုံးကို **أَلَمۡ تَرَ** ၏နောက်တွင် ထည့်ထားခြင်းသည် ဘာသာစကားကွဲပြားခြားနားခြင်းများအပေါ် အခြေခံ၍ ဤပန်းတိုင်သို့ ညွှန်ပြ ခြင်းကို အထောက်အကူပြုစေသည်။

ဤသည်၏နောက်တွင် အစ္စရာအီလ်လူမျိုးများသည် အရေအတွက်အတော်များကြောင်းကို **وَهُمۡ أُلُوفٌ** 'ထောင်ပေါင်းမြောက်မြားစွာဟု ဖော်ညွှန်းထားပါသည်။ အရေအတွက်အတိအကျကိုမူ ဆင့်ပြန်ချက်အများအပြား ရှိခဲ့ပါသည်။ သို့ရာတွင် အရဗီဘာသာစကားစည်းမျဉ်းစည်းကမ်းအရဆိုလျှင် 'အုလူဖွန်'ဟူသောစကားလုံးသည် 'ဂျမ်အလ်ကဆီရာ'များပြားခြင်း၏ ဗဟုဝုစ်ကိန်းဖြစ်သည်။ ထိုစကားလုံးကို တစ်ဆယ်ထက်လျော့နည်းသော အရေအတွက်တွင် မသုံးပါ။ ဤအချက်က ကျွန်ုပ်တို့အားပြောပြသည်မှာ ၎င်းတို့၏အရေအတွက်သည် တစ်သောင်းထက်မနည်းသောအရေအတွက်ဖြစ်သည်။

ထို့နောက် အလ္လာဟ်အရှင်မြတ်က ၎င်းတို့အား မိန့်ကြားသည်မှာ **فَقَالَ لَهُمُ ٱللَّهُ مُوتُواْ** အသင်တို့သည် 'သေကြကုန်လော့'ဟူ၍ ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ဤအမိန့်တော်သည် တိုက်ရိုက်ပေးခြင်းဖြစ်နိုင်သကဲ့သို့ ကောင်းကင်တမန်မှ တစ်ဆင့်ပေးခြင်းလည်းဖြစ်နိုင်သည်။ အခြားအာယသ်တော် (၃၆း၈၂)
**إِذَآ أَرَادَ شَيۡـًٔا أَن يَقُولَ لَهُۥ كُن فَيَكُونُ** 'တစ်စုံတစ်ရာကို ထိုအရှင်မြတ်သည် ရည်စူးတော်မူသောအခါ ထိုအရာကိုဖြစ်စေဟု မိန့်ကြားတော်မူခြင်းမျှဖြစ်၏။ထိုအခါ ယင်းအရာသည် ဖြစ်လာလေ၏'တွင် မိန့်ကြားခဲ့သည်။

ထို့နောက် အာယသ်တော်က မိန့်ကြားသည်မှာ **إِنَّ ٱللَّهَ لَذُو فَضۡلٍ عَلَى ٱلنَّاسِ** ဆိုလိုသည်မှာ 'မုချဧကန် အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား အလွန်တရာကျေးဇူးပြုတော်မူသောအရှင်ဖြစ်တော်မူသည်' ဤကျေးဇူးပြုမှုကို ဗဟိုအစ္စရာအီလ်မျိုးနွယ်မှလူအများအား တဖန်ပြန်အသက်ရှင်စေခြင်းဖြင့် ပြသခဲ့ရုံမက

တမန်တော်မြတ်(ﷺ)သခင်၏နောက်လိုက်များအား စံပြသင်ခန်းစာဖြစ်စေရန်အတွက် ဤအဖြစ်အပျက်ကို ပြောပြခြင်းသည်လည်း ကျေးဇူးပြုမှုပင်ဖြစ်သည်။

အာယသ်တော်၏အဆုံးတွင် မေ့လျော့တတ်သောသူများအား သတိရစေရန်အတွက် မိန့်ကြားထားသည်မှာ وَلَٰكِنَّ أَكْثَرَ النَّاسِ لَا يَشْكُرُونَ 'သို့ရာတွင် လူတို့အနက် များစွာသောသူတို့သည် ကျေးဇူးတော်ကို မသိတတ်ကြချေ။' ဆိုလိုသည်မှာ လူသားတို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေးဇူးတရားနှင့် အကြင်နာတရား ပြသမှုများကို မြင်တွေ့ရသော်လည်း လူအများတို့သည် ကျေးဇူးတရားကို မသိတတ်ကြပါ။

## ဆက်စပ်သော၊ နီးနွယ်သော အမိန့်ပညတ်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများ

ဤအာယသ်တော်သည် အချို့သောအချက်အလက်များနှင့် အမိန့်ပညတ်ချက်များကို သရုပ်သကန်ပေါ်စေရန် ကျွန်ုပ်တို့အား အကူအညီပေးပါသည်။ ထိုအရာများသည် အောက်ပါအတိုင်းဖြစ်သည်။

## အလ္လာဟ်အရှင်မြတ်၏ ကြိုတင်စီမံတော်မူချက်သည် လူသား၏ အစီအမံကိုလွှမ်းမိုးသည်

အလ္လာဟ်အရှင်မြတ်၏ ကြိုတင်စီမံထားချက် 'တက္ကဒီရ်'ကို ဆန့်ကျင်ရန် မည်သည့်ကြိုးပမ်းချက်မျှ အကျိုးမသက်ရောက်ပါ။ ၎င်းပြင် မိမိ၏ဘဝ 'တက္ကဒီရ်'ကို ကယ်တင်ရန်အတွက် ဂျိဟားဟ်စစ်ပွဲမှဖြစ်စေ ပလိပ်ရောဂါကပ်ဘေးမှဖြစ်စေ၊ အခြားအလားတူအခြေအနေမှဖြစ်စေ ထွက်ပြေးတိမ်းရှောင်ခြင်းသည် အထောက်အကူမဖြစ်ပါ။ အလားတူပင် အထက်ပါများသည်လည်းသေခြင်း၏အကြောင်းတရားမဖြစ်နိုင်ပါ။ အမှန်မှာ သေခြင်းတရားသည် သတ်မှတ်ထားသောအချိန်၌သာ ကျရောက်ပါသည်။ စောလည်း မကျရောက်ပါ။ နောက်ဆိုင်းလည်းမကျရောက်ပါ။

## ကပ်ရောဂါဖြစ်ပွားရာနေရာဒေသနှင့်ဆိုင်သော စည်းကမ်းဥပဒေများ

ပလိပ်ရောဂါနှင့် ထိုသို့အလားတူရောဂါများဖြစ်ပွားသောနယ်ပယ်မှလွတ်ကင်းရာ အခြားတစ်နေရာသို့ ထွက်ပြေးတိမ်းရှောင်ခြင်းကို ခွင့်မပြုပါ။ ဤစည်းကမ်းချက်အပြင် တမန်တော်မြတ်(ﷺ) မိန့်တော်မူသကဲ့သို့ ကပ်ရောဂါ ဖြစ်ပွားနေသည့်နေရာသို့ အခြားသောသူများက သွားရောက်ခြင်းသည်လည်း မမှန်ကန်ပါ။ ဟဒီးဆ်တော်တွင် လာရှိသည်မှာ -

**أن هذا السقم عذب به الأمم قبلكم فإذا سمعتم به في الأرض فلا تدخلوها،**
**وإذا وقع بأرض وأنتم بها فلا تخرجوا فرارا**

'အလ္လာဟ်အရှင်မြတ်သည် သင့်အလျင်ကလူများကို ဤ(ပလိပ်)ရောဂါကပ်ဆိုးဖြင့် ပြစ်ဒဏ်ခတ်ခဲ့လေသည်။ ထို့ကြောင့် ဤကပ်ရောဂါသည် တစ်နေရာ၌ ပျံ့နှံ့နေသည်ဟု အသင်ကြားသိရလျှင် ထိုနေရာသို့ မသွားပါလေနှင့်။ ၎င်းပြင် အကယ်၍ ကပ်ရောဂါသည် အသင်နေထိုင်သောနေရာ၌ဖြစ်ပွားခဲ့လျှင်လည်း ထိုရောဂါဆိုးမှ ထွက်ပြေးတိမ်းရှောင်သည့်အနေဖြင့် ဤဒေသမှ မထွက်ခွာပါနှင့်။ (ဗုခါရီ၊ မုစ်လင်မ်နှင့် အိဗ်နိကဆီး၏)

သဖီစီရ်အလ်ကုရ်တုဗီတွင်လာရှိသည်မှာ တစ်ချိန်က စိုက်ယိဒနာအုမရ်(**رضى الله عنه**)သခင်သည် ဆီးရီးယားနိုင်ငံသို့ ခရီးစတင်ထွက်ခွာခဲ့ပါသည်။ ဆီးရီးယားနိုင်ငံနှင့်နယ်စပ်ဖြစ်သော သဘွတ်ခ်ဒေသအနီးတွင် ရှိသော ဆာရဂ် ဒေသသို့ရောက်သောအခါ ဆီးရီးယားတစ်နိုင်ငံလုံးသည် ပြင်းထန်ဆိုးဝါးလှသော 'ပလိပ်' ရောဂါဆိုးကြီးဖြစ်ပွားနေကြောင်းသိရှိခဲ့ရပါသည်။ ဤဖြစ်ရပ်ကို ဆီးရီးယားနိုင်ငံသမိုင်းတွင် အလွန်ဆိုးဝါးသော ကပ်ဘေးဒုက္ခကြီးဟု သတ်မှတ်ခဲ့ကြပါသည်။ ဗိုင်သုလ် မုကတ်ဒစ် အနီးတွင်တည်ရှိသော 'အမ်ဝါးစ်'အမည်ရှိမြို့က စတင်ဖြစ်ပွားကာ တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့သော ကြောင့် ဤပိပ်ရောဂါဆိုးကြီးအား 'အမ်ဝါးစ်'ဟုအမည်တွင်စေသည်။ မြောက်မြားစွာသော ဆွေဟာဗော်များနှင့် သာဗီအီးန်များ အပါအဝင် လူထောင်ပေါင်းများစွာတို့သည် ဤပလိပ်ရောဂါဆိုးကြီးကြောင့် ရှဟီဒီအဖြစ်သေဆုံးခဲ့ကြလေသည်။

စိုက်ယိဒနာ အုမာရ်(**رضى الله عنه**)သခင်ကြီးသည် ပလိပ်ရောဂါ၏ ဆိုးဝါးပြင်းထန်မှုအကြောင်း ကြားသော အခါ သူရောက်ရှိနေသောနေရာတွင်နေထိုင်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ၎င်းနောက် ယခုကဲ့သို့သောအချိန်မျိုးတွင် ဆီးရီးယားနိုင်ငံအတွင်းသို့ ဝင်သင့်မဝင်သင့် (သို့) နောက်ကြောင်းပြန်သင့်၊မသင့်ကို ဆွေဟာဗော်ကြီးများ (**رضى الله عنهم اجمعين**)နှင့်တိုင်ပင်ဆွေးနွေးကာ အကြံဉာဏ်တောင်းခံခဲ့ပါသည်။ ထိုဆွေးနွေးချိန် တွင် ပါဝင်ခဲ့သော ဆွေဟာဗော်သာဝကကြီးများတစ်ဦးတစ်ယောက်မျှ တမန်တော်မြတ်(ﷺ)သခင်ထံမှ ယင်းကိစ္စနှင့် ပတ်သက်သောလမ်းညွှန်မှုကိုမသိရှိခဲ့ရသေးပေ။နောက်တွင်မှ စိုက်ယိဒနာအဗ်ဒုလ်ရဟ်မာန်ဗင်အောက်ဖ် (**رضى الله عنه**)သခင်က အောက်ဖော်ပြပါအတိုင်း ဆင့်ပြန်ခဲ့သည်။

الله صلى الله عليه وسلم ذكر الوجع إن رسول
ز عذاب عذب به الأمم ثم بقى منه فقال: رج
ـب المرة ويأتى الأخرى فمن سمع بقية فيذه
فلا يقد من عليه ومن كان بأرض وقع بـه بأرض ف
ج فرارا منها بها فلا يخر

"(ပလိပ်)ရောဂါဆိုးကို ရည်ညွှန်းကာ တမန်တော်မြတ်(ﷺ)သခင်က မိန့်ကြားသည်မှာ ဤဖြစ်ရပ်သည် အပြစ်ပေးသည့်အနေဖြင့် လူအချို့အားကပ်ဘေးသက်ရောက်စေခဲ့ပါသည်။ နောက်တွင် ဤရောဂါဆိုးအချို့ ကျန်ရစ်ခဲ့ပါသည်။ ဤကျန်ရစ်သောရောဂါဆိုးသည် အချိန်အတော်ကြာ ပျောက်ကွယ်သွားပြီး နောက်တစ်ဖန် ပြန်လည်ဖြစ်သွားပါသည်။ ထို့ကြောင့်နေရာဒေသအချို့တွင် ပလိပ်ရောဂါဖြစ်ပွားနေသည်ဟု ကြားသိရသော သူသည် ထိုနေရာသို့မသွားသင့်ပါ။ ၎င်းပြင် ထိုဖြစ်ပွားရာနေရာ၌ရှိနေသောသူသည်လည်း ပလိပ်ရောဂါဆိုးကြီးမှ ထွက်ပြေးသည့်အနေဖြင့် ထိုနေရာမှ မထွက်ခွာသင့်ပါ။" (အလ်ဗုခါရီနှင့် အခြားကျမ်းများ)

စိုက်ယိဒနာအုမရ်(**رضى الله عنه**)သခင် ဤဟဒီးဆ်တော်ကိုကြားသိရသောအခါ သူ၏လူများအား နောက်ကြောင်းသို့ပြန်ရန် အမိန့်ပေးခဲ့ပါသည်။ ထိုအချိန်တွင် ဆီးရီးယားနိုင်ငံ၏အုပ်ချုပ်ရေးမှူး စိုက်ယိဒနာ

အဗူအုဗိုင်ဒါဟ်(**رضى الله عنه**)သခင်လည်းရှိနေပါသည်။ စိုက်ယိဒိနာအုမရ်(**رضى الله عنه**)သခင်၏ အမိန့်များကို သတိမူ မိသောအခါ အဗူအုဗိုင်ဒါဟ်က မှတ်ချက်ပြုခဲ့သည်မှာ **أفرار امـــن قدر الله** 'အသင်သည် အလ္လာဟ်အရှင်မြတ်၏ သတ်မှတ်ချက်မှ ထွက်ပြေးချင်ပါသလား။' စိုက်ယိဒိနာ အုမရ်(**رضى الله عنه**)သခင်က ပြန်လည်ဖြေကြားသည်မှာ 'အို-အဗူအုဗိုင်ဒါဟ် (ﷺ)ဤကဲ့သို့သောမှတ်ချက်ကို အသင်မဟုတ်ဘဲ အခြားတစ်စုံတစ်ယောက်ပြောပါစေဟု ကျွန်ုပ်ဆန္ဒပြုပါသည်' ဆိုလိုရင်းမှာ (ဤကဲ့သို့သောမှတ်ချက်မျိုးကို အသင်ကဲ့သို့သောသူက ပေးခြင်းသည် မုချကေန် အံ့သြဖွယ်ရာဖြစ်ပါသည်။) ထို့နောက် အုမရ် (**رضى الله عنه**)သခင်က ဆက်လက်ပြောကြားသည်မှာ **نعم نفر من قدر الله إلى قدر الله** 'ဟုတ်ပါသည်၊ ကျွန်ုပ်တို့သည် အလ္လာဟ်အရှင်မြတ်၏ စီရင်ပြဋ္ဌာန်းချက်တစ်ခုမှ နောက်အလ္လာဟ်အရှင်မြတ် စီရင်ပြဋ္ဌာန်းချက်တစ်ခုစီသို့ ထွက်ပြေးခြင်းမျှသာဖြစ်ပါသည်။' ဆိုလိုသည့် အဓိပ္ပာယ်မှာ ကျွန်ုပ်တို့ပြုလုပ်သမျှတို့သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုကျိုးသည့်အနေဖြင့် ပြုလုပ်နေခြင်းသာဖြစ်ပါသည်။ ထို့ပြင် အလ္လာဟ်အရှင်မြတ်၏တမန်တော်က ကျွန်ုပ်တို့အား ရှင်းလင်းပြသခဲ့သည့် အလ္လာဟ်အရှင်မြတ် အမိန့်တော်အတိုင်းသာ ပြုလုပ်နေခြင်းဖြစ်သည်။

ပလိပ်ရောဂါနှင့်ပတ်သက်၍ တမန်တော်မြတ်(ﷺ)၏ အဆိုအမိန့်များတွင် ကြီးကျယ်သောအသိပညာရပ်များပါဝင်ပါသည်။ အထက်ဖော်ပြပါဟဒီးဆ်နှင့်လိုက်လျောညီစွာ ကျွန်ုပ်တို့သိရသည်မှာ ပလိပ်ရောဂါဖြစ်စေ၊ အလားတူရောဂါဆိုးများဖြစ်စေ၊ ဖြစ်ပွားနေသောနေရာသို့ အပြင်လူများဝင်ရောက်ခြင်းကို တားမြစ်ကြောင်းနှင့် ဖြစ်ပွားရာနေရာတွင်နေထိုင်သောသူများအား ၎င်းတို့၏အသက်ကယ်တင်ရန်အလို့ငှာ ထိုနေရာမှ ထွက်ပြေးတိမ်းရှောင်ခြင်းကိုလည်းတားမြစ်ကြောင်းတို့ဖြစ်ပါသည်။

ဤစည်းမျဉ်းဥပဒေအပြင် အခြေခံကျသောအစွလာမ်ယုံကြည်ချက်မှာ တစ်နေရာသို့သွားခြင်းကြောင့် သေခြင်း၏အကြောင်းတရားမဖြစ်သကဲ့သို့ တစ်နေရာမှထွက်ပြေးတိမ်းရှောင်ခြင်းကြောင့် သေခြင်းတရားမှ လွတ်မြောက်ခြင်းအကြောင်းမဟုတ်ပါ။ အစ္စလာမ်၏ ဤအရေးကြီးအခြေခံကျသော ယုံကြည်ချက်ကို မျက်ခြည်မပြတ်ထားခဲ့လျှင် ပေးခဲ့သော ညွှန်ကြားချက်သည် အလွန်အမြင်ကျယ်ပြီးအသိဉာဏ်ကြွယ်ဝမှုအပေါ် အခြေခံကြောင်းကိုတွေ့နိုင်ပါသည်။

(၁) ပလိပ်ရောဂါဖြစ်ပွားနေသောနေရာဒေသသို့ အပြင်လူများသွားရောက်ခြင်းကို တားမြစ်ခြင်းတွင်ရှိသော အသိဉာဏ်၏ ပထမအသွင်ကိုကြည့်ရှုကြပါစို့။ တစ်စုံတစ်ဦးသည် သူနောက်ဆုံးနေထိုင်ရမည့်သက်တမ်း အကြွင်းအကျန်နှစ်များရှိနေပေလိမ့်မည်။ ၎င်းပြင် သူသည် ဤရောဂါကြောင့်သေဆုံးခဲ့ပါလျှင် သူ မသေဆုံးမီအချိန်တစ်ချိန်၌ အကယ်၍ ဤနေရာဒေသသို့မလာရောက်ခဲ့ပါလျှင် သူအသက်ရှင်ကောင်းရှင်နေနိုင်ပါလိမ့်မည်ဟု အတွေးပေးပေါက်ကောင်း ပေါ်ပေါက်ပါလိမ့်မည်။ သူတွင်မက အခြားသူများကလည်း သူ ဤနေရာ လာရောက်ခဲ့သည့်အတွက် သေဆုံးသွားကြောင်း တွေးတောကောင်း တွေးတောပါလိမ့်မည်။ သို့သော် ဖြစ်ပျက်သမျှ အဘယ်အရာမဆို ကြိုတင်ပြဋ္ဌာန်းခဲ့သည့်အတိုင်းသာဖြစ်ရသည်။ သူ့အသက်သည် ထို့ထက်မပိုနိုင်ပါ။ သူအဘယ်နေရာဌာနတွင်နေသည်ဖြစ်စေ၊ ထိုသတ်မှတ်ထားသောအချိန်တွင် သေခြင်းတရားနှင့်တွေ့ရပါမည်။ ဤညွှန်ကြားချက်ကြောင့် မုစ်လင်မ်တို့၏ယုံကြည်ချက်သည် မပြတ်မသားမရှိကြောင်းကို သတိမူမိပါလိမ့်မည်။ သို့မဟုတ်ပါက သူတို့သည် နားလည်မှုလွဲမှားသောသူများဖြစ်ကြပါလိမ့်မည်။

(၂) အသိဉာဏ်၏ဒုတိယအသွင်သည် အလ္လာဟ်အရှင်မြတ်၏လမ်းညွှန်ချက်ကိုပြောပြပါသည်။ ယင်းမှာ လူသားသည် မိမိအားအန္တရာယ်ဘေးဒုက္ခဖြစ်စေမည် (သို့မဟုတ်) သတ်ဖြတ်ခြင်းခံရမည့်နေရာဌာနသို့ မသွားသင့်ကြောင်းပင်ဖြစ်သည်။ တကယ်တမ်းဆိုလျှင် ဘေးဒုက္ခအန္တရာယ် (သို့) သေဆုံးခြင်းကိုဖြစ်စေသော အရာအားလုံးတို့မှ အစွမ်းကုန်ရှောင်ရှားသင့်သည်။ သို့သာမက လူတိုင်းအပေါ်၌ မိမိအသက်ကို ကယ်တင်နိုင်စေရန် ဤညွှန်ကြားချက်ကို အမြဲအတည်ဖြစ်စေပါသည်။ ဤစည်းကမ်းချက်အရဆိုလျှင် တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်၏အမိန့်ပညတ်ချက်အပေါ် လုံးလုံးလျားလျား ယုံကြည်အားထားပြီး မေ့လျော့မှုတစ်ခုတစ်လေမျှမကျန်စေရဘဲ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများအားလုံး ပြုလုပ်သင့်ပေသည်။ ကြိုတင်ပြင်ဆင်မှုများထဲမှတစ်ခုမှာ ၎င်း၏အသက်အန္တရာယ်ရှိနိုင်သည့် နေရာဒေသသို့မသွားသင့်ကြောင်းပင်ဖြစ်သည်။

အလားတူစွာ ပလိပ်ရောဂါဖြစ်ပွားနေသောဒေသတွင်ရှိနေသောသူများသည် သူတို့အသက်ဆုံးရှုံးမည်ကို ကြောက်ရွံ့ခြင်းဖြင့် ထွက်ပြေးတိမ်းရှောင်မှုမလုပ်သင့်ဟူသော ညွှန်ကြားချက်တွင်လည်း အကျိုးကျေးဇူးများ ရှိသည်။

(က) အသိဉာဏ်ရှိသော ပထမအကြံပြုချက်တွင် လူမှုဆက်ဆံရေးနှင့် ပေါင်းသင်းလုပ်ဆောင်မှု သဘောသဘာဝပါဝင်ပါသည်။ ပမာဆိုသော် ဤကဲ့သို့ အထိတ်တလန့်ထွက်ပြေးတိမ်းရှောင်ခြင်းသည် ကူးစက်ပျံ့နှံ့သွားပါက ထိုဒေသတွင်ရှိသော ဥစ္စာဓနကြွယ်ဝသူများနှင့် ဩဇာအာဏာရှိသောသူများသည် မုချဧကန်ထွက်ပြေး ကြပါလိမ့်မည်။ သို့ဆိုပါလျှင် ထွက်ပြေးနိုင်စွမ်းမရှိသောသူများအတွက် အဘယ်ကဲ့သို့ဖြစ်ပါလိမ့်မည်နည်း။ စပြောရမည်ဆိုလျှင် ချန်ထားခြင်းခံရသောကြောင့် သူတို့အားလုံးတို့သည် သေလုနီးပါးကြောက်ရွံ့ကြ၊ ထိတ်လန့်ကြ ပါလိမ့်မည်။ ထို့ပြင် ယင်းတို့အထဲတွင် ရောဂါဖိစီးခြင်းခံရသူများလည်း ရှိနေကြပါလိမ့်မည်။ ၎င်းတို့ကို မည်သူလာ၍ ပြုစုပါမည်နည်း။

အကယ်၍ သူတို့သေဆုံးသွားကြပါက မည်သူက ၎င်းတို့အား မြုပ်နှံသင်္ဂြိုဟ်ခြင်းကိစ္စကို စီမံဆောင်ရွက်မည်နည်း။

(ခ) အသိဉာဏ်ရှိသော ဒုတိယအကြံပြုချက်ကပြောသည်မှာ ထိုဒေသတွင်ရှိသောလူအချို့တို့တွင် ရောဂါပိုးများဝင်ရောက်နေပြီးဖြစ်ပါလိမ့်မည်။ အကယ်၍ သူတို့သည် ထိုအခြေအနေဖြင့် ခရီးသွားပါက အမျိုးစုံသော အခက်အခဲတို့ကြောင့် ရောဂါသည် ပိုဆိုးလာနိုင်သည်။ အကယ်၍ ခရီးသွားနေစဉ်အတွင်း သူတို့ရောဂါပိုမိုဖိစီးလာပါက သူတို့မည်ကဲ့သို့ဖြစ်မည်ကို မည်သူမျှမသိနိုင်ပါ။ ပညာရှင်များ၏အဆိုအမိန့်ကို အိဗ်နိအလ်မဒနီက အောက်ပါတိုင်း ကိုးကားထားပါသည်။

**مافر أحدمن الوباءفسلم**

'ကပ်ရောဂါဘေးမှထွက်ပြေးသောသူသည် အန္တရာယ်မှ ဘယ်သောအခါမျှ မလွတ်မြောက်ပါ။' (ကုရ်တုဗီ)

(ဂ) အသိဉာဏ်ရှိသောတတိယအကြံပြုချက်တွင် ရောဂါပိုးမွှားများ ကူးစက်ခြင်းခံရသောသူများသည် သူတို့ အဘယ်အရပ်သို့သွားသွား၊ သူတို့၏ ခန္ဓာကိုယ်ထဲ၌ ရောဂါပိုးများ ရှိနေပြီး ပျံ့နှံ့သွားစေနိုင်ပါသည်။ အကယ်၍ ယင်းတို့သည် ယုံကြည်မှု၊ သည်းခံမှုတို့ဖြင့် ဖြစ်ပွားသောနေရာတွင်နေထိုင်ခဲ့ပါလျှင် ထိုရောဂါမှ ပျောက်ကင်း ကောင်း ပျောက်ကင်းနိုင်ပါလိမ့်မည်။ ဟဒီးဆ်တော်ထဲတွင် ညွှန်ပြခဲ့သည့်အတိုင်း အကယ်၍

ဤရောဂါဖြင့် သေဆုံးမည်ဟု ကြိုတင်စီမံထားသည့်အတိုင်းသေဆုံးခဲ့ပါလျှင် ၎င်းတို့၏ သည်းခံခြင်းနှင့် ဇွဲလုံ့လတို့ကြောင့် သူတို့သည် ရှဟာဒဟ်(သူရဲကောင်း)ဟူသော ဂုဏ်ယူဘွယ်ကောင်းသော အဆင့် ရရှိပါလိမ့်မည်။

ယာဟ်ယာ အိဗ်နိယအ်မူးရ်၏ ဆင့်ပြန်ချက်ကို အိမာန်အလ်ဗုခါရီက တင်ပြရာတွင် စိုက်ယိဒဟ် အာအိရှဟ် အလ် ဆွစ်ဒိစ်က်ကာ(**رضی اللہ تعالی عنھا**)သခင်မကြီးက အိဗ်နိယအ်မူးရ်အား ပြောပြခဲ့သည်မှာ ကိုယ်တော်မြတ်(ﷺ)အား ပလိပ်ရောဂါနှင့်ပတ်သက်၍ လျှောက်တင်မေးမြန်းခဲ့သောအခါ တမန်တော်ကြီးက ပြန်လည်ဖြေကြားရာတွင် ဤရောဂါသည် အလ္လာဟ်အရှင်မြတ်၏ သဘောတော်အရပြစ်ဒဏ်ခတ်ခြင်းခံရမည့် သူများအပေါ် ပြစ်ဒဏ်အဖြစ်နှင့် ပို့ခြင်းပင်ဖြစ်သည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် စစ်မှန်သောယုံကြည်သူများအတွက် ဤရောဂါကိုပင်လျှင် ကြင်နာသနားခြင်းအဖြစ်ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်က သူ့အတွက် သတ်မှတ်ထားသည်မှလွဲ၍ မည်သည့်အန္တရာယ်မျှ မကျရောက်နိုင်ဟုယုံကြည်ကာ သူ၏နေရာဌာနတွင် သည်းခံအေးချမ်းစွာနေထိုင်သော အလ္လာဟ်အရှင်မြတ်ကျေးကျွန်တစ်ယောက်အတွက် ရှဟီဒီအဆင့်နှင့် တန်းတူကုသိုလ်ရရှိပါလိမ့်မည်။

'ပလိပ်ရောဂါသည် 'ရှဟဒဟ်' ရှဟီဒီဖြစ်ခြင်းနှင့် တစ်စုံတစ်ဦးသည် ထိုပလိပ်ရောဂါကြောင့် သေဆုံးသွားခဲ့ပါလျှင် ထိုသူသည် ရှဟီးဒ်(ရှဟီဒီ)ဖြစ်သွားပါသည်'ဟူသော ဟဒီးဆ်တော်ကို အထက်ဖော်ပြထားချက်က ရှင်းလင်းသွားစေပါသည်။ (ကုရ်တုဗီ၊ အတွဲ-၃၊ စာ-၂၃၅)

## အချို့ချွင်းချက်များ

ဟဒီးဆ်တော်ထဲ **فلاتخرجوافرارامنه** တွင် 'ထိုအရာမှ ထွက်ပြေးသည့်အနေဖြင့် အသင်သည် အပြင်သို့ မထွက်သင့်ပါ'ဟု သုံးနှုန်း ထားသည့်စကားလုံးများကပြောပြသည်မှာ လူတစ်ဦးသည် သေမှာကိုကြောက်၍ မဟုတ်ဘဲ အလွန်အရေးကြီးသည့် လိုအပ်ချက်ကြောင့် တစ်နေနေရာသို့ထွက်ခွာသွားပါက ထိုသို့ထွက်ခွာခြင်းသည် ဤတားမြစ်ချက်နှင့် အကြုံးမဝင် ပါ။ အလားတူစွာ တစ်စုံတစ်ဦးသည် အဘယ်သို့သွားသွား သူ၏သတ်မှတ်ထားသောကံကြမ္မာမှ မလွတ်နိုင်ကြောင်း ကို စွဲစွဲမြဲမြဲယုံကြည်ကာ ရာသီဥတုအပြောင်းအလဲ ဖြစ်စေရန်အလို့ငှာ တစ်ခဏမျှ တခဏမျှထွက်ခဲ့ပါလျှင် သူသည် လည်း ဤတားမြစ်ချက်မှ ကင်းလွတ်ခွင့်ရှိပါသည်။

ထိုနည်းတူစွာ သေခြင်းတရားသည် အလ္လာဟ်အရှင်မြတ်၏ သဘောတော်အရဖြစ်ပြီး ဤပလိပ်ရောဂါဖြစ်ပွားသောနေရာသို့လာခြင်းဖြင့် သူ့အပေါ် သေခြင်းမကျရောက်နိုင်ကြောင်းကို စွဲစွဲမြဲမြဲယုံကြည်ပြီး အချို့သော အထူးလိုအပ်ချက်တို့ကြောင့် ပလိပ်ရောဂါဖြစ်ပွားသောနယ်ပယ်သို့သွားရောက်သောသူများအတွက်လည်း သွားခွင့်ရှိပါသည်။

(၃) ဤအာယသ်တော်မှ ကောက်နှုတ်၍ရသော တတိယစည်းမျဉ်းတစ်ခုမှာ သေမှာကိုကြောက်ပြီး ဂျိဟားဒ်စစ်ပွဲမှထွက်ပြေးတိမ်းရှောင်ခြင်းကို ခွင့်မပြုပါ။ ဤကိစ္စနှင့်ပတ်သက်ပြီး ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင် အသေးစိတ်တင်ပြထားပြီး အချို့အထူးအခြေအနေများအတွက် ကင်းလွတ်ခွင့်များပါဝင်သည်။ ဤအာယသ်တော်တွင်ပါရှိသောအကြောင်းအရာသည် အခြားသောအာယသ်တော်တွင်လည်းပါရှိပါသည်။

ယင်းအာယသ်ထဲတွင် ဂျိဟားဒ်စစ်ပွဲမှ ထွက်ပြေးတိမ်းရှောင်သူများနှင့် ဂျိဟားဒ်စစ်ပွဲသို့မလိုက်ပါသောသူများ အကြောင်းပါဝင်သည်။

أَلَّذِيْنَ قَالُوْا لِإِخْوَانِهِمْ وَقَعَدُوْا لَوْ اَطَاعُوْنَا مَاقُتِلُوْا ؕ
قُلْ فَادْرَأُوْا عَنْ أَنْفُسِكُمُ الْمَوْتَ إِنْ كُنْتُمْ صٰدِقِيْنَ ○

အာယသ်တော်ကပြောသည်မှာ -

**'ထိုသူတို့သည် (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်စဉ်က) ကိုယ်တိုင် (မိမိတို့နေအိမ်များတွင်) ထိုင်နေခဲ့ကြပါလျက် (အုဟုဒ်စစ်မြေပြင်၌ကျဆုံးခဲ့သော) မိမိတို့၏ ညီသားအစ်ကိုများနှင့် ပတ်သက်ပြီး 'အကယ်၍သာ ထိုသူသူတို့သည် ကျွန်ုပ်တို့(ပြောစကား)ကို နာယူခဲ့ကြပါမူ (ယင်းကဲ့သို့)သတ်ဖြတ်ခြင်း ခံကြရမည်မဟုတ်ပေတကား'ဟု ပြောဆို (ဝေဘန်)ကြကုန်သည်။ (အို-နဗီတမန်တော်)အသင်သည် (ထိုသူတို့အား) 'သို့ဖြစ်လျှင် အကယ်၍သာ အသင်တို့သည် မှန်ကန်စွာပြောဆိုသူများဖြစ်ခဲ့ကြပါလျှင် မိမိတို့ကိုယ်မှ 'သေခြင်းတရား'ကို ဖယ်ရှားကြပါလေကုန်' ဟု ပြောဆိုဖြေကြားပါလေ။' (၃း၁၆၇)**

သဘာဝ၏ အံ့သြဖွယ်တစ်ခုကား အစ္စလာမ်သာသနာ၏အစောပိုင်းကာလက မုစ်လင်မ်များ၏ ကြီးကျယ်သော စစ်ဗိုလ်ချုပ်ဖြစ်၍ အလ္လာဟ်အရှင်မြတ်၏ဒါး'ဟု ဘွဲ့ခံခဲ့သော စိုက်ယိဒ်နာ ခါလစ်ဒ်အိဗ်နိုဝလီးဒ် (رضى الله عنه) သည် သူ၏အစ္စလာမ့်ဘဝတစ်သက်တာလုံး ဂျိဟားဒ်စစ်ပွဲတွင် အချိန်ကုန်လွန်စေခဲ့သော်လည်း စစ်မြေပြင်တွင် ရှာဟီးဒ်တစ်ဦးအဖြစ် မသေဆုံးခဲ့ရပါ။ သူသည် နေအိမ်၌ နာမကျန်းဖြစ်ကာ သေဆုံးခဲ့ရပါသည်။ ၎င်းသေဆုံးခါနီးတွင် အိပ်ရာပေါ်၌ သေလုမျောပါးဖြစ်နေခြင်း၊ ဝမ်းနည်း မိသည့်အတွက် မိသားစုအား ပြောသည်မှာ 'ငါသည် ဂျိဟားဒ်စစ်ပွဲပေါင်းများစွာဆင်နွှဲခဲ့ပါသည်။ ကိုယ်ပေါ်မှာ ဒါးဒဏ်ရာ ဤဒဏ်ရာ အမာရွတ်များကား နေရာမလပ် ရှိနေပါသည်။ သို့သော် ယခုငါကား အိပ်ရာပေါ်၌ မြည်းတစ်ကောင်ပမာ သေလုဆဲဆဲဖြစ်နေပါသည်။ အို-အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် သူရဲဘောကြောင်သူများကို အေးငြိမ်းမှုမပေးပါနှင့်။ ထိုသူများသည် ကျွန်ုပ်၏ အကြံပြုချက်ကို ကြားသိကြပါစေ။

ဗနီအစ္စရာအီလ်မျိုးနွယ်စုနှင့်ပတ်သက်သောအဖြစ်အပျက်ကို ဤအာယသ်တော်ထဲတွင် နိဒါန်းအဖြစ် ထည့်သွင်းထားသည်။ နောက်အာယသ်တော်ထဲတွင် ဂျိဟားဒ်နှင့် ကီသာလ်(အလ္လာဟ်အရှင်မြတ်၏လမ်းတွင် စစ်မက် ပြုခြင်း)တို့နှင့်ပတ်သက်သောအမိန့်ပညတ်ချက်များပါဝင်ခြင်းသည် ထိုအဖြစ်အပျက်ကို ထည့်ထားခြင်း၏ စစ်မှန်သော ရည်ရွယ်ချက်ပင်ဖြစ်သည်။ ထိုပညတ်ချက်မှာဂျိဟားဒ်စစ်ပွဲတွင် ပါဝင်ဆင်နွှဲခြင်းကို သေတွင်းသို့ သွားသည်ဟု မမှတ်ယူပါနှင့်။ ထို့ပြင်ဂျိဟားဒ်စစ်ပွဲမှထွက်ပြေးတိမ်းရှောင်ခြင်းသည် အသင်၏ သတ်မှတ်ထားသော သေဆုံးချိန်မှ လွတ်မြောက်လိမ့်မည်ဟု မမှတ်ယူပါနှင့်။ ပိုကောင်းသည်မှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို နာခံ၍ နှစ်ဘဝစလုံး၏ကောင်းခြင်းကို ရယူပါ။ အလ္လာဟ်အရှင်မြတ်သည် သင်ပြောသမျှ လုပ်သမျှတို့ကို ကြားတော်မူသောအရှင်၊ သိတော်မူသောအရှင်ဖြစ်တော်မူသည်။

နောက်လာမည့် တတိယအာယသ်(၂၄၅)သည် အလ္လာဟ်အရှင်မြတ်လမ်းတွင်သုံးစွဲခြင်းကြောင့်ရရှိမည့် စဝါးဗ်ကုသိုလ်များအကြောင်းဖော်ပြထားသည်။

အာယသ် (၂ း ၂၄၅)

**“အလ္လာဟ်အရှင်မြတ်အား မွန်မြန်လှစွာသော ကြွေးမြီချေးငှားမည့်သူသည် မည်သူ နည်း။ သို့ချေးငှားခြင်းအားဖြင့် အလ္လာဟ်အရှင်မြတ်သည် ယင်းကဲ့သို့သော ချေးငှားခြင်း၏ အကျိုးကို ထိုသူ့အဖို့ အဆပေါင်းမြောက်မြားစွာ တိုးပွားစေတော်မူအံ့။ (တဖန် ယင်းကဲ့သို့ ကြွေးမြီချေးငှားသူတို့အဖို့မှာလည်း မိမိတို့၏ ဥစ္စာပစ္စည်း နည်းပါးသွားမည်ကို စိုးရိမ်မကင်းမဖြစ်သင့်ချေ။) အဘယ့်ကြောင့်ဆိုသော် အလ္လာဟ် အရှင်မြတ်သည်သာလျှင် (ဥစ္စာပစ္စည်းကို) ကြပ်တည်းစေတော်မူသည်။ ထို့အရှင်မြတ်သည်ပင်လျှင် (ဥစ္စာပစ္စည်းကို) ချောင်လည်စေတော်မူလေသည်။ တစ်ဖန် အသင်တို့သည် ထို့အရှင်မြတ်အထံတော်သို့သာလျှင် ပြန်လှည့်ကြရပေမည်။”** (၂း၂၄၅)

## အကျယ်ဖွင့်ဆိုခြင်း

(၁) يُقْرِضُ اللّٰهَ قَرْضًا حَسَنًا အလ္လာဟ်အရှင်မြတ်အား မွန်မြတ်လှသောကြွေးမြီချေးငှားမည့်သူသည် မည်သူနည်း’ဟူသော အာယသ်တွင်ပါသော ‘ကြွေးမြီချေးငှားခြင်း’ဟူသောစကားလုံးသည် ကောင်းမှုလုပ်ရပ်များနှင့် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင်သုံးစွဲခြင်းကို ရည်ညွှန်းသည်။ ဤအချက်ကိုတင်စားမှုအနေဖြင့် ‘ကရ်သ်ဿ’ ချေးငှားခြင်းဟုဖော်ပြထားသည်။ စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာရာကိုစိုးပိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။ ချေးငှားမှုတစ်ရပ်သည် အသေအချာပြန်လည်ပေးဆပ်ခြင်းခံရသကဲ့သို့ အသင်သုံးစွဲသမျှတို့သည် (နောင်တမလွန်တွင် ဆုလာဘ်အနေဖြင့်) အသေအချာပြန်လည်ပေးဆပ်ခံရပါမည်။ တိုးပွားခြင်း (သို့) အဆများစွာဖြင့် ပြန်လည်ပေးဆပ်မည်ဟူသောကတိသည် ဟဒီးဆ်တော်တစ်ပုဒ်တွင်ပါရှိသည်။ ယင်းဟဒီးဆ်ကကြေညာသည်မှာ အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် စွန့်ပလွှဲသီးတစ်လုံးသုံးစွဲခဲ့ပါက အလ္လာဟ်အရှင်မြတ်သည် ထိုကောင်းမှုကို အုဟုဒ်တောင်တမျှ တိုးပွားစေပါသည်။

အလ္လာဟ်အရှင်မြတ်အား (ငွေကြေးချေးငှားခြင်း)ကို အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်များအား အမှန်တကယ်ငွေကြေးချေးငှားခြင်းဟုလည်း ရှင်းလင်းခဲ့ပါသည်။ ဆိုလိုသည်မှာ လိုအပ်သောအချိန်တွင် လိုအပ်သလို လူသားများအား ကူညီခြင်းဖြစ်သည်။ ထို့ကြောင့် ငွေကြေးချေးငှားမှုကို ဟဒီးဆ်တော်ထဲတွင် စဝါးဗ် ကုသိုလ်ကြီးမားကြောင်း အမွှမ်းတင်၍ ဖော်ပြခဲ့ပါသည်။ တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားခဲ့သည်မှာ -

**مامن مسلم يقرض مسلما قرضا مرّة إلا كان كصدقته مرتين**

'မုစ်လင်မ်တိုင်းသည် အခြားမုစ်လင်မ်တစ်ဦးအတွက် ငွေကြေးချေးငှားခဲ့ပါက ထိုလုပ်ရပ်သည် 'ဆွဒကာဟ်' နှစ်ကြိမ်ပေးခြင်းနှင့်ညီမျှသည်။' (အိဗနိမာဂျဟ်ကိုဍွန်း၍ မဇ်ဟရီကျမ်း၌ဖော်ပြချက်)

(၂) အိဗ်နိအလ်အရဗီကပြောပြသည်မှာ ဤအာယသ်တော်ကိုကြားရပြီးနောက် လူအများတွင် အုပ်စု(၃)စု ကွဲသွားပါသည်။ ပထမအုပ်စုသည် ကြမ္မာဆိုးသူများဖြစ်ကြကာ ထိုသူများသည် ဤအာယသ်တော်ကိုကြားသိပြီးနောက် ပြောကြသည်မှာ 'မုဟမ္မဒ်၏ အရှင်သခင်သည်မွဲတေ၍ ကျွန်ုပ်တို့မှာမူ ချမ်းသာကြပါသည်'ဟူ၍ ဖြစ်သည်။ ဤမှတ်ချက်ကို ပြန်လည်ဖြေကြားသည့်အနေဖြင့် နောက်အာယသ်တွင်မိန့်ကြားထားသည်မှာ -

**لَقَدْ سَمِعَ اللَّهُ قَوْلَ الَّذِينَ قَالُوا إِنَّ اللَّهَ فَقِيرٌ وَنَحْنُ أَغْنِيَاءُ**

'အလ္လာဟ်အရှင်မြတ်သည် အကြင်သူတို့၏ပြောဆိုသောစကားကို ဧကန်စင်စစ် ကြားတော်မူခဲ့လေပြီ။ ထိုသူတို့က 'အလ္လာဟ်အရှင်မြတ်သည် ဧကန်မလွဲ ဆင်းရဲတော်မူသောအရှင်ဖြစ်တော်မူ၏။ သို့ရာတွင် အကျွန်ုပ်တို့မူကား ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝပေါများသူများပင်ဖြစ်ကုန်၏'ဟု ပြောဆိုခဲ့ကြလေသည်။ (၃း၁၈၁)

ဒုတိယအုပ်စုမှလူများသည် ဤအာယသ်တော်ကို ကြားသိရသောအခါ ဤအာယသ်တော်နှင့်ဆန့်ကျင်ဘက်ပြုရန် ရွေးချယ်ခဲ့ကြပြီး သူတို့၏ဘဝတလျှောက်လုံးစေးနှဲသူအဖြစ်နေထိုင်သွားခဲ့ကြသည်။ ရုပ်ဝတ္ထုပိုင်ဆိုင်ခြင်းကိုမြတ်နိုး၍ မည်မျှလောဘသက္ကာယကြီးကြသနည်းဆိုလျှင် ၎င်းတို့သည် အလ္လာဟ်အရှင်မြတ်လမ်းတွင် သုံးစွဲနိုင်စွမ်းပင် ကင်းမဲ့ခဲ့ပါသည်။

တတိယအုပ်စုမှလူများသည် ရိုးသားဖြူစင်သောမုစ်လင်မ်များဖြစ်ကြပါသည်။ ၎င်းတို့သည် အာယသ်တော်က ညွှန်ကြားခဲ့သည်ကို အချိန်မဆိုင်းဘဲ ဆွဟာဗဟ်သာဝကကြီး အဗူဒရ်ဒါဟ်(**رضى الله عنه**)နှင့် အခြားသောသူများကဲ့သို့ မိမိ ပိုင်ဆိုင်သည့်အထဲမှ အကောင်းဆုံးကို အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် လှူဒါန်းခဲ့ကြပါသည်။ ဤအာယသ် တော်ကျရောက်သောအခါ စိုက်ယိဒနာ အဗူအလ်ဒရ်ဒါဟ်(**رضى الله عنه**)သည် တမန်တော်မြတ်(ﷺ)သခင်ထံ လျှောက်ထားမေးမြန်းခဲ့သည်မှာ 'အို-အလ္လာဟ်အရှင်မြတ်၏တမန်တော် ကျွန်တော်၏မိဘနှစ်ပါးကို သခင်ထံစတေးပါရစေဟု ပြောဆိုပြီးလျှောက်ထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် ကျွန်ုပ်တို့ထံမှ ငွေကြေးချေးငှားရန်လိုအပ်ပါသလား။ ထိုအရှင်မြတ်သည် 'ဂနီ'ငွေကြေးချေးငှားရန်မလိုသော အရှင်မြတ်မဟုတ်ပါကုန်လော့' တမန်တော်မြတ်(ﷺ)မိန့်ကြားသည်မှာ 'မှန်ပေသည်၊ အလ္လာဟ်အရှင်မြတ်သည် ထိုချေးငှားမှုမှအသင့်အား ဂျန္နသ်သုခဘုံသို့ရောက်စေရန် ရည်ရွယ်တော်မူပေသည်။' ထိုသို့ကြားသိပြီးနောက် အဗူဒရ်ဒါဟ်(**رضى الله عنه**)သခင်ကပြောသည်မှာ 'အို-အလ္လာဟ်အရှင်မြတ်၏တမန်တော်(ﷺ) ကိုယ်တော့်လက်ကို ရှေ့သို့ဆန့်တန်းပေးတော်မူပါ။' ဆွဟာဗဟ်သည်လည်း ၎င်း၏လက်ကို ရှေ့သို့ဆန့်တန်းလိုက်ပါသည်။ အဗူဒရ်ဒါဟ်က စတင်ပြောကြားသည်မှာ 'ကျွန်ုပ် စွန့်ပလွှဲခြံနှစ်ခြံပိုင်ပါသည်။ ဤသည်မှအပ ကျွန်ုပ်တွင်ဘာမျှမပိုင်ပါ။ ကျွန်ုပ်၏ ဤခြံနှစ်ခြံကို အလ္လာဟ်အရှင်မြတ်အား ချေးငှားသည့်အနေဖြင့် ပေးဆပ်ပါ၏။

တမန်တော်မြတ်(ﷺ)သခင်က ဆွဟာဗဟ်ကြီးအားမိန့်ကြားသည်မှာ 'ထိုခြံနှစ်ခုအနက် တစ်ခုကိုသာ အလ္လာဟ် အရှင်မြတ်လမ်းတွင် (ဝက်ဖ်)ထောက်ပံ့လှူဒါန်းခြင်းအဖြစ် သတ်မှတ်လိုက်ပါ။ ထို့နောက် အခြားတစ်ခြံ

ကို သင့်မိသားစုလိုအပ်ချက်အတွက် ထားပါလေ။ 'အဗူဒါရ်ဒါဟ်ပြောကြားသည်မှာ'ကိုယ်တော်သည် ကျွန်တော်မျိုး၏ သက်သေဖြစ်ပါစေ။ ကျွန်တော်မျိုး၏ခြံနှစ်ခြံအနက် စွန့်ပလွှဲပင်ပေါင်း(၆၀၀)ရှိ၍ ပိုကောင်းသောခြံကို အလ္လာဟ်အရှင်မြတ်လမ်းတွင် သုံးစွဲပါမည်။ တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားသည်မှာ အသင်၏လုပ်ရပ်ကို ဂျန္နသ်သုခဘုံအား အစားပေးခြင်းအနေဖြင့် အလ္လာဟ်အရှင်မြတ် ကောင်းချီးပေးပါလိမ့်မည်။'

အဗူဒါရ်ဒါဟ်သည် အိမ်ပြန်လာ၍ အဖြစ်အပျက်အကြောင်းစုံကို ဇနီးအားပြောပြခဲ့သည်။ ဤအံ့ဖွယ်လုပ်ရပ်အတွက် သူမသည်လည်း အလွန်ကျေနပ်ဝမ်းမြောက်ခဲ့ပါသည်။ တမန်တော်မြတ်(ﷺ)မိန့်ကြားခဲ့သည်မှာ-

**كم من عذق رداح ودار فياح لأبي الدحداح**

'(ဂျန္နသ်သုခဘုံတွင်) အဗူဒါရ်ဒါဟ်အတွက် စွန့်ပလွှဲသီးများ ပြွတ်သိပ်သီးနေသော မရေမတွက်နိုင်သည့် အပင်များနှင့် ကျယ်ဝန်းလှသော နန်းတော်များက စိတ်အားထက်သန်စွာ ကြိုလျက်ရှိပေသည်။ (ကုရ်တုဗီ)

(၃) ကရ်(ငွေကြေးချေးငှားခြင်း)ကို ပြန်လည်ပေးဆပ်ရာတွင် ယူထားသည်ထက် အနည်းငယ်ပို၍ ပေးဆပ်လိုက်ခြင်းသည် နှစ်သက်ဖွယ်ဓလေ့ထုံးစံတစ်ရပ်ဖြစ်ပါသည်။ သို့သော်လည်း ထိုကဲ့သို့ချေးငွေအပေါ် ပို၍ပေးရန် အတွက် ကြိုတင်သဘောတူထားချက်မဖြစ်စေရချေ။ တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားတော်မူသည်မှာ -

**ان خياركم أحسنكم قضاءً**

'အသင်တို့အထဲမှ အကောင်းမွန်ဆုံးသူသည် သူ၏ငွေကြေးချေးငှားခြင်းကိစ္စနှင့်ပတ်သက်၍ မပြုမနေရ တာဝန်ကို ကောင်းမွန်သော အပြုအမူတစ်ရပ်ဖြင့် ဖြည်းဆည်းဆောင်ရွက်သူပင်ဖြစ်သည်။'

အကယ်၍ချေးငှားသည်ထက် အပိုပေးရန် ကြိုတင်ပြုလုပ်ထားသောအခြေအနေတစ်ရပ်ဖြစ်ပါက ထိုသို့အပိုပေးခြင်းသည် ဟရာမ်(တရားမဝင်)ဖြစ်သည်။ ထို့ပြင် ဤသည်လည်း အတိုး(ရိဗာ)ပေးခြင်းလည်းဖြစ်ပေသည်။

V V V V V V V V

အာယသ် (၂ : ၂၄၆ - ၂၅၁)

اَلَمْ تَرَ اِلَى الْمَلَاِ مِنْۢ بَنِيْٓ اِسْرَآءِيْلَ مِنْۢ بَعْدِ
مُوْسٰى ۘ اِذْ قَالُوْا لِنَبِيٍّ لَّهُمُ ابْعَثْ لَنَا مَلِكًا نُّقَاتِلْ فِيْ سَبِيْلِ
اللّٰهِ ۭ قَالَ هَلْ عَسَيْتُمْ اِنْ كُتِبَ عَلَيْكُمُ الْقِتَالُ اَلَّا تُقَاتِلُوْا ۭ
قَالُوْا وَمَا لَنَآ اَلَّا نُقَاتِلَ فِيْ سَبِيْلِ اللّٰهِ وَقَدْ اُخْرِجْنَا مِنْ
دِيَارِنَا وَاَبْنَاۗىِٕنَا ۭ فَلَمَّا كُتِبَ عَلَيْهِمُ الْقِتَالُ تَوَلَّوْا اِلَّا قَلِيْلًا
مِّنْهُمْ ۭ وَاللّٰهُ عَلِيْمٌۢ بِالظّٰلِمِيْنَ ۝ وَقَالَ لَهُمْ نَبِيُّهُمْ اِنَّ اللّٰهَ
قَدْ بَعَثَ لَكُمْ طَالُوْتَ مَلِكًا ۭ قَالُوْٓا اَنّٰى يَكُوْنُ لَهُ الْمُلْكُ
عَلَيْنَا وَنَحْنُ اَحَقُّ بِالْمُلْكِ مِنْهُ وَلَمْ يُؤْتَ سَعَةً مِّنَ الْمَالِ ۭ
قَالَ اِنَّ اللّٰهَ اصْطَفٰىهُ عَلَيْكُمْ وَزَادَهٗ بَسْطَةً فِي الْعِلْمِ وَ
الْجِسْمِ ۭ وَاللّٰهُ يُؤْتِيْ مُلْكَهٗ مَنْ يَّشَاۗءُ ۭ وَاللّٰهُ وَاسِعٌ عَلِيْمٌ ۝
وَقَالَ لَهُمْ نَبِيُّهُمْ اِنَّ اٰيَةَ مُلْكِهٖٓ اَنْ يَّاْتِيَكُمُ التَّابُوْتُ فِيْهِ
سَكِيْنَةٌ مِّنْ رَّبِّكُمْ وَبَقِيَّةٌ مِّمَّا تَرَكَ اٰلُ مُوْسٰى وَاٰلُ هٰرُوْنَ
تَحْمِلُهُ الْمَلٰۗىِٕكَةُ ۭ اِنَّ فِيْ ذٰلِكَ لَاٰيَةً لَّكُمْ اِنْ كُنْتُمْ مُّؤْمِنِيْنَ ۝
فَلَمَّا فَصَلَ طَالُوْتُ بِالْجُنُوْدِ ۙ قَالَ اِنَّ اللّٰهَ مُبْتَلِيْكُمْ بِنَهَرٍ ۚ
فَمَنْ شَرِبَ مِنْهُ فَلَيْسَ مِنِّيْ ۚ وَمَنْ لَّمْ يَطْعَمْهُ فَاِنَّهٗ مِنِّيْٓ اِلَّا مَنِ
اغْتَرَفَ غُرْفَةًۢ بِيَدِهٖ ۚ فَشَرِبُوْا مِنْهُ اِلَّا قَلِيْلًا مِّنْهُمْ ۭ فَلَمَّا جَاوَزَهٗ

هُوَ وَالَّذِيْنَ اٰمَنُوْا مَعَهٗ قَالُوْا لَا طَاقَةَ لَنَا الْيَوْمَ بِجَالُوْتَ وَجُنُوْدِهٖ ؕ
قَالَ الَّذِيْنَ يَظُنُّوْنَ اَنَّهُمْ مُّلٰقُوا اللّٰهِ ۙ كَمْ مِّنْ فِئَةٍ قَلِيْلَةٍ
غَلَبَتْ فِئَةً كَثِيْرَةًۢ بِاِذْنِ اللّٰهِ ؕ وَاللّٰهُ مَعَ الصّٰبِرِيْنَ ﴿۲۴۹﴾ وَلَمَّا
بَرَزُوْا لِجَالُوْتَ وَجُنُوْدِهٖ قَالُوْا رَبَّنَاۤ اَفْرِغْ عَلَيْنَا صَبْرًا وَّثَبِّتْ
اَقْدَامَنَا وَانْصُرْنَا عَلَى الْقَوْمِ الْكٰفِرِيْنَ ﴿۲۵۰﴾ فَهَزَمُوْهُمْ بِاِذْنِ اللّٰهِ ۙ
وَقَتَلَ دَاوٗدُ جَالُوْتَ وَاٰتٰىهُ اللّٰهُ الْمُلْكَ وَالْحِكْمَةَ وَعَلَّمَهٗ مِمَّا
يَشَآءُ ؕ وَلَوْلَا دَفْعُ اللّٰهِ النَّاسَ بَعْضَهُمْ بِبَعْضٍ لَّفَسَدَتِ
الْاَرْضُ وَلٰكِنَّ اللّٰهَ ذُوْ فَضْلٍ عَلَى الْعٰلَمِيْنَ ﴿۲۵۱﴾

"(အို-နဗီတမန်တော်) အသင်သည် နဗီတမန်တော်မူစာ(ﷺ) ကွယ်လွန်ပြီးနောက် အစ္စရာအီလ်မျိုးနွယ်များအနက်မှ ဦးစီးနာယကများ၏(ဖြစ်အင်များ)ကို လေ့လာ ဆင်ခြင်သုံးသပ်ပြီးသည်မဟုတ်ပါလော။ အခါတစ်ပါး၌ ယင်းသူတို့သည် မိမိတို့၏ နဗီတမန်တော်အား 'ကျွန်တော်မျိုးတို့အဖို့ ဘုရင်တစ်ပါးကို ခန့်အပ်တင်မြှောက်၍ ပေးတော်မူပါ။ ကျွန်တော်မျိုးတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ကြပါမည်'ဟု လျှောက်ထားကြကုန်၏။ ထိုအခါ နဗီတမန်တော်က (အချင်းတို့) အကယ်၍သာ အသင်တို့ပေါ်ဝယ် (အလ္လာဟ်အရှင်မြတ်အထံတော်မှ) စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ရန် အမိန့်ပြဋ္ဌာန်းချက်သည် အတည်ဖြစ်ပါမူ အသင်တို့သည် (စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ခြင်း မပြုသူများ ဖြစ်တန်ရာသည်မဟုတ်လော)ဟု ဖြေကြားတော်မူ၏။ ထိုအခါ ယင်းသူတို့က အမှန် စင်စစ် ကျွန်တော်မျိုးတို့သည် မိမိတို့အိုးအိမ်စည်းစိမ်များနှင့်တကွ မိမိတို့ သားသမီးများ ကိုပါ စွန့်လွှတ်ခွဲခွာ၍ နှင်ထုတ်ခြင်းခံရသူများဖြစ်ကြရကား ကျွန်တော်မျိုးတို့အဖို့ အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ခြင်းမပြုရန် အဘယ်မှာလျှင် အကြောင်းရှိနိုင်ပါအံ့နည်း'ဟု လျှောက်ထားကြပြန်လေသည်။ ထို့နောက် (အလ္လာဟ်အရှင်မြတ်အထံတော်မှ)ယင်းသူတို့အပေါ်၌ စစ်မက်

ပြုင်ဆိုင်တိုက်ခိုက်ရန် အမိန့်တော်ကျရောက်လာသောအခါ ယင်းသူတို့ အနက်မှ အနည်းငယ်သော သူများမှအပ (ကျန်လူအားလုံးတို့သည်)ကြောခိုင်း သွားကြလေသည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် စည်းကမ်း ဖောက်ဖျက်သောသူတို့ကို သေချာစေ့ငုံစွာ သိရှိတော်မူသောအရှင်ဖြစ်တော် မူပေသတည်း။" (၂း၂၄၆)

"ထို့နောက် ယင်းသူတို့အား ထိုသူတို့၏ နဗီတမန်တော်က 'ဟယ်-အချင်းတို့ ဧကန် ဆတ်ဆတ် အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ် 'တွာလူတ်'ကို ဘုရင်အဖြစ် တင်မြှောက်တော်မူလေပြီ'ဟု ပြောကြားလေရာ ထိုသူတို့က 'အဘယ်အတွက်ကြောင့် ယင်း 'တွာလူတ်'တွင် ကျွန်တော်မျိုးတို့အပေါ်၌ မင်းလုပ်အုပ်ချုပ်နိုင်ရန် ဩဇာ အာဏာသည် အသို့လျှင်ရှိနိုင်အံ့နည်း။ အမှန်စင်စစ် ကျွန်တော်မျိုးတို့သည် ယင်းပုဂ္ဂိုလ် ထက်ပင် ဩဇာအာဏာ ရထိုက်သူများဖြစ်ကြပါသည်။ ၎င်းပြင် ထို'တွာလူတ်'သည် ဥစ္စာဓန ကြွယ်ဝ ချမ်းသာမှုကိုလည်း ရရှိသူမဟုတ်ပါ'ဟု လျှောက်ထားကြကုန်၏။ ထိုအခါဝယ် ယင်းနဗီတမန်တော်က 'ဟယ်-အချင်းတို့ အမှန်စင်စစ် အလ္လာဟ် အရှင်မြတ် သည် ယင်း 'တွာလူတ်'ကိုပင် အသင်တို့အပေါ်၌ (ဘုရင်အဖြစ်) ရွေးချယ် တင်မြှောက်တော်မူလေပြီ။ ထို့ပြင်တစ်ဝ ထိုအရှင်မြတ်သည် ယင်း'တွာလူတ်' အား (စစ်မက်ရေးရာအဖြာဖြာ၌ ကျွမ်းကျင်လိမ္မာခြင်းတည်းဟူသော) ဉာဏ ဗလ၌ လည်းကောင်း၊ (ရူပလက္ခဏာ ကြန်အင်္ဂါနှင့်ပြည့်စုံ၍ ကိုယ်ခန္ဓာ ထွားကြိုင်း ခွန်အား ကြီးမားခြင်းတည်းဟူသော)ကာယဗလအရာ၌လည်းကောင်း အသင်တို့ထက် ကျယ်ဝန်းစွာပေးသနားတော်မူလေသည်။ အကြောင်းမူကား အလ္လာဟ်အရှင်မြတ်သည် မိမိ(ပိုင်ဆိုင်တော်မူသော)ဩဇာအာဏာကို မိမိ နှစ်သက်လိုလားတော်မူသောသူကို သာလျှင် ပေးသနားတော်မူလေသည်။ တဖန် အလ္လာဟ်အရှင်မြတ်သည်သာလျှင် ဥစ္စာ ဓန၊ ချမ်းသာကြွယ်ဝမှုကို) ကျယ်ဝန်းစွာ ပေးသနားတော်မူသောအရှင်၊ အရာ ခပ်သိမ်း တို့ကို အကြွင်းမဲ့ သိရှိတော်မူသော အရှင် ဖြစ်တော်မူပေသည်'ဟု ပြန်လည်ဖြေကြားတော်မူလေသတည်း။" (၂း၂၄၇)

"ထို့ပြင် ထိုသူတို့အား ထိုသူတို့၏နဗီတမန်တော်က 'ထိုတွာလူတ်ဘုရင်ဖြစ် ခြင်း၏ နမိတ်လက္ခဏာမှာ အသင်တို့ထံသို့ အကြင်သေတ္တာသည် အလို အလျောက်ပြန်ရောက် လာခြင်းပင်ဖြစ်သည်။ ထိုသေတ္တာတွင် အသင်တို့အား မွေးမြူတော်မူသော အရှင်မြတ် ၏ အထံတော်မှဖြစ်သော စိတ်နှလုံးအေးချမ်း စေသော ပစ္စည်းရှိအံ့။ ၎င်းပြင် နဗီတမန် တော် မူစာ(ﷺ)၏ အဆက်အနွယ် များနှင့် နဗီတမန်တော် ဟာရွန်(ﷺ)၏ အဆက် အနွယ်များထားရှိခဲ့ကြသော

အကြွင်းအကျန်ပစ္စည်းများလည်းရှိအံ့။ ထိုသေတ္တာကို အပါးတော်စေတမန်များ ဆောင်ကြဉ်းလာကြကုန်အံ့။ အကယ်၍ အသင်တို့သည် ယုံကြည်ခြင်း သဒ္ဓါတရားထားရှိကြသော 'မုအ်မင်န်'များဖြစ်ကြပါမူ ယင်း(သေတ္တာ ပြန်ရောက်လာခြင်း)သည် မုချအသင်တို့အဖို့ သက်သေသာဓကတစ်ရပ်ပင်ဖြစ်ချေသည်' ဟု ပြောကြားလေသည်။" (၂း၂၄၈)

**"ထို့နောက် တွာလူတ်ဘုရင်သည် (မိမိ၏)စစ်သည်တော်များနှင့်တကွ 'ဂျာလူတ်' အား စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်အလို့ငှာ) ထွက်ခွာချီတက်သွားသောအခါ ထို(တွာလူတ်) ဘုရင်က '(အချင်းတို့) မုချစင်စစ် အလွှာဟ်အရှင်မြတ်သည် အသင်တို့အား မြစ်တစ်ခု ဖြင့် စမ်းသပ်တော်မူလတ္တံ့။ သို့ဖြစ်ရာ အကြင်သူသည် ထိုမြစ်ရေကို (လွန်ကျူးစွာ) သောက်သုံးသည်ရှိသော် ထိုသူသည် ငါနှင့်စပ်ဆိုင်သူမဟုတ်။ ထို့ပြင် အကြင်သူသည် ထိုမြစ်ရေကို မသောက်သော် ထိုသူသည်သာလျှင် ငါနှင့်စပ်ဆိုင်သူဖြစ်သည်။ သို့ရာတွင် အကြင်သူသည် (ထိုမြစ်ရေကို) မိမိလက်ဖြင့် တစ်လက်ခုပ်မျှလောက် သောက်သုံးသည် ရှိသော် (တစ်စုံတစ်ရာအပြစ်မရှိပေ)'ဟု ပြောကြားလေသည်။ သို့တစေလည်း တွာလူတ်ဘုရင်၏ စစ်သည်တော်များအနက် အနည်းငယ်မျှသော လူတစ်စုမှအပ ကျန်အားလုံးတို့သည် ထိုမြစ်ရေကို (လွန်ကျူးစွာ)သောက်သုံး ကြလေ၏။ ထို့နောက် ထို(တွာလူတ်)ဘုရင်သည်လည်းကောင်း၊ ထိုတွာလူတ် ဘုရင်နှင့် အတူတကွ လိုက်ပါလာသော ယုံကြည်ခြင်းသဒ္ဓါတရားထားရှိသော 'မုအ်မင်န်'တို့သည်လည်းကောင်း၊ ထိုမြစ်ကိုဖြတ်ကူး၍ ကျော်လွန် သွားကြ သည့်အခါ ထိုလိုက်ပါလာသော စစ်သည်တော်တို့(အနက်အချို့)က 'ယနေ့အဖို့ ကျွန်ုပ်တို့၌ ဂျာလူတ်နှင့် ထိုဂျာလူတ်၏ စစ်သည်တော်တို့အား ပြိုင်ဆိုင်တိုက်ခိုက်ရန် စွမ်းအားမရှိပြီ'ဟု ပြောဆိုကြလေသည်။ (ထိုအခါဝယ်) ငါတို့သည် ဧကန်မုချ အလွှာဟ်အရှင်မြတ်အား ဖူးတွေ့ရမည့်သူများ ဖြစ်ကြသည်ဟူ၍ ယုံကြည်သူများက 'အလွှာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် အနည်းငယ်မျှသော လူစုကလေးသည် စစ်သည်တော်မြောက်မြားစွာပါဝင်သော လူစုများကိုပင် ကြိမ်ဖန်များစွာ အောင်နိုင်ခဲ့ဘူးလေပြီ။ အမှန်စင်စစ် အလွှာဟ်အရှင်မြတ်သည် ခန္တီပါရမီနှင့်ပြည့်စုံသောသူများနှင့်အတူတကွရှိတော်မူပေသည်'ဟု ပြောဆိုကြကုန်၏။"** (၂း၂၄၉)

**"ထို့နောက်တဖန် ယင်းသူတို့သည် ဂျာလူတ်ဘုရင်နှင့်လည်းကောင်း ယင်း(ဂျာလူတ်)၏ စစ်သည်ရဲမက်တို့နှင့်လည်းကောင်း (စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ရန်) မျက်နှာချင်း ဆိုင်ကြသောအခါ (အလွှာဟ်အရှင်မြတ်အထံတော်၌) 'အိုး-**

**ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်ဝယ် ဇွဲသတ္တိကို သွန်းလောင်း၍ ပေးသနားတော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့၏ ခြေများကို ခိုင်မြဲစွာရပ်တည်စေတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား 'ကာဖိရ်'မယုံကြည် သွေဖည်ခြင်းပယ်ကြ ကုန်သော သူတို့အပေါ်၌ အောင်မြင်မှုရရန် ကူညီစောင်မတော်မူပါ' ဖဟု ရွတ်ဆို (ပတ္ထနာ)ပြုကြကုန်၏။" (၂း၂၅၀)**

**"ထို(ကဲ့သို့ ဆုတောင်းပတ္ထနာပြုခဲ့ကြပြီး)နောက် ယင်း('တွာလူတ်'ဘုရင်၏ စစ်သည်တော်)တို့သည် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ဖြင့် ထို(ဂျာလူတ်၏ စစ်သည်ရဲမက်)တို့ကို တွန်းလှန်ဖြိုဖျက်၍ စစ်ရေးနိမ့်စေခဲ့ကြလေသည်။ 'ဒါဝူးဒ်' သည်လည်း ဂျာလူတ်ကို ကွပ်မျက်ခဲ့လေ၏။ ထို့နောက် အလ္လာဟ်အရှင်မြတ်သည် ထို ဒါဝူးဒ်အား ဩဇာအာဏာကိုလည်းကောင်း၊ ဉာဏ်ပညာအမြော်အမြင် (ဝါ) နဗီတမန်တော်၏ ဂုဏ်ထူးကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ ထိုမှ တစ်ပါးတံု အလ္လာဟ်အရှင်မြတ်သည် ယင်း[နဗီတမန်တော် ဒါဝူးဒ်(ﷺ)]အား မိမိအလိုရှိတော်မူသောပညာရပ်တို့ကိုလည်း သင်ကြားပေး သနားတော်မူခဲ့လေသည်။ အကယ်စင်စစ် အလ္လာဟ်အရှင်မြတ်သည် လူသားတို့အား ထိုလူသားတို့အနက် အချို့တို့ကို အချို့တို့ဖြင့် တွန်းလှန်တားဆီးခြင်း မပြုခဲ့ပါမူ ဤကမ္ဘာမြေပြင်ကြီးသည် ပျက်စီး ယိုယွင်းပြီးဖြစ်အံ့။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် စကြဝဠာအပေါင်းတို့အပေါ်၌ ကျေးဇူးရှင်ဖြစ်တော် မူလေသည်။" (၂း၂၅၁)**

## အကျယ်ဖွင့်ဆိုခြင်း

အာယသ်တော် (၂၄၆) إِذْ قَالُوا لِنَبِيٍّ لَّهُمُ ابْعَثْ لَنَا مَلِكًا نُّقَاتِلْ فِي سَبِيلِ اللَّهِ 'အခါတပါး၌ ယင်းသူတို့သည် မိမိတို့၏ နဗီတမန်တော်အား 'ကျွန်တော်မျိုးတို့အဖို့ ဘုရင်တစ်ပါးကို ခန့်အပ်တင်မြှောက်၍ ပေးသနားတော်မူပါ။ ကျွန်တော် မျိုးတို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြပါမည်'ဟု လျှောက်ထားကြကုန်၏။

ဗနီအစ္စရာအီလ်မျိုးနွယ်မှ ဤလူများသည် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်များကို စွန့်ခွာခဲ့ကြပါသည်။ ထိုသူများအား မယုံကြည်သွေဖည်သော 'အမလိက'များ၊ စိုးမိုးအုပ်ချုပ်စေခဲ့သောအခါ အခြေအနေကို ပြုပြင်ပြောင်းလဲရန် ၎င်းတို့ စတင်တွေးတောခဲ့ကြသည်။ ဤနေရာ၌ ညွှန်ပြထားသောတမန်တော်၏အမည်မှာ ဆစ်မျူရယ် (အရဗီလို - **سموئيل** စမူအီလ်၊ ဟစ်ဗရူးလို - ရှိမုအလ်)ဖြစ်သည်။

## အာယသ်တော်(၂၄၈) တွာလူတ်နှင့် ဂျာလူတ်၏အဖြစ်အပျက်

ဗနီအစ္စရာအီလ်လူမျိုးတို့တွင် ရိုးရာအမွေအနှစ်အဖြစ် သစ်သားသေတ္တာတစ်လုံးရှိခဲ့ကြသည်။ (ဥပဒေများ သိမ်းဆည်းထားသော သေတ္တာဟုလည်း အမည်တွင်သည်)။ ဗနီအစ္စရာအီလ် တမန်တော်များဖြစ်သော တမန်တော် မူစာနှင့် အခြားသောတမန်တော်များသည် စစ်မြေပြင်၌ ဤသေတ္တာကို ရှေ့တန်း၌ထားလေ့ရှိသည်။ ဤသေတ္တာ၏ ဗရကသ်ကောင်းချီးမင်္ဂလာကြောင့် သူတို့အောင်နိုင်စေခဲ့ပါသည်။ ဂျာလူသ်(ဂေါလိယတ်)သည် ဗနီအစ္စရာအီလ် တို့အား အောင်နိုင်သောအခါတွင် ဤသေတ္တာကို သူနှင့်အတူ ယူဆောင်သွားခဲ့သည်။ အလ္လာဟ်အရှင်မြတ်သည် ဤသေတ္တာကို ပြန်လည်ပေးအပ်စေချင်သောအခါ မယုံကြည်သွေဖည်ငြင်းပယ်သူများအပေါ်၌ ကပ်ရောဂါဆိုးအချို့ ဆိုက်ရောက်စေခဲ့ပါသည်။ (သို့) ဤသေတ္တာသယ်ဆောင်ရာနေရာတိုင်း၌ ထိုသူတို့အား ဒုက္ခများ တွေ့စေခဲ့ ပါသည်။ မြို့ကြီးငါးမြို့သည် ပျက်သုဉ်းကာ လူသူကင်းမဲ့သွားခဲ့သည်။ သူတို့သည် အကြံအိုက်၍ သေတ္တာကို နွားနှစ်ကောင်ပေါ်တင်ကာ မောင်းလွှတ်လိုက်သည်။ ထို့နောက် ကောင်းကင်စေတမန်များသည် 'တွာလူသ်'ဘုရင် ၏ တံခါးဝသို့ရောက်စေရန် နွားများကိုထိန်းကျောင်းခဲ့သည်။ (သမ္မာကျမ်းစာ၌ စောလ်ဟုခေါ်သော အမည်ကို ကုရ်အာန်ကျမ်းတော်၌ 'တွာလူသ်'ဟုခေါ်ထားသည်) ဗနီအစ္စရာအီလ်လူမျိုးတို့သည် ဤလက္ခဏာကိုမြင်တွေ့ ရသောအခါ သူတို့သည် 'တွာလူသ်'ဘုရင်ဖြစ်ခြင်းကို ယုံကြည်လက်ခံခဲ့ကြသည်။

ရာသီဥတုအလွန်ပူပြင်းစဉ်တွင် တွာလူသ်ဘုရင်သည် ဂျာလူသ်အား စစ်မက်ပြိုင်ဆိုင်တိုက်မှု စတင်ပြုလုပ် ခဲ့သည်။

အာယသ်တော် (၂၄၉)တွင် **قَالَ إِنَّ اللَّهَ مُبْتَلِيكُم بِنَهَرٍ** ဘုရင်က '(အချင်းတို့) မုချစင်စစ် အလ္လာဟ်အရှင်မြတ် သည် အသင်တို့အား မြစ်တစ်ခုဖြင့် စမ်းသပ်တော်မူလတ္တံ့'ဟု ပြောကြားခဲ့သည်။

ဤစမ်းသပ်ချက်၏နောက်တွင်ရှိသော အသိဉာဏ်ကို ဤကျမ်းရှင် တွေ့ထိခံစားသိမြင်သလို တင်ပြရလျှင် အောက်ပါအတိုင်းဖြစ်ပါသည်။ ဤကဲ့သို့သော အချိန်အခါတွင်ဖြစ်ပေါ်ခဲ့သော စိတ်လှုပ်ရှားပျော်ရွှင်မှုကို တွေးတော မှန်းဆရန်မှာ မခက်ခဲပါ။ သို့သော်လည်း ထိုသို့စမ်းသပ်ချိန်တွင် ကြံ့ကြံ့ခံ၍နေနိုင်သူမှာကား များစွာမရှိချေ။ ထိုကဲ့သို့သောအချိန်ကျရောက်စဉ်တွင် ထိုသူများ၏ပျော့ညံ့ချက်သည် အခြားသူများထံ ကူးစက်သွား၍ ၎င်းတို့လည်း အထိတ်တလန့်ဖြစ်သွားကြပါသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့သောသူများအားထုတ်ပယ်၍ သန့်စင် စေတော်မူခဲ့သည်။ ဤကဲ့သို့သန့်စင်ခြင်းကို ဤစမ်းသပ်ချက်ဖြင့် ပြီးမြောက်စေခဲ့ပါသည်။ စစ်တိုက်စဉ်တွင် ကြံ့ကြံ့ခံရန်မှာ အရေးကြီးလိုအပ်ခြင်းကြောင့် ဤသို့ပြုလုပ်ခြင်းသည် လိုက်လျောညီထွေရှိပါသည်။ ထို့ကြောင့် အလွန်အမင်းရေငတ်နေသောအချိန်တွင် ရေလည်းအလွယ်တကူရနိုင်လျက်နှင့် တောင်းဆိုခြင်းမပြုပဲ သည်းခံခြင်း သည် ကြံ့ကြံ့ခံနိုင်ခြင်း၏ သက်သေပင်ဖြစ်သည်။ ထို့နောက် ရေဆီသို့အပြေးအလွှားသွားခြင်းသည် သည်းခံမှု မရှိကြောင်း၊ ကြံ့ခိုင်မှုမရှိကြောင်း သက်သေပင်ဖြစ်သည်။ ၎င်းနောက် ဖြစ်ရိုးဖြစ်စဉ်မဟုတ်သောကိစ္စရပ်များ ဖြစ်ပေါ်လာသည်။ ရေကို အလွန်အကျူးသောက်သူများသည် ထူးဆန်းအံ့ဘွယ်စွမ်းအားမရှိဖြစ်သွားခဲ့သည်။ အိဗ်နိအဗ္ဗာစ်(**رضى الله عنه**)မှတစ်ဆင့် အိဗ်နိအဗီဟာသိမ်၏ ဆင့်ပြန်ခဲ့သော ဤအဖြစ်အပျက်မှာ ရူဟုလ်မအာနီ ကျမ်းတွင်ပါရှိခဲ့သည်။ ဖော်ပြခဲ့သော အဖြစ်အပျက်ထဲတွင်ပါဝင်သောအကြောင်းအရာများနှင့် အဆိုများက လူ(၃)မျိုး(၃)စားရှိကြောင်း ကျွန်ုပ်တို့အား ပြောပြသည်။

(၁) ယုံကြည်ချက်တွင်အားနည်း၍ စမ်းသပ်ချိန်တွင် အဆင့်မမီသူများ။

(၂) စမ်းသပ်မှုကို ပြည့်ဝစွာအောင်မြင်ခဲ့သော ပြီးပြည့်စုံသူများဖြစ်ကာ အရေအတွက်နည်းပါးမှုကြောင့် စိုးရိမ်ကြောင့်ကြသူများ။

(၃) မည်သည်ကိုမျှ ဂရုမစိုက်သော အလွန်ပြီးပြည့်စုံသောသူများဖြစ်ကြသည်။

v v v v v v v

**အာယသ် (၂း ၂၅၂)**

تِلْكَ
اٰيٰتُ اللّٰهِ نَتْلُوْهَا عَلَيْكَ بِالْحَقِّ ۭ وَاِنَّكَ لَمِنَ الْمُرْسَلِيْنَ ۝

**“(အို - နဗီတမန်တော်) ဤသည်တို့သည် အလ္လာဟ်အရှင်မြတ်၏ မုကွဲပါဋ်တော်များပင် ဖြစ်သည်။ ငါအရှင်မြတ်သည် အသင့်အား ထိုမုကွဲပါဋ်တော်များကို မှန်ကန်စွာ ကြားသိ စေတော်မူသည်။ ၎င်းပြင် အသင်သည် စေလွှတ်တော်မူခြင်းခံရသော ‘ရစူလ်’ တမန်တော်များတွင် မုချတစ်ပါး အပါအဝင်ဖြစ်လေသည်။” (၂း၂၅၂)**

တမန်တော်မြတ်(ﷺ)သခင်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ခြင်းကို အတည်ပြုမှုသည် ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိကရည်မှန်းချက်ဖြစ်သည့်အားလျော်စွာ လိုအပ်သောအချိန်တွင် ထိုကိစ္စရပ်ကို အခိုင်အမာအတည်ပြုခဲ့သည်။ ကိုယ်တိုင်လည်းမမြင်တွေ့ရ၊ မည်သည့်နေရာကမှလည်း မကြားခဲ့ရ။ တစ်စုံတစ်ဦးထံမှလည်း မသိရှိခဲ့ရသော အာယသ်တော် (၂၄၆-၂၅၁)ပါ အဖြစ်အပျက်ကို တမန်တော်မြတ်(ﷺ)က မှန်ကန်စွာတင်ပြနိုင်ခြင်းသည် ထူးဆန်း အံ့ဘွယ်တစ်ပါးဖြစ်ပြီး ကိုယ်တော်မြတ်သည် တမန်တော်ဖြစ်ကြောင်း ခိုင်လုံသော သက်သေတစ်ပါးလည်းဖြစ် သည်။ အခု အာယသ်တော် (၂၅၂) (နှင့် နောက်လာမည့် အာယသ်တော် ၂၅၃)တို့သည် ဤအချက်ကို ပြသနေ ပါသည်။

ဤအာယသ်တော်များထဲတွင် ဤအဖြစ်အပျက်ကို ဖော်ပြထားသည်။ ‘ဤသည်တို့သည် အလ္လာဟ်အရှင်မြတ်၏ မုကွဲပါဋ်တော်များပင်ဖြစ်သည်။ ငါအရှင်မြတ်သည် အသင့်အား ထိုမုကွဲပါဋ်များကို မှန်ကန်စွာကြားသိစေတော်မူ သည်’ ထို့နောက် ဤသည်ကပင် သက်သေပြသည်မှာ ‘အသင်သည် စေလွှတ်တော်မူခြင်းခံရသော ရစူလ် တမန်တော်များတွင် မုချတစ်ပါး အပါအဝင်ဖြစ်လေသည်’ဆိုသည်ကို သက်သေပြသည်။

vvvvvvv

အာယသ် (၂း ၂၅၃)

تِلْكَ الرُّسُلُ فَضَّلْنَا بَعْضَهُمْ عَلَىٰ بَعْضٍ ۘ مِّنْهُم
مَّن كَلَّمَ اللَّهُ وَرَفَعَ بَعْضَهُمْ دَرَجَاتٍ ۚ وَآتَيْنَا عِيسَى ابْنَ
مَرْيَمَ الْبَيِّنَاتِ وَأَيَّدْنَاهُ بِرُوحِ الْقُدُسِ ۗ وَلَوْ شَاءَ اللَّهُ مَا اقْتَتَلَ
الَّذِينَ مِن بَعْدِهِم مِّن بَعْدِ مَا جَاءَتْهُمُ الْبَيِّنَاتُ وَلَٰكِنِ اخْتَلَفُوا
فَمِنْهُم مَّنْ آمَنَ وَمِنْهُم مَّن كَفَرَ ۚ وَلَوْ شَاءَ اللَّهُ مَا اقْتَتَلُوا
وَلَٰكِنَّ اللَّهَ يَفْعَلُ مَا يُرِيدُ ﴿٢٥٣﴾

“ဤသူတို့သည်ကား တမန်တော်များပင်တည်း၊ ငါအရှင်မြတ်သည် ယင်းတမန်တော်များအနက် အချို့သောတမန်တော်များကို အချို့သောတမန်တော်များထက် ပိုမို၍ ဂုဏ်ဒြပ်ချီးမြှင့်တော်မူခဲ့လေပြီ။ ထိုတမန်တော်များတွင် အလ္လာဟ်အရှင်မြတ် (ကိုယ်တော်တိုင်တိုက်ရိုက်)စကားပြောကြားတော်မူခဲ့သော တမန်တော်များလည်းရှိ၏။ ၎င်းပြင် ထိုအရှင်မြတ်သည် ယင်းတမန်တော်များအနက်အချို့ကို ဂုဏ်ဒြပ်များစွာ ချီးမြှင့်မြောက်စားတော်မူခဲ့လေသည်။ ၎င်းပြင် ငါအရှင်မြတ်သည် မရ်ယမ်၏သား (နဗီတမန်တော်)အီစာအား ထင်ရှားလှစွာသော သက်သေခံလက္ခဏာတော်များကို ချီးမြှင့်တော်မူခဲ့သည့်ပြင် ရူဟုလ်ကုဒ်စ်ခေါ် စေတမန် ‘ဂျိဗ်ရီလ်’ဖြင့်လည်း ကူညီထောက်မတော်မူခဲ့လေသည်။ အကယ်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလိုဆန္ဒရှိတော်မူခဲ့ပါမူ ယင်းတမန်တော်များပွင့်ပြီးသည့်နောက် ရှိခဲ့သောနောက်လိုက် တပည့်သားတို့သည် မိမိတို့ထံဝယ် ထင်ရှားလှစွာသော သက်သေခံလက္ခဏာတော်များ ရောက်ရှိပြီးသည့်နောက် အချင်းချင်းသတ်ဖြတ်ကြမည်မဟုတ်ပေ။ သို့ရာတွင် ယင်းသူတို့သည် အချင်းချင်းကွဲလွဲကြပေရာ ထိုသူတို့အနက် အချို့တို့သည် ယုံကြည်ခြင်းသဒ္ဓါတရားထားရှိ၍ အချို့မှာမူ ‘ကုဖ်ရ်’သွေဖည်ငြင်းဆန်လျက်ပင် ရှိကြကုန်၏။ အကယ်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိခဲ့ပါလျှင် ထိုသူတို့သည် အချင်းချင်းသတ်ဖြတ်ကြမည်မဟုတ်ချေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် မိမိအလိုတော်ရှိသည်များကို (မိမိ)ပြုလုပ်တော်မူလေသတည်း။” (၂း၂၅၃)

**အကျယ်ဖွင့်ဆိုခြင်း**

(၁) အာယသ်တော် (၂၅၂)တွင်မိန့်ကြားသော **وَإِنَّكَ لَمِنَ الْمُرْسَلِينَ** 'ငင်းပြင် အသင်သည် စေလွှတ်တော်မူခြင်းခံရသော 'ရစူလ်'တမန်တော်များတွင် မုချတစ်ပါးအပါအဝင်ဖြစ်လေသည်'ဟု မိန့်ကြားထားခဲ့ပြီး တမန်တော်ဖြစ်ခြင်းကိုလည်း မငြင်းကွယ်သာလောက်အောင် ထင်ရှားသည့်အထောက်အထား ဖြင့် သက်သေပြခဲ့သော်လည်း မယုံကြည်သွေဖည်သူများသည် တမန်တော်မြတ်(ﷺ)၏ တမန်တော်ဖြစ်ခြင်းကို အသိအမှတ်ပြုရန် ငြင်းဆိုခြင်းကို တမန်တော်မြတ်(ﷺ)အား စိတ်သက်သာရ၍ နှစ်သိမ့်စေရန်ရည်ရွယ်ကာ အာယသ်တော်(၂၅၃)တွင် **تِلْكَ الرُّسُلُ** ('ဤသူတို့သည်ကား တမန်တော်များပင်တည်း)ဟူ၍ စတင် ထားသည်။ ဤအခြေအနေသည် တမန်တော်မြတ်ကြီးကို စိတ်ထိခိုက်စေခဲ့ပါသည်။ ထို့ကြောင့် အလ္လာဟ်အရှင် မြတ်သည် တမန်တော်မြတ်(ﷺ)အား နဗီတမန်တော်များ အဆင့်အမျိုးမျိုးနှင့် ပွင့်တော်မူခဲ့စေကြောင်းကို သတိချပ်စေခဲ့ပါသည်။ သို့ရာတွင် မည်သည့်တမန်တော်၏နောက်လိုက်များတွင်မှ တညီတညွတ်တည်းယုံကြည်မှုမျိုးကို မမြင်တွေ့ခဲ့ရချေ။ အချို့နောက်လိုက်များက ထောက်ခံကြသကဲ့သို့ အချို့ကား ဆန့်ကျင်ခဲ့ကြပေသည်။ မည်သို့ပင်ဆိုစေကာမူ ဤကိစ္စတွင်လည်း ဉာဏ်အမြော်အမြင်ရှိသည့် တွေးတောဆင်ခြင်ဖွယ်ရာများရှိကြ၍ ယင်းတို့ကို လူတိုင်းက မြင်တွေ့ရန်မလိုအပ်ချေ။ သို့သော်လည်း ယင်းကဲ့သို့သောကိစ္စရပ်များ၏နောက်ကွယ်တွင် ဟစ်က်မသ် အသိဉာဏ်ရှိသည်ကား သေချာသည်။ တစ်စုံတစ်ဦးသည် ထိုသို့ရှိခြင်းကို ယုံကြည်ရန်ကား အရေးကြီးသည်။

(၂) ဤအာယသ်တော်လာစကားလုံးများဖြစ်သော **تِلْكَ الرُّسُلُ فَضَّلْنَا بَعْضَهُمْ عَلَىٰ بَعْضٍ** 'ဤသူတို့ကား တမန်တော်များပင်တည်း။ ငါအရှင်မြတ်သည် ယင်းတမန်တော်များအနက် အချို့သော တမန်တော်များကို အချို့သောတမန်တော်များထက် ပိုမို၍ဂုဏ်ဒြပ်ချီးမြှင့်တော်မူခဲ့လေပြီ'က ထင်ရှားစွာ ညွှန်းသည်မှာ အချို့သော တမန်တော်များအား အခြားသောတမန်တော်များထက် မြင့်မားသောအဆင့်ပေးခြင်းခံရသည်ဟူသော အကြောင်းပင်ဖြစ်သည်။ ဟဒီးဆ်တော်တစ်ပုဒ်နှင့် ဤကိစ္စရပ်ကို နှိုင်းယှဉ်ချိန်ထိုးကြည့်ရာတွင် ကျွန်ုပ်တို့မှာ အခက်အခဲတစ်ရပ်ကြုံတွေ့ရပါသည်။ တမန်တော်မြတ်(ﷺ) မိန့်ကြားခဲ့သည်မှာ -

**لا تفضلوا بين أنبياء الله**

'တမန်တော်များအတွင်း တစ်ပါးထက်တစ်ပါးသာ ပိုခြင်းကို မရှာဖွေနှင့်။'

**لا تخيروني على موسى**

'ကျွန်ုပ်သည် တမန်တော်မူစာထက်သာသည်ဟု မပြောနှင့်။'

**لا أقول إن أحدا أفضل من يونس بن متى**

တမန်တော်ယူနွတ်စ် အိဗ်နိမာသ်သာထက် တစ်စုံတစ်ဦးသည် သာလွန်သည်ဟု ကျွန်ုပ်တို့မပြောနိုင်ပါ။

ဟဒီးတော်များက အချို့သောတမန်တော်များသည် အချို့သောတမန်တော်များထက် သာသည်ဟုပြောခြင်းကို ထင်ရှားစွာ တားမြစ်ပိတ်ပင်ထားသည်။

ကျွန်ုပ်တို့၏ထင်မြင်ယူဆချက်နှင့် အချို့သော နဗီတမန်တော်များသည် အချို့သောနဗီတမန်တော်များထက်သာသည်ဟု သက်သေအထောက်အထားမရှိဘဲ မပြောကြားနှင့်ဟု ဤအာယသ်တော်များက ဆိုလိုသည်။ အဘယ့်ကြောင့်ဆိုသော် တမန်တော်တစ်ပါး၌ မြင့်မားသောအဆင့်ရှိသည်ဟုဆိုခြင်းမှာ အလ္လာဟ်အရှင်မြတ်၏ ရှေတော်မှောက်တွင်သာ မြင့်မားသောအဆင့်ရှိကြောင်း ဆိုလိုသည်။ ထင်ရှားသည်မှာကား ထိုအသိဉာဏ်ကို မှန်းဆမှုများမှတစ်ဆင့် မရရှိနိုင်ပါ။ သို့ရာတွင် တမန်တော်အချို့သည် တမန်တော်အချို့ထက်သာလွန်ခြင်းကို အတည်ပြုသည့်သက်သေမှာ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်မှလာသည်ဖြစ်လျှင် သာလွန်မှုကိုယုံကြည်ရန်လိုအပ်သည်။

ယခု တမန်တော်မြတ်(ﷺ) မိန့်ကြားခဲ့သော 'တမန်တော်ယူနွတ်အိဗ်နိမာသ်သာထက် တစ်စုံတစ်ဦးသည် သာလွန်သည်ဟု ကျွန်ုပ်မပြောနိုင်ပါ။' **لاأقول إن أحدا أفضل من يونس بن متى** နှင့် **لاتخيروني على موسى** 'ကျွန်ုပ်သည် တမန်တော်မူစာ ထက် သာသည်ဟုမပြောနှင့်' တို့သည် တမန်တော်မြတ်(ﷺ)သခင်သည် အခြားသောတမန်တော်များထက် သာလွန်ကြောင်း အသိပေးပြောကြားခြင်းမတိုင်မီက မိန့်ကြားခဲ့သည်များဖြစ်သည်။ ဤကိစ္စကို တမန်တော်မြတ် (ﷺ)သခင်အား နောက်ပိုင်း၌ ဝဟီမှတဆင့်သိစေခဲ့ပါသည်။ ထို့နောက် တမန်တော်မြတ်(ﷺ)သခင်က ဆွဟာဗဟ် များအား ဤအကြောင်းပြောကြားခဲ့သည်။ (မဇ်ဟရီ)

(၃) **مِنْهُمْ مَّنْ كَلَّمَ اللهُ** 'ထိုတမန်တော်များတွင် အလ္လာဟ်အရှင်မြတ်(ကိုယ်တော်တိုင် တိုက်ရိုက်) စကားပြောတော်မူခဲ့သော တမန်တော်များလည်းရှိ၏။'ဟူသော အဆိုအမိန့်နှင့်ပတ်သက်၍ သတိပြုရ မည်မှာ တမန်တော်မူစာ(عليه السلام)နှင့်စကားပြောခြင်းတွင် ကောင်းကင်တမန်တစ်ပါးကြားခံအဖြစ်ပါဝင်မှ ပါဝင် ပါလိမ့်မည်။ သို့သော် ဟိဂျဗ်(မြင်ကွင်းမှကာရံထားခြင်း)မပါဘဲမဟုတ်သည်ကားသေချာသည်။ ထို့ကြောင့် အာယသ် တော်(၄၂း၅၁)တွင် **مَا كَانَ لِبَشَرٍ اَنْ يُّكَلِّمَهُ اللهُ** 'မည်သည့်လူသားတစ်ဦးတစ်ယောက်မျှ အလ္လာဟ် အရှင်မြတ်သည် 'ဝဟ်ယ် အမိန့်တော်ထုတ်ပြန်တော်မူခြင်းမှတစ်ပါး၊ အရိပ်အခြေပြတော်မူခြင်းမှတစ်ပါး သို့တည်း မဟုတ် အကွယ်အကာတစ်စုံတစ်ရာ၏နောက်မှတစ်ပါး စကားပြောတော်မူသည်မဟုတ်ပေ'ဟု မိန့်ကြားထားခဲ့ချက် အရ တမန်တော်များနှင့် အလ္လာဟ်အရှင်စပ်ကြားတွင် အဆက်အသွယ်မပါဘဲ ဟိဂျဗ်အကာအကွယ်နောက်မှ စကားပြောသည်ဟူသောအချက်တို့သည် အထက်ပါအချက်နှင့် ဖီလာဆန့်ကျင်ဖြစ်မနေတော့ချေ။ ဤအာယသ်တော် (၄၂း၅၁)ကပင်လျှင် ဟိဂျဗ်မပါဘဲစကားပြောဆိုခြင်းဆိုသည်ကို ပျက်ပြယ်စေပါသည်။ မည်သို့ပင်ဖြစ်စေ သေပြီးနောက် စကားပြောခြင်းတွင် ဟိဂျဗ်မပါသည်မှာဖြစ်နိုင်သည်။ ထို့ကြောင့် စူရဟ် အလ်ရှူအ်ရာမှ ဤအာယသ်တော်သည် ဤကမ္ဘာလောကရှိဘဝကိုသာ ရည်ညွှန်းသည်။

V V V V V V V

**အာယသ် (၂ း ၂၅၄)**

يَٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓا۟ أَنفِقُوا۟
مِمَّا رَزَقْنَٰكُم مِّن قَبْلِ أَن يَأْتِىَ يَوْمٌ لَّا بَيْعٌ فِيهِ وَلَا خُلَّةٌ وَلَا
شَفَٰعَةٌ ۗ وَٱلْكَٰفِرُونَ هُمُ ٱلظَّٰلِمُونَ ﴿٢٥٤﴾

**“အို-မုဟ်မင် ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြသူအပေါင်းတို့၊ ငါအရှင်မြတ်သည် အသင်တို့အား ပေးသနားတော်မူသော ဥစ္စာပစ္စည်းများအနက်မှ (အချို့အဝက်ကို) အသင်တို့သည် ‘ကိယာမသ်’နေ့မရောက်မီပင် လှူဒါန်းပေးကမ်းကြကုန်လော့။ ထိုနေ့တွင် မည်သည့်ရောင်းဝယ်မှုမျှရှိမည်မဟုတ်။ မိတ်ဆွေဖြစ်မှုလည်းရှိမည်မဟုတ်။ အသနားခံတောင်းပေးမှုလည်းရှိမည်မဟုတ်။ ‘ကာဖိရ်’မယုံကြည်သွေဖည်ခြင်းပယ် သောသူများသာလျှင် ကျူးကျော်စော်ကားသူဖြစ်ကြသည်။” (၂း၂၅၄)**

## အကျယ်ဖွင့်ဆိုခြင်း

ခဝတ်ကိုးကွယ်မှုများနှင့် လူသားချင်းဆက်ဆံမှုများနှင့်သက်ဆိုင်သော အမိန့်ပညတ်ချက်များကို ဤစူရတ်၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ အထူးသဖြင့် ထိုအမိန့်ပညတ်ချက်များသည် လူသားတစ်ယောက်အား ဝန်ပိစေသည်ဟု ထင်မှတ်ကာ လိုနာဆောင်ရွက်ရန်မနှစ်သက်ကြချေ။ ထို့နောက် အခက်ခဲဆုံးသော အပြုအမူမှာ တစ်စုံတစ်ဦး၏ အသက်နှင့် ပိုင်ဆိုင်မှုများသုံးစွဲရန်ဖြစ်သည်။ အလ္လာဟ် အရှင်မြတ်၏ အမိန့်ပညတ်ချက်ကိုလေ့လာလျှင် ထိုအမိန့်ပညတ်ချက်များသည် လူသား၏အသက် (သို့) သူ၏ ပိုင်ဆိုင်မှုများနှင့် အခြေအနေအတော်များများတွင် ပတ်သက်နေကြောင်းတွေ့ရမည်။ လူသားသည် မိမိဘဝကို ချစ်မြတ်နိုးခြင်းဖြစ်စေ၊ မိမိအကျိုးအတွက် တိုးပွားစေရန်ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်၏အမိန့်ကို မနာခံဘဲ ဂုနာဟ် အပြစ်ကျူးလွန်လေ့ရှိသည်။ ထို့ကြောင့် ဤအရာနှစ်ခုကို ချစ်မြတ်နိုးခြင်းသည် ဂုနာဟ်အကုသိုလ်များ၏ ရေသောက်မြစ်ဖြစ်သည်။ နာခံရိုကျိုးမှုများသာလျှင် ထိုအပြစ် ဂုနာဟ်များမှကာကွယ်ခြင်းနှင့် လွတ်မြောက်စေခြင်းဖြစ်သည်။ ဤအကြောင်းကြောင့် ခဝတ်ကိုးကွယ်ခြင်း၊ လူမှုဆိုင်ရာဆက်ဆံခြင်း၊ အလ္လာဟ်အရှင်မြတ်လမ်းတွင် တိုက်ခိုက်ခြင်းနှင့် အလ္လာဟ်အရှင်မြတ်လမ်းတွင် သုံးစွဲခြင်းတို့နှင့် ပတ်သက်သော အမိန့်ပညတ်ချက်များကို ဖော်ပြခဲ့ပါသည်။

ပထမအမိန့်ပညတ်ချက်သည် အာယသ်(၂၄၄)တွင် **وَقَاتِلُوا۟ فِى سَبِيلِ ٱللَّهِ** ‘ထို့ပြင်တစ်ဝ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ကြလေကုန် လော့’ဟု ပါရှိ၍ ဒုတိယအမိန့်ပညတ်ချက်သည် အာယသ်(၂၄၅)တွင် - **مَّن ذَا ٱلَّذِى يُقْرِضُ ٱللَّهَ** အလ္လာဟ်အရှင်မြတ်အား မွန်မြတ်လှစွာသော

ကြွေးမြီချေးငှားမည့်သူသည် မည်သူနည်း' ပါရှိသည်။ ထို့နောက် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် စစ်မက်ပြိုင်ဆိုင်တိုက်ခိုက်ခြင်းကို တွာလူသ် အကြောင်းဖြင့် အလေးအနက်ပြုထားသည်။ အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲခြင်းကို အာယသ်တော်(၂၅၄) - **اَنْفِقُوا مِمَّا رَزَقْنٰكُمْ مِّنْ** 'ငါအရှင်မြတ်သည် အသင်တို့အားပေးသနားတော်မူသော ဥစ္စာပစ္စည်းများအနက်မှ (အချို့အဝက်ကို) အသင်တို့သည် ကိယာမသ်နေ့ မရောက်မီပင် လှူဒါန်းပေးကမ်းကြကုန်လော့'တွင် အလေးအနက်ပြုထားသည်။ အလ္လာဟ်အရှင်မြတ်အား ခဝတ်ကိုးကွယ်မှုနှင့် လူသားများနှင့်ဆက်ဆံမှုကိစ္စရပ် အတော်များများသည် အလ္လာဟ်အရှင်မြတ်ပေးသနားထားတော်မူသမျှထဲမှ သုံးစွဲခြင်းနှင့်သက်ဆိုင်နေသောကြောင့် ဤအကြောင်း အရာကို အကျယ်တဝင့်ဖော်ပြထားသည်။ ထို့ကြောင့် နောက်လာမည့် အခန်းကဏ္ဍအများစုထဲတွင် ဒုတိယ အကြောင်းအရာဖြစ်သော တစ်စုံတစ်ဦး၏ပိုင်ဆိုင်မှုများထဲမှ (သုံးစွဲမှု)အကြောင်းအရာကို ဆွေးနွေးထားသည်။ အချုပ်ဆိုရသော် အာယသ်တော်က မိန့်ကြားထားသည်မှာ လိုက်နာဆောင်ရွက်ရန် အချိန်ရှိသေးသည်ဟု ဆိုလိုသည်။ တမလွန်ဘဝတွင် ပြုလုပ်ဆောင်ရွက်၍မရပါ။ မိတ်ဆွေအပေါင်းအသင်းတစ်ဦးထံမှလည်း ချေးငှား၍ မရနိုင်ပါ။ ပြစ်ဒဏ်ကျခံရသည်ဆိုသည်နှင့် တစ်စုံတစ်ဦး၏ ကြားဝင်အသနားခံမှုဖြင့် ထိုပြစ်ဒဏ် မှ မလွတ်မြောက် နိုင်ပါ။ အလ္လာဟ်အရှင်မြတ်ကိုယ်တိုင် ခွင့်လွှတ်ချမ်းသာပေးမှသာလျှင် လွတ်မြောက်နိုင်လေသည်။

vvvvvvv

အာယသ် (၂း ၂၅၅)

اَللّٰهُ لَآ اِلٰهَ اِلَّا هُوَ اَلْحَیُّ
الْقَیُّوْمُ ۚ لَا تَاْخُذُهٗ سِنَةٌ وَّلَا نَوْمٌ ؕ لَهٗ مَا فِی السَّمٰوٰتِ وَمَا فِی
الْاَرْضِ ؕ مَنْ ذَا الَّذِیْ یَشْفَعُ عِنْدَهٗۤ اِلَّا بِاِذْنِهٖ ؕ یَعْلَمُ مَا بَیْنَ
اَیْدِیْهِمْ وَمَا خَلْفَهُمْ ۚ وَلَا یُحِیْطُوْنَ بِشَیْءٍ مِّنْ عِلْمِهٖۤ اِلَّا بِمَا
شَآءَ ۚ وَسِعَ كُرْسِیُّهُ السَّمٰوٰتِ وَالْاَرْضَ ۚ وَلَا یَـُٔوْدُهٗ حِفْظُهُمَا ۚ وَ
هُوَ الْعَلِیُّ الْعَظِیْمُ ﴿۲۵۵﴾

“အလ္လာဟ်အရှင်မြတ်သည်(သာလျှင် ခဝပ်ကိုးကွယ်ရာအရှင်ဖြစ်တော်မူ၏) ထိုအရှင်မြတ်မှတစ်ပါး ကိုးကွယ်ခြင်းခံထိုက်သူဟူ၍ အလျင်းမရှိပြီ။ (ထိုအရှင်မြတ်သည်) အမြဲ ရှင်သန်နေတော်မူသောအရှင်၊ (မိမိကိုယ်တော်တိုင် ထာဝရတည်နေတော်မူ၍ သတ္တဝါ အပေါင်းတို့ကိုလည်း) ထိန်းသိမ်းစောင့်ရှောက်တော်မူသောအရှင်ဖြစ်တော်မူ၏။ ထိုအရှင်မြတ်အား ငိုက်မြည်းခြင်းသည်လည်းကောင်း၊ အိပ်စက်ခြင်းသည်လည်းကောင်း မဖိစီးနိုင်ပေ။ ထိုအရှင်မြတ်သည်သာလျှင် အာကာသကောင်းကင်များနှင့် မြေ၌ရှိရှိသမျှသော (သက်ရှိသက်မဲ့) အရာဝတ္ထုဟူသမျှတို့ကို ပိုင်ဆိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။ ထိုအရှင်မြတ်၏ အထံတော်၌ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရှိ၏ဘဲ သူတစ်ပါးအတွက် အသနားခံတောင်းပန်ပေးနိုင်သူကား အဘယ်သူနည်း။ ထိုအရှင်မြတ်သည် ထိုသူတို့၏ ရှေ့နောက် အဖြစ်အပျက်အကြောင်းကိစ္စအလုံးစုံတို့ကို အကြွင်းမဲ့သိရှိတော်မူလေသည်။ သို့ရာတွင် ယင်းသူတို့သည် ထိုအရှင်မြတ် သိရှိတော် မူသော အကြောင်းကိစ္စအဖြစ်အပျက်တို့အနက်မှ ထိုအရှင်မြတ် အလိုရှိတော်မူသော အကြောင်းကိစ္စမှအပ တစ်စုံတစ်ရာကိုမျှ ဝန်းခြုံ၍ မသိနိုင်ကြပေ။ ထိုအရှင်မြတ်၏ ဉာဏ်တော်သည် အာကာသကောင်းကင်များနှင့် တကွ ကမ္ဘာမြေပြင်တစ်ခွင်လုံးကို ဝန်းခြုံလျက်ရှိချေ၏။ သို့ရာတွင် ယင်းမိုးကောင်းကင်နှင့် တကွ ကမ္ဘာမြေပြင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ထိုအရှင်မြတ်အား ပင်ပန်းနွမ်းရိစေသည်မဟုတ် ပေ။ စင်စစ်တမူကား ထိုအရှင်မြတ်သည် (မကြံစည်နိုင်အောင်) မြင့်မြတ်တော်မူသော အရှင်၊ ကြီးကဲထွတ်မြတ်တော်မူသောအရှင်တည်း။” (၂း၂၅၅)

## အာယသုလ်ကုရ်စီ၏ထူးမြတ်ခြင်း

ဤအာယသ်သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အကြီးကျယ်ဆုံးသောအာယသ်တော်ဖြစ်သည်။ ထိုအာယသ်တော်၏ အံ့ဖွယ်ထူးမြတ်ခြင်းနှင့် ကောင်းခြင်းများကိုဖော်ပြထားသော အဆိုအမိန့်များ၊ ဟဒီးဆ်တော်များတွင် ပါရှိသည်။ မုစ်နဒ် အဟ်မဒ်ကျမ်းတွင် လာရှိသည်မှာ ဤအာယသ်တော်သည် အာယသ်တော်များအားလုံးတွင် အထူးမြတ်ဆုံးဖြစ်သည်ဟု တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားခဲ့သည်။ အခြားဟဒီးဆ်တော်တစ်ရပ်တွင်ပါရှိသည်မှာ တမန်တော်မြတ်(ﷺ)သခင်သည် စိုက်ယိဒနာ အုဗိုင်ယ်ယိဗ်နိ ကအာဗ်(**رضى الله عنه**)သခင်အား 'ကုရ်အာန်ကျမ်းတော်မြတ်တွင် အကြီးကျယ်ဆုံးသော အာယသ်တော်မှာ မည်သည့်အာယသ်လဲ'ဟု မေးမြန်းခဲ့သည်။ စိုက်ယိဒနာ အုဗိုင်ယ်ယိဗ်နိကအာဗ်(**رضى الله عنه**)က 'အာယသုလ်ကုရ်စီဖြစ်သည်'ဟု ပြောကြားခဲ့သည်။ ထောက်ခံသည့် အနေဖြင့် တမန်တော်မြတ်(ﷺ)သခင်က မိန့်ကြားသည်မှာ 'အိုး-အဗူအလ် မွန်ဒိရ် အသင်၏ အသိဉာဏ်အပေါ် အလွှာဟ် အရှင်မြတ်၏ကောင်းချီးမင်္ဂလာကျရောက်တော်မူပါစေ'ဟူ၍ဖြစ်သည်။

စိုက်ယိဒနာ အဗူဇရ်(**رضى الله عنه**)သခင်က တမန်တော်မြတ်(ﷺ)သခင်အား လျှောက်ထားမေးမြန်းခဲ့သည်မှာ 'အိုး-အလ္လာဟ်အရှင်မြတ်၏တမန်တော် ကုရ်အာန်ကျမ်းတော်မြတ်၏ အကြီးကျယ်ဆုံးသော အာယသ်တော်မှာ မည်သည့်အာယသ်တော်ပါနည်း' တမန်တော်မြတ်(ﷺ)သခင်က ဖြေကြားရာတွင် 'အာယသုလ် ကုရ်စီဖြစ်သည်'ဟုဆိုသည်။ (မုစ်နဒ်အဟ်မဒ်မှ အိဗနိကဆီရ်)

စိုက်ယိဒနာ အဗူဟုရိုင်ရဟ်(**رضى الله عنه**)သခင်က တမန်တော်မြတ်(ﷺ)သခင်၏ မိန့်ကြားချက်ကို ဆင့်ပြန်ခဲ့ရာတွင် 'ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်တော်များ၏ အကြီးအကဲ (စိုက်ယိဒဟ်)သည် စူရဟ် အလ်ဘကရဟ်တွင်ပါရှိသော အာယသ်ဖြစ်သည်။ ထိုအာယသ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်သောအိမ်မှ ရှိုက်တွာန် ထွက်ပြေးရသည်။

အလ်နစာအီတွင်ပါဝင်သော ဟဒီးဆ်တော်တစ်ရပ်အရ တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားခဲ့သည်မှာ 'အကယ်၍ တစ်စုံတစ်ဦးသည် ဖရသွဲ့ဆွလာသ်များဝတ်ပြုပြီးတိုင်း အာယသုလ်ကုရ်စီဖတ်ရွတ်ပါက သူ၏ ဂျန္နသ်သုခဘုံသို့ဝင်ရောက်မှုကို သေခြင်းမှအပ မည်သည်မျှ မတားဆီးနိုင်ပါ။ ဆိုလိုသည်မှာ သေဆုံးပြီးလျှင် ထိုသူသည် ဂျန္နသ်သုခဘုံ၏ သက်တောင့်သက်သာရှိမှုနှင့် အေးချမ်းသာယာမှု၏ အစအနများကို စတင် မြင်တွေ့ရလိမ့်မည်ဖြစ်သည်။

ဤအာယသ်တော်ကဖော်ပြသည်မှာ အလ္လာဟ်အရှင်မြတ်သည် တစ်ပါးတည်းရှိကြောင်းနှင့် ဂုဏ်တော်များသည် တုဖက်နှိုင်းယှဉ်ဖွယ်မရှိသည့်အနေအထားရှိသည်။ အရှင်မြတ်သည် အမြဲရှင်တော်မူသည်။ ကြားတော်မူသည်။ မြင်တော်မူသည်။ မိန့်ကြားတော်မူသည်။ အလ္လာဟ်အရှင်မြတ်သည် ကိုယ်တော်တိုင်တည်ရှိတော်မူသည်။ အဆုံးမရှိ အမြဲထာဝရတည်ရှိတော်မူသည်။ စကြဝဠာအပေါင်း၏ဖန်ဆင်းရှင်ဖြစ်တော်မူသည်။ ပြောင်းလဲမှုများနှင့် အကျိုးသက်ရောက်မှုများမှ ကင်းလွတ်တော်မူသောအရှင်ဖြစ်သည်။ စကြဝဠာတစ်ခုလုံးကို စိုးပိုင်တော်မူသော အရှင်ဖြစ်သည်။ အရှင်မြတ်သည် အလွန်ကြီးကျယ်ခန်းနား၍ မည်သူတစ်ဦးတစ်ယောက်မျှ အရှင်မြတ်ရှေ့တော်တွင် အရှင်မြတ်ခွင့်ပြုချက်မရှိဘဲ စကားပြောနိုင်ခြင်းမရှိပါ။ အရှင်မြတ်သည် အကြွင်းမဲ့တန်ခိုးတော် မည်မျှ

ပိုင်ဆိုင်သနည်းဟူမူ အလွန်ကြီးကျယ်သောလုပ်ရပ်ဖြစ်သည့် စကြဝဠာအားဖန်ဆင်ခြင်း၊ ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းနှင့် ဖြည်းဖြည်းမှန်မှန်ဖြစ်ထွန်းစေရာတွင် မောပန်းသည်မရှိ။ အနားယူရန်မလိုအပ်ချေ။ အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်အသိဉာဏ်တော်မည်မျှ လွှမ်းခြုံထားသနည်းဟူမူ အသေးဆုံးသော မြူမှုန်(သို့) အစက်အပျောက်၊ မြင်သာသည်ဖြစ်စေ၊ ဖုံးကွယ်သည်ဖြစ်စေတို့အကြောင်းကို အလ္လာဟ်အရှင်မြတ်မသိသည် မရှိချေ။ အထက်ပါအကြောင်းအရာများသည် အာယသ်တော်၏ ဗဟိုမဏ္ဍိုင်အနှစ်သာရဖြစ်သည်။ အာယသ်တော်ပါ စကားလုံးများ၏ အသေးစိတ်ကို ကျွန်ုပ်တို့လေ့လာကြပါစို့။

ဤအာယသ်တော်၌ ဝါကျဆယ်ခုပါရှိသည်။ ပထမဝါကျမှာ **اَللّٰهُ لَآ اِلٰهَ اِلَّا هُوَ** 'အလ္လာဟ်အရှင်မြတ်သည် (သာလျှင် ကိုးကွယ်ရာအရှင်ဖြစ်တော်မူ၏) ထိုအရှင်မြတ်မှတစ်ပါး ကိုးကွယ်ခြင်းခံထိုက်သူ ဟူ၍အလျင်းမရှိပြီ'

(အလ္လာဟ်)ဟူသောစကားလုံးသည် အရှင်မြတ်တစ်ပါးတည်းအတွက်သုံးသော ကိုယ်ပိုင်နာမ်ဖြစ်သည်။ ဆိုလိုသည်မှာ ချို့တဲ့မှုအပေါင်းမှကင်းစင်၍ အလုံးစုံပြီးပြည့်စုံမှုအားလုံးနှင့် ပြည့်ဝတော် မူသောအရှင်ဖြစ်သည်။ ထိုအရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ရာအလျင်းမရှိဟူသောစကားရပ်သည် အရှင်မြတ် ဟူသောစကားလုံးကို ရှင်းလင်းစေပါသည်။ ဤအရှင်မြတ်မှလွဲ၍ မည်သည့်အရာမျှ လုံးဝဥဿုံခဝပ်ကိုးကွယ်ခြင်း ခံထိုက်မှုမရှိချေ။

ဒုတိယဝါကျမှာ **اَلْحَيُّ الْقَيُّوْمُ** '(ထိုအရှင်မြတ်သည်) အမြဲရှင်နေတော်မူသောအရှင်၊ (မိမိကိုယ်တော်တိုင် ထာဝရတည်နေတော်မူ၍ သတ္တဝါအပေါင်းတို့ကိုလည်း) ထိန်းသိမ်းစောင့်ရှောက်တော်မူသော အရှင်ဖြစ်တော်မူ၏။' **حَيٌّ** ဟူသော စကားလုံးသည် အရဗီဘာသာတွင် (သက်ရှင်နေခြင်း)ကိုဆိုလိုသည်။ အလ္လာဟ်အရှင်မြတ်၏ နာမတော်များအနက်မှ ဤစကားလုံးကို စတင်သုံးစွဲခြင်းသည် အလ္လာဟ်အရှင်မြတ်သည် အမြဲတမ်းရှင်နေတော်မူ၍ အမြဲထာဝရတည်ရှိနေခြင်းကို အလေးအနက်ပြုခြင်းဖြစ်သည်။ အရှင်မြတ်၌ သေခြင်း တရားဟူသည်မရှိချေ။ **قَيُّوْمٌ** ဟူသောစကားလုံးသည် 'ကီယာမ်'ဟူသောစကားလုံးမှဆင်းသက်လာကာ 'ရပ်ရန်'ဟု အဓိပ္ပာယ်သက်ရောက်သည်။ 'ကာအင်မ်'ဟူသောစကားလုံးသည် 'ရပ်နေသူ'ကို ရည်ညွှန်းသည်။ 'ကိုင်ယူမ်'နှင့် 'ကိုင်ယမ်'ဟူသော စကားလုံးများသည် အမှန်ရှိသည်ထက် ပိုသောတင်စားလွန်းသည့် အသွင်ဆောင်သည်။ ထိုစကားလုံးနှစ်လုံးက တစ်စုံတစ်ဦးသည် မိမိကိုယ်တိုင် ခိုင်မြဲစွာရပ်တည်နိုင်၍ တစ်ခြိန်တည်းမှာပင် အခြားသူများအား ကျွေးမွေးစောင့်ရှောက်ကာ အထောက်အပံ့ ပေးသည်ဟုဆိုလိုသည်။ ကိုင်ယူမ်သည် မည်သည့်အဖန်ဆင်းခံနှင့်မျှ ယှဉ်တွဲမသုံးစွဲနိုင်သော အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်တစ်ပါးဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မိမိအသက်ရှင်ရန်နှင့် တည်ရှိရန်အတွက် အခြားသူများပေါ် မှီခိုရသောသူများသည် တစ်စုံတစ်ခုအတွက် အထောက်အပံ့ပြုရန်မှာမူကား မျှော်လင့်မရနိုင်ချေ။

ထို့ကြောင့် လူသားတစ်ဦးအား ကိုင်ယူမ်ဟုမခေါ်သင့်ပါ။ ခေါ်ခွင့်လည်းမရှိချေ။ လူအများသည် အဗွဒုလ် ကိုင်ယူမ်ဟူသောနာမည်ကိုဖျက်ကာ နောက်စာလုံးမှ ကိုင်ယူမ်တစ်ခုတည်း သုံးစွဲခဲ့ပါလျှင် ဂုနာဟ်အပြစ် ဖြစ်စေသော အမှားကြီးတစ်ခုကျူးလွန်မှုပင်ဖြစ်သည်။

အကြီးအကဲများ၏အဆိုအရ အလ္လာဟ်အရှင်မြတ်၏ဂုဏ်တော်များအနက်မှ ဟိုင်ယ်နှင့် ကိုင်ယူမ် ပေါင်းစပ်လျှင် **الاسم الاعظم** အစွမ်သတ္တိအလိအဆိသွမ်းဖြစ်သွားသည်ဆိုသည်။ စိုက်ယိဒိနာ အလီ(**رضی اللہ عنہ**) မိန့်ကြားသည်မှာ 'ဗဒရ်စစ်ပွဲဖြစ်ပွားစဉ်အချိန်က ကျွန်ုပ်သည် တမန်တော်မြတ်(ﷺ)သခင် ဘာလုပ်နေသနည်း

ဟူသည်ကို တွေ့မြင်ရန် ကျွန်ုပ်စိတ်ဆန္ဒရှိခဲ့ပါသည်။ ကျွန်ုပ်ပြန်ရောက်သောအခါ၌ ကိုယ်တော်သည် စဂျဒဟ်ဦးချကာ **يَاحَيُّ يَاقَيُّومُ يَاحَيُّ يَاقَيُّومُ** 'ယာဟိုင်ယို့ ယာကိုင်ယ်ယူမ် - ယာဟိုင်ယို့ ယာကိုင်ယ်ယူမ်'ကို အဆက်မပြတ် ရွတ်ဆိုနေသည်ကို တွေ့မြင်ခဲ့ရသည်။

တတိယဝါကျမှာ **لَا تَأْخُذُهُ سِنَةٌ وَّلَا نَوْمٌ** 'ထိုအရှင်မြတ်အား ငိုက်မြည်းခြင်းသည်လည်းကောင်း၊ အိပ်စက်ခြင်းသည်လည်းကောင်း၊ မဖိစီးနိုင်ပေ **سِنَةٌ** (စိနသွန်း)ဟူသောစကားလုံးသည် အိပ်ပျော်ခြင်းကို အစပျိုးသည့် ငိုက်မြည်းခြင်းကိုဖော်ညွှန်းသည်။ **نَوْمٌ** (နောင်မ်)ဟူသော စကားလုံးသည် အိပ်စက်ခြင်းကို ရည်ညွှန်းသည်။ ဝါကျ၏အဓိပ္ပာယ်မှာ အလ္လာဟ်အရှင်မြတ်သည် ငိုက်မြည်းခြင်းမှလည်းကောင်း၊ အိပ်စက်ခြင်းမှလည်းကောင်း ကင်းဝေးသည်ဟုဆိုလိုသည်။ ပြီးခဲ့သည့်ဝါကျထဲ၌ ကိုင်ယူမ်ဟူသောစကားလုံး ပါခဲ့သောအခါ လူသားများအား သိစေသည်မှာ အလ္လာဟ်အရှင်မြတ်သည် မိုးကောင်းကင်များနှင့် ကမ္ဘာမြေများအားလုံးပေါ်တွင်တည်ရှိသော အရာများ အားလုံးပါဝင်သော စကြဝဠာတစ်ခုလုံး၏ ဟန်ချက်ညီညီ အပြစ်အနာအဆာကင်းစွာလုပ်ဆောင်ခြင်းကို အလ္လာဟ် အရှင်မြတ်က စီမံခန့်ခွဲနေသည်ဟူ၍ဖြစ်သည်။ ထိုအချိန်မျိုးတွင် သဘာဝလည်းကျ၍ လူသား၏ စပ်စုသော ဉာဉ်အရ ထိုမြင့်မြတ်တော်မူသောအရှင်သည် ထိုကဲ့သို့သော အံ့မခန်းလုပ်ရပ်ကြီးကို စီမံလုပ်ဆောင်နေသဖြင့် တစ်ချိန်ချိန်၌ မောပန်းကာအိပ်စက်ရန်နှင့် အနားယူရန်လိုအပ်လာလိမ့်မည်ဟု လွဲမှားသောအယူအဆပေါ်ပေါက် လာနိုင်သည်။ ဤစာပိုဒ်၏ ဒုတိယဝါကျတွင် လူသား၌အကန့်အသတ်နှင့်ရှိသော အသိဉာဏ်နှင့် ထိုးထွင်းဉာဏ်၊ အကန့်အသတ်နှင့်ရှိသော စွမ်းအင်ရှိသောကြောင့် လူသားအား သတိပေးထားသည်မှာ မိမိနှင့်ဖြစ်စေ အခြားဖန်ဆင်းခံများနှင့်တန်းတူထား၍ဖြစ်စေ အလ္လာဟ်အရှင်မြတ်အား မနှိုင်းဆသင့်ချေ။ မိမိနှင့်လည်းအလား တူသည်ဟု မည်သည့်အခါမျှ မမှတ်ယူသင့်ချေ။ ထိုအရှင်မြတ်၏ တန်ခိုးတော်သည် လုံးဝဥဿုံ ပြီးပြည့်စုံသောကြောင့် ဤကဲ့သို့သောလုပ်ဆောင်မှုများတွင် ခက်ခဲမှုလည်းမရှိ၊ မောပန်းခြင်းလည်း မရှိချေ။ ထိုအရှင်မြတ်၏ မြင့်မြတ်မှုကြောင့် အာရုံခံစားမှုအကျိုးဆက်များဖြစ်သော မောပန်းခြင်း၊ အားအင် ကုန်ခမ်းခြင်း၊ ငိုက်မြည်းခြင်းနှင့် အိပ်စက်ခြင်းတို့မှ ကင်းစင်တော်မူသည်။

စတုတ္ထဝါကျမှာ **لَهُ مَا فِي السَّمٰوٰتِ وَمَا فِي الْاَرْضِ** 'ထိုအရှင်မြတ်သည်သာလျှင် အာကာသကောင်းကင်များနှင့် မြေ၌ရှိရှိသမျှသော (သက်ရှိသက်မဲ့)အရာဝတ္ထုဟူသမျှတို့ကို ပိုင်ဆိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။ ဝါကျ၏အစတွင် 'လာမ်'ဟူသောအက္ခရာသုံးစွဲထားခြင်းသည် ပိုင်ဆိုင်ခြင်းကို ဖော်ညွှန်းသည်။ ထို့ကြောင့် ယင်းကဆိုလိုသည်မှာ ကမ္ဘာမြေပေါ်ရှိအရာအားလုံးကိုသော်လည်းကောင်း စကြဝဠာအတွင်းရှိ အရာအားလုံးတို့ကို အလ္လာဟ်အရှင်မြတ်သာလျှင် စိုးပိုင်တော်မူသည်ဟူ၍ဖြစ်သည်။ ထိုအရှင်မြတ်သည် စိုးပိုင်တော်မူသောအရှင်ဖြစ်၍ ထိုအရာများနှင့် သင့်လျော်သောအရာအားလုံးကို စီမံတော်မူပေသည်။

ပဉ္စမဝါကျမှာ **مَنْ ذَا الَّذِيْ يَشْفَعُ عِنْدَهٗٓ اِلَّا بِاِذْنِهٖ** 'ထိုအရှင်မြတ်၏အထံတော်၌ ထိုအရှင်မြတ်၏ ခွင့်ပြုချက်မရှိဘဲ သူတစ်ပါးအတွက် အသနားခံတောင်းပန်ပေးနိုင်သူကား အဘယ်သူနည်း?'ဖြစ်သည်။ ဤဝါကျ တွင် ဆိုလိုသည့်အချို့အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

စရမည်ဆိုလျှင် အလ္လာဟ်အရှင်မြတ်သည် စကြဝဠာတစ်ခုလုံးကို စိုးပိုင်တော်မူသောအရှင်သခင်နှင့် ထိုအရှင်မှအပ မည်သူမျှမရှိပါဟုဆိုခဲ့လျှင် ထိုအရှင်စီမံပြုလုပ်သည့် မည်သည့်ကိစ္စကိုမဆို မည်သူတစ်ဦး

တစ်ယောက်ကမျှ မေးမြန်းပိုင်ခွင့်မရှိချေ။ ထိုအရှင်မြတ်ထံတော်မှ အမိန့်တော်တစ်ခု စတင်ကျရောက်ခဲ့ပါလျှင် ဘယ်လိုကြောင့်၊ အဘယ်ကြောင့်ဟုမည်သူတစ်ဦးတစ်ယောက်ကမျှ ပြောရန်အခွင့်မရှိချေ။ သို့သော်လည်း တစ်စုံတစ်ဦးအတွက် တစ်စုံတစ်ဦးက အသနားခံပေးခြင်းကားဖြစ်နိုင်ပေသည်။ ဤအကြောင်းနှင့်ပတ်သက်၍လည်း ရှင်းလင်းခဲ့သည်မှာ မည်သည့်သက်ရှိကမျှ အလ္လာဟ်အရှင်မြတ်၏ ကြီးကျယ်ခန်းနာလှသော ဧရှတော်မှောက်တွင် အသက်ရဲရဲမရှူပဲ့ချေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ သဘောတူညီခြင်း၊ လက်ခံခြင်းဟူသည့် အခွင့်အရေးများ ရရှိခဲ့ကာ ထိုသူတို့သာလျှင် အလ္လာဟ်အရှင်မြတ်နှင့် စကားပြောဆိုခွင့်နှင့် အသနားခံခွင့်ရှိသော အလ္လာဟ်အရှင်မြတ်၏ ကျေးကျွန်များရှိပါသည်။ အချုပ်ဆိုရသော် တစ်စုံတစ်ဦးအတွက် တစ်စုံတစ်ဦးကထောက်ခံခြင်း၊ အသနားခံခြင်းတို့သည် အလ္လာဟ်အရှင်မြတ်၏ ခွင့်ပြုချက်မပါဘဲ မဖြစ်နိုင်ချေ။ ဟဒီးဆ်တော်တစ်ပုဒ်အရ တမန်တော်မြတ်(ﷺ)သခင်မိန့်ကြားခဲ့သည်မှာ 'ပြန်လည်ရှင်ပြန်ထရသောနေ့၌ လူသားများအားလုံးအတွက် အသနားခံခြင်းကို ပြုလုပ်သူမှာ ကျွန်ုပ် ပထမဦးဆုံးဖြစ်လိမ့်မည်။ ဤအရာကို အလ်မကားမလ် မဟ်မူးဒ်'ဟုခေါ်သည်။ အလွန်ချီးကျူးဖွယ်အနေအထားဖြစ်၍ ယင်းသည် ကျွန်ုပ်တို့ တမန်တော်မြတ်(ﷺ)သခင်၏ ထူးခြားချက်များအနက် တစ်ရပ်ပင် ဖြစ်သည်။

ဆဋ္ဌမဝါကျမှာ **يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ** 'ထိုအရှင်မြတ်သည် ထိုသူတို့၏ ရှေ့နောက်အဖြစ်အပျက်အကြောင်းကိစ္စအလုံးစုံတို့ကို အကြွင်းမဲ့သိရှိတော်မူလေသည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် ထိုသူတို့အား ဝန်းရံထားသော အဖြစ်အပျက်များ၊ အခြေအနေများအားလုံးတို့ကို သိရှိတော်မူသည်။ 'အလျင်'နှင့်'နောက်'ဟူသော စကားလုံးများကလည်း အလ္လာဟ်အရှင်မြတ်က ထိုသူတို့ မမွေးဖွားမီ အဖြစ်အပျက်၊ အခြေအနေများနှင့် မွေးဖွားပြီးနောက် အဖြစ်အပျက်၊ အခြေအနေများကို ဆိုလိုသည်။ အလျင်ဟူသောစကားလုံးသည် လူများမြင်တွေ့နိုင်သော အခြေအနေများကိုရည်ညွှန်း၍ နောက်ဟူသောစကားလုံးသည် လူအများအား ဖုံးကွယ်ထားသော အဖြစ်အပျက်များနှင့် အခြေအနေများကို ဆိုလိုခြင်းလည်းဖြစ်နိုင်သည်။ သို့ဆိုလျှင် လူသား၏အသိဉာဏ်သည် အချို့သောအရာများကိုသာသိနိုင်စွမ်းရှိပြီး အချို့သောအရာများကို သိနိုင်စွမ်းမရှိဟူသည့် အဓိပ္ပာယ်လည်း သက်ရောက်သည်။ အချို့သောအရာများသည် လူသားတစ်ဦးရှေ့၌ထင်ပေါ်၍၊ အချို့သောအရာများသည် ဖုံးကွယ်ထားသည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်ရှေ့တော်မှောက်တွင် ဤအရာအားလုံးသည် တပြေးညီဖြစ်ကြသည်။ အလ္လာဟ်အရှင်မြတ်၏ ဟစ်က်မသ်ဉာဏ်တော်သည် ဤအရာများအားလုံးအပေါ်၌ တပြေးညီလွှမ်းခြုံထားသည်။ ဤအဓိပ္ပာယ်သက်ရောက်မှုနှစ်ခုလုံးတွင် တစ်ခုနှင့်တစ်ခု ဖိလာဆန့်ကျင်မနေပါ။ အာယသ်တော်၏ ရည်မှန်းချက်တွင် နှစ်ခုစလုံး အကြုံးဝင်နေသည်။

သတ္တမဝါကျသည် **وَلَا يُحِيطُونَ بِشَيْءٍ مِّنْ عِلْمِهِ إِلَّا بِمَا شَاءَ** 'သို့ရာတွင် ယင်းသူတို့သည် ထိုအရှင်မြတ်သိရှိတော် မူသောအကြောင်းကိစ္စအဖြစ်အပျက်တို့အနက်မှ ထိုအရှင်မြတ်အလိုရှိတော်မူသောအကြောင်းကိစ္စမှအပ တစ်စုံ တစ်ရာကိုမျှ ဝန်းခြုံ၍မသိနိုင်ကြပေ'ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်ကိုယ်တော်တိုင် သဘောတူ တော်မူ၍ အရှင်မြတ်ပေးအပ်သလောက်သော အချို့အဝက်ကို သိရှိနိုင်သည်မှအပ အရှင်မြတ်၏ အဆုံးအစ မရှိသော ဟစ်က်မသ်ဉာဏ်တော်၏ အစိတ်အပိုင်းကိုပင် လူသားနှင့် အဖန်ဆင်းခံမည်သည်ကမျှ သိနိုင်စွမ်း မရှိချေ။

တစ်စုံတစ်ဦးမှာ ထိုမျှလောက်သာသိနိုင်သည်။ ဤနေရာ၌ ရှင်းလင်းစေသည်မှာ စကြဝဠာအတွင်းရှိ မြေမှုန်တိုင်းကို အလုံးစုံကိုလွှမ်းခြုံနိုင်သော ဟစ်က်မသ်ဉာဏ်တော်ဆိုသည်ကား အရှင်မြတ်မှအပ မည်သူတွင်မျှ မရှိသော ထူးခြားသည့်ဂုဏ်တော်တစ်ပါးပင်ဖြစ်သည်။ မည်သည့်လူသား၊ မည်သည့်အဖန်ဆင်းခံမျှ ထိုဂုဏ်တော်ကို မျှဝေခံစားရန် တောင်းဆိုခွင့်မရှိချေ။

အဋ္ဌမဝါကျမှာ **وَسِعَ كُرْسِيُّهُ السَّمٰوٰتِ وَالْاَرْضَ** 'ထိုအရှင်မြတ်၏ဉာဏ်တော်သည် အာကာသ ကောင်းကင်များနှင့်တကွ ကမ္ဘာမြေပြင်တစ်ခွင်လုံးကို ဝန်းခြုံလျက်ရှိချေ၏'ဖြစ်သည်။ ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်၏ 'ကုရ်စီ' (ထိုင်ခုံ (သို့) တန်ခိုးတော်၏ အခြေအနေဟု ဘာသာပြန်သည်)သည် အလွန်ကြီးကျယ်ခန်းနား၏။ အဆုံးအစမရှိမှုကြောင့် ကမ္ဘာမြေနှင့် မိုးကောင်းကင်(၇)ထပ်သည်ပင် အရှင်မြတ်၏တန်ခိုးတော်အတွင်း သက်ရောက်တည်ရှိနေသည်။ အလ္လာဟ်အရှင်မြတ်သည် ထိုင်ခြင်း၊ ထခြင်းနှင့် အလုံးစုံသော တည်ရှိရာ နေရာသတ်မှတ်ထားခြင်းတို့မှ ကင်းဝေးသည်။ ထိုကဲ့သို့သောအာယသ်တော်များအား ကျွန်ုပ်တို့၏ အခြေအနေ၊ ကိစ္စရပ်တို့နှင့် ပုံခိုင်းနှိုင်းဆက်စပ်၍မှတ်ယူမရပါ။ အလ္လာဟ်အရှင်တည်ရှိခြင်းနှင့် ထိုအရှင်မြတ်၏ ဂုဏ်တော်များ၏ စစ်မှန်ချက်ကို စေ့ငုစွာနားလည်ရန်မှာ လူသား၏ ဆင်ခြင်တုံတရားက လိုက်မမှီချေ။ သို့သော်လည်း ခိုင်လုံသောဟဒီးဆ်တော်များထဲတွင် ကျွန်ုပ်တို့အား ရိုးစင်းစွာပြောသည်မှာ 'အရှ်ရ်'(ပလ္လင်တော်ဟု ဘာသာပြန်၍ သြဇာအာဏာအခြေစိုက်ရာ)နှင့် ကုရ်စီ(ထိုင်ခုံ)တို့သည် ကောင်းကင်တွင်ရှိသောအရာများဖြစ်ပြီး ကမ္ဘာမြေပြင်နှင့် စကြဝဠာတွင်းရှိ အရာများထက် အဆပေါင်းမြောက်များစွာကြီးမားသည်။

အိဗ်နိကဆီးရ်က တင်ပြထားသည်မှာ စိုက်ယိဒ်နာ အဗူဇရ်ဂဖ်ဖာရီ(**رضى الله عنه**)သခင်က တမန်တော်မြတ်(ﷺ)သခင်အား ကုရ်စီသည်မည်သည့်အရာဖြစ်သနည်းနှင့်၊ မည်သည့်အရာနှင့်တူသနည်းဟု မေးမြန်းလျှောက်ထားခဲ့သည်' တမန်တော်မြတ်(ﷺ)သခင်မိန့်ကြားတော်မူသည်မှာ 'ကျွန်ုပ်၏အသက်ကို စိုးပိုင်တော်မူသော အလ္လာဟ်အရှင်မြတ်အားတိုင်တည်၍ ပြောကြားရမည်ဆိုလျှင် 'ကမ္ဘာမြေကြီးနှင့် မိုးကောင်းကင်(၇)ထပ်ကို ကုရ်စီနှင့် နှိုင်းယှဉ်မည်ဆိုလျှင် ထိုအရာများသည် ကြီးမားသော လွင်ပြင်တွင် လက်ချောင်းနှင့်ဝိုင်းပြသော စက်ဝိုင်းငယ်လေးအလားဖြစ်ပေလိမ့်မည်။

အခြားသောဆင့်ပြန်ချက်အချို့တွင်ဖော်ပြထားသည်မှာ ကုရ်စီအား အရှ်ရ်တော်(ပလ္လင်)နှင့် နှိုင်းယှဉ်လိုက်ပါလျှင်လည်း ကြီးမားသောလွင်ပြင်တွင် လက်ချောင်းနှင့်ဝိုင်းသော စက်ဝိုင်းလေးမျှဖြစ်သွားပေလိမ့်မည်။

နဝမဝါကျသည် **وَلَا يَئُوْدُهٗ حِفْظُهُمَا** 'သို့ရာတွင် ယင်းမိုးကောင်းကင်နှင့်တကွ ကမ္ဘာမြေပြင်ကိုထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ထိုအရှင်မြတ်အား ပင်ပန်းနွမ်းရိစေသည်မဟုတ်ပေ'ဖြစ်သည်။ ဆိုလိုသည်မှာ အံ့မခန်းစွာဖန်ဆင်းထားသော ကမ္ဘာမြေကြီးနှင့် စကြဝဠာများကို ထောက်ပံ့ခြင်းသည် အလ္လာဟ် အရှင်မြတ်အား အနည်းငယ်မျှပင် ဝန်မပိစေပါ။ အကြွင်းမဲ့စိုးပိုင်တော်မူသောအရှင်၏ ပြီးပြည့်စုံသောတန်ခိုး တော်သည် ထိုလုပ်ငန်းလုပ်ရန် လွယ်ကူပေသည်။

ဒသမဝါကျသည် **وَهُوَ الْعَلِيُّ الْعَظِيْمُ** 'ထိုအရှင်မြတ်သည် (မကြံစည်နိုင်အောင်)မြင့်မြတ်တော် မူသော အရှင်၊ ကြီးကဲထွတ်မြတ်တော်မူသောအရှင်တည်း'ဖြစ်သည်။ ဆိုလိုသည်မှာ ထိုအရှင်မြတ်သည် အလွန်

ကြီးမြင့်မြတ်တော်မူ၍ အလွန်အလွန်ခန့်ညားထည်ဝါတော်မူသည်။ ပြီးခဲ့သောဝါကျ(၉)ခုထဲတွင် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံမှုနှင့် ဂုဏ်တော်များကိုဖော်ပြခဲ့သည်။ ယင်းတို့ကို မြင်တွေ့သိရှိနားလည်ပြီးသည့်နောက်တွင် အသိဉာဏ်ရှိသောလူသားတိုင်း အသိအမှတ်ပြုသင့်သည်မှာ အားလုံးသောဂုဏ်ပေးမှု၊ တန်ခိုးအာဏာနှင့် သာလွန်မြင့်မြတ်ခြင်းတို့သည် ထိုအလ္လာဟ်အရှင်မြတ်မှတစ်ပါး မည်သူနှင့်မျှ မသက်ဆိုင်ချေ။ အချုပ်ဆိုရသော် ဤဝါကျဆယ်ခုသည် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်း တည်ရှိကြောင်းသရုပ်ပေါ်အောင် ဖော်ပြချက်နှင့် ထိုအရှင်မြတ်၏ ပြီးပြည့်စုံမှုများကို ရှင်းရှင်းလင်းလင်းနှင့် အသေးစိတ်ဖော်ပြထားခြင်းဖြစ်သည်။

v v v v v v v v

အာယသ် (၂ း ၂၅၆)



**“ဖြောင့်မတ်မှန်ကန်သော (အစ္စလာမ်သာသနာတော်၏)တရားလမ်းစဉ်သည် မမှန်ကန်သောလမ်းစဉ်နှင့် (သိသိသာသာ)ရှင်းလင်းထင်ရှားစွာ ကွဲပြားခြားနားလျက် ရှိနေပြီဖြစ်ပေရာ (မည်သူတစ်ဦးတစ်ယောက်ကိုမျှ အစ္စလာမ်)သာသနာတော်တွင်း၌ (ဝင်ရောက်ရန်အတွက်)အတင်းအဓမ္မအနိုင်အထက် အလျဉ်းမပြုရ။**

**သို့ဖြစ်၍ အကြင်သူတစ်ဦးတစ်ယောက်သည် (အလ္လာဟ်အရှင်မြတ်မှအပ လူသားတို့မှတ်ယူထားသော မမှန်ကန်သော ကိုးကွယ်ရာများကို) သွေဖည်ငြင်းဆန် (စွန့်လွှတ်ပယ်ရှား)ကာ (တစ်ဆူတည်းသော)အလ္လာဟ်အရှင်မြတ်ကိုသာလျှင် ယုံကြည် ကိုးကွယ်ပါမူ ဧကန်အမှန် ထိုသူသည် အလွန်ခိုင်မြဲ၍ ယုံကြည်အားကိုးဖွယ်ရာ ဖြစ်သည့်ပြင် မည်သည့်အခါမျှ ကျိုးပျက်ခြင်းအလျဉ်းမရှိသော ကြိုးကွင်းကို မြဲမြံစွာ စွဲကိုင်ထားသူဖြစ်ချေပြီ။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် (အသင်တို့၏ နှုတ်လျှာမှထွက်ဆိုသော အကြောင်းအရာများကို)အလုံးစုံ ကြားတော်မူသောအရှင် (အသင်တို့စိတ်တွင်း၌ လျှို့ဝှက်သောအကြောင်းအရာ)ခပ်သိမ်း တို့ကိုလည်း အကြွင်းမရှိ သိရှိတော်မူသောအရှင်ဖြစ်တော်မူပေ သနည်း။”**

**(၂း၂၅၆)**

## အကျယ်ဖွင့်ဆိုခြင်း

အစ္စလာမ်ဘာသာကို စွဲမြဲစွာယုံကြည်လက်ခံသူတစ်ဦးသည် ချို့တဲ့ခြင်းနှင့် ပျက်စီးခြင်းတို့မှကာကွယ်ပြီး ဖြစ်လေသည်။ ဤအကြောင်းကြောင့် ထိုကဲ့သို့သောသူသည် ‘ကြိုးကွင်း’ကို မြဲမြံစွာ ကိုင်ထားသူနှင့် သဏ္ဌာန်တူသည်။ ကြိုးကွင်းသည် ခိုင်ခံ့သော ‘ကြိုး’၏ အထောက်အပံ့ဖြစ်သည့်အားလျော်စွာ လိမ့်ကျမှုမှ ရှောင်ရှားစေပါသည်။ ထိုကဲ့သို့သောကြိုးမျိုးသည် လိမ့်ကျစေသောပြတ်ကျမှုအန္တရာယ်မရှိသောကြောင့် အစ္စလာမ်ဘာသာတွင်လည်း ပျက်စီးခြင်း၊ ဆုံးရှုံးခြင်းအန္တရာယ်မရှိနိုင်ချေ။ တစ်စုံတစ်ဦးသည် ထိုကြိုးကို စွန့်လွှတ်ခဲ့ပါလျှင် ထိုကိစ္စသည် ယခုအကြောင်းနှင့်မဆိုင်သော အခြားကိစ္စရပ်သာလျှင် ဖြစ်ပေလိမ့်မည်။ ထို့ပြင် တစ်စုံတစ်ဦးသည် အစ္စလာမ်ဘာသာကို စွန့်ခွာခဲ့ပါလျှင်လည်း ထိုနည်းအတိုင်းပင်ဖြစ်ပေသည်။ (မောင်လာနာ ထာနဝီ၏ ဗယာနွလ် ကုရ်အာန်ကျမ်း)

ဤအာယသ်တော်ကိုထောက်ရှု၍ အချို့သောသူများက ကန့်ကွက်ချက်များပေါ်စေပါသည်။ သူတို့က ပြောသည်မှာ ဤအာယသ်တော်အရ ယုံကြည်မှုတွင် အတင်းအဓမ္မမရှိဟု မိန့်ထားသော်လည်း အစ္စလာမ်ဘာသာတွင် ဂျိဟားဒ်နှင့် ကီသလ်(စစ်တိုက်ခြင်း)နှင့်ပတ်သက်သော သင်ကြားမှုတို့သည် ဤမူနှင့်ဆန့်ကျင်နေသည်။

ဤကိစ္စကို အနည်းငယ်ဂရုစိုက်၍ ကြည့်မည်ဆိုလျှင် ကန့်ကွက်ချက်မှာ တရားမဝင်ကြောင်း ကျွန်ုပ်တို့တွေ့နိုင်သည်။ အဘယ့်ကြောင့်ဆိုသော် အစ္စလာမ်ဘာသာတွင်ရှိ ဂျိဟားဒ်နှင့် ကီသလ်(စစ်တိုက်ခြင်း)နှင့် ပတ်သက်သော သင်ကြားမှုသည် လူအများအား အဓိမာန်သက်ဝင်ယုံကြည်စေရန်အတွက် အနိုင်အထက်ပြုခြင်းမဟုတ်ချေ။ အကယ်၍ ထိုကဲ့သို့သာဖြစ်ခဲ့လျှင် မယုံကြည်သွေဖည်သူများ၏ အသက်အိုးအိမ်စည်းစိမ်၊ ပိုင်ဆိုင်မှုများနှင့် ဂုဏ်သိက္ခာတို့ကို လုံခြုံစေသည့် ဂျိဇ်ယာဟူသော အစ္စလာမ့် အဓိန့်ပညတ်ချက်များ အဘယ်ကြောင့်ရှိရသနည်း။ စင်စစ်မှာ ဤအဓိန့်ပညတ်ချက်များသည် မငြိမ်မသက်မှုများ၊ ခိုက်ရန်ဖြစ်ပွားခြင်း (သို့) ဖစာဒ်တို့အား ဖယ်ရှားရန်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် ဖစာဒ်ကို မနှစ်မြို့ချေ။ သို့သော်လည်းမယုံကြည်သွေဖည်သူများသည်ကား ထိုကိစ္စဖြစ်စေရန်ဖန်တီးကြသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည်မှာ -

وَيَسْعَوْنَ فِى الْاَرْضِ فَسَادًا ؕ وَاللّٰهُ لَا يُحِبُّ الْمُفْسِدِيْنَ ○

'ထိုမှတစ်ပါး ယင်းသူတို့သည် ကမ္ဘာမြေပြင်ဝယ် ပျက်စီးရာပျက်စီးကြောင်းကို ကြိုးစားအားထုတ်ကြကုန်သည်။ စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သောသူတို့အား (အလျင်း) ချစ်ကြည်မြတ်နိုးတော်မူသည်မဟုတ်ပေ။' (၅း၆၄)

ဤအကြောင်းကြောင့် အလ္လာဟ်အရှင်မြတ်သည် ဤသူများဖန်တီးသော ဖစာဒ် ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်သောသူတို့အား ဂျိဟားဒ်နှင့် ကီသလ်တို့ဖြင့် ဖယ်ရှားသင့်သည်ဟု စီရင်ပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် ထိုကဲ့သို့သောသူများကိုသတ်ဖြတ်ခြင်းသည် မြွေများ၊ ကင်းများနှင့် ယင်းတို့ကဲ့သို့ အန္တရာယ်ဖြစ်စေသော သတ္တဝါများအား သတ်ဖြတ်ခြင်းနှင့်တူသည်။

စစ်မြေပြင်၌ ဂျိဟားဒ် စစ်ပွဲအရှိန်ပြင်းထန်ချိန်တွင်ပင်လျှင် အစ္စလာမ်သာသနာက အမျိုးသမီးများ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်မစွမ်းသူ စသည်တို့ကိုသတ်ဖြတ်ခြင်းအား ကြပ်တည်းစွာ တားမြစ်ပိတ်ပင်ထားခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူများသည် ပျက်စီးရာပျက်စီးကြောင်းလုပ်နိုင်စွမ်းမရှိသူများဖြစ်၍ပင်တည်း။ အလားတူပင် ဂျစ်ဇယာပေးဆောင်၍ တရားဥပဒေကိုလိုက်နာသော တိုင်းသူပြည်သားများကို သတ်ဖြတ်ခြင်းမှလည်း ရပ်တန့်စေခဲ့ပါသည်။ ဂျိဇ်ယာဆိုသည်မှာ မုစ်လင်မ်များ၏အုပ်ချုပ်မှုအောက်တွင် ၎င်းတို့၏အသက် အိုးအိမ်စည်းစိမ်၊ ပိုင်ဆိုင်မှုများနှင့် ဂုဏ်သိက္ခာတို့ကို လုံခြုံမှုဖြစ်စေသည့်အတွက် လွတ်လပ်သောမုစ်လင်မ်မဟုတ်သူများပေးဆောင်ရသော အခွန်အခပင်ဖြစ်သည်။

ဤကဲ့သို့သော အစ္စလာမ်ဘာသာ၏ချဉ်းကပ်မှုက လူအများ အစ္စလာမ်ဘာသာလက်ခံ၍ အစ္စလာမ်ဘာသာထဲဝင်ရောက်ရန် အတင်းအဓမ္မမလုပ်ဆောင်စေကြောင်း ရှင်းလင်းစေပါသည်။ ထိုမျှမက ဤချဉ်းကပ်မှုကို ကမ္ဘာတွင်ရှိ ဖိနှိပ်မှုများ ရပ်တန့်စေရန်နည်းလမ်းတစ်ရပ်အဖြစ် အသုံးပြုထားကာ တရားမျှတခြင်း၊ သာတူညီမျှ

ဖြစ်စေခြင်း၊ ငြိမ်းချမ်းသာယာခြင်းနှင့် လုံခြုံမှုရှိခြင်းတို့ တည်တံ့စေရန် မျှော်လင့်ပါသည်။ အိုမင်းမစွမ်းသော နဆွာရာနီအဖွားအိုတစ်ဦးအား အစ္စလာမ်သာသနာလက်ခံရန်အတွက် စိုက်ယိဒနာ အုမရ်(**رضى الله عنه**)သခင်က ဖိတ်ခေါ်ခဲ့ရာ အဖွားအိုကပြောကြားသည်မှာ' **أناعجوزكبيرةوالموتإلىقريب** 'ကျွန်မသည် သေခါနီးသည့် အဖွားကြီးတစ်ယောက်ဖြစ်ပါသည်။' ဤသို့ကြားလိုက်ရသောအခါ စိုက်ယိဒနာ အုမရ်(**رضى الله عنه**)သခင်က အဖွားအိုအား အစ္စလာမ်သာသနာသို့ အတင်းအကြပ်မသွတ်သွင်းခဲ့ပါ။ စင်စစ် စိုက်ယိဒနာ အုမရ်(**رضى الله عنه**) သခင်က ဤအာယသ်တော် -

**لَآ اِكْرَاهَفِى الدِّيْنِ** 'မည်သူတစ်ဦးတစ်ယောက် ကိုမျှ အစ္စလာမ်)သာသနာတော်တွင်း၌ (ဝင်ရောက်ရန်အတွက်) အတင်းအဓမ္မ အနိုင်အထက် အလျှဉ်းမပြုရ' ကို ရွတ်ဖတ်သရဇ္ဈာယ်ပြခဲ့ပါသည်။

စစ်မှန်စွာပြောရလျှင် တစ်စုံတစ်ဦးအား ယုံကြည်မှုတစ်ရပ်လက်ခံရန် အနိုင်အထက်ပြုခြင်းနှင့် အတင်းအကြပ်ပြုခြင်းတို့ဖြင့် မဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ယုံကြည်ခြင်းဆိုသည်မှာ ပြင်ပရုပ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုနှင့်မပတ်သက်ဘဲ နှလုံးသားနှင့်သာပတ်သက်သည်။ အနိုင်အထက်ပြုခြင်းနှင့် အတင်းအကြပ်ပြုခြင်းတို့သည် ခန္ဓာကိုယ်၏အပြင်ပိုင်းဆိုင်ရာကိုမှလွဲ၍ မည်သည်ကိုမျှ မထိခိုက်စေပါ။ ဂျိဟားဒ်နှင့် ကီသလ် အလွှာဟ် အရှင်မြတ်လမ်းတော်တွင် စစ်ခင်းခြင်းတွင်လည်း ထိုကဲ့သို့ပင် ပြင်ပခန္ဓာကိုယ်သာထိခိုက်၍ အခြားဘာမျှ မထိခိုက်ပါ။ ဤကဲ့သို့သောလုပ်နည်းဖြင့် ယုံကြည်မှုတစ်ရပ်ကို လူအများလက်ခံစေရန် အတင်းအကြပ် မလုပ်နိုင်ချေ။ ဤအချက်က ဂျိဟားဒ်၊ ကီသလ်နှင့်သက်ဆိုင်သော အယသ်တော်များသည် ယခုအာယသ်တော်-

**لَآ اِكْرَاهَفِى الدِّيْنِ** 'သာသနာတော်တွင်း၌(ဝင်ရောက်ရန်အတွက်) အတင်းအကြပ် အနိုင်အထက်အလျှဉ်း မပြုရ'နှင့် ဖီလာဆန့်ကျင်မှု မဖြစ်ချေ။ (မဇ်ဟရီ၊ ကုရ်တုဗီ)

vvvvvvv

## အာယသ် (၂ း ၂၅၇)


اَللّٰهُ وَلِيُّ الَّذِيْنَ اٰمَنُوْا يُخْرِجُهُمْ مِّنَ الظُّلُمٰتِ اِلَى النُّوْرِ ؕ
وَالَّذِيْنَ كَفَرُوْٓا اَوْلِيٰٓـئُهُمُ الطَّاغُوْتُ يُخْرِجُوْنَهُمْ مِّنَ النُّوْرِ
اِلَى الظُّلُمٰتِ ؕ اُولٰٓئِكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ۝

**“အလ္လာဟ်အရှင်မြတ်သည် ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသူအပေါင်း တို့ကို (အထူး ကြည့်ရှုစောင်မတော်မူသော) အဆွေခင်ပွန်းပင်တည်း။ ထိုအရှင်မြတ် သည် ယင်း ယုံကြည်သူအပေါင်းတို့ကို (‘ကုဖ်ရ်’တည်းဟူသော) အမိုက်မှောင် များအတွင်းမှ (အစ္စလာမ်တည်းဟူသော)အလင်းရောင်သို့ ထုတ်ယူပို့ဆောင် တော်မူလေသည်။ သို့ရာတွင် မယုံမကြည်သွေဖည် ငြင်းပယ်သောသူတို့၏ အဆွေခင်ပွန်းများမှာမူကား ရှိုက်တွာန်များပင်တည်း။ ယင်းရှိုက်တွာန်များသည် ထိုသူတို့အား (အစ္စလာမ်တည်း ဟူသော) အလင်းရောင်မှ (‘ကုဖ်ရ်’တည်း ဟူသော) အဝိဇ္ဇာအမိုက်မှောင်အတွင်းသို့ ပို့ဆောင်ကြကုန်၏။ ယင်းကဲ့သို့ (အစ္စလာမ်သာသနာတော်ကို)မယုံမကြည် သွေဖည်ငြင်းပယ်သူတို့သည် ငရဲ သားများဖြစ်ကြရကား ထိုငရဲ၌ပင် ထာဝစဉ်ခံစားနေထိုင် ကြရမည့်သူများ ဖြစ်ကြပေသတည်း။” (၂း၂၅၇)**

### အကျယ်ဖွင့်ဆိုခြင်း

ဤအာယသ်တော်က ကျွန်ုပ်တို့ကိုမိန့်ကြားသည်မှာ အီမာန်ယုံကြည်ခြင်းသည် အကြီးမားဆုံးသော ကောင်းချီးမင်္ဂလာဖြစ်သည်။ ကုဖ်ရ် မယုံကြည်သွေဖည်ငြင်းပယ်ခြင်းသည် အကြီးဆုံးသော ကံဆိုးခြင်းပင်တည်း။ ထို့နောက် မယုံကြည်သွေဖည်ငြင်းပယ်သူ ကုဖ်ရ်များနှင့် အဆွေခင်ပွန်းဖွဲ့ခြင်းသည် အမိုက်မှောင်တွင်းကျခြင်း ဖြစ်သည်။

vvvvvvv

အာယသ် (၂ း ၂၅၈)


اَلَمْ تَرَ اِلَى الَّذِىْ حَآجَّ اِبْرٰهٖمَ فِىْ رَبِّهٖۤ اَنْ اٰتٰىهُ اللّٰهُ
الْمُلْكَ اِذْ قَالَ اِبْرٰهٖمُ رَبِّىَ الَّذِىْ يُحْىٖ وَيُمِيْتُ ۙ قَالَ اَنَا
اُحْىٖ وَاُمِيْتُ ؕ قَالَ اِبْرٰهٖمُ فَاِنَّ اللّٰهَ يَاْتِىْ بِالشَّمْسِ مِنَ
الْمَشْرِقِ فَاْتِ بِهَا مِنَ الْمَغْرِبِ فَبُهِتَ الَّذِىْ كَفَرَ ؕ وَاللّٰهُ
لَا يَهْدِى الْقَوْمَ الظّٰلِمِيْنَ ۙ﴿۲۵۸﴾

**"(အို-နဗီတမန်တော်) အသင်သည် အကြင်(ဘုရင်)၏အကြောင်းကို လေ့လာ ဆင်ခြင်ပြီးမဟုတ်ပါလော။ အလ္လာဟ်အရှင်မြတ်သည် ထိုဘုရင်အား ဩဇာအာဏာ တိက္ကိမပေးသနားတော်မူထားသည့်အတွက်ကြောင့် ထိုဘုရင်သည် (စောင်း မာန် တက်ကြွပြီး) နဗီတမန်တော် အိဗ်ရာဟီမ်(عليه السلام)အား မွေးမြူတော် မူသောအရှင်နှင့်ပတ်သက်၍ ထိုတမန်တော် အိဗ်ရာဟီမ်(عليه السلام)နှင့် အငြင်းအခုံပြုခဲ့လေသည်။ အခါတစ်ပါး၌ နဗီတမန်တော် အိဗ်ရာဟီမ် (عليه السلام) က (ယင်းဘုရင်၏ မေးခွန်းကို အကြောင်းပြု၍) 'ငါ့အား မွေးမြူ တော်မူသောအရှင်မြတ်သည် (သက်မဲ့အပေါင်းတို့ကို) ရှင်စေတော်မူသော အရှင်၊ (သက်ရှိအပေါင်းတို့ကို) သေစေတော်မူသော အရှင်ပင် ဖြစ်တော်မူပေ သည်'ဟု ဖြေကြားခဲ့လေသည်။ ထိုအခါ (ဘုရင်က) 'ငါသည်လည်း (မိမိအလို ရှိသူကို သေဒဏ်မှ လွတ်မြောက်စေခြင်းအားဖြင့်) ရှင်စေနိုင်သည်။ ထိုနည်းတူ စွာ ငါသည်လည်း (မိမိအလိုရှိသောသူကို သတ်စေခြင်းအားဖြင့်)သေစေနိုင် သည်'ဟု ပြန်လည်ပြောကြားရာ နဗီတမန်တော် အိဗ်ရာဟီမ်(عليه السلام)က (ထိုဘုရင်၏ အသိဉာဏ်ခေါင်းပါးမှုကို ထောက်ရှုကာ) ဧကန်စင်စစ် (ငါ၏ ကိုးကွယ်ရာအရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် သူရိယနေကို အရှေ့ဘက်မှ ထွက်စေတော်မူလေသည်။ အသင်သည် (အလ္လာဟ်အရှင်မြတ် ကဲ့သို့ တန်ခိုးအာနုဘော်နှင့် ပြည့်စုံပါလျှင်) ထိုသူရိယနေကို အနောက် ဘက်မှထွက်စေပါလေ'ဟု (တနည်းပြောင်း ၍)ပြောကြားပြန် လေသည်။ ထိုအခါ (အလ္လာဟ်အရှင်မြတ်ကို)မယုံမကြည် သွေဖည် ငြင်းပယ်သော (ဘုရင်)သည် (တစ်စုံတစ်ရာမျှ တုံ့ပြန်ဖြေကြားနိုင်သည်မရှိဘဲ) မိန်းမော**

**တွေ့ဝေအံ့အားသင့်၍ သွားလေတော့သည်။ စင်စစ်တမူကား အလ္လာဟ် အရှင်မြတ်သည် (ယင်းကဲ့သို့)မတော်မတရား ကျူးလွန် သောသူများအား တရားလမ်းမှန်ကို ညွှန်ကြားပြသတော်မမူချေ။" (၂း၂၅၈)**

ဤအာယသ်တော်သည် ဗာဗိလုံပြည့်ရှင် နမ်ရုဒ်ကိုရည်ညွှန်းသည် ၎င်းသည် အလ္လာဟ်တည်ရှိနေခြင်းကို ငြင်းဆိုခဲ့၍ စိုက်ယိဒိနာ အိဗ်ရာဟင်မ်(**علیہ السلام**)သခင်နှင့် ဤကိစ္စနှင့်ပတ်သက်၍ စကားအခြေအတင်ပြောခဲ့ပါသည်။ အလ္လာဟ်အရှင်မြတ်သည် နမ်ရုဒ်အား ကျယ်ပြောသော နယ်နမိတ်အတွင်းအုပ်ချုပ်မှုအာဏာကို ပေးခဲ့ပါသည်။ ၎င်းသည် သူ၏အရှင် (အလ္လာဟ်)ကို ကျေးဇူးတင်သင့်ပေသည်။ သို့ရာတွင် ဤသည်နှင့်ဆန့်ကျင်ကာ သူ၏အုပ်ချုပ်မှုသည် ၎င်းကိုမောက်မာပလ္လားစေ၍ အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်းကိုပင် စတင်ငြင်းဆိုလာခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်မှာ 'အလ္လာဟ် အရှင်မြတ်သည် ထိုဘုရင်အား ဩဇာအာဏာတိုက်ကြိမ ပေးသနားတော်မူထားသည့်အတွက်ကြောင့် ထိုဘုရင်သည် နဗီတမန်တော် အိဗ်ရာဟင်မ်(**علیہ السلام**)နှင့် အငြင်းအခုံပြုခဲ့လေသည်'ဟူ၍ဖြစ်သည်။

စကားအခြေအတင်ပြောစဉ် နမ်ရုဒ်ဘုရင်သည် အိဗ်ရာဟင်မ်(**علیہ السلام**)သခင်အား အလ္လာဟ်အရှင်မြတ်၏ အခြေခံဂုဏ်တော်များအကြောင်း မေးမြန်းခဲ့သည်။ တမန်တော်က 'ငါ့အား မွေးမြူတော်မူသောအရှင်မြတ်သည် ရှင်စေတော်မူသောအရှင်၊ သေစေတော်မူသောအရှင်ပင်ဖြစ်တော်မူပေသည်'ဟု ဖြေကြားခဲ့သည်။ မိုက်မဲလှစွာသော ဘုရင်သည် 'အသက်ကိုရှင်စေခြင်း'နှင့် 'အသက်ကိုသေစေခြင်း'တို့၏ စစ်မှန်သောသဘောသဘာဝကို နားမလည်ပါ။ ထို့ကြောင့်ဘုရင်က တစ်စုံတစ်ဦးကို သူ၏အမိန့်အာဏာဖြင့် သတ်နိုင်သောကြောင့် ထိုသူအား သေစေ၍ သေဒဏ်ကျပြီးသောသူတစ်ဦးအား သူ၏အမိန့်အာဏာဖြင့် လွတ်ငြိမ်းခွင့်ပေးနိုင်ခြင်းဖြင့် ထိုသူအား အသက်ရှင်စေနိုင်သည်ဟု ငြင်းဆိုပြောကြားခဲ့သည်။ ထင်ရှားသည်မှာ သူ၏ ငြင်းချက်သည် လုံးဝဖြစ်နိုင်ချေမရှိပါ။ အဘယ့်ကြောင့်ဆိုသော် 'အသက်ရှင်စေခြင်း'ဆိုသည်မှာ အသက်မဲ့သော တစ်စုံတစ်ရာကို အသက်ရှင်စေခြင်းကို ဆိုလိုသည်။

စိုက်ယိဒိနာ အိဗ်ရာဟင်မ်(**علیہ السلام**)ဦးတည်ပြောဆိုသောသူသည် 'အသက်ရှင်ခြင်း'နှင့် 'အသက်သေဆုံးခြင်း'၏ စစ်မှန်သောသဘောသဘာဝကို နားလည်နိုင်စွမ်းမရှိကြောင်းသိရသောအခါ တမန်တော်သည် အခြားငြင်းခုံမှုကို ပြောင်းလဲ မိန့်ကြားသည်မှာ 'အလ္လာဟ်အရှင်မြတ်သည် နေကို အရှေ့ဘက်မှ ထွက်စေတော်မူလေသည်။ သင်သည် နေကို အနောက်ဘက်မှထွက်စေပါလေ။ ထိုအချိန်တွင် ဘုရင်သည် မိန်းမောတွေဝေအံ့အားသင့်၍ တမန်တော် အိဗ်ရာဟင်မ်(**علیہ السلام**)သခင်၏ ငြင်းခုံမှုကို ပြန်လည်မဖြေကြားနိုင်ပါ။ ထိုဘုရင်သည် အမှန်တရားကို ရှင်းလင်း စွာ သိလာခဲ့သော်လည်း လမ်းညွှန်မှုကို လက်မခံတော့ပါ။ ထို့ကြောင့် ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားသည်မှာ 'စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် မတော်မတရားကျူးလွန်သောသူများအား တရားလမ်းမှန်ကို ညွှန်ကြား ပြသတော်မမူချေ'ဟူ၍ဖြစ်သည်။

## အမိန့်ပညတ်ချက်များနှင့် ဆက်နွယ်သည့် သိမှတ်ဖွယ်ရာများ

(၁) ဤအာယသ်တော်ထဲတွင် သုံးနှုန်းထားသောစကာလုံးများက ထင်ရှားစေသည်မှာ အကယ်၍ မယုံကြည်သွေဖည်သူတစ်ဦးအား အုပ်ချုပ်မှုအာဏာကိုဖြစ်စေ၊ မြင့်မားသောလောကီဆိုင်ရာအဆင့်အတန်းတစ်ရပ်ကိုဖြစ်စေ ပေးအပ်ထားခဲ့လျှင် (မုစ်လင်မ်တစ်ဦးသည်) ထိုသူအား ထိုရာထူးပိုင်ဆိုင်သည်ဟု ရည်ညွှန်းပါက အပြစ်မရှိချေ။ (ကုရ်တုဗီ)

(၂) အမှန်တရားနှင့် မမှန်ကန်မှုကွာခြားချက်ကို ထင်ရှားပေါ်လွင်စေရန်အတွက် ထိုကဲ့သို့သော မယုံကြည်သွေဖည်သူတစ်ဦးနှင့် စကားအခြေအတင်ပြောခြင်းကို ခွင့်ပြုကြောင်းလည်း အာယသ်တော်ကအတည်ပြုထားသည်။

(၃) အချို့သူများက တမန်တော်အိဗ်ရာဟီမ်(**عليه السلام**)၏ နောက်ဆုံးငြင်းခုံမှုကို ခိုင်မာခြင်းကို သံသယရှိကြသည်။ အဘယ့်ကြောင့်ဆိုသော် ထိုကိစ္စကို နမ်ရူးဒ်က ငြင်းဆိုနိုင်ခဲ့ပြီး တမန်တော် အိဗ်ရာဟီမ် (**عليه السلام**)ထံမှ ပြန်လှန်၍ တောင်းဆိုမှုတစ်ခုပြု၍ ပြောဆိုနိုင်ခဲ့သည်မှာ 'အကယ်၍ အလ္လာဟ်အရှင် တစ်ပါးရှိခဲ့ပါလျှင် ထိုအလ္လာဟ်အရှင်အား နေကိုအနောက်မှထွက်ပါစေ'ဟုဖြစ်သည်။

သို့သော်လည်း ဘုရင်သည် ထိုသို့ပြန်လှန်တောင်းဆိုမှုမပြုလုပ်နိုင်ခဲ့ပါ။ အကြောင်းမှာ တမန်တော်၏ ငြင်းခုံမှုကို ကြားလျှင်ကြားခြင်း သူ (သို့) မည်သူမဆို နေကို အရှေ့ဘက်မှသော်လည်းကောင်း၊ အနောက်ဘက်မှသော်လည်းကောင်း ထွက်စေခြင်း မပြုလုပ်နိုင်ကြောင်း ကောက်ချက်ချမိသောကြောင့်ဖြစ်သည်။ ထိုကဲ့သို့ နေထွက်စေခြင်းသည် အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်းသက်သေပြသည့် အလ္လာဟ်အရှင်မြတ်၏ လုပ်ဆောင်မှု မုချဧကန်ဖြစ်ပေသည်။ နေကို အရှေ့ဘက်မှထွက်စေခြင်းသည် အလ္လာဟ်အရှင်မြတ်သာလျှင်ပြုလုပ်နိုင်ကြောင်း သက်သေပြပြီးသည်နှင့်တစ်ပြုိင်နက် အရှင်မြတ်သည်ပင်လျှင် အနောက်ဘက်မှ နေထွက်စေသောတန်ခိုးတော်ရှင်ဖြစ်ကြောင်းမှာ သိသာပေသည်။ အိဗ်ရာဟီမ်(**عليه السلام**)သခင်သည် အလ္လာဟ်အရှင်မြတ်၏ တမန်တော်ဖြစ်ကြောင်း ဘုရင်ကြီးက ကောက်ချက်ချပြီးနောက် အကယ်၍ အလ္လာဟ်အရှင်မြတ်ထံ နေကိုအနောက်ဘက်မှထွက်စေရန် ဆုဒုအာပြုခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့ပြုလုပ်ပေလိမ့်မည်။ ထိုကဲ့သို့သော ထူးဆန်းအံ့ဘွယ်တစ်ရပ်ဖြစ်ခဲ့ပါလျှင် နမ်ရူးဒ်ဘုရင်အား တော်လှန်ပုန်ကန်ကြနိုင်၍ ၎င်းသည်လည်း ဘုရင်အဖြစ်မှ စွန့်လွှတ်ရနိုင်ပေသည်။ ထို့ကြောင့် သူသည် ထိုသို့သော တောင်းဆိုမှုကို မပြုလုပ်ခဲ့ပါ။ ၎င်းပြင် သူတွင်ပြန်လည်ဖြေကြားရန် မရှိသောကြောင့် ထိုငြင်းခုံမှုနှင့်ပတ်သက်၍ မိန်းမောတွေဝေအံ့အားသင့်သွားခဲ့ရသည်။ (ဗယာနွလ်ကုရ်အာန်)

v v v v v v v

အာယသ် (၂ း ၂၅၉)

أَوْ كَالَّذِي مَرَّ عَلَىٰ قَرْيَةٍ وَهِيَ خَاوِيَةٌ عَلَىٰ عُرُوشِهَا قَالَ أَنَّىٰ يُحْيِي هَٰذِهِ اللَّهُ بَعْدَ مَوْتِهَا فَأَمَاتَهُ اللَّهُ مِائَةَ عَامٍ ثُمَّ بَعَثَهُ قَالَ كَمْ لَبِثْتَ قَالَ لَبِثْتُ يَوْمًا أَوْ بَعْضَ يَوْمٍ قَالَ بَل لَّبِثْتَ مِائَةَ عَامٍ فَانظُرْ إِلَىٰ طَعَامِكَ وَشَرَابِكَ لَمْ يَتَسَنَّهْ وَانظُرْ إِلَىٰ حِمَارِكَ وَلِنَجْعَلَكَ آيَةً لِّلنَّاسِ وَانظُرْ إِلَى الْعِظَامِ كَيْفَ نُنشِزُهَا ثُمَّ نَكْسُوهَا لَحْمًا فَلَمَّا تَبَيَّنَ لَهُ قَالَ أَعْلَمُ أَنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ﴿٢٥٩﴾

“ၚင်းပြင် (အို-နဗီတမန်တော်) အသင်သည်၊ အကြင်သူ၏ အဖြစ်အပျက်ကို လေ့လာဆင်ခြင်သုံးသပ်ပြီးမဟုတ်ပါသလော။ ထိုသူသည် (အိမ်ခေါင်မိုးများ ပြိုကျကာ နံရံများသည်လည်း) ခေါင်မိုးများပေါ်သို့ ပြိုကျပျက်စီးလျက်ရှိသောမြို့ရွာတစ်ရွာကို ဖြတ်သန်းသွားလေရာ ‘အလ္လာဟ်အရှင်မြတ်သည် ဤမြို့ရွာကို ပျက်စီးပြီးနောက် အဘယ်နည်းဖြင့် ပြန်လည်(ရှင်စေ)ထူထောင်တော်မူအံ့နည်း’ဟု (မိမိစိတ်တွင်းဝယ် အံ့သြကြီးစွာဖြင့်တွေးဆ)ပြောဆိုလေသည်။ သို့ဖြစ်ပေရာ အလ္လာဟ်အရှင်မြတ်သည် ထိုသူအား နှစ်ပေါင်းတစ်ရာတိတိ သေစေတော်မူခဲ့လေ၏။ ထိုနောက်တစ်ဖန် ထိုအရှင်မြတ်သည် ထိုသူအားရှင်စေတော်မူ၍ ‘အသင်သည် (ဤနေရာ၌) မည်မျှတိုင်အောင် ကြာမြင့်စွာနေခဲ့ပါသနည်း’ဟု မေးမြန်းတော်မူလေရာ ထိုသူက ကျွန်တော်မျိုးသည် တစ်နေ့တိတိ သို့တည်းမဟုတ် တစ်နေ့လျော့လျော့ နေခဲ့ပါသည်’ဟု လျှောက်ထားလေသည်။ (ထိုအခါ အလ္လာဟ်အရှင်မြတ်က) ဤသို့မဟုတ်။ စင်စစ်မှာမူကား အသင်သည် နှစ်ပေါင်းတစ်ရာမျှတိုင်အောင်နေခဲ့လေပြီ။ အသင်သည် မိမိ၏ စားဖွယ် သောက်ဖွယ်ရာများကို ရှုပါလေ။ ထိုစားဖွယ်ရာများသည် (ဤမျှ နှစ်ကာလ ကြာမြင့်သော်လည်း စိုးစဉ်းမျှ)ပုပ်သိုးနံစော်ခြင်းမရှိပြီ။ တဖန်(မိမိစီးနင်း

လာသော) မြည်းတိရစ္ဆာန်ကို(လည်း)ကြည့်ပါလေ။ စင်စစ်တမူကား ငါအရှင်မြတ်သည် အသင့်ကို (ယင်းကဲ့သို့ သေစေတော်မူပြီး တဖန်ရှင်စေတော်မူခြင်းမှာ လူခပင်းတို့အဘို့ သက်သေ ခံလက္ခဏာတစ်ရပ်ပြုလုပ်တော်မူရန်ပင်တည်း။ ထိုနည်းတူစွာ ငါအရှင်မြတ်သည် (အသင်စီးနင်း၍လာသော မြည်းတိရစ္ဆာန်၏)အရိုးများကို မည်သည့်နည်းဖြင့် ဆက်စပ်တော်မူ၍ အသားဖြင့် ဖုံးအုပ်ပေးတော်မူသည်ကို လည်းရှုပါလေ'ဟု မိန့်ကြားတော်မူလေသည်။ ထို့နောက် (အလ္လာဟ်အရှင်မြတ် မိန့်ကြားတော်မူသည့်အတိုင်း အဖြစ်အပျက်အလုံးစုံတို့သည်) ထိုသူ့အဖို့အရာ ထင်ရှားလာသောအခါ ထိုသူက 'မုချကောန် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အရှင်မြတ်ဖြစ်တော်မူသည်ကို ကျွန်တော်မျိုး (မျက်မြင်ဒိဋ္ဌသိမြင်) ယုံကြည်ပါပြီဟု လျှောက်ထားလေသတည်း။" (၂း၂၅၉)

vvvvvvv

အာယသ် (၂ း ၂၆၀)



“ငင်းပြင် (အို-နဗီတမန်တော်) အသင်သည် ပြန်လည်အောက်မေ့ သတိရပါလေ။ တရံရောအခါ နဗီတမန်တော် အီဗ်ရာဟိမ်(ﷺ)သည် (အလ္လာဟ် အရှင်မြတ် အထံတော်၌ ဤသို့)လျှောက်ထားခဲ့လေသည်။ အို-ကျွန်တော်မျိုး အား မွေးမြူတော် မူသောအရှင်မြတ်၊ အရှင်မြတ်သည် (ရှင်ပြန်ထရမည့်နေ့ တွင်)သေသူများအား မည်သည့်နည်းဖြင့် ရှင်စေတော်မူမည်ကို ကျွန်တော်မျိုး အား ပြသတော်မူပါ။ ထိုအခါ အလ္လာဟ်အရှင်မြတ်က ‘(အို-နဗီတမန်တော် အီဗ်ရာဟိမ်) အသင်သည် (သေသူ တို့အား ငါအရှင်မြတ် ရှင်ပြန်ထစေတော် မူမည်ကို)မယုံကြည်ပါသလော’ဟု မေးမြန်း တော်မူရာ နဗီတမန်တော် အီဗ်ရာဟိမ်(ﷺ)က ထိုသို့မဟုတ်ပါ။ မုချပင် ယုံကြည်ပါ၏။ သို့ရာတွင် မိမိစိတ်နှစ်သိမ့်ကျေနပ်ရန်အလို့ငှာ (လျှောက်ထားခြင်းသာ ဖြစ်ပါသည်)ဟု လျှောက်ထားလေသည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်က ‘သို့ဖြစ်လျှင် (အို-အီဗ်ရာဟိမ်)အသင်သည် ငှက်သတ္တဝါလေးကောင်ကို(ဖမ်း)ယူ(ပြီးလျှင် သင်ခေါ်လျှင်လာသည့်တိုင် ယဉ်ပါးအောင်လုပ်)ပါ။ ထိုငှက်သတ္တဝါများကို မိမိထံ၌ အပိုင်းပိုင်း ဖြတ်တောက်၍ (မိမိပတ်ဝန်းကျင်၌ရှိသော)တောင် အသီးသီးတို့ပေါ်ဝယ် ထားပါလေ။ ထို့နောက်သင်သည် ယင်းငှက်သတ္တဝါ တို့ကို ဟစ်အော်၍ ခေါ်ပါလေ။ ယင်းငှက် သတ္တဝါတို့သည် (ရှင်ပြန်ထ၍) အသင့်ထံပြေး၍လာကြလိမ့်မည်။ ထို့ပြင် မုချကန် အလ္လာဟ်အရှင်မြတ်သည် ဘုန်းတန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင် ထူးကဲသောဉာဏ် အမြော်အမြင်နှင့်ပြည့်စုံတော်မူသောအရှင် ဖြစ်တော်မူသည်ကို အသင် ယုံကြည် မှတ်ယူပါလေ’ဟု မိန့်ကြားတော်မူလေသတည်း။” (၂း၂၆၀)

## အကျယ်ဖွင့်ဆိုခြင်း

ဤသည်မှာ အထက်ပါအာယသ်(၂၆၀)တွင်ပါဝင်သော တတိယအဖြစ်အပျက်ဖြစ်သည်။ ဤအဖြစ်အပျက်၏ အတိုချုပ်မှာ အလ္လာဟ်အရှင်မြတ်သည် သေဆုံးပြီးသောသူအား မည်ကဲ့သို့ အသက်ပြန်လည်ရှင်စေကြောင်းကို တမန်တော်အိဗ်ရာဟီမ်အား ပြသပေးရန် တမန်တော်အိဗ်ရာဟီမ်(**عليه السلام**)က အလ္လာဟ်အရှင်မြတ်ထံ အသနားခံ တောင်းခံခြင်းဖြစ်သည်။ အလ္လာဟ်အရှင်မြတ်က တမန်တော်အား ထိုသို့တောင်းဆိုမှုကို အဘယ့်ကြောင့် တောင်းဆိုကြောင်း မေးမြန်းခဲ့သည်။ အရာရာတိုင်းအား ထိန်းချုပ်တော်မူသည့် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်ကို တမန်တော်အိဗ်ရာဟီမ်(**عليه السلام**) မယုံကြည်၍လော? အိဗ်ရာဟီမ်(ﷺ)သည် စိတ်ထဲရှိသည့် အတိုင်း ရှင်းလင်းခဲ့ပါသည်။ စင်စစ်ပြန်လည်ရှင်ပြန်ထခြင်းနှင့် ပတ်သက်၍ အိဗ်ရာဟီမ်(ﷺ)သခင်တွင် သံသယမရှိချေ။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ အဆုံးမရှိသော တန်ခိုးတော်မှာ အသိဉာဏ် ရှိသောသူတိုင်းအတွက် အချိန်တိုင်းထင်ရှားပါသည်။ တမန်တော် အိဗ်ရာဟီမ်(ﷺ)က ၎င်းကိုယ်တိုင် ဖန်ဆင်းခံရမှုနှင့် စကြဝဠာဆိုင်ရာ ဖန်ဆင်းခံရမှုနှစ်ရပ်လုံးတွင် အထင်အရှားမြင်တွေ့နေရပါသည်။ သို့သော် လည်း လူသားသဘာဝ၏ တစိတ်တဒေသဖြစ်သော ဖြစ်လေ့ဖြစ်ထမရှိသည့် အဖြစ်အပျက်တစ်ရပ်သည် မည်သည့်ပုံစံဖြစ်မည်နည်း။ မည်ကဲ့သို့ဖြစ်မည်နည်းဟူသည်ကို မျက်ဝါးထင်ထင် မမြင်တွေ့ရသမျှတွေးတောအံ့ဩနေပေလိမ့်မည်။ ထိုကဲ့သို့သောအတွေးများသည် လူတစ်ဦး၏စိတ်အေးချမ်းသာယာမှုကို အမြဲတစေ အနှောက်အယှက်ဖြစ်စေသည်။ ထို့အတွက်ကြောင့် သေဆုံးပြီးနောက် ပြန်လည်ရှင်ပြန်ထခြင်းကို မျက်ဝါးထင်ထင် မြင်တွေ့လိုသောတမန်တော် အိဗ်ရာဟီမ်(ﷺ)သည် အလ္လာဟ်အရှင်မြတ်ထံ တောင်းခံမှုတစ်ရပ် ပြုလုပ် ခဲ့ပါသည်။

အလ္လာဟ်အရှင်မြတ်သည် ဖြစ်လေ့ဖြစ်ထမရှိသော မြင်ကွင်းတစ်ခုကို တမန်တော်အိဗ်ရာဟီမ်(**عليه السلام**)ကိုယ်တိုင် မြင်စေရန်၊ တစ်ချိန်တည်း ၎င်း၏ဒွိဟသံသယများ ပြေပျောက်စေရန်နှင့် မယုံကြည်သွေဖည်သူများ မွေးမြူထားသော သံသယများပြေပျောက်စေရန် ဤတောင်းခံမှုကို လက်ခံခဲ့သည်။ ထိုမြင်ကွင်းကို ပြသနိုင်ရန်အတွက် တမန်တော် အား ငှက်လေးကောင်ကိုယဉ်ပါးအောင်မွေးမြူစေပါသည်။ ငှက်များသည် တမန်တော်အိဗ်ရာဟီမ်(**عليه السلام**) ခေါ်သည်နှင့် လာအောင်ယဉ်ပါးသည့်အချိန်တွင် တမန်တော်သည် ငှက်များနှင့် အကျွမ်းတဝင်ရင်းနှီးလာ၍ ၎င်းငှက်များ နေရာတွင် အခြားငှက်များ ဝင်ရောက်လာမည် ဆိုသည့် သံသယများ မရှိတော့ချေ။ ထို့နောက်တွင်မှ တမန်တော် သည် ငှက်(၄)ကောင်အား အရိုးအသား အမွေးအတောင်အားလုံး အပိုင်းပိုင်းဖြတ်တောက်စေပါသည်။ ထို့နောက် တမန်တော်၏စိတ်ကြိုက်တောင်ထိပ်များပေါ်၌ တစ်ခုစီတင်ထားစေပါသည်။ ထို့နောက်တွင်မှ တမန်တော်က ထိုငှက်များကိုခေါ်ရန်ဖြစ်သည်။ အင်ရှာအလ္လာဟ် ထိုငှက်များသည် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်အရ အသက်ပြန်ရှင်ကာ တမန်တော်ထံ ပြေးလာလိမ့်မည်။

သဖ်စိရ်ရှူဟုလ်မအာနီကျမ်း၌ အိဗ်နိအလ်မူန်ဒီးရ်၏ ခိုင်လုံမှုအပေါ် စိုက်ယိဒ်နဟဆန်(**رضى الله عنه**) သခင်မှဆင့်ပြန်ခဲ့သည်မှာ တမန်တော် အိဗ်ရာဟီမ်(ﷺ)သခင်သည် ၎င်းအားမိန့်ကြားခံခဲ့ရသည့်အတိုင်း ပြုလုပ်ခဲ့ပါသည်။ တမန်တော်က ငှက်များကိုခေါ်လိုက်သောအခါ တခဏချင်းတွင် အရိုးသည် အရိုးနှင့်၊ အမွေးအတောင်သည် အမွေးအတောင်နှင့်၊ အသားသည် အသားနှင့် အားလုံးတို့သည် နဂိုမူလပုံသဏ္ဌာန်အတိုင်း

ဖြစ်ပွားကာ ဌက်များသည် အသက်ဝင်လာ၍ တမန်တော်အိဗ်ရာဟီမ်(ﷺ)ထံပြေးလာခဲ့ကြသည်။ အလ္လာဟ် အရှင်မြတ်မိန့်တော်မူသည်မှာ 'အို-အိဗ်ရာဟီမ်' ပြန်လည်ရှင်ပြန်ထမည့်နေ့၌ ဤနည်းအတိုင်း ငါအရှင်သည် အရိုးစုများအားလုံးကို တခဏနချင်းအတွင်း ပြန်လည်စုစည်းစေ၍ ယင်းတို့ကဲ့သို့ အသက်သွင်းတော်မူမည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် **يَأْتِيْنَكَ سَعْيًا** ယင်းဌက်သတ္တဝါတို့သည် (ရှင်ပြန်ထ၍) အသင့်ထံပြေး၍ လာကြလိမ့်မည်'ဟူသော စကားအသုံးအနှုန်း သုံးစွဲထားခဲ့သည်။ ဤထူးခြားသည့် စကားလုံးများက ဌက်များသည် ပြေးလာကြလိမ့်မည်ဟု ဆိုလိုသည်။ ဤသည်က ဌက်များသည် ပျံသန်း၍လာသည် ဟု မဆိုလို။ အကယ်၍ ကောင်းကင်မှပျံသန်းလာလျှင် ၎င်းတို့အား မျက်ခြေပြတ်ကာ ထိုစဉ်အတွင်း အခြားဌက်များနှင့် အစားထိုးခဲ့လိမ့်မည်ဟူသော သံသယကျန်နေလိမ့်မည်ဖြစ်သည်။ အကယ်၍ ဌက်များသည် မြေကြီးပေါ်မှ ပြေးလာသည် ဆိုလျှင် ၎င်းတို့အား ထင်ထင်ရှားရှားမြင်ရပါလိမ့်မည်။ ဤအဖြစ်အပျက်မှတဆင့် အလ္လာဟ်အရှင်မြတ်က အိဗ်ရာဟီး်မ်(ﷺ)အား ပြန်လည်ရှင်ပြန်ထသည့်နေ့တွင် သေဆုံးပြီးနောက် ပြန်လည်ရှင်ပြန်ထခြင်း ၏ ရိုးစဉ်းသောအညွှန်းကို မျက်မြင်ဒိဋ္ဌတွေ့ကြုံစေပါသည်။ ယင်းသည်ပင်လျှင် မယုံကြည်သွေဖည်သူများနှင့် ဘုရားအများကိုးကွယ်သူများက ဖော်ထုတ်သော ဒွိဟသံသယများအားလုံး ပြေပျက်စေပါသည်။

သေဆုံးပြီးနောက် ပြန်လည်ရှင်ပြန်ထမြောက်ခြင်းနှင့် တမလွန်ဘဝရှိခြင်းတို့သည် မယုံကြည် သွေဖည်ငြင်းပယ်သူများအဖို့ ရှင်းလင်းစွာနားလည်ရန်မှာ ကြီးမားဆုံးသော အခက်အခဲဖြစ်သည်။ ထိုသူတို့က လူသားသေဆုံးလျှင် ဖုန်မှုံဖြစ်သွားသည်ဟု ထင်မှတ်ကြသည်။ ထို့နောက် တစ်နေရာရာသို့ မျောပါသွားသည်။ အချို့နေရာများတွင် ၎င်းတို့သည် သစ်ပင်များအသွင်နှင့် စိုက်ခင်းများအသွင် ပေါ်ထွက်လာသည်။ ထိုဖုံမှုံများသည် ကမ္ဘာတစ်ဖက်ခြမ်းသို့ပင်ရောက်ရှိသွားသည်ဟု ထင်မှတ်ခဲ့ကြသည်။ ထိုပြန့်ကြဲသွားသောအရာများနှင့် လူသားအစိတ်အပိုင်းများကိုပြန်လည်စုစည်းကာ ယင်းတို့အထဲမှ အသက်ပြန်သွင်းရန်ဟူသောကိစ္စများသည် အမြင်ကျဉ်းမြောင်းသောသူများအတွက် နားလည်ရန်ခက်ခဲသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် လူတိုင်းအား သူ့အစွမ်းအစ၊ သူ့အခြေအနေနှင့်သာ နှိုင်းယှဉ်ကြည့်သည်။ သူအထက်၌ရှိသော နှိုင်းယှဉ်မရသည့် တန်ခိုးတော်ကိုကား သေချာစွာထည့်သွင်းမစဉ်းစားချေ။

သူ လူဖြစ်ခြင်း၏အကြောင်း တစေ့တစောင်းလေ့လာပါလျှင် ၎င်း၏ဘဝတည်ရှိမှုသည် ကမ္ဘာအနှံ့ပြန့်ကြဲနေသောအရာဝတ္ထုများနှင့် အပိုင်းအစများစုစည်းထားမှုဖြစ်ကြောင်း သူစတင်တွေ့မြင်ရပါလိမ့်မည်။ သူ့အား လူသားဖြစ်လာစေသော အဖေနှင့်အမေသည်လည်းကောင်း၊ ထိုမိဘနှစ်ပါး၏ အသွေး၊ အသားနှင့် ခန္ဓာကိုယ်ကို ဖြစ်စေသော အစားအစာများသည်လည်းကောင်း၊ ကမ္ဘာအနှံ့အပြားမှ စုစည်းထားသည့်အရာများဖြစ်ကြသည်။ ထို့နောက် မွေးဖွားပြီးစရောက်ခဲ့သည်။ ထိုကာလကို သေချာစဉ်းစားကြည့်လျှင် အသွေးအသားဖြစ်၍ ကြီးထွားစေသောအစားအစာများသည် ကမ္ဘာအနှံ့မှရသည့် အမျိုးမျိုးသောအရာများဖြစ်ကြသည်။ လူသားသောက်သုံးသည့် တိရစ္ဆာန်နို့ရည်သည် အချို့သော နွားမ၊ ကျွဲမ၊ ဆိတ်မတို့၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဤအစိတ်အပိုင်းတို့သည်လည်း ထိုတိရစ္ဆာန်များ စားသောက်သောအစားအစာမှ ဖြစ်စေခဲ့သည်။ ၎င်းတို့၏ အစားအစာထဲတွင် ပါဝင်သောဖွဲကြမ်းနှင့် အစေ့အနှံတို့သည် မည်သည့်နိုင်ငံမှလာသည်ကို မည်သူသိသနည်း။ ထို့ပြင် ကမ္ဘာတစ်ခွင် တိုက်ခတ်နေသောလေသည် အမည်နာမပင်မသိသောနေရာမှ ယခုပေါက်ရောက်နေသောနေရာသို့ မည်ကဲ့သို့ရောက်လာ

ကြောင်း မည်သူပြောနိုင်ပါသနည်း။ ကမ္ဘာအနှံ့မှထွက်ကုန်များ၊ ကမ္ဘာပေါ်ရှိ သီးနှံ၊ သစ်သီးဝလံများ အရာရာတိုင်းသည် လူသားစားသုံးခြင်းဖြင့်လည်းကောင်း၊ ဆေးဝါးအဖြစ် သုံးစွဲခြင်းဖြင့်လည်းကောင်း ထိုလူသား၏ခန္ဓာကိုယ်အစိတ်အပိုင်းဖြစ်လာမှုသည် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသောတန်ခိုးတော်နှင့် ထိုအရှင်၏ တိကျသောစီမံမှုတို့ကြောင့်ဖြစ်လာရသည်။ ထိုသို့ဖြစ်လာမှုသည် နည်းလမ်းဘယ်လောက်များများနှင့် နေရာမည်မျှများများမှဖြစ်လာသနည်းဟူသည်ကို လူသားအံ့သြရုံမျှသာဖြစ်သည်။

အကယ်၍ လူသားသည် ပေါ့တန်၍ အမြင်ကျဉ်းခဲ့ကာ ကမ္ဘာကြီးကိုဖယ်ထားဘိဦး။ မိမိခန္ဓာကိုယ်ကိုသာသုတေသနပြုကြည့်လျှင် ၎င်းလူဖြစ်ရန် အစိတ်အပိုင်းများစွာနှင့် ပြုလုပ်တည်ဆောက်ထားခဲ့ကြောင်း တွေ့မြင်ရမည်။ ထိုအစိတ်အပိုင်းများသည် အချို့အား အနောက်အရပ်မှလည်းကောင်း၊ အချို့မြောက်ဖက်မှ လည်းကောင်း၏လာကြရသောအရာများနှင့် ဖွဲ့စည်းထားပါသည်။ ယနေ့ထိ အလ္လာဟ်အရှင်မြတ်၏တိကျသောစီမံမှုကြောင့် ကမ္ဘာအနှံ့အပြားတွင်ပြန့်ကြဲနေသောအရာများသည် သူ့ခန္ဓာကိုယ်ထဲတွင် စုစည်းကာရောက်စေပါသည်။ သေဆုံးပြီးနောက် ဤအရာများသည် တဖန်ပြန်လည်၍ ပြန့်ကြဲသွားပါလိမ့်မည်။ သို့ဆိုပါလျှင် အလ္လာဟ်အရှင်မြတ်၏ပြီးပြည့်စုံသော တန်ခိုးတော်နှင့် ယင်းတို့ကို ဒုတိယအကြိမ်ပြန်လည်မစုရုံးနိုင်ပြီလော? အထူးသဖြင့်ဆိုလျှင် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာလျှင် လူသားကိုဖန်ဆင်းရန်အတွက် ဤပြန့်ကြဲနေသော အရာများကို စုစည်းတော်မူသောအရှင်ဖြစ်တော်မူပေသည်။

## အချို့သောဆက်နွယ်သည့်မေးခွန်းများနှင့် အဖြေများ

အထက်ပါအာယသ်တော်ထဲတွင် ဖော်ပြခဲ့သော အဖြစ်အပျက်ကြောင့် မေးခွန်းအချို့ပေါ်ထွက်စေပါသည်။

(၁) အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်ကို အိဗ်ရာဟီမ်(ﷺ)သခင်သည် သူ့အချိန်ကာလက တစ်ကမ္ဘာလုံးတွင် ဦးစွာပထမယုံကြည်လက်ခံသူလည်းဖြစ်၍ အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်ကို လက်ခံယုံကြည်ပြီးသူဖြစ်လင့်ကစား အဘယ့်ကြောင့် ဤမေးခွန်းမေးရပါသနည်း။

ဤသည်နှင့်ပတ်သက်၍ အစောပိုင်းကပင် ဖြေကြားပြီးဖြစ်သည်။ ယင်းအဖြေထဲတွင် တမန်တော် အိဗ်ရာဟီမ်(ﷺ) ဤမေးခွန်းမေးရခြင်းမှာ ဒို့ဟသံသယအပေါ်အခြေခံ၍မေးသည်မဟုတ်ချေ။ မေးခွန်း၏ရည်ရွယ်ချက်မှာ ပြန်လည်ရှင်ပြန်ထရမည့်နေ့၌ အလ္လာဟ်အရှင်မြတ်သည် သေဆုံးပြီးသောသူများကို ပြန်လည်ရှင်ပြန်ထစေခြင်းကို အတည်ပြုခိုင်မာစေရန်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသောတန်ခိုးတော်ကြောင့် ဤကိစ္စလုပ်ဆောင်ရန်မှာ မည်သို့မျှလည်း အလှမ်းမဝေး၊ မည်သို့မျှလည်း အံ့သြဘွယ်မရှိချေ။ ထိုကိစ္စသည် မုချဧကန်ဖြစ်မည်။ သို့သော်လည်း သေဆုံးပြီး ပြန်လည်ရှင်ပြန်ထရန်မှာ လူသား၏ဉာဏ်မမှီချေ။ သေဆုံးပြီးသူတစ်ဦး ပြန်လည်ရှင်သည်ကို သူမည်သည့်အခါကမျှ မတွေ့ခဲ့ရဖူးချေ။ ထို့ကြောင့်သေဆုံးပြီးနောက် ပြန်လည်ရှင်သန်ခြင်းသည် အမျိုးမျိုးသောနည်းလမ်းနှင့် အမျိုးမျိုးသော ပုံစံများနှင့်ဖြစ်နိုင်ပေသည်။ မျက်မြင်ကိုယ်တွေ့မဟုတ်၍ မသိနားမလည်သောကြောင့် မည်ကဲ့သို့သောပုံသဏ္ဌာန်၊ မည်ကဲ့သို့သောနည်းလမ်းဖြစ်မည်ကို တွေးဆခြင်းသည် လူသား၏သဘာဝပင်ဖြစ်သည်။ သို့ကြောင့် ၎င်း၏အတွေးများပျံ့လွင့်ကာ အာရုံထွေပြားသည့်ဒဏ်

ခံစားရသည်။ စိတ်ပျံ့လွင့်ခြင်းကို နှလုံးသားတည်ငြိမ်သည့်အခြေအနေဖြင့်သာ အစားထိုးနိုင်သည်။ ယင်းကို 'စုခွန်' (သို့) ငြိမ်းချမ်းခြင်းဟုခေါ်သည်။ ထို့ကြောင့် အိဗ်ရာဟီမ်(عليه السلام)သခင်သည် တောင်းခံမှုမှတစ်ဆင့် ဤအခြေအနေ ရရှိရန် ရှာကြံခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ဤဆွေးနွေးချက်မှ 'အီမာန်'ယုံကြည်မှုနှင့် 'အစ်သ်မိနာမ်' စိတ်ချမ်းသာမှုတို့ကြား ကွဲပြားခြားနားချက်ပေါ်ထွက်လာပါသည်။ ရစူလ်(အလ္လာဟ်အရှင်မြတ်၏တမန်တော်)ကို ယုံကြည်ခြင်းကြောင့် လူသားမမြင်ဘူး၊ မသိဘူးသောအရာကို လက်ခံရရှိကာ ယင်းသည် သေချာသည်ဟု မိမိဆန္ဒအလျောက်ယုံကြည်ခြင်းကို 'အီမာန်'ဟုခေါ်သည်။ အစ်သ်မိနာမ်သည် နှလုံးသားအေးချမ်းသာယာမှုကို ရည်ညွှန်းသည်။ တစ်စုံတစ်ဦးသည် မမြင်နိုင်သည့်အရာကို အကြွင်းမဲ့ယုံကြည်သော်လည်း ထိုအရာ၏ လုပ်ဆောင်နည်းနှင့် အသွင်သဏ္ဌာန်ကိုမသိသောအခါ စိတ်နှလုံးမငြိမ်းချမ်းသော အချိန်များလည်းရှိတတ်သည်။ ဤအေးချမ်းသာယာမှုသည် မျက်မြင်ဒိဋ္ဌကြုံတွေ့ရမှသာလျှင် ရရှိနိုင်သည်။ သေဆုံးပြီးနောက် ပြန်လည်ရှင်ပြန်ထခြင်းကို တမန်တော်အိဗ်ရာဟီမ် ခလီလွလ္လာဟ်(عليه السلام)သည် အကြွင်းမဲ့ယုံကြည်ခဲ့သည်။ တမန်တော်၏မေးခွန်းမှာ လူသားအား မည်သို့အသက်ရှင်အောင်ပြုလုပ်သည့်နည်းဟန်နှင့်သာ ပတ်သက်သည်။

(၂) တမန်တော် အိဗ်ရာဟီမ်(عليه السلام)သည် သေဆုံးပြီးသောသူ ပြန်လည်ရှင်ထခြင်းနှင့်ပတ်သက်၍ ဒွိဟသံသယမရှိချေ။ တမန်တော်အိဗ်ရာဟီမ် ခလီလွလ္လာဟ်(عليه السلام)သခင်၏မေးခွန်းသည် သေဆုံးပြီးသူ မည်ကဲ့သို့ပြန်လည်ရှင်ပြန်ထမည်ကို ရိုးရှင်းစွာမေးခြင်းဖြစ်သည်။ သို့ဆိုလျှင် အလ္လာဟ်အရှင်မြတ်၏ မေးခွန်းတော်ဖြစ်သော

**أَوَلَمْ تُؤْمِنْ** 'အသင်သည် မယုံကြည်ပါသလော'ဟူသည်ကို မည်သို့ ရှင်းလင်းမည်နည်း။ ဤတွင် ရှင်းစရာပင်မလိုဟု ထင်ရပေသည်။

အဖြေမှာကား စိုက်ယိဒိနာ အိဗ်ရာဟီမ်(عليه السلام)သည် သေဆုံးပြီးနောက် အမှန်တကယ်ဖြစ်မည့် ပြန်လည်ရှင်ပြန်ထခြင်းကိစ္စနှင့်ပတ်သက်၍ လုံးဝဒွိဟသံသယမရှိဟု ဆိုလိုသည်။ သို့သော်လည်း မေးခွန်းမှာ အဓိပ္ပာယ်နှစ်မျိုးယူနိုင်ပါသည်။ ထင်ရှားသည့်အဓိပ္ပာယ်တစ်ခုမှာ တမန်တော်အိဗ်ရာဟီမ်(عليه السلام)ဖြစ်နေသောအခြေအနေနှင့် သက်ဆိုင်သည်။ ယင်းမှာ သေဆုံးပြီးသူ မည်သို့မည်ပုံရှင်ပြန်ထသည်ဆိုခြင်းကို စူးစမ်းလိုသည့်ဆန္ဒရှိခဲ့သည်။ သို့သော်လည်းမေးခွန်းပါစကားလုံးများသည် စစ်မှန်သောတန်ခိုးတော်ကို ငြင်းဆိုခြင်း (သို့) ဒွိဟသံသယဖြစ်ခြင်းတို့ကြောင့်ဖြစ်ပေါ်လာသော ဒုတိယအဓိပ္ပာယ်တစ်မျိုးကိုလည်း ဖော်ညွှန်းနေသည်။ ပမာဆိုသော် အသင်သည် လေးလံသောအထုတ်တစ်ခုကို မြင်တွေ့ရပြီး တစ်စုံတစ်ဦးသည် ယင်းအထုတ်ကြီးကို မ,မနိုင်ဟု သေချာသိသောအခါ ၎င်း၏အစွမ်းအစကိုစမ်းသပ်ရန်အလို့ငှာ ထိုသူအား မနိုင် မ,မနိုင်ဟူသည်ကို စိန်ခေါ်လိုက်သည်။ တစ်စုံတစ်ဦးသည် တမန်တော်အိဗ်ရာဟီမ်(عليه السلام)သခင်၏မေးခွန်းကို အထက်ပါ ပမာပြချက်အတိုင်း မှားယွင်းသော အဓိပ္ပာယ်နှင့် ဖွင့်ဆိုနိုင်သောကြောင့် အလ္လာဟ်အရှင်မြတ်သည် ထိုကဲ့သို့သောဖြစ်နိုင်ချေမှာ အိဗ်ရာဟီမ် (عليه السلام) သခင် လွတ်ကင်းစေရန် **أَوَلَمْ تُؤْمِنْ** 'အသင်သည် မယုံကြည်ပါသလော'ဟူသော စကားလုံးနှင့် ဉီးတည်မိန့်ကြားခဲ့သည်။ ထိုအချိန်တွင် တမန်တော် အိဗ်ရာဟီမ်(عليه السلام)သည် ( **بَلَىٰ** 'ဗလာ') မှန်ပါသည်။ အဘယ်ကြောင့် မယုံရမည်နည်းဟု ဖြေဆိုနိုင်သည်။ ထို့ကြောင့် လူလိမ်မျာနှင့် စွပ်စွဲသူများတို့ တိုက်ခိုက်ခြင်းမှ လွတ်ကင်းသည်။

(၃) သေဆုံးပြီးနောက် ပြန်လည်ရှင်ပြန်ထခြင်းနှင့်ပတ်သက်သော ပြဿနာဖြစ်သည့် တမန်တော်အိဗ်ရာဟီမ်(عليه السلام)၏ စိတ်မချမ်းမြေ့မှုနှင့်ဆိုင်သော ဤမေးခွန်းသည် ပြေလည်ပေပြီ။ စိုက်ယိဒိနာ အလီ(**رضى الله عنه**)

သခင်မှတဆင့် ဆင့်ပြန်ခဲ့သည်မှာ 'မမြင်ရသည့်အရာမှ အကယ်၍ ကန့်လန့်ကာကိုလှစ်ဟပြသခဲ့ပါလျှင်လည်း ထိုအရာနှင့် ပတ်သက်သောသေချာမှုနှင့် ကျွန်ုပ်၏အေးချမ်းသာယာမှုမှာပို၍ တိုးပွားမလာပါ။ အဘယ့်ကြောင့် ဆိုသော် ကျွန်ုပ်သည် မမြင်ရသောအရာကို ယုံကြည်မှုမှတစ်ဆင့် ပြီးပြည့်စုံသော ငြိမ်းချမ်းသာယာမှုကို ကျွန်ုပ်ရရှိပြီးဖြစ်လေသည်။

တမန်တော်မြတ်မုဟမ္မဒ်(ﷺ)၏နောက်လိုက်များတွင် ထိုကဲ့သို့သော အေးချမ်းသာယာသည့် အခြေအနေမျိုးရှိခဲ့ပါလျှင် အလ္လာဟ်အရှင်မြတ်၏ အဆွေတော် (ခလီလုလ္လာဟ်)ဖြစ်သော တမန်တော် အိဗ်ရာဟီမ်(عليه السلام) သခင်သည် ထိုအခြေအနေမျိုးမရှိဟု ဆိုသည်မှာ ဖြစ်နိုင်ပါမည်လော။

ဤကိစ္စနှင့်ပတ်သက်၍ အစ်သ်မိနာမ်ခေါ် နှလုံးသားငြိမ်းချမ်းသာယာမှုတွင် အဆင့်ဆင့်ရှိကြောင်း ကျွန်ုပ်တို့ ရှင်းလင်းစွာသိရန်လိုသည်။ အောင်လိယာခေါ်အလ္လာဟ်အချစ်တော်များမှ ဆစ်ဒီးက်ကီးန် စစ်မှန်သော ယုံကြည်သူများအတွက် အဆင့်တစ်ခုရရှိပေသည်။ ထို့နောက် တမန်တော်(عليه السلام)အဆက်ဆက်အား ပေးအပ်ထားသည့် အိစ်သ်မိနာမ် နှလုံးသားငြိမ်းချမ်းမှု ပိုမိုမြင့်မားသောအဆင့်တရပ်လည်းရှိသည်။ ထို့ပြင် မျက်ဝါးထင်ထင်မြင်တွေ့ရသော အထူးတမန်တော်များသည်ပို၍ မြင့်မားသော အိစ်သ်မိနာမ်ရှိကြသည်။

အိဗ်ရာဟီမ်ခလီလုလ္လာဟ်(عليه السلام)တွင် စိုက်ယိဒိနာအလီ(رضى الله عنه)သခင်တွင် ရှိသည့် အိသ်မိနာမ်စိတ်နှလုံးငြိမ်းချမ်းသာယာမှုအဆင့်မျိုးရှိသည်ကားသေချာသည်။ သို့ရာတွင် တမန်တော်ဖြစ်ခြင်းကြောင့် သာလွန်မြင့်မားသောအဆင့် အိစ်သ်မိနာမ်အဆင့်ပင်ရှိလေသည်။ ဤအိစ်သ်မိနာမ်အဆင့်ကြောင့်ပင်လျှင် တမန်တော် အိဗ်ရာဟီမ်(عليه السلام)သခင်သည် နောက်လိုက်များအားလုံးထက် ပိုမိုသာလွန်မြင့်မားပေသည်။ ကျွန်ုပ်တို့၏ တမန်တော်မြတ်(ﷺ)သခင်အား ဂျန္နသ်သုခဘုံနှင့် ဂျဟန္နမ်ငရဲဘုံအား မျက်မြင်ဒိဋ္ဌတွေ့မြင်စေခြင်းအားဖြင့် အထူး အိစ်သ်မိနာမ်အဆင့် ပေးအပ်ထားသကဲ့သို့ ထိုသို့သော တမန်တော် အိဗ်ရာဟီမ်သည်လည်း အမြင့်ဆုံး အိစ်သ်မိနာမ်အဆင့်ရရှိရန်အတွက် ရိုကျိုးစွာတောင်းခံခြင်းဖြစ်သည်။ ထိုကဲ့သို့ အထူးမြင့်မားသော အိစ်သ်မိနာမ်အဆင့်ကို အလွန်ထူးခြားသောတမန်တော်များကိုသာ ချီးမြှင့်အပ်နှင်းသည်။

အချုပ်အားဖြင့် ဤမေးခွန်းကို အကြောင်းခံ၍ တမန်တော်အိဗ်ရာဟီမ်(عليه السلام)တွင် နှလုံးသားအေးချမ်းသယာမှုမရှိဟုပြောလျှင် မမှန်ကန်ချေ။ ထိုသို့ပြောဆိုခြင်းမျိုးကို ရှောင်ကြဉ်ကာ ကျွန်ုပ်တို့ ရိုးရှင်းစွာပြောနိုင်သည်မှာကား တမန်တော် အိဗ်ရာဟီမ်(عليه السلام)သခင်တွင် လုံးဝပြီးပြည့်စုံသော နှလုံးသားအေးချမ်းသာယာမှုမရရှိသေး၍ လုံးဝပြီးပြည့်စုံသော နှလုံးသားအေးချမ်းသာယာမှုကို မျက်မြင်ကိုယ်တွေ့မြင်တွေ့ရပြီးမှ ရရှိနိုင်သောကြောင့် တမန်တော်က ထိုသို့တောင်းခံရခြင်းဖြစ်သည်။

အာယသ်တော်အဆုံးတွင် မိန့်ထားသည်မှာ **أَنَّ اللَّهَ عَزِيزٌ حَكِيمٌ** 'မုချဧကန် အလ္လာဟ်အရှင်မြတ် သည် ဘုန်းတန်ခိုးအာနုဘော်ဖြင့် လွှမ်းမိုးတော်မူသောအရှင်၊ ထူးကဲသောဉာဏ်အမြော်အမြင်နှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်'ဟူ၍ဖြစ်သည်။ 'အဇီဇ်'ဟူသော ဂုဏ်တော်သည် အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသော တန်ခိုးတော်ဖြစ်၍ 'ဟကီမ်'ဟူသော ဂုဏ်တော်သည် အလ္လာဟ်အရှင်မြတ်၏ ထူးကဲသောဉာဏ်အမြော်အမြင်နှင့်ပြည့်စုံတော်မူခြင်းဖြစ်သည်။ ယင်းတို့က ကျွန်ုပ်တို့ကို ညွှန်းသည်မှာ အလ္လာဟ်အရှင်မြတ်၏ ဉာဏ်

အမြော်အမြင်ထဲတွင် လူတိုင်းအား သေဆုံးပြီး ပြန်လည်ရှင်ပြန်ထခြင်းဟူသော အဖြစ်အပျက်ကို မျက်ဝါး ထင်ထင် မြင်စေရန်မပြသချေ။ လူတိုင်းအား မြင်တွေ့စေရန်လုပ်ဆောင်ရေးမှာအလွှာဟ်အရှင်မြတ်အဖို့ မခဲယဉ်းချေ။ လူတိုင်းအားမြင်တွေ့စေမည်ဆိုပါက မမြင်ကွယ်ရာကိုယုံကြည်ခြင်းတည်းဟူသော **الايمان بالغيب** 'အလ်အီမာန် ဗိလ် ဂိုင်းဗ်'ဟူသည့် မြင့်မားသည့် အရည်အသွေးမရှိဘဲဖြစ်လိမ့်မည်။

vvvvvvv

အာယသ် (၂ : ၂၆၁–၂၆၆)

مَثَلُ الَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ فِيْ سَبِيْلِ اللّٰهِ
كَمَثَلِ حَبَّةٍ اَنْۢبَتَتْ سَبْعَ سَنَابِلَ فِيْ كُلِّ سُنْۢبُلَةٍ مِّائَةُ حَبَّةٍ ؕ
وَاللّٰهُ يُضٰعِفُ لِمَنْ يَّشَآءُ ؕ وَاللّٰهُ وَاسِعٌ عَلِيْمٌ ﴿۲۶۱﴾ اَلَّذِيْنَ
يُنْفِقُوْنَ اَمْوَالَهُمْ فِيْ سَبِيْلِ اللّٰهِ ثُمَّ لَا يُتْبِعُوْنَ مَآ اَنْفَقُوْا
مَنًّا وَّلَآ اَذًى ۙ لَّهُمْ اَجْرُهُمْ عِنْدَ رَبِّهِمْ ۚ وَلَا خَوْفٌ عَلَيْهِمْ
وَلَا هُمْ يَحْزَنُوْنَ ﴿۲۶۲﴾ قَوْلٌ مَّعْرُوْفٌ وَّمَغْفِرَةٌ خَيْرٌ مِّنْ صَدَقَةٍ
يَّتْبَعُهَآ اَذًى ؕ وَاللّٰهُ غَنِيٌّ حَلِيْمٌ ﴿۲۶۳﴾ يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا
تُبْطِلُوْا صَدَقٰتِكُمْ بِالْمَنِّ وَالْاَذٰى ۙ كَالَّذِيْ يُنْفِقُ مَالَهٗ
رِئَآءَ النَّاسِ وَلَا يُؤْمِنُ بِاللّٰهِ وَالْيَوْمِ الْاٰخِرِ ؕ فَمَثَلُهٗ كَمَثَلِ
صَفْوَانٍ عَلَيْهِ تُرَابٌ فَاَصَابَهٗ وَابِلٌ فَتَرَكَهٗ صَلْدًا ؕ لَا يَقْدِرُوْنَ
عَلٰى شَيْءٍ مِّمَّا كَسَبُوْا ؕ وَاللّٰهُ لَا يَهْدِي الْقَوْمَ الْكٰفِرِيْنَ ﴿۲۶۴﴾
وَمَثَلُ الَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمُ ابْتِغَآءَ مَرْضَاتِ اللّٰهِ وَ
تَثْبِيْتًا مِّنْ اَنْفُسِهِمْ كَمَثَلِ جَنَّةٍۭ بِرَبْوَةٍ اَصَابَهَا وَابِلٌ
فَاٰتَتْ اُكُلَهَا ضِعْفَيْنِ ۚ فَاِنْ لَّمْ يُصِبْهَا وَابِلٌ فَطَلٌّ ؕ وَاللّٰهُ
بِمَا تَعْمَلُوْنَ بَصِيْرٌ ﴿۲۶۵﴾ اَيَوَدُّ اَحَدُكُمْ اَنْ تَكُوْنَ لَهٗ جَنَّةٌ مِّنْ
نَّخِيْلٍ وَّاَعْنَابٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ ۙ لَهٗ فِيْهَا مِنْ كُلِّ



“မိမိတို့၏ ဥစ္စာပစ္စည်းများကို အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ပေးကမ်းလှူဒါန်း သုံးစွဲသူတို့၏ (အလှူပစ္စည်းများသည်)အကြင်မျိုးစေ့နှင့် အလားတူ၏။ ယင်းမျိုးစေ့သည် ကောက်နှံခုနှစ်နှံကို ပေါက်ရောက်စေ၏။ ထိုကောက်နှံအသီးသီးတို့တွင် အစေ့ ပေါင်းတစ်ရာစီပါရှိလေသည်။ စင်စစ်မူကား အလ္လာဟ်အရှင်မြတ်သည် မိမိနှစ်လိုတော် မူသော သူတို့အဖို့ (ယင်းကဲ့သို့ပင်) ဆထက်ထမ်းပိုးတိုးပွားစေတော်မူလေသည်။ အကြောင်း သော်ကား အလ္လာဟ်အရှင်မြတ်သည် ရက်ရောစွာပေးသနားတော်မူသောအရှင်၊ အရာခပ်သိမ်းတို့ကို အကြွင်းမရှိ သိတော်မူသောအရှင်ဖြစ်တော်မူလေသတည်း။” (၂း၂၆၁)

“အကြင်သူတို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများကို အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ပေးကမ်းလှူဒါန်းသုံးစွဲကြကုန်၏။ ထိုကဲ့သို့ပေးကမ်းစွန့်ကြဲ သုံးစွဲပြီးသည့်နောက် ယင်းသူတို့သည် (မိမိတို့ စွန့်ကြဲပေးကမ်းသော သူဆင်းရဲတို့အား) ဂုဏ်ဖော်ခြင်းလည်း မပြုကြချေ။ ထိုနည်းတူစွာ မည်သည့်ဒုက္ခရောက်စေခြင်းကိုလည်းမပြုကြချေ။ ထိုကဲ့သို့သော သူတို့အဖို့ ယင်းသူတို့အား မွေးမြူတော်မူသောအရှင်မြတ်၏အထံတော်၌ ကုသိုလ်အကျိုးများရှိသည်။ ယင်းသူတို့အဖို့ မည်သည့်စိုးရိမ်ကြောင့်ကြခြင်းမျှလည်း မရှိ။ ယင်းသူတို့သည် ပူဆွေးကြမည်လည်းမဟုတ်ကြချေ။” (၂း၂၆၂)

“(ပေးကမ်းလှူဒါန်းခြင်းမပြုနိုင်သောအချိန်အခါဝယ် သူဖုန်းစား၊ သူဆင်းရဲတို့အား) ကောင်းမြတ်သောစကားတစ်ခွန်း ပြောဆိုခြင်းသည်လည်းကောင်း၊ (သူဖုန်းစား သူဆင်းရဲတို့၏ ဇွတ်တရွတ် မဖွယ်မရာ ပြောဆိုပြုလုပ်သည်များကို) ခွင့်လွှတ်ခြင်းသည် လည်းကောင်း၊ (ဥစ္စာပစ္စည်း)ပေးကမ်းစွန့်ကြဲလှူဒါန်းပြီးနောက် (ယင်းသူဆင်းရဲတို့အား အထင်အမြင်သေးခြင်း စသည်တို့ဖြင့်) စိတ်ဒုက္ခရောက်စေခြင်းထက် (အဆပေါင်း များစွာ)သာလွန်၍ ကောင်းမြတ်ပေသတည်း။ စင်စစ်တမူကား အလ္လာဟ်အရှင်မြတ်သည် အလွန်ကြွယ်ဝတော်မူသောအရှင်၊ သည်းခံခြင်းဂုဏ်နှင့် အလွန်ပြည့်စုံတော် မူသောအရှင်ဖြစ်တော်မူလေသတည်း။” (၂း၂၆၃)

“အို-ယုံကြည်ခြင်း သဒ္ဓါတရားထားရှိသူအပေါင်းတို့၊ အသင်တို့သည် မိမိတို့၏ အလှူဒါနများကို ကျေးဇူးဖော်ခြင်းအားဖြင့် လည်းကောင်း၊ စိတ်ဒုက္ခ ရောက်စေခြင်းအားဖြင့် လည်းကောင်း၊ အကြင်သူကဲ့သို့ အချည်းနှီး မဖြစ်ကြ စေနှင့်။ ထိုသူသည် အလ္လာဟ် အရှင်မြတ်၏ နောက်ဆုံးနေ့ကိုမယုံကြည် ဘဲလျက် လူတို့အား ပြစားရန်အလို့ငှာသာ မိမိဥစ္စာပစ္စည်းကို လှူဒါန်း ပေးကမ်း၏။ သို့ဖြစ်လေရာ ထိုသူသည် သွေ့ခြောက်၊ ချောမွတ်မာကျော ပြောင်လက်သောကျောက်တုံးနှင့် အလားသဏ္ဌာန်တူ၏။ ထို ကျောက်တုံးပေါ်တွင် အနည်းငယ်မြေမှုန့်တင်လျက်ရှိ၏။ ထိုကျောက်တုံးပေါ်၌ သည်းထန် သောမိုးသည် ရွာသွန်းချလိုက်ရာ (မြေမှုန့်များသည် မိုးရေနှင့်အတူ မျောပါ၍ သွားသဖြင့်) ထိုကျောက်တုံးသည် ပြကတေ့အတိုင်း ကျောက်သားမျှသာ ပြောင်လက်စွာ ကျန်ရှိခဲ့လေသည်။ ထိုကဲ့သို့သောသူများသည် မိမိတို့ရှာဖွေ ဆည်းပူးခဲ့ကြသော ကောင်းမှုကုသိုလ်များအနက် အဘယ်တစ်စုံတစ်ရာကိုမျှပင် (နောင် ‘ကိယာမသ်’ နေ့တွင်) ရရှိနိုင်ကြမည်မဟုတ်ချေ။ (ဤသူတို့ကား ကျောက်တုံးနှင့် အလားသဏ္ဌာန် တူသော ကာဖိရ်များသာဖြစ်ကြပေသည်။) အလ္လာဟ်အရှင်မြတ်သည် (ယင်းကဲ့သို့သော) ‘ကာဖိရ်’တို့အား တရားမမှ ညှဉ်းပြောက်မှုမည်မဟုတ်ချေ။” (၂း၂၆၄)

“အကြင်သူတို့သည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်တော်မူခြင်းကို ဆည်းပူး ရှာဖွေရန် လည်းကောင်း၊ မိမိတို့၏ စိတ်နှလုံးများတွင် (သဒ္ဓါတရား)ထက်သန် မြဲမြံ ခိုင်ခန့်စေရန် လည်းကောင်း၊ မိမိတို့၏ ဥစ္စာပစ္စည်းများကို ပေးကမ်း လှူဒါန်းစွန့်ကြဲကြကုန်၏။ ထိုသူတို့ (လှူဒါန်းသော အလှူဒါန)၏ ဥပမာသည် ကုန်းမြင့်ပေါ်တွင်ရှိသောဥယျာဉ်နှင့် အလားသဏ္ဌာန်တူ၏။ ထိုဥယျာဉ်၌ သည်းထန်သောမိုးသည် ရွာသွန်းချ၏။ သို့ဖြစ်လေရာ ထိုဥယျာဉ်သည် မိမိ၏အသီးအနှံများကို (အခြားသောဥယျာဉ်များထက်)နှစ်ဆ တိုး၍ ပေါက်ဖွား စေလေသည်။ အကယ်၍ ထိုဥယျာဉ်၌ သည်းထန်သောမိုးရွာသွန်းခြင်း မရှိသော်လည်း (မြေဩဇာကောင်းသည့်အတွက်ကြောင့်) မိုးဖွဲကျခြင်းသည်ပင် (ထိုဥယျာဉ်အတွက် လုံလောက်ပေသည်) အမှန်သော်ကား အလ္လာဟ် အရှင် မြတ်သည် သင်တို့ပြုလုပ်သမျှသောကိစ္စအဝဝကို အကြွင်းမဲ့ခွဲခြားသိမြင်တော် မူသောအရှင် ဖြစ်တော်မူသည်။” (၂း၂၆၅)

“အသင်တို့အနက် တစ်ဦးတစ်ယောက်သောသူသည် (ဤအဖြစ်ကို) ကြိုက် နှစ်သက်ပါ သလော။ (အဖြစ်ကား) ထိုသူ၌ စွန်ပလွံ၊ သပျစ်ဥယျာဉ်တစ်ခုရှိ၏။ ထိုဥယျာဉ် အောက်မှ ရေယဉ်ချောင်းများ စီးထွေလျက်ရှိ၏။ ထိုဥယျာဉ်၌ ထိုသူ

**အဖို့ အမျိုးစုံသော သစ်သီးဝလံများလည်းရှိ၏။ ထိုသူ၌ ဇရာဒုဗ္ဗလ သက်ရွယ်ကြီးပြင်း အိုမင်းရင့်ရော်ခြင်းသည် ဆိုက်ရောက်လာ၏။ ထိုသူ၌ မစွမ်းမသန် အားအင်ချည့်နဲ့သော သားသမီးများလည်းရှိ၏။ (ထိုကဲ့သို့သောအချိန်မျိုးတွင်) ထိုဥယျာဉ်၌ လောင်မီးပါရှိသော လေပြင်းမုန်တိုင်းသည် တိုက်ခတ်လေရာ ထိုဥယျာဉ်သည် လောင်ကျွမ်း(ပျက်စီး)သွားလေတော့သည်။ (ထိုသူသည် ဤအဖြစ်ကို အဘယ်သို့လျှင် ကြုံကန့်သတ်နိုင်အံ့နည်း) ယင်းကဲ့သို့ပင် အလွှာတ်အရှင်မြတ် သည် အသင်တို့အား သက်သေလက္ခဏာတော်များကို ထင်ရှားစွာ ထုတ်ဖော် မိန့်ကြား တော်မူလေသည်။ သို့မှသာလျှင် အသင်တို့သည် စဉ်းစားဆင်ခြင်သိမြင်ကြမည် ဖြစ်ကုန်၏။" (၂း၂၆၆)**

## အကျယ်ဖွင့်ဆိုခြင်း

ဤသည်မှာ စူရာဟ်ဘကရဟ်၏ (၃၆)မြောက်အခန်းဖြစ်၍ အာယသ်နံပါတ်(၂၆၂)မှစတင်သည်။ ယခုကျန်သည်မှာ စူရဟ်ဘကရဟ်၏ အခန်းကဏ္ဍ(၅)ခုဖြစ်၍ ထိုအထဲမှ နောက်ဆုံးကဏ္ဍတွင် အချို့သောအခြေခံမူများပါဝင်သည်။ အရှေ့ပိုင်း အခန်းကဏ္ဍလေးခုဖြစ်သည့် (၂၆၂)မှ (၂၈၃)ထိ အာယသ်(၂၁)အာယသ်တွင် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များပါဝင်သည်။ အကယ်၍ ညွှန်ကြားချက်များကိုလုံးဝဥဿုံ လိုက်နာကျင့်သုံးခဲ့ပါလျှင် တစ်ကမ္ဘာလုံး စိတ်ပူနေသော စီးပွားရေးဆိုင်ရာ စံပြမူတစ်ရပ်၏ ပြဿနာမှာ အလိုအလျောက်ဖြေရှင်းပြီးဖြစ်လိမ့်မည်။ ယခုအခါတွင် အရင်းရှင်ဝါဒ၊ ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒ(ဆိုဗီယက်ရုရှားတွင် ကျဆုံးသွားခဲ့ပြီ)တို့သည် တစ်ဖက်နှင့်တစ်ဖက် ဆန့်ကျင်ကြခြင်း၊ ပြန်လည်ညှိနှိုင်းကြခြင်းလုပ်နေကြသည်ကို ကျွန်ုပ်တို့မြင်နိုင်ပါသည်။

ဤဝါဒများကြား ထိပ်တိုက်ရင်ဆိုင်တွေ့ကြခြင်းသည် ကမ္ဘာကြီးကို နှစ်ဦးနှစ်ဖက် နစ်နာသော ကျူးကျော်စစ်များဖြစ်ပွားရာဒေသဖြစ်စေသည်။ ဤအာယသ်တော်များထဲတွင် အစ္စလာမ့်စီးပွားရေးဆိုင်ရာမူဝါဒ၏ အရေးကြီးသောအချက်တစ်ရပ်တင်ပြထားသည်။ ယင်းတွင် အပိုင်းနှစ်ပိုင်းရှိသည်။

(၁) မိမိလိုအပ်သည်ထက်ပိုလျှံသည်များကို ဆင်းရဲနွမ်းပါးသူများနှင့် ချို့တဲ့သူများအပေါ် မည်ကဲ့သို့ သုံးစွဲရမည်ဆိုသည်ကို သင်ကြားသည်။ ဤကဲ့သို့ပြုလုပ်ခြင်းကို ဆွဒ်ကဟ်နှင့် ခိုင်ရသ်ဟုခေါ်သည်။

(၂) ညွှန်ကြားချက်က အတိုးပေးခြင်း၊ အတိုးယူခြင်းကို တရားမဝင်ဟရာမ်ဟုကြေညာခဲ့ပြီး ထိုကဲ့သို့ အတိုးယူခြင်း၊ ပေးခြင်းမှ ရှောင်ရှားစေရန် ညွှန်ကြားချက်များပေးထားသည်။

ဤကဏ္ဍများအနက်မှ ပထမကဏ္ဍနှစ်ခုသည် ဆွဒ်ကဟ်နှင့် ခိုင်ရသ်တို့၏ အကျိုးကျေးဇူး ထူးမြတ်ခြင်းများ၊ ယင်းကိစ္စများတွင် စိတ်ဝင်စားစေရန် ဆွဲဆောင်မှုများနှင့် လမ်းညွှန်မှုနှင့်ဆိုင်သော အမိန့်ပညတ်ချက်များပါဝင်သည်. နောက်ဆုံးကဏ္ဍနှစ်ခုတွင် အတိုးပေးယူခြင်းအခြေခံသော ဆောင်ရွက်ချက်များ တားမြစ်ခြင်းနှင့် တရားမဝင်မှုဟရာမ်ဖြစ်မှုအကြောင်းနှင့် ငွေကြေးချေးယူခြင်း၊ ချေးငှားခြင်းတို့ ပတ်သက်သည့် ခွင့်ပြုထားသော နည်းလမ်းများပါဝင်သည်။

အထက်ပါဖော်ပြခဲ့သောအယသ်တော်ထဲတွင် (၃)မျိုးသုံးစား ပါဝင်သော အဆိုအမိန့်တစ်ရပ်ဖြစ်၍ အောက်ပါအတိုင်းဖြစ်သည်။

(၁) အလ္လာဟ်အရှင်မြတ်လမ်းတွင်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများ။

(၂) ဆွဒ်ကဟ်နှင့် ခိုင်ရသ်တို့အား အလ္လာဟ်အရှင်မြတ်လက်ခံ၍ စဝါဗ်အကျိုးကျေးဇူးများနှင့် ထိုက်တန်စေရန် ဆောင်ရွက်ရမည့်အခြေအနေများ။

(၃) ကောင်းမှုကုသိုလ်မရဘဲ အပြစ်သာဖြစ်စေမည့် ဆွဒ်ကဟ်နှင့် ခိုင်ရသ်ကို ပျက်စီးစေသောအပြုအမူများ။

ထိုအချက်များပြီးနောက် နှိုင်းယှဉ်ချက် နှစ်ခုရှိသည်။

(၁) ပထမမှာ အလ္လာဟ်အရှင်လက်ခံနိုင်သော နဖာကာတ်နှင့် ဆွဒ်ကာဟ်တို့နှင့်ပတ်သက်သည်။

(၂) ဒုတိယမှာ အလ္လာဟ်အရှင်မြတ် လက်မခံနိုင် အတည်မဖြစ်သော နဖာကာတ်နှင့် ဆွဒ်ကာသ်တို့နှင့် ပတ်သက်သည်။

ထို့ကြောင့် ဤကဏ္ဍထဲတွင် အကြောင်းအရာ(၅)မျိုးပါဝင်သည်။ ဤအကြောင်းအရာများ မဆွေးနွေးမီ အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင် သုံးစွဲခြင်းနှင့်ပတ်သက်၍ ကုရ်အာန်ကျမ်းတော်မြတ်က သုံးနှုန်းထားသော စကားလုံးများကိုသိရှိရန်လိုအပ်သည်။ ကုရ်အာန်ကျမ်းမြတ်၏ နေရာအတော်များများတွင် **اِنْفَاقُ** (အင်ဖာက် = သုံးစွဲခြင်း)ဟူသော စကားလုံးသုံးနှုန်းထား၍ အချို့သောနေရာများတွင် **اِطْعَامٌ** အစ်သ်အာမ် = ကျွေးမွေးခြင်းဟု သုံးနှုန်းထားသည်။ အခြားနေရာများ၌ **صَدَقَةٌ** ဆွဒ်ကာဟ် ပေးကမ်း လှူဒါန်းခြင်း (သို့) **اِيْتَاءِالزَّكٰوةِ** အီသာ အလ်ဇကာသ် မပေးမနေရဇကာသ်ပေးဆောင်ခြင်းဟု သုံးနှုန်းထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်ပါ အင်ဖာက်၊ အစ်သ်အာမ်နှင့် ဆွဒ်ကဟ်ဟူသောစကားလုံးများသုံးစွဲထားပုံကို သေချာ ဂရုစိုက်ကြည့်မည်ဆိုလျှင် ယေဘုယျဖြစ်၍ အလ္လာဟ်အရှင်မြတ်ကျေနပ်နှစ်သိမ့်မှုကို ရှာဖွေရန်ဟူသည့် ရည်ရွယ် ချက်ဖြင့်သုံးစွဲသော အားလုံးသော ပေးကမ်းလှူဒါန်းမှုနှင့်သက်ဆိုင်သည်။ ဤသုံးစွဲခြင်းများသည် ဖရသ်ွ ဝါဂျိဗ် (မပြုမနေရ) (သို့) နဖိလ၊ မုစ်သဟဗ် (နှစ်လိုဘွယ်ကောင်းခြင်း) ဖြစ်နိုင်သည်။ ကုရ်အာန် ကျမ်းတော်မြတ် သည် သီးသန့်စကားလုံး **اِيْتَاءِالزَّكٰوةِ** ကို မပေးမနေရ ဇကာသ်အတွက် သုံးစွဲထားသည်ကို သတိမူရပါမည်။ ယင်းက ညွှန်းသည်မှာ ထိုထူးခြားသော ဆွဒ်ကာဟ် လှူဒါန်းခြင်းနှင့်ပတ်သက်၍ လက်ခံယူခြင်း၊ ပေးကမ်း ခြင်းတို့တွင် အထူး လိုအပ်ချက်များရှိသည်ဟု ဆိုသည်။

ဤအခန်းကဏ္ဍတွင် မကြာခဏသုံးစွဲလေ့ရှိသောစကားလုံးမှာ 'အင်ဖာက်'ဖြစ်ပြီး ရံဖန်ရံခါ သုံးသည့် စကားလုံးမှာ ဆွဒ်ကာဟ်ဖြစ်သည်။ ယင်းက ရည်ညွှန်းသည်မှာ အဆိုအမိန့်သည် ယေဘုယျကုသိုလ်ကောင်းမှု ပြုခြင်းနှင့် ရက်ရောခြင်းတို့အားလုံး အကျုံးဝင်သည်။ ထို့နောက် ဤအာယသ်တော်ထဲတွင်ပါဝင်သော အမိန့် ပညတ်ချက်များသည် အလ္လာဟ်အရှင်မြတ်၏လမ်းတွင် သုံးစွဲသည့် အမျိုးမျိုးသော ကောင်းမှုကုသိုလ်များ အကျုံးဝင် သက်ဆိုင်သည်။

## အလ္လာဟ်အရှင်မြတ်၏လမ်းတော်တွင်သုံးစွဲခြင်း၏ နှိုင်းယှဉ်ချက်တစ်ရပ်

ပထမအာယသ်ထဲတွင် မိန့်ထားသည်မှာ အလ္လာဟ်အရှင်မြတ်၏လမ်းတွင်သုံးစွဲခြင်းများဖြစ်သော ဟဂ်ျ ပြုလုပ်ခြင်း၊ ဂျိဟားဒ်စစ်ပွဲဆင်နွှဲခြင်း၊ သူဆင်းရဲသားအတွက်သုံးစွဲခြင်း၊ မုဆိုးမများ၊ ဖသက်ဆိုးများအပေါ် သုံးစွဲခြင်း၊ ဆွေမျိုးများနှင့် မိတ်ဆွေများကို ကူညီထောက်ပံ့ရန် သုံးစွဲသောသူများအား လယ်ကွင်းထဲတွင် ကောင်းမွန်သော ဂျုံမျိုးစေ့တစေ့ချသောသူနှင့် သဏ္ဌာန်တူစေသည်။ ထိုမျိုးစေ့သည် ရှင်သန်ကာ အနှံ(၇)နှံ ထွက်ပေါ်လာ၍ တစ်နှံလျှင် အစေ့တစ်ရာပါရှိသည်။ ထို့ကြောင့် အစေ့တစ်စေ့မှ အစေ့(၇၀၀)ရရှိခြင်းနှင့် တူစေပါသည်။

ထိုသို့ပြုလုပ်ခြင်း၏ရလဒ်မှာ တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ်လမ်းတော်၌သုံးစွဲလျှင် (နောင်တမလွန်တွင် ဆုလာဘ်အနေဖြင့်) တဆလျှင် အဆ(၇၀၀)နှုန်းဖြင့် ပြန်လည်ပေးဆပ်ခံရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ငွေကြေးတပြားသုံးစွဲခြင်းသည် ပြား(၇၀၀)သုံးစွဲသည့်အကျိုးစဝါးဗ်ရရှိစေပါသည်။

ခိုင်လုံ၍ ယုံကြည်စိတ်ချရသော ဟဒီးဆ်တော်များတွင် မိန့်ထားသည်မှာ ကောင်းမှုကုသိုလ်တစ်ရပ်အတွက် စဝါးဗ် (သို့) ထူးမြတ်ခြင်း (သို့) ဆုလာဘ်သည် ဆယ်ဆပြန်လည်ပေးအပ်ခံရမည်။ ထို့ပြင် အဆ(၇၀၀)ထိလည်း ရောက်နိုင်သည်။ စိုက်ယိဒိနာ အဗွဒုလ္လာဟ်အိဗ်နိအဗ္ဗားစ်(رضى الله عنه) မိန့်ကြားခဲ့သည်မှာ ဟဂ်ျနှင့် ဂျိဟားဒ်တွင် သုံးစွဲသော ဒိရ်ဟန်တစ်ပြား၏အကျိုးမှာ ဒိရ်ဟန်အပြား(၇၀၀)သုံးစွဲသည်နှင့်တူသည်။ ဤဟဒီးဆ်တော်ကို မုစ်နဒ် အဟ်မဒ်အားကိုးကား၍ အိဗ်နိကဆီးရ်က တင်ပြထားခဲ့သည်။

အချုပ်ဆိုရသော် ဤအာယသ်တော်က ငွေကြေးတဆသုံးစွဲခဲ့လျှင် အဆ(၇၀၀)ဆုလာဘ်ရမည်ဟု ကျွန်ုပ်တို့အား မိန့်ကြားထားခြင်းဖြစ်သည်။

## ပေးကမ်းလှူဒါန်းခြင်းသည် ခဝတ်ကိုးကွယ်မှုတစ်ရပ်ဖြစ်စေမည့် အခြေအနေများ

ကုရ်အာန်ကျမ်းတော်မြတ်သည် ဤအကြောင်းအရာကို ရှင်းလင်းသောစကားလုံးအနည်းငယ်မျှဖြင့် တင်ပြထားခြင်းသည် အလွန်ပညာပါလေသည်။ ကျမ်းမြတ်သည် ဂျုံစေ့တစ်စေ့ကို ဖော်ပြကာ ခိုင်းနှိုင်းမှုတစ်ရပ်ပုံစံကို သုံးနှုန်းခဲ့သည်။ ထိုသုံးနှုန်းရာတွင် သိမ်မွေ့သောအညွှန်းတစ်ခုပါဝင်သည်။ ယင်းမှာ ဂျုံစေ့တစေ့မှ အစေ့ပေါင်း(၇၀၀)ရရန်မျှော်လင့်သည်ဆိုရာတွင် အောင်မြင်ကောင်းမွန်သော ဂျုံစေ့ဖြစ်ရမည်။ စိုက်ပျိုးသော လယ်သမားသည် စိုက်ပျိုးထွန်ယက်မှုအတတ်ပညာတွင်လည်းပြည့်ဝ ကျွမ်းကျင်ရမည်။ ဂျုံစေ့စိုက်မည့်မြေသည်လည်း မြေဆီကောင်းမွန်ရမည်။ အဘယ့်ကြောင့်ဆိုသော် အထက်ပါအချက်များမှ တစ်စုံတစ်ရာချို့ယွင်းခဲ့လျှင် ဂျုံစေ့သည် မည်သည်မျှထွက်မလာဘဲ အလဟဿဖြစ်သွားပါလိမ့်မည်။ သို့မဟုတ်ပါလျှင်လည်း ဂျုံစေ့တစ်စေ့ထွက်ရှိသော ဂျုံစေ့ပေါင်းမှာ (၇၀၀)ရမည်ဆိုသောစံနှုန်းသည်လည်း ပြည့်မီမည်မဟုတ်ချေ။

ဤသည်နှင့်အလားတူပင် အလ္လာဟ်အရှင်မြတ်၏လမ်းတွင် သုံးစွဲခြင်းများနှင့် ယေဘုယျကောင်းမှုများ ပြုလုပ်ခြင်းတို့လက်ခံခြင်းနှင့် အကျိုးစဝါးဗ်အဆပေါင်းများစွာ ပြန်လည်ရရှိမည်ဆိုခြင်းတို့သည်လည်း အခြေအနေ (၃)ရပ်ရှိလေသည်။ ဤအခြေအနေများမှာ -

(၁) အလ္လာဟ်အရှင်မြတ်၏လမ်းတွင်သုံးစွဲသည့်အရာများသည် သန့်ရှင်းစင်ကြယ်၍ ဟလာလ်ဖြစ်ရမည်။ အဘယ့်ကြောင့်ဆိုသော် ဟဒီးဆ်တော်တွင် အလ္လာဟ်အရှင်မြတ်သည် သန့်ရှင်းစင်ကြယ် ဟလာလ်ဖြစ်သည်မှလွဲ၍ မည်သည့်အရာမှလက်မခံဟု လာရှိထား၍ဖြစ်သည်။

(၂) သုံးစွဲသောသူသည် နိယသ် ရည်စူးချက်နှင့်ကောင်းမှုကုသိုလ်ပြုရာတွင် တရားတော်နှင့်ညီညွတ်သင့်သည်။ နိယသ်စိတ်စေတနာလည်းမမှန်။ ထို့ပြင် ပြစားမှုအတွက်သုံးစွဲသူသည် ကောင်းမွန်အောင်မြင်သော အစေ့တစ်စေ့ကိုပျက်စီးသွားစေမည့်နေရာသို့ လွှင့်ပစ်လိုက်သော မသိနားမလည်သည့် လယ်သမားနှင့်တူပေသည်။

(၃) ဆွဒ်ကဟ်(အလှူအတန်း) လက်ခံမည့်သူသည် ထိုဆွဒ်ကဟ် ထိုက်သောသူဖြစ်သင့်သည်။ လက်မခံထိုက်သူအပေါ် သုံးစွဲခြင်းဖြင့် ထိုဆွဒ်ကဟ် မလေလွင့်၊ မဖြုန်းတီးသင့်ချေ။

ထို့ကြောင့် ဤနှိုင်းယှဉ်ချက်က ကျွန်ုပ်တို့ကို လှစ်ဟပြသည်မှာ အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် သုံးစွဲခြင်းဟူသည့် ကြီးကျယ်မြင့်မြတ်သော ကောင်းမှုကုသိုလ်လုပ်ရပ်တွင် ဖော်ပြခဲ့သော အခြေအနေ(၃)ရပ်နှင့်အတူ စည်းကမ်းသတ်မှတ်ထားသည်မှာ တစ်စုံတစ်ဦးသည် ဟလာလ်နည်းဖြင့် ရှာဖွေထားသည်ကိုသာ သုံးစွဲသင့်သည်။ ထို့ပြင် သုံးစွဲသည့်နည်းလမ်းသည်လည်း စွန္နသ်တော်နှင့်အညီ ဖြစ်သင့်သည်။ လက်ခံရန်ထိုက်သောသူကို ရှာဖွေ၍ ၎င်းတို့အပေါ် သုံးစွဲသင့်သည်။ သုံးစွဲသည်ဆိုရာတွင် ပြီးစလွယ်တာဝန်ကျေသုံးစွဲရုံမျှဖြင့် ကုသိုလ်စဝါးဗ်ရရှိမည်မဟုတ်ချေ။

မှန်ကန်၍ စွန္နသ်တော်နှင့်ညီသော မတ်စ်နူးရ်နည်းနှင့် ဆွဒ်ကဟ်ပေးနည်းကို ဒုတိယအာယသ်တော်ထဲတွင် ထောက်ပြထားသည်။ အာယသ်တော်ထဲတွင် မိန့်ထားသည်မှာ အလ္လာဟ်အရှင်မြတ်လမ်းတွင် သုံးစွဲသောသူသည် သုံးစွဲပြီးနောက် လူသိရှင်ကြားလည်းမလုပ်။ လက်ခံယူသူအပေါ်၌ မည်သို့မျှ ထိခိုက်နစ်နာစေရန် မလုပ်သောသူတို့၏ ဆုလာဘ်သည်အလ္လာဟ်အရှင်မြတ်ထံမှ အသေချာရမည်မှာ ခိုင်မာပါသည်။ ထိုသူများအတွက် အနာဂတ်တွင် မည်သည့်အန္တရာယ်မျှလည်းမရှိ။ အတိတ်ကာလတွင်လည်း ဝမ်းနည်းဖွယ်မရှိချေ။

## ပေးကမ်းလှူဒါန်းခြင်းများ အချည်းအနှီးဖြစ်စေသည့် အခြေအနေများ

ဆွဒ်ကဟ်ပေးကမ်းလှူဒါန်းမှုကို အလ္လာဟ်အရှင်လက်ခံခြင်းမှ မပျက်ပြားစေသော အခြေအနေနှစ်ရပ်ကို ဤအာယသ်တော်တွင် မိန့်ကြားထားခဲ့သည်။

(၁) သုံးစွဲလှူဒါန်းပြီးနောက် လူသိရှင်ကြားမလုပ်ရ။

(၂) လက်ခံရမည့်သူသည် ဂုဏ်အသေရေညှိုးသည်၊ အောက်တန်းကျသည်ဟု မထင်မှတ်ရ။ ထို့ပြင် ထိုသူအား စော်ကားသော (သို့) နစ်နာစေသော မည်သည့်အပြုအမူမျှားမှ မပြုလုပ်ရ။

တတိယအာယသ်တော် قَوْلٌ مَّعْرُوْفٌ (ကောင်းမြတ်သော စကားတစ်ခွန်းပြောဆိုခြင်း)ထဲတွင် အလ္လာဟ်အရှင်မြတ်ဘက်တော်မှ ကောင်းမှုကုသိုလ်ပြုခြင်း လက်ဆောင်များလက်ခံနိုင်ရန်အတွက် ဤအခြေအနေနှစ်ရပ်ကို တိုး၍ရှင်းလင်းတင်ပြထားပါသည်။ ဤအခြေအနေများသည် အစောပိုင်းအာယသ်တော်ထဲတွင်

လည်းပါဝင်ခဲ့ပြီးဖြစ်သည်။ ထပ်မံပြောရလျှင် အလ္လာဟ်အရှင်မြတ်လမ်းတော်တွင်သုံးစွဲမှုဌ် လူသိရှင်ကြားမလုပ်နှင့်။ ထို့ပြင်တစ်စုံတစ်ဦးအား တစ်စုံတစ်ရာပေးကမ်းရာတွင် ထိုသူက စော်ကားသည်ဟုမထင်မှတ်စေနှင့် (သို့) သူ့အား နစ်နာစေသည်ဟု မထင်မှတ်ပါစေနှင့်။

ဤကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းထားသည်မှာ မိမိတွင် ဒုက္ခ သုခများကြောင့် ပေးကမ်းနိုင်စွမ်းမရှိခဲ့လျှင် တောင်းရမ်းသူအား ကျိုးကြောင်းညီသော ဆင်ခြေပေးခြင်းသည် အဆပေါင်းတစ်ထောင်သာပို၍ ကောင်းလေသည်။ ထို့နောက် တောင်းရမ်းသူ၏ မယဉ်ကျေး မဖွယ်ရာသောအပြုအမူများကြောင့် ပေးကမ်းလှူဒါန်းသူအား ဒေါသဖြစ်စေခဲ့လျှင်လည်း ထိုတောင်းရမ်းသူအား ခွင့်လွှတ်ကာ ပေးကမ်းလှူဒါန်းခြင်းသည် ထိုသူအား နစ်နာစေသည်ထက် အဆတစ်ထောင် သာပို၍ကောင်းသည်။ အလ္လာဟ်အရှင်မြတ်သည်ပင်လျှင် ဂနီ ချို့တဲ့မှုအပေါင်းမှ ကင်းစင်တော်မူသောအရှင်၊ အလွန်ကြွယ်ဝတော်မူသောအရှင်၊ ဟလီမ်ခမာဂုဏ်(သည်းခံခြင်း)နှင့် အလွန်ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူလေသည်။ ထိုအရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ထံမှ မည်သည့်အရာမျှ လိုအပ်တော်မူသောအရှင်မဟုတ်ချေ။ သုံးစွဲလှူဒါန်းသူသည် သူ၏ကောင်းကျိုးအတွက်သာ ဖြစ်ပေသည်။ သို့ဆိုလျှင် အသိဉာဏ်ရှိသောလူတစ်ဦးသည်သည် စိတ်ဝယ်စွဲမြဲမှတ်သားသင့်သည်မှာ အလ္လာဟ်အရှင်မြတ်လမ်းတော်၌သုံးစွဲခြင်းသည် မည်သူတစ်ဦးကိုမျှ မျက်နှာလုပ်ခြင်းမဟုတ်ဘဲ သူ့ကောင်းစားရေးအတွက် သုံးစွဲခြင်းဖြစ်သည်။ တစ်စုံတစ်ဦးသည် မိမိကောင်းစွာပြုစုဆက်ဆံသောသူထံမှ ကျေးဇူးတင်မှုမရှိကြောင်း သိခဲ့ရလျှင် အလ္လာဟ်အရှင်မြတ်၏ဂုဏ်တော်တစ်ပါးဖြစ်သည့် သည်းခံခြင်းဂုဏ်တော်ကို ခံယူကာ နာခံရိုကျိုးမှုကို ပြသပြီး ခွင့်လွှတ်မေ့ပျောက်လိုက်ပါ။

စတုတ္ထအာယသ်တော်ထဲတွင် ထိုအကြောင်းရာကိုပင် အနည်းငယ်အလေးအနက်ပြုကာ မတူကွဲပြားခြားနားစွာဖြင့် ဖော်ပြထားသည်။ ယင်းတွင် မိန့်ကြားထားသည်မှာ မိမိ၏ကုသိုလ်ကောင်းမှုကို နှုတ်အားဖြင့် လူသိရှင်ကြားလုပ်ခြင်း၊ အပြုအမူအားဖြင့် နစ်နာစေခြင်းတို့ဖြင့် အလဟဿ မဖြစ်စေနှင့်။

ဤအဆိုအမိန့်မှ ရှင်းလင်းစေသည်မှာ ကုသိုလ်ကောင်းမှုပြုပြီးနောက် မည်သည့်ပုံစံဖြင့်ဖြစ်စေ လူသိရှင်ကြားပြုလုပ်ခြင်းသည်လည်းကောင်း ချို့တဲ့သူအား ထိခိုက်နစ်နာစေခြင်းသည်လည်းကောင်း အချည်းနှီးဖြစ်ကာ ပျက်ပြယ်စေသည်။ စဝါးဗ်မရရှိပါ။

ဤအာယသ်တော်ထဲတွင် ဆွဒ်ကဟ်ပေးခြင်းအား အလ္လာဟ်အရှင်လက်ခံမှုနှင့်ဆိုင်သောအခြေအနေတစ်ရပ်ကိုလည်းထပ်၍တင်ပြထားသည်။ ဤအာယသ်တော်မိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ်နှင့် ပြန်လည်ရှင်ပြန်ထမည့်နေ့ကိုလည်းမယုံကြည်၊ နာမည်ကြီးစေရန်နှင့် အများသိစေရန်အတွက် လှူဒါန်းသူသည် ချောမွတ်ပြောင်ချောနေသော ကျောက်တုံးပေါ်တွင် တင်ရှိနေသော အနည်းငယ်မျှဖြစ်သည့်မြေဆီပေါ်၌ မျိုးစေ့ကို အပင်ပေါက်မည်ထင်ကာ စိုက်သူနှင့်တူသည်။ မိုးရွာသောအခါ ထိုကျောက်တုံးပေါ်ရှိမြေဆီနှင့်ဂျုံမျိုးစေ့တို့သည် မိုးရေနှင့်အတူမျောပါကာ ဘာမှမကျန်ရစ်ခဲ့အောင်လက်မဲ့ဖြစ်သူနှင့် ပုံခိုင်းနှိုင်းထားသည်။ ထိုကဲ့သို့သောသူများသည် သုံးစွဲလှူဒါန်းသမျှကို မည်သည့်အခါတွင်မျှ အကျိုးခံစားရမည်မဟုတ်ချေ။ အလ္လာဟ်အရှင်မြတ်သည် မယုံကြည်သွေဖည်ငြင်းပယ်သူများအား တရားခမ္မကို ညွှန်ပြမြင်စေလိမ့်မည်မဟုတ်ပါ။

ဆွဒ်ကဟ်နှင့်ခိုင်ရသ်၏ အလ္လာဟ်အရှင်မြတ်လက်ခံမှုကိုလွှမ်းမိုးသည့်အခြေအနေအား ဤသည်မှ ကျွန်ုပ်တို့ သိရပါသည်။ ယင်းအခြေအနေမှာ အလ္လာဟ်အရှင်မြတ်ကျေနပ်နှစ်သက်မှုရရေးကို ရှာဖွေရန်နှင့် အာခိရသ် တမလွန်တွင် စဝါးဗ်(ဆုလာဘ်)ရရှိစေရန်ရည်စူးချက်ဖြင့် သုံးစွဲရန်ဖြစ်သည်။ လူအများသိရန် နာမည်ကြီးစေရန် ဟူသောရည်စူးချက်ဖြင့် မည်သည့်အခါတွင်မျှ မလျှဒါန်းမသုံးစွဲပါနှင့်။

နာမည်ကြီးစေရန်၊ ကျော်ကြားစေရန်ရည်ရွယ်ချက်ဖြင့် သုံးစွဲသမျှသည် အားလုံးအချီးအနှီးဖြစ်စေသည်။ စစ်မှန်သောမုစ်လင်မ်ဖြစ်၍ အာခိရသ်တမလွန်ကိုယုံကြည်ကာ အရေခြုံများ၏လှုံ့ဆော်ချက်အရ နာမည်ကြီး စေရန်နှင့် ဂုဏ်သတင်းကြီးစေရန်သက်သက်အတွက်လျှဒါန်းသုံးစွဲသူသည်လည်း မည်သည့်ဆုလာဘ်(စဝါးဗ်)မှ ရရှိလိမ့်မည်မဟုတ်ချေ။ သို့သာမက ထပ်ဆောင်းထားသောဝါကျဖြစ်သည့် **ولا يؤمن بالله** (ထိုသူတို့သည် အလ္လာဟ် အရှင်မြတ်ကို မယုံကြည်ဘဲလျက်)ထဲတွင် ညွှန်းထားသည်မှာ အရေခြုံခြင်းနှင့် နာမည်ကြီးစေရန်လုပ်ခြင်းတို့ကို အလ္လာဟ် အရှင်မြတ်နှင့် ပြန်လည်ရှင်ပြန်ထမည့်နေ့ကို ယုံကြည်သူများ မည်သည့်အခါတွင်မျှလုပ်မည် မဟုတ်ကြောင်း။ အရေခြုံခြင်းသည် ထိုသူ၏ အိမာန်ယုံကြည်မှုတွင် တစ်ခုခုမှားယွင်းနေသည်ကိုပြသည့် လက္ခဏာ တစ်ရပ် ဖြစ်ကြောင်းတို့ကို အကြံပြုရန် ရည်ရွယ်သည်။

အာယသ်တော် (၂၆၄)၏နောက်ဆုံးပိုင်းတွင်ပါဝင်သော **وَاللَّهُ لَا يَهْدِي الْقَوْمَ الْكَافِرِينَ** 'အလ္လာဟ် အရှင်မြတ်သည် (ယင်းကဲ့သို့သော) ကာဖိရ်တို့အား တရားဓမ္မညွှန်ပြတော်မူမည်မဟုတ်ချေ'၏ အဓိပ္ပာယ်မှာ ကုရ်အာန်ကျမ်းတော်မြတ်၏ လမ်းညွှန်မှုသည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည်။ ထိုညွှန်ကြားချက်သည် လူသားအားလုံးအတွက် ဤလမ်းညွှန်ချက်ကို ဂရုမမူပဲ ပျက်ရယ်ပင်ပြုခဲ့ကြသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ် သည် ထိုသူများအား လမ်းညွှန်မှုကို လက်ခံနိုင်သည့်စွမ်းအား 'သောင်ဖီးက်'ကင်းမဲ့စေပါသည်။ အကျိုးဆက်ကား သူတို့သည် မည်သည့်လမ်းညွှန်မှု ကိုမျှလက်ခံမည်မဟုတ်ချေ။ ယခုဆွေးနွေးနေသည့် ပဥ္စမမြောက်အာယသ်တော် (၂၆၅)ထဲတွင် အလ္လာဟ်အရှင် လက်ခံသဘောတူသောလျှဒါန်းသုံးစွဲခြင်းများကို ပုံဆောင်ချက်တစ်ခုဖြင့် ပြသထားခဲ့ သည်။ အာယသ်တော်ထဲတွင် မိန့်ထားသည်မှာ မိမိတို့၏အတ္တစိတ်ကို စွဲစွဲမြဲမြဲထိန်းသိမ်း၍ အလ္လာဟ်အရှင်မြတ် ကျေနပ်နှစ်သက်မှုမှတစ်ပါး မည်သည်မျှမရှာဖွေဘဲ အလ္လာဟ်အရှင်မြတ်လမ်းတော်တွင် သက်သက်နှင့်ရိုးသား ဖြူစင်စွာဖြင့် သုံးစွဲသူသည် တောင်ဂမူလေးပေါ်တွင် သစ်သီးခြံတစ်ခုရှိ၍ ယင်းပေါ်တွင် မိုးသည်းထန်စွာရွာသွန်း လိုက်သောအခါ ခြံမပျက် သည့်အပြင် ယင်းခြံမှသစ်သီးသည် ယခင်ထွက်သည်ထက် (၂)ဆအထွက်ထိုးလာသည်ကို တွေ့ရသူနှင့် တူသည့် အခြေအနေဖြစ်သည်ဟုဆိုသည်။ ထို့ပြင် မိုးသည် မသည်းထန်ဘဲ ဖွဲဖွဲလေးကျလျှင်ပင် ထိုထွက်နှုန်းရရန် လုံလောက်သည်။ ၎င်းပြင် အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်သမျှ သိမြင်တော်မူသော အရှင် ဖြစ်တော် မူသည်။

ရိုးသားဖြူစင်သောရည်ရွယ်ချက်နှင့် သတ်မှတ်ထားသောအခြေအနေများကို နာခံလိုက်နာကာ အလ္လာဟ် အရှင်မြတ်လမ်းတော်၌ လျှဒါန်းသုံးစွဲလျှင် ရရှိမည့်စဝါးဗ်အကျိုးကျေးဇူးအကြောင်းကို ဤခိုင်းနှိုင်းချက်မှတစ်ဆင့် ရှင်းလင်းစေပါသည်။ သတင်းစကားကား နည်းပင်နည်းလင့်ကစား ကောင်းသော စိတ်စေတနာ နိယသ်နှင့် ရိုးသားဖြူစင်စွာသုံးစွဲလျှဒါန်းခြင်းသည် အာခိရသ်တမလွန်ဘဝ၌ အကျိုးကျေးဇူးများ ရရှိစေရန် အထောက်အကူ ပြုမှုအတွက် လုံလောက်စေပါသည်။

ယခုဆွေးနွေးနေသော ခြောက်အာယသ်မြောက်ဖြစ်သော အာယသ်တော်(၂၆၆)တွင် လျူဒါန်းသုံးစွဲခြင်း လက်ခံမှုသည် ပြဋ္ဌာန်းထားသောအခြေအနေများနှင့် မညီညွတ်ပါက၊ ဆန့်ကျင်ပါက ထို'ဆွဒ်ကဟ်'များသည် အတည်မဖြစ်ဘဲ ငြင်းပယ်ခြင်းခံရမည်ကို နောက်ထပ်ဥပမာတစ်ခုဖြင့် ဖော်ပြထားပါသည်။ တစ်ခါ မေးမြန်းထားခဲ့သည်မှာ အသင်တို့အထဲ၌ အောက်ဖော်ပြပါသူနှင့်တူသောသူရှိပါသလား။ တစ်စုံတစ်ဦးသည် စွန်ပလွံသီးများ၊ သပျစ်သီးများနှင့်ပြည့်နှက်နေကာ သစ်ပင်များမှာလည်း အသီးနှံမျိုးစုံသီးပွင့်နေသောခြံနှင့် ယင်းခြံ၏အောက်တွင် စမ်းရေချောင်းများလည်း စီးဆင်းနေသောခြံကိုပိုင်ဆိုင်သည်။ ၎င်းနောက် ထိုခြံရှင်သည် အသက်အရွယ်အိုမင်းလာကာ သူ့တွင်မိသားစုတစ်စုနှင့် မိမိခြေပေါ်တွင် မိမိမရပ်တည်နိုင်သောကလေးများလည်းရှိပါသည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် မီးပါသောလေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ၎င်းခြံကြီးသည် မီးလောင်ပျက်စီးသွားခဲ့လေသည်။ အသင်စဉ်းစားနိုင်ရန်အတွက် အလ္လာဟ်အရှင်မြတ်သည် ဤကဲ့သို့ပေါ်လွင်ထင်ရှားသော နှိုင်းယှဉ်ချက်များကို ဖော်ထုတ်ပြသခဲ့သည်။

ဆိုလိုသည်မှာ သတ်မှတ်ထားသော အခြေအနေများနှင့်ဆန့်ကျင်ကာ သုံးစွဲလျူဒါန်းခြင်းသည် နောင်တမလွန်ဘဝအတွက် မြားမြောင်စွာရင်းနှီးမြှုပ်နှံထားသည်ဟု ထင်မှတ်ခြင်းနှင့်တူပါသည်။ သို့ရာတွင် ထိုကဲ့သို့ရင်းနှီးမြှုပ်နှံမှုမျိုးများသည် အလ္လာဟ်အရှင်မြတ်ထံတော်တွင် မည်သည့်တန်ဖိုးမျှမရှိချေ။

မှတ်သားသင့်သည်မှာ ယခုဖော်ပြခဲ့သောနှိုင်းယှဉ်မှုတွင် ရည်ညွှန်းချက်များပါဝင်ပါသည်။ ပမာဆိုသော် သူသည် အသက်အရွယ်ကြီးရင့်လာခြင်း၊ ကလေးများလည်းရှိခြင်းနှင့် ထိုကလေးများသည် ငယ်ရွယ်ပြီး လုပ်ကိုင်နိုင်စွမ်းမရှိခြင်း စသည်တို့ဖြစ်ပါသည်။ ဤအရာများတွင် ရည်ရွယ်ချက်ရှိပါသည်။ အကယ်၍ တစ်စုံတစ်ဦးသည် ငယ်ရွယ်နုပျိုနေပါက မီးလောင်ကျွမ်းသွားသောခြံဟောင်း၏နေရာတွင် ခြံအသစ်တစ်ခုစတင်ရန် မျှော်မှန်းနိုင်မည်မဟုတ်ပါလော။ ၎င်းနောက် သူ့တွင် ကလေးများလည်းမရှိ။ မီးလောင်ကျွမ်းပြီးသည့်ခြံကိုလည်း ပြန်လည်လုပ်ကိုင်နိုင်ရန် မျှော်လင့်ချက်မရှိခဲ့ပါလျှင်လည်း သူ၏စားဝတ်နေရေးအတွက် ပူပင်သောကရောက်လိမ့်မည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် လူလွတ်တစ်ဦးသည် အခက်အခဲများကြားထဲမှာပင် တစ်နည်းမဟုတ်တစ်နည်း ရှာဖွေစားသောက်နိုင်ပါသည်။ ၎င်းနောက် အခြေအနေတစ်မျိုးမှာ သူ့တွင်ကလေးများလည်းရှိပါသည်။ ထိုကလေးများသည် လိမ္မာရေးခြားရှိပြီး ငယ်ရွယ်နုပျိုကြသည်။ ဖခင်အားကူညီရန်လည်း ရည်စူးထားခဲ့ကြသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် ထိုသူသည် သူ၏ခြံမီးလောင်ကျွမ်းပျက်စီးသွားသည်ကို တုံလှုပ်မည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ကလေးများကပင် သူ့အားပံ့ပိုးသွားကြပါလိမ့်မည်။ အချုပ်အားဖြင့် ဤကန့်သတ်ချက်သုံးမျိုးကို ထည့်သွင်းဖော်ပြခြင်းမှာ တစ်စုံတစ်ဦးအတွက် အလိုလားအပ်ဆုံးဖြစ်လာမည်ကိုဖော်ပြရန်ဖြစ်သည်။ ယင်းက ဖော်ပြသည်မှာ တစ်စုံတစ်ဦးသည် သူ၏ရင်းနှီးမြှုပ်နှံငွေများနှင့် လုပ်အားများကို သုံးစွဲ၍ ခြံတည်ခဲ့သည်။ ယင်းခြံသည်လည်း အဆင်သင့်ဖြစ်ကာ အသီးအနှံများစတင်ထွက်ရှိလာသည်။ ဤကဲ့သို့အခြေအနေမျိုးရောက်လာမှ သူသည် အသက်အရွယ်ကြီးရင့်ကာ အိုမင်းမစွမ်းဖြစ်လာသည်။ ထိုသူတွင် မိသားစုနှင့် သားသမီးများလည်းရှိပါသည်။ ကလေးများသည် ငယ်ရွယ်ပြီးလုပ်ကိုင်နိုင်စွမ်းမရှိပါ။ ဤကဲ့သို့သောအခြေအနေမျိုးတွင် သူပြုစုပျိုးထောင်ခဲ့သောခြံသည် မီးလောင်သွားပါက သူ၏တုန်လှုပ်ခြောက်ခြားမှုသည် အလွန်ပြင်းထန်ပြီး အဆုံးမရှိသော ထိခိုက်နာကျင်မှု ဖြစ်ပေါ်စေပါလိမ့်မည်။

အလားတူစွာပင် တစ်စုံတစ်ဦးသည် အရေခြံမူဖြင့် အလျှဒါနပြုလုပ်ခဲ့ပါက ခြံတစ်ခြံတည်ထောင်ခြင်းနှင့်ပင် အလားတူစေပါသည်။ သေဆုံးပြီးသောအခါ၌ ထိုသူသည် ခြံရှင်အဖိုးအိုကဲ့သို့ပင် မိမိ၏ဝမ်းစာကို မရှာဖွေနိုင်ဘဲ ခြံကိုလည်းအသစ်တဖန် မစိုက်ပျိုးနိုင်ပါ။ ဤသို့ဖြစ်ရခြင်းမှာ သေဆုံးသွားသောအခါ၌ လူသားများ၏လုပ်ရပ်များ ရပ်ဆိုင်းသွားခြင်းကြောင့်ဖြစ်သည်။ အလားတူစွာ မိသားစုနှင့်ကလေးသူငယ်များရှိသောအဖိုးအိုသည် အသက်ကြီးရင့်လာသောအခါတွင် သုံးစွဲရန်အတွက်ယခင်က ဝင်ငွေများကို စုဆောင်းထားရန်လိုအပ်လာပါသည်။ အကယ်၍ ဤကဲ့သို့သောအခြေအနေမျိုးတွင် သူ၏ခြံနှင့်သူ၏ပိုင်ဆိုင်မှုများမီးလောင်သွားပါက သူ၏ထိခိုက်နာကျင်ခြင်းနှင့် စိတ်ဒုက္ခရောက်ရခြင်းတို့သည် အဆုံးရှိမည်မဟုတ်ပါ။ အထက်ပါအခြေအနေမျိုးနှင့် အလွန်တူညီစွာပင် မိမိကိုယ်ကိုထင်ပေါ်စေရန်ဖြစ်စေ၊ အရေခြံမူဖြင့်ဖြစ်စေ၊ သုံးစွဲခဲ့သော 'ဆွဒ်ကဟ်'နှင့် 'ခိုင်ရသ်' အလျှဒါနများသည် ထိုသူအလွန်လိုအပ်နေသည့်အချိန်တွင် အထောက်အကူဖြစ်စေလိမ့်မည်မဟုတ်ပါ။

ဤအာယသ်တော်တစ်ခုလုံး အတိုချုပ်ရသော် အလ္လာဟ်အရှင်လက်ခံသော 'ဆွဒ်ကဟ်'နှင့် 'ခိုင်ရသ်'တို့ကို လွှမ်းမိုးထားသည့် အကြီးဆုံးသောအခြေအနေတစ်ရပ်မှာ 'အိခ်လားဆ်ွ'ခေါ် ရိုးသားဖြူစင်ခြင်းပင်ဖြစ်သည်။ ဤ'ရိုးသားဖြူစင်ခြင်း'ဆိုသည်မှာ မိမိကိုယ်ကို မိမိထင်ပေါ်လိုသောရည်ရွယ်ချက်များမပါရှိဘဲ အလ္လာဟ်အရှင်၏ကျေနပ်နှစ်သိမ့်စေမှုသက်သက်ဖြင့်သာ သုံးစွဲလျှဒါန်းခြင်းဖြစ်သည်။

ယခုဤအခန်းကဏ္ဍတစ်ခုလုံးတွင်ပါရှိသော အာယသ်တော်များကို တစ်ဖန်ပြန်လည်သုံးသပ်ကြည့်ကြပါစို့။ အလ္လာဟ်လမ်းတွင်သုံးစွဲထားသော 'ဆွဒ်ကဟ်'နှင့် 'ခိုင်ရသ်'များကို အလ္လာဟ်အရှင်လက်ခံတော်မူရန် လွှမ်းမိုးထားသော အခြေအနေခြောက်ရပ်ကို တွေ့ရှိရပါလိမ့်မည်။

ယင်းတို့မှာ -

(၁) ဟလာလ်နည်းဖြင့် ပိုင်ဆိုင်ခြင်းများမှ သုံးစွဲပါ။

(၂) ပြဋ္ဌာန်းထားသော စွန့်သတ်တော်နည်းလမ်းနှင့်အညီ သုံးစွဲလျှဒါန်းပါ။

(၃) မှန်ကန်သောနေရာ၌ သုံးစွဲပါ။

(၄) လျှဒါန်းပြီးသည့်နောက်တွင် ထင်ပေါ်ကျော်ကြားမှုကို သတိမရပါနှင့်။

(၅) လက်ခံရယူသူအား စော်ကားမှုမပြုပါနှင့်။

(၆) အလ္လာဟ်ကျေနပ်နှစ်သက်စေရန်ဟူသော ဖြူစင်ဖြောင့်မတ်သည့် ရည်စူးချက်သက်သက်ဖြင့် သုံးစွဲရန်နှင့် နာမည်ဂုဏ်သတင်းကြီးစေရန် မည်သို့သောအခါမျှမလုပ်ရ။

ဒုတိယအခြေအနေဖြစ်သည့် စွန့်သတ်တော်နှင့်အညီ သုံးစွဲခြင်းဟူသည်မှာ အလ္လာဟ်လမ်းအတွက် သုံးစွဲလျှဒါန်းနေစဉ်တွင် တစ်စုံတစ်ဦး၏ ရပိုင်ခွင့်ကို အလွဲသုံးစားမပြုမိရန် သတိပြုသင့်သည်။ မိသားစု၏ သဘောတူညီချက်မပါဘဲ ၎င်းတို့၏လိုအပ်သောကုန်ကျစရိတ်များကို ရပ်တန့်သွားစေခြင်းကိုလည်းကောင်း၊ လျော့နည်းသွားစေခြင်းကိုဂ်င်းဖြစ်စေနိုင်သည့် ဆွဒ်ကဟ်နှင့် ခိုင်ရသ်လျှဒါန်းခြင်းများသည် စဝါးဗ်ရရှိသည့် လျှဒါန်းမှုမဖြစ်ပါ။ အမွေများ အားလုံးကို သေတမ်းစာဖြင့် လျှဒါန်းသည်ဖြစ်စေ၊ ခိုင်ရသ်နှင့် ဆွဒ်ကဟ် လျှဒါန်းမှုတွင်

အားလုံးသုံးစွဲခြင်းဖြစ်စေ ချို့တဲ့သောအမွေဆက်ခံသူများအား လက်မဲ့ဖြစ်စေခြင်းသည် စွန္ဒသ်တော်၏ သင်ကြားချက်များနှင့် ဆန့်ကျင် ပါသည်။

ထို့ပြင် အလ္လာဟ်အရှင်မြတ်လမ်းတော်၌ လှူဒါန်းသုံးစွဲရာတွင် နည်းလမ်းများစွာရှိသည်။ စွန္ဒသ်တော် နည်းလမ်းအရဆိုလျှင် လှူဒါန်းရမည့်နေရာများကို သေချာစွာ စိစစ်ရွေးချယ်ရမည်။ ယင်းနေရာဌာန၏ အရေးပါမှု၊ အဆောတလျင်ဖြစ်မှု စသည့်အချက်များထည့်သွင်းစဉ်းစားကာ စွန္ဒသ်တော်အရ လှူဒါန်းမည်ဆိုလျှင် သုံးစွဲပေးကမ်းရမည့်နေရာဌာနကို ဂရုတစိုက်ရွေးချယ်ရပါမည်။ များသောအားဖြင့် ပေးကမ်းလှူဒါန်းသူများသည် ဤအချက်အလက်များကို ထည့်သွင်းမစဉ်းစားခဲ့ကြပါ။

တတိယအခြေအနေ၏ အနှစ်သာရမှာ နေရာဌာနတစ်ခုတွင်သော်လည်းကောင်း၊ အကြောင်းကိစ္စ တစ်ရပ်အတွက်သော်လည်းကောင်း ကောင်းမွန်သောရည်စူးချက်ဖြင့် လှူဒါန်းခြင်းသည် ကောင်းသည်မမည်ပါ။ ထိုကဲ့သို့သော လှူဒါန်းသုံးစွဲခြင်းများကို စဝါးဗ်ရသည့် အပြုအမူတစ်ခုဖြစ်ရန်အတွက် မလုံလောက်သေးပါ။ နေရာဌာနတစ်ခု သို့မဟုတ် အကြောင်းကိစ္စရပ်တစ်ခုအတွက် သုံးစွဲခြင်းသည် ရှရီအသ်တရားတော်၏အမြင်အရ ခွင့်ပြုပြီး ချီးကျူးခံထိုက်ရန်လိုအပ်ပါသည်။ အကယ်၍တစ်စုံတစ်ဦးသည် သူ၏ပစ္စည်းဥစ္စာများကို ခွင့်ပြုခြင်းမရှိသော လောင်းကစားမှုများနှင့် ပျော်ပွဲရွှင်ပွဲများတွင် သေတမ်းစာဖြင့် လွှဲပြောင်းလှူဒါန်းက ထိုလုပ်ရပ်သည် ကောင်းမှုမဖြစ်ဘဲ (အဇာသ်)အပြစ်သာ ထိုက်တန်ပါလိမ့်မည်။ ဤဥပဒေသသည် ရှရီအသ်အမြင်အရ နှစ်သက်လိုလားဖွယ်ရာ မဖြစ်သော အခြားရင်းနှီးမြှုပ်နှံမှုများတွက်လည်း အကျုံးဝင်ပါသည်။

vvvvvvv

အာယသ် (၂ : ၂၆၇-၂၇၄)

يَاَيُّهَا الَّذِيْنَ اٰمَنُوْٓا اَنْفِقُوْا مِنْ
طَيِّبٰتِ مَا كَسَبْتُمْ وَمِمَّآ اَخْرَجْنَا لَكُمْ مِّنَ الْاَرْضِ ۖ وَلَا
تَيَمَّمُوا الْخَبِيْثَ مِنْهُ تُنْفِقُوْنَ وَلَسْتُمْ بِاٰخِذِيْهِ اِلَّآ
اَنْ تُغْمِضُوْا فِيْهِ ۭ وَاعْلَمُوْٓا اَنَّ اللّٰهَ غَنِيٌّ حَمِيْدٌ ﴿٢٦٧﴾
اَلشَّيْطٰنُ يَعِدُكُمُ الْفَقْرَ وَيَاْمُرُكُمْ بِالْفَحْشَاۗءِ ۚ وَاللّٰهُ
يَعِدُكُمْ مَّغْفِرَةً مِّنْهُ وَفَضْلًا ۭ وَاللّٰهُ وَاسِعٌ عَلِيْمٌ ﴿٢٦٨﴾
يُّؤْتِي الْحِكْمَةَ مَنْ يَّشَاۗءُ ۚ وَمَنْ يُّؤْتَ الْحِكْمَةَ فَقَدْ
اُوْتِيَ خَيْرًا كَثِيْرًا ۭ وَمَا يَذَّكَّرُ اِلَّآ اُولُوا الْاَلْبَابِ ﴿٢٦٩﴾
وَمَآ اَنْفَقْتُمْ مِّنْ نَّفَقَةٍ اَوْ نَذَرْتُمْ مِّنْ نَّذْرٍ
فَاِنَّ اللّٰهَ يَعْلَمُهٗ ۭ وَمَا لِلظّٰلِمِيْنَ مِنْ اَنْصَارٍ ﴿٢٧٠﴾
اِنْ تُبْدُوا الصَّدَقٰتِ فَنِعِمَّا هِيَ ۚ وَاِنْ تُخْفُوْهَا وَ
تُؤْتُوْهَا الْفُقَرَاۗءَ فَهُوَ خَيْرٌ لَّكُمْ ۭ وَيُكَفِّرُ عَنْكُمْ
مِّنْ سَيِّاٰتِكُمْ ۭ وَاللّٰهُ بِمَا تَعْمَلُوْنَ خَبِيْرٌ ﴿٢٧١﴾ لَيْسَ
عَلَيْكَ هُدٰىهُمْ وَلٰكِنَّ اللّٰهَ يَهْدِيْ مَنْ يَّشَاۗءُ ۭ وَمَا
تُنْفِقُوْا مِنْ خَيْرٍ فَلِاَنْفُسِكُمْ ۭ وَمَا تُنْفِقُوْنَ اِلَّا
ابْتِغَاۗءَ وَجْهِ اللّٰهِ ۭ وَمَا تُنْفِقُوْا مِنْ خَيْرٍ يُّوَفَّ اِلَيْكُمْ


وَاَنْتُمْ لَا تُظْلَمُوْنَ ﴿۲۷۲﴾ لِلْفُقَرَآءِ الَّذِيْنَ اُحْصِرُوْا فِيْ
سَبِيْلِ اللّٰهِ لَا يَسْتَطِيْعُوْنَ ضَرْبًا فِي الْاَرْضِ ۫ يَحْسَبُهُمُ
الْجَاهِلُ اَغْنِيَآءَ مِنَ التَّعَفُّفِ ۚ تَعْرِفُهُمْ بِسِيْمٰهُمْ ۚ
لَا يَسْـَٔلُوْنَ النَّاسَ اِلْحَافًا ۗ وَمَا تُنْفِقُوْا مِنْ خَيْرٍ
فَاِنَّ اللّٰهَ بِهٖ عَلِيْمٌ ﴿۲۷۳﴾ اَلَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ
بِالَّيْلِ وَالنَّهَارِ سِرًّا وَّعَلَانِيَةً فَلَهُمْ اَجْرُهُمْ
عِنْدَ رَبِّهِمْ ۚ وَلَا خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ﴿۲۷۴﴾

“အို-အီမာန်ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ရှာဖွေ လုပ်ကိုင်၍ ရရှိသော သန့်စင်သောဥစ္စာပစ္စည်းများအနက်မှလည်းကောင်း၊ ငါအရှင်မြတ်သည် အသင်တို့အဖို့ မြေမှထွက်စေသော (သစ်သီး၊ သစ်ဥ၊ သတ္ထုအစရှိသည်)တို့အနက်မှလည်းကောင်း၊ ပေးကမ်းစွန့်ကြကုန်။ သို့ရာတွင် အသင်တို့သည် (သေးနုပ်သိမ်ဖျင်း) မသန့်ရှင်းသော ဥစ္စာပစ္စည်းများကိုမူ ပေးကမ်းစွန့်ကြလှူဒါန်းရန် စိတ်ကူးမျှမထည့်ကြကုန်လင့်။ စင်စစ်တမူကား (သူတစ်ပါးတို့က အသင်တို့အား ထိုကဲ့သို့ သေးနုပ်သိမ်ဖျင်း မသန့်ရှင်းသော ပစ္စည်းများကိုပေးကမ်းသည်ရှိသော်) အသင်တို့ကိုယ်တိုင်ပင် ယင်းပစ္စည်းများကို ယူကြမည့်သူများမဟုတ်ကြချေ။ သို့ရာတွင် (အားနာသောအားဖြင့်) မျက်စိမှိတ်၍သာ ယူကြပေမည်။ ထို့ပြင်တစ်ဝ မုချဧကန်အလ္လာဟ်အရှင်မြတ်သည် လိုလားတောင့်တခြင်းပေါင်းတို့မှ ကင်းစင်တော်မူသောအရှင်၊ ချီးမွမ်းဖွယ်ရာဂုဏ်အဖြာဖြာနှင့် ပြည့်စုံတော်မူသောအရှင်ဖြစ်တော်မူသည်ကိုလည်း အသင်တို့သည် ယုံကြည်မှတ်ယူကြကုန်လော့။”

(၂း၂၆၇)

“ရှိုက်တွာန်သည် အသင်တို့အား (မိမိတို့ဥစ္စာပစ္စည်းများကို လှူဒါန်းရန်ကြံရွယ်သော အချိန်အခါမျိုး၌ ယင်းကဲ့သို့ပေးကမ်းစွန့်ကြခြင်းအားဖြင့် အသင်တို့သည်) ဆင်းရဲနွမ်းပါး၍သွားကြမည်ဟု ခြိမ်းခြောက်ကာ (ပေးကမ်းစွန့်ကြခြင်းမပြုဘဲ) စေးနည်း၍ နေကြရန်ညွှန်ကြားလေသည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်မူကား (ယင်းကဲ့သို့ ပေးကမ်းစွန့်ကြလှူဒါန်းခြင်းအားဖြင့်)အသင်တို့အား မိမိအထံတော်မှ (အသင်တို့၏

ပြစ်မှုဒုစရိုက်များကို)လွတ်ငြိမ်းချမ်းသာခွင့်ပေးသနားတော်မူမည်ဟူ၍လည်းကောင်း၊ ပေးကမ်းလျှဒါန်းခြင်း၏အကျိုးကို ပေါများစွာပေးသနားတော်မူမည်ဟူ၍ လည်းကောင်း၊ ကတိထားရှိတော်မူလေသည်။ အကြောင်းတစ်မူကား အလ္လာဟ်အရှင် မြတ်သည် ကျယ်ဝန်းစွာပေးသနားတော်မူသော အရှင်ဖြစ်ပေသတည်း။" (၂း၂၆၈)

**"ထိုအရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူများကိုသာ ဉာဏ်ပညာ အမြော်အမြင်ကို ပေးသနားတော်မူပေသည်။ အမှန်စင်စစ်သော်ကား ဉာဏ်ပညာအမြော်အမြင်ကို** ပေးသနားတော်မူခြင်းခံရသောသူသည် အလွန်တရာမျှ များပြားလှသောဂုဏ်ကျေးဇူးတော်ကို ပေးသနားတော်မူခြင်းခံရသောသူတည်း။ သို့ရာတွင် စူးစမ်းဆင်ခြင်သောနိသမ္မဉာဏ်ရှင်များမှအပ လူတိုင်းသတိသံဝေဂတရား ရရှိသည်မဟုတ်ပေ။" (၂း၂၆၉)

**"စင်စစ်တစ်မူကား အသင်တို့သည် မည်သည့်လျှဒါန်းခြင်းကိုမဆို ပေးကမ်းလျှဒါန်းကြသည်ဖြစ်စေ၊ မည်သည့်အမိဌာန်ပြုခြင်းကိုမဆို မိဌာန်ကြသည်ဖြစ်စေ ဧကန်ဆတ်ဆတ်** အလ္လာဟ်အရှင်မြတ်သည် (အသင်တို့ပြုလုပ်သမျှသော)ထိုထိုကိစ္စ အဝဝတို့ကို အကြွင်းမဲ့သိတော်မူပေသည်။ (သို့ အကြွင်းမဲ့သိတော်မူသည့်အတိုင်း ကောင်းသူတို့အား ကောင်းကျိုး၊ မကောင်းသူတို့အား မကောင်းကျိုးများကို ပေးတော်မူမည်) သို့ရာတွင် (ရှင်ပြန်ထမည့်နေ့တွင်) မတရားပြုလုပ်သူတို့အား ကူညီမစ ကယ်ဆယ်မည့် သူဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ချေ။" (၂း၂၇၀)

**"အကယ်၍ အသင်တို့သည် (မိမိတို့ပေးကမ်းစွန့်ကြဲကြကုန်သော)အလှူဝတ္ထုများကို ထင်ရှားစွာ (လှူဒါန်းပေးကမ်းကြပါမူ) ယင်းသို့ထင်ရှားစေခြင်းသည်လည်း ကောင်းမြတ်၏။ သို့ရာတွင် အကယ်၍ အသင်တို့သည် ယင်း(ပေးကမ်းလျှဒါန်းကြကုန်သော)** အလှူဝတ္ထုများကို လျှို့ဝှက်စွာသူဆင်းရဲတို့အား ပေးကမ်းစွန့်ကြဲကြပါမူ ယင်းသို့ လျှို့ဝှက်ခြင်းသည်ကား အသင်တို့အဖို့ရာသာ၍ပင် ကောင်းမြတ်ပေသည်။ ထို့ပြင် (အလ္လာဟ်အရှင်မြတ်သည်) အသင်တို့၏ဒုစရိုက်မှုအချို့တို့ကို ဖယ်ရှားတော်မူအံ့။ အကြောင်းမူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ကြ ကုန်သောကိစ္စရပ်တို့ကို အကြွင်းမဲ့ကြားသိတော်မူသောအရှင်တည်း။" (၂း၂၇၁)

"(အိုး-နဗီတမန်တော်) ထို(ကာဖိရ်)တို့အား တရားလမ်းမှန်သို့အရောက် ပို့ဆောင်ခြင်းသည် အသင်၏တာဝန်မဟုတ်ပေ။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူတို့ကို တရားလမ်းမှန်သို့အရောက်ပို့ဆောင်တော်မူသည်။ ထို့ပြင် (အိုး-မုစ်လင်မ်အပေါင်းတို့) အသင်တို့သည် (မိမိတို့၏) ဥစ္စာပစ္စည်းများ အနက် မည်သည့်ဥစ္စာပစ္စည်းကိုမဆို အလှူဒါနပြုကြကုန်အံ့။ (ထိုအလှူဒါနများသည်) အသင်တို့၏အကျိုးငှာသာဖြစ်ကုန်၏။ စင်စစ်သော်ကား အသင်တို့သည် အလ္လာဟ်

အရှင်မြတ်၏ နှစ်သက်ကျေနပ်မှုကိုဆည်းပူးရန်အလို့ငှာသာ လျှဒါန်းပေးကမ်းကြကုန်၏။ (သို့ဖြစ်ရာအသင်တို့သည် 'မုစ်လင်မ်' 'ကာဖိရ်'မခြား သူဆင်းရဲတို့အား ပေးကမ်းလျှဒါန်းကြရပေမည်။) တဖန်အသင်တို့သည် (မိမိတို့၏) ဥစ္စာပစ္စည်းများအနက်မည်သည့်ဥစ္စာပစ္စည်းကိုမဆိုလျှဒါန်းကြကုန်အံ့။ (ထိုအလျှဒါနများ၏ ကုသိုလ်အကျိုးများကို) အသင်တို့သည် အပြည့်အစုံခံစားကြရကုန်အံ့။ ထို့ပြင် အသင်တို့သည် (မိမိ တို့၏ အလျှဒါနများနှင့်စပ်လျဉ်း၍) မတရားပြုခြင်းကို ခံကြရမည်မဟုတ်ပေ။"
(၂း၂၇၂)

"(အလျှဒါနများသည်) အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ဝန်းဝိုင်းဆီးတားခြင်းခံနေ ကြရကုန်သော သူဆင်းရဲတို့အဖို့တည်း။ ယင်းသူတို့သည် (သာသနာရေးရာများကို ဆောင်ရွက်လျက်ရှိကြရကား မိမိတို့၏ဝမ်းရေးအတွက်) ကမ္ဘာမြေပြင်ဝယ် သွားလာ ခြင်းကို မစွမ်းနိုင်ကြပေ။ (တစ်ဖန် ယင်းသူတို့၏) ဣန္ဒြေစောင့်စည်းခြင်း ကြောင့် မသိနားမလည်သောသူသည် ယင်းတို့အား ကုံလုံကြွယ်ဝသူများဟူ၍ ထင်မှတ် သေလည်း။ (သို့ရာတွင်) အသင်သည် ယင်းသူတို့၏ ရုပ်ရည်လက္ခဏာ အမူအရာ(ကို ကြည့်ရုံမျှဖြင့်) (ထိုသူတို့၏ ဆင်းရဲနွမ်းပါးကြောင်းကို) သိမြင်နိုင်ပေသည်။ ယင်းသူတို့သည် လူတို့ထံတွယ်ကပ်၍တောင်းရမ်းခြင်းကိုလည်းမပြုကြချေ။ စင်စစ်သော်ကားအသင်တို့သည် (မိမိတို့)ဥစ္စာပစ္စည်းအနက်မှ ပေးကမ်းစွန့်ကြဲ သုံးစွဲကြသောအလျှဒါနများကို အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိတော်မူသော အရှင်ဖြစ်တော်မူချေသတည်း။" (၂း၂၇၃)

"အကြင်သူတို့သည် မိမိတို့၏ဥစ္စာပစ္စည်းများကို နေ့ည၌မလွှေး (အခါခပ်သိမ်း) လျှို့ဝှက် စွာဖြင့်(တစ်မျိုး) ထင်ရှားစွာဖြင့်(တစ်ဖုံ) လျှဒါန်းသုံးစွဲကြကုန်၏။ သို့ဖြစ်လျှင် ယင်းသူတို့၏ ကုသိုလ်အကျိုးသည် ယင်းသူတို့အား မွေးမြူတော်မူသော အရှင်မြတ်၏ အထံတော် ၌ (အသင့်)ရှိပေသည်။ ထို့ပြင်တစ်ဝ ယင်းသူတို့အပေါ်ဝယ် မည်သည့် စိုးရိမ် ကြောင့်ကြ ခြင်းလည်းမရှိ။ ယင်းသူတို့သည် ဝမ်းနည်းပူဆွေးကြမည်လည်းမဟုတ်ပေ" (၂း၂၇၄)

## အကျယ်ဖွင့်ဆိုချက်

ပြီးခဲ့သောကဏ္ဍတွင် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌လျှဒါန်းသုံးစွဲခြင်းများကို ဖော်ပြခဲ့သည်။ လက်ရှိကဏ္ဍပါ အာယသ်တော်ခုနှစ်ပိုဒ်ထဲတွင် အလ္လာဟ်အရှင်မြတ်၏လမ်း၌သုံးစွဲလျှဒါန်းခြင်း အသေးစိတ်များ ပါဝင်ပါသည်။ ယင်းတို့သည် အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) အာယသ်-(၂၆၇)း : يَـٰٓأَيُّهَا ٱلَّذِينَ ءَامَنُوٓاْ أَنفِقُواْ ﴿إلى٧قوله﴾ غَنِيٌّ حَمِيدٌ

'အို-အဳမာန်ယုံကြည်သူအပေါင်းတို့ . . . . . မှ . . . . . ယုံကြည်မှတ်ယူကြကုန်လော့'အထိဖြစ်သည်။

အခြေအနေအရပ်ရပ်များကိုအခြေခံ၍ ဤအာယသ်တော်ကျရောက်ခဲ့ပါသည်။ အာယသ်တော်ပါ (တို့ငါရစ်ဗ်)ဟူသော စကားလုံးသည် 'တို့ငါရစ်ဗာ'၏ ဗဟုဝုဒ်ကိန်းဖြစ်ပြီး 'ကောင်းသော'ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ အချို့သောသူများသည် လျှဒါန်းပေးကမ်းရန်အတွက် မကောင်းသောအရာများကို ယူဆောင်လာသောကြောင့် ဤအာယသ်တော်ကျရောက်ခဲ့ပါသည်။ 'ဟလာလ်'ဖြစ်မှ တစ်စုံတစ်ခုသည် အပြစ်အနာအဆာကင်းမဲ့စွာကောင်းသည်ဟူသောဤစကားလုံး၏ ယေဘုယျဖြစ်ခြင်းအပေါ် မှီငြမ်းကာ 'တို့ငါရစ်ဗ်' ကောင်းသောကို 'ဟလာလ်' (တရားဝင်သည်)ဟုဆိုလိုကြောင်းကို အချို့သောဋီကာရှင်များက ဖွင့်ဆိုကြပါသည်။ ထို့ကြောင့် ဤအဓိပ္ပာယ်ဖွင့်ဆိုချက်အရ အာယသ်တော်က အလေးအနက်ပြုသည်မှာ ကောင်းမှုကုသိုလ်ပြုလုပ်ရာတွင် ပေးကမ်းသုံးစွဲသောပစ္စည်းတို့သည် တစ်စုံတစ်ဦး၏ တရားဝင်ရှာဖွေစုဆောင်းထားသည်များထဲမှ ဖြစ်ရပါမည်။ သို့သော် ပဌမအဓိပ္ပာယ်ဖွင့်ဆိုချက်အရဆိုလျှင် ဤအခြေအနေကို အလေးပေးရာတွင် အခြားသောအရင်းအမြစ်များဖြင့် သက်သေပြရပါလိမ့်မည်။ ကျွန်ုပ်တို့သတိချပ်သင့်သည်မှာ တစ်စုံတစ်ဦးတွင် လျှဒါန်းပေးကမ်းမှုပြုရာတွင် သုံးစွဲရန်အတွက် ကောင်းမွန်သန့်စင်သောအရာများပိုင်ဆိုင်ကြောင်းကို ' مَاكَسَبْتُمْ ' မိမိတို့လုပ်ကိုင် ရှာဖွေဆည်းပူးထားသည့်စကားလုံးနှင့်အညီ اَخْرَجْنَا 'ငါအရှင်မြတ်သည် ပေါက်ရောက်စေတော်မူခဲ့ချေပြီ' ဟူသော အရဗီစကားနှစ်လုံးအရသိရပါသည်။ သူအမှန်တကယ်လျှဒါန်းမှုပြုရာတွင် မကောင်းသောအရာဝတ္ထုများ တမင်တကာသုံးစွဲလျှဒါန်းခြင်းကို ဤစာကြောင်း لَا تَيَمَّمُوا الْخَبِيثَ مِنْهُ تُنْفِقُونَ 'သို့ရာတွင် အသင်တို့သည် လျှဒါန်းရန်စိတ်ကူးမျှမထည့်ကြကုန်လင့်'က သက်သေပြပါမည်။ မည်သည့်ကောင်းမွန် သန့်စင်သည့်အရာမျှ ပိုင်ဆိုင်မှုမရှိသူ တစ်ဦးအတွက်ကိုမူ ဤတားမြစ်ချက်မှ ကင်းလွတ်ခွင့်ရပါလိမ့်မည်။ သူ၏ ပေးကမ်းလျှဒါန်းမှု များသည် မကောင်းသည့်တိုင် လျှဒါန်းမှုကိုလက်ခံပါလိမ့်မည်။

مَاكَسَبْتُمْ ဟူသော အသုံးအနှုန်းမှ အချို့သောပညာရှင်များက စည်းမျဉ်းတစ်ခု ထုတ်သည်မှာ သားဖြစ်သူ၏ ရှာဖွေခြင်းများကို ဖခင်စားသောက်ခြင်းခွင့်ပြုပါသည်။ ဤသည်လည်း ဟဒီးဆ် တစ်ပုဒ်ပေါ်တွင် အခြေခံပါသည်။

أولادكم من طيب أكسابكم فكلوا من أموال أولادكم هنيئا

'အသင်၏ သားသမီးများသည် အသင်၏ရှာဖွေမှုများမှ ကောင်းမွန်သော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် အသင်၏သားသမီးများ ရှာဖွေမှုထားသည်ကို အသင်ဝမ်းမြောက်ဝမ်းသာစားပါလေ။ (ကုရ်တုဗီ)

## လယ်ယာ၏ အုပ်ရှုနှင့်သက်ဆိုင်သော အဓိန့်ပညတ်ချက်များ

مِمَّا اَخْرَجْنَا لَكُمْ مِّنَ الْاَرْضِ 'ငါအရှင်မြတ်သည် အသင်တို့အဖို့ မြေမှထွက်စေသော (သစ်သီး သစ်ဥ၊ သတ္ထုအစရှိသည်)တို့ အနက်မှလည်းကောင်း'ဟူသောဝါကျတွင်ပါသော အရဗီ( اخرجنا အခ်ရဂ်ုန 'ငါအရှင်မြတ်သည် ပေါက်ရောက်စေတော်မူခဲ့ ချေပြီ )'ဟူသော စကားလုံးက ညွှန်းသည်မှာ 'အုပ်ရှုရှိရီ'လယ်ယာများတွင်

'အုရှ်ရ်' (လယ်ယာထွက်သီးနှံများ၏ တစ်ဆယ်ပုံတစ်ပုံလူဒါန်းရခြင်း)သည် မပြုမနေရ တာဝန်ဖြစ်သည်။ ဤအာယသ်တော်၏ ယေဘုယျကျမှုအပေါ် အခြေခံ၍ အိမာမ် အဗူဟနီဖတ်က ကောက်ချက်ချသည်မှာ အုရှ်ရ်ရီမြေများမှ ကြီးသည်ငယ်သည်မဟူ ထွက်သမျှအားလုံးအပေါ် ၌ 'အုရှ်ရ်'သည် ဝါဂျစ် (သို့) မပြုမနေရတာဝန်ဖြစ်သည်။ စူရတ် 'အလ်အန်အမ်'ပါ အာယသ်ဖြစ်သော **وَاٰتُوْا حَقَّهٗ يَوْمَ حَصَادِهٖ** 'ထို့ပြင်တစ်ဝ အသင်တို့သည် ၎င်းအသီး အနှံများဆွတ်ခူးရိတ်သိမ်းသောနေ့တွင် ၎င်း(အသီးအနှံများနှင့် စပ်လျဉ်း၍တရားတော်က ပြဋ္ဌာန်းထားသော) တာဝန်ကို ပေးဆပ်ကြလေကုန်။" (၆း၁၄၁) အာယသ်က 'အုရှ်ရ်'၏ မပြုမနေရသဘောသဘာဝကို ထောက်ခံ ရာတွင် ပွင့်လင်းပြီးရှင်းလင်းပါသည်။

'အုရှ်ရ် **عشر** ဆယ်ပုံတစ်ပုံ (သို့) နှစ်ဆယ်ပုံတစ်ပုံ)နှင့် **خراج** 'ခိရာဂျ် လယ်ယာမြေခွန်' တို့သည် အစွလာမ် ရှရီအသ်တွင် အသုံးပြုသော အခေါ်အဝေါ်နှစ်ခုဖြစ်သည်။ ဤနှစ်ခုကြားတွင် တူညီသောအချက်တစ်ခုရှိပါသည်။ နှစ်ခုစလုံးသည်တွင် အစွလာမ့်တိုင်းပြည်တစ်ခုတွင် လယ်ယာမြေများ အပေါ်ကောက်ခံသော အခွန်သဏ္ဌာန် ဆောင်နေပါသည်။ သို့သော်လည်း ခြားနားမှုတစ်ခုတော့ရှိသည်။ 'အုရှ်ရ်'သည် အခွန်အတုတ်သက်သက်မျှသာ မဟုတ်ပါ။ သူ၏စစ်မှန်သော သဘောသဘာဝသည် အခွန်အတုတ်ထက်သာပိုသော ငွေကြေးအားဖြင့် 'အီဗာဒသ်' ခဝတ်ကိုးကွယ်မှုပြုလုပ်ခြင်းတစ်မျိုးဖြစ်သည်။ 'အုရှ်ရ်'သည် 'ဇကားသ်'နှင့် အလားတူပါသည်။ ထို့အတွက်ကြောင့် ယင်းကို **زكوة الارض** (ဇကားသ် အလ်အရ်သ်ဖွဲ) လယ်ယာမြေများအတွက် ဇကားသ်ဟူ၍လည်း ခေါ်ပါသည်။ 'ခိရာဂျ်'သည် အခွန်အတုတ်သာဖြစ်ပြီး အီဗာဒသ်အသွင် မဆောင်ပါ။ မုစ်လင်မ်များသည် အီဗာဒသ် ပြုလုပ်နိုင်စွမ်းရှိပြီး ထိုကဲ့သို့ပြုရန်လည်း မပြုမနေရသောတာဝန်တစ်ရပ်ဟုလက်ခံပြီးသောကြောင့် လယ်ယာမြေ မှထွက်သော သီးနှံများ၏ တစ်စိတ်တစ်ပိုင်းကို ၎င်းတို့ထံမှ ကောက်ခံခြင်းအား 'အုရှ်ရ်'ဟုခေါ်ပါသည်။ မုစ်လင်မ် မဟုတ်သူများသည် 'အီဗာဒသ်'ပြုလုပ်ခြင်းအား မပြုမနေရတာဝန်မဟုတ်သောကြောင့် သူတို့လယ်ယာမြေများ အပေါ် အခွန်ကောက်ခံခြင်းကို 'ခိရာဂျ်'ဟုခေါ်ပါသည်။ 'အုရှ်ရ်'နှင့် 'ဇကားသ်'ကြားတွင် လက်တွေ့ကျသော ခြားနားမှု နောက်တစ်ချက်လည်းရှိပါသေးသည်။ 'ဇကားသ်'သည် ရွှေငွေနှင့် ကူးသန်းရောင်းဝယ်မှုဆိုင်ရာ တန်ဘိုးရှိသော ကုန်ပစ္စည်းများအပေါ်တွင် တစ်နှစ်ကြာပြီးမှသာ ထိုက်သက်သော်လည်း 'အုရှ်ရ်'တွင်မူ လယ်ယာမြေထွက်သီးနှံများ ရိတ်သိမ်းပြီးလျှင်ပြီးခြင်း ထိုက်သက်ပါသည်။

ဤတွင် နောက်ထပ်ခြားနားချက်တစ်ရပ်လည်းရှိပါသေးသည်။ အကယ်၍ လယ်ယာမြေများမှ မည်သည့် သစ်သီးဝလံများမှ မထွက်ရှိခဲ့ပါလျှင် 'အုရှ်ရ်'ပေးဆောင်ရန်မလိုပါ။ သို့ရာတွင် 'ဇကားသ်'မှာမူ ရွှေ၊ ငွေ၊ ကူးသန်းရောင်းဝယ်မှုဆိုင်ရာကုန်ပစ္စည်းများပေါ်မှ အမြတ်အစွန်းမပေါ်ထွက်ခဲ့သော်လည်း တစ်နှစ်ကုန်ဆုံးလျှင် 'ဇကားသ်'ပေးဆောင်ရပါမည်။ ဤနေရာတွင် 'အရှ်ရန်'နှင့် 'ခိရာဂျ်'ပြဿနာများနှင့်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို ဆွေးနွေးရမည့်နေရာမဟုတ်ပါ။ ဤအကြောင်း အရာများကို 'ဖွေကာဟ်'ကျမ်းစာအုပ်များတွင် ဖတ်ရှုနိုင်ပါသည်။ ကံအားလျော်စွာ ဤကျမ်းရှင်သည် ဤကိစ္စရပ် နှင့်ပတ်သက်သော အချို့အသေးစိတ်အချက်များကို သူရေးသားပြုစုသောစာအုပ် 'နိဇာမ် အလ်အရာဒီ'တွင် ဆွေးနွေး တင်ပြထားပါသည်။ ယင်းစာအုပ်ထဲတွင် ပါကစ္စတန်နှင့် အိန္ဒိယတွင်ရှိသော လယ်ယာမြေများနှင့်ပတ်သက်သည့် အထူးအမိန့်ပညတ်ချက်များလည်း ပါဝင်ပါသည်။

(၂) အာယသ် (၂၆၈)မှ (၂၆၉)

اَلشَّيْطٰنُ يَعِدُكُمُ الْفَقْرَ ﴿الى قوله﴾ وَمَا يَذَّكَّرُ إِلَّآ أُولُوا الْأَلْبَابِ

သည် 'ရှိုက်တွာန်သည် . . . . မှ လူတိုင်း သံဝေဂတရား ရကြသည်မဟုတ်ပေ'အထိဖြစ်သည်။

လူတစ်ဦးတစ်ယောက်သည် လျှဒါန်းပေးကမ်းခြင်းတွင် သုံးစွဲခြင်းအားဖြင့် ဆင်းရဲမွဲတေသွား စေလိမ့်မည်ဟု ယူဆသည်။ ထိုအယူအဆကို စိတ်အာရုံစွဲလမ်းနေပြီး အလ္လာဟ်အရှင်မြတ်၏ သတိပေးချက်ကို ကြားသိရပြီးသည့် နောက်တွင်ပင်လျှင် သုံးစွဲလျှဒါန်းရန်သတ္တိမရှိဖြစ်ကာ သူပိုင်ဆိုင်ခြင်းများထဲမှ လျှဒါန်းသုံးစွဲရန် မသင့်ဟု ထင်မှတ်နေသည်။ ထိုသူသည် အလ္လာဟ်အရှင်ပေးထားသောကတိတော်မှ စွန့်ခွာသွားခဲ့ပါလျှင် သူ၏ စိတ်သည် 'ရှိုက်တွာန်'၏ ဂတိကိုသာ မှီခိုရာရောက်ပါသည်။ ထိုကဲ့သို့သောသူ၏ သိမြင်နားလည်မှုမျိုးသည် 'ရှိုက်တွာန်' ကြောင့်သာ ပေါ်ပေါက်လာကြောင်း သူအသေအချာသိသင့်ပါသည်။ သူသည် 'ရှိုက်တွာန်'ကို ဘယ်သောအခါကမျှ မမြင်ဖူးခဲ့ပါ။ ထို့ကြောင့် 'ရှိုက်တွာန်'၏အမိန့်ကို မည်ကဲ့သို့ နာခံပါသနည်းဟု မပြောသင့်ပါ။ အပြန်အလှန်အားဖြင့် ပြောရလျှင် လျှဒါန်းသုံးစွဲခြင်းဖြင့် သူ၏အပြစ်များအား ခွင့်လွှတ်ခြင်းခံရသည်သာမက သူ၏ဥစ္စာဓနသည်လည်း တိုးပွားခြင်းဟူသော ကောင်းချီးမင်္ဂလာပေးခံရမည်ဟု ထင်မှတ်ခဲ့ပါလျှင် ဤတွေးတောမှုသည် အလ္လာဟ်အရှင်မြတ် ထံတော်မှကျရောက်လာသည်ဖြစ်ကြောင်း သူသေချာစွာသိသင့်ပါသည်။ ထို့အတွက် အလ္လာဟ်အရှင်မြတ်ကိုလည်း ကျေးဇူးတင်သင့်ပါသည်။ အလ္လာဟ်အရှင်မြတ်ရတနာသိုက်သည် မည်သည့်အခါမျှ ကုန်ခန်းသည်ဟူ၍မရှိပါ။ လူတိုင်းလူတိုင်းနှင့်ပတ်သက်သော ကိစ္စရပ်အားလုံးမြင်သာသည်ဖြစ်စေ၊ ဖုံးကွယ်ထားသည်ဖြစ်စေ စိတ်တွင်ရည်စူးကြံဆထားသည်များကိုဖြစ်စေ ပြုမူလုပ်ဆောင်ချက်များကိုဖြစ်စေ ထိုအရှင်သည် အလုံးစုံသိရှိတော်မူသော အရှင်ဖြစ်တော်မူသည်။

## အလ်ဟစ်က်မသ်၏ အဓိပ္ပာယ်နှင့် ရှင်းလင်းချက်

(၃) အာယသ်(၂၆၉) يُؤْتِى الْحِكْمَةَ مَنْ يَّشَآءُ 'ထိုအရှင်မြတ်သည် မိမိနှစ်လိုတော်မူသောသူများကိုသာ ဉာဏ်ပညာအမြော်အမြင်ကိုပေးသနားတော်မူလေသည်။' الْحِكْمَةَ 'အသိဉာဏ်ပညာ'ဟူသောစကားလုံးသည် ကုရ်အာန်ကျမ်းတော်မြတ်၏နေရာတိုင်း၌ ထပ်ခါတလဲလဲ ပါဝင်သော စကားလုံးဖြစ်သည်။ ယင်း၏အဓိပ္ပာယ်ကို လည်း အမျိုးမျိုးအဖုံဖုံရှင်းလင်းပြသထားခဲ့ပါသည်။ သဖိစိရ် အလ်ဗဟ် ရုလ်မုဟီတ္တ် ဤကိစ္စနှင့်ပတ်သက်၍ ဋီကာရှင်များတို့၏ သဘောထားများကို စုစည်းကာဖော်ပြထားခဲ့ပါသည်။ ဋီကာရှင်များ၏အရေအတွက်သည် သုံးဆယ်နီးပါးဖြစ်ပြီး တင်ပြမှုအဆုံးတွင် ကျမ်းပြုသူက မိန့်ထားသည်မှာ ဋီကာရှင်များအားလုံး၏ သဘောထား များသည် တစ်ဦးနှင့်တစ်ဦး နီးနီးစပ်ရှိပြီး တစ်ဦးကိုတစ်ဦး ဆန့်ကျင်ခြင်း လည်းမရှိကြပါ။ တစ်ခုတည်းသော ကွဲပြားမှုသည် အဓိပ္ပာယ်ဖွင့်ဆိုနည်းပင်ဖြစ်သည်။ 'ဟိစ်က်မသ်'ဟူသော စကားလုံးသည် 'အဲဟ်ကမ်'၏ ကြိယာနမ်ဖြစ်ပြီး (ပထမဦးဆုံးသောစာလုံး 'ဟမ်ဇာ'သည် ကစရာပါသည်) ယင်း၏ အဓိပ္ပာယ်မှာပြောဆိုပြီးခဲ့သမျှကိုဖြစ်စေ၊ လုပ်ဆောင်ပြီးခဲ့သမျှကိုဖြစ်စေ၊ ယင်းတို့၏ အရည်အသွေးနှင့် လိုအပ်ချက် များတို့နှင့်အတူပြီးမြောက် စေခြင်းဖြစ်သည်။

ထို့အတွက်ဒါဝူးဒ်(ﷺ)နှင့်ပတ်သက်သော ဖော်ပြပါအာယသ် **وَاٰتٰىهُ اللّٰهُ الْمُلْكَ وَالْحِكْمَةَ** 'ထို့နောက် အလ္လာဟ်အရှင်မြတ်သည် သူ့အား ဩဇာအာဏာကိုလည်းကောင်း၊ ဉာဏ်ပညာအမြော်အမြင် (၀ါ) နဗီ တမန်တော်၏ ဂုဏ်ထူးကိုလည်းကောင်း ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။' (၂း၂၅၁)ကို အလ်ဗဟ်ရုလ် မုဟီတ်ကျမ်းတွင် အောက်ပါအတိုင်းရှင်းလင်းပြထားခဲ့ပါသည်။

'ဟက်စ်မသ်'၏ စစ်မှန်သောအဓိပ္ပာယ်မှာ အရာရာတိုင်းကို ၎င်းတို့နှင့်သက်ဆိုင်သောနေရာ၌ ထားရှိခြင်း ဟူ၍ဖြစ်ပါသည်။ ထိုကဲ့သို့ ပြီးပြည့်စုံစွာပြုလုပ်နိုင်ရန်မှာလည်း တမန်တော်ဖြစ်မှသာလျှင်ပြုလုပ်နိုင်ပါသည်။ ထို့ကြောင့် အထက်ပါအာယသ်တော်ထဲ၌ 'ဟစ်က်မသ်'ကို 'တမန်တော်ဖြစ်ခြင်း'ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ အိမာမ်ရာဂစ်အလ်အဆ်ဖဟာနီက မုဖရပ်ဒါတွလ်ကုရ်အာန်ကျမ်းတွင်မိန့်ကြားထားသည်မှာ 'ဟစ်က်မသ်'ဟူသော စကားလုံးကို အလ္လာဟ်အရှင်မြတ်နှင့်ယှဉ်တွဲသုံးပါက ထိုစကားလုံးက ဖော်ပြသည်မှာ အလ္လာဟ်အရှင်မြတ်၏ ပြီးပြည့်စုံသောဉာဏ်တော်နှင့် အရာရာတိုင်းကို အကောင်းဆုံးဖန်ဆင်းနိုင်စွမ်းကိုဖော်ကျူးပါသည်။ ၎င်းနောက် အလ္လာဟ်အရှင်မြတ်မှအပ အခြားသူများအတွက်သုံးပါက ထိုစကားလုံး၏ အဓိပ္ပာယ်မှာ 'တည်ရှိသမျှအရာအားလုံးနှင့် ၎င်းတို့နှင့်လိုက်လျောညီထွေသောလုပ်ဆောင်ချက်များကို မှန်ကန်သောလမ်းညွှန်မှုဖြင့်ရရှိသောအသိပညာဖြင့် နားလည်ခြင်း'ဟူ၍ဖြစ်သည်။

ဤဆိုလိုရင်းကိုလည်း ကွဲပြားသောစကားလုံးများဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့သည်။ အချို့သောနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်ဟု အဓိပ္ပာယ်ဖွင့်ဆိုပြီး အချို့နေရာများတွင် 'ဟဒီးဆ်'တော်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ အခြားသောနေရာများ၌လည်း အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုထားခဲ့ကြသည်။ ဥပမာဆိုသော် 'ခိုင်လုံစစ်မှန်သော အသိပညာရပ်'၊ 'ဖြောင့်မတ်မှန်ကန်သော လုပ်ဆောင်မှု'၊ 'မှန်ကန်သော နှုတ်ကပတ်တော်'၊ 'အသိပညာရပ်'၊ 'ဘာသာတရားကိုနားလည်ခြင်း'၊ 'မှန်ကန်သောထင်မြင်ယူဆချက်'နှင့် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်း'တို့ဖြစ်ပါသည်။ အထက် နောက်ဆုံးဖော်ပြထားသော အဓိပ္ပာယ်သည် ဟဒီးဆ်တော်ထဲတွင်လည်းပါဝင်ပါသည်။ **رأس الحكمة خشية الله** 'အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရိုသေခြင်းသည်သာလျှင် စစ်မှန်သော အသိပညာဖြစ်သည်။' **يُعَلِّمُهُمُ الْكِتٰبَ وَالْحِكْمَةَ** ၎င်းပြင် ယင်းသူတို့အား (အလ္လာဟ်အရှင်မြတ်) ကျမ်းဂန်ကိုလည်းကောင်း၊ ထူးသောဉာဏ်အမြော်အမြင်ကိုလည်းကောင်း သွန်သင်ပြသင်ကြားပို့ချခဲ့လေပြီ။' (၃း၁၆၃) အထက်ပါအာယသ်တော်ထဲတွင်ပါဝင်သော 'ဟစ်က်မသ်'ဟူသော စကားလုံးများ၏ အဓိပ္ပာယ်ကို ဆွဟာဗဟ်များနှင့် သာဗိအီန်များက 'ဟဒီးဆ်နှင့် စွန္ဒသ်တော်' ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားခဲ့ကြပါသည်။ အချို့သောဋီကာရှင်များ၏ အယူအဆမှာ ယခုဆွေးနွေးနေသော အာယသ်တော်(၂၆၉) **يُؤْتَى الْحِكْمَةَ** 'ဉာဏ်ပညာအမြော်အမြင်ကို ပေးသနားတော်မူခြင်းခံရသောသူ'ဟူသော အာယသ်တော်ထဲတွင်ပါဝင်သော 'ဟစ်က်မသ်'၏ အဓိပ္ပာယ်မှာ အထက်ဖော်ပြပါ အဓိပ္ပာယ်များ အားလုံးနှင့် အကြုံးဝင်ပါသည်။ ဤအယူအဆသည် ပိုမိုထင်ရှားသောအယူအဆ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်ပါစကားလုံးများ **وَمَنْ يُّؤْتَ الْحِكْمَةَ فَقَدْ أُوْتِيَ خَيْرًا كَثِيْرًا** 'အမှန်စင်စစ်သော်ကား ဉာဏ်ပညာအမြော်အမြင်ကို ပေးသနားတော် မူခြင်းခံရသောသူသည် အလွန်တရာများပြားလှသော ဂုဏ်ကျေးဇူးတော်ကိုပေးသနားတော်မူခြင်း ခံရသောသူတည်း'တို့သည် ထိုယူဆချက်သို့ဦးတည်နေကြောင်း ဖော်ညွှန်းထားပါသည်။ 'ဟစ်က်မသ်'ဆိုသောစကားလုံးသည် ကောင်းသောအရာတော်တော်များများကို လွှမ်းခြုံထားသည်ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်ပါသည်။ အလ္လာဟ် အရှင်မြတ်သည်သာလျှင် အကောင်းဆုံး

နှင့် အမှန်ဆုံးကို သိတော်မူသောအရှင်ဖြစ်တော်မူပါသည်။

(၄) အာယသ် (၂၇၀) - وَمَاأَنْفَقْتُمْ مِّنْ نَّفَقَةٍ ﴿إلى قوله﴾ وَمَالِلظّٰلِمِيْنَ مِنْ اَنْصَارٍ

စင်စစ်တမူကား အသင်တို့သည် မည်သည့်လှူဒါန်းခြင်းကိုမဆို ပေးကမ်းလှူဒါန်းကြသည်ဖြစ်စေ။ . . . . . မတရားပြုလုပ်သူတို့အား ကူညီမစ ကယ်ဆယ်မည့်သူဟူ၍ တစ် ဦးတစ်ယောက်မျှ ရှိလိမ့်မည် မဟုတ်ခဲ့။ (၂း၂၇၀)

ဤနေရာ၌ 'စင်စစ်တစ်မူကား အသင်တို့သည် မည်သည့်လှူဒါန်းခြင်းကိုမဆို ပေးကမ်းလှူဒါန်းကြသည် ဖြစ်စေ'ဟူသည် လှူဒါန်းမှုအားလုံးတို့ကို အကြုံးဝင်စေပါသည်။ ဤတွင်လှူဒါန်းခြင်းနှင့် ဆက်နွယ်နေသော အခြေအနေအားလုံးကို လိုက်နာကျင့်သုံးကာ လှူဒါန်းခြင်းများဖြစ် သလို၊ ဆက်နွယ်နေသောအခြေအနေအားလုံးကို သော်လည်းကောင်း၊ အချို့ကိုသော်လည်းကောင်း မလိုက်နာဘဲ လှူဒါန်းခြင်းမျိုးများလည်းဖြစ်နိုင်ပါသည်။ ပမာဆိုသော် လှူဒါန်းခြင်းသည် အလ္လာဟ်အရှင်မြတ်လမ်းတော်၌ မဟုတ်ဘဲ (ဂုနာဟ်)အပြစ်ဖြစ်စေသည့်လမ်း၌ လှူဒါန်းခြင်း (သို့) လှူဒါန်းခြင်းသည် အရေခြုံမှုနှင့် ရောယှက်နေခြင်း (သို့) လှူဒါန်းခြင်းကိုလက်ခံမည့်သူအား ပြစားဂုဏ်ဖော်ခြင်း (သို့) လှူဒါန်းသည့်အရာများသည် 'ဟလာလ်' တရားဝင်ခြင်းနှင့် သန့်ရှင်းမှုမရှိခြင်းတို့ ဖြစ်သည်။ အလားတူစွာ 'နူဇုရ်' ခေါ် အဓိဋ္ဌာန်ပြု လှူဒါန်းခြင်းအားလုံးတို့သည် ယေဘုယျစည်းကမ်းအရ 'နဇာရ်' တွင် အကြုံးဝင်သည်။ ယင်း'နဇာရ်'တွင် 'အင်ဖခ်'ငွေကြေးပေးကမ်း လှူဒါန်းသုံးစွဲခြင်းနည်းလမ်းနှင့် အညီ ငွေကြေး'အိဗာဒသ်'ပြုလုပ်ခြင်းနှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ 'အိဗာဒသ်'ပြုလုပ်ခြင်း 'နဇာရ်'တို့လည်း ပါဝင်သည်။ 'နဇာရ်'သည် ပြီးပြည့်စုံလျှင်လည်း ပြီးပြည့်စုံမည်၊ မပြည့်စုံလျှင်လည်း ပြီးပြည့်စုံလိမ့်မည်မဟုတ်ပေ။ ဤသည်တို့ကို တင်ပြရခြင်း၏ ရည်ရွယ်ချက်မှာ အလ္လာဟ်အရှင်မြတ်သည် ဤလုပ်ရပ်အားလုံးကို သိရှိတော်မူသောအရှင်ဖြစ်ပြီး ၎င်းလုပ်ရပ်များအတွက်လည်း မှန်မှန်ကန်ကန်အစားပေးတော်မူပါလိမ့်မည်။ ဤကဲ့သို့ သိစေခြင်းမှာ လူအများအား သတ်မှတ်ချက်များနှင့် အခြေအနေများကို လိုက်နာကျင့်သုံးရန် ဆွဲဆောင်မှုဖြစ်ပြီး မလိုက်နာမကျင့်သုံးမှုကိုလည်း သတိပေးခြင်းဖြစ်သည်။ စာသားပါ 'အလ်ဇာလိမီန်' لِلظّٰلِمِيْنَ ဟူသော စကားလုံးသည် မပြုမနေရအခြေအနေများကို မလိုက်နာမကျင့်သုံးသော မတရားပြုလုပ်သူများနှင့် စည်းကမ်းချိုးဖောက်သူများအား ရည်ညွှန်းပါသည်။ ထိုသူများအတွက် ရှင်းလင်းပြတ်သားသောသတိပေးချက်ကိုပေးပြီး ဖြစ်သွားပါသည်။

(၅) အာယသ်(၂၇၁)မှာ : إِنْ تُبْدُوا الصَّدَقٰتِ فَنِعِمَّاهِيَ ﴿إلى قوله﴾ وَاللّٰهُ بِمَاتَعْمَلُوْنَ خَبِيْرٌ 'အကယ်၍ အသင်တို့သည် ---------- အသင်တို့ပြုလုပ်ကြကုန်သော ကိစ္စရပ်တို့ကိုအကြွင်းမဲ့ ကြားသိတော်မူသော အရှင်တည်း'ဟူ၍ဖြစ်သည်။ထင်ရှားသည်မှာ ဤအာယသ်တော်သည် ပေးကမ်းလှူဒါန်းခြင်းနည်းလမ်းပေါင်းစုံ ဝါဂျိဗ်ဖြစ်စေ၊ နဖလ် ဖြစ်စေ အားလုံးကို အကြုံးဝင်စေပါသည်။ ၎င်းနောက် ပေးကမ်းလှူဒါန်းမှုအားလုံးတို့ကို လျှို့ဝှက်နိုင်သမျှ လျှို့ဝှက်စွာ လုပ်ဆောင်ခြင်းသည် ပို၍နှစ်သက်ဖွယ်ရာဖြစ်ပါသည်။ ပေးကမ်းလှူဒါန်းခြင်းအမှုကို လျှို့ဝှက်စွာ လုပ်ဆောင်ခြင်းသည် ဘာသာရေးနှင့်သက်ဆိုင်သော အကျိုးစဝါဇ်များစွာရှိပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြစားမှုဖြစ်နိုင်ခြင်းမှကင်းဝေးစေခြင်း၊ လူအများ့ရှေ့တွင် ပေးကမ်းလှူဒါန်းခြင်းကို လက်ခံရန် ရှက်ကြောက် နေသောသူများကိုလည်း ဂုဏ်သိက္ခာပို့ရှိစေခြင်းတို့ဖြစ်ပါသည်။ ထိုကဲ့သို့

လျှို့ဝှက်စွာလျှဒါန်းခြင်းသည် လောကီရေး ဆိုင်ရာ၌လည်း အကျိုးအမြတ်ရှိပါသည်။ အဘယ့်ကြောင့်နည်းဟူမူ ထို ကဲ့ သို့ လု ပ် ဆော င်ခြင်းကြော င့် တစ်စုံ တစ်ဦး ပို င် ဆို င် သည့် ဓန အင် အား အတို င်းအဆကို မသိနိုင်စေသောကြောင့်ဖြစ်ပါသည်။

သို့သော်လည်း လျှို့ဝှက်စွာပြုလုပ်ခြင်း၏ နှစ်လိုဖွယ်ရာဖြစ်မှုသည် 'မူ'အရသာဖြစ်ကြောင်း မှတ်ယူသင့်သည်။ ပေးကမ်းလျှဒါန်းမှုကို အပြင်ပန်းဆိုင်ရာအကြောင်းများကြောင့် လူသိရှင်ကြားလျှဒါန်းခြင်းသည် ပိုမို၍ နှစ်လိုဖွယ်ကောင်းသောအခြေအနေမျိုးများလည်းရှိပါသည်။ ယင်းတို့မှာ 'ဇကားသ်'ပေးကမ်းလျှဒါန်းခြင်းမရှိဟူသော အချို့သောစွတ်စွဲသူများကိုဖယ်ရှားရန်နှင့် အလျှုရှင်ကဲ့သို့ အခြားသူများကို လျှဒါန်းမှုဘက်သို့ဆွဲဆောင်ရန် တို့ဖြစ်သည်။ ထိုကဲ့သို့သောခြွင်းချက်များသည် မူလအခြေခံ'မူ'ကို မည်သည့်နည်းနှင့်မျှ မပျက်စီးစေပါ။

ဆွဒ်ကဟ် အလျှုဒါနပြုခြင်းကို လူသိရှင်ကြားမပြုရန် ညွှန်ကြားချက်ပေးပြီးသည့်နောက် အာယသ်တော်က **يُكَفِّرُ عَنكُم مِّن سَيِّاٰتِكُم** 'ထို့ပြင် (အလ္လာဟ်အရှင်မြတ်သည်) အသင်တို့၏ ဒုစရိုက်မှုအချို့တို့ကို ဖယ်ရှားတော်မူအံ့'ဟူ၍ မိန့်ကြားခဲ့ပါသည်။

အပြစ်ဒုစရိုက်များကိုဖယ်ရှားခြင်းသည် အလျှုဒါနပေးမ်းခြင်းအား လျှို့ဝှက်စွာပြုမူဆောင်ရွက်ခြင်းအတွက်သာ ကန့်သတ်ထားသည်ဟု အထက်ပါအာယသ်တော်က မဆိုလိုပါ။ အမှန်အားဖြင့်၊ လူသိရှင်ကြားပြုလုပ်သော လျှဒါန်းပေးကမ်းခြင်းသည်လည်း အထက်ပါအကျိုးကို ခံစားနိုင်ပါသည်။ ဤစာသားထဲတွင် အပြစ်ဒုစရိုက်များကို ဖယ်ရှားခြင်းကိုရည်ညွှန်းသည်မှာ အကယ်၍ တစ်စုံတစ်ဦးသည် လျှို့ဝှက်စွာပေးကမ်းလျှဒါန်းခြင်းသည် ဤကမ္ဘာလောကဌ မည်သို့မျှမသုံးမဝင်ဟူ၍ထင်မှတ်ခဲ့လျှင်လည်း သူသည်စိတ်အားမငယ်သင့်ပါ။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်သည် သူ၏အပြစ်ဂုနာဟ်များကို ခွင့်လွှတ်ပါလိမ့်မည်။ ဤသည်ပင်လျှင် သူ့အတွက် ကြီးမားသော အကျိုးအမြတ်ကြီးပင်တည်း။

(၆) အာယသ် (၂၇၂) **لَيْسَ عَلَيْكَ هُدَاهُمْ ﴿إلى قوله﴾ وَاَنْتُمْ لَا تُظْلَمُوْنَ** ' (အို-နဗီတမန်တော်) ထို(ကာဖိရ်)တို့အား တရားလမ်းမှန်သို့ အရောက်ပို့ဆောင်ခြင်းသည်---- ထို့ပြင် အသင်တို့သည် (မိမိတို့၏ အလျှဒါနများနှင့်စပ်လျဉ်း၍) မတရားပြုခြင်းကို ခံကြရမည်မဟုတ်ပေ။

'ဆွဒ်ကဟ်'လျှဒါန်းပေးကမ်းခြင်းကို မုစ်လင်မ်မဟုတ်သူတစ်ဦးအား ပေးကမ်းခဲ့လျှင်လည်း နောင်တမလွန်ဘဝ၌ ဆုလာဘ်ရရှိသည်ဟု ဤအာယသ်တော်ရှင်းလင်းပြထားပါသည်။ မုစ်လင်မ်တစ်ဦး 'ဆွဒ်ကဟ်'လျှဒါန်းပေးကမ်းခြင်းသည် အထက်ပါဆုလာဘ်ကိုရရှိရန်ဟူသော အခြေခံရည်မှန်းချက်ဖြစ်သောကြောင့် သူသည် မုစ်လင်မ်များကိုသာ ပေးကမ်းရမည်ဟူ၍ သူ့ကိုယ်သူ မကန့်သတ်သင့်ပါ။ ၎င်းပြင် ထိုကဲ့သို့ မပေးကမ်းခြင်းသည် မုစ်လင်မ်မဟုတ်သူများအား အစွလာမ်ဘာသာဘက်သို့ ဆွဲဆောင်နိုင်ပါလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဆင်းရဲချို့တဲ့သော မုစ်လင်မ်မဟုတ်သူများအား မပေးကမ်းလျှဒါန်းခြင်းမှ ရှောင်ရှားသင့်သည်။ အဘယ့်ကြောင့်ဆိုသော် မုစ်လင်မ်တစ်ဦးအား မုစ်လင်မ်မဟုတ်သူများ လမ်းမှန်ပေါ်သို့ရောက်ရှိအောင် လုပ်ဆောင်ရန် တာဝန်အပ်နှင်းထားခြင်းမရှိပါ။ (နောင်တမလွန်ဘဝတွင်ရရှိမည့် အကျိုးဖြစ်သော) သူ၏ကောင်းရာကောင်းကျိုးအတွက်သာ ရှာဖွေဆည်းပူးသင့်ပါသည်။ ထိုကောင်းရာကောင်းကျိုးသည် မုစ်လင်မ်မဟုတ်သူတစ်ဦးအား 'ဆွဒ်ကဟ်' ပေးကမ်းလျှဒါန်းခြင်းမှလည်း ရရှိနိုင်ပါသည်။

ကျွန်ုပ်တို့ ရှင်းလင်းစွာသိထားရမည်မှာဤတွင် ရည်ညွှန်းသော 'ဆွဒ်ကာတ်'သည် 'နဖလ်' ဆွဒ်ကာတ်များသာ ဖြစ်ပါသည်။ ထိုကဲ့သို့ 'ဆွဒ်ကဟ်'များကို 'ဇင်မီ' (မုစ်လင်မ်အုပ်ချုပ်မှုအောက်တွင် မှီတင်းနေထိုင်သော မုစ်လင်မ်မဟုတ်သူ တိုင်းသူပြည်သား)ကိုလည်း ပေးနိုင်ပါသည်။ မပေးမနေရဖြစ်သော 'ဝါဂျိဗ်' ဇကားသ်ကို ဤနေရာ၌ မဆိုလိုပါ။ ထိုကဲ့သို့သော အလျှဒါနပေးကမ်းမှုကို မုစ်လင်မ်တစ်ဦးကလွဲ၍ မည်သူ့ကိုမျှ ပေးပိုင်ခွင့် မရှိပါ။ (မဇ်ဟရီ) မည်ကဲ့သို့သော 'ဆွဒ်ကာတ်'အမျိုးအစားကိုမှ 'ဟာဘီ' (မုစ်လင်မ်မဟုတ်သူများ အုပ်ချုပ်သော နိုင်ငံတွင် နေထိုင်သော မုစ်လင်မ်မဟုတ်သူ)တစ်ဦးအား ပေးပိုင်ခွင့်မရှိချေ။ သို့သော်လည်း(ဇင်မီ)များအား (ဆွဒ်ကာတ်) လျှဒါန်းမှုအားလုံး မပြုမနေရတာဝန်ဖြစ်စေ၊ နဖလ်ဖြစ်စေ ပေးပိုင်ခွင့်ရှိသည်။ ဤအာယသ်တော်ထဲ၌ 'ဇကားသ်'ကို ထည့်သွင်းဖော်ပြ ခဲ့ခြင်းမရှိပါ။

(၇) အာယသ် (၂၇၃) **لِلْفُقَرَاءِ الَّذِينَ أُحْصِرُوا فِي سَبِيلِ اللَّهِ ﴿إلى قوله﴾ فَإِنَّ اللَّهَ بِهِ عَلِيمٌ** '(အလျှဒါနများသည်) အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ ..... အလ္လာဟ်အရှင်မြတ်သည် အကြွင်းမဲ့သိရှိတော်မူသောအရှင်ဖြစ်တော်မူချေသတည်း။'

ဤတွင် 'အလ်ဖုကာရာ' (နွမ်းပါးချို့တဲ့သူ၊ ကိုယ်ခန္ဓာရှင်သန်ရေးအတွက် အထောက်အပံ့ လိုအပ်သူများ) ဟူသောစကားလုံးသည် ၎င်းတို့၏ ရှိရင်းစွဲဘာသာရေးဆိုင်ရာ အယူအဆများကြောင့် အခြားခြားသော အလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်းမရှိသူအားလုံး အကြုံးဝင်ပါသည်။ ....

**يَحْسَبُهُمُ الْجَاهِلُ أَغْنِيَاءَ مِنَ التَّعَفُّفِ** .... 'အိန္ဒြေစောင့်စည်းခြင်းကြောင့် မသိနားမလည်သောသူသည် ယင်းတို့အား ကုံလုံကြွယ်ဝသူများဟူ၍ ထင်မှတ်လေ သည်။'

ဤအာယသ်တော်က မိန့်ကြားသည်မှာ 'ဖကီရ်' (ဇကားသ်၏ နိဆွားဗ်ကို မပိုင်ဆိုင်သူ)တစ်ဦးသည် အဖိုးတန်အဝတ်အစားများ ဝတ်ဆင်ထားခြင်းကြောင့် 'ထောက်ပံ့မှုမလို'ဟု မယူဆသင့်ပါ။ သူ့ကို 'ဖကီရ်'အဖြစ်သာ သတ်မှတ်ရမည်။ ထိုကဲ့သို့သောသူတစ်ဦးအား 'ဇကားသ်'ပေးခြင်း မှန်ကန်ပါလိမ့်မည်။ (ကုရ်တုဗီ)

.... **تَعْرِفُهُمْ بِسِيمَاهُمْ** .... 'အသင်သည် ယင်းသူတို့၏ ရုပ်ရည်လက္ခဏာအမူအရာ(ကိုကြည့်ရုံ)ဖြင့် (ထိုသူတို့၏ ဆင်းရဲနွမ်းပါးခြင်းကို)သိမြင်နိုင်ပေသည်။

ဤအာယသ်တော်ကမိန့်တော်မူသည်မှာ အခြေအနေပေါ်အခြေခံ၍ တွေ့ရှိရသော အထောက်အထားများအရ ဥပဒေများထုတ်ပြန်ခြင်းသည် မှန်ကန်ပါသည်ဟူ၍ဖြစ်ပါသည်။ ပမာဆိုသော် လူသေ အလောင်းတစ်လောင်းသည် ခါးတွင် 'ဇွန်နာ' (ဘာသာမဲ့သူတို့၏ သင်္ကေတဖြစ်သော ခါစီးကြိုး) ခိုနှောင်ထား၍ စွန့်သလုပ်ထားခြင်းလည်းမရှိကြောင်းတွေ့ရှိရပါက ထိုလူသေအလောင်းအား မုစ်လင်မ်များမြုပ်နှံသင်္ဂြိုဟ်သော သချိုင်းတွင် မမြုပ်နှံရပါ။ (ကုရ်တုဗီ) .... **لَا يَسْعَلُونَ النَّاسَ إِلْحَافًا** .... 'ယင်းသူတို့သည် လူတို့ထံ တွယ်ကပ်၍ တောင်းရမ်းခြင်းကိုလည်း မပြုကြချေ။ အပေါ်ယံအားဖြင့် ဤအာယသ်တော်က ဆိုလိုသည်မှာ သူတို့သည် တွယ်ကပ်၍ သွေးဆောင်ဖြားယောင်းမှုမလုပ်ပါ။ သို့ရာတွင် တွယ်ကပ်မှုမပါသော သွေးဆောင်မှုတော့ရှိပါသည်ဟူ၍ ဋီကာရှင်အချို့ ဖွင့်ဆိုခဲ့ကြသည်။ သို့သော် ဋီကာရှင်များ အညီအညွတ်ဆုံးဖြတ်ချက်အရဆိုလျှင် **لأنهم متعففون عن المسالة عفة تامة** သူတို့သည်မတောင်းရမ်းရုံသာမက တောင်းရမ်းခြင်းမှ လုံးဝရှောင်ကြဉ်ကြသည်ဟူ၍ ဆိုလိုပါသည်။ (ကုရ်တုဗီ)

(၈) အာယသ် (၂၇၄) **اَلَّذِيْنَ يُنْفِقُوْنَ اَمْوَالَهُمْ بِالَّيْلِ وَالنَّهَارِ** အကြင်သူတို့သည် မိမိတို့၏ ဥစ္စာပစ္စည်းများကို နေ့ည၌မရွေး (အခါခပ်သိမ်း) လျှို့ဝှက်စွာဖြင့် (တစ်မျိုး) ထင်ရှားစွာဖြင့်(တစ်ဖုံ) လှူဒါန်းသုံးစွဲကြကုန်၏။

အလ္လာဟ်အရှင်မြတ်၏လမ်းတွင် လှူဒါန်းသုံးစွဲလေ့ရှိသူတို့၏သာလွန်ကောင်းမြတ်ခြင်းနှင့် ကြီးမားသော ဆုလာဘ်အကြောင်းကို ဤအာယသ်တော်တွင်တင်ပြထားသည်။ ထိုသူများတို့သည် အခြေအနေအချိန်အခါ အားလုံးတွင်လည်းကောင်း၊ နေ့တွင်လည်းကောင်းညတွင်လည်းကောင်း လျှို့ဝှက်စွာဖြင့်လည်းကောင်း လူသိရှင်ကြားဖြင့်လည်းကောင်းနည်းပေါင်းစုံဖြင့် အလ္လာဟ်အရှင်မြတ်လမ်းတွင် သုံးစွဲနေကြသူများဖြစ်ကြပါသည်။ တွေးတောဆင်ခြင်မှုအားဖြင့် 'ဆွဒ်ကဟ်'နှင့် 'ခိုင်ရသ်'လှူဒါန်းသုံးစွဲမှုများအတွက် သတ်မှတ်ထားသည့်အချိန်ကာလမရှိကြောင်းကိုလည်း အာယသ်တော်ကဖော်ပြပါသည်။ နေ့အချိန်တွင်လှူဒါန်းရန်ဟူ၍လည်းကောင်း ညအချိန်တွင် လှူဒါန်းရန်ဟူ၍လည်းကောင်း လှူဒါန်းရန်ကန့်သတ်ထားချက်မရှိပါ။ အလားတူစွာ အလ္လာဟ်အရှင်မြတ်၏လမ်း၌ လှူဒါန်းသုံးစွဲခြင်းသည် လျှို့ဝှက်စွာဖြစ်စေ၊ ပွင့်လင်းသည်ဖြစ်စေ လှူဒါန်းခြင်းနှစ်မျိုးစလုံးသည် 'စဝါဗ်'ရစေသော အပြုအမူများဖြစ်ကြပါသည်။ သို့ရာတွင် နာမည်ကြီးစေရန်နှင့် ဂုဏ်သတင်းကျော်ဇောရန်အတွက် လှူဒါန်းခြင်းမျိုးမဖြစ်စေဘဲ ဖြူစင်ရိုးသားသော 'အိခ်လားဆ်'ဖြင့်သာ လှူဒါန်းသင့်သည်ဟူသော အခြေအနေမျိုးသာရှိသည်။ လျှို့ဝှက်စွာလှူဒါန်းခြင်း၏ ကောင်းမြတ်ခြင်းကို လူသိရှင်ကြားလှူရန် အရေးတကြီးမလိုအပ်သည့် အခြေအနေမျိုး၌သာ ကန့်သတ်ထားပါသည်။ လူသိရှင်ကြားလှူဒါန်းရန် အရေးတကြီးလိုအပ်လာသော အခြေအနေမျိုးရှိလာပါက ထိုကဲ့သို့ လူသိရှင်ကြားလှူဒါန်းခြင်းမျိုးသည် ဧကန်မုချသာလွန်၍ကောင်းမွန်ပါသည်။

အိဗ်နိအဆာကီးရ်၏ ခိုင်လုံမှုအပေါ် အခြေခံ၍ ရူဟုလ်မအာနီကျမ်းပါ ဆင့်ပြန်ချက်တစ်ရပ်မှသိရသည်မှာ စိုက်ယိဒနာ အဗူဗကရ်(**رضى الله عنه**)သည် အလ္လာဟ်အရှင်မြတ်၏လမ်းတော်၌ 'ဒီနာ'လေးသောင်းလှူဒါန်း သုံးစွဲခဲ့ပါသည်။ 'ဒီနာ'တစ်သောင်းကိုနေ့အခါ၌လည်းကောင်း၊ 'ဒီနာ'တစ်သောင်းကို ညအခါ၌လည်းကောင်း၊ 'ဒီနာ' တစ်သောင်းကို လူသိရှင်ကြားအနေနှင့်လည်းကောင်း၊ ကျန်'ဒီနာ'တစ်သောင်းကို လျှို့ဝှက်စွာလှူဒါန်းပေးကမ်းခဲ့ပါသည်။ ဤစိုက်ယိဒနာ အဗူဗကရ်(**رضى الله عنه**)သခင်နှင့်ပတ်သက်သော အဖြစ်အပျက်သည် ဤအာယသ်တော်ကျရောက်ရခြင်း၏ နောက်ကြောင်းဖြစ်သည်ဟု အချို့သောဋ္ဌီကာရှင်များက ဆိုကြပါသည်။ ဤအာယသ်တော်ကျရောက်ရခြင်း၏အခြေအနေများနှင့် ပတ်သက်သော အခြားသောအယူအဆများလည်းရှိကြပါသည်။

v v v v v v v

အာယသ် (၂ : ၂၇၅-၂၈၁)

اَلَّذِيْنَ يَاْكُلُوْنَ الرِّبٰوا لَا يَقُوْمُوْنَ اِلَّا كَمَا يَقُوْمُ الَّذِيْ
يَتَخَبَّطُهُ الشَّيْطٰنُ مِنَ الْمَسِّ ۭ ذٰلِكَ بِاَنَّهُمْ قَالُوْٓا اِنَّمَا الْبَيْعُ
مِثْلُ الرِّبٰوا ۘ وَاَحَلَّ اللّٰهُ الْبَيْعَ وَحَرَّمَ الرِّبٰوا ۭ فَمَنْ جَاۗءَهٗ
مَوْعِظَةٌ مِّنْ رَّبِّهٖ فَانْتَهٰى فَلَهٗ مَا سَلَفَ ۭ وَاَمْرُهٗٓ اِلَى اللّٰهِ ۭ
وَمَنْ عَادَ فَاُولٰۗىِٕكَ اَصْحٰبُ النَّارِ ۚ هُمْ فِيْهَا خٰلِدُوْنَ ۝
يَمْحَقُ اللّٰهُ الرِّبٰوا وَيُرْبِي الصَّدَقٰتِ ۭ وَاللّٰهُ لَا يُحِبُّ كُلَّ
كَفَّارٍ اَثِيْمٍ ۝ اِنَّ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ وَاَقَامُوا
الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ لَهُمْ اَجْرُهُمْ عِنْدَ رَبِّهِمْ ۚ وَلَا
خَوْفٌ عَلَيْهِمْ وَلَا هُمْ يَحْزَنُوْنَ ۝ يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا اتَّقُوا
اللّٰهَ وَذَرُوْا مَا بَقِيَ مِنَ الرِّبٰٓوا اِنْ كُنْتُمْ مُّؤْمِنِيْنَ ۝ فَاِنْ
لَّمْ تَفْعَلُوْا فَاْذَنُوْا بِحَرْبٍ مِّنَ اللّٰهِ وَرَسُوْلِهٖ ۚ وَاِنْ تُبْتُمْ
فَلَكُمْ رُءُوْسُ اَمْوَالِكُمْ ۚ لَا تَظْلِمُوْنَ وَلَا تُظْلَمُوْنَ ۝ وَاِنْ
كَانَ ذُوْ عُسْرَةٍ فَنَظِرَةٌ اِلٰى مَيْسَرَةٍ ۭ وَاَنْ تَصَدَّقُوْا خَيْرٌ
لَّكُمْ اِنْ كُنْتُمْ تَعْلَمُوْنَ ۝ وَاتَّقُوْا يَوْمًا تُرْجَعُوْنَ فِيْهِ
اِلَى اللّٰهِ ۡ ثُمَّ تُوَفّٰى كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لَا يُظْلَمُوْنَ ۝

"အတိုးအညွှန့်စားသူတို့သည် (ရှင်ပြန်ထမည့်နေ့တွင် သခ်ျိုင်းတွင်းမှထကြသောအခါ) ကောင်းမွန်စွာမရပ်နိုင်ကြဘဲ ရှိုက်တွာန်ဖမ်းစား၍ အသိဉာဏ်မှောက်မှားရူးသွပ် တွေဝေနေသူများကဲ့သို့သာလျှင် ရပ်ကြကုန်အံ့။ဤကဲ့သို့ဖြစ်ရခြင်းကား ယင်းသူတို့က 'ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းသည်လည်း အတိုးအညွှန့်စားခြင်းနှင့်ထပ်တူထပ်မျှသာဖြစ်သည်'ဟု ပြောဆိုကြခြင်းကြောင့်ဖြစ်လေသည်။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းကို ခွင့်ပြုထားတော်မူ၍ အတိုးအညွှန့်စားခြင်းကိုမူကား တားမြစ်တော်မူခဲ့လေသည်။ သို့ဖြစ်လေရာ အကြင်သူသည် မိမိအားမွေးမြူတော်မူသော အရှင်မြတ်၏ အထံတော်မှ (အတိုးအညွှန့်ကို မြစ်တားခြင်းနှင့်စပ်လျဉ်း၍) ဆုံးမသြဝါဒ ရောက်ရှိလာပေရာ (အတိုးအညွှန့်စားခြင်းကို) စွန့်လွှတ်ရပ်ဆိုင်းလိုက်ပါမူ ယခင်က (လက်ခံပြီးစားသုံးခဲ့သော)ယူခဲ့သော (အတိုးအညွှန့်ကြေးငွေများသည်) ထိုသူ၏ပစ္စည်းများပင်တည်း။ ထို့ပြင်တစ်ဝထိုသူ၏(အတွင်းရေး)ကိစ္စသည် အလ္လာဟ်အရှင်မြတ်အထံတော်သို့ အပ်နှံပြီးဖြစ်လေသည်။ သို့ရာတွင်အကြင်သူတို့သည် (အလ္လာဟအရှင်မြတ်အထံတော်မှ အတိုးအညွှန့်နှင့် စပ်လျဉ်းသော ပညတ်တော်များရောက်ရှိလာပြီးသည့်နောက်) တစ်ဖန်ထပ်မံ၍ (အတိုး အညွှန့်စားခြင်းကို)ပြုကြပါမူ ထိုသူတို့သည် ငရဲသားများပင်ဖြစ်ကြကုန်၏။ ထိုသူတို့ သည် ငရဲမီးတွင် ထာဝစဉ်(ဒုက္ခကြီးစွာ)ခံစားနေထိုင်ကြရမည့်သူများဖြစ်ကြကုန် သတည်း။" (၂း၂၇၅)

"အလ္လာဟ်အရှင်မြတ်သည် အတိုးအညွှန့်ကို ဆုတ်ယုတ်ပျက်စီးစေတော်မူ၍ (ပေးကမ်း စွန့်ကြဲသုံးစွဲကြကုန်သော)အလှူဝတ္ထုများကိုမူ (ဆထက်ထမ်းပိုး)တိုးပွားစေတော်မူ၏။ အမှန်သော်ကား အလ္လာဟ်အရှင်မြတ်သည် ယုံကြည်ခြင်းသဒ္ဓါတရားကင်းမဲ့သော ပြစ်မှုဒုစရိုက်ကျူးလွန်သော မည်သူတစ်ဦး တစ်ယောက်ကိုမျှ နှစ်သက်တော်မူသည် မဟုတ်ချေ။" (၂း၂၇၆)

"မုချဇကန် အကြင်သူတို့သည် ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြ၍ ကောင်းမြတ်သော အကျင့်သီလများကိုလည်း ဆောက်တည်ကြကုန်၏။ ထို့ပြင်တစ်ဝယင်းသူ ၏တို့သည် 'ဆွလာသ်'ဝတ်ပြုကြကုန်၏။ ၎င်းပြင် ထိုသူတို့သည် 'ဇကားသ်' တရားဝင်ဒါနကြေးကို လည်း ပေးဆောင်ကြကုန်၏။ ယင်းသူတို့၏အကျိုးဆုလာဘ်သည် ယင်းသူတို့အား မွေးမြူတော်မူသောအရှင်မြတ်၏အထံတော်၌ (အသင့်)ရှိ၏။ ၎င်းပြင် ယင်းသူတို့အဖို့ရာ မည်သည့်စိုးရိမ်ကြောက်ရွံ့ခြင်းမျှရှိချေ။ ၎င်းပြင် ယင်းသူတို့သည် ဝမ်းနည်းပူဆွေးကြမည်လည်းမဟုတ်ပေ။" (၂း၂၇၇)

**"အို-ယုံကြည်သူအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ယုံကြည်သူများဖြစ်ကြပါမူ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့လေးစားရိုသေခန့်ညားကြကုန်။ ၎င်းပြင်ကြွင်းကျန် လျက်ရှိသော အတိုးအညွှန့်များကိုလည်း စွန့်လွှတ်ကြကုန်။" (၂း၂၇၈)**

**"တစ်ဖန် အကယ်၍သာ သင်တို့သည် (အတိုးအညွှန့် မစားသုံးအပ်ခြင်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်များကို မလိုက်နာ)မပြုလုပ်ခဲ့ကြပါမူ အလ္လာဟ် အရှင်မြတ်နှင့် ၎င်းထိုအရှင်မြတ်၏ရစူလ်တမန်တော် (မုဟမ္မဒ ﷺ)နှင့်လည်းကောင်း စစ်မက်ဖြိုင်ဆိုင်တိုက်ခိုက်ကြရန် အဆင်သင့်ရှိကြကုန်။ သို့ရာတွင် အကယ်၍သာ အသင်တို့သည် နောင်တတရားရရှိကာ (အတိုးအညွှန့်စားသုံးခြင်းကို စွန့်လွှတ်၍ အလ္လာဟ်အရှင်မြတ်ဘက်သို့) ပြန်လှည့်ကြပါလျှင် အသင်တို့သည် မိမိတို့(ချေးငှား ထားသော)ငွေရင်းများကို ပိုင်ဆိုင်ခွင့်ရှိကြကုန်၏။ (မတည်ငွေရင်းများထက် ပိုမို၍ အတိုးအညွှန့်မယူခြင်းအားဖြင့်) အသင်တို့သည် (သူတစ်ပါးကို) မတရားဆုံးရှုံး နစ်နာ စေကြမည်လည်းမဟုတ်။ (မိမိတို့၏ မ,တည်ငွေရင်းများကို ပြန်လည်ရရှိခြင်းအားဖြင့် သူတစ်ပါးတို့၏) မတရားဆုံးရှုံးနစ်နာစေခြင်းကိုလည်း ခံကြရမည်မဟုတ်ပေ။" (၂း၂၇၉)**

**"တစ်ဖန် အကယ်၍(မြီစားသည်) ဆင်းရဲနွမ်းပါးသူဖြစ်၍ (အသင်တို့ကြွေးမြီများကို) အချိန်မီမပေးဆပ်နိုင်ခဲ့ပါမူ ထိုသူအား) ဥစ္စာပစ္စည်းချောင်လည်သည်အထိ အချိန်ကို ရွှေ့ဆိုင်း၍ပေးရမည်။ သို့ရာတွင် အကယ်၍ သင်တို့သည် သိတတ်ကြပါမူ (မြီစား၏ ဒုက္ခကို ထောက်ထားညှာတာသည့်သဘောဖြင့် မိမိတို့ရထိုက်သောကြွေးမြီကိုပင်) အလှူဒါနအဖြစ် (စာရင်းချေပွတ်)စွန့်လွှတ်ခြင်းသည် အသင်တို့အဖို့ သာ၍ပင် ကောင်းမြတ်ပေသတည်း။" (၂း၂၈၀)**

**"ထို့ပြင်တစ်ဝ (အို-မုစ်လင်မ်အပေါင်းတို့) အသင်တို့သည် အကြင်နေ့ကို ကြောက်ရွံ့ကြကုန်။ ထိုနေ့တွင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ထံတော်သို့ ပြန်လည် ရောက်ရှိကြကုန်အံ့။ ထို့နောက် လူတိုင်းသည် မိမိတို့ရှာဖွေဆည်းပူးခဲ့ကြသော (ကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးအပြစ်များကို) အပြည့်အစုံပေးခြင်းခံကြရလတ္တံ့။ သို့ရာတွင် ယင်းသူတို့သည် (ထိုကဲ့သို့ အကျိုးအပြစ်ပေးခံကြရာတွင်) တစ်စုံတစ်ရာမျှ မတော်မတရားနစ်နာဆုံးရှုံးခြင်းကို ခံကြရမည်မဟုတ်ပေ။" (၂း၂၈၁)**

## အတိုးအား တားမြစ်ပိတ်ပင်ခြင်း

အတိုးစားခြင်းအားပိတ်ပင်တားမြစ်ခြင်းနှင့် ယင်း၏တရားမဝင်မှုနှင့်ဆက်နွယ်သည့် အမိန့်ပညတ်ချက်များကို ဖော်ပြကာ ဤအာယသ်တော်များ စတင်ခဲ့ပါသည်။ ဤကိစ္စသည် ရှုထောင့်မျိုးစုံမှ အလွန်အရေးကြီးသော

ကိစ္စရပ်ဖြစ်ပါသည်။ တစ်ဖက်တွင် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်တို့၏ ပြင်းထန်သော သတိပေးချက်များရှိပြီး အခြားတစ်ဖက်၌ ကမ္ဘာ့စီးပွားရေးတွင်မပါလျှင်မဖြစ်ဟု မှတ်ယူထားမှုများရှိကြပါသည်။ ဤအရာမှ ရုန်းထွက်ရန်ဆန္ဒသည် အခက်အခဲမျိုးစုံနှင့် ရောယှက်နေဟန်ရှိပါသည်။ ဤပြဿနာသည် အလွန်အနုစိပ်ရန်လိုအပ်ပါသဖြင့် ဖြစ်နိုင်ခြေရှိသော ဘက်ပေါင်းစုံမှ သုံးသပ်ရပါမည်။

ပထမဦးစွာ ကျွန်ုပ်တို့ ကြုံတင်စဉ်းစားထားရမည်မှာ ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်တော်များနှင့် ခိုင်လုံသောဟဒီးဆ်တော်များအား မှန်ကန်စွာအဓိပ္ပာယ်ဖွင့်ဆိုရန်ပင်ဖြစ်သည်။ ၎င်းနောက် ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်ပါအသုံးအနှုံးအရ အတိုးဟူသည် မည်သည်ဆိုသည်ကို ဆင်ခြင်သုံးသပ်ရပါမည်။ ထိုအတိုးသည် မည်သည့်ရောင်းဝယ်ဖောက်ကားမှုများတွင် ပါဝင်ပက်သက်သနည်း။ တားမြစ်ခြင်း၏နောက်ကွယ်ရှိအသိဉာဏ်သည် မည်သည်နည်းနှင့် လူမှုအဖွဲ့အစည်းတွင် မည်ကဲ့သို့သော အန္တရာယ်များကျရောက်မည်ကို ဆင်ခြင်သုံးသပ်ရပါမည်။ 'ရိဗာ'၏ဒုတိယအသွင်သဏ္ဌာန်သည် အသိဉာဏ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးပိုင်ဆိုင်ရာတို့ဖြစ်ပါသည်။ ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို အတိုးက အာမခံချက်ပေးသောကြောင့် ယင်းအား ရပ်ဆိုင်းလိုက်ပါလျှင် ကူးသန်းရောင်းဝယ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ရပ်များသည် ပျက်စီးသွားလိမ့်မည်ဆိုသည်မှာ မှန်ကန်ပါသလား။ သို့မဟုတ် ဤမကောင်းမှုသံသရာလည်မှုတစ်ခုလုံးသည် အလွှာဟ်အရှင်မြတ်နှင့် နောင်တမလွန်ဘဝကို ဂရုမပြုသောသူများတို့၏ လုပ်ရပ်ပင်လော။ သို့မဟုတ်လျှင် အလုံးစုံသောစီးပွားရေးပြဿနာများသည် သူမပါဘဲနှင့်လည်း ဖြေရှင်း၍ရနိုင်ပါသည်။ တစ်ဆင့်တက်လှမ်းရသော် အတိုးနှင့်ပတ်သက်သော ပြဿနာအားလုံးကို ဖြေရှင်းရန်မဆိုထားဘိ၊ အတိုးကိုပယ်ရှားခြင်းအားဖြင့် ကမ္ဘာပေါ်တွင် စီးပွားရေးအေးချမ်းသာယာမှု ရရှိနိုင်လိမ့်မည်ဟု ပြောနိုင်ပါသည်။ အတိုးသည် ကမ္ဘာ့စီးပွားရေးကပ်ရောဂါဖြစ်ရခြင်း၏ အကြီးမားဆုံးသော အကြောင်းရင်းဖြစ်သည်။

စီးပွားရေးဆိုင်ရာပြဿနာများကို ဆွေးနွေးသည့် အတိုး၏ ဒုတိယအသွင်သဏ္ဌာန်အောက်တွင် ကုရ်အာန်ကျမ်းတော်မြတ် အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်မပတ်သက်သည့် အကြောင်းအရာများပါသဖြင့် ကျွန်ုပ်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အဓိပ္ပယ်ဖွင့်ဆိုချက်နှင့်ပတ်သက်သော အကြောင်းအရာများကိုသာ ဆွေးနွေးရန် ကန့်သတ်လိုက်ပါမည်။ ဤတွင်လည်း အနုစိပ်ဆွေးနွေးရန် အများအပြားလိုအပ်ပါသည်။

ဤတွင် ကျွန်ုပ်တို့မှာ အာယသ်တော်ခြောက်ခုရှိပြီး အတိုးကိုတားမြစ်ကြောင်းဖော်ပြ၍ ယင်းနှင့်ဆက်နွယ်သည့်အမိန့်ပညတ်ချက်များကို ချမှတ်ထားပါသည်။ ဤအာယသ်တော်ခြောက်ခုအနက် ပထမအာယသ်၏ ပထမစာကြောင်းတွင် ရောင်းဝယ်ဖောက်ကားမှုတွင် အတိုးပါဝင်ပတ်သက်ခဲ့သောသူများတို့၏ ဝမ်းနည်းဖွယ်ရာအဆုံးသတ်မှုနှင့် ပြန်လည်ရှင်ပြန်ထရမည့်နေ့တွင် ထိုသူတို့ဂုဏ်သရေမဲ့စွာ ဖရိုဖရဲအနေအထားဖြင့် ပြန်လည်ရှင်ပြန်ထရမည့်အကြောင်းကို ဖော်ပြထားပါသည်။ အာယသ်တော်က မိန့်ထားသည်မှာ အတိုးစားသူသည် ပုံမှန်မတ်တပ်ရပ်ခြင်းမျိုးမဟုတ်ဘဲ ရှိုက်တွာန် သို့မဟုတ် ဂျင် ဝင်ပူးထားသည့်လူတစ်ဦးပမာ ရူးသွပ်နေသည့် အနေအထားတွင်ရှိပါလိမ့်မည်။ ဟဒီးဆ်တော်တစ်ပုဒ်တွင်ပါရှိသည့် 'လာယကူမူန'(မရပ်ပါ)ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ ရှင်ပြန်ထရမည့်နေ့တွင် အတိုးစားသူသည် သူ၏သခ်ျိုင်းမှပြန်လည်ထသောအခါ ဂျင် (သို့မဟုတ်) ရှိုက်တွာန်ဝင်ပူးထားသည့်သူရူးပမာ ပြန်ထပါလိမ့်မည်။

ဤဝါကျမှ ကျွန်ုပ်တို့ ပထမသိရှိရသည်မှာ 'ဂျင်' သို့မဟုတ် 'ရှိုက်တွာန်'ပူးခံရသောလူသားတစ်ဦးသည် မေ့မြောသွားနိုင်ပါသည်။ (သို့) ရူးသွပ်သွားနိုင်ပါသည်။ ထိုကဲ့သို့ ခံစားနေရသောသူများကိုလေ့လာခြင်းဖြင့် သက်သေပြနိုင်ပါ။ ဝက်ရူးပြန်ခြင်း၊ မေ့မြောသွားခြင်း (သို့) ရူးသွတ်ခြင်းတို့သည် များစွာသော အကြောင်းအမျိုးမျိုး တို့ကြောင့် ဖြစ်ပေါ်ပါသည်။ တစ်ခါတစ်ရံ ထိုအကြောင်းများထဲမှ အကြောင်းတစ်ခုသည် ဂျင် သို့ ရှိုက်တွာန် စီးခြင်းကြောင့်ဖြစ်သည်ကို ဆရာဝန်များနှင့် အတွေးအခေါ်ပညာရှင်များက မှန်ကန်ကြောင်း ဝန်ခံသည်ကို ဟာဖစ်အိပ်နိုကိုင်ယွန်အလ်ဂျော်ဇီယာ(رحمة الله عليه)က အတည်ပြုထားခဲ့ပါသည်။ အထက်ပါအဆိုကို ငြင်းပယ်သော သူများတွင် ယုံကြည်ရန်ခက်သည်ဟုပြောဆိုကြသည်မှလွဲ၍ အခြားပြောဆိုရန်မရှိပါ။

ဤတွင် မှတ်သားရန် ဒုတိယအချက်မှ အတိုးစားသူများသည် ရူးသွတ်နေသောအနေအထားဖြင့် ပြန်လည်ပြန်ထရမည်ဟု ကျမ်းတော်မြတ်ကုရ်အာန်က မိန့်ကြားခဲ့ခြင်းမရှိပါ။ ကျမ်းတော်မြတ်က ရည်ညွှန်းသည်မှာ တစ်မူထူးခြားသော ရူးသွတ်ခြင်း (သို့) တက်ခြင်း (သို့) ထုံထိုင်းတွေဝေမေ့မြောခြင်းတို့သာဖြစ်ပါသည်။ ရှိုင်တွာန်စီးခံရပြီးသည့်နောက် သူရူးပမာဆောက်တည်ရာမရဖြစ်နေသောသူတစ်ဦးကဲ့သို့ပမာပေးထားသည်။ ဤအမိန့်တွင်ပါရှိသော အညွှန်းမှာ ရံဖန်ရံခါရူးသွတ်သော (သို့) တက်နေသောသူတစ်ဦးသည် မလှုပ်မရှားနှင့် ငြိမ်သက်နေကြောင်း တွေ့ရသော်လည်း များသောအားဖြင့် ထိုသူများသည် ထိုကဲ့သို့ငြိမ်သက်နေသောအခြေအနေမျိုးတွင်မရှိကြပါ။ 'ရှိုက်တွာန်'စီးခြင်းကြောင့် ပေါက်တတ်ကရလုပ်ခြင်း၊ အာဘောင်အာရင်းသန်သန် အဓိပ္ပာယ်မရှိပြောနေခြင်းများဖြင့် ၎င်းတို့အား အတိုးစားသူဟု သိသာနိုင်ပါသည်။

ဤတွင် နောက်ထပ်အညွှန်းတစ်ခုလည်းရှိပါသေးသည်။ ရောဂါတစ်ခုဖြစ်ပွားပြီးသည့်နောက် ရူးသွတ်သွားခြင်း (သို့) မမေ့မြောခြင်းဖြစ်သွားသောသူများတွင် သူတို့၏ခံစားမှုအာရုံများသည် လုံးဝမရှိတော့ပါ။ ထိုသူများ၌ အပြစ်ဒဏ် (သို့) နာကြင်ခြင်းတို့မရှိတော့ပါ။ သို့ရာတွင် အတိုးစားသောသူများတွင် ထိုကဲ့သို့ ဘာမျှမခံစားရသောအခြေအနေမျိုးရှိလိမ့်မည်မဟုတ်ပေ။ ၎င်းတို့သည် မကောင်းဆိုးဝါး၏ လောင်းရိပ်အောက်တွင်ရှိသော သူတစ်ဦးကဲ့သို့ အပြစ်ဒဏ်နှင့် နာကြင်ခြင်းတို့ကို ပြည့်ပြည့်ဝဝခံစားရပါလိမ့်မည်။

ယခု ပြစ်မှုနှင့် ပြစ်ဒဏ် လိုက်လျောညီထွေမှုကို ကျွန်ုပ်တို့ ရှာဖွေရပါမည်။ တစ်စုံတစ်ခုသောပြစ်မှုကြောင့် လူတစ်ဦးအပေါ်၌ဖြစ်စေ၊ လူတစ်စုအပေါ်၌ဖြစ်စေ အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်ကျရောက်ခဲ့ပါလျှင် ထိုပြစ်ဒဏ်သည် ပြစ်မှုအတွက် ဧကန်မုချလျော်ကန်သင့်မြတ်ပါသည်။ ထို့ကြောင့် ပြန်လည်ရှင်ပြန်ထရမည့်နေ့တွင် အတိုးစားသူများအား ပြန်လည်ရှင်ထမြောက်ခြင်းကိစ္စတွင် အသိဉာဏ်ကင်းမဲ့စွာဖြင့် ပြန်လည်ရှင်ထရခြင်းသည် အချို့သောနှိုင်းယှဉ်ဖော်ပြမှုရှိသည်ကို ရည်ညွှန်းပါသည်။

အတိုးစားသူသည် ငွေကြေးအပေါ် လောဘရမ္မက်များလွန်းသောကြောင့် ဆင်းရဲနွမ်းပါးသူများအပေါ်၌ မကြင်နာခြင်း၊ သူလုပ်သမျှအတွက် မည်သူတစ်ဦးကိုမျှ မရှက်ကြောက်ခဲ့ပါ။ ဤကမ္ဘာလောကတွင် သူသည် အမှန်တကယ်အသိဉာဏ်ကင်းမဲ့ခဲ့သောကြောင့် ပြန်လည်ရှင်ပြန်ထရမည့်နေ့တွင် ထိုအခြေအနေတို့နှင့် ပြန်လည်ရှင်ထစေခဲ့ပါသည်။ သို့မဟုတ်ပါမူ သူ့အား ထိုကဲ့သို့အပြစ်ပေးခြင်းမှာ ဤကမ္ဘာလောကတွင်ရှိစဉ် သူတို့သည် ဆင်ခြင်တုံ တရားကို ဆင်ခြင်တုံတရားဟု မသိနားမလည်ကြောင်းဖော်ပြခဲ့ပါသည်။ ဆိုလိုသည်မှာ အတိုးစားခြင်း

ကို ကူးသန်း ရောင်းဝယ်ခြင်းပင်ဖြစ်သည်ဟု ကြေညာခဲ့ပါသည်။ ထို့ကြောင့် သူ့အား သူ၏စိတ်နေစိတ်ထား အမှန်များ ကင်းမဲ့စေပြီး ပြန်လည်ရှင်ထစေခဲ့ပါသည်။

ဤတွင်မှတ်သားထိုက်သည်မှာ အာယသ်တော်က 'ရအကူလူန' အတိုးစားခြင်းဟူသော အသုံးအနှုန်းကို သုံးထားခြင်း၏အကြောင်းမှာ ကုရ်အာန်ကျမ်းတော်မြတ်၏ သုံးနှုန်းနည်းအရဆိုလျှင် အတိုးယူခြင်းနှင့် အတိုးကို သုံးစွဲခြင်းဟုဆိုလိုပါသည်။ ယင်းမှာ အစားအသောက်ကိုဖြစ်စေ၊ အဝတ်အထည်ကိုဖြစ်စေ၊ အိုးအိမ်တို့၌ဖြစ်စေ၊ အိုးအိမ်များကို မွမ်းမံခြင်း၌ဖြစ်စေ သုံးစွဲခြင်းတို့ဖြစ်ပါသည်။

သို့ရာတွင် ဤသုံးစွဲမှုကို စားသောက်ခြင်းဟု ဖော်ထုတ်ထားခြင်းမှာ စားပြီးသမျှသည် ပြန်လည်ရယူ၍ မရနိုင်ဘဲ ပစ္စည်းဥစ္စာများတွင် သုံးစွဲခြင်း၌ ပစ္စည်းများကို ပြန်လည်ရယူနိုင်ပါသည်။ ထို့ကြောင့် လုံးဝဥဿုံပိုင်ဆိုင်ခြင်းနှင့် လက်ဝါးကြီးအုပ်မှုကို 'စားခြင်း'ဟူသောစကားဖြင့် ဖော်ပြထားခဲ့ပါသည်။ ဤတင်စားပြောဆိုချက်ကို အရဗီဘာသာစကားတွင်သာမက အုရ်ဒူ၊ ပါရှင်နှင့် များစွာသော ဘာသာစကားများတွင် တွေ့ရှိနိုင်ပါသည်။

ထို့နောက် ဒုတိယဝါကျစကာ အတိုးစားသူများအား အပြစ်ပေးခြင်း၏အကြောင်းရင်းကို ဖော်ပြထားပါသည်။ ထိုစာတမ်းတွင် မိန့်ကြားထားသည်မှာ ဤသူတို့သည် ပြစ်မှုနှစ်ခုကျူးလွန်ခဲ့သည်ဟူ၍ဖြစ်သည်။ (၁) ၎င်းတို့သည် အတိုးဖြင့်လုပ်ကိုင်ကာ တားထားသော 'ဟရာမ်'ကိုစားသုံးခြင်း၊ (၂) အတိုးဖြင့်လုပ်ကိုင်ဆောင်ရွက်ခြင်းကို တရားဝင် 'ဟလာလ်'ဟုမှတ်ယူပြီး 'ဟရာမ်'ဟုပြောကြားသူများကို ပြန်လည်ချေပသည့်အနေဖြင့် အတိုးနှင့်လုပ်ကိုင်ခြင်းသည် ရောင်းဝယ်ဖောက်ကားမှုနှင့် အတူတူပင်ဖြစ်ပါသည်'ဟု ပြောကြားခဲ့သည်။ ရောင်းဝယ်ဖောက်ကားခြင်းမှလည်း အကျိုးအမြတ်ရရှိသကဲ့သို့ အတိုးလုပ်ငန်းတွင်လည်း အကျိုးအမြတ်ရရှိပါသည်။ အကယ်၍ အတိုးသည် 'ဟရာမ်'တားမြစ်ထားခဲ့ပါလျှင် ရောင်းဝယ်ဖောက်ကားခြင်းသည်လည်း 'ဟရာမ်'ဟု သတ်မှတ်ရပါလိမ့်မည်။ သို့သော်လည်း အများအမြင်တွင် ရောင်းဝယ်ဖောက်ကားမှုကိုကား မည်သူကမျှမတားမြစ်ခဲ့ကြပါ။

ဤတွင် အခြေအနေများ၏ရည်ညွှန်းချက်အရဆိုလျှင် သူတို့ပြောနိုင်သည်မှာ အတိုးလုပ်ကိုင်ခြင်းသည် ရောင်းဝယ်ဖောက်ကားမှုနှင့်တူညီပါသည်။ ထို့ကြောင့် ရောင်းဝယ်ဖောက်ကားမှုသည် 'ဟလာလ်'တရားဝင်ဖြစ်ခဲ့ပါလျှင် 'အတိုး'သည်လည်း 'ဟလာလ်'တရားဝင်ဖြစ်သင့်ပါသည်။ သို့သော်လည်း သူတို့သည် သူတို့၏အဆိုအမိန့်ကို ပုံစံပြောင်းလဲကာ ရိဗာကို ဟရာမ်ဟုပြောသူများအား သရော်သည့်အဖြစ်သို့လွှဲ၍ 'အကယ်၍ အသင်တို့က အတိုးကို'ဟရာမ်'ဟုပြောခဲ့ပါလျှင် ရောင်းဝယ်ဖောက်ကားခြင်းကိုလည်း 'ဟရမ်'ဟုပြောရပါလိမ့်မည်'ဟု ပြောဆိုခဲ့သည်။

တတိယဝါကျတွင် ဤသူများပြောဆိုချက်ကို ပြန်လည်ဖြေကြားသည့်အနေဖြင့် အလ္လာဟ်အရှင်မြတ်သည် သူတို့၏ရပ်တည်ချက်ကိုပျက်စိမ့်သောဌာ ဤလူများထင်မှတ်ထားသော အတိုးနှင့်ရောင်းဝယ်ဖောက်ကားမှု တူညီခြင်းတွင်လည်း များစွာခြားနားမှုရှိသည်ဟု မိန့်ကြားခဲ့သည်။ ဤသည်လည်း အလ္လာဟ်အရှင်မြတ်၏ ဆန္ဒတော်နှင့် အမိန့်တော်အရသာလျှင်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် တစ်မျိုးကို 'ဟလာလ်'ဟုပြုလုပ်တော်မူခဲ့ပြီး အခြားတစ်ခုကို 'ဟရာမ်'ဟုပြုပ်တော်မူခဲ့ပါလျှင် ထိုနှစ်ခုသည် မည်ကဲ့သို့တူညီနိုင်ပါမည်နည်း။

ဤပြန်ကြားချက်ကို စိတ်တွင်စွဲမှတ်ကာ ဤသူများ(အတိုးကို ခုခံကာကွယ်သူများ)ငြင်းဆိုမှုသည် ယထာဘုတကျသောအချေအတင်ပြောဆိုမှုသက်သက်ပေါ်မှာသာ အခြေခံကြောင်း သတိပြုသင့်ပါသည်။ အကျိုးအမြတ်ရရန်ဟူသည်ကို ရည်ရွယ်ထားသောလုပ်ဆောင်မှုနှစ်ခုနှင့်ပတ်သက်သော ပညတ်ချက်တစ်ခုတည်းသာ ဖြစ်သင့်သည်ဟု သူတို့ကပြောကြသည်။ ခိုးမွမ်းထောမနာမှုအပေါင်းသည် အလ္လာဟ်အရှင်အတွက်သာဖြစ်သည်။ ထိုအရှင်သည် ၎င်းတို့၏ ယထာဘုတကျသောဒွိဟသံသယကို ယှဉ်ပြိုင်ယထာဘုတကျသော ရှင်းလင်းချက်ဖြင့် မဖြေကြားခဲ့ပါ။ ထိုသို့မဟုတ်မူဘဲ အလ္လာဟ်အရှင်မြတ်၏ 'ဟစ်က်မသ်'ဉာဏ်တော်အရ ပြောကြားရာတွင် အလ္လာဟ် အရှင်သည်သာ အရာအားလုံးတို့အား အကြွင်းမဲ့စိုးပိုင်တော်မူသောအရှင်ဖြစ်တော်မူသည်။ ထိုအရှင်တစ်ပါးတည်းသာ အန္တရာယ်နှင့် အကျိုးကျေးဇူး၊ အရာအားလုံးတို့၏ အဆိုး၊ အကောင်းကို ပြီးပြည့်စုံဆုံး သိရှိနားလည်တော်မူသောအရှင်ဖြစ်ပါသည်။ ထိုအရှင်က အချို့သောအရာများကို 'ဟလာလ်'ဖြစ်ပြီး အချို့သောအရာများကို 'ဟရာမ်' ဖြစ်သည်ဟု ကြေညာတော်မူခဲ့ပါလျှင် တစ်စုံတစ်ဦးသည် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ဟရာမ်ဟု ကြေညာထားသောအရာတွင် မကောင်းကျိုးများဖြစ်စေ၊ အန္တရာယ်များဖြစ်စေ ဆုံးရှုံးမှုများဖြစ်စေ ရှိရမည်ဟု ချက်ခြင်းသဘောပေါက် နားလည်သင့်ပါသည်။ အကြောင်းမှာ ဤစနစ်ကြီး၏အကြောင်းရင်းအမှန်နှင့် ထိုစနစ်အတွင်းရှိ အကျိုးကျေးဇူးနှင့်အန္တရာယ်တို့ကို 'အလင်မ်'သိရှိတော်မူသော 'ခဗီးရ်'သတိမူသောအရှင်တစ်ပါးတည်းသာလျှင် အလုံးစုံလွှမ်းခြုံသိရှိနိုင်ပါသည်။ ထိုအရှင်၏ 'ဟစ်က်မက်'ဉာဏ်တော်သည် ကမ္ဘာပေါ်ရှိ အသေးငယ်ဆုံးသော မြူမှုန့်၏အကြောင်းကိုပင် သိရှိတော်မူပါသည်။ ဤကမ္ဘာတွင် တစ်ဦးချင်းဖြစ်စေ၊ အစုလိုက်ဖြစ်စေ သူတို့၏ သင့်တော်သောအကျိုးအမြတ်များနှင့် သူတို့၏ ဆုံးရှုံးမှုများကိုသာ ဖော်ပြနိုင်ပါသည်။ သို့သော်လည်း ၎င်းတို့သည် ကမ္ဘာနှင့်အဝန်း ထိခိုက်စေနိုင်သော အန္တရာယ်များနှင့် အကျိုးအမြတ်များအကြောင်း အလုံးစုံကို လွှမ်းခြုံသိရှိနားလည်သည်ဟု မပြောနိုင်ပါ။ တစ်စုံတစ်ဦး (သို့) အုပ်စုတစ်စုအတွက် အကျိုးဖြစ်ထွန်းဟန်ရှိသောအရာများရှိပါသည်။ သို့ရာတွင် တစ်မျိုးသားလုံးအနေဖြင့်သော်လည်းကောင်း၊ တစ်တိုင်းပြည်လုံးအတိုင်းအတာနှင့်သော်လည်းကောင်း ကြည့်ရှုခဲ့သောအခါ ထိုအရာများသည် အန္တရာယ်ရှိကြောင်းတွေ့ရှိရပါသည်။

ပြီးနောက် တတိယဝါကျထဲတွင်မိန့်ကြားထားသည်မှာ လူတစ်ဦးသည် ရိဗာကို ဟရာမ်ဟု မသတ်ခဲ့မီက ယင်းကိစ္စမှ ငွေကြေးအချို့ကိုစုဆောင်းမိပြီး ရိဗာကို ဟရာမ်ဟုသတ်မှတ်ပြီးချိန်တွင် သောင်ဗဟ်ဖတ်၍ ရိဗာနောင်မည်သည့်အခါမျှ ယင်း၏အနီးသို့ မကပ်တော့ပါဟု ကတိကဝတ်ပြုခဲ့ပါလျှင် ရှရီအသ်တရားတော်၏ အပြင်ပိုင်းဆိုင်ရာ ညွှန်းဆိုမှုအရ ယင်းငွေကြေးဥစ္စာပစ္စည်းများကို ထိုသူပိုင်ဆိုင်ခွင့်ရှိသည်ဟု ဆိုပါသည်။ သူ၏ ရှောင်ကြဉ်ခြင်းနှင့် သောင်ဗဟ်ဖတ်ခြင်းသည် စိတ်ရောကိုယ်ပါ အမှန်တကယ်ရိုးရိုးသားသားလုပ်ခြင်းလော (သို့တည်းမဟုတ်) အရေခြုံ လုပ်ရပ်လောဟူသည်ကား အတွင်းပိုင်းကိစ္စသာလျှင်ဖြစ်ပေသည်။ ယင်းကိစ္စသည် အလ္လာဟ်နှင့် သူတို့သက်ဆိုင်သော ကိစ္စဖြစ်၍ သူ၏နောင်တသည် နှလုံးသားမှဖြစ်လျှင် အလ္လာဟ်အရှင်မြတ် ရှေတော်မှောက်တွင် အကျိုးရှိ ပေလိမ့်မည်။ သို့မဟုတ်ပါက အချည်းအနှီးပင်တည်း။ ယင်းကိစ္စနှင့်ပတ်သက်၍ သာမန်လူများတွင် ဒွိဟ သံသယ ဖြစ်ခွင့်မရှိချေ။ သို့သော်လည်း တစ်စုံတစ်ဦးသည် ကောင်းမွန်သောအကြံပြုချက်များ နာကြားပြီးနောက် အပြောနှင့် အလုပ် မညီသောမှားယွင်းသည့်ပုံစံဆီသို့ ပြန်လည်ဦးတည်မည်ဆိုလျှင် ထိုသူ၏သွားရာလမ်းကား ငရဲသို့သာဖြစ် ပေမည်။ အဘယ့်ကြောင့်ဆိုသော် ဤကဲ့သို့ အတိုးရိဗာကို စားသုံးခြင်းသည် အပြစ်ဂုနာဟ်တစ်ခုဖြစ်၍ပင်တည်း။ ထို့နောက် ၎င်းတို့၏ဆိုရိုးစကားဖြစ်သော ရိဗာလုပ်ငန်းသည် ကုန်သွယ်မှုကဲ့သို့

ဟလာလ်ဖြစ်သည်ဟုဆိုခြင်းကား ကုဖုရ်မယုံကြည်သွေဖည်ငြင်းပယ်မှုဖြစ်သောကြောင့် ငရဲ၌ အမြဲတစေ နေကြရပါလိမ့်မည်။

ဒုတိယအာယသ်(၂၇၆)တွင် မိန့်ကြားထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် အတိုးကိုပယ်ဖျက်၍ ဆွဒ်ကာတ် အလှူဒါနပြုခြင်းကို ရှင်သန်စေပါသည်။ ဤနေရာ၌ ဆွဒကဟ်ကို ရိဗာနှင့်ယှဉ်တွဲ၍ တစ်ထပ်တည်း ပြထားသည်ကိုတွေ့ရမည်။

ရိဗာနှင့်ဆွဒ်ကာတ်တို့တွင် ဖီလာဆန့်ကျင်ကြောင်းတွေ့ရပါလိမ့်မည်။ ထို့ကြောင့် ရလဒ်သည်လည်း ဆန့်ကျင်ဖက်ဖြစ်လိမ့်မည်။ ယေဘုယျအနေနှင့် ဤကိစ္စတွင်ပါဝင်ပတ်သက်သူများ၏ ရည်စူးချက်နှင့်ပန်းတိုင်ကိုလည်း တစ်ခုနှင့်တစ်ခုဆန့်ကျင်ဖက်ဖြစ်ကြပါလိမ့်မည်။ သဘောသဘာဝဆန့်ကျင်မှုဖြစ်ကြောင်း အောက်ပါ အတိုင်း ရှင်းပြနိုင်သည်။ ဆွဒ်ကာတ်အလှူဒါနတွင် တစ်စုံတစ်ဦးက ၎င်းပိုင်သည်ကို အခြားသူများသို့ ပေးကမ်း ရာတွင် ဆုလာဘ် (သို့) အပြန်အလှန်ရရှိစေရန် မမျှော်ကိုးချေ။ သို့ရာတွင် ရိဗာအတိုးတွင်မူ တစ်စုံတစ်ဦးသည် အခြားသူပိုင်ပစ္စည်းဥစ္စာကို ပြန်လည်ပေးဆပ်ခြင်း (သို့) အလျော်ပေးခြင်းမပါဘဲ ရယူခြင်းဖြစ်သည်။ ဤကိစ္စတွင်ပါဝင်ပတ်သက်သောသူများ၏ ရည်စူးချက်နှင့်ပန်းတိုင်တို့ ဆန့်ကျင်ဘက်ဖြစ်ခြင်းမှာ ဆွဒ်ကာတ် ပေးသူသည် နောင်တမလွန်ဘဝတွင် အကျိုးခံစားရန်အလို့ငှာ အလ္လာဟ်အရှင်ကျေနပ် နှစ်သက်ရန် အတွက် မိမိပိုင်ပစ္စည်းဥစ္စာ ကုန်ခန်းလျော့နည်းမည်ကို သိလျက်နှင့်ပေးကမ်းစွန့်ကြဲခြင်းဖြစ်သည်။ သို့သော်လည်း ရိဗာအတိုးယူသူသည် ၎င်းတွင်ရှိပြီး အရင်းအနှီးကို ခွင့်မပြုသောတိုးပွားမှုပြုလုပ်ရန် စိတ်စောနေသည်။ ဤအာယသ်တော်ထဲတွင် ကိစ္စရပ်နှစ်ခုစလုံး၏ရလဒ် ဆန့်ကျင် ကြောင်း ရှင်းလင်းစွာဖော်ပြထားသည်မှာ အလ္လာဟ်အရှင်မြတ်သည် ရိဗာအတိုးမှရရှိသော အကျိုးအမြတ်ကို ဖျက်သိမ်းသည် (သို့) ဗရကသ်မဂ်လာကို ရုပ်သိမ်းတော်မူသည်။ ဆွဒ်ကာတ်မှာမူကား စီးပွားဥစ္စာတိုးတက်စေ၍ ဗရသ်မဂ်လာတိုးပွားမှုဖြစ်စေသည်။ ရလဒ်မှာ ဥစ္စာပစ္စည်းရရန် လောဘတကြီးလိုအပ်သူ၏ ရည်မှန်းချက်မှာ မပြည့်ဘဲ အလ္လာဟ်အရှင်မြတ် လမ်းတော်တွင် သုံးစွဲသူသည် ပိုင်ဆိုင်ပစ္စည်း အနည်းငယ်လျော့နည်းသော်လည်း လုံးဝပျော်ရွှင်ကာ အလ္လာဟ်အရှင်မြတ်၏ ဗရကသ်မဂ်လာများ အပြည့်အဝရရှိလာလိမ့်မည်။ သူ၏ဥစ္စာပစ္စည်းများ တိုးပွားလာကာ အကျိုးအမြတ်လည်း စုဆောင်းပြီးဖြစ်ပါလိမ့်မည်။

ဤနေရာ၌ အာယသ်တော်ပါအတိုးရိဗာဖျက်သိမ်းခြင်းနှင့် ဆွဒ်ကာတ်တိုးပွားစေခြင်းတို့၏ အဓိပ္ပာယ် ရှာဖွေ ခြင်းသည် စိတ်ဝင်စားစရာဖြစ်ပါလိမ့်မည်။ အချို့သောအကျယ်ဖွင့်သူများကမိန့်ကြားသည်မှာ ဤဖျက်သိမ်းခြင်းနှင့် တိုးပွားခြင်းမှာ တမလွန်နှင့်သာသက်ဆိုင်သည်။ နောင်တမလွန်၌ ရိဗာအတိုးစားသူသည် ၎င်း၏စည်းစိမ်ဥစ္စာ သည် အချည်းအနှီးဖြစ်ရုံမျှမက ဆိုးကျိုးပင်ဖြစ်စေနိုင်သည်။ ဆွဒ်ကာတ် (သို့) ခိုင်ရပ်ပေးလှူသူတို့မှာမူ ၎င်းတို့၏ ဥစ္စာဓနများ အဆုံးအစမရှိသောကောင်းခြင်းများ၏ ရင်းမြစ်ဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။

ဤအဆိုအမိန့်သည် အကြွင်းမဲ့ရှင်းလင်းပြတ်သားကာ သံသယရှိရန်မလိုချေ။ သို့သော်လည်း အကျယ်ဖွင့်ဆိုသူ အများစု၏အဆိုအရ အဆိုကိုပယ်ဖျက်ခြင်းနှင့် ဆွဒ်ကာတ်ကို တိုးပွားစေခြင်းဟူသောအနေအထားသည်

မုချကေန် တမလွန်နှင့်ပတ်သက်ငြားသော်လည်း ယင်းသူတို့၏ကောင်းကျိုးဆိုးပြစ်အငွေ့အသက်မှာကား ဤကမ္ဘာ၌ပင်တွေ့နိုင်ပါသည်။

ရိဗာနှင့်ပတ်သက်သော ငွေကြေး (သို့) ဥစ္စာပစ္စည်းကို တစ်ခါတစ်ရံဖျက်ဆီးရုပ်သိမ်းသောအခါတွင် ယင်းနှင့်မဆိုင်သော ယခင်ကပိုင်ဆိုင်ခဲ့သောပစ္စည်းများပင်ပါသွားနိုင်သည်။ ဤသမရိုးကျမြင်ကွင်းမျိုးကို ရိဗာအတိုးနှင့် စတော့စျေးကွက်များတွင် တွေ့ရှိနိုင်ပါသည်။ ယင်းမှာ ယမန်နေ့က သန်းကြွယ်သူဌေးနှင့် ရင်းရှင်များသည် ယနေ့၌ သူတောင်းစားနှင့် လူမဲ့များဖြစ်သွားသည်ကို တွေ့နေရပါသည်။ ရိဗာအတိုးကင်းသော ရောင်းဝယ်ဖောက်ကားမှုတွင် အရှုံးအမြတ်ရှိသည်ဆိုသည်မှာ သံသယမရှိချေ။ အရှုံးနှင့်ရင်ဆိုင်ရသောကုန်သည် အများအပြားရှိပါသည်။ သို့သော် ထိုအရှုံးကြောင့် သန်းကြွယ်သူဌေးက သူတောင်းစားဖြစ်သွားသည်ကိုကား အတိုးရိဗာနှင့် စတော့အိပ်ချိန်းစျေးကွက်တွင်သာ တွေ့မြင်နိုင်သည်။ အဆိုအမိန့်အများအပြားက ဆိုသည်မှာ ရိဗာအတိုးမှ ရသော ဥစ္စာပစ္စည်း မြန်မြန်နှင့်များများရနိုင်သည်။ သို့သော်လည်း ယင်းတို့သည် သားစဉ်မြေးဆက်တိုင် လုံလောက်တာရှည်ခံ သည်မရှိချေ။ ငွေကြေးတိုးပွားစဉ်ကြားကာလတွင်လည်း အန္တရာယ်ဆိုးများကျရောက်ကာ အရာရာအားလုံး ဖျောက်ပျက်စေပါသည်။

စိုက်ယိဒိနာမအ်မာရ်က သက်ကြီးဝါကြီးများမှတစ်ဆင့် ကြားသိခဲ့ရသည်မှာ ရိဗာအတိုးစားသူသည် အနှစ်လေးဆယ်လုံးလုံး ခဲရာခဲဆစ်ရှာဖွေလုပ်ကိုင်ခဲ့ပြီး ကြီးမားသော ဆုံးရှုံးမှု 'မုဟာက်'က ၎င်းရှာဖွေထားသမျှကို ဖျက်ဆီးပစ်စေပါသည်။

ငွေကြေးဥစ္စာပစ္စည်း စသည်တို့သည် အပြင်ပန်းအားဖြင့် ပျက်စီးချင်မှ ပျက်စီးပါလိမ့်မည်။ သို့သော်လည်း ယင်းတို့၏ အကျိုးအမြတ်များ၊ အသုံးဝင်မှုများနှင့် ဗရကသ်မဂ်လာများမှာကား ကင်းဝေးသွားပါလိမ့်မည်။ ရွှေနှင့် ငွေတို့မှာ ပကတိအတိုင်းဆိုလျှင် အသုံးမဝင်ဟုဆိုသည်မှာ လျှို့ဝှက်စရာမဟုတ်ချေ။ ယင်းတို့သည် ဆာလောင်မှုနှင့် ရေငတ်မှုကို မပပျောက်စေပါ။ ယင်းတို့သည် အပူဒဏ်ကိုလည်းမကာကွယ်နိုင်။ ဆောင်းတွင်းမှ အအေးဒဏ်ကာကွယ်ရန် ခြုံလွှမ်း၍လည်းမထားနိုင်ချေ။ အဝတ်အစားကဲ့သို့လည်းကောင်း၊ အသုံးအဆောင်ပစ္စည်းကဲ့သို့လည်းကောင်း သုံးစွဲ၍မရပါ။ အသိဉာဏ်ရှိသောသူတစ်ဦး၏ ရွှေငွေရယူပိုင်ဆိုင်ရန် မြောက်မြားများစွာသော လုပ်ဆောင်ခြင်းများ၏ တစ်ခုတည်းသောရည်ရွယ်ချက်မှာ ဘဝပျော်ရွှင်စေရန်နှင့် သက်သောင့်သက်သာနှင့် သိက္ခာရှိစွာနေနိုင်ရန်ဖြစ်သည်။ ထို့နောက် သဘာဝကျသောလိုအင်ဆန္ဒမှာ သူ၏သားသမီးနှင့် ဆွေမျိုးသားချင်းများတို့သည်လည်း သူကဲ့သို့ပင် သက်တောင့်သက်သာနှင့် သိက္ခာရှိစေလိုခြင်းပင်ဖြစ်သည်။

အထက်ပါအရာများသည် ဥစ္စာပစ္စည်းအသုံးဝင်မှုများနှင့် အကျိုးအမြတ်များဟုခေါ်နိုင်ပါသည်။ ဤအကြောင်းကြောင့် တစ်စုံတစ်ဦးသည် သူ၏ဥစ္စာပစ္စည်းများဖြင့် အကျိုးအမြတ်နှင့် အသုံးဝင်မှုရရှိခဲ့လျှင် သူတွင် ဓနဥစ္စာလျော့နည်းသွားလျှင်ပင် တိုးပွားလာသည်ဟု ယူဆနိုင်သည်။ ထို့နောက် တစ်စုံတစ်ဦးသည် သူ၏ ဓနဖြင့် နိမ့်ကျသောအကျိုးအမြတ်များနှင့် အသုံးဝင်မှုများရယူခဲ့ပါလျှင် သူ၏ဥစ္စာဓနတိုးပွားနေသော်လည်း ဆုတ်ယုတ်ကျဆင်းသည့်သဘောဆောင်ပါသည်။

ဤအချက်ကို နားလည်ပြီးသည့်နောက် ရိဗာအတိုးဖြင့် ရောင်းဝယ်ဖောက်ကားခြင်းနှင့် ဆွဒ်ကာတ် ခိုင်ရသ်လုပ်မှုတို့ နှိုင်းယှဉ်ကြည့်ကြစို့။ အတိုးစားသူ၏ဥစ္စာဓနသည် တိုးပွားနေခြင်းမှာ သံသယမရှိချေ။ သို့သော်လည်း ယင်းမှာ လူ့ခန္ဓာကိုယ်ယောင်ကိုင်းဖောင်းပွခြင်းနှင့်တူပေသည်။ ယောင်ကိုင်းခြင်းသည် လူ့ခန္ဓာကိုယ် ယောင်ကိုင်းကာ တိုးပွားခြင်းဖြစ်သည်။ မည်သည့်လူကောင်းမှ ဤသို့တိုးပွားခြင်းကို မနှစ်သက်ကြချေ။ အဘယ့်ကြောင့် ဆိုသော် ထိုသို့ဖြစ်ခြင်းသည် သေမင်း၏ခေါ်သံပင်ဖြစ်သောကြောင့်တည်း။ အလားတူပင် အတိုးစားသုံးသူတစ်ဦး၏ ဓနစည်းစိမ်မည်မျှပင် တိုးပွားသည်ဖြစ်စေ ၎င်းသည် ယင်းဥစ္စာဓန၏ အသီးအပွင့်များဖြစ်သော သက်တောင့်သက်သာဖြစ်မှုနှင့် ဂုဏ်သိက္ခာမှာ အစဉ်သဖြင့် ကင်းမဲ့သောကြောင့်ဖြစ်သည်။

ဤနေရာ၌ မျက်မှောက်ခေတ် အတိုးစားသူများတို့ခံစားရသော သက်သောင့်သက်သာမှုနှင့် အခြေအနေကို ကြည့်ပြီး ဒွိဟသံသယဖြစ်နိုင်ပါသည်။ သူတို့သည် ကြီးကျယ်ခန်းနားသေ အဆောက်အအုံများတွင်နေထိုင်ခြင်း၊ ငွေကြေးဓနအရ အမျိုးမျိုးသောစည်းစိမ်ချမ်းသာများခံစားရခြင်း၊ အခိုင်းအစေများကပြုစုခြင်း၊ အကောင်းဆုံးဟူသည့် စားစရာ အိပ်စရာများ ပိုင်ဆိုင်ခြင်းတို့ကြောင့် ၎င်းတို့အတွက် မဖြစ်နိုင်သည်များ၊ လိုအပ်ချက်များဟူ၍ မရှိတော့သည့်အလားဖြစ်ပေသည်။ စိတ်မှန်သောသူများက အနည်းငယ်တွေးကြည့်လျှင်ပင် သက်သောင့်သက်သာရှိခြင်းနှင့် သက်သောင့်သက်သာမှပေးသောအရာများကို ခွဲခြားသိမြင်ပါလိမ့်မည်။ ဤနှစ်ခုကြားတွင် ကြီးကျယ်သောခြားနားမှုရှိသည်။ သက်သောင့်သက်သာရှိစေသော ဇိမ်ခံပစ္စည်းများသည် စက်ရုံမှပြုလုပ်၍ စျေးကွက်တွင်ရောင်းချပါသည်။ ဤအရာများကို ရွှေငွေတို့ဖြင့် ဝယ်ယူရနိုင်ပါသည်။ သို့သော်လည်း ငြိမ်းချမ်းသာယာမှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုတို့ဖြင့်ပြီးသော သက်သောင့်သက်သာရှိမှုသည်ကား မည်သည့်စက်ရုံကမျှ ထုတ်လုပ်သည်မဟုတ်ဘဲ မည်သည့်စျေးကွက်တွင်မှဝယ်၍မရနိုင်ပါ။ ဤအရာသည်ကား ရဟ်မဟ် သနားဂရုဏာတော်ဖြစ်၍ အလ္လာဟ်အရှင်မြတ်ထံတော်မှ တိုက်ရိုက်ချပေးသောအရာဖြစ်သည်။ ထိုအရာကို ဥစ္စာဓနမည်မျှပင်ရှိစေကာမူ ဝယ်ယူ၍မရသောအခြေအနေမျိုးများပင်ဖြစ်သည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ခြင်း၏ သက်သောင့်သက်သာရှိမှုကို အနည်းငယ်စဉ်းစားကြည့်ပါ။ နှစ်နှစ်ခြိုက်ခြိုက်အိပ်နိုင်ရန်အတွက် ကျွန်ုပ်တို့သည် အစွမ်းကုန် ကြိုးစား၍ အိပ်စက်အနားယူရန် အကောင်းဆုံးအိမ်တစ်ဆောင်လုပ်ဆောင်ကာ အလင်းရောင်၊ လေဝင်လေထွက်၊ အပူအအေးနှင့် လှုပတင့်တယ်သော အိမ်ထောင်ပရိဘောဂများထားကာ အကောင်းဆုံးသောအိပ်ရာ၊ မွေ့ရာ၊ ခေါင်းအုံးစသည်တို့နှင့်ပြင်ဆင်ထားလျှင်သော်မှ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်ပါမည်ဆိုသည်မှာ သေချာပါသည်ဟု အသင်ပြောနိုင်ပါမည်လား။ သင်ကိုယ်တိုင် မကြုံဖူးသည့်တိုင် ထောင်ပေါင်းများစွာသောသူများသည် ရောဂါအချို့ကြောင့် အိပ်မပျော်ပါဟုဆိုလိမ့်မည်။ ယဉ်ကျေးပါသည်၊ ချမ်းသာပါသည်ဟုဆိုသော အမေရိကန်နိုင်ငံတစ်ခုမှလာသော စစ်တမ်းတစ်ခုအရဆိုလျှင် ရာခိုင်နှုန်း ၇၀ ခန့်သောလူများသည် အိပ်ဆေးမပါဘဲ အိပ်စက်၍မရကြပါ။ ဤအိပ်ဆေးများသည် သောက်သည့်တိုင် အိပ်မပျော်သောအချိန်များရှိကြသည်။ အသင်အိပ်ပျော်စေရန် အိပ်ပျော်စေသောပစ္စည်းများကို စတိုးဆိုင်များတွင် ဝယ်ယူရနိုင်ပါသည်။ သို့သော် အိပ်ပျော်ခြင်းကိုမူကား မည်သည့်စတိုးဆိုင်တွင် မည်သည့်စျေးနှုန်းနှင့်မျှ ဝယ်မရနိုင်ပါ။ သက်သောင့်သက်သာဖြစ်စေခြင်းနှင့် ပျော်ရွှင်မှုရနိုင်သော ပစ္စည်းများသည်လည်း အလားတူပင်ဖြစ်သည်။ ထိုအရာများကို ငွေဖြင့်အသင်ဝယ်ယူနိုင်ပါသည်။ သို့သော်လည်း ယင်းတို့ကို ပိုင်ဆိုင်ရုံမျှဖြင့် သက်သောင့်သက်သာမှုနှင့် ပျော်ရွှင်မှုခံစားနိုင်မှ ခံစားရပေလိမ့်မည်။

တစ်ဖန် ဤအချက်ကိုနားလည်ပြီးနောက် အတိုးစားသူသည် ဘဖြစ်သလဲဟု စေ့စေ့ငုကြည့်ရှုလိုက်လျှင် စစ်မှန်သောငြိမ်းချမ်းသာယာမှုနှင့် သက်သောင့်သက်သာရှိမှုမှလွဲ၍ ကမ္ဘာပေါ်ရှိအရာများအားလုံးပိုင်ဆိုင်ကြပါသည်။ ထိုသူတို့သည် ဥစ္စာဓနများကို (၁၀)သန်းမှ (၁၅)သန်း၊ (၁၅)သန်းမှ သန်း(၂၀)ဖြစ်စေရန်လုပ်ဆောင်ရာ၌ ယစ်မူးနေ၍ ၎င်းတို့တွင် စားရန်အချိန်မရှိ၊ ဝတ်ရန်အချိန်မရှိ၊ သားမယားနှင့်အတူနေရန်လည်း အချိန်မရှိတော့ချေ။ သူတို့သည် စက်ရုံများကြီးကြပ်ရန်၊ နိုင်ငံခြားသင်္ဘောများစောင့်ကြည့်ရန်သာ အလုပ်ရှုပ်နေကြသည်။ နေ့ရောညပါ သောကဖိစီးလျက်ရှိပါသည်။ ထိုသောကများနှင့်သာအိပ်၍ ထိုသောကများနှင့်သာ နိုးထကြပါသည်။ ဤသူဌေးများသည် သက်သောင့်သက်သာဖြစ်မှုနှင့် သက်သောင့်သက်သာဖြစ်စေသော ပစ္စည်းများကြား ရှုပ်ရှုပ်ထွေးထွေးဖြစ်ကာ သက်သောင့်သက်သာဖြစ်မှုနှင့်ဝေးသည်ထက်ဝေးလာပေတော့သည်။ ဤသည်မှာ သူတို့ခေါ်သော သက်သောင့်သက်သာမှု၏ ရှုထောင့်တစ်ခုသာဖြစ်သည်။ သူတို့၏အယူအဆများဖြစ်သော ဂုဏ်သိက္ခာ အဆင့်အတန်းကို စဉ်းစားကြည့်ကြစို့။ အကြောင်းမှာ ထိုသူတို့သည် အကြင်နာကင်းမဲ့၍ စိတ်မာမြင်သူများဖြစ်ကြသည်။ ၎င်းတို့သည် ဆင်းရဲသားများ၏မွဲတေမှုနှင့် ဝင်ငွေနည်းသူများ၏ ဝင်ငွေနည်းမှုအပေါ်တွင် အမြတ်ထုတ်ခြင်းမှာ သူတို့အလုပ်ပင်ဖြစ်သည်။ ကပ်ပါးပိုးများကဲ့သို့ပင် ၎င်းတို့၏ကိုယ်ခန္ဓာအဟာရဖြစ်စေရန် လူမွဲများ၏သွေးကို စုပ်ကြသည်။ ထိုကဲ့သို့ ဖြစ်ခြင်းကြောင့် လူအများက ၎င်းတို့ကို ရိုသေလေးစားလာလိမ့်မည်မှာ မဖြစ်နိုင်ချေ။ ဆီးရီးယားရှိ ဂျူးများနှင့်အိန္ဒိယရှိငွေချေးစားသူများ၏ စာရင်းဇယားက ယင်းတို့ကို ဖော်ပြနေပါသည်။ အကယ်၍ သင်သည် ၎င်းတို့ကိုကြည့်လျှင် အတိုးစားသူများ၏ မြေတိုက်များထဲတွင် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားနှင့် ပြည့်နှက်နေသည်ကို တွေ့ရပေလိမ့်မည်။ သို့သော်လည်း ကမ္ဘာတွင် ဘယ်သူကမျှ ၎င်းတို့ကိုရိုသေလေးစားမှုမရှိကြချေ။ ထို့ပြင် ထိုသူတို့၏ ကြမ်းကြုတ်သောစရိုက်၏ မလွဲမရှောင်သာသောရလဒ်သည် ဆင်းရဲသားများ၏ မကျေမနပ်ဖြစ်ခြင်းနှင့် မုန်းတီးခြင်းပင်ဖြစ်သည်။ ယနေ့မျက်မှောက်ကမ္ဘာတွင် ဖြစ်ပွားနေသောစစ်ပွဲများသည် ဤမကျေနပ်ချက်နှင့် မုန်းတီးခြင်းတို့ကိုဖော်ပြနေခြင်းဖြစ်သည်။ ဤသည် အရင်းရှင်နှင့် အလုပ်သမားတို့ ထိပ်တိုက်ရင်ဆိုင်ခြင်းဖြစ်ပြီး ထိုရင်ဆိုင်မှုကြောင့် ဤကမ္ဘာတွင် ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒတို့ပေါ်ပေါက်လာခဲ့ပါသည်။ ကမ္ဘာကြီးတစ်ခုလုံးသည် ဤထိပ်တိုက်ရင်ဆိုင်မှုနှင့်သတ်ဖြတ်ခြင်းတို့ကြောင့် မီးလောင်တိုက်ဖြစ်သွားပါသည်။ ဤမျှလောက်ဆိုလျှင် ထိုသူများ၏ တစ်ကိုယ်ရေသက်သောင့်သက်သာရှိမှုနှင့် လူမှုရေးကျော်ကြားမှုအကြောင်းပင်ဖြစ်ပါသည်။ အတိုးဖြင့်လုပ်ငန်းလုပ်ဆောင်သူများ၏ အတွေ့အကြုံအရဆိုလျှင် သူတို့သည် သားသမီးများ၏ ဘဝအေးချမ်းသာယာမှုကိုပင် မဖန်တီးပေးနိုင်ပါ။ ရှာဖွေစုဆောင်းသမျှတို့သည် ပျက်စီးဆုံးသွားလျှင်သော်လည်းကောင်း၊ ထိုပစ္စည်းများ၏ဆိုးကျိုးများကြောင့်သော်လည်းကောင်း၊ ယင်းတို့၏ သားသမီးများသည်လည်း သိက္ခာမရှိဖြစ်ကာ ဥစ္စာဓနတို့၏ အကျိုးရလဒ်များမှ လက်မဲ့ဖြစ်ရပါသည်။ လူအများသည် အတိုးစားသော အနောက်နိုင်ငံသားများ၏ စံနမူနာကြောင့် လှည့်ဖျားခြင်းခံရကာ ၎င်းတို့မည်မျှချမ်းသာကြွယ်ဝကြောင်းနှင့် ၎င်းတို့မျိုးဆက်များ မည်ကဲ့သို့ကြီးပွားချမ်းသာလာကြောင်းကို တွေးတောအံ့သြလာကြပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ စာရေးသူသည် ယင်းသူတို့၏ တိုးတက်ပါသည်ဆိုသည့်အကြောင်းကို အတိုချုပ်တင်ပြရင်း ဖြေကြားခဲ့ပြီးဖြစ်ပါသည်။

ဤတွင် ထပ်လောင်းပြောနိုင်သည်မှာ တကယ်တမ်းမှာ အတိုးစားသူများသည် လူသားစားသူများနှင့် တူကြပါသည်။ သူတို့သည် သူတို့၏ကိုယ်ခန္ဓာကို ပြုစုပျိုးထောင်ရန်အတွက် အခြားသူများ၏ အသွေးအသားများကို စားသုံးကြပါသည်။ ၎င်းနောက် ထိုကဲ့သို့သောလူတစ်စုသည် သူတို့နှင့်အသွင်တူသောအုပ်စုတွင် သွားရောက်နေထိုင်ပါသည်။ ထို့နောက်တစ်စုံတစ်ဦးကို သူတို့နေထိုင်ရာဒေသသို့ခေါ်ဆောင်သွားကာ သူတို့မည်မျှကျန်းမာကြောင်း၊ မည်မျှတိုးတက်ဖွံ့ဖြိုးနေကြောင်းကိုပြသပါသည်။ သို့ရာတွင် လူသားထုကောင်းကျိုးကို စိတ်ဝင်စားပြီး အသိဉာဏ်ရှိသောဧည့်သည် ထိုနေရာမျိုးတစ်ခုတည်းကိုသာကြည့်ချင်လိုစိတ်မရှိဘဲ သူတို့၏သွေးစုပ်မှုကြောင့် သေလုမြောပါးဖြစ်နေသောလူများရှိသည့်နေရာကိုလည်းကြည့်ချင်ပါသည်။ တစ်စုံတစ်ဦးသည် ထိုသူတို့၏နေရာအလုံးစုံကို တွေ့မြင်ခဲ့ရပါလျှင် ထိုသူသည် ဝဖြိုးသောလူသားစားသူတို့၏ နေရာဒေသမှာ ဘယ်တော့မှ ပျော်ရွှင်ချမ်းမြေ့နိုင်လိမ့်မည်မဟုတ်ပါ။ သူတို့၏လုပ်ရပ်များသည် လူသားများ၏ တိုးတက်ရာတိုးတက်ကြောင်းနည်းလမ်းဟုမည်သည့်အခါမျှမပြောနိုင်ပါ။ သူတို့၏လုပ်ရပ်သည် လူသားများ ပျက်စီးရာပျက်စီးကြောင်းဖြစ်သည်ဟုကြေညာရုံမှအပ သူတွင် ရွေးစရာနည်းလမ်းမရှိပါ။

ဤကိစ္စနှင့်ဆန့်ကျင်၍ ဆွဒ်ကာတ်နှင့် ခိုင်ရသ်ပေးသူများအကြောင်းကို ဖော်ပြထားပါသည်။ ယင်းသူတို့သည် ငွေနောက်သို့ အလွန်စိုးရိမ်ကြီးစွာလိုက်နေကြောင်းကို အသင်ဘယ်သောအခါမျှ တွေ့ရလိမ့်မည်မဟုတ်ပါ။ ထိုသူတို့တွင် သက်သောင့်သက်သာဖြစ်စေသော အထောက်အကူဖြစ်စေသောပစ္စည်းများ နည်းချင်လျှင်နည်းပါလိမ့်မည်။ သို့ရာတွင် အထောက်အပံ့ပစ္စည်းအပြည့်အစုံရှိသောသူများနှင့် နှိုင်းယှဉ်ခဲ့လျှင် ထိုသူများသည် ပိုမို ရောင့်ရဲတင်းတိမ်နိုင်ပြီး စိတ်နှလုံးအေးချမ်းသာယာမှုရှိကြောင်းတွေ့ရပါလိမ့်မည်။ ထိုသူသည်သာလျှင် စစ်မှန်သောသက်သောင့်သက်သာဖြစ်မှုနှင့် အေးချမ်းသာယာမှုရှိသူဖြစ်သည်။ အကျိုးဆက်အားဖြင့် ယင်းသူတို့သည် ရိုသေလေးစားမှုခံယူရကာ ကမ္ဘာပေါ်ရှိ လူသားအားလုံးကလည်း သူတို့ကို ကောင်းချီးထောမနာပြုကြပါလိမ့်မည်။

**يَمْحَقُ اللهُ الرِّبٰوا وَيُرْبِى الصَّدَقٰتِ**

အလ္လာဟ်အရှင်မြတ်သည် အတိုးအညွှန့်ကို ဆုတ်ယုတ်ပျက်စီးစေတော်မူ၍ (ပေးကမ်းစွန့်ကြဲသုံးစွဲကြကုန်သော) အလှူဝတ္ထုများကိုမူ (ဆထက်ထမ်းပိုး)တိုးပွားစေတော်မူ၏။

အတိုချုပ်အားဖြင့် အာယသ်တော်၏ အထက်ပါမိန့်ဆိုချက်သည် တမလွန်ဘဝ အာခိရသ်နှင့်ပတ်သက်၍ အလွန်ရှင်းလင်းပြတ်သားပါသည်။ သို့သော် ကျွန်ုပ်တို့ ပိုမိုသိရှိနားလည်လိုပါလျှင် ဝါယမအနည်းငယ် စိုက်ရုံမျှဖြင့် ဤကမ္ဘာလောကနှင့်ပတ်သက်၍လည်း ကောင်းကျိုး၊ ဆိုးကျိုးသည် အတူတူပင်ဖြစ်ကြောင်း ဖွင့်ဆိုထားပါသည်။ ဤအဓိပ္ပာယ်ကိုပင် တမန်တော်မြတ်(ﷺ)သခင်၏ ဟဒီးဆ်တော်တစ်ပုဒ်တွင် မိန့်ကြားထားသည်မှာ -

**إن الربو وإن كثر فإن عاقبته تصير إلى قل**

အတိုးကြောင့်မည်မျှပင်တိုးပွားပါစေ၊ အဆုံးတွင် လျော့နည်းပျက်စီးသွားပါလိမ့်မည်။

(မုစ်နဒ်အဟ်မဒ်နှင့် အိဗ်နိမာဂျ)

အာယသ်တော်(၂၇၆)အဆုံးတွင် အောက်ပါအတိုင်း မိန့်ကြားထားသည်။

وَاللَّهُ لَا يُحِبُّ كُلَّ كَفَّارٍ أَثِيمٍ

ဆိုလိုသည်မှာ အလ္လာဟ်အရှင်မြတ်သည် မည်သည့်မယုံကြည်သွေဖည်သူကိုဆို၊ မည်သည့်အပြစ်ဂုနာဟ် ကျူးလွန်သူကိုမဆို မနှစ်သက်တော်မူပေ။ ဤနေရာ၌ ညွှန်းထားသည်မှာ အတိုးကိုဟရာမ်ဟု မမှတ်ယူသောသူများသည် မယုံကြည်သွေဖည်သူ(ကာဖရ်)ဖြစ်သွားပါသည်။ ၎င်းနောက် ယင်းကိုဟရာမ်ဟုသိနားလည်ပြီးသည့်တိုင် အောင် အတိုးနှင့်ပတ်သက်နေသောသူများသည် အပြစ်ကျူးလွန်သူများ စည်းဘောင်ကျော်သူများ (သို့) ဖာစစ်များ ဖြစ်ကြပါသည်။

တတိယအာယသ်ဖြစ်သော အာယသ်တော်(၂၇၇)တွင် ဖော်ပြထားသည်မှာ မှန်ကန်စွာယုံကြည်ပြီး ဆွလာသ်ဝတ်ပြုခြင်းနှင့် ဇကာသ်ပေးကမ်းလှူဒါန်းခြင်းတို့၌ စွဲမြဲစွာလုပ်ဆောင်သော မုစ်လင်မ်များအတွက် ကြီးမားသောဆုလာဘ်ကြီးဖြစ်သည့် အေးချမ်းသာယာမှုနှင့်သက်သောင့်သက်သာရှိမှုတို့က စောင့်ကြိုနေသည်ဟူ၍ ဖြစ်သည်။ ယခုလက်ရှိအာယသ်တော်၏အလျင် အာယသ်တော်ထဲတွင် အတိုးစားသုံးသူများရင်ဆိုင်မည့် ပြစ်ဒဏ်ဖြစ်သော ငရဲနှင့်ဂုဏ်သိက္ခာမဲ့ခြင်းအကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ယေဘုယျနည်းလမ်းဟန်ပန်တော်နှင့်အညီ ယုံကြည်ပြီး ဆွလာသ်ဝတ်ပြုခြင်းနှင့် ဇကာသ်လှူဒါန်းပေးကမ်းခြင်းကို စွဲမြဲစွာလုပ်ဆောင်သော မုစ်လင်မ်များအတွက် အာခိရသ်တမလွန်ဘဝတွင် ရရှိမည့်အကျိုးကျေးဇူးကိုလည်း ယှဉ်တွဲဖော်ပြထားပါသည်။

စတုတ္ထအာယသ်တော်ဖြစ်သော အာယသ်တော်(၂၇၈)၏အတိုချုပ်မှာ

يَا أَيُّهَا الَّذِينَ آمَنُوا اتَّقُوا اللَّهَ وَذَرُوا مَا بَقِيَ مِنَ الرِّبَا إِنْ كُنْتُمْ مُؤْمِنِينَ

‘အိုယုံကြည်သူအပေါင်းတို့၊ အကယ်၍အသင်တို့သည် ယုံကြည်သူများဖြစ်ကြပါမူ အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့လေးစားရိုသေခန့်ညားကြကုန်။ ၎င်းပြင် ကြွင်းကျန်လျက်ရှိသော အတိုးအညွှန့်များကိုလည်း စွန့်လွှတ်ကြကုန်။

အတိုးနှင့်ပတ်သက်သောကိစ္စများကိုတားမြစ်သည့် ဝဟီကျပြီးနောက် တစ်ဦးနှင့်တစ်ဦး ပေးရန်ယူရန် ရှိသောအတိုးများကိုလည်းပေးခြင်းယူခြင်းကို တားမြစ်ခဲ့သည်။

ဤအာယသ်တော်ကိုရှင်းလင်းရာ၌ ပြောကြားနိုင်သည်မှာ တားမြစ်ခြင်းဝဟီမကျရောက်မီက အရေဗီးယားတစ်ပြည်လုံး၌ အတိုးသည် ပျံ့ပွားလျက်ရှိသည်။ ဤအာယသ်တော်အလျင် အစောပိုင်းအာယသ်တော်များက အတိုးကိုတားမြစ်ကြောင်း အမိန့်တော်ပါရှိခဲ့သောအခါ ကုရ်အာန်ကျမ်းတော်မြတ်၏ အဆိုအမိန့်များနှင့်အညီ လိုက်နာတတ်သည့် အကျင့်စရိုက်ရှိသော မုစ်လင်မ်တို့သည် အတိုးနှင့်ဆက်နွယ်နေသော ၎င်းတို့၏လုပ်ငန်းဆောင်တာအားလုံးကို စွန့်လွှတ်ခဲ့ကြပါသည်။ သို့ရာတွင် အချို့သောသူများသည် အချို့သောသူများအပေါ် ပေးဆပ်ရန်ကျန်ရှိနေသေးသောအတိုးငွေပမာနများနှင့်ပတ်သက်၍ စောဒကတက်လာကြသည်။

ဤကိစ္စနှင့်ဆက်နွယ်၍ အရဗ်လူမျိုးစုနှစ်ခုဖြစ်သော ဗနူဆာကစ်ဖ်နှင့် ဗနူမက်ခ်ဇူးမ်မျိုးနွယ်နှစ်ခုတွင် အချင်းဖြစ်ပွားခဲ့ကြပါသည်။ ယင်းမျိုးနွယ်စုတစ်စုနှင့်တစ်စုတို့သည် အတိုးနှင့်ပတ်သက်သော လုပ်ငန်းဆောင်တာ

များ လုပ်ကိုင်ခဲ့ကြပါသည်။ ဗနူဆာကစ်ဖ်အုပ်စုထဲမှလူများက ဗနူမက်ခ်ဇူးမ်အုပ်စုထဲရှိ လူများအပေါ် မပေးချေရသေးသောအတိုးများကို တောင်းဆိုကြပါသည်။ ဗနူမက်ခ်ဇူးမ်အုပ်စုမှလူများသည် မုစ်လင်မ်များဖြစ်သွားသောအခါ အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်သောကြောင့် ပေးဆပ်ရန်ရှိသောအတိုးငွေပမာနကို ပြန်လည်ပေးဆပ်ခြင်းခွင့်မပြုဟု ထင်မှတ်ကြပါသည်။ တစ်ဖက်တွင် ဗနူဆာကစ်ဖ်မျိုးနွယ်စုများက ဖိအားပေးတောင်းဆိုလာကြပါသည်။ ဗနူမက်ခ်ဇူးမ်မုစ်လင်မ်များဖြစ်သွားပြီး ယင်းတို့တွင် ငြိမ်းချမ်းရေးသဘောတူညီချက်လည်းရှိကြသည်။ ယခုအခါ သူတို့သည် အစ္စလာမ်ဘာသာသို့ဝင်ရောက်ခဲ့သောကြောင့် အစ္စလာမ်အဖြစ်နှင့် သူတို့ငွေများကို တိုးပေးခြင်း၌ သုံးစွဲရန်မရည်ရွယ်ပါ။

ဤအငြင်းပွားမှုသည် မက္ကာဟ်ရွှေမြို့တော်၌ဖြစ်ပွားခဲ့ပါသည်။ ထိုအချိန်တွင် မက္ကာဟ်မြို့တော်ကို အောင်နိုင်ပြီးသောအချိန်ဖြစ်ပါသည်။ စိုက်ယိဒ်နာမုအသ်(**رضى الله عنه**) (အခြားဆင့်ပြန်ချက်တစ်ခုအရဆိုလျှင် စိုက်ယိနာအသဗ်အိဗ်နိ အဇီစ် (**رضى الله عنه**)သည် တမန်တော်မြတ်(ﷺ) ခန့်အပ်ထားသော မက္ကာဟ်မြို့တော်၏ အမီးရ်ခေါ် အုပ်ချုပ်ရေးမှူးဖြစ်သည်။ သူသည် ဤငြင်းခုံမှုကို စာဖြင့်ရေးသားတင်ပြပြီး တမန်တော်မြတ်(ﷺ)ထံမှ လမ်းညွှန်မှုတောင်းခံခဲ့ သည်။ ဤနောက်ခံအကြောင်းရင်းကြောင့် ကျမ်းတော်မြတ်ကုရ်အာန်ကျရောက်လာပါသည်။ ယင်းအာယသ်တော် ၏ အတိုချုပ်မှာ ယခင်က အတိုးနှင့်ပတ်သက်သောလုပ်ငန်းဆောင်တာများသည် အစ္စလာမ်ဘာသာသို့ သက်ဝင်ယုံကြည်ပြီးသည့်နောက်တွင် အဆုံးသတ်ပြီးဖြစ်ရမည်။ ယခင်က ရယူရန်ပေးဆပ်ရန် အတိုးပမာဏများလည်း ယူရန်ပေးရန်မရှိသင့်ပေ။ အရင်းကိုသာလျှင် ယူနိုင်သည်။

ဤအစ္စလာမ်ဥပဒေပြဋ္ဌာန်းခဲ့ချိန်တွင် မုစ်လင်မ်များသည် လိုက်နာပြီးသားဖြစ်နေပါသည်။ ငြိမ်းချမ်းရေးစာချုပ်များတွင်ပါဝင်သည့် အစ္စလာမ်ဥပဒေကိုလက်ခံပြီးသော မုစ်လင်မ်မဟုတ်သော မျိုးနွယ်စုများသည်လည်း ဥပဒေကို လိုက်နာပြီးသားဖြစ်နေပါသည်။ သို့ရာတွင် ဤကဲ့သို့ဖြစ်လင့်ကစား တမန်တော်မြတ်(ﷺ)၏နောက်ဆုံးဟဂ်ျ **حجة الوداع** တွင် မိန့်ကြားခဲ့သော ကျော်ကြားသည့်မိန့်ခွန်းတွင် ဤဥပဒေကိုကြေညာခဲ့သောအခါ တမန်တော်မြတ်(ﷺ) က 'တစ်စုံတစ်ဦးတွက်သော်လည်းကောင်း၊ တိုင်းပြည်အတွက်သော်လည်းကောင်း၊ မုစ်လင်မ်များအတွက်သော် လည်းကောင်း၊ စီးပွားရေးဆိုင်ရာ အကျိုးအမြတ် မပါဝင်ပါ'ဟု မိန့်ကြားခဲ့သည်။ ဤဥပဒေကို ပြဋ္ဌာန်းရသည်မှာ လူသားထုတစ်ရပ်လုံး ကောင်းစားရေးအတွက် ပြန်လည်တည်ဆောက်ရန်နှင့် ပြန်လည်ပြုပြင်ရန်ဖြစ်သည်။ ထို့ကြောင့် ရှေးဦးစွာ မုစ်လင်မ်မဟုတ်သူများထံမှ မုစ်လင်မ်များရရှိမည့် အတိုးငွေအမြောက်အများကို လျော်ပစ် လိုက်ပါသည်။ ယခု ၎င်းတို့တောင်းခံနေသော မုစ်လင်မ်များထံမှရရှိမည့် အတိုးငွေများ လျော်ပစ်ခြင်းတွင်လည်း စောဒကတက်ရန်အကြောင်းမရှိပါ။

တမန်တော်မြတ်(ﷺ)က သူ၏မိန့်ခွန်းထဲတွင် မိန့်ကြားခဲ့သည်မှာ -

**ألا أن كل ربا كان في الجاهلية موضوع عنكم كله لكم رءوس أموالكم**
**لا تظلمون ولا تظلمون و أول ربا موضوع ربا العباس بن عبد المطلب**
**كله ﴿أبن كثير بحواله ابن أبي حاتم﴾**

'အမှောင်ခေတ်တွင်ပြုလုပ်ခဲ့သော အတိုးပါဝင်သည့်လုပ်ငန်းအားလုံးမှ အတိုးကိုစွန့်ပယ်ပြီးဖြစ်သည်ဟု

ဆိုလိုပါသည်။ လူတိုင်းလူတိုင်းသည် မိမိ၏ငွေရင်းကိုပြန်လည်ရရှိမည်ဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ အပိုဆောင်း အတိုးငွေရရှိလိမ့်မည်မဟုတ်ပါ။ မည်သူတစ်ဦးတစ်ယောက်မှ အခြားသူတစ်ဦးကို သူ၏ငွေရင်းထက် အပိုတောင်းယူခြင်းဖြင့် မတရားမှုမပြုနိုင်သကဲ့သို့ မည်သူတစ်ဦးတစ်ယောက်သည်လည်း အခြားသူတစ်ဦး၏ ငွေရင်းကို လျော့ပေါ့ပေးခြင်းဖြင့် မတရားမပြုလုပ်နိုင်ပေ။ ပထမဦးဆုံး အတိုးငွေလျော်ပစ်သူသည် စိုက်ယိဒိနာ အဗ္ဗားစ်အိဗ်နိအဗ်ဒုလ်မုသ္ဂလစ်ဗ်(ﷺ)ဖြစ်ပြီး ၎င်းသည် မုစ်လင်မ် မဟုတ်သူများထံမှ အတိုးငွေအဖြစ် ငွေကြေး အမြောက်အများရရှိရန်ရှိသည်။

အာယသ်တော်၏ မိန့်ဆိုချက်သည် ဤအဖြစ်အပျက်ကိုရည်ညွှန်းကာ တင်ရှိနေသည့် အတိုးငွေများကို လျော်ပစ်ရန် ပညတ်ချက်ကို ပြဋ္ဌာန်းပါသည်။

အာယသ်တော် စတင်လျှင်စတင်ခြင်း မုစ်လင်မ်များကို ဦးတည်ကာ **اِتَّقُوااللهَ** 'အလ္လာဟ် အရှင်မြတ်ကို ကြောက်ရွံ့ကြ'ဟု ဦးစွာအမိန့်ပေးလေသည်။ ထို့နောက်တွင်မှ အတိုးနှင့်ပတ်သက်သော အမိန့် ပညတ်ချက်ကို ဖော်ပြလေသည်။ ဤသည်မှာလည်း ကမ္ဘာပေါ်ရှိ ဥပဒေစာအုပ်များနှင့်မတူ တစ်မူထူးခြားကာ ကုရ်အာန် ကျမ်းတော်မြတ်၏ ပြိုင်ဘက်ကင်းသောဟန်ပန်ပင်ဖြစ်သည်။ တစ်နည်းမဟုတ်တစ်နည်း လိုက်နာကျင့်ဆောင်ရန် ခက်ခဲသော ဥပဒေသတစ်ခု ပညတ်ချက် ပြဋ္ဌာန်းခဲ့ပါလျှင် ထိုဥပဒေ၏အစနှင့်အဆုံးတို့တွင် အလ္လာဟ်အရှင်မြတ်၏ ရှေ့တော်မှောက်၌ မိမိ၏လုပ်ရပ်များကို စာရင်းရှင်းရမည်ဆိုသည့်အကြောင်းနှင့် တမလွန် အာခိရသ်၌ ရရှိမည့် ဆုလာဘ်နှင့် ခံရမည့်ပြစ်ဒဏ်များအကြောင်းပါဝင်ပါသည်။ ထို့ကြောင့် ပညတ်ချက်တစ်ခု ထုတ်ပြန်ပြီးသည့် နောက်တွင် မုစ်လင်မ်များတို့သည် စိတ်နှလုံးသားအတွင်းမှ ထိုအမိန့်ကို လိုက်နာဆောင်ရွက်ရန် အဆင်သင့်ဖြစ်သွားလေသည်။ ဤနေရာတွင် အချိန်တန်၍ ရသင့်ရထိုက်သော အတိုးငွေများကို လျှော်ပစ်ခြင်း သည် လူသား၏ အာသာဆန္ဒအပေါ်၌ ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်ပါသည်။ ထို့ကြောင့် ပထမဦးဆုံးမိန့်တော်မူသည်မှာ **اِتَّقُوااللهَ**အလ္လာဟ် အရှင်မြတ်ကို ကြောက်ရွံ့ရိုသေကြဟူ၍သာဖြစ်သည်။ ထို့နောက်တွင်မှ ပညတ်ချက်ကို ဖော်ပြထားသည်မှာ

**وَذَرُوْا مَا بَقِيَ مِنَ الرِّبٰوا**

'၎င်းပြင် ကြွင်းကျန်လျက်ရှိသော အတိုးအညွှန့်များကိုလည်း စွန့်လွှတ်ကြကုန်။'

အာယသ်တော်အဆုံးတွင် မိန့်ကြားထားသည်မှာ - **اِنْ كُنْتُمْ مُّؤْمِنِيْنَ**

'အသင်တို့သည် ယုံကြည်သူများဖြစ်ကြပါမူ။' ဤတွင်ရည်ညွှန်းထားသည်မှာ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို သစ္စာရှိရှိလိုက်နာခြင်းသည် အီမာန်ယုံကြည်ချက်၏ လိုအပ်ချက်ပင်ဖြစ်သည်။ ဤကဲ့သို့ မပြုဆောင်ပါက အီမာန်ယုံကြည်မှု ပျက်ပြယ်သွားပါသည်။ ထို့ပြင် ဤအမိန့်ပညတ်ချက်သည် စိတ်နေစိတ်ထား များအပေါ်၌ တစ်မျိုးတစ်ဖုံဝန်ထုတ်ဝန်ပိုးဖြစ်စေသောကြောင့် ပညတ်ချက်၏အစတွင် **اِتَّقُوااللهَ**

'အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရိုသေကြ'နှင့် အဆုံးတွင် **اِنْ كُنْتُمْ مُّؤْمِنِيْنَ** 'အသင်တို့သည်ယုံကြည်သူများဖြစ်ခဲ့ပါလျှင်'ဟူ၍ ထည့်ထားပါသည်။

ထို့နောက် ပဥ္စမအာယသ်၊ အာယသ်တော်(၂၇၉)ထဲတွင် ဤပညတ်ချက်ကို ဆန့်ကျင်သစ္စာပြုမူသူများ အတွက် ပြင်းထန်သောသတိပေးချက်ကို မိန့်ထားပါသည်။ အတိုးယူခြင်းကို မစွန့်လွှတ်သူများအား ပြောကြားသည်

မှာ အတိုးကိုမစွန့်ပါက အလ္လာဟ်အရှင်မြတ်နှင့် သူ၏တမန်တော်က စစ်ကြေငြာခြင်းခံရလိမ့်မည်။ ကုဖိရ် မယုံကြည်သွေဖည်မှုမှအပ မည်မျှပင်ကြီးကျယ်သော ဂုနာဟ်ပြစ်မှုအတွက် ကုရ်အာန်ကျမ်းမြတ်ပါ ပြင်းထန်သော သတိပေးချက်တို့သည် ဤသတိပေးချက်လောက် မပြင်းထန်ပါ။ အာယသ်တော်သည် အောက်ပါစကားလုံးများဖြင့် နိဂုံးချုပ်လေသည်။

**وَاِنْ تُبْتُمْ فَلَكُمْ رُءُوْسُ أَمْوَالِكُمْ لَا تَظْلِمُوْنَ وَلَا تُظْلَمُوْنَ**

'သို့ရာတွင် အကယ်၍သာ အသင်တို့သည် နောင်တတရားရရှိကာ (အတိုးအညွှန့်စားသုံးခြင်းကို စွန့်လွှတ်၍ အလ္လာဟ်အရှင်မြတ်ဘက်သို့) ပြန်လှည့်ကြပါလျှင် အသင်တို့သည် မိမိတို့(ချေးငှားထားသော)ငွေရင်းများကို ပိုင်ဆိုင်ခွင့်ရှိကြကုန်၏။' အသင်သည် အခြားသူတစ်ဦးတစ်ယောက်အား အသင်၏အရင်းအနှီးထက် ပို၍တောင်းခံခြင်းဖြင့် မတရားမှုမပြုလုပ်နိုင်သကဲ့သို့ အသင့်အား အခြားသူတစ်ဦးက သင်၏အရင်းအနှီးငွေများအား လျော့ပေးခြင်း (သို့) နှောင့်နှေးစွာပေးခြင်း စသည့်မတရားမှုမျိုးလည်း မပြုလုပ်နိုင်ပါ။ ဤနေရာ၌ အရင်းအနှီးကို ပြန်လည်လက်ခံရာတွင် သောင်ဗာဝန်ချတောင်းပန်ခြင်းနှင့် နောင်တွင်အတိုးကို စွန့်လွှတ်ကြောင်း သံန္နိဋ္ဌာန်ချမှတ်မှသာလျှင် ငွေရင်းကို ပြန်လည်လက်ခံရယူနိုင်ပါသည်။

ဤအာယသ်တော်က ထင်ရှားစွာညွှန်းသည်မှာ အကယ်၍ သောင်ဗာဝန်ချတောင်းပန်ခြင်းတွင် အတိုးကို စွန့်လွှတ်ပါသည်ဟူသော သန္နိဋ္ဌာန်ချမှုမပါခဲ့လျှင် အရင်းကိုလက်ခံခြင်းသည် စည်းကမ်းကျနလိမ့်မည်မဟုတ်ပါ။ အောက်ပါတို့သည်ဆက်နွယ်သော အသေးစိတ်အချက်များဖြစ်ပါသည်။ လူတစ်ယောက်၏ ဥပမာကိုကြည့်ပါ။ သူသည် အတိုးကို ဟရာမ်ဟု မယုံကြည်ပါ။ ထို့နောက် သူသည် အမှားဝန်ခံသောင်ဗာလည်းမပြုဘဲ အတိုးယူခြင်းကို မပြုလုပ်တော့ဟု သန္နိဋ္ဌာန်မချလျှင် ထိုသူသည် အစ္စလာမ့်ဘောင်အပြင်သို့ ရောက်သွားကာ ဘာသာပျက်သူ (**مرتد** : မုရ်သဒ်)ဖြစ်လေသည်။ ဘာသာပျက်သူများနှင့်သက်ဆိုင်သော အမိန့်ပညတ်ချက်များတွင် ပါသည်မှာ ဘာသာပျက်သွားသောအခါ သူ၏ပစ္စည်းဥစ္စာများကို ပိုင်ဆိုင်ခွင့်မရှိတော့ပါ။ အကျိုးဆက်မှာ သူမုစ်လင်မ်အဖြစ် ရှာဖွေ စုဆောင်းထားသည်များကို သူ၏မုစ်လင်မ်ဆွေမျိုး အမွေဆက်ခံသူများက ရယူနိုင်ပြီး သူဘာသာပျက်သူ 'မုရ်သတ်' အဖြစ် ရှာဖွေစုဆောင်းထားသည်များကို 'ဗိုင်သုလ်မလ်'ခေါ် ( **بيت المال** : အစ္စလာမ် ဘဏ္ဍာတိုက်)သို့ သွတ်သွင်းရပါမည်။ ထို့ကြောင့် သူ၏သောင်ဗာဝန်ချတောင်းပန်ခြင်းမပြုလုပ်ခြင်းသည် အတိုးကို ဟလာလ်ဟု ထင်မှတ်ခြင်းကြောင့် ဖြစ်ခဲ့ပါလျှင် သူသည် ငွေရင်းကိုပင်ပြန်၍ လက်ခံနိုင်ရန်မရှိပါ။ အကယ်၍ သူသည် အတိုးကို ဟလာလ်ဖြစ်သည်ဟု ယုံကြည်ခြင်းကို မရပ်တံ့သည့်အပြင် သူသည် လုပ်ငန်းတူသူများနှင့်ပေါင်းကာ အစ္စလာမ့်အစိုးရအား ထိပ်တိုက်ရင်ဆိုင်သည့်အနေအထားတွင်ရှိနေခဲ့ပါလျှင် တော်လှန်ပုန်ကန်သူဖြစ်သွားပါသည်။ သူ၏ပိုင်ဆိုင်မှုများကို သိမ်းဆည်းကာ ဗိုင်သုလ်မလ်တွင်အပ်နှံထားပြီး သူအမှားဝန်ခံ၊ ဝန်ချတောင်းပန်လျှင် သူ့အား ပြန်လည်ပေးအပ် ရမည်။ ထိုကဲ့သို့သော အသေးစိတ်များကို ညွှန်းပြရန်အတွက် အာယသ်တော်ထဲတွင် စည်းကမ်းချက်အနေဖြင့် မိန့်ကြားထားသည်မှာ - **فَإِنْ تُبْتُمْ فَلَكُمْ رُءُوْسُ أَمْوَالِكُمْ**

ဆိုလိုသည်မှာ အကယ်၍သင်သည် သောင်ဗာဝန်ချတောင်းပန်းခြင်းမပြုလုပ်ခဲ့ပါလျှင် အသင်၏ ရင်းနှီးငွေကိုပင် ပြန်လည်ပေးလိမ့်မည်မဟုတ်ပါ။

ထို့နောက် ဆဋ္ဌမအာယသ်ဖြစ်သော အာယသ်(၂၈၀)တွင် အတိုး၏ လူမဆန်သောအပြုအမူများကို နှိုင်းယှဉ်သည့်အနေဖြင့် မရှိဆင်းရဲသားများနှင့် နွမ်းပါးသူများအပေါ် သက်ညှာမှုကိုပြသသည့် စစ်မှန်သော ကိုယ်ကျင့်တရားကို အလေးအနက်ဖော်ပြထားပါသည်။ အာယသ်တော်က မိန့်ကြားထားသည်မှာ အသင့်ထံမှ ချေးငှားသောသူသည် ပြန်လည်ပေးဆပ်ရန်အတွက် အလွန်ဆင်းရဲနေပါလျှင် ရှရီအသ်၏စီမံချက်သည် သူပြန်လည်၍ပေးဆပ်နိုင်သည်အထိ စောင့်ဆိုင်းရပါမည်။ ထို့ပြင် သူ၏အကြွေးများကိုလျော်ပစ်ပါက သင့်အတွက် အလွန်ကောင်းပါသည်။ အတိုးစားသူများ၏ ယေဘုယျအကျင့်မှာ သူတို့ထံမှ ငွေချေးငှားသူသည် ဆင်းရဲပြီး၊ သတ်မှတ်ထားသည့်အချိန်၌ မပေးဆပ်နိုင်မှန်းသိရှိသည်နှင့်တပြိုင်နက် အတိုးငွေများကို အရင်းတွင်ပေါင်းထည့်ကာ အတိုးပေါ် အတိုးထပ်စေသည့် အတိုးသံသရာဖြစ်ရုံမျှမက အတိုးနှုန်းကိုပင် တိုးလိုက်ပါသေးသည်။

ဤတွင် ဥပဒေထုတ်သူများအားလုံးတို့တွင် အသိဉာဏ်ပညာအကြွယ်ဝဆုံးဖြစ်သော အလ္လာဟ်အရှင်မြတ်သည် မိမိချေးယူထားသောငွေကို ပြန်လည်မပေးဆပ်နိုင်သည့် အမှန်တကယ်ဆင်းရဲသော ငွေကြေးချေးယူသူအား အကြိမ်ကြိမ်အနှောက်အယှက်ပေးကာ စိတ်သောကရောက်အောင် မပြုလုပ်ရဟု ဥပဒေထုတ်ပြန်သည်။ ထိုကဲ့သို့ မပြုလုပ်ဘဲ ငွေချေးယူသူက ပြန်လည်ပေးဆပ်နိုင်သည်အထိ စောင့်ဆိုင်းပေးရမည်။ ထိုသို့စောင့်ဆိုင်းရမည်ဟူသောအချက်နှင့်အတူ တပြိုင်နက်တည်း ဆက်လက်မိန့်ကြားထားသည်မှာ ချေးငွေကို လျော်ပစ်ခြင်းသည် ချေးငှားသူအတွက် ပိုမိုအကျိုးရှိစေပါသည်။

ဤနေရာ၌ ကုရ်အာန်ကျမ်းတော်မြတ်က သုံးနှုန်းထားသော 'ဆွဒ်ကာတ်'ဟူသော စကားလုံး၏အဓိပ္ပာယ်မှာ 'ခွင့်လွှတ်ခြင်း' လျော်ပစ်ခြင်းဟုဖြစ်ပါသည်။ ထိုကိစ္စရပ်မှပေးထားသော ရည်ညွှန်းချက်မှာ 'ခွင့်လွှတ်ခြင်း၊ လျော်ပစ်ခြင်း'သည် အသင်တို့အတွက် ကုသိုလ်ကောင်းမှုတစ်ရပ်ဖြစ်သွားကာ ကြီးကျယ်သော ကောင်းကျိုးများ ရရှိပါလိမ့်မည်။ 'အကယ်၍ အသင်တို့ ခွင့်လွှတ်လျော်ပစ်ခဲ့ပါလျှင် အသင်တို့အတွက် ပိုမိုကောင်းမွန်ပါသည်'ဟူသော အဆိုအမိန့်နှင့်ပတ်သက်၍ပြောရလျှင် ဤကဲ့သို့သာပြုလုပ်ခဲ့ပါက အတိုးစားသူများအတွက်မှာမူ လုံးဝဥဿုံ ဆုံးရှုံးမှုတစ်ရပ်ဖြစ်သွားပါလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့အား အတိုးကိုစွန့်လွှတ်ရန် မိန့်ကြားခဲ့ရုံမက ၎င်းတို့၏အရင်းများကိုပါ ဆုံးရှုံးသွားနိုင်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်က ထိုလုပ်ရပ်ကို 'ခိုင်းရ်' ပိုမိုကောင်းမွန်ခြင်းဟု ခေါ်ဆိုထားပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ အကြောင်းပြချက်နှစ်ရပ်ရှိပါသည်။

(၁) ဤခေတ္တခဏာသာနေရသည့်ဘဝ၏နောက်တွင် ဤအမှု၏ကောင်းကျိုးကို မျက်ဝါးထင်ထင် တွေ့ရပါလိမ့်မည်။ မပြောပလောက်သော ကုသိုလ်ကောင်းမှုကလေးတစ်ရပ်ကြောင့် တစ်စုံတစ်ဦးသည် သုခဘုံ၏ အဆုံးအစမရှိသော ကောင်းချီးမင်္ဂလာရရှိပါလိမ့်မည်။

(၂) တစ်စုံတစ်ဦးသည် သူ၏လုပ်ရပ်များကြောင့် ကောင်းကျိုးဖြစ်ထွန်းလာသည်ကို သူကိုယ်တိုင်မြင်နိုင်ချေရှိသည်ဟူ၍လည်း ညွှန်းဆိုထားပါသည်။ သူ၏ပိုင်ဆိုင်မှု(ပစ္စည်းဥစ္စာ)များသည်လည်း 'ဘရကသ်' (တိုးပွားမှု၊ သုခချမ်းသာရှိမှု)ဖြစ်လာနိုင်ပါသည်။ 'ဘရကသ်'၏ အနှစ်သာရမှာ မိမိပိုင်ဆိုင်မှုများသည် အရေအတွက်အားဖြင့် မတိုးပွားသော်လည်း အနည်းငယ်သုံးစွဲရုံမျှဖြင့် လိုအပ်ချက်အမြောက်အမြားပြည့်ဝသွားစေပါသည်။ ထို့ကြောင့် 'ဆွဒ်ကာတ်'နှင့် 'ခိုင်ရသ်'လှူဒါန်းသုံးစွဲသူများ၏ ဥစ္စာဓနများသည် အဆုံးအစမရှိသော 'ဘရကသ်'ဖြစ်ထွန်းသည်ကို ယေဘုယျအားဖြင့် တွေ့ရှိရပါသည်။ 'ဟရာမ်'ငွေဖြင့်သုံးစွဲထားသောသူများသည် သူတို့၏လိုအပ်ချက်

မြောက်များစွာ တို့သည် ငွေကြေးအမြောက်အများသုံးစွဲသော်လည်း မည်သည့်အခါမျှ ပြေပျောက်သွားသည်မရှိပါ။

ထို့နောက် ကောင်းချီးမရ(ဘရကသ်)မဖြစ်သောငွေကြေးဓနများလည်း ရှိပါသည်။ တစ်ဦးတစ်ယောက်သည် သူအဘယ်အတွက်ကြောင့် သုံးစွဲလိုက်ရသည်ကို မသိဘဲသုံးစွဲမိခြင်းဖြစ်သည်။ သို့မဟုတ်လျှင် ထိုကဲ့သို့ ငွေကြေးချမ်းသာကြွယ်ဝသောသူများသည် မလိုလားအပ်သောခေါင်းစဉ်များဖြစ်သည့် ဆေးဝါးဝယ်ယူရခြင်းစရိတ်၊ ဆေးကုသစရိတ်နှင့် တိုင်ပင်ဆွေးနွေးခြင်းစရိတ်တို့ဖြစ်ပါသည်။ ယင်းကဲ့သို့သောကိစ္စရပ်များကို ဆင်းရဲသားများ မရင်ဆိုင်ရပါ။ ဦးစွာပထမပြောရလျှင် အလွှာဟ်အရှင်မြတ်သည် သူဆင်းရဲများကို ကျန်းမာခြင်းတည်းဟူသော ကောင်းချီးပေးထားပါသည်။ ထို့ကြောင့် ဆေးကုသရန် ငွေကြေးသုံးစွဲရခြင်းမှ ကင်းဝေးစေပါသည်။ အကယ်၍ သူတို့နာမကျန်းဖြစ်ခဲ့ပါလျှင်လည်း သာမန်ကုသမှုဖြင့် သူတို့ပြန်လည်ကျန်းမာလာကြပါသည်။ ဤရွှထောင့်မှကြည့်လျှင် သူဆင်းရဲတစ်ဦး၏ပေးဆပ်ရန်ရှိသော ကြွေးမြီများကို ခွင့်လွှတ်လျော်ပစ်ခြင်းသည် အပြင်ပန်းအားဖြင့် ဆုံးရှုံးမှုတစ်ရပ်ဟုထင်ရသော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ သင်ကြားမှုအရဆိုလျှင် ထိုလုပ်ရပ်သည် အကျိုးရှိသောလုပ်ရပ်တစ်ခုဖြစ်သွားပါသည်။

ငွေချေးယူထားသူ သူဆင်းရဲတစ်ဦးအား ပြန်လည်ပေးနိုင်သည်အထိ စောင့်ဆိုင်းရမည်ဟူသော ဤသင်ကြားချက်ကို ခိုင်လုံသောဟဒီးဆ်တော်များက ထောက်ခံထားပါသည်။ ဟဒီးဆ်တော်အချို့ကိုအောက်တွင် ဖော်ပြလိုက်ပါသည်။

တစ်စုံတစ်ဦးသည် မည်သည့်အရိပ်တွင်မှ ခိုလှုံစရာမရှိဘဲ အလွှာဟ်အရှင်မြတ်၏ အသနားတော်အရိပ်အောက်တွင် ခိုလှုံပါက သူသည် ငွေချေးယူထားသောသူဆင်းရဲများအား သနားကြင်နာခြင်း၊ စောင့်ဆိုင်းခြင်းတို့ဖြင့် ဆက်ဆံသင့်ပါသည်။ သို့မဟုတ်ပါမူ ယင်းသူဆင်းရဲတို့၏ကြွေးမြီများကို ခွင့်လွှတ်လျော်ပစ်ခြင်းတို့ကို ပြုလုပ်နိုင်ပါသည်ဟု အလ်သာဘာရာနီ၏ မူဂျင်မ်ကျမ်းပါ ဟဒီးဆ်တော်တစ်ပုဒ်အရသိရပါသည်။

ရှာဟီးမုစ်လင်ကျမ်းတွင်လည်း ဤဟဒီးဆ်တော်နှင့် အလားတူသော် ဟဒီးဆ်တစ်ပုဒ်တွင်ပါရှိပါသည်။ မုစ်နဒ်အဟ်မဒ်ကျမ်းပါဟဒီးဆ်တစ်ပုဒ်အရဆိုလျှင် ငွေတစ်ပြားမှမရှိသော ငွေချေးယူသူအား စောင့်ဆိုင်းခြင်းအမူပြုလုပ်ခဲ့ပါလျှင် ထိုသူသည် သူဆင်းရဲပေးဆပ်ရန်ရှိသော ငွေများနှင့်အချိုးတူ ဆွဒ်ကာတ် 'လှူဒါန်းခြင်းစဝါးဗ် ရရှိပါလိမ့်မည်။ ဤစဝါးဗ်ရခြင်းတွက်ချက်မှုသည် သူဆင်းရဲငွေကြေးဆပ်ရမည်ဟု သတ်မှတ်ထားသည့် အခြိန်မတိုင်မီအထိ အကျုံးဝင်ပါသည်။ တစ်ဖန်ငွေကြေးပေးဆပ်ရမည့်သတ်မှတ်ချိန်ရောက်သော်လည်း ထိုသူဆင်းရဲသည် မပေးဆပ်နိုင်သေးသောကြောင့် ထပ်မံစောင့်ဆိုင်းမှုပြုခဲ့ပါလျှင် ငွေရင်းပိုင်ရှင်သည် သူဆင်းရဲချေးယူထားသော ငွေကြေးပမာဏနှစ်ဆရပါလိမ့်မည်။ အခြားဟဒီးဆ်တစ်ပုဒ်အရဆိုလျှင် တစ်စုံတစ်ဦးသည် မိမိ၏တောင်းဆုဒုအာများကို အလွှာဟ်အရှင်လက်ခံစေရန်သော်လည်းကောင်း၊ ၎င်းပေါ်တွင်ကျရောက်နေသော ဘေးဘလာများဖယ်ရှားပေးရန်လိုလားလျှင်သော်လည်းကောင်း ကြွေးတင်နေသော သူဆင်းရဲအား စောင့်ဆိုင်းမှုပြုသင့်ပါသည်။

နောက်ဆုံးအာယသ်ဖြစ်သော အာယသ်(၂၈၁)တွင် လုပ်ရပ်များအား စစ်ဆေးမှုပြုခြင်း၊ ထိုလုပ်ရပ်များကို ကောင်းချီးပေးခြင်း၊ အပြစ်ဒဏ်ပေးခြင်းပြုလုပ်မည့် စာရင်းစစ်ဆေးမည့်နေ့အကြောင်းကို ပြန်လည်ဖော်ပြထားပြီး

အာယသ်တော်များ၏အဆုံးပိုင်း၌ အတိုးနှင့်ပတ်သက်သောအမိန့်ပညတ်ချက်တို့ ပါဝင်လာပါသည်။ ဤနောက်ဆုံး အာယသ်တော်ထဲ၌ မိန့်ထားသည်မှာ -

وَاتَّقُوْا يَوْمًا تُرْجَعُوْنَ فِيْهِ إِلَى اللّٰهِ ثُمَّ تُوَفّٰى كُلُّ نَفْسٍ مَّا كَسَبَتْ وَهُمْ لَا يُظْلَمُوْنَ

'ထို့ပြင်တစ်ဝ (အို-မုစ်လင်မ်အပေါင်းတို့) အသင်တို့သည် အကြင်နေ့ကို ကြောက်ရွံ့ကြကုန်။ ထိုနေ့တွင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်အထံတော်သို့ ပြန်လည်ရောက်ရှိကြကုန်အံ့။ ထို့နောက် လူတိုင်းသည် မိမိတို့ ရှာဖွေဆည်းပူးခဲ့ကြသော (ကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးအပြစ်များကို)အပြည့်အစုံပေးခြင်းခံကြရလတ္တံ့။ သို့ရာတွင် ယင်းသူတို့သည် (ထိုကဲ့သို့ အကျိုးအပြစ်ပေးခြင်းခံကြရာတွင် တစ်စုံတစ်ရာမျှ) မတော်မတရား နစ်နာဆုံးရှုံးစေခြင်းကို ခံကြရမည်မဟုတ်ပေ။'

စိုက်ယိဒိနာ အဗ်ဒုလ္လာဟ်အိဗ်နိအဗ္ဗာစ်(ﷺ)ကပြောကြားသည်မှာ ဤအာယသ်တော်သည် ဝဟီကျရောက်ခြင်း၏ နောက်ဆုံးအခြေအနေဖြစ်သည်။ ဤအာယသ်တော်ပြီးသည့်နောက် မည်သည့်အာယသ်တော်မျှ ဝဟီမကျရောက်ပါ။ (၃၁)ရက်လွန်မြောက်ပြီးသည့်နောက် တမန်တော်မြတ်(ﷺ)သည် ဤကမ္ဘာလောကကို စွန့်ခွာသွားခဲ့သည်။ တမန်တော်မြတ်(ﷺ)သည် (၉)ရက်ကြာပြီးမှသာလျှင် ဤကမ္ဘာကစွန့်ခွာသည်ဟု အခြားသောဆင့်ပြန်ချက်များ လည်းရှိခဲ့သည်။ အတိုးနှင့်ပတ်သက်သောပညတ်ချက်များကို ရှင်းလင်းတင်ပြရာ၌ စူရတ် ဘကရတ်ထဲမှာပါသော အာယသ်များဖြင့်သာ ပြုလုပ်ခဲ့ပါသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် အတိုးကိုတရားမဝင်ခြင်းနှင့် တားမြစ်ခြင်း အကြောင်းတို့ကို မိန့်ဆိုရာ၌ စူရတ်ဘကရတ်တွင် ခုနှစ်အာယသ် ပါရှိသည်။ စူရတ် အလ်အင်မ်ရမ်တွင်တစ်အာယသ် ပါရှိပြီး စူရတ် အလ်နိစားတွင် နှစ်အာယသ်ပါရှိပါသည်။ စူရတ် အလ်ရူမ်တွင်လည်း တစ်အာယသ်ပါရှိပါသေး သည်။ အချို့က ဤအာယသ်၏ရှင်းလင်းချက်သည်လည်း အတိုးသဘောပါဝင်သည်ဟုမှတ်ယူကြပြီး အခြားသော သူများက အခြားအဓိပ္ပာယ်သက်ရောက်သည်ဟု မှတ်ယူကြပါသည်။ ကျမ်းတော်မြတ်ကုရ်အာန်တွင် အတိုးနှင့် ပတ်သက်သော အမိန့်ပညတ်ချက်ဆယ်ခုရှိပါသည်။ အတိုး၏ အကြောင်းအမှန်အတိုင်းမသိခင်မှာ စူရတ် အလ် အင်မ်ရမ်၊ စူရတ်အလ်နိစားနှင့် စူရတ်အလ်ရူမ်းတွင် ပါဝင်သော အာယသ်တော်များတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက် နှင့် ရှင်းလင်းတင်ပြချက်တို့ကို အလျင်တင်ပြသင့်ပါသည်။ သို့မှသာ ဤအာယသ်တော်အားလုံးတို့၏ စုပေါင်း အမြင်ကြောင့် အတိုး၏စစ်မှန်သောသဘောသဘာဝကို ကျွန်ုပ်တို့ နားလည်သဘောပေါက်ရန် လွယ်ကူပါလိမ့်မည်။

စူရတ်အလ်အင်မ်ရမ်၏ အာယသ်တော်(၁၃၀)က အောက်ပါအတိုင်း မိန့်ကြားထားပါသည် -

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوْا لَا تَاْكُلُوا الرِّبٰوٓا اَضْعَافًا مُّضٰعَفَةً ۠ وَّاتَّقُوا اللّٰهَ لَعَلَّكُمْ تُفْلِحُوْنَ ۝

"အို-'မုအ်မင်န်' ယုံကြည်ခြင်းသဒ္ဓါတရားထားရှိသူအပေါင်းတို့။ အသင်တို့သည် ဆထက်တိုးပြီးဖြစ်သော အဆပေါင်းများစွာသော အတိုးအညွှန့်ကို မစားကြကုန်လင့်။ ၎င်းပြင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို

ကြောက်ရွံ့ကြလေကုန်။ သို့မှသာလျှင် အသင်တို့သည် အောင်မြင်ကြကုန်အံ့။

ဤအာယသ်တော်ကျရောက်ခြင်း၏နောက်တွင် သီးသန့်အဖြစ်အပျက်ကလေးတစ်ခုရှိပါသည်။ အစ္စလာမ်မပေါ်ထွန်းမီက အရေးဗီးယားတွင် အတိုးနှုန့်ပတ်သက်သော ယေဘုယျလုပ်ပုံလုပ်နည်းမှာ သတ်မှတ်ထားသော အချိန်ကာလအတွက် ချေးငွေများကို အတိုးနှုန့် ချေးငှားလေ့ရှိကြပါသည်။ ချေးငှားသူက သတ်မှတ်ထားသော အချိန်စေ့ရောက်၍ ပြန်လည်မပေးဆပ်နိုင်သောအခါ အတိုးငွေကို တိုးမြှင့်ခြင်းဖြင့် အချိန်ကိုလည်း တိုးမြှင့်ပေးပါသည်။ အလားတူစွာ ဒုတိယအကြိမ် တိုးမြှင့်ထားသောအချိန်စေ့ရောက်သောအခါ၌ အတိုးငွေပြန်လည်မပေးဆပ်နိုင်သောအခါ အတိုးငွေကို ပိုမိုတိုးမြှင့်ကြပါသည်။ ဤအချက်ကို သဖီစီရန်အကျယ်ဖွင့်စာအုပ်များတွင် ယေဘုယျဖော်ပြကြပါသည်။ လုဗာဗနူကုလ်ကျမ်းတွင် မူဂျာဟစ်၏ဖော်ပြချက်ကို အထူးသီးသန့်ဖော်ပြ ထားသည်။

အစ္စလာမ်မပေါ်ထွန်းမီက အရေးဗီးယား၌ရှိသော ဤလူမဆန်သောဓလေ့ကို အပြီးအပိုင်ရှင်းလင်းစေရန် အတွက် ဤအာယသ်တော်ကိုချပေးခဲ့ပါသည်။ အာယသ်တော်တွင် **اَضۡعَافًا مُّضٰعَفَةً** (အသွံအာဖမ် မို့သွာအဖသန်) 'အဆပေါင်းများစွာ'ဟူသော မိန့်ကြားချက်သည် သူတို့၏တည်ဆဲအကျင့်ကို ရှုံ့ချပြီး ၎င်းတို့၏ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် လူအဖွဲ့အစည်းနှင့်ဆန့်ကျင်သည့် အပြုအမူကို သတိပေးကာ အတိုးကိုတားမြစ်ကြောင်း ကြေညာခဲ့ပါသည်။ အကယ်၍သာအတိုးသည် အဆပေါင်းမြောက်မြားစွာမတိုးခဲ့လျှင် အတိုးကိုတားမြစ်လိမ့်မည်မဟုတ်ဟူ၍ ဤအာယသ်တော်က မဆိုလိုပါ။ အဘယ့်ကြောင့်ဆိုသော် အတိုးကို နှစ်ဆဖြစ်စေ၊ အဆပေါင်းများစွာဖြစ်စေ တိုးခဲ့လျှင်သော်လည်းကောင်း၊ မတိုးခဲ့လျှင်သော်လည်းကောင်း ယင်းအတိုးကို အကြွင်းမဲ့တားမြစ်ကြောင်း စူရဟ် အလ်ဘကရဟ်နှင့် စူရဟ်အလ်နိစားတို့တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော နေရာများတွင် မိန့်ကြားထားသည်မှာ -

**لَا تَشۡتَرُوۡا بِاٰيٰتِىۡ ثَمَنًا قَلِيۡلًا**

'အသင်တို့သည် အနည်းငယ်မျှသော အဖိုးငွေနှင့် ငါအရှင်မြတ်၏တရားဒေသနာများကို လဲလှယ်ရောင်းချခြင်းမပြုကြကုန်လင့်၊ အနည်းငယ်မျှသော အဖိုးအခ'ဟူသောစကားရပ်ကို ဤနေရာ၌သုံးထားခြင်းသည် တစ်ကမ္ဘာလုံးရှိ တိုင်းနိုင်ငံတို့နှင့် အလ္လာဟ်အရှင်မြတ်၏အာယသ်တော်ကို လဲလှယ်မည်ဆိုလျှင်ပင် ယင်းတန်ဘိုးသည် အနည်းငယ်မျှသာဖြစ်နေကြောင်းကို ရည်ညွှန်းသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များကို ကြေးငွေအနည်းငယ်ဖြင့် လဲလှယ်ရောင်းချခြင်းသည် ဟရာမ်ဖြစ်သည်ဟု အဓိပ္ပာယ်မသက်ရောက်သကဲ့သို့ ကြေးငွေများစွာနှင့် လဲလှယ်ရောင်းချခြင်းသည်လည်း ခွင့်ပြုသည်ဟုမဆိုပါ။ အလားတူစွာ **اَضۡعَافًا مُّضٰعَفَةً** အဆပေါင်းများစွာတိုးပြီးဖြစ်သော'ဟူသည့် အသုံးအနှုန်းကို အာယသ်တော်ထဲတွင် ထည့်ထားခြင်းမှာ တားမြစ်ခြင်းအတွက် လိုအပ်ချက်အခြေအနေတစ်ရပ်ကားမဟုတ်ပါ။ သို့ရာတွင် အတိုးစားသူများတို့၏ ရှက်ဖွယ်လိလိလုပ်နည်းကိုင်နည်းကို သတိမူဂရုပြုမိစေရန်အတွက်ဖြစ်သည်။

ထို့ပြင် အတိုးလုပ်ငန်းနှင့်ပတ်သက်၍ ခေတ်စားနေသောလုပ်နည်းကိုင်နည်းများကို စဉ်းစားခဲ့လျှင် ရိဗာအတိုးစားခြင်းသည် ယင်းကိစ္စရှင်းလင်းပြီးသည်နှင့်တပြိုင်နက် ယင်းအတိုးသည် ရိုးရိုးအတိုးမဟုတ်ကြောင်းသင် ကောက်ချက်ချပါလိမ့်မည်။ ထိုအတိုးက ဆပွားတိုးကာ မြီရှင်ပိုင်ဆိုင်သည်တွင် ထည့်သွင်း၍ တိုးရင်းပေါင်း

ကာ အရင်းပြုလုပ်လိုက်သည်။ ယင်းတိုးရင်းပေါင်းကိုထပ်မံချေးငှာခြင်းဖြင့် အတိုးငွေပိုမိုတိုးပွားကာ ဆပ္ပားဖြစ်လာမည်။ ဤကွင်းဆက်ဖြစ်ပေါ်မှုသည် **اَضۡعَافًا مُّضٰعَفَةً** 'အဆပေါင်းများစွာတိုးပြီးဖြစ်သော'ဆက်လက်ကြီးထွားကာ မည်သည်ကမျှ မရပ်တံ့နိုင်တော့ပါ။ ဤနည်းကြောင့်အတိုးတိုင်းသည် အဆပေါင်းများစွာ တိုးပွားစေပါသည်။

စူရတ် အလ်အင်မ်ရာန်၏ အာယသ်တော်(၁၃၀)ကို ဆွေးနွေးပြီးနောက် အတိုးနှင့်သက်ဆိုင်သော စူရတ် အလ်နိစားပါ အာယသ်တော်(၁၆၀)နှင့် (၁၆၁)တို့ကို လေ့လာကြပါစို့။ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

**فَبِظُلۡمٍ مِّنَ الَّذِيۡنَ هَادُوۡا حَرَّمۡنَا عَلَيۡهِمۡ طَيِّبٰتٍ اُحِلَّتۡ لَهُمۡ**
**وَبِصَدِّهِمۡ عَنۡ سَبِيۡلِ اللّٰهِ كَثِيۡرًا ۝ وَّاَخۡذِهِمُ الرِّبٰوا وَقَدۡ نُهُوۡا عَنۡهُ وَاَكۡلِهِمۡ**
**اَمۡوَالَ النَّاسِ بِالۡبَاطِلِ ؕ وَاَعۡتَدۡنَا لِلۡكٰفِرِيۡنَ مِنۡهُمۡ عَذَابًا اَلِيۡمًا ۝**

တဖန် ယဟူဒီတို့၏ (ယင်းကဲ့သို့သော)ကျူးကျော်မှုကြောင့်လည်းကောင်း၊ အလ္လာဟ်အရှင်မြတ်၏ လမ်းတော်မှ(လူတို့အား)များစွာပိတ်ပင်တားဆီးမှုကြောင့်လည်းကောင်း ငါအရှင်မြတ်သည် ၎င်းတို့အဖို့ (ယခင်မူလက)ခွင့်ပြုထားသော သန့်စင်ကောင်းမွန်သောအရာများကို ၎င်းတို့အပေါ်၌ 'ဟရာမ်'ဟူ၍ တားမြစ်တော်မူခဲ့လေသည်။

ထို့ပြင်တစ်ဝ ထိုသူတို့၏ အတိုးအညွှန့်ကို ယူငင်(စားသုံး)မှုကြောင့်လည်းကောင်း အမှန်မှာ ထိုသူတို့သည် ထို(သို့အတိုးအညွှန့်စားသုံးခြင်း)မှ မြစ်တားခြင်းခံခဲ့ကြရပေပြီ။ သူတစ်ပါးတို့၏ ဥစ္စာပစ္စည်းများကို မတရားသောနည်းဖြင့် စားသုံးမှုကြောင့်လည်းကောင်း (ငါအရှင်မြတ်သည် ထိုသူတို့အဖို့ ကောင်းမွန်သောအရာများကို မြစ်တားတော်မူခဲ့လေသည်။) ထိုမှတစ်ပါးတုံ ငါအရှင်မြတ်သည် ထိုသူတို့အနက်မှ သွေဖည်ငြင်းပယ်သောသူတို့အဖို့ အလွန်ပြင်းပြနာကျင်ဘွယ်သောပြစ်ဒဏ်ကိုလည်း အဆင်သင့်ပြုလုပ်ထားရှိတော်မူပြီးဖြစ်ပေသတည်း။ (၄း၆၁)

ဤအာယသ်တော်နှစ်ခုအရ စိုက်ယိဒိနာမူဆာ(ﷺ)သခင်၏ ဥပဒေတွင်လည်း အတိုးကို တူညီစွာတားမြစ်ထားခဲ့ကြောင်း ကျွန်ုပ်တို့သိရသည်။ ယဟူဒီများသည် ထိုတားမြစ်ချက်ကို ဆန့်ကျင်ကြသောအခါ ၎င်းတို့အား ဤကမ္ဘာတွင် ထိုက်တန်စွာအပြစ်ပေးခဲ့ပါသည်။ ထို့ပြင် ၎င်းတို့သည် လောဘရမ္မက်ကြောင့် တားမြစ်သည်များကို ဤကမ္ဘာ၏မတည်မြဲသော အကျိုးအမြတ်အတွက် စတင်စားသုံးလာကြသောအခါ အလ္လာဟ်အရှင်မြတ်သည် တရားဝင်အရာအချို့ကို ၎င်းတို့အတွက် တားမြစ်ခဲ့ကြောင်း ကြေငြာခဲ့ပါသည်။

စူရတ်အလ်ရူးမ်၏ အာယသ်တော်(၃၉)ပါ ရူကူ(၄)၌ အောက်ပါအတိုင်းလာရှိသည်။

**وَمَاۤ اٰتَيۡتُمۡ مِّنۡ رِّبًا لِّيَرۡبُوَا۟ فِىۡۤ اَمۡوَالِ النَّاسِ فَلَا يَرۡبُوۡا عِنۡدَ اللّٰهِ**
**وَمَاۤ اٰتَيۡتُمۡ مِّنۡ زَكٰوةٍ تُرِيۡدُوۡنَ وَجۡهَ اللّٰهِ فَاُولٰٓئِكَ هُمُ الۡمُضۡعِفُوۡنَ ۝**

"စင်စစ်မှာမူကား အသင်တို့သည် လူတို့၏ပစ္စည်းများတွင် (ရောစပ်၍)တိုးပွားပြီးလျှင် အသင်တို့ထံရောက်လာရန် ပေးခဲ့ကြသောလက်ဆောင်ပစ္စည်းမှာ အလ္လာဟ်အရှင်မြတ်အထံတော်တွင် တိုးပွားသည်မဟုတ်ပေ။ သို့ရာတွင် အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို လိုလား၍ တစ်စုံတစ်ရာ အလှူဒါနကို

ပေးကမ်းလျှဒါန်းကြပါမူ ယင်းကဲ့သို့ (ပေးကမ်းလျှဒါန်းကြ)သောသူတို့သာလျှင် (မိမိတို့ ပေးကမ်းလျှဒါန်းခဲ့ကြသည်များကို အလွှာဟ်အရှင်မြတ်အထံတော်၌)တိုးပွားစေကြသူများဖြစ်ကြကုန်၏။" (၃၀း၃၉)

အချို့သောဋီကာရှင်များက ဤအာယသ်တော်ကို ယခင်အာယသ်များကဲ့သို့ အတိုးနှင့်သက်ဆိုင်သော အာယသ်တော်များဟု မှတ်ယူကြပါသည်။ အကြောင်းမှာ အာယသ်တော်ပါ စာသားထဲတွင် တိုးပွားခြင်းဟု အဓိပ္ပာယ်သက်ရောက်သော ရိဗာဟူသောစကားလုံးသုံးထား၍ဖြစ်သည်။ ထိုပညာရှင်များအဆိုအရ အာယသ်တော်၏ ဆိုလိုရင်းမှာ အတိုးယူခြင်းကြောင့် ငွေကြေးများ အပြင်ပန်းအားဖြင့် တိုးပွားသော်လည်း စင်စစ်မတိုးပွားချေ။ ထိုတိုးပွားခြင်းသည် လူတစ်ဦး၏ခန္ဓာကိုယ်တိုးပွားလာသော်လည်း မည်သည့်လူကောင်းကမျှ ဤသို့တိုးပွားခြင်းကို မနှစ်သက်ချေ။ သူသည် သေခါနီးပြီဟု မှတ်ယူပါလိမ့်မည်။ ဤသည်နှင့် ယှဉ်ကြည့်လျှင် ဇကာသ်၊ ဆွဒ်ကာတ်လျှဒါန်းပေးကမ်းခြင်းသည် အပေါ်ယံအားဖြင့် ဥစ္စာဓနလျော့နည်းသွားဟန်ရှိသော်လည်း စင်စစ် ဤလုပ်ရပ်သည် အဆပေါင်းများစွာတိုးပွားခြင်း၏ ရင်းမြစ်ပင်ဖြစ်သည်။ သို့လျှဒါန်းခြင်းသည်ကား တစ်စုံတစ်ဦးသည် ခန္ဓာကိုယ်သန့်စင်စေရန်အတွက် ဝမ်းနှုတ်ဆေးစားခြင်း (သို့) ကုထုံးတစ်ရပ်အနေဖြင့် သွေးဖောက်ထုတ်ခြင်းနှင့်တူပါသည်။ ထိုသို့ပြုလုပ်သူသည် အပြင်ပန်းအားဖြင့် အားအင်ချို့တဲ့နေဟန်နှင့် ခန္ဓာကိုယ်တွင် တစ်စုံတစ်ရာလိုအပ်သကဲ့ရှိနေပါသည်။ သို့သော်လည်း ထိုသို့လျော့နည်းခြင်းအကြောင်းသိရှိသူများကမူ ၎င်း၏ကျန်းမာခြင်းနှင့် ခွန်အားပြည့်ဖြိုးခြင်း၏ ရှေ့ပြေးအဖြစ်မှတ်ယူကြပါသည်။

အချို့သော သဖ်စိရ်ပညာရှင်များ၏အဆိုအရဆိုလျှင် ဤအာယသ်တော်သည် အတိုးတားမြစ်ချက်နှင့် ပတ်သက်ခြင်းမရှိဟု မှတ်ယူကြသည်။ ဤအာယသ်တော်ထဲတွင်သုံးထားသော ရိဗာဟူသောစကားလုံးသည် စိတ်ကောင်းစေတနာမပါဘဲနှင့် တစ်စုံတစ်ဦးအား လက်ဆောင်ပေးခြင်းဟု ရည်ညွှန်းသည်။ ထိုကဲ့သို့ပေးခြင်းဖြင့် လက်ဆောင်လက်ခံသူထံမှ ယင်းထက်သာသောလက်ဆောင် ပြန်ရစေရန်ရည်စူးခြင်းဖြစ်သည်။ ဤသို့လက်ဆောင်ပေးခြင်းဓလေ့သည် အချို့သောအသိုင်းအဝိုင်းများထဲတွင် လက်ထပ်ထိမ်းမြားသောအခန်းအနားများတွင် ယင်းကိစ္စမျိုးပြုလုပ်လေ့ရှိသည်။ ဤသို့ပေးကမ်းခြင်းသည် အလွှာဟ်အရှင်မြတ်ကျေနပ်နှစ်သက်ရန်မဟုတ်ဘဲ မိမိကိုယ်ကျိုးအတွက် ပေးကမ်းခြင်းသာဖြစ်သည်။ ထို့ကြောင့် အာယသ်တော်ထဲတွင် မိန့်ကြားထားသည်မှာ ဤကဲ့သို့ပြုလုပ်လျှင် အသင်၏စည်းစိမ်ဥစ္စာတိုးပွားလာဟန်ရှိသော်လည်း စင်စစ်အလွှာဟ်အရှင်မြတ်ထံတော်တွင် မတိုးပွားချေ။ အလွှာဟ်အရှင်မြတ် ကျေနပ်နှစ်သက်စေရန် ဇကာသ်နှင့် ဆွဒ်ကာတ်ပေးကမ်းလျှဒါန်းခြင်းတွင် အရှင်မြတ်ရှေ့တော်မှောက်၌ (၂)ဆ၊ (၄)ဆ၊ (၁၆)ဆ အဆဆတိုးပွားပေလိမ့်မည်။

ဤရှင်းလင်းချက်အရဆိုလျှင် အာယသ်တော်၏ဆိုလိုရင်းသည် တမန်တော်မြတ်(ﷺ)သခင်အား ဦးတည်မိန့်ကြားထားသော **وَلَا تَمْنُنْ تَسْتَكْثِرُ** နှင့် တစ်ထပ်တည်းတူညီနေသည်။ ဆိုလိုသည်မှာ 'ထို့ပြင် အသင်သည် (တစ်စုံတစ်ဦးအား) ပိုမိုရလိုသောအားဖြင့် (တစ်စုံတစ်ရာ)ပေးကမ်းခြင်းကို မပြုပါလေနှင့်' (၇၄း၆)ဟူ၍ ဖြစ်သည်။

ဤဒုတိယရှင်းလင်းချက်သည် ဤစူရတ် အလ်ရူမ်းပါ အာယသ်တော်ကြောင့် ပိုမိုခိုင်မာဟန်ရှိသည်။ ဦးစွာပထမ စူရတ်အလ်ရူးမ်သည် မက္ကီစူရတ်ဖြစ်သည်။ မက္ကီစူရတ်တစ်ရပ်တွင် ပါဝင်သောအာယသ်တော်တိုင်းသည် မက္ကာမြို့တွင်ကျရောက်သည်ဟု မဆိုနိုင်သော်လည်း ဖြစ်နိုင်သည်မှာ ယင်းအာယသ်သည် မက္ကာမှာလော၊ မဒိနတ်မှာလော ဆိုသည်ကို သက်သေခိုင်မာစွာပြပြီးမှသာလျှင် ဆုံးဖြတ်နိုင်မည်။ ထို့ပြင် အကယ်၍ အာယသ်သည်

မက္ကဟ်တွင်ကျရောက်သည်ဖြစ်အံ့။ အတိုးရိဗာကို တားမြစ်ခြင်းဟူသည့်သဘောမပါဝင်နိုင်ချေ။ အဘယ့်ကြောင့် ဆိုသော် အတိုးရိဗာကို တားမြစ်ခြင်းသည် မဒီနဟ်မြို့တွင်ကျရောက်ခဲ့သောကြောင့်ဖြစ်သည်။ ထို့ပြင် ဤအာယသ်တော်အလျင် အစောပိုင်းက ဆွေးနွေးခဲ့သောအကြောင်းအရာကလည်း ဤရှင်းလင်းချက်ဘက်သို့ ယိမ်းနေကြောင်း ညွှန်ပြနေသည်။

فَاٰتِ ذَا الْقُرْبٰى حَقَّهٗ وَالْمِسْكِيْنَ وَابْنَ السَّبِيْلِ ذٰلِكَ خَيْرٌ لِّلَّذِيْنَ يُرِيْدُوْنَ وَجْهَ اللّٰهِ

“သို့ဖြစ်ပေရာ အသင်သည် သွေးရင်းသားရင်းတို့၏ အခွင့်အရေးကို ပေးဆောင်လော့။ ထို့ပြင် သူဆင်းရဲ အားလည်းကောင်း၊ ခရီးသည်အားလည်းကောင်း (ပေးကမ်းလှူဒါန်းလေ)။ ဤသည်ကား အလ္လာဟ်အရှင်မြတ်၏ နှစ်သက်ကျေနပ်မှုကို လိုလားကြသောသူတို့အဖို့ အကောင်းဆုံးပင်ဖြစ်၏။” (၃၀း၃၈)

ဤအာယသ်တော်ထဲတွင်မိန့်ကြားထားသည်မှာ ဆွေမျိုးညာတကာများ၊ သူဆင်းရဲများ၊ ခရီးသည်များ အတွက် သုံးစွဲခြင်းသည် အလ္လာဟ်အရှင်မြတ်ကျေနပ်နှစ်သက်စေရန်ဟူသော ရည်စူးချက်ဖြင့်ပြုလုပ်လျှင် စဝါးဗ်ကိုသိုရသော လုပ်ရပ်ဖြစ်သွားနိုင်သည်။ ထို့နောက် ဆက်လာသည်မှာ ယခုဆွေးနွေးနေသော အာယသ်တော်ထဲ၌ ဆက်လက်ရှင်းလင်းပြထားသည်မှာ တစ်စုံတစ်ဦးထံမှသာလွန်သော တုံ့ပြန်မှုရယူလိုသောဆန္ဒဖြင့် ဘဏ္ဍာရေးဆိုင်ရာအကူအညီပေးခြင်းသည် အလ္လာဟ်အရှင်မြတ်လမ်းတော်၌ သုံးစွဲခြင်းမဟုတ်သည်မှာ မုချဧကန်ဖြစ်သည်။ ယင်းသုံးစွဲမှု၌ အလ္လာဟ်အရှင်ကျေနပ်နှစ်သက်စေရန်ဟူသော ရည်ရွယ်ချက်လုံးဝမပါချေ။ ထို့ကြောင့် ဤလုပ်ရပ်သည် စဝါးဗ်ကုသိုလ်ရလိမ့်မည်မဟုတ်ချေ။

မည်သို့ပင်ဖြစ်ချေ ဤသီးခြားအာယသ်တော်အပြင် အစောပိုင်းကတင်ပြခဲ့သော အာယသ်တော်များထဲတွင် အတိုးရိဗာကို တားမြစ်ကြောင်းပါဝင်သည်။ ထိုအာယသ်တော်များထဲတွင် ဤစူရဟ်အလ်အင်မ်ရန်မှ အာယသ်တွင် အဆပေါင်းများစွာ အကြိမ်ကြိမ်ဆထက်တိုးသောအတိုးကို တားမြစ်ထားခဲ့သည်။ ကျန်အာယသ်များထဲတွင်မူ ရိဗာအတိုးကို တားမြစ်ထားသည်။ ဤအသေးစိတ်များက အတိုးသည် မည်ကဲ့သောအတိုးဖြစ်စေ ဟရာမ်တရားမဝင်ဟူသည်ကား ရှင်းလင်းပေသည်။ စိတ်တွင်စွဲမှတ်ထားရန်မှာကား ယင်းကို ဟရာမ်တားမြစ်ခြင်း မည်ရွေ့မည်မျှ ပြင်းထန်သနည်းဟူမူ ပညတ်ချက်အား အန်တုစိန်ခေါ်သူများကို အလ္လာဟ်အရှင်မြတ်နှင့် အရှင်မြတ်တမန်တော်အတွက် စစ်ခင်းမည်ဟုပင်ကြေညာထားသည်။

## အတိုးရိဗာနှင့်ပတ်သက်သော နောက်ဆက်တွဲအသေးစိတ်ရှင်းလင်းချက်အချို့

မျက်မှောက်ခေတ်ကူးသန်းရောင်းဝယ်ရေးစနစ်တွင် ရိဗာအတိုးသည် အထောက်အကူမဖြစ်ပြီဖြစ်လာသောကြောင့် အလ္လာဟ်အရှင်မြတ်ကျမ်းတော်ပါအာယသ်တော်များနှင့် တမန်တော်မြတ်(ﷺ)သခင်၏ ဓလေ့တော်အရ တားမြစ်ထားချက်နှင့် ယင်းတို့ရင်ဆိုင်တွေ့ကြုံသောအခါ ရိဗာအတိုးသည် တရားမဝင်ကြောင်းဟူသည့် အတားအဆီးကိုပယ်ရှားရန်မှာ တွန့်ဆုတ်နေကြောင်း ယေဘုယျတွေ့မြင်ရပါလိမ့်မည်။ ထိုအတိုး၏ စစ်မှန်သော သဘောသဘာဝကို နားလည်သဘောပေါက်ရမည့်အစား ဆင်ခြေအမျိုးမျိုးပေးရန်လုပ်ကြသည်။ စာရေးသူ

မော်လာနာရှဖီးက ရိကျိုးစွာတင်ပြလိုသည်မှာ ယင်းကိစ္စကို ပထမဦးစွာ ခွဲခြမ်းစိတ်ဖြာရပါမည်။ ထို့နောက် ယင်းကိစ္စရပ်၏အသွင်အပြင်တစ်ခုစီကိုလည်း အသေးစိတ်ဆွေးနွေးရပါလိမ့်မည်။ သို့မပြုလုပ်လျှင်မူ ကျွန်ုပ်တို့သည် ရှုတ်ထွေးမှုဖြင့် အဆုံးသတ်သွားပါလိမ့်မည်။ ဤဆွေးနွေးချက်တွင် အပိုင်း(၃)ပိုင်းရှိသည်။

(၁) ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္ဒသ်တော်ထဲတွင်ရှိ အတိုးရိဗာသဘာဝအစစ်အမှန်ကား မည်သည်နည်း။ ယင်းသည် မည်သည့်သွင်ပြင်များရှိသနည်း။

(၂) ဤရိဗာ အတိုးတားမြစ်ခြင်း၏နောက်ကွယ်တွင်ရှိ ဟစ်က်မသ်အသိဉာဏ်ကား အဘယ်နည်း။

(၃) အတိုးရိဗာသည် မည်မျှဆိုးဝါးသည်ဖြစ်စေ ယင်းသည် ဤကမ္ဘာလောကတစ်ခုလုံး စီးပွားရေးစနစ်၏ မဏ္ဍိုင်တစ်ရပ်ဖြစ်သွားခဲ့ပါသည်။ အကယ်၍ ကုရ်အာန်ကျမ်းတော်မြတ်ပါ အမိန့်ပညတ်ချက်များအရ ဤသည်ကို ကျွန်ုပ်တို့စွန့်လွှတ်ရပါမည်ဆိုလျှင် ဘဏ်လုပ်ငန်းစနစ်နှင့် ကူးသန်းရောင်းဝယ်မှုများ မည်သို့ဆက်လက် လုပ်ဆောင်ကြရပါမည်နည်း။

စရမည်ဆိုလျှင် **ربوا** ရိဗာဟူသောစကားလုံးသည် အရဗီဘာသာစကား၌ လူသိများသော စကားလုံးတစ်ရပ်ဖြစ်သည်။ ဤစကားလုံးလူသိများခြင်းမှာ တမန်တော်မြတ်(ﷺ) ပေါ်ထွန်းပြီးနောက်မှမဟုတ်ဘဲ အရေးဗီယားတွင် ကုရ်အာန်ကျမ်းတော်မြတ် မကျရောက်မီ ဘာသာတရားမဲ့ခဲ့စဉ်ကပင်ဖြစ်ပါသည်။ ထို့ပြင် စူရတ်အလ်နိစား ပါ အာယသ်တော်များအရ ရိဗာအတိုးဟူသောစကားလုံးနှင့် နှီးနွှယ်ပတ်သက်သောလုပ်ငန်းဆောင်တာများသည် သောင်ရသ်ကျမ်းကျပြီးသည့်အခါကတည်းက လူသိများပြီးသောစကားလုံးဖြစ်ခဲ့ပါသည်။ ထိုစဉ်ကတည်းက ယင်းအတိုးကို ဟရာမ်တရားမဝင်ဟု ကြေညာခဲ့ပြီးဖြစ်သည်။

အရေးဗီးယားနှင့် ယင်းဝန်းကျင်တွင် ခေတ်အဆက်ဆက်ကပင် ရိဗာဟူသောစကားလုံးသည် လူသိများပြီးဖြစ်သည်။ စဉ်ဆက်မပြတ် ရောင်းဝယ်ဖောက်ကားခြင်းသည် အခြေကျပြီးသော ဓလေ့ထုံးစံတစ်ရပ်အဖြစ်ရှိခဲ့ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်ကျရောက်ပြီးသည့်နောက်တွင် ကျမ်းတော်မြတ်ထဲ၌ အတိုးရိဗာကိုတားမြစ်ခဲ့သည်သာမက မူဆာ(عليه السلام)သခင်၏ အုပ္မသ်ထုအတွက်လည်း တရားမဝင်ပြုလုပ်ထားခဲ့ကြောင်း သတင်းပေးချက်လည်းပါဝင်သည်။ သို့ဆိုလျှင် ဤစကားလုံး၏သဘောသဘာဝမှာ မည်သို့သောကြောင့် ဝေဝါးသွားစေကာ ထိုအကြောင်းနားလည်ခြင်း၊ ယင်းအကြောင်းရှင်းလင်းခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းများတွင် ခက်ခဲသွားရပါသနည်း။

ဟစ်ဂျရီသက္ကရာဇ်(၈)ခုနှစ်တွင် အတိုးကို တရားမဝင်ကြောင်းနှင့် ပတ်သက်သော စူရတ်ဘကရတ်မှ အာယသ်တော်များကျရောက်ခဲ့သောအခါ အတိုး၏စစ်မှန်သောသဘောသဘာဝကို နားလည်ခြင်းတွင် သံသယရှိနေသည်ဟု ရည်ညွှန်းသော ဆွဟာဗဟ်ကြီးများထံမှ တင်ပြချက်များမရှိခဲ့ပါ။ အခြားကိစ္စရပ်များတွင် နားမလည်သည်များကို တမန်တော်မြတ်(ﷺ)ကြီးနှင့် မျက်နှာချင်းဆိုင်ရှင်းလင်းကြရသကဲ့သို့ တစ်နေရာရာရောက်နေသော ဆွဟာဗဟ်များအား ဤကိစ္စရပ်တွင် မည်သည့်နေရာတွင်မှ ရှင်းလင်းခဲ့ရခြင်းမရှိပါ။ အရက်သေစာ သောက်စားခြင်းကို တားမြစ်ကြောင်း ဝဟီကျလျှင်ကျခြင်း သူတို့သည် လိုက်နာကျင့်ဆောင်ခဲ့ကြသကဲ့သို့ အလားတူစွာပင် အတိုးကို တားမြစ်ကြောင်း အမိန့်ကျလျှင်ကျခြင်း အတိုးနှင့်ပတ်သက်သော လုပ်ငန်းဆောင်တာများအားလုံးကို

စွန့်လွှတ်ခဲ့ကြပါသည်။ တားမြစ်ချက်မကျမီအလျင်က လုပ်ဆောင်ထားသော သဘောတူညီချက်များအရ မုစ်လင်မ်မဟုတ်သူများထံမှ ရရန်ရှိသောအတိုးငွေများကို မုစ်လင်မ်များက ပယ်ဖျက်ပစ်ခဲ့ပါသည်။ ၎င်းနောက် မိမိရရှိရန်ရှိသော အတိုးငွေများကို ပယ်ဖျက်လိုစိတ်မရှိသောမုစ်လင်မ်များအတွက်ကိုမူ မက္ကာဟ်မြို့၏ အမီးရ်တရားရုံးတော်သို့ တင်ပို့လိုက်သည်။ အမီးရ်သည် တမန်တော်မြတ်(ﷺ)ထံသို့ မေးမြန်းခဲ့ပါသည်။ အဆုံးအဖြတ်ချက်ပေးသော အမိန့်ပညတ်ချက်သည် စူရတ်ဘကရတ်၏အာယသ်တော်များမှတစ်ဆင့် အလ္လာဟ်အရှင်မြတ်ချပေးခဲ့ပါသည်။ ယင်းအမိန့်ပညတ်ချက်ကကြေညာခဲ့သည်မှာ ပညတ်ချက်မကျမီကရရန် (သို့) ပေးဆပ်ရန်ရှိသောအတိုးငွေများတို့သည် အမိန့်ပညတ်ချက်ကျရောက်ပြီးသည်နှင့် ပေးဆပ်ခြင်း (သို့) ရယူခြင်းကို ခွင့်မပြုပါ။

ဤတွင် အစ္စလာမ့်ဥပဒေအမိန့်ပညတ်ချက်တစ်ခုကြောင့် မုစ်လင်မ်မဟုတ်သူတို့၏ ငွေကြေးများ အဘယ်ကြောင့်ဆုံးရှုံးသွားရမည်နည်းဟု မေးစရာဖြစ်လာပါသည်။ ထိုဖြစ်နိုင်ချေကို ကာမိစေရန်အတွက် တမန်တော်မြတ်(ﷺ)သည် နောက်ဆုံး'ဟဂ်ျ'မိန့်ခွန်းတော်ထဲတွင် ရှင်းလင်းထားသည်မှာ ဤအစ္စလာမ့်ဥပဒေအမိန့်ပညတ်ချက်သည် မုစ်လင်မ်မဟုတ်သူများသာမက မုစ်လင်မ်များပါ တစ်ပြေးညီအကျိုးသက်ရောက်စေပါသည်။ ပထမဦးဆုံးမြောက်မြားစွာသော အတိုးငွေများကိုလျော်ပစ်သူမှာ တမန်တော်မြတ်၏ဦးရီးတော် စိုက်ယိဒနာ အဗ္ဗားစ်(ﷺ)သခင် ဖြစ်ပါသည်။

အတိုချုပ်အားဖြင့် အတိုးကိုတားမြစ်ပိတ်ပင်လိုက်သောအခါ ယင်း၏အဓိပ္ပာယ်သည် လျှို့ဝှက်ထားစရာမလိုချေ။ အတိုးသည် လူတိုင်းသိရှိပြီးသောလုပ်ရပ်ဖြစ်သည်။ ထိုအတိုးမှာ အရင်းများပေးလေ့ယူလေ့ရှိသော အတိုးကိုခေါ်ဆိုပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်က အတိုးကို ဟရာမ်ဟုကြေညာခဲ့သောအခါ ဤတားမြစ်ချက်ကို တမန်တော်မြတ်(ﷺ)သည် ကိုယ်ကျင့်တရားဆိုင်ရာသင်ကြားမှုအသွင်မျိုး မပြုလုပ်ဘဲ နိုင်ငံ၏ဥပဒေအဖြစ် အတည်ပြု ဆောင်ရွက်ခဲ့ပါသည်။ သို့သော်လည်း တမန်တော်မြတ်(ﷺ)သည် အတိုးပါဝင်သည်မဟုတ်ဟု ယေဘုယျမှတ်ယူထားသောအတိုးနှင့်သက်ဆိုင်သော လုပ်ငန်းဆောင်တာအချို့တို့ ဤဥပဒေတွင် ထည့်သွင်းခဲ့ပါသည်။ ထိုကဲ့သို့အတိုးနှင့် ဆိုင်မဆိုင်ဆိုသည့်သတ်မှတ်ခြင်းတွင် စိုက်ယိဒန အုမရ်(ﷺ)သခင်အား အခက်အခဲဖြစ်စေပါသည်။ ဦးဆောင်ဓမ္မသတ်ပညာရှင်များလည်း ကွဲလွဲခဲ့ကြပါသည်။ သို့ရာတွင် အရင်းတို့ ထိုအမည်နှင့် သိထားခဲ့သောအတိုးကို မည်သူတစ်ဦးတစ်ယောက်ကမျှ သံသယမရှိခဲ့ပါ။ စောဒကလည်း မတက်ခဲ့ပါ။ ထိုကဲ့သို့ ပြုလုပ်ရန်လည်းအကြောင်းမရှိပါ။ ကျွန်ုပ်တို့သည် အရင်းများလုပ်ဆောင်ခဲ့သော အတိုးသည် မည်သည်နည်းဆိုသည်ကို ဖော်ထုတ်ကြည့်ကြပါစို့။ ထင်ရှားကျော်ကြားသောအကျယ်ဖွင့်ဆိုသူ အိဗ္ဗိန်ဂျရီးရ်သည် စိုက်ယိဒနာမုဂျာဟိဒ်မှတစ်ဆင့် တင်ပြခဲ့သည်မှာ ဘုရားမဲ့အရင်းများလုပ်ဆောင်ခဲ့သောအတိုးလုပ်ငန်းသည် ကုရ်အာန်ကျမ်းတော်မြတ်က တားမြစ်ခဲ့သောအတိုးနှင့် အတူတူပင်ဖြစ်ပါသည်။ ယင်း၏လုပ်ထုံးလုပ်နည်းမှာ ငွေကြေးတစ်ရပ်ကို သတ်မှတ်ထားသောအချိန်အတွက် ချေးငွေထက်ပိုမိုသော သတ်မှတ်ထားသည့် ငွေကြေးအပိုဖြင့် ချေးငှားကြသည်။ အကယ်၍ သတ်မှတ်ထားသောအချိန်တွင် ပြန်လည်မပေးဆပ်နိုင်ပါက အတိုးငွေကို ပိုမိုတိုးမြှင့်ခြင်းဟူသော သတ်မှတ်ချက်အပေါ်တွင် အချိန်တိုးပေးကြသည်။ အလားတူသော တင်ပြချက်မျိုးကိုလည်း စိုက်ယိဒနာကသာဒါး(ﷺ)နှင့် အခြားသောဦးဆောင်အကျယ်ဖွင့်ကျမ်းရှင်များက တင်ပြကြပါသည်။

(သဖ်စီရ် အိဗ်နိဂျရီးရ်၊ အတွဲ-၃၊ စာ-၆၂)

အုန်ဒုလ်လုစိယားဟ်(စပိန်နိုင်ငံ)မှ ထင်ရှားသောဋ္ဌီကာပညာရှင် အဗူဟိုင်ယာန်အပ်ဂရ်နာတီက သူ၏ အလ်ဗဟ်ရူလ် မုဟီးသွ်ကျမ်းတွင်တင်ပြခဲ့သည်မှာ ဘုရားမဲ့အရေဗီးယားတွင် ခေတ်စားနေသော အတိုးသည် အထက်ပါနည်းအတိုင်းဖြစ်ပါသည်။ ယင်းမှာ အရဗ်တို့သည် ငွေကြေးတစ်ရပ်ကို ချေးငှားလိုပါက ထိုငွေကြေး အပေါ်၌ အမြတ်ယူကြပါသည်။

အကယ်၍ ပထမသတ်မှတ်ထားသောအချိန်၌ မပေးဆပ်နိုင်ပါက အချိန်နှင့်အမျှ အချိုးကျအတိုးယူကြ ပါသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းကို ရိဗာဟုခေါ်သည်။ ဝယ်ခြင်း၌ အကျိုးအမြတ်ယူခြင်းသည် ခွင့်ပြုထားသကဲ့သို့ ငွေကြေးများချေးရာတွင် အမြတ်အစွန်းယူခြင်းကိုလည်း ခွင့်ပြုသင့်သည်ဟုပြောသည်မှာ ဤအရေဗီးယား၏ ဘုရားမဲ့သောအရဗ်များပင်ဖြစ်ပါသည်။ ကျမ်းတော်မြတ်ကုရ်အာန်က အတိုးကို ဟရာမ်ဟုကြေငြာခဲ့ပါသည်။ ၎င်းနောက် ရောင်းဝယ်ဖောက်ကားခြင်းနှင့်သက်ဆိုင်သော အမိန့်ပညတ်ချက်များသည် ကွဲပြားခြားနားပါသည်ဟု ရှင်းလင်းစွာမိန့်ထားပါသည်။

ဤအကြောင်းအရာကိုပင် ခိုင်လုံစွာဖြင့် ယုံကြည်စိတ်ချရသော သဖီစိရ်ကျမ်းများဖြစ်သည့် သဖီစိရ် အိဗ်နိကဆီးရ် သဖီစိရ်အလ်ကဗီးရ်နှင့် ရူဟုလ်မအာနီစသည်တို့တွင် တင်ပြထားပါသည်။

အိဗ်နိအရဗီက သူ၏အဟ်ကာမုလ်ကုရ်အာန်ကျမ်းတွင်တင်ပြထားသည်မှာ -

**الربوفى اللغةالرباوةوالمرادبه‌فى الاية‌كل زيادة‌لا يقابلها‌عوض**

'ဝေါဟာရအရ ရိဗာဆိုသည်မှာ တိုးပွားခြင်းကို ဆိုလိုပါသည်။ အာယသ်တော်ထဲတွင် ထိုစကားလုံး၏ အဓိပ္ပာယ်မှာ ငွေကြေးတစ်ရပ်နှင့် အချိန်ကာလတစ်ခုတို့ လဲလှယ်သည်မှလွဲ၍ မည်သည်မျှမပါဝင်သော တိုးပွားခြင်း ကို ခေါ်ပါသည်။

အိမာန်အလ်ရာဇီက သူ၏သဖီစိရ်ကျမ်းတွင် အတိုးသည် အသွင်နှစ်မျိုးရှိသည်ဟု မိန့်ကြားထားပါသည်။ ရောင်းဝယ်ဖောက်ကားမှုနှင့်ဆိုင်သော ရိဗာနှင့်ချေးငွေများနှင့်ဆိုင်သော ရိဗာဖြစ်ပါသည်။ ဤဒုတိယဖြစ်သော ချေးငွေများနှင့်ဆိုင်သောရေဗာသည် အမှောင်ခေတ်အရေဗီးယားတွင် ယေဘုယျအားဖြင့် ခေတ်စားပါသည်။ လူသိများသောလုပ်နည်းမှာ သတ်မှတ်ထားသောအချိန်ကာလတစ်ခုအတွက် တစ်စုံတစ်ဦးအား ၎င်းတို့၏ငွေများ ကို ချေးငှားကြပါသည်။ ထို့နောက် လစဉ်ထိုချေးငွေအတွက် အကျိုးအမြတ်ရယူကြသည်။ အကယ်၍ ငွေချေးငှားသူ သည် သတ်မှတ်ထားသောအချိန်၌ပေးဆပ်ရန်ပျက်ကွက်ခဲ့ပါက ပေးဆပ်ရန် အချိန်တိုးမြှင့်ရန်ဖြစ်လျှင် တိုးရင်း အပေါ်တွင် ထပ်တိုးယူကြသည်။ ကျမ်းတော်မြတ်ကုရ်အာန်က ဟရာမ်(တရားမဝင်)ဟု ကြေငြာခဲ့သော ရိဗာ အမှောင်ခေတ်က ရိဗာပင်ဖြစ်သည်။

အိမာမ်အယ်ဂျဆ်ဆ်ဆားဆ်က အဟ်ကမ်အလ်ကုရ်အာန်တွင် အဓိပ္ပာယ်ဖော်ထားသည်မှာ -

**هوالقرض المشروط فيه‌الأجل وزيادة‌مال على المستـقرض**

အချိန်ကာလတစ်ခုအတွက် ငွေချေးထားခြင်းတွင် ချေးထားသောငွေရင်းအပြင် ပိုသောငွေကြေးပေးပါ မည်ဟူသောအကြောင်းရပ်ဖြင့် ချေးယူသူက ပေးဆပ်ရပါလိမ့်မည်ဟူ၍ဖြစ်သည်။

ဟဒီးဆ်တော်တစ်ပုဒ်တွင် တမန်တော်မြတ်(ﷺ)က ရိဗာကို အဓိပ္ပာယ်ဖွင့်ဆိုကာ မိန့်ထားသည်မှာ -

**كل قرض جر نفعا فهو ربا**

'ချေးငွေတစ်ရပ်အပေါ် အကျိုးအမြတ်ယူခြင်းသည် ရိဗာဖြစ်သည်။'

ဤဟဒီးဆ်တော်သည် အလ်ဂျာမိဆ်အုဆ်ဆဂီးရ်ကျမ်းတွင်ပါရှိပြီး အလ်အဇီဇီတွင်လာရှိသောဟဒီးဆ်ကို ဟဆန်ဟု သတ်မှတ်ပါသည်။

အချုပ်မှာ ငွေချေးငှားမှုတစ်ရပ်ပြုလုပ်ပြီးသည့်နောက် ထိုလုပ်ရပ်အပေါ် အမြတ်ယူခြင်းသည် ရိဗာဖြစ်သည်။ ယင်းလုပ်ရပ်သည် အမှောင်ခေတ်က အရေဗီးယားတွင် လူသိများပြီးကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့ကြပါသည်။ ထိုလုပ်ရပ်ကို ယခုဆွေးနွေးနေသော အာယသ်တော်က 'ဟရာမ်'ဟု ရှင်းလင်းစွာကြေငြာခဲ့ပါသည်။ အဆိုပါအာယသ်တော်များကျလျှင်ကျခြင်း ဆွဟဗဟ်သာဝကကြီးများက 'ရိဗာ'ကို စွန့်လွှတ်ခဲ့ကြပါသည်။ တမန်တော်မြတ်(ﷺ) 'ရိဗာ'ကိုတားမြစ်ကြောင်း ဥပဒေထုတ်ပြန်ပြီး ယင်းဥပဒေအတိုင်း တရားမမှုများကို အဆုံးအဖြတ်ပေးခဲ့သည်။ မည်သူတစ်ဦးတစ်ယောက်မျှ ယင်းဥပဒေ၏ အဓိပ္ပာယ်သက်ရောက်မှုတွင် မပိမပြင်မပြတ်မသား ရှိခြင်းတို့ကြောင့် မည်သူတစ်ဦးကမျှ ယင်းဥပဒေကို နားလည်ရန်ခက်ခဲခြင်း၊ သံသယရှိခြင်းတို့ မကြုံတွေ့ခဲ့ရပါ။

သို့သော် အရဗ်လူမျိုးများက 'ရိဗာ'ဟု မမှတ်ယူသော အချို့သော ရောင်းဝယ်ဖောက်ကားမှုများကို တမန်တော်မြတ်(ﷺ)က ဤ'ရိဗာ'အမျိုးအစားတွင် ထည့်သွင်းခဲ့ပါသည်။ ပမာအားဖြင့် ကုန်ပစ္စည်းခြောက်မျိုးမှာ ဖလှယ်ခြင်းကိုအခြေခံ၍ ရောင်းဝယ်ကြရာတွင် တူသည်ကိုတူတာချင်း၊ ညီသည်ကိုညီတာချင်း တစ်ဦးမှတစ်ဦးသို့ လက်ဆင့်ကမ်းလဲလှယ်ရမည်ဟု တမန်တော်မြတ်(ﷺ) ဥပဒေသတ်မှတ်ခဲ့သည်။ ထိုကုန်ပစ္စည်းများကို အချိန်အတွယ် နည်းများသွေလွဲခြင်း၊ အကြွေးစနစ်ဖြင့်ရောင်းဝယ်ခြင်းတို့သည် ရိဗာတွင်အကျုံးဝင်သည်။ ထိုကုန်စည်ခြောက်မျိုးမှာ ရွှေ၊ ငွေ၊ ဘာလီ၊ စွန်ပလွန်နှင့် သဗျက်သီးတို့ဖြစ်ကြပါသည်။

အထက်ပါမူအရ 'ရိဗာ'နှင့်ပတ်သက်သော အာယသ်တော်များကျရောက်ပြီးသည့်နောက်တွင် တမန်တော်မြတ်(ﷺ)သည် ထိုခေတ်ထိုအခါက ခေတ်စားသော အလ်မုဇာဗနာဟ်နှင့် အလ်မူဟကလာနည်းတို့သည် 'ရိဗာ'နှင့် အကြုံးဝင်သောကြောင့် ယင်းလုပ်နည်းများကိုလည်း 'ဟရာမ်'တရားမဝင်ဟု ကြေငြာခဲ့ပါသည်။

(မုစ်တဒ်ရတ်က်ဟာကင်မ်ကျမ်း၊ အတွဲ-၁၊ စာမျက်နှာ ၃၂၇ တွင် အိဗ်နိကသီးရ်က ကိုးကားခဲ့သည်။)

**المزابنه** 'အလ်မုဇာဗနာဟ်'ရောင်းဝယ်နည်းသည် သစ်ပင်ပေါ်ရှိ သစ်သီးဝလံများကိုရောင်းချသောနည်းဖြစ်ပါသည်။ တကယ်တမ်းမှာမူ ခူးပြီးသာသစ်သီးဝလံများကို မှန်းဆပြီး ယူသွားခြင်းဖြစ်ပါသည်။

**المحاقله** 'အလ်မုဟာကလာဟ်'ဆိုသည်မှာ ဂျုံ၊ ပဲ စသည်တို့ကို မရင့်မီရောင်းချသောနည်းဖြစ်ပါသည်။ တကယ်တမ်း မှာမူ ရိတ်သိမ်းပြီးသီးနှံများကိုမှန်းဆပြီးယူဆောင်ခြင်းဖြစ်ပါသည်။

မှန်းဆခြင်းတွင် လျော့နည်းခြင်းသာပိုခြင်းဖြစ်နိုင်ချေရှိသောကြောင့် ထိုကဲ့သို့သောရောင်းဝယ်ဖောက်ကားနည်းကို တားမြစ်ခဲ့ပါသည်။

ဤနေရာတွင်စဉ်းစားသင့်သောမေးခွန်းတစ်ခုမှာ ဤကုန်စည်ခြောက်မျိုးကိုသာ အထူးပြုတားမြစ်ခဲ့ပါလား။ သို့မဟုတ် အခြားသောကုန်စည်များလည်း ဤအမိန့်ပညတ်ချက်တွင် အကြုံးဝင်ပါသလား။ အကယ်၍ ဤအမိန့်ပညတ်တွင်ပါဝင်သော အခြားကုန်စည်အချို့များရှိခဲ့ပါသလား။ အကယ်၍ရှိခဲ့ပါလျှင် ၎င်းတို့ဤအမိန့်နှင့် အကြုံးဝင်ကြောင်းမည်သည်ကိုအခြေခံ၍ ဆုံးဖြတ်ရပါမည်နည်း။ ဤကိစ္စရပ်သည် စိုက်ယိဒိနာ အုမရ်(ﷺ)အား အခက်အခဲကြုံတွေ့စေခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းကမိန့်ကြားသည်မှာ -

**إنآيةالربوامنآخرمانزلمنالقرآنوإنالنبى صلىالله‌عليه‌وسلم**

**قبضقبلأنيبينهلنافدعوا الربواوالريبة**

ရိဗာနှင့်ပတ်သက်သော အာယသ်တော်များသည် ကုရ်အာန်ကျမ်းတော်မြတ်၏နောက်ဆုံးအာယသ်များဖြစ်ကြသည်။ ယင်းအာယသ်တော်များနှင့်ပတ်သက်သော အသေးစိတ်များကို ကျွန်ုပ်တို့အား ရှင်းလင်းပြသမှုမပြုနိုင်မီ အလ္လာဟ်အရှင်မြတ်အမိန့်တော်ကျရောက်ခဲ့ပါသည်။ ထို့ကြောင့် 'ရိဗာ'နှင့်ပတ်သက်သော ရောင်းဝယ်ဖောက်ကားမှုများသာမက 'ရိဗာ'နှင့်ပတ်သက်သည်ဟု သံသယဝင်နိုင်သည်အားလုံးကိုလည်း စွန့်လွှတ်လိုက်ကြသည်။
(အဟ်ကာမလ်ကုရ်အာန် ဂျဆ်ဆ္ဆာဆ်၊ စာ-၅၅၁၊ အိဗ္ဗနိမာဂျာကျမ်းကို ကိုးကားကာ သဖ်စီရ်အိဗ္ဗနိကဆီးရ်ကျမ်း၊ အတွဲ-၁၊ စာ-၃၂၈)

အရဗ်အမှောင်ခေတ်က 'ရိဗာ'ဟု မသတ်မှတ်သောရောင်းဝယ်ဖောက်ကားမှုများနှင့်ပတ်သက်သော အသေးစိတ်အချက်များကို အုမရ်(ﷺ)သခင်က ပြောကြားခဲ့ခြင်းဖြစ်ပါသည်။ ဤရောင်းဝယ် ဖောက်ကားမှုများကို တမန်တော်မြတ်(ﷺ)သည် 'ရိဗာ'အုပ်စုတွင်ထည့်သွင်းကာ 'ဟရာမ်'တရားမဝင်ကြောင်း ကြေညာခဲ့ပါသည်။ အရေးဗီယားတွင် လူသိများပြီး တမန်တော်မြတ်(ﷺ)ပြဋ္ဌာန်းပြီးသည်နှင့်တပြိုင်နက် ဆွဟာဗဟ်ကြီးများက စွန့်လွှတ်ခဲ့ပြီး ယင်းကိုတားမြစ်ကြောင်းကိုလည်း တမန်တော်မြတ်(ﷺ)၏ နောက်ဆုံးဟဂ်ျမိန့်ခွန်းထဲတွင် လူသိရှင်ကြားကြေငြာခဲ့သော ပင်မရိဗာအကြောင်းနှင့်ပတ်သက်လာခဲ့ပါလျှင် စိုက်ယိဒိနာအုမရ်(ﷺ)သခင် သည် ယင်းကိုနားလည်သဘောပေါက်ရန်ခက်ခြင်း (သို့) သံသယဝင်ခြင်းဖြစ်နိုင်စရာအကြောင်းမရှိပါ။ သို့သော် အချို့အချို့သော 'ရိဗာ'နှင့်ပတ်သက်သောနည်းလမ်းတွင် အုမရ်(ﷺ)သခင်သံသယဝင်သောအခါ ထိုကဲ့သို့သော ပြဿနာကိုဖြေရှင်းရန်အတွက် ဒွိဟအနည်းမျှရှိသော 'ရိဗာ'နှင့်ပတ်သက်သည့်ရောင်းဝယ် ဖောက်ကားမှုများရှိပါက ထိုရောင်းဝယ်ဖောက်ကားမှုကို စွန့်လွှတ်သင့်ကြောင်း အကြံပြုခဲ့ပါသည်။

အံ့သြဘွယ်ကောင်းသည်မှာ ယနေ့ခေတ် အတိုးအခြေခံကုန်သွယ်မှု၊ ကြွယ်ဝမှုနှင့် အပေါ်ယံကြောစွဲမက်ဖွယ်ကောင်းမှုတို့ကြောင့် အချို့သောကိုယ်ပိုင်ဉာဏ်မရှိသူများသည် သာဝကကြီးအုမရ်(ﷺ)သခင်၏အဆိုအမိန့်၊ အတိုး၏အနှစ်သာရသည် စိတ်ကူးယဉ်သက်သက်ဖြစ်သွားကာ ၎င်းတို့၏ကိုယ်ပိုင်အတွေးအခေါ်များထည့်သွင်းရန် အခွင့်အလမ်းရရှိသွားသည်ဟု ကောက်ချက်ချကြပါသည်။ ထိုကဲ့သို့ကောက်ချက်ချခြင်းများကြောင်းကို ကျွန်ုပ်တို့ မျက်မှောက်တွင်ဖြစ်ပေါ်ခဲ့သော ကိစ္စရပ်များစွာက သက်သေပြပြီးဖြစ်သည်။ အဟ်ကာမုလ်ကုရ်အာန်ကျမ်းတွင် အိဗ်နိအရဗီက စိုက်ယိဒိနာအုမရ်(ﷺ)သခင်၏ စကားလုံးများကို အသုံးချ၍ ရိဗာအတိုးနှင့်ပတ်သက်သော အာယသ်တော်များကို စိတ်ကူးယဉ်သက်သက်ဟု သတ်မှတ်သူများအား ပြင်းပြင်းထန်ထန် ချေပထားခဲ့သည်။ ယင်းမှာ -

**ان من زعم ان هذه الاية مجملة فلم يفهم مقاطع الشريعة فان الله تعالى ارسل رسوله الى قوم هو منهم بلغتهم وانزل عليه كتابه تيسيرا منه بلسانه ولسانهم والربا في اللغة الرباوة والمراد به في الاية كل زيادة لا يقابلها عوض**

ဤအာယသ်တော်ကို စိတ်ကူးယဉ်သက်သက်ဟု အခိုင်အမာပြောသူများသည် ရှရီအသ်တရားတော်၏ ရှင်းလင်း၍ ယုံကြည်စိတ်ချရသော အတည်ပြုချက်ကိုနားမလည်၍ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အလ္လာဟ် အရှင်မြတ်သည် ထိုသို့သောလူသားထဲက လူတစ်ဦးကို အလ္လာဟ်အရှင်မြတ်၏ တမန်တော်အဖြစ် စေလွှတ်ခဲ့ပါသည်။ ၎င်းသည် ယင်းသူတို့ပြောသောဘာသာစကားကိုသာလျှင် ပြောကြားစေခဲ့၍ ထိုလူသားထံ အရှင်မြတ်၏ ကျမ်းတော်ကိုပို့ချခဲ့သည်။ ထိုလူသားတို့၏ဘာသာစကားနှင့်ပင် ယင်းတို့အား အလွယ်တကူ နားလည်စေသည်။ ယင်းတို့၏ ဘာသာစကားတွင် ရိဗာဟူသောစကားလုံးသည် တိုးပွားခြင်းပင်ဖြစ်သည်။ ထို့ပြင် အာယသ်တော်ထဲ၌ တိုးပွားခြင်း၏ဆိုလိုရင်းမှာ ဘဏ္ဍာရေးဆိုင်ရာတိုးပွားခြင်းကို မဆိုလို။ အချိန်နှင့်သာပတ်သက်သည်ဟု ဆိုလိုသည်။

အိမာမ်ရာဇီသခင်က သူ၏အကျယ်ဖွင့်ဆိုချက်တွင် ရိဗာသည် နှစ်မျိုးနှစ်စားရှိသည်။ ငွေကြေးချေးငှားခြင်းနှင့်ဆိုင်သော ရိဗာနှင့် ကုန်စည်ဖလှယ်ခြင်းတွင် အပိုယူခြင်းနှင့်ဆိုင်သောရိဗာဟူ၍ဖြစ်သည်။ ပထမအမျိုးအစားသည် အမှောင်ခေတ် ဂျာဟီလိယဟ်၌ လူသိများခဲ့ပြီး ထိုခေတ်ကလူများသည် ယင်းကိစ္စကိုလွတ်လပ်စွာ လုပ်ကိုင်ခဲ့ကြသည်။ ဒုတိယအမျိုးအစားမှာ ဟဒီးဆ်တော်မှတဆင့်သိရှိရသည်။ အချို့သောကုန်စည်လဲလှယ်မှုစနစ်တွင် တိုးပေးခြင်း၊ လျော့ပေးခြင်းသည်လည်း ရိဗာနှင့်အကြံုးဝင်သည်ဟု ဥပဒေသတ်မှတ်ထားသည်။

အလ်ဂျဆ်ဆ္ဆားဆ်၏ အဟ်ကာမုလ်ကုရ်အာန်ကျမ်းတွင် ရိဗာနှစ်မျိုးနှစ်စားရှိသည်ဟုဖော်ပြထားသည်။ ရောင်းဝယ်ခြင်းဆိုင်ရာရိဗာနှင့် ရောင်းဝယ်ခြင်းကိစ္စမဟုတ်သော ရိဗာဖြစ်သည်။ အမှောင်ခေတ်က ရိဗာသည် ဤဒုတိယအမျိုးအစားနှင့်ဆိုင်သည်။ အချိန်ကာလအပေါ်အခြေခံ၍ ချေးငွေတစ်ရပ်အပေါ် အတိုး(အကျိုးအမြတ်)ယူခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ဗိဒါယတ်အလ်မုဂျ်တဟိဒ်ကျမ်းတွင် အိဗ်နိရုရှ်ဒ်သည် ဤအယူအဆကိုစွဲကိုင်၍ ကုရ်အာန်၊ စွန္နသ်နှင့် မုစ်လင်မ်ထု၏တညီတညွတ်တည်း သဘောတူညီချက်အရ ချေးငွေအပေါ် အကျိုးအမြတ်ရိဗာ၏ တရားမဝင်ကြောင်းကို ထပ်မံသက်သေပြခဲ့သည်။

အိမာမ်အလ်သဟာဝီက ရှရဟ်မအာနီယလ်အသ်ဟရ်ကျမ်းတွင် ဤအကြောင်းအရာကို အသေးစိတ်ရှင်းပြထားသည်။ သခင်ကြီးက မိန့်သည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် ရှင်းလင်းစွာ မိန့်ကြားထားသော ရိဗာသည် ချေးငွေများ အပေါ်ပေးသောယူသောရိဗာပင်ဖြစ်သည်။ ယင်းသည် အမှောင်ခေတ်က သိထားသော ရိဗာအတိုင်းပင်ဖြစ်သည်။ ထို့နောက် တမန်တော်မြတ်၏ မိန့်ကြားချက်နှင့်စွန္နသ်တော်များအရ ရိဗာအခြားတစ်မျိုးသည် လူသိများလာခဲ့ သည်။ ယင်းမှာ ငွေကြေးမပါသော သီးခြားရောင်းဝယ်ခြင်းကိစ္စရပ်တွင် တိုးခြင်း၊ လျော့ခြင်းနှင့် ယှဉ်တွဲဖော်ပြ ထားသည်။

ဤရိဗာအမျိုးအစားသည်လည်း ဟရာမ်တားမြစ်ချက်ထားကြောင်း တမန်တော်မြတ်(ﷺ)သခင်၏ အဖန်တလဲလဲသော ဟဒီးဆ်တော်များအရ အတည်ဖြစ်သည်။ သို့သော်လည်း ဤရိဗာအမျိုးအစားနှင့်ပတ်သက်သည့်

ရှင်းလင်းပြည့်စုံသော အသေးစိတ်မရှိခြင်းကြောင့် တမန်တော်မြတ်(ﷺ)သခင်၏ ဆွဟာဗဟ်အချို့မှာ အခက်အခဲနှင့် ရင်ဆိုင်ခဲ့ကြရပြီး ဓမ္မသတ်ပညာရှင်များအကြား ကွဲလွဲခဲ့ကြရသည်။ (Opeit, page-323, vol-2)

ရှားဝလီယုလ္လာဟ်က ဟုဂျ်ဂျတ်သွလ်လာဟ်ဗာလိဂဟ်ကျမ်းတွင်မိန့်ကြားထားခဲ့သည်မှာ ဤကိစ္စရပ်တို့မှာ တစ်သီးတစ်ခြားကိစ္စရပ်နှစ်ခုဖြစ်သည်။ တစ်ခုသည် ရိဗာ၏ အစစ်အမှန်ဝေါဟာရနှင့် အခြားတစ်ခုမှာ ရိဗာနှင့် ပတ်သက်သော တားမြစ်ချက်တွင်ပါဝင်သောစကားလုံးဖြစ်သည်။ ရိဗာ၏ အစစ်အမှန်ဝေါဟာရသည် ငွေကြေးချေးငှားမှုတွင် အရင်းပေါ်တွင် အပိုတောင်းဆိုသည့် ငွေကြေးတစ်ရပ်ဖြစ်သည်။ အချို့ကုန်စည်လဲလှယ် ရာတွင် ပစ္စည်းတူကိုပင် အချိန်အတွယ် ထပ်ဆောင်းတောင်းဆိုခြင်းကို တားမြစ်သည့် ဟဒီးဆ်တွင်လည်း ဤရိဗာ ဟူသော စကားလုံးသုံးနှုန်းခဲ့သည်။

ရှာဖီဒ်အလ်ဗုခါရီကျမ်းတွင် **لا ربا إلا في النسية** နစီယဟ်(ငွေကြေးချေးငှား)မှုတွင်မှအပ မည်သည်တွင်မျှ ရိဗာအတိုးမရှိပါ'ဟု ပါလာခဲ့သောအခါ အစစ်အမှန် ရိဗာနှင့် မူလရိဗာသည် ချေးငွေများအပေါ် တွင်ယူသောအတိုး (သို့) လူတိုင်းနားလည်ပြီးသောအတိုးမှအပ အခြားမဟုတ်ချေ။ ချေးငွေပေါ်ယူသောအတိုးမှ အပ အားလုံးသော အမျိုးအစားများမှာ ယင်းနှင့်တပေါင်းတည်းတားမြစ်ပြီးဖြစ်လေသည်။

## ဆွေးနွေးမှု၏အချုပ်

(၁) ရိဗာသည် ကုရ်အာန်ကျမ်းတော်မြတ်မကျရောက်မီကပင်လျှင် လူသိများပြီးဖြစ်သောလုပ်ငန်းတစ်ရပ်ဖြစ်ခဲ့သည်။ အချိန်ကာလတစ်ရပ်အတွက် ချေးငွေများအပေါ် အပိုယူခြင်းကို ရိဗာဟုခေါ်သည်။

(၂) ကုရ်အာန်ကျမ်းတော်မြတ်တွင် အတိုးရိဗာတရားမဝင်ကြောင်း အာယသ်တော်ကျရောက်သည်နှင့် ဆွဟာဗဟ် သာဝကကြီးများအားလုံး စွန့်လွှတ်ခဲ့ကြသည်။ မည်သည့်ဆွဟာဗဟ်ကမျှ ယင်းကိစ္စနှင့်ပတ်သက်၍ နားလည်သဘောပေါက်ခြင်းဌာနည်းကောင်း အဓိပ္ပာယ်ရှင်းလင်းမှုဌာသော်လည်းကောင်း သံသယဝင်ခြင်း ခက်ခဲစေခြင်း စိုးစဉ်းမျှမရှိချေ။

(၃) ကုန်စည်(၆)မျိုးလဲလှယ်ခြင်းစနစ်နှင့် ရောင်းဝယ်ဖောက်ကားရာတွင် တမန်တော်မြတ်(ﷺ)သခင်က မည်သည့်အခါမဆို တူညီသောကုန်စည်များကိုဖလှယ်ရာတွင် ဖလှယ်သည့်ပစ္စည်းနှစ်မျိုးတို့သည် အလေးချိန် (သို့) အတိုင်းအတာတူညီရမည်ဟု ကြေငြာခဲ့သည်။ ထိုကဲ့သို့ရောင်းဝယ်ဖောက်ကားရာတွင် တိုးခြင်းလျော့ခြင်းပါဝင်ခဲ့သော် ရိဗာတားမြစ်ခြင်းတွင် အကြုံးဝင်သည်ဟု ကြေငြာခဲ့သည်။ ဤမျှအထိ တမန်တော်မြတ်(ﷺ)သခင်က ရှင်းလင်းစွာမိန့်ကြားထားသည်။ သို့သော်လည်း မေးစရာမှာ ဤအထူးတားမြစ်ချက်သည် အထက်ဖော်ပြပါ (၆)မျိုးကိုသာ ကန့်သတ်ထားပါသလော (သို့တည်းမဟုတ်) အခြားကုန်စည်များလည်း ပါဝင်ပါသလောဟူ၍ဖြစ်သည်။ အကယ်၍ အခြားကုန်စည်များလည်းပါဝင်သည်ဆိုလျှင် ယင်းကုန်စည်များပါဝင်ကြောင်း မည်သည်ကိုအခြေခံ၍ ဆုံးဖြတ်နိုင်မည်နည်း။ ဤမေးခွန်းမှာ ဓမ္မသတ်ဆိုင်ရာကိစ္စရပ်များပါဝင်နေသဖြင့် နက်ရှိုင်းသောထိုးထွင်းဉာဏ်တစ်ရပ်လိုအပ်သည်။ ထို့ပြင် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များထံမှ ဤအမေးကိုဖြေကြားရန် ကွဲပြားသောအကြံပြုချက်များ ထွက်ပေါ်လာ

ပါသည်။ ဤမေးခွန်းကြောင့်ပင်လျှင် စိုက်ယိဒိနာအုမရ်(ﷺ)သခင်၏စိတ်ကို ကသိကအောက် ဖြစ်စေခဲ့ပါသည်။ ဤကိစ္စရပ်နှင့်ပတ်သက်သောဥပဒေများကို တမန်တော်မြတ်(ﷺ)သည် ထင်ရှားသော ဥပဒေများသတ်မှတ်ခဲ့ပါလျှင် မည်မျှကောင်းပါမည်နည်း။ ထိုအခါ သံသယဖြစ်ဖွယ်အခြေအနေများတွင် ၎င်းတို့စိတ်ငြိမ်းချမ်းမည်ဖြစ်ကြောင်း ဆွဟာဗဟ်ကြီးက ဝမ်းနည်းဖွယ်ဆန္ဒပြုခဲ့သည်။ ထို့နောက် အုမရ်(ﷺ)သခင်က ရိဗာသာမက မည်သည့်နေရာ၌မဆို ရိဗာနှင့်ပတ်သက်၍သံသယဖြစ်လာလျှင် ယင်းကိုရှောင်ကြဉ်သင့်သည်ဟုမိန့်ကြားခဲ့သည်။

(၄) သေချာသည်မှာ စစ်မှန်သောမူလရိဗာကို မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက ရိဗာအလ်ကုရ်အာန် (ကုရ်အာန်ကျမ်းတော်မြတ်၏ရိဗာ) (သို့) ရိဗာအလ်ကရ်ဇ် (ချွေးငွေ၏ရိဗာ)ကိုခေါ်သည်။ ယင်းသည် အာရေးရဗီးယားတွင် လူသိများ၍ကျင့်သုံးခဲ့သောရိဗာပင်ဖြစ်သည်။ ၎င်းရိဗာသည် ပြန်လည်ပေးဆပ်ရန်ကန့်သတ်ထားသောအချိန်တစ်ရပ်အတွက် အမြတ်(အတိုး)တောင်းဆိုခြင်းဖြစ်သည်။ ဟဒီးဆ်တော်တွင် ဖော်ပြထားသော အခြားအမျိုးအစားရိဗာသည် မူလရိဗာနှင့်ပေါင်းစည်းကာ ရိဗာနှင့်ပတ်သက်သော အမိန့်ပညတ်ချက်အောက်တွင် အကြုံးဝင်စေခဲ့ပါသည်။ မုစ်လင်မ်လူထုတွင် အမြင်လွဲနေခြင်းသည် ဟဒီးဆ်တော်ပါ ဒုတိယအမျိုးအစားရိဗာဖြစ်သည်။ ပထမအမျိုးအစားကို ရိဗာအလ်ကရ်ဇ် (သို့) ရိဗာအလ်ကုရ်အာန်)ဟုခေါ်ခဲ့သည်။ ယင်းကို ပြတ်ပြတ်သားသားဟရာမ်ဟုတားမြစ်ထားချက်တွင် မုစ်လင်မ်ထုဋ္ဌအငြင်းပွားမှု လုံးဝမရှိချေ။

အချုပ်မှာ အတိုးပြဿနာများဆွေးနွေးရာတွင်နှင့် လူသားတို့၏စီးပွားရေးမဏ္ဍိုင်ဖြစ်သော ယနေ့မျက်မှောက်ခေတ်ရိဗာသည် ဤပထမအမျိုးအစားရိဗာပင်ဖြစ်သည်။ ယင်း၏တရားမဝင်ကြောင်းမှာ မုစ်လင်မ်အုမ္မသ်ထု၏ အများသဘောတူညီချက်အရလည်းကောင်း၊ (၄၀)ကျော်မျှသော ဟဒီးဆ်ဩဝါဒတော်အရလည်းကောင်း၊ ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်(၇)ပိုဒ်၏ ခိုင်မာမှုဖြင့်လည်းကောင်း သက်သေပြခဲ့ပြီးဖြစ်သည်။

ရောင်းခြင်းဝယ်ခြင်းတွင်ပါဝင်ပတ်သက်သော ဒုတိယအမျိုးအစားရိဗာသည် လုပ်လေ့လုပ်ထမရှိသောကြောင့် ဤနေရာတွင်ဆွေးနွေးရန်မလိုချေ။

ဤမျှထိ ကုရ်အာန်ကျမ်းတော်မြတ်နှင့် စွန္နသ်တော်ထဲတွင် စေ့ငုစွာဖော်ပြထားခဲ့သေရိဗာ၏အဓိပ္ပာယ်ကို ရှင်းလင်းစေရန် ကြိုးပမ်းခဲ့ပေပြီ။ ယင်းသို့ကြိုးပမ်းအားထုတ်ခဲ့သည်မှာ အတိုးနှင့်ပတ်သက်သောပြဿနာများကို နားလည်သဘောပေါက်စေရန် ပထမခြေလှမ်းပင်ဖြစ်သည်။

## ရိဗာအတိုးတားမြစ်ခြင်း၏နောက်ကွယ်ရှိ ဟစ်ကမသ်အသိဉာဏ်

ရိဗာအလုပ်အကိုင်ကြောင့် နာမ်ပိုင်း ဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာဆိုးကျိုးများဖြစ်ပေါ်စေသည့်အတွက် အစွလာမ့်တရားတော်က ကြီးလေးသောအပြစ်ဟု ကြေညာထားသော ရိဗာတားမြစ်ချက်၏ နောက်ကွယ်တွင်ရှိသော အသိဉာဏ်အမြော်အမြင်ကိုဆွေးနွေးမှုဒုတိယပိုင်းအဖြစ် ဆွေးနွေးထားသည်။

ဦးစွာပထမ ကျွန်ုပ်တို့သတိမူရမည်မှာ ဤအဖန်ဆင်းခံလောကတစ်ခုလုံးတွင် မည်သည်မျှမကောင်းသည် အသုံးမဝင်သည်ဟူ၍မရှိချေ။ မြွေ၊ ကင်း၊ ဝံပုလွေ၊ ခြင်္သေ့များနှင့် သေစေနိုင်သော အာဆင်းနစ်အဆိပ်များထဲတွင်ပင်လျှင် လူသားများအတွက် ထောင်ပေါင်းများစွာသောအသုံးဝင်မှုများရှိကြသည်။ ဤကျယ်ပြောလှသော သဘာဝထဲတွင် ဆိုးသည့်အရာရှိပါသလော။ ခိုးဝှက်ခြင်း၊ ဓါးပြတိုက်ခြင်း၊ အကြမ်းဖက်ခြင်း၊ လတ်တလောဆိုးခြင်းတို့ကိုကြည့်က ယင်းတို့ထဲတွင် အကျိုးဖြစ်ခြင်း တစ်မျိုးမဟုတ်တစ်မျိုးရှိနေသည်။ သို့သော်လည်း ဘာသာတိုင်းနှင့် လူအဖွဲ့အစည်းတိုင်း၊ ကျောင်းတော်တိုင်းတို့တွင် ကောင်းကျိုးများ၍ ဆိုးကျိုးနည်းသောအရာတိုင်းအား အသုံးဝင်၍ အကျိုးဖြစ်ထွန်းစေသည်ဟု အသိအမှတ်ပြုထားသည်။ ဆန့်ကျင်ဖီလာဆိုရသော် ဆိုးကျိုးများ၏ကောင်းကျိုးနည်းသည့် အရာတိုင်းအား အသုံးမဝင်၊ အန္တရာယ်ဖြစ်စေသည်ဟု မှတ်ယူထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည်ပင်လျှင် အရက်သေစာနှင့် လောင်းကစားမှုသည် ဟရာမ်တရားမဝင်ဟုကြေငြာခဲ့သော်လည်း ယင်းတို့အထဲတွင် လူတို့ အတွက် ကောင်းကျိုးအချို့ရှိသည်ဟု မိန့်မြွက်ထားခဲ့သည်။ သို့သော်လည်း ယင်းတို့ကြောင့်ဖြစ်ပေါ်လာသော အကုသိုလ်အပြစ်ဂုနာဟ်သည် ရရှိသောကောင်းကျိုးထက် ပိုမိုများပြားနေသည်။ ထို့ကြောင့် ဤအရာများကို ကောင်းသည်ဟူ၍လည်းကောင်း၊ အသုံးဝင်သည်ဟူ၍လည်းကောင်း မခေါ်ဆိုနိုင်ပါ။ ဤအရာများသည် အန္တရာယ်ရှိသည်။ ပျက်စီးနိုင်သည်ဟုမှတ်ယူခဲ့ပါလျှင် ရှောင်ကြဉ်ရန်မှာ လိုအပ်ချက်ပင်ဖြစ်သည်။

ရိဗာနှင့်ပတ်သက်လာလျှင် ကွဲပြားခြားနားမှုမရှိပါ။ အတိုးစားသုံးသူများသည် ဤကမ္ဘာလောကၠ အပေါ်ယံအားဖြင့်ကြည့်လျှင် အကျိုးအမြတ်အချို့ရရှိပါသည်။ သို့ရာတွင် ထိုကောင်းကျိုးများနှင့်နှိုင်းယှဉ်ကြည့်လျှင် အတိုးစားသုံးခြင်းအတွက် ဤကမ္ဘာလောကမှ နောင်တမလွန်ဘဝတွင်ရရှိမည့် ဆိုးကျိုးများတို့သည် အလွန်ပြင်းထန်ပါသည်။

ကိစ္စအရပ်ရပ်ကို ရရှိမည့်အရှုံးဖြစ်လာနိုင်သည်၊ အမြတ်ဖြစ်လာနိုင်သည်၊ ကောင်းကျိုးဆိုးကျိုးတို့ကို အမြဲနှိုင်းယှဉ်ကြည့်တတ်သော အသိပညာရှိသူတစ်ဦးသည် ခေတ္တခဏသာ အကျိုးရှိပြီး ရာသက်ပန်ဆုံးရှုံးမှုဖြစ်စေမည့်အရာများကို သူ၏အသုံးဝင် အကျိုးပြုမည့်စာရင်းတွင် ထည့်သွင်းမည်မဟုတ်ပါ။ အလားတူစွာ စိတ်နေစိတ်ထားမှန်ကန်ပြီး တရားမျှတသောသူတစ်ဦးသည်လည်း တစ်ဦးတစ်ယောက်အတွက် အကျိုးအမြတ်ရှိပြီး လူတစ်စုကိုဖြစ်စေ၊ လူအဖွဲ့အစည်းတစ်ရပ်လုံးကိုဖြစ်စေ ဆုံးရှုံးမှုဖြစ်နိုင်သောအရာကို အသုံးဝင်အကျိုးရှိသည်ဟု မည်သည့် အခါမျှ ပြောဆိုမည်မဟုတ်ပါ။ ခိုးမှုနှင့်ဓားပြမှုတို့တွင် သူခိုးနှင့်ဓားပြအုပ်စုတို့ရရှိသော အကျိုးအမြတ်က ထင်ရှားပါသည်။ သို့ရာတွင် ယင်းလုပ်ရပ်တို့သည် လူအဖွဲ့အစည်းတစ်ရပ်လုံးအတွက် မုချဧကန်အန္တရာယ်ဖြစ်စေပါသည်။ အဘယ်ကြောင့်ဆိုသော် လူအဖွဲ့အစည်း၏အေးချမ်းသာယာမှုနှင့် လုံခြုံရေးကို ပျက်ပြားစေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် မည်သည့်လူသားကမျှ ခိုးဝှက်ခြင်းနှင့်ဓားပြတိုက်ခြင်းကို ကောင်းသော လုပ်ရပ်ဟုမခေါ်ဆိုခဲ့ကြပါ။

ဤနိဒါန်းမှတ်ချက်များပြီးသည့်နောက် ကျွန်ုပ်တို့သည် ရိဗာ၏ပြဿနာကို လေ့လာကြပါစို့။ အနည်းငယ်မျှသာ ချင့်ချိန်တွေးဆလိုက်ပါက ရိဗာကြောင့်ရရှိမည့် အနည်းငယ်မျှသော အကျိုးအမြတ်နှင့် ယင်းကြောင့်ဖြစ်ပေါ်လာမည့်စိတ်ပိုင်းဆိုင်ရာနှင့် ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ ဆုံးရှုံးမှုတို့သည် များပြားပြင်းထန်သောကြောင့် ယင်းအတိုးစားသုံးသူထံမှ လူဟူသောအရည်အသွေး ပျောက်ကွယ်သွားပါသည်။ တစ်ဖန် စိတ်တွင်စွဲမှတ်ထားရ

မည်မှာ ရိဗာအတိုးစားသူရရှိသော ခဏပန်းအကျိုးအမြတ်တို့သည် သူ့အတွက်သာလျှင်ဖြစ်ပါသည်။ ယင်းဖြစ်ရပ်နှင့် နှိုင်းယှဉ်ကြည့်ပါက လူ့အဖွဲ့အစည်းတစ်ခုလုံးသည် စီးပွားရေးအခြေအနေကြောင့် သားကောင်ဖြစ်သွားကာ ကြီးမားသော ဆုံးရှုံးမှုကိုခံစားရပါသည်။ သို့သော် ဤလောကီရေးရာကိစ္စရပ်များသည် အလွန်ဆန်းကြယ်ကြပါသည်။ တစ်စုံတစ်ခုသည် ထိုအချိန်အခါ၏ စွဲလန်းတမ်းတမှုဖြစ်ရပ်ဖြစ်လာသောအခါ ယင်းအရာ၏ မကောင်းကျိုးများသည်လည်း မြင်နိုင်စွမ်းမရှိပါ။ တစ်စုံတစ်ဦးသည် အကျိုးအမြတ်ကလွဲ၍ ဘာကိုမျှ မကြည့်တော့ပါ။ ယင်းအကျိုးအမြတ်သည်မည်မျှပင် နည်းသည်ဖြစ်စေ၊ အောက်တန်းကျသည်ဖြစ်စေ၊ တခဏသာဖြစ်စေ ယင်းတို့ကို ဂရုမစိုက်တော့ပါ။ အဘယ်မျှစကြဝဠာတစ်ခုလုံးနှင့်သက်ဆိုင်သည်ဖြစ်စေ မည်မျှပင်ဆိုးဝါးသည်ဖြစ်စေ၊ မည်သူတစ်ယောက်မျှ ထိုကိစ္စ၏ဆိုးကျိုးများကို ကြည့်ရှုလေ့လာရန်ဂရုမပြုတော့ပါ။

ဓလေ့ထုံးစံများနှင့် အလေ့အထတို့သည် လူသားတို့၏ စိတ်နေသဘောထားအပေါ်၌ ကလိုရိုဖွန်ကဲ့သို့ အကျိုးသက်ရောက်စေပါသည်။ ထိုလုပ်ရပ်များက ၎င်းသူတို့အား ထုံထိုင်းစေပါသည်။ လူအချို့တော့ရှိပါသည်။ သူတို့သည် ခေတ်စားနေသောဓလေ့ထုံးစံများနှင့် အလေ့အထတို့ကို စူးစမ်းမှုပြုကာ ယင်းတို့တွင်ရှိသော ကောင်းကျိုးများကိုသော်လည်းကောင်း၊ ဆိုးကျိုးများကိုသော်လည်းကောင်း နားလည်သဘောပေါက်ရန် ကြိုးစားကြပါသည်။ ပိုဆိုးလာသည်မှာ ဆိုးကျိုးများကို ထုတ်ဖော်ပြသပြီးနောက် ထိုဆိုးကျိုးများတွင်ရှိသော အန္တရာယ်များမှ လူအများအား ပွင့်ပွင့်လင်းလင်းသတိပေးပြီးသည့်နောက်တွင်သော်မှ ခေတ်ဓလေ့ထုံးစံများနှင့် လုပ်ရပ်တို့နှင့် မည်မျှတစ်သားတည်းကြသွားသနည်းဟူမူ မှန်ကန်သောလမ်းကိုပင် လက်မခံကြတော့ပါ။

ရိဗာအတိုးသည် ဤခေတ်အခါ၌ ကပ်ရောဂါဆိုးအသွင်ဖြစ်သွားကာ တစ်ကမ္ဘာလုံးကို ညှပ်ဖြင့်ဖိညှစ်ထားသကဲ့သို့ဖြစ်စေခဲ့သည်။ အမှန်မှာ လူသားသဘာဝ၏အာရုံခံစားမှုကို ဆန့်ကျင်ဘက်ဖြစ်စေကာ အခါးသည်အချိုဖြစ်ရတော့သည်။ လူသားတစ်ရပ်လုံး၏ စီးပွားရေးပျက်စီးရာပျက်စီးစေသည့်အရာကိုပင် ပျက်စီးနေသော စီးပွားရေးစနစ်၏ဖြေဆေးဟူ၍ပင် သမုတ်ကြလေသည်။ အခြေအနေမှာ ရိဗာကို ဆန့်ကျင်ပြောဆိုသည့် အတွေးအခေါ်ပညာရှင်ကိုပင်လျှင် သူရူးဟုပြစ်ပယ်ထားသည်။

ဤအကြောင်းအရာအားလုံးတို့သည် ရိဗာဆိုသည်မှာ မည်သည်ဖြစ်သည်ဆိုသည့်အကြောင်းပင်တည်း။ သို့သော်လည်း လူသား၏သမားတော်သည် သမားတော်အဖြစ်သာရှိရမည်။ ဒေသတစ်ခုတွင် ကပ်ရောဂါဆိုးတစ်ခုပျံ့နှံ့နေကြောင်း အသေးစိတ်လေ့လာသိရှိပြီးနောက် ၎င်း၏ကုထုံးမထိရောက်ခဲ့လျှင် ထိုဒေသ၌ ရောဂါဝေဒနာများမရှိ။ အားလုံးကောင်းပါသည်ဟု အကယ်၍ပြောဆိုရန်စိတ်ကူးခဲ့လျှင် ၎င်းသမားတော်သည် လူသားထု၏ လူသတ်ကောင်တစ်ယောက်ဖြစ်သွားပေမည်။ လူသား၏စွမ်းပကားကိုလည်း ပျက်စီးဆုံးရှုံးစေပါသည်။ လူသားရေးရာကို အမှန်တကယ်သိနားလည်ကျွမ်းကျင်သောသမားတော်၏တာဝန်မှာ အထက်ပါအခြေအနေမျိုး၌ပင်လျှင် ရောဂါနှင့်ယင်း၏ ဆိုးကျိုးစဉ်ဆက်မပြတ်ပြောကြားနေရမည်ဖြစ်ပြီး ထိုရောဂါဆိုးကို ကုသရန်နည်းလမ်းကိုလည်း အမြဲတမ်းအကြံပေးနေရပေမည်။

လူ့အသိုင်းအဝိုင်းကိုပြုပြင်ရန် တမန်တော်များ ( **عليهم السلام**)ပွင့်ပေါ်ခဲ့ကြပါသည်။ လူသားများနားထောင်သည်ဖြစ်စေ၊ နားမထောင်သည်ဖြစ်စေ တမန်တော်များက မည်သည့်အခါမျှ သောကမရောက်ချေ။ အကယ်၍တမန်တော်များက လူတို့နားထောင်ကာလိုက်နာသည်အထိ စောင့်ဆိုင်းခဲ့လျှင် တစ်ကမ္ဘာလုံးမှာ

ကုဖရ်ရှိရ်က်နှင့်ပြည့်နှက်သွားပါ လိမ့်မည်။ လအိလာဟ အိလ္လလ္လာဟ် **'لا إله إلا الله'** အလ္လာဟ်အရှင်မြတ်မှအပ ခဝပ်ကိုးကွယ်ရာ မရှိ'ဟူသော ကလိမာဟ်ကို သင်ကြားပြသရန်နှင့် ဟောကြားရန်အတွက် အလ္လာဟ်အရှင်မြတ်က နောက်ဆုံးတမန် တော်မြတ်(ﷺ)သခင်ပွင့်တော်မူသည့်တိုင် မည်သူကမျှား ယုံကြည်ခဲ့သနည်း။

ရိဗာကား ခေတ်ပြိုင်စီးပွားရေး၏ကြောရိုးဟု သတ်မှတ်ခဲ့သော်လည်း အချို့သောအနောက်တိုင်း တွေးခေါ်ပညာရှင်များဝန်ခံထားသကဲ့သို့ကိစ္စရပ်၏ အမှန်တရားမှာကား ရိဗာသည် စီးပွားရေးစနစ်များ၏ ကြောရိုးမဟုတ်။ စီးပွားရေးပေါ်တွင် ကြီးထွားလာနေသောပိုးဖြစ်၍ ယင်းစီးပွားရေးစနစ်ကို စားသုံးနေသည်နှင့်တူလေသည်။

သို့သော်လည်း ဝမ်းနည်းစရာကောင်းသည်မှာ မျက်မှောက်ခေတ် တွေးခေါ်ပညာရှင်များနှင့်သိပ္ပံပညာရှင်များသည် ဓလေ့ထုံးစံနှင့်လုပ်ရပ်တို့၏ အနှောင်အဖွဲ့မှလွတ်မြောက်ရန် မစွမ်းဆောင်နိုင်ကြပါ။ ထိုကဲ့သို့သော အခြေအနေမှလွတ်ကင်းရန်လည်း အလေးအနက်စဉ်းစားသင့်ပေသည်။ ရိဗာအတိုး၏ အဆုံးစွန်ရလဒ်မှာ တစ်ကမ္ဘာလုံးရှိ လူအသိုင်းအဝိုင်းများနှင့် လူအများတို့အားချို့တဲ့ ငတ်မွတ်မှုနှင့်တွေ့ကြုံခြင်း၊ စီးပွားရေးစနစ်ဆိုးဝါးမှုကြောင့် လူအများသည် ယင်းစနစ်၏ သားကောင်ဖြစ်ခြင်းနှင့် လူမဲ့များပို၍ မွဲပြာကျသွားကြခြင်းကို နှစ်ပေါင်းရာချီ၍ အတွေ့အကြုံရခဲ့သော်လည်း ယင်းကိုမည်သို့သောကြောင့် သတိမမူရသနည်း။ လူအများ၏ ကြမ္မာနှင့်နှိုင်းစာလျှင် အချို့သောအရင်းရှင်တို့သည် လူအဖွဲ့အစည်းတစ်ရပ်လုံး၏ဥစ္စာဓနကို မျှော့များသဖွယ် သွေးစုပ်ကာ ၎င်းတို့ကြီးပွားစေရန် အခွင့်အရေးယူသွားကြသည်။ ဤအသိပညာရှင်များ၏သည်းခြေကား အံ့သြစရာပင်တည်း။ ဤဖြစ်ရပ်မှန်ကို ၎င်းတို့ရှေ့မှောက်တင်ပြသောအခါ အတိုး၏ကောင်းခြင်းများကို ကျွန်ုပ်တို့မြင်တွေ့စေရန် U.S.A နှင့် E.E.C ရှိစျေးကွက်များသို့ ခေါ်ဆောင်သွားကာ ပြသငြင်းဆိုကြသည်။ အတိုးမှတစ်ဆင့်ရရှိသော ကြီးပွားချမ်းသာမှုဖြင့် ကျွန်ုပ်တို့အား အထင်ကြီးစေပါသည်။ စင်စစ်မှာ အချို့သောဇာတ်တူသားစား အုပ်စုတို့က ၎င်းတို့၏နေအိမ်များနှင့် အလုပ်ရုံများတွင် မည်မျှကျန်းမာကြကြောင်း လှုပ်ရှားလုပ်ဆောင်နေမှု၏ ကောင်းကွက်အချို့ကို ကျွန်ုပ်တို့အားပြောဆိုပြသနေခြင်းနှင့်တူပေသည်။ ထို့နောက် ယင်းအခိုင်အမာပြောဆိုချက်ကိုထပ်ဆင့်၍ ဤလုပ်ဆောင်ပြသမှုကိုအခြေခံကာ ၎င်းတို့၏လုပ်ဆောင်မှုသာ အကောင်းဆုံးဖြစ်သည်ဟု သက်သေပြရန်ကြိုးပမ်းကြသည်။

သို့သော်လည်း ဤကိစ္စအတွက်အဖြေမှာ လူသားစားသူတို့၏ ကောင်းကြောင်းများကို ၎င်းတို့နေရာထိုင်ခင်းအား လေ့လာစူးစမ်းကြည့်ရှု၍ ဆုံးဖြတ်၍မရနိုင်ဟု စိတ်မှန်၍ တရားမျှတသောသူက ရိုးသားစွာ ဆုံးဖြတ်နိုင်လိမ့်မည်။ တစ်စုံတစ်ဦးသည် ၎င်းတို့သွေးစုတ်အသားစား၍ သေဆုံးခဲ့သော ထောင်ပေါင်းများစွာသော အလောင်းကောင်များရှိရာနေရာထိုင်ခင်းကိုလည်း သွားရောက်လေ့လာရပါမည်။ အစွလာမ်နှင့် အစွလာမ့်ရှရီအသ်သည် ထိုကဲ့သို့သောလုပ်ရပ်ကို မှန်ကန်၍အကျိုးရှိသည်ဟု မည်သည့်အခါကမျှ လက်မခံခဲ့ပါ။ ယင်းကြောင့် ယေဘုယျအနေဖြင့် လူသားများနှင့် အထူးသဖြင့် မုစ်လင်မ်အသိုင်းအဝိုင်းသည် ပျက်စီးဆုံးရှုံးမှု၏ ပစ်မှတ်ဖြစ်သွားစဉ်တွင် ပုဂ္ဂိုလ်အချို့ (သို့) ၎င်းတို့အုပ်စုအချို့တို့သည် ကြီးပွားချမ်းသာလျက်ချမ်းသာမြဲဖြစ်နေကြသည်။

## ရိဗာ (သို့) အတိုး၏ စီးပွားရေးဆိုင်ရာအကျိုးဆုတ်ယုတ်မှုများ

ရိဗာသည် လူပုဂ္ဂိုလ်အချို့ကို အကျိုးဖြစ်စေပြီး လူသားထုတစ်ခုလုံး၏ ဆုံးရှုံးမှုဖြစ်စေသည်ဟူသော ချို့ယွင်းချက်ကလွဲ၍ အခြားချို့ယွင်းမှုမရှိပါဟုဆိုလျှင် ထိုတစ်ခုတည်းနှင့်ပင် အတိုးရိဗာအား တားမြစ်ခြင်းသည် မှန်ကန်ပါသည်။ ၎င်းပြင် ယင်းအား ရွံရှာမုန်းတီးခြင်းသည်လည်း မှန်ကန်ပါသည်။ အမှန်တကယ်ဆိုလျှင် စီးပွားရေးဆိုင်ရာ ဆုတ်ယုတ်မှုများနှင့် နာမ်ပိုင်းဆိုင်ရာ ပျက်စီးစေမှုများလည်းရှိပါသည်။

ဦးစွာပထမ ရိဗာသည် ပုဂ္ဂိုလ်အချို့ကိုသာအကျိုးရှိစေပြီး လူသားတစ်ရပ်လုံးမှာ ဆုံးရှုံးစေသည် ဆိုခြင်းသည် မည်သို့ဖြစ်သည်ကို နားလည်ကြည့်ကြစို့။ အတိုးရိဗာစားသူ၏ မထူးဆန်းသောနည်းလမ်းကား မည်မျှကြမ်းတမ်းသနည်းဟူမူ လူတစ်ချို့အား အကျိုးရှိ၍ လူအသိုင်းအဝိုင်းတစ်ရပ်လုံး အန္တရာယ်ဖြစ်စေသည်ဆိုခြင်းကို သာမန်စဉ်းစားဉာဏ်ရှိသောသူတစ်ဦးကပင် တွေ့မြင်နိုင်ပါသည်။ သို့သော်လည်း ယနေ့ခေတ်သစ်အမြင်ပွင့်လင်းမှု (သို့) ကျွန်ုပ်တို့က 'ခေတ်သစ်အမှောင်ကျမှု'ဟုခေါ်တွင်ကြသည်မှာ ခေတ်သစ်စက်မှုထုတ်လုပ်မှုနည်းပညာများဖြင့်လည်းကောင်း၊ နှစ်ချို့စေခြင်းဖြင့်လည်းကောင်း သန့်စင်ပြီးအရက်သေစာကို ထုတ်လုပ်ကြသည်။ သစ်လွင်၍ ဖန်စီစိတ်ကူးယဉ်ဆန်သောအသွင်များ တီထွင်လာခြင်း၊ မားပြတိုက်ခြင်းများ ပြုလုပ်ကြသည်။ ဟိရိဩတပ္ပကင်းမဲ့မှုနှင့် မကောင်းမှုများကို ဆန်းသစ်သောအကာအကွယ်များဖြင့် တီထွင်ကသည်။ အထက်ပါတို့ကဲ့သို့ပြုလုပ်ခဲ့သော အခါ လူတိုင်းအတွက် အလွန်ယဉ်ကျေးဖွယ်ရာဖြစ်၍ အပေါ်ယံကြည့်လျှင်ပင် နောက်ကွယ်ရှိ ကွယ်ဝှက်နေသော မကောင်းမှုများကို တွေ့မြင်နိုင်ဖွယ်မရှိချေ။ ဤသည်နှင့်အလွန်တူစွာ ရိဗာ(သို့)အတိုးကို အစဉ်မပြတ်လုပ်ကိုင်နိုင်ရန်အတွက် တစ်ဦးချင်း ငွေချေးငှားသောနေရာများတွင် ဘဏ်များဟုခေါ်သော အစုစပ်စတော့ကုမ္ပဏီများအစားဝင်ရောက်လာပါသည်။ လူတိုင်းအမြင်တွင် တိမ်သလွှာဖုံးစေရန်အတွက် ချေးငှားသူများအား ပညာပေးသည်မှာ ဤရိဗာ၏ခေတ်သစ်နည်းသည် လူအသိုင်းအဝိုင်းတစ်ရပ်လုံးအတွက် ကောင်းမွန်ကြောင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သာမန်လူများသည် ၎င်းတို့၏ ငွေကြေးများဖြင့် ဤကဲ့သို့သောလုပ်ငန်းလုပ်ဆောင်ရန် မတတ်ကြပါ။ သို့တည်းမဟုတ် ရင်းနှီးငွေနည်းပါးဖြစ်လျှင်ဖြစ်နိုင်မည်။ ထို့ကြောင့် ၎င်းတို့တွင်ရှိသော ငွေများအားလုံးကို ဘဏ်တွင်အပ်နှံထားကြသည်။ ငွေကြေးမည်မျှနည်းစေကာမူ အကြောင်းမဟုတ်။ အတိုးအဖြစ် အကျိုးအမြတ်အချို့ရရှိကြသည်။ ထို့ပြင် ကုန်သည်ကြီးများကိုလည်း ဘဏ်များမှ အတိုးဖြင့်ငွေချေးသည့်အခွင့်အရေးလည်းပေးကြပါသည်။ လုပ်ငန်းကြီးများတွင် ငွေအရင်းအနှီးမြှုပ်နှံကာ အကျိုးအမြတ်များ ခံစားရသည်။ ထို့ကြောင့် အတိုးသည် လူ့အဖွဲ့အစည်း၏ပုဂ္ဂိုလ်တိုင်းထံသို့ ကောင်းချီးမင်္ဂလာအနေဖြင့် ရောက်နေဟန်ရှိသည်။

သို့သော်လည်း အကင်းပါးလျှင်ပင် ပြည့်တန်ဆာဂေဟာများကို ရုပ်ရှင်ရုံနှင့်ညကလပ်အဖြစ်လည်းကောင်း၊ ညစ်ညမ်းပေရေသော အရက်ချက်စက်ရုံများကို ဟော်တယ်ကြီးများအဖြစ်လည်းကောင်း ပြောင်းပစ်လိုက်ပါသည်။ ၎င်းတို့သည် အဆိပ်ကိုဖြေဆေးအဖြစ်လည်းကောင်း၊ အန္တရာယ်ရှိသည်ကို အကျိုးပြုစေသည်ဟုလည်းကောင်း ပြုလုပ်ကြပါသည်။ ယင်းတို့ကို အနည်းငယ်အကင်းပါးရုံမျှဖြင့် ဤမဟာလိမ်လည်မှုကြီးကိုတွေ့ရပါလိမ့်မည်။ လူကျင့်ဝတ်နှင့်ဆန့်ကျင်သည့်ပြစ်မှုများကို လိမ်လည်မှုဖြင့် ကာကွယ်ထားသော်လည်းအသိဉာဏ်ရှိသူသည် ယင်းတို့ကို ဖောက်ထွင်းမြင်ရန်မှာ ပြဿနာမရှိချေ။ အထက်ပါကိစ္စများကြောင့် ပြစ်မှုများ တိုးပွားလာကာ ယင်းတို့ကြောင့် အဆိပ်အတောက်များ ပိုမိုပျံ့နှံ့နေသည်ကို ပညာရှိသူများသိကြသည်။ ရိဗာသည်လည်း ထိုနည်း

နှင်နှင်ပင်ဖြစ်သည်။ ရိဗာ၏အသွင်သစ်က လူထုအား မပြောပလောက်သော အတိုးရာခိုင်နှုန်းကို မြည်းစမ်းစေကာ ပြစ်မှုကို ကျူးလွန်ပြီးမြောက်စေပါသည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့အတွက် အဆုံးအစမရှိသော အခွင့်အလမ်းရစေခြင်းငှာ ဤပြစ်မှုကို ဆက်လက်ကျူးလွန်နေစေပါသည်။

ငွေစုဘဏ်များနှင့် စာတိုက်များမှထုတ်ပေးသော ဤမပြောပလောက်သည့် အတိုးရာခိုင်နှုန်းသည် စားဝတ်နေရေးကုန်ကျစရိတ်များကို မည်သည့်နည်းနှင့် မလုံလောက်ကြောင်းကို မည်သူမျှမသိဘဲရှိအံ့နည်း။ ထို့ကြောင့် ၎င်းတို့သည် အလုပ်ကြမ်းကိုလုပ်ရစေခြင်းနှင့် အလုပ်အကိုင်ရှာဖွေရခြင်းတို့ကိုဖြစ်စေပါသည်။ အရောင်းအဝယ်လုပ်ခြင်းဆိုသည်မှာ သူတို့မစဉ်းစားခဲ့သောအရာဖြစ်သည်။ အကယ်၍ တစ်စုံတစ်ဦးသည် ခေတ္တခဏမျှ အကြံပေါ်လာခဲ့လျှင်လည်း ပြဿနာမှာ အသိုင်းအဝိုင်းတစ်ခုလုံး၏ ငွေပင်ငွေရင်းသည် ဘဏ်ထဲတွင်ရောက်ရှိနေပြီးဖြစ်သည်။ ထို့နောက် ရောင်းဝယ်ဖောက်ကားခြင်း၏ပုံစံမှာ တစ်စုံတစ်ဦးသည် ငွေရင်းအနည်းငယ်နှင့် လုပ်ငန်းလုပ်ရန်အခက်အခဲတွေ့နိုင်ပြီး လုပ်ကိုင်ခဲ့ပါလျှင်လည်း ကိုယ့်ကိုကိုယ် သတ်သေခြင်လောက်အောင်ဖြစ်ပါလိမ့်မည်။ အကြောင်းမှာ ဘဏ်များသည်ချေးငွေအမြောက်အမြားကို ခိုင်မာသောယုံကြည်စိတ်ချရမှုနှင့် ကြီးမားသော လုပ်ငန်းရှိမှသာ ချေးငှားကြပါသည်။ တစ်ဦးတစ်ယောက်သည် ငွေကြေးတစ်သန်းခန့်ပိုင်ဆိုင်ပါက သူသည် ငွေဆယ်သန်းချေးယူနိုင်ပါသည်။ သူ့ငွေရင်းထက် ဆယ်ဆတန်ဘိုးရှိသောလုပ်ငန်းကို လုပ်ကိုင်နိုင်ပါသည်။ ခြားနားချက်မှာ တစ်ဦးတစ်ယောက်သည် အရင်းအနှီးအနည်းငယ်မျှသာရှိပြီး ယုံကြည်စိတ်ချရမှုအနေအထားသည် အနည်းမျှဖြစ်သော်လည်းကောင်း လုံးဝသော်လည်းမရှိခဲ့ပါမူ ဘဏ်များသည် ထိုသူ၏ဆယ်ဆမျှရင်းနှီးငွေကို သူ့အားချေးငှားရန် ယုံကြည်မှုမရှိကြပါ။ တစ်ဦးတစ်ယောက်သည် ငွေတစ်ထောင်သာပိုင်ဆိုင်ပါက တစ်သောင်းကို မဆိုထားဘိ ငွေတစ်ထောင်ပင်ချေးငှားရန်အလွန်ခက်ခဲပါသည်။ ငွေတစ်သိန်းပိုင်သောသူသည် ဘဏ်မှငွေကိုးသိန်းချေးယူကာ တစ်သန်းတန်သောလုပ်ငန်းတစ်ခု၏ လုပ်ကိုင်မှုကိုကြည့်ကြပါစို့။ ပမာဆိုသော် သူသည် သူ၏တစ်သန်းတန် လုပ်ငန်းမှ တစ်ရာခိုင်နှုန်းအမြတ်ရသည်ဆိုကြပါစို့။ ထိုတစ်ရာခိုင်နှုန်းအမြတ်အစွန်းသည် သူ၏ငွေရင်းတစ်သိန်း၏ ဆယ်ရာခိုင်နှုန်းမြတ်သည်ဟု ဆိုနိုင်ပါသည်။ နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် လူတစ်ဦးသည် သူ၏ကိုယ်ပိုင်ငွေတစ်သိန်း၏ တစ်ရာခိုင်နှုန်းသာအမြတ်ရပါလိမ့်မည်။ ယင်းအမြတ်သည် သူ၏လုပ်ငန်းဆောင်တာစရိတ်ပင်မကာမိပါ။ နောက်ထပ်အကြောင်းတစ်ခုလည်းရှိပါသေးသည်။ ငွေအရင်းအနှီးမြောက်များစွာရှိသောသူသည် ဈေးမှကုန်ကြမ်းများကို ဈေးနှုန်းသက်သက်သာသာလျော့ဈေးနှုန်းဖြင့် ဝယ်ယူနိုင်သည်။ ယင်းသို့သောအခွင့်အရေးမျိုးကို အရင်းအနှီးအနည်းငယ်မျှရှိသောသူသည် မရရှိနိုင်ပါ။ ထို့ကြောင့် ငွေအရင်းအနှီးနည်းသောသူသည် အကူညီမဲ့ဖြစ်ကာ ချို့တဲ့နေပါမည်။ အကယ်၍ သူသည် ငွေရှင်ကြေးရှင်တို့ လက်ဝါးကြီးအုပ်ထားသော အရောင်းအဝယ်လုပ်ငန်းတွင် ခြေချလုပ်ကိုင်မိပါက အရင်းရှင်ကြီးတို့သည် သူ့အား မလိုလားအပ်သူဟု သတ်မှတ်ကာ ယင်းတို့ကိုယ်တိုင်အဆုံးအရှုံးခံ၍ ဈေးကွက်ကို ပျက်ပြားသွားအောင် ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ငွေရင်းအနည်းငယ်ရှိသောသူသည် သူ၏ရင်းနှီးငွေများနှင့် အမြတ်များအားလုံးဆုံးရှုံးပျက်စီးသွားပါသည်။ ထို့ကြောင့် ရောင်းဝယ်ရေးလုပ်ငန်းကို လက်ဝါးကြီးအုပ်သောသူတစ်ချို့တို့သည် အရင်းရှင်ကြီးများသာဖြစ်ကြသည်။

အတိုးနှင့် အတိုးငွေနှင့် ဆက်နွယ်သောစီးပွားရေးလုပ်ငန်းစနစ်မှ ပေါ်ထွက်လာသောအချို့ဆိုးကျိုးများကို စဉ်းစားကြည့်ကြပါစို့။

၁။ ဦးစွာပထမ လူ့အသိုင်းအဝန်းပေါ်၌ ကြီးမားသောမမျှတမှုကြီးတစ်ရပ်ပြုလုပ်ထားခြင်းဖြစ်သည်။ လူအများတို့သည် စစ်မှန်သောရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်ခြင်း အခွင့်အလမ်းလက်မဲ့ဖြစ်စေကာ အရင်းရှင်ကြီးများ၏ စီးပွားရေးကျေးကျွန်အဖြစ်သို့ရောက်ရှိသွားပါသည်။ အရင်းရှင်ကြီးများက သူတို့ကြိုက်သလောက်ပေးသော အကျိုးအမြတ်ကိုလက်ဆောင်အဖြစ်သာရရှိပါသည်။

၂။ နောက်ဆုံးရှုံးမှုတစ်ရပ်မှာ တစ်နိုင်ငံလုံးအားထိခိုက်စေသောအကြောင်းပင်ဖြစ်သည်။ ယင်းမှာ စီးပွားရေးစနစ်အရ လူသုံးကုန်ပစ္စည်းများ၏ဈေးနှုန်းများကို ချုပ်ကိုင်ထားခြင်းပင်ဖြစ်သည်။ သူတို့သည် သူတို့ငွေတိုက်များ ပြည့်လျှံစေရန်အတွက် ဈေးနှုန်းများ မြှင့်တင်ရောင်းချကာ လူထုတစ်ရပ်လုံးကို ဆင်းရဲမွဲတေစေပါသည်။ သာပို ဆိုးသည်မှာ သူတို့၏လုပ်နည်းဟန်အတိုင်း ကုန်ဈေးနှုန်းများကို ပိုမိုမြင့်တင်နိုင်ရန်အတွက် သူတို့၏ကုန်များကို ရောင်းချခြင်းမှ ရပ်တန့်ခဲ့ပါသည်။ ယင်းမှာ မကောင်းသောလုပ်ရပ်ပင်ဖြစ်သည်။ အကယ်၍ ဤတစ်ကိုယ်ကောင်းဆန်သောသူများကို ဘဏ်များမှတဆင့် လူ့အသိုင်းအဝိုင်း၏စုပေါင်းငွေပင်ကိုရင်းကို သုံးစွဲခွင့်မရရှိစေဘဲနှင့် သူသည် သူတို့၏ကိုယ်ပိုင်အရင်းအနှီးဖြင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကြရလျှင် ရလာဒ်များသည် တစ်မျိုးတစ်ဖုံပြောင်းလဲသွားပါလိမ့်မည်။ ငွေအရင်းအနှီးနည်းသောသူများသည် စိတ်ဒုက္ခရောက်ရခြင်းမှ ကင်းဝေးသွားရပါလိမ့်မည်။ ကိုယ်ကျိုးကိုသာကြည့်သောသူများသည်လည်း ရောင်းဝယ်ရေးကိစ္စရပ်များကို မချုပ်ကိုင်နိုင်တော့ပါ။ ငွေအရင်းအနှီးအနည်းငယ်နှင့် ရင်းနှီးမြှုပ်နှံသောသူများသည် ယင်းလုပ်ငန်းမှအကျိုးအမြတ်များရသည်ကို မြင်တွေ့ ရသောကြောင့် အခြားသူများအတွက်လည်း စေ့ဆော်မှုတစ်ရပ်ဖြစ်သွားပါသည်။ သီးသန့်လုပ်ငန်းရုံးဝန်ထမ်းများနှင့် အလုပ်အကိုင်များ ပိုမိုဖြစ်ထွန်းလာကာ ထောင်ပေါင်းများစွာသောချို့တဲ့သူများအတွက် စားဝတ်နေရေးအဆင်ပြေလာသည်။ လုပ်ငန်းဆိုင်ရာ အကျိုးအမြတ်များသည်လည်း ကျယ်ကျယ်ပြန့်ပြန့်ခံစားရသည်သာမက ကုန်ပစ္စည်းများကိုဈေးကွက်တွင် ယေဘုယျအားဖြင့်ရနိုင်ခြင်းဟူသောအကျိုးလည်း သက်ရောက်ပါလိမ့်မည်။ အကြောင်းမှာ ယှဉ်ပြိုင်ရောင်းခြင်းက ကုန်သည်များအား သူတို့၏အမြတ်ကိုလျော့ယူစေရန် စေ့ဆော်ပါသည်။

အတိုချုပ်အားဖြင့် လူနာသည် ရောဂါကိုကုထုံးဟုမှတ်ယူစေရန် ဦးနှောက်ဆေးကြောခြင်းခံရရုံသာမက ဤမက်ချာဇလင်နည်းလမ်းသည် နိုင်ငံများ၊ လူ့အသိုင်းအဝိုင်းများအား ဆိုးဝါးသောရောဂါကြီး ကပ်ညိစေပါသည်။

၃။ တတိယအနေဖြင့် ဘဏ်တိုးများမှတဆင့် ဖြစ်ပေါ်ဘေးဒုက္ခအကြောင်းကို လေ့လာကြပါစို့။ လူတစ်ဦးသည် ငွေရင်းတစ်သောင်းသာရှိပြီး တစ်သိန်းတန်သောရောင်းဝယ်မှုအလုပ်ကို လုပ်ကိုင်ခဲ့သည်။ အပိုငွေကိုးသောင်းကို ဘဏ်မှအတိုးဖြင့်ချေးယူခဲ့ပါသည်။ အကယ်၍ မတော်တဆ အရှုံးနှင့်ရင်ဆိုင်ရပါက သူ၏ရင်းနှီးငွေများအားလုံးဆုံးရှုံးသွားကာ ဒေဝါလီခံရပါလိမ့်မည်။ ထိုအချိန်တွင်ဖြစ်ပေါ်လာမည့်ရလဒ်ကား စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။ စဉ်းစားတွေးတောကြည့်လျှင် ၎င်းသည်ဆုံးရှုံးမှုတစ်ရပ်လုံး၏ ၁၀%သာခံရ၍ ကျန်ဆုံးရှုံးမှု ၉၀%ကား သူချေးယူခဲ့သောဘဏ်တွင် အပ်နှံထားခဲ့ကြသော လူ့အဖွဲ့အစည်းတစ်ခုလုံး၏ ငွေများဖြစ်သည်။ အကယ်၍ ဘဏ်ကကြားဖြတ်ကိစ္စရပ်တစ်ခုအနေဖြင့် လျော်ပစ်ခဲ့သည့်တိုင် ဘဏ်ဟူသည်မှာ နိုင်ငံလုံးဆိုင်ရာ ငွေကြေးအပ်နှံရာဌာနဖြစ်သည့်အားလျော်စွာ ထိုဆုံးရှုံးမှုမှာ တစ်နိုင်ငံလုံး၏ဆုံးရှုံးမှုသာဖြစ်ကြောင်း ရှင်းလင်းပါသည်။ အမြတ်၏ တစ်ဦးတည်းပိုင်ရှင်မှာ ငွေချေးသည့်အရင်းရှင်ဖြစ်သောကြောင့် ဝင်လာသမျှသောအမြတ်မှာ ၎င်းခံစားရပါသည်။

လူ့အသိုင်းအဝန်းအတွက်မှာကား လုံးဝမရရှိဘဲသော်လည်းကောင်း အနည်းငယ်မျှသော်လည်းကောင်း ခံစားရပါမည်။ အရှုံးနှင့်ရင်ဆိုင်လာသောအခါတွင်မူ အများစုအပေါ် တာဝန်ကျလာပါတော့သည်။

၄။ ရိဗာအတိုးနှင့်ပတ်သက်သော စီးပွားရေးဆိုင်ရာအားနည်းချက်နောက်တစ်ခုကား တစ်စုံတစ်ဦးသည် ကြီးမားသောဆုံးရှုံးမှုနှင့်ကြုံတွေ့ရလျှင် အတိုးနှင့်ပတ်သက်၍ချေးငှားသူ၏ အကြပ်အတည်းတွင်တည်ရှိသည်။ ဤသို့တစ်ကြိမ်တွေ့လိုက်လျှင်သူသည် ဆက်လက်လုပ်ကိုင်နိုင်စွမ်းမရှိတော့ချေ။ ပြောရလျှင် ဆုံးရှုံးမှုကို ထေမိစေရန် ၎င်းတွင် ငွေရင်းလုံလောက်စွာ မည်သည့်အခါမျှမရှိခဲ့ချေ။ ဆုံးရှုံးမှုက သူ့ကိုစိတ်သောကနှစ်ထပ်ကွန်းရောက်စေပါသည်။ သူသည် ၎င်း၏အမြတ်နှင့် ငွေရင်းဆုံးရှုံးသည်သာမက တစ်ချိန်တည်းတွင် ဘဏ်စာရင်းရှင်းရန် မည်သို့မျှ မလုပ်ဆောင်နိုင်ဘဲရှိပေသည်။ ဤသည်တို့နှင့်ယှဉ်ရလျှင် အတိုးမပါသောရောင်းဝယ်မှုတွင် အရင်းငွေများအားလုံးဆုံးရှုံးပါက အများဆုံးခြွေးတစ်ပြားမျှမရှိသူအဖြစ် ရောက်သွားပါမည်။ အကြွေးဟူသောဝန်ထုတ်ဝန်ပိုးကား မဖိဟူသည်မှာ သေချာသည်။

၁၉၅၄-ခုနှစ်တွင် ပါကစ္စတန်နိုင်ငံ၏ ဝါဂွမ်းလုပ်ငန်းသည် ကုရ်အာန်တွင်သုံးထားသောစကားလုံးဖြစ်သည့် မုဟာက်(**محاق**)ဆုံးရှုံးမှုဖြင့်ပျက်စီးခြင်း ခံစားကြုံတွေ့ခဲ့ရသည်။ အစိုးရသည် ရူပီးငွေသန်းပေါင်းမြောက်မြားစွာဖြင့် စီးပွားရေးသမားများကို ကယ်တင်ခဲ့သည်။ သို့ရာတွင် မည်သူမျှ မစဉ်းစားအလေးမထားသည်မှာ ဤဖြစ်ရပ်သည် ရိဗာအတိုး၏ကြိမ်စာသင့်ခြင်းပင်ဖြစ်သည်။ ဝါဂွမ်းရောင်းဝယ်သူများသည် အများအားဖြင့် ဘဏ်ချေးငွေများဖြင့် ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ ၎င်းတို့၏ ကိုယ်ပိုင်ရင်းနှီးငွေမှာ မပြောပလောက်ချေ။ အလွှာဟ် အလိုတော်ဖြင့် ဝါဂွမ်းစျေးကွက်သည် ရူပီး(၁၂၅)မှ ရူပီးတစ်ဆယ်သို့ ထိုးကျခဲ့သည်။ ဝါဂွမ်းကုန်သည်များသည် ထိုဖြစ်ရပ်ကြောင့် ဘဏ်နှင့်ဆိုင်သော ငွေကြေးများကို မဆပ်နိုင်သောအခြေသို့ရောက်သွားသည်။ ရွေးစရာမရှိသည့် အဆုံး ဝါဂွမ်းစျေးပိတ်ခဲ့ကာ အစိုးရထံ အရေးပေါ်အကူအညီတောင်းခဲ့ရပေသည်။ အစိုးရက ဝင်ရောက် ကိုင်တွယ်ကာ 'စတော့'များကို ဆယ်ရူပီးနှင့်မဟုတ်ဘဲ (၉၀)ရူပီသို့မြှင့်၍ ဝယ်ယူခဲ့သည်။ ထို့ကြောင့်သန်းပေါင်းများစွာသော ဆုံးရှုံးမှုကိုကယ်တင်၍ ကုန်သည်များဒေဝါလီခံရမည့်အရေးကင်းဝေးခဲ့သည်။ အစိုးရထံတွင် ရှိငွေသည် မည်သူ့ငွေနည်း။ မုစ်လင်မ်အုမ္မသ်ဖြစ်သော အလားတူ အကူအညီမဲ့နေသော ဆင်းရဲသားများ၏ငွေများပင်ဖြစ်သည်။

အတိုချုပ်ဆိုရလျှင် ဘဏ်လုပ်ငန်း၏ပကတိရလဒ်ကား လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ ရင်းနှီးငွေမှပေါ်ထွက်လာသော အကျိုးအမြတ်များကို လူပုဂ္ဂိုလ်အချို့သာ ခံစားရ၍ ဆုံးရှုံးမှုနှင့်ကြုံလျှင်ကား တစ်နိုင်ငံလုံးအပေါ် ကျရောက်လာသည်။

## လိမ်လည်လှည့်ဖြားမှုအတွက် ပုံစံချခြင်း

အတိုးရိဗာသည် လူ့အဖွဲ့အစည်းနှင့် နိုင်ငံများအပေါ် မည်သို့သားကောင်ဖြစ်စေကြောင်းနှင့် လူပုဂ္ဂိုလ်အချို့ မည်သို့ကြီးပွားတိုးတက်သွားကြောင်း သင်မြင်ခဲ့ရပေပြီ။ ယင်းနှင့်ယှဉ်တွဲ၍ အခြားမကောင်းမှုတွင် ထူးချွန်မှုပြသခြင်းကိုလည်း တွေ့ရပါလိမ့်မည်။ ရိဗာစားသုံးသူများသည် ၎င်းတို့၏ အတွေ့အကြုံအရနှင့် ကုရ်အာန်ကျမ်းတော်မြတ်၏ **يَمْحَقُ اللهُ الرِّبٰوا** 'အလ္လာဟ်အရှင်မြတ်သည် အတိုးအညွှန့်ကို ဆုတ်ယုတ် ပျက်စီးစေတော်မူ၍'

ဟူသော မိန့်ကြားချက်ကို တွေးတောဆင်ခြင်မိသောအခါ တစ်စုံတစ်ဦးသည် ဒေဝါလီခံသွား နိုင်သောကြောင့် သူတို့သည် အမြဲအတည်ဖြစ်စေသောလုပ်ငန်းနှစ်ခုကို တည်ထောင်ခဲ့ကြသည်။ ယင်းတို့မှာ အာမခံလုပ်ငန်းနှင့် စတော့အိတ်ချိန်းပင်ဖြစ်သည်။ ရောင်းဝယ်ဖောက်ကားမှုတွင် ဆုံးရှုံးခြင်းမှာ အကြောင်းရပ် နှစ်ခုကြောင့်ဟူ၍ တွေ့ရှိခဲ့သည်။ တစ်နည်းမှာ သဘာဝအန္တရာယ်အသွင်ဖြစ်သည်။ ပမာအားဖြင့် သင်္ဘောတစ်စီး မီးလောင်ခြင်း၊ နစ်မြုပ်ခြင်း၊ ယင်းကဲ့သို့ဖြစ်စေသော အခြားသဘာဝအကြောင်းများ စသည်တို့ဖြစ်လေသည်။ နောက်အခြားတစ်နည်းမှာ လက်ဝယ်ရှိ စတော့စျေးသည် ဝယ်ယူစဉ်ကစျေးထက် နိမ့်ကျသွားခြင်းဖြစ်နိုင်သည်။ အထက်ပါအခြေအနေနှစ်ရပ်တွင် ငွေရင်းမြုပ်ထားမှုသည် ဓနရှင်လူပုဂ္ဂိုလ်တစ်ဦးပိုင်ငွေများမဟုတ်ချေ။ လူအဖွဲ့အစည်းမှ စုပေါင်းဖက်စပ်ပိုင်ဆိုင်သော ရင်းနှီးငွေများလည်းပါဝင်သည်။ ထို့ကြောင့် ဆုံးရှုံးမှုခံရခြင်းသည် လူအဖွဲ့ အစည်းကများ၍ ဓနရှင်ပုဂ္ဂိုလ်တစ်ဦးချင်းမှာနည်းပါးသည်။ သို့သော်လည်း ဓနရှင်သည် ထိုနေရာတွင်ရပ်မနေချေ။ ၎င်းတို့၏ အနည်းအကျဉ်းဆုံးရှုံးမှုကိုပင် လူအဖွဲ့အစည်းပခုံးပေါ် ပြောင်းတင်ခဲ့သည်။ ယင်းမှာ ဘဏ်မှာ လုပ်ဆောင်သကဲ့သို့ပင် အများစုငွေဖြင့် တည်ထောင်ထားသော အာမခံကုမ္ပဏီများပေါ်တွင် ပုံချခဲ့သည်။ အချို့သော သဘာဝဘေးအန္တရာယ်များကြောင့် ဤရိဗာစားသုံးသူများ ဆုံးရှုံးနစ်နာမှုများကြုံတွေ့လာလျှင် အာမခံကိုကြားခံအသုံးပြုကာ ဆုံးရှုံးအချို့အဝက်သာမက ဆုံးရှုံးမှုအားလုံးကိုပင်လူအဖွဲ့အစည်းတစ်ရပ်လုံး၏ ရင်းနှီးငွေများအပေါ် ပုံချခဲ့သည်။

ဆုံးရှုံးနစ်မြုပ်ခြင်းကို ကယ်တင်ပေးသည့်အတွက် အာမခံကုမ္ပဏီများသည် ဘုရားသခင်၏ အသနားတော်ဖြစ်သည်ဟု လူအများကတွေးထင်ကြသည်။ သို့သော်လည်း ၎င်းတို့သည် ရိုးသားစွာကြည့်ရှုလေ့လာ၍ တွေးတောခဲ့ပါက ဤကိစ္စရပ်တွင်လည်း အလားတူလိမ်လည်လှည့်ဖျားမှုကို စတင်တွေ့ရှိရလိမ့်မည်။အာမခံကုမ္ပဏီတို့၏ ငွေကြေးများသည် မမြင်နိုင်သော မတော်တဆဖြစ်ပေါ်မှုများတွင် အကူအညီရမည်ဟူ သောကတိဖြင့် ဖြားယောင်းသွေးဆောင်၍ လူအဖွဲ့အစည်းက ထည့်ဝင်ထားသောငွေများမဟုတ်ပါလော။ အမှန် တရားကားအဆင့်မြင့်သော ငွေရှင်များသာလျှင် ငွေကြေးအမြောက်အမြားရရှိခြင်းဟူသည့် အကျိုးအမြတ်ကို ခံစားရပါသည်။ ထိုသူများသည် အာမခံကြေးငွေဖြင့် ကားအသစ်တစ်စီးဝယ်နိုင်ရန် မိမိတို့၏ကိုယ်ပိုင်ကားကို မီးရှို့ပစ်ခြင်း၊ တိုက်ခိုက်စေခြင်းသို့မဟုတ် အခိုးခံရစေခြင်းတို့ပြုလုပ်ကြပါသည်။ ၁% ၂%ဖြစ်နိုင်ချေရှိသော ကံထူးသည့် တစ်ဦးနှစ်ဦးစသာလျှင် မတော်တဆသောဆုံးရှုံးမှုဖြင့် ငွေအချို့လက်ခံရရှိနိုင်ပါသည်။

ထို့ပြင် စျေးနှုန်းထိုးကျခြင်းမှကာကွယ်သည့် ဒိုင်းသဖွယ်ဖြစ်သော စတော့အိတ်ချိန်းဟူသည့် ဒုတိယအမျိုးအစားလုပ်ငန်းရှိပါသေးသည်။ စျေးကစားရန် အသစ်တီထွင်ထားသောနည်းသည် စျေးကစားမှုကြောင့် ဆုံးရှုံးသွားသောဆိုးကျိုးများ လူအဖွဲ့အစည်း၏ တစ်ဦးချင်းပေါ်ကျရောက်စေရန်အတွက်ဖြစ်သည်။ ထို့ကြောင့် ဆုံးရှုံးမှုအားလုံးသည် လူအဖွဲ့အစည်းတစ်ရပ်လုံးအပေါ်သို့ တဖန်လွှဲပြောင်းကျရောက်လာပါသည်။

ဤအကျဉ်းချုပ်က စာရှုသူအား ဘဏ်တို့နှင့် ၎င်းလုပ်ငန်းကို ကြီးထွားစေရန်ကူညီသည့်အရာများသည် ချို့တဲ့ခြင်း၊ ငတ်မွတ်ခြင်းနှင့် လူသားထုတစ်ခုလုံးစီးပွားရေးမလုပ်နိုင်မှုတို့ကြောင့်ဖြစ်သည်ဟူသော တွေးခေါ်မှုရစေနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ အချို့သော ချမ်းသာကြွယ်ဝသည့်ပုဂ္ဂိုလ်များသည် ဤနည်းလမ်းဖြင့် ၎င်းတို့၏ဥစ္စာဓနများ ပိုမိုတိုးပွားစေခဲ့ပါသည်။ ရလဒ်မှ ငွေပင်ငွေရင်းများကို သူတို့ချုပ်ကိုင်ထားသောကြောင့်

အသိုင်းအဝိုင်းကို ပျက်စီးဆုံးရှုံးစေခြင်းနှင့် အချို့သောပုဂ္ဂိုလ်များကို ကောင်းစားစေခြင်းတို့ဖြစ်စေပါသည်။ ယေဘုယျအားဖြင့် အစိုးရများတို့သည် ဤကြီးမားသည့် စိတ်အနှောက်အယှက်ဖြစ်စေသောလုပ်ရပ် သတိမူမိကြပါသည်။ သို့သော် အစိုးရများအသုံးပြုသောကုထုံးသည် ဓနရှင်ကြီးများထံမှ တစ်ရာ ရာခိုင်နှုန်းနီး အမြတ်ခွန်တိုးကောက်ခြင်းပင်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်း၏ရည်ရွယ်ချက်မှာ အရင်းရှင်ကြီးများထံမှ ငွေပင်ငွေရင်းများကို နိုင်ငံတော်ပိုင်ဘဏ္ဍာတိုက်ထဲသို့ ပြန်လည်ရောက်ရှိစေရန်ဖြစ်သည်။

သို့သော် လူတိုင်းသိရှိသော ထိုဥပဒေများ၏ရလဒ်မှာ စက်ရုံများနှင့် အရောင်းအဝယ်လုပ်ငန်းများသည် ပြုပြင်ထားသောစာရင်းကိုဖြစ်စေ၊ လုပ်ကြံထားသော စာရင်းများကိုဖြစ်စေ ထားရှိစပြုလာကြပါသည်။ ငွေပင်ငွေရင်းအမြောက်အများရှိသည်ကို အစိုးရများမသိရှိစေရန်ဖုံးကွယ်ရန်အတွက် ငွေကြေးများသည် တစ်ဖန် ပုဂ္ဂလိကငွေတိုက်များသို့ ရောက်သွားကြသည်။

အချုပ်ဆိုရသော် နိုင်ငံတစ်နိုင်ငံ၏ ဓနငွေကြေးများသည် အနည်းအကျဉ်းမျှသော ပုဂ္ဂလိကပိုင်ဆိုင်မှုတွင် စုပြုံရောက်နေခြင်းသည် ထိုနိုင်ငံ၏စီးပွားရေးကြံ့ခိုင်မှုကို အကြီးအကျယ်ထိခိုက်စေသည်မှာ အလွန်ရှင်းပါသည်။ ထို့ကြောင့် အမြတ်ခွန်နှုန်းများကို အဆမတန်တိုးမြှင့်ခဲ့ရပါသည်။ သို့ရာတွင် ဤလုပ်ရပ်သည် ရောဂါကုထုံးမဟုတ်ကြောင်းကို အတွေ့အကြုံများက သက်သေပြပါသည်။ ဖြစ်နိုင်သည်မှာ ရောဂါကို မှန်ကန်စွာမဖော်ထုတ်နိုင်ခဲ့ပါ။ စစ်မှန်သောအကြောင်းရင်းကိုလည်း မဖော်ထုတ်နိုင်ဘဲရှိနေခဲ့ပါသည်။ ဤကဲ့သို့သော ကုသမှုကြောင့် ပါရှင်းကဗျာတစ်ပုဒ်ကို သတိရစေပါသည်။ ယင်း'ကဗျာ'မှာ 'ရန်သူသည် အိမ်ထဲတွင်ထိုင်နေသည်ကို မစူးစမ်းဘဲနှင့် လုံခြုံမှုအတွက် အသင်တံခါးများပိတ်ခဲ့သည်' ဟူ၍ဖြစ်သည်။

အရင်းရှင်ကြီးများ၏လက်ဝယ် ငွေကြေးအမြောက်အများရှိနေရခြင်း၏ အကြောင်းရင်းမှာ အတိုးနှင့် ပတ်သက်သောလုပ်ငန်းနှင့် လူတစ်စုက တစ်နိုင်ငံလုံး၏ ဥစ္စာဓနအပေါ် မတရားအမြတ်ကြီးစားခြင်းကြောင့်ဖြစ်သည်။ အစ္စလာမ့်တရားတော်၏ သင်ကြားမှုများနှင့်အညီ ဤကိစ္စကို အဆုံးမသတ်ပေးနိုင်ခဲ့ပါလျှင်လည်းကောင်း၊ လူတိုင်းလူတိုင်းသည် မိမိ၏ကိုယ်ပိုင်ငွေကြေးဖြင့် အရောင်းအဝယ်ပြုလုပ်ခြင်းဓလေ့ကို မပျိုးထောင်နိုင်ခဲ့လျှင်လည်းကောင်း ဤရောဂါဆိုးကြီးကို ကုသ၍ရနိုင်မည်မဟုတ်ပါ။

## သံသယတစ်ခုနှင့် ၎င်းအတွက်အဖြေ

ဤတွင် မေးစရာတစ်ခုမှာ အများပြည်သူတို့၏ငွေများကို ဘဏ်များတွင်အပ်နှံထားသောအခါ လူအချို့သည် မည်မျှပင်နည်းပါးပါစေ အကျိုးအမြတ်အချို့ရရှိခဲ့ကြသည်။ ဓနရှင်ကြီးများသာ ဤစုဆောင်းငွေများမှ ပိုမိုသောအကျိုးအမြတ်ကိုထုတ်ယူနိုင်ပါလိမ့်မည်။ အကယ်၍သာ ငွေကြေးများကိုဘဏ်များသို့ အပ်နှံသည့် ဤကဲ့သို့သော စနစ်မရှိခဲ့လျှင် မည်သို့ဖြစ်မည်နည်း။ ပိုင်ရှင်တစ်ဦးတစ်ယောက်အတွက်ဖြစ်စေ၊ အခြားတစ်စုံတစ်ဦးအတွက် လောလောဆယ်သုံးစွဲနိုင်သည့် ရှေးရိုးနည်းအတိုင်း ငွေကြေးများသည် သေတ္တာကြီးများ၌ထည့်ကာ မြေအောက်၌မြှုပ်နှံထားခြင်းဖြင့် အဆုံးသတ်သွားပါလိမ့်မည်။

အထက်ပါကိစ္စရပ်၏အဖြေမှာ တစ်ဖက်တွင် အစ္စလာမ်ဘာသာက အတိုး (သို့) ရိဗာကို ဟရာမ် (တရားမဝင်)ဟု ကြေညာထားခြင်းကြောင့် လူသိများသောဓနရှင်အချို့ထံသို့ တစ်ပြည်လုံး၏ငွေကြေးများ စုပုံနေခြင်းကို တားဆီးပိတ်ပင်ပြီးသားဖြစ်သွားပါသည်။ တစ်ချိန်တည်းမှာပင် ဇကားသ် ဒါနကြေးပေးဆောင်ခြင်းကို မပြုမနေရ တာဝန်အဖြစ် ပြဋ္ဌာန်းထားခြင်းကြောင့် ငွေကြေးပိုင်ဆိုင်သောလူတိုင်းသည် ပိုလျှံသောရင်းနှီးငွေများကို ငွေသေ အဖြစ်မထားဘဲ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံစေပါသည်။ ဇကားသ် ဒါနကြေးပေးဆောင်ခြင်းတာဝန် ထပ်ခါတလဲလဲပေးဆောင်နေရသောကိစ္စဖြစ်သောကြောင့် သူသည် နှစ်စဉ်နှစ်တိုင်း သူ၏ပိုင်ဆိုင်မှုများထဲမှ အပုံလေးဆယ်ပုံတစ်ပုံပေးလျှုရပါသည်။ အကယ်၍သာ လူတစ်ဦးသည် သူ၏ပိုင်ဆိုင်သောငွေကြေးများနှင့် ရွှေများကို ရင်းနှီးမြှုပ်နှံမှုမရှိဘဲသိုလှောင်ထားပါက သူပိုင်ဆိုင်သမျှသည် ကုန်ဆုံးသွားပါလိမ့်မည်။ ထို့ကြောင့် စိတ်မှန် (မရူးသွပ်)သောလူတိုင်းတို့သည် ၎င်းတို့၏ ငွေကြေးများကို အချို့သောအကျိုးပြုလုပ်ငန်းများတွင် ထည့်ဝင်လုပ်ဆောင်ရပါမည်။ ယင်းလုပ်ငန်းများမှပေါ်ထွက်လာသော အကျိုးအမြတ်များကို မိမိခံစားနိုင်ပြီး အခြားသော သူများကိုလည်း မျှဝေခံစားနိုင်ပါသည်။ ၎င်းနောက် သူရရှိသောအမြတ်ငွေများထဲမှ ဇကားသ်ဒါနကြေးကိုလည်း ပြဋ္ဌာန်းချက်နှင့်အညီ စနစ်တကျပေးဆောင်နိုင်ပါလိမ့်မည်။

**ဇကားသ်ဒါနကြေးပေးဆောင်ခြင်းတာဝန်သည် စီးပွားရေးတိုးတက်မှုကို သေချာစေသည်။**

ဇကားသ်ဒါနကြေးပေးဆောင်ခြင်းကို စနစ်တကျပြုလုပ်ဆောင်ရွက်ခြင်း၌ ကြီးမားသော အသုံးချမှုကြီး တစ်ရပ်ရှိကြောင်း ကျွန်ုပ်တို့သိရှိရပါသည်။ ဇကား၏ရည်ရွယ်ချက်မှာ လူ့အသိုင်းအဝိုင်းရှိ ဆင်းရဲပြီးချို့တဲ့သော သူများကို ကူညီရန်ဖြစ်သည်။ အလားတူစွာ ဤမပြုမနေရတာဝန်ကြီးသည် လူအများကို စီးပွားရေးလုပ်ဆောင်မှု ပြုရန် စွဲဆောင်ရာ၌ အံ့ဘွယ်နည်းလမ်းတစ်ရပ်ဖြစ်တော့သည်။ ထို့ကြောင့် မုစ်လင်မ်များ၏စီးပွားရေးအခြေအနေသည် မြင့်မားလာပါသည်။ လူတိုင်းလူတိုင်းသည် မိမိ၏အရင်းနှီးငွေထဲမှ လေးဆယ်ပုံတစ်ပုံကို နှစ်စဉ်နှစ်တိုင်း မလွဲမသွေပေးဆောင်ရခြင်းနှင့် ငွေသေများသည် မည်သည့်အကျိုးအမြတ်မျှမရရှိကြောင်းကို သိရှိလာရသောအခါ သူသည် ငွေကြေးများကို အချို့စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးရမည်ကို စတင်တွေးတောလာမည်မှာ ရှင်းပါသည်။ သို့ရာတွင် လူသန်းပေါင်းမြောက်မြားစွာတို့၏ ငွေကြေးအင်အားဖြင့် လူတစ်ဦးကလုပ်ဆောင်သော လုပ်ငန်းပုံစံမျိုးနှင့် သူ၏လုပ်ငန်းပုံစံသည် တူညီလိမ့်မည်မဟုတ်ပါ။ လူတစ်ဦးတည်း ငွေကြေးသန်းပေါင်းမြောက်မြားစွာသုံးစွဲလုပ်ကိုင်သောစနစ်သည် အတိုးနှင့်လုပ်ကိုင်သောစနစ်ဖြစ်သည်။ ထိုစနစ်ဖြင့် လုပ်ဆောင်သော ငွေများသည် ဟရာမ်(တရားမဝင်)ဖြစ်သောကြောင့် ငွေကြေးကြွယ်ဝချမ်းသာသောလူတိုင်းသည် မိမိကိုယ်ပိုင်ငွေကြေးဖြင့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ကြပါလိမ့်မည်။ ထိုသို့ဖြစ်ခြင်းကြောင့် ဓနရှင်ကြီးများတို့သည် မိမိလုပ်ငန်းကို မိမိတို့ကိုယ်ပိုင်ငွေကြေးဖြင့်လုပ်ဆောင်ရန်မှတစ်ပါး အခြားရွေးချယ်ရန် နည်းလမ်းမရှိဖြစ်သွားပါလိမ့်မည်။ ငွေအရင်းအနှီးနည်းသောသူများသည်လည်း ကြီးမားသောလုပ်ငန်းလုပ်ဆောင်အတွက် အတိုးဖြင့်ဘဏ်မှချေးငွေများ ရယူရာတွင် ကြုံတွေ့ရမည့် အခက်အခဲများကိုလည်း ရင်ဆိုင်ရန် မလိုတော့ပါ။ ဤနည်းအားဖြင့် ပြုလုပ်သော စီးပွားရေးစနစ်မှရရှိသောအကျိုးအမြတ်များကို တစ်တိုင်းပြည်လုံး အကျိုးခံစားရပါလိမ့်မည်။ ဤသို့ ဖြစ်သွားပါက တစ်နိုင်ငံလုံးရှိ ဆင်းရဲပြီးချို့တဲ့သူများသည် ဤစနစ်၏ အကျိုးကို ခံစားရသူများမှချဖြစ်သွားကြပါလိမ့်မည်။

## အတိုး၏ နာမ်ပိုင်းဆိုင်ရာဆိုးကျိုးများ

ဤသည်အထိ ကျွန်ုပ်တို့သည် အတိုးကြောင့် စီးပွားပျက်စီးယိုယွင်းစေသည်များကို ပြောကြားခဲ့ကြပါသည်။ အတိုးနှင့်ဆက်နွယ်သော စီးပွားရေးလုပ်ငန်းတို့သည် လူသား၏ ကိုယ်ကျင့်တရားများနှင့် နာမ်ပိုင်းဆိုင်ရာ စွမ်းရည်တို့ကို အကျိုးယုတ်စေသောနည်းဖြင့် မည်ကဲ့သို့ ဆိုးကျိုးသက်ရောက်စေသည်ကိုကြည့်ကြစို့။

(၁) လူသားဆိုင်ရာ ကိုယ်ကျင့်တရားများတွင် စွန့်လွှတ်ခြင်းနှင့် ရက်ရောခြင်းတို့သည် ကြီးမားသော အရည်အသွေးများဖြစ်ကြပါသည်။ မိမိအတွက် အဆင်မပြေ ကသိကအောက်ဖြစ်လင့်ကစား အခြားသူများအား အဆင်ပြေအောင်ဆောင်ရွက်ပေးနိုင်ခြင်းသည် အံ့သြဘွယ်ရာဖြစ်သည်။ အတိုးနှင့်ဆက်နွယ်သောလုပ်ငန်းတို့သည် ဤနှုးညံ့သိမ်မွေ့သောလုပ်ရပ်ကို ပျက်စီးပျောက်ကွယ်စေပါသည်။ မစားရမနေနိုင်ဖြစ်သောအတိုးစားသူတစ်ဦးသည် မိမိလုပ်ဆောင်မှု မိမိကိုယ်ပိုင်ငွေအရင်းအနှီး၏အကူအညီဖြင့် တစ်စုံတစ်ဦးသည် သူနှင့်တန်းတူဖြစ်သွားမည်ကို မရှုစိမ့်ပါ။ ထို့ကြောင့် သူ၏အရင်းအနှီးများမှ အကျိုးအမြတ်အချို့တို့ကို အခြားသူတစ်ဦးအားပေးရန် မဆိုထားဘိ၊ ပေးရန်စဉ်းစားဖို့ကိုပင် အလှမ်းဝေးစေပါသည်။

(၂) ဆင်းရဲဒုက္ခရောက်နေသူတစ်ဦးကို ကြင်နာရမည့်အစား သူသည် ထိုဒုက္ခရောက်သူ၏ဆင်းရဲခြင်းမှ မလိုလားအပ်သော အမြတ်ထုတ်မှုပြုလုပ်ရန် အခွင့်ကောင်းစောင့်စားနေသူဖြစ်သည်။

(၃) အတိုးကိုအမြဲတမ်းစားသုံးနေခြင်းသည် ငွေရရှိရေးလောဘကို ကြီးမားစေပါသည်။ မည်မျှအထိ လောဘကြီးကာ ယစ်မူးသွားသနည်းဟူမူ အကောင်းနှင့်အဆိုးကိုလည်း ခွဲခြားနိုင်ခြင်းမရှိဘဲ သူ၏လုပ်ရပ်သည် ဝမ်းနည်းကြေကွဲဖွယ်ရာအဆုံးသတ်တော့မည်ကိုလည်း ဂရုမမူမိပါ။

## အတိုးငွေကြေးမပါဝင်ဘဲနှင့် စီးပွားရေးလုပ်ငန်းလုပ်နိုင်ပါမည်လား။

အတိုး၏သဘောသဘာဝနှင့် ယင်းကြောင့် ဤကမ္ဘာလောကနှင့် နောင်တမလွန်ဘဝတွင်ပါ ဖြစ်စေနိုင်သော ဆိုးကျိုးများကို အချို့သောအသေးစိတ်အချက်အလက်များနှင့် ဆွေးနွေးပြီးခဲ့ပါပြီ။ ယခုအခါ အတိုးပြဿနာကို အဖြေရှင်းနည်းနှင့်ပတ်သက်သော တတိယအပိုင်းသို့ရောက်ပါပြီ။ ကျွန်ုပ်တို့သည် ရိဗာအတိုးကြောင့် စီးပွားရေးဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာတို့တွင် ဆုတ်ယုတ်မှုများကို မြင်တွေ့ခဲ့ကြရပြီးကုရ်အာန်ကျမ်းတော်မြတ်နှင့်စွန္ဒသ်တော်များက ကြပ်တည်းစွာတားမြစ်ထားသည်ကိုလည်း ရှင်းလင်းစွာသိနားလည်ပြီးဖြစ်ပါသည်။ သို့ရာတွင် ပြဿနာမှာ ရိဗာသည် ခေတ်ပြိုင်လူမှုအသိုင်းအဝိုင်း၏ စီးပွားရေးလုပ်ငန်းတွင် ခိုင်မြဲသည့် ကျောက်ဆူးသဖွယ်တည်ရှိနေသည်။ ယင်းသည် ကမ္ဘာ့စီးပွားရေးစနစ်လည်ပတ်ရာဘီးသဖွယ်ဖြစ်နေပါသည်။ ယင်း၏ချုပ်ကိုင်မှုမှ ကင်းလွတ်စေရန် ကျွန်ုပ်တို့ မည်ကဲ့သို့ဆောင်ရွက်ရပါမည်နည်း။ ဘဏ်လုပ်ငန်းစနစ်ကို ဖယ်ရှားပစ်ခြင်းသည် စီးပွားရေးလုပ်ငန်းအားလုံးကို ပိတ်ပင်ပစ်ခြင်းနှင့်တူသည့်အချိန်များလည်းရှိခဲ့သည်။

ဤသည်ကိုဖြေကြားရန်အတွက် ရောဂါတစ်ခုပျံ့နှံ့သွားပြီး ကပ်ရောဂါဖြစ်သွားချိန်၌ မုချဧကန် ပြဿနာများဖြစ်ပွားလာခြင်းကို ထောက်ပြရပေမည်။ ကုသမှုတွင် ခက်ခဲမှုရှိသော်လည်း အသုံးမဝင်သည်တော့မဟုတ်ပါ။ စနစ်ကိုပြုပြင်ရန်အတွက် ကြိုးပမ်းမှုများသည် အဆုံးတွင်အောင်မြင်မှုရပါသည်။ သို့သော်ပြုပြင်ရေးလုပ်ငန်းတွင်

လိုအပ်သည်များမှာ သည်းခံခြင်း၊ စွဲမြဲစွာလုပ်ဆောင်ခြင်းနှင့် သတ္တိတို့ဖြစ်ကြသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အရှင်မြတ်ကလည်း မိန့်ကြားထားသည်မှာ -

وَمَاجَعَلَ عَلَيْكُمْ فِى الدِّيْنِ مِنْ حَرَجٍ

'အလ္လာဟ်အရှင်မြတ်သည် အသင်တို့အပေါ်၌ သာသနာရေးတွင် မည်သည့်ကြပ်တည်းခဲယဉ်းမှု တစ်စုံတစ်ရာကိုမျှပင် ပြုလုပ် တော်မမူခဲ့ချေ။' (၂၂း၇၈)

ထို့ကြောင့် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုများမရှိခြင်း၊ ပြည်တွင်းပြည်ပဆိုင်ရာကူးသန်းရောင်းဝယ်ခြင်းများကို ပိတ်ပင်ဟန့်တားမှုမရှိခြင်းနှင့် ရိဗာမှကယ်တင်ခံရခြင်း စသည်များပါဝင်သည့် ရိဗာကိုရှောင်ရှားသည့် နည်းလမ်းတစ်ခုရှိရပါမည်။

အစပြုရလျှင် ဘဏ်လုပ်ငန်းစဉ်များကို ချုပ်ကိုင်ထားသည့်မူများကို အပြင်ပန်းကကြည့်မည်ဆိုလျှင် ဘဏ်လုပ်ငန်းစနစ်သည် ရိဗာအတိုးပေါ်တွင် မှီခိုနေရသည်ဟု ယေဘုယျမှတ်ထင်ပေလိမ့်မည်။ ယင်းမပါဝင်ခဲ့လျှင် ဘဏ်များ မလည်ပတ်နိုင်ပါ။ ဤကဲ့သို့သောတွေးခေါ်မှုမျိုးသည် အတိအကျမမှန်ကန်ပါ။ ဘဏ်လုပ်ငန်းစနစ်သည် ရိဗာအတိုးမပါဝင်ဘဲနှင့်ပင်လျှင် ရှင်သန်နိုင်ပါသည်။ ယင်းသည် ပိုမိုကောင်းမွန်သော အသွင်သဏ္ဌာန်၊ အကျိုးအမြတ်ရှိခြင်း၊ အသုံးဝင်မှုတို့နှင့် ထွက်ပေါ်လာနိုင်လေသည်။ သို့သော်လည်း ထိုကဲ့သို့ဖြစ်ပေါ်လာစေရန် ဘဏ်လုပ်ငန်းနှင့်ရှရီအသ်ကို ကျွမ်းကျင်သူတစ်စုတို့သည် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများတို့ဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာမူများကို ပြန်လည်တည်ဆောက်ရန်လိုအပ်သည်။ ၎င်းတို့၏အကြံပြုချက်များ၊ ခန့်မှန်းချက်များနှင့် ဆောင်ရွက်ပါလျှင် အောင်မြင်မှုသည် အလှမ်းမဝေးပါ။ ဘဏ်လုပ်ငန်းစနစ်သည် ရှရီအသ်၏ မူနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သောနေ့သို့ရောက်ရှိခဲ့ပါလျှင် တစ်ကမ္ဘာလုံးသည် စစ်မှန်သော၊ မွန်မြတ်ကောင်းမွန်သော အရာတို့ မြင်တွေ့ရပါလိမ့်မည်။ ယင်းစနစ်ပေါ်ထွန်းသည့်အချိန်တွင် တစ်နိုင်ငံလုံးနှင့် လူ့အသိုင်းအဝိုင်းတို့အတွက် ကြီးမားသောကောင်းချီးများဖြစ်ပေါ်လာစေပါလိမ့်မည်။ 'အင်ရှာအောက်လာဟ်' သို့သော်လည်း ဤနေရာတွင် ရိဗာမပါသည့်ဘဏ်လုပ်ငန်းစနစ်အခြေခံသောဥပဒေများနှင့် မူများကို မရှင်းလင်းတော့ပါ။

ရိဗာသည် အကြောင်းပြချက်နှစ်ချက်အတွက် လောလောဆယ်တွင် 'လိုအပ်'လေသည်။ အကယ်၍ ကူးသန်းရောင်းဝယ်မှုတွင်လိုအပ်ပါက လက်ရှိဘဏ်လုပ်ငန်းဥပဒေများကိုပြုပြင်ခြင်းအားဖြင့် တာဝန်ယူနိုင်သည်။ ဒုတိယစေ့ဆော်ချက်ဖြစ်သော ဆင်းရဲသားများနှင့်ချို့တဲ့သူများသည် ရိဗာ (သို့) အတိုးနှင့် အဘယ့်ကြောင့်ပါဝင် ပတ်သက်နေရသနည်းဟူမူ ၎င်းတို့၏ မလွဲမရှောင်သာလိုအပ်ချက်များကြောင့်ဖြစ်သည်။ ဤကဲ့သို့သော အခြေအနေမျိုးအတွက် အကောင်းဆုံးသောဖြေရှင်းနည်းသည် အစွမ်းလာမ်သာသနာ၌ ဇကာသ်အနေနှင့် မပြုမနေရ လျှဒါန်းမှုအဖြစ်ရှိပြီးဖြစ်ပါသည်။ ဘာသာရေးနှင့် ဘာသာရေးပညာအရင်းအမြစ်တို့ကို ဂရုမပြုခြင်းတို့ကြောင့် ဇကာသ်လျှဒါန်းမှုစနစ်သည်ပင် အလုပ်မဖြစ်(ထိရောက်မှုမရှိ)ဖြစ်နေပါသည်။

မရေမတွက်နိုင်သော မုစ်လင်မ်များတို့သည် ဇကာသ်လျှဒါန်းမှုကို မတွေးဆမိကြချေ။ ယင်းကဲ့သို့မတွေးတောခြင်းတွင် 'ဆွလာသ်'ဝတ်ပြုခြင်းလည်းပါဝင်နေပါသည်။ ဇကာသ်(ဒါနကြေး)ပေးဆောင်သူများ အထူးသဖြင့် ငွေကြေးအမြောက်အမြားပိုင်ဆိုင်ကြသော လူကြီးလူကောင်းတို့သည် တိတိကျကျတွက်ချက်ပေးကမ်းရန်

ဂရုမပြုကြပါ။ ထို့ကြောင့် ထိုက်သင့်သော ဇကားသ်အလျှငွေများကို အပြည့်အဝမပေးကြချေ။ ၎င်းနောက် ဇကားသ်ကို အပြည့်အဝပေးသောသူများလည်းရှိပါသေးသည်။ သို့ရာတွင် သူတို့သည် ပေးကမ်းမှုကို ပေးလိုက်လျှင်ပြီးသည်ဟု သဘောထားကာ လက်လွတ်စပယ်လုပ်လိုက်ကြသည်။ အလွှာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်သည် ဇကားသ်ပေးကမ်းခြင်းကို လွယ်လွယ်ကလေး အမိန့်ပေးထားသည်မဟုတ်ပါ။ တကယ်ဆိုလျှင် ဇကားသ်ပေးကမ်းခြင်းကို စည်းကမ်းတကျပေးဆောင်ရန် အမိန့်ပေးထားသည်။ ယင်းစည်းကမ်းတကျပေးကမ်းခြင်းကို မှန်ကန်စွာလုပ်ဆောင်နိုင်ရန်အတွက် ပေးသင့်သောသူကိုသာပေးရမည်။ ယင်းသူတို့သည် ဤအခွင့်အရေးကို ရထိုက်သူများသာဖြစ်သည်။ ကျွန်ုပ်တို့သည် စဉ်းစားကြည့်ကြပါစို့။ ဇကားသ်စားထိုက်သောသူကို ဒုက္ခခံရှာဖွေကာ သူတို့လက်ဝယ်ရောက်အောင် ဇကားသ်ပေးသူမုစ်လင်မ်ဘယ်နှစ်ယောက်များရှိပါသနည်း။ မုစ်လင်မ်အုမ္မသ်ထု ငွေပင်ငွေရင်းမည်မျှပင်ချို့တဲ့ပါစေ၊ အကယ်၍များ ဇကားပေးရန်တာဝန်ရှိသူမုစ်လင်မ်များ သူတို့၏ဇကားသ်ငွေများကို ပြည့်ပြည့်ဝဝနှင့်မှန်ကန်စွာ ပေးခဲ့ပါလျှင် မည်သည့်မုစ်လင်မ်မှ အတိုးပါဝင်သောချေးငွေလုပ်ငန်းနှင့် ပတ်သက်ဆက်စပ်မှုမရှိနိုင်တော့ပါ။ မှန်ကန်သောဇကားသ်ပေးနည်းမှာ ထိုက်သင့်သူကိုဖော်ထုတ်၍ ယင်းတို့၏ကိုယ်ပိုင်ငွေများကဲ့သို့ ယင်းပုဂ္ဂိုလ်တို့၏လက်ဝယ် သေသေချာချာရောက်ရှိစေရပါမည်။ အထက်ကဖော်ပြထားသကဲ့သို့ဖြစ်ခဲ့ပါက တရားမျှတသောအစွလာမ့်အစိုးရတစ်ရပ်ပေါ်ပေါက်လာက ရှရီအသ်တရားတော်က ချမှတ်ထားသော ဥပဒေများနှင့်အညီ လုပ်ဆောင်ပါလိမ့်မည်။ ထိုအစိုးရ၏ စောင့်ရှောက်မှုဖြင့် ဗိုင်သုလ်မားလ်တည်ထောင်ပြီးဖြစ်ပါလိမ့်မည်။ ထိုဗိုင်သုလ်မားလ်တွင် မုစ်လင်မ်အားလုံးတို့၏ အမ်ဝါလီဇာဟီရာဟ် ဇကားသ်ငွေများကို အပ်နှံထားကာ ယင်းဗိုင်သုလ်မားလ်ကပင် ချို့တဲ့သူအားလုံးတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးပါလိမ့်မည်။ အခြေအနေအရ အကြီးစားချေးငွေတစ်ရပ်လိုအပ်လာပါက အတိုးမပါဘဲနှင့်ပင် ချေးငှားနိုင်ပါသည်။ အလားတူပင် အလုပ်လက်မဲ့များအား ဈေးဆိုင်ငယ်များ၊ စတိုးဆိုင်များဖွင့်ကာ အလုပ်လုပ်နိုင်ရန်အတွက် စီစဉ်ပေးခြင်းသော်လည်းကောင်း၊ ကုန်ထုတ်လုပ်ငန်းစုတွင်ပါဝင်ဆောင်ရွက်နိုင်သည်ဖြစ်စေ ဆောင်ရွက်နိုင်သည်။ အချို့ဥရောပတိုက်သား ကျွမ်းကျင်သူများမှတ်ချက်က မှန်ကန်ပါသည်။ ယင်းမှတ်ချက်မှာ အကယ်၍ မုစ်လင်မ်တို့သည် ဘာသာတရားကပြဋ္ဌာန်းထားသော ဇကားသ်လှူဒါန်းခြင်းစနစ်ကို တိတိကျကျလိုက်နာခဲ့ပါလျှင် မကြာမီအချိန်အတွင်း ၎င်းတို့လူဘောင်အဖွဲ့အစည်း၌ ဆင်းရဲသူနှင့်ဒုက္ခရောက်သူတစ်ယောက်မျှမရှိကြောင်း မြင်တွေ့ရပါလိမ့်မည်။ အတိုချုပ်အားဖြင့် အတိုးပါဝင်သောလုပ်ဆောင်မှုများသည် ယခုအခါ ကပ်ရောဂါဆိုးကဲ့သို့ ပျံ့ပွားနေသောကြောင့် အတိုးပါသော ရောင်းဝယ်မှုလုပ်ငန်းများကို စွန့်လွှတ်ခြင်းသည် စီးပွားရေးသေသည်ဟု မဆိုနိုင်ပါ။ ထို့ကြောင့် အတိုးပါဝင်သော ရောင်းဝယ်မှုလုပ်ငန်းတွင်ပါဝင်သော ခေတ်သစ်လူသည် အကူအညီမဲ့ဖြစ်နေရလေသည်။ တစ်နိုင်ငံလုံးကသော်လည်းကောင်း၊ သန္ဓိဋ္ဌာန်ချထားသော အဓိကအဖွဲ့အစည်းကသော်လည်းကောင်း အစွလာမ်အစိုးရအဖွဲ့အစည်းတစ်ရပ်ကသော်လည်းကောင်း ဤမျှော်ရည်မှန်းချက်ကို ပြီးမြောက်စေရန်အတွက် ပြည့်ပြည့်ဝဝစွဲစွဲမြဲမြဲ အာရုံမစူးစိုက်ခဲ့ပါလျှင် ထိုကဲ့သို့သော အတိုးနှင့်ပတ်သက်သည့်ရောင်းဝယ်မှုလုပ်ငန်းများကို စွန့်လွှတ်ခြင်းသည် တစ်ဦးတစ်ယောက် (သို့) အများစုအတွက် ခက်ခဲမှုရှိသည်ကို ဝန်ခံပါသည်။ သို့သော် ဤသို့သော အခြေအနေသည် ရိဗာကိုမူအားဖြင့်မှန်ကန်သည်ဟု ဆင်ခြေပေး၍မရပါ။

တင်ပြပြီးသမျှတွင် ရည်ရွယ်ချက်နှစ်ခုရှိသည်။

(၁) ဤလုပ်ငန်းကြီးကို မှန်ကန်စွာပြီးမြောက်အောင် ဆောင်ရွက်နိုင်သော မုစ်လင်မ်အဖွဲ့အစည်းများနှင့် အစိုးရများသည် အတိုး၏ စက်ဆုပ်ဖွယ်ရာကောင်းသောဆိုးကျိုးမှ မုစ်လင်မ်များကင်းဝေးစေရန် ဤဦးတည်ချက်ကို အာရုံစိုက်သင့်ပေသည်။

(၂) အနည်းဆုံးကား ဤကိစ္စနှင့်ပတ်သက်၍ ကျွန်ုပ်တို့အားလုံး အမှားနှင့်အမှန် ခွဲခြားသိသင့်ပေသည်။ ရောဂါကို ရောဂါဟု အသိအမှတ်ပြုခဲ့သည်။ အတိုးပေးခြင်း (သို့) ယူခြင်းသည် ဂုနာဟ်ဖြစ်သည်။ သို့သော်လည်းဟရာမ်ကို ဟလာလ်ဟု သတ်မှတ်ခြင်းကပို၍အပြစ်ကြီးပေသည်။ အနည်းဆုံး ဤမျှတော့ရှောင်ကြဉ်နိုင်ပေသည်။ လက်တွေ့ကျသောဂုနာဟ်အပြစ်သည် အပြင်ပန်းအားဖြင့် အကျိုးအမြတ်အချို့ရှိသည်။ အတိုးကိုဟလာလ်ဟု သက်သေပြရန်ကြိုးပမ်းချက်ဖြစ်သော ယုံကြည်မှုအီမာန်နှင့် အသိပညာကို ဆန့်ကျင်သောဒုတိယဂုနာဟ်သည် အတိုးစားခြင်း၊ ယူခြင်းထက် ပို၍အပြစ်ကြီးသည်။ ဤသည်မှာ မိုက်မဲမှုသက်သက်သာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အတိုးကို ဟရာမ်ဟုသတ်မှတ်ခြင်းတွင် ငွေကြေးဆုံးရှုံးမှုအနည်းငယ်မျှပင်မရှိချေ။ အတိုးနှင့်ပတ်သက်မှုကို ဝန်ခံ ဖြောင့်ချက်ပေးခြင်းသည်လည်း အပြစ်ဂုနာဟ်ပင်ဖြစ်သည်။ အတိုးကို ဟရာမ်ဟုသတ်မှတ်ခြင်းဖြင့် မည်သည့် စီးပွားရေးလုပ်ငန်းမျှပိတ်သွားလိမ့်မည်မဟုတ်ချေ။ သို့သော်လည်း တစ်စုံတစ်ဦးသည် အလ္လာဟ်အရှင်မြတ် ပေးသနားတော်မူသော သောင်ဖီးက်၏စွမ်းအားရရှိပြီး ဂိုနာဟ်အပြစ်များမှရှောင်ကြဉ်ရန်နည်းလမ်းများကိုလည်း စဉ်းစားတွေးတောခဲ့ပြီး သောင်ဗဟ်ဝန်ချတောင်းပန်လျှင် ၎င်း၏ဝန်ချတောင်းပန်မှုသည် အကျိုးဖြစ်ထွန်းပါလိမ့်မည်။

နိဂုံးတွင် အထက်ဖော်ပြပါ ရည်မှန်းချက်ကို ပိုမိုခိုင်မာစေရန်အတွက် စာရေးသူသည် တမန်တော်မြတ် (ﷺ)သခင်၏ ဟဒီးဆ်တော်များကိုတင်ပြထားပါသည်။ ဤဟဒီးဆ်တော်များသည် ကုရ်အာန်ကျမ်းတော်မြတ်ပါ အာယသ်၏ ရိဗာကိုပြင်းထန်စွာတားမြစ်ခြင်းနှင့် ပတ်သက်သောသူများအား ပြင်းထန်သောအပြစ်ပေးမှုများ ခံရမည့်အကြောင်းသတိပေးချက်များကို ထပ်မံထောက်ခံထားပါသည်။ ရည်ရွယ်ချက်မှာကား ဂုနာဟ်အပြစ်ကို ဂုနာဟ်အပြစ်ဟု အသိတရားဝင်ရန်နှင့် ထိုဂုနာဟ်အပြစ်မှရှောင်ကြဉ်ရန် တစ်စုံတစ်ခုလုပ်ရမည်ဟူသော သောကဝင်စေရန်ဖြစ်သည်။ ဤကဲ့သို့တင်ပြခြင်းဖြင့် အတိုးစားခြင်းယူခြင်း ဂုနာဟ်အပြစ်အပြင် အတိုးကို ဟရာမ်အဖြစ်မှ ဟလာလ်အဖြစ်ပြောင်းစေသော နောက်ထပ်ဂုနာဟ်အဖြစ် နှစ်ခုဖြစ်မလာစေရန်ဟူသော အနည်းဆုံးအကျိုးဖြစ်ထွန်းစေလိုသောအကြောင်းပင်ဖြစ်သည်။ ညအချိန် သဟ်ဂ်ျဏ်ဒ် ဆွလာသ်ဝတ်ပြုမှုနှင့် ဇိက်ရ်အလ္လာဟ်အရှင်မြတ်ကို အောက်မေ့တသသတိရနေသူများဖြစ်သည့် အလွန်ဘာသာရေးကိုင်းရှိုင်းကာ တရားတော်နှင့်အညီနေထိုင်သောမုစ်လင်မ်များသည် နံနက်ခင်းတွင် ၎င်းတို့၏ ဆိုင်ခန်းနှင့်စက်ရုံများသို့ရောက်သောအခါ အတိုးနှင့် ရောင်းဝယ်ဖောက်ကားခြင်း၊ လောင်းကစားခြင်းများတွင် နစ်မွန်း၍ ဂုနာဟ်ကျူးလွန်နေသည်တို့ကို မြင်တွေ့ရတော့မည်မဟုတ်ပါ။

**ရိဗာ(သို့)အတိုးနှင့်ပတ်သက်သည့် တမန်တော်မြတ်(ﷺ)သခင်၏ မိန့်ကြားချက်များ**

**عن النبی صلی الله علیه وسلم قال: اجتنبوا السبع المبقات، قالوا: یا رسول الله والسحر، وقتل النفس التی حرم الله إلا بلحق، وأكل الربوا، وأكل مال الیتیم والتولی یوم الزحف، وقذف المحصنات الغافلات**

﴿رواه البخاری ومسلم وابوداؤد والنسائی﴾

'ဘေးအန္တရာယ်ခုနှစ်ခုမှရှောင်ရှားကြ'လူအများက တမန်တော်မြတ်(ﷺ)သခင်အား 'ထိုဘေးအန္တရာယ်များကား မည်သည်များနည်း'ဟု မေးမြန်းကြရာ ကိုယ်တော်မြတ်က ပြန်ကြားသည်မှာ 'အလ္လာဟ်အရှင်မြတ်နှင့် ယှဉ်တွဲကိုးကွယ်ခြင်း၊ စုန်းကဝေအတတ်ကျင့်ကြံလိုက်စားခြင်း၊ အလ္လာဟ်အရှင်က မထိပါးမကျူးလွန်ရန် ကြေညာထားသည့်သူတစ်ဦးအား မတရားသဖြင့် သတ်ဖြတ်ခြင်း ရိဗာ (သို့) အတိုးစားခြင်း၊ ဖသက်ဆိုးကလေး၏ ပစ္စည်းအား မိမိကိုယ်ကျိုးသုံးစွဲခြင်း၊ စစ်မက်ဖြစ်ပွားချိန်တွင် ထွက်ပြေးတိမ်းရှောင်ခြင်း၊ အိမာန်သက်ဝင်ယုံကြည်ထားသောကအိန္ဒြေရှိအမျိုးသမီးများအကြောင်း အတင်းအဖျင်းပြောခြင်း။ (ဗုခါရီ၊ မုစ်လင်မ်၊ အဗူဒါဝူဒ်၊ နစာအီ)


لى الله وسلم رء يت الليلة رجلين أتيانى فأخر قال النبى ص
ى مقدسة فانطلقنا حتى أتينا على نهر من دم فيه جانى إلى ارض
على شط النهر رجل بين يديه حجارة فأقبل رجل قائم و
ى فى النهر فاذا أراد أن يخرج رمى الرجل الرجال الذ
ه فرده حيث كان فجعل كلماجاء ليخرج رمى بحجر فى فى
ر، فير جع كما كان، فقلت: ماهذا الذى رأيته فى فيه يحج
اكل الربا، فى النهر؟ قال ﴿رواه البخارى، هذا فى البيوع مختصرا﴾

ဤညတွင် ကျွန်ုပ်အိပ်မက်မက်သည်။ အိပ်မက်ထဲ၌ လူနှစ်ဦးသည် ကျွန်ုပ်ထံလာရောက်၍ မြင့်မြတ်သောနေရာတစ်ခုသို့ ခေါ်ဆောင်သွားခဲ့သည်။ ကျွန်ုပ်တို့လမ်းလျှောက်လာရာတွင် သွေးများစီးထွေနေသော မြစ်ကမ်းနားဘေးတွင် လူတစ်ဦး မြစ်ထဲတွင်ရပ်နေသည်ကို တွေ့ရသည်။ အခြားလူတစ်ဦးသည် ကမ်းနားတွင်ရှေ့၌ ကျောက်တုံးများရှိကာရပ်နေသည်ကို တွေ့ရသည်။ ထို့နောက် မြစ်ထဲမှသူက မြစ်ထဲမှထွက်ရန် ရှေ့တိုးလာရာတွင် မြစ်ကမ်းပါးမှလူက ယင်းသူ၏ပါးစပ်ထဲသို့ သူ့ရှေ့မှ ကျောက်ခဲဖြင့်ပစ်ရာ မြစ်ထဲမှလူ နဂိုနေရာရောက်သွားပါသည်။ ထိုကဲ့သို့မြစ်ဘေးမှလူသည် မြစ်ထဲမှလူကို တက်ရန် ကြိုးစားတိုင်း ခဲဖြင့်ပစ်ပေါက်ကာ ရှိရင်းစွဲနေရာရောက်စေပါသည်။ တမန်တော်မြတ်(ﷺ)က ထိုသူအား ကျွန်ုပ် မြင်ရသောမြင်ကွင်းသည် ဘာလဲဟုမေးမြန်းခဲ့သည်။

ထိုသူက ကျောက်ခဲနှင့်ပစ်ပေါက်ခံရသူမှာ ရိဗာအတိုးစားသူ ပင်ဖြစ်သည်'ဟု ပြန်ကြားခဲ့သည်။ (ဗုခါရီ)

**لعن رسول الله صلى الله عليه وسلم اكل الربا وموكله وكاتبه ، وشاهديه،**

**وقال: هم سواء ﴿رواه مسلم وغيره﴾**

အလ္လာဟ်အရှင်၏တမန်တော်(ﷺ)သခင်သည် အတိုးလက်ခံယူသောသူ၊ အတိုးပေးသောသူ၊ စာချုပ်စာတမ်းရေးပေးသူနှင့် သက်သေခံသူတို့ကို ကျိန်ဆဲတော်မူခဲ့သည်။ ထို့နောက် 'သူတို့အားလုံးအတူတူပင်ဖြစ်သည်' ဟု မိန့်ကြားခဲ့သည်။ (မုစ်လင်မ်)

**عن النبى صلى الله عليه وسلم قال: أربع حق على الله أن لا يدخلهم الجنة**
**ولا يذيقهم نعيمها: مدمن الخمر، واكل الربا، وأكل مال اليتيم بغير حق،**

**والعاق لوالديه ﴿رواه الحاكم﴾**

အလ္လာဟ်အရှင်မြတ်က ဂျန္နသ်သုခဘုံထဲဝင်ခြင်းနှင့် ယင်း၏ကောင်းခြင်းကိုပင် မြည်းစမ်းခွင့်မရှိသော လူတန်းစား(၄)မျိုးကို မိန့်ကြားထားခဲ့သည်။ ၎င်းတို့မှာ အရက်သေစာစွဲနေသူ၊ အတိုးစားသူ၊ ဖသက်ဆိုးများ၏ ပစ္စည်းကို မိမိကိုယ်ကျိုးသုံးစွဲသူနှင့် မိဘအမိန့်များကို မရိုသေသူတို့ဖြစ်ကြသည်။ (ဟာကင်မ်ကျမ်း)

**عن رسول الله صلى الله عليه وسلم قال: الدرهم يصيبه الرجل من الربا**
**أعظم عند الله من ثلاثة وثلثين زنية يزنيها فى الإسلام ﴿رواه الطبرانى﴾**

ရိဗာအတိုးအဖြစ် ဒိရ်ဟမ်တစ်ပြားလက်ခံသူသည် အရှင်မြတ်ထံတော်တွင် ကာမေသုမိစ္ဆာရက် (၃၃)ကြိမ်ကျူးလွန်သည်ထက်ဆိုးဝါးသည်။ (သဗ်ရာနီကျမ်း)

**عن ابن عباس رضى الله عنهما قال: نهى رسول الله صلى الله عليه وسلم**
**أن تشترى الثمرة حتى تطعم وقال: إذا ظهر الزنا والربا فى قرية**
**فقد أحلوا بأنفسهم عذاب الله ﴿رواه الحاكم﴾**

သစ်သီးဝလံများကို မစားသောက်နိုင်မီတွင် ကြိုတင်ရောင်းခြင်း (သို့) ဝယ်ခြင်းကို တမန်တော်မြတ်(ﷺ)သခင်က တားမြစ်ခဲ့ပါသည်။ ထို့နောက် မိန့်ကြားသည်မှာ ဇိနာ(ကာမေသုမိစ္ဆာရက်)နှင့် ရိဗာအတိုးစားခြင်းသည် မြို့တစ်မြို့တွင် ပျံ့နှံ့သွားခဲ့လျှင် ၎င်းသူများကိုယ်တိုင် အလ္လာဟ်အရှင်မြတ်၏ ပြစ်ဒဏ်တောင်းခံသည်နှင့်တူပေသည်။ (ဟာကင်မ်ကျမ်း)

**مامن قوم يظهر فيهم الربا إلا أخذوا بالسنة، ومامن قوم يظهر فيهم**
**الرشا الا أخذوا بالرعب ﴿رواه احمد﴾**

ရိဗာအတိုးစားခြင်း ပျံ့နှံ့နေသော လူ့အသိုင်းအဝိုင်းအား ငတ်မွတ်ခေါင်းပါးခြင်း အပြစ်ဒဏ်ခတ်ပါသည်။

ထို့နောက် လာဘ်ပေးလာဘ်ယူ ပျံ့နှံ့နေသော လူ့အသိုင်းအဝိုင်းသည်လည်း အခြားကြောက်ရွံ့ထိတ်လန့်ဖွယ်များဖြင့် အပြစ်ဒဏ်ခတ်ပါသည်။ (အဟ်မဒ်ကျမ်း)

**قال رسول الله صلى الله عليه وسلم : رأيت ليلة أسري بي لما انتهينا إلى السماء السابعة فنظرت فوقي، فإذا أنا برعد وبروق وصواعق، قال فأتيت على قوم بطونهم كالبيوت فيها الحيات ترى من خارج بطونهم، قلت: ياجبرئيل من هؤلاء ؟ قال هؤلاء أكلة الربا** ﴿رواه احمد﴾

မေအ်ရာဂျ်သို့ကြွချီသည့်ညဉ့်၌ တမန်တော်မြတ်(ﷺ)သခင်သည် မိုးကောင်းကင် (၇)ထပ်တွင် အထက်သို့ မော့ကြည့်ရာ၌ လျှပ်စီးများလက်၍ မိုးကြိုးပစ်သွားသည်များ မြင်တွေ့ခဲ့ရပါသည်။ ထို့နောက် ကိုယ်တော်သည် လူတချို့ကို ၎င်းတို့ဝမ်းဗိုက်ထဲ၌မြွေများပြည့်နှက်နေသည်ကို မြင်တွေ့ခဲ့ရပါသည်။ ကိုယ်တော်မြတ်(ﷺ)သခင်က ဂျစ်ဗရာအီလ်(عليه السلام)သခင်အား ထိုသူများသည် မည်သူများနည်းဟုမေးမြန်းရာ 'ထိုသူများသည် ရိဗာ(သို့) အတိုးစားသူများ ဖြစ်သည်'ဟု ဖြေကြားခဲ့သည်။ (အဟ်မဒ်ကျမ်း)

**وروى عن عوف بن مالك رضى الله عنه قال : قال رسول الله صلى الله عليه وسلم إياك والذنوب التى لا تغفر، الغلول، فمن غل شيئا أتى به يوم القيامة وأكل الربا** ﴿الحديث﴾

ခွင့်မလွှတ်သောအပြစ်ဂုနာဟ်များမှရှောင်ကြဉ်ပါ။ တစ်မျိုးမှာ စစ်နိုင်၍ရသောပစ္စည်းများကို အလွဲစားသုံးပြုခြင်း၊ မည်သူမဆို ယင်းစစ်နိုင်၍ရသောပစ္စည်းများကို အလွဲသုံးစားပြုလျှင် တရားစီရင်မည့်နေ့၌ စစ်ဆေးခြင်းခံရမည်။ နောက်တစ်မျိုးကား ရိဗာအတိုးစားခြင်းဖြစ်သည်။ (အလ်ဟဒီးဆ်)

**عن أنس رضى الله عنه عن النبى صلى الله عليه وسلم قال : إذا أقرض الرجل الرجل فلا يأخذ هدية** ﴿مشكوة﴾

တစ်စုံတစ်ဦးသည် အခြားသူကို ချေးငွေတစ်ရပ် ချေးငှားပါက ငွေချေးယူသူထံမှ တံစိုးလက်ဆောင်လက်ခံခြင်းမပြုရပါ။ (မစ်ရှ်ကာသ်ကျမ်း)

အချုပ်ဆိုရသော် ရိဗာအတိုး၏သဘောသဘာဝနှင့် အဓိပ္ပာယ်ဖော်ပြချက်နှင့် ယင်းကြောင့် ဤကမ္ဘာပေါ်တွင် ဖြစ်ပွားလာနိုင်သည့် ဆိုးကျိုးများကို ကုရ်အာန်ကျမ်းမြတ်၏ အာယသ်တော် (၇)ပုဒ်နှင့် တမန်တော်မြတ်(ﷺ)သခင်၏ ဟဒီးဆ်တော် (၁၀)ပုဒ်တို့ဖြင့် တင်ပြထားခဲ့ပါသည်။ ဤမျှလောက်ဆိုလျှင် တွေးတော၍ ခံစားတတ်သောမုစ်လင်မ်တစ်ဦးအတွက် လုံလောက်ပေသည်။ အတိုးအကြောင်းနှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်သော သုတေသနပြုချက်များ၊ အသေးစိတ်ဆွေးနွေးချက်များနှင့် ကျန်သောအချက်များကို စိတ်ဝင်စားလျှင် မုဖ်သီရ္ဗဖီး အူရ်ဒူဘာသာဖြင့်ရေးသားထားသော 'မဆ်အလာအိဆူဒ်'ကျမ်းစာအုပ်တွင် တွေ့နိုင်ပါသည်။

အာယသ် (၂ း ၂၈၂-၂၈၃)

يَاَيُّهَا الَّذِيْنَ اٰمَنُوْٓا اِذَا تَدَايَنْتُمْ بِدَيْنٍ اِلٰٓى اَجَلٍ مُّسَمًّى
فَاكْتُبُوْهُ ۭ وَلْيَكْتُبْ بَّيْنَكُمْ كَاتِبٌۢ بِالْعَدْلِ ۠ وَلَا يَاْبَ كَاتِبٌ اَنْ
يَّكْتُبَ كَمَا عَلَّمَهُ اللّٰهُ فَلْيَكْتُبْ ۚ وَلْيُمْلِلِ الَّذِيْ عَلَيْهِ الْحَقُّ
وَلْيَتَّقِ اللّٰهَ رَبَّهٗ وَلَا يَبْخَسْ مِنْهُ شَيْـــًٔا ۭ فَاِنْ كَانَ الَّذِيْ عَلَيْهِ
الْحَقُّ سَفِيْهًا اَوْ ضَعِيْفًا اَوْ لَا يَسْتَطِيْعُ اَنْ يُّمِلَّ هُوَ فَلْيُمْلِلْ
وَلِيُّهٗ بِالْعَدْلِ ۭ وَاسْتَشْهِدُوْا شَهِيْدَيْنِ مِنْ رِّجَالِكُمْ ۚ فَاِنْ
لَّمْ يَكُوْنَا رَجُلَيْنِ فَرَجُلٌ وَّامْرَاَتٰنِ مِمَّنْ تَرْضَوْنَ مِنَ
الشُّهَدَاۗءِ اَنْ تَضِلَّ اِحْدٰىهُمَا فَتُذَكِّرَ اِحْدٰىهُمَا الْاُخْرٰى ۭ وَ
لَا يَاْبَ الشُّهَدَاۗءُ اِذَا مَا دُعُوْا ۭ وَلَا تَسْــَٔـــُٔوْٓا اَنْ تَكْتُبُوْهُ
صَغِيْرًا اَوْ كَبِيْرًا اِلٰٓى اَجَلِهٖ ۭ ذٰلِكُمْ اَقْسَطُ عِنْدَ اللّٰهِ وَاَقْوَمُ
لِلشَّهَادَةِ وَاَدْنٰٓى اَلَّا تَرْتَابُوْٓا اِلَّآ اَنْ تَكُوْنَ تِجَارَةً حَاضِرَةً
تُدِيْرُوْنَهَا بَيْنَكُمْ فَلَيْسَ عَلَيْكُمْ جُنَاحٌ اَلَّا
تَكْتُبُوْهَا ۭ وَاَشْهِدُوْٓا اِذَا تَبَايَعْتُمْ ۠ وَلَا يُضَاۗرَّ كَاتِبٌ
وَّلَا شَهِيْدٌ ۭ وَاِنْ تَفْعَلُوْا فَاِنَّهٗ فُسُوْقٌۢ بِكُمْ ۭ وَ
اتَّقُوا اللّٰهَ ۭ وَيُعَلِّمُكُمُ اللّٰهُ ۭ وَاللّٰهُ بِكُلِّ شَيْءٍ عَلِيْمٌ ﴿۲۸۲﴾

وَإِنْ كُنْتُمْ عَلَىٰ سَفَرٍ وَلَمْ تَجِدُوا كَاتِبًا فَرِهَانٌ مَقْبُوضَةٌ ۖ فَإِنْ
أَمِنَ بَعْضُكُمْ بَعْضًا فَلْيُؤَدِّ الَّذِي اؤْتُمِنَ أَمَانَتَهُ وَلْيَتَّقِ اللَّهَ
رَبَّهُ ۗ وَلَا تَكْتُمُوا الشَّهَادَةَ ۚ وَمَنْ يَكْتُمْهَا فَإِنَّهُ آثِمٌ قَلْبُهُ ۗ وَ
اللَّهُ بِمَا تَعْمَلُونَ عَلِيمٌ ﴿٢٨٣﴾

“အို-ယုံကြည်ခြင်းသဒ္ဓါတရားထားရှိကြကုန်သော (မုစ်လင်မ်)အပေါင်းတို့၊ အသင်တို့ သည် မိမိတို့အချင်းချင်း(ကုန်စည်ရောင်းဝယ်ရာ၌) ကာလပရိစ္ဆေဒသတ်မှတ်ပိုင်းခြား ၍ အကြွေးရောင်းဝယ်ကြသောအခါ ထိုအကြွေးရောင်းဝယ်ခြင်းကိစ္စကို (စာချုပ် စာတမ်းပြုလုပ်)ရေးသားကြကုန်။ စင်စစ်အသင်တို့သည် မိမိတို့အချင်းချင်း (ယင်းကဲ့သို့ အကြွေးရောင်းဝယ်ကြသေအခါ)ရေးမှတ်သူတစ်ဦးဦးသည် (စာချုပ်စာတမ်းကို)တရား မျှတစွာ ဖြင့်ရေးသား၍ပေးရမည်။ ထိုမှတစ်ပါးတံု ရေးမှတ်သူတစ်ဦးဦးသည် မိမိအား အလွှာဟ်အရှင်မြတ်သင်ကြားပြသ၍ ပေးသနားတော်မူသည့် အတိုင်း (စာချုပ်စာတမ်း) ရေးသား၍ပေးခြင်းကို ငြင်းပယ်ခြင်းမပြုရပေ။ သို့ဖြစ်လေရာ စာရေးသူသည်လည်း ရေးသား၍ပေးရမည်။ ထိုနည်းတူစွာ (ကြွေးမြီပေးဆပ်ရန်)တာဝန်ရှိသောသူ (မြီစား) သည် (ပြောပြ)ရေးသားစေရမည်။ သို့ရာတွင် (ယင်းကဲ့သို့ ပြောပြရေးသားစေသော အချိန်အခါဝယ်) မိမိအားမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကာ ထိုတာဝန်ရှိသည့်အနက် တစ်စုံတစ်ရာကိုမျှလျော့၍ (ရေးသားစေခြင်းကို) မပြုရချေ။ တစ်ဖန်အကယ်၍ (ကြွေးမြီပေးဆပ်ရန်)တာဝန်ရှိသူကား ဉာဏ်ထိုင်းသောသူဖြစ်သော်လည်းကောင်း၊ အသက်အရွယ်အိုမင်းရင့်ရော်သူဖြစ်သော်လည်းကောင်း၊ အရွယ် မရောက်သေးသောငယ်ရွယ်သူဖြစ်သော်လည်းကောင်း၊ မစွမ်းမသန်သောသူဖြစ်သော် လည်းကောင်း၊ သို့တည်းမဟုတ် ရေးသားစေရန် မစွမ်းနိုင်သောသူဖြစ်သော်လည်း ကောင်း ထိုသူ၏အုပ်ထိန်းသူ (သို့မဟုတ် အာဏာပိုင်သောကိုယ်စားလှယ်)သည် (ထိုသူ၏ကိုယ်စား) တရားမျှတစွာဖြင့် ရေးသားစေရမည်။ ထို့ပြင်တစ်ဝ အသင်တို့သည် (ယင်းကဲ့သို့စာချုပ်ချုပ်ဆိုကြသည့်အပြင် ခိုင်လုံသည်ထက် ခိုင်လုံစေခြင်းငှာ) မိမိတို့ အနက်မှ ယောကျ်ားနှစ်ဦးကို(လည်း) သက်သေထားရှိ ကြကုန်။ တစ်ဖန် အကယ်၍

ထိုသက်သေနှစ်ဦးတို့သည် ယောကျ်ားနှစ်ဦး မဖြစ်ပါလျှင် အသင်တို့ သဘော တူညီ နှစ်သက်ကြလေသော သက်သေများ အနက်မှ ယောကျ်ားတစ်ဦးနှင့် မိန်းမနှစ်ဦးတို့ သည်ပင်လျှင် လုံလောက်ကြ ပေသည်။ အကြောင်းသော်ကား ယင်းမိန်းမနှစ်ဦးအနက်မှ တစ်ယောက်သည် မေ့လျော့ခဲ့ပါမူ ယင်းမိန်းမနှစ်ယောက် အနက် တစ်ယောက်သည် ကျန်မိန်းမ တစ်ယောက်ကို သတိရစေနိုင်ခြင်း ကြောင့်တည်း။ ထိုနည်းနှင့်နှင် သက်သေများသည်လည်း ယင်းသူတို့အား (သက်သေခံရန်အတွက်သော်လည်းကောင်း၊ သက်သေအဖြစ် ပါဝင်ရန်အတွက် သော်လည်းကောင်း) ဖိတ်ခေါ်သောအခါဝယ် မငြင်းပယ်ကြရပေ။ ထို့ပြင်တစ်ဝ အသင်တို့သည် ကြွေးမြီကိစ္စကို သေးငယ်သည်ဖြစ်စေ၊ ကြီးကျယ်သည် ဖြစ်စေ ချိန်းချက်ထားသော အချိန်ကာလအထိ ရေးသားရသည့် အတွက် မည်သည်ငွေ့ ကြကုန်လင့်။ ဤ(ကဲ့သို့ရေးသားခြင်း)ကား အလွှာဟ်အရှင်မြတ် အထံတော်၌ အသင်တို့အဖို့ရာ သာ၍တရားမျှတသောနည်းလမ်းဖြစ်၏။ (ၚင်းပြင်) သက်သေခံရန် အတွက် ပိုမို၍ခိုင်လုံသေချာသောနည်းဖြစ်၏။ (ၚင်းပြင်)အသင်တို့ ဒို့ဟသံသယ ကင်းစေခြင်းငှာ ပိုမို၍သင့်လျော်သောအချက်လည်းဖြစ်၏။ သို့ရာတွင် (အရောင်း အဝယ်ပြုလုပ်သောပစ္စည်းသည် ဧရှမှောက်တွင်)အရန်သင့်ရှိ၍ လက်ချင်း ပြောင်းလွှဲ ဖလှယ်ကြလေသေ အရောင်းအဝယ်မျိုးဖြစ်သဖြင့် (စာချုပ်စာတမ်း) ရေးသားခြင်းကို မပြုခဲ့ပါမူ အသင်တို့၌ တစ်စုံတစ်ရာမျှအပြစ်မရှိချေ။ သို့ပင်တစေ (ယင်းကဲ့သို့ ပစ္စည်းနှင့်ငွေ လက်ငင်းပေးဆပ်သော)ရောင်းဝယ်ခြင်း ပြုလုပ်သော အချိန်အခါမျိုး၌ လည်း သက်သေများထားရှိကြကုန်။ ၚင်းပြင် မည်သည့်စာရေးသူနှင့် မည်သည့် သက်သေကိုမျှ နစ်နာဆုံးရှုံးစေခြင်းကိုလည်း မပြုအပ်ပေ။ အကယ်၍သာ အသင်တို့သည် ယင်း(ဆုံးရှုံးနစ်နာစေခြင်း)ကို ပြုလုပ်ကြပါမူ ထိုပြုမူချက်ကား အသင်တို့၌ အပြစ်တစ်ရပ်ပင်ဖြစ်၏။ ထိုမှတစ်ပါး အသင်တို့သည် အလွှာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်။ အမှန်သော်ကား အလွှာဟ်အရှင်မြတ်သည် အသင်တို့အား (ယင်းကဲ့သို့ အကျိုးဖြစ်ထွန်းသောနည်းစနစ်တို့ကို မိမိကျေးဇူးတော်ဖြင့်) သင်ကြားပြသ ၍ ပေးသနားတော်မူလေသည်။ အကြောင်းသော်ကား အလွှာဟ်အရှင်မြတ်သည် အရာ ခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင် ဖြစ်တော်မူပေသတည်း။”

(၂:၂၈၂)

“တစ်ဖန် အကယ်၍ အသင်တို့သည် ခရီးသွားနေစဉ် (အကြွေးရောင်းဝယ်မှုကို ပြုလုပ် ကြရာ၌ စာချုပ်စာတမ်းရေးသားရန်အတွက်) ရေးမှတ်သူတစ်ဦးမျှပင် မရရှိခဲ့ပါမူ ထိုအခါ (မြီစားသည် မြီရှင်အား)အပေါင်အနှံ ဝတ္ထုပစ္စည်းများကို (ယုံကြည်စိတ်ချရန်အတွက်)လက်ရောက်ပေးထားရမည်။ သို့ရာတွင် အကယ်၍ အသင်တို့အနက် တစ်ဦးသည် တစ်ဦးကို ယုံကြည်စိတ်ချ(၍ ပစ္စည်းပေါင်နှံရန်

**မလိုခဲ့)ပါလျှင် ယုံကြည် စိတ်ချခြင်းခံရသော(မြီစား)သည် မိမိအားမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ် အား ကြောက်ရွံ့လေးစားလျက် ထို(ယုံကြည်စိတ်ချသောမြီရှင်)၏ ကြွေးမြီကို ပြေလည်အောင်ပေးဆပ်ရမည်။ ၎င်းပြင် အသင်တို့သည် သိမြင်သမျှတို့ကို (သက်သေမခံဘဲ) ထိန်ချန်လျှို့ဝှက်ခြင်းမပြုကြကုန်လင့်။ အမှန်သော်ကား အကြင်သူသည် ယင်းသိမြင် သမျှတို့ကို (သက်သေမခံဘဲ)ထိန်ချန်လျှို့ဝှက်ခြင်းမပြုကြကုန်လင့်။ အမှန်သော်ကား အကြင်သူသည် ယင်းသိမြင်သမျှကိုထိန်ချန်လျှို့ဝှက်အံ့။ ထိုသူ၏စိတ်နှလုံးသည် ပြစ်မှုဒုစရိုက်ကိုကျူးလွန်သောစိတ်နှလုံးဖြစ်အံ့။ စင်စစ်တစ်မူကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုလုပ်ကြသောကိစ္စအရပ်ရပ်တို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင် ဖြစ်တော်မူချေသတည်း။" (၂း၂၈၃)**

## ငွေချေးငှားမှုအပေါ် ကုရ်အာန်ကျမ်းတော်မြတ်၏ အမိန့်ပညတ်ချက်များ

ခေတ်သစ်တရားရေးဆိုင်ရာ အခေါ်အဝေါ်ဖြစ်သည့် ပဋိညာဉ်ဥပဒေနှင့် ပစ္စည်းလွှဲပြောင်းမှုဆိုင်ရာ ဥပဒေတို့၏ အရေးကြီးသည့်စည်းမျဉ်းများ အထက်ဖော်ပြပါအာယသ်တော်တွင်ပါဝင်သည်။ ထို့နောက် သက်သေခံခြင်း၏ ယေဘုယျဥပဒေသများ၏ သီးခြားစည်းမျဉ်းတစ်ရပ်ကိုလည်း ဖော်ပြထားသည်။

ဤအချိန်သည်ကား စာရေးခြင်းခေတ်စားသောအချိန်ပင်တည်း။ စကားနှင့်ပြောသည်ထက် စာရေးသားထားခြင်းက အခုအခါ နေရာယူထားပါသည်။ သို့သော်လည်း လွန်ခဲ့သော နှစ်ပေါင်းထောင့်လေးရာအလျင်က ဆိုလျှင် တစ်ကမ္ဘာလုံး၏စီးပွားရေးတစ်ခုလုံး နှုတ်အားဖြင့်သာပြောဆိုလုပ်ကိုင်ခဲ့ပါသည်။ ထိုအချိန်က စာရေးခြင်းဆိုသောစည်းမျဉ်းနှင့် စာချုပ်စာတမ်းသိမ်းဆည်းထားခြင်းဟူသည်များ မပေါ်ပေါက်သေးပါ။ ယင်းသို့ လုပ်ကိုင်ဆောင်ရွက်ခြင်း၏ အရေးပါအရာရောက်မှုကို ကုရ်အာန်ကျမ်းတော်မြတ်က ဦးစွာပထမ ညွှန်ပြမိန့်ကြားထားသည်မှာ -

اِذَا تَدَايَنْتُمْ بِدَيْنٍ اِلٰٓى اَجَلٍ مُّسَمًّى فَاكْتُبُوْهُ

'အသင်တို့သည် မိမိတို့အချင်းချင်း (ကုန်စည်ရောင်းဝယ်ရာ၌) ကာလသတ်မှတ်ပိုင်းခြား၍ အကြွေးရောင်းဝယ်ကြသောအခါ ထိုအကြွေးရောင်းဝယ်ခြင်းကိစ္စကို (စာချုပ်စာတမ်းပြုလုပ်)ရေးသားကြကုန်။'

ဤနေရာ၌ စည်းမျဉ်းစည်းကမ်းနှစ်ခုဖော်ပြထားသည်။ ၎င်းတို့မှာ -

(၁) အကြွေးစနစ်ဖြင့် အရောင်းအဝယ်ကိစ္စ သဘောတူညီပြီးနောက် စာချုပ်စာတမ်းပြုလုပ်သင့်ပါသည်။ သို့မှသာလျှင် အမှားအယွင်းဖြစ်လျှင်ဖြစ်စေ၊ ပေးဆပ်ရန် ငြင်းဆိုသောအခါဖြစ်စေ အသုံးဝင်နိုင်သည်။

(၂) အကြွေးရောင်းဝယ်ရာတွင် ပေးဆပ်မည့်ရက် သေသေချာချာသတ်မှတ်ပြီးဖြစ်ရန်လိုအပ်သည်။ ပြန်လည်ပေးဆပ်ခြင်းကို အချိန်အကန့်အသတ်မရှိ ရွှေ့ဆိုင်းခြင်းကို ခွင့်မပြုပါ။ အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့ ရွှေ့ဆိုင်း

ခြင်းသည် အငြင်းပွားနိုင်ပါသည်။ ထို့ကြောင့် မုစ်လင်မ်မမ္မသတ်ပညာရှင်များက ထိုကဲ့သို့ အချိန်သတ်မှတ်ရာတွင် မရေရာခြင်း မပြတ်သားခြင်း စိုးစဉ်းမျှမရှိစေရန် အလေးအနက်မိန့်ကြားထားသည်။ စာချုပ်တွင် နေ့လအတိအကျ ဖော်ပြရပါမည်။ ယင်းသို့ပြုလုပ်ရာတွင် ဝိုးတိုးဝါးတားမဖြစ်စေရပါ။ ပမာဆိုသော် ကောက်ရိတ်သောကာဟု မသတ်မှတ်ရ။ အဘယ့်ကြောင့်ဆိုသော် ရာသီဥတုအခြေအနေအရ ကောက်ရိတ်ခြင်းတွင် အချိန်အပြောင်းအလဲ ရှိနိုင်သည်။ ထိုစဉ်အချိန်က စာရေးခြင်း ခေတ်မစားသေးသောကြောင့် စာရေးသူများသည် သဘောတူညီချက်တွင် မပါဝင်သောကိစ္စများ ထည့်သွင်းရေးသားထားတတ်သောကြောင့် တစ်ဦးတစ်ယောက်ကိုသော်လည်းကောင်း၊ အခြားတစ်ဘက်ကိုသော်လည်းကောင်း ဆုံးရှုံးနစ်နာခြင်းကိုဖြစ်စေ၊ အကျိုးအမြတ်ဖြစ်စေခြင်းကိုဖြစ်စေ ဖြစ်နိုင်ပါသည်။ (ယခုခေတ် စာရေးခြင်းခေတ်စား လာပြီးနောက်တွင်လည်း လူအတော်များများသည် ယခင်ကနှင့်အတူတူ ပြုမူလုပ်ဆောင်တတ်ကြပါသည်။) ထို့ကြောင့် ကုရ်အာန် ကျမ်းတော်မြတ်တွင် မိန့်ကြားထားသည်မှာ -

وَلْيَكْتُب بَّيْنَكُمْ كَاتِبٌۢ بِالْعَدْلِ

'အသင်တို့သည် မိမိတို့အချင်းချင်း (ယင်းကဲ့သို့ အကြွေးရောင်းဝယ်ကြသောအခါ) ရေးမှတ်သူတစ်ဦးဦး သည် (စာချုပ်စာတမ်းကို) တရားမျှတစွာဖြင့် ရေးသား၍ပေးရမည်။'

ဦးစွာပထမ ညွှန်ကြားထားသည်မှာ ရေးမှတ်သူသည် တဖက်ဖက်ကိုသာစေရန် ဘက်မလိုက်သင့်ချေ။ ရေးမှတ်သူသည် သမာသမတ်ရှိရပါမည်။ သို့မှသာ သံသယဝင်ခြင်း တစ်စုံတစ်ဦးသောကရောက်ခြင်းမှ ကင်းဝေးနိုင်မည်။ ဒုတိယအချက်မှာရေးမှတ်သူသည် တရားမျှတစွာရေးမှတ်ရန် ညွှန်ကြားထားသည်။ အခြားသူများ၏ အကျိုးအမြတ်ဆုံးရှုံးခြင်းဖြင့် သူ့အပေါ်တွင် ထာဝရဆုံးရှုံးမှုမဖြစ်စေရပါ။ ထို့နောက် ရေးမှတ်သူသည် အလ္လာဟ်အရှင်မြတ်က ရေးမှတ်နိုင်စွမ်း ပေးသနားထားသောကြောင့် ရေးသားနိုင်ခြင်းဖြစ်သည်ဟု သတိမူစေ၍ ယင်းပေးသနားမှုကိုကျေးဇူးတင်ကြောင်းပြသည့်အနေဖြင့် ရေးမှတ်စေခိုင်းခြင်းကို မငြင်းဆန်ရပါ။

စာချုပ်စာတမ်းရေးသားရာတွင် မည်သူဦးဆောင်ရမည်ကို အောက်ပါအတိုင်း မိန့်ကြားထားသည်။

وَلْيُمْلِلِ الَّذِىْ عَلَيْهِ الْحَقُّ

'ထိုနည်းတူစွာ (ကြွေးမြီပေးဆပ်ရန်)တာဝန်ရှိသောသူ (မြီစား)သည် (ပြောပြ)ရေးသားစေရမည်။'

ပမာဆိုသော် လူတစ်ဦးသည် အကြွေးဖြင့်ဝယ်ယူပါက စာချုပ်စာတမ်းတွင် ထည့်သွင်းရေးသားရန်အတွက် သူသာလျှင် ဦးဆောင်ရပါမည်။ အဘယ့်ကြောင့်ဆိုသော် ဤစာချုပ်စာတမ်းသည် သူ၏အကျိုးအတွက်ပင် ဖြစ်သည်။ ရေးသားသောစာချုပ်စာတမ်းတွင် လျော့ခြင်း၊ တိုးခြင်းတို့မှ ဖြစ်နိုင်ချေနည်းနိုင်သမျှနည်းစေရန်အတွက် ကုရ်အာန်ကျမ်းတော်မြတ်က မိန့်ကြားထားသည်မှာ -

وَلْيَتَّقِ اللّٰهَ رَبَّهٗ وَلَا يَبْخَسْ مِنْهُ شَيْـًٔا

သို့ရာတွင် (ယင်းကဲ့သို့ပြောပြရေးသားစေသောအချိန်အခါဝယ်) မိမိအားမွေးမြူတော်မူသော အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကာ ထိုတာဝန်ရှိသည့်အနက် တစ်စုံတစ်ရာကိုမျှ လျော့၍(ရေးသားခြင်းကို)မပြုရချေ။

တစ်ခါတစ်ရံ ကြွေးတင်နေသောသူသည် ကတိမတည်ချင်၊ စိတ်မတည်ချင်ဖြစ်သော်လည်းကောင်း၊ အသက်

အရွယ်အလွန်ကြီးရင့်ပြီး ခေတ်မမီခြင်းသော်လည်းကောင်း၊ အသက်ငယ်ရွယ်ပြီး အုပ်ထိန်းမှုမှ မလွတ်ကင်းခြင်းသော်လည်းကောင်း၊ ဆွံ့အနေသော်လည်းကောင်း ကြွေးတင်သောသူသည် ရေးမှတ်သူနားမလည်သည့် ဘာသာစကားပြောကြားသူသော်လည်းကောင်း တွေ့တတ်ကြပါသည်။ ထိုကဲ့သို့သောသူများတို့သည် စာချုပ်စာတမ်းရေးသားရန်ပြောကြားမပေးနိုင်သောကြောင့် ကုရ်အာန်ကျမ်းတော်မြတ်တွင်လာရှိသည်မှာ ဤကဲ့သို့သော အခြေအနေမျိုးတွင် ထိုသူများ၏ဝလီ သို့မဟုတ် အုပ်ထိန်းသူသည် စာချုပ်ရေးသားနိုင်ရန်အတွက် ပြောကြားပေးသင့်သည်။ စိတ်မမှန်သောသူနှင့် အသက်မပြည့်သေးသောသူတို့အတွက် အုပ်ထိန်းသူတစ်ယောက်လိုသည်ဆိုသည်မှာ ထင်ရှားပါသည်။ ထိုသူများ၏ကိစ္စအရပ်ရပ်ကို အုပ်ထိန်းသူက ကိုင်တွယ်လုပ်ဆောင်ရပါသည်။ ဆွံ့အနားမကြားသူသို့မဟုတ် ရေးမှတ်သူနားမလည်နိုင်သော ဘာသာစကားပြောကြားသူတို့၏ အုပ်ထိန်းသူကလည်း ဤကဲ့သို့ ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။ ၎င်းပြင် အုပ်ထိန်းသူက တစ်စုံတစ်ဦးအား သူ၏ကိုယ်စားလှယ်အဖြစ် လွှဲအပ်ကာ ပြုလုပ်ဆောင်ရွက်ပါလျှင်လည်းဖြစ်နိုင်ပါသည်။ ကုရ်အာန်ကျမ်းတော်မြတ်ပါ'ဝလီ'ဟူသောစကားလုံး၏ အဓိပ္ပာယ်သည် အုပ်ထိန်းသူဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ နှစ်ခုစလုံးအတွက် အသုံးပြု၍ရပါသည်။

## သက်သေခံခြင်းဆိုင်ရာဥပဒေများ

ယခုအချိန်ထိ ရောင်းဝယ်ရေးလုပ်ငန်းအတွက် စာချုပ်စာတမ်းများရေးသားခြင်း၊ အချက်အလက်များပြောကြားခြင်းတို့အကြောင်းသာဖြစ်ပါသည်။ နောက်ပိုင်းတွင် အကျယ်ချဲ့လာကာ စာချုပ်စာတမ်းများရေးသားပြီးရုံမျှဖြင့် လုံလောက်ပြီဟု မယူဆသင့်ကြောင်း မိန့်ကြားလာပါသည်။ ထိုစာချုပ်စာတမ်းတွင် သက်သေများလည်းပါသင့်ပါသည်။ သို့မှသာ အငြင်းပွားမှုဖြစ်ပေါ်လာပါက ရုံးတွင်သက်သေများ၏ ထွက်ဆိုချက်ဖြင့် ဖြေရှင်းနိုင်သည်။ ထို့ကြောင့် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက မိန့်ကြားသည်မှာ အစ္စလာမ့်ရှရီအသ်၏အမြင်တွင် စာချုပ်စာတမ်းရေးသားရုံသက်သက်သည် ငြင်းချက်ထုတ်၍မရသော အပြီးအပြတ် သက်သေပြချက်မဟုတ်ပါ။ အစ္စလာမ့်ရှရီအသ်တရားတော်နှင့်အညီ သက်သေများ၏ထွက်ဆိုချက်မပါဘဲနှင့် စာချုပ်တစ်ခုတည်းပေါ်မူတည်၍ အဆုံးအဖြတ်ပေး၍မရပေ။ ယနေ့ခေတ်တွင်လည်းရုံးများတွင် ဤလုပ်ထုံးလုပ်နည်းကိုပင် လိုက်နာကြပါသည်။ စာချုပ်စာတမ်းကိုသက်သေပြရန်အတွက် သက်သေများ၏နှုတ်ဖြင့်ထွက်ဆိုချက်မပါပါက ရုံးတွင်အနိုင်အရှုံးအဆုံးအဖြတ်မပြုပါ။

## သက်သေများ၏အရေအတွက်

သက်သေခံခြင်းဆိုင်ရာအရေးကြီးသည့်ဥပဒေများ -

(၁) အစ္စလာမ့်သက်သေခံခြင်းဆိုင်ရာဥပဒေအရ သက်သေသည် အမျိုးသားနှစ်ဦးသော်လည်းကောင်း၊ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးသော်လည်းကောင်း ဖြစ်ရပါမည်။ သာမန်စာချုပ်စာတမ်းများတွင် အမျိုးသားတစ်ဦးတည်းသော်လည်းကောင်း၊ အမျိုးသမီးနှစ်ဦးသော်လည်းကောင်း သက်သေရှိရုံဖြင့် မလုံလောက်ပါ။

**သက်သေများ၏ အရည်အချင်းများ**

(၂) သက်သေများသည် မုစ်လင်မ်များဖြစ်ရပါမည်။ ကုရ်အာန်ကျမ်းတော်မြတ်အသုံးအနှုန်း مِنْ رِّجَالِكُمْ 'မိမိတို့၏ယောကျ်ားများအနက်မှ'သည် ဤကဲ့သို့ပြုလုပ်ရန်ညွှန်ကြားပါသည်။

(၃) သက်သေများသည် ယုံကြည်စိတ်ချရပြီး တရားမျှတသည့်သူများလည်းဖြစ်ရပါမည်။ သို့မှသာ ယင်းတို့၏ ထွက်ဆိုချက်ကို အားကိုးအားထားပြုနိုင်ပါလိမ့်မည်။ ၎င်းသူတို့သည် အပြစ်ဂုနာဟ်ကျူးလွန်သူများနှင့် လူလိမ်လူညာများမဖြစ်စေရပါ။ ဤအမိန့်ပညတ်ချက်မှာ အောက်ပါအတိုင်းပါရှိပါသည်။

مِمَّنْ تَرْضَوْنَ مِنَ الشُّهَدَاءِ

'အသင်တို့သဘောတူညီ နှစ်သက်ကြသောသက်သေများအနက်မှ'

**သက်သေခံခြင်းအလုပ်ကိုလုပ်ရန်ငြင်းဆိုခြင်းသည် ဂုနာဟ်အပြစ်ဖြစ်သည်။**

ထို့နောက် လိုအပ်လာပါက သက်သေအဖြစ်ဆောင်ရွက်ခြင်းကို မငြင်းဆိုသင့်ကြောင်း ကျမ်းတော်မြတ် ကုရ်အာန်က လူအများအား ညွှန်ကြားထားပါသည်။ သက်သေခံခြင်းသည် အမှန်တရားကိုဖော်ထုတ်သည့် နည်းလမ်းနှင့် အငြင်းပွားမှုများကို ဖြေရှင်းသောနည်းလမ်းဖြစ်သည်။ သက်သေခံခြင်းတွင် ဒုက္ခရောက်ခဲ့ပါလျှင်လည်း ယင်းကို အမျိုးသားရေးတာဝန်တစ်ရပ်ဟု မှတ်ယူကာ သည်းခံသင့်ပါသည်။ ထို့နောက် လုပ်ငန်းဆိုင်ရာ မှတ်တမ်းမှတ်ရာများကို ရေးမှတ်ထားရမည့်အကြောင်း အလေးအနက်ပြုထားပါသည်။ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ သဘောတူညီချက်တစ်ရပ်ကို မလွဲမသွေရေးထားရမည်ဟု ကျမ်းတော်မြတ်က အောက်ပါအတိုင်းမိန့်ကြားထားသည်။ 'ထို့ပြင်တစ်ဝ အသင်တို့သည် ကြွေးမြီကိစ္စကို သေးငယ်သည်ဖြစ်စေ၊ ကြီးကျယ်သည်ဖြစ်စေ၊ ချိန်းချက်ထားသောအချိန်ကာလအထိ ရေးသားရသည့်အတွက် မငြီးငွေ့ကြကုန်လင့်။' အကယ်၍အကြွေးစနစ်မပါသော လက်ငင်းငွေချေစနစ်ဖြင့် ရောင်းဝယ်ဖောက်ကားမှု၌ ရေးမှတ်ရန် မလိုပါ။ သို့သော် ကြိုတင်ကာကွယ်သည့်အနေဖြင့် ရောင်းဝယ်ခြင်းသဘောတူညီချက်ကို အတည်ပြုရန် သက်သေ နှစ်ယောက်ရှိသင့်လေသည်။ အကယ်၍ ရောင်းသူဝယ်သူအကြား အငြင်းပွားမှုဖြစ်ခဲ့ပါက ဖြေရှင်းနိုင်ပါသည်။ ပမာဆိုသော် ရောင်းချသူသည် ငွေမရှိပါဟုပြောနိုင်သကဲ့သို့ ဝယ်ယူသူကလည်း ကုန်ပစ္စည်းမရသေးဟု ပြောနိုင်ပါသည်။ ဤကဲ့သို့သော အငြင်းပွားမှုမျိုး အဆုံးအဖြတ်ပေးရာ၌ သက်သေတို့၏ထွက်ချက်သည် အလွန်အရေးပါ လေသည်။

**သက်သေများထိခိုက်ဆုံးရှုံးမှုမရှိစေနှင့်။**

အာယသ်တော်စဉ်က ရေးမှတ်သူများသည် ရေးသားရန်ဖြစ်စေ၊ သဘောတူညီမှုများကို သက်သေခံရန်ဖြစ်စေ မငြင်းဆန်ရဟု ညွှန်ကြားထားသည်။ ဤသို့ဆိုခြင်းမှာ လူအများသည် ၎င်းရေးမှတ်သူများအား လိုသည်ထက်ပို၍ ဒုက္ခပေးနိုင်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် အာယသ်တော်အဆုံးတွင် မိန့်ကြားထားသည်မှာ

وَلَا يُضَارَّ كَاتِبٌ وَّلَا شَهِيدٌ

'ငင်းပြင် မည်သည့်စာရေးသူနှင့် မည်သည့်သက်သေကိုမျှ နစ်နာဆုံးရှုံးစေခြင်းကိုလည်း မပြုအပ်ပေ။'

ဆိုလိုသည်မှာ မိမိ၏ရပိုင်ခွင့်နှင့် အကျိုးအမြတ်များကိုကာကွယ်ရန်အတွက် အခြားသူတစ်ဦး၏ ရပိုင်ခွင့်နှင့် အကျိုးအမြတ်များကို နှောင့်ယှက်ဖျက်ဆီးခြင်းမပြုသင့်ပါ။ ထို့နောက် ဆက်လက်မိန့်ကြားသည်မှာ -

وَإِنْ تَفْعَلُوا فَإِنَّهُ فُسُوقٌ بِكُمْ

'အကယ်၍သာ အသင်တို့သည် ယင်း(ဆုံးရှုံးနစ်နာစေခြင်း)ကို ပြုလုပ်ကြပါမူ ထိုပြုမူချက်က အသင်တို့၌ အပြစ်တစ်ရပ်ပင်ဖြစ်။'

ဤသည်က ရေးသားသူကိုလည်းကောင်း၊ သက်သေကိုသော်လည်းကောင်း၊ ထိခိုက်နစ်နာစေခြင်းကို တားမြစ်ခဲ့ကြောင်း ကျွန်ုပ်တို့အားမိန့်ကြားထားသည်။ ဤအကြောင်းကြောင့် မုစ်လင်မ်ဓမ္မသတ်ပညာရှင်များက မိန့်ကြားသည်မှာ ရေးမှတ်သူသည် ရေးမှတ်စဉ်အတွင်း သူ၏အခကြေးငွေကိစ္စကိုလည်းကောင်း၊ သက်သေတစ်ဦးသည် သက်သေလိုက်ခတောင်းဆိုခြင်းတို့သည်လည်းကောင်း ယင်းတို့၏ရပိုင်ခွင့်ဖြစ်သောကြောင့် ခံစားပိုင်ခွင့်ရှိသည်။ ၎င်းတို့၏ရပိုင်ခွင့်မပေးခြင်းသည် ယင်းသူတို့အား နစ်နာစေခြင်းတွင် အကျုံးဝင်၍ ယင်းတို့အား မပေးခြင်း ခွင့်မပြုချေ။ အစ္စလာမ်သည် မိမိ၏တရားစီရင်ရေးစနစ်အောက်တွင် သက်သေများအား ရုံးတွင်လာရောက် သက်သေခံရန် တိုက်တွန်းထားသည်။ ထို့နောက် သက်သေထွက်ရာတွင် ထိန်ချန်ခြင်းသည်လည်း ကြီးမားသော အပြစ်တစ်ခုအဖြစ် သတ်မှတ်ထားသည်။ သို့သော်လည်း တစ်ချိန်တည်းတွင် အခြားတစ်ဖက်ကိုလည်း တာဝန်ယူထားသော ကျမ်းကျိန်ထွက်ဆိုခြင်းမှရှောင်မနေရန်ပြုလုပ်ထားသည်။ နှစ်ဦးနှစ်ဘက် ကြိုတင်ကာကွယ်မှုအစီအမံကြောင့် အမှုတိုင်းတွင် ဖြောင့်မတ်မှန်ကန်၍ ကိုယ်ကျိုးမရှာသော သက်သေများရရှိနိုင်ပါသည်။ ၎င်းပြင် တရားဥပဒေ အတိုင်း အမှုများကို မြန်မြန်ဆန်ဆန် စစ်ဆေးဆုံးဖြတ်ခဲ့နိုင်ပါသည်။ ခေတ်သစ်ကမ္ဘာသည် ဤကုရ်အာန် ကျမ်းတော်မြတ်၏မူကို ရှောင်ကွင်းခဲ့သောကြောင့် တရားစီရင်ရေးစနစ်တစ်ခုလုံး အစိတ်စိတ်အမွှာမွှာဖြစ်ခဲ့ရပါသည်။ အမှုများအတွက် စစ်မှန်သောသက်သေများမရှိသလောက် ရှားပါးပျောက်ကွယ်သွားပါသည်။ လူတိုင်းသည် သက်သေအဖြစ်မှ ရှောင်ရှားကြသည်။ အကြောင်းကားရိုးရှင်းပါသည်။ သက်သေအဖြစ် သတ်မှတ်ခံရခြင်းသည် ဒုက္ခတစ်ခုပင်ဖြစ်သည်။ အကယ်၍ ပြစ်မှုတစ်ရပ်ဖြစ်၍ ရဲနှင့်ပတ်သက်ပါက စခန်းမှူးသည် သက်သေအား နေ့တိုင်းအချိန်မရွေး ဆင့်ခေါ်ခြင်းခံရမည်။ အကြိမ်များစွာရဲစခန်းတွင် နာရီတော်တော်များများ ထိုင်ခိုင်းပါလိမ့် မည်။ တရားမရုံးများတွင်ပင်လျှင် သက်သေအား ရာဇဝတ်ကောင်တစ်ဦးအလား ဆက်ဆံကြပါသည်။ အမှုချိန်းများကိုလည်း အတောမသတ်ပြုလုပ်ကြသည်။ ရက်ချိန်းများခဏာခဏာပေး၍ သနားစရာသက်သေသည် သူ၏ လုပ်ငန်းဆောင်တာနှင့် အလုပ်အကိုင်များနှင့် လိုအပ်ချက်များ စွန့်ကာလာရပါသည်။ အကယ်၍ သူက ရုံးချိန်း ပျက်ကွက်ခဲ့လျှင် ဖမ်းဝရန်းကိုလည်းကြောက်ရပါသည်။ ထို့ကြောင့် မိမိ၏အသက်မွေးဝမ်းကျောင်းမှုအတွက် ရှာဖွေနေသောလူကောင်းတစ်ဦးသည် ရုံးတော်၌အတင်းအကြပ် သက်သေထွက်ဆိုရန်စေခိုင်းခံခဲ့ပါလျှင် မိမိ ဘာမျှမလုပ်ဘဲ အပြစ်ပေးခံရသည်နှင့်တူပေသည်။ ထို့ကြောင့် သူသည် သက်သေခံခြင်း၊ တတ်နိုင်သမျှ ရှောင်ရှားရန်မှအပ ရွေးချယ်ရန်မရှိတော့ချေ။ ကြေးစားသက်သေများသာလျှင် ရနိုင်ပြီး ၎င်းတို့သည် အမှားနှင့် အမှန် မခွဲခြားတတ်ကြချေ။ ကုရ်အာန်ကျမ်းတော်မြတ်က အခြေခံအချက်များကို အလေးအနက်တင်ပြပြီးနောက် ဤတာဝန်မဲ့မှုများကို ဖယ်ရှားရေး အထောက်အကူဖြစ်စေရန်အတွက်

အာယသ်တော်အဆုံးတွင် မိန့်ကြားထားသည်မှာ -

وَاتَّقُوا اللَّهَ ۖ وَيُعَلِّمُكُمُ اللَّهُ ۗ وَاللَّهُ بِكُلِّ شَيْءٍ عَلِيمٌ

'ထိုမှတစ်ပါး အသင်တို့သည် အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ကြကုန်။ အမှန်သော်ကား အလ္လာဟ် အရှင်မြတ်သည် သင်တို့အား(ယင်းကဲ့သို့ အကျိုးဖြစ်ထွန်းစေသောနည်းစနစ်တို့ကို မိမိကျေးဇူးတော်ဖြင့်) သင်ကြားပြသ၍ ပေးသနားတော်မူလေသည်။ အကြောင်းသော်ကား အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့သိရှိတော်မူသောအရှင်ဖြစ်တော်မူပေသတည်း။'

ဤအာယသ်တော်ထဲတွင် အမိန့်ပညတ်တော်ပေါင်းများစွာပါဝင်ကြောင်း သတိပြုမိခဲ့ပါလိမ့်မည်။ မုစ်လင်မ် ဓမ္မသတ်ပညာရှင်အချို့သည် ဤအာယသ်တော်ထဲမှ အရေးကြီးသည့် ဓမ္မသတ်ဆိုင်ရာဥပဒေပေါင်း နှစ်ဆယ် ထုတ်နှုတ်ခဲ့ပါသည်။ ကျွန်ုပ်တို့သည် ကုရ်အာန်ကျမ်းတော်မြတ်၏ အဖန်တလဲလဲသုံးထားသောဟန်ပန်ကို စိတ်တွင်စွဲမှတ်ထားရမည်။ ယင်းကား ထူးခြားသည့်ဥပဒေတစ်ခုမထုတ်ပြန်မီနှင့် ထုတ်ပြန်ပြီးနောက်တွင် ပါဝင်လေ့ရှိသော အလ္လာဟ်အရှင်မြတ်ကို ကြောက်ရွံ့ရန်နှင့် အစားပေးမည့်နေ့ကို ကြောက်ရွံ့ရန်ဟူသည်တို့သည် ကျွန်ုပ်တို့ အတွင်းစိတ်က အလ္လာဟ်အရှင်မြတ်အမိန့်ပညတ်ချက်ကို လိုက်နာစေရန်ဖန်တီးပေးသည်။ ဤနည်းလမ်းနှင့်အညီ အာယသ်တော်သည်လည်း အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့ရန်နှင့် အရှင်မြတ်ထံတွင် ဘာမျှဖုံးကွယ်ထား၍ မရကြောင်း သတိရစေရန်တိုက်တွန်းချက်ဖြင့် နိဂုံးချုပ်ထားသည်။ အကယ်၍ သင်သည် မည်သည့်အကြောင်းကြောင့်ဖြစ်စေ ခွင့်မပြုသည့်အရာတစ်ခုကို ဆန့်ကျင်ရန်ကြိုးစားခဲ့ပါမူ သင်သည် အလ္လာဟ်အရှင်မြတ်ကို လိမ်ညာ၍ရမည်မဟုတ်ချေ။

ဒုတိယအာယသ်တော်သည် အောက်ပါအကြောင်းနှစ်ရပ်ကို ဖော်ပြထားသည်။

(၁) အကြွေးစနစ်ဖြင့် ရောင်းဝယ်ရာတွင် တစ်စုံတစ်ဦးသည် မိမိအကြွေးအား ယုံကြည်စိတ်ချစေရန် အပေါင်ထားခြင်းကို ခွင့်ပြုသည်။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏စကားလုံးဖြစ်သော **مَقْبُوضَةٌ** 'လက်ရောက်ပေးသော'ဆိုသည့်စကားလုံးကညွှန်းသည်မှာ အပေါင်ခံသူသည် ထိုပေါင်နှံထားသောပစ္စည်းမှ အကျိုးအမြတ်တွက်စေရန်ပြုလုပ်ခွင့်မရှိပါ။ အပေါင်ခံသောသူသည် ပေါင်နှံသူကြွေးကျေသည်အထိ သိမ်းဆည်းထားခွင့်ရှိသည်။ အပေါင်ခံပစ္စည်းမှ အကျိုးအမြတ် မည်သည်ထွက်လာပါစေ မူလပိုင်ဆိုင်သူသာလျှင် ပိုင်ဆိုင်ခွင့်ရှိသည်။

(၂) ဒုတိယမိန့်ထားသည်မှာ အချင်းဖြစ်ကိစ္စတွင် အခြေအနေမှန်သိသူသည် သက်သေထွက်ချက်တွင် ထိမ်ချန်မထားသင့်ပါ။ အကယ်၍ ထိမ်ချန်ထားလျှင် ၎င်း၏နှလုံးသားသည် ပြစ်မှုကျူးလွန်သူတစ်ဦးဖြစ်သွားမည်။ နှလုံးသားသည် ဂုနာဟ်ပြစ်မှုကျူးလွန်သူအဖြစ် ဖော်ထုတ်ထားသည်မှာ တစ်စုံတစ်ဦးသည် အမှန်မပြောမိသောသူ၏ နှုတ်လျှာကြောင့် အပြစ်ကျူးလွန်မိသည်ဟု ထင်မှတ်ပါလိမ့်မည်။ သို့သော်လည်း သူပြုလုပ်သည်ကို မပြုမိလျှင် နှလုံးသားမှ အလျင်စဉ်းစားဆုံးဖြတ်ပြီးမှ ပြုလုပ်ခဲ့သောကြောင့် နှလုံးသားအပြစ်သည် ဦးစွာ ဖော်ပြရခြင်းဖြစ်သည်။

V V V V V V V

**အာယသ် (၂း ၂၈၄)**

لِلّٰهِ مَا فِي السَّمٰوٰتِ وَمَا فِي الْأَرْضِ ۗ
وَإِنْ تُبْدُوا مَا فِي أَنْفُسِكُمْ أَوْ تُخْفُوهُ يُحَاسِبْكُمْ بِهِ
اللّٰهُ ۖ فَيَغْفِرُ لِمَنْ يَشَاءُ وَيُعَذِّبُ مَنْ يَشَاءُ ۗ وَاللّٰهُ عَلٰى كُلِّ
شَيْءٍ قَدِيرٌ ﴿٢٨٤﴾

**"မိုးကောင်းကင်များနှင့် ပထဝီမြေပြင်ဝယ်ရှိသော (သက်ရှိသက်မဲ့) အရာဝတ္ထုအလုံးစုံ တို့သည် အလ္လာဟ်အရှင်မြတ်သာလျှင် ပိုင်ဆိုင်တော်မူသော အရာဝတ္ထုများပင်တည်း။ ထို့ပြင်တစ်ဝ အသင်တို့သည် မိမိတို့စိတ်တွင်းဝယ်ရှိလေသော အကြောင်းအရာများကို ထင်ရှားစွာပြုလုပ်ပြောဆိုကြသည်ဖြစ်စေ၊ ထိန်ချန်လျှို့ဝှက်ထားကြသည်ဖြစ်စေ အလ္လာဟ်အရှင်မြတ်သည် ယင်းအကြောင်းအရာများကို အသင်တို့အား စစ်ဆေး မေးမြန်းတော်မူအံ့။ ထို့နောက် ထိုအလ္လာဟ်အရှင်မြတ်သည် မိမိနှစ်လိုတော်မူသော သူတို့အား (အပြစ်များမှ) လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူ၍ မိမိအလိုရှိတော် မူသောသူတို့ကို အပြစ်ဒဏ်ပေးတော်မူအံ့။ အမှန်စင်စစ်သော်ကား အလ္လာဟ်အရှင် မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသောအရှင်ဖြစ်တော်မူလေသတည်း။" (၂း၂၈၄)**

## အကျယ်ဖွင့်ဆိုခြင်း

အစောပိုင်းအာယသ်တော်တွင် သက်သေခံရာ၌ အမှန်အတိုင်းအစစ်ခံရန်နှင့် ထိမ်ချိန်မှုကို တားမြစ်သည့် အမိန့်ပညတ်အကြောင်း ဖော်ပြထားခဲ့သည်။ ဤအာယသ်တော်သည်လည်းထိုအကြောင်းအရာကိုပင် ပြည့်စုံအောင် ဖြည့်စွက်ထားသည်။ အာယသ်တော်ထဲ၌ သက်သေခံရာတွင် ထိမ်ချန်ခြင်းသည် ဟရာမ်(တရားမဝင်ကြောင်း) ဖြစ်ကြောင်းသတိပေးထားသည်။ 'အကယ်၍ အကြောင်းရာတစ်ခုအကြောင်း သိလျက်ထိန်ချန်ခဲ့လျှင် အသင့်ကို မွေးမြူဖန်ဆင်းတော်မူသောအရှင်မြတ်သည် အားလုံးသိရှိ၍ သတိမူသောအရှင်ဖြစ်သည့်အားလျော်စွာ သင့်အား စစ်ဆေးမေးမြန်းတော်မူမည်ဖြစ်သည်။ အာယသ်တော်၏ ယင်းသို့အဓိပ္ပာယ်ဖွင့်ဆိုထားမှုအား စိုက်ယိဒိနာ အိဗ်နိ အဗ္ဗာစ် အစ်ကရမဟ်၊ ရှာအ်ဗီနှင့် မုဂျာဟစ်ဒ် (**رضى الله عنهم اجمعين**) သခင်များမှ ဆင့်ပြန်ထားခဲ့ပါသည်။ (ကုရ်တုဗီ)

စကားလုံးများ၏ ယေဘုယျအဓိပ္ပာယ်အရဆိုလျှင် အီမာန်၏အားလုံးသော အကြောင်းအရာများ၊ ခဝတ် ကိုးကွယ်မှုဆိုင်ရာနည်းလမ်းများနှင့် အချင်းချင်းဆက်ဆံရေး (အိအ်သိကာဖ်၊ အီဗာဒသ်နှင့် မုအာမလာတ်) စသည်တို့အားလုံးနှင့်သက်ဆိုင်သည်။ ဤအာယသ်တော်နှင့်ပတ်သက်၍ အထက်ပါအတိုင်း အတိအကျကို စိုက်ယိဒိနာ အဗ်ဒုလ္လာဟ် အိဗ်နိ အဗ္ဗား၏(ﷺ)၏ လူသိများသော အကျယ်ဖွင့်ဆိုချက်တွင် မိန့်ကြားထားသည်။

အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းခံများအားလုံးတို့ ၎င်းတို့လုပ်ရပ်များအပေါ်၌ စစ်ဆေးမေးမြန်းတော် မူမည်ဟု အာယသ်တော်ကဆိုလိုသည်။ သို့စစ်ဆေးရာတွင် ၎င်းတို့ အမှန်တကယ်လုပ်ဆောင်ခဲ့သည်များနှင့် လုပ်မည်ဟု စိတ်ပိုင်းဖြတ်၍ ရင်မှာသိုဝှက်ကာ မလုပ်လိုက်ရသောကိစ္စများလည်းပါဝင်သည်။ အထက်ပါ တင်ပြချက်သည် ရှာဟိဒ်အလ်ဗုခါရီကျမ်းနှင့် မုစ်လင်မ်ကျမ်းများတွင် စိုက်ယိဒိနာအိဗနိအုမရ်(ﷺ)သခင်၏ ဆင့်ပြန်ချက်နှင့် ကိုက်ညီပါသည်။ ယင်းမှာ 'ကျွန်ုပ်သည် တမန်တော်မြတ်(ﷺ)မိန့်တော်မူသည်ကို ကြားခဲ့ရသည်မှာ အီမာန်သက်ဝင် ယုံကြည်သူသည် ကြီးကျယ်မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်ထံပါးရောက်ရှိသွားကာ သူကျူးလွန်မိသမျှ ပြစ်မှုတစ်ခုစီအား ကျူးလွန်မှုအတွက် သင်သိပါ၏လောဟု မေးမြန်းခြင်းခံရလိမ့်မည်။ အီမာန်ရှင်သည် မှန်ကန် ကြောင်း ဝန်ခံဖြောင့်ချက်ပေးပါလိမ့်မည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်က မိန့်တော်မူမည်မှာ 'သင် ကမ္ဘာလောက တွင် ပြုလုပ်ခဲ့သော သင့်အပြစ်များကို ဖုံးကွယ်ထားခဲ့၍ မည်သူ့ကိုမျှ မသိစေခဲ့ပါ။ ယနေ့ ထိုအပြစ်များကို ငါအရှင်ခွင့်လွှတ်တော်မူသည်ဟု မိန့်ကြားတော်မူမည်။ အီမာန်ရှင်သည် ကောင်းမှုကောင်းရာလုပ်ဆောင်သည့် စာအုပ်အား ပေးအပ်ခြင်းခံရမည်ဖြစ်သည်။ မယုံကြည်သွေဖည် ငြင်းပယ်သူနှင့် အရေခြုံများမှာမူကား လူတကာ ရှေမှောက်တွင် ၎င်းသူပြုမိခဲ့သော မကောင်းမှု၏ပြစ်မှုများအား ထုတ်ဖော်ကြေညာလိမ့်မည်ဖြစ်သည်။

အခြားဟဒီးဆ်တော်တွင်လာရှိသည်မှာ အလ္လာဟ်အရှင်မြတ်သည် ကိယာမသ်တရားစီရင်မည့်နေ့တွင် မိန့်ကြားတော်မူမည်မှာ '၎င်နေ့သည်ကား ဖုံးကွယ်ထားသည်များကို စူးစမ်းစစ်ဆေးတော်မူလိမ့်မည်။ ထို့နောက် နှလုံးသားတွင် လျှို့ဝှက်ဖုံးကွယ်ထားသည်များကို အပြင်သို့ ထုတ်ဖော်ပြသတော်မူမည်။ အသင်တို့သိရန်မှာ အသင်တို့၏လုပ်ရပ်များကို ရေးမှတ်ရန်တာဝန်ပေးထားသည့် ငါအရှင်မြတ်၏ ကောင်းကင်တမန်များသည် အပြင်ပန်းမြင်တွေ့နေသည်များကိုသာရေးမှတ်ထားခဲ့ရသည်။ ငါအရှင်သာသိ၍ ကောင်းကင်တမန်များမသိသော လုပ်ရပ်များကိုမူ ရေးမှတ်ထားခြင်းမရှိပါ။ ယခု ငါအရှင်သည် ထိုအရာများသင်တို့အားပြောကြား၍ သင်တို့ ရပ်ကာဖြေကြားလော့။ ငါအရှင်နှစ်သက်သူကို ခွင့်လွှတ်၍ အပြစ်ပေးလိုသူကို အပြစ်ဒဏ်ပေးတော်မူမည်။ စစ်မှန်သောယုံကြည်သူများ ခွင့်လွှတ်ချမ်းသာပေးခြင်းခံရ၍ မယုံကြည်သွေဖည်သူ ကုဖရ်များပြစ်ဒဏ်ပေးခြင်း ခံရမည်။ (ကုရ်တုဗီ)

အထက်ပါ ဟဒီးဆ်တော်သည် အောက်ပါ တမန်တော်မြတ်(ﷺ) ဆင့်ပြန်ချက်ကိုကြည့်လျှင် သံသယဖြစ်ဖွယ်ပေါ်ပေါက်လာသည်။ ယင်းမှာ -

**إن الله تجاوز عن أمتي عما حدثت أنفسها ما لم يتكلموا أو يعملوا به**

'ငါ၏အုမ္မသ်သားတို့ မလုပ်ကိုင် မပြောဆိုသေးသမျှသော ၎င်းတို့၏ရင်ထဲမှ ကြံစည်တွေးတောထားချက်များကို အလ္လာဟ်အရှင်မြတ် ခွင့်လွှတ်တော်မူမည်ဖြစ်သည်။'

အထက်က ဟဒီးဆ်ကပြသည်မှာ နှလုံးသား၏သဘောဆန္ဒပေါ်တွင် ပြစ်ဒဏ်ခတ်ခြင်းသော်လည်းကောင်း၊ အမျက်ဒေါသဖြစ်ခြင်းသော်လည်းကောင်း မရှိချေ။ အိမာမ်အလ်ကုရ်တုဗီက မိန့်သည်မှာ ဤဟဒီးတော်သည် လုပ်ရပ်တစ်ခု၏ လောကီရေးဆိုင်ရာ အကျိုးများနှင့်သက်ဆိုင်သည့် ကွာရှင်းပြတ်စဲခြင်း၊ ကျွန်များအား သူကောင်းပြုခြင်း၊ ရောင်းဝယ်ခြင်းနှင့် လက်ဆောင်ပေးခြင်း စသည်တို့သည် နှုတ်မှဖြစ်စေ၊ လက်တွေ့ဖြစ်စေ မလုပ်ဆောင်သမျှ နှလုံးသား၏သဘောဆန္ဒတစ်ရပ်ဖြင့် ခိုင်လုံအတည်မဖြစ်ချေ။ အာယသ်တော်သည် အာခိရသ်တမလွန်၌ ပေါ်ပေါက်လာသောလုပ်ရပ်တစ်ခု၏ အကျိုးသက်ရောက်မှုကို ရည်ညွှန်းသောကြောင့် ဤနေရာ၌ တစ်ခုနှင့်တစ်ခု မဆန့်ကျင်ပါ။ သို့သော်လည်း အခြားသော အိုလမာသာသနာ့ပညာရှင်များက ဤဒွိဟသံသယကို ဖြေကြားသည်မှာ နှလုံးသားတွင် သိုဝှက်ထားသော အကြောင်းအရာများကို ခွင့်လွှတ်ကြောင်းဖော်ပြထားသည့် ဤဟဒီးဆ်တော်သည် လူနှလုံးသားထဲတွင် သဘောဆန္ဒမပါဘဲ မရည်ရွယ်ဘဲ ဝင်ရောက်လာသောအတွေးများကို ရည်ညွှန်းသည်။ စင်စစ် ထိုအတွေးများသည် မည်သို့ပင်ကြိုးစားတားဆီစေကာမူ ဝင်မြဲဝင်လာတတ်ပါသည်။ အလ္လာဟ်အရှင်မြတ်သည် ဤအုမ္မသ်၏ ယင်းကဲ့သို့ မရည်ရွယ်သောအတွေးများကို ခွင့်လွှတ်ခြင်းဖြစ်သည်။ အထက်ဖော်ပြပါအာယသ်ထဲတွင် ပါဝင်သော စစ်ဆေးမေးမြန်းခြင်းသည် လူသားက သူ၏ရွေးချယ်မှုနှင့်ဆန္ဒအလျောက် ရည်စူးထားသည်နှင့်သက်ဆိုင်သည်။ ဆိုလိုသည်မှာ သူသည် ထိုအရာများကို နှလုံးသားတွင် မွေးမြူထားသည်သာမက လက်တွေ့လုပ်ရန်လည်း ကြိုးစားနေသူ သာ ဖြစ်သည်။ အကယ်၍ ၎င်းသည် မတော်တဆ အကြောင်းရပ်များကြောင့် မလုပ်ဆောင်နိုင်ခဲ့လျှင်ပင် အကြောင်း မဟုတ်။ ကိယာမသ်တရားစီရင်မည့်နေ့၌ သူသည် ဤစွဲမြဲခိုင်မာသည့် ရည်စူးချက်များအပေါ် စာရင်း စစ်ဆေးခံရပါမည်။ ဤသည်မှဖြစ်သမျှသည် အလ္လာဟ်အရှင့်အလိုတော်သာလျှင်ဖြစ်သည်။ အလ်ဗုခါရီနှင့် မုစ်လင်မ်ကျမ်းတွင်ဖော်ညွှန်းထားသည့် အထက်ပါဟဒီးဆ်အတိုင်း အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်၏ အသနားတော်ဖြင့် ခွင့်လွှတ်လိုသူကို ခွင့်လွှတ်၍ အပြစ်ဒဏ်ပေးလိုသူကို အပြစ်ဒဏ်ပေးတော်မူမည်ဖြစ်သည်။

ဆွေးနွေးနေသည့် အာယသ်တော်ထဲတွင် သုံးနှုန်းထားသောစကားလုံး၏အပေါ်ယံအမြင်အရဆိုလျှင် မိမိသဘောအလျောက်ဖြစ်စေ၊ မရည်ရွယ်ဘဲဖြစ်စေ တွေးသော အတွေးနှစ်မျိုးစလုံး အကျုံးဝင်သည်။ ဤအာယသ်တော်ကျရောက်လာသည့်အခါ ဆွဟာဗဟ်သာဝကကြီးများ အလွန်အမင်းစိတ်သောကရောက်ခဲ့ကြပါသည်။ မရည်ရွယ်သောအတွေးများသည်လည်း စစ်ဆေးခြင်းများနှင့် အပြစ်တင်ရန်ဖြစ်လာခဲ့လျှင် ဘယ်သူလွတ်၍ ဘယ်သူ အေးအေးဆေးဆေးဖြစ်ပါမည်နည်းဟု သူတို့ကိုယ်သူတို့ မေးခွန်းထုတ်နေကြသည်။ ဆွဟာဗဟ်ကြီးများသည် ၎င်းတို့၏ စိတ်သောကကို တမန်တော်မြတ်(ﷺ)သခင်အားတင်ပြရာ တမန်တော်မြတ်(ﷺ)က အလ္လာဟ်အရှင်မြတ်၏ အမိန့်အာဏာများနှင့်အညီ နာခံဆောင်ရွက်ရန် စွဲမြဲစွာသံန္ဒိဋ္ဌာန်ချရေးအတွက် ၎င်းတို့အားလုံးအား အမိန့်ပေးခဲ့သည်။ ထို့နောက် **سَمِعْنَا وَأَطَعْنَا** ကျွန်ုပ်တို့ ကြားသိပါပြီ။ ကျွန်ုပ်တို့ နာခံကြပါမည်ဟု ရွတ်ဆိုခိုင်းသည်။ ဆွဟာဗဟ်ကြီးများသည် ၎င်တို့အားညွှန်ကြားသည့်အတိုင်း တစ်သဝေမတိမ်းလုပ်ဆောင်ခဲ့သောကြောင့် အောက်ပါကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်ကျရောက်ခဲ့ပါသည်။ ယင်းမှာ -

لَا يُكَلِّفُ اللَّهُ نَفْسًا إِلَّا وُسْعَهَا

'အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိုသူ၏စွမ်းအားထက် ပို၍ တာဝန်ပေးတော်မမူချေ။' (၂း၂၈၆)

ဤအာယသ်တော်က မရည်ရွယ်သောအတွေးများသည် စစ်ဆေးမေးမြန်းမှုခံရမည်မဟုတ်ကြောင်း ရှင်းစေပါသည်။ ဤအာယသ်တော်သည် ဆွဟာဗဟ်ကြီးများအား စိတ်ငြိမ်းချမ်းသာယာမှုရစေပါသည်။ ဤဟဒီးဆ်တော်ကို စိုက်ယိဒနာ အိဗ်နိအဗ္ဗစ်(ﷺ)သခင်၏ ဆင့်ပြန်ချက်ကို ရှာဟိဒ်မုစ်လင်မ်ကျမ်းတွင်တင်ပြထားသည်။ (ကုရ်တုဗီ) အာယသ်တော်တစ်ခုလုံးဧရှေတွင် လာပါလိမ့်မည်။

အလ်သဖ်စိရ်အလ်မဇ်ဟရီကျမ်းအရဆိုလျှင် လူသားများအတွက် မပြုမနေရတာဝန်များ (ဖရ်သ်ွ) (သို့) ဟရာမ် တရားမဝင်သောပြုလုပ်မှုများသည် ရုပ်ပိုင်းဆိုင်ရာနှင့်ပတ်သက်သည့် ဆွလာသ်၊ ဆောင်မ် ဥပုသ်သီလ၊ ဟဂ်ျနှင့် အပေးအယူကိစ္စအားလုံး အကျုံးဝင်ပါသည်။ ထို့ပြင် ဗာတွင်နခေါ် အတွင်းပိုင်းဆိုင်ရာဖြစ်သည့် လူသား၏နှလုံးသားဆိုင်ရာနှင့်ပတ်သက်သောလုပ်ရပ်များနှင့်သက်ဆိုင်သည့် အမိန့်ပညတ်ချက်များလည်း ရှိသေးသည်။ ယုံကြည်မှု ဆိုင်ရာကိစ္စများ အီမာန်နှင့် အီအ်သိကားဖ် အားလုံးတို့သည် ဤကဏ္ဍတွင်ပါဝင်သည်။ ကုဖုရ် မယုံကြည်သွေဖည်ငြင်းပယ်ခြင်းနှင့် ရှိရ်စ်က် တုဖက်ယှဉ်တွဲကိုးကွယ်ခြင်းသည် ပို၍တရားမဝင်ကာ သာ၍ခွင့်မပြုသော အရာများဖြစ်သည်။ ယင်းတို့သည်လည်း နှလုံးသားနှင့်သက်ဆိုင်သည်။ ကောင်းသော ကိုယ်ကျင့်တရားများဖြစ်သည့် ရိုကျိုးခြင်း၊ သည်းခံခြင်း၊ ရောင့်ရဲတင်းတိမ်ခြင်း၊ ရက်ရောခြင်းကဲ့သို့သော အခြားသော ကိုယ်ကျင့်တရားများတို့သည်လည်း နှလုံးသားနှင့် သက်ဆိုင်သည်။ အလားတူစွာ မကောင်းသော ကိုယ်ကျင့်တရားများဖြစ်သည့် ပလွှားခြင်း၊ မနာလိုဝန်တိုခြင်း၊ အာဃာတထားခြင်း၊ လောဘကြီးခြင်းနှင့် လောကီဆိုင်ရာ အကျိုးစီးပွားနှင့် အခြားယင်းအမျိုးအစားတို့ကို စွဲလမ်းခြင်းသည်လည်း နှလုံးသားနှင့်သက်ဆိုင်သည်။ ထိုအရာများ အားလုံးတို့သည် အတိုင်းအတာတစ်ရပ်အထိ လုံးဝ ဟရာမ်(တရားမဝင်)သော အရာများဖြစ်ကြသည်။ အထက်ပါ အားလုံးတို့သည် ပြင်ပရုပ်ပိုင်းဆိုင်ရာခြေလက်များ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် မပတ်သတ်ပါ။ အတွင်းပိုင်းဆိုင်ရာ ဗာတွင်နှလုံးသားနှင့်သာသက်ဆိုင်သည်။

ဤအာယသ်တော်ထဲတွင် ကိယာမသ်နှေ့၌ ပြင်ပဆိုင်ရာလုပ်ရပ်များကို စစ်ဆေးမည့်စစ်ဆေးနည်းကဲ့သို့ပင် အတွင်းပိုင်းဆိုင်ရာကိုလည်း စစ်ဆေးမည်ဖြစ်ကြောင်းသိစေပါသည်။ မရည်ရွယ်ပဲကျူးလွန်မိခဲ့သော ဂုနာဟ်အပြစ်များကိုပင်လျှင် စစ်ဆေးလိမ့်မည်ဖြစ်သည်။ ဤအာယသ်တော်ကို စူရဟ်အလ်ဘကရဟ်၏ နောက်ဆုံးတွင်ထားခြင်း နောက်ကွယ်၌ ကြီးမားသောဟစ်က်မသ်အသိဉာဏ်ရှိပေသည်။ အဘယ့်ကြောင့်ဆိုသော် စူရဟ်အလ်ဘကရဟ်သည် အရေးကြီးပြီး အကျိုးသက်ရောက်စေသောစူရဟ်ဖြစ်သည့်အလျောက် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်များ အတော်များများပါဝင်သည်။ ထိုစူရဟ်တွင် ဤလောကတွင်းနှင့် နောင်လာမည့်တမလွန်ဘဝတွင်ပါ အရေးကြီးသည့် အခြေခံနှင့် ယင်းအခြေခံကို ပံ့ပိုးသောညွှန်ကြားချက်များပါဝင်သည်။ ထိုစူရဟ်ထဲတွင် ဆွလာသ်ဝတ်ပြုဆောက်တည်ခြင်း၊ ဇကာသ်ဆင်းရဲသားဒါနကြေးပေးဆောင်ခြင်း၊ ဆောင်မ် ဥပုသ်သီလ၊ ကီစား(လက်တို့ပြန်ခြင်း)၊ ဟဂ်ျ၊ ဂျီဟာဒ်၊ သွဟာရဟ်(သန့်ရှင်းစင်ကြယ်မှု)၊ တွလားက်(ကွာရှင်းပြတ်စဲခြင်း)၊ အိဒ်ဒတ်ဒ်(စောင့်ဆိုင်းကာလ)၊ ခုလာအ်(ဇနီးမှ ကွာရှင်းမှုတောင်းခြင်း)၊ ရဇွာအဟ်(နို့တိုက်ကျွေးခြင်း)၊ အရက်သေစာနှင့် အတိုးတို့၏

တရားမဝင်ခြင်းနှင့် ရောင်းဝယ်ခြင်း၊ ငွေချေးငှားခြင်းကိစ္စရပ်တို့တွင် ခွင့်ပြုသည့်နည်း (သို့) ခွင့်မပြုသောနည်းတို့နှင့် သက်ဆိုင်သောအသေးစိတ်များပါဝင်သည်။ ဤအကြောင်းများကြောင့် ဟဒီးဆ်တော်ထဲတွင် ဤစူရတ်ကို **سنام القرآن** (စိနာမုလ်ကုရ်အာန်) ကုရ်အာန်ကျမ်းတော်မြတ်၏ အမြင့်ဆုံးအထွတ်ဟု အမည်ပေးထားသည်။

ကျွန်ုပ်တို့စိတ်ဝယ်မှတ်ရမည်မှာ ဤအမိန့်တော်များအားလုံးကို ကျင့်ကြံခြင်း၏နောက်ကွယ်တွင် ရိုးသားဖြူစင်သော အိခ်လားဆ်ရှိရမည်ဖြစ်၍ ယင်းသည်အနှစ်သာရပင်ဖြစ်သည်။ တစ်နည်းပြောရလျှင် တစ်စုံတစ်ရာ ပြုလုပ်ခြင်းကိုဖြစ်စေ၊ ရှောင်ကြဉ်ခြင်းကိုဖြစ်စေ ယင်းတို့တွင် အလ္လာဟ်အရှင်မြတ်နှစ်သက်စေရန်မှအပ ဘာမျှမရှိသင့်ပါ။ မည်သည့် အကြောင်းကြောင့်မှ ဤလုပ်ရပ်များကို လူအများသိစေရန် (သို့) တစ်ကိုယ်ကောင်းဆန်သည့် ရည်ရွယ်ချက်များ မထားရှိရပါ။ အိခ်လားဆ်(ရိုးသားဖြူစင်ခြင်း)သည် လူသား၏နှလုံးသား နှင့်သက်ဆိုင်သည်မှာ ထင်ရှားပေါ်လွင် ပေသည်။ အစ်ခ်လားဆ် ဖြူစင်လျှင် ကိစ္စအားလုံးသည် မှန်ကန်စွာဖြစ်ပေါ်လိမ့်မည်ဖြစ်သည်။ ထိုအကြောင်းကြောင့်ပင် စူရတ်၏အဆုံးဖြစ်သော ဤအာယသ်တော်မှတစ်ဆင့် လူသားအား သတိပေးမိန့်ကြားထားသည်မှာ မပြုမနေရ ဖရ်သ်များလုပ်ရာတွင်ဖြစ်စေ၊ တားမြစ်ထားသောကိစ္စများ ရှောင်ရှားရာတွင်ဖြစ်စေ လူအများအား ဆင်ခြေပေးကာ လှည့်စားနိုင်သည်။ သို့သော်လည်း အလ္လာဟ်အရှင်မြတ်သည်ကား အလင်မ်အားလုံးကို သိတော်မူသောအရှင်၊ ခဗီးရ်အားလုံးကို သတိမူသောအရှင်ဖြစ်တော်မူပေသည်။ ထိုအရှင်မြတ်ထံတော်တွင် မည်သည့်အရာမှ ဖုံးကွယ်ထား၍မရပါ။ ထို့ကြောင့် တစ်စုံတစ်ဦးသည် လုပ်ရမည်ကိုလုပ်ပါ။ သို့သော်လည်း သူ့အားကြည့်ရှုနေသူ ရာကီဗ်၊ စောင့်ရှောက်နေသူ ဟာဖိဇ်သည် ၎င်းအတွင်းပိုင်းဆိုင်ရာနှင့် အပြင်ပိုင်းဆိုင်ရာလုပ်ဆောင်သမျှအားလုံး မှတ်တမ်းတင်နေသည်ဟု သူအသေအချာသိပါစေ။ ထို့နောက် ပြန်လည်ရှင်ပြန်ထရမည့်နေ့တွင် သူလုပ်သမျှ အားလုံးအပြည့်အစုံ စစ်ဆေးခြင်းခံရပါလိမ့်မည်။ ကုရ်အာန်ကျမ်းတော်မြတ်က လူသားများအား ဤပြိုင်ဘက် ကင်းသည့်စိတ်ဓါတ်အား ပြုစုပျိုးထောင်ပေးခြင်းကို လူသားများ၏ နှလုံးသားများအပေါ်၌ အလ္လာဟ်အရှင်မြတ် အား ကြောက်ရွံ့စိတ်နှင့် အာခိရသ် တမလွန်ကို စိုးရိမ်စိတ်အားဖြင့် ထိန်းကျောင်းထားသည်။ ထို့ကြောင့် လူအများသည် ညအမှောင်ထုတွင်နှင့် အိမ်၌ တစ်ကိုယ်ရေ တစ်ကာယရှိစဉ်ကာလမှာပင် အလ္လာဟ်အရှင်မြတ်၏ မည်သည့်အမိန့်ပညတ်ချက်ကိုမဆို ဖောက်ဖျက်ကျူးလွန်ရန် ကြောက်ရွံ့ကြပါသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်ချက်တို့၏ အစနှင့်အဆုံးပိုင်းတွင် (သိတော်မူသောအရှင်၊ မြင်တော်မူသောအရှင်၊ အရာတိုင်းကို သတိရှိတော်မူသောအရှင် စသည်တို့က) စောင့်ကြည့်နေသူတစ်ဦး၏ သတိပေးခရာသံအဖြစ် ပါရှိသောကြောင့်ဖြစ်သည်။

V V V V V V V

အာယသ် (၂ : ၂၈၅-၂၈၆)

اٰمَنَ الرَّسُوْلُ بِمَآ اُنْزِلَ اِلَيْهِ مِنْ رَّبِّهٖ وَ
الْمُؤْمِنُوْنَ ؕ كُلٌّ اٰمَنَ بِاللّٰهِ وَمَلٰٓئِكَتِهٖ وَكُتُبِهٖ وَرُسُلِهٖ ۣ
لَا نُفَرِّقُ بَيْنَ اَحَدٍ مِّنْ رُّسُلِهٖ ۣ وَقَالُوْا سَمِعْنَا وَاَطَعْنَا
غُفْرَانَكَ رَبَّنَا وَاِلَيْكَ الْمَصِيْرُ ۝ لَا يُكَلِّفُ اللّٰهُ نَفْسًا اِلَّا
وُسْعَهَا ؕ لَهَا مَا كَسَبَتْ وَعَلَيْهَا مَا اكْتَسَبَتْ ؕ رَبَّنَا لَا
تُؤَاخِذْنَآ اِنْ نَّسِيْنَآ اَوْ اَخْطَاْنَا ۚ رَبَّنَا وَلَا تَحْمِلْ عَلَيْنَآ
اِصْرًا كَمَا حَمَلْتَهٗ عَلَى الَّذِيْنَ مِنْ قَبْلِنَا ۚ رَبَّنَا وَلَا تُحَمِّلْنَا
مَا لَا طَاقَةَ لَنَا بِهٖ ۚ وَاعْفُ عَنَّا ۟ وَاغْفِرْ لَنَا ۟ وَارْحَمْنَا ۟
اَنْتَ مَوْلٰىنَا فَانْصُرْنَا عَلَى الْقَوْمِ الْكٰفِرِيْنَ ۝

“ရစူလ်တမန်တော် (မုဟမ္မဒ်(ﷺ))သည် မိမိထံသို့ မိမိအား မွေးမြူတော်မူသော အရှင်မြတ်၏အထံတော်မှ ထုတ်ပြန်ပို့ချသော (ကုရ်အာန်ကျမ်းတော်မြတ်)ကို ယုံကြည် လေပြီ။ ထိုနည်းတူစွာ (မုအ်မင်န်)ယုံကြည်သူအပေါင်းတို့သည်လည်း ယုံကြည်ကြချေပြီ။ (ယင်းရစူလ်တမန်တော် မုဟမ္မဒ်(ﷺ)နှင့်တကွ ယုံကြည်သူ) ခပ်သိမ်းသူတို့သည် (တစ်ဆူတည်းဖြစ်တော်မူသော)အလ္လာဟ် အရှင်မြတ်ကို လည်းကောင်း၊ ထိုအရှင်မြတ်၏ (မလာအိကဟ်)အပါးတော်စေတမန် အပေါင်း တို့ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ကျမ်းဂန်အပေါင်းတို့ကို လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အပေါင်းတို့ကိုလည်းကောင်း ယုံကြည် ကြကုန်၏။ (ထို့ပြင် ယင်းသူတို့က) ကျွန်တော်မျိုးတို့သည် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အပေါင်းတို့အနက် မည်သည့်ရစူလ်တမန်တော် တစ်ပါး ကိုမျှခွဲခြားခြင်းမပြုကြပါ။ (အားလုံးကို ယုံကြည်ပါသည်ဟု ပြောဆိုကြကုန်၏)

ထို မှတစ်ပါးတုံ ယင်းသူတို့သည် (အလ္လာဟ်အရှင်မြတ်အထံတော်၌) 'ကျွန်တော်မျိုးတို့ သည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို) ကြားနာကြပါပြီ။ ထို့ပြင်တစ်ဝ (ကြားနာသည့်အတိုင်း)လိုက်နာကြပါပြီ။ အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင် (ကျွန်တော်မျိုးတို့သည် အပြစ်များမှ) အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခြင်းကိုသာ (ထာဝစဉ်လိုလားတောင့်တကြပါသည်။) တစ်ဖန် (ကျွန်တော်မျိုးတို့၏ ပြန်လည်ရောက်ရှိရာ)နောက်ဆုံးစခန်းသည်လည်း အရှင်မြတ်၏ အထံတော်၌ပင်ဖြစ်ပါသည်'ဟု လျှောက်ထားပန်ကြားကြလေသတည်း။" (၂း၂၈၅)

"အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိုသူ၏စွမ်းအားထက် ပို၍ တာဝန်ပေးတော်မမူချေ။ မိမိကိုယ်တိုင်ရှာဖွေဆည်းပူးပြုလုပ်ခဲ့သော (ကောင်းမှု၏ အကျိုးသည်)သာလျှင် ထိုသူ၏အဖို့ဖြစ်၍ မိမိကိုယ်တိုင်ရှာဖွေဆည်းပူးပြုကျင့်ခဲ့သော (မကောင်းမှု၏အပြစ်သည်)သာလျှင် ထိုသူ၏အပေါ်၌တင်ရှိအံ့။ (အသင်တို့သည် အလ္လာဟ်အရှင်မြတ်အထံတော်၌ ဤသို့ဆုတောင်းပတ္ထနာပြုကြကုန်) အို-ကျွန်တော်မျိုး တို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့ မေ့လျော့၍ဖြစ်စေ၊ မှားယွင်း ချွတ်ချော်၍ဖြစ်စေ (ပြုမိသောမကောင်းမှုနှင့်စပ်လျဉ်း၍) အရှင်မြတ်သည် ကျွန်တော် မျိုးတို့အား အပြစ်ဒဏ်ပေးတော်မမူပါနှင့်။ ထို့ပြင်တစ်ဝ အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အလျင် ရှေးအထက်အဆက်ဆက်က လူမျိုးတို့အပေါ်၌တင်ထားတော်မူသကဲ့သို့ ကျွန်တော်မျိုးတို့အပေါ်၌ လေးလံသောဝန်ကို တင်တော်မမူပါနှင့်။ ထို့ပြင် အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့ကို မတတ်စွမ်းနိုင်သောတာဝန်ကိုလည်း အရှင်မြတ် သည် ကျွန်တော်မျိုးတို့အား ထမ်းရွက်စေတော်မမူပါနှင့်။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့ကို ခွင့်လွှတ်တော်မူပါ။ ၎င်းပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား (အပြစ်များမှ)လွတ်ငြိမ်းချမ်းသာခွင့်ကိုပေးသနားတော်မူပါ။ ထို့ပြင် အရှင်မြတ်သည် ကျွန်တော်မျိုးတို့အပေါ်ဝယ် သနားညှာတာတော်မူပါ။ အရှင်မြတ်သည်သာလျှင် ကျွန်တော်မျိုးတို့အား ကူညီစောင်မတော်မူသောအရှင်ဖြစ်တော်မူပါ၏။ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား 'ကာဖိရ်'မယုံမကြည်သွေဖည်ငြင်းဆန်သောသူများ အပေါ်ဝယ် (အောင်နိုင်စေခြင်းငှား)ကူညီစောင်မတော်မူပါ။" (၂း၂၈၆)

## အကျယ်ဖွင့်ဆိုခြင်း

ဤသည်မှာ စူရတ်အလ်ဘကရတ်၏ နောက်ဆုံးနှစ်အာယသ်ဖြစ်သည်။ ခိုင်လုံသောဟဒီးဆ်တော်များတွင် ဤအာယသ်တော်နှစ်ခုနှင့်ပတ်သက်သော ကြီးမားလှသည့် ထူးမြတ်ခြင်းများကိုဖော်ပြထားသည်။ တမန်တော်မြတ်(ﷺ)သခင်မိန့်ကြားသည်မှာ တစ်စုံတစ်ဦးသည် ဤအာယသ်တော်နှစ်ပိုဒ်ကို ညဉ့်အချိန်၌ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့လျှင် ထိုသူအတွက် ပြည့်စုံလုံလောက်သွားမည်ဟုဆိုသည်။

စိုက်ယိဒနာအိဗ်နိအဗ္ဗားစ်(ﷺ)သခင်၏ ဆင့်ပြန်ချက်အရ တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားသည်မှာ အလ္လာဟ်အရှင်မြတ်သည် ဂျန္နတ်သုခဘုံ၏ရတနာများထဲမှ ဤအာယသ်တော်နှစ်ပိုဒ်ကို ပို့ချပေးတော်မူခဲ့သည်။ ထို့ပြင် အားလုံးသောလူသားများနှင့် အရာဝတ္ထုများ မဖန်ဆင်းမီအလျင် နှစ်ပေါင်းနှစ်ထောင်စော၍ ရဟ်မာန်သို့ အလ္လာဟ်အရှင်မြတ်သည် အရှင်မြတ်ကိုယ်တိုင်ရေးသားတော်မူထားခဲ့သည်။ တစ်စုံတစ်ဦးသည် အိရှာဆွလာသ်ဝတ်ပြုပြီးနောက် ထိုအာယသ်နှစ်ပိုဒ်ကိုရွတ်ဆိုနိုင်ခဲ့လျှင် သဟ်ဂ်ဂျ်ဒ်ဆွလာသ်ဝတ်ပြုသည့်အကျိုး စဝါဗ်ရပေမည်။ အလ်ဟကီးမ်၏ မုစ်တဒ်ရဗ်က်ကျမ်းနှင့် ဗိုင်ဟကီကျမ်းတော်တို့တွင် တမန်တော်မြတ်(ﷺ)သခင် မိန့်ကြားခဲ့သည်မှာ အလ္လာဟ်အရှင်မြတ်သည် စူရတ်အလ်ဘကရတ်အား ဤအာယသ်တော်နှစ်ပိုဒ်ဖြင့် အဆုံးသတ်ခဲ့သည်။ ယင်းအာယသ်တော်နှစ်ပိုဒ်သည် အလ္လာဟ်အရှင်မြတ်၏ အရိရှ်ပုလ္လင်တော်အောက်တွင်ရှိ အထူးသီးသန့် ဖြစ်တော်မူသောရတနာများထဲမှ အရှင်မြတ်၏ကျေးဇူးတော်ဖြင့် ကျွန်ုပ်ကိုပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သင်သည် အထူးကြိုးစား၍ ဤအာယသ်တော်များကို သင်ယူသင့်ပေသည်။ တစ်ချိန်တည်းမှာပင် သင်၏ အမျိုးသမီးနှင့် ကလေးငယ်များအားလည်း မည်သို့ရွတ်ဆိုရမည်ဆိုကြောင်း သင်ကြားပေးသင့်သည်။ ထို့ကြောင့် စိုက်ယိဒနာအုမရ်သခင်နှင့် စိုက်ယိဒနာအလီ(**رضى الله عنهم اجمعين**)သခင်တို့က မိန့်ကြားခဲ့သည်မှာ မည်သူမဆို အသိဉာဏ်အနည်းငယ်ရှိလျှင်ပင် ယင်းစူရတ်နှစ်ပိုဒ်မဖတ်ရွတ်ဘဲ မည်သည့်အခါမှ မအိပ်သင့်ချေဟု ထင်မှတ်ခဲ့သည်။

အဓိပ္ပာယ်အရဆိုလျှင် ဤအာယသ်တော်များထဲတွင် ထူးခြားချက်များစွာရှိသည်။ ထူးခြားချက်များမှ တစ်ခုမှာကား စူရတ်အလ်ဘကရတ်၏အဆုံးတွင် ရှရီအသ်တရားတော်၏ အမိန့်ပညတ်ချက်များ အများဆုံးပါဝင်၍ အချို့ကိုအတိုချုပ်သော်လည်းကောင်း၊ အချို့ကိုအသေးစိပ်သော်လည်းကောင်း ဖော်ပြထားခဲ့သည်။ ယင်းတို့မှာ အိမာန်ယုံကြည်မှုဆိုင်ရာများ၊ ခဝတ်ကိုးကွယ်မှုဆိုင်ရာနည်းများ၊ အချင်းချင်းဆက်ဆံမှုများ၊ ကိုယ်ကျင့်တရားများနှင့် လူမှုဆိုင်ရာနေထိုင်မှုစနစ်များ စသည်တို့ဖြစ်သည်။ အာယသ်တော်နှစ်ပိုဒ်မှ ပထမအာယသ်တော် သည် ဖြောင့်မတ်မှန်ကန်၍ နာခံရိုကျိုးကာ အလ္လာဟ်အရှင်ပြဋ္ဌာန်းထားသည့် အမိန့်ပညတ်ချက်အားလုံးကို စိတ်ရောကိုယ်ပါလုပ်ဆောင်ကြသည့် မုစ်လင်မ်များအား ချီးမွမ်းထောမနာခြင်းဖြင့် စထားသည်။ ဒုတိယအာယသ်တော်သည် အလ္လာဟ်အရှင်မြတ်၏အနန္တသနားကြင်နာမှု အတည်ပြုပြီးသည့်အပြင် ရှေ့ကအာယသ်တော် (၂၈၄)ကျရောက်စဉ်က ဆွဟဗဟ်သာဝကကြီးများတွင်ဖြစ်ပေါ်လာသော စိတ်စနိုးစနောင့်ဖြစ်မှုအားလည်း အဖြေပေးထားသည်။ အစောပိုင်းကအကျဉ်းချုပ်ဖော်ပြထားသည့် အာယသ်တော်

(၂၈၄)သည် وَإِنْ تُبْدُوا مَا فِي أَنْفُسِكُمْ أَوْ تُخْفُوهُ يُحَاسِبْكُمْ بِهِ اللَّهُ ‘ထို့ပြင်တဝ အသင်တို့သည် မိမိတို့စိတ်တွင်းဝယ် ရှိလေသော အကြောင်းအရာများကို ထင်ရှားစွာပြုလုပ်ပြောဆို ကြသည်ဖြစ်စေ ထိမ်ချန်လျှို့ဝှက်ထားကြသည်ဖြစ်စေ၊ အလ္လာဟ်အရှင်မြတ်သည် ယင်းအကြောင်းအရာများကို အသင်တို့အားစစ်ဆေးမေးမြန်းတော်မူအံ့’ ဟူသည်ဖြစ်သည်။ ဤနေရာတွင် အာယသ်တော်က အမှန်တကယ်ရည်ညွှန်းသည်မှာ တစ်စုံတစ်ဦးသည် သူ(သို့) သူမဆန္ဒအလျောက် ရွေးချယ်ကာ ပြုလုပ်သည်များကိုသာလျှင် စစ်ဆေးမည့်အကြောင်း ရည်ညွှန်းခြင်းဖြစ်သည်။ မရည်ရွယ်သည့်အတွေးများနှင့် အမှားများသည်ကား ဤပြဋ္ဌာန်းချက်တွင် အကျုံးမဝင်ချေ။ သို့သော်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ စကားလုံးများသည် ယေဘုယျဖြစ်သောကြောင့် လူသားသည် ၎င်းမရည်ရွယ်သည့်တိုင် စိတ်ထဲဝင်လာသည့် အတွေးများအတွက်လည်း စစ်ဆေးခံရမည်ဟု ရော်ရမ်းမှန်းဆကြပါသည်။ ဆွဟာဗဟ် သာဝကကြီးများသည် စိတ်လှုပ်ရှားစွာဖြင့် တမန်တော်မြတ်(ﷺ)ထံ အခစားဝင်၍ လျှောက်ထားသည်မှာ ‘ယာရစူလုလ္လာဟ် ယခုအချိန်ထိ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့စိတ်ကြိုက် ကျွန်ုပ်တို့ပြုလုပ်သောလုပ်ရပ်များအတွက်သာ စစ်ဆေးခံရမည်ဟုထင်ခဲ့ကြပါသည်။ ကျွန်ုပ်တို့စိတ်ထဲတွင် မရည်ရွယ်ပဲဝင်ရောက်လာသောအတွေးများအတွက်မူ စစ်ဆေးခံရည်မဟုတ်ဟု ထင်ခဲ့ကြပါသည်။ သို့သော်လည်း ဤအာယသ်တော်က ကျွန်ုပ်တို့စိတ်ထဲတွင်ဝင်လာသော အတွေးတိုင်းအတွက် စစ်မေးခံရမည့်ပုံဖြစ်နေပါသည်။ ဤအတိုင်းဆိုလျှင် ပြစ်ဒဏ်ခတ်ခံရခြင်းမှ လွတ်ကင်းရန် အလွန်ခဲယဉ်းပေသည်။ တမန်တော်မြတ်(ﷺ)သခင်သည် အာယသ်တော်ရည်ညွှန်းသည့် မှန်ကန်သောဆိုလိုရင်းကို သိပင်သိသော်လည်း အာယသ်တော်စကားလုံးများ၏ ယေဘုယျကျခြင်းကြောင့် မိမိသဘောနှင့် မည်သည်မျှ မပြောဘဲနေခဲ့သည်။ တမန်တော်မြတ်(ﷺ)သခင်သည် ဝဟီ ကျရောက်မှုကိုစောင့်ဆိုင်းခဲ့ကာ ဆွဟာဗဟ်သာဝကကြီးများအား အလ္လာဟ်အရှင်မြတ်ပြဋ္ဌာန်းသမျှအပေါ် လိုက်နာရန်သာ ညွှန်ကြားခဲ့သည်။ ထိုအမိန့်ပညတ်ချက်သည် လိုက်နာရန် ခက်လှွင်လည်းခက်ခဲမည် (သို့) လွယ်ကူလှွင်လည်းလွယ်ကူပေမည်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်ပညတ်တော်ကျရောက်လာသောအခါ ကျင့်သုံးရာတွင် အနည်းငယ်တုံ့ဆိုင်းခြင်းကိုပြခြင်းပင်လျှင် စစ်မှန်သော မုစ်လင်မ်တစ်ဦး၏နည်းလမ်းမဟုတ်ချေ။ အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ကိုကြားလျှင်ကြားခြင်းသင်သည် ကျွန်တော်မျိုးတို့သည် (အရှင်မြတ်အမိန့်တော်များကို)ကြားနာကြပါပြီ။ ထို့ပြင်တစ်ဝ (ကြားနာသည့်အတိုင်း) လိုက်နာကြပါပြီ။ အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင် (ကျွန်တော်မျိုးတို့သည် سَمِعْنَا وَأَطَعْنَا غُفْرَانَكَ رَبَّنَا وَإِلَيْكَ الْمَصِيرُ အပြစ်များမှ) အရှင်မြတ်၏လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခြင်းကိုသာ ထာဝစဉ်လိုလားတောင့်တကြပါသည်။) (တစ်ဖန် ကျွန်တော်မျိုးတို့၏ ပြန်လည်ရောက်ရှိရာ နောက်ဆုံးစခန်းသည်လည်း အရှင်မြတ်အထံ တော်၌ပင်ဖြစ်ပါသည်)ဟု ပြောဆိုရမည်။

ဆွဟာဗဟ်ကြီးများသည် တမန်တော်မြတ်(ﷺ)မိန့်ကြားသည့်အတိုင်း တစ်သဝေမတိမ်းလုပ်ဆောင်ခဲ့ကြပါသော်လည်း ၎င်းတို့မရည်ရွယ်သော အတွေးများ စိတ်ထဲဝင်လာခြင်းကို တားဆီးရန်မှာ အလွန်ခက်ခဲပါသည်ဟု ၎င်းတို့ စိတ်ဝယ်ထင်ထားကြသည်။ ထို့ကြောင့် အလ္လာဟ်အရှင်မြတ်သည် စူရဟ်အလ်ဘကရဟ်၏အဆုံးတွင် ဤအာယသ် တော်နှစ်ပိုဒ်ကို ပို့ချပေးတော်မူခဲ့သည်။ ပထမအာယသ်တော်သည် မုစ်လင်မ်များအား ခိုးကျူး

ထောမနာပြု၍ ဒုတိယအာယသ်တော်တွင် ဆွဟာဗဟ်ကြီးများ၏စိတ်ထဲတွင်ဖြစ်ပေါ်ခဲ့သော ဒွိဟသံသယကို မှန်ကန်စွာဖြေရှင်းပေးထားသည်။

ပထမအာယသ်တော်၏စကားလုံးများကို ကျွန်ုပ်တို့လေ့လာကြည့်ကြစို့။ ယင်းမှာ -

اٰمَنَ الرَّسُوْلُ بِمَآ اُنْزِلَ اِلَيْهِ مِنْ رَّبِّهٖ وَ
الْمُؤْمِنُوْنَ ؕ كُلٌّ اٰمَنَ بِاللّٰهِ وَمَلٰٓئِكَتِهٖ وَكُتُبِهٖ وَرُسُلِهٖ ۫
لَا نُفَرِّقُ بَيْنَ اَحَدٍ مِّنْ رُّسُلِهٖ ۫ وَقَالُوْا سَمِعْنَا وَاَطَعْنَا
غُفْرَانَكَ رَبَّنَا وَاِلَيْكَ الْمَصِيْرُ ﴿۲۸۵﴾

**“ရစူလ်တမန်တော် (မုဟမ္မဒ်(ﷺ))သည် မိမိထံသို့ မိမိအား မွေးမြူတော်မူသော အရှင်မြတ်၏အထံတော်မှ ထုတ်ပြန်ပို့ချသော (ကုရ်အာန်ကျမ်းတော်မြတ်)ကို ယုံကြည် လေပြီ။ ထိုနည်းတူစွာ (မုအ်မင်န်)ယုံကြည်သူအပေါင်းတို့သည်လည်း ယုံကြည်ကြချေပြီ။ (ယင်းရစူလ်တမန်တော် မုဟမ္မဒ်(ﷺ)နှင့်တကွ ယုံကြည်သူ) ခပ်သိမ်းသူတို့သည် (တစ်ဆူတည်းဖြစ်တော်မူသော)အလ္လာဟ် အရှင်မြတ်ကို လည်းကောင်း၊ ထိုအရှင်မြတ်၏ (မလာအိကဟ်)အပါးတော်စေတမန် အပေါင်း တို့ကိုလည်းကောင်း၊ ထိုအရှင်မြတ်၏ ကျမ်းဂန်အပေါင်းတို့ကို လည်းကောင်း၊ ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အပေါင်းတို့ကိုလည်းကောင်း ယုံကြည် ကြကုန်၏။ (ထို့ပြင် ယင်းသူတို့က) ကျွန်တော်မျိုးတို့သည် ထိုအရှင်မြတ်၏ ရစူလ်တမန်တော်အပေါင်းတို့အနက် မည်သည့်ရစူလ်တမန်တော် တစ်ပါး ကိုမျှခွဲခြားခြင်းမပြုကြပါ။ (အားလုံးကို ယုံကြည်ပါသည်ဟု ပြောဆိုကြကုန်၏) ထိုမှတစ်ပါးတုံ ယင်းသူတို့သည် (အလ္လာဟ်အရှင်မြတ်အထံတော်၌) ‘ကျွန်တော်မျိုးတို့ သည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို) ကြားနာ ကြပါပြီ။ ထို့ပြင်တစ်ဝ (ကြားနာသည့်အတိုင်း)လိုက်နာကြပါပြီ။ အို - ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင် (ကျွန်တော်မျိုးတို့သည် အပြစ် များမှ) အရှင်မြတ်၏ လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခြင်းကိုသာ (ထာဝစဉ်လိုလားတောင့်တကြပါသည်။) တစ်ဖန် (ကျွန်တော်မျိုးတို့၏ ပြန်လည် ရောက်ရှိရာ)နောက်ဆုံးစခန်းသည်လည်း အရှင်မြတ်၏ အထံတော်၌ပင် ဖြစ်ပါသည်’ဟု လျှောက်ထားပန်ကြားကြလေသတည်း။”** (၂း၂၈၅)

ဤအာယသ်တော်၏ ပထမစကားလုံးခုနှစ်လုံးသည် မြင့်မြတ်သောတမန်တော်ကြီးအားချီးကျူးထောမနာပြုထားပါသည်။ အာယသ်တော်သည် တမန်တော်မြတ်(ﷺ)အား အမည်နာမတပ်၍ဦးတည်မိန့်ကြား မထားသော်လည်း ၎င်းအားရရှူလ်ဟုခေါ်လိုက်ခြင်းအားဖြင့် တမန်တော်မြတ်(ﷺ)၏ ဂုဏ်သိက္ခာသည် ရှင်းလင်းသွားသည်။ ယုံကြည်သူများဟူသောစကားလုံးသည် ယင်းနောက်မှကပ်လျက်ဖော်ပြထားသည်။ ယင်းဆိုလိုရင်းမှာ တမန်တော်မြတ်(ﷺ)သခင်သည် အလ္လာဟ်အရှင်မြတ်ပို့ချပေးသော ဝဟီများကို ခိုင်မာစွာယုံကြည်သကဲ့သို့ စစ်မှန်သော မုစ်လင်မ်များကလည်း ယုံကြည်ကြသည်။ ဤဝါကျရွေးချယ်ခြင်းကိုလည်းစဉ်းစားလိုက်ပါသည်။ ဤဝါကျ၏ အဓိကအစိတ်အပိုင်းသည် တမန်တော်မြတ်(ﷺ)သခင်၏ အီမာန်(ယုံကြည်မှု)အခြေအနေကို ဖော်ပြခြင်းတွင် သုံးနှုန်းထား၍ ထို့နောက်မှ မုစ်လင်မ်အများစု၏ အီမာန်(ယုံကြည်မှု)ကို သီးခြားဖော်ပြထားသည်။ ဤသည်က တမန်တော်မြတ်(ﷺ)သခင်နှင့် မုစ်လင်မ်အားလုံးသည် အီမာန်ခြင်းတူကြသော်လည်း အီမာန်နှင့်သက်ဆိုင်သော အဆင့်အတန်းများတွင်မူ ကြီးမားသောခြားနားမှုရှိကြသည်။ တမန်တော်မြတ်(ﷺ)သခင်၏ အသိပညာသည် မြင်တွေ့ခြင်းနှင့် ကြားနာခြင်းအပေါ်အခြေခံ၍ အခြားမုစ်လင်မ်များ၏ အသိပညာမှာမူ တမန်တော်မြတ်(ﷺ)သခင်မြင်တွေ့ခြင်း (သို့) ရူအ်ယာပေါ် အခြေခံသော အီမာန်ဗိလ်ဂိုက်ဗ်(အကွယ်ကိုယုံကြည်ခြင်း)ဖြစ်သည်။

ယင်းနောက် တမန်တော်မြတ်(ﷺ)သခင်နှင့် မုစ်လင်မ်အများကြား ဘုံသဘောဖြစ်သည့် အီမာန်ယုံကြည်ခြင်း၏ အသေးစိတ်များကို ဖော်ပြထားသည်။ ဤအီမာန်တွင် အလ္လာဟ်အရှင်မြတ်တည်ရှိကြောင်း ယုံကြည်ခြင်း၊ တစ်ပါးတည်းတည်ရှိတော်မူခြင်း၊ ပြီးပြည့်စုံသည့်ဂုဏ်တော်များအားလုံးသည် အလ္လာဟ်အရှင်မြတ်အတွက်သာဖြစ်ခြင်း၊ ကောင်းကင်တမန်များတည်ရှိခြင်း၊ အလ္လာဟ်အရှင်မြတ်စေလွှတ်တော်မူသော တမန်တော်များနှင့် ကျမ်းတော်အားလုံးသည် စစ်မှန်သည်ဟုယုံကြည်ခြင်း စသည်များပါဝင်သည်။ ထို့နောက် ရှေးယခင်က အုမ္မသ်ထုသည် အလ္လာဟ်အရှင်မြတ်စေလွှတ်တော်မူသော တမန်တော်များအနက်မှအချို့ကိုလက်ခံ၍ အချို့ကိုငြင်းဆန်ခြင်း၊ သဘောထားကွဲလွဲမှုများပြုလုပ်ကြခြင်း စသည့်များလုပ်ကြသကဲ့သို့ မလုပ်ဆောင်ကြရန် ယခုအုမ္မသ် (မုစ်လင်မ်ထု)ကို အလေးအနက်ရှင်းလင်းစွာသတိပေးထားသည်။ ယဟူဒီများသည် စိုက်ယိဒနာမူစာ(عليه السلام)သခင်ကို တမန်တော်အဖြစ် လက်ခံခဲ့ကြသည်။ နဆွရာနီများသည် စိုက်ယိဒနာအီဆာ(عليه السلام)ကို တမန်တော်အဖြစ် လက်ခံခဲ့ကြသည်။ သို့သော်လည်း တမန်တော်များ၏နောက်ဆုံးတမန်တော် စိုက်ယိဒနာ မုဟမ္မဒ်(ﷺ)ကို တမန်တော်ဖြစ်ကြောင်းကိုမူ ၎င်းတို့က လက်မခံခဲ့ကြပါ။

မည်သည့်တမန်တော်ကိုမျှ မငြင်းပယ်သော ဤအုမ္မသ်၏ထူးခြားမှုကို ဤနေရာ၌ ချီးမွမ်းထားသည်။ တမန်တော်မြတ်(ﷺ)သခင်ညွှန်ကြားသည့်အတိုင်း လိုက်နာရွတ်ဆိုခဲ့ကြသော ဆွဟာဗဟ် သာဝကကြီးများကိုလည်း ချီးကျူးထားပါသည်။ ယင်းမှာ -

سَمِعْنَا وَأَطَعْنَا غُفْرَانَكَ رَبَّنَا وَإِلَيْكَ الْمَصِيرُ

'ကျွန်တော်မျိုးတို့သည် (အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်များကို)ကြားနာကြပါပြီ။ ထို့ပြင်တစ်ဝ (ကြားနာ

သည့်အတိုင်း)လိုက်နာကြပါပြီ။ အို-ကျွန်တော်မျိုးတို့အားမွေးမြူတော်မူသောအရှင် (ကျွန်တော်မျိုးတို့သည် အပြစ်များမှ)အရှင်မြတ်၏လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူခြင်းကိုသာ ထာဝစဉ်လိုလားတောင့်တကြပါသည်။ တစ်ဖန် (ကျွန်တော်မျိုးတို့၏ပြန်လည်ရောက်ရှိရာ)နောက်ဆုံးစခန်းသည်လည်း အလွန်ဟ်အရှင်မြတ်ထံတော်၌ပင်ဖြစ်ပါသည်။

ထို့နောက် ဒုတိယအာယသ်တော်လာသည်။ ယင်းထဲတွင် ယခင်အာယသ်တော်ထဲမှ ဝါကျအချို့၏ နားလည်သဘောပေါက်မှုတွင် ပေါ်ပေါက်လာသောဒွိဟသံသယကို အလွန်ထူးခြားသည့်ဟန်ဖြင့် ဖယ်ရှားပစ်သည်။ ပြန်လည်တွေးရလျှင် ရင်ထဲမှာကွယ်ဝှက်ထားသောကိစ္စရပ်များကိုစစ်ဆေးမည်ဆိုပါက အပြစ်ဒဏ်ခတ်ခံရခြင်းမှ မည်သို့လွတ်မြောက်နိုင်ပါမည်နည်းဟူသောကိစ္စပင်ဖြစ်သည်။ အာယသ်တော်၌ မိန့်ကြားသည်မှာ - **لَا يُكَلِّفُ اللَّهُ نَفْسًا إِلَّا وُسْعَهَا** 'အလ္လာဟ်အရှင်မြတ်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိုသူ၏စွမ်းအားထက်ပိုမို၍ တာဝန်ပေးတော်မမူချေ' ဖြစ်သည်။ ထို့ကြောင့် တစ်စုံတစ်ဦး၏ရည်ရွယ်ချက်နှင့် ထိန်းသိမ်းမှုမပါဘဲ လက်တွေ့လည်းမလုပ်ဆောင်ခဲ့သည့် နှလုံးသားထဲဝင်လာသောအတွေးများသည် အလ္လာဟ်အရှင်မြတ်ထံတော်မှောက်၌ အားလုံးခွင့်လွှတ်ပြီးဖြစ်သည်။ တစ်စုံတစ်ဦးသည် ကိုယ်တိုင်ရွေးချယ်၍ ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်လုပ်သောလုပ်ရပ်များကိုသာလျှင် စစ်ဆေးခြင်းခံရမည်။

လူသားလုပ်ရပ်တွင် လက်၊ ခေါင်း၊ မျက်စိ၊ လျှာနှင့် အခြားသောခန္ဓာကိုယ်အစိတ်အပိုင်းများနှင့် ပြုလုပ်ရသော အပြင်ပန်းဆိုင်ရာအသွင်တစ်ခုရှိသည်ကို အနည်းငယ်သေးစိတ်မြင်ရမည်။ ဤအရာကိုပင် နှစ်မျိုးထပ်မံခွဲခြားထားသည်။ ပထမအမျိုးအစားမှာ ရွေးချယ်၍ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့်ပြုလုပ်ခြင်းဖြစ်သည်။ ဤသည်မှာ စိတ်လိုလက်ရလုပ်ခြင်းဖြစ်၍ လူတစ်ဦးအားရည်ရွယ်၍ သတ်သတ်မှတ်မှတ်ပြောခြင်း၊ ရိုက်ခြင်း စသည်တို့ဖြစ်သည်။ ဒုတိယအမျိုးအစားမှာ မရည်ရွယ်ပဲ လုပ်ဆောင်သောအမျိုးအစားဖြစ်သည်။ ယင်းကိစ္စရပ်သည် ရွေးချယ်ခြင်း၊ ကိုယ်ပိုင်ဆုံးဖြတ်ခြင်းတို့မရှိပါ။ ပမာဆိုသော် ပြောမည်ဟုရည်ရွယ်ထားသည့်အစား အခြားအရာကိုပြောမိခြင်း (သို့) ရည်ရွယ်ချက်မရှိပဲလေဖြတ်နေသောလက်က တစ်စုံတစ်ဦးကို နာကျင်စေခြင်း စသည်တို့ဖြစ်သည်။ ဤတွင် စစ်ဆေးခြင်းနှင့် အကျိုးအပြစ်သက်ရောက်စေခြင်း၊ ဆုလာဘ်နှင့်ပြစ်ဒဏ်တို့သည် ရည်ရွယ်ဆုံးဖြတ်လုပ်ဆောင်ခြင်းနှင့်သာ သီးခြားသက်ဆိုင်သည်။ မရည်ရွယ်သောလုပ်ရပ်များအတွက်မူ လူသားတွင် တာဝန်လည်းမရှိ။ အတင်းအကြပ်လုပ်စေရန်လည်းမရှိ။ ထို့ကြောင့် ယင်းတို့တွင် စဝါဇ် ဆုလာဘ်လည်းမရှိ။ အသာဇ်ပြစ်ဒဏ်လည်းမရှိချေ။

အလားတူပင် တစ်စုံတစ်ဦး၏နှလုံးသားနှင့်သက်ဆိုင်သောလုပ်ရပ်တွင်လည်း နှစ်မျိုးနှစ်စားရှိသည်။ ပထမအမျိုးအစားသည် ရည်ရွယ်၍လုပ်ဆောင်ခြင်းဖြစ်သည်။ ပမာအားဖြင့် ကုဖ်ရ် မယုံကြည်သွေဖည်ခြင်းနှင့် ရှိရ်ဂ်တုဖက်ယှဉ်တွဲကိုးကွယ်ခြင်းတို့ဖြစ်သည်။ ကုဖ်ရ်နှင့် ရှိရ်ဂ်ပြုရာတွင် စိတ်ပါလက်ပါရည်ရွယ်၍ ရွေးချယ်ပြုလုပ်ခြင်း သို့တည်းမဟုတ် မာနတက်ကာ ထောင်လွှားစေရန်အတွက်ပြုလုပ်ခြင်း သို့မဟုတ် သေရည်သေရက်စတင်

သောက်ဆုံးရန်စွဲမြဲစွာသံန္နိဋ္ဌာန်ပြုခြင်း စသည်တို့ဖြစ်သည်။ ဒုတိယအမျိုးအစားမှာ မရည်ရွယ်သော လုပ်ရပ်ဖြစ်သည်။ ပမာဆိုသော် ရည်ရွယ်ချက်နှင့် တမင်တကာပြုလုပ်ခြင်းမဟုတ်သော တစ်စုံတစ်ဦး၏ နှလုံးသားထဲ မကောင်းသည့်စိတ်ဝင်လာခြင်းဖြစ်သည်။ ဤတွင်လည်း စာရင်းစစ်ဆေးမှုတွင် ရည်ရွယ်ပြုလုပ်သောလုပ်ရပ်များနှင့်သာသက်ဆိုင်၍ မရည်ရွယ်ဘဲ ပြုလုပ်သောလုပ်ရပ်များနှင့်မသက်ဆိုင်ပါ။

ကုရ်အာန်ကျမ်းတော်မြတ်တွင်ပါသော ဤရှင်းလင်းချက်ကြောင့် ဆွဟာဗဟ်သာဝကကြီးများ၏ စိတ်နှလုံးငြိမ်းချမ်းသာယာမှုပြန်လည်ရရှိခဲ့ပါသည်။ တမင်တကာမဟုတ်သောအတွေးများအတွက် စာရင်းစစ်ဆေးခြင်း၊ ပြစ်ဒဏ်ချခြင်း (သို့) ဆုလာဘ်ပေးခြင်းမရှိသောကြောင့် ၎င်းတို့သည် ကျေနပ်နှစ်သိမ့်သွားကြသည်။ ဤအကြောင်းအရာကိုပင် အာယသ်တော်ဆုံးခါနီး၌ ပိုမိုရှင်းလင်းစွာမိန့်ကြားထားသည်မှာ **لَهَا مَا كَسَبَتْ وَعَلَيْهَا مَا اكْتَسَبَتْ** 'မိမိကိုယ်တိုင် ရှာဖွေဆည်းပူးပြုလုပ်ခဲ့သော (ကောင်းမှု၏အကျိုးသည်)သာလျှင် ထိုသူတို့အဖို့ဖြစ်၍ မိမိကိုယ်တိုင် ရှာဖွေဆည်းပူးပြုကျင့်ခဲ့သော (မကောင်းမှုအပြစ်သည်)သာလျှင် ထိုသူ၏အပေါ်၌တင်ရှိအံ့'ဟူ၍ဖြစ်သည်။

သို့သော် စိတ်တွင်မှတ်သားရမည်မှာ ဤအာယသ်တော်၏ဆိုလိုရင်းမှစိတ်ဆုံးဖြတ်၍ တမင်တကာလုပ်ဆောင်ထားသည့်လုပ်ရပ်များအတွက် ဦးစွာတိုက်ရိုက်ဆုပေးခြင်း၊ ဒဏ်ပေးခြင်း ခံစားရမည်။ မရည်ရွယ်ဘဲပြုလုပ်ခဲ့သော ထိုကဲ့သို့သောကိစ္စရပ်များအတွက် သွယ်ဝိုက်၍ဆုပေးခြင်း၊ ဒဏ်ပေးခြင်းဖြစ်ပေါ်လာမှုသည်ကား ဤအာယသ်တော်နှင့်မဆန့်ကျင်ချေ။ လူသားသည်ရည်ရွယ်ချက်မရှိဘဲ စိတ်လိုလက်ရမဟုတ်ဘဲပြုလုပ်ခဲ့လျှင် ဆုလာဘ်ပေးခြင်း၊ ပြစ်ဒဏ်ခတ်ခြင်းတို့ခံရမည့်အချိန်လည်းရှိမည်လောဟူသော သံသယကိုလည်းအဖြေပေးပါသည်။ ဤအခြေအနေတွင် ကုရ်အာန်ကျမ်းတော်မြတ်၏အာယသ်တော်များနှင့် ဟဒီးဆ်တော်များကသက်သေပြသည်မှာ တစ်စုံတစ်ဦးသည် ၎င်း၏ကောင်းမှုလုပ်ရပ်ကြောင့် အခြားသူများကိုလည်း အလားတူပြုလုပ်စေခဲ့လျှင် မူလကောင်းမှု လုပ်ဆောင်ခဲ့သူသည် နောက်လူလုပ်ခြင်းမရပ်သရွေ့ ၎င်းပထမလုပ်သူအပေါ်၌ဆုလာဘ်များဆက်လက်၍ ရောက်ရှိနေပါမည်။ အလားတူပင် တစ်စုံတစ်ဦးသည် မကောင်းမှုနည်းလမ်းတစ်ခုအတွက် ငွေကြေးပေးခဲ့ပါလျှင် ဤမကောင်းမှုကို မူလကနဦးစတင်တီထွင်သူ အပြစ်ရသကဲ့သို့ ၎င်းလည်းအပြစ်ရ၍ ယင်းလုပ်ရပ်ကို နောက်လူများက ပြုလုပ်ခဲ့လျှင်နောက်လူတို့ခံရမည့် အပြစ်များကိုလည်း သူခံစားရပါဦးမည်။

အလားတူပင် ဟဒီးဆ်တော်တွင်ရှိဆင့်ပြန်ချက်များသည် တစ်စုံတစ်ဦး၏ကောင်းမှုလုပ်ရပ်များ၏ဆုလာဘ်ကို အခြားသူတစ်ဦးကို လွှဲပြောင်းပေးပို့နိုင်ကြောင်း သက်သေပြထားသည်။ ဤအခြေအနေများအားလုံးကြောင့် လူသားသည် ရည်ရွယ်ချက်မပါ၊ တမင်တကာလုပ်ခြင်းမဟုတ်ဘဲ ဆုလာဘ်ရခြင်း၊ ပြစ်ဒဏ်ခံရခြင်းဖြစ်ကြောင်းရှင်းပါသည်။

ဤသံသယအတွက် အဖြေတစ်ရပ်ရှိသည်။ ဤဆုလာဘ်ရခြင်း၊ ပြစ်ဒဏ်ခံရခြင်းသည် ထိုသူထံ တိုက်ရိုက်ရောက်ခြင်းမဟုတ်ဘဲ အခြားသူတစ်ဦးမှတစ်ဆင့် သူထံရောက်ခြင်းဖြစ်ကြောင်းထင်ရှားသည်။ ထို့ပြင် တစ်စုံတစ်ဦး၏ လုပ်ရပ်နှင့်ရွေးချယ်မှုတို့သည် အခြားသူတစ်ဦးမှတစ်ဆင့် ၎င်းစဝါးဗ်ရစေရန် လုပ်ဆောင်နိုင်ကြောင်း သေချာ

သည်။ အကြောင်းမှာ မည်သူမဆို တစ်စုံတစ်ဦး၏လုံခြုံဆော်မှုကြောင့် ကောင်းမှု(သို့)မကောင်းမှုတစ်ရပ်ကို အတုယူလုပ်ဆောင်ခဲ့ပါလျှင် ၎င်း၏လုပ်ရပ်သည် ကနဦးလုပ်ဆောင်ခဲ့သူ၏ တမင်တကာစိတ်ကြိုက်ပြုလုပ်မှု၏ လုပ်ဆောင်မှုများပါဝင်ပေသည်။ နောက်လူသည် ပထမလူ၏ ရည်ရွယ်ရင်းဆိုးကျိုးများမပါသည့်တိုင် တစ်စုံတစ်ဦးသည် အခြားသူတစ်ဦးကို တစ်စုံတစ်ရာအကျိုးဆောင်ခဲ့သည်ဖြစ်၍ ထိုသူက ပထမလူအား(အီဆာလေ့စဝါးဗ်) (ကုသိုလ်ကောင်းမှုပို့)ခြင်းနှင့် အလားတူပေသည်။ ဤရှုထောင့်မှဆိုလျှင် ဖော်ပြပါဆုလာဘ်ရရှိခြင်းနှင့် ပြစ်ဒဏ်ခံရခြင်းသည် စင်စစ် မိမိ၏လုပ်ရပ်ကြောင့်ရရှိခြင်းဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် အဆုံးသတ်ခါနီး၌ မုစ်လင်မ်များအား အမှားအယွင်းကြောင့်ဖြစ်စေ၊ လျစ်လျူရှုသတိမမူမိ၍ဖြစ်စေ၊ မေ့လျော့ခြင်းကြောင့်ဖြစ်စေပြုလုပ်မိခဲ့သော အချို့သောလုပ်ရပ်အတွက် ခွင့်လွှတ်စေရန် အထူးဆုဒိုအာပြုလုပ်နည်းတစ်ရပ် သင်ကြားပေးသည်။ ယင်းမှာ -

**رَبَّنَا لَا تُؤَاخِذْنَا إِنْ نَّسِينَا أَوْ أَخْطَأْنَا**

'အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ ကျွန်တော်မျိုးတို့မေ့လျော့၍ဖြစ်စေ၊ မှားယွင်းချွတ်ချော်၍ဖြစ်စေ (ပြုမိသော မကောင်းမှုနှင့်စပ်လျဉ်း၍)အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား အပြစ်ဒဏ်ပေးတော်မမူပါနှင့်။' ထို့နောက် ဆက်၍မိန့်ထားသည်မှာ -

**رَبَّنَا وَلَا تَحْمِلْ عَلَيْنَا إِصْرًا كَمَا حَمَلْتَهُ عَلَى الَّذِينَ مِنْ قَبْلِنَا**

**رَبَّنَا وَلَا تُحَمِّلْنَا مَا لَا طَاقَةَ لَنَا بِهِ**

'အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင်၊ အရှင်မြတ်သည် ကျွန်တော်မျိုးတို့အလျင် ရှေးအထက်အဆက်ဆက်က လူမျိုးတို့အပေါ်၌ တင်ထားတော်မူသကဲ့သို့ ကျွန်တော်မျိုးတို့အပေါ်၌ လေးလံသောဝန်ကို တင်တော် မမူပါနှင့်။ ထို့ပြင် အို-ကျွန်တော်မျိုးတို့အား မွေးမြူတော်မူသောအရှင် ကျွန်တော်မျိုးတို့ မတတ်စွမ်းနိုင်သော တာဝန်ကိုလည်း အရှင်မြတ်သည် ကျွန်တော်မျိုးတို့အား ထမ်းရွက်စေတော်မမူပါနှင့်။'

ဤနေရာ၌ ဗနီအိစ္စရာအီလ်(အစ္စရေး)တို့အပေါ် တင်ထားခဲ့သည့် ပြင်းထန်သော ကန့်သတ်ချက်များကို ရည်ညွှန်းခြင်းဖြစ်သည်။ ဗနီအိစ္စရာအီလ်တို့ထံတွင် အဝတ်စတစ်စသည် ဖြတ်တောက်ခြင်း (သို့) မီးရှို့ခြင်း မပြုလုပ်သမျှ သန့်စင်မှုအပြည့်အဝမရနိုင်ဟုလည်းကောင်း၊ သတ်ဖြတ်ခြင်းမပြုဘဲ သောင်ဗဟ်ဝန်ချခြင်း သက်သက်ကိုမပြုလုပ်နိုင်ဟူ၍လည်းကောင်းဖြစ်သည်။ တစ်နည်းအားဖြင့် အာယသ်တော်က ဗနီအစ္စရာအီလ်တို့အပေါ် ၎င်းတို့၏ မကောင်းမှုလုပ်ရပ်များအတွက် အပြစ်ဒဏ်ကျရောက်သကဲ့သို့ ကျွန်ုပ်တို့အပေါ်၌ မကျရောက်သင့်ပေဟု ဆိုလိုနိုင်သည်။

အတိုချုပ်မှာ တမန်တော်များ၏ နောက်ဆုံးတမန်တော်ဖြစ်တော်မူသော အရှင်မြတ်၏ ရစူလ်(ﷺ) မှတစ်ဆင့် ဤတောင်းဆုတော်များအားလုံးကို လက်ခံတော်မူတော်မူမည်ဟု ကတိပြုသည်။ အလ္လာဟ်အရှင်မြတ်၏ အကောင်းဆုံးပေးသနားတော်မူခြင်းပင်တည်း။

**والله الحمد اوله واٰخره وظاهره وباطنه وهو المستعان**

vvvvvvv

ဇုလ်ဟစ်ဂျ်ဂျဟ်လ (၂၆)ရက်၊ ၁၅၂၆။
ဇန်နဝါရီလ(၂၆)ရက်၊ ၂၀၀၆-ခုနှစ်

## က

ကရန် - ၂၀၉
ကသာဒဟ် - ၂၄၃
ကအာဗ်အိဗ်နိအုဂျရဟ် - ၁၇၅
ကီသလ်(စစ်တိုက်ခြင်း) - ၃၆၅, ၃၆၆
ကုရိုက်ရှ်မျိုးနွယ် - ၁၈၆, ၁၉၇
ကုဗာမြို့ - ၂၄, ၂၅
ကဖ်ဖာရဟ် (အစားဖြည့်ခြင်း) - ၁၈၅, ၃၀၆
ကအ်ဗဟ် - ၆, ၇, ဂ, ၁၀, ၂၃, ၂၉, ၃၀, ၄၀, ၄၂, ၄၇, ၆၁
ကိဗ်လဟ် - ၃, ၅, ၆, ဂ, ၉, ၁၀, ၁၁, ၂၁, ၂၂, ၂၃, ၂၄, ၂၅, ၂၉, ၃၀, ၃၃, ၃၆, ၃၉, ၄၂, ၄၃, ၆၁
ကုရ်စီ - ၃၆၂
ကုရ်တုဗီ (အီမာမ်) - ၁၉, ၂၂, ၄၂, ၆၆, ၆ဂ, ၇၂, ဂ၁, ဂ၂, ၉၂, ၁၁၉, ၃၃၆
ကိုက်စ်အိဗ်နိစရ်မာအလ်အန်စာရီ - ၁၃၆
ကွန်မြူနစ်ဝါဒ - ၃ဂ၃, ၄၁၄

## ခ

ခရီးသည် - ၁၂၄
ခရစ်ယာန် - ၃၆, ၆၄, ၁၀၆, ၂၅၆
ခဗရ်အလ်ဝါဟာစ်ဒ် - ၂၄, ၂၅, ၁၁၉
ခါလစ်ဒ်အိဗ်နိဝလီးဒ် - ၃၄၀
ခိရာဂျ် - ၃၉၇, ၄၀၃
ခိုင်ရသ် - ၃ဂ၃, ၃၉၀, ၄၁၃, ၄၁၅, ၄၂၀

## ဂ

ဂျာဗိရ် - ၁၂၉, ၁ဂ၃, ၂၃၀, ၃၀၆
ဂျာလူတ် - ၃၄ဂ, ၃၄ဂ, ၃၄၉
ဂျိဟားဒ် - ၁၆, ၁၀၆, ၁၅၄, ၁၅၉, ၁၆၂, ၁၆၆, ၂၂၅, ၂၂၆, ၃၃၃, ၃၃၉, ၃၄၀, ၃၆၅, ၃၆၆
ဂျေရုစလင် - ၆, ၂၀, ၂၂
ဂျမ်ရဟ် - ၁၉၂
ဂျဆွိဆွားဆွိ (အီမာမ်) - ၂၀, ၂၃, ၂၄, ၆ဂ, ၇၂, ၁၀ဂ, ၁၁၉, ၁၃၉, ၁၆၆, ၂၂ဂ, ၂၃၀, ၂၄၃, ၄၂၉, ၄၃၂
ဂျိဗ်ရာအီလ် (ဂျိဗ်ရီလ်) - ၁၆ဂ, ၂၄၄, ၃၅၂, ၄၅၁
ဂျိဇ်ယာ - ၃၆၅

## ဃ

စမူအီလ် - ၃၄ဂ
စအီ - ၆၁
စအီးဒ်အိဗ်နိဂျုဗိုင်းရ် - ၄၉
စအာဒ်အိဗ်နိအဗီဝက္ကာဆွိ - ၂၃၄
စဟာလ်အိဗ်နိစအ်ဒ် - ၂ဂ၉
စိနာမုလ်ကုရ်အာန် - ၄၆၅
စုခွန် (ငြိမ်းချမ်းခြင်း) - ၃ဂဂ
စလ်မားန်အိဗ်နိအပ်ဂ်ဝအ် - ၁၂၆
စလ်ဝါ - ၂ဝ၄
စအ်ဒီ (ရှိုက်ခ်) - ၃ဝ၂

## ဆ

ဆီးရီးယား - ၂၃၈, ၂၅၅, ၃၃၆, ၄၁၄
ဆုဟေးလ် - ၂၃၇
ဆိုရှယ်လစ်ဝါဒ - ၃၈၃, ၄၁၄
ဆိုင်နိုင်းတောင် - ၂၀၄
ဆောင်ရီ (အိမာမ်) - ၈၉
ဆစ်မျူရယ် - ၃၄၈
ဆွဖာ - ၆၀
ဆွဗရ် - ၅၂, ၁၀၉
ဆွလိဟ် (တမန်တော်) - ၂၂
ဆွဒ်ကဟ် - ၃၈၃, ၃၉၀, ၄၀၁, ၄၀၃, ၄၁၃, ၄၁၅, ၄၂၀
ဆွဟိုက်ဗ်အလ်ရှမီ - ၁၉၇
ဆွားအ် (အချိန်အတွယ်) - ၁၂၇

## ဇ

ဇကားသ် - ၁၀၈, ၁၀၉, ၂၂၀, ၃၉၇, ၄၀၂ ၄၀၅, ၄၁၆, ၄၄၄, ၄၄၆, ၄၄၇
ဇဗူရ်ကျမ်း - ၁၂၉
ဇီယာရသ် - ၆၁
ဇိုက်ရ် - ၄, ၄၉
ဇူလ်ဇာအ်ဒဟ် - ၁၆၅, ၁၈၀
ဇူလ်ဟိဂ်ဂျ - ၁၆၅, ၁၈၀, ၁၉၃

## တ

တူရကီ - ၁၆၆, ၁၉၄
တက္ကဒီရ် - ၃၃၅
တွဝါဖ် - ၆၁, ၁၉၁
တွာလူတ် - ၃၄၆, ၃၄၇, ၃၄၈, ၃၅၆
တို့ငျယစ်ဗ် - ၇၆

## ထ

ထူးခြားသည့်အမိန့်ပညတ်ချက်များ - ၂၁၈

## ဒ

ဒီန်သာသနာ - ၁၂
ဒီယာဟ် (အသက်ဖို့လျော်ကြေး) - ၁၁၄
ဒီနာ - ၁၁၄, ၄၀၃
ဒါဂူးဒ်(တမာန်တော်) - ၃၄၈, ၃၉၉
ဒီရ်ဟန်(ငွေ) - ၁၁၄, ၃၂၄, ၃၅၈, ၄၅၀

## ဓ

ဓူဝံကြယ် - ၃၄

## န

နစာအီ (အိမာမ်) - ၂၀၄
နဝဝီ - ၂၉၁
နဆွာရာနီ - ၉, ၁၆, ၁၇, ၃၆, ၃၈, ၄၄, ၁၀၆, ၁၂၃, ၂၁၁, ၂၅၄, ၂၅၄, ၂၅၅, ၃၆၆, ၄၇၁
နူဝိုင်လာဗင့်တ်မုစ်လင်မ် - ၂၄
နကွတ္တဗေဒ - ၃၃, ၃၄, ၃၅
နမ်ရူးဒ် - ၃၆၉, ၃၇၀
နူးဟ် (တမန်တော်) - ၆, ၂၀၉

## ပ

ပလိပ်ရောဂါ - ၃၃၅, ၃၃၆, ၃၃၇, ၃၃၈
ပဋိညာဉ်ဥပဒေ - ၄၅၅
ပါကစ္စတန်နိုင်ငံ - ၄၄၁
ပါရှန်လူမျိုး - ၂၄၄
ပစ္စည်းလွဲပြောင်းမှုဆိုင်ရာဥပဒေ - ၄၅၅
ပြင်သစ်နိုင်ငံ - ၂၆၇

## ဖ

ဖကီရ် - ၄၀၂
ဖစာဒ် - ၃၆၅
ဖာရွက်အလ်အာဆ်ဒွာမ် - ၂၉၀, ၂၉၅
ဖုကဟာ - ၂၉၃
ဖစ်သနဟ် - ၁၆၂
ဖိဒ်ယဟ် - ၁၂၅, ၁၃၂, ၁၈၅

## ဗ

မနူစလမဟ်လူမျိုးစု - ၂၄, ၂၅
ဗနူဆာကစ်ဖ် - ၄၁၆, ၄၁၇
ဗနူမက်ခ်ဇူးမ် - ၄၁၆, ၄၁၇
ဗဒရ်စစ်ပွဲ - ၃၅၉
ဗနီအစ္စရာအီလ် - ၃၃၂, ၃၃၄, ၃၄၀, ၃၄၈, ၄၇၄
ဗာဗိလုံ - ၃၆၉
ဗိလာလ် - ၁၃၈
ဗိဒ်အသ် - ၁၅၉, ၂၀၀, ၂၀၄

## ဗ

ဗုရ်ဒါဟ် (ကဆီဒါ) - ၁၇
ဗိုင်ဇန်တိုင်းလူမျိုး - ၂၄၄
ဗိုင်သုလ်လာဟ် - ၂၁, ၂၂, ၂၅, ၃၇
ဗိုင်သုလ်မလ် - ၄၁၉
ဗိုင်သုလ်မုကတ်စ်ဒစ် - ၆, ၇, ၉, ၂၁, ၂၂, ၂၅, ၂၉, ၃၆, ၃၇, ၄၂, ၃၃

## ဘ

ဘရိဇခ် - ၅၆, ၅၇

## မ

မစိဟ် - ၁၆
မူစာ(တမန်တော်) - ၂၂, ၂၀၀, ၂၅၅, ၃၄၆, ၃၅၃, ၄၂၄, ၄၂၇
မသာအူန် - ၃၀၁
မာလစ်က်(အိမာမ်) - ၈၉, ၁၇၃, ၁၇၉, ၂၈၃, ၂၈၄, ၂၉၂
မရ်ဝဟ် - ၆၀, ၆၁
မီကာသ်နယ်မြေ - ၁၇၆, ၁၇၇
မီနာ - ၁၇၇, ၁၈၂
မတ်စ်ဂျီဒီဟာရမ် - ၅, ၃၀, ၃၁, ၃၂, ၄၀, ၄၂
မန် - ၂၀၄
မဟ်ရ် - ၃၂၂, ၃၂၃
မဟ်မုဒ်အိဗ်နိလဗိဒ် - ၂၈၄, ၂၈၈, ၂၉၀
မဟ်ရ်အလ်မိဆီလ် - ၃၀၇, ၃၃၀
မအ်မာရ် - ၄၁၂
မအ်ကီးလ်အိဗ်နိယာစာရ် - ၃၀၅

မဂျာဟိဒ်(သဖ်စီရ်ဋီကာရှင်) - ၆၇, ၁၆၆, ၄၂၃, ၄၂၈, ၄၆၁
မဟရ်ရမ် - ၁၆၅
မဟမ္မဒ်(အိမာမ်) - ၈၉
မသရှာဗိဟတ် - ၂၀၂
မဟဒ်ဒီးဆီးန် - ၂၉၃
မဟာက် - ၄၁၂, ၄၄၁
မအာဝိယဟ် - ၂၄၃
မအဒ်အိပ်နဂျဗလ် - ၁၂၆, ၁၅၁, ၂၃၃
မသ္ဓတွရ်(အကြေပ်အတည်းဖြစ်နေသူ) - ၉၇, ၉၈
မင်္ဂလိဖဟ် - ၁၈၀, ၁၈၄, ၁၈၅, ၁၈၆, ၁၈၇, ၁၉၃
မဂ်္ဂါသဟိဒ် - ၈၁, ၈၂
မိုင်သဟ် - ၈၆, ၈၇, ၈၈
မိုက်ကရိဖုန်း - ၂၅, ၂၆, ၂၇
မြင့်မြတ်သောလ(ဂ်)လ - ၂၂၇, ၂၂၉
မေအ်ရာဂျ် - ၄၅၁

## ယ

ယဟူဒီ - ၈, ၉, ၁၆, ၁၇, ၂၂, ၂၉, ၃၆, ၃၈, ၄၄, ၆၄, ၁၀၂, ၁၀၆, ၂၀၀, ၂၁၁, ၂၅၃, ၂၅၄, ၂၅၅, ၄၂၄, ၄၇၁
ယဇီဒ်အိပ်နအဗီစုပ်ယာန် - ၁၆၀
ယီမင် - ၂၁
ယူစွဖ်(တမန်တော်) - ၈၁, ၂၁၁
ယူန္နတ်စ်အိပ်နိမာသ်သာ - ၃၅၃
ယအ်ကူးဗ် - ၈၂
ယာဟ်ယာအိပ်နိယအ်မူး - ၃၃၉

## ရ

ရဂျဗ် - ၁၆၅
ရာယစ်ပ်အဆွဲဖဟာနီ(အိမာမ်) - ၂၀၇, ၃၉၉
ရာဇီ(အိမာစ်) - ၄၃၂
ရွှမီ(မော်လာနာ) - ၁၃, ၄၉
ရုခါနာ - ၂၉၃, ၂၉၄
ရူဟုလ်ကုဒ္နစ် - ၃၅၂
ရာဖီအီ(အိမာမ်) - ၂၃၁, ၂၉၂
ရှဟီးဒ် - ၅၇
ရှားဝလီယုလ္လဟ် - ၄၃၃
ရှအ်ဗီ - ၄၆၁
ရှိုင်တွာန် - ၇၇

## ဝ

ဝစတွ် - ၁၁, ၁၂, ၁၄
ဝါစိလဟ်အိပ်နိအပ်စ်ကအ် - ၁၂၉

## သ

သချိုာ - ၃၂
သဟာဝီ - ၂၅, ၂၆
သဘွတ်ခ်ဒေသ - ၃၃၆
သဟာဝီ(အိမာမ်) - ၂၉၂
သက္ကဝါ - ၁၇၇, ၁၉၅, ၃၂၃, ၃၂၄

သဝဏ္ဏလ် - ၁၈၀, ၂၁၆
သောင်ရသ်(ကျမ်း) - ၃၈, ၄၂, ၆၄, ၁၀၂, ၁၂၉, ၂၀၄, ၂၅၅
သွာအစ်ဖ်ပြို့ - ၂၂၈, ၂၂၉
သက်သေခံခြင်း၏ယေဘုယျဥပဒေ - ၄၅၅

## ဟ

ဟရာမ် - ၈၄, ၁၃၈, ၁၄၂, ၁၄၈, ၁၄၉, ၂၃၃, ၂၄၃, ၂၄၆, ၂၄၈, ၂၅၅, ၂၈၁, ၄၁၀, ၄၂၇, ၄၃၀, ၄၄၄, ၄၆၁, ၄၆၄
ဟစန် - ၁၂၉, ၃၂၄
ဟလာလ် - ၇၆, ၈၄, ၁၄၈, ၁၄၉, ၄၁၀
ဟဒီးဆ်မုသ်ဝါသိရ် - ၁၁၈
ဟဂ်ျ - ၆၁, ၁၀၆, ၁၅၄, ၁၅၅, ၁၇၃
ဟဂ်ျကျင့်စဉ်သုံးရပ် (အလေးအနက်ထားရမည့်) ၁၇၈, ၁၈၁
ဟာရွန်(တမန်တော်) - ၃၄၆
ဟုဒိုင်ဖာဟ် - ၁၁၆
ဟုဒိုင်ဗီယဟ် - ၁၅၅, ၁၆၄, ၁၇၃, ၁၇၄, ၁၇၅

## အ

အကလ် - ၈၁
အရဖာသ် - ၁၈၀, ၁၈၄, ၁၈၅, ၁၈၇
အလီ - ၆၆, ၉၄, ၂၀၅, ၂၄၄, ၃၂၅, ၃၇၇
အနပ်စ် - ၂၃၆, ၂၃၇
အလာဟုဗ်ဗိဟီ - ၁၀၇
အသွာအိပ်နိအဗီရဗာဟ် - ၂၂၈
အသွာ - ၂၄၃
အသစ်အိပ်နိအဇိစ် - ၄၁၇
အရင်းရှင်ဝါဒ - ၃၈၃
အမေရိကန် - ၂၃၈, ၂၃၉
အဗူဒရ်ဒဟ် - ၄၅, ၂၈၉, ၃၀၃, ၃၄၂
အဗူစအီးဒ်အလ်ခုဒ်ရီ - ၁၁, ၈၈
အဗူဇရ် - ၃၅၈
အဗူဗကာရ် - ၁၅၉, ၁၆၀, ၂၄၄, ၂၉၃, ၄၀၃
အဗူမူဆာအလ်အရ်အရီ - ၈၈
အဗူယူစွဖ်(အီမာမ်) - ၈၉
အဗူဗကရ်အိပ်နိအလ်အရဗီ(ကာသ္မီ) - ၂၈၈, ၂၉၀, ၃၄၂
အမာရ်အိပ်နိရှုအိုပ် - ၃၂၅
အဗူသွာလ်ဟာ - ၂၃၇
အဗူဟနီဖဟ်(အီမာမ်) - ၈၉, ၁၂၄, ၁၄၈, ၁၇၃, ၁၇၄, ၁၇၉, ၂၃၀, ၂၇၇, ၂၉၂
အဗူဟုရိုင်ရဟ် - ၄၅, ၅၀, ၆၇, ၃၀၃, ၃၅၈
အဗူအုဗိုင်ဒဟ်အိပ်နိဂျရား‌ရ် - ၂၃၇
အဗူအုမမဟ် - ၁၇၈
အဗူအုဆ်မာန်(ဆူဖီ) - ၄၉
အဗူအုဗိုင်ဒါဟ် - ၃၃၇
အဗူအလ်ဇာဟစ်ဒ်မုဟမ္မဒ်စရ်ဖာရာဇ် - ၂၈၈
အဗူအလ်အာလီယာဟ် - ၆, ၂၂
အာအိရ်ဟ် - ၉, ၉၅, ၂၈၉, ၃၃၉
အာဒမ်(တမန်တော်) - ၆, ၇, ၇၇, ၁၂၂, ၂၀၉
အီစာ(တမန်တော်) - ၂၅၃, ၂၅၅, ၄၇၁

အီရတ် - ၂၅၅
အုမရ် - ၂၄, ၁၃၄, ၁၆၀, ၁၈၃, ၂၃၃, ၂၃၇, ၂၄၃, ၂၄၄, ၂၅၅, ၂၅၄, ၂၉၁, ၂၉၄, ၃၃၁, ၃၃၇, ၃၆၂, ၃၆၄, ၃၆၆, ၃၆၂
အုဇိုင်ရ် - ၁၆
အုဟုဒ် - ၁၇၃
အုဗိုက်ယိမ်နိကအာဗ် - ၂၀၉, ၂၃၇, ၃၅၈
အုဝိုင်မိရ် - ၂၈၈
အခ်နတ်စ်အိမ်နိစလာမ် - ၂၀၀
အစ်ကရမဟ်(ဦကာပညာရှင်) - ၆၇, ၄၆၁
အစ္စတန်ဘူ - ၁၆၆
အစ္စလာမ် - ၂၀၁, ၂၀၂
အစ္စလာမ်ယုံကြည်ချက်မတ္တိုင်(၃)ရပ် - ၂၅၃
အန်ဆွာရီ - ၂၃၄
အတ်က်ဘရ်(မေကျာကျင်နရယ်) - ၂၅၅
အဗ်ဒုလ္လာဟ်အိဗနိအဗ္ဘားစ် - ၂၇, ၄၃, ၁၁၇, ၁၁၈, ၁၁၉, ၁၅၅, ၁၇၈, ၁၈၃, ၂၀၀၉, ၂၁၈, ၂၄၃, ၂၉၁, ၃၃၁, ၃၅၅, ၃၆၁, ၃၆၂, ၃၆၄, ၃၆၈
အဗ်ဒုလ္လာဟ်အိမ်နိမတ်စ်အုဒ် - ၆၆, ၇၇, ၁၅၀
အဗ်ဒုလ္လာဟ်အိမ်နိစလာမ် - ၂၀၀
အဗ်ဒုရ်ရဟ်မာန်အိမ်နိအောက်ဖ် - ၂၃၄, ၃၃၆
အဗ္ဘားစ်အိမ်နိအဗ်ဒုလ်မုသ္ဓလစ်မ် - ၄၁၈, ၄၂၈
အမ်ဝါလီဇာဟီရာဟ် - ၄၄၇
အလ်ဗိုင်ဒါဝီ - ၉၃
အလ်ဒုရ်ရုလ်မုခ်တာရ် - ၉၃
အလ်ရှာမီ - ၉၃
အလ်မရ်အရီဟရာမ် - ၁၈၅
အလ်ဆွဒကာသ်အလ်နာဖီလာဟ် - ၂၂၀
အလ်မကားမလ်မဟ်မူးဒ် - ၃၆၀
အလ်မုဇာဗနာဟ် - ၄၃၀
အလ်မုဟာကလာဟ် - ၄၃၀
အဟ်မဒ် (အီမာမ်) - ၉, ၂၉၂
အဟ်လိကိသားဗ် - ၂၅၂, ၂၅၃
အိခ်လားဆွ် - ၄၆၅
အိဂ်္ဂါမအ် - ၁၉, ၂၀, ၂၉၁, ၂၉၃
အိန်ဂျီလ် - ၃၈, ၄၂, ၆၄, ၁၂၉
အိဂ်္ဂါသိဟားဒ် - ၈၁, ၈၂
အိဒ်ရီးစ်(တမန်တော်) - ၂၀၉
အိစ်သ်မိနာ - ၃၇၃, ၃၇၈
အိစ်မာအီလ် - ၆, ၂၁, ၂၂, ၂၉
အိန္ဒိယ - ၄၁၄
အိဖ်သာရ်တွင်ဒုအာတောင်းခြင်း - ၁၃၄
အိမ်ရာဟီမ် - ၆, ၇, ၈, ၂၁, ၂၂, ၂၉, ၄၇, ၁၀၅, ၃၆၈
အိမ်နိကဆီးရ် - ၅၂, ၁၇၃, ၂၄၃, ၃၆၂, ၃၈၅
အိမ်နိအုမရ် - ၈၈
အိမ်နိအဗီဟာသင် - ၁၁၃
အိမ်နိအဇီးမ် - ၁၃၆, ၁၆၆
အိမ်နိအုမ်မ်မတ်က်ကွန် - ၁၃၆

အိပ်နိုဇိုက်ဒ် - ၂၀၉
အိပ်နိုဂျရီးရ် - ၂၁၉
အိပ်နိဆာလိဟ် - ၂၄၃
အိပ်ရာဟီမ်အလ်နကာအီ - ၂၈၃
အိပ်နိအဗီရှိက်ဟာ - ၂၈၃
အိပ်နိအဗ္ဗဒုလ်ဗရ်မာလိကီ(အိမာမ်) - ၂၉၁
အိပ်နိအဗီဟာသီမ် - ၃၄၉
အိပ်နိအဆာကီးရ် - ၄၀၃
အိပ်နိအဗီရှိက်ဟာ - ၂၈၃
အိပ်နိကိုင်ယွန်အလ်ဂျော်ဇီယာ(ဟာဖစ်) - ၄၀၈
အိသ်ဟာန်အိပ်နိမာလိက် - ၂၃၄
အိအ်တိဟာအ် - ၁၈၇
အိအ်သိကားဖ် - ၁၃၆, ၁၅၄
အုမ်ရဟ် - ၆၁, ၁၅၅, ၁၇၃
အုမ္မသ် - ၂၀၇
အုမ္မရ်အိပ်နိဂျမုဟ် - ၂၁၉
အုမ်မေ့စလ်မာလ် - ၂၇၁
အုရ်ရ် - ၃၉၆, ၃၉၇
အုန်ဒုလ်လုစိယားဟ်(စပိန်နိုင်ငံ) - ၄၂၉
အောင်သားစ်မြို့ - ၂၂၈

# ဥ

ဥရောပနိုင်ငံ - ၂၆၆

# အညွှန်း

# မအာရိဖုလ်ကုရ်အာန်

## ကုရ်အာန်ကျမ်းတော်မြတ်ကို ရိုးရှင်းလွယ်ကူစွာ အကျယ်ဖွင့်ဆိုထားသောကျမ်း

ဤကျမ်းစာအုပ်ကို ကွယ်လွန်သူပါကစ္စတန်နိုင်ငံ မုဖ်သီချုပ် ဟဇရသ် မော်လာနာ မုဖ်သီရှဖီးအ်(رحمة الله عليه) က အူရ်ဒူဘာသာဖြင့် ပြုစုခဲ့သည်။ ယင်းကျမ်းကို ကျမ်းပြုဆရာကြီး၏သား ပါကစ္စတန်နိုင်ငံ တရားသူကြီး မော်လာနာ မုဖ်သီ မုဟမ္မဒ်သကီးအုဆ်မာနီ၊ ပါမောက္ခ မုဟမ္မဒ် ဟစန် အက်စ်ခရီနှင့် ပါမောက္ခ မုဟမ္မဒ်ရှမီးမ်တို့က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ ယခု မအာရိဖုလ်ကုရ်အာန်ကျမ်း မြန်မာဘာသာပြန်အဖွဲ့က အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ စနစ်တကျ ပြန်ဆိုခဲ့သည်။

(အတွဲ-၂)ပါ အာယသ်တော်များသည် စူရဟ်ဘကရဟ်တစ်ဝက် ကျော်ကျော်ရှိပြီး ယင်း၏ မူလရည်ရွယ်ချက်မှာ မုစ်လင်မ်များကို ဘာသာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ဆင့်ပွားစည်းမျဉ်းစည်းကမ်းချက်များကို သင်ကြားပေးရန်ဖြစ်သည်။ အမိန့်ပညတ်ချက်အချို့ကို ဖော်ပြရလျှင် တူညီသောတုံ့ပြန်ခြင်း၊ သေတမ်းစာ၊ ရမဿွာန်လမြတ်၌ ရိုဇာဟ် စောင့်ထိန်းခြင်း၊ ဂျိဟားဒ်၊ ဟဂ်ျ၊ အလျှူဒါနပြုခြင်း၊ အရက်သေစာသောက်စားခြင်း တားမြစ်ချက်၊ လောင်းကစားခြင်းတားမြစ်ချက်၊ ရာသီပန်းပွင့်ခြင်း၊ 'အီလာ' ကျမ်းကျိန်ဆိုခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ မဟရ်ဒွေတင်ခြင်း အကြောင်းတို့အပြင် ဂျိဟားဒ်နှင့် အင်ဖာက်၊ အလ္လာဟ်အရှင်မြတ်လမ်း၌ သုံးစွဲခြင်းအကြောင်းများကို ဖော်ပြထားသည်။

ထို့ပြင် လိုအပ်ချက်နှင့်လိုက်လျောညီထွေစွာ၊ အတိုးရေဗာနှင့် ပတ်သက်သော အသေးစိတ်ရှင်းလင်းချက်များ၊ ရောင်းခြင်း၊ ဝယ်ခြင်း၊ သက်သေခံခြင်း အကြောင်းများပါရှိသည်။ အဆုံးတွင် ကောင်းသတင်းများ၊ ခွင့်လွှတ်ချမ်းသာပေးခြင်းများနှင့် သနားကြင်နာမှု၏ ကတိကဝတ်များ ဖော်ပြထားသည်။ စူရဟ်ဘကရဟ်၏အဆုံးတိုင် အာယသ်တော်များတွင် ယုံကြည်မှုဆိုင်ရာအကျဉ်းချုပ်၊ အလ္လာဟ်အရှင်မြတ်အား ခဝတ်ကိုးကွယ်ခြင်းဆိုင်ရာ နည်းလမ်းများ၊ လူအများနှင့်ဆက်ဆံရေး၊ ကိုယ်ကျင့်တရားဆိုင်ရာ စည်းမျဉ်းစည်းကမ်းချက်များပါဝင်သည်။

အထူးသဖြင့် ဤဒုတိယတွဲမှာ ဟဂ်ျနှင့်ပတ်သက်သော ကိစ္စရပ်များ ရှင်းလင်းတင်ပြထားသဖြင့် ဟဂ်ျပြုမည့်သူများ၊ ဟဂ်ျပြုပြီးသူများ အလွန်ဖတ်ရှုလေ့လာသင့်သော ကျမ်းဖြစ်သည်။

## "စာအုပ်ရနိုင်သော နေရာများ"

**ပုသိမ်၊ ကော့သောင်း၊ ပျဉ်းမနား၊ တောင်ကြီး၊ ပြင်ဦးလွင်၊ မြိတ်၊ ထားဝယ်၊ မြောင်းမြ၊ ချောက် နှင့်**

**ရန်ကုန်မြို့** - အစ္စလာမ်ဘာသာရေးစာအုပ်ဆိုင်တိုင်း

**မန္တလေးမြို့** - AMA အမှတ်(၂၆၅)၊ ၂၆ ဘီလမ်း။ စေတနာ အမှတ်(၁၉၀) ၂၇ လမ်း၊ ၈၁×၈၂လမ်းကြား။ မော်လဝီမောင်ဝင်း၊ ၂၈လမ်း တောင်ဘက်တိုက်တန်းကြီးအရှေ့ဘက်၊ မြောက်ဆင်ကျူးဗလီဝင်း

**မော်လမြိုင်** - ကာရီ အဆ်မသုလ္လာဟ်။ **ဖားအံ** - မုဖ်သီဆွာလေဟ်။

**လားရှိုး** - ဟာဖစ်ဇ်နူးရ်အစ္စလာမ်။ **ပြည်** - ဟာဂျီအိဗ်ရာဟီမ်၊ အမှတ်(၂၄၀)၊ ဈေးလမ်း။ **ပျော်ဘွယ်** - မော်လာနာ စိရာဂျဒ်ဒီးန်။

**မိတ္ထီလာ** - မော်လဝီစအီးဒ်၊ (မဟ်မူဒီယဟ်ကျောင်း)၊ ဆရာအိဗ်ရာဟီမ် မြို့ဦးဗလီဆရာ။ **ငါးသိုင်းချောင်း** - အဗ်ဒုရ်ရရှိုးဒ်ဘိုင်။

**စစ်ကိုင်း-မုံရွာ-ရွှေဘို** - ဟာဂျီဦးမြင့်သန်း၊ မြသန်းပုံနှိပ်တိုက်၊ စစ်ကိုင်းမြို့။

**ဖြူး** - မော်လဝီဦးကျော်ရွှေ၊ **အောင်ပန်း** - မော်လဝီဟာရှင်မ်။

**ရမည်းသင်း** - ရဖီးက်ဘိုင်၊ အမှတ်(၂၁၇)၊ လမ်းမတော်။

**ကန့်ဘလူ** - မော်လာနာဦးကြူ (အရဗီသိပ္ပံကျောင်း)

ဤကျမ်းတော်မြတ်ကုရ်အာန်ကို ဝယ်ယူလျှဒါန်းလိုပါက

- ဟာဖိဇ်မုဟမ္မဒ်ရဖီး(ပုသိမ်) စာတည်းမှူး၊ အလ်မီဇာန်။
- အဗ်ဒုလ်ဟဖီးစ်၊ အမှတ် (၁၆၃)၊ ၂၇ လမ်း(အထက်)၊ ရန်ကုန်မြို့။
- ဟာဂျီဦးခင်မောင်ကြီး (တရားရုံးချုပ်ရှေ့နေ)၊ မန္တလေး။ ဖုန်း-၀၉၂၀၀၉၃၁၅
- ဦးလှထွန်း၊ မန္တလေး။ ဖုန်း-၀၂-၃၁၀၆၉ ထံ ဆက်သွယ်နိုင်ပါသည်။ အထူးသီးသန့် စီစဉ်ဆောင်ရွက်ပေးပါမည်။